
www.burmeseclassic.com



အတွဲ (၁၄) အမှတ် (၉)
၂၀၁၄ ခုနှစ် စက်တင်ဘာလ

# သရဖူ

မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC


7 AUG 2014


မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၉)
၂၀၁၄ ခုနှစ် စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com







# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဘာသာရေးဆောင်းပါးများ


၅ မီးမြစ်လျှင် ရေကြမ်းလွှတ်
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆ သွေးကပြောသော ဘာသာစကား(၂)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၄ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ "စောင့်လေမျိုးနွယ်" ဝတ္ထုရားနှင့် စပ်လျဉ်းသောဆုံးမစကား
**မြဝင်း(ဒသသန)**

၁၆ ရွှေပေါက်ကျွန်း စေတော်ဝင်ကျောင်း ဒေါယျာသိဒ္ဓိမဟာဂန္ထဝါစကဆရာတော်ကြီး ချီးမြှင့်တော်မူခဲ့သော ဂါထာတော်(၃)ပုဒ်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၇ ရှမ်းတောင်ဒေသ မိုင်းပွန်မြို့လေး၏ အထင်ကရနေရာများ
**ခင်(တောင်ကြီး)**

၂၇ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ အမှတ်(၇)
**ကံဝင်း**

၃၅ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ထွန်းစေဖို့ မျိုးဆက်သစ်လူငယ်များအတွက် သိမှတ်စရာများ (အမှတ်-၂)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၃၇ ထားဝယ်မြို့က ဖောင်တော်ဦး ဖောင်တော်သီ ရှေးဟောင်းစေတီနှစ်ဆူ
**မောင်စိမ်းဆွေး(ထားဝယ်)**

၄၂ ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၄၆ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ထိန်ရွာ အလိုပြည့်ဝ အောင်မြင်ရဘုရားပူဇော်မှုခရီး
**မောင်ရေချမ်း(မြောင်)**

၅၃ လင်္ကာဏာရေးသုံးပါး
**မှာပုံတင်နိုင်ဝင်း**

၅၆ ရှားရှားပါးပါး ရွှေပေါက်ကျွန်းဆရာတော်ကြီးဒေါယျာသိဒ္ဓိမဟာဂန္ထဝါစကပြဿဒါများ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၅၈ ပထမံပိဋကရေ ထွက်ရပ်ပေါက်လောကီပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ (၂၁)
**ပထမံဆရာဦးအေးရွှေ**

၆၄ မဟာမြတ်မုနိစက်တော်ဝန်းကျင်(၁)
**ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)**

၇၀ ရွှေကံကူလေပျံသစ်တော်ရပ်ရှင်တော်မြတ်၏ စင်ကာပူဒေသစာရီခရီးစဉ်
**ဘိုဘို(ရွှေကံကူ)**

၈၉ တန့်ကြည့်တောင်စွယ်တော်ရှင်စေတီအနီးက ကျောက်နဂါးကြီး
**အောင်သာကျော်**

၉၄ သင်္ဂဇာဆရာတော်ဘုရားကြီးနှင့် သီဂါလောဝါဒဆုံးမစာ
**ရဲမြင့်(မဟာသိပ္ပံ-ပညာရေးစီမံ)**

၉၉ ပေလီကမ်းခြေ ဂိုတွော့ရွာမှ ပင်လယ်ဂျပ်မြွေသူတော်စင်ကြီး စောင့်ရှောက်လျက်ရှိသည့် ရေလည်ကျောက်ကိုးနဝင်းစေတီတော်
**ရွှေချိုအောင်(ပေထီ)**

၁၀၅ အဖေကြီးဦးအောင်ချမ်းသာအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**


## သုတရသဆောင်းပါး


၈၄ ဗောဓိတစ်ထောင်ဆရာတော်လောင်းလျာနှင့် သာသနာပြု သိုက်နန်းရှင် ညီအစ်မသုံးဖော်
**ကိုမောင်သန်းဝင်း**

၁၁၂ တရားအားထုတ်သူ တစ်ယောက်အကြောင်း(၁၂)
**ထုံးတောင်-အရှင်ဓမ္မဝီယ(မြောင်)**

၁၁၇ သထုံရွှေစာရံစေတီတော်
**တင်နိုင်တိုး**

၁၂၀ အဖေရဲ့စိန်ရတုမှတ်တမ်း
**ဇန်းမော်ညီညွှ**

၁၂၈ အပျိုဖော်ဝင်ချိန်၌ ဖြစ်တတ်သောဝေဒနာ
**ရီရီဌေး**

၁၃၉ ကညာပျိုကြာညို့ရနံ့သင်းစေသော် အပိုင်း(၂)
**ဦးမင်းဇင်(ရွှေနဝင်း)**

၁၅၉ အာကာသထဲက ဝေရတ်
**လှမိုး(ပညာရေး)**

၁၇၂ ကမ္ဘာကြီးပျက်တော့မည်
**အောင်ရွှေစိုး**

၁၉၆ အဘအောင်မင်းခေါင်အတ္ထုပ္ပတ္တိ
**အဏ္ဏဝါလှိုင်း**

၂၃၀ မြန်မာ့ရိုးရာနတ်ယုံကြည်မှုလေ့(၆၅)
**မောင်သန်းဆွေ(ထားဝယ်)**

၂၃၃ နဂါးရုံဘုရားများနှင့်နဂါးတို့အကြောင်း
**မြသက်မောင်(သုံးဆယ်)**

၂၅၀ မုတ္တမပြည့်ရှင် ဝါရီရူ (၄)
**နိုင်ခင်မောင်လေး**


www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား
တောင်ပြုန်းမင်းညီနောင် သို့မဟုတ်
မင်းသမီး မြင့်မြင့်ခင်အား မယ်ဝတ္တု
ပူဇော်ခြင်း
ကိုတိုး(ရန်ကင်း)
ကျွန်းတို့၏မာယာ
လျှမ်းထက်
ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦး၏မှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး
ထူးထွေဆန်းပြား မီးကွင်းသစ်တံခါး
မြောင်းမြ-မြင့်လှိုင်
မင်းကွတ်သီးနှင့်ကင်ဆာရောဂါ
မောင်ပွင့်ဉာဏ်(မော်ရ)
ဘုံဘဝကြုံသမျှ
ရတနာ့ဓေဗီ



## သုရဋ္ဌတိုင်းရင်းဆေး

ရေငတ်ကျင်ပြောရောဂါအတွက်
ဆေးမခက်
မောင်လှယဉ်(မော်လမြိုင်)
အတိုးပေးသောဆေးနည်းတို့
ကြည်ပြာမောင်(သင်္ဂဟမြေ)
ငှက်ပျောမှပြောသော
စားသောက်ဖွယ်ရာနှင့် ဆေးနည်းနာများ
အာကာသ(သာစည်)
သားထိုးရင်ကျပ်ကို
စတိသသောကုနည်း
နေပြည်တော်ကျော်ကျော်စိုး
ရေယုန်အတွက်
သဖန်းဆေးအစွမ်းထက်
မွေးမွေး(အင်းတော်)
အဆစ်ရောင်ရောဂါ
လေးဖက်နာအတွက်
သောက်ဆေးတစ်လက်
နေမဝင်(နတ်မောက်)
လေးဖက်နာရောဂါနှင့်အစားအစာများ
စွမ်းထက်နောင်
နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မောာနွယ်(မန်းတက္ကသိုလ်)
ဝမ်းတချစ်ပျစ်သွားလျှင်
ပျောက်ကင်းစေသော
ဆေးနည်းတစ်လက်
မဟူရာ(ရေဝတီ)ကသော
နင်းခူနီနက်ကိုနှိမ်နင်းသည့်
ဆေးနည်းကောင်းတစ်လက်
ဆေးရွှေ(ဇီးကုန်း)
ဤသို့ဆေးဖက်အသုံးဝင် သံပရာပင်
မိုးစက်အဏ္ဏဝါ(ရေဝတီ)

## သုရဋ္ဌဝတ္ထုတို

၁၀၉ ဒေါ်နန္ဒနှင့်
ကောင်းကင်ယံကလှည်းယဉ်သံ
ရောမြေ-ကျော်စေ
၁၁၀ မင်းကိုပေးတာမဟုတ်ဘူး
တိုးခ
၁၄၂ ကုလားကွင်းဘိုးတော်ကြီး
မျိုးတင့်(ညောင်လေးပင်)
၁၅၀ အကြွေးသိမ်းယူခဲ့သော
ပုတီးကြီးတစ်ကုံး
အောင်သင်းထုံ(ကျောက်မဲ)
၁၅၄ နိုင်မာသောဆုံးဖြတ်ချက်နှင့်
ရဲရင့်သောသတ္တိ
နေဝင်းဝင်း(ထွန်းဆေး)
၁၆၂ ကိုးလောင်းတံတားကကြိုနေတယ်
မွေးပုထဲ
၁၆၆ နန်းဓားပေါ်ကသွေးကွက်
မျိုးသစ်
၁၇၀ စွဲလမ်းမှုတဏှာပယ်သတ်ရာဝယ်
မောာနွယ်(မန်းတက္ကသိုလ်)
၁၉၀ မျောက်နဲ့စေးနှင့်တူသော
မေထွန်းဦး(သထုံမေ)
၂၀၄ တရားကိုနတ်စောင့်သည်
တက္ကသိုလ်ဝင်းမြင့်
၂၁၀ အမေဖိုးညို
ပြည်သိန်းကျော်
၂၁၈ အိပ်မက်ပေးနတ်ဆက်သူနှင့်
နတ်မဆက်သူများ
နတ်မောက်မင်းသန့်နိုင်
၂၃၆ သမီးကိုခေါ်သလား ဖေကြီး
စိုးထွန်း(ဥပစေ)

၂၄၂ သေတွင်းဖို့သူ
ရှာပုံစိုးသား
၂၅၄ ကာလီကျောက်
မင်းဘုန်းလွင်
၂၆၆ ရှမ်းပြည်ပြန် ကိုဖိုးထောင်
မိုးအောင်(ချောင်းဆုံ)
၂၇၀ သစ်ခြောက်ကိုနှိမ်နင်းခြင်း
နေပြည်တော်ကျော်ကျော်စိုး
၂၈၆ အားကိုးစရာ
ရှစ်ခွင်ကျော်-ဖောင်တော်သီ
၂၉၀ ဘဝနှစ်လွှာ
တစ်မျက်နှာနှင့်မိန်းကလေး
သဗိတ်ကျင်း-ကျော်ကျော်ထွန်း
၂၉၀ ပြောမယုံကြုံမှသိမယ်
ရဲမင်းထွန်း(မြင်းကပါ)
၃၁၂ ပျောက်ဆုံးသွားသည့်ရွာကြီး
နေဝန်းနီ
၃၂၀ ထူးသည့်ဗိုလ်ကြီးဘိုးတော်
ခင်လေးမြင့်(မြစ်ကြီးနား)
၃၂၄ ပရလောကသားများနှင့်တွေ့ခဲ့သူ
ရွှေရင်အေး(ဇီးကုန်း)
၃၄၀ မြင်မိယောင်မှား
အေးမင်း(ကျိုင်းတုံ)
၃၄၆ ဆုတောင်းပြည့်ချင်ပါသည်
ရန်နိုင်
၃၅၀ ရန်ငြိုးကလဲ့စား
ဟိန်းလေးသူ
၃၆၆ ဘိုးညြာနှင့်
ရွာကိုပျောက်နှောင်ခံမြို့-အကြောင်း
ခင်ထိန်ဆင်

www.burmeseclassic.com

www.burmeseclassic.com





## သုရဒ္ဓ ပညာရပ်


၁၇၅ အနောက်တိုင်းလူ့အဖွဲ့အစည်းမှ
အဂ္ဂိရတ်ပညာရှင်များ (၄၆)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၂၂၆ သင့်စွမ်းအင်းသင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေဖုရှုဟာ (၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၃၉ အင်္ဂဝိဇ္ဇာပညာနယ်မှ
အစွမ်းထက်သော ဓာတ်ယတြာများ(၁)
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၂၅၈ နှစ်ဆယ်ရာစု၏အကြီးမြတ်ဆုံးရူပဗေဒ
ပညာရှင် အိုင်းစတိုင်း၏ဘဝနှင့်
လက္ခဏာပညာအမြင်
**ဆရာချမ်းမင်း(LL.B)**

၃၀၂ အင်္ဂဝိဇ္ဇာလက်တွေ့ပညာ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၀၇ နေကြွတ်၊ လကြွတ်သဘောသဘာဝ
**မင်းရှိန်အောင်**

၃၃၇ စိတ်စွမ်းအင်စုံထောက်ကြီးကာရာဇက် ၏
ပျောက်ဆုံးနေသောကလေးနဲ့
မှုဒိမ်းကောင်ကိုရှာဖွေပေးမှု
**မနှောသုတေသီ**

၃၅၃ အလွယ်လေ့လာလက္ခဏာပညာ
**ဆရာမော်**

၃၇၀ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရော့သုတေသီ)**
**မိုးကောင်း**

၃၇၂ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ
မြန်မာ့အင်းအမျိုးအစားများအား
လေ့လာခြင်း
**တြိရတနာ-ဆရာဇေယျာလင်း**

၃၇၈ ကိန်းဂဏန်းများနှင့်သင်
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၈၄ မကုန်သောထွက်ခြင်းမျိုးဖြင့်သာ
**မင်းပြည့်**


## သုရဒ္ဓလက်တွေ့အသုံးချ


၉၈ ကွမ်းသီးပိုးမဖောက်တဲ့ထားနည်း
**သန္တိ(ဥပဒေ)**

၁၁၉ လိုသူများသုံးစေဖို့
**မုဒိတာ(ကျိုက်လတ်)**

၁၄၉ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
မနေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၂၀၃ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဖယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၂၁၆ မြန်မာ့အိမ်၏အစိတ်အပိုင်းများနှင့်
ဝေါဟာရများ
**မုဒိတာ(ကျိုက်လတ်)**

၂၃၈ ကြွက်အန္တရာယ်ကင်းစေဖို့
**စိုးထွန်း(ဥပဒေ)**

၂၄၉ အိမ်ဆောက်ကြမလို့လား
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၂၇၇ ပြည်မြန်မာ၏ကန်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၃၄၃ ဘုန်းတော်တန်ခိုးပြည့်လှိုင်
ယှဉ်ပြိုင်ဘက်ကင်းပြီး
လာဘ်များဝင်စေသောစမအင်း
**အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်**

၃၅၀ ထိ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၈၆ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၈၉ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာထမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**

၃၉၁ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၉၄ အန္တရာယ်ကင်း လာဘ်ရွှင်ခြင်းဆီသို့
သုရဒ္ဓလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ- ၀၄၃၂၉)


**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဒ္ဓစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မွန်ထွန်း၊ ဝင်းမြ အိအိဖိုင်
ရုံးအဖွဲ့
အေးအေးစန်း၊ စုမွန်၊ စုစုခံ၊
ကြူကြူနိုင်၊ တင်မိုးနိုင်၊
နှင်းနှင်း၊ နန
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၃၀၉၂) ယန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော် လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား**-ဂါနေဒီ၊ မီလျံမှာ
**ပဲခူး**- သဇင်စာပေ
**ဟသာ်တ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# မိုးဖြန်ညှင်း ရေကြမ်းလွှတ်



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com


မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ၂

# သွေးကပြောသော ဘာသာစကား

(လောဟိတပုပ္ဖတ္တိဝါဒကထာ)

(ယခင်လမှအဆက်)

အတိတ်စွဲညဉ့် အနုသယအစိ အရင်ဖြင့် ဘဝတွင် ဇာတိသွေးများ အရင်းထည့် များနေသမျှ တိရစ္ဆာန်မှ လည်း အရာမကျသေး။ ဤအချိန်အခါ မျိုးသည် စပ်ကူးမပ်ကူးကာလမျိုးပင်





www.burmeseclassic.com

www.burmeseclassic.com



တည်း။

ဤ၌ ခန္ဓာစဉ်သွေးနှင့် ဉာဉ်စရိုက်သွေးများ ခွဲခြားသိသင့်လာကြပြီ။ ထိုစဉ်သွေးသည် အစာမှဖြစ်သောအရည် (အာပေါဓာတ်) ဖြစ်၏။ ထိုအရည်ကား ခံတွင်း၌ရှိနေနှင့်ပြီးသော အစာဖတ်များနှင့် ရောယှက်သွားရည်၊ အစာဖတ်များမှပါသော ကစီဓာတ်ရည် ထိုအစာဖတ်များ ချက်လုပ်ရာမှ ပါဝင်လာကြသော ဆီပြာရည် စသည်များနှင့် ရိုးရိုးရေများ ဆင်းစပ်မိကြရာမှ ဖြစ်ပေါ်လာ၏။

ယင်းကို အစာများအတွင်း ပါဝင်သော ထုံးဓာတ် (ပထဝီအာပေါတွင်းမှ ပါ၏)၊ လေဓာတ် (တေဇော ဝါယော တွင်းမှ ပါဝင်၏။) နှစ်မျိုးအား အစာအိမ်ခေါ် ပါစကတေဇောဓာတ်ပေါင်းအိုးကြီးဖြင့်ချက်လုပ်ပေးလိုက်ရာ ထုံးနှင့် နနွင်းရောက သွေးရောင်ပေါ် ပေါက်ရသည် ပမာ အနီရောင်အဖြစ်ဖြင့် သွေးလွှတ်ကြောများသို့ စီးဝင်၏။ ထိုမှတစ်ဆင့် ခန္ဓာတစ်ခွင်လုံးလှည့်ပတ်လျက်က အရိုးဓာတ်ပါသွေးကျများ အရိုးကြားမှာထားခဲ့၊ အသားဓာတ်ပါသွေးမျိုးကျများ အသားကြားထားခဲ့ စသည် ဖြန့်ပို့၏။

(က) ထိုစဉ် အာရုံတစ်ခုဝင်လာသည်ကို ဆင်ခြင်ကြည့်မိရာမှ ဒေါသစိတ်ထန်ပြင်းစွာ ဖြစ်ပွားလာသောအခါ ဘဝင်လေအမှုတ်ကြမ်းခြင်း၊ သွေးလည်ပတ်နှုန်း အပူလွန်အားဖြင့် လည်ပတ်ရခြင်းများကြောင့် နှလုံးသွေးမည်းနက်လာ၏။ထိုနှလုံးသွေးအရောင်ပြောင်းအတိုင်း အသားရောင်များလည်းမည်း လာ၏။

စက္ခုဝိညာဉ်၊ သောတဝိညာဉ် စသည်ညာဉ်များ စခန်းချရာ မျက်နှာတစ်ပြင်လုံးကား ပို၍ ထင်ရှားစေ၏။ ထိုဒေါသ စိတ်ထွက်ကြမ်းသဖြင့် အခိုးလွှတ်ကြမ်း၊ သွေးလွှတ်ကြမ်းများပါ ကြမ်းတမ်းလာသောအခါတွင်မူကား မျက်လုံးများအရောင်လက်ခြင်း၊ မျက်ရည်ထွက်ခြင်းအပြင် အသားများပါ ဆတ်ဆတ်တုန်ခါလာတော့၏။ (ဖို၊ မချင်းတွေ့ကြရ၍ အသုံးပြုသော ရာဂသွေးများလည်းနည်းတူ)၊ ရိုးရိုးသွေးကို ဒေါသလွန်ညာဉ်သွေးအဖြစ် ပြောင်းလဲ အသုံးပြုပုံတည်း။

(ခ) တစ်ဖန် အာရုံတစ်ခုဝင်လာပါသည်ကို လက်ခံဆင်ခြင်ကြည့်မိရာမှ လောဘစိတ်ထန်ပြင်းစွာထကြွလာသောအခါတွင်လည်း ဘဝ၏အမူရာပြုအစိတ်အပိုင်းဖြစ်သဖြင့် ဘဝင်္ဂ(ဘဝင်)အမည်ရသော လေလှုပ်ခတ်ခြင်း၊ သွေးစီးနှုန်းမြန်ဆန်လာခြင်း အပူဓာတ်အားကောင်းလာခြင်းများကြောင့် နှလုံးသွေးလည်း ပုံမှန်ထက်တဲ ရဲတက်လာ၏။

နှလုံးသွေး အရောင်ပြောင်းသွား



www.burmeseclassic.com

www.burmeseclassic.com

သောအတိုင်း အသားရောင်များလည်း နီရဲလာတော့၏။ စကျွဲဝိညာဉ် စသည် ညာဉ်အများစုစခန်းချရာ မျက်နှာပြင် နီရဲခြင်းကား ပို၍ပင်ကဲလာစေ၏။ ရိုးရိုး သွေးကို လောဘလွန်ညဉ်သွေးအဖြစ် ပြောင်းလဲအသုံးပြုပုံတည်း။

မှတ်ချက်။ ။ ဤစိတ်မာတတ်နှစ်မျိုး တို့သည် တက်သွေးကိုဖြစ်စေတတ်ကြ ရာ သွေးတက်လျှင် စိတ်ထက်၊ တစ်ဖန် စိတ်ထန်လျှင် အကျင့်သန်ကား ဓမ္မတာ ပင် မှတ်လေ။

(ဂ) တစ်ဖန် အာရုံတစ်ခုလာ ရောက်တိုက်ခိုက်သည်ကို ဆင်ခြင်ကြည့် ရာတွင် ထိုဆင်ခြင်စိတ်က အာရုံကိုအမိ မဖမ်းနိုင်ခြင်း၊ အာရုံကပင်မပီပြင်ခြင်း၊ ထိုအချိန် ထိုအာရုံနှင့် ထိုဆင်ခြင်စိတ် မထိတထိဖြစ်နေချေရာ ကောင်း၏ဆိုး သည် မဆုံးဖြတ်နိုင်။ သို့ကြောင့် ကြိုက် သွေး၊ မကြိုက်သွေးများလည်း ဇမပြနိုင် ရကား ကောင်းသည်လည်းမဟုတ်၊ ဆိုး သည်လည်းမဟုတ် သမားရိုးကျအဖြစ် ကြားနေ ထားပေးလိုက်ရပြီ။

ထိုစဉ် ဧေးငိုင်မပျက်သောဆင်ခြင် စိတ်ဆိုက သွေးများလည်းညှိုးနွမ်းပျစ်ချွဲ ညစ်မွဲနေမည်သာ။ ပြန့်ကျဲသောဆင်ခြင် စိတ်မျိုးဆိုက သွေးများလည်း ဖြူဖပ်ဖြူ ရော်အနီပြေးပေါ် ရှိသာ။ မဝေခွဲနိုင်သော ချီတုံချတုံမျိုးဆိုက သွေးများလည်း နီ ကြောင် ဖြူဖပ် တစ်ဝက်စီပတ်နေမည် သာ။ ရိုးရိုးသွေးကို မောဟလွန် (ဝိတက် လွန်) ညဉ်သွေးအဖြစ် ပြောင်းလဲ အသုံးပြုပုံတည်း။

မှတ်ချက်။ ။ ဤမောဟသွေးကား ကျသွေးဖြစ်နေ၍ စိတ်မထန် အကျင့် မသန်ဖြစ်မည်။

ယနေ့ ထိုသွေးဆိုးသွေးတိုးမျိုး လူတစ်ဦးတစ်ဦးစီ၌ပင် ပူးတွဲပါဝင်နေ ချေရာ . . .

'ဟိုလူ မျက်နှာကြီး မည်းသွားပြီ'။ နားထောင်လိုက် ဒေါသသံပွက်ပွက်ညံ လာနေပြီ။ 'ဟိုလူ မျက်နှာကြီး အဆီ တက် ရဲထွက်လာပြီ'။ နားထောင်လိုက် လောဘသံစာစာညံလာနေပြီ။ 'ဟိုလူ မျက်နှာကြီးကမွဲခြောက်လို့'။ ကြည့်လိုက် မထုံတက်သေး။ ဘာသံမှမပေး၊ ထိုအသံ ထိုဟန်များအတိုင်းလျှင် ညဉ်ဆိုးနှိုးဆော် ရာ စိတ်ခေါင်းညိတ် တစ်ဖန် စိတ်အမိန့် ပေးရာ ကိုယ်လိုက်ပါကာ ပြုကျင့်ပေးနေ ကြရရာ လူသားတို့ခမျာ . . .

ဘာကြံကြံ လူသားဉာဏ်မပါ ရာဂ၊ ဒေါသ၊ မောဟတို့ပြောရာနှင့် ပြီး နေကြရရှာပြီ။ ဘာပြောပြော လူမပြော မဖတ် ရာဂ၊ ဒေါသ၊ မောဟတို့ ဝင် အစွက်ဖြင့် ပြီးစီးနေကြရရှာပြီ။ ဘာလုပ် လုပ် လူဟန်မပေါက်။ ရာဂ၊ ဒေါသ၊ မောဟတို့အနှောင့်ဖြင့် ထိုးဖောက်ပေး နေကြရှာပြီ။ လူ့အရာမဝင် လူ့စဉ်မမီ သေး။ လူသွေးနှင့်ဝေးနေသေးသောလူ့ အမည်ခံများပင်တည်း။

ဤစရိုက်ဆိုးညဉ်သွေးသုံးမျိုးတို့ သည် သံသရာမြေခြေချကတည်းက သွားလေရာ ကိုယ်နှင့်မကွာ ပူးတွဲပါနေ ချေရာ သင်သည် ယခင်ဘဝက ညဉ် စရိုက်သိလိုလျှင် သင်၏ကလေးဘဝကို ပြန်အောက်မေ့ကြည့်လိုက်ပါ။ ရှေးရှေး ဘဝများက ညဉ်စရိုက်များသိလိုလျှင် သင်၏ ကာလသား၊ သမီးဘဝ ပြန်ငဲ့ ကြည့်လိုက်ပါ။ ယခုဘဝ လက်တွေ့ညဉ် စရိုက်များသိလိုလျှင် အိမ်ထောင်ကျပြီး နောက် သေအထိကို ကြည့်နေပါ။

ထိုတွင် ယခင်ဘဝ၏ ညဉ်ထား စရိုက်ဖွင့်သည် လူလားမမြောက်မီ ကလေးအရွယ်၌ ဇပြနေတတ်လှ၏။ ကာလသား၊ ကာလသမီးများဘဝ အပျို ဖော်၊ လူပျိုဖော် သွေးများထကြွလွှမ်းမိုး လာသောအခါတွင်မူကား ယခင့်ယခင် မူလလက်ဟောင်းများ ဇပြလာကြပြီး ယခုဘဝ လူ့အဖြစ်နေရာဝင်ယူစပြုလာ ကြတော့ပြီ။

ထိုမှနောက် လင်နေရာ၊ မယား နေရာများမှနေ လူတစ်လုံးသူတစ်လုံး ကိုယ်ပိုင်ဘဝ ကိုယ်တိုင်ကိုယ်ကျ ရုန်းကြ ရကန်ကြရသောအခါတွင်မူကား သိုင်း ပညာရှင်တစ်ဦး တစ်ဖက်ရန်သူ ကိုင် ဆောင်လာသော လက်နက်ဖြင့်ပင် ထို ရန်သူအား ခုခံအနိုင်ယူနေပါသည်ပမာ ကြုံရာကျပန်း ရလမ်းစ အရထမ်းဖြစ် လာကြတော့ရာ မူလညဉ်စရိုက်များ သီးခြားမပြနိုင်ကြပြီ။ မိမိဘဝအလုပ်ပြသ မနေနိုင်ကြပြီ။

- ■ နှလုံးသားမရင့်ကျက် ခြင်ဆီမတက် သေးသောကလေး ညဉ်သစ်မကျ ဘဝဟောင်းနှင့် ညဉ်ဟောင်းမျှ။
- ■ နှလုံးသားရင့်ကျက် ချဉ်ဆီတက် များ။
  ညဉ်သစ်လည်းကျ ဇလည်းပြ မူရင်း ဟောင်း လက်ကမချ။
- ■ နှလုံးသွေးပွက် ချဉ်ဆီထွက်များကား ညဉ်လည်းရုန်းရုန်း၊ ဇရုန်းရုန်း၊ ဗလုံး ဗထွေးနိုင်လွန်းလှ။

ဤသည်တို့မှာ ယေဘုယျ သုံးသပ် ချက်များသာ ဖြစ်ကြ၏။

ထူးချွန်သူလူတချို့တစ်ဝက်ကား ဤသုံးသပ်ချက်များနှင့် ကွာခြားနေကြ မည်သာ။ လာရာလမ်းလည်းမတူ၊ ဆုံရာ ၌လည်းမတူ၊ ပါရမီအပါး၊ အထုလည်း မတူကြသောကြောင့်။

### လူဖြစ်လျှင်လူလိုလုပ်၊ လူ့ရုပ်နှင့်တူကြပါစေ

ဘဝသည် မိဘနှစ်ဦးတို့အကြား ခေါင်းထိုးဝင်သွားရုံဖြင့်ရနိုင်၏။ လူဖြစ် လိုလျှင် လူမိဘနှစ်ဦးကြား ခေါင်းသွင်း ပေးထားလျှင်ပြီး၏။ သို့တိုင်လည်း လူ့ ဘဝရတိုင်း လူမဖြစ်။ လူကျင့်ကျင့်မှသာ လူဖြစ်နိုးရှိ၏။ စကြာမင်းဖြစ်ထိုက်သော ကံပါသော်လည်း စကြာမင်းအကျင့်ဖြင့် စကြာလမ်းခင်းပေးမထားသော် မဖြစ် ထားလိုက်မှသာဖြစ်သည့်ပမာ။

တိရစ္ဆာန် ကျင့်သည် ကြိုက်လျှင် လိုက်၊ မကြိုက်တိုက်ခိုက် မသိမိုက်စမြဲ။ လူ့ကျင့်သည် ကြိုက်တိုင်း မလိုက်၊ မုန်း တိုင်း မတိုက်၊ မသိတိုင်းလည်း မမိုက်။

(က) ထိုသို့ဖြစ်ရန်မှာ ဓမ္မ၊ အဓမ္မ၊ တရား၊ မတရား ခွဲခြားသိ အသိ ရှိပေးနေရမည်။

(ခ) အတ္တ၊ အနတ္တ အကျိုးရှိ၊ အကျိုး မဲ့နှစ်ပါးလည်း ခွဲခြားအသိရှိပေး နေရမည်။

(ဂ) ကုသလ၊ အကုသလ အပြစ်မဲ့၊ အပြစ်ရှိ နှစ်ပါးလည်း ခွဲခြားသိ အသိရှိပေးနေရမည်။ ထိုသို့အသိ ရှိစေလိုလျှင် ညဉ် ပြောင်းပေး။

၁။ အကြိုက်တွေ့ကြိုက်ဖို့ရာလောက် သာသိသောရာဂညဉ်၊ ရာဂစရိုက် မှ သဒ္ဓါစရိုက်အဖြစ်သို့။

၂။ အမုန်းတွေ့ တိုက်ခိုက်ဖို့ရာလောက် သာသိသော ဒေါသညဉ်၊ ဒေါသ စရိုက်မှ ပညာစရိုက်အဖြစ်သို့။

၃။ အာရုံမတွေ့၊ အမေ့ကောက်နေ ဖို့ရာလောက်သာသိသော မောဟ ညဉ်၊ မောဟစရိုက်မှ အတွေး အခေါ် သို့။

အဆိုးသုံးပါး သတိဖြင့် ဟန့်တား၊ အကောင်းသုံးပါး သတိဖြင့်ပင် မျှားခေါ် ပေးရန်တည်း။ ထိုသို့ ဟန့်တားခြင်း၊ မျှား ခြင်းအလုပ် သတိက အလုပ်လုပ်ရာ၌ စေ့စေ့စပ်စပ် မပြတ်အမှတ်ရနေစေခြင်း ဖြင့် အတွေးဖြစ်မှ ဝင်ခွင့်ရသော သညာ သိ၊ ပညတ်သိ၊ အဝိဇ္ဇာသိခေါ် မိရိုးဖလာ သိကို ဟန့်တားပြီးဖြစ်စေသည်။

ရှုကွက်တွင်းက ပေါ်လာသူ၍

www.burmeseclassic.com

www.burmeseclassic.com

အတွေ့ သတိက မပြတ်အောက်မေ့ပေးခြင်းဖြင့် အမှတ်မှဖြစ်သော ပညာသိ၊ ပရမတ်သိ၊ ဝိဇ္ဇာသိခေါ် ကိုယ်ပိုင်သိကို ထင်ပေါ်သထက် ထင်ပေါ်စေသည်။

ထိုမှတစ်ဆင့် ရှုကွက်နှင့် မိမိအလွန်ရင်းနှီးသော မိတ်ကောင်းပမာ ပြတိုင်းရှု ရှုတိုင်းပြအဖြစ်သို့ လည်းကောင်း၊ ပျောက်လျှင်ခေါ်၊ ပြန်ရောက်လာသည်အထိသို့ လည်းကောင်း၊ ရင့်ကျက်၊ ပေါင်းစည်း၊ ကျွမ်းနှီးလာချိန်သို့ ရောက်လာလျှင်ကား သတိနောက် ဝီရိယအကူအထောက်လိုက်၍ ထိုသတိရှုကွက်တွင်းသို့ စူးစူးစိုက်စိုက်သွင်း၊ ရဲရဲတင်းတင်းဝင်၊ စိတ်ပါလက်ပါ ဆင်ခြင်ပေးလိုက်ပါသော် စိတ်ဖြစ်ဉာဉ်သည် မိရိုးဖလာသိ (ဝင်မှန်းသိရုံ ထွက်မှန်းသိနေရုံ) မှ ဖြစ်ပျက်မြင် သမာဓိရှင်၏အသိမျိုးသို့ ထိုးဝင်လာခဲ့ပြီ။

ယင်းကိုပင် စိုက်မြဲသတိ၊ ဖိဖြဲဝီရိယတို့ဖြင့် ဆင်ခြင်ပေးနေပါသော် ဖြစ်ပျက်မြင် သမာဓိရှင်၏အမြင်အသိမှ ခွဲထွက်လာကာ ရုပ်နှင့် နာမ် (အထိနှင့်အသိ) တို့၏ မရောမယှက် သူ့အကွက်ကျနှင့်သူ အလုပ်လုပ်ပေးနေကြပုံ၊ သူ့တွက်၊ ကိုယ့်တွက် ထိုအကွက်ကို အပေးအယူနှင့်ဖက် ကြောင်းကျိုးဆက်ပေးနေကြရပုံ။

ထိုအကွက်ထဲမှပင် အဖြစ်၏ရိုပ်ပျောက်ပျောက် တုန်းဆုံးနေပုံတွေ့နေရခြင်း၊ အပျက်၏ထိုးကျ ပျက်စီးသွားပုံများကို တွေ့နေရခြင်း၊ အဖြစ်ရောအပျက်ပါ ဘာမှရေရေရာရာမရှိကြပုံများကို တွေ့နေရခြင်းဖြင့် ယင်းတို့၏ သဘာဝလက္ခဏာများတိုးဝင်လာပုံ၊ အချိန်ကုန်လိုက်ရှုကွက်အားစိုက်ကြည့် ဖြစ်ပြီးပျက်မှ တစ်ပါး အခြားမရှိပုံ စသည်များ မီးခိုးကြွက်လျှောက် တွေ့သိခွင့်ရစေတော့ရာ . . .

သမာဓိရှင်၏အမြင် မိရိုးဖလာဉာဉ်အမြင်များမှ ပညာရှင်၏ အမြင်ထား ဘွားခနဲကြီးရောက်သွားပြီ။ ကိုယ့်အကြောင်းကိုယ် ကောင်းကောင်းကြီး အသိရှိလာပြီ။ကိုယ့်အကြောင်းသိသဖြင့် သူ့အကြောင်းနှင့်တကွ တစ်လောကလုံး အကြောင်းလည်း ကောင်းကောင်းသိလိုက်ပြီ။

ဓမ္မ၊ အဓမ္မတရား၏၊ မတရား၏ အသိခွဲခြားသိဖြင့်သိသိလာနေပြီ။ အနတ္ထ၊ အတ္ထ အကျိုးမဲ့အလုပ်၊ အကျိုးရှိအလုပ် ဟုတ်တိပတ်တိသိသိလာနေပြီ။ အကုသလ၊ ကုသလ အပြစ်ရကိစ္စ၊ အပြစ်ကင်းကိစ္စ၊ ဒိဋ္ဌပစ္စတ္တသိဖြင့် သိသိလာနေပြီ။ သို့ကြောင့် လူဖြစ်ခန်း အလှမ်းမဝေးပြီ။ လူ့အရာဝင် နေရာစဉ်နေပြီ။

အန္ဓဘာလပုထုဇဉ် ကန်းကလည်းကန်း၊ မိုက်ကလည်းမိုက်၊ စိတ်ညစ်ကိုယ်ပုပ်စရာတွေကလည်း ဗလပျစ်နှင့် လူမစစ်သေးသော လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းလူသားမှ ကလျာဏပုထုဇဉ်ကောင်းတော့လာပြီ။ သို့သော် ကိလေသာက နေရာချဲ့နေတုန်းဆိုသော လူတစ်ပိုင်း၊ နတ်တစ်ပိုင်း လူသားသို့ကူးဝင်မိလာလေသောကြောင့်။

အကယ်တိတိ. . . ထိုမှတစ်ဆင့် ဘဝသည် ဖြစ်ပျက်အစဉ်တို့ကို တစ်ကွက်ပြီးတစ်ကွက် ဆက်၍အသက်ရှင်နေချေရာ ထိုဖြစ်ပျက်စဉ်ကို ဖြစ်ပျက်မြင်သမာဓိဉာဉ်ဖြင့် လမ်းဆုံးအထိ လိုက်လံကြည့်မိလျှင် ဖြစ်ပျက်လည်းဆုံး၊ ဘဝလည်းသုဉ်းဖြင့် ဘာမှမရှိရာမှလာသဖြင့် ဘာမှမရှိရာသို့ ပြန်သွားခြင်း ရှင်းရှင်းလင်းလင်းကြီး အမြင်ဆိုက်သွားပါမူတွား ဖြူစင်သောမိမိပင် ကိုယ်သိသမျှသာရှိတော့သော ရန်သူဆို ဟန့်တား၍၊ မိတ်ဆွေဆို တံခါးဖွင့်ပေးထားသော အရိယာရေအလျဉ်သို့ ကူးဝင်သွားသော လူသားစစ်စစ်ဖြစ်သွားပြီ။

**သမ္မောဓိပရာယနော** - အထက်အထက်ခရီးသို့သာ အပြီးဆက်မည့် လူသား၊ **သတ္တက္ခတ္တုပရမော** - လူမှ နတ်ဘက် တလွှင့်လွှင့်တလူလူတက်မည့် လူသား၊ **သောတာပန္နပုဂ္ဂိုလ်** - ဘာသာဝါဒရေးရာများ၌ ရဲရင့်ပွင့်လင်းအမြင်ရှင်းသည့်လူသား၊ ထိုဤစသည် ဂုဏ်ထူးများနှင့် ပြည့်စုံလုံလောက်သွားပြီဖြစ်ခြင်းကြောင့်။

ဤဆိုခဲ့ပြီး ပညာရှင်၏အမြင်ခရီးတွင်း၌ပင်. . .

(က) မိရိုးဖလာသိ သညာသိတို့မှ ဖြစ်ပျက်မြင် သမာဓိရှင်၏ အသိ၊ ရုပ်၊ နာမ်ကွဲ ကြောင်းကျိုးသိ၊ လက္ခဏာအမြင် ပညာရှင်၏ အသိဝင်လာချိန် တရား၌ ယုံသောသဒ္ဓါ စတင်လာပါပြီ။

(ခ) တစ်ဖန် ရုပ်၊ နာမ်တို့၏ ဖြစ်ပြီးပျောက်၊ ပွဲအစနှင့် ပျောခေါက် တစ်ချိန်တည်းပဲဆိုတော့ အမြင်ပေါက်လာချိန်တွင်ကား တရားတော်၏ ဧဟိပဿိကသို့ သဒ္ဓါယုံ ခါးဆုံချ၍ဝင်သွားပြီ။

(ဂ) ထိုမှနောက် ခန္ဓာအတွင်းပိုင်းကျကျအထိ စိုက်ချထားသော သတိ ထိုးဖောက်ဝင်မိသွားရာမှ ထိုရုပ်နှင့်နာမ်တို့၏အပျက်ရှုတိုချည်း မြင်သိလာရချိန်အခါတွင်မူ မိမိ၌ချစ်သော ကာမတဏှာ၊ သူ့အပေါ်၌ချစ်သော ကာမတဏှာ အနားမလာရဲ သဒ္ဓါက လမ်းခွဲ လွှတ်လိုက်ပြီ။

(ဃ) ထိုမှနောက် ဝိပဿနာ(ကိုယ့်အကြောင်းကိုသိရန် အထူးရှုကြည့်ပေးရသောအလုပ်) ဉာဏ်တို့၏ အထွတ်အထိပ် ရောက်ရှိသွားသောအခါတွင်မူကား သတိသည် ကိလေသာအတားများကို နိုင်နင်းစွာ ထိန်းချုပ်ပေးလာနိုင်သဖြင့် ဉာဉ်လည်း မထ၊ 'ဇ'လည်းမပြရဲ၊ စရိုက်များလည်း ခွာရှဲသွားကြရရာ ပင်ကိုသိသည်အားကုန် ရှင်သန်လာပြီ။ ပညာသိကား အထူးရင့်ကျက်လာပြီ။ စိတ်သည်ကား ဖြူစင်စပြုလာပြီ။ အာရုံကောင်း လမ်းကြောင်းပြုလည်း သဘောမျှအသိ အမြင်ရှိလာပြီ။ အာရုံဆိုး ထိုးပြုလည်း သဘောမျှအသိ အမြင်ရှိလာပြီ။ အာရုံဆိုး ထိုးပြုလည်း သဘောမျှအသိ အမြင်ရှိလာပြီ။

ထိုအချိန်သည် မဂ္ဂဂုဏ်၌ အယုံ၊ သာ၊ ဘဝတဏှာကိုပါ အလာမခံလိုသောနေရာတည်း။(ထိုတရားရှင်တဏှာမှ သဒ္ဓါသို့ သည်မျှပြောင်းလဲပေးနိုင်လျှင် ဒေါသမှ ပညာ၊ မောဟ (တွေ၊ ပျံ့၊ ငေး) မှ သမ္မာဝိတက်သို့ ပြောင်းလဲပေးရန်ကား အထူးအားစိုက်ရန်မလိုပြီ။ သဒ္ဓါတဏှာပြောင်းလဲရာ၌ပင် အတွဲလိုက်အတွဲလိုက် အပြောင်းပွဲဆင်ပြီးဖြစ်သောကြောင့်. . .)

■ *လူဖြစ်တုန်း လူအလုပ်လုပ်သဖြင့် လူရုပ်နှင့်တူသွားခြင်းများတည်း။*

**သွေးပြောကိုကြည့်**
**ကိုယ့်အရေးကိုယ်သိကြကုန်**

- သွေးသည်အသက် သွေးချင်းစက်၍ အသက်တိုရှည် ဖြစ်စေသည်ကြောင့်။
- သွေးသည်အသက် သွေးနှင့်ဖက်၍ ဉာဉ်၊ စရိုက်ထွက် အသက်ဝင်စေသည်ကြောင့်။

ဤလူ့ဘုံသည် ကုန်သည်တို့ဈေးကွက်ချရာဌာန်။ ဤလူ့ဘဝသည်ကား ဘာမဆို အရယူနိုင်သော ငွေ့ရှင်ကြေးရှင်ပိုင်သူများ။ ဘဝသည် ဓာတ်လေးပါး

www.burmeseclassic.com

ပုံကြမ်းခုတ်၍ အရုပ်ဖော်ပေးနည်းဖြစ်သော ဓာတ်ကောင်ဘဝ တိရစ္ဆာန်မှ စရသော်လည်း ထိုတိရစ္ဆာန်ဘဝကား စေလိုရာစေနိုင်သောဘဝမျိုး မဟုတ်ချေ။ ဤလူ့ဘဝသည်သာ စေလိုရာစေနိုင်၏။

လူသည် စေလိုရာစေနိုင်သော ရုပ်၊ နာမ်သတ္တိထူးများ လက်ဝယ်၌ကိုင်ခွင့်ရကြပြီး ထိုးဖောက်သိမြင်နိုင်သော ဉာဏ်နှင့် အသိနောက်လိုက်ပါဖြည့်ဆည်းပေးနိုင်သောရုပ် ဖူးတွဲပါရှိ၏။ နိုင်းချင့်စရာ သုခ၊ ဒုက္ခ အမျိုးအစားနှစ်ခုစလုံးလည်း လူ့ဝန်းကျင်ဘောင်၌ ပုံပေးခံထားရ၏။

ထိုမှအပြန် တိရစ္ဆာန်ကား ရုပ်သာရှိပြီး ဉာဏ်မရှိ၊ သုခတင်းဘိ ဒုက္ခမျှသာ အတိ။ အထက်အရပ် ဘုံစံနတ်ကား ဉာဏ်သာရှိပြီး ဘုတရုပ်မရှိ။ သုခ တင်းပြည့်၊ ဒုက္ခကား မရှိ။

လူ့ဘုံသည်ကား ဉာဏ်ပါသော ရုပ်၊ နာမ်စုံ ခံစားရာ ချမ်းသာ၊ ဆင်းရဲအတွဲလိုက်ရှိနေသည့်အပြင် အထက်ကလာသူ၊ အောက်ကတက်လာသူများလည်း ခြေချင်းလိမ်ရှုပ်ယှက်ခတ်ကြုံဆုံနေရ၏။ အထက်တက်မည့်သူ အောက်ပြန်မည့်သူများ၏ ရိက္ခာများစု လုစုနေကြသည်ကိုလည်း တွေ့နေရ၏။ အကြွေးပေးရန်လာသူ၊ အကြွေးတောင်းရန်လာသူများနှင့်လည်း နေ့စဉ်ဆက်ခံခွင့်ရနေ၏။ သင်တန်းပြပေးမည့်သူ၊ သင်တန်းတက်လိုသူများကလည်း ဝန်းကျင်ရပ်မခြားပတ်လှည့်နေသေး၏။

လူ့ပြည်သည် ဇုန်၊ လူ့ပြည်သည် ပဒေသာဘုံ၊ လူသည် ပဒေသာတုန်တည်း။ ရောင်းဝယ်ဖလှယ်ရာ၌ ဈေးမှန်၊ ကြေးမှန်ရသွားသူများကား သွားကြလေ သူဌေးနေရာ၊ ရောင်းမှားဝယ်မှား ဖလှယ်မှားများကြောင့် ကုန်ရှုံးသွားသူများကား သွားကြလေ ဆင်းရဲသားရပ်ကွက်။

ထိုစဉ် လူ့ပြည်ရောက်သဖြင့် လူ့အလုပ် လုပ်သူများအတွက် အထက်၏အထက် တစ်ဆင့်ပြီးတစ်ဆင့် ဝင့်တက်ခွင့်ရသွားကြရာ လူ့အလုပ်ကား မရှုံးသော ကိန်းသေတရားတည်း။

တိရစ္ဆာန်ပြည်မှ အရင်းအနှီးအဖြစ် ရင်းနှီးပြီးသားသော လောဘ (ရာဂ)၊ ဒေါသ၊ မောဟဉာဉ်စရိုက်များ၊ ဉာဉ်စရိုက်များအရ ထွန်းကားနေသော သွေးနှင့် သွေးရောင်များကို အထက်က ပင် ပြဆိုခဲ့ပြီးပြီ။

တစ်ဖန်လည်း တိရစ္ဆာန်မျိုး ထိုဉာဉ်၊ စရိုက်ဆိုးများကို သတိဖြင့် ဟန့်တားသင့်ရာဟန့်တား၊ အားပေးသင့်ရာ အားပေးလျက်က ဉာဉ်ကောင်းစရိုက်ကောင်းများဘက်တက်လာခဲ့ရပုံများကိုလည်း ထိုအထက်တပင် ပြပြီးဖြစ်ခဲ့ပြီ။ ဤ၌ကား စရိုက်ကောင်းထွန်း ဉာဉ်ကောင်းများ သွန်းလောင်းပေးမှုကြောင့် သွေးများပါ အရောင်ပြောင်းလဲ လာကြပုံ ပြရန်ရှိတော့သည်။

ထိုသို့ အကျင့်ပြောင်း၍ ဉာဉ်ကောင်းမွေးထုတ်ပေးရာ၌. . .

(က) သူ့စရိုက်နှင့်အလိုက် နည်းမှန်တစ်ချင်းလိုက်၍ တစ်ခုချင်း ပြောင်းလဲပေးခြင်း၊

(ခ) သူ့စရိုက်နှင့်အလိုက် နည်းမှန်တစ်ခုထဲတည်းလိုက်၍ အားလုံး ပြောင်းလဲပေးခြင်း နှစ်မျိုးရှိ၏။

ထိုတွင် စရိုက်တစ်ခု နည်းတစ်ခုဖြင့် အလဲအလှယ်ပြုစုနည်းက သထမ သတ်သက်၏အလုပ်။ စရိုက်သုံးခုနည်းတစ်ခုတည်းဖြင့် အလဲအလှယ်ပြုစုနည်းက သမထတွင် ဝိပဿနာပါ တွဲဖက်သောအလုပ်။

သို့ကြောင့် အထက်တဆိုခဲ့ပြီး ဉာဉ်ပြောင်း၍ စရိုက်ကောင်းဖြစ်လာပုံကား ဝိပဿနာနည်းအရ ကျင့်ရင်းသိသိရင်းကျင့်လျက်က ရင့်ကျက်မှုအလိုက် ဉာဉ်၊ စရိုက်တို့ ပြောင်းလဲလာပုံ ပြဆိုသော နည်းမှတ်လေ။

သမထနည်းအရကား. .

(က) ဗုဒ္ဓါနုဿတိမှ ဥပသမာနုဿတိအထိ နည်း(၆)မျိုးဖြင့် တဏှာမှ သဒ္ဓါသို့။

(ခ) မေတ္တာပွားနည်းတစ်ခုတည်းဖြင့် ဒေါသမှ ပညာသို့။

(ဂ) အာနပါနပွားနည်း တစ်ခုတည်းဖြင့် မောဟနှင့် မိစ္ဆာဝိတက်များမှ သမ္မာဝိတက်သို့။

ဤသို့လျှင် သတ္တဝါနှင့် လက်နက်တန်ရာတန်ရာဖက်၍ ပစ်ခတ်နှိမ်နင်းပုံပမာ စရိုက်တို့၏ အနုအကြမ်းလိုက်၍ ပြောင်းလဲပေးတတ်ကြရာသည်။

မှတ်ချက်။ ။တဏှာအား အသုဘ ဆယ်ပါးတို့ဖြင့် အကြမ်းသတ်သတ်နည်းသီးခြားပြထားခြင်းရှိနေသော်လည်း ဤစာစဉ်ကား အပြောင်းအလဲစာစဉ်ဖြစ်နေ၍ တဏှာနေရာ သဒ္ဓါအစားထိုးဖြင့် ပြလိုက်သည်။

ထိုသို့ အထက်တဆိုခဲ့ပြီး နည်းတစ်ခုဖြင့် အားလုံးပြောင်းလဲပေးသောကြောင့်ဖြစ်စေ၊ ဤဆိုခဲ့ပြီး သူ့ဆိုင်ရာစရိုက်၊ သူ့ဆိုင်ရာနည်းဖြင့်တိုက်၍ ပြောင်းလဲပေးသောကြောင့်ဖြစ်စေ မူလစရိုက်များ တစ်စတစ်စပြို၍ လူ့စရိုက်များ အလိုလိုကိန်းတည်လာသောအခါတွင်မူကား . . .

ချင်းချင်းနီသွေးများနေရာ သွေးဝါက နေရာဝင်ယူပြီ၊ သဒ္ဓါအားကြီးလာခြင်းကြောင့်။ မည်းမည်းနက်သွေးများနေရာ ပတ္တမြားအရောင်ထွက် ဝင်းဝင်းလက်လက်သွေး သွေးကနေရာဝင်ယူပြီ၊ ပညာအားကြီးလာခြင်းကြောင့်။ ဖြူရော်မှုန်မွဲ သွေးပျစ်ချွဲနေရာ ကြည်လင်တောက်ပ နီရောင်ပြသွေးက နေရာဝင်ယူပြီ၊ အတွေးမှန်လာခြင်းကြောင့်။

- အသားတော်ဝါ ချိုကြည်သာ သဒ္ဓါကောင်းလို့ မှတ်ကြကုန်။
- အသားတော်ဝါညက်သွေးဝင်းလက်၊ ပညာထက်လို့ မှတ်ကြကုန်။
- အသားတော်စို ရောင်နီခို မှတ်ဉာဏ်ပိုလို့ မှတ်ကြကုန်။

ထိုမှအပြန် မူလသွေးဆိုး အထိုးကြမ်းရာမှဖြစ်သော သွေးတို့၏အရောင်ဖြစ်နေခဲ့ပါမူ. . .

- မျက်နှာနီရဲ မျက်ရည်ဝဲ တဏှာဆွဲလို့ မှတ်ကြကုန်။
- မျက်နှာကြီးမည်း မျက်မီးစွဲ ဒေါသဆွဲလို့ မှတ်ကြကုန်။
- မျက်နှာမှုန်မွဲ မျက်ခွံတွဲ မောဟဆွဲလို့ မှတ်ကြကုန်။

အထက်ပါတို့သည် အရောင်များပါ လိုက်လံ ပြောင်းလဲပေးနေရပုံများ ဖြစ်ကြသည်။

တစ်ဦးထီးတည်း သမထနည်းတစ်နည်းတည်း ရှုလျက်က ဝိပဿနာဘက် တက်လာစဉ် ပထမမူလ သွေးရောင်များအတိုင်းရှိပြီး အတွေးသိနှင့် မှတ်သိ (သညာနှင့် သတိ) တို့ နယ်လုနေချိန် သီလပိုင်း (အကျင့်ပိုင်း) ကာလအတွင်းဝင်လာချိန် မောဟ၏ ဥဒ္ဓစ္စ၊ ကုက္ကုစ္စဝင်ဖိစီးနေခြင်း၊ ချိတုံချတုံအနှောင့်ခံနေရခြင်းများနှင့်အတူ မတင်မကျစိတ်များပြန့်ပွားနေချေရာ မျက်နှာသည် သုန်မှုန်နေတတ်၏။ အမူအရာလည်း နွေးကွေးနေတတ်၏။ ထိုင်းမှိုင်းတစ်လှည့်၊ မာတစ်လှည့်ဖြင့်လည်း စိတ်အတက်အကျဖြစ်နေ၏။ မောဟစရိုက်အတိုက်ခံနေရပြီ။

ထို့နောက် စိတ်များ တုတ်တပြက်မားတပြက်ကြားမှပင် အခိုက်တန့်အတည်များလာပြီး ဝိပဿနာ၏အဝင်ဝ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်နာမ်ကွဲ အကြောင်းကျိုးသိဖြစ်လာနေချိန် မျက်နှာတစ်ပြင်လုံး ဒေါသရောင်လွှမ်းနေချေပြီ။ အချို့ စိတ်တိုနေတတ်သေး၏။ အသွားအလာပို၍ဝိုင်ကျလာ၏။

ဘဝအဆက်ဆက်မှသည် ယမန်နေ့အထိ မိမိသိခဲ့သောအသိများနှင့် ဆန့်ကျင်လာသောအသိမျိုး ယနေ့တိုးမိနေသောကြောင့် ဖြစ်၏။ ဝေဒနာကချဲ့ကား၊ သညာက လှည့်စား၊ ဝိညာဉ်ကလိမ်စား၊ တစ်ဖက်အာရုံများကလည်း ညှို့စားအစားခံခဲ့ရာမှ ယနေ့ ကိုယ့်စိတ်နှင့်ကိုယ်၊ ကိုယ်ပိုင်သိ သိလာချိန် အနုသယဉာဉ်များနှင့် ဝိပဿနာဉာဉ်တို့ တိုက်ကွက်အကြား စိတ်ရောက်သွားခြင်းကြောင့်လည်း ဖြစ်ဟန်တူ၏။ ဒေါသစရိုက် လွှမ်းမိုးနေချိန်တည်း။

ထိုမှတစ်ဆင့် ဝိပဿနာဉာဏ်စဉ်များ၏ အစစ္စသော သမ္မသနဉာဏ် (အမှန်အတိုင်းသုံးသပ်နိုင်လာပြီဖြစ်သောလက္ခဏာအမြင်ပေါက်ဉာဏ်) ဝင်လာသည်နှင့် ထိုစိတ်ပို၍ပင် ယောက်ယက်ခတ်လာ၏။ သွေးများအတက်အကျမြန်ဆန်လာခြင်းကြောင့်လည်း မျက်နှာရှိသွေးရောင်များ ဖျော့လာလိုက်၊ မည်းသွားလိုက်ဖြစ်နေ၏။ စိတ်များလည်းနှေးသွားလိုက်၊ တက်လာလိုက် ကစားနေတတ်၏။

စရိုက်သွေးက ထပြသော သမထ၏အာရုံနိမိတ်များကလည်း (အာရုံလိမ်မြင်ယောင်၊ ကြားယောင်၊ မြင်ပနိမိတ်များ) ဝင်နှောင့်လာတတ်၏။ စိတ်မနိုင်သော် သို့မဟုတ် စရိုက်ဆိုးသုံးမျိုး တစ်မျိုးမျိုးအားကြီးနေသော် ရူးပင်ရူးသွားတတ်သေး၏။ ဝိတ▬စရိုက်ရှေ့မှနေကြိုတိုက်နေပြီ။

ထိုမှတစ်ဆင့် ဖြစ်ပျက်မြင်ဉာဏ် (ဥဒယဗ္ဗယဉာဏ်) ဝင်လာချိန် သတိ၏မှတ်ချက်မှတ်အားများက အလွန်အမင်းထက်သန်လာခြင်းကြောင့် ဖြစ်ပျက်များပိုမြန်ဆန်လာ၏။ တွေးချိန်၊ ငေးချိန်မရတော့လောက်အောင် ပြကွက်များကမြန်ဆန်နေချေရာ အမှတ်မှ အမှတ်သို့ချည်း ဆက်တက်နေရတော့၏။

ထိုအချိန် စရိုက်ဆိုးသွေးများငုပ်စပြုသွားကြပြီဖြစ်ရာ စိတ်သည် ရှင်သွက်လာ၏။ စိတ်ကြောင့်ဖြစ်သောအရောင်အလင်းများ ဝမ်းတွင်း၌၊ အချို့စိတ်တွင်း၌ အထင်အရှားဖြစ်ပေါ်လာ၏။ အားကြီးသူများ ပြင်ပအထိပင်ထွက်ပြူလာတတ်သေး၏။

ယင်းနှင့်အတူ မိမိ၏ ကမ္မဋ္ဌာန်းအလုပ်၌ နှစ်သက်အားရ သဘောကျလာခြင်းမှ ဖြစ်သော ပီတိ၊ စိတ်စဉ်ရှင်လန်း ကိုယ်မပင်ပန်းရာမှဖြစ်သော ပီတိ၊ စိတ်စဉ်ရှင်လန်း ကိုယ်မပင်ပန်းရာမှဖြစ်သော ပဿဒ္ဓိများနှင့် လုပ်ခအကျိုးခံစားကိုးမျိုး တိုးဝင်လာရာ လိုချင်နှစ်သက်စိတ်နှင့်အတူ ဘဝနိကန္တိက လောဘ၊ ဤလူဘဝအား နှစ်သက်သော လောဘသည် မွေးရာပါ အခွင့်အရေး ရယူလက်ခံခြင်းအဖြစ် ဝင်ချလာ၏။ ရာဂစရိုက်လိုက်လာပြီ။ စရိုက်ဆိုးသုံးမျိုးတို့ ကမ္မဋ္ဌာန်းသမားအား လိုက်လံနှောင့်ယှက်ရာ၏ဇာတ်ဝင်ခန်းတည်း။

နိကန္တိက၏ လုပ်ခကိုးမျိုး လက်ထိုးခံနေချိန် ရှုကွက်ကြားက ဖြစ်ပျက်များ မှုန်ဝါးဝါး။ သတိ၏အလုပ်ခိုကိုးကြီးစားလာချိန် ရှုကွက်ကြားက ဖြစ်ပျက်များ အထင်အရှား။ စရိုက်ဆိုးသုံးမျိုးတို့၏ ခေါင်းဆောင် နိကန္တိတဏှာနှင့် စရိုက်ကောင်းသုံးပါး၏ ကိုယ်စားလှယ် သတိတို့ ခန္ဓာစဉ်ရှိ စိတ်၊ ဝိညာဉ်ကို ဤနေရာ၌ အပြိုင်အဆိုင် စည်းရုံးသိမ်းသွင်းနေကြပုံ ဖြစ်၏။ နိကန္တိ တဏှာက အလင်းရောင် ပီတိ စသည့် ကိုးပါးနေလမ်းသို့ မြားပြ ဆွဲဆောင်နေ၏။ မှတ်ချက်ယူ သတိက မြင်တွေ့နေကျ ဖြစ်ပျက်မြင်လမ်းအတိုင်း မြားပြဆွဲခေါ်၏။

စရိုက်ဆိုး အပိုင်အကိုင်ခံထားကြရသော စိတ်ပိုင်ရှင်များ သည်မှာနေခဲ့ကြ။ စရိုက်ဆိုး အထိုးမကြမ်းသော စိတ်ပိုင်ရှင်များကား ထိုအချိန် ဆင်ခြင်ဉာဏ်ဝင်လာမြဲ။

ဟင်. . . ဒါကြီးက သွားရင်းလာရင်းက လမ်းစပျောက်၊ အင်း. . . ဒါကျတော့ သွားရင်းသွားရင်းက ပိုထင်ရှားလာ။ တန်တော့. . . ဒါလမ်းမှန်ဖြစ်ရမယ်။ ဟိုဟာ လမ်းမှားပဲ။

ထိုအသိအမြင်များဝင်လာကြကာ ရှုနေကျဖြစ်ပျက်မြင်ကိုသာ လက်မလွှတ်စတမ်း ဖမ်းရှုတော့၏။ ရှုသလောက်လည်း ပိုရှင်း၊ ပိုလင်းလာ၏။ ပို၍သွက်လာပြီး ပို၍ကြည်လာ၏။ ပို၍လည်း ကြည့်ကောင်းလာ၏။ စရိုက်ဆိုးမလိုက်သာဘဲ တဏှာ၏ ဆန့်ကျင်ဘက် သဒ္ဓါစရိုက်အပြီးလိုက်လာခြင်းကြောင့်တည်း။

ထိုမှနောက် ထိုသဒ္ဓါစရိုက် အားကိုးလျက် မုဒ္ဓေတ္တ၌ သမ္မာဝိတက်စရိုက်၊ ပဋိသင်္ခါ၌လည်း သမ္မာဝိတက်စရိုက်များ အားကောင်းလာ၏။ သင်္ခါရုပေက္ခာ၌ကား ပညာစရိုက် အားကောင်းလာကာ ပညာစရိုက်မှ ပညာသို့ကူးရန် တန်ပြင်ဆင်နေပြီ။ မဂ်ဟဲ့ဆို ပညာဝင်ပြီ။

ဤသည်တို့မှာ စရိုက်ဆိုးမှ စရိုက်ကောင်းသို့ နည်းတစ်နည်းတွင် ဝိပဿနာအစီအရင်ဖြင့် ပြုပြင်ပြောင်းလဲပုံအကြမ်းစားများ ဖြစ်ကြ၏။ ဤအတိုင်းချည်း အားလုံးမမှတ်သင့်။ တစ်ဦးနှင့်တစ်ဦး လာရာချင်းမတူလျှင် ဆုံရာ၌လည်း တူလိမ့်မည်မဟုတ်။ ဆုံရာ၌မတူလျှင်လည်း ကြုံရာ၌လည်း တူလိမ့်မည်မဟုတ်ချေ။

တစ်ဖန်လည်း ကမ္မဋ္ဌာန်းခွင်စဝင်ကတည်းက သတိအသုံးချပုံ၊ အပျော့၊ အပြင်း၊ စိတ်ပါ၊ စိတ်မပါလိုက်၍လည်း တစ်ဦးနှင့်တစ်ဦး တွေ့ပုံတူကြလိမ့်မည်မဟုတ်ပြီ။ အချို့ဉာဏ်စဉ်ငုပ်တစ်ချည်ပေါ် တစ်လှည့်နှင့် အချို့ဉာဏ်စဉ်စင်သော်မှ မှုန်ဖျဖျ၊ အချို့သာ ကျကျနန၊ ဉာဏ်တို့၏ဓမ္မတာအစဉ်ကား ပုံမှန်သာ။

ထိုသို့ ဉာဏ်တို့၏အဆင့်လိုက် စိတ်ပြောင်း၊ စိတ်ပြောင်းလာသလောက်လည်း သွေးများအရောင်ပြောင်းလာတော့ကာ အသားအရေများပါ ပြောင်းလဲလာပုံကို အသားဖြူသူများသည် ဆေးရောင်အနု၊ အရင့်အဆင့်ဆင့် လက်ခံသော ပိတ်ဖြူပမာဖြစ်ရာ အသားဖြူသူများ၌ ပို၍သိသာ၏။ ညိုသူ၊ မည်းသူတို့၌ကား အမူရာပြမျှသာ ထင်ရှားမည်။ ထိုညိုမည်းတို့ကိုကား ပြောစကားသံ၊ အသွားအလာဟန်၊ ကိုယ်ခန္ဓာလှုပ်ရှားပုံသဏ္ဍာန် ယင်းတို့ဖြင့် ချိန်တိုက်ကြည့်ရုံသာ။

ထိုစဉ် ဝိပဿနာတို့၏ အထွတ်အထိပ်ဉာဏ်ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်တွင်းသို့ ဆင်းလာသူ မည်သူမဆို စိတ်တည်ငြိမ်နေသလောက် ကြွေအားလုံး တည်ငြိမ်ခဲ့ညားနေသည်။ လောကဓံအကောင်း၊ အဆိုး ဘာကဝင်တိုးတိုး အတုန်အလှုပ်မရှိ။ ပင်ကိုသိဖြင့်သာ ပြီးပြေသွားမည်။ ထိုမှရှေ့ ခန္ဓာဉာဏ်လွန်မြောက် မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်၏ တံခါးပေါက် ဖျောက်ခနဲရောက်သွားသူများ။

ပို၍ပင် အသားအရေများ ကြည်လင်လာကြမည်။ ပို၍လည်း ကိုယ်အမူရာ၊ နှုတ်အမူအရာများ ယဉ်ကျေးသိမ်မွေ့လာကြသည်။ သင်္ခါရုပေက္ခာဉာဏ်ရင့်ကျက်ပိုင်းမှ မဂ်မကျမီအတွင်းရှိ ကမ္မဋ္ဌာန်းသမား၏ ထိုင်ပုံကိုကြည့်လျှင် ကျောက်ဆင်းတုတစ်ဆူကဲ့သို့ သပ္ပာယ် တည်ငြိမ်လှသည်။ မျက်နှာအသွင်အပြင်များလည်း ကိလေသာကင်း အကြည်

www.burmeseclassic.com

အလင်းဖြင့် ကြည်ညှိုစဖွယ် ကုန္တြေကို ဆောင်နေသည်။ ပြောဟန်ဆိုဟန်များလည်း သမ္မာရင့်ဝါရင့်ကြီးများ၏လေသံနှင့်သဘောထားများပြွမ်းနေတော့သည်။ စိတ်တို့၏ရွှင်ခြင်းသွက်ခြင်းများနှင့်အတူ သွေးရောင်များလည်း လတ်လတ်ပြနေသည်။

အကယ်တိတိ ဉာဏ်အားလုံးတို့၏ အထွတ်အထိပ် အရဟတ္တမဂ်ဖိုလ် အထိ ချိတ်မိသူများဖြစ်ကြပါမူကား ဖြူ သူတို့၌ ထန်းသီးမှည့်၏ဝင်းဝင်းဝါပမာ သဒ္ဓါသွေး၊ သဒ္ဓါရောင်များ အမြဲလွှမ်းမိုးနေတော့မည်။ စိတ်ကိလေသာမဝင် ဖြူစင်သလောက်လည်း အတွင်းနေနှလုံးသွေးများလည်း လတ်လတ်တောက်နေကြမည်။ ထိုအဆင့်မရောက်မီ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်တို့၌လည်း သူနေရာသူစိတ်ထားများနှင့်အတူ အမူအရာ၊ ဟန်သဏ္ဍာန်များ အသွင်ပြောင်းခြင်း၊ သွေးသားများ၏ အရောင်များ၊ အသွင်ပြောင်းခြင်းများထင်ရှားစေမည်။

သွေးသည် အသက်၊ သွေးချင်းဆက် အသက်တိုရှည်ဆက်နေသောကြောင့်တည်း။ သွေးသည် အသက်၊ သွေးဖြင့်ဖက်၊ ဉာဉ်စရိုက်ထွက် အသက်ဝင်နေသောကြောင့်တည်း။

■သွေးပြေးကိုကြည့် ကိုယ့်အရေကိုယ်သိကြလေတုန်း။

**ဘာသာသွေး အလေးပေးကြကုန်**

လူ့အသက်သည် သွေး၊ သွေးမရှိ အသက်မရှင်နိုင်။ လူ့မျက်လုံးသည် ဘာသာတရား၊ ဘာသာမရှိလျှင် သွားလမ်းမမြင်နိုင်။ လူ့အစားအစာသည် ကိုယ်ကျင့်တရား၊ လူ၌ကိုယ်ကျင့်တရား မထွန်းကားသမျှ လူ့အမြင် မြင်ဖို့နေနေ သာသာ လူဟူ၍ပင် အမည်မခံထိုက်ပြီ။

ထိုလူ၊ ဘာသာ၊ ကိုယ်ကျင့်များ၏ တာဝန်ခံကား သဒ္ဓါတရားတည်း။ သို့ကြောင့်လျှင် လူ့ဥစ္စာတို့တွင် သဒ္ဓါတရားတို့သည် အမြတ်ဆုံး ဟူ၍ပင် အမည်မခံထိုက်ပြီ။

ထိုသဒ္ဓါသည် ညစ်ကြေးမတင် စိတ်ဖြူစင်သဖြင့် တင့်တယ်ခြင်းအသွင်ဆောင်ပေးတတ်သော သောဘနရာသီ (ဘဝတင့်တယ်ရေးအုပ်စု) နှင့် တွဲ၏။ အညစ်ဝင်အပြစ်သင့်ဖြစ်စေသော အကုသလရာသီခေါ် အယုတ်တရားများနှင့် မည်သည့်အခါမျှ မတွဲဟု ဆိုလို၏။

ဘဝကို တင့်တယ်လှပစေသော၊ ဖြူစင်အေးငြိမ်းစေသော မိမိအတွက် သာမက အများတို့ကိုပါ ကယ်တင်နိုင်စွမ်းရှိသော ထိုသောဘနရာသီခေါ် ဘဝတင့်တယ်မှု ပြုလုပ်ရေးများကိုကား တွဲရုံမျှမက သူကပင် ဆွဲခေါ်ဦးမည်။

သဒ္ဓါသည် မှန်တန်မြင့်မြတ်သော တရားတော်၌သာ ယုံကြည်တတ်သော အလေ့ရှိ၏။ အမှန်တရား၌ သဒ္ဓါတရားက ယုံကြည်နေသော် အမှတ်ရမှု အောက်မေ့မှုမပြုဘဲ မနေနိုင်။

သဒ္ဓါနှင့် သတိ မျက်လုံးနှစ်ဖက်ဘက်စုံရှိနေသော် မကောင်းမှုပြုကျင့်ရာ၌ မရှုက်ဘဲမနေနိုင်။ မကောင်းပုံနှင့် ရိုင်းစိုင်းယုတ်မာ မတင့်တယ် မဖွယ်ရာကို မိမိကိုယ်တိုင် မြင်သိနေရသောကြောင့်။

သဒ္ဓါနှင့် သတိ မျက်လုံးနှစ်ဖက်ဘက်စုံရှိနေသော် မကောင်းမှု တစ်ဖန်ပြန်လည်ခံရမှာ၌ မကြောက်ဘဲမနေနိုင်၊ တစ်ဖက်မကျေနပ်သဖြင့် တင်သောကြွေး တစ်နေ့ပြန်လည်ပေးချေရမည်ကို ပြေးမြင်ရသောကြောင့်။

သဒ္ဓါနှင့် သတိ မျက်လုံးနှစ်ဖက်ဖြင့် ကြည့်မိနေသော် မည်သည့်အရာကိုမျှ ရယူလိုမှု၊ ပိုင်ဆိုင်မှုမပြုလိုတော့။ ပြုတိုင်းပျက်၍ ပျက်တိုင်းပြုပေးနေရမည့် အရာများချည်းဖြစ်နေရာ ဒုက္ခမခံလိုတော့ခြင်းကြောင့်။

သဒ္ဓါနှင့် သတိ မျက်လုံးနှစ်ဖက်မြင်ရှိနေသော် မည်သည့်အရာကိုမဆို စိတ်မကျေချမ်းမှုမဖြစ်တော့။ မိမိကကြိုက်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ တစ်ဖက်ကား သူ့သဘောမမှတ် အမူအရာအတိုင်းသာ ဖြစ်နေကြသည်ကို သိလာရသောကြောင့်။

သဒ္ဓါနှင့် သတိ နှစ်ဖက်မြင်သာရှိနေခဲ့သော် ကောင်းမှု၊ ဆိုးတိုက်နှစ်ခုမည်သည့်အရာမျှ မမူတော့။ ကောင်းကောင်း၊ ဆိုးဆိုး လက်တွင်းမရောက် အငွေ့ချခြင်း ပျောက်ပျောက်သွားသည်ကို မြင်သိနေရသောကြောင့်။

သည့်အတူ သဒ္ဓါနောက်၌ ပညာ၊ သတိနောက်၌လည်း ဝီရိယ၊ သမာဓိတို့ အကူအထောက်ဝင်လာကြတာ ထိရှစ္စာန်ဉာဉ်၊ ထိရှစ္စာန်ကျင့်အကျင့်များခဲ့သဖြင့် မတင့်မတယ်ဖြစ်နေသော စိတ်ကလေး တင့်တယ်အေးဆေး စိတ်ဖြူဖွေးလေးဖြစ်လာစေရန်အထိ ဝိုင်းဝန်းပြုပြင်ပေးလိုက်ကြသောအခါ. . .

ဝေဒနာ၊ သညာ၊ သင်္ခါရတို့ အေးငြိမ်းလာသလောက် စိတ်ကလေးလည်း အေးငြိမ်လာတော့သည်။ ဝေဒနာ စသည် နာမက္ခန္ဓာတို့ ပေါ့ပါးလာသလောက်လည်း စိတ်လေးလည်း ပေါ့ပါးလာပြီ။ ဝေဒနာ စသည် နာမက္ခန္ဓာတို့ ဖြောင့်မတ်လာသလောက်လည်း စိတ်ကလေးလည်း ဖြောင့်လာခဲ့ပြီ။ ဝေဒနာ စသည် နာမက္ခန္ဓာတို့ ခံ့ကျန်းလာသလောက် စိတ်ကလေးလည်း ခံ့ကျန်းလာခဲ့ပြီ။ ဝေဒနာ စသည် နာမက္ခန္ဓာတို့ လေ့လာရေးလုပ်သလောက်လည်း စိတ်ကလေးလည်း လေ့လာနေပြီ။

သဒ္ဓါတွင် ပညာ၊ သတိမှာ သမာဓိ၊ ဝီရိယက ကြားဝင်ဖြည့်ပေးနေသဖြင့် ထိုသို့ စိတ်ကလေးဝင့် တင့်အယ်တယ်ရှိလာသောအခါ လူဂုဏ်တန်အဆင့်ရောက် လူကြီးလူကောင်းတစ်ယောက်သည် မိမိ၌ သိက္ခာကျစေပြီး တစ်ဖက်၌ ထိခိုက်နစ်နာစေမည့်မကောင်းမှု ဒုစရိုက်များ လုံးဝမလိုက်စားတော့သည်ပမာ။

ထိုစိတ်ကလေးသည် နှုတ်ဖြင့် လွန်ကျူးရသော မကောင်းမှုလေးခုစလုံး သူမပြု။ ကိုယ်ဖြင့် လွန်ကျူးမှုရသည့် မကောင်းမှုသုံးခုစလုံး သူမပြု။ ကိုယ်ဖြင့် လွန်ကျူးမှုရသည့်မကောင်းမှု သုံးခုစလုံး သူမပြု။ စိတ်ဖြင့်လွန်ကျူးရုံမျှဖြင့်ရသည့် မကောင်းမှု သုံးမျိုးစလုံး သူမပြု။

ထိုကဲ့ သုံးဆင့် အမူဆယ်မျိုး မကောင်းကျင့် မတင့်တယ်အမူ အဆိုးတို့ကို မတွေ့တုန်း လုံ၊ မကြုံတုန်း ကင်း၊ ပက်ပင်းကျ ပျက်ယွင်းမျိုးပင် မဟုတ်။ ပက်ပင်းပေး အခွင့်အရေး အဘယ်မျှ ရနေနေ စိတ်၌ ပူဆာတောင့်တခြင်း လောဘ၊ မုန်းငြိုးမြစ်မှားခြင်း ဒေါသ စသည် အယုတ်ထူ အပူဟွားများ ကင်းပါးနေသောကြောင့် ထိုစိတ်တုန်လှုပ်ခြင်းပင် မရှိတော့ရကား စိတ်မလှုပ်ကိုယ်နှုတ် မကျူးသာ။ မကောင်းကျူး အထူးရှောင်ခွာနိုင်လာပြီ။

သဒ္ဓါ၊ သတိ သွေးဆေးနှစ်လက်ကြောင့် ထိုစိတ်ကလေး ဤမျှအထိ သက်သာလာခဲ့သော် မိမိအောက် ဒုက္ခမျိုးစုံရောက်နေသူတွေ့က ဖောက်စိတ်အစား ထောက်စိတ်ထား၍ သနားလာတော့ပြီ။ မိမိအထက် အဆင့်မျိုးစုံ တိုးတက်နေသူတွေ့က ဝမ်းနာစိတ်အစား ဝမ်းသာစိတ်များဖြင့် အားကျလာပြီ။

ထိုမျှအထိ အသိတိုးတက် စိတ်ရင့်ကျက်လာပါမူကား သဒ္ဓါနှင့်သတိတို့သည် ဝီရိယ၊ သမာဓိ နောက်ကူဖြည့်၍ သဒ္ဓါနှင့် မကွေမကွာ တွဲဖက်ရမည့်ပညာအား သုတသိ၊ စိန္တသိ၊ ဘာဝနာသိနှင့် အစား မဂ်သိ၊ ဖိုလ်သိများဖြင့် အတွက်



www.burmeseclassic.com

www.burmeseclassic.com

အထိပ်ထိ မြှောက်စားပေးလိုက်ကြတော့သည်။

သဒ္ဓါ၏ ဤကွင်းဆက်များကို ထောက်မျှော်ကြည့်လိုက်သော် သဒ္ဓါသည် လမ်းမှားပြောသော ဆရာသမား၌ ယုံကြည်ခြင်း၊ ကိုယ်ကျင့်မဖက် ဆရာ့စကားသက်သက်ဖြင့် ယုံကြည်ခြင်းရှိသော ဘာသာများနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း ကောင်းကောင်းရိပ်မိသင့်ကြပြီ။

ကျွဲ၊ နွားသတ်၍ ကောင်းသည်၊ မြတ်သည်ဟုယုံခြင်းသည် တင့်တယ်ရာ၌ယုံသောအယုံမျိုးမဟုတ်ကြ။ တိရစ္ဆာန်သည် လူသားများစားသုံးရန် ကမ္ဘာဟင်းသီးဟင်းရွက်တုယုံခြင်းသည် တင့်တယ်ရာ၌ယုံသောအယုံမျိုး မဟုတ်ကြ။

ထိုသဒ္ဓါသည် မှန်ကန်မြင့်မြတ်သော တရားတော်၌သာ နားသက်၏။ မဖောက်မပြန် မှန်ကန်တည့်မတ်သော တရား၊ အတွေးဖြင့်မပြ။ ကျင့်မှုပြသော တရား။ သစ္စာထိုက်သောတရား၊ ဆရာ့ထံနည်းခံ ကိုယ်ပိုင်ဉာဏ်ဝင်မှ မြင်သော တရား လိုက်နာလျှင်လိုက်နာသလောက် အမြတ်ဆောင်း တစ်ကြောင်းတည်းလမ်း တန်းပို့ပေးသောတရား။ ထိုတရားများ အကြား သဒ္ဓါနားသက်နေသော် ထိုတရားတော်များအတွင်း၌ ထင်းထင်းကြီးရပ်တည်နေကြသော ဘုရားနှင့် အရိယာသံဃာများအပေါ် လည်း ယုံပြီးသားပင် ဖြစ်တော့သည်။

- သဒ္ဓါနောက်တွင် ပညာဝင် ဂုဏ်ဝင်သုံးပါး ယုံပြီးသား။
- သတိနောက်မှာ တွဲဖက်ပါ သိက္ခာသုံးဝါး လုံပြီသား။

သဒ္ဓါအလျှင် အရည်ဝင်နေသော ထိုဘာသာသွေး မိဘတို့အလေးပေးသင့်ကြပြီ။ သွေးသည်အသက် သွေးဖြင့်ပင် ဘဝအသက်ဆက်၊ သွေးဖြင့်ပင် ဘာသာတိုလည်း အသက်သွင်းကြရမြဲဖြစ်ရာ စင်စစ် ထိုမျှတန်ကြေးရှိသော သွေး၊ သားရှင်၊ သမီးရှင် မိဘတို့ အလေးမပေးဘဲ မနေသင့်။

ရင်သွေးလှူ ပုံဖော်မည့် မိဘတို့ သွေးများကို အပျော်သုံးသုံး၍ ဖြုန်းမပစ်ကြပါတုန်လင့်။ ဘိုးဘွားတို့ရင်မှ ရွှေစင်သွင်း၍ဆင်းလာသော နွယ်စဉ်သွေးများကို မျိုးပျိုးရာသုံး၍ မျိုးရုပ်လုံးဖော်ကြပါ တုန်း။

ယနေ့အချိန်သည် လူမျိုးပေါင်းစုံတို့နှင့်ရောနှော၍ ကာလဖန်အထိုးခံနေကြရသောအချိန်၊ ယနေ့အခြေအနေသည် ဘာသာပေါင်းစုံတို့၏မြားယောင်သိမ်းသွင်းခြင်းကိုခံနေကြရသောအချိန်။ ဤအချိန် ဤအခြေအနေမျိုးသည် အေးဆေးစွာ စိတ်ချလက်ချနေရမည့်အခါမျိုးများ မဟုတ်။ အမေ့ဖော်က်၍ အတွေ့နောက် လျှောက်နေရမည့်အခါမျိုးလည်း မဟုတ်။ ထိုအနေမျိုးတို့သည် အညာနေ ဗမာလူမျိုးများ ငုတ်တုတ်ကြီးကပင် မျိုးလုံးပျောက်ရပုံပမာ။

ဗုဒ္ဓဝါဒီတို့၏တကယ့်မျိုးကောင်း၊ မျိုးစစ် ဘာသာသွေးအနှစ်ကို သွေးချင်းအစာကျွေး၍ မျိုးပေးလိုက်၊ အမည်ချင်းပြောင်း၍ ဆောင်းယူလိုက်၊ စကားချင်းလွှဲ၍ လဲယူလိုက်ဖြင့် အယူခံနေကြရာ နောက်ဆုံး မြန်မာကြီးမှန်း သိနေလျက်သားနှင့် မြန်မာမျိုးပြုတ် ငုတ်တုတ်ခံရဖို့ မလွဲတည်း။

- သွေးချင်းရော သဘောတွဲပြား ပြောတွဲပြား၊ ဇောတွဲများလည်း တွဲတော့သည်။
- လူချင်းနှော ရမ္မက်ကြီးသူ မက်ကြီးသူ၊ ပစ္စည်းယူလှူ လူဆွဲဆွဲ သူလိုရာလွှဲတော့သည်။

အလွန်ချိုမွှေးသော ဗန္ဓုရသရက်မျိုးသော်မှ ခွေးတောက်မြစ်နှင့် အမြစ်ချင်းတွဲ၍ အလဲအလှယ်လုပ်ယူလိုက်သောအခါ သရက်ချိုမှ သရက်ခါးဖြစ်သွားသေးရာ စွဲစရာစိတ်၊ သဲစရာ၊ ကဲစရာ ဉာဉ်၊ စရိုက်များ ပူးတွဲပါနေသော လူနှလုံးသားလည်း လူချိုမျိုးမှ လူခါးမျိုးမဖြစ်မရှိပြီ။

- သရက်ချိုမျိုး ခွေးတောက်ထိုး အမျိုးပျက်ခဲ့သည်။
- လူမြင့်မြတ်မျိုး မျိုးညံ့ခိုး အမျိုးပျက်ဖို့ သေချာပြီ။

ထိုသို့ အမျိုးမှောက်ရာမှ အမျိုးရော၊ ဘာသာရော၊ တိုင်းပြည်ပါမှောက်ကိုယ့်နေရာကိုယ် မပေးဖျောက်ရန် ကာကွယ်ကြဖို့ လူတိုင်း တာဝန်ရှိကြသည်။ တစ်ဦးအရေး၊ တစ်မိသားစုအရေး၊ တစ်နေရာ တစ်ဒေသအရေးများမဟုတ်။ တစ်တိုင်းပြည်လုံးအရေးဖြစ်နေသောကြောင့်။

ထိုသို့ တာဝန်သိသိ သစ္စာရှိရှိ ကာကွယ်လိုကြပါလျှင်. . .

(က) မိမိရင်မှဖြစ်သောသွေး မျိုးချင်းတူရွေး၍ သားသမီးသန့်သန့်လေးများ မွေးထုတ်ပေးကြပါကုန်။

(ခ) နှလုံးသွေးချင်းလဲရာမှ စွဲခိုဝင်လာကြသောသားသမီးလေးများကို ကလေးငယ်ဘဝကပင် ဗုဒ္ဓဘာသာ၏ အလေ့အထများ အိမ်ရာအဝင် ဆင်ယင်ပေးကြပါကုန်။

(ဂ) လူလားမြောက်၍ ဘဝသွေးမဖောက်မီ ဘာသာဝါဒ၏ အတွင်းထားများကို စာတွေ့၊ လက်တွေ့ပေါင်းစပ်၍ သုတသိ၊ စိန္တသိ၊ ဘာဝနာသိမှသည် ပဋိဝေဓသိသို့ ထိုးဆိုက်သည့်တိုင်အောင် ပညာအမွေပေးထားကြပါကုန်။

ထိုသို့ သွေးမှပင် သန္ဓေဖောက်၊ လူဘဝရောက်သည်နှင့် ကောက်ပြုပြင်အရွယ်မဝင်မီ ပြင်ပြီးဆင်ပြီးဖြစ်စေသော် ထိုသားများ ရှူးစမ်းဟဲ့ဆိုတောင် ရှူးယောင်မပြုကြတော့ပြီ။ ထိုသမီးများ မိုက်စမ်းဟဲ့ဆိုလည်း မိုက်စွန်းထဲ လဲကျမသွားကြပြီ။

ယနေ့ မသိနိုးနား သားငယ်သမီးငယ်လေးများ၏ လမ်းလွှဲလိုက်မှားခြင်းများကား သိသော်မှ မလွန်နိုင်သောထုံးကြောင့်၊ မရုန်းနိုင်သော ဗွက်ထဲပက်လက်လဲသူလဲ၊ မှောက်လျက်လဲသူလဲဖြင့် အလဲမှား၊ အတွဲမှားနေကြခြင်းများသည် မိဘတို့တာဝန်ပျက်ကွက်နေကြခြင်းကြောင့်။

- မကောင်းဘက်လား စောင့်ကြိုးတား မိဘများ၏ တာဝန်ပဲ။
- ကောင်းရာထင်လင်း မြားပြခင်း မိဘရင်း၏ တာဝန်ပဲ။
- တတ်သင့်၊ တတ်ရာ သင်ပြပါ မိဘဆရာ တာဝန်ပဲ။
- တတ်ပြီးအလုပ် ရင်းနှီးထုတ် မိဘလက်ငုတ်တာဝန်လွှဲ။
- အချိန်ရွယ်တက် မျိုးချင်းဖက် မိဘမျိုးဆက် တာဝန်လွှဲ။

ယနေ့ခေတ်က ကျောက်ခေတ်၊ သံခေတ်မဟုတ်ကြတော့။ ဒုံးပျံခေတ်၊ ဂြိုဟ်တုခေတ်ဆိုကာ ကလေးများ သူများဒုံးပျံ ကိုယ့်ဒုံးပျံလုပ်၍ မိဘတို့ကလည်း ငုတ်တုတ်ကြည့်နေကြသော် ကလေးဒုံးကား သူများဒုံးပျံများလို အထက်တက်မည် မဟုတ်။ လှုပ်ရင်းလှုပ်ရင်းနှင့် ငုတ်တုတ်ပျောက်ဖို့ချည်းသာ။ (*ဆက်လက်ဖော်ပြပါမည်။*)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ "စောင့်လေမျိုးနွယ်" ဝတ္တရားနှင့် စပ်လျဉ်းသောဆုံးမစကား

## မြဝင်း(အသယန)

ာ)

ကျွန်တော်သည် ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲများတွင် မင်္ဂလာစကားပြောရသောအခါ ဆုံးမစကားကို အလေးပေး၍ ပြောပါသည်။ 'ဆိုရေးရှိက ဆိုအပ်လှ၏။ ဆိုစများလျှား ထားပချေမိ၊ ငုံ၀ဏ်ရှိခဲ့' ဟူသော အင်း၀ခေတ် စာဆိုကျော် ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစကားနှင့်အညီ ဆိုရေးဆိုခွင့်ရခိုက် ဆုံးမစကားကို အလေးပေး၍ပြောပါသည်။

ကျွန်တော်သည် ဆုံးမစကားပြောရာတွင် လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်တို့ကို ရှင်းပြ၍ ထိုကျင့်ဝတ်တို့နှင့်အညီ နေထိုင်သွားကြရန် ဆုံးမပါသည်။ ယခုအခါတွင်မူ ကျွန်တော့်ဆုံးမစကားပြောပုံသည် ပြောင်းလာပါသည်။ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်တို့ ရှင်းပြရုံသာမက သားသမီးကျင့်ဝတ်များကိုပါ ရှင်းပြပါသည်။ သားသမီးကျင့်ဝတ်ငါးပါးရှိပါသည်။ ထိုကျင့်ဝတ်ငါးပါးကို သင်္ဂဇာဆရာတော်ဘုရားကြီးက -

- *ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ မွေခံထိုက်စေ၊ လှူမျှဝေ၍ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။*

ဟု လင်္ကာရေးဖွဲ့ထားခဲ့ပါသည်။

ကျွန်တော်သည် သားသမီးဝတ်ငါးပါးကို ရှင်းပြရာတွင်လည်း 'စောင့်လေမျိုးနွယ်' ဟူသော ကျင့်ဝတ်ကို အလေးပေး၍ ရှင်းပြပါသည်။

တစ်ခုသော ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲတွင် 'စောင့်လေမျိုးနွယ်' ဟူသောကျင့်ဝတ်နှင့် စပ်လျဉ်း၍ ကျွန်တော် ဤသို့ပြောခဲ့ပါသည်။

"မောင်တို့၊ မယ်တို့ကို ယခုလို ဗုဒ္ဓဘာသာဓလေ့ထုံးစံနဲ့အညီ ထိမ်းမြားလက်ထပ်မင်္ဂလာ ပြုပေးနိုင်တာဟာ မောင်တို့၊ မယ်တို့ရဲ့ မိဘများက မျိုးနွယ်စဉ်လာကို စောင့်သိထိန်းသိမ်းခဲ့ကြလို့ပဲ။ မောင်တို့၊ မယ်တို့ရဲ့ မိဘနှစ်ပါးကသာ မျိုးနွယ်စဉ်လာကို စောင့်သိထိန်းသိမ်းခြင်းမရှိခဲ့ကြဘူးဆိုရင် မောင်တို့၊ မယ်တို့ အခုလို ဗုဒ္ဓဘာသာဓလေ့ထုံးစံနဲ့အညီ တင့်တယ်ခမ်းနားစွာ ထိမ်းမြားလက်ထပ်မင်္ဂလာပြုပေးနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ မောင်တို့၊ မယ်တို့ဟာလည်း ဘိုးဘွားမိဘတွေ စောင့်သိထိန်းသိမ်းလာခဲ့တဲ့ မျိုးနွယ်စဉ်လာကို မယိုင်မလဲ ခိုင်မြဲအောင် ဆက်လက် ထိန်းသိမ်းကြပါ"

ထိမ်းမြားလက်ထပ်မင်္ဂလာပွဲပြီး၍ ပြန်လာသောအခါ ထိုမင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်သော ဓမ္မမိတ်ဆွေတစ်ဦးနှင့် တွေ့ပါသည်။

ထိုဓမ္မမိတ်ဆွေက -

"ဆရာ အခုတစ်လော မင်္ဂလာဆုံးမစကားပြောတဲ့အခါ 'စောင့်လေမျိုးနွယ်' ဆိုတဲ့ သားသမီးကျင့်ဝတ်ကိုဇောင်းပေးပြီးပြောတာတွေ့ရတယ်။ ကျွန်တော် အင်မတန်သဘောကျပါတယ်။ ဒီကနေ့အခါမှာ ဒီဝတ္တရားဟာ အင်မတန်လိုအပ်ပါတယ်။ သတို့သားနဲ့ သတို့သမီးတို့ကို ဒီဝတ္တရားကို သဘောပေါက်အောင် ပြောပြဖို့လိုပါတယ်။ ဒါထက်မေးရဦးမယ်။ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲတွေမှာ ဒီဝတ္တရားကို ပြောပြဖို့ ဆရာဘယ်လိုစိတ်ကူးရခဲ့သလဲ"

ဟု မေးပါသည်။

ထိုအခါ ကျွန်တော်က -

"မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရေးတဲ့ မင်္ဂလာစာရအာကာထာစာအုပ်ကို ဖတ်မိရာက အဲဒီစောင့်လေမျိုးနွယ်ဝတ္တရားကို ထည့်ပြောဖို့ စိတ်ကူး





www.burmeseclassic.com

www.burmeseclassic.com

ရလာတာ"

ဟု ပြောပါသည်။

ထိုအခါ ထိုမိတ်ဆွေက -

"မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရေးတဲ့ တခြားစာအုပ်တွေတော့ရှိပါတယ်။ အဲဒီစာအုပ်တော့ မရှိသေးဘူး ဆရာ။ ဆရာ့မှာရှိရင်လည်း ကျွန်တော့်ကို ငှားပါဦး"

ဟု ဆိုပါသည်။

ထိုအခါ ကျွန်တော်က -

"ငှားပါ့မယ်ဗျာ၊ မနက်ဖြန်ညနေလာခဲ့ပါ။ ကျွန်တော်ရှာထားပါ့မယ်"

## (၂)

ကျွန်တော် အိမ်သို့ပြန်ရောက်သောအခါ စာအုပ်ဗီရိုဖွင့်၍ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး စီရင်သော မင်္ဂလာဓာရဏကထာ စာအုပ်ကို ထုတ်ကြည့်ပါသည်။

'စောင့်လေမျိုးနွယ်' ဟူသော ကျင့်ဝတ်နှင့် စပ်လျဉ်း၍ ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ရေးသားထားပါသည်။

သည်နေရာမှာ "သားသမီးဝတ္တရားဆိုတာ ဝတ္တရားမပျက် ကျွေးမွေးစောင့်ရှောက်ထားခြင်း၊ မိဘကိစ္စမှန်သမျှ ကြားဝင်၍ ဆောင်ရွက်စီမံပေးခြင်း၊ အမွေခံထိုက်တဲ့ သားကောင်း၊ သမီးကောင်းဖြစ်လေအောင် အနေကျစ်လျစ်ရခြင်း၊ မိဘမှိုင်းပြီးရလာသောဘဝ၊ ရခဲ့သောပစ္စည်းတို့ကို လှူဒါန်းရာ၌ မိဘတို့သည် ထပ်တူထပ်မျှ ရစေချင်သော ဆန္ဒများဖြင့် အမျှပေးဝေခြင်း၊ မိဘမျိုးရိုးမတိမ်ကောအောင် မျိုးတူရိုးတူများနှင့် ချည်းသာ အိမ်ထောင်ပြုခြင်းဆိုတဲ့ ဝတ္တရားငါးချက်တို့ပင် သားတို့၊ သမီးတို့။

သည်လိုမဟုတ်ဘဲ လတ်တလောအတွေ့လိုက်ပြီး မျိုးရိုးတိမ်ကောစေမယ့် စရိုက်အသွင်ဆောင်လိုက်လို့ မိဘတို့ မျက်ရည်ပေါက်တစ်ပေါက်ကျသွားလျှင် ရေနွေးပူတစ်အိုးအလောင်းချခံရတာထက် ပိုပြင်းတယ်။ တော်သလင်းလရဲ့ မိုးတိမ်အကြားမှထွက်လာတဲ့ နေရောင်ဟာ အခြားလတို့ရဲ့နေရောင်ထက် ပိုပြင်းသလိုဆိုပဲ။ အပူနဲ့အအေး ဆန့်ကျင်ဘက်တိုက်ခိုက်ပြီးမှထွက်လာရတဲ့ နေရောင်ပေကိုး။ မိဘတို့မှာလည်း အထက်ကပြခဲ့တဲ့ ဖြစ်ပွားစိတ်ကြားကထွက်ခဲ့ရတဲ့ မျက်ရည်ပေါက်မို့ပဲ။ ရေနွေးပူတစ်အိုးလောက်က သားတို့ရဲ့အပေါ်ယံအရေပြားလောက်သာ ထိခိုက်မှာ။ မိဘတို့ရဲ့ မေတ္တာစိမ်ရေသင့်လျှင်တော့ ဘဝတစ်လျှောက်လုံး ပစ္စည်းပြည့်စုံသော်မှ စိတ်ချမ်းသာမရတော့ဘူး။ အဇ္ဈတ္တသတ္တ အဖေသတ်ပြီးကတည်းက ဘယ်လိုမှ စိတ်မချမ်းသာတော့သလိုဘဲပေါ့။ သားတို့မှာလည်း မိမျိုးဖမျိုးပစ်ပယ်လိုက်ကြပြီဆိုကတည်းက မအေသတ်၊ ဖအေသတ် သတ်တာနဲ့ ဘာမှမခြားဘူး။ သားတို့၊ သမီးတို့မှာ မသိသာလှပေမယ့် သားတို့က မွေးမယ့်ကလေးတွေကျတော့ ဘိုးသွေးဘွားသွေးမဟုတ်တော့ဘူး။ ဘိုးစိတ်ဘွားစိတ်မျိုးနဲ့လည်း တခြားစီ၊ သားတို့၊ သမီးတို့ရှိတဲ့ စိတ်ဓာတ်မျိုးနဲ့လည်း တခြားစီ။ ပေါင်းသင်းကတည်းက သူ့စိတ်နဲ့ လက်ခံပေါင်းသင်းထားတာ။ ဘယ်လိုလုပ် သမီးတို့စိတ်ဖြစ်နိုင်ပါ့မလဲ။ ပေါင်းသင်းကတည်းက သူ့ဘက်ပုံ ပေါင်းသင်းထားတာ။ ဘယ်ကလာ သားဟန်ထွက်ပါ့မလဲ။ သူ့ဟန်လည်းမပျက်၊ ကိုယ့်ဟန်လည်းမထွက်နဲ့။ ကြားနေလူတစ်မျိုး မျိုးဆက်သစ်ပေါ်လာရတယ်။ ကျားနဲ့ သစ် ပေါင်းရာက ရလာတဲ့သားကျားမဟုတ်၊ သစ်မဟုတ်တော့ဘဲ ကျားသစ်ရယ်လို့ မျိုးဆက်သစ်တစ်မျိုး ပေါ်ပေါက်လာရသလို မျိုးတူရိုးတူမဟုတ်ကြလေတော့ မိမစစ်၊ ဖမစစ် (အမိကလည်း တစ်ဖက်စိတ်နဲ့ လက်ခံထားလို့ ကိုယ့်အမျိုးသားစိတ်မဟုတ်၊ အဖဘက်ကလည်း သူ့အမျိုးစိတ်နဲ့ ပေါင်းသင်းထားတာမျိုးမဟုတ်လို့ သူ့အမျိုးစိတ်လည်းမဟုတ်) အဖြစ်နဲ့ ကောက်ကျစ်စိတ်ပိုမိုကြီးထွားလာစေမယ့်မျိုးသစ်ပေါ့။ အဲဒီမျိုးဟာ ကြမ်းကြုတ်ခက်ထန်စိတ်တွေ ပိုမိုတင်းမာလာစေတယ်။ မိုးရိုးမိစစ်ဖစစ်များထက် အဆပိုပြင်းလာစေတယ်။

အသီးအရွက်နဲ့ အားမရလို့ သူတစ်ပါးအသက်သတ်ဖြတ်တာ သူ့သွေးသူ့သားစားရမှ အားရကျေနပ်သူတို့လို တစ်ဖက်သားစော်ကားရမှ အားရတင်းတိမ်တော့တာကိုး။ သည်အမျိုးတိမ်ကောမှုမှာ မိဘတို့ရဲ့ တာဝန်ပျက်ကွက်မှုက အရင်းခံပဲ။ သားဘယ်ကလည်း သူ့သမီးနဲ့စေ့စပ်ပေးရာမှာ ဂုဏ်ငယ်တယ်ထင်၊ သမီးဘက်ကလည်း သူ့သားနဲ့ စေ့စပ်ပေးရမှာ သိက္ခာကျတယ်ထင်ပြီး မိဘတွေ မာနချင်းပြိုင်ကြရာမှ အရွယ်ရောက် သားသမီးတွေစိတ်နောက်ကိုယ်ပါ ထင်ရာပျော်၊ နွံနစ် နောက်ဆုံး ရပြီးရောစိတ်မျိုးနဲ့ ရရာငွတ်တိုးကြရတာတွေ အများကြီးပဲ။ သည်သားသည်သမီးတွေစိတ်မထိန်းနိုင်တော့လို့ မျိုးခြားတို့ချောင်းမြောင်းတဲ့အထဲ လဲကျသွားလျှင် ရလာတဲ့မြေး သွေးမှိုသာချစ်ရ မည်းမည်းတူးတူးလေး။ အဘိုးဖြူ အဘွားဖြူဖြစ်ပါလျက်နဲ့ မည်းတူးတူးမြေးကလေးထိန်းကြရပြီ။ သားသမီးကြည်နှင့်မချသင့်။ ကိုယ့်တာဝန်ပျက်ကွက်နေမှုကိုလည်း သတိထားကြလေ။

သည်သားမျိုး မမွေးမိပါစေနဲ့သား။ သည်သမီးမျိုး မမွေးမိပါစေနဲ့ သမီး။ သားတို့၊ သမီးတို့ မျိုးခြားဘာသာခြားတွေများနဲ့ အကယ်၍များ မလွှဲသာလို့ ဆက်ဆံကြရတဲ့အခါ မေ့မေ့ကြီးနဲ့ စိတ်ချလက်ချမထားနဲ့သား။ မျိုးခြားဆိုတာ ရေနဲ့ မီးလိုပဲ မတွေ့လိုက်နဲ့။ တွေ့တာနဲ့ တစ်ခုမဟုတ်တစ်ခုနဲ့တော့ တိုက်မှာချည်းထဲပဲ။ တိုက်မိလျှင် အားကြီးနှင့် အားသေး။ အားသေးက ရှုံးနိမ့်မယ်။ အရှိုင်းနဲ့အယဉ် အယဉ်က အလျှော့ပေးရမယ်။ ကြင်နာစိတ်၊ ကိုယ်ချင်းစာစိတ်ရှိသူနဲ့ ရက်စက်စိတ်၊ ယုတ်ညံ့စိတ်မွေးသူတိုက်မိလျှင်လည်း ကိုယ့်ကြင်နာစိတ်နဲ့ ကိုယ်ပြန်အသတ်ခံရမယ်။ ငယ်တုန်း ပိုသတိထား သားတို့။ အမှားဆိုတာ ဉာဏ်မမီခင် မှားတတ်တာမျိုး။ အမှန်ဆိုတာ ဉာဏ်ရည်ဝမှ တက်လာတတ်တဲ့အမျိုးပဲ။ မျိုးစေ့မမှန်၊ ပင်မသန်၊ ဖူးတံ့သွင်၊ သီးပွင့်တင်း ဆိုတဲ့မျိုးဆက်မျိုး လွတ်ကြပါစေတွယ်။

ကျွန်တော်သည် အထက်ပါဆုံးမထားချက်ကို ဖတ်ပြီး ထိုဆုံးမချက်ပါသော စာမျက်နှာကို ကတ်ပြားကလေးဖြင့် ညှပ်ထားလိုက်ပါသည်။ မနက်ဖြန်ညနေ ဓမ္မမိတ်ဆွေ ရောက်လာပါက အလွယ်တကူပေးနိုင်ရန် စာအုပ်ကို စာကြည့်စားပွဲပေါ်မှာ တင်ထားလိုက်ပါသည်။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေပေါက်ကျွန်း စေတော်ဝင်ကျောင်း ဇေယျသိဒ္ဓိဓမ္မာဘိုဏ်ကျော်ဆရာတော်ကြီး ချီးမြှင့်တော်မူခဲ့သော ဂါထာ(၃)ပုဒ်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

မလှိုင်မြို့ ရွှေပေါက်ကျွန်း စေတော်ဝင်ကျောင်းတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သော ဇေယျသိဒ္ဓိဓမ္မာဘိုဏ်ကျော် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်အခါက တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ချီးမြှင့်ခဲ့သော 'မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ပြ သစ္စာတိုင်ဂါထာ' ကို ဆရာတော်ကြီး၏ တပည့်ဝေနေယျအပေါင်းနှင့်တကွ အများဗုဒ္ဓဘာသာဝင် သူတော်စင်များ၊ သူတော်ကောင်းများ ကျင့်သုံးပွားဖော်နိုင်ကြစေရန် မွန်မြတ်သော စိတ်ရည်သန်လျက် ရှာဖွေရေးသားလိုက်ပါသည်။

### ဗုဒ္ဓဂုဏ်တော်ပြသစ္စာတိုင်ဂါထာ

*၁။ ဥုံ - ဇိနော အဘိဇ္ဇ ကာယောပိ၊*
*နတ္ထိ လောဟိတ သူဒန်၊*
*တ ဒေဝ ဝစန် သစ္စံ၊ ဝန္ဒေတံ*
*လောက နာယကံ၊*
*တေန သစ္စေန ပုညေန၊ ဟောတု*
*မေ ဇယ မင်္ဂလံ။ ။*

### ဂါထာအနက်

**ဥုံ** - သိဒ္ဓိမင်္ဂလာ ဝေဖြာပွင့်ဖြိုးကောင်းကျိုးဟူသမျှ ပြီးမြောက်ပါစေသတည်း။ **ဇိနော** - မြတ်စွာဘုရားသည်၊ **အဘိဇ္ဇ ကာယောပိ** - မကွဲမအက်မပျက်စီးနိုင်သော ကိုယ်တော်ရှိသည်လည်း၊ **ဟောတိ** - ဖြစ်၏။ **လောဟိတ သူဒန် ပိ** - သွေးတော်ယိုထွက်ခြင်းသည်လည်း **နတ္ထိ** - မရှိ။ **တဒေဝ ဝစန်** - ထိုစကားသည်လျှင်၊ **သစ္စံ** - ဟုတ်မှန်စွာဆိုအပ်သော သစ္စာစကားပေတည်း။ **လောကနာယကံ**- လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော၊ **တံ** - ထိုသွေးတော်မယိုကိုယ်တော်ကွဲအက်ခြင်းမရှိသောမြတ်စွာဘုရားကို၊ **အဟံ** - ကျွန်ုပ်သည်၊ **ဝန္ဒေဝန္ဒာမိ** - ရှိခိုးပါ၏ ဘုရား။ **တေနသစ္စေန**- ထိုဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် လည်းကောင်း၊ **တေန ပုညေန**- ထို ရှိခိုးခြင်းပဏာမ ကုသိုလ်စေတနာကြောင့်၊ **မေ** - အကျွန်ုပ်အား၊ **ဇယျ** **မင်္ဂလံ** - အလိုရှိအပ် ကောင်းမြတ်သော အောင်မြင်ခြင်း မင်္ဂလာသည်၊ **ဟောတု**- ဖြစ်ပါစေသတည်း။

*၂။ ဥုံ - တိဋ္ဌေယျ နန္တ ဝဿမ္ပိ၊*
*ဇယုဿဝေါ သမာပန္နော၊*
*တဒေဝ ဝစန် သစ္စံ၊*
*ဝန္ဒေတံ လောက နာယကံ၊*
*တေန သစ္စေန ပုညေန၊*
*ဟောတု မေ ဇယျ မင်္ဂလံ။*

### ဂါထာအနက်

**ဥုံ** - ပြီးစီးအောင်မြင်ပါစေသတည်း။ **ဇယုဿဝေါ** - များသောအောင်ပွဲရှိတော်မူသော မြတ်စွာဘုရားသည်၊ **သမာပန္နော** - သမာပတ်ကိုဝင်စား၍နေတော်မူသည်ရှိသော်၊ **အနန္တဝဿမ္ပိ**- အဆုံးမရှိသော နှစ်တို့ကာလပတ်လုံးလည်း၊ **တိဋ္ဌေယျ** - နိဗ္ဗာန်မဝင် သို့စင်မြင့်ရှည်တည်တော်မူနိုင်လေရာ၏။ **တဒေဝ ဝစန်** - ထိုစကားသည်သာလျှင်၊ **သစ္စံ** - ဟုတ်မှန်စွာ ဆိုအပ်သော သစ္စာစကားပေတည်း။ **လောကနာယကံ** - လူသုံးပါးတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော၊ **တံ**- ထိုနှစ်အနန္တ ကာလမြင့်ရှည်တည်တော်မူနိုင်သော မြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သည်၊ **ဝန္ဒေဝန္ဒာမိ** - ရှိခိုးပါ၏ အရှင်ဘုရား။ **တေန သစ္စေန** - ထိုဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် လည်းကောင်း၊ **တေန ပုညေန** - ထိုရှိခိုးခြင်း ပဏာမကုသိုလ် စေတနာကြောင့် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ **ဇယျ မင်္ဂလံ** - အလိုရှိအပ် ကောင်းမြတ်သောအောင်မြင်ခြင်းမင်္ဂလာသည်၊ **ဟောတု** - ဖြစ်ပါစေသတည်း။

### အောင် - ပထမံ
### အန္တရာယ်ကင်းဂါထာတော်ကြီး

*၃။ အောင် - ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ၊*
*ကေနစိ အန္တရာ ယော ကာတုံ။*
*တ ဒေဝ စစန် သစ္စံ၊ ဝန္ဒေတံ*
*လောကာ နာယကံ၊*
*တေန သစ္စေန ပုညေန၊ ဟောတု*
*မေ ဇယျ မင်္ဂလံ။*

### ဂါထာ၏အနက်

**အောင်း** (ဩဠာင်း) - အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ အောင်မြင်ခြင်းမင်္ဂလာသည်ဖြစ်ရပါစေသတည်း။ **ဗုဒ္ဓါနံ**- သစ္စာလေးခိုင် ကိုယ်တိုင်သိတတ် ဘုရားမြတ်တို့၏၊ **ဇီဝိတဿ** - ဇီဝိတိန္ဒြေကြီးကို၊ **ကေနစိ** - တစ်စုံတစ်ယောက်သော လူ၊ နတ်၊ နဂါး၊ သိကြား၊ ဗြဟ္မာ၊ အသူရာတို့သည်၊ **အန္တရာယော** - နှိပ်စက်ငြိုတွယ် အန္တရာယ်ကို၊ **ကာတုံ** - ပြုခြင်းငှာ၊ **နသက္ကာ** - မစွမ်းနိုင်ကုန်။ **တဒေဝ ဝစန်**- ထိုစကားသည်သာလျှင်၊ **သစ္စံ** - ဟုတ်မှန်စွာဆိုအပ်သော သစ္စာစကားပေတည်း။ **လောကနာယကံ** - လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော၊ **တံ** - ထိုအသက်အန္တရာယ်ဖြစ်ဖွယ်စလော့ာက် တစ်ယောက်မည်သူ ပြုမူခြင်းငှာ မစွမ်းနိုင်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို၊ **အဟံ** - အကျွန်ုပ်သည်၊ **ဝန္ဒေဝန္ဒာမိ** - ရှိခိုးပါ၏ ဘုရား။ **တေန သစ္စေန** - ထိုဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် လည်းကောင်း၊ **တေန ပုညေန** - ထိုရှိခိုးခြင်း ပဏာမကုသိုလ်စေတနာကြောင့် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ **ဇယျ မင်္ဂလံ** - အလိုရှိအပ် ကောင်းမြတ်သော အောင်ခြင်းမင်္ဂလာသည်၊ **ဟောတိ**-ဖြစ်ပါစေသတည်း။

အထက်ပါ ဂါထာ (၃) ပုဒ်မှာ ပထမံသိုက်-စမ စီရင်နည်း စာအုပ်မှ ရရှိပါသည်။

*(ခုနစ်နေ့သားသမီးများအားလုံး ကောင်းကျိုးချမ်းသာများနှင့် ပြည့်စုံစွာ ရရှိချမ်းသာကြပါစေ)*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ခင်(တောင်ကြီး)

# ရှမ်းတောင်ဒေသမိုင်းပွန်မြို့လေး၏ အထင်ကရနေရာများ

မြန်မာနှစ် ၁၃၇၆ ခု၊ ကဆုန်လပြည့်မရောက်မီ အဖိတ်နေ့တွင် ရာသီဥတုတို့ သာတောင့်သာယာရှိလွန်းလှ၍ ရှမ်းမြို့တော် တောင်ကြီးမှ မဝေးကွာလှသော လွိုင်လင်ခရိုင်အတွင်းရှိ မိုင်းမွန်မြို့လေးဆီသို့ ခရီးဆန့်ခဲ့မိကြပါသည်။

မိုင်းပွန်မြို့သည် တောင်ကြီးမြို့မှ မိုင်ပေါင်း (၃၈) မိုင်အကွာတွင် တည်ရှိပါ၏။ သဘာဝအနေအထားအရ အလွန်လှပသော မြို့ကလေးတစ်မြို့ဖြစ်ကာ သူတို့ဒေသ၊ သူတို့မြေ၊ သူတို့ရေနှင့် စည်ပင်ဖွံ့ဖြိုးမှုများက အံ့ဩစရာကောင်းလှသောအခြေအနေရှိပါလေသည်။ ရှေးယခင်ကထက် ပိုမို တိုးတက် ထွန်းကားသောအနေအထားတို့ကလည်း ပွင့်လင်းမြင်သာသောခေတ်နှင့်အပြိုင်ပင်ရှိနေကြလေ၏။ စာရေးသူသည် မိုင်းပွန်မြို့လေးသို့ ပထမအကြိမ်ရောက်ခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ခန့်ကဖြစ်ရာ ထိုစဉ်ကာလက မြို့အနေအထားများက ယခုလက်ရှိ မြို့အနေအထားတို့နှင့် မတူညီနိုင်တော့သည်က မြို့ပြပြည်ရွာတို့၏ ထုံးစံအတိုင်းပင် ဖြစ်ပါလေသည်။

တောင်ကြီးမြို့မှ ထွက်ခွာလာခဲ့ပြီးနောက် ဟိုပုန်းမြို့သို့ မကြာမီ ရောက်ရှိလာခဲ့၏။ ထိုမှ နာမည်ကျော် ဟိုပုန်း


[illegible]ပွန်ဘုရားကြီးအား ဘေးတိုက်အနေအထားဖြင့် ဖူးတွေ့ရစဉ်


မိုင်းပွန်ဘုရားကြီး သကျမုနိရုပ်ပွားအား ဖူးတွေ့ရစဉ်


[illegible]ပွန်ဘုရားကြီး၏မျက်နှာတော်အနီးကပ်ပုံ


ရှေးဟောင်းမွေတော်ကျောင်းမှ ရှေးလက်ရာဆင်းတုတော်များ



www.burmeseclassic.com

www.burmeseclassic.com




ရွှေယောင်းမွှေတော်ကျောင်းမှ ရွှေစေတီတော်များ



ငါးစင်ဘုရားနှင့် ကျောက်သားပကတိ သဘာဝပလ္လင်တော်တို့အား ဖူးတွေ့ရစဉ်



ရွှေယောင်းမွှေတော်ကျောင်းရှိစေတီတစ်ဆူမှ ရွှေကနုတ်ဖော်ထားပုံတစ်မျိုးမှာ



ရွှေယောင်းမွှေတော်ကျောင်းမှ ရွှေစေတီတော်များ



မူလဥယျာဉ်ကျောင်းတိုက်ဆိုပုံ

ရေထွက်၊ ထိုမှတစ်ဖန် ထင်ရှားသော သဘာဝလိုဏ်ဂူဖြစ်သည့် ထမ်စမ်းဂူတို့ကို အစဉ်အလိုက် ကျော်ဖြတ်လာခဲ့ပြီး သည်းထိတ်ရင်ဖိုဖွယ်ရာ မြွေလိမ်မြွေကောက်အကွေ့ပေါင်းများစွာကို ကွေ့လိုက်ကြရပြီးနောက် မိုင်းပွန်မြို့လေး၏ အဝင် မိုင်းပွန်တံတားအား ဘွားခနဲ တွေ့မြင်လိုက်ကြရပါလေ၏။

မိုင်းပွန်တံတားသည် လှပသော တောင်တန်းနောက်ခံ မိုင်းပွန်ချောင်းအလှတို့ပေါင်းစပ်ဖွဲ့စည်းလျက် ရပ်တည်လျက်ရှိကြရာ ခရီးသွားလာသူများအတွက် လည်းကောင်း၊ မိုင်းပွန်မြို့သူမြို့သားများအတွက် လည်းကောင်း မှတ်မှတ်ရရရှိနေတတ်သော မြင်ကွင်းမျိုး ဖြစ်ပါလေသည်။ သွားလိုသောဆန္ဒနှင့် သွားစေချင်ကြသော အသိမိတ်ဆွေသင်္ဂဟများ၊ စိတ်စေတနာတို့ဖြင့်လိုက်ပါပို့ဆောင်ပေးသော ဘုရားဒကာကျောင်းဒကာကြီး ဦးထွက်ဖော်၏ ကျေးဇူးကြောင့် စာရေးသူတို့သည် မိုင်းပွန်မြို့လေးဆီသို့ ဒုတိယအကြိမ် ရောက်ရှိလာခဲ့နိုင်ပြီ ဖြစ်ပါ၏။

မိုင်းပွန်မြို့လေးဆီသို့ ယခုကဲ့သို့ ပြန်လည်ရောက်ရှိလိုသောဆန္ဒ ဖြစ်ပေါ်မိသည်ကလည်း ထိုရက်ပိုင်း၊ လပိုင်းကာလအတွင်း မိုင်းပွန်မြို့၏ ထင်ရှားသောဘုရားကြီးတွင် ပဋ္ဌာန်းကတ်သုံးပုံ ရွတ်ဆိုပူဇော်ပွဲကျင်းပနေသည်ဟု သိရသောကြောင့် ဖြစ်ပါ၏။ ဘုရားကြီး၏ ဘွဲ့မည်မှာ မိုင်းပွန်မြို့၏ 'သကျမုနိဿဘုရားကြီး' ဟူ၍ ဖြစ်လေသည်။ ခရစ်နှစ် ၂၀၁၄ ခု၊ ဧပြီလ ၂၂ ရက်နေ့မှ စတင်ကာ ပဋ္ဌာန်းကတ်သုံးပုံ ရွတ်ဆိုပူဇော်ခဲ့ကြခြင်း ဖြစ်ပါသည်။ ကြုံတောင့်ကြုံခဲ




www.burmeseclassic.com

www.burmeseclassic.com

ထိုပူဇော်ပွဲတွင် အာရုံခံ ကုသိုလ်ယူရင်း လာရောက်ကြသော ဧည့်ပရိသတ်များ စွာကိုလည်း ဘုရားကြီးကျောင်းတိုက် အတွင်း တွေ့ရှိရပါလေ၏။

ပိဋကတ်သုံးပုံ ရွတ်ဆိုပူဇော်ရန် ပြင်ဆင်ထားရှိသော ကျမ်းစာအုပ်တော်များကို စီစဉ်ထားရှိသည်များကိုလည်း တွေ့မြင်ကြရခဲ့ပါသည်။ ဤပူဇော်ပွဲအတွက် မိုင်းပွန်မြို့နေ အလှူရှင်ဖြစ်သူ ဦးတူးငယ်နှင့် မိခင် ဒေါ်စိန်တို့မှ ကာမကထပြု စီစဉ်ကျင်းပပေးခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း ပီတိအဖြစ် မုဒိတာပွားနိုင်ဖွယ် ကြားသိခဲ့ရပါလေ၏။ ပိဋကတ်သုံးပုံတွင် ကျမ်းစာအုပ်တစ်တွဲ၌ အုပ်ရေပေါင်း လေးဆယ်ပါရှိလေရာ ယခုပူဇော်ပွဲတွင် အတွဲပေါင်းတစ်ရာရှိသဖြင့် ကျမ်းစာအုပ်ရေပေါင်းမှာ လေးထောင်အထိရှိကြောင်းနှင့် အချိန်ကာလအားဖြင့် ရွတ်ဆိုပူဇော်ရန် တစ်လခွဲခန့် ကြာမြင့်နိုင်ကြောင်း သိရှိရလေသည်။

မိုင်းပွန်ဘုရားကြီး၏မူလဒါယကာမှာ မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးဖြစ်ပါ၏။ မြန်မာပြည်တစ်ဝန်း ပြည်သူပြည်သားအားလုံးတို့ သိရှိကြားဖူးကြလေသော အာဇာနည် (၉) ဦးတို့အနက် တစ်ဦးအပါအဝင်ဖြစ်သည့် မိုင်းပွန်စော်ဘွားကြီးတို့၏ ဟော်မှာလည်း



ဥယျာဉ်ကျောင်းတိုက်အတွင်းပရဝုဏ်မှ ခြေတော်ရာပုံ



မိုင်းပွန်မြို့ အာဇာနည်ကျောင်းအတွင်းမှ ခြေတော်ရာကျောက်ပြားတုကြီးမှာ



ခြေတော်ရာအတွင်းမှ ခရုသင်းလက္ခဏာတော်များ



အာဇာနည်ကျောင်းဆောင်အတွင်းမှ ရှမ်းအမျိုးသားတို့၏ ယဉ်ကျေးမှုအရိပ်အငွေ့များ ပါရှိနေသာ် သိမ်တော်များ



www.burmeseclassic.com

www.burmeseclassic.com

မိုင်းပွန်ဟော်အဖြစ် ယခုထက်တိုင်ရှိနေပါလေသည်။

ထို့ကြောင့် မိုင်းပွန်စော်ဘွားကြီးစဝ်ခွန်ထီး၏ အစကနဦး ကောင်းမှုကုသိုလ်အရပ်ရပ်တို့ကို ခေတ်ပေါင်းများစွာ၊ နှစ်ပေါင်းများစွာ မိုင်းပွန်မြို့သူမြို့သားအပေါင်းတို့မှ ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်း ဖြစ်လေ၏။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ရှေးကဘုရားကြီးဘွဲ့မည် သကျမုနိရှင်တော်ကိုယ်စားတော်ကြီးသည် မိုင်းပွန်မြို့၏ကျက်သရေဆောင်လည်း ဖြစ်ပါသည်။


ဘုရားကြီးပွင့်တော်မူခဲ့သောသက်တမ်းမှာ နှစ်ကာလအားဖြင့် နှစ်ပေါင်း (၁၂၀) ပြည့်ခဲ့ပြီ ဖြစ်သည်။ ဘုရားကြီး၏ ပုံသွင်တော်မှာ မြန်မာပြည်အထက်ပိုင်း မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၏ ပုံသွင်တော်အတိုင်း သွန်းလုပ်ပူဇော်ထားခြင်း ဖြစ်သည်။ ဘိုးဘွားအစဉ်အဆက် ပြောကြားလာခဲ့သောစကားများအရ မိုင်းပွန်ဘုရားကြီးသည် မန္တလေးမဟာမြတ်မုနိဘုရားကြီး၏ ရင်ငွေ့လုံကိုယ်စားတော်ကြီးတစ်ဆူလည်းဖြစ်ကြောင်း သိရှိရလေသည်။ ကိုယ်စားတော်ကြီး၏နားကင်းတော်တစ်ဖက်စီ၏အရှည်မှာ အတိုင်းအတာအားဖြင့် ငါးပေစီရှိပြီး ကိုယ်တွေ့ကြုံသူများ၊ မိုင်းပွန်ဒေသခံများအဆိုအရ မိုင်းပွန်ဘုရားကြီးသည် ဆုတောင်းအလွန်ပြည့်သောကိုယ်စားတော် ဖြစ်သည်ဟု ဆိုပါ၏။

ယခင် မူလဒါယကာ စော်ဘွားကြီး စတင် ပင့်ဆောင်ပူဇော်ခဲ့စဉ်က ဥယျာဉ်ကျောင်းတိုက်အတွင်း ဝန္တတုဂ္ဂိုတိုက်တော်ဖြင့်စံတော်မူခဲ့ခြင်း ဖြစ်ပါ၏။ နှစ်ပေါင်းများစွာက မိုင်းပွန်ဘုရားကြီးသည် အဆောင်ဆောင်အခန်းခန်းမရှိခဲ့သေးသော မူလအနေအထားဖြစ်ပါသည်။ ယခုနှောင်းပိုင်းကာလ ဘုရားတကာ၊ ကျောင်းတကာနှင့် အလှူရှင်များ စုပေါင်းဆွေးနွေး ဉာဏ်တော်ဖွင့်ပူဇော်မှုများ အဆက်မပြတ်ပြုလုပ်နိုင်ခဲ့ကြသဖြင့် ယခုအခါ ဘုရားကြီးမှာ တင့်တယ်စွာ ပိုမိုသပ္ပာယ်သောအနေအထားများဖြင့် စံနေတော်မူနိုင်ခဲ့ပြီ ဖြစ်လေသည်။


ထို့ကြောင့် ယနေ့ကာလမြင်ကွင်း၌ မိုင်းပွန်ဘုရားကြီးသည် ကြီးမားကျယ်ပြန့်သော ကျောင်းဆောင်တော်ကြီးအပြင် ခေတ်မီသပ်ရပ်သော အဆောင်အယောင်တော်များ၊ မျက်နှာစာနှင့် စံတော်မူရာ ပတ်ပတ်လည်တို့၌ ရွှေရေးတိုင်လုံးကြီးများနှင့် အပူဇော်ခံလျက်ရှိ



ရှေးက ပူဇော်ခဲ့သော ကျောင်းတော်ကြီးပုံစံ



ရှေးကဘုံခုနှစ်ဆင့်ဟုန် ဓုထစ်မွှမ်းချွန်တို့အား တွေ့ရစဉ်



ဘုရားကြီး၏ အပေါ်မျက်နှာကြက်မှ သစ်ထွင်းအနုလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရှေးက လှူဒါန်းခဲ့သော မုလတန်ဆောင်းနှင့် စောင်းတန်း



ရှေးက လှူဒါန်းခဲ့သော မုလတန်ဆောင်းနှင့် စောင်းတန်းတော်



မနေသီတာစံပုံသွင်မှာ

နေပြီ ဖြစ်ပါ၏။ မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးမှရေးထိုးထားခဲ့သောကျောက်စာအရ ဘုရားကြီးအား သွန်းလုပ်ပူဇော်ခဲ့ခြင်း၊ ပင့်ဆောင်ခဲ့ကြခြင်းအကြောင်းအရာများကို မှတ်သားသိရှိနိုင်ကြပါသည်။ ထိုစဉ်က ကာလတန်ဖိုးအားဖြင့် ဒင်္ဂါးကျပ်ငွေ (၈၇၅၄၀) ကျပ် ကုန်ကျခဲ့ကြောင်းကိုလည်း သိရှိခဲ့ရပါလေ၏။

ကျောက်စာရေးထိုးမှတ်တမ်းပြုထားခြင်းအား ဘုရားကြီးတည်တော်မူရာပရဝဏ်အတွင်း၌ တွေ့ရှိရပါသည်။ ခေါင်းဦး စတင် ရေးသားထားသည်မှာ **မိုင်းပွန်သခင်ကြီးဘုရား၏ဆုတောင်းစာ** ဟူ၍ ဖော်ပြပါရှိပါ၏။ အချို့နေရာတို့၌ သုတ်ဆေးအချို့တို့ကြောင့် ဖတ်ရှုရခက်ခဲသော်လည်း ကြိုးစား၍ ဖတ်ရှုနိုင်လျှင် ရနိုင်သောအနေအထားကျောက်စာမျိုး ဖြစ်ပါသည်။

ကျောက်စာတွင်ဖော်ပြထားသည်မှာ -

*. . . ပွင့်တော်မူသော သက္ကရာဇ် ၁၂၆၄ ခု၊ ဖြာသိုလ။ ကြေးချိန်လေးထောင့်တစ်ရာရှစ်ဆယ် (၄၁၈၀)။ ပင့်တော်မူသော သက္ကရာဇ် ၁၂၆၅ ခု၊ တပေါင်းလွှုပ် ၇ ရက်နေ့ ဆိုက်ရောက်။ ဥယျာဉ်အတွင်း ဝေဠုဝန်ကျောင်းနိုက် စံတော်မူပြီးလျှင် ၁၂၆၆ ခု၊ ကဆုန်လွှန်း ၁၅ ရက် ပလ္လင်တော်ပေါ်နိုက် တက်ရောက်တော်မူ။ ၁၂၇၁တွင် စောင်းတန်းလေးမျက်နှာ။ မုဋ္ဌဦးလေးမျက်နှာ။ ပြာသာဒ် . . .*

စသည်ဖြင့် ဖော်ပြထားခဲ့ပါ၏။

ထိုနေရာ၌ စာရေးသူ မရှင်းလင်းသည့်အချက်မှာ ကဆုန်လဆန်း ၁၅ ရက် ဆိုသည်ကိုပင် ဖြစ်ပါ၏။ ရှေ့ပိုင်းဆိုလိုရင်းမှာ ကဆုန်လဆန်းဟူ၍ဖြစ်ကြောင်း နားလည်မိသော်လည်း ကျောက်စာမူရင်းပါ လဆန်း ၁၅ ရက်ဆိုသည်မှာ လပြည့်ကိုပင် ဆိုလိုသည်လား သို့မဟုတ် ၅ ရက်ကိုပင် ဆိုလိုသည်လား စာရေးသူ မရှင်းလင်းနိုင်သောအချက်ပင် ဖြစ်ပါသည်။

ထိုဆုတောင်းစာအတိုင်းဆိုပါက ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းရှိ မိုင်းပွန်မြို့ငယ်ရှိ ဘုရားကြီးသည် မြန်မာနှစ်၁၂၆၄ ခုနှစ်တွင် စတင်သွန်းလုပ် ပူဇော်ခဲ့သည်ဆိုပါ၏။ ထိုသက္ကရာဇ်အရ ယခုကာလ ၁၃၇၆ ခုနှစ်တွင် ဘုရားကြီး၏ ပွင့်တော်မူနိုင်ခဲ့ပြီးသောနှစ်အရေအတွက်မှာ (၁၁၂) နှစ်ရှိခဲ့ပြီ ဖြစ်လေသည်။ မိုင်းပွန်မြို့သို့ ပင့်ဆောင်တော်မူလာကြပြီး ဥသျှောင် ကျောင်းတိုက်၏ ဥသျှောင်တော်



www.burmeseclassic.com

www.burmeseclassic.com



မိုင်းပွန်ဘုရားကြီးဝင်းအတွင်းမှ ကြေးပိဿာချိန်(၃၀၀)ရှိသောရွှေခေါင်းလောင်း



မိုင်းပွန်စော်ဘွားကြီးလှူဒါန်းထားခဲ့သော ကြေးခေါင်းလောင်းတော်



ကြေးခေါင်းလောင်းတော်၏အနီးကပ် နတ်မင်းရုပ်၏ရှေးကျသောလက်ရာ

စိုက်တော်မူသောသက္ကရာဇ်မှာ ၁၂၆၅ခုနှစ် ဖြစ်ကြောင်းတွေ့ရ၏။ ထိုမှ ၁၂၇၁ ခုနှစ် သို့ရောက်သောအခါ ဘုရားကြီးအား စောင်းတန်းလေးမျက်နှာ၊ မုခ်ဦးလေး မျက်နှာနှင့် ပြာသာဒ်တို့ကို လှူဒါန်းခဲ့ကြောင်း ဖော်ပြပါရှိလေသည်။

ဆုတောင်းစာ၌ဆက်လက်ဖော်ပြထားသည်မှာ -


မိုင်းပွန်မြို့ နာဂရ စိုးပိုင်သသော ကမ္ဘောဇမဟာဝံသသုဓမ္မရာဇာ။ နာမံတံဆိပ်။ ဇကရီ။ ဘုရင်မင်းမြတ် ထပ်မံခတ်နှိပ်ခဲ့သော KSM ကျက်သရေဆောင်။ ရွှေစလွယ်တော်ရ။ မယုံ။ ငါသည်။ ပုရိသုတ္တမံ။ ပုရိသယောဂျား တကာတို့ထက်။ မြတ်ရာမြတ်အောင် ကြံဆောင်သသောထွင်းထားရန်။ ဗုဒ္ဓရုပ်စား။ မဟာမြတ်ကြွလာ။ အရှင်ကဿပ။ သာသနာတော် နေဝန်းလဝန်းကဲ့သို့ ထွန်းတောက်စေခြင်းငှာ။ ပဉ္စမံ ပလ္လင်တော်နှင့်အတွင်းဂန္ဓကုဋိတိုက်တော် ရုပ်တို့မှာ။ ကောင်းမွန်စွာ ပြောက်မြားသော လက်သမား ပန်းရန်ဆရာတို့ကို ခေါ်ယူ။ ကျောက်အမျိုးမျိုးတို့နှင့်စီမံလုပ်ဆောင်။ လေးမျက်နှာအာရုံခံကျောင်းတော်အော့။ အင်္ဂုံအထက် အဖိုးတန်သစ်သားမှန်ရွှေအမျိုးမျိုးတို့ဖြင့် ပြုပြင် စီမံထားသော မျက်နှာကြက် ဝဲဘက်ဒေါင့်တိုက် ၄ လုံး။ ၄ ဌာနစောင်းတန်း။ ထူးဆန်းသော ပြာသာဒ်ရှစ်ဆောင် . . .

စသဖြင့် လည်းကောင်း နောက်တစ်နေရာ၌ -

မဟာရုံတံတိုင်းတစ်မျက်နှာလျှင် အကျယ်ပေပေါင်း (၂၆၈)။ မျက်နှာပေပေါင်း (၁၀၇၂) နှင့်တကွ။ ကြေးချိန် (၃၀၀) ရှိသောခေါင်းလောင်း။ ကြေးချိန်



ကြေးခေါင်းလောင်းတော်၏အနီးကပ်ပြသော်ရုပ်အား တွေ့ရစဉ်



ဥယျာဉ်ကျောင်းတိုက်အတွင်းတွေ့ရသည့် မိုင်းပွန်စော်ဘွားကြီး၏ ဆုတောင်းကျောက်စာတိုင်



www.burmeseclassic.com


www.burmeseclassic.com

(၁၆)ပိဿာရှိကြေးစည်များပါ။ ပေထက် အတ္တရာတင်၍ ထူးဆန်းသော ဘိလပ်တွေ။ ဘိလပ်သားရေ။ ရွှေမှင်ချယ်လှယ်၍ ကောင်းမွန်စွာ ပုံနှိပ်လုပ်ဆောင်သော ရင့်မှာတကျိတ် အနုငါးရာ။ လောကမွေ (၂) ဌာန စာအုပ်အမျိုးမျိုး၊ ကုသိုလ် အတျိုး. . .

စသည်ဖြင့် လည်းကောင်း ပြည့်စုံစွာ ရေးသားဖော်ပြထားသောဆုတောင်း စာပင် ဖြစ်ပါသည်။

ဆုတောင်းစာအရ မိုင်းပွန်ဘုရားကြီးအား မျက်နှာကျက်လေးဖက်ပါသော တိုက်လေးလုံး၊ စောင်းတန်းလေးဖက်၊ ပြာသာဒ်ရှစ်ဆောင်၊ ဂန္ဓကုဋိတိုက်၊ တစ်မျက်နှာလျှင် အကျယ်(၂၆၈)ပေရှိသော လေးမျက်နှာတွင် (၁၀၇၂) ပေရှိသော ဘုရားဝတ္တကမြေ။ ကြေးချိန် (၃၀၀) ပိဿာရှိသော ခေါင်းလောင်း။ ကြေးချိန် (၁၆)ပိဿာရှိသောကြေးစည်၊ ရေတွင်း၊ ရေကန်၊ သာလာယံဇရပ်၊ ပရိသတ်တို့ သွားလာရာ ပေတစ်ရာလမ်းတို့ကို အတူ ထကွ ရေစက်သွန်းချလှူဒါန်းခဲ့ခြင်းပင် ဖြစ်လေသည်။

မိုင်းပွန်မြို့သည် ရှေးကပင် တည်ရှိခဲ့သော စော်ဘွားအုပ်ချုပ်ခဲ့ရာမြို့လေး ဖြစ်ရာ ယနေ့ထက်တိုင် ရှေးဟောင်းအမွေအနှစ်များစွာတို့ကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်သော ရှေးဟောင်းမြို့လေး တစ်မြို့ ဖြစ်ပါပေ၏။ မိုင်းပွန်မြို့ရှိ ထင်ရှားသော သာသနာ့ဦးသျှောင့်ကျောင်းတော်များမှာ ဥယျာဉ်တိုက်တော်ကျောင်း၊ ဝိသုဒ္ဓါရုံကျောင်း၊ အာဇာနည်ကျောင်း၊ မင်္ဂလာဦးကျောင်း၊ တံတားထိပ်ကျောင်း တို့ပင် ဖြစ်လေသည်။ ဆုတောင်းပြည့် ငါးစပ်ဘုရားသည်လည်း သဘာဝ




ပိဋကတ်သုံးပုံပူဇော်ပွဲ၏ကျမ်းစာအုပ်တော်များ စီစဉ်ထားရှိပုံ



အလှူရှင်တို့စုပေါင်းလှူဒါန်းထားကြသော ရွှေရေးတိုင်လုံးကြီးများအလှ



ပိဋကတ်သုံးပုံပူဇော်ပွဲ၏
ကျမ်းစာအုပ်တော်များ စီစဉ်ထားရှိပုံ



လိုက်ပါပို့ဆောင်ပေးသော ဓမ္မမိတ်ဆွေကြီးနှင့် လှူဒါန်းထားသော တိုင်လုံးကြီးအား တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်သားစစ်စစ် ပလ္လင်တော်နှင့် ဖြစ်၍ ထင်ရှားသောဘုရားတစ်ဆူ ဖြစ်ပါသည်။

ယခု ကျင်းပခဲ့သော ပိဋကတ် သုံးပုံရွတ်ဆိုပူဇော်ပွဲကြီးသည် ဒေသခံ မြို့သူမြို့သားတို့အတွက် မင်္ဂလာပီတိ အပြည့်အဝရရှိစေနိုင်သောအကျိုးတရားတို့ကို ခံစားကြရမည်မှာ အမှန်ပင် ဖြစ်လေသည်။ ဦးဆောင်စီစဉ်ညွှန်ကြားပေးတော်မူကြသော မိုင်းပွန်ဆရာတော်ကြီးနှင့်တကွ ဦးစီးနာယကဆရာတော်များ၏ ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင် ဒကာ၊ ဒကာမအပေါင်းတို့အပေါ် ထားရှိသော ဝေနေယျမေတ္တာတရားတို့ ပင်ဖြစ်ပါလေသည်။

မူလကလှူဒါန်းခဲ့သော လေးမျက်နှာအာရုံခံကျောင်းတော်ကြီးကိုလည်း နောင်းလူတို့မှ ဆက်လက် ပြုပြင် ထိန်းသိမ်းခြင်းတို့ဖြင့် ယခုအခါ ရွှေရေးပန်းခက်များဖြင့် အလှဆင်ထားသော ဇရာမ တိုင်လုံးကြီးများနှင့် တွေ့မြင်နေကြရပြီ ဖြစ်ပါသည်။ တိုင်လုံးကြီးများ၏ ကာလတန်ဖိုးမှာ ငွေကျပ် တစ်သိန်းခြောက်သောင်းဖြစ်သော်လည်း စေတနာသဒ္ဓါတရားထက်သန်လာသောဒေသခံအလှူရှင်များ၏ လှူဒါန်းမှုဖြင့် တိုင်လုံးရေပေါင်း (၈၂) တိုင်အထိ ပြည့်စုံစွာ မွမ်းမံနိုင်ခဲ့ကြပြီဖြစ်ပါ၏။ ရွှေရောင်လွှမ်းလျက်ရှိနေသော မိုင်းပွန်ဘုရားကြီး၏ကျောင်းတော်အတွင်း အလှည့်ကျ ရွတ်ဆိုပူဇော်ပေးတော်မူနေကြသော မိုင်းပွန်နယ်တစ်ကြောမှ သံဃာတော်အရှင်အပါးရေ (၆၀)တို့၏ တစ်ပါးချင်း ပူဇော်ရွတ်ဖတ်နေမှုများသည် ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံထူးခြားလျက်ရှိနေပါလေသည်။ မိုင်းပွန်မြို့ရှိ ရှေးလက်ရာမွေတော်စေတီများမှာလည်း ရှေးကပညာရှင်တို့၏ အံ့မခန်းသောလက်ရာများ ဖြစ်လေ၏။ နှစ်ပေါင်းနှစ်ရာနီးပါးမျှသက်တမ်းရှိနေပြီဖြစ်သော စေတီတော်များသည် သမိုင်းအထောက်အထားများအရ မိုင်းပွန်ဘုရားကြီးထက်ပင် ရှေးကျကြောင်း တွေ့ရှိရလေသည်။


နှစ်ကာလအချိန်တာတို့၌ နှစ်ပေါင်း တစ်ရာ၊ နှစ်ရာ ဟူသည်တို့မှာ လူသားတစ်ဦးအတွက် မျိုးဆက်ပေါင်း သုံးဆက်မျှမက ပြောင်းလဲရွေ့လျားနိုင်သည်သာ ဖြစ်ပါ၏။ လူသားမျိုးဆက်တို့ဆိုသည်မှာ သင်္ခါရသဘောအရ ပျောက်ကွယ်သွားတတ်ကြသည်ပင် ဖြစ်ပါသည်။ သို့ပါသော်လည်း ထိုလူသားတို့၏ မြေပေါ်၊ မြေအောက်ရေစက်သွန်းပြု



မိုင်းပွန်မြို့တွင်းရှိ မိုင်းပွန်ဟော်တစ်စိတ်တစ်ပိုင်းမှာ



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ နယ်မျိုးစဉ်ကပုံ



မိုင်းပွန်ဘုရားကြီး ကျောင်းဝင်းအတွင်းမှ ဝေဆာစွာ ဖူးပွင့်ရန် အားယူနေသော စံပယ်ဖူးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



မိုင်းပွန်မြို့အဝင်၏သာယာလှပပုံများ



မိုင်းပွန်တံတား၏အလှ



မိုင်းပွန်မြို့ထဲမှ သဘာဝပတ်ဝန်းကျင်အလှ



အလှူအတန်းနေ့တစ်ခု၏ဝေယျာဝစ္စအဖွဲ့

အလှူတော်တို့မှာမူ ပျက်သုဉ်းပျောက်ကွယ်သွားသည်မျိုး မရှိတတ်ကြသည်သာ ဖြစ်ဝါ၏။ ပွင့်လင်းချိန်မကျသေး၍ ဖုံးလွှမ်းပုန်းကွယ်နေတော်မူကြရလျှင်ပင် အချိန်တန်ပါက ပြန်လည်၍ လူတို့ကိုးကွယ်ပူဇော်ခွင့်ရတတ်ကြသည်ပဲ ဖြစ်လေသည်။ ဤသည်တို့ကလည်း ကမ္ဘာလေးရပ်၌ ဗုဒ္ဓဘာသာအယူဝါဒတို့သာလျှင် အမြင့်မြတ်ဆုံးနှင့် အကောင်းမွန်ဆုံးဖြစ်ကြောင်း သဘာဝတရား၏ သတ်မှတ်ချက်ကြောင့်သာဟူ၍ သဘောပေါက်ကြရမည်ပင် ဖြစ်ပါလေသည်။

ထို့ကြောင့် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ၌ ရှေးဦးအလှူရှင်တို့က ဤကမ္ဘာမြေပေါ်မှ သေဆုံးပျောက်ကွယ်သွားကြကုန်ပြီ ဖြစ်သော်လည်း ထိုအလှူရှင်တို့၏ မူလအလှူကို နှောင်းလူတို့က ဆက်ကာဆက်ကာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရင်း လှူဒါန်းမှုလက်ဆင့်ကမ်းပေးနေကြသည်သို့ပင် ဖြစ်လေသည်။ ထိုအလေ့အထများ၏ သဒ္ဓါတရားများသည် ကမ္ဘာတည်သရွေ့ဆက်လက် ပြန့်ပွားနေကြမည်သာ ဖြစ်ပါပေ၏။

အတုယူချီးမွမ်းကြဖွယ်ရာ မိုင်းပွန်စော်ဘွားကြီး၏ ဖခင် စော်ဘွားကြီးစဝ်ခွန်ထီး၏ မူလအလှူနှင့် နောက်ပိုင်းမိုင်းပွန်မြို့သူမြို့သားအများတို့၏ လက်ဆင့်ကမ်းအလှူတို့အား အများသိကြားဖတ်ရှုနိုင်ကြပြီကာ ကုသိုလ်အမျှအတူတူရနိုင်ကြပါစေကြောင်း ဖော်ထုတ်ရေးသားလိုက်ရပါပေသည်။

ခင် (တောင်ကြီး)

www.burmeseclassic.com

မောင်လှုယဉ် (မော်လမြိုင်)

# ရေငတ်ကျင်ပြောင်ရောဂါအတွက် ဆေးမခက်

တစ်နေ့ ကျွန်ုပ်ကို ကျွန်ုပ်တို့ ကိုးကွယ်တဲ့ တောင်ပေါ်ကျောင်းဆရာ တော်ကြီးကခေါ်၍ ကျွန်ုပ်ဆရာတော် ကြီးထံ ရောက်နေချိန်မှာ ကျောင်းဒကာ ကြီး ဦးလှအောင်ဆိုသူ ရောက်လာပြီး ဆရာတော်ကြီးကို ဝတ်ဖြည့်ကန်တော့ လာပါတယ်။

"ဩော် - ဒကာကြီးပါလား။ ကျောင်းကိုမရောက်တာ ကြာပြီနော်။ နေမကောင်းဘူးကြားတယ်။ အခုတော့ နေကောင်းသွားပြီလား"

"တင်ပါ့ဘုရား၊ အိပ်ရေးပျက်တဲ့ ရောဂါရနေလို့ပါဘုရား။ အိပ်ရေးပျက် တော့ အားနည်းတာပါ ဘုရား"

"အခုတော့ နေကောင်းသွားပြီ လား။ ပိန်တော့အတော်လေးပိန်သွား တယ်နော်"

"မှန်ပါ့ဘုရား၊ အိပ်ရေးပျက်တော့ မစားနိုင်မသောက်နိုင်ဘူးပေါ့ ဘုရား"

"အခုတော ဘာဆေးတွေနဲ့တည့် သွားတာလဲ"

ကျွန်ုပ်လည်း ဆရာတော်နဲ့ ဦးလှ အောင်တို့ စကားပြောနေတာကို နားစွင့် နေရပါတယ်။

"ဒီလိုပါဘုရား၊ တပည့်တော်က အသက် (၇၀) ရှိပြီဆိုတော့လည်း လူ ကြီးရောဂါတွေစုံလာပါပြီ ဘုရား။ ငယ် ငယ်ငယ်ကလည်း ပင်ပင်ပန်းပန်းလုပ်ခဲ့ တဲ့ဒဏ်တွေပါ စုခံရပြီး ချူချာနေတာပါ ဘုရား။

တစ်နေ့ အစားမှားလို့ ထင်ပါ တယ်။ ဝမ်းသုံး၊ လေးခါသွားပါတယ်။ ည နေပိုင်း ဆေးခန်းသွားပြတော့ ဝမ်းရပ် ဆေးပေးလို့ ဝမ်းတော့ရပ်သွားပါတယ် ဘုရား။ ဝမ်းသွားရပ်သွားပေမယ့် ရေငတ်လာပါတယ်။ ရေငတ်လို့ ရေ သောက်ပြန်တော့ ဆီးကသွားပြန်ရော။ ဆယ်မိနစ်ခြားလောက်ထထသွားနေရ တော့ အလုပ်လည်းမလုပ်နိုင်။ ညဘက် ဆိုလည်း ကောင်းကောင်းမအိပ်ရတော့ လူကိုယူပစ်သလို ပိန်ကျသွားပြီး အိပ်ရာ ထဲလဲတော့တာပဲ။

ရေငတ်လို့ ရေသောက်၊ ရေ သောက်တော့ ဆီးသွား၊ ဆီးသွားပြီး ရေ ငတ်ပြန်တော့ ရေသောက်ရနဲ့ မုန့်လုံး [illegible]ကပ်ပြီး ဂျာအေး သူ့အမေရိုက်တဲ့ တဗျာလိုဖြစ်နေလို့ သားသမီးတွေက ဆေးခန်းခေါ်သွားပြန်တော့ ဆရာဝန်က စမ်းသပ်ပြီး ဆီးအိမ်ကျတာပါလို့ပြောပြီး ဆေးထိုး၊ စားဆေးပေးပြီး ချောင်းဆုံ ဆေးရုံကိုသွားဖို့ ညွှန်ပါတယ် ဘုရား။

တပည့်တော်က ဆေးရုံလည်း မတက်ရဲတာလည်း ပါပါတယ်။ နောက် လယ်သိမ်းချိန်ကလည်း ဖြစ်နေတော့ ဆေးရုံမှာ လိုက်စောင့်ပေးမယ့်လူက လည်းမရှိဖြစ်နေတော့ မတက်ဖြစ်သေး ဘဲ ဆရာဝန်ပေးတဲ့ဆေးပဲသောက်နေ ပေမယ့် ဒုံရင်းပါပဲ ဘုရား။ ဆီးသွား လည်းမရပ်၊ ရောဂါသက်ရှည်နေတုန်း မော်လမြိုင်က တူတစ်ဦးရောက်လာပြီး သူပေးသွားတဲ့ဆေးနည်းအတိုင်းသောက် လိုက်တာ ပျောက်ကင်းသွားတော့တာပဲ ဘုရား။

တူမောင်ပြောတာကတော့ ဒီ ရောဂါမျိုးက ကလေးမှာသာ အဖြစ်များ ပြီး လူကြီးတွေဖြစ်ခဲတယ်လို့ ဆိုပါတယ်။ ရောဂါအမည်ကတော့ 'ရေသောက်သေး ပေါက်' တဲ့ ဘုရား။ နောက်တစ်မျိုးက 'ရေငတ်ကျင်ပြောတဲ့ရောဂါပါ'တဲ့ဘုရား"

ဦးလှအောင်က စကားရပ်ပြီး ရေ နွေးငုံ့သောက်နေပါတယ်။ ဆရာတော် က ကွမ်းယာနေပြီး ကျွန်ုပ်ကတော့ ဦးလှ အောင်ဆက်ပြောလာမယ့် ဆေးနည်းကို ငံ့လင့်နေပါတယ်။ ရေနွေးတစ်ပန်းကန် ကုန်မှ ဆေးနည်းကို ဆက်ပြောလာပါ တယ်။

သူပေးတဲ့ဆေးနည်းက မြန်မာ့ နည်းလွယ်လွယ်လေးပါပဲဘုရား။ တပည့် တော်တို့ပတ်ဝန်းကျင်တောတောင်တွေ မှာပေါက်နေတဲ့ သစ်ပင်ရဲ့အမြစ်တွေနဲ့ ပါပဲ ဘုရား။ တစ်ပင်က ကျွန်းပင်ငုတ်တို ရဲ့အမြစ်ကိုခွာ၊ နောက်တစ်ပင်က ဇလပ် ကြီးပင်အမြစ်ကို တူးယူပြီး ဒီအမြစ်နှစ် မျိုးကို ရောဂါရှင်ရဲ့လက်ခလယ်အဆစ် နဲ့ တိုင်းပြီးဖြတ်ပါတဲ့ ဘုရား။

ဒီဖြတ်ထားတဲ့ အမြစ်နှစ်ခုကို စုပြီး နိုးသုံးတန်စည်းပါတဲ့ ဘုရား။ သည်နိုး စည်းထားတဲ့ ဆေးမြစ်ကို မြေအိုးထဲ ထည့်ပြီး ငှက်ပျောဖူးပုလင်းနဲ့ ရေ သုံးပုလင်းထည့်ပြီး တစ်ပုလင်းကျန် [illegible] ကျိုရပါတယ် ဘုရား။

ဒီကျန်နေတဲ့ တစ်ပုလင်းစာဆေး ရည်ကို သုံးခွက်ခွဲပြီး မနက်တစ်ခွက်၊ နေ့လယ်တစ်ခွက်၊ ညနေဘက်တစ်ခွက် သောက်ရပါတယ် ဘုရား။ တပည့်တော် ကတော့ သုံးခွက်စလုံး မသောက်ရဘဲ နှစ်ခွက်နဲ့တင် ပျောက်ကင်းသွားပါတယ် ဘုရား"

ဦးလှအောင်က သူပျောက်ကင်း ခဲ့တဲ့ ဆေးနည်းကိုပြောပြီး စကားအဆုံး သတ်လိုက်ပါသည်။

"ဒကာကြီး ဆေးနည်းကတော့ လွယ်ပါတယ်။ ဇလပ်ကြီးပင်ကတော့ နေရာတိုင်းမှာရှိပေမယ့် ကျွန်းပင်ကရှာ ရခက်တယ်လေ။ ကျွန်းပင်မရှိတဲ့နေရာ တွေကျတော့ ဘယ်လိုလုပ်ရမှာလဲ"

"ဒါကိုလည်း တပည့်တော်တူကို မေးကြည့်ပါသေးတယ်။ တပည့်တော်တူ က မော်လမြိုင်မှာ ကလေးသုံးယောက် ကို ဒီနည်းနဲ့ ကုသပေးခဲ့တယ်တဲ့ ဘုရား။ ကျွန်းပင်အမြစ်မရလို့ ကျွန်းသား အဟောင်းတွေနဲ့ပဲစမ်းပြီး တိုက်ကြည့် တာ။ ကလေးသုံးယောက်စလုံး ပျောက် ကင်းသွားတယ်လို့ ဆိုပါတယ် ဘုရား။

လူနာရဲ့ လက်ခလယ်အဆစ်နဲ့ တိုင်းပြီး နိုးသုံးတန်စည်းဖို့က အဓိကလို့ ဆိုပါတယ် ဘုရား။ နောက်တပည့်တော် တူက ဆက်ပြောသွားပါသေးတယ်။ သည်ဆေးနည်းက ရတနာမွန်စာစောင် မှာပါခဲ့တဲ့ စာရေးဆရာ ထီးချိုင့်နတ်စိုး ရေးတဲ့ ဆေး နည်းပါတဲ့ဘုရား"

"ဩော် - အဲဒါကြောင့်မို့လည်း ဒီဆေးနည်းကစွမ်းတာကိုး ဒကာရဲ့။ ထီးချိုင့်နတ်စိုးဆိုတာ စွယ်စုံပညာရှင် ကြီး။ ထီးချိုင့်မြို့မှာ သီတင်းသုံးတဲ့ တည်တောဆရာတော်ကြီးပါပဲ ဒကာ ရေ"

ကျွန်ုပ်လည်း ဦးလှအောင်ပြောပြ တဲ့ ဆေးနည်းကို ကြားခဲ့ရ၍ လိုသူများ သုံးနိုင်ရန် တင်ပြပေးလိုက်ရပါတယ်။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှုယဉ် (မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

ခင်မင်လေးစားရပါသော သူရဇ္ဇမဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးသို့ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံစေတီရင်ပြင်ပေါ်မှ ထင်ရှားကျော်ကြား စေတီဘုရားများအကြောင်း လစဉ်တင်ပြလာခဲ့သည်မှာ ယခုလဆိုပါလျှင် အမှတ်(၇) ဘုရားသို့ရောက်ရှိလာပြီ ဖြစ်ပါသည်။ ယခုလတင်ပြလိုသည်က ရွှေတိဂုံစေတီတော်အင်္ဂါထောင့်နှင့် တနင်္လာထောင့်ကြားမှာတည်ရှိ ထူးထူးခြားခြား ပိတုန်းပဒိုင်းမုနိမြတ်စွာဘုရား ဖြစ်တော်မူပါသည်။

**လာဘ်ရှင်လာဘ်ရ ပိတုန်းဖိုနှင့် ပိတုန်းမ**

ပိတုန်းပဒိုင်းမြတ်စွာဘုရားတန်ဆောင်းအတွင်းမှာတည်ရှိ ပိတုန်းပဒိုင်းဘုရားသို့ အပတ်စဉ် တနင်္လာနေ့ မွေးနေ့တိုင်း ရွှေတိဂုံဘုရားပေါ် တက်ရင်း ဝင်ရောက်ဖူးမြော် ကုသိုလ်တော်ယူနေကျဖြစ်ပါသည်။ ပိတုန်းပဒိုင်းဘုရားသို့ အပတ်စဉ် ဝင်ရောက် ဖူးမြော်ဖြစ်သည့် အဓိကအကြောင်းရင်းက 'လာဘ်ရှင်လာဘ်ရ ပိတုန်းဖိုနှင့်ပိတုန်းမ' ဟု ကျော်ကြား၍ လူအများ ဝင်ရောက်ဖူးမြော်ကုသိုလ်ယူကြသကဲ့သို့ စာရေးသူအနေနှင့်ကလည်း ဘုရားသမိုင်း အတိအကျမသိရသော်လည်း အများနည်းတူ ဝင်ရောက် ဖူးမြော် ကုသိုလ်တော်ယူဖြစ်ပါသည်။ ထူးခြားမှုကတော့ ရွှေရောင်အဆင်းဝင်းပ ကြည်ညိုဖွယ် အထူးကောင်းလှသည့် ရုပ်ပွားတော်မြတ်အား

# ကံ့ဝင်း

## ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

### အမှတ်(၇)


## ထူးထူးခြားခြား ပိတုန်းပဒိုင်းမုနိမြတ်စွာဘုရား



တန်ဆောင်းအတွင်းမှ ရုပ်ပွားတော်မြတ်ကြီး



တန်ဆောင်းအတွင်းမှရုပ်ပွားတော်



တန်ဆောင်းအတွင်းမှဖူးမြော် မြတ်ရွှေတိဂုံစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတန်ခိုးကြီးမား ပိတုန်းပဒိုင်းမုနိဘုရား



ထူးထူးခြားခြား ကြီးပွားချမ်းသာဘုရား
တန်ဆောင်းအတွင်းမှသီတင်းသုံးတော်မူစဉ်
ပြုံးတော်မူပုံ



ပိတုန်းပဒိုင်းမုနိတန်ဆောင်းအတွင်းမှ
ရုပ်ပွားတော်များ



ပိတုန်းပဒိုင်းမုနိဘုရားရုပ်ပွားတော်မြတ်၏
လက်ဝဲ၊ လက်ယာမှ ထောက်ရှင်ထောက်ရ
ပိတုန်းဖို



ပိတုန်းပဒိုင်းမုနိဘုရားရုပ်ပွားတော်မြတ်၏
လက်ဝဲ၊ လက်ယာမှ ထောက်ရှင်ထောက်ရ
ပိတုန်းမ

ဝင်ရောက်ဖူးမြော်ပြီးပါလျှင် ရုပ်ပွားတော်မြတ်၏ လက်ဝဲ၊ လက်ယာမှာ ထင်ထင်ရှားရှား ထုလုပ်ရွေချထားသော ပိတုန်းဖိုနှင့် ပိတုန်းမ ရုပ်ပုံနှစ်ပုံအား လက်ဝါးနှစ်ဖက်ယှက်တင် ဆုတောင်းပြီး မိမိ၏မျက်နှာကိုပြန်ပြီးအုပ်လျက် ဆုတောင်းနေကြ၏။ဘာတွေဆုတောင်းကြသနည်း၊ ပိတုန်းဖိုနှင့် ပိတုန်းမမောင်နှံက ဘာတွေမည်သို့စွမ်းသနည်း စသည်ဖြင့် စာရေးသူ ရောက်တိုင်း တွေးခဲ့၏။ ရံဖန်ရံခါတော့ မတတ်သာ သိချင်သည့်ဆန္ဒနှင့် ဘုရားဖူးတချို့ကိုမေးမိ၏။ တချို့က ဖြေပါသည်။ အရွယ်ကြီးသူများက ကျန်းမာရေး၊ စီးပွားရေး၊ အရွယ် (၃၀)၊ (၄၀) ဝန်းကျင်များက စီးပွားရေး၊ ရာထူးတိုး



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမင်းသမီးသီရိနံ့တွေ့ရှိခဲ့သော ရတနာပန်းခက်များ



တိုင်းမင်းသမီးသီရိနံ့၏ ထက်စောင်



ဥက္ကဋ္ဌကြီးဦးမြတ်စောင်မှ စာရေးသူအား အသေးစိတ်ရှင်းပြသော ပိတုန်း ချိန်ခွင့်စဉ်



ဥက္ကဋ္ဌကြီးဦးမြတ်စောင်နှင့်စာရေးသူ

တက်၊ အိမ်မှုကိစ္စ၊ လူမှုရေးကိစ္စ၊ ငယ်ရွယ်သူလူငယ်များက အချစ်ရေး၊ အင်းစုံလို့ စုံလို့ပေါ့။ လူ့အလို နတ်မလိုက်နိုင်သော်လည်း ပိတုန်းဖို၊ ပိတုန်းမမောင်နှံက အလိုပြည့်ဝဆိုပါလား။

ဘာရမလဲဗျာ၊ စာရေးသူကလည်း အများနည်းတူပေါ့။ ဦးစွာပထမ ပိတုန်းပဒိုင်းဘုရားသို့ ဆယ်ဖြာလက်အစုံ ကြာပဒုံဖြင့် ဦးထိပ်တင်မိုး ရှိသေစွာ ရှိခိုးကန်တော့လိုက်၏။ ပြီးတော့ ပိတုန်းဖိုနှင့် ပိတုန်းမမောင်နှံကို လက်နှစ်ဖက်အုပ်ကျွန်ုပ်၏ဘဝခရီးလမ်းမှာ အောင်ပန်းတွေပွင့်ရပါစေ။

## သမိုင်းကိုရှာဖွေခြင်း

ပိတုန်းပဒိုင်းမုနိဘုရားသမိုင်းရေးရန် သမိုင်းအချက်အလက် လိုလာပြီဖြစ်၍ ဘုရားဈေး စာအုပ်တန်းမှာ မွှေနှောက်ရှာကြည့် ရှာလို့မရ။ ပန်းဆိုးတန်း အဟောင်းတန်းမှာ မရှိ။ အခက်တွေ့နေရ၏။ မေးပါများတော့ စကားရ ဆိုသကဲ့သို့ ဟိုမေးဒီမေး၊ လူကြီးတချို့မေးတော့ ဂေါပကလူကြီး ဦးစပ်ထွန်းမှတ်ဝင်းလက်ထက်က စာတမ်းပြုစုခဲ့ဖူးသလိုကြား၍ အကြောင်းမညီ၍ စာအုပ်မဖြစ်ခဲ့ ဆိုသည့်သတင်းအစကိုကြားခဲ့ရ၏။

'ကတွတ်ပေါက်က ဗျိုင်းစောင့်' ဆိုသောစကားအရ ပိတုန်းပဒိုင်းဘုရားတန်ဆောင်းသို့ မကြာခဏ အရောက်



အသင်းကြီးနှင့်ဆက်သွယ်ပေးသော ရွှေပေါက်ကံရှ မထေး



www.burmeseclassic.com

www.burmeseclassic.com



စတုသစ္စာပါရမီရှင်အသင်းသူအသင်းသားများနှင့် အမှတ်တရ

သွား၍ စနည်းနာခဲ့၏။ မကြာခဏ သွားရောက်ရသောအကျိုးဟု ဆိုရပါလိမ့်မည်။ တစ်နေ့သ၌ ရွှေပေါက်ကံမှာနေသော မလေးနှင့် တန်ဆောင်းတွင်းမှာ ဆုံမိ၏။

မလေးသည် စာရေးသူတို့နှင့် နှစ်စဉ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ ဆီမီး (၅၀၀၀)၊ ပန်းစေတီတည်ပွဲသို့ လိုက်ပါနေသော သဒ္ဓါကြည်လင် ပါရမီရှင်တစ်ဦး ဖြစ်ပါသည်။ စာရေးသူအား မလေးမှ ပြောပြသည်မှာ သူသည် ပိတုန်းပဒိုင်းမုနိ တန်ဆောင်းမှာတည်ရှိ စတုသစ္စာပါရမီ ဝေယျာဝစ္စအသင်း၏အသင်းသူအသင်းသားဖြစ်၍ မကြာခဏ အသင်းတည်ရာသို့လာ၍ အခါကြီးရက်ကြီးများနှင့် တနင်္ဂနွေနေ့အရက်စာက်တွင် ဆွမ်းကပ်လှူဒါန်းခြင်း၊ စုပေါင်းဝတ်ရွတ်ပူဇော်ကန်တော့ခြင်းလုပ်ပါကြောင်း၊ ယခုပိတုန်းပဒိုင်းတန်ဆောင်းမှာတည်ရှိ သူတို့၏ အသင်းဥက္ကဋ္ဌသည် ငယ်စဉ်လူငယ်ဘဝကပင် ဤတန်ဆောင်းတွင် အစဉ်အမြဲ ဝေယျာဝစ္စ သယ်ပိုးဆောင်ရွက်လာသူဖြစ်၍ ရှေးမီနောက်မီလူကြီးဖြစ်သည့်အပြင် ဘုရားသမိုင်းကိုပါ ရှင်းပြနိုင်သူဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ စာရေးသူနှင့် တွေ့ဆုံမေးမြန်းနိုင်ရန် မလေးမှ စီစဉ်ပေးပါတော့၏။

၁-၆-၂၀၁၄ (တနင်္ဂနွေနေ့)။

နံနက်ခင်းနေရောင်ခြည်အလင်းပွင့်များနှင့်အတူ ဘုန်းတန်ခိုးကြီးမား



ပိတုန်းပဒိုင်းမုနိဘုရား အဓိဋ္ဌာန်လာဝင်သူများ



အသင်းဥက္ကဋ္ဌကြီးဦးမြတ်ဆောင်နှင့် တွေ့ဆုံမေးမြန်း သတင်းယူနေပုံ



www.burmeseclassic.com

www.burmeseclassic.com

လေးဆူမာတ်ပုံ ဘုရားရွှေတိဂုံရင်ပြင်တော်သို့ စာရေးသူ ရောက်လာသည်။ ပိတုန်းပဒိုင်းမုနိတန်ဆောင်းတွင်း ဝင်လိုက်တော့ မလေးက ခရီးဦးကြိုနေသည်ကို တွေ့ရ၏။ ပိတုန်းပဒိုင်းရုပ်ပွားမြတ်ဘုရားရှေ့မှာတော့ နဖူးကျယ်ကျယ်၊ မျက်ခုံးမွေးကောင်းကောင်း၊ အသက် (၇၀) ကျော်အရွယ် လူကြီးတစ်ယောက် တရားထိုင်နေသည်ကို တွေ့လိုက်ရ၏။ ထိုလူကြီးသည် ပိတုန်းပဒိုင်းမုနိတန်ဆောင်းတွင်းမှာတည်ရှိ စတုသစ္စာပါရမီအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဦးမြတ်အောင် ဖြစ်ပါသည်။ မကြာမီမှာပင် ဥက္ကဋ္ဌ ဦးမြတ်အောင် တရားထိုင်ပြီးပါတော့၏။ မလေး၏ မိတ်ဆက်ပေးမှုဖြင့် ဥက္ကဋ္ဌဦးမြတ်အောင်နှင့် သိကျွမ်းခဲ့ရ၏။ လာရင်းကိစ္စကိုကြိုသိပြီးကြသည့်အတိုင်း စတုသစ္စာပါရမီအသင်း၏ဥက္ကဋ္ဌဖြစ်သူ ဦးမြတ်အောင်သည် စာရေးသူသိလိုသော ပိတုန်းပဒိုင်းမုနိမြတ်စွာဘုရားသမိုင်းနှင့် ခေတ်များကို ဖြတ်သန်းသူ၏ ဝေယျာဝစ္စ ခရီးလမ်းအတွေ့အကြုံများတို့ တက်ကြွရွှင်လန်းစွာဖြင့် မမောမပန်းပြောကြားပါတော့၏။

**ဝိဇ္ဇာမိုရ်ရဘိုးဘိုးကြီးနှစ်ပါးတည်ထား ပိတုန်းပဒိုင်းမုနိမြတ်စွာဘုရား**

ပိတုန်းပဒိုင်းမုနိတန်ဆောင်းပထမအလှူရှင်သည် ဩဘိုးသာနှင့် ဇနီး ဒေါ်လေဒီသွင်တို့မှ ဆောက်လုပ် လှူဒါန်းခဲ့ကြ၏။ ဩဘိုးသာ၏သူငယ်ချင်းဖြစ်သူ လယ်ပိုင်ရှင်သူဌေးကြီး ဦးမြတ်သင်းနှင့် သူဌေးကတော် ဒေါ်သော့တို့က ဩဘိုးသာတန်ဆောင်းမှာ ရုပ်ပွားတော်တစ်ဆူ ထုလုပ်ပူဇော် လှူဒါန်းလိုကြလေ၏။ လောကီအစီအရင်ကို တတ်မြောက်သော ဩဘိုးသာကို အပူကပ်ကြ၏။ ရုပ်ပွားတော်တစ်ဆူစီရင်ဆောင်ရွက်ပေးပါရန် တောင်းဆိုကြ၏။

ဤသို့ဖြင့် လောကီအစီအရင်ဖြင့် ဘုရားရုပ်ပွားတော်တစ်ဆူ တည်ရန်အတွက် ဩဘိုးသာသည် ဦးစွာပထမအဘ ပထမံဘိုးဘိုးအောင်နှင့် အဘဘိုးမင်းခေါင် ဝိဇ္ဇာမိုရ် ဘိုးဘိုးကြီးနှစ်ပါးအား ဝင့်ဖိတ်တော်မူသောအခါ ဘိုးဘိုးနှစ်ပါးကြွတော်မူကြလျက် ဩဘိုးသာ၏ဆန္ဒမှာ ထိုစဉ်က အင်္ဂလိပ်အစိုးရအုပ်ချုပ်မင်းလုပ်နေစဉ်ကာလဖြစ်သဖြင့် နယ်ချဲ့၏ အနိုင်ကျင့်နှိပ်စက်မှုများကို မခံနိုင်လွန်းလှသဖြင့် နယ်ချဲ့ကို တွန်းလှန်လိုသောဆန္ဒ၊ နယ်ချဲ့ကိုအနိုင်တိုက်လိုသောဆန္ဒပြင်းပြခဲ့၏။ အင်္ဂလိပ်တွေကြောက်သော (၁၃) ဂဏန်းဖြင့် မြန်မာတွေ အနိုင်တိုက်စေရန် စီမံပေးဖို့ ဘိုးဘိုးကြီးနှစ်ပါးအား လျှောက်ထား တင်ပြကြလေ၏။ ဤသို့ဖြင့် 'ရန်ကိုနိုင်ခြင်း ဘေးရန်ကင်း လက်ငင်းချမ်းသာမည်'ဟု မိန့်ဆိုလျက် မြန်မာပြည်သူပြည်သားများ လွတ်လပ်ရေးအတွက် လောကီအစီအရင်များဖြင့် ပိတုန်းပဒိုင်းမုနိရုပ်ပွားတော်မြတ်ကြီးကို ၁၂၁၁ ခု၊ တပေါင်းလ၌ ဘိုးဘိုးနှစ်ပါးဆုံစည်းကြလျက် စီမံပူဇော်တော်မူခဲ့ကြလေ၏။

ထူးခြားမှုတစ်ခုဟု ဆိုရပေမည်။ ဝိဇ္ဇာမိုရ်ဘိုးဘိုးကြီးနှစ်ပါးအစီအရင်များဖြင့် ပူဇော်တော်မူသော ပိတုန်းပဒိုင်းမုနိမြတ်စွာဘုရားသည် တည်ပြီးစအချိန်မှစ၍ ထင်ရှားကျော်ကြားမှုနှင့်အတူ လာရောက် ဖူးမြော် ကုသိုလ်ယူ ဆုတောင်းသူများဖြင့် စည်းကားခဲ့လေ၏။ ဝိဇ္ဇာမိုရ်ဘိုးဘိုးကြီးနှစ်ပါး တည်ထားသည့်ဘုရားဟု လာရောက် ဖူးမြော်ကြသကဲ့သို့ နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုရန်အန္တရာယ်မှလွတ်စေရန် ရည်သန်လာရောက် ဖူးမြော် ဆုတောင်းတော်မူကြသူများလည်း များလှ၏။ လာရောက်ဖူးမြော် ဆုတောင်းသူများသည် နယ်ချဲ့တို့၏ မတရားကောက်ခံသော လူခွန်၊ လယ်ခွန်တို့မှ သက်သာသည့်အပြင် 'ဘုရားဖက်တော့ အသက်ရှည်' ဆိုသကဲ့သို့ မတရားညှဉ်းပန်းနှိပ်စက်မှုရန်အန္တရာယ်မှ ကင်းဝေးခဲ့ကြလေ၏။

အထူးသဖြင့် ထိုစဉ်က လျှို့ဝှက်တော်လှန်ပုန်ကန်ခဲ့ကြသော မျိုးချစ်များသည် ပိတုန်းပဒိုင်းမုနိဘုရားသို့ လာရောက်ကြလျက် ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ကောင်းစွာပြုလျက် မြန်မာပြည် လွတ်လပ်ပါစေဟု သစ္စာဆို ဆုတောင်းမှုများပြုကြပါကြောင်း၊ ရှေးမီနောက်မီလူကြီးများ ပြောစကားအရ သိခဲ့ရပါသည်။

**ဗိုလ်ချုပ်အောင်ဆန်း လာရောက်ဖူးမြော်ခြင်း**

ဒုတိယကမ္ဘာစစ်ကာလ တော်လှန်ရေးသမိုင်းဦးအစ၌ သခင်အောင်ဆန်းနှင့် ကျောင်းသားခေါင်းဆောင်များသည် ရွှေတိဂုံစေတီမြတ်ကြီးသို့ တက်ရောက် ဖူးမြော်ကြပြီးသကာလ အဂ္ဂိထောင့်အနီးမှာတည်ရှိ ပိတုန်းပဒိုင်းမုနိဘုရားသို့လည်း လာရောက်ဖူးမြော်ကြလျက် မြန်မာပြည်လွတ်လပ်ရေး ရည်မျှော် ဆုတောင်းတော်မူခဲ့ကြောင်းလည်း ကြားသိရပါသည်။

**ပါတီကြီးတစ်ခုမှနိုင်ငံရေးခေါင်းဆောင်**

လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလ ခေတ်အဆက်ဆက်မှ နိုင်ငံအကြီးအကဲများသည်လည်း ပိတုန်းပဒိုင်းမုနိဘုရားသို့ လာရောက်ဖူးမြော်ကုသိုလ်ယူကြလေ၏။ ယနေ့မျက်မှောက်ခေတ်ကာလ၌လည်း ပါတီကြီးတစ်ခုမှ နိုင်ငံရေးခေါင်းဆောင်တစ်ဦးသည် အဂ္ဂိထောင့်အနီးမှာတည်ရှိ ပိတုန်းပဒိုင်းမုနိမြတ်စွာထံပါး အရောက်သွား၍ သစ္စာဆို အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ပါကြောင်း၊ ပိတုန်းပဒိုင်းမုနိမြတ်စွာဘုရားတန်ဆောင်းမှာတည်ရှိ စတုသစ္စာပါရမီအသင်းဥက္ကဋ္ဌဖြစ်သူ ဦးမြတ်အောင်မှ စာရေးသူအား ပြောပြပါသည်။

**သီရိဒုံလာရောက်ဖူးမြော်ခြင်း**

ဆက်လက်ပြီး ဦးမြတ်အောင်မှ ထိုင်းဘုရင်၏သမီးတော် မင်းသမီးသီရိဒုံသည် ရွှေတိဂုံဘုရားကြီးသို့ လာရောက်ဖူးမြော်ရင်း ပိတုန်းပဒိုင်းမုနိမြတ်ဘုရားရှေ့တော်မှောက်ရောက်လာလျက် ဆယ်ဖြာလက်အစုံ ကြာပဒုံဖြင့် ရိုသေစွာ ရှိခိုးပူဇော်ခဲ့ပြီးနောက် အသင်းဥက္ကဋ္ဌဖြစ်သူ ဦးမြတ်အောင်သို့ ယိုးဒယားဖယောင်းတိုင်ကြီး(၂)တိုင်နှင့် ယိုးဒယားဖယောင်းတိုင်များ၊ အမွှေးတိုင်များ၊ ငွေပန်းခိုင်၊ ငွေပန်းခက်နှင့် ငွေကြာဖူးများကို အမှတ်တရလက်ဆောင်အဖြစ် ချီးမြှင့်သွားပါကြောင်း စာရေးသူအား ရှင်းလင်းပြောပြပါသည်။

*(မှတ်ချက်။ ။ထိုင်းမင်းသမီးသီရိဒုံ ချီးမြှင့်သွား လက်ဆောင်များကို ပိတုန်းပဒိုင်းတန်ဆောင်းတွင်းရှိ မှန်ကျောင်းဆောင်အတွင်းမှာ တွေ့မြင်နိုင်ပါသည်။ စာရေးသူ)*

**ထူးထူးခြားခြားဖြစ်ရပ်များမှ ရှာမနိုင်နိုင်သောတစ်ဦး၏ဖြစ်ရပ်**

ပိတုန်းပဒိုင်းသီတင်းသုံးတော်မူရာ တန်ဆောင်းတော်၌ ဖွဲ့စည်းထား စတုသစ္စာပါရမီရှင် သာသနာ့အကျိုးတော်ဆောင်အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဦးမြတ်အောင်သည် တန်ဆောင်းအတွင်း ရှေးယခင်အခါက ကိုးကွယ်လှူဒါန်းထားခဲ့ကြသော ရုပ်ပွားတော် (၁၃) ဆူအနက် လူတွေ့ထိုင်ကြမ်းခင်းနှင့် တစ်တန်းတည်းရှိနေသော ရုပ်ပွားတော်တချို့နှင့် ဗိုတစ်စုဒီတစ်စုဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားတော်များကို အုတ်ခုံပလ္လင်သော ချာပြု၍ အမြင့်တွင်တည်ထား ပူဇော် ချင်သောဆန္ဒ ပြင်းပြနေ၏။ ပြုပြင်ရန်၊ ပလ္လင်တည်ရန် မိမိတို့၏ အင်အားဖြင့် မပြုလုပ်နိုင်ဖြစ်နေ၏။

တစ်နေ့သည့် ပိတုန်းပဒိုင်းမုနိ ဘုရားကြီးသို့ 'စိန်ဒိုင်းမွန်း' သဘော်ဆေး လုပ်ငန်းမှအကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဦးပုနှင့်အတူ ဂျာမနီနိုင်ငံမှ ရောက်လာ သူ မစ္စတာစီးဝီး (SE WIE) တို့သည် လာရောက် ဖူးမြော်ကြလေ၏။ မစ္စတာ စီးဝီး(SE WIE)သည် ခရစ်ယာန်ဘာသာ ဝင်ဖြစ်သော်လည်း ပိတုန်းပဒိုင်းမုနိ ဘုရားကြီးအား ကြည်ညို၍မဆုံးဖြစ် နေလေ၏။ မုနိရုပ်ပွားတော်မြတ်ကြီး အား အကြာကြီးဖူးမြော်နေသော်လည်း ကန်တော့ခြင်းမျိုး မလုပ်ပါ။ အတန် အသင့်ကြာဖူးပြီးနောက် ဦးမြတ်အောင် အား နှုတ်ဆက်၍ ပြန်သွားကြ၏။

ဂျာမန်ကြီး ပြန်သွားပြီး မကြာမီ ရက်(၂၀)ခန့်တွင် ဦးပု၏သမီးမှတစ်ဆင့် သတင်းတစ်ခု ကြားရ၏။ ထိုသတင်း ကား ဂျာမန်ကြီးသည် ဂျာမနီပြန်ရောက် ပြီး နောက်တစ်နေ့တွင် ယာဉ်တိုက်မှု ဖြစ်ပြီးနောက် ဒဏ်ရာအကြီးအကျယ် မရသော်လည်း တစ်ပတ်ခန့်ကြာသည် အထိ သတိမရဘဲ မေ့မြောနေလေ၏။ သတိပြန်ရလာသောအခါ သူမေ့မြော နေစဉ်ကာလတွင် မြန်မာပြည် ရွှေတိဂုံ စေတီကြီးမှ ပိတုန်းပဒိုင်းဘုရားကြီးရှေ့ တော်မှောက်ရောက်သွားပြီး ကြည်ကြည် နူးနူးဖူးနေရကြောင်း၊ သူ၏ကားတိုက်မှု သည် ပြင်းထန်လွန်းလှသည်ဖြစ်ရာ သေ ကံမရောက်ရခြင်းသည် ပိတုန်းပဒိုင်း မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ယုံကြည်ရပါကြောင်း၊ သို့ဖြစ်ပါ၍ ယာဉ် တိုက်မှုကြောင့် ရရှိလာမည့် လျော်ကြေး ငွေများကို ပိတုန်းပဒိုင်းမုနိဘုရားအတွက် လိုအပ်သလို အသုံးပြုပါရန် ပေးပို့မည် ဖြစ်ကြောင်း သတင်းကောင်းကြားကြ ရ၏။ ထိုသတင်းကို ကြားရသောအခါ ဦးမြတ်အောင်သည် အားရဝမ်းသာထ ခုန်မိသည်အထိဖြစ်ခဲ့ရ၏။ အုတ်ပလ္လင် အခိုင်အမာလုပ်၍ ရုပ်ပွားတော်များ အမြင့်သို့တင်ရန် ငွေလိုအပ်နေသည် အချိန်တွင် ယခုကဲ့သို့ ထူးဆန်းစွာ လုံလုံ လောက်လောက် အလှူခံရရှိသည်ဖြစ်၍ ဦးမြတ်အောင်တို့၏ဆန္ဒသည် ဧကန်ပြီး မြောက် ခရီးရောက်ခဲ့ပါတော့သည်။

*(မှတ်ချက်။ ။ ယခု စာရှုသူများ ဖူးတွေ့ရသည့် ရုပ်ပွားတော်များ သီတင်း သုံးရာ အုတ်ပလ္လင်ကြီးသည် ဂျာမနီနိုင်င သား မစ္စတာစီးဝီးနှင့် မြန်မာပြည်မှ သဒ္ဓါ ကြည်လင် အလှူရှင်များ၏ ကောင်းမှု တော်ဖြစ်ပါသည်။ ပလ္လင်များ ပြန်လည် ၍ အသစ်တစ်ဖန် ပြေပြစ်ကပ်လှူ ထားခြင်းနှင့် ရုပ်ပွားတော်များ မွမ်းမံ ရွှေလှူအလှူရှင်သည်ကား မူလ ပိတုန်း ပဒိုင်းဘုရားတန်ဆောင်းအလှူရှင် ကြွ ဘိုးသာ၏ မြစ်တော်သူ ဒေါ်စိန်မပု ဖြစ် ပါကြောင်း။)*

**ဘုရားရုပ်ပွားတော်အောက်မှကျိန်စာ**

'ဤဘုရားရုပ်ပွားတော်အား ဖျက် စီးခြင်း၊ ရွှေ့ပြောင်းခြင်းများပြုသောသူ တို့သည် ဆွေ (၇) ဆက်၊ မျိုး (၇) ဆက် သွေးအန်သေကြပါစေ'

ပလ္လင်ပြုလုပ်ပြီး၍ အနိမ့်ပိုင်းမှ ဘုရားများ အမြင့်ပေါ် ပင့်တင်စဉ်က ထူးဆန်းစွာဖြင့် ကြုံတွေ့ရသော အဖြစ် အပျက်တစ်ခု ဖြစ်ပါ၏။

ထိုစဉ်က ဦးဆောင်ဦးရွက်ပြုသူ ဦးမြတ်အောင်သည် အရွယ်ကောင်း တုန်းဖြစ်၍ စိတ်မြန်ကိုယ်မြန်နှင့် အား ကြိုးမာန်တက် ဆောင်ရွက်ခဲ့ရာ မမျှော် လင့်သော ကျိန်စာများကြောင့် ဝေယျာ ဝစ္စအကျိုးဆောင်ရွက်ရင်း တုန်လှုပ်ခဲ့ရ ၏။ ထိုကျိန်စာကိုကြောက်၍ နောက် ဆုတ်လိုက်လျှင် အကြံအစည်ဖျက်ရပါ တော့မည်။ မြတ်စွာဘုရားရုပ်ပွားတော် များ အမြင့်သို့တင်တော်မူလုပ်ငန်းသည် အလွန်မွန်မြတ်လှသောလုပ်ငန်းဖြစ်လှ ကား 'ဤအလုပ်သည်ကား အလွန်မွန် မြတ်လှသော ကုသိုလ်ရေးကြီး ဖြစ်၏။ ကောင်းတာလုပ်ရင် ကောင်းကျိုးရမှာ ဖြစ်၍ ငါနောက်မဆုတ်တော့။ ကျိန်စာ တွေ ဘယ်လိုရေးရေး ရည်မှန်းချက်ပြီး အောင် ငါဆောင်ရွက်တော့မည်' ဟု အဓိဋ္ဌာန်ပြုလိုက်၏။ ကန်တော့ပွဲများ ပေး၍ ဦးမြတ်အောင်သည် အောက်ပါ အတိုင်း သစ္စာဆို စိတ်ကြံသမူအဓိဋ္ဌာန် ပြုလေ၏။

"ကျွန်ုပ်သည် လူတွေထိုင်သည့် နေရာနှင့် တစ်ထိုင်တည်းတည်နေတော် မူသောဘုရားရုပ်ပွားတော်မြတ်များအား ကောင်းမြတ် သောအမြင့်သို့ ကုသိုလ်ယူ ပင့်ဆောင်တော်မူမည် ဖြစ်ပါသည်။ ဤသို့ပြုသော ကောင်းမှုကံ ၌ စေတနာ အမှန်ကြောင့် ဘေးကင်းရန်ကွာ စိတ် ချမ်းသာစွာဖြင့် လိုရာပြီးမြောက် ခရီး ရောက်ရပါစေ"

မွန်မြတ်သော၊ ကောင်းသော ကုသိုလ်ရေးကြောင့်ထင်သည်။ ဦးမြတ် အောင်သည် ကျိန်စာကို အနိုင်တိုက် ၍ ရုပ်ပွားတော်မြတ်များ ပလ္လင်ပေါ်သို့ အောင်မြင်စွာတင်၍ ယခုမြင်ရသည့် အတိုင်း ပူဇော်နိုင်ခဲ့ပါတော့သည်။

**ပိတုန်းပဒိုင်းမုနိတန်ဆောင်းအတွင်းမှ ထူးထူးခြားခြား ကြီးပွားချမ်းသာဘုရား**

ရန်ကုန် လသာလမ်းမှာနေ ဒေါ်ရိန် ဦးဆောင်သော တရုတ်ဗုဒ္ဓ ဘာသာဆွမ်းလောင်းအဖွဲ့သည် ရွှေတိဂုံ စေတီတော်သို့ ဈေးပိတ်သောနေ့၊ ဥပုသ်နေ့များတွင် နံနက်တိုင်းရောက် လာကြပြီး ဆွမ်း၊ မုန့်ခဲဖွယ်များ စုပေါင်း လာရောက် ကပ်လှူနေကျ ဖြစ်ပါသည်။

ထိုသို့ စုပေါင်းလာရောက် ဆွမ်း ကပ်ကြသော လပြည့်နေ့တစ်နေ့၌ ပိတုန်းပဒိုင်းဘုရားတန်ဆောင်းအတွင်း မှနေ၍ စားပွဲခုံတန်းကလေးပေါ်တွင် ဆွမ်းနှင့် ခဲဖွယ်အသွယ်သွယ်တင်၍ ရွှေတိဂုံစေတီတော်သို့ ကပ်လှူလေ၏။ ထို့အတူ တန်ဆောင်းအတွင်းရှိ 'ပိတုန်း ပဒိုင်းမုနိဘုရားနှင့် ကြီးပွားချမ်းသာ ဘုရား' နှစ်ဆူကိုလည်း ဆွမ်းနှင့် မုန့် ဆွမ်းခဲဖွယ်များ ကပ်လှူကြ၏။ လသာ လမ်း ဒေါ်ရိန်နှင့်အဖွဲ့သူအဖွဲ့သားများ ဦးစွာပထမ ရွှေတိဂုံစေတီတော်မြတ်သို့ ဘုရားဝတ်ပြု ဆွမ်းကပ်လှူကြပြီးနောက် တန်ဆောင်းအတွင်း ဘုရားများသို့ တစ် ဖန် ဘုရားဝတ်ပြု၊ ဆွမ်းကပ်ကြပြန်ပါ သည်။ ဆွမ်းကပ်လှူ ဘုရားဝတ်ပြုပြီး၍ မျက်စိဖွင့်ကြည့်သောအခါ မိမိတို့ရှေ့မှာ ရှိ ကြီးပွားချမ်းသာရုပ်ပွားတော်မြတ်ကြီး ရှေ့၌ တင်လှူပူဇော်ထား မုန့်ဆွမ်းများ သည် အုံဩဖွယ် မုန့်နှင့် ပန်းကန်များ အပါအဝင် အားလုံး ပျောက်ခြင်းမလှ ပျောက်ကုန်ကြပါတော့၏။ ဒေါ်ရိန်တို့ အဖွဲ့သားများသည်လည်း တစ်ယောက် တစ်ပေါက်နှင့် ထူးဆန်းစွာပျောက်သွား မှုကို ပြောဆိုကြသည်မှာ တန်ဆောင်း တစ်ခုလုံး ဆူညံသွားလေ၏။ ထိုတွင် ဒေါ်ရိန်မှ အားလုံးငြိမ်ကြပါရန် အော် ပြောမှ အသံများတိတ်သွားလေ၏။ တန်ဆောင်းအတွင်း တိတ်ဆိတ်သွားချိန် တွင် ဒေါ်ရိန်မှ လက်အုပ်ချီပြီး ကြီးပွား ချမ်းသာဘုရားကြီးရှေ့ မျက်နှာမူပြီး ဘုရားကြီးသို့ သူပြောတတ်သလို ပန်ကြား လျှောက်ထားပါတော့၏။

"ကြီးပွားချမ်းသာဘုရားကြီးဘုရား၊ တပည့်တော်များသည် တရုတ်ဗုဒ္ဓဘာ သာလူမျိုးများ ဖြစ်ပါတယ်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

စေတနာများစွာနှင့် ဘုရားများကို ဈေးပိတ်နေ့များတွင် ရောက်လာပြီး မုန့်ဆွမ်းများ လာကျွေးပါသည် ဘုရား။ ဒါကြောင့် ကြီးပွားချမ်းသာဘုရားကြီး ဘုရား၊ မုန့်ကိုသာစားပါ ဘုရား။ ပန်းကန်ကိုပြန်ပေးပါ၊ ပန်းကန်ကို ပြန်ပေးပါ

ဟု ဒေါ်ရိန်မှ သူပြောတတ်သလို ပြောပြီး မျက်တောင်မခတ် ဘုရားကြီးသို့ စိုက်ကြည့်နေလေ၏။ (၅) မိနစ်ခန့် အကြာမှာတော့ မုန့်မပါသောပန်းကန်များသည် ဘုရားကြီးရှေ့တော်မှောက်သို့ အံ့ဩဖွယ် ပြန်ရောက်လာကြပါတော့၏။ ထိုထူးဆန်းဖြစ်ရပ်ဆန်းများကို မြင်တွေ့ကြရသော လသာလမ်းမှ တရုတ်လူမျိုးများသည် လွန်စွာ ပိုမိုကြည်ညိုတော်မူကြ၍ အပတ်စဉ် အမြဲရောက်လာကြလျက် ကြည်ညိုခြင်းများစွာဖြင့် အစဉ်အဆက် ကိုးကွယ်လာကြသည်မှာ ယနေ့တိုင်အောင်ဖြစ်ကြောင်း သိရပါသည်။

**သိမ္ဗိုတန်ခိုးအမျိုးမျိုးဖြင့် ပိတုန်းပဒိုင်း အစီအရင်**

မမှုမိတ်ဆွေများ ပိတုန်းပဒိုင်း အစီအရင်များနှင့် မိမိတို့အလိုရှိရာများကို အောင်မြင်ပြီးမြောက် ခရီးရောက်စေခြင်းသတင်းများကို ကြားဖူးကြပါလိမ့်မည်။ ပိတုန်းပဒိုင်းပုတီးစိပ်၍ ထိပ်ဆုံးသို့ရောက်ခဲ့သူ၊ အသက်ဝင်ပိတုန်းကောင် ဆောင်၍ ဈေးခေါ်ကောင်း,ဈေးရောင်းကောင်းသူ၊ စီးပွားတက်လာသူ၊ အတိုက်အခိုက်အန္တရာယ်ကင်း၊ ကျန်းမာပျော်ရွှင်ခြင်းများနှင့်ပြည့်စုံသူ၊ စာမေးပွဲအောင်၊ ရာထူးတိုးဖြင့် စသည်ဖြင့် ပိတုန်းပဒိုင်းမြတ်စွာဘုရား ဦးထိပ်ပန်ဆင်ထား၍ ပိတုန်းပဒိုင်းအစီအရင်ဆောင်သူများ ကြီးပွားချမ်းသာသွားကြ၏။

ပိတုန်းပဒိုင်း ဟူသည် ကြာသပတေးနံ (ပဖဗဘမ)နှင့် စနေနံ (တထဒဓန) နှစ်ရပ်ပေါင်းထား အမည်နာမများ ဥပမာ ရန်ကုန်တိုင်းဒေသကြီးတွင်ရှိ ဒါးပိန်၊ ကဝမြို့နယ်ရှိ တာပွန်ရွာ၊ ခရမ်းမြို့နယ်ရှိ ပတုတ်ကျေးရွာ၊ ဗိုလ်တထောင်မြို့နယ်များရှိ ပဒေါင်း၊ ပဒိုင်းပင်များ ရှာဖွေ၍ တပေါင်းလပြည့်နေ့တွင် မြတ်စွာဘုရားအား သာသနာ (၉) ဖီးပွဲ၊ သစ်သီးဆွမ်း၊ အလင်းတိုင်၊ ရေချမ်း၊ ပန်းနံ့သာ၊ အမွှေးတိုင်များကိုလှူပြီး အထူးအမိဋ္ဌာန်တင် ကပ်လှူခြင်းနှင့် ခေတ်ပွဲ၊ နတ်ပွဲ၊ သိုက်ပွဲ၊ ဗလိနတ်စာကျွေးမွေးကပ်လှူခြင်း၊ ပုဂ္ဂိုလ်များ ပိုင်ရာဆိုင်ရာများအား အပ်နှံခြင်း။

တပေါင်းလဆန်း၃ရက်(တနင်္လာနေ့) နွားလတ်ရအံ့။ ဇယာ- ၂လ်ာနေ့ သာမညဆရာတော်ဘုရားကြီး၏ အခါ (မွန်းလတ်ချိန်) ၈း၂၅ မှ ၁၀း၄၀ နာရီ (ပုဏ္ဏားနတ်သမီးရကိန်း) အချိန်တွင် မြတ်စွာဘုရားအား လှူဒါန်းဖွယ်ရာများ ကပ်လှူပြီး ရတနာ့များ၊ ထွက်ရပ်ပေါက် ဆရာတော်များအား ပင့်ဖိတ်၍ (ဓမ္မပူဇာ) (ပရိတ်ကြီး၊ ဓာရဏပရိတ်တော်၊ ပရိမိတ္တဇာလသုတ်) စူဠဝေဒလ္လသစ္စာမန္တန်-၁၄ဂါထာတို့ကိုပူဇော်၍ ဘိုးတော်သိကြား၊ နတ်မင်းကြီးလေးပါး၊ ရွှေတိဂုံစေတီဘိုးဘိုးကြီး၊ သိဂုံတ္တရဘိုးဘိုးကြီး၊ ရန်ကုန်ဘိုးတော်ကြီး၊ ပိတုန်းပဒိုင်းမုနိအစောင့်ပုဂ္ဂိုလ်၊ အောင်ဗောဓိစေတီဘိုးဘိုးကြီး၊ ပခေါယိုဘိုးဘိုးကြီး၊ ဝန္ဒပ္ပနတ်ဘီလူးမင်းများ၊ သိုက်ချုပ်ဘိုးတော်ကြီး၊ ရွှေချိုးဖြူ မူလခဲ၊ မြနန်းနွယ်သိုက်နန်းရှင်၊ အစ်မတော်မမင်းစိန်၊ မမင်းသိန်နှင့် သိုက်စောင့်အသီးသီး၊ ခမဲပြင်ဘိုးဘိုးကြီးနှင့် ပသီမောင်နှမ၊ (၃၇)မင်းနတ်မင်းတို့အား ပိတုန်း၊ ပုတီး၊ ပဒိုင်းရိုး၊ ပြဒါးတို့၏အုပ်ပွဲကိုကိုင်လျက် ပုံတော်၊ ပွဲတော်၊ စားတော်ပွဲများဖြင့် ပင့်ဖိတ်ပသ၍ ခေတ်ပွဲ၊ နတ်ပွဲ၊ သိုက်ပွဲစုံလင်စွာ စီရင်၍ အပ်နှံထားပေးပါသည်။

**(၁၀၈) လုံးပုတီးတွင်တပ်ဆင်ထားသော ပိတုန်းအကောင်များအား ပြဒါးသွင်းခြင်း။ ပဒိုင်းရိုးပိတ်ခြင်း။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိဖြင့် (အသက်သွင်း)ဆောင်ရွက်ခြင်း**

(က) တပေါင်းလဆန်း ၃ ရက် (တနင်္လာနေ့) နွားလတ်ရအံ့။ ဇယာ- ၂လ်ာနေ့ သာမညဆရာတော်ကြီးအခါ (သုံးချက်တီးချိန်) ၁း၀၃ မှ ၃း၃၆ နာရီ (မုဆိုးရွှေအိုးရကိန်း) အချိန်တို့တွင်လည်းကောင်း။

(ခ) တပေါင်းလဆန်း ၄ ရက် (အင်္ဂါနေ့) ရှမ်းရတ် ရိတ္တာ - ၁နွေနေ့ (မွန်းတည့်ချိန်) ၁၀း၄၉ မှ ၁း၁၂ နာရီ (ပုဏ္ဏားနတ်သမီးရကိန်း) နှင့် (နေဝင်ချိန်) ၃း၃၇ မှ ၆း၁၀ နာရီ(မုဆိုးရွှေအိုးရကိန်း)အချိန်တို့တွင် လည်းကောင်း။

(ဂ) တပေါင်းလဆန်း ၅ ရက် (ဗုဒ္ဓဟူးနေ့) ရက်ရာဇာ၊ ဂမျှန်-ချမ်းသာအံ့၊ ပုဏ္ဏ-မိတ္တူ(နံနက်ချိန်) ၆း၀၀ မှ ၈း၂၄ နာရီ (မုဆိုးရွှေအိုးရကိန်း) နှင့် (သုံးချက်တီးချိန်) ၁း၀၃ မှ ၃း၃၆ နာရီ (ပုဏ္ဏားနတ်သမီးရကိန်း) အချိန်တို့တွင် လည်းကောင်း၊

(ဃ) ထိုတပေါင်းလဆန်း ၃၊ ၄၊ ၅ ရက်များ၏ ညဥ့်သန်းခေါင်ယံ (၁၂) နာရီမှ နံနက် (၅) နာရီအထိ အနွေ့ာ၊ ဂဗ္ဘေ၊ စရေ၊ ဝံသေ(ခေတ်ကြီးလေးပါး) ဝင်အချိန်တို့တွင် လည်းကောင်း။

**(၉) လုံး (၂၄) လုံးပုတီးနှင့် ပိတုန်းအကောင်လွတ်များအား ပြဒါးသွင်းခြင်း။ ပဒိုင်းရိုးပိတ်ခြင်း ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိဖြင့် (အသက်သွင်း) ဆောင်ရွက်ခြင်း**

(က) တပေါင်းလဆန်း ၆ ရက် (ကြာသပတေးနေ့) ဝါရမိတ္တူကြီး၊ သမားညို၊ သမားဖြူ၊ နန္ဒာကိတ် (မွန်းလတ်ချိန်) ၈း၂၅ မှ ၁၀း၄၈ နာရီ (မုဆိုးရွှေအိုးရကိန်း) နှင့် (နေဝင်ချိန်) ၃း၃၇ မှ ၆း၀၀ နာရီ (ပုဏ္ဏားနတ်သမီးရကိန်း) အချိန်တို့တွင် လည်းကောင်း၊

**ရွှေတိဂုံစေတီတော် ပိတုန်းပဒိုင်းမုနိခေတ်ရှင်တော်မြတ်ဘုရားတွင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိဖြင့် အထူးပူဇော်ခြင်း**

(က) တပေါင်းလဆန်း ၁၄ ရက်(သောကြာနေ့) ဂမျှန်ချမ်းသာအံ့၊ ရိတ္တာ ၁နွေ ညဥ့်သန်းခေါင်ယံ ခေတ်ကြီးလေးပါးဝင်ချိန်တွင် ဥက္ကဋ္ဌကြီး ဆရာဦးမြတ်အောင်မှ ဝတ်ဖြူဝတ်ဆင်၍ ပူဇော်ခြင်းဖြင့် လည်းကောင်း၊

(ခ) တပေါင်းလပြည့်နေ့ (စနေနေ့) သိကြား-ချမ်းသာအံ့၊ ပုဏ္ဏ-မိတ္တူ၊ နေ့နံနက်အရုဏ်မှစ၍ ကန်တော့ပွဲ၊ ဒံပေါက်၊ ထောပတ်၊ သစ်သီးဆွမ်း၊ သောက်တော်ရေ၊ အလင်းတိုင်၊ အမွှေးတိုင် စုံလင်စွာဖြင့် (သံဃာတော်) မှ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိဖြင့် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လည်းကောင်း၊

**အင်္ဂါ (၁၃) ချက် ဓါတ်သက်ဝင်ခြင်း**

**(ဒါးပိန်-တာပွန်-ပတုတ်)ပိတောက်သား+လှည်းပန်းတောင်း+ပုတီး+ ပိတုန်း+ပြဒါး+ပဒိုင်း+တပေါင်းလပြည့်နေ့+ ပိတုန်းပဒိုင်းမုနိတွင် မြန်မာဒံပေါက်+ ထောပတ်ဆွမ်း (ကြာသပတေးနေ့သား + စနေသား) တို့မှ ပဋ္ဌာန်းရွတ်ဖတ် သရဏ္ဍာယ်ခြင်းနှင့်-နန္ဒာ၊ ဘဒြာ၊ ဇယာ၊ ရိတ္တာ၊ ပုဏ္ဏား ဟူ၍ တိထိငါးပါး ရက်ရာဇာ**



www.burmeseclassic.com

www.burmeseclassic.com

မဟာရက်ကြမ်းဓာတ်ကြီး လေးပါးဖြစ်သော အန္တော၊ ဂန္တော၊ စရေ့ ဝံသေဓာတ်နှင့် သာမညဆရာတော်၏ 'ပုဏ္ဏား-နတ်သမီးရုပ်ကြီး'၊ 'သာသနာသိုး [illegible]' [illegible]

[illegible]

[illegible] (အလှူဆောင်ရွက်ရန်)

[illegible] ရတနာမန္တန်တော်၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိ၊ ပရိတ်ကြီး၊ မေတ္တာသုတ် ပူဇော်၍ ကိုယ်တိုင် သန့်ရှင်းစွာ ဝတ်ဆင်ပြီး မိမိနေအိမ်ဘုရားခန်း (သို့) စေတီတော်ဘုရားများတွင် မွေးနေ့၌ ငါးပါးသီလခံယူပြီး အသားလွတ်စားဆောင်ရွက်ရန်။

**ပုတီးပိတုန်းဖြင့်အဓိဋ္ဌာန်ဝင်ခြင်း (အမြန်ဆုံးအဓိဋ္ဌာန်တင်၍) ဆောင်ရွက်ရန်**

၃ ရက်၊ ၅ ရက်၊ ၉ ရက် (အင်္ဂါနေ့) (ကြာသပတေး) (သို့) (စနေနေ့) စတင်အဓိဋ္ဌာန်ဝင်ရန်၊ ဆောင်ရန် ရှောင်ရန်။

ဤပုတီးသည် သာမန်ပုတီးမဟုတ်ပါ။ လောကီအစီအရင်အဓိကပြုလုပ်ထားသော ဓာတ်ဝင်ပုတီး ဖြစ်ပါသည်။ သမာဓိအား ထူထောင်ရပါမည်။ မိမိပုတီးပိတုန်းအား အခြားသူကို ပေးမစိပ်ရ။ ပုတီးကိုတိုင်တွင်ချိတ်မထားရ။ ပိတုန်းအကောင်ကို အပေါ်ထား၍ ပုတီးခွေထားရပါမည်။ လပြည့်၊ လကွယ်နေ့တိုင်း (နှင်းဆီအနီ) ကျွေးရပါမည်။ သွားလေရာ ယူသွားပါက အနီရောင်အိတ်ဖြင့် ထည့်သွားရပါမည်။ ပုတီးဖြင့် အဓိဋ္ဌာန်တိုင်တည် ဆုတောင်းရာတွင် ပုတီးပတ်ရေစိပ်ပြီး ပိတုန်းအကောင်၏ကျောကုန်းအား နောက်မှတွန်း၍တိုင်တည်ရမည်။ အရက်ဆိုင်၊ အသုဘအိမ်၊ သုသာန်၊ မီးနေအိမ် ပုတီးမယူရ။ မိန်းကလေးများ ကျန်းမာရေးမကောင်းက မကိုင်ရ။ (အစောင့်ပုဂ္ဂိုလ် အသန့်ကြိုက်သည်။) အတိုက်အခိုက်၊ အပိတ်အဆို၊ အတားအဆီး၊ အဟန့်အတားရှင်းရန်နှင့် စီးပွားရေးတိုးတက်ရေးအတွက်သာ အသုံးပြုပါ။ (မုန်တာပြော၊ ဟုတ်တာလုပ်။ မတရားကိစ္စ မပြုလုပ်နှင့်။) တူသောတန်ပြန်လိမ့်မည်။

*(မှတ်ချက် ။ ။ ပိတုန်းပဒိုင်းအစီအရင်များကို ဆောင်ထားလိုပါလျှင် စာရှုသူ မေ့မိတ်ဆွေများသည် ရွှေတိဂုံ*



*ဘုရားကြီး အင်္ဂါထောင့်အနီးမှာရှိ ပိတုန်းပဒိုင်းမုနိဘုရားတန်ဆောင်းသို့ တနင်္ဂနွေနေ့နံနက်စောစော အရောက်သွားပြီး စတုသစ္စာဓါရမီရှင် အသင်းဥက္ကဋ္ဌကြီး ဦးမြတ်အောင်နှင့် အသင်းသူတစ်ဦးဖြစ်သော ရွှေပေါက်ကံမှာနေ မလေးတို့ထံတွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း။ စာရေးသူ)*

**ရွှေတိဂုံစေတီတော် ပိတုန်းပဒိုင်းမုနိမြတ်စွာဘုရားကြီးတွင် အဓိဋ္ဌာန်ဝင်လိုသော်**

၁။ ဝရိကံပြု သရဏဂုံသုံးပါးတည်ခြင်း။
၂။ ဩကာသဖြင့်ကန်တော့ခြင်း။
၃။ ငါးပါးသီလ ခံယူဆောက်တည်ခြင်း။
၄။ လှူဒါန်းဖွယ်ရာများလှူဒါန်းခြင်း။
၅။ သမ္မာဒေဝနတ်များပင့်ဖိတ်ခြင်း။
၆။ ပရိတ်ကြီးရွတ်ဖတ်ပူဇော်ခြင်း။
၇။ မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ခြင်း။
၈။ အဓိဋ္ဌာန်တင်ခြင်း။

ဘုရားတပည့်တော်သည် (---) နေ့မှစ၍ (---) နေ့အထိ-

(က) ပဉ္စသီလ ငါးပါးသီလအား မကျိုးပေါက်အောင် ကာယကံမြောက်၊ ဝစီကံမြောက်၊ မနောကံမြောက် ကျူးလွန်ခြင်းမှ ရှောင်ကြဉ်၍ စောင့်ထိန်းပါမည်။
(ခ) ဝေနေယျသတ္တဝါများအား သနားကြင်နာ မေတ္တာထားသောအားဖြင့် လည်းကောင်း၊ ကိုယ်တိုင် မြီးခြံအားထုတ်ခြင်းဖြင့် လည်းကောင်း၊ သူတစ်ပါး၏ အသက်ဖြင့် စားသုံးခြင်းကို ရှောင်ကြဉ်ပါမည်။ စားသုံးသည့် အာဟာရအပေါ် စွဲမက်တွယ်တာခြင်းမပြုဘဲ ခန္ဓာနှင့် သတ္တဝါများအား တွေးမွေးခြင်းဟု ခံယူပါမည်။
(ဂ) သရဏဂုံသုံးပါး တည်ဆောက်ခြင်းအားဖြင့် ပုတီးပတ်ရေ (၃) ပတ်ထက်မနည်းပွားများပါမည်။
(ဃ) မြတ်စွာဘုရား၏ ဂုဏ်တော်ကို ပူဇော်သောအားဖြင့် ပုတီး (၉) ပတ် ပူဇော်ပါမည်။
(င) မြတ်စွာဘုရား၏ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်အနန္တနှင့် ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိကို ပူဇော်သောအားဖြင့် ပဋ္ဌာန်းပစ္စည်း-၂၄ အား ပုတီးပတ်ရေ (၂၄) ပတ်ထက်မနည်း ပူဇော်ပါမည်။

၉။ သစ္စာပြု ဆုတောင်းခြင်း -
(က) ဘုရားတပည့်တော်သည် ဗုဒ္ဓ-မြတ်စွာဘုရားအား၊ ဓမ္မ-တရားတော်မြတ်အား၊ သံဃ - သံဃာတော်မြတ်အားယုံကြည်ကိုးကွယ်ဆည်းကပ်ပါ၏။
(ခ) ဘုရားတပည့်တော်သည် (---) နေ့မှ (---)နေ့အထိ (---) ရက်အထိ နေ့စဉ်အဓိဋ္ဌာန်တင်ထားသည့်အတိုင်း ပူဇော်ပြုလုပ်ခဲ့ပါသည်ဘုရား။
(ဂ) ဤမှန်ကန်သောသစ္စာစကားများကြောင့် တပည့်တော်၏ (--)အား အောင်မြင်စွာဖြစ်ရပါလို၏ အရှင်ဘုရား။

၁၀။ အမျှပေးဝေ သက်သေတည် -

ဤသို့ပြုရ မြတ်ပုညကို အမျှရကြသည်ဖြစ်စေသော်။ (အမျှ)[၃] ယူတော်မူကြပါကုန်။ သက်သေအရာ၌တည်၍ သမ္မာဒေဝ နတ်မြတ်အပေါင်းတို့သည် မိမိဘုံဗိမာန်နန်းသို့ စံမြန်းပြန်ကြွတော်မူကြတုန်လော့။ စောင့်ရှောက်တော်မူကြပါကုန်လော့။

အဓိဋ္ဌာန်ပြီးသည့်နေ့တွင် ကြေးဖလားတစ်ခွက်တွင် ရေထည့်၍ ဘုရားကပ်လှူပြီး သစ္စာပြုဆုတောင်းပြုလုပ်ပါ။ ၎င်းရေအား ရေခွက်ပြောင်း၍ သောက်ရမည်။

ဘုန်းတော်ကြီးမား ပိတုန်းပဒိုင်းမုနိမြတ်စွာဘုရားတွင် စိတ်ကြံသမျှ အဓိဋ္ဌာန်ပြု၍ မိမိတို့၏ ဘဝခရီးလမ်းတွင် အောင်ပန်းတွေပွင့်ကြပါစေကြောင်း ဆုတောင်းရင်း။

မေတ္တာများစွာဖြင့်

ကံဝင်း

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမိုးလှိုင် (ကျိုက်လတ်)

# ဗုဒ္ဓမြတ်စွာသာသနာရောင်ဝါနေသို့ထွန်းစေဖို့

အမှတ်(၂)

ယနေ့ မြန်မာနိုင်ငံတော်တွင် ဘုရားရှင်၏ ဗုဒ္ဓဘာသာ သာသနာတော်သည် ထွန်းကားပြန့်ပွားလျက်ရှိသည်။ ဆရာ၊ ဒကာ ညီညွတ်စွာဖြင့် ဓမ္မစက်၊ အာဏာစက်များနှင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့်အလျောက် နိုင်ငံတစ်ဝန်းလုံး မြို့တိုင်း၊ နယ်တိုင်းမှာ သာသနအဆောက်အအုံများ၊ ကျောင်းကန်၊ ဇရပ်၊ သိမ်များ၊ ဘုရားစေတီများ၊ တရားစခန်းရိပ်သာများ၊ သက်ကြီးအဘိုးအဘွားတို့ နားခိုနေထိုင်ရန် ရိပ်သာများ၊ လူငယ်များအတွက် ဘာသာရေးနှင့် ပတ်သက်သော လူငယ်တရားပွဲ၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားကာ နှစ်ပေါင်းတစ်ရာကျော်က စတင် ဖွဲ့စည်း တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာတလျာဏယုဝ (Y.M.B.A) အသင်းကြီးသည် ယနေ့ထိတိုင် ရန်ကုန်မြို့တွင် ကြီးပွားတိုးတက်ခမ်းနားစွာ ရပ်တည်လျက် အသင်းကြီး၏ အဓိက ရည်မှန်းချက် ဆောင်ပုဒ် (၄) ချက်ကို တစ်ပြည်လုံးရှိ မြို့နယ်အသီးသီး၌ အဖွဲ့ခွဲများ ဖွဲ့စည်းကာ အသင်းကြီး၏ ဦးတည်ချက် ဖြစ်သည့် (၁) အမျိုးကိုချစ်ပါ၊ (၂) ဘာသာကိုလေးစားပါ၊ (၃) သာသနာကို ချီးမြှင့်ပါ၊ (၄) ပညာကို အားပေးပါ စသည့်အချက်များနှင့် မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အရှည်တည်တံ့စိမ့်သောငှာ ကြိုးကြိုးစားစား သယ်ပိုးဆောင်ရွက် စောင့်ရှောက် ကူညီပံ့ပိုးပေးလျက်ရှိနေကြပါသည်။



မြို့နယ်အသီးသီးတွင် ဘုရားရှင်၏ သားတော် ဆရာတော်ကြီးများ၊ ဆရာ‌တော်များသည် ရဟန်းသိက္ခာသုံးပါးဖြစ်သော သီလတည်းဟူသော ဝိနည်း၊ သမာဓိဟူသည့် သုတ္တန်၊ ပညာဟူသည့် အဘိဓမ္မာကျင့်စဉ်သုံးပါးနှင့် ညီညွတ်ပြည့်စုံစွာ ကျင့်ကြံအားထုတ်တော်မူကြပြီး တရားပွဲများ ကျင်းပပြုလုပ်ရာနေရာဌာနတိုင်းသို့ မြတ်စွာဘုရားရှင်၏ သာသနာတော် အရှည်တည်တံ့ ခိုင်မြဲစေရန် တရားလမ်းကြောင်းတော်များကို လိုက်လံ ညွှန်ပြ ဟောတော်မူနေကြသည်မှာ အနာဂတ်သာသနာတော်အတွက် အားရဝမ်းမြောက် နှစ်ထောင်းကြည်နူးစရာဖြစ်ရပါသည်။

**မြတ်စွာဘုရား၏သာသနာတော် တည်တံ့မှု ကွယ်ပျောက်မှု လေးမျိုးစုရှိသည်**

၁။ မြတ်စွာဘုရား လမ်းညွှန်ဟောကြားတော်မူခဲ့သော ပရိယတ်ကွယ်လျှင် ပဋိပတ်ကွယ်မည်။
ပရိယတ်တည်ရှိနေလျှင် ပဋိပတ်လည်း တည်ရှိလျက်ပင်ရှိ၏။

၂။ ပရိယတ်မရှိလျှင် ပဋိဝေဓလည်း မရှိနိုင်တော့ပါ။
ပရိယတ်ရှိနေလျှင် ပဋိဝေဓ မပျောက်ကွယ် မဆိတ်သုဉ်း ရှိလျက်သာ ဖြစ်၏။

၃။ သာသနာတည်ခြင်း၏ လိုရင်းပဓာနသည် ပရိယတ်သာလျှင် ဖြစ်၏။
ပရိယတ်တည်ရှိလျှင် သာသနာတည်လျက်ပင်ရှိ၏။

၄။ ပိဋကတ်သုံးပုံဟူသော ပရိယတ်ရှိနေသမျှ ကာလပတ်လုံး သာသနာကွယ်မည်ဟု မဆိုနိုင်ပါ။

ကျွန်ုပ်သည် သာသနာတော်တည်တံ့မှုအတွက် ပရိယတ္တိသာသနာတော်၏ အဓိက ပဓာန အရေးကြီးပုံကို စဉ်းစားတွေးတောနေစဉ် ယခင်တစ်ပတ်က ကျွန်ုပ်ထံသို့ လာရောက်ခဲ့သော တပည့် မောင်အေးသည် အိမ်ဝမှ ဝင်လာသည်။ သူ၏လက်ထဲတွင် စာအုပ်တစ်အုပ်ပါလာသည်။

ကျွန်ုပ်က -

"လာဟေ့ မောင်အေး"

ဟု ခရိုင်ဦးကြိုဖိတ်မန္တကပြုလိုက်သည်။

သူကလည်း ကျွန်ုပ်အား ဝါဝရစကားပြန်ပြောသည်။

"ဆရာကျန်းမာပါစေ"

ဟု ပြောပြီးမတ်တတ်ရပ်၍ လက်အုပ်ချီရင်းအိမ်ထဲသို့ဝင်လာသည်။

မောင်အေးက -

"ဟိုတစ်ပတ်က ဆရာ့ဆီလာပြီး ဘာသာရေးဗဟုသုတလေ့လာခဲ့တာကို အိမ်ကကလေးတွေကိုပြောပြတာ သူတို့

www.burmeseclassic.com

မကြားဘူးတာတွေဆိုတော့ စိတ်ဝင်စားပြီး မေးကြတယ်။ ကျွန်တော်ကလည်း သိသမျှလေးတွေနဲ့ ပြောပြရတာပေါ့။ အခုလာတာက ဆရာ့ဆီမှာ ကျွန်တော် မသိတဲ့ မေးစရာလေးတွေဖြစ်နေတဲ့ ဘာသာရေး ဗဟုသုတသိစရာမှတ်စရာတွေကို ကျွန်တော့်အလေးတွေကို ဝေမျှချင်လို့ ဆရာ့ထံလာခဲ့တာပါ"

"မင်းစကားကြားရတာ ဆရာ အလွန်ဝမ်းသာပါတယ်။ ဆရာလည်း ဘာသာရေးနဲ့ ပတ်သက်လို့ အရင်က မိရိုးဖလာဗုဒ္ဓဘာသာပေါ့။ ဆရာ့ဘွားအေကြီးက ရှေးအဘွားကြီး။ ဆရာတို့ညီအစ်ကိုတွေ ငယ်စဉ်က ကျောင်းနေတာ ခရစ်ယာန်ကျောင်းမှာ။ ဘုရားရှိခိုးစာ ဘယ်သူမှမရကြဘူး။ ညအိပ်ရာဝင်ခါနီး ဦးသုံးကြိမ်ချအိပ်ကြတာပဲ။ ဘွားအေကြီးက ဒါကိုအဝင်မကျဘူး။ ခရစ်ယာန်ကျောင်းက ကျောင်းနုတ်ပြီး အိမ်နဲ့ကိုက် (၁၅၀) လောက်အကွာမှာရှိတဲ့ ပစ္စိမာရုံ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ဦးကေလာသထံမှာ အပ်နှံခဲ့တယ်။ ဘုန်းကြီးကျောင်းသားဘဝနဲ့ အိမ်မပြန်ရဘဲ ဘုရားရှိခိုး၊ မင်္ဂလသုတ်၊ ရတနာ ရွှေချိုင့် စတဲ့ စာတွေသင်ပြီးမှ ဘုန်းကြီးကျောင်းကထွက်ခဲ့ရတာ"

"ဆရာ့ဘွားအေကြီးက တော်လိုက်တာဆရာရယ်"

"သူမျိုးစေ့ချပေးခဲ့လို့ ဆရာတို့မှာ ဗုဒ္ဓဘာသာဝင်အဖြစ် ဘာသာရေးအသိလေးတွေ ရသင့်သလောက်ရပြီး စာတွေဖတ်၊ ဗဟုသုတစုဆောင်းခဲ့ရတာ။ အခု အသက် (၈၀) ကျော်အထိ ဖတ်လို့မဆုံး မှတ်လို့မဆုံး၊ အေး- ခု မင်းတို့မျိုးဆက်သစ် ဗုဒ္ဓဘာသာဝင်လူငယ်တွေကို ကိုယ်သိသမျှ မျှဝေပေးနေတာပါ။ ဘာသာရေးနဲ့ ပတ်သက်လို့ မင်းမှတ်ချင်တာ မှတ်ဖို့ စာအုပ်ယူလာတာ သိပ်ကောင်းတယ်"

"ကျွန်တော် ဒီနေ့ သိချင်တာက လူတွေပြောနေကြတဲ့ သာသနာနဲ့ သာသနာဝင်၊ နောက်ပြီး သာသနာတော်သုံးရပ်ဆိုတဲ့ စကားတွေပဲ"

ကျွန်ုပ်-

"သာဓုကွာ၊ သာဓု၊ မင်းသိချင်တာကို မှတ်သွားပေါ့။ ငါသိထားလေ့လာထားသမျှ ပြောပြမယ်။

**■သာသနာ■**

သုံးလောကထွတ်ထား သဗ္ဗညု ဘုရားရှင်၏အဆုံးအမဩဝါဒ၊ လမ်းညွှန်သဘောတရားများဟူ၍အဓိပ္ပာယ်ရသည်။ မြတ်ဘုရားရှင်၏ သာသနာတော်သည် ယခု နှစ်ပေါင်း ၂၅၅၈ နှစ်ကျော်သည့်တိုင်အောင် တည်တံ့ခိုင်မြဲ အစွမ်းရှည်ဆဲ ပြန့်ပွားဆဲ ဖြစ်၏။ ဤသည်မှာ မြတ်ဗုဒ္ဓဘုရားရှင်ရဲ့သာသနာတော်၏ ထူးခြားချက်တစ်ရပ်ပင် ဖြစ်သည်။

**■သာသနာဝင်■**

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဩဝါဒလမ်းညွှန်တရားတော်များကို ခံယူကျင့်သုံးနေကြသည့်ဝေနေယျပုဂ္ဂိုလ်အပေါင်းတို့ကို မြတ်ဗုဒ္ဓ၏ သာသနာဝင်များဟုခေါ်ဆို၏။

**■သာသနာတော်သုံးရပ်■**

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာ ဖြစ်၏။

**၁။ ပရိယတ္တိသာသနာ**

ဘုရားဟော ပိဋကတ်သုံးပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၊ စာပေများကို လေ့လာခြင်း၊ မှတ်သားခြင်းနှင့် အားထုတ်သင်ကြားခြင်း။ (တစ်နည်းဆိုရသော်) သင်ယူရမည့် လမ်းညွှန်သဘောတရားများ ဟူသော သာသနာတော်၏ အဆုံးအမများ ဖြစ်သည်။

**၂။ ပဋိပတ္တိသာသနာ**

သီလ၊ သမာဓိ၊ ပညာတရားများ မိမိ၌ တိုးပွားများပြားလာစေရန် ပရိယတ္တိသာသနာနှင့်အညီ လက်တွေ့ကျင့်ကြံလိုက်နာအားထုတ်မှုများ၊ သမထနှင့် ဝိပဿနာဘာဝနာတရားနှစ်ပါးနှင့် ယင်းတရားတို့ကို ကျင့်ကြံအားထုတ်မှုများ (တစ်နည်းအားဖြင့်) ဘုရားရှင်၏အဆုံးအမ ဩဝါဒလမ်းညွှန်သဘောတရားများနှင့်အညီ လက်တွေ့ကျင့်သုံးရမည်ဟူသော သာသနာတော်၏ အဆုံးအမ ဖြစ်သည်။

**၃။ ပဋိဝေဓသာသနာ**

ဘုရားရှင်၏ ဩဝါဒလမ်းညွှန်တရားတော်များနှင့်အညီ လက်တွေ့ကျင့်ကြံအားထုတ်မှုကြောင့်ရရှိသော မဂ်ဖိုလ်နိဗ္ဗာန် ဟူသည့် သာသနာတော်အဆုံးအမ၊ တစ်နည်းအားဖြင့် ပရိယတ္တိသာသနာတော်၏ အဆုံးအမနှင့်အညီ ပဋိပတ္တိသာသနာတော်ကို ကျင့်ကြံအားထုတ်ခြင်းဖြင့် ဈာန်သမာပတ်မဂ်ဖိုလ်နိဗ္ဗာန်တရားများကို ကိုယ်တိုင်ထိုးထွင်း၍သိမြင်ပေါက်ရောက်လာသော အကျိုးတရားမဂ်ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်မှုသာသနာတော်သုံးပါးရှိတယ်"

"တော်တော်စုံစုံစေ့စေ့ မှတ်သားရတာ ဘာသာရေး အသိပညာတိုးလို့ ကျေးဇူးတင်ရပြန်ပါပြီ ဆရာ"

"ငါကလည်း မင်းကိုပြန်ပြီးကျေးဇူးတင်ရဦးမယ်။ မင်းလာလို့သာ ငါသိထားတဲ့၊ မှတ်ထားတဲ့ ဘာသာရေးဗဟုသုတတွေကို ဖြန့်ဝေပြောပြနိုင်တဲ့ ကျေးဇူးကတော မပါတော့ဘူးလား။ နောက်ပြီး မင်းစာအုပ်ထဲမှာ ထပ်ပြီးရေးသားဦး"

"ဟုတ်ကဲ့ ဆရာ၊ ရေးပါ့မယ်"

**■သာသနာ့သမ္ပဒါအင်္ဂါ(၃)ပါး■**

သာသနာတော်၌ ပြည့်စုံရမည့် အင်္ဂါသုံးပါးမှာ -

**သုဗုဒ္ဓ (ဘုရားစစ်ဘုရားမှန်)**

ဘုရားဖြစ်ဖို့ရန် ကောင်းမြတ်သောပါရမီများကို ဘဝပေါင်းများစွာ ဖြည့်ကျင့်ခဲ့ခြင်း၊ ဤသို့ဖြည့်ကျင့်ခဲ့ခြင်းကြောင့် အကျိုးတရားဖြစ်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်များ ရရှိတော်မူခြင်း၊ သိသင့်သိထိုက်သော ဉေယျဓမ်တရားဟူသမျှ ဘာမှမကျန် ကြွင်းမဲ့ချုပ်ပိုင်နိုင်စွာ သိမြင်တော်မူသော ဘုရားရှင်ကိုသာ ဆိုလိုသည်။

**■သုဓမ္မ (တရားစစ်တရားမှန်)■**

ဘုရားရှင်၏ဓမ္မကရုဏာလှုံ့ဆော်မေတ္တာတော်ဖြင့် ထုတ်ဖော်ဟောကြားခဲ့သောမြတ်တရား၊ လောကီလောကုတ္တရာ နှစ်ဖြာသော ချမ်းသာအစစ်အမှန်ကို ရရှိရန် ညွှန်ပြသော တရားတော်မြတ်ကိုသာ ဆိုလိုသည်။

**■သုသံဃ (သံဃာစစ်သံဃာမှန်)■**

ဘုရားရှင်၏တရားတော်များ ကွယ်ပျောက်မသွားစေရန်အလို့ငှာ ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက် ကျင့်ကြံပွားများ အားထုတ်သော သာသနာ့အမွေခံ အရိယာသံဃာတော်အရှင်သူမြတ်တို့ကိုသာ ဆိုလိုသည်။

ဤအင်္ဂါရပ်နှင့် ပြည့်စုံသော သာသနာသာလျှင် သံသရာဘေးကို ကြောက်သူ၊ ချမ်းသာခြင်းအစစ်အမှန်ကို လိုလားသူ လူ၊ နတ်၊ ဗြဟ္မာတို့၏ ခိုကိုးရာအစစ် အားကိုးရာ ဖြစ်ပေသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

### ထားဝယ်မြို့က

# ဖောင်တော်ဦး၊ ဖောင်တော်သီ ရှေးဟောင်းစေတီနှစ်ဆူ

### မောင်စိမ်းထွေး(ထားဝယ်)

ဇမ္ဗူဒီပဦးဆောင်ကျွမ်း၌ ထားဝယ်မြို့နယ်ကား အရှေ့သို့လားသော် ထားရိုက်ကကျသည့်မြစ်၊ တောင်ကိုလားသော် တနင်္သာရီမြို့မြေနှင့် ကျော်ခိုင်း၊ အနောက်ကိုလားသော် ရှင်သူငယ်မော်မောင်းမကန် အနောက်ပင်လယ်အထိ၊ မြောက်ကိုလားသော် ငှက်ရိုးတောဟု ဖော်ပြထားသည်ကို တွေ့ရ၏။

'ဥဩအော်သည် ထားဝယ်တည်' ဟူသော အမှတ်သင်္ကေတ နေ့နံသင့် အက္ခရာအရ ကောဇာနှစ် ၁၁၁၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ စနေနေ့တွင် မြို့စားမင်းဦးနဲလှသည် ယနေ့ ထားဝယ်မြို့တည်ရှိရာအရပ်၌ အုတ်မြို့တည်ဆောက်၍ သာယာဝတီမြို့ဟု သမုတ်လေသည်။ မြို့အဝန်းအကျယ် (၈၂၄) တာ၊ သူရဲခို(၂၅၈)ခု၊ တံခါး(၅)ပေါက်၊ မြို့ရိုး(၂)ထပ်ရှိသည်။ အတွင်းမြို့ရိုးမှာ (၂) မိုင်ခွဲခန့် ရှည်လျားပြီး အင်္ဂတေမကိုင်ထားသည့် အုတ်တံတိုင်းကြီးဖြစ်၍ အပြင်တံတိုင်းမှာ မြောက်ဘက်နှင့် အနောက်ဘက်မျက်နှာ၌သာ ရှိသည်။ အရပ်လေးမျက်နှာရှိ တံခါးဝတိုင်း၌ ရင်တားတစ်ခုစီရှိသည်ဟု မှတ်တမ်းပြုထား၏။

ဖောင်တော်ဦးနှင့် ဖောင်တော်သီ ရှေးဟောင်းစေတီနှစ်ဆူမှာ မြို့ဟောင်း၏မြို့ရိုးအပြင်၌ရှိသည်။ ဖောင်တော်ဦးက တောချုံလွှမ်းသော မြို့မြောက်ဘက် (ယခု ပိန္နဲတော) နှင့် ဖောင်တော်သီက ရေဝပ်ရေကြီးသော မြို့အနောက်ဘက် (ယခု ဥဿရံ) တွင် တည်ရှိသည်။ စေတီဟောင်းနှစ်ဆူစလုံး သမိုင်းမှတ်တမ်း မှတ်ရာ ရှာမတွေ့ပါ။ စေတီတည်သော သက္ကရာဇ်အထောက်အထားနှင့်ကုသိုလ်ရှင်တို့ကိုလည်း တိတိပပ မသိရှိရပါ။ သက်ကြီးစကားသက်ငယ်ကြား အဆင့်ဆင့်မှတ်သားရန်အတွက် သက်ကြီးတို့



ဘုံ(၇)ဆင့်ပြာသာဒ် အနုပညာလက်ရာမြောက်စွာ တွေ့ရပုံ



အရွေ့ရွှေဘုံသာဖောင်တော်ဦးဘုရား



www.burmeseclassic.com

www.burmeseclassic.com

ပင် မည်သူမျှ ထုတ်ဖော်ပြောပြနိုင်စွမ်း မရှိသော ရှေးဟောင်းစေတီများ ဖြစ်သည်။

သာယာဝတီ (မြို့ဟောင်း) တည် မင်းနဲလုကုသိုလ်အလှူဖြစ်နိုင်သည်ဟု ဝေဝေဝါးဝါးဆိုကြသော်လည်း ရေရေရာရာ မဟုတ်ပါ။ ဖောင်တော်ဦးမုခ်ဦး၌ ရေးထိုးထားသော သက္ကရာဇ် ၁၁၁၁ သည် မုခ်တည်ဆောက်သည့်နှစ်လော၊ စေတီနှစ်လောမကွဲပြားပါ။ ထိုသက္ကရာဇ်ကိုယူလျှင် (၂၆၄) နှစ်ရှိပေပြီ။ မင်းနဲလု သာယာဝတီမြို့တည်သက္ကရာဇ် ၁၁၁၆ ဖြစ်သောကြောင့် မြို့မတည်မီကပင် စေတီနှစ်ဆူရှိနေနှင့်ပြီးဟု ယူဆရန်သာ ရှိသည်။

အချို့သူတို့က ပုဂံ အလောင်းစည်သူမင်း ဖောင်စကြာနှင့် တိုင်းခန်းလှည့်လည်ရောက်ရှိစဉ်က တည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုစမှတ်ပြုကြသည်။ ဤအဆို မှန်ကန်ပါက ထားဝယ်မြို့မှ ဖောင်တော်ဦးနှင့် ဖောင်တော်သီစေတီနှစ်ဆူသည် နှစ်ပေါင်း(၉၀၀)ကျော်ပြီဖြစ်ရာ အလွန်ရှေးကျသောစေတီဟောင်းများ ဖြစ်ပေသည်။

တစ်ခေတ်တစ်ခါက ထိုစေတီတို့၌ ဘုရားစောင့်သိုက်ရှိကြောင်း၊ လူသွားလူလာကင်းပြတ်ကြောင်း၊ မြွေပါးကင်းပါးပေါကြောင်း၊ အနီးအနားရောက်လျှင် အလိုလိုကျောစိမ့်ကြောင်း၊ ထုံးသင်္ကန်းကပ်သူများ တရှဲရှဲမြည်သံတစ်ခါတစ်ရံကြားရကြောင်း၊ ဖျတ်ခနဲအရိပ်ပေါ်ပြီး ဖျတ်ခနဲကွယ်ပျောက်သွားကြောင်း သိရှိသူတို့က ပြောသည်။ လပြည့်၊ လကွယ်နေ့များ၌ ဖောင်တော်ဦးမှ မီးလုံးနီနီကြီး၊ ငယ် အတွဲလိုက်တက်ကာ ဖောင်တော်သီသို့ တစ်ရှိန်ထိုး ပျံသန်းသွားသော ဥက္ကာပျံကို မျက်မြင်တွေ့ကြောင်း ဆိုပါသည်။

စေတီနှစ်ဆူတို့၏ အရွယ်အစား အတိုင်းအတာပုံသဏ္ဍာန်၊ အချိုးအစား အတော်များများဆင်တူသည်ကို အံ့သြသင့်စရာ ဖူးတွေ့ရသည်။ မြို့အနောက်ဘက် ဖောင်တော်သီအနီးတွင် ယခုတိုင် ချောင်းရိုးတစ်ခုကိုတွေ့ရပြီး ယင်းချောင်းရိုးသည် ချောင်းကောအဖြစ်နှင့် မြောင်းငယ်အသွင်ရောက်ကာ ဖောင်တော်ဦးသို့ ဦးတည်နေကြောင်း စာရေးသူကိုယ်တိုင် မျက်မြင်ကြည့်ရှုရသည်။

မကြာသေးခင်က ဖောင်တော်သီစေတီတည်ရာ ဥဿရံရပ်ကွက်၌ ရေတွင်းတူးရာတွင် အနက်ပေ (၃၀) ခန့်၌



အနောက်ရွှေဘုံသာဖောင်တော်သီဘုရား (မောလဲဘုရား)



ဖောင်တော်သီဘုရားအား အရှေ့ဘက်မှ ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

သဘော်ာလှေဦးဖျက်ကြီးတစ်ခုထွက်ပေါ် လာခဲ့ဖူးသည်။ ထိုကဲ့သို့ လှေကွဲပျဉ်ချပ်အပိုင်းအစများ၊ သံချေးစား သံတိုမယ်နများ၊ ပိတ်ဖျင်အစုတ်အပြတ်အစအနများကို မြေကြီးအောက်မှ မကြာမကြာတူးဖော်တွေ့ရတတ်ကြောင်း ပြောကြသည်။ ဖောင်တော်သီစေတီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် မြေတူး၊ မြေဖို့၊ မြေညှိစဉ်ကလည်း တာရိုးတန်းကြီးတစ်ခုအခိုင်အမာ ထုထည်ကြီးစွာဖြင့် စေတီအနောက်ဘက် မြေအောက်မှ တွေ့ရှိရသည်။ ဤတာရိုးတန်းကြီးကို ရှေးခေတ်အုတ်ချပ်ပြားကြီးများနှင့် တည်ဆောက်ထားပြီး မြို့တွင်းရေမရောက်ရန် အရံအတား ပြုလုပ်ထားခြင်း ဖြစ်ပေမည်။

■ ဖောင်တော်ဦးစေတီ ■


ထားဝယ် သမိုင်းဝင် ရှင်ကိုးရှင်ဘုရားတွင် ပါဝင်သော ရှင်ဥသြဘုရားနှင့် နီးပါသည်။ အရှေ့ရွှေဘုံသာဘုရားဟုလည်း ခေါ်ကြသည်။ စေတီတော်၏ ထွန့်၊ ပစ္စယ်အဆင့်ဆင့်၊ ခေါင်းလောင်းဇောင်းရစ်၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်၊ ငှက်ပျောဖူး ထီးတို့မှာ မည်သည့်ခေတ်ထက်ရာဖြစ်ကြောင်း အတိအကျမပြောနိုင်သော်လည်း ရှေးကျသည်ကတော့ အမှန်ပင် ဖြစ်သည်။ ဉာဏ်တော် (၉) တောင်အမြင့်ရှိသည်။

ယခုအခါ ခေါင်းလောင်းမှအထက်ရွှေသင်္ကန်း၊ အောက်ပိုင်းငွေသင်္ကန်း ကပ်လှူပူဇော်ထားသည်။ သုံးနှစ်ဆင့်တင်ထားပြီး ပြာသာဒ်များ၌ ကနုတ်၊ ပန်းနွယ်၊ ပန်းစွယ်၊ ပန်းခက် အသေးစိတ် ထည့်သွင်းထားသည်။ အရံစေတီလေးဆူမှန်သင်္ကန်း ဖြစ်သည်။ မုခ်အဝင်လှေကားအောက်မှ အထက်သို့ ထောင်မတ်တက်နေသော နဂါးကြီးနှစ်ကောင်၏ဦးခေါင်းတို့က စေတီခြေရင်းအား ဦးခိုက်နေသည်။ မှန်ကပ်အကြေးခွံက ဖိတ်ဖိတ်လက်နေ၏။ ထိုင်တော်မူဆင်းတုတော်တစ်ဆူနှင့် မတ်ရပ်စကျင်ကျောက်ရုပ်ပွားနှစ်ဆူကို စေတီအရှေ့မှာ ကြည်ညိုရသည်။

စေတီပရဝဏ်အတွင်း စိမ်းစိမ်း ခရေပင်ပျို့အောက်ဝယ် ရုပ်ပွားတော်ကြီးတစ်ဆူ တင့်တယ် စပယ်နေတော်မူသည်။ ကျောဘက်၌ နတ်သားတစ်ပါး စေတီတော်အား လက်ထိုးညွှန်ပြနေ၏။ စေတီအနောက်ဘက်၌ ပဥ္စဝဂ္ဂီတို့အား တရားဦးဟောကြားတော်မူပုံ၊


နဂါးရုံဘုရား (အောင်တော်ဦး)


ခရေပင်အောက်ဝယ် ဗုဒ္ဓရုပ်ပွားတော် စံပယ်တော်မူနေပုံ (အောင်တော်ဦး)


ပဥ္စဝဂ္ဂီတို့အား တရားဦးဟောကြားနေပုံ (အောင်တော်ဦး)




www.burmeseclassic.com

www.burmeseclassic.com


ဖောင်တော်ဦးစေတီအနီးရှိ နတ်ရုပ်ကြီး


ဖောင်တော်ဦးစေတီမှ နဂါးကြီးနှစ်ကောင်


ခံ့ညားထည်ဝါသော ရွှေရောင်တောက်မုခ်ဦးအသစ် (ဖောင်တော်ဦး)


ဖောင်တော်သီစေတီအနီးမှ သက်တမ်းရင့် စံကားပင်တစ်ပင်

ရှင်ဥပဂုတ္တရုပ်တော်ပုံ၊ ရှင်သီဝလိနှင့် နဂါးရုံဘုရားတို့ရှိသည်။ နတ်ကွန်းကိုလည်း တွေ့ရသည်။ ရွှေရောင်လက်လက် မုခ်ဦးအသစ်စက်စက်ကိုပါ ခံ့ညားထည်ဝါစွာ မြင်တွေ့ရသည်။

ထုံးသင်္ကန်းခြောက်ခြောက် ရွှေဟောင်းစေတီတွင် သိုက်စောင့်ရှိသည်ဟူသော အဆက်ဆက်စကားကို နှောင်းလူတို့က စွဲမြဲခဲ့သော အရှေ့ရွှေဘုံသာဖောင်တော်ဦးဘုရားသည် ယခင်က ခြောက်ကပ် တိတ်ဆိတ်ခဲ့သော်လည်း ယခုအခါ ဘုန်းရောင်ထွန်းလင်းလျက် ရှိပေသည်။

■ဖောင်တော်သီစေတီ■

အနောက်ရွှေဘုံသာဖောင်တော်သီဘုရားဟုခေါ်ပြီး ထားဝယ်ဒေသက မောလဲဘုရားဟု လူသိများသည်။ မြို့အနောက်ဘက်ကွင်းပြင်စပ်တွင်ရှိသည်။ မြန်မာနှစ် ၁၃၃၈ ခုနှစ်က ချုံနွယ်ပိတ်ပေါင်းကြားတွင် ပြန်လည်ဖူးတွေ့ခဲ့ကြရသည်။ ဉာဏ်တော် (၉) တောင်ခန့်ရှိပြီး စတင်တွေ့ရှိစဉ်က ထီးတော်မှာ အရှေ့မြောက်ဘက်သို့ ကိုင်းညွတ်နေသည်။ စေတီအနီးတွင် သာယာဝတီမြို့ (ထားဝယ်) တည်စဉ်က ဖို့ထားသည်ဟု ယူဆရသော တာရိုးရှိသည်။ စေတီအနောက်မျက်နှာစာတွင် ခြသေ့ရုပ်တုနှစ်ခုတွေ့ရသဖြင့် ယခင်က အနောက်မုခ်ဝ ဖြစ်ဟန်တူသည်။

တောအုပ်တစ်ခုသဖွယ်စေတီကုန်း၌ အဝေးမှမြင်ရသော ခက်လက်ဝေဖြာအလွန်ကြီးမားသည့် ခရေပင်ကြီးတစ်ပင်ရှိခဲ့ပြီး ထိုအပင်အောက်သို့ တစ်စုံတစ်ယောက်မျှ တစ်ဦးတည်းမသွားရဲဟုဆိုပါသည်။ လူကြီးသူမတို့က ခရေပင်ကြီးတစ်ဝိုက် ညအခါ မီးအလင်းရောင်ကို ရံဖန်ရံခါ မြင်တွေ့ရကြောင်း၊ လေမိုးမတိုက်ဘဲ သစ်ကိုင်းသစ်ခက်တို့ယိမ်းထိုးလှုပ်ခါသည်ကို မြင်ရကြောင်း ငယ်ရွယ်သူတို့အား ပြောပြကြသည်။ ယခုတော့ ထိုခရေပင်ကြီး မရှိတော့ပါ။ ကန်တော့ပွဲပေး မီးထွန်း တောင်းပန်ခယ၍ ခရေပင်ကြီးအား ခုတ်လှဲခဲ့ရသည်ဟု ဂေါပကလူကြီးတစ်ဦးက ပြောပြပါသည်။

စေတီပရဝဏ်ရှိ စံကားပင်တစ်ပင်မှာ နှစ်ပေါင်းမည်မျှကြာပြီမသိ။ ယနေ့အထိ ရှင်သန်ဆဲ၊ အပွင့်ပွင့်ဆဲ ဖြစ်၏။ သက်ကြီးရွယ်အိုတို့က ၎င်းတို့ငယ်စဉ်သိတတ်စအရွယ်တုန်းကပင် ပန်းပွင့်လျက်ရှိသည်ကို မှတ်မိပြီး အပင်သက်



www.burmeseclassic.com

www.burmeseclassic.com



အနောက်ရွှေဘုံသာဖောင်တော်သီဘုရားစေတီသို့အဝင်



ဖောင်တော်သီစေတီအနီးရှိ ကြေးခေါင်းလောင်းကြီး



ဖောင်တော်သီဘုရားမှ မျှော်ကြည့်လိုက်လျှင်
အဝေးတွင် မှိုင်းညို့ညို့တောင်ညိုတောင်တန်းက လွမ်းစရာ

တမ်းမမှန်းဆနိုင်ဟု အံ့ဘနန်းကြားရသည်။

ယခုအခါ မဟာရံတံတိုင်းဖြင့် ကုန်းမို့မို့ထက်တွင် ဖောင်တော်သီစေတီအား တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ် ဖူးတွေ့ရပေပြီ။ မူလစေတီအားငုံ၍ ရှေးဟောင်းလက်ရာမပျက် ပြုပြင်ထားပြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူထားသည်။ဘုံခုနစ်ဆင့်ပြာသာဒ်၌ ယိုးဒယားပန်းဖောက်အနုလက်ရာမြောက်ဖော်ကျူးထား၏။ အာရုံခံတန်ဆောင်း၊ ဂန္ဓကုဋိသိမ်၊ နဂါးရုံဘုရားသိမ်၊ ဂြိုဟ်တိုင် ဝန်းရံလျက်ရှိသည်။ ဓာတ်စခန်းအဓိဋ္ဌာန်ဝင်သောစေတီဖြစ်ခြင်း၊ ရောင်ခြည်တော်ကွန့်မြူးခြင်း၊ ဆုတောင်းပြည့်ခြင်းတို့ကြောင့် အထင်ကရစေတီ ဖြစ်ပေသည်။

ဖောင်တော်သီမှ အနောက်ဘက်ကို မျှော်ကြည့်လိုက်လျှင် တောင်ညိုတောင်တန်းကို မှိုင်းညို့ညို့မြင်ရ၏။ ထားဝယ်မြစ်မြင်ကျယ်ကို ရှုစားရ၏။ ထိုစေတီအပါးရောက်လျှင် အဆွေးဓာတ်ခံရှိသူများအား လွမ်းရိပ်ဆွေးရိပ်ဖြစ်ပေါ်စေနိုင်စွမ်းသော ညို့ငင်ဓာတ်တစ်မျိုးရှိသလို ဆွဲဆောင်လျက်ရှိသဖြင့် ထူးခြားပါသည်။

ဖောင်တော်ဦးနှင့် ဖောင်တော်သီ ရှေးဟောင်းဘုရားစေတီနှစ်ဆူသည် ရှေးတစ်ချိန်က ဆက်နွယ်မှုရှိမည်မှာ အသေအချာဖြစ်သည်။ ယခုအထိ ထင်ထင်ရှားရှား တွေ့မြင်နေရသေးသော ချောင်းရိုးက သက်သေပြနေ၏။ ထိုစဉ်က လှေ၊ သင်္ဘော၊ သမ္ဗန်တို့ ဝင်ထွက်နိုင်လောက်အောင် မည်၍မည်မျှကျယ်ပြောခဲ့မည်ကိုကား မခန့်မှန်းနိုင်ပေ။ ဤစေတီတို့၏ အနီးတစ်ဝိုက်၌ ထန်းတောကြီးရှိသဖြင့် ထန်းလုပ်ငန်းနှင့် အသက်မွေးသော ရွှေဘုံနှင့် ရွှေသာညီအစ်ကိုအား အစွဲပြုပြီး အရှေ့ရွှေဘုံသာ၊ အနောက်ရွှေဘုံသာဟုတွင်ကြောင်း တစ်မျိုးတစ်မည် မှတ်သားသိရှိရ၏။

မည်သို့ဆိုစေ အတိတ်ကာလက စေတီတော်တို့ တည်ရာနေရာ၌ မည်သို့ ထူးထူးခြားခြားဖြစ်ခဲ့သည်ကို မည်သူမျှ တတ်အပ်သေချာ ပြောနိုင်ခြင်းငှာ မရှိသော်ငြားလည်း ထိုရှေးဟောင်းစေတီနှစ်ဆူသို့ရောက်လေတိုင်း ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ရာ ခံစားရပြီး စိတ်ကိုညှို့ယူဖမ်းစားနိုင်သည်ကို သတိမူမိမည် ဖြစ်ပေသတည်း။

မောင်စိမ်းဝေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# ဝဏ္ဏာသိရိ

အိပ်မက်ထဲက ရွှေဆတ်မင်း

ညီတော်အာနန္ဒာ အရှင်မြတ်ကြီးသည် ငါးရာငါးဆယ်၊ တေရသက နိပါတ်၊ ဂုရုမိဂဇာတ်တော်တွင် ပြဟ္မဒတ်မင်းအဖြစ်ဖြင့် ဘုရားအလောင်းတော် ရွှေဆတ်မင်းအား တေးမဲ့ဆုကြီးကို ပေးဆပ်ခဲ့ပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာ အလောင်းလျာသည် ဗာရာဏသီမြို့တော်၌ထီးနန်းစိုးစံရသော ပြဟ္မဒတ်မင်းဖြစ်ခဲ့၏။ ပြဟ္မဒတ်မင်း၏ ခေမာ မည်သောမိဖုရားခေါင်ကြီးသည် တစ်ခုသောည၏ မိုးသောက်ယံနီးချိန်တွင် မကြုံစဖူး ထူးဆန်းလှစွာသောအိပ်မက်ကို မက်ခဲ့လေသည်။

အိပ်မက်ထဲတွင် ဆတ်တို့၏ အမျိုးအနွယ်ထဲမှ ထူးထူးခြားခြား လှပတင့်တယ်နေသော ဆတ်မင်းကို မြင်မက်ရ၏။ ထိုဆတ်မင်း၏တစ်ကိုယ်လုံးမှာ ရွှေရောင်အမွေးတို့ဖြင့် ဖုံးလွှမ်းထား၏။ လက်ဖျား၊ ခြေဖျားတို့သည် ချိပ်ရည်ဖြင့် လောင်းထားသကဲ့သို့ နီမြန်းလျက်ရှိကြ၏။ အမြီးမှာမူ စာမရီသည် မည်သော ရှားပါးသားကောင်၏ အမြီးနှင့်တူလှ၏။ ဦးချိုတို့မှာ ငွေပန်းဆိုင်းကဲ့သို့ တင့်တယ်ကြကုန်၏။ မျက်စိနှစ်လုံးတို့မှာ ပွတ်သစ်စ ပတ္တမြားလုံးကဲ့သို့ တောက်ပနေကြ၏။ ခံတွင်းနှင့် နှုတ်သီးတစ်ပိုက်မှာ ကမ္ဗလာနီဖြင့် ဖုံးလွှမ်းထားသကဲ့သို့ရှိ၏။ ထိုကဲ့သို့ လှပတင့်တယ်၍ ကျက်သရေမင်္ဂလာရှိလှစွာသော ဆတ်မင်းသည် သာယာနာပျော်ဖွယ်ကောင်းလှသောအသံဖြင့် ခေမာမိဖုရားအား တရားစကားများ ဟောကြားခဲ့ပါပေသည်။

အိပ်မက်ထဲမှာ တွေ့ဆုံလိုက်ရသော ထိုရွှေဆတ်မင်းသည် ဂင်္ဂါမြစ်ကမ်းပါးမှ တောအုပ်တစ်နေရာတွင် ရှိနေခဲ့၏။ ထိုရွှေဆတ်မင်းသည် ဘုရားအလောင်းတော်ဖြစ်၏။ သူသည် တောအုပ်အတွင်း၌ အမျိုးအနွယ်တူ ဆတ်အပေါင်းတို့ကို ကြီးမှူးအုပ်ချုပ်မင်းလုပ်နေရာမှ အခြွေအရံတို့ကို ခွဲခြားထားခဲ့ပြီးလျှင် ဂင်္ဂါမြစ်ကမ်းရှိ တျောက်လိုဏ်ဂူတစ်ခု၌ တစ်ကိုယ်တည်း ဥပုသ်ဆောက်တည်၍နေခဲ့လေသည်။

တစ်ခုသော ညသန်းခေါင်ယံ



www.burmeseclassic.com

www.burmeseclassic.com

အချိန်၌ အလောင်းတော် ရွှေဆတ်မင်းသည် ဂင်္ဂါမြစ်လယ်ရေစီးကြောင်းထဲက ကယ်ပါယူပါတစာစာအော်ငိုသံများကို ကြားလိုက်ရ၏။ ဤတွင် တျောက်လိုက်ဂူမှ အလျှင်အမြန်ထွက်၍ ဂင်္ဂါမြစ်ကမ်းပါးမှကြည့်လေရာ ထိန်ထိန်သာနေသော လရောင်အောက် ရေစီးကြောင်းထဲ၌ ယက်ကန်ယက်ကန်ပါလာခဲ့သော ယောက်ျားတစ်ယောက်ကို တွေ့လိုက်ရလေသည်။

အသက်ဘေးနှင့် ကြုံတွေ့နေရသော ဒုက္ခသည်တစ်ယောက်ကို လှမ်းမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ဘဝ





www.burmeseclassic.com

www.burmeseclassic.com

ပေါင်းများစွာက ဖြည့်ကျင့်ဆည်းပူးလာခဲ့သော ပါရမီပေါင်းစုံတို့က လှုံ့ဆော်တိုက်တွန်းလာကြသဖြင့် အလောင်းတော် ရွှေဆတ်မင်းသည် ချက်ချင်းပင် ရေထဲသို့ ခုန်ဆင်းလိုက်၏။ အရှိန်အဟုန်ကောင်းကောင်းနှင့် စီးဆင်းနေသော ဂင်္ဂါမြစ်ရေစီးကြောင်းကို မိမိ၏သန်စွမ်းသောအင်အားဖြင့် နှစ်ဖြာခွဲသကဲ့သို့ဖြစ်အောင် ကူးခပ်လိုက်၏။ ဤသို့ ဒုက္ခိတလူသတ္တဝါ၏ အနီးသို့ ရောက်သောအခါ-

"အချင်းလူသား၊ မကြောက်ပါနဲ့။ ငါက မင်းကိုကယ်ရအောင်လာတာပါ။ ကဲ၊ ငါ့ကျောပေါ် သာတက်ပေတော့"

ဤသို့ဆိုကာ ကျောခင်း၍ပေးလိုက်၏။ ဒုက္ခိတလူကလည်း ကျောပေါ်သို့ တွယ်ကပ်၍တက်၏။ နေသားတကျရှိလာသောအခါ အလောင်းတော် ရွှေဆတ်မင်းသည် ရေအဟုန်ကို ဖြတ်လျက် သွက်လက်စွာ ကူးခပ်လာခဲ့ရာ မကြာမီမှာပင် ကမ်းပေါ်သို့ရောက်လာကြပေသည်။

ထိုညလွန်သောအခါ အလောင်းတော် ရွှေဆတ်မင်းသည် မိမိစားသုံးနေကျ တောထဲမှသစ်သီးမျိုးစုံကို တည်ခင်းကျွေးမွေး၏။ ဤသို့ဖြင့် နှစ်ရက်၊ သုံးရက်ခန့် ကျွေးမွေးလာခဲ့၍ နဂိုနေအသားအရေများပြည့်လာသောအခါ အလောင်းတော် ရွှေဆတ်မင်းက ထိုလူကို ကျောပေါ် မှာတင်၍ တောအုပ်ထဲမှထုတ်လာခဲ့၏။ တောအုပ်အစွန်အဖျားသို့ရောက်သောအခါ ဗာရာဏသီမြို့တော်ဆီသို့ ဦးတည်နေသော လမ်းကြောင်းတစ်ခုကို တွေ့လိုက်ရသဖြင့် -

"အချင်းလူသား၊ ဒီလမ်းကြောင်းအတိုင်းသာဆက်လျှောက်သွားပေတော့။ လမ်းဆုံးတဲ့အခါ ဗာရာဏသီမြို့တော်ကို ရောက်ပါလိမ့်မယ်"

ဤသို့ ဆို၍ ကျောပေါ်မှချပေး၏။ ထို့မှဆက်လက်၍ -

"အချင်းလူသား၊ သင့်အတွက်တော့ အသက်သေမယ့်ဘေးက လွတ်မြောက်သွားပါပြီ။ ဒီတော့ ငါ့အတွက် ဘေးကင်းဖို့ လုံခြုံစိတ်ချရဖို့ မှာလိုက်ပါရစေ။ ဒီတောအုပ်ထဲမှာ ရွှေအဆင်းသို့ ဝါဝင်းတဲ့ဆတ်မင်းကြီးရှိနေတယ်လို့တော့ ဘယ်သူ့ကိုမှပြောမပြလိုက်ပါနဲ့နော်"

"ကောင်းပါပြီ အဲသင်ရွှေဆတ်မင်း"

အကယ်တင်ခံ လူသားကလည်း အတုံ့အပြန် ဝန်ခံချက်ကို လွယ်လွယ်လေးပင် ပေးလိုက်ပါ၏။

ထိုလူသည် အလောင်းတော်ဆတ်မင်း ညွှန်ကြားလိုက်သည့်အတိုင်း လမ်းကြောင်းအတိုင်းလျှောက်လာခဲ့၏။ မည်သူမဆို မိမိတို့အရပ်ဌာနသို့ ဘေးရန် ကင်းကွာပြန်လာရမည်ဆိုပါက စိတ်အားထက်သန်မြဖြစ်၏။ ရောက်ချင်ဇောစောနေတတ်ကြ၏။ သို့ပါလျက် ထိုလူကတော့ အပြန်ခရီးအတွက် စိတ်အားထက်သန်ခြင်းမရှိပါ။ ဗာရာဏသီမြို့တော်ကြီးသို့ ပြန်ရောက်ချင်စိတ်လည်း မရှိပါ။ ဗာရာဏသီမြို့တော်ကြီးတွင် မလှမပဖြစ်ခဲ့သော ဘဝဇာတ်ကြောင်းက သူ့ကို အဟန့်အတားပြုနေ၍ ဖြစ်ပေသည်။

တကယ်တော့ဖြင့် ထိုသူသည် ရှင်ဒေဝဒတ်အလောင်းလျာ ဖြစ်လေ၏။ ဘဝသံသရာတစ်လျှောက်လုံး ကုသိုလ်ကောင်းမှုပြုလုပ်ရေးထက် မကောင်းမှုများပွားစီးရေး၌သာ အလေ့အထုံများခဲ့လေ၏။ သို့ရာတွင် ထိုဘဝတွင်ကား အတိတ်ကာလ ဘဝတစ်ခုတုန်းက ရှားရှားပါးပါးပြုခဲ့ရသော ကုသိုလ်ကံ၏အကျိုးပေးရန်အလှည့်ကြုံလာသဖြင့် ဗာရာဏသီမြို့တော်၌ သူဌေးသားတစ်ယောက်ဖြစ်ခွင့်ရခဲ့ပါပေသည်။

တစ်ဦးတည်းသော သားကလေးဖြစ်၍ သူ့ကို လူကြီးမိဘအပေါင်းက တုန်နေအောင်ချစ်ခဲ့ကြ၏။ ဘာမဆို လိုတာမရမရှိရအောင် ဆောင်ရွက်ပေးခဲ့ကြလေ၏။ သို့ရာတွင် တလွဲတချော်ကြောင့်ကြစိုးရိမ်စိတ်များကြောင့် သားကလေး၏ ပညာသင်ကြားရေးကိုတော့ အားမပေးခဲ့ကြပါချေ။

"ငါတို့ သားကလေး ပညာသင်ဖို့ဆိုလျှင် ဒိသာပါမောက္ခဆရာကြီးထံသွားရရှာတော့မည်။ အနေဆင်းရဲ၊ အစားဆင်းရဲရှိရှာတော့မည်။ သူများတွေနှင့် အမီလိုက်ပြီးသင်ရတာမို့ သားကလေး ပင်ပန်းရှာရော့မည်"

ဤသို့သော ကြောင့်ကြစိတ်ဖြင့် ပညာသင်ကြားရေးကို လုံးဝအားမပေးခဲ့ကြပေ။

ဤသို့ဖြင့် သူဌေးသားကလေးသည် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေးမှစ၍ မည်သို့သော အသိအလိမ္မာကိုမျှ လေ့လာဆည်းပူးခြင်းမပြုဘဲ လူပေါက်ပန်းအဖြစ်ဖြင့် လူလားမြောက်လာခဲ့ရ၏။

လူလားမြောက်လာပြီ ဆိုတော့လည်း မိဘများ၏အရှိန်အဝါဖြင့် မယားတစ်ယောက်ရလာ၏။ မယားရ၍ အိမ်ထောင်သည်ဘဝရောက်လာသည့်တွင်လည်း သူ့ပုံစံကတော့ မပြောင်းပါချေ။ ပေးလားဝါးလား အပျော်အပါးကျူးနေကြသော အပေါင်းအသင်းများနှင့်အတူ သောက်စားပျော်ပါး၍ သာနေလာခဲ့ပေသည်။

သူဘယ်လောက်ပင်သုံးသုံး၊ သူဘယ်လောက်ပင်ဖြုန်းဖြုန်း မိဘများက တာမိအောင်ရှာဖွေနိုင်ကြ၍ တစ်လျှောက်လုံး ကျွန်မြေမပျက်ခဲ့ရပါ။ မွေးမိဘတို့ မျက်နှာလွှဲကြသည့်တွင်ကား အထိန်းအကွပ်မဲ့သောက်စားပျော်ပါးခြင်းတို့ကသာ ရှေ့တန်းရောက်လာကြသဖြင့် ရှိရှိသမျှ စည်းစိမ်ဥစ္စာပြောင်သလင်းခါ၍ သွားရပါတော့သည်။

လက်ထဲပါ ဗလာနတ္ထိဖြစ်နေပါသော်ငြားလည်း သူဌေးသားက သူ့အမူအကျင့်ကို မစွန့်နိုင်သေးပါ။ သောက်သောက်စားစား ပျော်ပါးမြဲတိုင်းပျော်ပါးနိုင်ရန် သူများဆီကချေးငှား၍ဖြုန်းရပြန်၏။ အချေးအငှားဟူသည်မှာ ယူတော့ ပြုံးပြုံး၊ တောင်းတော့မုန်းဖြစ်စမြဲမို့ ကြွေးရှင်များက သူသွားလေရာရောက်လေရာ ကြွေးစာရင်းတွေ တစ်သီတစ်တန်းနှင့်နောက်ကလိုက်လာကြ၏။ ဤသို့ဖြင့် ကြံရာမရဖြစ်နေရသော သူဌေးသားသည် နောက်ဆုံးတွင် အကြံတစ်ခုကို ရလာသဖြင့် -

"မိတ်ဆွေတို့၊ မိတ်ဆွေတို့ရဲ့ကြွေးစာရင်းတွေအားလုံး ယူလာခဲ့ကြပါ။ အိမ်မှာ ကုန်းကောက်စရာမရှိတော့ပေမယ့် ဂင်္ဂါမြစ်ကမ်းမှာတော့ရှိနေပါသေးတယ်။ မိဘများမြှုပ်ထားခဲ့တဲ့ ရွှေအိုးတွေရှိနေပါသေးတယ်။ အဲဒါတွေအားလုံးငွေယူ



www.burmeseclassic.com

ပြီးတော့ ကြွေးရှိသမျှကုန်အောင်ဆပ်ပါ့မယ်"

သူဌေးသား၏ ပြောကြားချက်ကို ယုံစားမိကြသဖြင့် ကြွေးရှင်များက သူ့နောက်က ဝိုင်းအုံ၍လိုက်လာခဲ့ကြ၏။ သူဌေးသားကမူ အကြံနှင့်ဉာဏ်နှင့် ဖြစ်နေ၍ ဂင်္ဂါမြစ်ကမ်းပါး၌ ရွှေအိုးကြီး မြှုပ်နှံထားသည့်နေရာကို ညွှန်ပြသလိုလိုနှင့် မြစ်ရေစီးကြောင်းထဲသို့ ခုန်ချလိုက်ပါတော့သည်။

ကြွေးတွေကျေအောင်မဆပ်နိုင်တော့မယ့်အတူတူ သေတာက ဒေါ်ပါသေးတယ်' ဟူသောသဘောဖြင့် ခုန်ချလာခဲ့သော သူဌေးသားသည် မြစ်ရေထဲမှာ ဖြုန်းခနဲ မြုပ်၍ ရေမွှမ်းသွားသည်တွင် ကား သေရမှာ ကြောက်လာ၏။ ထို့ကြောင့် ကယ်ပါယူပါတစာစာအော်ဟစ်ရင်း မျောပါလာခဲ့ရာမှ ကယ်တင်ရှင်နှင့် တွေ့လာခဲ့ရခြင်း ဖြစ်ပေသည်။

ဗာရာဏသီမြို့တော်ကြီးကို လှမ်းမြင်နေရပြီ ဖြစ်ပါလျက် သူဌေးသားမှာ ရှေ့သို့ ဆက်လှမ်းရန်ခက်နေရ၏။ မြို့တော်တွင်း၌ မိမိ၏အရိပ်အယောင်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကြွေးရှင်တွေက ဝိုင်းအုံလာကြပေဦးမည်။ ဒုက္ခအကြီးအကျယ်တွေ့ရပေဦးမည်။ သို့ရာတွင် မိမိမှာ ဗာရာဏသီမြို့တော်ကလွဲ၍ ဘယ်ကိုမှမရောက်ဘူးပါ။ ဘယ်ကိုမျှမသွားတတ်ပါ။ ဘယ်ကိုမှမသွားရဲပါ။ သို့ဖြစ်၍ ကြောက်သည့်ရှိသည့်ကြားထဲကပင် ဗာရာဏသီမြို့တော်ထဲသို့ ပြန်၍ဝင်လာရပါပေသည်။

သူ့အတွက် ကုသိုလ်ကံအကျိုးပေးလေလား၊ အကုသိုလ်ကံအကျိုးပေးလေလားဟု မခွဲခြားနိုင်ပါ။ ဗာရာဏသီမြို့တော်တွင်းသို့ သူရောက်အလာတွင် ရွှေနန်းတော်ကြီးမှ မောင်းခတ်ကြေညာသံကို ကြားလိုက်ရပေသည်။

"တိုင်းသူပြည်သားလူအများတို့လေး။ ဗြဟ္မဒတ်မင်းကြီး၏ ခေမာမိဖုရားကြီးမှ ရွှေဆတ်မင်းကို အိပ်မက်ထဲမှာ တွေ့မြင်ရပါသဖြင့် ရွှေဆတ်မင်းရှိရာ ညွှန်ပြနိုင်သူ မည်သူမဆို ယခုအတူပါလာသည့် ဆင်တော်ပေါ်က အသပြာထောင်ထုပ်ကိုယူစေ။ ဆင်ကြီးကိုလည်းယူစေ။ ထို့ပြင် အခြားအဖိုးထိုက်တန်သည့်ဆုကြီးများကိုလည်း သနားတော်မူဦးမည်။ ရွှေဆတ်မင်းရှိရာတောကို ညွှန်ပြနိုင်သူရှိပါက ထွက်ခဲ့ကြစေ"

ရွှေနန်းတော်အမှုထမ်းက မောင်းကြေးနှင်းခတ်၍ လှည့်လည်ကြေညာ၏။

ထိုကြေညာချက်သည် သေရွာပြန်သူဌေးသားနှင့် တိုက်ရိုက်ကြီးသက်ဆိုင်နေ၏။ ဘုရင့်ထံမှ ရရှိလာမည့် ဆုတော်လာဘ်တော်တို့ကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဘဝဘဝကပါလာခဲ့သော အလေ့အထုံက နိုးထလာ၏။ သူသည် ဖြစ်လေရာဘဝတိုင်းတွင် မိမိအတွက် အကျိုးတစ်စုံတစ်ခုရှိမည်ဆိုပါက မည်သည့်ကျေးဇူးတရားကိုမျှ ငဲ့ကွက်ခဲ့သည်မရှိချေ။ မိမိအပေါ် သနားကရုဏာစိတ်ဖြင့်ကူညီခဲ့လာသမျှ စောင့်ရှောက်ခဲ့လေသမျှ ကယ်တင်ခဲ့လေသမျှ မြေကြီးပေါ် မှာချ၍နင်းခြေလာခဲ့သူဖြစ်၏။

ယခုလည်း ရွှေနန်းတော်မှမောင်းခတ်ကြေညာသံကြားရသည်နှင့်တစ်ပြိုင်နက် သူ့ဇာတိစိတ်က အစွမ်းပြလာပါပြီ။ မိမိကောင်းစားရေးအတွက် အသက်သခင်ကျေးဇူးရှင်ကို ကျေးစွပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ထို့ကြောင့် သူသည် မောင်းခတ်ကြေညာနေသူတို့ထံ ချဉ်းကပ်၍ -

"ရွှေဆတ်မင်းရှိတဲ့နေရာကို ကျွန်တော်သိပါတယ်။ ကျွန်တော်ညွှန်ပြနိုင်ပါတယ်"

ဟု ပြောပြလိုက်၏။

ဤတွင် အမှုထမ်းတို့က သူ့ကို ဗြဟ္မဒတ်ရှေ့တော်မှောက်ဆီသို့ ခေါ်ဆောင်လာခဲ့ကြ၏။ ဗြဟ္မဒတ်မင်းအဖို့ကလည်း ရွှေဆတ်မင်းကို အမိဖမ်းယူနိုင်ဖို့က အရေးကြီးလွန်းလှ၏။ ခေမာမိဖုရားက အိပ်မက်ထဲမှာ တွေ့လိုက်ရသော ရွှေဆတ်မင်းကို ကိုယ်တိုင်ကိုယ်ကျမြင်လိုသည်။ ရွှေဆတ်မင်း၏တရားသံကိုလည်း နာကြားချင်ပါသည်။ ရွှေဆတ်မင်းကိုမှ ကိုယ်တိုင်မတွေ့ရပါက သေရွာသို့သွားရပါတော့မည်ဟု မျက်ရည်လည်ရွဲဖြင့် အသနားခံခဲ့၏။

ထို့ကြောင့် ဗြဟ္မဒတ်မင်းသည် ညီလာခံသဘင်သို့ တက်ရောက်ပြီးလျှင် မိဖုရားကြီးအိပ်မက်ထဲက ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော ရွှေဆတ်မင်းဆိုတာ တကယ်ရှိနိုင်၊ မရှိနိုင် မေးမြန်းခဲ့ရ၏။

မှူးတော်မတ်တော်များတို့ကလည်း မိဖုရားကြီးကိုယ်တိုင် အိပ်မက်မက်ထားတာမို့ အပြင်လောကမှာလည်း တကယ်တမ်းရှိနိုင်ပါကြောင်း လျှောက်တင်ကြ၏။ ထို့မှဆက်လက် ထိုရွှေဆတ်မင်းရှိရာကို အသေအချာညွှန်ပြနိုင်သူက ရှေ့တော်မှောက်သို့ ရောက်လာပါပြီ။

ထို့ကြောင့် ဗြဟ္မဒတ်မင်းသည် သေရွာပြန် သူဌေးသားကို ရှေ့ဆောင်လမ်းပြပြုစေပြီးလျှင် စစ်တပ်ကြီးများနှင့်တကွ ရွှေနန်းတော်မှ ထွက်လာခဲ့၏။ ခရီးစဉ်အတိုင်းလာခဲ့ကြ၍ ရွှေဆတ်မင်းရှိရာတောအရပ်သို့ ရောက်သောအခါ သူဌေးသားက -

"ဒီတောအုပ်ထဲမှာရှိနေပါတယ်"

ဟု လက်ညှိုးထိုးညွှန်ပြလိုက်၏။

ဤတွင် ဗြဟ္မဒတ်မင်းက ထိုတောအုပ်တစ်ခုလုံးကို လိုက်ပါလာသည့် စစ်သည်ဗိုလ်ပါအင်အားဖြင့် ပတ်ပတ်လည်မှဝိုင်းထားစေ၏။ ထွက်ပေါက်မရှိအောင်ဝိုင်းထားပြီးမှ တစ်ခဲနက်ဩသံကြီးပေးကာ ပါလာသမျှ လက်နက်များဖြင့် တွေ့ကရာသစ်ပင်များကို ပစ်ခတ်ကြ၏။ တစ်စထက်တစ်စ အဝိုင်းအဝန်းကိုချုံ့လာခဲ့ကြ၏။

အလောင်းတော် ရွှေဆတ်မင်းကတော့ ထိုအသံများကြားလိုက်ရုံနှင့် အဖြစ်မှန်ကိုသိလိုက်ပါပြီ။ ထိုတစ်ခဏ၌ သူသည် မိမိ၏မိဘဘိုးဘွားများပြောခဲ့သည့်စကားကို ပြန်လည်ကြားယောင်လာမိ၏။

"လောကမှာ ရေထဲက ထင်းချောင်းကို ဆယ်ယူမိတာက ဘာမှမဖြစ်ဘူး။ ခြေနှစ်ချောင်းကို ကယ်မိလို့ကတော့ ဒုက္ခတွေ့ရမည်မှတ်" -

ဟု တဖွဖွ ပြောဆိုခဲ့ကြ၏။ ယခုတော့ သူတို့ပြောစကားက ရာနှုန်းပြည့်မှန်နေပါပြီကော။

ဤသို့ စိတ်မကောင်းခြင်းကြီးစွာခံစားရပြီးမှ မိမိ၏လွတ်မြောက်လမ်းစကို ရှာကြံဖို့ သတိရလာ၏။ ထို့ကြောင့် ပုန်းအောင်းရာ တောချုံထဲမှ ပတ်ပတ်လည်ကို လှည့်လည်ကြည့်ရှုလေရာ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဘယ်၊ ညာ ဘယ်နေရာမှ လွတ်လမ်းမရှိတော့ပါပြီ။ လက်နက်ကိုယ်စီမြှောက်ချီထားကြသော စစ်သည်ရဲမက်တို့က ပခုံးချင်းထိမတတ် ဝိုင်းပတ်၍ထားလိုက်ကြပါပြီ။

ထို့ကြောင့် အလောင်းတော်ရွှေဆတ်မင်းသည် မိမိ၏ သက်သာရာရမည့်အရေးကား ဗြဟ္မဒတ်မင်းထံ ပြေးဝင်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်ချကာ ချက်ချင်းပင် တောချုံထဲက ပြေးထွက်လာခဲ့၏။ ဗြဟ္မဒတ်မင်းသည် အကောင်အထည် ကြီးမားလှစွာသော ရွှေဆတ်မင်းက မိမိအား ရန်မူရန်ပြေးလာသည်ထင်မှတ်၍ ...ကိုဦးမှရသ...



www.burmeseclassic.com

www.burmeseclassic.com

ဝစ်ခတ်ရန် လေညှို့ပေါ်မှ မြားထံကို တင်၍ ရွှေဆတ်မင်းထံသို့ချိန်လိုက်ရာ-

"အို - အရှင်မင်းကြီး ခေတ္တခဏ ခေတ်လိုက်ပါဦး။ သိချင်တာလေးတစ်ခု တော့မေးပါရစေ။ အသင်မင်းကြီးကို ဒီတောအုပ်ထဲရောက်အောင်လမ်းပြခဲ့ တာက ဘယ်သူပါလဲ"

ဤသို့ ရွှေဆတ်မင်းက လူတို့၏ ဘာသာစကားဖြင့် တည်ကြည်စွာ ချိုချို သာသာ မေးမြန်းလိုက်၍ ဗြဟ္မဒတ်မင်း ၏ လက်အစုံသည် အလိုအလျောက် ညွတ်ကျသွားကြ၏။ ကိုင်စွဲထားသည့် လေးလက်နက်သည် မြေပေါ်သို့ ကျ သွား၏။ ထိုမြင်ကွင်းကို တအံ့တသြရှု မြင်ရသဖြင့် ဝိုင်းအုံထားကြသော စစ် သည်ဗိုလ်ပါတို့ကလည်း လက်နက်များ ကို ပစ်ချပြီးလျှင် ထိုအနားသို့ ဝိုင်းအုံ လာကြပေသည်။

ဗြဟ္မဒတ်မင်းသည် ရွှေဆတ်မင်း ထံမှ ထွက်ပေါ်လာသည့် မေးမြန်းချက် နှင့် လျော်ညီစွာ မိမိဘက်ကလည်း ချို ချိုသာသာ တုံ့ပြန်ဖြေကြားရန်ရှိလာ၍ လမ်းညွှန်ပြသူကို ကြည့်လိုက်လေရာ ထို သူမှာ စောစောတုန်းက မိမိအနီးအပါး မှာ ဝင့်ကြွားစွာရှိနေခဲ့ပါလျက် ယခုတော့ ဟိုနောက်သို့ဆုတ်နေခဲ့ပါပြီ။ ကျေးဇူး ရှင် ရွှေဆတ်မင်းမျက်နှာကို မကြည့်ရဲ၍ ဖြစ်ပါလိမ့်မည်။

သူက သူ့အပြစ်နှင့်သူ နောက် တန်းသို့ဆုတ်နေခဲ့သော်ငြားလည်း သူ၏ ကျေးဇူးကန်းမှုကိုတော့ ဖုံးလွှမ်းမထား နိုင်ပါ။ ဗြဟ္မဒတ်မင်းကိုယ်တိုင်က -

"မိမိအား လမ်းပြခဲ့သူဟာ သူပါ ပဲ"

ဟု ညွှန်ပြလိုက်၏။

ဤတွင် အလောင်းတော်ဆတ် မင်းက -

"အရှင်မင်းကြီး၊ ဒီအရေးဒီကိစ္စ ကြီးနဲ့ ကြုံလာရခါမှ ရှေးရှေးက ပညာရှိ ကြီးများရဲ့ ပြောစကား ဧကန်မုချမှန်လှ ပါကလားလို့ သဘောပေါက်လာနေပါ တယ်။ သူတို့ ပြောခဲ့ကြတာက လောက မှာ ရေထဲက ထင်းချောင်းကို ဆယ်ယူမိ လို့ ဘာမှမဖြစ်ဘူး။ ခြေနှစ်ချောင်းကို ကယ်တင်မိလျှင်တော့ ဒုက္ခတွေ့လိမ့် မယ်လို့ ပြောခဲ့ကြပါတယ်"

ဤသို့ အလောင်းတော်ဆတ်မင်း က ဗြဟ္မဒတ်မင်းအား တွေးတွေးဆဆ ပြောပြလိုက်သဖြင့်-

"အသင် ရွှေဆတ်မင်း၊ သင့်စကား က တစ်စုံတစ်ခုကို ရွတ်ချသ်ပါနေပါ



တယ်။ တောထဲက သားသမင်တွေကို ရွတ်ချချင်တာလား။ ကောင်းကင်က ငှက်တွေကို ရွတ်ချချင်တာလား။ ဒါမှ မဟုတ် မနုဿလူသားတွေကို ရွတ်ချ ချင်တာလား"

"အရှင်မင်းကြီး၊ လူသားတိုင်းကို တော့ မရွတ်ချချင်ပါဘူး။ မိမိကို အသက် ဘေးမှ ကယ်ထုတ်ပေးခဲ့တဲ့ ကျေးဇူးရှင် ကို ကျေးဇူးမတင်ရုံမက ကျေးစွပ်တဲ့ အဆင့်အထိရောက်လာတဲ့ လူယုတ်မာ ကိုသာ ရွတ်ချလိုပါတယ်"

ဤသို့ပြောဆိုပြီးလျှင် အလောင်း တော်ဆတ်မင်းသည် ထိုသူအား မြစ်ရေ စီးသန်သန်ကြီးထဲမှ ကယ်ထုတ်လာခဲ့ ရပုံအကြောင်းစုံကို ပြောပြလိုက်၏။

ဤတွင် ဗြဟ္မဒတ်မင်းသည် ကျေးဇူးရှင်အား ပြစ်မှားခဲ့သည့် လူယုတ် မာကို ထိုက်တန်ရာအပြစ်ပေးလိုသဖြင့် ထိုသူ၏ရင်ဝသို့ မြားဖြင့်ပစ်သွင်းရန် ဟန်ပြင်လိုက်၏။ ဤတွင် ရွှေအလောင်း တော် ရွှေဆတ်မင်းက -

"အရှင်မင်းကြီး၊ သည်းခံတော်မူ ပါ။ လူယုတ်မာကိုပဲသတ်သတ်၊ လူ ကောင်းသူကောင်းကိုပဲသတ်သတ် သတ် တဲ့ဖြတ်တဲ့အလုပ်မျိုးဆိုရင် သူတော် ကောင်းတို့က မနှစ်သက်ကြပါဘူး။ ဒါကြောင့် လူယုတ်မာဟာ သူ့ဘာသာ အသက်ရှင်နေပါစေ။ သူရသင့်ရထိုက် တဲ့ ဆုတော်လာဘ်တော်များကိုလည်း ရပါစေ။ ကျွန်ုပ်ကိုယ်တိုင်ကလည်း အသင်မင်းကြီး ခေါ်ဆောင်တဲ့အတိုင်း အကြည်အသာလိုက်ပါပါတော့မယ်"

ရွှေဆတ်မင်းက ဖျောင်းဖျောင်း ဖျဖျ ပြောဆိုလိုက်သဖြင့် ကျေးစွပ်သူ လူယုတ်မာမှာ ဒုတိယအကြိမ် အသက် ဘေးမှ လွတ်မြောက်ခွင့်ရသွားပြန်ပါ၏။

ထို့နောက် ဗြဟ္မဒတ်မင်းသည် ကြီးကျယ်လှစွာသော အခမ်းအနားဖြင့် ရွှေဆတ်မင်းအား နန်းမြို့တော်သို့ ပင့် ဆောင်၏။ ရွှေနန်းတော်သို့ ရောက် သောအခါ မိမိ၏ ရာဇပလ္လင်ထက်သို့ တင်ပေးပြီးလျှင် မိဖုရားကြီးနှင့်အတူ တကွ ရွှေဆတ်မင်းထံမှ သာယာချိန်မြိန် လှစွာသော တရားစကားများကို ရိုသေ စွာ ကြားနာ၏။

ကြားနာရသော တရားစကားကို အားရကျေနပ်လှသဖြင့် ဗြဟ္မဒတ်မင်းက လိုရာဆုကို တောင်းဆိုပါရန် ခွင့်ပြု၏။ ဤတွင် အလောင်းတော် ရွှေဆတ်မင်း က မိမိနှင့်တကွအမျိုးအနွယ်တူအားလုံး အား ဘေးမဲ့ဆုကြီးပေးပါရန် ပန်ကြား လေရာ ဗြဟ္မဒတ်မင်းကလည်း လိုလို လားလား ပေးအပ်လိုက်ပါ၏။ ပေးအပ် ထားသည့်အတိုင်းလည်း ဆတ်သတ္တဝါ မှန်သမျှကို မည်သူမျှ ပတ်ခတ်သတ်ဖြတ် ခြင်းမပြုရန် တစ်မြို့လုံး၊ တစ်နိုင်ငံလုံး ကြားသိစေရန် ကြေညာချက်များထုတ် ပြန်ထား၏။

ထို့နောက် အလောင်းတော် ရွှေ ဆတ်မင်းသည် နေရပ်ဌာနေသို့ ပြန်လာ ပြီးလျှင် အခြွေအရံများနှင့်တကွ လှည့် လည်ကျက်စားနေ၏။

ထိုစဉ်တွင် တောထဲက အလေ့ ကျ စပါးခွံတို့ကိုသာ စားလာခဲ့ကြသော ဆတ်များက မိမိတို့ ဘေးမဲ့ပေးထားမှန်း သိကြသဖြင့် လူတို့စိုက်ပျိုးထားသော အသီးအနှံတို့ကိုဝင်၍စားကြ၏။ အခင်း ရှင်တို့မှာ မင်းမိန့်ကို ကြောက်ကြသဖြင့် ခြောက်လှန့်ရုံလေးမျှမပြုဝံ့ကြပါ။

ဤသို့ဖြင့် ဆတ်မျိုးနွယ်တို့က တစ်စထက်တစ်စ အတင့်ရဲလာကြ၍ အုံနှင့်ကျင်းနှင့်လာ၍စားကြသည်တွင် အခင်းရှင်တို့မှာ မနေသာတော့သဖြင့် ဗြဟ္မဒတ်မင်း ရွှေနားတော်ကြားအောင် လျှောက်တင်ကြရ၏။ သို့ရာတွင် ဗြဟ္မ ဒတ်မင်းကတော့ ရွှေဆတ်မင်းအား ပေး ထားခဲ့သော ကတိစကားကို မဖျက်နိုင် ပါချေ။

ဤအကြောင်းများကို အလောင်း တော် ရွှေဆတ်မင်း ကြားသိရသော အခါ လူတို့က အရံအတားပြုထားသော လယ်ကွင်းများကို ရှောင်ကြဉ်ကြရန် ညွှန်ကြားချက်ထုတ်ပြန်ရ၏။ ဆတ်မျိုး နွယ်ဝင်အပေါင်းတို့ကလည်း အလောင်း တော် ရွှေဆတ်မင်း၏ ဆုံးမစကားကို ရိုသေစွာ လိုက်နာကြပါကုန်၏။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



အလိုပြည့်ဝအောင်မြင်ရာဘုရား



အလိုပြည့်ဝအောင်မြင်ရာဘုရားပလ္လင်အနီးမှ
မြေကြီးအတွင်းမှတူးဖော် ရုပ်ပွားတော်များ



အင်းဝခေတ်ဦးဘုန်းပွင့် ပြန်ဆိုတော် (၃) ပေခန့်
ကျောက်ဆင်းတုတစ်ဆူ

# စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ထိန္နဲ့ရွာ
# အလိုပြည့်ဝအောင်မြင်ရာဘုရားပူဇော်မှုခရီး

မောင်ကျော်ချမ်း(ဓမ္မာ)


စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ထိန္နဲ့ရွာ အလိုတော်ပြည့်ဝ အောင်မြင်ရာဘုရားသို့ မုံရွာမြို့မှ ချင်းတွင်းမြစ်ကျော် ချင်းတွင်းတံတားကို ဖြတ်ကျော်လျက် ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့ကို ရောက်ရှိပါမည်။ ယင်းမာပင်မြို့မှ အလောင်းတော်ကဿပသွားရာ လည်ပေါက်လမ်းခွဲသို့ ရောက်ရှိပါသည်။

မုံရွာမှယင်းမာပင်မြို့သို့ (၂၈)မိုင်၊ ယင်းမာပင်မြို့မှ ပုလဲမြို့နယ် ထိန္နဲ့ရွာသို့ (၁၀) မိုင်ခန့်ဝေးသော ကားလမ်းဖြင့် ဆက်သွယ်ထားပါသည်။ လည်ပေါက်ရွာ ပုသိမ်-မုံရွာကားလမ်းမှ ပုလဲမြို့နှင့် (၈) မိုင် ဝေးပါသည်။

ထိန္နဲ့ရွာသည် ပုလဲမြို့နယ် ကမ္ဘာ့ရပ်ကျေးရွာ အုပ်စုဝင်ရွာ ဖြစ်သည်။ ထိန္နဲ့ရွာ၏မြောက်ဘက် ကားလမ်းဘေးမှာ စေတီပြိုပျက်များကြားမှ အလိုပြည့်ဝ အောင်မြင်ရာဘုရား ဆိုင်းဘုတ်ကို မြင်တွေ့ရပါသည်။

**■သုံးမည်ရ ထိန္နဲ့ရွာ ■**


ထီးလဲ သို့မဟုတ် ထိန္နဲ့ရွာသည် ယခင်က အင်ကြင်းတောရွာဟု ခေါ်ပါ



ချွှည်အေးလိုတရရပ်တော်မှုဘုရား(၁၇၇၃)



ရှင်သီဝလိရဟန္တာအဆောင်တော်



ပေါ်တော်မူဘုရားတော် (၃) ပေခန့်
ဖျူပတိနာကောင်းတော်များတွင်းဖောက်ထားသည့်
စကျင်ကျောက်ဆင်းတု



www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းကြီး ပျားမင်းကြီးဘုရားလိုဏ်အတွင်းမှ ဆင်းတုတော်သုံးဆူ



သိမ်ဘုရားအတွင်းမှ ညာဘက်တော် (၆) ထက်မခန့်ရှိ ကျောက်ဆင်းတုပေါ်တော်မူ အဆူ (၃၀)



ပေါ်တော်မူကျောက်ဆင်းတုများ ပြပွဲ၊ သိကြားမှတ်သားကျောက်ဆစ်ထက်ရာ

သည်။

ပုဂံရွှေတောင် သူရသိယ်မင်း အုပ်စိုးစဉ် ကြက်ပျံမကျစည်ကားသော ရွာကြီးတစ်ရွာဖြစ်ခဲ့သည်။ ထိုအချိန်က နယ်စားပယ်စားပေးသောကာလ ဖြစ်သည်နှင့်အညီ မြို့စားနှစ်ယောက်ရှိခဲ့သည်။ ယင်းမာချောင်းတောင်ဘက်နယ်ကို ဇန့်ကျီနယ် သုခုမရာဇာမင်း အုပ်စိုးရပြီး မြောက်ဘက် ကနီနယ်ကို မင်းရွှေတောင် အုပ်စိုးရပါသည်။

အင်ကြင်းတောရွာဦး သဲပုံကုန်းမြင့်မြင့်ပေါ် မှာ ထီးဖြူစိုက်ပြီး ရွာနီးနားမှ ရဟန်းသံဃာများပင့်ပြီး အမိဋ္ဌာန်ကြသည်။ ထီးဖြူလဲသည့်ဘက် အုပ်စိုးစေဟု ပုဂံရွှေတောင်သူရသိယ်မင်းက အမိန့်ချသဖြင့် ရွာသူရွာသားများက ဘုရားတည်ပါမည်ဟု အမိဋ္ဌာန်ရာ ထီးဖြူအရှေ့တောင်ဘက်သို့ လဲပါသည်။ အင်ကြင်းတောရွာကိုလည်း 'ထီးလဲရွာ' ဟု ခေါ်ကြသည်။ ယခုဘုရားတည်လျှင် အရှေ့တောင်ပါသလိုလို ဖြစ်နေပါသည်။ သုခုမရာဇာမင်းက ထီးလဲ (အင်ကြင်းတောရွာ) ကို စားရပါသည်။ ကာလရွေ့လျားလာသည့်အခါ ထိန္နဲ့ရွာဟု ခေါ်ကြပါသည်။

■ ပေါင်လောင်ရှင်ကဿပဘုရား ■

ထီးလဲ(ထိန္နဲ့ရွာ)ရွာ၏ အနောက်မြောက်ဘက်တွင် မြန်မာနှစ် ၄၀၂ ခုနှစ်မှာ ရှင်အရဟံ တည်ထားခဲ့သော ဘုရားကို 'သီတင်းကျွတ်ဘုရား' ဟု ခေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ စေတီတော်၏ လိုဏ်အတွင်း ဘေးတစ်ဖက်တစ်ချက်စီတွင် တောင်ဂူကျောက်ဖြင့် ဖော်ထားသော နဂါးနှစ်ကောင်စီ၊ ဘုရားထိပ်မှာ နဂါးတစ်ကောင်ရှိပြီး ညာဏ်တော်မှာ နှစ်တောင်ခန့်ရှိပါသည်။

မြောက်ဘက်ဘုရားမှာ' သိကြားမင်းကြီး ပျားမင်းကြီးဘုရား'။ ကဆုန်လပြည့်ကျော် ၈ ရက်နေ့ ဘုရားပွဲ၊ နတ်ပွဲရှိသည်။ ငါးပင်×လေးပင်အုတ်ခင်း၊ သွပ်မိုးအာရုံခံမှာ ထိန္နရွာ ဦးမောင်၊ ဒေါ်တင်မိသားစုမှ ဆောက်လုပ် လှူဒါန်းထားပါသည်။ ယခု သာသနာပြုဆရာတော် မေတ္တာမဏ္ဍိုင် အရှင်ပညာဗလ တည်ထားနေသော မုခ်လေးမုခ်နှင့် ညာဏ်တော်အမြင့် (၄၅) တောင် 'အလိုတော်ပြည့်ဝ အောင်မြင်ရစေတီ' မှာ 'သိတင်းဘွတ်ဘုရား' ကိုငုံ၍ တည်ဆောက်နေသောဘုရား ဖြစ်သည်။

■ အိပ်မက်ပေးနေရာ ထင်ရှားရှိလာ ■

အရှင်ပညာဗလသည် လက်ရှိဘုရားဖြင့် လုပ်ငန်းများကို ရပ်နားပြီး ဧရာဝတီတိုင်းဒေသကြီးမှ ပုလဲမြို့နယ် မုံသွင်ကျေးရွာ ဦးတင်သိန်း၊ ဒေါ်တင်လှလှမှ တရားဟောပင့်သဖြင့် လိုက်ပါခဲ့သည်။

ဆရာတော်၏ အိပ်မက်ထဲတွင် ဘုရားဝ မန်ကျည်းပင်အောက် ရောက်သည့်အခါ အဘွားကြီးတစ်ယောက်နှင့်တွေ့သည်။ ကျေးရွာဆိုင်းဘုတ်မှာ 'နှငယ်နှစ်လုံးဆင့်' နှင့်ဖြစ်ကာ ဘုရားမှာ ထီးမရှိ၊ ချုံနွယ်များ ပိတ်ဖုံးနေသည်။ အစောင့်မှာ မုတ်ဆိတ်ပါသော အစောင့်နှစ်ယောက်။


အဘွားကြီးက -

"အရှင်ဘုရားကိုစောင့်နေတာ" ဟု ဆိုပါသည်။

ရွာမှာ တောင်၊ မြောက်နှစ်လမ်းရှိကာ ဇရပ်ကြီး၏ မြောက်ဘက်မှာ ကျောက်တိုင်နှစ်တိုင် တွေ့ရ၏။ စေတီမျက်သုံးဆူနှင့် ချုံပုတ်နောက်မှာ မြေကွက်လပ်ရှိသောအိပ်မက်ကို သေချာမှတ်ထားသည်။

ပုလဲမြို့နယ် မုံသွင်ကျေးရွာအသွား အဖော်ဦးပဉ္စင်း ဦးကုန္တာစာရနှင့်အတူ ဆိုင်ကယ်နှင့်အသွား အိပ်မက်ထဲကအတိုင်း ထိန္နရွာနှင့် ဘုရားငုတ်တိုများကို အမှန်တကယ်မြင်တွေ့ရသည်။


သားငါးမစားဘဲ (၉)ရက်အဓိဋ္ဌာန်ဝင်ရန် အိပ်မက်ပေးသဖြင့် အိပ်မက်အတိုင်း ထိန္နရွာဘုရားငုတ်တိုများရှိရာ



သိကြားမင်းကြီးပျားမင်းကြီး



သိကြားမင်းကြီးပျားမင်းကြီးစေတီတောင်မှ ကြာမှုးများနှင့် ဘီလူးပန်းဆွဲ



သိကြားမင်းကြီးပျားမင်းကြီးမုခ်လိုဏ်ဆောင်မှ ရှေးဟောင်းတံတဲ

www.burmeseclassic.com

နေရာမှာ အဓိဋ္ဌာန်ဝင်ခဲ့သည်။

'အလိုတော်ပြည့်ဝ အောင်မြင်ရ စေတီ' ဉာဏ်တော်အမြင့် (၄၅) တောင် တည်ပေးရန် အိပ်မက်ပေးသဖြင့် အိပ်မက်အရ စေတီတည်လျက်ရှိပါသည်။

မြေကိုတူးဖော်ရာ ကျောက်ဆင်းတုတစ်ဆူနှင့် နတ်သားရုပ်ကျောက်ဆင်းတု (၂) ရုပ်ကို တူးဖော်ရရှိသည်။ မတ်တတ်ရပ်ဉာဏ်တော် နှစ်တောင့်ထွာခန့်ကို တူးဖော်ရရှိသည်။ တစ်လခန့်အကြာ မြွေဟောက်ကြီးတစ်ကောင်ကို တွေ့ရာ မသတ်စေဘဲ မေတ္တာဖြန့်ဝေ၍ ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့သည်။

ဒုတိယအကြိမ် ဘုရားသုံးဆူတူးဖော်ရရာ ကျောက်သားဖြင့် ထုလုပ်ထားသော ဇမ္ဗုပတိချွတ်ခန်းလက်ရာတစ်ဆူ ထူးခြားစွာ ရရှိပါသည်။ မန်ကျည်းပင်ကြီးမှ ဒကာမတစ်ဦးနှင့် နတ်ဘီလူးနှစ်ဦး (ပျားမကျီးနတ်ဟုထင်) ကို မြင်ရသည်။ ဗောဓိတစ်ထောင်မှ ဗောဓိပင်ပင့်ရန် အိပ်မက်ပေးသဖြင့် ဗောဓိပင်ပင့်စိုက်ပျိုး၍ လိုရာဆုတောင်းလျှင် ဇီးကွက်များ ဆူညံအော်မြည်လာသည်။ လုပ်ငန်းများ အဆင်ပြေလာသည်။ သိမ်ပန္နက်ရိုက်စဉ်မှာလည်း ဇီးကွက်များ လာရောက်အော်မြည်ကြသည်။

■ နေ့စဉ်ရွတ်ပွားကျင့်စဉ်များ ■

ဆရာတော်သည် (၁၉)နှစ်သားမှစ၍ နေ့စဉ် ပဋ္ဌာန်းနိဒေသပစ္စယုဒ္ဒေသ၊ မေတ္တာသုတ်၊ ခန္ဓသုတ်နှင့် ပထဝီဇယမန္တန်တော်ကို ရွတ်ဆိုသည်။ နံနက် (၄) နာရီမှ စသည်။ အဓိဋ္ဌာန်သည့်



သိကြားမင်းကြီးပျားမင်းကြီးစေတီမုခ်အဝင်မှ အင်္ဂတေရှေးဟောင်းလက်ရာ



သိကြားမင်းကြီးပျားမင်းကြီးစေတီမှ မာန်ပါပါဘီလူး



နဂါးကင်းတော်များကိုထွင်းဖောက်ထားသော တွေ့ရခဲ့သည့် နတ်ရုပ်ပုံတော်တစ်ရာ



မြေတော်မှကျောက်ဆင်းတုများထဲမှ ဗြဟ္မာရုပ်၊ သိကြားရုပ်၊ အမြင့် (၃) ပေခန့် ကျောက်ဆစ်ရှေးဟောင်းလက်ရာ



www.burmeseclassic.com


www.burmeseclassic.com



ဇာမိတစ်ထောင်မှညောင်ပင်အား
ပူဇော်ပင့်ဆောင်ထားသောနေရာ



သုခမဏ္ဍိုင်
အောင်စေပိုင်စေတံခွန်တိုင်



ထည်ပေါက်ရွာထမ်းဆုံမှ အလောင်းတော်ကဿပထမ်းညွန့်မှ ထိန့်ရွာသို့ (၉) မိုင် (၂) ဖာလုံ



ပေါ်တော်မူဘုရားများဖူးမျှော်ရသည့်အချိန်မှ ယနေ့အထိ စောင့်ရှောက်အကူအညီပေးနေသော ဝဲဘက်မှ သား ဦးစိန်ဝင်းနှင့် ယာဘက်မှ အဘ ဦးဖိုးမောင်တို့ကို တွေ့ရစဉ်

ကာလတွင် နံနက်(၃) နာရီမှ စသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ပုတီး(၁)လုံးချ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ပုတီး(၁)လုံးချ၊ သံဃံ သရဏံ ဂစ္ဆာမိ ပုတီး (၁) လုံးချ။ ပဋ္ဌာန်း ၂၄-ပစ္စည်း (၁) ပုဒ် (၁) လုံးချ၊ (၂၄) လုံး (၄)ခေါက်ရွတ်ဆိုလျှင် (၁၀၈) လုံး ပုတီး (၁) ပတ်ရပါသည်။ ထိုင်လျက် (၉) ပတ် စိပ်သည်။ ဦးရသေ့ကြီးဦးခန္တီ၏ ဂါထာတစ်ထောင် ရွတ်ဆိုသည်။ တစ်နေ့ (၃) ကြိမ် မေတ္တာပို့သည်။

**■ သာသနာပြုအစ ရောင်တော်ဖွင့်က ■**

ဆရာတော်သည် စေတီတော်များ၊ ရုပ်ပွားတော်များ ရောင်တော်ဖွင့်လုပ်ငန်းများကို သက်သက်လွတ်စားပြီး ဆောင်ရွက်ခဲ့သည်။ သက်သတ်လွတ်စားပြီး အလိုပြည့်ဝအောင်မြင်ရစေတီကို တည်ထားလျက်ရှိသည်။

ရွှေပြည့်အေး လိုတရ ရုပ်တော်မူ ရုပ်ပွားတော်ကို တောင်ဘက်မျက်နှာလှည့်ကာ ၁၃၇၃ ခုနှစ်မှာ တည်ထားခဲ့သည်။

အနီးမှာ သုခမဏ္ဍိုင်အောင်စေပိုင်စေတံခွန်တိုင်ကိုပါ လှူဒါန်းထားသည်။

လာဘ်ပေးရန်ကာ ထိုင်တော်မူကျောက်ဆင်းတုတော်၏ရှေ့မှာ တူးဖော်ရရှိထားသော ပေါ်တော်မူကျောက်ဆင်းတု (၆) ဆူ၊ သိကြားနှင့် ဗြဟ္မာဟု ယူဆရသော ကျောက်ဆင်းတု (၂) ဆူကို ထူးခြားစွာ ပူဇော်ထားပါသည်။ ပျက်စီးနေသော ရှေးဟောင်းအသားရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးမြင်ရပါသည်။

**■ ရဟန်းဖြစ်လာချိန်အခါ ■**

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်အပိုင်း (၁၆) မှာ မြန်မာနှစ် ၁၃၄၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ကြာသပတေးနေ့နံနက် (၅) နာရီ၊ (၃၀) မိနစ်မှာ မွေးဖွားခဲ့သည်။


ဆရာတော်လောင်းလျာကို မွေးဖွားပြီး (၅) လအကြာ မိခင်ကြီးသည် ကားတိုက်ခံရသဖြင့် ကွယ်လွန်ခဲ့ရသည်။ မွေးချင်း (၃) ယောက်အနက် အငယ်ဆုံးသား ဖြစ်သည်။

(၁၀) တန်းအထိ ပညာသင်ယူခဲ့ပြီး အာလောကရာမ ခဏ္ဍသိမ်မှာ ဦးအာလောကကို ဦးပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ အရှင်ပညာဗလဘွဲ့တော်ဖြင့် ရဟန်းဖြစ်ခဲ့သည်။ ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စွန်ကနီး



www.burmeseclassic.com

www.burmeseclassic.com



အလိုပြည့်ဝအောင်မြင်ရ
တည်ဆောက်ဆဲစေတီရှေ့မှ အရှင်ပညာဗလ



မေတ္တာမဏ္ဍိုင်အရှင်ပညာဗလ



ပျားမကျိုးမှတ်နေသော မန်ကျည်းပင်ကြီးနှင့်
အရှင်ပညာဗလ



စာရေးသူနှင့် ယာဘက်အစွန်မှ
မေတ္တာမဏ္ဍိုင် အရှင်ပညာ

အုပ်စု အပေါင်ကျေးရွာ ပဋ္ဌောတာရုံကျောင်းမှာ စတင် သီတင်းသုံးခဲ့သည်။ သက်တော် (၂၉) နှစ်၊ ဝါတော် (၉) ဝါအထိ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်မှာ သီတင်းသုံးခဲ့သည်။

■ မွေးမေကျေးဇူးဆပ်ပုံထူး ■

ဆရာတော်သည် မမြင်မတွေ့လိုက်ရသော မိခင်ကြီးကို ကျေးဇူးဆပ်သောအားဖြင့် မြတ်ဗုဒ္ဓ၏သာသနာကို အသက်နှင့်ခန္ဓာမြဲနေသမျှ အုတ်တစ်ချပ်မဖြစ်နိုင်ရင်တောင်မှပဲ သဲတစ်ပွင့်အနေနှင့် တာဝန်ကျေချင်သည့် ရည်ရွယ်ချက်ဖြစ်သည်။

ပုလဲမြို့နယ် ထိန္နဲကျေးရွာတွင် ရှေးဟောင်းဘုရားများကို မွမ်းမံပြင်ဆင်ခြင်း၊ အသင့်ဖာည်ထားခြင်းများဖြင့် မေတ္တာမဏ္ဍိုင် သာသနာပြုဆရာတော် အရှင်ပညာဗလသည် ဘုန်းတော်ပြည့်သိမ်ကျောင်းမှာ သီတင်းသုံးလျက် သာသနာပြုနေပါသည်။

ဆရာတော်သည် မြန်မာနှစ် ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်နေ့မှာ ဘုရားများကို စတင်ပြင်ဆင်ပါသည်။ ဘုရားများကို မတူးဖော်မီမှာ သက်သတ်လွတ်ဘုဉ်းပေးပြီး၊ အဓိဋ္ဌာန်ရာ ဘုရားတူးဖော်ရမည့်နေရာ၊ ရှိမည့်ရုပ်ပွားတော်များကို အိပ်မက်ထဲမှာပြောရာ ပြောသည့်နေရာနှင့် ရသည့်ရုပ်ပွားတော်များ တူညီကြပါသည်။

ဖုံးအုပ်နေသော ချုံတောကြီးကို လူ (၈၀) အုပ်စု (၄) ခါလောက်ရှင်းရသည့်အပြင် ရွာနောင်ကျေးရွာမှ လူ (၁၀၀) ကျော်တို့ လုပ်အားပေးကြရာ (၅) တောင်ခန့်ရှည်သော တောကြီးမြွေဟောက်နှစ်ကောင်ကိုတွေ့၍ မသတ်ဘဲ ဝါထာရွတ်ပွား ဘေးလွတ်ရာသို့ ပို့လိုက်ရာ နောက်ထပ် မြွေများမတွေ့ရှိရခြင်းမှာ ထူးခြားမှုတစ်ရပ်ပင် ဖြစ်ပါသည်။

ဆရာတော်၏ဩဝါဒမှာ -

*'ဘဝမှာ အဖြေရှာ၊ ဘာမှမရေရာ*
*သေချာတာတစ်ခုတော့ရှိတယ်။*
*အဲဒါသေမှာ'*

ဘုန်းတော်ပြည့်သိမ်ကျောင်း၏ အနောက်ဘက်မှာ တစ်ဝဂူဆေးဘုရားရှိသည်။ ရှေးက ဆေးဆရာကြီးများ ဆေးကြိတ်လျှင် ဆေးဘုရားမှာ လာရောက် ဆေးကြိတ်ကြသည်ဟု ဆိုပါသည်။

■ သိကြားမင်းကြီး ပျားမင်းကြီးဘုရား ■

အလိုပြည့်ဝ အောင်မြင်ရ စေတီတော်၏ အနောက်မြောက်ထောင့်မှ ပိန္နဲတိုင်ပေါ်နေသော ရှေးဟောင်း သိကြားမင်း ပျားမင်းကြီးဘုရားရှိပါသည်။ မြောက်ဘက်မုခ်အဝင်မှာ မပျက်စီးသေးသော အင်္ဂတေပန်းတော့ဘီလူးရုပ်နှင့်သူငယ်တော်ရုပ်တို့ ဘေးတစ်ဖက်တစ်ချက်စီမှာရှိကြပါသည်။ အတွင်းလိုဏ်အတွင်းမှာ အရွယ်တူ ဥက်ဂွော် (၃) ပေခန့်ရှိ ရှေးဟောင်း ပုဂံခေတ်နှောင်းပိုင်းလက်ရာဟု ယူဆရသော ကျောက်ဆင်းတုသုံးဆူ ရှိပါသည်။

စေတီ၏ပစ္စယာထောင့်များတွင် ကြာဖူးကြာငုံသဏ္ဌာန် ကာလသာအိုးတစ်လုံးစီရှိပါသည်။

သပိတ်မှောက်တွင် သပိတ်မှောက်အပြည့်နေရာယူထားသော လက်နှစ်ဖက်ပါ မုတ်ဆိတ်ဖြင့် မာန်တင်းနေသော မျက်လုံးပြူးပြူးဘီလူးပုံကို တွေ့ရသည်။ သပိတ်မှောက်နှင့် ခေါင်းလောင်းကြားမှာ ပုလဲလုံးများ ပုံဖော်ထားပါသည်။

မြောက်ဘက်မုခ်တွင် အင်္ဂတေပန်းကုံးများ တွေ့ရသည်။ မေတ္တာမဏ္ဍိုင် အရှင်ပညာဗလသည် ယခုတည်ဆောက်ပြုပြင် မွမ်းမံနေသော သာသနိကအဆောက်အအုံများကို ငါးနှစ်နှင့်အပြီး တည်ဆောက်ရန် ခန့်မှန်းထားပါသည်။ ပေါ်တော်မူဘုရားများကိုလည်း အများပြည်သူများ ဖူးမြော်နိုင်ရန် စိမ်းလျက်ရှိသော နေရာထူးတစ်ခုဖြစ်ကြောင်း ရေးသား ပူဇော်ရပါသည်။

နှမောင်ရေချမ်း (မြောင်)



www.burmeseclassic.com

www.burmeseclassic.com



**ဗုဒ္ဓါနံ့ ဓမ္မဒေသနာ နာမ တိလက္ခ**
**ဏာ မုတ္တာနာမ နတ္ထိ။**

**ဗုဒ္ဓါနံ့** - ဘုရားရှင်တို့၏၊ **ဓမ္မဒေသနာ နာမ**- တရားဒေသနာမည်သည်ကား၊ **တိလက္ခဏာ မုတ္တာ နာမ** - လက္ခဏာရေးသုံးပါးမှလွတ်သောမည်သည်၊ **နတ္ထိ**- မရှိ။

*(သုတ်မဟာဝါ အဋ္ဌကထာ)*
*(စွယ်စုံကျော်ထင်ကျမ်း၊ နှာ-၃၅)*

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဗုဒ္ဓဘုရားရှင်တို့၏ ဟောကြားအပ်သော တရားဓမ္မဒေသနာတို့တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသောလက္ခဏာရေးသုံးပါးမှ လွတ်ကင်းသော တရားဒေသနာ ဟူ၍ မရှိချေ။ အလုံးစုံသော တရားဒေသနာတို့သည် ၎င်းလက္ခဏာရေးသုံးပါး၌သာ အကျုံးဝင်ကုန်ကြ၏။ အဘယ်ကြောင့် ထိုသို့ လက္ခဏာရေးသုံးပါးမှ မလွတ်ကင်းပါသနည်း။ ဘယ်တွက်ကြောင့် လက္ခဏာရေးသုံးပါး၌သာ အကျုံးဝင်ရသနည်း။

ဘုရားရှင်တို့သည် သတ္တဝါဝေနေယျတို့အား ဒုက္ခအပေါင်းမှ ကယ်တင်ရန် ပွင့်ထွန်းပေါ်ပေါက်လာကြသည်ဖြစ်ရာ ထိုဒုက္ခနှင့် ဒုက္ခ၏ဇာစ်မြစ်ကို သဗ္ဗညုတ အလုံးစုံသိဉာဏ်တော်ဖြင့် ထင်ရှားသိတော်မူ၏။ ထို့ကြောင့် ရှေးဦးစွာ ဟောကြားအပ်သော တရားဦးဓမ္မစကြာဒေသနာတော်တွင် ဒုက္ခသစ္စာကို ဟောကြားတော်မူ၏။ ဒုက္ခသစ္စာတွင် မွေးဖွားရခြင်း၊ အိုမင်းရင့်ရော်ရခြင်း၊ ရောဂါဖြင့်နာရခြင်း၊ သေရခြင်းတည်းဟူသော ကိုယ်ကာယ၌ဖြစ်သည့် ကာယိကဒုက္ခနှင့် ချစ်ခင်သူတို့နှင့် ကွေကွင်းရခြင်း၊ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းနေထိုင်ရခြင်း၊ အလိုရှိတိုင်း မရရှိခြင်းတို့ကြောင့်ဖြစ်ရသော စိတ်ဖြင့် ခံစားရသည့် စေတသိကဒုက္ခ ဟူ၍ နှစ်မျိုးရှိ၏။ ၎င်းဒုက္ခနှစ်မျိုးတို့အနက် ကာယိကဒုက္ခသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော ရုပ်ကို မြုပြင်စီရင်တတ်သည့် တရားလေးပါးကြောင့်

# ဖျာပုံတင်နိုင်ဝင်း

## လက္ခဏာရေးသုံးပါး





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်လာရ၏။ ၎င်းဒုက္ခသည် ရုပ်ကိုယ်ကာယကို မှီ၍ ဖြစ်ခြင်းကြောင့် ကာယိကဒုက္ခဟု ခေါ်၏။

စေတသိကဒုက္ခတား စေတသိက်တို့၏ စေ့ဆော်တိုက်တွန်းမှုကြောင့် စိတ်၌ဖြစ်ပေါ်လာရ၏။ တစ်နည်းအားဖြင့် စေတသိကဒုက္ခသည် စိတ်၊ စေတသိက် တည်းဟူသော နာမ်တရား၌ ဖြစ်ပေါ်လာရ၏။ ထို့ကြောင့် ဒုက္ခ ဟူသည် ရုပ်ကို ပြုပြင်စီရင်သောတရားနှင့် နာမ်ကို စေ့ဆော်တိုက်တွန်းသောတရားတို့ကြောင့် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာတို့၌ဖြစ်ပေါ်လာရ၏။ တစ်နည်းအားဖြင့် ဒုက္ခဟူသည် ရုပ်၊ နာမ်ခန္ဓာကိုမှီ၍ဖြစ်ရ၏။ ထို့ကြောင့် ခန္ဓာရှိတိုင်း ဆင်းရဲကြရ၏။

ထိုဆင်းရဲသောခန္ဓာသည် အဘယ်ကြောင့် ထင်ရှားရှိနေရသနည်း။ ရုပ်တရားတစ်ပါးနှင့် နာမ်တရားလေးပါးတို့ ပေါင်းဖွဲ့ထား၍ ထင်ရှားဖြစ်ပေါ်နေရ၏။ ရူပက္ခန္ဓာ တည်းဟူသော ရုပ်တရားတစ်ပါး၊ ဝေဒနာက္ခန္ဓာ (ခံစားတတ်သော နာမ်တရားအစု)၊ သညာက္ခန္ဓာ(မှတ်သားတတ်သောနာမ်တရားအစု၊ သင်္ခါရက္ခန္ဓာ (ပြုပြင်စီရင်တတ်သောနာမ်တရားအစု)၊ ဝိညာဏက္ခန္ဓာ(သိတတ်သောနာမ်တရားအစု) ဟူသော နာမ်တရားလေးပါး၊ စုစုပေါင်း ငါးပါးသော အစုတရားတို့ဖြင့် ပေါင်းဖွဲ့လိုက်ခြင်းကြောင့် ခန္ဓာသည် ထင်ရှားဖြစ်ပေါ်လာရ၏။ ထင်ရှားဖြစ်ပေါ်သည်ဆိုရသည်မှာ ဘုရားရှင်တို့ ဟောကြား၍သာ ခန္ဓာငါးပါးကို ကွဲပြားစွာ ထင်ရှားကြားသိရခြင်း ဖြစ်သည်။ သာမန် ပုထုဇဉ်လူသားတို့၏ ပကတိမျက်စိဖြင့် လည်းကောင်း၊ နုံ့နည်းသော ဉာဏ်အမြင်ဖြင့် လည်းကောင်း ခန္ဓာငါးပါးကို လုံးဝကြည့်မြင်နိုင်ခြင်း မရှိပါ။

အချို့ကမ္မဋ္ဌာန်းဆရာတို့က ခန္ဓာကိုရှုကြည့်ရန်သာတိုက်တွန်းနေကြသော်လည်း ၎င်းခန္ဓာကို ပုထုဇဉ်တို့ မည်သည့်နည်းနှင့်မျှ မသိမမြင်နိုင်သည်ကို မသိရှိကြချေ။ ပုထုဇဉ် ဟူသည် ပညတ်ခန္ဓာကိုပင် သတိမထားမိကြသူများသာများပါသည်။ ခန္ဓာအစစ်ဖြစ်သော ပဉ္စက္ခန္ဓာ (ခန္ဓာငါးပါး) ကို မြင်ရန်ကား ဝေးကွာလှပါသည်။ ထို့ကြောင့် ကျမ်းတတ်ဆရာတော်ကြီးများက ယောဂီအား ခန္ဓာကိုတိုက်ရိုက် မရှုမှတ်စေဘဲ ခန္ဓာ၏အရိပ်အယောင်အသွင်အပြင်ဖြစ်သော လက္ခဏာရေးသုံးပါးကိုရှုစေ၏။၎င်းလက္ခဏာရေးသုံးပါးသည် သာမန်ပုထုဇဉ်ဉာဏ်ဖြင့် မြင်နိုင်စွမ်း၏။ ထို့ကြောင့် သာမန်ပုထုဇဉ်ဉာဏ်ဖြင့် မမြင်နိုင်သောခန္ဓာကို တိုက်ရိုက်မရှုစေဘဲ မြင်နိုင်စွမ်းသည့် လက္ခဏာရေးသုံးပါးကိုသာ ရှုခိုင်းခြင်းဖြစ်သည်။ ဤလက္ခဏာရေးသုံးပါးကိုရှုတတ်မှ ဝိပဿနာရှုခြင်းသည် မှန်၏။

ထို့ကြောင့် လက္ခဏာရေးသုံးပါးအကြောင်းကို လေ့လာကြရအောင်။

လက္ခဏာဟူသည် အသွင်အပြင်၊ အမှတ်အသားဟု အဓိပ္ပာယ်ရ၏။ လက္ခဏာ၏ သဘောမှာ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့၏အသွင်အပြင်၊ အမှတ်အသားကိုဆိုလိုသည်။ လက္ခဏာသုံးပါးရှိသည်။ လက္ခဏာရေးသုံးပါးကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ဖြစ်သည်။ ၎င်းတို့ကို လက္ခဏာရေးသုံးပါးဟု ခေါ်၏။

■ အနိစ္စလက္ခဏာ ■

မမြဲခြင်းအသွင်အပြင် ဖြစ်သည်။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ မတည်မြဲခြင်း၊ ဖြစ်ပေါ်တိုင်း ပျက်စီးတတ်ခြင်း အမှတ်အသား ဖြစ်သည်။ ရုပ်တရားအစိုင်အခဲသည် အလွန်တရာ နုညက်သေးမွှန်သော အဏုမြူမှုရှိသည့် ရုပ်ကလာပ်ကလေးများဖြင့် ပေါင်းစုဖွဲ့စည်းထားခြင်း ဖြစ်သည်။ ၎င်းရုပ်ကလာပ်အမှုန်ကလေးတစ်မှုန်သည် ခဏတွင်းဖြစ်လျက် ချက်ချင်း ပျက်စီးသွားလေသည်။ ထိုသို့ ခဏတွင်းဖြစ်လျက် ချက်ချင်းပျက်တတ်သော အမှုန်ကလေးများဖြင့် ဖွဲ့စည်းထားသော ရုပ်တရားအစိုင်အခဲသည်လည်း မြဲမြံခိုင်ခံ့ခြင်းမရှိနိုင်တော့ပေ။ ထို့ကြောင့် ငယ်ရုပ်သည် ပျောက်၍ပျောက်၍သွားကာ ကြီးရုပ်တို့ဖြစ်၍ဖြစ်၍လာကြသည်ကို ထင်ရှားစွာမြင်ရ၏။ မိမိ၏ရုပ်ခန္ဓာကို ဝိပဿနာရှုကြည့်မည်ဆိုလျှင် တရစပ်ဖြစ်၍ ပျက်နေသည်ကို တွေ့ရမည် ဖြစ်သည်။ ဤသည်ကား ရုပ်ခန္ဓာ၏ မမြဲသောသဘောကြောင့် ဖြစ်သည်။ ထိုမမြဲခြင်းသဘောသည် ဖြစ်ခြင်း၊ ပျက်ခြင်းသဘောဖြင့် အသွင်အပြင်ထင်ရှားစွာရှိနေပါသည်။

နာမ်တရားသည်လည်း ရုပ်တရားကဲ့သို့ပင် ခဏတွင်း၌ အသိတစ်လုံးဖြစ်ပေါ်ပြီး ချက်ချင်းပင် အသိပျက်သွားရ၏။ နာမ်တရားသည် ပကတိမျက်စိဖြင့် မမြင်နိုင်။ ဉာဏ်ဖြင့်သာသိရသော သဘောဖြစ်၏။ သို့သော် နာမ်တရားသည် တဖြည်းဖြည်းရင့်ကျက်လာတတ်သော အသွင်အပြင်သည် ထင်ရှားစွာရှိ၏။

တရားဒေသနာတို့တွင် ရုပ်တရားအစိုင်အခဲ၏ ရုပ်ကလာပ်ကလေးတစ်ခုသည် မျက်စိတစ်မှိတ် (တစ်စက္ကန့်) အတွင်း၌ ကုဋေငါးထောင်မက ဖြစ်ပြီး ပျက်သွားကြသည်။ တစ်နည်းအားဖြင့် ရုပ်ကလာပ်ခေါ် ရုပ်အမှုန်ကလေးတစ်ခု၏ သက်တမ်းသည် တစ်စက္ကန့်၏ အပုံပေါင်း ကုဋေငါးထောင်ပုံလျှင် တစ်ပုံမျှသာကြာ၏။ ထိုအပုံအတွင်း ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ခဏသုံးချက် တစ်ဆင့်စီဖြစ်ပြီး ချုပ်ပျောက်သွားလေသည်။ နာမ်တရား အသိကလေးတစ်လုံး၏ ဖြစ်ပျက်နှုန်းကား မျက်စိတစ်မှိတ်လျှင် ကုဋေတစ်သိန်းမကဖြစ်လျက် ချုပ်ပျောက်နေ၏။ တစ်နည်းအားဖြင့် နာမ်တရား၏ အသိကလေးတစ်လုံးသည် တစ်စက္ကန့်၏ တစ်သိန်းပုံလျှင် တစ်ပုံမျှသာသက်တမ်းရှိကြ၏။ ဥပါဒ်၊ ဌီ၊ ဘင် ခဏသုံးချက်ဖြင့် ဖြစ်တည်၍ ပျက်စီးသွားရလေသည်။ ထိုသို့ ရုပ်တရားအစိုင်အခဲကို ဖွဲ့စည်းဖြစ်ပေါ်စေသော ရုပ်ကလာပ်အမှုန်ကလေးများသည် လည်းကောင်း၊ နာမ်တရားထုထည်ကို အစဉ်အတန်းဖြစ်ပေါ်သော နာမ်တရားအမှုန်သဖွယ်လေးများသည် လည်းကောင်း ဖြစ်ပြီးပျက်တတ်သောသဘောကြောင့် ရုပ်တရား၊ နာမ်တရား အစိုင်အခဲ ထုထည်တို့သည်လည်း မြဲမြံခိုင်ခံ့သည် ဟူ၍ မရှိတော့ဘဲ အနိစ္စလက္ခဏာသည် ထင်ရှားဖြစ်ပေါ်နေတော့၏။

■ ဒုက္ခလက္ခဏာ ■

ဆင်းရဲခြင်းအသွင်အပြင်ဖြစ်သည်။ ထိုသို့ ရုပ်၊ နာမ်တရားတို့၏ အဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲခြင်း၊ ပျက်စီးကုန်ဆုံးခြင်းတို့ကြောင့် နှိပ်စက်ညှဉ်းပန်းအပ်သော ဆင်းရဲပင်ပန်းခြင်းအမှတ်အသား ဖြစ်သည်။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် ဖောက်ပြန်ပျက်စီးတတ်သောသဘောကြောင့် လည်းကောင်း၊ ငြိုငြင်ပူပန်တတ်သောသဘောကြောင့် လည်းကောင်း ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ ထင်ရှားဖြစ်ပေါ်လာကြ၏။ ထိုနာသေရေးဒုက္ခဘေးတို့က အခါမလပ် ထင်ရှားစွာနှိပ်စက်နေကြ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ရုပ်တရားတို့ လက်ရှိဘဝတွင်ဖြစ်ပေါ်ကာ မမွတာအတိုင်း ပျက်စီးသွားသောအခါ ကိုယ်ဆင်းရဲမှုဒုက္ခသည် ရုပ်တရား၌လက္ခဏာအဖြစ် ထင်ရှားစွာကျန်ရစ်ခဲ့၏။ ၎င်းဆင်း၊ အသံ၊ အနံ့ စသော အာရုံနှင့် မျက်စိ၊



www.burmeseclassic.com

www.burmeseclassic.com

နာ၊ နာခေါင်း စသော ဒွါရတို့ ထိတိုက်မိသောအခါ အသိစိတ်သည် ဖြစ်ပေါ်ရ၏။ ၎င်းအသိစိတ်တို့သည်လည်း သိပြီးသည်နှင့် ချက်ချင်းပျောက်သွားသောသဘောကြောင့် စိတ်ဆင်းရဲခြင်း ဒုက္ခတရားသည် နာမ်တရား၌ လက္ခဏာအဖြစ် ထင်ရှားစွာ ကျန်ရစ်ခဲ့လေသည်။ ထို့ကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ပင်ရင်းအသွင်အပြင်သည် ဒုက္ခလက္ခဏာသာအမှတ်အသားရှိ၏။

လောက၌ မွေးဖွားရခြင်း၊ နာကျင်ခြင်း၊ အိုမင်းရင့်ရော်သဖြင့် ချည့်နဲ့ပင်ပန်းခြင်း၊ အနာရောဂါနှိပ်စက်သဖြင့် အခံရခက်ခြင်း၊ သေသောအခါ မသက်မသာရှိခြင်းတို့သည် ရုပ်တရား၏ ထင်ရှားသော ဒုက္ခအသွင်အပြင်လက္ခဏာ ဖြစ်သည်။ ချစ်ခင်သူနှင့် ကွေကွင်းသဖြင့် ဝမ်းနည်းရခြင်း၊ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရသဖြင့် စိတ်ညစ်ရခြင်း၊ အလိုဆန္ဒ မပြည့်ဝခြင်းကြောင့် စိတ်ဆင်းရဲရခြင်းတို့သည် နာမ်တရား၌ ထင်ရှားသော ဒုက္ခလက္ခဏာ ဖြစ်သည်။ ရှင်းရှင်းဆိုရသော် ရုပ်၊ နာမ်ခန္ဓာတို့၌ ဖြစ်ပျက်သမျှသော အရာမှန်သမျှသည် ဆင်းရဲသဘောအသွင်အပြင် ဒုက္ခလက္ခဏာမည်၏။

■ အနတ္တလက္ခဏာ ■

အစိုးမရခြင်းအသွင်အပြင်ဖြစ်၏။ ရုပ်တရား၊ နာမ်တရားတို့သည် ဖြစ်မြဲမှုတာအတိုင်း ဖြစ်ပျက်ပြောင်းလဲသွားခြင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အလိုဆန္ဒနောက်သို့ မလိုက်ပါခြင်းသဘော၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို တားမြစ်၍မရသောသဘောကိုဆိုလိုသည်။ ရုပ်တရား၊ နာမ်တရားတို့သည် ဥပါဒ်၊ ဌီ၊ ဘင် ခဏသုံးချက်ဖြင့် တရစပ်ဖြစ်ပျက်နေခြင်းကြောင့် အရာဝတ္ထုတစ်ခုကို ငါပိုင်ဆိုင်သည်ပြောနေခိုက်မှာပင် ၎င်းအရာဝတ္ထုသည် ပျက်စီးချုပ်ပျောက်သွားချေပြီ။ ယခုမြင်နေဆဲ အရာဝတ္ထုအား သင်္ခါရကြောင့် ပျက်အပြီး ထပ်၍ဖြစ်ပေါ်လာသောအာရုံ ဖြစ်သည်။ ၎င်းအာရုံသည်လည်း ချက်ချင်းဖြစ်၍ချက်ချင်းပျက်သွားပါလိမ့်မည်။ သင်နဂိုမြင်သော ဝတ္ထုအာရုံတို့ကို မည်သို့မျှ ပိုင်ဆိုင်ရလိမ့်မည် မဟုတ်ပါ။ ထိုသို့ မည်သို့မျှ ပိုင်ဆိုင်၍မရနိုင်သော အစိုးမရခြင်းအသွင်အပြင်သည် ထင်ရှားဖြစ်ပေါ်နေလေသည်။

အချို့အယူအဆတို့၌ အတ္တဝိညာဉ် (ဝါ) ဇီဝကောင်သည် မြဲ၏ဟု ဆိုကြ၏။ အတ္တဝါဒ ဟူ၍ ခေါ်ဝေါ်ကြ၏။ အချို့ ဈာန်အဘိညာဉ်ရ ရသေ့တို့သည် ရုပ်တရားကို ရှုကြည့်သောအခါ ရုပ်တရား၏ အဖြစ်အပျက်က (ဈာန်အမြင်တွင်) အလွန်နှေးလှသဖြင့် ဖြစ်ပြီးပျက်သွားသည်ကိုတွေ့မြင်ရသောကြောင့် ရုပ်တရားကိုတော့ ဖြစ်ပြီးပျက်တတ်သည့်သဘောဟု လက်ခံကြသော်လည်း နာမ်တရား၏ ဖြစ်ပျက်ကား အလွန်မြန်ဆန်လှသဖြင့် (ဈာန်အမြင်တွင်) မပြတ်မတောက်သော အမျှင်အတန်းကြီး တစ်ခုပမာ မြင်ကြရ ခြင်းကြောင့် နာမ်တရားသည် အတ္တ - မြဲ၏ဟု ယူဆကြလေသည်။ ရုပ်တရား၏ဖြစ်ပျက်နှုန်းကား ကုဋေငါးထောင်မျှသာရှိ၍ ရုပ်ကလာပ်တစ်ခု ဖြစ်ပြီးပျက်သွားပုံကို အဆင့်မြင့်ဈာန်အဘိညာဉ်များဖြင့်ပင် နာမ်သဘောကို အမှန်အတိုင်း မမြင်နိုင်ကြချေ။ နာမ်တရားကို ဈာန်များဖြင့် ရှုကြည့်သောအခါ မပြတ်မတောက် အထုံးအဆက်မရှိသောကြိုးကဲ့သို့ အမျှင်အတန်းသဖွယ် ရှုမြင်မိကြ၏။ ထို့ကြောင့် နာမ်တရားကား အဖြစ်အပျက်မရှိ မြဲ၏ဟု မှားယွင်းစွာ ယူဆမိကြလေသည်။ ၎င်းနောက် သတ္တဝါတို့ သေဆုံးရာတွင် ဖြစ်ပျက်မကင်းသောရုပ်တရားသာလျှင် ပျက်စီး၍ နာမ်တရားကား မပျက်စီးဘဲ နောင်ဘဝ၊ နောင် ခန္ဓာထဲ ဝင်စားကာ ရုပ်ခန္ဓာသစ်ကို နာမ်ခန္ဓာဟောင်းဖြင့် ဖွဲ့တည်ရ၏ဟု ယူဆကြပြန်သည်။ သို့ဖြင့် အတ္တဝိညာဉ်ဝါဒ ပေါ်ပေါက်လာတော့၏။

သို့သော်လည်း နာမ်တရား ဟူသော စိတ်၊ စေတသိက်တို့သည် ငယ်ရာမှကြီးလာတိုင်း နုရာမှ ရင့်ကျက်လာကြ၏။ ရုပ်ခန္ဓာကို ငယ်ရာမှမကြီးရင့်အောင် တားမြစ်နိုင်စွမ်းမရှိသကဲ့သို့ နာမ်တရားကိုလည်း နုပျော့ရာမှ ရင့်ကျက်မလာအောင် မတားမြစ်နိုင်ကြချေ။ ထို့ကြောင့် အပူအပင်ကင်းသော ကလေးစိတ်တို့သည် ကြီးရင့်လာသည်နှင့်အမျှ မူလစိတ်တို့ ပျောက်ကွယ်၍ ပူပင်သောကစိတ်များဖြင့် တစ်နေ့တခြား ရင့်ကျက်လာကြ၏။ တစ်နည်းအားဖြင့် ပိုင်စိုးမရသော အနတ္တသဘောသည် နာမ်တရား၌ အထင်အရှား ဖြစ်ပေါ်နေပါသည်။ အရွယ်နုပျိုလန်းဆန်းစဉ်က ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးတို့ကို ထာဝစဉ်ပိုင်စိုးထားရန် အိုမင်းမစွမ်းသောအခါ မတတ်နိုင်တော့ချေ။ ဤသည်ကား နာမ်တရားသည် အတ္တမဟုတ်၊ အနတ္တလက္ခဏာသာဖြစ်ကြောင်း ထင်ရှားနေသောအချက်များတည်း။

ထို့ကြောင့် ရုပ်တရားရော နာမ်တရားပါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေးသုံးပါးဖြင့် မကင်းလွတ်နိုင်ကြချေ။ ရုပ်တရား၊ နာမ်တရားတို့သည် လက္ခဏာရေးသုံးပါး၌သာ အကျုံးဝင်ကုန်ကြ၏။ ရုပ်၊ နာမ်ဖြင့် ဖွဲ့စည်းထားသော ခန္ဓာငါးပါးသည်လည်း ၎င်းလက္ခဏာရေးသုံးပါးမှ လွတ်မြောက်သည် ဟူ၍မရှိ။ အကျုံးဝင်ရ၏။ လောကသဘာဝကြီးသည်လည်း ရုပ်တရား၊ နာမ်တရားဖြင့်သာ ဖွဲ့တည်နေသောကြောင့် ၎င်းလက္ခဏာရေးသုံးပါးမှ မလွတ်ကင်းချေ။ ထို့အတူ လောကသဘာဝ၏အမှန်တရားများကို အခြေခံ၍ဟောကြားဖော်ထုတ်ရသောဘုရားရှင်တို့၏ ဒေသနာဓမ္မတို့သည်လည်း လက္ခဏာရေးသုံးပါးမှ မည်သို့လွတ်ကင်းနိုင်မည်နည်း။ အကျုံးဝင်ရသည်သာ။

ဗုဒ္ဓဒေသနာတော်အရ ရုပ်တရား၊ နာမ်တရား ခန္ဓာငါးပါးကို ရှုမြင်နိုင်ရေးအတွက် လည်းကောင်း၊ မဂ်ဖိုလ်ရရေးအတွက် လည်းကောင်း၊ နိဗ္ဗာန်သို့ဝင်စံနိုင်ရေးအတွက် လည်းကောင်း လက္ခဏာရေးသုံးပါးသည် အဓိကသော့တစ်ချောင်းနှင့်တူလှ၏။ သစ္စာမမြင်အောင် ဆီးတား ပိတ်ပင်ထားသော အဝိဇ္ဇာ၊ တဏှာ စသည့် တံခါးတို့ကို ဖွင့်လှစ်နိုင်ရန် အခြားမရှိသော သော့သုံးချောင်းလည်း ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာအားထုတ်သူ ယောဂီသည် ရှေးဦးစွာ သမာဓိရအောင် အားထုတ်၍ သမာဓိရလျှင် ထိုသမာဓိဖြင့်လျှင် ခန္ဓာငါးပါးအား အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာရေးသုံးပါးတင်၍ မလွဲမသွေ ထပ်မံရှုပွားရပါသည်။ လက္ခဏာရေးသုံးပါးမတင်ဘဲရှုက ဘယ်သောအခါမှ ခန္ဓာကိုမြင်ရလိမ့်မည် မဟုတ်ပေ။ လက္ခဏာရေးသုံးပါးဖြင့် ခန္ဓာကို ပိုင်ပိုင်နိုင်နိုင်ရှုနိုင်သူသာ မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်မည် စေကန်တည်း။

ဖျာပုံ-ဘင်နိုင်ဝင်း

မှီငြမ်း -

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာဒီပနီ

၂။ ဒေါက်တာမင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com

ရှားရှားပါးပါး

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ရွှေပေါက်ကျွန်းဆရာတော်ကြီးဇေယျသိဒ္ဓိဝမ္မဉာဏိက ပြည့်ဝါဒများ



မလှိုင်မြို့နယ် ရွှေပေါက်ကျွန်း စေတော်ဝင်ကျောင်း ဇေယျသိဒ္ဓိဝမ္မ ဉာဏိကဆရာတော်ကြီး၏ ၁၃၄၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့စွဲဖြင့် မြန်မာပြည်တစ်ဝန်း အနယ်နယ်အရပ်ရပ်မှ ဝေနေယျပရိသတ်ကြီးအား တိုက်တွန်းအမှာတော်စကားကို ဆရာတော်ကြီး ရေးသားခဲ့သော **ရတနတ္တယဝန္ဒနာကျမ်း**မှ ရှာဖွေ ရေးသား ဖော်ပြလိုက်ပါသည်။ နှစ်ပေါင်း(၃၀)ကျော်မျှ ကြာမြင့်လှပြီဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ တပည့် ဝေနေယျ ဒါယကာ၊ ဒါယိကာမများ မေ့လျော့နေကြမည်ဖြစ်ပါက ဆရာတော်ကြီး မိန့်မှာတော်မူခဲ့သော တိုက်တွန်းဆုံးမဩဝါဒ စကားတော်များကို သေသေချာချာ လိုက်နာကျင့်သုံးအား ထုတ်ကြလျက် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများကို ကိုယ်စီကိုယ်င ချမ်းသာသုခမင်္ဂလာများ တိုးပွားရရှိကြပါစေဟု တောင်းဆု မေတ္တာ ပို့သလိုက်ပါသည်။

### ရွှေပေါက်ကျွန်းဆရာတော်ကြီး၏ အမှာတော်စကား

ဆရာတော် စာရေးလိုက်ပါသည်။ စေတော်ဝင်ကျောင်း၏ အကျိုးဆောင် ဒါယကာအပေါင်းတို့။



www.burmeseclassic.com

www.burmeseclassic.com

အကျိုးဆောင် ဒါယကာတို့က အကြိမ်ကြိမ်အဖန်ဖန် ပန်ကြားလျှောက်ထားခဲ့သည်ကို ထောက်ထားသောအားဖြင့် ဤရတနတ္တယဝန္ဒနာကျမ်း ဖြစ်မြောက် ပေါ်ပေါက်လာအောင် နေ့စဉ်နာရီဝက်၊ တစ်နာရီခန့် ကြိုးစားအချိန်ယူ၍ ဆရာတော် ရေးသားပေးလိုက်ပါသည်။ စိတ်တိုင်းကျကား မဟုတ်ပါ။ သခု ၁၃၃၆ ခု၊ နှစ်ကူးပြီးသည့် နှစ်ဆန်းတစ်ရက်နေ့မှစ၍ နေ့စဉ်နှင့်အမျှရောက်လာသော အနယ်နယ်မှ ဝေနေယျဇည့်ခရီးသတ်များအား သင့်လျော်ရာ စရဏာကျင့်စဉ်ချီးမြှင့်ခြင်း၊ ပုဂ္ဂိုလ်၏ အနုသယနှင့် လိုက်လျောမည့် အဆုံးအမကိုပေးခြင်းနှင့် ဧည့်ခံရခြင်းတို့ကြောင့် ဆရာတော်အတွက် ကိုယ်ပိုင်အချိန်ယူ၍မရလှပါ။ တစ်ခါတစ်ရံ မိမိကျန်းမာရေးကိုဝင် ပစ်ပယ်ထားရသလိုရှိပါသည်။

ဤနေရာ၌ အလျဉ်းသင့်၍ ဓမ္မမာမက၊ သာသနာ့မာမကဖြစ်ကြကုန်သောဆရာတော်၏ဒါယကာ၊ဒါယိကာမအပေါင်းအား အနည်းငယ်ရှင်းလင်းလိုသည်။

ခပ်သိမ်းသော သတ္တဝါဝေနေယျတို့၏ တစ်ခုတည်းသော ဘဝရည်မှန်းချက်နှင့် ဦးတည်ချက်မှာ ချမ်းသာလိုသော ရည်ရွယ်ချက်တစ်ခုတည်းသာ ဖြစ်၏။ သို့ဖြစ်ပါလျက် သတ္တဝါတွေမှာ ဘာကြောင့် မချမ်းသာကြဘဲ ဆင်းရဲဒုက္ခတွေနှင့် တွေ့နေရပါသလဲဟု မေးခဲ့ပါလျှင် ချမ်းသာချင်ရုံမျှသာ ချမ်းသာချင်ကြပြီး ချမ်းသာသုခကို ရစေနိုင်တတ်သော နည်းလမ်းကို (ရှိနေပြီးဖြစ်ပါလျက်) တိတိကျကျ မလိုက်နာနိုင်ကြလို့ပဲဟုဆိုသည့် အဖြေထွက်နေပါသည်။ ဆရာတော်က လမ်းညွှန်ပေးနေသော နည်းလမ်းတို့သည် တကယ်တမ်းလိုက်နာလျှင် တကယ်တမ်း ချမ်းသာစေနိုင်သော နည်းလမ်းများသာ ဖြစ်သည်။

သတိပြုရန်မှာ -

ဆရာတော်က ဤတာဝန်သည် ဤပုဂ္ဂိုလ်နှင့် သင့်တော်သည်၊ ဤအမှုကိစ္စကို ဤပုဂ္ဂိုလ်တွေ ထမ်းဆောင်သင့်သည်၊ ဤလုပ်ငန်းကို ဤပုဂ္ဂိုလ်တွေ ဝင်ရောက်လုပ်ကိုင်ရမည်ဟု တာဝန်ခွဲဝေပေးလိုက်သောအခါမျိုးမှာ အင်တင်တင်အောင့်သက်သက်စေတနာမျိုးတွေ ဝင်လာပါက ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးတို့အတွက် ချမ်းသာရေးလာဘ်ကြီးပိတ်သွားပြီဟု မှတ်ယူရမည်။ ထိုသို့ မဖြစ်စေဘဲ တာဝန်ပေးခံရသည့်ပုဂ္ဂိုလ်က ဤကိစ္စကို ငါနှင့်သင့်တော်၍ ငါ့ကိုခိုင်းစေသည်။ ငါမဖြစ်ဖြစ်တဲ့နည်းနှင့် ဖြစ်အောင်လုပ်မည်။ တောင်းရမ်းစားရသောဘဝမျိုးကို ရောက်ချင်ရောက်ပါစေ ဘာကိုစိုးရိမ်ရမည်နည်း။ သာသနာဘာသာနှင့် ပတ်သက်လာလျှင် စည်းစိမ်၊ အသက် ဘာကိုငဲ့ကွက်ရန်ရှိသနည်း စသည်ဖြင့် ရဲရင့်တည်ကြည်သောပါရမီစိတ်ဓာတ်မျိုး ကိန်းအောင်းမွေးမြူသင့်သည်။ ထိုစိတ်ဓာတ်မျိုး ကိန်းဝပ်လာလျှင် ချမ်းသာသုခတည်းဟူသော တံခါးကြီးပွင့်လာပြီဟု မုချမှတ်ယူပါ။ စေတနာအိုး မခန်းခြောက်သရွေ့ ပစ္စည်းအိုးလည်း မခြောက်စေနိုင်ပါ။ ပွင့်တော်မူလတ္တံ့သော ဘုရားရှင် အရိမေတ္တယျဘုရားလောင်းသည် သဒ္ဓါမိကဘုရားလောင်းဖြစ်၍ သူ့ပရိသတ်ကို သဒ္ဓါဓာတ် ဖြစ်ပေါ်လာစေရန် သဒ္ဓါဓာတ်ကို ဖွင့်နှိုးပေးပါသည်။ သဒ္ဓါဖြစ်ပေါ်ရာ၌လည်း အရမ်းမဲ့၊ စည်းမဲ့ကမ်းမဲ့သဒ္ဓါစိတ်မျိုး မဖြစ်ပေါ်စေရဘဲ အသိပညာဉာဏ်ကွပ်ကဲသော၊ စည်းကမ်းရှိသောသဒ္ဓါတရားမျိုးကိုသာ ဖြစ်ပေါ်စေသင့်သည်။ မိမိကပေးလျှင်ကျွေးလျှင်လည်း စေတနာကို ရှေ့ဦးထား၍ ပေးကျွေးပါ။ သူတစ်ပါးတို့ကပေး၍ ယူပြန်လျှင်လည်း စေတနာသဒ္ဓါတရားကို လက်ကိုင်ထား၍ယူပါ။ ဘဝကို အရှင်ကူးကူးနိုင်အောင် စေတနာရှင်မြူးနိုင်ပါစေ။ မိမိတည်းဟူသော အကြောင်းကြောင့် သူတစ်ပါး၏ စိတ်မဆင်းရဲရအောင် ပြောဆိုစနာထောက်ထား၍ သနားကြင်နာတတ်ပါစေဟု မှာကြားလိုသည်။



ကုသိုလ်ကောင်းမှုတစ်ခုခုကို ပြုလုပ်နေချိန်တွင် စေတနာအနေအထားကို တည့်မတ်အောင် တည်ထားဖို့လိုအပ်ပါသည်။ ရတနာသုံးပါး တည်းဟူသောအာရုံ အပြုခံဝတ္ထုတို့နှင့် အာရုံပြုတတ်သော စိတ်ဓာတ်တို့သည် ထိရောက်နေဖို့လိုပါသည်။ ထိုသို့ထိရောက်ပါမှ ကောင်းကျိုးတရားတို့နှင့်စပ်မိသွားပါသည်။ ဤအဖြစ်မျိုးသို့ရောက်အောင် ကြိုးစားပေးနိုင်ပါလျှင် စိတ်ချမ်းသာစရာအမျိုးမျိုးနှင့် ဝေဝေဆာဆာ တိုးတက်လာပါလိမ့်မည်။ ထိုသို့မဟုတ်ဘဲ (ဖြစ်ချင်သည်)၊ (ရချင်သည်)၊ (လိုချင်သည်) စသော (ချင်) တစ်လုံး၊ ရှေ့ကခံနေမည်ဆိုလျှင် ကောင်းကျိုးချမ်းသာပေးမှုတို့နှင့် ဝေးကွာသွားတော့၏။

ထို့ကြောင့် ကောင်းမှု၊ ကောင်းကျိုးများ လုပ်ကိုင်ဆောင်ရွက်နေချိန်ဝယ် မိမိတို့၏ စေတနာတရားကို မှန်မှန်ကန်ကန် တရိပ်ရိပ်ပေါ်ထွက်နေစေပြီး မိမိပြုလုပ်နေသော ကောင်းမှုများကို အထစ်အငေ့ါမရှိ သန့်ရှင်းစင်ကြယ်စွာ အောင်မြင်ပြီးစီးစေရန်သာ အဓိက ဂရုစိုက်ပြုလုပ်ကြရန်ကို ဆရာတော်က တိုက်တွန်းစကားရေးသားလိုက်ပါသည်။

- သစ္စာအလင်းကိုဆောင် အောင်နိုင်ကြပါစေ။
- မေတ္တာအလင်းကိုဆောင် အောင်နိုင်ကြပါစေ။
- အဓိဋ္ဌာန်အလင်းကိုဆောင် အောင်နိုင်ကြပါစေ။
- သမာဓိအလင်းကိုဆောင် အောင်နိုင်ကြပါစေ။
- စိတ်ကြည်သန့်ရှင်း ကိုယ်တွင်းတရားနှင့် ပြည့်ဝကြပါစေ။
- ကိုယ်စီကိုယ်င ချမ်းသာသုခ ရကြီးရလျက် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးစည်ပင် လန်းဆန်းရွှင်ခြင်းသို့ ရောက်ရှိရရှိကြပါစေသော်။

*၁၃၄၆ ခုနှစ်၊*
*ဝါဆိုလပြည့်ကျော် ၉ ရက်*

*ဇေယျသိဒ္ဓိ*
*ဓမ္မဉာဏ်ကဆရာတော်*
*စေတော်ဝင်ကျောင်း*
*ရွှေပေါ်ကျွန်းရွာ*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ပထမမံဝိဇ္ဇာစရ

ထွက်ရပ်ပေါက်လောကီပညာနှင့် ၂၀

# ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး

## စစ်ကွင်းဆရာတော်ကြီး၏တန်ခိုးသိဒ္ဓိမဟိဒ္ဓိမယိဒ္ဓိများ

ပထမံဆရာဦးအေးရွှေ



**တစ်ချိန်တည်း တစ်ပြိုင်တည်း နှစ်နေရာတွင် ဆွမ်းဘုဉ်းပေးခြင်း**

စစ်ကျွင်းဆရာတော်ကြီး ဦးစန္ဒောဘာသသည် မကြာခဏ တန်ခိုးသိဒ္ဓိများကို ပြသလေ့မရှိသော်လည်း အချို့သောလိုအပ်မည်ထင်သည့် ကိစ္စများတွင်ကား ပြသလေ့ရှိပါသည်။ ဤသို့ပြသခြင်းသည် အထင်ကြီးစေလို၍ပြုခြင်းမျိုး မဟုတ်ပေ။ ဗုဒ္ဓသာသနာတော်အကျိုးရှိရာအကျိုးရှိကြောင်းကို မြင်၍ လည်းကောင်း၊ ဝိဇ္ဇာဓရပညာရပ်များ အမှန်တကယ်ရှိကြောင်းကို ပြသလိုသဖြင့်လည်းကောင်း၊ နောင်အရှည်ဖြစ်နိုင်သည့်အရေးကို မျှော်တွေး၍ လည်းကောင်း တန်ခိုးသိဒ္ဓိမယိဒ္ဓိများပြလေ့ရှိပါသည်။ ဤဆောင်းပါးများရှေ့ပိုင်းတွင်လည်း ဆရာတော်ကြီး တန်ခိုးသိဒ္ဓိပြခဲ့သည့် အဖြစ်အပျက်အချို့ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခု ရေးသား ဖော်ပြမည့် ဆောင်းပါးတွင်ကား ယခင် မဖော်ပြခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆေးသော တန်ခိုးသိဒ္ဓိတစ်မျိုးကို ဖော်ပြလိုပါသည်။

အဆိုပါ တန်ခိုးသိဒ္ဓိမှာ ပုဂ္ဂိုလ်တစ်ဦးတည်းကို တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ဒေသခြားသောနေရာနှစ်နေရာ၌ ဖူးတွေ့ရခြင်းကိစ္စမျိုး ဖြစ်၏။ မိမိခန္ဓာကိုယ်ရုပ်သွင်ကို လိုသလိုပြောင်းလဲနိုင်ခြင်းမျိုး၊ တစ်ယောက်တည်းမှ အများပြုခြင်းမျိုး၊ အများမှ တစ်ယောက်သို့ပြောင်းခြင်းမျိုး၊ နံရံတံတိုင်းတို့ကို ဖောက်ထွင်းခြင်းမျိုး၊ ကောင်းကင်၌သွား၍မြေ၌ငုပ်ခြင်း၊ ပေါ်ခြင်း၊ ရေပေါ်၌ သွားခြင်း၊ လ, နေတို့ကို သုံးသပ်ခြင်း၊ ပထဝီသိဒ္ဓိအရ မြေကြောရှုံ့၍သွားခြင်း စသည်တို့



www.burmeseclassic.com

www.burmeseclassic.com

ကို 'ဣဒ္ဓိပါဋိဟာရိယ' ဟု ခေါ်၏။ ဤကဲ့သို့ တန်ခိုးပြခြင်းဆိုင်ရာပြာဋိဟာသည် (၃) ပါးရှိ၏။ အခြား (၂) မျိုးမှာ 'အာဒေသနာပါဋိဟာရိယ'ခေါ် အတင်ဟောခြင်းပြာဋိဟာနှင့် 'အနုသာသနီပါဋိဟာရိယ'ခေါ် ဆုံးမခြင်းပြာဋိဟာတို့ ဖြစ်၏။

စစ်ကွင်းဆရာတော်ကြီး ရန်ကုန်မြို့ ရွှေတိဂုံဘုရားတွင် သီတင်းသုံးနေစဉ်ကာလကဖြစ်၏။ ထိုအချိန်တွင် ရန်ကုန်မြို့တွင် အခြေချနေထိုင်နေပြီဖြစ်သော စစ်ကွင်းဇာတိ အမျိုးသမီးကြီးတစ်ဦးရောက်ရှိလာပြီး စစ်ကွင်းဆရာတော်အား လာမည့် ဝါဆိုလပြည့်နေ့၌ သူမအိမ်သို့ နေ့ဆွမ်းအတွက် ဆွမ်းစားကြွပါရန်အကြောင်း ကြိုတင်၍ဖိတ်ကြားလေ၏။ ဆရာတော်ကြီးလည်း အဆိုပါ ဆွမ်းကပ်မည့်ပင့်ဖိတ်မှုကို လက်ခံလိုက်၏။

ဤသို့ ဆွမ်းစားရက် လက်ခံပြီး ရက်များစွာမကြာမီမှာပင် စစ်ကွင်းဆရာတော်သည် အကြောင်းကိစ္စတစ်ခုပေါ်ပေါက်သဖြင့် စစ်ကွင်းမြို့ ကျွန်းတောသုသာန်ကျောင်းသို့ ပြန်ကြွသွားခဲ့၏။ ဆရာတော် ကျွန်းတောကျောင်းသို့ ပြန်လည် ကြွရောက်ပြီး မရှေးမနှောင်းတွင်ပင် စစ်ကွင်းမြို့တွင် အခြေချနေထိုင်နေသော အမျိုးသမီးကြီးတစ်ဦး ရောက်ရှိလာပြီး ဆရာတော်အား လာမည့်ဝါဆိုလပြည့်နေ့၌ သူမ၏ စစ်ကွင်းနေအိမ်၌ နေ့ဆွမ်းစားကြွရောက်ပါရန် ဆွမ်းစားပင့်ဖိတ်လေသည်။ အဆိုပါ အမျိုးသမီးကြီးသည် စစ်ကွင်းဆရာတော်နှင့် အလွန်တရာ ရင်းနှီးသော ဆရာရင်းဒကာရင်းများဖြစ်နေသဖြင့် ဆရာတော်ကြီးလည်း မငြင်းသာဘဲ လက်ခံလိုက်၏။ ဤသို့ဖြင့် စစ်ကွင်းဆရာတော်ကြီးသည် တစ်နေ့တည်း၊ တစ်ချိန်တည်း ရန်ကုန်နှင့် စစ်ကွင်း နှစ်နေစလုံး၌ ဆွမ်းစားကြွရန် လက်ခံလိုက်သကဲ့သို့ ဖြစ်သွားတော့၏။

ထိုကိစ္စနှင့် ပတ်သက်၍ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သည်မှာ အဆိုပါ ဆွမ်းစားလာဖိတ်သော အမျိုးသမီးကြီးနှစ်ဦးသည် ညီအစ်မအရင်းများဖြစ်ကြ၏။ သူတို့သည် စစ်ကွင်းဆရာတော်အား ဝါဆိုလပြည့်နေ့ ဆွမ်းစားဖိတ်သောကိစ္စသည် တစ်ဦးနှင့်တစ်ဦးကြိုတင် စီစဉ်သောကိစ္စမဟုတ်ပေ။ ကိုယ့်စိတ်ကူးနှင့်ကိုယ် စီစဉ်ကြခြင်း ဖြစ်လေ၏။ ထို့ကြောင့် တစ်ဦး၏ ဆွမ်းစားပင့်သောကိစ္စကို တစ်ဦးက မသိကြပေ။ တစ်ဦးက စစ်ကွင်းတွင်နေပြီး ကျန်တစ်ဦးက ရန်ကုန်တွင် သီးခြားစီနေကြခြင်းလည်း ဖြစ်၏။

စစ်ကွင်းတွင် ဆွမ်းစားဖိတ်ခြင်းကို လက်ခံပြီး နောက်နေ့တွင် ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ ပြန်ကြွလာတော်မူခဲ့၏။ ဤသို့ဖြင့် ဝါဆိုလပြည့်နေ့သို့ ရောက်ရှိလာခဲ့၏။

ထိုနေ့တွင် ဆရာတော်သည် ရန်ကုန်မြို့ရှိ အစ်မဖြစ်သူ၏ နေအိမ်သို့ ဦးစွာဆွမ်းစားကြွခဲ့၏။ အချိန်မှာ နံနက် (၁၀) နာရီ၊ (၃၀) မိနစ်တွင် ဖြစ်၏။ ဆရာတော်သည် ကြွရောက်ပြီးမကြာမီတွင်ပင် ဆွမ်းစားခဲ့၏။ ဆွမ်းစားပြီး ထိုအိမ်၌ ခေတ္တခဏသာ သီတင်းသုံး၍ ပြန်ကြွခဲ့၏။ ထို့နောက် စစ်ကွင်းမြို့ရှိ ညီမဖြစ်သူ၏အိမ်သို့ နံနက် (၁၁) နာရီတွင် ဆွမ်းစားကြွရောက်လာခဲ့တော့၏။ ထိုအခါ ညီမဖြစ်သူလည်း ဆရာတော်ကို ဝမ်းမြောက်ပျော်ရွှင် စိတ်အားထက်သန်စွာဖြင့် ဆွမ်း၊ ကွမ်းကိစ္စကို လိုလေသေးမရှိ ပြင်ဆင်ကာ ဖွယ်ဖွယ်ရာရာ ဆက်ကပ်လှူဒါန်းခဲ့၏။

ဤသို့ စစ်ကွင်းဆရာတော်အား ဆွမ်းကပ်ပြီးမကြာမီတွင်ပင် စစ်ကွင်းရှိ ညီမဖြစ်သူသည် ရန်ကုန်ရှိ အစ်မဖြစ်သူ အိမ်သို့ အလည်ရောက်ရှိလာခဲ့၏။ ထိုအခါ ညီအစ်မနှစ်ဦးတွေ့ကြပြီး ရှေ့ကြောင်းနောက်ကြောင်းများကို စကားလက်ဆုံကြပြီး ပြောမဆုံးအောင်ဖြစ်ခဲ့ကြ၏။ စကားများပြောရင်းဆိုရင်းဖြင့် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသနှင့် ပတ်သက်သည့်အကြောင်းသို့ ရောက်ရှိသွားခဲ့၏။ ထိုအခါ ညီမဖြစ်သူက ပြီးခဲ့သည့် ဝါဆိုလပြည့်နေ့က စစ်ကွင်းဆရာတော်အား ဆွမ်းကပ်ခဲ့သည့်အကြောင်း၊ ဆရာတော်ကြီးကလည်း အားရပါးရ ဆွမ်းဘုဉ်းပေးသည့်အကြောင်း စိတ်အားထက်သန်စွာ ပြောပြလိုက်သောအခါ အစ်မဖြစ်သူလည်း လွန်စွာအံ့ဩသွားကာ -

"ဟင် - ဒါဆို ဘယ်လိုဖြစ်တာပါလိမ့်။ ညီမလေးရဲ့ စစ်ကွင်းကအိမ်မှာ ဝါဆိုလပြည့်နေ့တုန်းက ဆရာတော် ဆွမ်းစားကြွတယ် ဟုတ်လား"

"ဟုတ်တယ်လေ အစ်မရဲ့။ အဲဒါဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီဝါဆိုလပြည့်နေ့မှာပဲ အစ်မရဲ့ ရန်ကုန်ကအိမ်မှာ စစ်ကွင်းဆရာတော်ဆွမ်းစားကြွသွားတယ်လေ။ အဲဒါကြောင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ရန်ကုန်ရောစစ်ကွင်းမှာပါ ဆရာတော်ဘယ်လိုဆွမ်းစားကြွမလဲ မဖြစ်နိုင်တာအေ။ အဲဒါကြောင့် ငါအံ့ဩနေတာ"

"အဲဒါဆို အစ်မနေ့မှတ်တာလွဲလို့ ဖြစ်ပါလိမ့်မယ်။ ညီမလေးရဲ့ စစ်ကွင်းကအိမ်ကို ဆရာတော် ဆွမ်းစားကြွတာကတော့ အသေအချာပဲ မှားစရာမရှိဘူး"

"ဘယ့်နှယ် - ငါကနေ့အမှတ်လွဲရမှာလဲ။ ဘာမှမှားစရာမရှိဘူး၊ အတိအကျအသေအချာပဲ။ အင်း - ဒါဆို ဒီကိစ္စမှာ တစ်ခုခုတော့လွဲချော်နေပြီ"

ဟု ဆိုလိုက်ပြန်၏။

ဤသို့ဖြင့် ညီအစ်မနှစ်ဦးသည် စစ်ကွင်းဆရာတော်ကြီး ဆွမ်းစားသည့်ကိစ္စနှင့်ပတ်သက်ပြီး အငြင်းအခုံဖြစ်ကြလေ၏။ ဤသို့ဖြင့် အချိန်အတန်ကြာသည်အထိ အဖြေမထွက်သဖြင့် အစ်မဖြစ်သူက-

"ကဲ - ဒီကိစ္စကို တို့ဒီလိုငြင်းခုံနေလို့ ပြီးမှာမဟုတ်ဘူး။ စစ်ကွင်းဆရာတော်ကြီး ခုဆိုရွှေတိဂုံဘုရားပေါ်မှာရှိတယ်။ အဲဒီသွားပြီးမေးရင်ကောင်းမယ်"

ဟု ဆိုလိုက်ရာ ညီမဖြစ်သူကလည်း -

"အင်း - ကောင်းတယ်၊ ကောင်းတယ်။ အဲဒါမှ ဒီကိစ္စတစ်ခါတည်းရှင်းသွားတယ်"

ဟု ဆိုပြီး သဘောတူညီကြလေ၏။

ထို့နောက် ညီအစ်မနှစ်ယောက် အိမ်မှထွက်ကာ ဆရာတော်ဘုရားကြီး သီတင်းသုံးသည့် ရွှေတိဂုံဘုရားသို့သွားခဲ့ကြ၏။

ရွှေတိဂုံဘုရားသို့ ရောက်သောအခါ ဆရာတော်ကြီးကို တနင်္ဂနွေထောင့်ရှိ မာယတန်ဆောင်းထဲ၌ပင် သီတင်းသုံးနေသည်ကို ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဖူးတွေ့ရသဖြင့် ဝမ်းသာသွားကြ၏။ (မှတ်ချက် - မာယတန်ဆောင်းသည် ယခုအချိန်တွင် ရွှေတိဂုံစေတီတော်ကြီးအပေါ်၌ မရှိတော့ပေ။ ၂၀၀၀ ပြည့်နှစ်ကျော် ရွှေတိဂုံစေတီတော်ဘက်စုံစီမံကိန်းအတွင်း ဖျက်သိမ်းသည့်အထဲတွင်ပါရှိသွားပြီ ဖြစ်၏။)

သူတို့သည် ဆရာတော်ကြီးအား အခန့်သင့်ပင်တွေ့ရသဖြင့် ဝင်ရောက်ပြီး ဝတ်ပြုကြ၏။ ထို့နောက် ဆရာတော်အား ဝါဆိုလပြည့်နေ့က ဆွမ်းကပ်ခဲ့သည့်အကြောင်းကို လျှောက်ထားပြီး ဘယ်သူ့အိမ်သို့ အမှန်တကယ်သွားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

နည်းဟူသည်ကို မေးမြန်းကြ၏။

ထိုအခါ စစ်ကွင်းဆရာတော်ကြီးသည် ညီအစ်မနှစ်ဦးအား တစ်လှည့်စီ ကြည့်လိုက်ပြီးနောက် -

"ငါ ဝါဆိုလပြည့်နေ့တုန်းက ဆွမ်းစားကြွတာ ညည်းတို့နှစ်အိမ်စလုံးကို ဆွမ်းစားကြွတယ်"

ဟု တိုတိုတုတ်တုတ်ပင် အဖြေပေးလိုက်သောအခါ ညီအစ်မနှစ်ယောက်လုံး အထူးပင် တုန်လှုပ်ခြင်း၊ အံ့ဩခြင်းများဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေ၏။ ထို့နောက် ကိုယ်တွေ့ကြုံခဲ့ကြရသော ထူးခြားသည့်ဖြစ်ရပ်နှင့် ပတ်သက်ပြီး အတွေးကိုယ်စီဖြင့် မိမိတို့နေအိမ်သို့ ပြန်ခဲ့ကြပါတော့သတည်း။

**ဘုန်းကြီးကျောင်းသားငယ်များအား တန်ခိုးသိဒ္ဓိဖြင့် ဘုရားဖူးပို့ပေးခြင်း**

စစ်ကွင်းမြို့ရှိ ကျွန်းတောဘုန်းကြီးကျောင်းတွင် ဆရာတော်သည် သီတင်းသုံးနေစဉ်တွင် ကျောင်း၌ ကျောင်းသားငယ်အချို့ကို ကျောင်းအိပ်ကျောင်းစား သတ်ခံထား၏။ ဆရာတော်ကြီးသည် ထိုကျောင်းသားငယ်များအား စာပေသင်ကြားပို့ချပေး၏။ ကျောင်းသားတို့ကလည်း ကျောင်း၏ဝေယျာဝစ္စတို့ကို ပြုလုပ်ပေးကြ၏။ ထို့ကြောင့် ကျောင်းသားတို့၏ ဘဝသည် စာပေသင်ကြားခြင်းနှင့် ကျောင်းဝေယျာဝစ္စကိစ္စတို့ဖြင့်သာ နိစ္စဓူဝအချိန်ကုန်လွန်ကြရသည်ကို စစ်ကွင်းဆရာတော်ကြီးက သတိပြုမိ၏။

တစ်နေ့တွင် ကျောင်းသားများကို ကြည့်ရင်း စစ်ကွင်းဆရာတော်သည် သနားသည့်စိတ်ဝင်မိ၏။

'ဩော် - သူတို့ခမျာ ဘုန်းကြီးကျောင်းမှာလာပြီး ကျောင်းအိပ်ကျောင်းစားနေနေကြရတယ်။ မိဘနဲ့လည်းအတူ မနေကြရဘူး။ သူတို့တော့ တစ်နေ့ လာလည်းကျောင်းစာ၊ တစ်နေ့လာလည်း ကျောင်းဝေယျာဝစ္စဆိုတော့ ငြီးငွေ့နေရှာကြရောမယ်'

ဟု တွေးပြီး ကျောင်းသားများထဲမှ မောင်မျှင်ဆိုသော သူငယ်လေးကိုခေါ်လိုက်၏။ မောင်မျှင်သည် ကျောင်းအနီးရှိ လှူပျိုကြီးကွင်းရွာမှ ဖြစ်၏။ ဆရာတော်က မောင်မျှင်အား -

"မင်းတို့ ကျောင်းမှာနေရတာမပျင်းကြဘူးလားကွယ့်"

ဟု မေးလိုက်သောအခါ မောင်မျှင်လည်း ဆရာတော်ဘုရားကြီးကို ပြန်ကြည့်ရင်း မဝံ့မရဲဖြင့် -

"အမှန်အတိုင်းဝန်ခံရရင် ပျင်းပါတယ်ဘုရား။ တစ်နေ့လာလည်းဒါ၊ နောက်တစ်နေ့လာလည်းဒါ ဆိုတော့ ငြီးငွေ့နေပါတယ် ဘုရား"

ဟု လျှောက်လိုက်၏။

ထိုအခါဆရာတော်ကြီးက -

"အေး - ကောင်းပြီ။ ဒါဆိုရင် မင်းတို့အနေနဲ့ အပြောင်းအလဲလေးဖြစ်သွားအောင် ဘုရားဖူးသွားကြမလား။ ကျိုက်ထီးရိုးဘုရားရောက်ဖူးလား"

"မရောက်ဖူးပါဘူး ဘုရား"

"ဒါဆို ကျိုက်ထီးရိုးဘုရားသွားဖူးကြမယ်၊ လိုက်ကြမလား"

"လိုက်ချင်ပါတယ် ဘုရား"

"ဟုတ်ပြီ၊ ဒါဆိုရင် မောင်မျှင်ရေ မင်းရှိသမျှ ကျောင်းသားတွေအားလုံးကို စုလိုက်"

ဟု ခိုင်းလိုက်၏။

ထိုအခါ မောင်မျှင်လည်း ကျောင်းသားအားလုံးကို နှိုးဆော်ပြီး အသိပေးတာ လူစုလိုက်ရာ အားလုံးက ကျိုက်ထီးရိုး ဘုရားဖူးသွားချင်ကြောင်း ဆန္ဒပေးကြသဖြင့် မောင်မျှင်ကလည်း ဆရာတော်ကြီးထံ သွားရောက် လျှောက်ထားလေ၏။ ထိုအခါ ဆရာတော်ကြီးလည်း အချိန်ကိုကြည့်လိုက်ရာ ညနေစောင်းသို့ ရောက်လုပြီဖြစ်သဖြင့် ကျောင်းသားအားလုံးကို -

"ကိုင်း - ဒါဆို ကျောင်းသားတွေအားလုံးလာကြ။ ထမင်းဝိုင်းပြင်ပြီး ထမင်းစားကြပေတော့။ ထမင်းကိုလည်း ဝအောင်စားကြနော်"

ဟု တစ်ဆက်တည်း မိန့်ကြားလိုက်၏။

ထိုအခါ ကျောင်းသားများလည်း ဆရာတော်မှာသည့်အတိုင်း ထမင်းကို



ဝအောင်စားကြလေ၏။ ထမင်းစားပြီးသောအခါ သူတို့အား ဆရာတော်က အဝတ်အစားအထုပ်အပိုးများပြင်စေပြီး အခန်းတစ်ခန်းထဲတွင် အားလုံးအိပ်ခိုင်းလိုက်၏။ မကြာမီပင် ဘုန်းကြီးကျောင်းသားများအားလုံး လုံးဝနှစ်ခြိုက်စွာအိပ်ပျော်ခြင်းသို့ ရောက်ရှိသွားကြလေတော့၏။

ထိုအခါတွင် စစ်ကွင်းဆရာတော်လည်း ကျောင်းသားများကို ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးခေါ်ဆောင်သွားလေတော့၏။ မောင်မျှင်တို့လည်း နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ ရုတ်တရက်နိုးသွားပြီး ဘေးဘီပတ်ဝန်းကျင်သို့ ကြည့်ရှုလိုက်သောအခါ အထူးပင်အံ့ဩသွားကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့ရောက်ရှိနေသောနေရာသည် ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်သို့ အားလုံးတစုတဝေးတည်း ရောက်ရှိနေကြသောကြောင့်ဖြစ်၏။ ထို့ကြောင့်လည်း မောင်မျှင်သည် မိမိကိုယ်မိမိ မယုံနိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် အိပ်မက်များမက်နေသလားထင်ပြီး ဆိတ်ကြည့်၏၊ နာမှန်းသိ၏။ ထိုအခါတွင်မှ အိပ်မက်မဟုတ်ဘဲ အမှန်တကယ်ရောက်ရှိနေခြင်းဟု ထင်မြင်လာ၏။ ထိုအခါတွင်မှ တစ်ခုသတိပြုမိသည်မှာ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်၏ ချမ်းစိမ့်လာသော အအေးဓာတ်ပင် ဖြစ်၏။ ထိုအခါ ကျောင်းသားတို့သည် အဝတ်အစားအိတ်ထဲမှ အနွေးထည်ကို ထုတ်ယူကာ ဝတ်လိုက်ကြလေ၏။

ထို့နောက် စစ်ကွင်းဆရာတော်ကြီးက ကျောင်းသားများအား ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့စေ၏။ ပြီးလျှင် ကျိုက်ထီးရိုးဘုရားအနီးတစ်ဝိုက်ရှိ ကျီးကန်းပါးစပ်ဘုရား၊ မုဆိုးတောင်ဘုရား စသည့်ဘုရားများသို့ ဘုရားဖူးလိုက်ပို့ပေး၏။ နောက်တစ်နေ့တွင် ကျိုက်ထီးရိုးဘုရား၏ ခပ်လှမ်းလှမ်းတွင်ရှိသော ကျောက်ထပ်ကြီးဘုရား၊ ရေတံခွန်၊ ရသေ့တောင် စသည့်နေရာများသို့ ဘုရားဖူးလိုက်ပို့ပေး၏။ ရသေ့တောင်ဘုရားသို့ ရောက်ရှိသောအခါ ဆရာတော်ကြီးက သူ၏ ဆရာသမား ကုဿာသယဘိုးဘိုးကြီးရုပ်တုကို ပြ၏။ ထို့နောက် ဘိုးဘိုးကြီး မြေထုံးအောင်ခဲ့သည့် ထုံကျင်းနေရာကိုလည်း ပြ၏။ ထို့နောက် ဆရာတော်ကြီးက ရသေ့တောင်ပေါ်မှ သူတည်ထားမွမ်းမံပြင်ဆင်ခဲ့သည့်ဘုရားများကို လိုက်လံ



www.burmeseclassic.com

www.burmeseclassic.com

ပြသပြီးဖူးစေ၏။

နောက်တစ်နေ့တွင် ကျိုက်ထီးရိုးဘုရားမှ ပို၍လှမ်းလှမ်းတွင်ရှိသော စွန်တောင်၊ မြစိမ်းတောင်ရှိ ဘုရားများအား လိုက်လံ ပို့ဆောင်ကာ ဖူးမြော်စေ၏။ ထို့ပြင် တိမ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်းဘုရားတစ်ဆူကို ပြန်လည်ရှာဖွေ၍ တည်ထားရန် ဆရာတော်အား တာဝန်ပေးရာ ဆရာတော်လည်း မည်သို့မျှ ရှာဖွေမတွေ့ရှိသည့်အဆုံး အမေစပယ်၏ ညွှန်ပြမှုဖြင့် ရှာဖွေတွေ့ရှိကာ ပြန်လည်တည်ထားနိုင်သည့်ဘုရားစေတီတစ်ဆူသည် ကျိုက်ထီးရိုးဘုရားဝန်းကျင်တွင် တည်ရှိသဖြင့် ဆရာတော်က ထိုကျောင်းသားများအား ဘုရားဖူးလိုက်ပို့ပေး၏။

ဤကဲ့သို့ ကျိုက်ထီးရိုးဘုရားဝန်းကျင်ရှိ ဘုရားများအားလုံး အပါအဝင် ဘုရားစေတီ အတော်များများတို့အား ဆရာတော်က ဘုရားဖူးပို့ပေးခဲ့၏။ နှစ်ရက်လောက်ရှိသောအခါ ဘုရားစုံသလောက်နီးနီးကို ဖူးမြော်ပြီးဖြစ်သွားသဖြင့် ဆရာတော်က ကျောင်းသားတို့အား -

"ကဲ - မင်းတို့ ဘုရားတွေလည်း စုံအောင်ဖူးပြီးသွားကြပြီ။ လူတွေလည်း အတော်ကို ပင်ပန်းသွားကြပြီ။ ဒါကြောင့် ကျောင်းကို ပြန်ချင်နေကြပြီလား"

ဟု မေးလိုက်ရာ ကျောင်းသားတို့ကလည်း ပြန်ချင်တဲ့အကြောင်း ပြောကြ၏။ ထို့ကြောင့်လည်း ဆရာတော်သည် ကျောင်းသားများကိုခေါ်သွားပြီး ထမင်းဆိုင်တစ်ဆိုင်တွင် နံနက်စာထမင်းကျွေးလိုက်၏။ ပြီးလျှင် တစ်ဆောင်ရှိ အခန်းထဲတွင် အားလုံးကို အိပ်ခိုင်းလိုက်၏။ ထိုသို့အိပ်ခိုင်းပြီးနောက် ဆရာတော် အခန်းပြင်ပသို့ထွက်သွားခဲ့၏။ ထိုအခါ ကျောင်းသားများလည်း ဆရာတော်မှာသည့်အတိုင်းအိပ်ကြရာ မကြာမီပင် ဗိုက်လေးလေးနှင့် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားခဲ့ကြလေတော့၏။

ထို့နောက် ကျောင်းသားတို့သည် အိပ်ရာမှနိုးသောအခါ စစ်ကွင်း ကျွန်းတောကျောင်းသို့ ပြန်လည်ရောက်ရှိနေကြောင်း အံ့သြစွာပင် မျက်မြင်ကိုယ်တွေ့ သိကြရလေတော့၏။ သူတို့အဖို့ တစ်သက်နှင့်တစ်ကိုယ် မတွေ့မကြုံဘူးသောအဖြစ်ဖြစ်၏။ အလွန်လည်းထူးဆန်း၏။ မယုံကြည်နိုင်ဖွယ်လည်းကောင်း၏။ သို့သော် ဤအဖြစ်အပျက်ကို အမှန်တကယ် ခံစားခဲ့ကြရကြောင်း ကာယကံရှင်များက အသိဆုံးပင် ဖြစ်၏။

ဤထူးခြားသောဖြစ်စဉ်ကို ပြန်လည်ပြောပြသည့် ပုဂ္ဂိုလ်မှာ ကာယကံရှင်ဖြစ်သော ဦးမောင်မျှင်ကိုယ်တိုင်ပင်ဖြစ်၏။ သူသည် ကျောင်းသားဘဝတစ်လျှောက်လုံး စစ်ကွင်းဆရာတော်ကြီးနှင့် ကျွန်းတောကျောင်းတွင် အတူနေထိုင်ပြီး ဆရာတော်ထံမှပညာသင်ယူခဲ့သူ ဖြစ်၏။ ယနေ့ထက်တိုင်လည်း လူပျိုကြီးကွင်းရွာတွင် သက်ရှိထင်ရှား နေထိုင်လျက်ရှိနေပါသေးသည်။

**စစ်ကွင်းဆရာတော်အား နတ်များ ရုက္ခစိုးများက ဘုရားဖူးပို့ကုသိုလ်ယူကြခြင်း**

စစ်ကွင်းဆရာတော်ကြီးက ဘုန်းကြီးကျောင်းသားတို့အား ဘုရားဖူးပို့ဆောင်ပေးသကဲ့သို့ နတ်များ၊ ရုက္ခစိုးများကလည်း ဆရာတော်အား ဘုရားဖူးပို့ပေးခွင့်ပြုရန် မကြာခဏပြောဆိုတိုက်တွန်းကြ၏။ ထို့ကြောင့်လည်း ဆရာတော်အဖို့ သူတို့၏ဆန္ဒကို ငဲ့ညှာသောအားဖြင့် တစ်ခါတစ်ရံတွင် ခွင့်ပြုပေးရခြင်းမျိုးလည်း ရှိ၏။ ထိုအကြောင်းအရာနှင့် ပတ်သက်သော အဖြစ်အပျက်တစ်ခုကို ဖော်ပြလိုပါသည်။

အဘဦးမောင်စိန်သည် စစ်ကွင်းဆရာတော်ကြီးနှင့် တပည့်တစ်ယောက်ကဲ့သို့နေထိုင်ခဲ့သူ ဖြစ်၏။ သူသည် အင်းစိန်တွင်နေ၏။ သူ၏အလုပ်မှာ ရွှေတိဂုံဘုရားတန်ဆောင်းဂိုဟ်တိုင်တွင် ရေသပ္ပာယ်ရန်အတွက် ရေထမ်းရောင်းသူ ဖြစ်၏။ သူသည် ထိုအလုပ်ကို နေ့စဉ်ဝတ်မပျက်လုပ်၏။ နေ့တိုင်း ရွှေတိဂုံဘုရား တန်ဆောင်းသို့လာ၏။ သူသည် နေ့စဉ် ရွှေတိဂုံဘုရားသို့ နံနက် (၄) နာရီထိုးသည်နှင့် အရောက်လာလေ့ရှိ၏။

သူသည် နံနက်စောစော ရွှေတိဂုံဘုရားသို့ရောက်သောအခါ ဆရာတော်ကြီး၏ ဝေယျာဝစ္စများကိုလုပ်ပေးရင်း သူ၏ ဂြိုဟ်တိုင်ရေထမ်းရောင်းသည့် အလုပ်အတွက် ပြင်ဆင်ခဲ့၏။ စစ်ကွင်းဆရာတော်ဘုရားကြီးကလည်း ရွှေတိဂုံဘုရားတန်ဆောင်းမာယတန်ဆောင်းတွင် သီတင်းသုံးသဖြင့် နှစ်ဦးနှစ်ဖက်စလုံး အဆင်ပြေကြ၏။

ဆရာတော်ဘုရားကြီး၏ နေ့စဉ်ပြုလုပ်နေကျဝတ်မှာ နံနက် (၄) နာရီတွင် တန်ဆောင်း၌ ပရိတ်ကြီး (၁၁) သုတ်ရွတ်ဖတ်ခြင်း၊ မဟာသမယသုတ်၊ မေတ္တာသုတ်တို့ကို ရွတ်ဖတ်ပူဇော်လေ့ရှိခြင်းပင် ဖြစ်၏။ ထိုဝတ်ကို ဆရာတော်ဘုရားကြီးအနေဖြင့် နေ့စဉ်မပျက် အဓိဋ္ဌာန်သဘောဖြင့်ဝတ်ပြုခြင်းဖြစ်၏။ ဆရာတော်ဘုရားကြီး အဓိဋ္ဌာန်ဝတ်ပြုပြီးချိန်တွင် အဘဦးမောင်စိန်သည် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ကြားတောရလမ်းသို့ဆင်းကာ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကို ဝယ်ယူပြီး ဆရာတော်ကြီးအား နေ့စဉ်ပင် အရောက်ကပ်လေ့ရှိ၏။

ဤသို့ နေ့စဉ်ဝတ်မပျက်ပြုရင်း တစ်နံနက်တွင် အဘဦးမောင်စိန်သည် ဆရာတော်ဘုရားကြီးအား လက်ဖက်ရည်ကပ်ရန် ဆင်းဝယ်ခဲ့ပြီး ပြန်တက်လာကာ ဆရာတော်ကြီးပရိတ်ရွတ်သည့်နေရာသို့ ရောက်သောအခါ ဆရာတော်ကြီးကို မတွေ့သဖြင့် တန်ဆောင်းထဲဝင်ရှာရာ မတွေ့ပေ။ ထို့ကြောင့် အဘဦးမောင်စိန်လည်း သူဝယ်လာသည့် လက်ဖက်ရည်များ အေးကုန်မည်စိုးသဖြင့် ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်အနှံ့ ဆရာတော်ကြီးကို လိုက်ရှာခဲ့၏။ ဆရာတော်ကြီးသွားတတ်သည့် နေရာများကိုလည်း လိုက်ရှာခဲ့၏ မတွေ့ရပေ။

ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး ဦးမောင်စိန်အဖို့ စဉ်းစားရခက်နေတော့၏။ ဤသို့လည်း ယခင်တစ်ကြိမ်က တစ်ခါကမျှ မဖြစ်ဘူးခဲ့။ ထို့ကြောင့် သူ့စိတ်ထဲတွင် ချီတုံချတုံဖြစ်ကာ ဆရာတော်သည် တခြားဘယ်ကိုမှကြွလေ့မရှိ။ ဒီဘုရားကြီးရင်ပြင်ပေါ် တစ်နေရာရာတွင်သာ ရှိရမည်ဟုထင်ပြီး ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်၌ ဒုတိယအကြိမ်ထပ်ပတ်ပြီး ရှာပြန်ပါ၏။ သို့သော်လည်း ဆရာတော်ကို မတွေ့ရသဖြင့် လက်မှိုင်ချပြီး ဆရာတော် နေ့စဉ် အဓိဋ္ဌာန်ဝင်ဝတ်ပြုသည့် တန်ဆောင်းသို့ ပြန်ရောက်သောအခါတွင်မှ မူလနေရာတွင် ဆရာတော် သီတင်းသုံးနေသည်ကို တွေ့လိုက်ရသဖြင့် အံ့သြသွားပြီး ဆရာတော်ထံသွားရောက်ကာ သူဝယ်လာသည့် လက်ဖက်ရည်ကိုထည့်ကာ ကပျာကသီကပ်လိုက်၏။

ထို့နောက် ဦးမောင်စိန်က -

"လက်ဖက်ရည်တွေတောင်အေးကုန်ပြီထင်ပါတယ် ဘုရား"

"ကိစ္စမရှိပါဘူး၊ ရပါတယ် ဒကာကြီး"

"တပည့်တော် အရှင်ဘုရားကို လိုက်ရှာလိုက်ရတာ ဘုရား။ ရွှေတိဂုံ



www.burmeseclassic.com

www.burmeseclassic.com

ရင်ပြင်တော်တစ်ခုလုံးနှံ့နေပြီ။ တစ်ကြိမ် မဟုတ်ဘူး။နှစ်ကြိမ်တောင်ရှိနေပြီဘုရား။ တန်ဆောင်းတွေရော ရေအိမ်ပါမကျန် အောင်ရှာပြီးပါပြီဘုရား။ အရှင်ဘုရားတို့ မတွေ့ဘူးဘုရား။ ဒါကြောင့် စောစော တုန်းက အရှင်ဘုရားအနေနဲ့ ရွှေတိဂုံ စေတီတော်ရင်ပြင်တော်ပေါ်မှာ မရှိတာ တတော့သေချာတယ်ဘုရား။ ဒါကြောင့် ဒီလောက်အချိန်လေးအတွင်းမှာ အရှင် ဘုရားအနေနဲ့ ဘယ်ကိုကြွသွားတာများ လဲဘုရား။ တပည့်တော်တော့ စဉ်းစား လို့မရတော့ဘူး"

ဟု အဘဦးမောင်စိန်က မေး လျှောက်လိုက်သောအခါ စစ်ကွင်းဆရာ တော်လည်း ဦးမောင်စိန်ကို အသေအ ချာပြန်ကြည့်လိုက်ပြီးနောက် ရုတ်တရက် ပင် -

"ငါပြည်ကိုခဏသွားတာ"

ဟု ဖြေလိုက်၏။

ထိုအခါ ဦးမောင်စိန်လည်း ကြား လိုက်ရသည့် စကားကြောင့် ခေါင်းမွေး များပင်ထောင်သွားသည်ဟု ထင်ရ လောက်အောင် အံ့ဩသွားပြီး ကိုယ့်နား တိုင်ပင် မယုံသက်ဖြစ်သွားတော့၏။ ထို့ကြောင့်ပင် သေချာစေရန် ဒုတိယ အကြိမ် ထပ်မံမေးလျှောက်လိုက်ပြန်၏။

"ခုန အရှင်ဘုရားမိန့်တာ တပည့် တော် နားမရှင်းလို့ပါ ဘုရား။ အရှင် ဘုရား ဘယ်ကိုကြွသွားတာလဲ ဘုရား"

"သြော် - ပြည်မြို့ကို ဘုရားဖူးဖို့ ခဏကြွသွားတာ"

ဟု ပြန်ဖြေလိုက်၏။

"ဟာ - အရှင်ဘုရား ပြည်မြို့ဆို တာက နီးနီးနားနားမှ မဟုတ်တာဘဲ အဝေးကြီး မိုင် (၁၈၀) လောက်ရှိမယ်။ ဘယ်လိုကြွသွားလို့ပါလဲ ဘုရား"

"အင်း - အဲဒီအကြောင်းကတော့ ဒီလိုပါ ဒကာကြီး။ ကျုပ်က ဒီတနင်္ဂနွေ ထောင့်မှာ နေ့စဉ် ပရိတ်ရွတ်တယ်၊ ဓမ္မ စကြာသုတ်၊ မဟာသမယသုတ်တွေ ရွတ်ဖတ်ပူဇော်တယ် မဟုတ်လား။ ရွတ် ဖတ်ပူဇော်ပြီးတော့လည်း အမျှအတန်း ပေးတယ် မဟုတ်လား"

"တင်ပါ့ဘုရား၊ ဟုတ်ပါတယ် ဘုရား"

"အဲဒီတော့ ဒီအနီးတစ်ဝိုက်မှာရှိ တဲ့ နတ်ကြီးတွေ၊ ရုက္ခစိုးတွေက ကျေနပ် တယ်၊ ကျေးဇူးတင်ကြတယ်။ ဒါကြောင့် သူတို့က ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ဆရာ တော်ကြွလိုတဲ့နေရာပြောပါ။ ဘုရားဖူး ကြွချင်တယ်ဆိုလည်းပြောပါလို့ ဟိုး အစောကြီးကတည်းက မကြာခဏပြော ကြတယ်။ ဒါပေမယ့် ကျုပ်လည်း မအား လပ်သေးတော့ မကြွဖြစ်ခဲ့ဘူး။ ဒါပေ မယ့် မရဘူး။ သူတို့ကလည်း နေ့တိုင်း နားပူနားဆာလုပ်ကြတယ်။ အဲဒီလိုလုပ် လွန်းမကလုပ်လာတော့ ကျုပ်လည်း သူတို့ကျေနပ်အောင်ဆိုပြီးတော့ ဒီနေ့ မနက်ကျမှဘဲ ပြည်ကို ဘုရားဖူးသွား လိုက်တယ်"

"ဒါနဲ့ဘုရား၊ နတ်ကြီးတွေက ဘုရားဖူးလိုက်ပို့တာဆိုတော့ အရှင် ဘုရားကဘယ်လိုပုံစံနဲ့ကြွတာလဲဘုရား"

ဟု ဦးမောင်စိန်က မေးလျှောက် လိုက်၏။

ထိုအခါ ဆရာတော်က -

"အင်း - ကြွပုံကြွနည်းပြောရလို့ ရှိရင် ဒီလို ဒကာကြီးရဲ့။ နတ်ကြီးတွေက ရှေ့မှာရပ်နေတယ်။ ကျုပ်က သူတို့ နောက်မှာရပ်နေတယ်။ ပြီးတော့ ကျုပ် လက်တစ်ဖက်က နတ်ကြီးတစ်ပါးပါးရဲ့ ပုခုံးပေါ်ကို အသာတင်လိုက်ရုံပဲ။ အဲဒီ လိုတင်လိုက်တာနဲ့ တစ်ခဏချင်းပဲ ပြည် ရွှေဆံတော်ဘုရားပေါ်ကို ရောက်သွား တာပဲ။ ဒီတော့မှပဲ ကျုပ်လည်း ရွှေဆံ တော်ဘုရားကို စိတ်အေးလက်အေးနဲ့ အကျအနလှည့်ဖူးလိုက်တယ်။ ပြီးတော့ မှပဲ ပြန်ကြွခဲ့တယ်။ ပြန်ကြွတော့လည်း နတ်ကြီးတွေက အလာတုန်းကလိုပဲ ပြန် ပို့ပေးကြတယ်။ ခုအဲဒီကနေပြန်ကြွလာ တာ"

ဟု မိန့်ကြားလိုက်၏။

ထိုအခါ အဘဦးမောင်စိန်လည်း ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ အံ့ဩဘနန်း



ဖြစ်ခြင်းတို့ဖြင့် ရောပွမ်းကာ -

"အရှင်ဘုရားရယ် ကြားရတာ ထူးခြားလိုက်ပါဘိခြင်း၊ အံ့ဖွယ်သရဲရှိ လိုက်ပါဘိခြင်းဘုရား။ နောက်ပြီးတော့ အားကျခြင်းလည်းဖြစ်လိုက်တာဘုရား။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားတပည့် တော်ဟာ အခုလို ရန်ကုန်မြို့နဲ့ ဝေးလံ တဲ့ဘုရားတွေကိုသွားပြီး ဘုရားမဖူးဘူး ပါဘူးဘုရား။ ဘာဖြစ်လို့လဲဆိုတော့ တစ်နေကုန်တစ်နေခန်း အလုပ်မအား တာလည်းပါတယ်ဘုရား။နောက်အရေး ကြီးတဲ့အချက်က ငွေရေးကြေးရေးလည်း အခက်အခဲရှိပါတယ် ဘုရား။ ဒါကြောင့် ဝေးဝေးလံလံ ဘယ်ကိုမှမရောက်ဖူးပါ ဘူးဘုရား။ အခုလိုဘုရားဖူးရရင်တော့ သိပ်ကောင်းမှာပဲဘုရား"

ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်ကြီးက -

"ဟ - ဒကာကြီးလည်း၊ နတ်ကြီး တွေက ဘုရားဖူးပို့ပေးတာမျိုး လိုချင် တယ်ဆိုရင် အခုလို ပရိတ်ကြီးဆယ့်တစ် သုတ်တို့၊ ဓမ္မစကြာသုတ်တို့၊ မဟာသမ ယသုတ်တို့ကို နေ့စဉ်နေ့တိုင်း မပျက် မကွက်ဝတ်ထားပြီး အမြဲဒွန်ပြုပေါ့ ဒကာကြီးရဲ့။ မဟာသမယသုတ်တို့၊ ဓမ္မ စကြာသုတ်တို့ဆိုတာ အင်မတန်မှ နတ် ချစ်တာကလား။ ဒါကြောင့် အဲဒီသုတ် တွေ၊ ပရိတ်တွေကို စွဲစွဲမြဲမြဲသာရွတ်၊ ယုံယုံကြည်ကြည်သာ ရွတ်ဖတ်ပူဇော်ပါ။ မဖြစ်ဘူးဆိုတာမရှိဘူး ဒကာကြီး မှတ် ထား"

"တင်ပါ့ဘုရား၊ တပည့်တော် ကြိုး စားပြီး အားထုတ်ပါမယ်"

စစ်ကွင်းဆရာတော်ကြီးသည် အဆိုပါ သုတ်၊ ပရိတ်တော်များ ရွတ် ဖတ်ပူဇော်သည့်လုပ်ငန်းကို မကြာခဏ ပြုလေ့ရှိပါသည်။ အထူးသဖြင့် ဝါတွင်း ကာလများတွင် တစ်တွင်းလုံးအဓိဋ္ဌာန် ပြုလေ့ရှိ၏။ အဓိဋ္ဌာန်ဝင်ရာတွင် ဆရာ တော်ကြီးသည် နေပူမရှောင်၊ မိုးရွာ မရှောင် မပျက်တွက်စေဘဲ ပုံမှန်ပြု၏။ ဆရာတော်ကြီး အဓိဋ္ဌာန်ဝင်လေ့ရှိသည့် နေရာမှာ ရွှေတိဂုံဘုရားတနင်္ဂနွေထောင့် ရှိ ရေစင်ကြီးတွင် ဖြစ်၏။ ထို့ကြောင့် လည်း ဆရာတော်ဘုရားကြီးအား နတ်၊ ဝိဇ္ဇာ၊ လူအပေါင်းတို့က ချစ်ခင်ကြခြင်း ဖြစ်ပါတော့သတည်း။

ပထမံဆရာဦးအေးမွေ



www.burmeseclassic.com

# မဟာမြတ်မုနိစက်တော်ဝန်းကုန်း

ပန်းချီဘုံလှ (ရှေးဟောင်းသုတေသန)

ဒုတိယအကြိမ်အဖြစ် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဓညဝတီမြို့ဟောင်းတူးဖော်ရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင်း ထပ်မံတူးဖော်လုပ်ဆောင်ခဲ့ပါသည်။ လွန်ခဲ့ပြီးသောနှစ်များက ပထမအကြိမ် တူးဖော်သုတေသနလုပ်ခဲ့စဉ်မှာ ကုန်းလေးကုန်းနှင့် စမ်းသပ်ကုန်းငယ်လေးများကို တူးဖော်သုတေသနလုပ်ခဲ့ပါသည်။ ထိုပထမအကြိမ်လုပ်ခဲ့စဉ်က ဓညဝတီခေတ်လက်ရာ အကြွင်းအကျန်ဖြစ်သော နန်းတော်ဝင်ပေါက် အုတ်ရိုးလက်ထံများ၊ နန်းတွင်းဆောင်အုတ်ကုန်းပန္နက်ရာများနှင့် မြို့ရိုးအုတ်တံတိုင်းကြီးများကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

ယခုတစ်ဖန် ဒုတိယအကြိမ် ဓညဝတီတူးဖော်မှုကုန်းအမှတ် (DNWD.5) နှင့် အခြားကုန်းများကို တူးဖော်သုတေသနပြုလုပ်ရာတွင် (DNWD.5) ကုန်းမှ ကျောက်အဆောက်အအုံပန္နက်ရာနှင့် ကျောက်ဆင်းတုအကျိုးအပဲ့များ၊ ကြေးဆင်းတုအပိုင်းအစများ၊ မြေမီးဖုတ်အိုးခြမ်းကွဲများ၊ မြေမီးဖုတ်စဥ့်လက်ရာအပိုင်းအစများ၊ ကျောက်တုံးအပိုင်းအစများ၊ အုတ်ခဲကျိုးအပိုင်းအစများနှင့်အရိုးအိုးပန္နက်ရာမှအရိုးစနှင့် ဒင်္ဂါးပြားတစ်ပြားကိုလည်း တူးဖော်တွေ့ရှိရပါသည်။ ဓညဝတီတူးဖော်မှုကုန်းအမှတ်(DNWD.5) ကုန်းမှာ မဟာမြတ်မုနိဘုရားကုန်းတော်၏ အရှေ့မြောက်ထောင့် ဖွတ်ကုန်း၊ အနောက်တောင်ထောင့် ကန်ပေါင်ရိုးထောင့်တွင် တွေ့ရှိနိုင်ပါသည်။ မြောက်လတ္တီကျု (၂၀) ဒီဂရီ၊ (၅၂) မိနစ်၊ (၂၄) စက္ကန့်နှင့် အရှေ့လောင်ဂျီကျု (၉၃)



ဓညဝတီခေတ်ဗုဒ္ဓဆင်းတုတော်




ဓညဝတီခေတ် ဦးတော်တစ်လုံး



ဓညဝတီတူးဖော်မှုကုန်း (DNWD.5) ကို တူးဖော်နေစဉ်

www.burmeseclassic.com


ညောင်ဝင်တူးဖော်မှုကုန်းအမှတ် (DNWD.5) ပန္နက်ပုံဆွဲ




ဒီဝရီ (၀၃) မိနစ်၊ (၅၀. ၉) စက္ကန့်တွင် တွေ့ရောက်ပါသည်။ ဤကုန်းတော်ကို ခေတ်အဆက်ဆက် ဒေသခံများက မဟာမြတ်မုနိစက်တော်ဇန်းကုန်းဟုခေါ် ကြသည်ကို သိရှိရပါသည်။ မဟာမြတ်မုနိဘုရား၏ အခြားထောင့်များတွင်လည်းရှိနေသည်ကိုတွေ့ရှိရပါသည်။ ဤ (DNWD.5) ကုန်းကို အကြမ်းအားဖြင့် အရှေ့အနောက်မီတာ(၂၀)ခန့်၊ တောင်၊ မြောက် (၁၅) မီတာခန့် တူးဖော်သုတေသန ပြုလုပ်ခဲ့ပါသည်။


ပုံ (၁) ပုံဆွဲလက်ရာမှာ လက်ရှိတွင် (DNWD.5) B2 ကျင်းတွင် တွေ့ရှိနိုင်ပါသည်။ ထိုကျောက်ဆင်းတုအကျိုးအပဲ့လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာမှာ ဦးတော် မဲ့တွေ့ရှိတော့ပေ။ မူရင်းကျောက်ဆင်းတုတော်ကျိုးအမြင့် (၈၅) cm ခန့်၊ ပခုံးနှစ်ဖက်အကျယ် (၇၀) cm ခန့်နှင့် ဒူးစွန်းနှစ်ဖက်အကျယ် (၉၀) cm ခန့်ရှိပါသည်။

ညောင်ဝင်တူးဖော်မှုကုန်းအမှတ် (DNWD.5) အနောက်ဘက်မျက်နှာမြေလွှာဖြတ်ပိုင်းပုံဆွဲ





www.burmeseclassic.com

ပုံ (၁)




ပုံ (၂)




ပုံ (၃)

ပခုံးစွန်းဒေါင်လိုက်အထု (၃၀) cmခန့်နှင့် ဒူးစွန်းဒေါင်လိုက်အထု (၇၅) cm ခန့်ရှိပါသည်။ ဆင်းတုတော်မှာ တင်ပါးဆုံမှ နှစ်ခြမ်းကွဲနေသည်ကို တွေ့ရှိရပါသည်။ ဤဆင်းတုတော်မှာ မူလက မှောက်လျက်သား ဤကုန်းပေါ်တွင်ရှိနေခဲ့ပါသည်။ ဤကုန်းမှာ မူလက ငှက်ပျောခင်း စိုက်ပျိုးလျက်ရှိနေခဲ့သောကုန်းတစ်ကုန်း ဖြစ်ပါသည်။ ဆင်းတုတော်ကျိုးမှောက်လျက်ရှိနေသောမြေသားအထက်မှ ငှက်ပျောပင်မှာ ရှင်သန်ကြီးထွားမှုမရှိသဖြင့် ငှက်ပျောခင်းပိုင်ရှင်မှ ငှက်ပျောပင်ရင်းကို တူးဖော်ကြည့်ရာ ဆင်းတုတော်ကျိုးကျောကုန်းကို ကျောက်ဖျာကဲ့သို့ တွေ့ရှိရပါသည်။ နောက်မှ ကျောက်ဖျာကို လှန်လိုက်ရာ ဘုရားကျောက်ဆင်းတုတော်ကျိုးမှန်း သိရှိရပါသည်။

• ဆင်းတုတော်ကျိုးမှာ ဦးတော်မပါရှိသော်လည်း လည်ရစ်ပေါ်လွင်နေသေးသည်ကို တွေ့ရှိရပါသည်။ နို့နှစ်ဖက်မှာလည်း အဆင့်ကလေးနှစ်ဆင့်ဖြင့်တွေ့ရှိရပါသည်။ လက်ဆစ်၊ ခြေဆစ်၊ လက်ဖဝါး ခြေဖဝါးများကို အသေးစိတ်ပေါ်လွင်အောင် ထုဆစ်ထားပါသည်။ ဘယ်ဘက် လက်ညှိုးကြားနှင့် လက်မကြားတွင် အသီးကလေးတစ်လုံးနှင့် လက်ညှိုးအောက်တွင် အသီးကလေးတစ်လုံး၊ နှစ်လုံးပါရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်မှာ လက်ရာကောင်းသော ဆင်းတုတော်ကျိုးတစ်ဆူပင်ဖြစ်ပါသည်။

ပုံ (၂) လက်ရာသည်လည်း B2 ကျင်းတွင် တွေ့ရှိရသော ကျောက်ဆစ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။မူရင်းကျောက်ဆစ်လက်ရာအမြင့် (၁၅) cm ခန့်၊ အရှည် (၂၈) cmခန့်နှင့် ထိပ်ဝအကျယ်ဆုံးအချင်း (၁၁) cm ခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်လက်ရာမှာ ချောမွတ်နေပြီး အခြားဆင်းတုတော်တစ်ခုမှ တံတောင်ဆစ်ကျိုးလက်ရာအပိုင်းအစတစ်ခု ဖြစ်ဟန်တူပါသည်။ ပုံ (၁) ဆင်းတုတော်မှ တံတောင်ဆစ်ကျိုးမဖြစ်နိုင်ပါ။ ပုံ (၁) တွင် တံတောင်ဆစ်ရှိနေပြီး ပုံ (၂) ထက်သေးသည်ကို တွေ့ရှိရပါသည်။ အခြားဆင်းတုတော်တစ်ခုမှ လက်ရာဖြစ်ဖို့များနေသည်ကို ခန့်မှန်းတွေ့ရှိရပါသည်။

ပုံ (၃) မှာ (DNWD.5) တူးဖော်မှုကုန်း (B1), (B2) ကျင်းပေါင်မှ တူးဖော်တွေ့ရှိရသော ကြေးရုပ်လက်ရာအပိုင်းအစတစ်ခုကိုကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကြေးရုပ်အပိုင်းအစအမြင့် (၉½) cmခန့်၊ အကျယ် (၆) cmခန့် နှင့် အထု (၃) cm ခန့်ရှိပါသည်။ ကြေးရုပ်အပိုင်းအစကို ရှေ့မြင်၊ ဘေးမြင်၊ နောက်ကျောမြင်ပုံစံ အမြင်သုံးမျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မူရင်းကြေးရုပ်အပိုင်းအစမှာ ဦးတော်မပါရှိတော့ပေ။ ပလ္လင်လည်း တစ်ခြမ်းသာတွေ့ရှိရပါသည်။

ဆင်းတုတော်ကျိုးရင်ဘတ်တွင် မူလက ဘယက်တန်ဆာများ ဝတ်ဆင်ခဲ့ဟန်အရာ တွေ့ရှိရပါသည်။ လက်မောင်းရင်းတွင်လည်း လက်မောင်းပတ်တစ်ဖက်တစ်ပတ်ပါရှိသည်ကို တွေ့ရှိရသည်။ လက်မောင်းပတ်ပေါ်တွင် ရွဲလုံးကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ကျော၊ လည်ပင်း၊ ပခုံးပေါ်တွင် ဘယက်ကြိုးစဖော်ထားသည်ကို တွေ့ရှိရပါသည်။ ထိုဘယက်ကြိုးစပေါ်တွင် ရွဲလုံးကလေးဖောင်းတန်းဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပလ္လင်နောက်ကျောတွင်လည်း ဖောင်း



www.burmeseclassic.com


www.burmeseclassic.com

နှစ်ဆင့်ဖြင့် ရိုးရိုးပလ္လင် အနေအထားမျိုးသာ တွေ့ရှိရပါသည်။ ပလ္လင်၏ အပေါ်ဖောင်းတန်းမှာ တစ်ဆက်တည်း မတွေ့ရှိရဘဲ လက်ဝဲ၊ လက်ယာတွင်သာတွေ့ရှိရပါသည်။ အောက်ဖောင်းအနေအထားသာ တစ်ဆက်တည်းတွေ့ရှိရပြီး အပေါ်ဖောင်းထက်လည်း ပိုထူသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်ကျိုးအနေအထားမှာ ခပ်သွယ်သွယ်လေး တွေ့ရှိရပါသည်။ ပန်းနှစ်ဖက်အကျယ် (၄) cm ခန့်ရှိပြီး ဆင်းတုတော်ကျိုးအပေါ်ပိုင်းကိုယ်ထည်လုံးပိတ်အနေအထားမျိုး တွေ့ရှိရပါသည်။ ပလ္လင်ပိုင်းသာ ခေါင်းပွအနေအထားမျိုး တွေ့ရှိရပါသည်။


ပုံ (၄) လက်ရာမှာလည်း (B2) ကျင်းအနက် (၃၀) cm ခန့်မှ တူးဖော်တွေ့ရှိရသော ကြေးဆင်းတုတော်ရင်အုပ်ပိုင်းအကျိုးအပဲ့လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကြေးဆင်တုရင်အုပ်ပိုင်းအမြင့် (၈½)cmခန့်၊ အကျယ် (၆)cmခန့်နှင့် ရင်အုပ်အကျယ် (၄) cm ခန့်၊ အနားအထူ (¾) cmခန့် ရှိပါသည်။ သည်ပင်းတော်အပွဲအစတွင် အရစ်လေးနှစ်ရစ်ပေါ် လွင်နေသေးသည်ကို တွေ့ရှိရပါသည်။ ဤကြေးဆင်းတုအပိုင်းအစလက်ရာကို ရှေ့အမြင်၊ ဘေးအမြင်ပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။

(B2), (B3) ကျင်းပေါင်အနက် (၃၅) cm ခန့်မှ တူးဖော်တွေ့ရှိရသော ကြေးနတ်ရုပ်ဦးခေါင်းပိုင်းဦးတော်တစ်လုံးကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကြေးဦးတော်ပိုင်းကို (B2) မှ (၂၅၀) cm အကွာ၊ (B3) မှ (၂၅၆) cm အကွာတွင် တူးဖော်တွေ့ရှိရသည်။ နတ်ရုပ်ဦးတော်ကျိုးပိုင်းကို ရှေ့မြင်၊ ဘေးမြင်၊ နောက်မြင်ပုံဆွဲပုံစံသုံးမျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မူရင်းနတ်ရုပ်ဦးတော်ပိုင်းအမြင့်(၆)cm ခန့်၊ အကျယ် (၅½) cm ခန့်နှင့် အထူ (၃½) cm ရှိပါသည်။ ဦးတော်ကျိုးအပိုင်းအစကို မကိုဋ်ဆောင်းထားသည့်အနေအထား တွေ့ရှိရပါ၏။ မကိုဋ်တော်ပုံသဏ္ဌာန်မှာ ဘုံဆင့်သုံးဆင့် တွေ့ရှိရပါသည်။ အောက်ဆင့်နဖူးစည်းတွင် ဖောင်းဆင့်ကြား၌ အမြောင့်လေးများဖြင့် အလှဆင်ထားသည်။ အမြောင့်လေးကို ပတ်ပတ်လည်စီတန်းစွာတွေ့ရှိရပါသည်။ နဖူးစည်းအောက်ဖောင်းမှာ နှစ်ဆင့်ခံထားသည်ကို တွေ့ရှိရပါသည်။ အလယ်ဆင့်တွင် ပွင့်ဖတ်ကလေးများဖြင့် အလှဆင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ပွင့်ဖတ်ကလေးများမှာ အရာသာ ကျန်ရှိပြီး ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ်များအတွင်းပိုင်းတွင် ဖောင်းနှစ်ဆင့်ထပ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ မကိုဋ်အပေါ်ဆင့်မှာ ဖောင်းတစ်ဆင့်ခံပြီး အပေါ်ဆင့်သို့ လုံးချွန်သွားသည့်ဟန် တွေ့ရှိရပါသည်။ မကိုဋ်တော်ဘယ်ဘက်တွင် နားယပ်နှင့် နားပန်းအခွေကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်ရာမြောက်လှသော မကိုဋ်တော်ပါ ဦးတော်တစ်လုံးပင် ဖြစ်ပါသည်။

ပုံ (၆) ဆင်းတုတော်ပုံဆွဲသည်လည်း (A2) ကျင်း၊ ကျင်းအနက် (၄၀) cm ခန့်မှ တူးဖော်တွေ့ရှိရသော သတ္တု




ပုံ (၄)





ပုံ (၅)




www.burmeseclassic.com


www.burmeseclassic.com



ပုံ (၆)



ပုံ (၇)



ပုံ (၈)

ဆင်းတုတော်ငယ်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မဟာမြတ်မုနိဆင်းတုတော်နှင့်ဆင်သည့် ဟန်ပန်အနေအထား ဖူးတွေ့ရပါ၏။ မူရင်းဆင်းတုတော်အမြင့် (၅ ၃/၄)cmခန့်၊ ပခုံးနှစ်ဖက်အကျယ် (၂ ၃/၄) cm ခန့်နှင့် ဒူးစွန်းနှစ်ဖက်အကျယ် (၄ ၃/၄) cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်အထု (၂) cm ခန့်ရှိပါ၏။ ဆင်းတုတော်၏ပလ္လင်တစ်ခုသာခွက်၍ အနေအထားတွေ့ရှိရပြီး ကျန်အစိတ်အပိုင်းမှာ လုံးပိတ်အနေအထားတွေ့ရှိရပါသည်။ ဆင်းတုတော်အပေါ်ပိုင်းကို မတိုင်ရှုတော်ဆောင်းထားသည်ကို တွေ့ရှိပါသည်။ ဆင်းတုတော်အပေါ်ပိုင်းမှာလည်း ဘုံဆင့်များဖြင့် အဆင့်အဆင့် ကြည့်ကောင်းသည့်ဟန် ဖူးတွေ့ရပါသည်။ ဆင်းတုတော်များ၊ ခါးပတ်နှစ်ဆင့်ပါရှိပြီး စမ္မခက်ဖြင့် ဘူမိဖဿ ဆင်းတုတော်ဟန် ဖူးတွေ့ရပါသည်။

ပုံ (၇) မှာ (B2)ကျင်းမှ တူးဖော်တွေ့ရှိသော ကျောက်ဆင်းတုရင်အုပ်အပိုင်းအစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းကျောက်ဆင်းတုရင်အုပ်ပိုင်းအမြင့်(၂၀) cm ခန့်၊ ပခုံးစွန်းနှစ်ဖက်အကျယ် (၄၇) cm ခန့်နှင့် ဝမ်းပိုက်အကျယ် (၃၈) cm ခန့် ရှိပါသည်။ ဆင်းတုတော်ကျိုးအထူ ဒေါင်လိုက် (၂၀) cm ခန့် ရှိပါသည်။ ဆင်းတုတော်ပိုင်းမှာ နှစ်ခြမ်းစိတ်နေပါ၏။ လည်ပင်းတွင် အခေါင်း၊ တွင်းရာလေးတစ်ခုပါရှိပြီး လည်ရစ်နှစ်ဆင့်ပါရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်ကျိုးမှာ ချောမွတ်စွာ တွေ့ရှိ ရပါသည်။ ဆင်းတုတော်ကျိုးကို ရှေ့မြင်၊ ဘေးမြင် ပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။

ပုံ (၈) လက်ရာသည်လည်း (B2) ကျင်း၊ ကျင်းအနက် (၅၀) cm ခန့်မှ တူးဖော်တွေ့ရှိရသော ကျောက်ဆင်းတုဦးတော်အပိုင်းအစကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းကျောက်ဆင်းတုဦးတော်ပိုင်းအမြင့် (၇) cm ခန့်၊ အကျယ် (၅ ၁/၂) cm ခန့်နှင့် အထု (၄ ၁/၂) cm ခန့် ရှိပါသည်။ ညာဘက်နားတော်နည်းနည်းပဲ့နေပြီး မဏိတော် (ရောင်လျှံတော်) လည်း အနည်းငယ်ပဲ့နေသည်ကို တွေ့ရှိရပါသည်။ ဤဦးတော်မှာ ရောင်လျှံတော်ပါရှိပြီး နဖူးဆံစနှင့် နောက်ဆံစကို အရစ်နှစ်ရစ်ဖြင့် ဖော်ထားသည်ကို ဖူးတွေ့ရပါသည်။ မျက်နှာတော်မှာ လုံးသွယ်ပြီး မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များကို ပီပြင်စွာ ဖူးတွေ့ရပါသည်။ နားတွင်လည်း နှာသီးတော်ကအစ ပီပြင်စွာပါရှိသည်ကို ဖူးတွေ့ရပါသည်။ ဤဆင်းတုတော်ဦးခေါင်းပိုင်းမှာ လက်ရာကောင်းမွန်ပြီး သေချာသပ်ရပ်စွာ စနစ်တကျ ထုဆစ်ထားသော လက်ရာကောင်းဦးတော်တစ်လုံးပင် ဖြစ်ပါသည်။

ပုံ (၉) လက်ရာမှာလည်း (B2) ကျင်းတွင် တွေ့ရှိရသော ကျောက်ဆင်းတုရင်အုပ်ပိုင်းကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆင်းတုရင်အုပ်ပိုင်းအမြင့် (၉) cm ခန့်၊ အကျယ် (၁၁) cm ခန့်နှင့် အထု (၅) cm ခန့်ရှိပါသည်။ လည်ပင်အရာတွင် လည်ရစ်လေးတစ်ရစ် ကျန်နေသေးသည်ကို တွေ့ရှိရပါသည်။ လက်မောင်းရင်းနှစ်ဖက်လည်း ကျန်ရှိနေသေးသည်ကို တွေ့ရှိရပြီး ညာဘက်လက်မောင်းရင်းမှာ ဘယ်ဘက်လက်မောင်းရင်းထက် ပိုရှည်၍ ကျန်နေသေးသည်ကို တွေ့ရှိရပါသည်။ ။



www.burmeseclassic.com


ကျောက်ဆင်းတုကျိုး ရင်အုပ်ပိုင်းကို ရှေ့မြင်၊ ဘေးမြင် ပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။

ပုံ (၁၀) စေတီတော်မှာ ကြာဆုံအစိတ်အပိုင်း လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော လက်ရာပုံဆွဲတစ်ခုပင်ဖြစ်ပါသည်။ (D2) ကျင်း ကျင်းအနက် (၄၅) cm ခန့်တွင် တူးဖော်တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်လက်ရာ ကြာဆုံအမြင့် (၁၄) cm ခန့်၊ အကျယ် (၁၆) cm ခန့်နှင့် အလယ်အပေါက် အချင်း (၅) cm ခန့်၊ အနားတစ်ဖက်အထူ (၅½) cm ခန့် ရှိပါသည်။ ကြာဆုံအောက်ပိုင်း မူရင်းလက်ရာတွင် အနည်းငယ်ပဲ့နေပါသည်။ ကြာဆုံဆိုသော်လည်း ကြာဖတ်များမပါရှိဘဲ ရိုးရိုးသာ တွေ့ရှိရပါသည်။ ခါးဝိုင်းပြီး အလယ်တွင် ဖောင်းလုံးတစ်ဆင့်ခံထားသည်ကို တွေ့ရှိရပါသည်။ ၎င်းကြာဆုံကို ဘေးအမြင်၊ အထူအမြင်၊ အပေါ်စီးအမြင် အမြင်သုံးမျိုးဖြင့်ရေးဆွဲဖော်ပြထားပါသည်။ မူရင်းလက်ရာမှာ မီးစင်းစွာ ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။


ပုံ (၁၁) ပုံဆွဲလက်ရာသည် (D2) ကျင်း၊ ကျင်းအနက် (၄၃) cmခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်စဥ့်လက်ရာအပိုင်းအစကို ကူးယူရေးဆွဲထားသော မြေမီးဖုတ်စဥ့်လက်ရာပုံဆွဲပင်ဖြစ်ပါသည်။ မြေမီးဖုတ်စဥ့်လက်ရာပုံဆွဲကို အမြင်နှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ ပုံ (၁၁) ၏ လက်ဝဲဘက်ပုံမှာ စဥ့်လက်ရာ ပန်းကန်လုံးအပိုင်းအစကို မှောက်၍ အပေါ်စီးမှမြင်ရသည့်အနေအထားကို ရေးဆွဲထားသည့်ပုံဖြစ်ပြီး လက်ယာဘက်မှပုံမှာ အနက်ဖြင့် စဥ့်ပန်းကန်လုံးအပိုင်းအစအထူကို ရေးဆွဲဖော်ပြထားသောလက်ရာပုံဆွဲတစ်ခုပင်ဖြစ်ပါသည်။ စဥ့်ပန်းကန်လုံးအပိုင်းအစ မူရင်းလက်ရာအမြင့် (၄⅔) cm ခန့်၊ အကျယ် (၇) cm ခန့်နှင့် အထူ (၂) cm ခန့် ရှိပါသည်။ စဥ့်ပန်းကန်လုံးအပိုင်းအစအတွင်းမျက်နှာပြင် အစိမ်းမှောင့်ရောင်တွေ့ရပြီး အပြင်အစိမ်းရင့်ရောင် တွေ့ရှိရပါသည်။ အလယ်သားမြေမီးဖုတ်ရောင်တောက်ပနေပါ၏။ မြေသားကျစ်လျစ်မာကျောပါသည်။ စဥ့်ပန်းကန်လုံးအပိုင်းအစလက်ရာမှာ သူ့ခေတ်သူ့လက်ရာနှင့်သူ လက်ရာကောင်းတစ်ခုပင် ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။ ကျန်ရှိနေသော နောက်ထပ်တွေ့ရှိရသည့် လက်ရာများကို ဆက်လက်ရေးသား ဖော်ပြပေးပါမည်။

ပုံ (၉)




ပုံ (၁၁)




ဓညဝတီတူးဖော်မှုတုန်း(DNWD-5)မှ တူးဖော်တွေ့ရှိရသောလက်ရာများမှာ တစ်ခေတ်တည်းလက်ရာများမဟုတ်ဘဲ ခေတ်အဆက်ဆက်လက်ရာများကို တူးဖော်တွေ့ရှိရပါသည်။ ရခိုင်သမိုင်းတင်ကာလများဖြစ်သည့် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်လက်ရာများကို တွေ့ရှိသည့်အပြင် နှောင်းခေတ်လက်ရာများကိုလည်း တူးဖော်တွေ့ရှိရပါသည်။ သူ့ခေတ်နှင့်သူ လက်ရာကောင်းများပင် ဖြစ်သည်ဟု ရေးသားဖော်ပြလိုက်ရပါသည်။

*အနုစ္ဆေဒအနုဋ္ဌင်းပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*
*ပန်းချီထူးလှ*
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင်တူးဖော်မှုမှတ်စု
၂။ (DNWD-5)တူးဖော်မှုအစီရင်ခံစာ
၃။ ရမ်းပြဲတောင်ကျောင်းဆရာတော် စန္ဒမာလာလင်္ကာရ ရခိုင်ရာဇဝင်သစ်ကျမ်း

www.burmeseclassic.com



ရုပ်ရှင်တော်မြတ်အား စင်ကာပူနိုင်ငံတွင် မျက်နှာတော်ပြောင်းသဲလျက် ဖူးတွေ့ရပုံ

ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ စင်ကာပူဒေသစာရီခရီးစဉ်

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် ၂၀၀၃ ခုနှစ်မှစတင်၍ ရန်ကုန်မြို့သို့ ဒေသစာရီခရီး စတင်ကြွမြန်းတော်မူခဲ့ပါသည်။ ထိုနှစ်ခရီးစဉ်သည် ရန်ကုန်မြို့၏ ပထမဦးဆုံးခရီးစဉ်သာ ဖြစ်ပါ၏။ ရွှေကံကူမိသားစုသည် ရန်ကုန်မြို့နှင့် ဆက်စပ်မှုအလှမ်းကွာလှပါ၏။ ရန်ကုန်မြို့တွင် အမေကောင်း၏ဘက်မှ ဆွေမျိုးနှစ်ဦးသာရှိသော်လည်း အဆက်အသွယ် ပြတ်တောက်လျက်ရှိသည်မှာ နှစ်ပေါင်း (၂၀) ကျော်ပင် ကြာမြင့်ခဲ့ပြီဖြစ်၍ မည်သည့်နေရာတွင် နေထိုင်ကြသည်ကို လည်းကောင်း၊ သက်ရှိထင်ရှားရှိကြသေး၏လောဟူ၍ပင် မသိရှိကြတော့ပါ။

အန်တီအေးသည် ၁၉၇၆ ခုနှစ်တွင် လမ်းစဉ်လူငယ်ပါတီခေါင်းဆောင်သင်တန်းတက်ရောက်စဉ်က တစ်ကြိမ်နှင့် ၁၉၇၈ ခုနှစ်တွင် မွမ်းမံသင်တန်းတက်ရောက်စဉ်တတစ်ကြိမ်သာ ရန်ကုန်မြို့ရောက်ဖူးခဲ့ခြင်းဖြစ်ပြီး မယ်တော်ကြီးသည်လည်း ၁၉၇၆ ခုနှစ်မှာပင် ရန်ကုန်မြို့ သမိုင်းတွင် နေထိုင်သော အမေကောင်း၏ဝမ်းကွဲခဲအို ဘာဘကျောက်နှင့် အလည်လိုက်သွားခဲ့သော တစ်ခေါက်သာလျှင် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့သည် အန်တီအေး၊ မယ်တော်ကြီးတို့နှင့် အစိမ်းသက်သက်မျှသာ ဖြစ်ပါ၏။ ရန်ကုန်မြို့ တွင် အသိအကျွမ်းမရှိပါ။

ထို့အပြင် ရုပ်ရှင်တော်မြတ်အား လာရောက် ပင့်ဆောင်သော ဒု-အရာခံ



စင်ကာပူနိုင်ငံတွင် ရုပ်ရှင်တော်မြတ်အား မျက်ထုံးတော်ဖွင့်လျက် ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com







ရုပ်ရှင်တော်မြတ်အား စင်ကာပူနိုင်ငံတွင် မျက်နှာတော်ပြောင်းလဲလျက် ဖူးတွေ့ရပုံ

ဗိုလ်ထွန်းအောင်၏ ဇနီး ဒေါ်လှလှဝင်း (အလုံမြို့နယ် ဆင်မင်းဈေးခေါ် သိပ္ပံဈေးနှင့် မျက်နှာချင်းဆိုင် ကျော်ကျော်ကြီး စားသောက်ဆိုင်အပေါ်ထပ်တွင် နေထိုင်) သည်ပင်လျှင် သိရှိရသည်မှာ နှစ်ရက်သာ ရှိပါသေး၏။ ထို့ပြင် ထိုအချိန်က ရုပ်ရှင်တော်မြတ်သည် ခရီးဝေးမှ ပင့်ဆောင်ပူဇော်သူများလည်း မပေါ်ပေါက်သေးပါ။ မန္တလေးမြို့ဝန်းကျင်မှသာ ကြွရောက်တော်မူရပါသေးသည်။ ထို့ကြောင့် စာရေးသူတို့သည် ရန်ကုန်မြို့သို့ ပင့်ဆောင် ပူဇော်မည်ဆိုသောအခါ အတိုင်းမသိ ဝမ်းသာမိပါသည်။ ထိုစဉ်က နေပြည်တော်မပေါ်ပေါက်သေး၍ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ကာ နိုင်ငံတော်အစိုးရရုံးစိုက်ရာမြို့လည်း ဖြစ်ပါသည်။

သို့သော် အသိအကျွမ်းမရှိဘဲ ဤမျှဝေးလံသောမြို့ကြီးသို့ သူစိမ်းသက်သက်မျှ ပင့်ဆောင်ရာသို့လိုက်ပါသွားရခြင်းဖြစ်သည့်အတွက် ရုပ်ရှင်တော်မြတ်အတွက်နှင့် အန်တီအေး၊ မယ်တော်ကြီးတို့အတွက်လည်း စိတ်ပူမိသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ ပထမဦးဆုံး ကြွရောက်တော်မူစဉ်က မီးရထားဖြင့် ပင့်ဆောင်ခဲ့ကြခြင်းဖြစ်၍ အထက်တန်းအိပ်စင်၊ (၄) ယောက်တွဲအခန်းဖြင့်ဖြစ်ပါသည်။ ပင့်ဆောင်သူများမှာ ဒေါ်လှလှဝင်း၊ အန်တီအေးနှင့် မယ်တော်ကြီးတို့ (၃) ဦးသာဖြစ်၍ အပေါ်ထပ်အိပ်စင်တစ်ခုပေါ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

မီးရထားဝန်ထမ်းမှ ရုပ်ရှင်တော်မြတ်အား ပလ္လင်တော်ပေါ်မှ ပြုတ်မကျစေရန် ခေါင်းအုံးများဖြင့် အရံအတားပြုလုပ်ဖို့ အကြံပြုကြသော်လည်း မယ်တော်ကြီးမှ လက်မခံပါ။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ဖြင့် ထိန်းသိမ်းပါလိမ့်မည်ဟုဆိုကာ သစ်သီးပွဲများလှူဒါန်း၍ ပလ္လင်တော်ကိုလည်း တုပ်နှောင်ကာရံခြင်းမပြု။ ရုပ်ရှင်တော်မြတ်ကိုလည်း မည်သည့်အရာနှင့်မျှ ထိန်းကွပ်ခြင်းမပြုဘဲ အလွတ်သက်သက်သာ ပင့်ဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။

လမ်းခရီးတွင် ရထားသည် လှုပ်ယမ်းယိမ်းထိုးလျက်ရှိလေရာ ဆွမ်းတော်တင်သစ်သီးများ ပြုတ်ကျကုန်ပါသည်။ အိပ်စင်ပေါ်တွင် လိုက်ပါခဲ့ကြသော အန်တီအေးနှင့် မယ်တော်ကြီးတို့သည်လည်း စကောထဲတွင် ဆီးဖြူသီးထည့်လှုပ်သကဲ့သို့လည်းကောင်း၊ ပုခက်



www.burmeseclassic.com

www.burmeseclassic.com

လွှဲသကဲ့သို့လည်းကောင်း ခံစားကြရပါ၏။ သို့သော်လည်း ရုပ်ရှင်တော်မြတ်နှင့် ပလ္လင်တော်တို့သည် ပြုတ်မကျရုံမျှမက နေရာအနည်းငယ်မျှပင် ရွေ့လျားမှုမဖြစ်ဘဲရှိခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ ပထမဦးဆုံး ပွဲဦးထွက် ကြွချီတော်မူခြင်းဖြစ်သကဲ့သို့ ရန်ကုန်မြို့သူမြို့သားတို့သည်လည်း ရုပ်ရှင်တော်မြတ်ကို သိရှိသူမရှိ မယ်တော်ကြီးတို့ကိုလည်း သိရှိသူ မရှိပါ။ ထို့အတူ အန်တီအေးနှင့် မယ်တော်ကြီးတို့သည်လည်း ယခု လာရောက် ပင့်ဆောင်သော ဒေါ်လှလှဝင်း တစ်ယောက်သာ သိရှိပြီး မည်သူ့ကိုမျှ မသိရှိပါ။ထို့ကြောင့် မူလသတ်မှတ်ထားရှိခဲ့သည့်အတိုင်း ဒေါ်လှလှဝင်း၏ နေအိမ်တွင် (၅) ရက် သီတင်းသုံးတော်မူပြီး စဉ့်ကိုင်မြို့ အောင်မြေသို့ ကြွမြန်းတော်မူလာရမည်သာ ဖြစ်ပါ၏။ သို့သော်လည်း ရုပ်ရှင်တော်မြတ်၏ ထူးခြားသော တန်ခိုးတော်များနှင့် အတိတ်ဘဝမှ ပဋ္ဌာန်းဆက်၊အကြောင်းဆက်တို့ကြောင့် ရုပ်ရှင်တော်မြတ်အား ယုံကြည်ကိုးကွယ်သူတို့ တိုးပွား၍လာရာ ဆက်လက်ပင့်ဆောင်ပူဇော်လိုပါကြောင်းလျှောက်ထားကြသဖြင့် ပထမဦးဆုံး ကြွရောက်တော်မူသောနှစ်မှာပင် ရန်ကုန်မြို့၌ (၄)၊ (၅) ရက်ကြာဆက်လက်ပင့်ဆောင်ပူဇော်မှုကို ခံယူရရှိတော်မူခဲ့ပါသည်။

ယခု ၂၀၁၄ ရန်ကုန်မြို့ ခရီးစဉ်အထိဆိုလျှင် (၁၁) နှစ်တာမျှပင် နှစ်စဉ်ကြွမြန်းတော်မူခဲ့ရပါသည်။ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ကြရသူများမဆိုထားနှင့် ရုပ်ရှင်တော်မြတ်၏ ပုံတော်ရရှိသူ၊ ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းဗွီစီဒီအခွေဖူးမြော်ရသူ၊ ရုပ်ရှင်တော်မြတ်၏ အကြောင်းအရာတို့ကို စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတို့တွင် ဖတ်ရှုလိုက်ရသူ၊ တစ်ဆင့်စကားဖြင့် ရုပ်ရှင်တော်မြတ်၏ သတင်းစကားကို ကြားလိုက်ရသူတို့ပင်လျှင် ရုပ်ရှင်တော်မြတ်အား ကြည်ညိုမဆုံးဖြစ်ကြရသကဲ့သို့ စာရေးသူတို့မောင်နှမ(၃)ဦးအား မတွေ့ဘူး၊ မမြင်ဘူးသေးဘဲနှင့်ပင် ခင်မင်ရင်းနှီးနေလျက်ရှိကြပြီး တွေ့ဆုံကြရသောအခါ ဆွေမျိုးရင်းချာများကဲ့သို့ ဖြစ်သွားကြရသူတို့မှာ များပြားလှပါ၏။ ၂၀၀၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိတိုင် ရုပ်ရှင်တော်မြတ်အားစွဲစွဲမြဲမြဲပင့်ဆောင်ပူဇော်လျက်ရှိကြပြီး မယ်တော်ကြီးနှင့် အန်တီအေးတို့ကို စွဲစွဲမြဲမြဲလေးစားခင်မင်လျက်ရှိသူ



ရုပ်ရှင်တော်မြတ်အား စင်ကာပူနိုင်ငံလေဆိပ်သို့ ရုတိုင်းစံရတနာဆိုင်မိသားစုမှ လာရောက်ကြိုဆိုစဉ်





ရုပ်ရှင်တော်မြတ်အား စင်ကာပူနိုင်ငံသို့ ပင့်ဆောင်ပူဇော်သည့် 'ရုတိုင်းစံ' ရတနာဆိုင်မိသားစု

တို့လည်း များပြားလှပါ၏။

အန်တီအေးနှင့် မယ်တော်ကြီးတို့သည် ရန်ကုန်မြို့သို့ ပထမဦးကြွရောက်တော်မူခဲ့သောနှစ်က ထိုတစ်ခေါက်တည်းမှာပင် တစ်လခွဲကြာမြင့်ခဲ့ရပြီး တစ်နှစ်ထက်တစ်နှစ် ရန်ကုန်မြို့တွင် ပင့်ဆောင်ပူဇော်သူတို့ များပြား၍လာခြင်းကြောင့် ယခုဆိုလျှင် (၆)လမှ(၇)လသို့တိုင် ကြာမြင့်သည်အထိ ကြွမြန်းအပူဇော်ခံ၍နေရပြီ ဖြစ်ပါ၏။ သို့ဖြစ်၍ မယ်တော်ကြီးနှင့် အန်တီအေးတို့ကို သိရှိသူတို့မှာ သိန်းဂဏန်းအထိရှိနေပြီး အစစအရာရာ လိုလေသေးမရှိ ကျွေးဆောင်ရွက် လှူဒါန်းလျက်ရှိသူတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်တော်မြတ်အား စင်ကာပူနိုင်ငံသို့ ၂၀၁၁ ခုနှစ်တွင် ပထမဦးဆုံး ပင့်ဆောင်ခဲ့သည့် မောင်ကျော်ဇေဝင်





ရုပ်ရှင်တော်မြတ်အား စင်ကာပူနိုင်ငံတွင် ဆက်လက်ပင့်ဆောင်ကြခြင်း

သည်း ရာဂဏန်းမျှရှိပါ၏။ ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့သို့ဒေသစာရီကြွရောက်တော်မူသော(၁၁)နှစ်တာကာလအတွင်း၌ စာရေးသူသည် ရန်ကုန်မြို့သို့ (၄) ခေါက်မျှသာ လိုက်ပါသွားရောက်ဖူးခြင်းဖြစ်တာ တစ်ခေါက်လျှင် ရန်ကုန်မြို့၌ (၂) ညတစ်ခါ၊ (၁)ညတစ်ခါ ညအိပ်ဖူးခြင်း ရှိပြီး ကျန်သော (၂) ခေါက်တွင် ရန်ကုန်မြို့သို့ မနက်တွင် ရောက်ရှိပြီး ညတွင်ပြန်ခဲ့သောနေ့ချင်းပြန်ခရီးမျှသာ ဖြစ်ပါ၏။ သို့တိုင် ရန်ကုန်မြို့တွင် စာရေးသူအား သိရှိခင်မင်သူ များပြားလျက်ရှိပြီး အစစအရာရာ သွားရေးလာရေး၊ စားရေးသောက်ရေးတို့ကို လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးသူတို့ ပေါများလျက်ရှိပါသေးသည်။

ထို့ကြောင့် ယနေ့အချိန်၌ စာရေးသူတို့မိသားစုနှင့် လည်းကောင်း၊ ရုပ်ရှင်တော်မြတ်နှင့် လည်းကောင်း ရန်ကုန်မြို့သည် ရင်းနှီးကျွမ်းဝင်လျက်ရှိပြီဖြစ်ပါ၏။ တစ်နှစ်ထက်တစ်နှစ် ရုပ်ရှင်တော်မြတ်နှင့်ပတ်သက်၍ မိတ်ဆွေတိုးပွား၍လာခဲ့ရပါ၏။ ရန်ကုန်မြို့ပေါ်ရှိ မြို့နယ်၊ ရပ်ကွက်တို့သည်လည်း ပင့်ဆောင်ပူဇော်ခြင်းမရှိဘူးသောနေရာဟူ၍ မရှိတော့ပြီဖြစ်သောအခြေအနေသို့ ရောက်ရှိခဲ့ပါတော့သည်

ဦးနေဝင်း (တစ်ချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးဗိုလ်ချုပ်ကြီးဟောင်း)၏နေအိမ်အပါအဝင် အငြိမ်းစားဗိုလ်ချုပ်ကြီးများ၊ ဌာနဆိုင်ရာအရာရှိ (အငြိမ်းစား) ကြီးများ၊ တပ်မတော်မှ လက်ရှိအရာရှိကြီးများ၊ အငြိမ်းစားအရာရှိကြီးများနှင့် အနုပညာရှင်များ၊ အထင်ကရ ပုဂ္ဂိုလ်ကြီးများ၏ နေအိမ်များစွာသို့လည်းကြွရောက်တော်မူခဲ့ရပါသည်။

၂၀၁၀ ပြည့်နှစ် ရန်ကုန်မြို့ခရီးစဉ်တွင် စမ်းချောင်းမြို့နယ် ဖျာပုံလမ်းနေ ဗိုလ်မှူးထွန်းလွင်၊ ဒေါ်ဝါဝါလွင်တို့၏ နေအိမ်မှ ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ ထိုနေအိမ်သို့ ကြွရောက်တော်မူလျက်ရှိစဉ် ဘုရားဖူးဧည့်သည်များအား မယ်တော်ကြီးမှ မည်သည့်အရပ်ဒေသမှ လာရောက်ဖူးမြော်ကြပါသနည်းဟု မေးမြန်းရာ ဗျိုင်းရေအိုးစင်လမ်းမှ လာရောက်ကြကြောင်းပြောပြလျှင် မယ်တော်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း (၃၀) က ရန်ကုန်မြို့သို့ ဘဘကျောက်နှင့် လိုက်ပါသွားစဉ် ဘဘကျောက်၌ သားသမီးနှစ်ဦးသာ ထွန်းကားခဲ့ပြီး သားအကြီးဦးဝင်းဖေမှာ ဗျိုင်းရေအိုးစင်လမ်းမှ ဒေါ်တင်တင်အေးနှင့်အကြောင်းပါခဲ့သည်။ ဒေါ်တင်တင်အေးမှာလည်း တက္ကသိုလ်ဆရာမတစ်ဦး ဖြစ်သကဲ့သို့ ဦးဝင်းဖေသည်လည်း တက္ကသိုလ်မော်ကွန်းထိန်းရာထူးသို့ ရောက်ရှိနေပြီးချိန်ဖြစ်ပါသည်။ ဘဘကျောက်၏ သမီးလေး မငွေးငွေးဝင်းမှာ ပညာရေးတက္ကသိုလ်သို့ တက်ရောက်နေချိန် ဖြစ်ပါသည်။

ဘဘကျောက်၏ဇာတိမှာ ယခင်စစ်ကိုင်းတိုင်း၊ စစ်ကိုင်းခရိုင် ယခုခေတ်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် ပါဝင်သော ငါန်းဇွန်မြို့နယ် မြို့သာအနောက်ရွာမှ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်မင်းတို့အုပ်စိုး

www.burmeseclassic.com



စင်ကာပူနိုင်ငံရှိ 'စုတိုင်းစံ' ဗိသာရနေအိမ်၌ အမှတ်တရ




ရုပ်ရှင်တော်ပြတ်အား စင်ကာပူနိုင်ငံသို့ ပင့်ဆောင်ပူဇော်သည့် 'စုတိုင်းစံ' ရတနာဆိုင်ရှေ့အမှတ်တရ



စင်ကာပူနိုင်ငံ၏အထင်ကရနေရာများတွင် အမှတ်တရ



'စုတိုင်းစံ' ရတနာဆိုင်တွင် အမှတ်တရ



စင်ကာပူနိုင်ငံ၏အထင်ကရနေရာများတွင် အန်တီအေးနှင့်မယ်တော်ကြီး အမှတ်တရ

စဉ်ကာလ အရင်းရှင်မြေရှင်စနစ် ခေတ်ကောင်းသောအခါသမယ၌ မြေကေများစွာပိုင်ဆိုင်၍ ထိုမြေယာများကို သီးစားချထားသော မြေပိုင်ရှင်ကြီးတစ်ဦး၏ တစ်ဦးတည်းသောသား ဖြစ်ပါသည်။ ထိုခေတ်ထိုအခါက မြို့သာယာနယ်တွင် အင်္ဂလိပ်ကျောင်းသို့ထားနိုင်သူမရှိသေးပါ။ ဘဘကျောက်တစ်ဦးသာလျှင် အင်္ဂလိပ်ကျောင်းမှ ထိုခေတ် (၁၀) တန်းအောင်မြင်ခဲ့သူ ဖြစ်ပါသည်။ ထိုနောက် ဝါအဝယ်ဒိုင်မှူးတာဝန်ထမ်းဆောင်ရင်း အမေကောင်း၏ အစ်မဝမ်းကွဲဖြစ်သူ ဒေါ်သောင်းနှင့် အကြောင်းပါခဲ့ပြီး မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ကာ အခြေချနေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဘဘကျောက်သည် တစ်နှစ်လျှင် တစ်ကြိမ်ခန့် မြို့သာသို့ လာရောက်လည်ပတ်ကာ ဆွေမျိုးများကို တွေ့ဆုံပါသည်။ စာရေးသူတို့အိမ်တွင်တည်းခိုနေထိုင်သည်ကများပါသည်။ ၁၉၇၉ ခုနှစ်ခန့်တွင် ဘဘကျောက် ကွယ်လွန်သွားခဲ့ပါသည်။ ထိုအချိန်မှစ၍ ကိုကိုဝင်းဖေနှင့် မမငွေးတို့လည်း မြို့သာသို့လာရောက်ခြင်းမရှိတော့ဘဲ အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြခြင်းဖြစ်ပါသည်။

ယခု မယ်တော်ကြီးသည် ဗျိုင်းရေအိုးစင်လမ်းဟု ကြားလိုက်ရသောအခါ ဘဘကျောက်တို့၏ နေအိမ်သို့ ရောက်ခဲ့ဖူးသောအချိန်က မမငွေး (မငွေငွေ



www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းရန် ရှကိုင်း၏ မိသားစုနေအိမ်မှ ထွက်ခွာစဉ်



စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းရန် လေဆိပ်သို့ပို့ဆောင်စဉ်

ဝင်း)မှ ကိုကိုဝင်းဖေ၏ သားကလေး (ဘုတော်မောင်) ကို သင်ကြားပေးခဲ့သော ကဗျာကလေးကို ပြန်လည်ကြားယောင်လာမိသည်။

ကဗျာကလေးမှာ -

'မော်ကွန်းထိန်းကြီး ဦးဝင်းဖေ
အဲဒါတို့ဖေဖေ၊
တို့မေမေက ဒေါ်တင်တင်အေး
အလွန်လှလို့ လူတိုင်းငေး။
ဘိုးဘိုးကျောက်နှင့်ဘိုးဝင်းကြိုင်
သားသားလေးမှာ အဘိုးတွေလှိုင်။
ဘွားဘွားကတော့တစ်ယောက်တည်း
ဘွားဘွားမိလေးပဲ။
သားလေးကတော့ တင်အောင်ဝင်း
နေလိုလလိုလင်း'

ဟူ၍ ဖြစ်ရာ ကိုကိုဝင်းဖေ၏ မိဘများအမည်ကို အမှတ်ရသွားပါသည်။ ထို့ကြောင့် ဗျိုင်းရေအိုးစင်လမ်းမှ လာရောက်ကြသော ဧည့်သည်များကို ဦးဝင်းကြိုင်နှင့် ဒေါ်မိမိတို့၏ သမက်နှင့် သမီးများဖြစ်ကြသော ကိုကိုဝင်းဖေနှင့် ဒေါ်တင်တင်အေးတို့ကို သိရှိလျှင်၊ ထိုရပ်ကွက်၌ရှိသေးလျှင် ရွှေတံကူသာသနာပြုမယ်တော်ကြီးမှ လာရောက်တွေ့ရန် မှာကြားလိုက်ကြောင်းပြောပေးကြရန် မှာကြားလိုက်ပါသည်။

ဧည့်သည်များက ဦးဝင်းဖေနှင့် ဒေါ်တင်တင်အေးတို့ကို သိရှိပါသည်။ ယခုတိုင် မူလနေအိမ်တွင်ရှိနေကြပါသေးသည်။ သေသေချာချာသွားရောက်ပြောကြားပေးပါမည်ဟု ကတိပြုကြပါသည်။ နောက်တစ်နေ့မှာပင် ကိုကိုဝင်းဖေနှင့် ဒေါ်တင်တင်အေး၊ သားမောင်တင်အောင်ဝင်း၊ ဇနီး နန်းအိမ်ဖြူစံတို့ ရောက်ရှိလာကြပါသည်။ ကိုကိုဝင်းဖေတို့သည် ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ကြားသိဖူးခြင်းမရှိပါ။ မြို့သာက ဘုရားကြွလာတာဆိုသောကြောင့်မည်သူတွေများဖြစ်နေမည်နည်းဟု တွေးမရအောင်ရှိနေခဲ့သည်။

ယခုတွေ့ရှိလိုက်ရသောကြည်ညိုလေးစားဖွယ်ကောင်းလှသည့် မယ်တော်ကြီးဆိုသည်မှာ မြို့သာမှ အမေကောင်း၏သမီး၊ မိမိ၏ 'နှစ်ဝမ်းကွဲညီအစ်မဖြစ်နေပြီး မိမိတို့နှင့် ကွဲကွာစဉ်အချိန်က အလယ်တန်းကျောင်းသူကလေးမျှသာဖြစ်ပါ၍ ယခုကဲ့သို့ ထူးခြားသောဘဝအနေအထားနှင့် တွေ့လိုက်ကြရသောအခါ အံ့ဩမဆုံးနိုင်အောင်ဖြစ်ကြရပါ၏။ ဆန်းကြယ်လွန်းလှသောဘဝအပြောင်းအလဲများပင် ဖြစ်ပါသည်။ ထိုအချိန်၌ ကိုကိုဝင်းဖေသည် အသက် (၇၀)-ကျော်လျက်ရှိနေပေပြီ။ တစ်ချိန်က ရုပ်ရှင်မင်းသမီး ခွေဇင်ထိုက်နှင့်တူလှသည်ဟု နာမည်ကျော်ကြားခဲ့သော ဒေါ်တင်တင်အေးသည်ပင်လျှင် အသက် (၆၀)ကျော်မျှရှိနေပြီဖြစ်၍ မမြဲသော ပြောင်းလဲလျက်ရှိသော သင်္ခါရတရားတို့ကို သံဝေဂရဖွယ်ဖြစ်ပါ၏။ နှစ်ဦးနှစ်ဖက်လုံး ဝမ်းသာ၊ ဝမ်းနည်းဖြစ်ကြရပါ၏။ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်သတိရအောက်မေ့မိကာ ကိုကိုဝင်းဖေသည် မျက်ရည်လည်လျက်ပင်ရှိပါသည်။

ကိုကိုဝင်းဖေသည် လည်းကောင်း၊ မမငွေး (ယခု ကြည့်မြင်တိုင်အ-ထ-က (၂) ကျောင်းအုပ်) သည် လည်းကောင်း မိမိတို့နှင့်သိရှိစဉ်က မိမိတို့၏ ညီမလေးသာဖြစ်ခဲ့သော မယ်တော်ကြီးကို မယ်တော်ကြီးဟုပင် ခေါ် ဆိုကြပြီး လေးစားယုံကြည်အားကိုးစွာနှင့် ဆက်ဆံကြပါသည်။

စာရေးသူတို့မိသားစုနှင့် ကိုကိုဝင်းဖေတို့မိသားစု ကွဲကွာပြီးနောက်တွင် မောင်ကျော်ဖေတင် ဟူသော သားလေးတစ်ယောက် ထပ်မံထွန်းကားခဲ့ပါသည်။ မယ်တော်ကြီးတို့နှင့် ပြန်လည်ဆုံကြချိန်၌ မောင်ကျော်ဖေတင်သည် စင်ကာပူနိုင်ငံမှ တက္ကသိုလ်ဘွဲ့တစ်ခုရရှိထားပြီး စင်ကာပူနိုင်ငံမှာပင် အလုပ်ဝင်ရောက်လုပ်ကိုင်နေရာမှ ၎င်း၏ အထက်အရာရှိ၏ မတရားဖိနှိပ်မှုကို မခံမရပ်နိုင်တော့၍ အလုပ်ထွက်ခဲ့ရပြီး စိတ်ညစ်စိတ်လေ၍နေပါသည်။ မယ်တော်ကြီးမှ မောင်ကျော်ဖေတင်အား ရုပ်ရှင်တော်မြတ်၏အထံတော်တွင် အဓိဋ္ဌာန်ပြုဆုတောင်းရန်နှင့် အဓိဋ္ဌာန်ကျင့်စဉ်တို့ကိုလည်း သင်ပြပေးခဲ့ပါသည်။ မောင်ကျော်ဖေတင်သည် ရုပ်ရှင်တော်မြတ်၏တန်ခိုး

www.burmeseclassic.com

တော်တို့ကိုလည်း အကြွင်းမဲ့ယုံကြည်ပြီး မယ်တော်ကြီးကိုလည်း ယုံကြည်စွာ အားကိုးလျက် ညွှန်ကြားချက်များကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် အလုပ်ဝင်စာမေးပွဲတစ်ခုကို ဝင်ရောက် ဖြေဆိုခဲ့သည်။ ထိုစာမေးပွဲသည် လူပေါင်းများစွာ ဝင်ရောက်ဖြေဆိုကြသောကြောင့်, အောင်မြင်ရန် ရာနှုန်းအင်မတန်နည်းပါးလှပါသည်။ မောင်ကျော်ဖေတင်သည် ထိုစာမေးပွဲကို လွယ်ကူစွာ အောင်မြင်ခဲ့ပြီး လခကောင်းသောအလုပ်ကို ရရှိခဲ့ပါသည်။

မောင်ကျော်ဖေတင်သည် ထိုအလုပ်မရရှိမီတွင် အကယ်၍ ဤလုပ်ငန်းကိုရရှိပါက ပါမစ်နှစ်ဖြစ်သောအချိန်တွင် ရုပ်ရှင်တော်မြတ်ကို စင်ကာပူနိုင်ငံ ရှင်းနေထိုင်ရာတိုက်ခန်းသို့ ပင့်ဆောင်ပါမည်ဟု အဓိဋ္ဌာန်ပြုထားခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၁ ရန်ကုန်မြို့ ဒေသစာရီ ခရီးစဉ်တွင် ၁၉-၂-၂၀၁၁ နေ့၌ ကိုကိုဝင်းဖေတို့ နေထိုင်ရာ တိုက် (၁)၊ အခန်း (၂၀၂)၊ ကျိုက္ကဆံအိမ်ရာ၊ တာမွေမြို့နယ်သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ ထိုအချိန်၌ မောင်ကျော်ဖေတင်သည် စင်ကာပူနိုင်ငံတွင် အလုပ်ဝင်ရောက်လျက်ရှိနေပြီဖြစ်ပြီး စင်ကာပူနိုင်ငံမှ (၂)ရက်တိတိ လာရောက်ခဲ့၍ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုလျက် စင်ကာပူနိုင်ငံသို့ ပင့်ဆောင်ပူဇော်ရန် ထပ်မံအဓိဋ္ဌာန်ပြုလျှောက်ထားပြန်ပါသည်။

ကိုကိုဝင်းဖေတို့ မိသားစုသည် ၂၀၁၀ ပြည့်နှစ်တွင် ရုပ်ရှင်တော်မြတ်ကို စတင်လာရောက်ဖူးမြော်ကြည်ညိုကြစဉ်က မောင်တင်အောင်ဝင်းသည်လည်း အလုပ်အကိုင်အခြေအနေများမကောင်းသေးပါ။ မမငွေးသည်လည်း အလယ်တန်းကျောင်းအုပ်မျှသာရှိပါသေးသည်။ ၂၀၁၁ ခုနှစ် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ချိန်တွင်မူ မောင်တင်အောင်ဝင်းသည်လည်း အလုပ်အကိုင်များ ကောင်းမွန်လျက် မောင်ကျော်ဖေတင်သည်လည်း လခကောင်းသောလုပ်ငန်းတွင် ပျော်ရွှင်အေးချမ်းစွာလုပ်ကိုင်လျက် မမငွေးသည်လည်း အထက်တန်းကျောင်းအုပ်အဖြစ်သို့ ရောက်လုဆဲဆဲဖြစ်လျက် မိုကာ မိသားစုအားလုံး အဆင်ပြေ တိုးတက်၍နေသည်ကို တွေ့ရှိရပါသည်။

မောင်ကျော်ဖေတင်သည် ရုပ်ရှင်တော်မြတ်အား ပူဇော်ကန်တော့ပြီး စင်ကာပူနိုင်ငံသို့ ပြန်လည်ရောက်ရှိသွားပြီး လအနည်းငယ်အတွင်းမှာပင် ပါမစ်ဝန်ထမ်းအဖြစ်သို့ ရောက်ရှိသွားခဲ့၍ ၎င်း၏ အဓိဋ္ဌာန်ပြုချင်အတိုင်း ရုပ်ရှင်တော်မြတ်အား စင်ကာပူနိုင်ငံသို့ ပင့်ဆောင်ပူဇော်ရန် စီစဉ်ပါတော့သည်။ မောင်ကျော်ဖေတင်သည် လူပျိုလူလွတ်မျှသာဖြစ်ပြီး အရွယ်အားဖြင့်လည်း လူငယ်ပိုင်းမျှသာ ဖြစ်ပါသေး၏။ စင်ကာပူကဲ့သို့ ခေတ်မီလွတ်လပ်သော နေရာ၌ မိဘအုပ်ထိန်းသူများ မပါရှိဘဲ သူငယ်ချင်းများချည်း စုပေါင်းနေထိုင်ကြသည် ဖြစ်ရာ လူငယ်ဘာသာဘာဝ ပျော်မွေ့စရာနေရာတွေ ပေါများလှ၍ ဘုရားမေ့တရားမေ့ ဖျက်စီးနိုင်ပါ၏။ သို့သော် မောင်ကျော်ဖေတင်သည် ထိုသို့ မဟုတ်ပါ။ မိမိရရှိသော လုပ်အားခငွေကြေးတို့ကို စုဆောင်း၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပြီး စင်ကာပူရောက် သူငယ်ချင်း မိတ်ဆွေများကို ဖူးတွေ့ကြရစေရန် စေတနာဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၁၊ (၈) လပိုင်းတွင် စင်ကာပူသို့ ပင့်ဆောင်ရန် သတ် မှတ်လိုက်ပါသည်။

ကိုကိုဝင်းဖေသည်လည်း စင်ကာပူ နိုင်ငံသို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလျှင် မယ်တော်ကြီးတို့နှင့်အတူ လိုက်ပါမည်ဖြစ်ကြောင်း ပြောပါသည်။

ရုပ်ရှင်တော်မြတ်သည် ၂၀၁၁ ရန်ကုန်ခရီးစဉ် ပြီးဆုံးသောအခါ ၂-၆-၂၀၁၁ ခုနှစ်တွင် နေပြည်တော်သို့ ကြွမြန်းတော်မူ၍ ၅-၆-၂၀၁၁ နေ့တွင် နေပြည်တော်မှတစ်ဆင့် စဉ့်ကိုင်မြို့ အောင်မြေသို့ မော်တော်ယာဉ်ဖြင့် ပြန်လည် ကြွမြန်းတော်မူခဲ့ပါသည်။ ထိုသို့ ပြန်လည် ကြွမြန်းတော်မူခဲ့ရခြင်းမှာလည်း တခြားအကြောင်းကြောင့်မဟုတ်ပါ။ နိုင်ငံကူးလက်မှတ်အတွက် မယ်တော်ကြီး၏မှတ်ပုံတင်(နိုင်ငံသားကတ်) အသစ်ပြုလုပ်ရန်အတွက် ဖြစ်ပါသည်။

စဉ့်ကိုင်မြို့ အောင်မြေသို့ ရုပ်ရှင်တော်မြတ် ခေတ္တပြန်လည်ရောက်ရှိကြွမြန်းတော်မူလာသည်နှင့် မန္တလေးမြို့မှ သာဓကများလည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ရန် ရောက်ရှိလာကြပြီး အန်တီအေးတို့ကို ပူဆာကြသဖြင့် ၂၄-၆-၂၀၁၁ ၎င်းနေ့မှသာ ရန်ကုန်မြို့သို့ ပြန်လည် ကြွမြန်းတော်မူနိုင်ခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့နှင့် ရက်ပေါင်း(၂၀)ကျော်မျှသာ ကင်းကွာခဲ့ခြင်း ဖြစ်သော်လည်း ရန်ကုန်မြို့မှ သာဓကတို့သည် ရုပ်ရှင်တော်မြတ်အား တသသအောက်မေ့လျက်ရှိကြကြောင်း ပြောကြပါသည်။

ရုပ်ရှင်တော်မြတ်သည် စင်ကာပူနိုင်ငံသို့ ကြွမြန်းတော်မူရန် ဗီဇာကိစ္စများ ပြင်ဆင်စောင့်ရင်းဖြင့် ၂၀၁၁ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် ရန်ကုန်ခရီးစဉ်ကို ဆက်လက် ကြွမြန်းတော်မူပါသည်။ ၂၄-၆-၂၀၁၁ နေ့တွင် ဗိုလ်မှူးလှမိုး၊ ဒေါ်နန်းဆီခမ်း တက်လမ်းအိမ်ရာနေအိမ်မှ စတင်ခဲ့သောခရီးစဉ်မှာ ၁၉-၈-၂၀၁၁နေ့တွင်မှ အမှတ်(၃၇)၊ မောင်ဝိတ်အိမ်ရာ၊ (၇) မိုင်၊ ပြည်လမ်းရှိ ဒေါက်တာညိုငွေးနှင့် ဒေါက်တာခင်စံပယ်အေးတို့၏ နေအိမ်တွင်မှ ပြီးဆုံးခဲ့ရပြီး ၂၀-၈-၂၀၁၁ ရက်နေ့တွင် စင်ကာပူနိုင်ငံသို့ ကြွမြန်းတော်မူပါသည်။ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တပ်မတော်(လေ)ငြိမ်း ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း၊ တပ်မတော် (လေ) မှ ဗိုလ်မှူး ဘုန်းဇော်အောင်နှင့် လက်ရှိတပ်မတော်(လေ)မှ ကူညီဆောင်ရွက်ပေးသဖြင့် အဆင်ပြေ ချောမွေ့စွာပင် လေယာဉ်ပေါ်သို့ရောက်ရှိခဲ့ကြပါသည်။

ဤနေရာတွင် စင်ကာပူနိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျ လိုက်ပါသွားသော ရွှေကံကူ သာသနာပြု မယ်တော်ကြီး၏ မှတ်တမ်းကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

(မောင်ကျော်ဖေတင်မှ ရုပ်ရှင်တော်မြတ်အား စင်ကာပူနိုင်ငံသို့ ပင့်ဆောင်ပူဇော်ချိန်တွင် စင်ကာပူနိုင်ငံသို့ ရုပ်ရှင်တော်မြတ်နှင့်အတူ လိုက်ပါရန် အားခဲထားသော ကိုကိုဝင်းဖေသည် ကား ကွယ်လွန်အနိစ္စရောက်သွားခဲ့ပြီ ဖြစ်ပါ၏။ မမြဲသော၊ အစိုးမရသော သဘောတို့ကို နှလုံးသွင်းမိသော်လည်း စာရေးသူတို့ စိတ်မကောင်းဖြစ်ကြရပါ၏။ ကိုကိုဝင်းဖေ ကောင်းရာသုဂတိ လားပါစေဟု ဆန္ဒပြုပါ၏။)

■

**စင်ကာပူနိုင်ငံရောက်မှတ်တမ်းတော်**

၂၀-၈-၂၀၁၁၊ နေ့လယ်(၁၂)နာရီ မှစ၍ ဂျက်စတားလေယာဉ်လိုင်းဖြင့် လိုက်ပါစီးနင်းကာ စင်ကာပူစံတော်ချိန် (၄း၃၅) ခန့်၌ စင်ကာပူနိုင်ငံသို့ ဆိုက် ရောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်တံခါးဝအထိ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးတင်ဦးလွင်က လာရောက်၍ ကြိုဆိုပါသည်။ ပစ္စည်းများရွေးချယ်အပြီး အထွက်၌ သံအမတ်ကြီး၏ဇနီးဖြစ်သူ ဒေါ်လင်းလင်းနှင့်သံမှူး၊ သံရုံးမှဝန်ထမ်းများက ကြိုဆိုနေကြပါသည်။

ဘုရားပင့်ဆောင်သူ မောင်ကျော်ဖေတင်၊ မောင်ကျော်ကိုကို-မစန်းယုဝါတို့လည်း အတူတကွ ကြိုဆိုနေကြပါသည်။ သံအမတ်ကြီးတို့ကားနှင့် ဘုရား၊ ရတနာများကို ပင့်ဆောင်ပါသည်။ အန်တီအေး၊ မန္တလေးနိုင်ငံတို့က သံအမတ်ကြီးတို့၏ကားနှင့် လိုက်ပါသည်။ ကျွန်ုပ်က မောင်ကျော်ကိုကို-မစန်းယုဝါကားနှင့်လိုက်ပါသည်။ ညနေ (၅) နာရီကျော်တွင် မောင်ကျော်ဖေတင်၏ တွန်မွန်ဝပ်(သ်)ရုပ်တွတ်၊ တိုက်(၄၄) (၆)လွှာ၊ အခန်း (# 06.255) သို့ ဆိုက်ရောက်သည်။ အားလုံးအဆင်ပြေပါသည်။ ည (၇) နာရီခန့်တွင် မောင်ကျော်ကိုကို-မစန်းယုဝါတို့မှ စူပါမားကတ်ကြီး၌ ဈေးဝယ်လိုက်ပို့သည်။ ဘုရားလှူရန် သစ်သီးများ၊ ဆွမ်းချက်ရန်၊ ဆွမ်းဟင်းချက်ရန် အသီးအနှံများ၊ ကျွန်ုပ်နှစ်သက်သည့် သက်သတ်လွတ်မုန့်များ ဝယ်၍ လှူပါသည်။

ဤခရီးအစ၌ ဒေါ်စုစုညွှန့်၊ မောင်ကျော်ကိုကို၏ မိတ်ဆွေ ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း၊ ဗိုလ်မှူး ဖုန်းဇော်အောင်တို့မှ လေယာဉ်အပေါက်ဝထိ လိုက်ပါပို့ဆောင်သည်။ လေယာဉ်ကွင်းသို့ ဒေါ်အေးအေးမြင့်၊ သားမောင်ကျော်ဆင့်ဖြိုးနှင့် တူမလေး၊ ဒေါက်တာ ဧေယျာ-ဒေါက်တာစပယ်၊ တိုရဲလေး၊ တီတင်အောင်ဝင်း၊ ဒေါက်တာချယ်ရီ၊ သီရိအောင်တို့မှ သိုက်သိုက်ဝန်းဝန်း လိုက်ပါပို့ဆောင်ကြသည်။

ရတနာမြတ်သုံးပါး၏ ကျေးဇူး၊ ကျွတ်ကူတန်ခိုးတော်၊ ကျွန်ုပ်၏ သီလ စွမ်းအားကြောင့် အနှောင့်အယှက်မရှိ ချောမွေ့သာယာလှပါ၍ အထူးဝမ်းသာကြည်နူးရပါသည်။ မိမိ၏ တာဝန်များဖြစ်သော ဒါန၊ သီလ၊ ဘာဝနာ၊ စရဏ တရားများကို တိုး၍တိုး၍ ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချထားပါသည်။

သံအမတ်ကြီးနှင့် ဆက်သွယ်ပေးခဲ့သော နိုင်ငံခြားရေးဌာန ဒု-ညွှန်မှူး ဗိုလ်မှူးကြီး အောင်ကျော်ဦးမိသားစုကို လည်းကောင်း၊ တောင်အာဖရိက သံအမတ်ကြီး ဗိုလ်ချုပ်မြင့်နောင် - ဇနီးဒေါ်ဆွေဆွေသိန်းတို့ကို လည်းကောင်း အထူးကျေးဇူးတင်သာဓုခေါ်ရပါသည်။

ပတ်စပို့လုပ်ရာ၌ချောမွေ့စေရန် ကူညီပေးသော ဒေါ်ချို့နွယ်ဦး၊ မောင်နေဝင်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ဝေဝေမာ၊ ဦးသိန်းဝင်း၊ ဒေါ်ဖြူဖြူမာမိသားစုများကို အထူးသာဓုခေါ်ပါသည်။

ကျွန်ုပ်ကို ရွှေကူမယ်တော်ကြီး အဖြစ် ရောက်ရှိစေရန် ဝိုင်းဝန်း၍ ကျေးဇူးပြုကြသော ကျေးဇူးရှင်အားလုံးကို အထူး ကျေးဇူးတင်၍ သာဓုခေါ်ပါသည်။ မိမိ၏ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများကို ယုံကြည်ရိုသေစွာ ဆောင်ရွက်နေသောဘဝကိုလည်း မိမိဘာသာ ဝမ်းသာပီတိဖြစ်ရပါသည်။

ယခုကဲ့သို့ဖြစ်ရပါလို၏ဟု ဆုတောင်း၍ ကုသိုလ်များကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ရတနာမြတ်သုံးပါးကို ရင်ထဲမှ ကြည်ကြည်နူးနူးနှင့် ရိုသေလေးစားစွာ မိမိ၏အသိစိတ်ဖြင့် ကဲစိုက်မတ်မတ် အချိန်မှန်မှန် ပူဇော်ပွားများအားထုတ်ခဲ့ရသောကြောင့် ယခုကဲ့သို့ အောင်မြင်မှုများကို ရရှိသည်ဟု ယုံကြည်ပါသည်။ ရတနာသုံးပါးကို ရင်ထဲနှလုံးထဲမှ နှစ်နှစ်ကာကာ ကြည်ညိုယုံကြည်၍ မိမိ၏ သီလကို မကျိုးပေါက်စေဘဲ ကောင်းသော ကုသိုလ်အမှုကိုသာလျှင် ဆောင်ရွက်ကြလျှင် မမျှော်မှန်းသော အောင်မြင်မှုများကို အံ့သြဖွယ်ရာကြုံကြရမည်မှာ လက်တွေ့ ဖြစ်ပါသည်။ အားလုံးကို ကျွန်ုပ်ကဲ့သို့ ကြိုးစားကြစေလိုပါသည်။ အောင်မြင်မှုများကို ရစေလိုပါပါသည်။ (၃၁) ဘုံမှ လွတ်စေလိုပါသည်။

၂၁-၈-၂၀၁၁၊ တနင်္ဂနွေနေ့။

မောင်ကျော်ဖေတင်၏ နေအိမ်၌ နံနက်ဆွမ်းကပ်ပါသည်။ နေ့ဆွမ်းကို (၁၁) နာရီတွင် ကပ်ပါသည်။ မှိုဆွမ်းဟင်း၊ ပဲသီးတောင့်ကြော်ဆွမ်းဟင်း၊ ကြာဆံကြော်တို့ဖြင့် ဆွမ်းတပ်ပါသည်။ စားပွဲဝိုင်းမဟုတ်၍ ဘုရား၊ ရဟန္တာများကို ဆွမ်းပွဲနှစ်ပွဲသာ တစ်ရပါသည်။ ရောမရောက်လျှင် ရောမလိုကျင့်ရပါသည်။ အချိန်နှင့် ဆွမ်းကပ်ရသည်ကိုပင် ဝမ်းသာမိပါသည်။ အိမ်ရှင်မောင်ကျော်ဖေတင်နှင့်သူငယ်ချင်းများဝိုင်းဝန်း၍ စေတနာထားကာ ဆောင်ရွက်ပေးကြပါသည်။ ထိုနေ့ နေ့ဆွမ်းစားအပြီး (၁) နာရီခန့်တွင် မောင်ကျော်ကိုကို - မစန်းယုဝါတို့မှ မြို့ထဲသို့ရောက်ဖူးရန် လာခေါ်ပါသည်။ ဗုဒ္ဓဘာသာဘုရားကျောင်းသို့ သွား၍ ဘုရားဖူးပါသည်။ မဟာသရဏဂူတော်ကြီးဖြင့် ပူဇော်ခဲ့ပါသည်။ ထိုကျောင်းတော်၌ လာသမျှ ဘုရားဖူးများကို ပရိတ်ကြိုးများဝေ၍ ပရိတ်ရေကို ပရိတ်ပန်းဖြင့်ဖျန်းပေးနေသော ဆရာတော်ထံ၌ ဝတ္ထုငွေလှူ၍ ဂါရဝပြုခဲ့ပါသည်။ ထိုမှတစ်ဆင့် စင်ကာပူနိုင်ငံ၏ထင်ရှားသောမာရီနာစက်ကွဲယား ဈေးသို့ဝင်၍ လိုအပ်သည့်ပစ္စည်းအနည်းငယ်ဝယ်ပါသည်။ ထိုမှ မာလိုင်ရင်းငေ့ ခေါ် သောဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုပါသည်။ ထိုနေရာမှ စင်ကာပူနိုင်ငံ၏အထင်ကရသင်္ဘောတိုတယ်ကြီးကို လည်းကောင်း၊ မိုးအထိမြင့်မား၍ ခေတ်မီလှပသော တိုက်တာများကိုလည်းကောင်း၊ The Merlion ၏ ပါးစပ်မှ ရေများပန်းထွက်နေသောနေရာတို့ကိုလည်းကောင်း လှမ်း၍ကြည့်ရှုခဲ့ရပါသည်။ နိုင်ငံရပ်ခြားမှ လူမျိုးပေါင်းစုံသည့်ကမ်းခြေ၏အလှကို လာ၍ကြည့်ရှုကာ ပျော်ရွှင်စွာဓာတ်ပုံရိုက်ခြင်း၊ အပန်းဖြေ၍ ဖျော်ရည်သောက်ခြင်းများ ပြုလုပ်နေကြပါသည်။

ကျွန်ုပ်မှာ တာဝန်ရှိနေပါ၍ စိတ်ထဲမှ သမ္ဗုဒ္ဓေဂါထာများ၊ ဒိဝါတပတိ ဂါထာများကို ပူဇော်၍ လည်းကောင်း၊ တွေ့သမျှ ခုနစ်ရက်သားသမီးများကို မေတ္တာပို့သခြင်းဖြင့် လည်းကောင်း သွားရင်းလာရင်း မိမိ၏အလုပ်ကို လုပ်ဆောင်ခဲ့ရပါသည်။ ညနေ (၆) နာရီကျော်မှသာ အိမ်ပြန်ရောက်ပါသည်။ မောင်ကျော်ဖေတင်မှ ဖုန်းများမကြာမကြာဆက်၍ ဘယ်နေရာရောက်ပြီလဲဟု မေးပါသည်။ အချိန်ကုန်လွယ်လှပါသည်။ အိမ်၌ ဒေါ်ဖြူဖြူမာ၏ ခင်ပွန်း ဦးသိန်းဝင်းတို့ သားအဖနှင့်တကွ မိတ်ဆွေတစ်ဦး၊ မောင်ကျော်ဖေတင်၏ မိတ်ဆွေများ လာရောက်ကာ ဘုရားဖူးမျှော်နေကြပါသည်။ ကျွန်ုပ်သည် ဧည့်သည်များကို ပရိတ်ကြိုးများ ဝေ၍ မေတ္တာပို့သပေးပါသည်။

ညပိုင်း မိမိ၏လုပ်ငန်းစဉ်များပြီးစီးအောင် လုပ်ဆောင်၍ အိပ်ရာမဝင်မီ ဤမှတ်တမ်းကိုရေးပါသတည်း။

၂၂-၈-၂၀၁၁၊ တနင်္လာနေ့။

ဤနေ့ ကျွန်ုပ်တို့ နံနက် (၆း၃၀) တွင် နိုးပါသည်။ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၍ဘုရားကန်တော့ပါသည်။ နံနက် (၉) နာရီခန့်တွင် နံနက်စာစားပါသည်။ ဘုရားရှင်အား ဆွမ်းကပ်ပြီးမှ စားပါသည်။ နေ့ဆွမ်းကို မှုန့်ညင်းဆွမ်းတင်း၊ မှိုဟင်း၊ ရေညှိကြော်၊ အညာ



www.burmeseclassic.com

www.burmeseclassic.com

ထောင်းဖြင့် ဆွမ်းကပ်ပါသည်။ သစ်သီး ဆွမ်းများလည်းကပ်ပါသည်။ ဆွမ်းကပ်အပြီး ဘုရားစာများဖြင့် ပူဇော်ပါသည်။ နေ့လယ် (၁း၃၀) ခန့်တွင် မဆွေနှင့် ဦးခင်မောင်ထွန်းတို့လာပါသည်။ ညနေပိုင်းတွင် မဆွေနှင့်အဖော်များထပ်လာပါသည်။ မောင်ဘုန်းထစ်ချုန်းလည်း တစ်နေကုန်နေသွားပါသည်။ မောင်ကျော်ဖေတင်သည် (၇း၄၅) ခန့်၌ ရုံးသွားပါသည်။ ညနေ (၅) နာရီခန့် ပြန်လာပါသည်။မောင်တင်မော်ဟိန်း၊ မဆွေဆွေဆက်နိုင်၊ အိုကေခိုင်နှင့် အခန်းဖော်များသည်လည်း ဘုရား၊ တရားမြဲကြပါသည်။ လိမ္မာကြပါသည်။ ဘုရားခန်း၌ တစ်ဦးမဟုတ်တစ်ဦး ဘုရားတန်တော့ခြင်း၊ ပရိတ်ရွတ်ခြင်းများဆောင်ရွက်နေကြပါသည်။ ညနေပိုင်းတွင် ဦးသိန်းဝင်း၏မိတ်ဆွေများဘုရားလာဖူးကြပါသည်။

ညပိုင်း (၇) နာရီခန့်တွင် ကိုဟိန်းဇေယျ - မမဥ္ဆုကျော် BLK-50 # 23-40, Bukit Blalok St.31, The Madeira cando, Singapore (659442) အိမ်မှ ပင့်ဆောင်ပါသည်။ ၎င်းတို့၏ မိတ်ဆွေများ လာရောက် ဖူးမြော်ကြပါသည်။ ဘုရားရှင်အား အလွန်ကြည်ညိုစွာ ဖူးမြော်ကြပါသည်။ ည (၁၁း၃၀) ခန့်တွင် မောင်တင်အောင်ဝင်း၏ဇနီးနှန်းအိဖြူးစံလာ၍ဘုရားဖူးမြော်ပါသည်။ ဘုရားရှင်အတွက်သစ်သီးများ၊ ကျွန်ုပ်တို့အတွက် စားသောက်ဖွယ်ရာများလာလှူပါသည်။ ညစဉ် တာဝန်များကို ထမ်းဆောင်၍ အိပ်ရာဝင်ပါသည်။

၂၃-၈-၂၀၁၁၊ အင်္ဂါနေ့။

ဖူးဂစ်ဝွန်ဗတ်နေအိမ်၌ နံနက် (၇) နာရီခန့်တွင် အိပ်ရာမှနိုးလာပါသည်။ အိမ်ရှင် ကိုဟိန်းဇေယျ-မမဥ္ဆုတို့မှ ဘုရားအား နေ့ဆွမ်းများကပ်ရန် ပြင်ဆင်ထားပြီးဖြစ်နေပါသည်။ ခြေလက်မျက်နှာသေးကြောသန့်စင်၍ ဘုရားစာများဖြင့် ပူဇော်ပါသည်။ ဘုရားရှင်အား ဆွမ်း၊ ပန်း၊ သစ်သီး၊ ရေချမ်း၊ နဝကမ္မဝတ္ထုငွေများ လှူဒါန်းပေးပါသည်။ နံနက်ဆွမ်း ကြာဆံကြော်ကို သုံးဆောင်ပါသည်။ ရေစက်ချပေးပါသည်။ ကျွန်ုပ်အတွက် နေ့လယ်စာ၊ ဘုရားကြီးကို လှူဒါန်းရန် ဆွမ်း၊ ဆွမ်းဟင်းများကို ပြည့်စုံစွာစီမံ၍ လှူဒါန်းလိုက်ပါသည်။ (၈း၃၀) ခန့်တွင် တက္ကစီကိုခေါ်ကာ မောင်ကျော်ဖေတင်၏ ကွန်မွန်ဝက်(သ်)ကို ပြန်၍ကြွလာကြပါသည်။ သမီးမမဥ္ဆုမှာ အလုပ်ချိန်နီးနေပါ၍ ကားနှင့်ပင်အလုပ်ဆီသို့



ဆက်သွားပါသည်။ မအားလပ်သည့်ကြားမှ ကြိုးစား၍ ပင့်ဆောင်ပူဇော်ကြသောကြောင့် ဝမ်းသာပီတိဖြစ်မိပါသည်။ ရတနာသုံးပါးအပေါ်၌ ကြည်ညိုမှုသဒ္ဓါတရားထက်သန်ကြသောသားသမီးများအား အထူးချစ်ခင်သနား၍ အမြဲတမ်း မေတ္တာပို့သပေးပါမည်ဟု ကတိပေးခဲ့ပါသည်။

မောင်ကျော်ဖေတင်အိမ်သို့ရောက်သောအခါ မိမိလုပ်ငန်းစဉ်များကိုဆောင်ရွက်၍ ရေချိုးပါသည်။ ဘုရားရှင်ကြီးအား ကိုဟိန်းဇေယျတို့ လှူလိုက်သည့် ဆွမ်းဟင်းများကို ဆက်ကပ်ပါသည်။ ပြီးလျှင် ကျွန်ုပ်တို့ဆွမ်းစားပါသည်။ ဆွမ်းစားအပြီး နေ့လယ်ဘက် ခေတ္တနားပါသည်။ နားပြီးလျှင် ယခုမှတ်တမ်းကို ရေးပါသည်။ ညနေပိုင်းခရီးစဉ်မသိသေးပါ။ မောင်ကျော်ကိုကို စောလျှင်လာ၍ ခေါ်ကြပါလိမ့်မည်။ ယခု ဤစာရေးပြီးလျှင် မဟာသရဏဂုံတော်ကြီး၊ အစိန္တေယျဘုရားရှိခိုးကြီးကို ပူဇော်ပါတော့မည်။

ညနေပိုင်း (၇း၃၀) ခန့်လောက်တွင် မောင်ကျော်ကိုကိုမှ လာ၍ခေါ်ပါသည်။ Gudown Point Mall တွင် လက်ဆောင်ပေးရန်ပစ္စည်းများအနည်းငယ်ဝယ်ကြပါသည်။ မောင်ကျော်ကိုကို-မစန်းယုဝါတို့အား လက်ဖက်သုပ်နှင့် ထမင်းကျွေးလိုက်ပါသည်။ ရှေ့ကတ္တ ဘုရားရှင်၏ ထူးခြားပုံတော်များကို မန်မိုရီစတစ်နှင့် ထည့်လာပါ၍ ထိုပုံတော်များကို ကြည့်ရှုဖူးမြော်နေကြရာ ည (၁၂) နာရီမှ ပြန်သွားကြပါသည်။ ၎င်းတို့ပြန်မှ ကျွန်ုပ်တို့ ဘုရားဝတ်ပြုကြရပါသည်။ ဘုရားကန်တော့အပြီး၌ ဝယ်ယူလာသောပစ္စည်းများကို မည်သူ့အား မည်သည့်ပစ္စည်းလက်ဆောင်များပေးမည်ဟု စာရင်းချပြီး ကျွန်ုပ်က ဤမှတ်တမ်းကိုရေးကာ မေတ္တာတာမွှေ့နှာန်းပွားး၍

အိပ်ရာသို့ဝင်ပါသည်။

၂၄-၈-၂၀၁၁၊ ဗုဒ္ဓဟူးနေ့။

ယနေ့တွင် နေ့ဆွမ်းစားပြီးသည်အထိ ကွန်မွန်ဝပ်၌ရှိပါသည်။ နံနက်က အိပ်ရာထနောက်ကျပါသည်။ မနွယ်နီဝင်း၊ ကိုမောင်ကျော်ကျော်မှ MRT မိုးပျံမီးရထားစီးနင်းပုံသိရှိရန် လက်တွေ့ဘူတာရုံသို့ ခေါ်သွားပါသည်။ နေ့ဆွမ်းမစားမီ တရားမေ့များဖြင့် ပူဇော်ပါသည်။ မမအေးနှင့် မနွယ်နီတို့ ဆွမ်းဟင်းများချက်ပြုတ်ကြပါသည်။ (၁၁)နာရီခန့်တွင် ကျွန်ုပ်၊ မနွယ်နီ၊ မောင်တင်မော်ဟိန်းတို့ ဆွမ်းကပ်ပါသည်။ မမအေးမှာ ပင်ပန်းသဖြင့် ဆွမ်းမကပ်နိုင်ဘဲ အာရုံသာယူနိုင်ပါသည်။ ဆွမ်းကပ်ပြီးလျှင် နေ့ဆွမ်းစားပါသည်။ (၁) နာရီခန့်တွင် မချယ်ရီကေသီနှင့် MRT ကွန်မွန်ဝပ်ဘူတာရုံ၌ ချိန်းဆိုထားသဖြင့်အသွားတွင် ရှန်ဒေါင်းဝပ်ဈေးအနီးအရောက်၌ မောင်ကျော်ဖေတင်ထံမှ ဖုန်းလာပါသည်။ သံအမတ်ကြီး၏ဇနီးမှ ဘုရားလာဖူးပြီး ဘုရားပင့်ရန် လျှောက်ထား၍ လိုအပ်သည်များပြောဆိုတိုင်ပင်ရန်လာမည်ဆို၍ ကျွန်ုပ်တစ်ဦးတည်းကွန်မွန်ဝပ်အိမ်သို့ အရင်ပြန်လှည့်လာပါသည်။ မိမိတစ်ဦးတည်း တရားမေ့များပူဇော်၍ ပြန်လာပါသည်။ မှတ်မိသမျှအတိုင်း ဓာတ်လှေကားကို ကိုယ်တိုင်နှိပ်၍ မိမိတို့တည်းရာအခန်းသို့ ရောက်လာပါသည်။ ကျွန်ုပ်တစ်ဦးတည်း တရားစာရွတ်ဆို၍ (၁၅) မိနစ်ခန့်အကြာ၌ မမအေး၊ မနွယ်နီ၊ မချယ်ရီကေသီတို့ ရောက်လာပါသည်။

မမအေးတို့ရောက်၍ နောက် (၁၅) မိနစ်ခန့်၌ သံအမတ်ကြီး၏ဇနီး ဒေါ်လင်းလင်း ရောက်လာပါသည်။ ဘုရားပင့်ရန် စီစဉ်ထားသော အစီအစဉ်များကို ပြောဆိုဆွေးနွေး၍ (၁၅) မိနစ်ခန့်အကြာ၌ ပြန်သွားပါသည်။ သစ်သီး (၉) မျိုး၊ ပန်း (၉) မျိုးအပြင် အုန်း၊ ငှက်ပျောပွဲများကိုလည်း ဖြစ်အောင်စီစဉ်၍ လှူဒါန်းမည့်အကြောင်း ပြောကြားသွားပါသည်။ သံအမတ်ကြီးဇနီး ပြန်သွား၍ မကြာမီ ကျွန်ုပ်တို့လည်း ကွန်မွန်ဝပ် MRT ဘူတာရုံသို့သွားရောက်ကာ မီးရထားစီးကာ ပင်နယ်စူလာခေါ် သော မြန်မာလူမျိုးများဆုံစည်းရာ ဈေးဆိုင်ကြီးဆီးသို့ သွားကြပါသည်။ ပထမဦးဆုံး MRT စီးနင်းဖူးခြင်း ဖြစ်ပါသည်။ တစ်မှတ်တိုင်ပြီး တစ်မှတ်တိုင် ခရီးသည်များ ဆင်းလိုက် တက်လိုက်ဖြင့် ဘဝသံသရာသီးချင်းကို အမှတ်ရမိတော့သည်။ ပင်နီစူလာ၌



www.burmeseclassic.com

www.burmeseclassic.com

လက်ဆောင်ပစ္စည်းများ ဝယ်ယူကာ ညနေ (၆) နာရီခန့်တွင် အိမ်သို့ ပြန်လာကြပါသည်။(၇)နာရီခန့်တွင် မောင်ကျော်တိုတိုမှ ကားနှင့်လာ၍ပင့်ပါသည်။ ဂျူးဒေါင်းအီးခေါ် ရှော့ပင်းစင်တာကြီးဆီသို့ ရောက်သွားပါသည်။ ထိုဆိုင်၌လည်း (၈) နာရီခန့်မှစ၍ (၁၀) နာရီအထိ ကြာသွားခဲ့ပါသည်။ အပြန်၌ မောင်ကျော်ဖေတင်တို့က မောင်ကျော်ကိုကို-မစန်းယုဝါတို့အား ထမင်းကျွေးပါသည်။

ငှင်းတို့ ထမင်းစားနေစဉ် မိမိအိမ်သို့ ဧည့်သည်များ ရောက်လာပါသည်။ ကျွန်ုပ်နှင့် မနွယ်နီတို့က ပစ္စည်းများစီစဉ်နေရာချနေစဉ်မှာ မမအေးက ဧည့်သည်များကို ဘုရားသမိုင်းအကြောင်း ရှင်းပြနေပါသည်။ ဧည့်သည်များ ပြန်သွားသောအခါ ည (၁၁) နာရီကျော်နေပေပြီ။ ကျွန်ုပ်သည် လုပ်ငန်းများမပြတ်သေး၍ ပုတီးစိပ်ခြင်း၊မဟာသရဏဂုံ၊အစိန္တေယျဘုရားရှိခိုးကြီးများပူဇော်ခြင်း၊ ဘုရားဝတ်ပြုခြင်း၊ မေတ္တာပို့သခြင်းများကို ဆောင်ရွက်ပြီး ဤမှတ်တမ်းကို ရေးပါသည်။ ဤမှတ်တမ်းကြီး ရေးပြီးချိန်သည် ည (၁း၃၀) အချိန် ဖြစ်နေပါပြီ။ မကြာမီ အိပ်ရာဝင်တော့မည်။ မိမိ၏ ရုပ်နာမ်ခန္ဓာနှင့်တကွ တစ်ကမ္ဘာလုံးကို ရုပ်နာမ်ဖြတ်သုံးပါးထံ အပ်နှံ၍ အိပ်ရာဝင်တော့မည် ဖြစ်ပါသည်။

၂၅-၈-၂၀၁၁၊ ကြာသပတေးနေ့။

ယနေ့ထွင် နံနက် (၉း၃၀) တွင် ဘုရားရှင်အား နေ့ဆွမ်းကပ်ပါသည်။ နေ့လယ်ပိုင်း ဘယ်မှမသွားပါ။ ပရိတ်ရွတ်၊ ပဋ္ဌာန်းရွတ်၊ တရားစာများ ပူဇော်ခြင်းများဆောင်ရွက်ပါသည်။ မမအေးနှင့်မနွယ်နီတို့ခေတ္တနားနေစဉ် နေ့လယ် (၃) နာရီခန့်၌ ကျွန်ုပ်သည် ရေနွေးအိုးများတည်ခြင်း၊ အမှိုက်ခြင်းထဲမှ ကြွပ်ကြွပ်အိတ်များကို ထုပ်၍ထုပ်၍ အမှိုက်ခွန်သည့် အပေါက်မှသွန်ချပေးခြင်းများကို ပြုလုပ်ပါသည်။ ရေနွေးကျက်သည်နှင့် မာတ်ဘူးကြီးအတွင်း ထည့်ထိုက်ရာ ကော်ဖီဖျော်ပြီးသားထည့်ထားသည့်အတွက် ကော်ဖီများပြည့်လျှံတက်လာပါသည်။ အမှိုက်ပစ်ထားကြောင်း နွယ်နီနှင့်မမအေးကိုပြောပြသောအခါ ကြွပ်ကြွပ်အိတ်များမှာ အမှိုက်ခြင်းတွင်ခွပ်ထားပြီး အမှိုက်ပစ်ရန် ဆောင်ထားသောအိတ်များဖြစ်ကြောင်းသိရပေသည်။ ကျွန်ုပ်သည် ဘုရားတရားအလုပ်များသာ လုပ်နေကျဖြစ်၍ အိမ်ထောင်မှုလုပ်ငန်းများကို မဆောင်ရွက်တတ်သောကြောင့် ကူညီရာမရောက်ဘဲ ရယ်စရာဖြစ်နေပေတော့သည်။ မီးရထားလမ်းမှာ ကားမမောင်းတာဘဲ ကောင်းပါသည်။ နောင်မိမိ၏အလုပ်ကိုသာလုပ်ပေတော့မည်။

ညပိုင်း (၈) နာရီခန့်တွင် မောင်ကျော်ကျော် ပြန်လာပါသည်။ မောင်ကျော်ကျော်မှ ဘတ်(စ်)ကားဖြင့် ရှော့ပင်းစင်တာကြီးတစ်ခုသို့ ပို့ပေးပါသည်။ ဘတ်(စ်)ကား စီးဖူးသွားပြန်ပြီ ဖြစ်ပါသည်။ မောင်တင်အောင်ဝင်း မှာလိုက်သော စကားများကို ပြန်၍ကြားနေမိပါသည်။ စင်ကာပူသို့ဘုရားကြွလျှင် MRT ဘယ်လိုစီးရမည်။ ဘတ်(စ်)ကားဘယ်လိုစီးရမည်။ ဘာတွေတွေ့ရမည်။ ဘယ်လိုနေထိုင်ပါ စသဖြင့် မှာကြားလိုက်သည်များကို ပြန်၍ကြားယောင်မိပါသည်။ နောက်တစ်ခေါက် မောင်တင်အောင်ဝင်းပါဝါလျှင်ကောင်းပါလိမ့်မည်။ မောင်ကျော်ကိုကို-မစန်းယုဝါတို့ မအားလပ်၍ ယနေ့လိုက်မပို့နိုင်ပါ။

Chaichee Street, Block (42), 07.66. Bedok မှ မောင် တင်အောင်ဝင်း၊ သူငယ်ချင်း မအေးစန္ဒာနှင့် သူငယ်ချင်းများမှ ပင့်ဆောင်ပါသည်။ ညနေပိုင်း (၇း၃၀) ခန့်တွင် မဇကာရီလွင်နှင့် သူငယ်ချင်း မောင်ဟိန်းထက်တို့က ဘုရားကြီးကို ပင့်ဆောင်သွားပြီး ကျွန်ုပ်တို့က မောင်ကျော်ကျော်နှင့် ရှော့ပင်စင်တာတို့သွားပါသည်။ ည (၁၀) နာရီခန့်တွင် Bedok သို့ ရောက်ပါသည်။ ဗိုလ်တထောင်မှ ဦးကျော်ဇော-ဒေါ်လှလှဝင်းတို့ ရောက်နေပါသည်။ ဘုရားအကြောင်း မေးမြန်းကြ၍ ပင်ပန်းသော်လည်း စိတ်ရှည်စွာ ရှင်းပြပေးလိုက်ပါသည်။ ဘုရားကန်တော့၊ ပုတီးစိပ်၊ တရားထိုင်ပြီး ယခုမှတ်တမ်းရေးပြီးချိန်တွင် ည (၁) နာရီထိုးပြီ ဖြစ်သည်။ မကြာမီ၌ ကျွန်ုပ်အိပ်ရာဝင်ပေတော့မည်။

၂၆-၈-၂၀၁၁၊ သောကြာနေ့။

ယနေ့ ကျွန်ုပ်တို့ နံနက် (၆း၃၀) ခန့်တွင် အိပ်ရာထပြီး ဘုရားရှင်အား ဆွမ်းကပ်၊ ကျွန်ုပ်တို့ဆွမ်းစားပါသည်။ မအေးစန္ဒာနှင့် သူငယ်ချင်းများ နံနက်စောစောထ၍ ဆွမ်းများချက်ပြုတ်ကြသည်။ ဘုရားရှင်အား (၇) ရက်သားသမီးအလှူငွေ (စင်ကာပူငွေ) (၇၃၆) ရရှိပါသည်။ မအေးစန္ဒာနှင့် သူငယ်ချင်းများ တော်ကြပါသည်။ ရသခိုက်အချိန်လေး၌ တရားမှတ်၊ ပရိတ်ပူဇော်၊ ပုတီးစိပ် ကုသိုလ်များပြုကြပါသည်။ နံနက်(၈း၃၀) ခန့်တွင် ငှင်းတို့၏မိတ်ဆွေ မောင်ဝေဖြိုး၏ကားဖြင့် မဇကာရီလွင်မှ ဘုရားရှင်အားမောင်ကျော်ဖေတင်တို့အိမ်သို့လိုက်ပို့ပေးပါသည်။ နံနက် (၉း၃၀) ခန့်တွင် ကျော်ကျော်တို့အိမ်သို့ ရောက်ပါသည်။ ကားဆရာမှ မျက်စိလည်သွားသောကြောင့် တိုက် (၄၄) မရောက်ဘဲ တိုက် (၈၀) ကျော်များသို့ ရောက်သွားသောကြောင့် နာရီဝက်ခန့် အချိန်ပိုကြာသွားပါသည်။ ကျော်ကျော်၏အိမ်၌ ဆွမ်းကပ်ပါသည်။ မစန္ဒာတို့ချက်၍လှူလိုက်သည့် ဆွမ်း၊ ဆွမ်းဟင်းများနှင့် ကပ်ပါသည်။ နေ့လယ်ခင်း၌ တရားမွှများ ပူဇော်ပြီး ခေတ္တနားပါသည်။ ညနေ (၇) နာရီခန့်၌ မောင်ကျော်ဖေတင် ပြန်ရောက်လာပါသည်။ ကွန်မွန်ဝပ်၊ တိုက် (၅၇)၊ အလွှာ (၃)၊ အခန်း (၂၀၅) ဖြစ်၍ ဘုရားရှင်အား ကုန်းကြောင်းလျှောက်၍ပင့်ခဲ့ကြသည်။ မောင်ကျော်ကျော်၏တိုက်နှင့် မဝေးလှပါ။ ဘုရားရှင်အား နေရာတော်ချထား၍ ပန်းတော်၊ ရေတော်၊ အလင်းရောင်များ ဆက်ကပ်ပြီး မောင်ကျော်ကျော်မှ ဆန်တိုဇာခေါ် သောဒေသသို့ ကောင်းကင်ကေဘယ်ကြိုးကားဖြင့် စီးနင်း၍ လိုက်ပို့ပေးပါသည်။ စင်ကာပူရောက်နေသည်မှာ (၃)၊ (၄)နှစ် ကြာပြီဖြစ်သော်လည်း ကျွန်ုပ်တို့လာမှ စီးဖူးသည်ဟု ပြောပြပါသည်။ အပြန်၌ Vivo City နှင့် ဖေဟာဖရန့်စတိုးဆိုင်ကြီးတွင် ခေတ္တဝင်ရောက်ကြည့်ရှုပါသည်။ ကောင်းကင်ကားကို မနေ့က အောက်မှ မျှော်ကြည့်ရှုခဲ့ရာ ယနေ့၌ လက်တွေ့စီးနင်းခဲ့ရပါသည်။ လှပသော ရှုခင်းရှုကွက်များဖြင့် လူများလာချင်စိတ်ပေါက်ရန် တန်ဆာဆင်ထားသော ဥယျာဉ်ပန်းမန်ရေပန်းများကိုကြည့်ရှု၍ စိတ်ထဲ၌ မရောက်ဘူးသောဒေသဖြစ်၍ အတွေ့အကြုံသစ်တစ်မျိုး ခံစားရပါသည်။ သို့သော် ဘယ်အရာမျှ မတည်မြဲသောလောကနိယာမတရားကို သိရှိထားပြီး ဖြစ်ပါသည်။ အားလုံးသည် မမြဲသောတရားများ၊ ပြောင်းလဲနေသောတရားများနှင့် ယခုတွေ့ကြုံကြရသော အတွေ့အကြုံများသည် သံသရာတစ်လျှောက် ဖန်တလဲလဲ ကြုံတွေ့ခဲ့ကြရပြီး သံဝေဂမယူမိခဲ့ဘဲ ပျော်ရွှင်စရာအစစ် မဟုတ်သည်ကို စွဲလမ်းမိခဲ့ကြ၍ သံသရာရှည်နေသည်ဟု အောက်မေ့ဆင်ခြင်မိပါသည်။ တွေ့သမျှ ကြုံသမျှ (၇) ရက်သားသမီးများ ကျန်းမာ၊ ချမ်းသာ၍ ဘေးဘယာများ ဝေးကွာစေကြောင်း မေတ္တာရေလောင်း



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ည (၁၀) နာရီခွဲ မဇာခြည်ဦး၏ အိမ်သို့ပြန်ရောက်ပါသည်။ မောင်ကျော်ဖေတင်လေးမှာ ဝတ္ထုရားတွေ့ပွန်လှ၍ အလိုက်သိလိမ္မာသောကြောင့် ဝမ်းသာပီတိဖြစ်ရပါသည်။ မနွယ်နီသည် မနက်ဖြန်၌ မြန်မာပြည်သို့ ပြန်မည်ဖြစ်၍ ကျော်ကျော်တို့အိမ်သို့ ပြန်အိပ်ပါသည်။ မောင်ကျော်တို့ကို-မစန်းယုဝါတို့လည်း မနက်ဖြန် မြန်မာပြည်ပြန်ကြပါမည်။ မောင်ကျော်ဖေတင်တို့နှင့်အတူ အိမ်ငှားနေသော ဆွေဆွေဆက်နိုင်လည်း အိမ်ပြန်မည်ဖြစ်၍ လေယာဉ်ကွင်းသို့ အတူဆင်းကြပါမည်။ ယခုမှတ်တမ်းမဲရေးမီ ဘုရားရှင်အား ပူဇော်ကန်တော့သည့် ဝတ်ရွတ်စဉ်အား အကုန်ပူဇော်ပြီးသွားပါသည်။ ယခု မှတ်တမ်းရေးပြီး၍ ပုတီးစိပ်ပြီးလျှင် ကျွန်ုပ် အိပ်ရာဝင်ပေတော့မည်။ ကျွန်ုပ်၏ နေ့စဉ် သာသနာရေး ကုသိုလ်စရဏတရားများကို အေးချမ်းစွာ ဆောင်ရွက်နိုင်ရန် ပါရမီဖြည့်ကြသည့် ရွှေကူဘုရားရှင်ကြီးအား ပင့်ဆောင်သူ၊ ဖူးမြော်သူ၊ လှူဒါန်းကြသူ ဒါယကာ၊ ဒါယိကာမများအားလုံးကို အထူးသာဓုခေါ်၍ အထူးမေတ္တာပို့သအပ်ပါသည်။ ကျွန်ုပ်တို့ ပြုသမျှကုသိုလ်များကို ထပ်တူထပ်မျှရရှိကြ၍ အစစအရာရာအဆင်ပြေတိုးတက်အောင်မြင်ကြပါစေဟု မေတ္တာတုံ့ပြန်ဆုတောင်းပေးပါသည်။

၂၇-၈-၂၀၁၁ ရက်နေ့။

မဇာခြည်ဦးနှင့် မချိုမာဝင်း သူငယ်ချင်းနှစ်ဦး ထ၍ဆွမ်းများချက်ကြသည်။ ဘုရားရှင်အား (၇) နာရီခန့်၌ ဆွမ်းကပ်ပါသည်။ နံနက် (၇း၃၀) တွင် ကျော်ကျော်မှ လှမ်း၍ ဖုန်းဆက်ပြီး လေယာဉ်ကွင်းသို့ ဆွေဆွေနှင့် မနွယ်နီအား လိုက်ပို့ကြောင်း လှမ်းပြောသဖြင့် စောစီးစွာ နိုးရပါသည်။ အိပ်ရာထဲ၌ ခေတ္တနားပြီးမှ မျက်နှာသစ်၊ ခြေလက်မျက်နှာသန့်စင် အဝတ်လဲပါသည်။ (၇)နာရီခန့် ဆွမ်းကပ်ပြီး ဆွမ်းစားတာရေစက်ချပေးပါသည်။ (၈း၃၅) ခန့်၌ သံအမတ်ကြီး ဇနီးမောင်နှံ ဘုရားလာ၍ပင့်ပါသည်။ သံအမတ်ကြီးအိမ်သို့ နံနက် (၉း၃၀)ခန့်တွင် ရောက်ပါသည်။ နေ့ဆွမ်းကို (၁၁း၃၀) တွင် ကပ်ပါသည်။ ကျွန်ုပ်တို့ ဆွမ်းစားပြီး ခဏနားကာ စင်ကာပူနိုင်ငံ မြန်မာသံရုံးသို့ ဘုရားရှင်အား ပင့်ဆောင်သည်။ သံရုံး၌ သံရုံးဝန်ထမ်းများရောက်ရှိနေကြပါသည်။ သံအမတ်ကြီး ဦးတင်ဦးလွင်-ဒေါ်လင်းလင်းတို့ ဦးဆောင်၍ ဘုရားခန်းကြီးအတွင်း၌ ပူဇော်ထားသော မြန်မာပြည်မှပင့်လာသည့် ကြေးသွန်းဘုရားကြီးနှင့် ကျွန်းတနုတ်ပလ္လင်ကြီးကို လည်းကောင်း၊ ရှင်သိဝလိ၊ ရှင်ဥပဂုတ္တရဟန္တာများကို လည်းကောင်း ဖူးမြော်ခဲ့ရပါသည်။ မြန်မာပြည်မှ တင်ပို့လာသော ပိဋကတ်သုံးပုံစာအုပ်များကို စားပွဲပေါ်၌ကြည်ညိုဖွယ်ရာဖူးခဲ့ရပါသည်။ ဓမ္မစေတီတော်များပင် ဖြစ်သည်။ ထိုဘုရားခန်းကြီးထဲ၌ ရွှေကူဘုရားကြီးအား ပင့်ဆောင်၍ တရားဓမ္မများဖြင့် ပူဇော်ခဲ့ကြပါသည်။ ကျွန်ုပ်တို့မှ သံအမတ်ကြီးတို့အား တရားဓမ္မစာရွက်များ လက်ဆောင်ပေးလိုက်ပါသည်။ ကျွန်ုပ်၏ ပဋ္ဌာန်းနဂါးစမ၊ နှစ်သစ်ကူးဓမ္မဒါနစာရွက်၊ တံပြုပြင်ဆုတောင်းတို့ ဖြစ်ပါသည်။ အစိန္တေယျ ဘုရားရှိခိုးကြီးကို သံအမတ်ကြီးမှ အသံထွက်၍ပူဇော်ပါသည်။ ကျွန်ုပ်တို့ကဲ့သို့တိုင် ပူဇော်မည့်သူအား လက်ဆောင်ပေးခွင့်ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ သံအမတ်ကြီး၏ရုံးခန်းအတွင်း၌ ဘုရား၊ ရဟန္တာများပင့်၍ တရားဓမ္မများဖြင့် ပူဇော်ပါသည်။ သံမှူးကြီး ကျော်စိုးထွန်း၏အခန်းသို့လည်း ပင့်ဆောင်၍ ပူဇော်ပါသည်။ သံရုံးတစ်ရုံးလုံးအန္တရာယ်ကင်းရှင်းစေရန် အခန်းတော်တော်များများသို့ ပင့်ဆောင်ပူဇော်ပါသည်။

သံအမတ်ကြီး ဤနိုင်ငံရောက်မှ သံရုံးတွင် ပျက်စီးယိုယွင်းသည်များကို ပြုပြင်ခြင်း၊ မရှိသေးသော လိုအပ်ချက်များဖြည့်ဆည်းပေးခြင်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်ပေးနေသည်ကို ဝမ်းမြောက်ဖွယ် တွေ့ခဲ့ရပါသည်။ သံရုံးလာသော လူများ၏ လိုအပ်ချက်များကို စေတနာအပြည့်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို သာဓုခေါ်ပါသည်။ သံအမတ်ကြီးမိသားစုနှင့်တကွ သံရုံးဝန်ထမ်းမိသားစုများ၊ သံရုံးနှင့် ပတ်သက်ဆက်နွယ်နေသော ရဟန်းရှင်လူများ ဘေးရန်ကင်းကွာ အောင်မြင်သာယာကြပါစေဟု မေတ္တာပို့သပါသည်။ သံရုံးမှ ညနေပိုင်း (၆) နာရီခန့် ပြန်ရောက်ပါသည်။ အခန်းတွင်း၌ ခေတ္တနားပြီး ဤမှတ်တမ်းကို ရေးပါသည်။

၂၈-၈-၂၀၁၁ ရက်နေ့။

ယနေ့နံနက် (၈း၁၅) မှ အိပ်ရာနိုးပါသည်။ ဒေါ်လင်းလင်းမှ ဘုရားရှင်အား နေ့ဆွမ်းကပ်ပြီးကြောင်းနှင့် နိုးပြီဆိုလျှင် နံနက်ဆွမ်းစားဖို့ရန်ပြောပါသည်။ ဤနေ့တစ်နေ့လုံး ဘယ်မှမသွားပါ။ ကြာသပတေးနေ့တွင်ပင့်မည့် ရဲရင့်စားသောက်ဆိုင်မှ ထောပတ်ဆွမ်းနှင့် ဆွမ်းဟင်းများချက်လာ၍ သံအမတ်ကြီးမိသားစုနှင့်အတူ ဆွမ်းကပ်ပါသည်။ နေ့လယ် (၁၁း၃၀) မှ ဆွမ်းစကာပ်ရသောကြောင့် ကျွန်ုပ်တို့ ဆွမ်းစားချိန်မှာ (၁၀) မိနစ်ခန့်သာရပါသည်။ အားလုံးမှတစ်ထိုင်တည်းဆိုလျှင် (၁၂) နာရီ ကျော်ရင်ရသည်ဆိုသော်လည်း (၁၂) နာရီထိုးသည်နှင့် ဆွမ်းစားခြင်းကို ရပ်လိုက်ပါသည်။ ဆွမ်းစားပြီးချိန်မှစ၍ ဘုရားစာများ ရွတ်ဖတ်သရဇ္ဈာယ်ပါသည်။ နေ့ (၁) နာရီခန့်တွင် ခေတ္တနားပါသည်။ ညနေ (၃) နာရီခန့်တွင် အိပ်ရာမှနိုး၍ ဘုရားခန်းသို့ တက်တာ ပုတီးစိပ်၏။ ဘုရားစာပူဇော်ခြင်းများ ဆက်လက် ဆောင်ရွက်ပါသည်။ ဒေါ်လင်းလင်းနှင့် သားသမီးနှစ်ဦး မြန်မာပြည်သို့ မနက်ဖြန်တွင် ခေတ္တပြန်ကြမည်ဖြစ်၍ လက်ဆောင်ပေးရန် ဈေးဝယ်သွားကြပါသည်။ ကျွန်ုပ်သည် (၅) နာရီအထိ ဘုရားစာများ ရွတ်ဖတ်ပြီး အခန်းသို့ ပြန်လာသောအခါ မမအေးမှာ ခေါင်းမူးနေပါသည်။ သားငယ်လေး စွမ်းပြည့်မောင်မောင်မှာ ကျွန်ုပ်တို့ကို အလွန်ခင်နေပါသည်။ ကျွန်ုပ်တို့အခန်း၌ လာ၍ဆော့ကစားနေပါသည်။ ကျွန်ုပ်တို့အတွက်သုပ်ပေးထားသော ကြက်သွန်နီသုပ်ကိုလည်းစားပါသည်။ ကလေးစားသည့်အစားမဟုတ်ဘဲ နှစ်သက်စွာစားသုံးနေသည်ကိုတွေ့ရ၍ အံ့ဩမိပါသည်။ ကလေးမှာ ရေနွေးကြမ်းကိုလည်းကြိုက်သည်ကို တွေ့ရပါသည်။

သံအမတ်ကြီးဇနီးမောင်နှံအတွက် ပရိတ်ကြိုးစလွယ်၊ ပရိတ်ကြိုးဆွဲကြိုးနှင့် ဣစ္ဆာသယလွယ်အိတ်များလက်ဆောင်ပေးလိုက်ပါသည်။ ဤမှတ်တမ်းရေးနေချိန်၌ ညပိုင်းဘုရားဝတ်မပြုရေးသေးပါ။ ဘုရားဝတ်ပြုရန်မသွားမီ မမအေးမှာ ချာချာယမ်းအောင် မူးနေသဖြင့် ဒေါ်လင်းလင်းမှ ဝင်လာ၍ ဆေးခန်းသွားရန်အကြံပြုပါသည်။ သံအမတ်ကြီးလည်း ဝင်လာ၍ နေ့ခင်းမှ ဘုရားလာဖူး၍ ဆွမ်းကပ်သွားသော ကိုသားငယ် - မစုစုတို့နှင့် မောင်ကျော်ဖေတင်တို့ကို လှမ်း၍ဖုန်းဆက်ခေါ်ရပါသည်။ နာရီဝက်ခန့်အတွင်း ရောက်လာကြပြီး ဆေးခန်းသို့သွားရပါသည်။ ဆေးခန်း၌ (၁) နာရီနီးပါး စောင့်ရပါသည်။ နံပါတ်မှာ (၄၀)ဖြစ်ပြီး ရောက်နေသော နံပါတ်



www.burmeseclassic.com

www.burmeseclassic.com

မှာ (၂၂) ဖြစ်၍ (၁၈)ဦးစောင့်ရပါသည်။ စောင်းပြောရင်း စောင့်နေရာနေ မစုစုတို့မှာ ဒေါ် အေးအေးမြင့်တို့မိတ်ဆွေများဖြစ်နေပါသည်။ မမအေးကို ဆရာဝန်မှ စမ်းသပ်ရာ အားလုံး Normal ဖြစ်နေ၍ ဝင်ပန်းလွန်းသောကြောင့် ဖြစ်သည်ဟု မှတ်ချက်ပြုပါသည်။ ဆေးတစ်ကတ်ပေးလိုက်ပါသည်။ ဆေးခန်း၌ကောင်းနေသော်လည်း အိမ်ပြန်ရောက်သောအခါ ခေါင်းမူးသွားပြန်ပါသည်။ ဆေးခန်းသို့ မသွားမီ ကျွန်ုပ်သည် မမအေးကို သစ္စာရေလည်း တိုက်ထားပါသည်။ ခေါင်းပြန်မူးလာသဖြင့် ထံခါးပေါက်ကို ဖွင့်၍ ကျွန်ုပ်က အသံထွက်ကာ အော်ပြောလိုက်ပါသည်။ 'ဤစင်ကာပူမှာရှိကြသော မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်များနှင့် သာသနာစောင့်နတ်အပေါင်းတို့ - ကျွန်ုပ်တို့သည် ရွှေကူသာသနာပြန့်ပွားရန်အတွက် သာသနာပြုရန်လာကြသောသာသနာပြုအဖွဲ့ သံတမန်အဖွဲ့ ဖြစ်ပါသည်။ သာသနာတော်ကြီးပြန့်ပွားရေးအတွက် သာသနာ့တာဝန်နှင့် ရောက်လာသောကြောင့် ကျန်းမာချမ်းသာစေရန် မေတ္တာဖြင့် စောင့်ရှောက်တော်မူကြပါ။ မေတ္တာရပ်ခံပါသည်။ အားလုံးကို အမျှဝေပါသည်' ဟု အော်ပြောလိုက်ပါသည်။ မမအေး၏ဘဝဆက်ဆွေမျိုးများကိုလည်း အမျှဝေလိုက်ပါသည်။ ခဏနေလျှင် သက်သာသွားပါသည်။ ဘုရားခန်းသို့တက်၍ ဝတ်ပြုပြီး ထွက်သောတရားစာများကို အခန်းတွင်းမှာ မမအေးကိုစောင့်ရင်း ပူဇော်ရပါသည်။

၂၉-၈-၂၀၁၁ ရက်နေ့။

ယနေ့နံနက်၌ (၈း၁၅) မှ နိုးပါသည်။ မမအေးနေမကောင်းသဖြင့် စိတ်ပူရသည်ကတစ်ကြောင်း၊ ပင်ပန်းသည်ကတစ်ကြောင်းကြောင့် စောစောမနိုးပါ။ နိုးနိုးချင်း ဗန်းမော်ဆရာတော်ကြီး၏ ပဋ္ဌာန်းတရားကို နာရပါသည်။ သံအမတ်ကြီးမှာ ခေတ်ကြီးလေးပါး ဆွမ်းကပ်နေပါသည်။ ဒေါ်လင်းလင်းမှ နံနက်ဆွမ်းစားရန် လာပြောပါသည်။ ဆွမ်းစားနေစဉ်၌ မချယ်ရီ၏ အမျိုးသား ကိုကျော်သန်းမိုးထံမှဖုန်းဝင်လာပါသည်။ မိုးတွေရွာနေကြောင်း၊ လာပင့်နေပြီဖြစ်ကြောင်း "On the Way" ဟု ပြောလာပါသည်။ ကျွန်ုပ်တို့ ဆွမ်းစားမပြီးမီ ရောက်လာပါသည်။ ဆွမ်းစားအပြီး ရေစက်ချ ဆုတောင်း အမျှဝေပါသည်။ ရေစက်ချမိ၌ (၅) ပါးသီလကန်တော့ချိန်နှင့် ကန်တော့၍ မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ပါသည်။ သံအမတ်ကြီးမိသားစုမှာ ကလေးလေးကအစ မေတ္တာသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်များ၊ ဇယမင်္ဂလာဂါထာ၊ သားတောင်းရတနာဂါထာနှင့် တရားစာတော်တော်များများ အခြေခံကျကျ ရွတ်ဆိုနိုင်ခြင်း ဖြစ်ပါသည်။ လူကြီးများပင် လူတိုင်းမရကြသော တရားစာများကို ကလေးများပါ အလွတ်ရွတ်ဆိုနိုင်သည်မှာ ချီးကျူးဖွယ်ပင်။

ရေစက်ချ အမျှဝေပြီး ဘုရားရှင်အားလျှောက်ထားကာ ကိုကျော်သန်းမိုးတို့အိမ်သို့ ကြွတော်မူပါသည်။ သံအမတ်ကြီးတို့အိမ်မှ မာစီဒီးကားကြီးနှင့် ဘုရားရှင်အား လိုက်ပါပို့ဆောင်ပေးပါသည်။ ဝမ်းမြောက်စွာ သာဓုခေါ်ဖွယ်ပင် ဖြစ်သည်။ ဘုရားရှင်အား နေရာတော်များ ချထားပြီး လှူဖွယ်ဝတ္ထုများ လှူဒါန်းပေးပါသည်။ နေ့ဆွမ်းကို (၁၁း၁၀) တွင် ကပ်ပါသည်။ ထမင်းစားပွဲရှိခုံများပေါ်တွင် တဘက်စောင်အသစ်များခင်းပေး၍ သက်ရှိထင်ရှားကဲ့သို့ ဆွမ်းကပ်ပါသည်။ မမအေးမှာ ခေါင်းအနည်းငယ်မူးနေသေး၍အိပ်နေရပါသည်။ သံအမတ်ကြီးအိမ်၌လည်း နဂါးစာကျွေးခဲ့ပါသည်။ မချယ်ရီတို့အိမ်တွင်လည်း နဂါးစာကျွေးပါသည်။ နေ့လယ်ဘက်ခဏအနားယူ အိပ်စက်ပါသည်။ ညနေပိုင်း (၂) နာရီခန့်မှစ၍ တရားဓမ္မများနှင့် ပူဇော်ပါသည်။ မချယ်ရီ၏ မောင်နှမဝမ်းကွဲများ လာကြပါသည်။ အောင်အောင်၊ မောင်မောင်တို့သည် ၎င်းတို့၏ မိန်းကလေးများနှင့် ဘုရားလာဖူးပါသည်။ မိဘမျိုးရိုးမှာ ရတနာသုံးပါးကိုင်းရှိုင်းသူများဖြစ်၍ ပြောရဆိုရသည်မှာအဆင်ပြေပါသည်။ မောင်ကျော်ဖေတင်လေးလည်း ရောက်လာပါသည်။ အန်တီအေး နေကောင်းသွားပြီလားဟုမေးပါသည်။ အင်တာနက်တွင်တင်ထားသော ဘုရားပုံတော်များကိုဖွင့်ပြ၍ ဖူးမြော်ရပါသည်။ ဘုရားဖူးများမှာလည်း ဝမ်းသာကြည်နူးနေကြပါသည်။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့်သာ ယခုကဲ့သို့ နိုင်ငံရပ်ခြားတိုင်းပြည်တွင် ရွှေ ငွေအစုံအလင် မတိုင်မီ၊ စလွယ် အပြည့်အစုံနှင့် ဘုရားရှင်အား ပလ္လင်တော်နှင့်တကွ ပင့်ဆောင်လာနိုင်ခြင်း ဖြစ်ပေသည်ဟု ပြောဆိုနေကြပါသည်။

ဘုရားရှင်၏ ပြောင်းလဲသွားသော မျက်နှာတော်များကို ဖူးမြော်ကြည်ညို၍ စင်ကာပူရောက်မြန်မာများ ဝမ်းသာကြည်နူးနေကြပါသည်။ ၎င်းတို့အား ကြည့်၍ ကျွန်ုပ်လည်း ကြည်နူးပီတိ ဖြစ်ရပါသည်။ မိမိ၏ နေ့စဉ်လုပ်ငန်း စရဏတရားများကိုလည်း ဆောင်ရွက်ရင်း၊ ဘုရားဖူးများကိုလည်း ရှင်းပြရင်းနှင့် ကျွန်ုပ်အိပ်ချိန်မှာ ထုံးစံအတိုင်း (၁၂) နာရီ (၁) ချက်ပေါက်သည်သာ ဖြစ်ပါသည်။

၃၀-၈-၂၀၁၁ ရက်နေ့။

ယနေ့နံနက်တွင် မောင်အောင်အောင်နှင့် မမျိုးမျိုးတို့မှ အတူဆွမ်းကပ်လို၍ မကေသီတို့နှင့်အတူ ပလာတာဆွမ်းကပ်ကြပါသည်။ ရိုသေလေးစားစွာ တရားများကို နာယူကြပါသည်။ နဂါးစာ ဒါနကျွေးပါသည်။ နဂါးဆက်ကလေးများ ဖြစ်နေပါသည်။ မုန့်ဆွမ်းစားနေစဉ် မဆွေနှင့်သူငယ်ချင်းမတို့ ဘုရားလာ၍ ပင့်ပါသည်။ (၈) နာရီခွဲခန့်တွင် ကြွပါသည်။ (၉) နာရီတွင် မဆွေတို့အိမ်သို့ ရောက်ပါသည်။ ဦးခင်မောင်ထွန်း၊ သမီးနွေးနွေးတို့ ဝမ်းပန်းတသာ ကြိုဆိုကြပါသည်။ ၎င်းတို့၏ မိတ်ဆွေများ လာ၍ ဖူးမြော်ကြပါသည်။ ဧည့်သည်များကို ကြာဆံချက်ကျွေးပါသည်။ မဆွေကိုယ်တိုင် ချက်ပြုထားသည်။ ဘုရားရှင်အား လှူဒါန်းထားသော သောက်တော်ရေများဆူပါသည်။ နေ့ဆွမ်းစားအပြီး၌ ကျော်ကျော်နှင့် ဇာခြည်တို့ လာခေါ်၍ ကွန်ပျူတာဝယ်ရန် ပင်နီဆူလာနှင့် ဗီဆိုတို့သို့ သွားပါသည်။ ပင်နီဆူလာမှ ကွန်ပျူတာဝယ်ပါသည်။ Dell က စက်ဖြစ်ပါသည်။ စင်ကာပူငွေ (၇၉၉) ကျပ်ပေးရပါသည်။ ဗီဆိုမှ မသဇင်ဦးနှင့် မဥမ္မာတို့မှာလိုက်သော ဟန်းဆက်ဝယ်ပါသည်။ မြန်မာငွေ (၁) သိန်း (၉) သောင်းနှင့် (၁) သိန်း (၇) သောင်းကျပါသည်။ မြန်မာပြည်ရောက်မှ ရှင်းပေးကြမည် ဖြစ်ပါသည်။ လက်ဆောင်ပေးရန် ပစ္စည်းအနည်းငယ်ဝယ်၍ပြန်လာကြပါသည်။ MRT အသွား(၂)ဆင့် အပြန် (၂) ဆင့်စီးရပါမည်။ အပြန်၌ ညနေ(၅)နာရီခွဲနေပေပြီ။

ဘုရားရှင်အား ပင့်ဆောင်ရန် တီချယ်ကြူတို့မိသားစုရောက်နေကြပေပြီ။ စင်ကာပူရောက်မြန်မာများ စည်းလုံးညီညွတ်ကြပါသည်။ ဘုရားရှင်သည် ကြွခါနီး၌ မဆွေတို့၊ ဦးခင်မောင်ထွန်းတို့အိမ်၌ မျက်လုံးတော်သီသာစွာပွင့်တော်မူပါသည်။ လှူဒါန်းထားသောရေများလည်း နံနက်ခင်းကတည်းက ဆူဝေပါသည်။ ည (၈) နာရီခန့်တွင် တီချယ်ကြူ

www.burmeseclassic.com

တို့အိမ်ရောက်ပါသည်။ ဈေးဝယ်သွားစဉ်က မမအေးမှာနေမကောင်း၍မလိုက်နိုင်ပါ။ တီချယ်ကြူးတို့အိမ်ရောက်သောအခါ၌ ဧည့်သည်များ များစွာရောက်နေကြပေပြီ။ ဘုရားသမိုင်းကြောင်းကိုသုရဋ္ဌ၌ဖတ်ရှုပြီးထားသောသူများလည်းပါဝင်ပါသည်။ အင်မတန်ကြည်ညိုကြပါသည်။ ကျွန်ုပ်မှာ တစ်နေကုန်ပင်ပန်းထားပြီး ဘုရား၊ ရဟန္တာများနေရာတော်ချပြီးသည်နှင့် အိပ်ရာထဲ၌အိပ်နေရပါသည်။ ည(၁၀)နာရီခန့်တွင် ပြန်နိုးလာ၍ ဘုရားခန်းဝင်ပါသည်။ ဧည့်ပရိသတ်ကို တရားရေအေး တိုက်ကျွေးပြီး တရားဓမ္မဒါနပြုပါသည်။ ကျွန်ုပ် ဘုရားတန်ဆောင်မှ တွေ့ရသောသူများမှာ ဝမ်းသာနေကြပါသည်။ တီချယ်ကြူးမှ မယ်တော်ကြီး နသီနေစဉ်က လာသွားသောသူများ မယ်တော်ကြီးနှင့် မဆုံလိုက်ရကြောင်း၊ ယခု မယ်တော်ကြီးထွက်လာမှ တွေ့ရသူများ ဝမ်းထူးကြောင်းပြောနေပါသည်။

ဘုရားရှင်အား အင်မတန်ကြည်ညိုသောတရားဓမ္မများနှင့် အမြဲရွတ်ဖတ်ပူဇော်နေသော သားတစ်ယောက်နှင့် တွေ့ပါသည်။ ၎င်းသည် အလုပ်မရှိသေးစဉ်ကာလ၌ ဂရိတ်၊ ပဋ္ဌာန်းများပူဇော်၍ ဆီမီး(၅)ခွက်၊ ရေတော်(၅)ခွက် အမြဲပူဇော်၍ တရားဓမ္မများဖြင့် ပူဇော်၍ အလုပ်မှာ ရက်ပိုင်းအတွင်းရရှိကာ သူငယ်ချင်းများ အလုပ်ရရေးကိုလည်း ၎င်း၏စရဏနှင့်ကူညီနိုင်ကြောင်း ပြောပြပါသည်။

၎င်း၏အိပ်မက်ကိုလည်း ပြောပြပါသည်။ ဤဘုရားမဖူးမီည၌ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ အမျိုးသမီး (၂) ဦးမှ ခေါ်ဆောင်၍ ငါးဟင်းနှင့် ထမင်းကျွေးသည်ဟု မက်ကြောင်း ပြောပြပါသည်။ ကျွန်ုပ်က ၎င်းအိပ်မက်မှ ဤဘုရားရှင်ထုလုပ်မည့်သစ်ပင်ဖြစ်ကြောင်းနှင့် အမျိုးသမီး(၂)ဦးမှာ ကျွန်ုပ်တို့ ညီအစ်မ ဖြစ်ကြောင်း ငါးဟင်းနှင့် ထမင်းကျွေးသည်မှာ အနန္တငါးပါးဦးထိပ်ထား၍ ငါးပါးသီလမြဲမြံရမည်ဟု ဆိုလိုကြောင်း ရှင်းပြလိုက်ရပါသည်။ အန်တီကြူးတို့မိသားစုမှာ ဝတ္တရားကျေပွန်လှပါသည်။ ဘုရားရှင်ကိုလည်း အင်မတန်ကြည်ညိုလှသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

၃၁-၈-၂၀၁၁ ရက်နေ့။

အန်တီကြူးတို့အိမ်မှ နေ့လယ်ပိုင်းတွင် မောင်ကျော်ကိုကို၊ မောင်မျိုးတို့နှင့်အတူ လိုအပ်သည်များကို သွား၍ဝယ်ယူကာ ညနေ (၄း၃၀) ခန့်တွင် ၎င်း၏ကားနှင့်ပင် မြို့ထဲသို့ ပတ်၍ တရားဓမ္မများဖြင့် ပူဇော်ပါသည်။ (၆း၃၀) ခန့်တွင် ကိုသားငယ်မစုစုတို့အိမ်သို့ ဆိုက်ရောက်ပါသည်။ ဘုရားရှင်အား နေရာတော်ချထားပါသည်။ မစုစုသည် ပလာတာနှင့်စားရန် မြန်ဆန်စွာ ဟင်းချက်၍ မောင်ကျော်ကိုကိုတို့အား ကျွေးမွေးပါသည်။ ည.(၈) နာရီကျော်နေ၍ စန်းယုဝါလေးမှာ အိမ်ပြန်ရောက်လာပြီးတော့ မရှိ၍ စောင့်နေကြောင်း ဖုန်းဝင်လာသဖြင့် ကမန်းကတန်းပြန်သွားပါသည်။ အခန်းထဲ၌ ခေတ္တနားပါသည်။

သံအမတ်ကြီးမှာ ဘုရားလာဖူးရာ မျှတ်စိလည်နေ၍ ကျွန်ုပ်၏ဖုန်းကိုခေါ်၍ မစုစုအားလမ်းကြောင်းမေးပါသည်။ ယာဉ်မောင်းမစွတာထိုမှာ မစုလမ်းညွှန်သည်ကို နားမလည်၍ သံအမတ်ကြီးတို့ လမ်းညွှန်မှသာ ရောက်ရှိလာပေတော့သည်။ စင်ကာပူလူမျိုးများလည်းလာ၍ ဖူးကြပါသည်။ ဘုရားရှင်အား ဓာတ်ပုံရိုက်ကူးပူဇော်ရာ ဘုရားရှင်မှာ ပြုံးတော်မူနေကြောင်း တွေ့ကြရ၍ ဝမ်းမြောက်နေကြပါသည်။ ကျွန်ုပ်တို့မှာလည်း ပုတီးစိပ်၊ တရားထိုင်၍ ည(၁၂)နာရီထိုးသွားပါသည်။ သံအမတ်ကြီးမှာ အတော်ကြာအောင်နေပြီးမှ ပြန်သွားပါသည်။ ကျွန်ုပ်တို့ တရားထိုင်နေ၍ နှုတ်မဆက်လိုက်ရသောကြောင့် တရားထိုင်အပြီးမှ ဖုန်းနှင့် နှုတ်ဆက်လိုက်ပါသည်။ ထိုညတွင် (၁၂) နာရီထိုးမှ (၁) နာရီထိုးအထိ မစုစုတို့နှင့် စကားပြောဆို၍ မေတ္တာပို့သကာ အိပ်ရာဝင်ပါသည်။

၁-၉-၂၀၁၁ ရက်နေ့။

ယနေ့ နံနက် (၈း၃၀) ခန့်တွင် နံနက်ဆွမ်းကပ်ရပါသည်။ မွေးနေ့ရှင် ကိုသားငယ်အပြင်ခဏသွား၍ စောင့်ပြီးမှ တပ်ပေးရပါသည်။ ကိုသားငယ်၊ မစုမိသားစု၊ ဆွေမျိုးများအားလုံး ဘုရားရှင်ကို အင်မတန်ကြည်ညိုကြပါသည်။ မစု၏ညီမ မစန္ဒာမှာလည်း လေယာဉ်မယ်လေး နှင်းစောမြတ်အေးမှ ပြောပြ၍ ဘုရားရှင်အား သိထားပြီး ဖြစ်ပါသည်။ ၎င်းတို့ဖခင်ကြီးဦးတင်ဝင်းမှာ ဘုရားရှင်ကြွမည့်နေ့မတိုင်မီမှာ ဆေးရုံတင်လိုက်ရ၍ ကြည်ညိုလှသော်လည်း ဒီတစ်ခေါက် မဖူးရသေးပါ။ မိခင်ကြီးဒေါ်ကြည်ကြည်မြင့်မှာလည်း ဘုရားတရားမြဲလှပါသည်။ ကိုသားငယ်၏ မွေးနေ့အထိမ်းအမှတ် ဆန်စေတီတည်ပေးခဲ့ပါသည်။ ၎င်းတို့မှာ မကြုံဘူး၍ ဝမ်းသာနေကြပါသည်။ ကျွန်ုပ်မှာလည်း စင်ကာပူ၌ ဆန်စေတီတစ်ဆူ တည်ဖြစ်လိုက်သည့်အတွက် ဝမ်းသာကြည်နူးနေမိပါသည်။ ဂုဏ်တော်များပွား၍ ဆန်စေတီတည်ရသည်မှာ ဝမ်းမြောက်ဖွယ်ရာကောင်းလှပါသည်။ ယခင်စေတီများ၌ ငှက်ပျောဖူးမပါသော်လည်း ယခုစေတီ၌ ငှက်ပျောဖူးပါထည့်ထား၍ အတော်ပြည့်စုံသောစေတီတော်ပါပေ။ ဓာတ်တော်ကြုတ်ကလေးအား ထီးတော်အောက် ငှက်ပျောဖူးအနီး၌ ထားလိုက်၍ စေတီထိုက်စေရန် ပူဇော်ထားရှိပါသည်။ နေ့ဆွမ်းကပ်ချိန်မှ (၁၁း၁၈) မိနစ် ဖြစ်ပေပြီ။ ကျွန်ုပ်ဆွမ်းစားသည့်အချိန်မှာ (၁၅) မိနစ်ခန့်သာ ရပါသည်။ ဆွမ်းစားအပြီး (၁၂) နာရီထိုးသည်ကြောင့် အချိုပွဲသုံးဆောင်ချိန် မရပါ။ အိမ်ရှင်များက မြန်မာစံတော်ချိန်နှင့်သုံးဆောင်ပါ။ နောက်ထပ်အချိန် (၁)နာရီခွဲ ကျန်ပါသေးသည်ဟု ပြောကြသော်လည်း ကျွန်ုပ်မှာ စင်ကာပူစံတော်ချိန်နှင့်သာ ဆွမ်းစားလိုက်ပါသည်။

ညနေပိုင်း (၃) နာရီခန့်ရောက်မှသာလျှင် မစုစုသွင်နှင့် မခိုင်စံဝင်းတို့နှင့် လိုက်ပါကြွမြန်းရပါသည်။ ကျွန်ုပ်တို့ ခေတ္တနားနေချိန်၌ မစုနှင့် မစံတို့လာ၍ပင့်ကြရာ မစုစုတို့က ကျွန်ုပ်တို့ကို အိပ်ရေးပျက်မည်စိုး၍ ၎င်းတို့အားဧည့်ခံကျွေးမွေး၍ စောင့်ခိုင်းထားပါသည်။ ကိုသားငယ်၊ မစုတို့၏ကားနှင့်ပင် ဘုရားကြီးကို မစုစုသွင်တို့အိမ်သို့ လိုက်ပို့ပေးပါသည်။ မစုတို့အိမ်သို့ ရောက်သောအခါ ကိုသားငယ်၊ မစုတို့အား ကျွန်ုပ်၏ပဲကြီးလှော်၊ မြေပဲလှော်များကို ကျွေးရာ အားရဝမ်းသာ သုံးဆောင်ကြပါသည်။ အိမ်ရှင် မစုတို့မှ လက်ဖက်သုပ်ကျွေး၍ အားပါးတရ သုံးဆောင်ကြပြန်ပါသည်။ ဟန်ပန်မထုတ်ဘဲ ရိုးသားစွာဆက်ဆံကြ၍ ဝမ်းသာဝမ်းမြောက်ဖြစ်ရပါသည်။ (၁) နာရီခွဲခန့်နေပြီးမှ ဖခင်ကြီးထံသွားကြည့်ရမည်ဖြစ်၍ ပြန်သွားပါသည်။

ညဦးပိုင်းရောက်သည်နှင့် ဘုရားဖူးများ ရောက်လာကြပါသည်။ အချို့မှာ အင်တာနက်ထဲမှ ဖူးရပြီးလိုက်လာကြခြင်း ဖြစ်ပါသည်။ အချို့မှာ ကားပေါ်၌ မြန်မာအချင်းချင်း ဘုရားဖူးသွားမည်ဆိုသည့်အသံကြားနှင့် အိမ်ရှင်နှင့် မခင်သော်လည်း ဘုရားဖူးလို၍လိုက်လာခြင်း ဖြစ်ပါသည်။ စင်ကာပူရောက် မြန်မာများ ဝမ်းပန်းတသာဖူးမြော်ကြည်ညိုနိုင်ရန် ဘုရားကြီးကြွလာရသည်ကို တွေ့တွေ့ပြီး ဝမ်းသာမိပါသည်။ မောင်ရ



www.burmeseclassic.com

www.burmeseclassic.com

ဖေတင်ကိုလည်း အားလုံးကကျေးဇူးတင်၍ သာဓုခေါ်နေကြပါသည်။ ည(၈း၃၀) ခန့်တွင် မောင်ကျော်ကိုကိုနှင့် မစန်းယုဝါတို့လာ၍ခေါ်ပါသည်။ မမအေးမှာ ကျန်းမာရေးအရ ဥပုသ်လွှတ်ထား၍ ညစာလိုက်ကျွေးမွေးပြုစုကြပါသည်။ ကျွန်ုပ်မှာ ရာသက်ပန်ဥပုသ်ဖြစ်၍ ဆေးဖျော်ရည်သောက်ရပါသည်။

ကျွန်ုပ်၏ နဝင်္ဂသီလဆောက်တည်ဖြစ်သည့်အကြောင်းကို စကားစပ်မိ၍ မမအေးမှ ပြောပြသောအခါ ထိုကလေးများသည် ကျွန်ုပ်ကို ယခင်ကထက်တိုး၍ ချစ်ခင်ကြည်ညိုနေကြပေတော့သည်။ သူတစ်ပါးကြည်ညိုခြင်းကိုခံရတာထက် မိမိကိုယ်ကိုမိမိ ကြည်ညိုနိုင်မှသာ အကောင်းဆုံးဖြစ်သည်ဟု သဘောပေါက်ထားပါသည်။ မိမိ၏လုပ်ငန်းစဉ်ကို တတ်နိုင်သရွေ့ တတ်စွမ်းသရွေ့ ကြိုးစားအားထုတ်ရမည်မှာ မိမိတာဝန်သာ။ ပင်ပန်းလွန်း၍ အိမ်ရှင်သမီးလေးများ၊ သားလေးများနှင့် စကားများများမပြောနိုင်တော့ပေ။ သို့သော်စိတ်ထဲမှာတော့ မေတ္တာပို့သလျက် အဆင်ပြေချောမွေ့အောင်မြင်ကြပါစေဟု ဆုတောင်းပေးလျက် ရှိပါသည်။ မစုစုသွင်၏ အိမ်သားမှာ မောင်ပြည်ဖြိုးစံဟု သိရပါသည်။ ဆရာတပည့်ဖြစ်သည်ဟု သိရပါသည်။တိုက်တိုက်ဆိုင်ဆိုင် ဘုရားကြွသည့်နေ့၌ ဘုရားကြွသောတိုက်၏ ဘေးတိုက်နှစ်တိုက်သည် နာမည်ကြီး၍ မတော်တဆမှုများ ဖြစ်ပွားပါသည်။ ဘုရားတန်ခိုးတော်ကြောင့် ဤတိုက်ကြီးမှာ အန္တရာယ်ကင်းပေသည်။ ရတနာသုံးပါး၏တန်ခိုးတော် ကြီးမားလှပါပေ၏။ ညတွင် ထုံးစံအတိုင်း (၁၂) နာရီမှသာ အိပ်ရာဝင်ရပါသည်။ ဝတ်ရွတ်စဉ်ကို နာယူပြီးမှအိပ်ပါသည်။

၂-၉-၂၀၁၁ ရက်နေ့။

ဤနေ့တွင် ကျွန်ုပ်သည် နံနက် (၅) နာရီတွင် ဖုန်း Alarm သံကြောင့် နိုးပါသည်။ အိပ်ရာထခြေလက်သန့်စင်၊ ရေးအိမ်ဝင်၊ ဆေးသောက်ပြီး နံနက်စာ ဆီးထပ်တစ်ရာနှင့် သုံးဆောင်အပြီး ဤမှတ်တမ်းရေးပါသည်။ ဘေး၌ မင်းကွန်းဆရာတော်ကြီး၏ တရားတို့ဖွင့်၍ ပူဇော်ထားပါသည်။ မမအေးမှာ စေတီတော် (၅) ဝါး ပူဇော်နေပါသည်။ မီးဖိုထဲ၌ မစုစုသွင်နှင့် မခိုင်စံဝင်းတို့ ဆွမ်းကပ်ရန် ဟင်းများ ချက်ပြုတ်နေကြပါသည်။ ညောမိ၌ မောင်ကျော်ဖေတင်တို့ ဘုရားဆောင်ပေတော့မည်။ မနက်ဖြန် ယခုအချိန်ဆိုလျှင် ကျွန်ုပ်တို့ လေယာဉ်ကွင်းသို့ရောက်နေတော့မည်။ ပြော-သံသရာခရီးသည်များပါတကား။ နံနက် (၈း၃၀) ခန့်တွင် ကျော်ကျော်နှင့် တင်မော်ဟိန်း ဘုရားလာပင့်ကြပါသည်။ မစုနှင့် မစံ လိုက်လာ၍ ဘုရားဖူးများကိုကျွေးရန် ကြာဆံကြော်ပေးပါသည်။ မနက်ဖြန် ဘုရားကြီးပြန်ကြွတော့မည်ကို သိရှိကြ၍ ဘုရားဖူးများ တော်တော်လာဖူးကြပါသည်။ ကြာဆံကြော်ကို အားပါးတရ စားကြပါသည်။

ညနေပိုင်းတွင် ရဲရင့်မှ ကိုသားငယ်၊ မစုစုတို့က နဂါးစာကျွေးရန် ကျွန်ုပ်တို့ကို လာ၍ခေါ်ပါသည်။ သမီးချယ်ရီ ကေသီရောက်နေ၍ သူ့ကိုပါခေါ်၍ သွားကြပါသည်။ စဥ့်ကိုင်အောင်မြေမှာ ကျွေးသကဲ့သို့ ကော်ဇလုံအစိမ်းကြီးထဲ၌ နွားနို့၊ ပေါက်ပေါက်၊ ပေါင်မုန့်၊ ငှက်ပျောဖီး၊ နှင်းဆီပွင့်များကို အလျှံပယ် ထည့်၍ East Coast ဟုခေါ်သော အရှေ့ပိုင်းပယ်လယ်ကမ်းစပ်သို့ သွားရောက်ကာ ဒါနပြုကြပါသည်။ စမ်းလဲ့ကြည်လင်နေသောပင်လယ်ကြီးကို မြင်ရသည်မှာ ကြည်နူးဖွယ်ရာပေ။

နဂါးစာကျွေးအပြီး ရတနာဒီပံ လုပ်ရန် ဖယောင်းတိုင်ဝင်ဝယ်ပါသည်။ အိမ်၌ မောင်ကျော်ကိုကို၊ မစန်းယုဝါတို့ ရောက်နေကြ၍ (၉း၃၀) ခန့်တွင် ပြန်လာကြပါသည်။ ဧည့်သည်များလည်း ရောက်နေ၍ ဘုရားဝတ်ပြုပါသည်။ စင်္ကာပူနိုင်ငံဖြစ်၍ ဘုရားတန်တော့သည်မှာ အသံအနည်းငယ်ကျယ်သောကြောင့် ဘေးအခန်းများမှ ဘာသာမတူကြ၍ ကြည်ညိုဖွယ်ရာမဖြစ်ဘဲ ၎င်းတို့အတွက် အနှောင့်အယှက်ဖြစ်သွား၍ ရဲကို ဖုန်းဆက်သဖြင့် စင်္ကာပူရဲများ ရောက်လာ၍ အသံနှုန်းလျှော့ပေးရန် လာ၍သတိပေးပါသည်။ စင်္ကာပူရဲများသည် ဘာသာမတူသော်လည်း ကျွန်ုပ်တို့ကို လေးစားပါသည်။ စိတ်ထဲ၌ မပူပင်ကြရန်နှင့် ၎င်းတို့မှာ ဝတ္တရားရှိ၍သာ လာ၍ပြောရခြင်းဖြစ်ကြောင်း ပြောပြ၍ ဝမ်းသာရပါသည်။ ဧည့်သည်များပြန်သွားသောအခါမှ ရတနာဒီပံအလင်းတိုင်ကို ရေးပေးရပါသည်။ ည (၁၂)နာရီခန့်မှ အိပ်ရာဝင်ရပါသည်။ နံနက်၌ (၅)နာရီ ထရပါမည်။

၃-၉-၂၀၁၁ ရက်နေ့။

နံနက် (၅) နာရီခန့်တွင် ထရပါသည်။ မောင်ကျော်ဖေတင်မှာ ဆွမ်းကပ်ရန်ထမင်းအိုးတည်ထားပါသည်။ ကျွန်ုပ်ဆွမ်းစားရန်၊ ဘုရားကပ်ရန် လက်ဖက်သုပ်ပေးပါသည်။ ဘုရားကို ဆွမ်းကပ်ပြီး ကျွန်ုပ်က ဆွမ်းစားပါသည်။

ထပ်တစ်ရာကြော်လည်း ဆွမ်းကပ်ပါသည်။ (၆) နာရီခန့်လောက်တွင် မောင်ကျော်ကိုကို၊ မစန်းယုဝါတို့ ရောက်လာပါသည်။ (၆း၃၀) ခန့်တွင် ရဲရင့်မှ ကိုသားငယ်၊ မစုစုတို့ ရောက်လာပါသည်။ လေယာဉ်ကွင်းသို့ အသွားလမ်း၌ သံအမတ်ကြီးကို ဖုန်းဆက်လိုက်ရာ သံအမတ်ကြီးမှာ လေဆိပ်သို့ပင်ရောက်နေပေပြီ။ သံအမတ်ကြီးမှာ ဘုရား၊ တရားကြည်ညို၍ ရိုးသားကြိုးစား၊ နိုးကြားသောပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ပေသည်။ လေးစားမိပါသည်။ သံအမတ်ကြီးဇနီးမှာ မြန်မာပြည်သို့ရောက်နေပါသည်။ အတွင်းသို့မဝင်မီ ခေတ္တရပ်၍ စကားစမြည်ပြောကြပါသည်။အတွင်းသို့ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းတစ်ဦး လိုက်ပို့ပါသည်။ လေယာဉ်ပေါ်တက်ရမည့်နေရာအထိ လိုက်ပို့ပေးပါသည်။ အားလုံးချောမောစွာဖြင့် လေယာဉ်ပေါ်သို့ ရောက်လာပါသည်။

လေယာဉ်ပေါ်၌ မြန်မာလေယာဉ်မယ်မောင်များနှင့် တွေ့ဆုံရပါသည်။ လေယာဉ်၏ စည်းကမ်းအရ အပေါ်တက်စဉ်နှင့် အောက်ဆင်းစဉ် (၅) မိနစ်ခန့် ဘုရားရှင်အား အပေါ်ဆင့်အတွင်း ခေတ္တကိန်းဝပ်စေပါသည်။ ကျွန်ုပ်မှာ ဆန္ဒမရှိသော်လည်း ၎င်းတို့၏စည်းကမ်းဖြစ်နေ၍ ဘုရားရှင်ကိုသာ တောင်းပန်ရပါသည်။ လမ်း၌ ဆွမ်းကိစ္စကို အဆင်ပြေသလို စီစဉ်စားသုံးရပါသည်။ မြန်မာစံတော်ချိန် (၁၁း၃၀) ၌ မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ပါသည်။ လေယာဉ်ကွင်း၌ ဗိုလ်မှူးဖုန်းဇော်အောင်၊ ဗိုလ်မှူးလှမိုး-ဒေါ်နန်းဆီခမ်း၊ ဗိုလ်မှူးကြီးသိန်းဆင့်၏ဇနီး ဒေါ်အေးအေးမြင့်၊ သား ကိုကျော်ဆင့်ဖြိုးတို့ လာ၍ကြိုပါသည်။

စင်္ကာပူနိုင်ငံသို့ မြန်မာနိုင်ငံမှ ရွှေကံကူဗုဒ္ဓမြတ်စွာ ဒေသစာရီခရီးစဉ် တစ်လျှောက်လုံးကို ခြုံ၍ကြည့်မည်ဆိုလျှင် အားလုံး အဆင်ပြေချောမွေ့၍ ရွှေကံကူဗုဒ္ဓသာသနာ ကမ္ဘာသို့ ခြေတစ်လှမ်းစသောခရီးစဉ် ဖြစ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

(ရွှေကံကူသာသနာပြုမယ်တော်ကြီး)


ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com



www.burmeseclassic.com



# ကိုမောင်သန်းဝင်း

## ပေါစိတင်ဆောင်ဆရာတော်လောင်းလျာနှင့် သာသနာပြုသိုက်နန်းရှင်ညီအစ်မသုံးဖော်

အရွယ်ရောက် စာဖတ်သက်လေး ရလာပြန်တော့ ဂမ္ဘီရဆန်းဆန်းဇာတ်ကြောင်းများကိုလေ့လာခဲ့သည်။ စာလေးဘာလေးရေးတော့လည်း ဂမ္ဘီရဇာတ်လမ်းများကို ဦးစားပေးရေးနေပြန်သည်။ စာပေမိတ်ဆွေတို့ကလည်း စာရေးသူကို ဂမ္ဘီရစာရေးဆရာဟု အနွသညာပြုသည်။ ထားပါတော့။

ဆိုခဲ့သလို သိုက်နန်းများကို စိတ်ဝင်စားနေသူဖြစ်ပေရာ နယ်မြို့များဆီသို့ရောက်လေတိုင်း ဘုရားစုံဖူးပြီး သိုက်ဆက်ရှိသည့်နေရာများ၊ ဘုရားများကို တစ်ခုတ်တစ်ရ လေ့လာသည်။

ဆိုကြပါစို့ရဲ့။ နေပြည်တော် ပျဉ်းမနားမြို့သို့ ရောက်သည့်အခါ ဆင်ဖြူတောင်သိုက်၊ ညီမတော်သိုက်၊ အစ်မတော်သိုက်တို့အကြောင်းလေ့လာသည်။ သိုက်နန်းရှင် ရှင်ဖြူ ရှင်ညို (မယ်ဖြူ မယ်ညို) နှင့် ပတ်သက်၍ ဇာတ်လမ်းရေးခဲ့ဖူးသည်။

အလားတူ ပုသိမ်မော်တင်ရောက်တော့ ပုသိမ်မော်တင်စွန်းသိုက်နှင့် သိုက်နန်းရှင်များဖြစ်သည့် မြသိင်္ဂီ၊ မနှင်းဆီ၊ မြဒေဝီ၊မြကေသီ၊မြနန်းတင်။ ဇင်းကျိုက်ရောက်လေတော့ ဇင်းကျိုက်သမ္မန်သိုက်နှင့် သိုက်နန်းရှင်များ မမြစိမ်း၊ မမြငြိမ်း။ ဇင်းကျိုက်လောင်းလှေရှင်သိုက်နှင့်သိုက်နန်းရှင်များဖြစ်ကြသည့် ဦးလေးတော်ကုမာရ အဒေါ် ဒေါ်စန္ဒာ၊ စောရှုပနှင့် စောရှုပစန္ဒာတို့အကြောင်း။ ဟသ်ာတမြို့ရောက်တော့ ဟသ်ာတမြပလ္လင်သိုက်နှင့် သိုက်နန်းရှင်များဖြစ်ကြသည့် ဦးဝဏ္ဏ၊ ဒေါ်စိမ်းမြ၊ ရွှေချိုးဖြူ မူလခဲ၊ သာလာရတို့အကြောင်း။ တောင်စွန်းမြို့ရောက်တော့ တောင်စွန်းသိုက်နှင့် သိုက်နန်းရှင် မငွေယွန်း၊ မငွေစွန်း။ သန်လျင်ကျိုက်ခေါက်ရောက်တော့ ကျိုက်ခေါက်

စာရေးသူသည် သိုက်သမိုင်း၊ သိုက်နန်းရှင်များနှင့် ဆက်နွယ်သောဇာတ်ကြောင်းများကို ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် စိတ်ဝင်တစားရှိခဲ့သည်။ သရဲတစ္ဆေပူးကပ်သည်ဆိုသောနေအိမ်များဆီသို့ မကြောက်မလန့်သွားရောက် ကြည့်ရှုခဲ့ဖူးသည်။

ငယ်စဉ်က ဆရာမနိုင်နှစ်ဆောင်ပြိုင်၊ ရွှေချိုးဖြူမူလခဲသိုက်သမိုင်း အေးစွန်း၏ ရွှေစွန်ပါသိုက်သမိုင်းဇာတ်ကားများကို တစ်ခုတ်မတ်မတ် ကြည့်ခဲ့ဖူးသည်။ [illegible]ကြာ၊ ကိုကိုလေးတို့၏ မှော်ဆရာမှတ်တမ်း၊ ကဝေဇာတ်လမ်းများကို ဖတ်မှတ်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆံတော်ရှင်သိုက်နှင့် သိုက်နန်းရှင် မမကြီး၊ မမလေး၊ ကျိုက်ခေါက် ဆံတော်တောင်ဘက်မုခ်သိုက်မှ သိုက်နန်းရှင် လှလေးမွန်၊ လှလေးနွယ်၊ လှလေးသွယ်။ သရက်ပင်မောင်နှမ စောညွန့်ရီ။ မုံရွာရောက်တော့ မုံရွာရွှေဘုံတောင်သိုက် (ဘိုးဝန်းတောင်သိုက်) တို့ကို လေ့လာခဲ့သည်။

မုံရွာ ရွှေဘုံတောင်သိုက် (ဘိုးဝန်းတောင်သိုက်) နှင့် ဆက်နွယ်သည်ဟု ယူဆရမည်ထင်သော ဇာတ်ကြောင်းတစ်ပုဒ် ဖော်ပြလိုပါသည်။

■

ဗောဓိတစ်ထောင် ဆရာတော်လောင်းလျာ အရှင်နာရဒသည် မကျန်းမာဖြစ်စဉ်က မန္တလေးနန်းဦးဆရာတော်ထံ (၃) လကြာခန့် နေခဲ့သည်။ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အခါ နန်းဦးဆရာတော်ထံ ခွင့်ပြုချက်ရယူပြီး ဇာတိရပ်သို့ ပြန်ကြွသည်။

အရှင်နာရဒသည် ဇာတိသို့ ပြန်ရောက်လျှင် ပျက်စီးယိုယွင်းနေသော မူလကိုးဆူကျောင်းကြီး၏ အနောက်ဘက်ရှိ အရိပ်အာဝါသကောင်းသည့် သီးပင်ကြီးအောက်တွင် ထန်းလက်မိုး၊ ထန်းလက်ကာနှင့် လေးတိုင်စင်ကျောင်းကလေးဆောက်၍ နေ့၊ ည ကမ္မဋ္ဌာန်းဘာဝနာကို ပွားများကာ သီတင်းသုံးနေတော်မူသည်။

တစ်နေ့သော် မဟာဗောဓိပင်ကြီး အရှေ့ဘက် မုခ်တံကဲနှင့်တကွ ရှေးကတည်းက ပူဇော်ထားသည့် မြေစိုက်ရုပ်ပွားတော်တစ်ဆူရှိသည်။ ထိုဗုဒ္ဓရုပ်ပွားတော်မြတ်အား မဟာဗောဓိပင်၏ အကိုင်းအခက်များသည် လက်ယာရစ်လှည့်ပတ်ကာ ပန်းဆိုင်းတစ်ခုသဖွယ် ကိုင်းညွတ် ပူဇော်နေသည်ကို အရှင်နာရဒသည် အဆန်းတကြယ် ဖူးတွေ့ခဲ့ရသည်။

ထိုနေ့မှစ၍ အရှင်နာရဒသည် ရုပ်ပွားတော်နှင့် ဗောဓိပင်တို့ကို ဆွမ်း၊ ဆီမီး၊ ရေချမ်း မပြတ်ပူဇော်ပြီး စေတီယင်္ဂဏ၊ ဗောဓိယင်္ဂဏဝတ်တို့ကို အားတက်သရောပြု၍ ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ မေတ္တာဘာဝနာပွားများခြင်းအမှုကို ဆတက်ထမ်းပိုးစိုး၍ ပွားများကျင့်ကြံသည်။ အရှင်နာရဒ၏သီလ၊ သမာဓိ၊ ကမ္မဋ္ဌာန်းတို့၏အစွမ်းသည် ရင့်ကျက်သည်ထက် ရင့်ကျက်၍ တည်တံ့လာတော့သည်။

အရှင်နာရဒသည် ယင်းသို့တရားကျင့်ကြံနေစဉ် ညနေစောင်း နေဝင်ရီတရောအချိန်တွင် မိန်းမပျိုသုံးယောက်သည် တူညီဝတ်စုံဝတ်ဆင်ထားလျက် ရှုတ်တရက်ပေါ်လာပြီး အရှင်နာရဒ၏ လေးတိုင်စင်ကျောင်းသင်္ခမ်းလေးဆီသို့ တရွေ့ရွေ့လျှောက်လှမ်းလာသည်။ လေးတိုင်စင်ကျောင်းလေးသို့ ရောက်လျှင် မိန်းမပျိုလေးသုံးဦးသည် အရှင်နာရဒအား လက်အုပ်ချီမိုး ရှိခိုးလေ၏။

နေဝင်မိုးချုပ်စအချိန်မှ ထူးထူးခြားခြားရောက်လာသည့်မိန်းမပျိုသုံးဦးကို အရှင်နာရဒသည် တစ်ချက်မျှငုံ့စောင်းကြည့်လိုက်ပြီးလျှင် အနှောင့်အယှက်အဖျက်အဆီးလေလားဟု တွေးထင်နေမိသည်။

မိန်းမပျိုသုံးဦးအနက် တစ်ဦးသည် လက်အုပ်ချီမိုးလျက် အရှင်နာရဒအား ဖူးမြော်လိုက်ပြီး -

"တပည့်တော်မ၊ အရှင်ဘုရားကို လျှောက်ထားစရာရှိလို့ပါဘုရား၊ အရှင်ဘုရားရဲ့ကျောင်းသင်္ခမ်းနဲ့မဝေးတဲ့ မြရိပ်တောကြီးထဲမှာ ဘုရားရှင်ရုပ်ပွားတော်ကြီးတစ်ဆူ မြေကြီးထဲမှာ မြှုပ်နေပါတယ်။ ရုပ်ပွားတော်မြတ်ကြီးကို အရှင်ဘုရားအတွက် တပည့်တော်မတို့ကောင်းမှုပြုရပါစေဘုရား"

ဟု လျှောက်ထားသည်။

အရှင်နာရဒသည် မိန်းမပျို၏ လျှောက်ထားချက်ကို ပြန်လည်ဖြေကြားမိန့်ဆိုခြင်းမပြုဘဲ ဂုဏ်တော်ကိုသာ ပွားများမြဲပွားများလို့နေသည်။ မိန်းမပျိုသုံးဦးလည်း အရှင်နာရဒက တစ်စုံတစ်ရာ ပြန်လည်မိန့်ကြားနိုးဖြင့် စောင့်ဆိုင်းနေကြသည်။ အတော်အတန်ကြာသည်အထိ အရှင်နာရဒမှ မိန့်ဆိုခြင်းမပြုသည့်အတွက် မိန်းမပျိုသုံးဦးတို့လည်း တိတ်တဆိတ်ပြန်လည်ထွက်ခွာသွားကြလေတော့၏။

နောက် (၅) ရက်ကြာသောအခါ ညနေ နေဝင်ဖျိုးဖျအချိန်တွင်ပင် အရှင်နာရဒထံသို့ ပထမတစ်ခေါက်ရောက်လာကြသည့် မိန်းမပျိုသုံးဦးအနက်မှ နှစ်ဦးသည် အရှင်နာရဒ၏လေးတိုင်စင်ကျောင်းသင်္ခမ်းလေးရှိရာသို့ ဒုတိယမွိ ရောက်လာကြပြီးလျှင် မြရိပ်တောကြီးအတွင်း၌ နစ်မြုပ်နေသော ဗုဒ္ဓဆင်းတုတော်မြတ်ကြီးကို တူးဖော်ပူဇော်ရန်အတွက် အရှင်နာရဒအား လျှောက်ထားပြန်သည်။

အရှင်နာရဒလည်း မိန်းမပျိုတို့၏ လျှောက်ထားချက်ကို တစ်စုံတစ်ရာပြန်လည်မိန့်ဆိုခြင်းမရှိဘဲ ခပ်မဆိတ်နေပြန်သည်။ ထို့ကြောင့် မိန်းမပျိုနှစ်ဦးလည်း တိတ်တဆိတ်ပြန်လည် ထွက်ခွာပျောက်ကွယ်သွားသည်၊

အရှင်နာရဒထံသို့ မိန်းမပျိုလေးများ ထူးဆန်းစွာ ရောက်ရှိလာကြပြီးလျှင် မြရိပ်တောကြီးထဲတွင် နှစ်ပေါင်းများစွာကတည်းက မြေကြီးအောက်တွင် နစ်မြုပ်သီတင်းသုံးနေရရှာသော ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်မြတ်ကြီးကို တူးဖော်ပူဇော်ရန်အတွက် လာရောက်လျှောက်ထားကြသည်မှာ တစ်လခန့်ကြာသွားပြီ ဖြစ်သည်။

တစ်နေ့သောအခါ အရှင်နာရဒသည် သိမ်အတွင်း ဥပုသ်ပြုပြီးနောက် မိမိ၏ ကျောင်းသင်္ခမ်းလေးရှိရာသို့ ပြန်ကြွလာခဲ့လေသည်။ အရှင်နာရဒသည် လေးတိုင်စင်ကျောင်းသင်္ခမ်းလေးဆီသို့ ရောက်သောအခါတွင်ကား တူညီဝတ်စုံဝတ်ဆင်ထားသည့် မိန်းမပျိုလေးသုံးဦးသည် လေးတိုင်စင်ကျောင်းလေးတွင် ရောက်နှင့်နေကြပြီး အရှင်နာရဒအား ကြိုဆိုနေကြောင်း တွေ့ရသည်။

မိန်းမပျိုလေးသုံးဦးသည် ရောက်ရှိလာသော အရှင်နာရဒအား ကြည်ညိုလေးမြတ်စွာဦးချ၍ မြရိပ်တောကြီးအတွင်း၌ မြေမြုပ်နေပါသော ဗုဒ္ဓရှင်တော်မြတ်ရုပ်ပွားဆင်းတုတော်ကြီးအား တူးဖော်ရန်အတွက် လျှောက်ထားကြပြန်လေသည်။

ဤတွင် အရှင်နာရဒ မနေသာချေတော့ပြီ။ ထူးဆန်းစွာရောက်ရှိလာကြပြီး ထူးဆန်းစွာ လျှောက်ထားခဲ့ကြသည့် မိန်းမပျိုလေးတို့အကြောင်းခြင်းရာကို လေးနက်စွာ စဉ်းစားရချေပြီတည်။

ပြီးနောက် အရှင်နာရဒက -

"စိတ်ချစွာပြန်ကြပေတော့။ ကျုပ်မှာ လုပ်စရာတွေရှိသေးတယ်"

ဟု မိန်းမပျိုလေး သုံးဦးအား မိန့်ကြားလိုက်လေတော့၏။

ထိုသည်နေ့မှစပြီး နောက်ရက်များတွင် အရှင်နာရဒသည် ရွှေမြို့နောက်မိလူကြီးများထံသို့ ကြွသွားကာ မြရိပ်တောကြီး၏အကြောင်းနှင့် မြရိပ်တောကြီးအတွင်း မြေအောက်မြုပ်နေသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးအား တူးဖော်ရန် လာရောက် လျှောက်ထားသော မိန်းမပျိုလေးသုံးဦး၏အကြောင်းခြင်းရာကိုပါ ပြောပြလေရာ ရွာလူ



www.burmeseclassic.com

www.burmeseclassic.com

အများစုက အရှင်နာရဒအား -

"ကိုယ်တော်လေး တရားကျွင့်လွန်ပြီး ထင်ရာမြင်ရာပြောဆိုနေတာ ဖြစ်မှာပါ"

ဟု ဝေဖန်ကြလေ၏။

အရှင်နာရဒသည် မိမိ၏စကားကို လူအများမယုံကြသော်ငြားလည်း ဒကာအချို့ကို ခေါ်ယူကာ အလျားရှည်ပြီး သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပိတ်ဖုံးပေါက်ရောက်နေသည့် မြရိပ်တောကြီးအတွင်းသို့ ဦးဆောင်ဝင်ရောက်ခဲ့သည်။ မြရိပ်တောနက်ကြီးထဲ ဝင်ရောက်လာပြီးနောက် ဒကာအချို့သည် နောက်ကြောင်းပြန်လှည့်သွားကြလေ၏။

အရှင်နာရဒသည် မိမိထံသို့ မိန်းမပျိုလေးသုံးဦး သုံးကြိမ်တိုင်တိုင် ထူးဆန်းစွာ ရောက်လာကြပြီး ထူးခြားစွာ လျှောက်ထားခဲ့ပါသော မြရိပ်တောကြီးအတွင်း နှစ်ပေါင်းများစွာ မြေအောက်၌ နစ်မြုပ်စံပယ်နေသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီးအား တူးဖော်ကြည်ညိုရန် သန္နိဋ္ဌာန်ချလေ၏။

ထို့ကြောင့် ဒကာရင်း မောင်ဘချစ်နှင့်အတူ ဆွေမျိုးအချို့ကို ခေါ်ယူကာ မြရိပ်တောကြီးအတွင်း ဒုတိယမ္ပိ ဝင်ရောက်သည်။ ထိုနေ့သည်ကား ကောဇာနှစ် ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ ဖြစ်သည်။

အရှင်နာရဒသည် မြေမြှုပ်နေသည်ဆိုသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီးအား ပထမအကြိမ်တကဲ့သို့ ရှာရှာဖွေဖွေခြင်းမပြုသေးဘဲ ယခုဒုတိယအကြိမ် ရောက်ရှိလာသည့်အခါတွင် ရှေးဦးစွာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ တောတွင်းရှိ တိရစ္ဆာန်များနှင့် မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်-သတ္တဝါအပေါင်းတို့ကို မေတ္တာပို့ အမျှဝေသည်။ ထို့နောက် သာသနာတော်အကျိုးအတွက် သစ္စာအဓိဋ္ဌာန်ပြုသည်။

အဓိဋ္ဌာန်ပြုပြီးလျှင် ရှေးရှေးဘုရားရှင်တို့၏ အမိန့်တော်ပြန်တမ်းကြီးကို ရွတ်ဖတ်သရဇ္ဈာယ်သည်။ ထိုသည့်အမှုတို့အားပြုပြီးမှ ပါလာသည့် တပည့်၊ ဆွေမျိုးများနှင့်အတူတူ မြေထဲမြုပ်နေသည့် ဗုဒ္ဓဆင်းတုတော်မြတ်ကြီးအား ရှာဖော်ကိုးကွယ်ရန်အလို့ငှာ တောတိုးဝင်ရောက် ကြချိသည်။

သစ်ပင်ချုံနွယ်ပိတ်ပေါင်းတို့အား ခုတ်ထွင် ရှင်းလင်းပြီး တောတိုးဝင်ရောက်ခဲ့ရာ တစ်နာရီခန့်ကြာသောအခါ မြရိပ်တောရှိ အမြင့်ဆုံးကုန်းမို့မို့ကို တွေ့မြင်ကြရသည်။ အဖော်အဖြစ် လိုက်ပါခဲ့ကြသော ဒကာများသည် ထိုနေရာတွင် ခဏတစ်ဖြုတ်နားကြသည်။ အရှင်နာရဒသည် အနားယူခြင်းမပြုဘဲ မေတ္တာဘာဝနာကိုသာ ပွားများနေသည်။ အတန်ကြာအောင် မေတ္တာဘာဝနာပွားများပြီး အရှင်နာရဒက တွေ့မြင်နေရသည့်ကုန်းမို့မို့လေး၏ထိပ်ဆုံးဗဟိုချက်နေရာကို တူးဖော်ရန်အတွက် ဒကာတို့အား မိန့်ကြားသည်။

မိန့်ကြားသည့်အတိုင်း ဒကာတို့က တူးဖော်ကြသည်။ အတော်အတန်တူးဖော်ပြီးသောအခါ တူးဆွထားသော မြေများကို ဖယ်ရှားကြသည်။ ဤတွင် အုံဩဖွယ်ရာမြင်ကွင်းတစ်ခုကို မြင်တွေ့ကြရသည်။ မြင်တွေ့ကြရသည်ကား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၏ ဦးသျှောင်တော် မကိုဋ်ပြင်ကြီးဖြစ်နေလေတော့သည်။

အရှင်နာရဒသည် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးကို အမှန်တကယ် တူးဖော်တွေ့ရှိရသည့်အခါတွင် ပီတိပါမောဇ္ဇ ပသန္နစေတနာပေါ် ပေါက်ကာ နှလုံးပီတိ ဝမ်းဆီထိ၍ ဦးချပူဇော်ကြည်ညိုမဆုံး ဖြစ်လေတော့၏။

ပေါ်တော်မူဗုဒ္ဓဆင်းတုတော်ကြီးကို တူးဖော်ပြီးသောအခါ မြရိပ်တောကြီးအတွင်း လွန်စွာ အံ့ဘနန်း ထူးခြားဆန်းကြယ်သည့်အဖြစ်များ ဖြစ်ပေါ်လာခဲ့သည်။ ပေါ်တော်မူ မြရိပ်ဗုဒ္ဓရုပ်ပွားတော်ကြီး မြေပြင်ပေါ်သို့ ပေါ်လာသည်နှင့်တစ်ပြိုင်နက်တည်း မြေလျှင်လှုပ်ခတ်သည်။ ထို့အတူ မြရိပ်တောကြီးအတွင်းမှ ကြေးစည်သံများကြားရပြီးလျှင် သာဓုခေါ်သံများကိုပါ တစ်ဆက်တည်း ကြားရလေတော့၏။ ယင်းသို့ ကြေးစည်သံများ၊ သာဓုခေါ်သံများကြားရပြီး မကြာမတင်အချိန်တွင် တပေါင်းလ၏ နွေလယ်ကောင်တွင် မိုးများရွာသွန်းချလေသည်။

ဤသည်မှာ သာသနာတော်စောင့်နတ်၊ သမ္မာဒေဝနတ်မြတ်နတ်တောင်းတို့က နှစ်ပေါင်းများစွာ မြေကြီးအောက်အတွင်း သီတင်းသုံးနေပြီး ရွှံ့အလူးလူး မြေမှုန့်အလူးလူးဖြစ်နေသည့် ပေါ်တော်မူ မြရိပ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သန့်စင်စေရန် ရေသပ္ပာယ်၍ ရောင်တော်ဖွင့်ပေးခြင်းပင် ဖြစ်လေသည်ဟု ကြည်ညိုသဒ္ဓါပွား ယုံကြည်ကြလေ၏။

ဤအကြောင်းခြင်းရာသည် တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ဗောဓိတစ်ထောင် ဆရာတော်အလျောင်းလျှာ အရှင်နာရဒ၏ သာသနာပြုစခန်း၊ သာသနပြုလမ်းကို သန္ဓေတည်အစပျိုးခြင်း ဖြစ်ပေတော့၏။

ဗောဓိတစ်ထောင် ဆရာတော်လောင်းလျာ အရှင်နာရဒ ကုသိုလ်ပြုခွင့်ရခဲ့ပါသော ပေါ်တော်မူ မြရိပ်ဗုဒ္ဓမြတ်စွာဆင်းတုတော်မြတ်ကြီးသည့်ကား-

ပုဂံခေတ်တွင် နန်းတက်တော်မူခဲ့သော နရပတိစည်သူမင်းကြီးသည် ဒိပဲယင်းမြို့တည်ခြင်းအစ 'ဘုံဘေးမဲ့' ဟူသော စာဆိုနှင့်အညီ ဒိပဲယင်းမြို့ကို သက္ကရာဇ် ၅၅၅ ခုနှစ်က တည်ထားခဲ့သည်။

ဒိပဲယင်းမြို့ ပယ် (၉) သန်းနယ်အတွင်း မြရိပ်ရွာနှင့် မြရိပ်မုနိရုပ်ရှင်တော်မြတ်ကြီးကို တည်ထား ပူဇော်ခဲ့သည်။ သက္ကရာဇ် ၉၉ ခုနှစ်တွင် နန်းတက်သော သာလွန်မင်းတရားကြီးလက်ထက်တွင် မြရိပ်မုနိရုပ်ပွားတော်ကြီးကို ပြင်ဆင်မွမ်းမံခဲ့ကြောင်း သမိုင်းရှိခဲ့သည်။

ဆောင်းပါးအစတွင် ဆိုခဲ့သလို စာရေးသူသည် သိုက်စခန်း၊ သိုက်နန်းရှင်များအကြောင်းကို စိတ်ဝင်တစားရှိပြီး မြန်မာပြည်အနှံ့ဘုရားများ၊ သိုက်ဆက်ရှိသည့်နေရာသီးသီးသို့ ရောက်လေတိုင်း မှတ်တမ်းပြုခြင်း၊ ဆောင်းပါးဝတ္ထုဇာတ်ကြောင်းများကို မဂ္ဂဇင်း၌ရေးသားခဲ့ပါကြောင်း ဆိုခဲ့လေပြီ။ မြို့နယ်အချို့၏ သိုက်စခန်းအချို့နှင့် သိုက်နန်းရှင်တို့၏အမည်နာမတို့ကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်သည်။

မုံရွာမြို့နယ် ဘုရားစုံသို့ သွားရောက် ဖူးမြော်ခဲ့ပြီးဖြစ်လေရာ မုံရွာရှိ ရွှေဘတောင်သိုက်၊ ဘိုးဝန်းတောင်သိုက် ရှိနေကြောင်းကို လေ့လာသိရှိရသည်။ အဆိုပါ သိုက်နန်း၊ သိုက်စခန်းရှိ သိုက်နန်းရှင်တို့သည် သာသနာပြုနေကြသူများလည်း ဖြစ်ပေလိမ့်မည်။

သို့ဖြင့် သာသနာပြုပုဂ္ဂိုလ်ဗောဓိတစ်ထောင်ဆရာတော်အလောင်းလျာ ရှင်နာရဒအားလည်း အဆိုပါ သိုက်နန်းရှင်များဖြစ်သည့် တူညီဝတ်စုံဝတ်ထားသည့် မိန်းမပျိုသုံးဦးသည် မြရိပ်တောအတွင်း မြေတွင်းမြုပ်နေသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ရဟန်းရှင်လူအများပူဇော်ကြည်ညိုနိုင်ရန် တူးဖော်ဖို့ရန် လျှောက်ထားခြင်း ဖြစ်နိုင်ဖွယ်ရှိသည်ဟု တွေးဆမိပါသတည်း။

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

ကြည်ပြာမောင်(သဇင်မြေ)

# အဘိုးပေးသောဆေးမြီးတို

ကျွန်တော့်တွင် ငယ်စဉ်ကတည်းက ငှက်ဖျားရောဂါအခံရှိ၏။ ထိုငှက်ဖျားရောဂါသည် ကျွန်တော် (၅) တန်းကျောင်းသားအရွယ်အထိ မပျောက်ကင်းဘဲရှိနေ၏။ ဟိုဆေးနှင့်ကောင်းနိုးနိုး၊ သည်ဆေးနှင့်ကောင်းနိုးနိုး သောက်လိုက်ရတဲ့ ဆေးတွေကလည်း မနည်းတော့ပြီ။ ဆောင်းဝင်စရောက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ငှက်ဖျားသည် ကျွန်တော့်၏ ပိန်ညှောင်ညှောင်ခန္ဓာကိုယ်အား နှိပ်စက်ကလူပြုလေတော့၏။ တစ်ပတ်တွင် အနည်းဆုံး (၃) ရက်တော့ ခံရမြဲဖြစ်၏။ ငှက်ဖျားကလည်း အချိန်ကိုပင် သိလေသည်လား မဆိုတတ်။ နေ့လယ် (၁) နာရီထိုးပြီဆိုလျှင် အစွမ်းပြလေပြီ။

တစ်နေ့ ကျွန်တော်သည် ငှက်ဖျား၏ နှိပ်စက်ကလူပြုမှုကြောင့် အိပ်ရာထဲတွင် ဗုန်းဗုန်းလဲနေ၏။ ထိုအချိန်တွင် ကျွန်တော့်အဖေ၏ အဖေ (ကျွန်တော်၏ အဘိုး) ဖြစ်သူသည် အိမ်ကို အလည်ရောက်လာ၏။ အကြောင်းစုံကို သိပြီးသောအခါ အဘိုးသည် အဖေ့အား အပြစ်တင်သော လေသံမျိုးနှင့် ပြောဆို၏။

"မင်းနှယ်ကွာ၊ ကလေးကို ဘာဖြစ်လို့ ဒီလိုပစ်ထားရတာလဲ။ ငှက်ဖျားဆိုတာ ပြတ်အောင်မကုရင် မလွယ်ဘူး"

"ကျွန်တော်တို့လည်း အင်္ဂလိပ်ဆေးတွေနဲ့ကုပါတယ် အဖေ။ ဒါပေမယ့် ဘာမှထူးခြားမလာပါဘူး"

"အေး - မင်းတို့က အင်္ဂလိပ်ဆေးမှအထင်ကြီးတာကိုး။ တိုင်းရင်းဆေးကျတော့ အထင်မကြီးဘူး။ ကဲ - အခုတော့ တိုင်းရင်းဆေးဘယ်လောက်စွမ်းတယ်ဆိုတာ မင်းတို့ကို ငါလက်တွေ့ပြမယ်"

အဘိုးသည် ဤသို့ပြောဆိုပြီးနောက် အဖေ့ကို တစ်စုံတစ်ရာပြောလိုက်ပြီး ခေတ္တအနားယူနေ၏။ အဖေသည် မီးဖိုဆောင်ထဲကိုဝင်ပြီး တိုကိုင်ဒိုက်ိုင်နှင့် အလုပ်ရှုပ်နေ၏။ ကျွန်တော့်နားထဲတွင် တစ်စုံတစ်ခုကို အိုးကင်းနှင့် ထည့်လှော်နေသလို ကြားနေရ၏။ ခဏကြာလျှင် ကျွန်တော်အိပ်ပျော်သွား၏။ ကျွန်တော် အိပ်ရာမှနိုးလာတော့ ချွေးတွေစိုပြီး အနည်းငယ်သက်သာသလို ခံစားရ၏။ ငှက်ဖျားသည် တစ်နေ့တာအဖို့ ပြီးဆုံးခဲ့ပြီ။

ထိုအချိန်တွင် အဘိုးသည် ကျွန်တော်၏လက်ကောက်ဝတ်ကို တိုင်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ရော့-ငါ့မြေး၊ ဒီဆေးကိုသောက်လိုက်"

"အဲဒါဘာလဲဟင် အဘိုး"

"သောက်လိုက်စမ်းပါကွာ၊ လျှာရှည်လိုက်တာ"

ကျွန်တော်လည်း ဆေးသောက်ရလွန်းလို့ ဆေးကိုကြောက်နေ၏။ နောက်ဆုံးတော့ အဘိုး၏အမိန့်ကို မလွန်ဆန်ရဲတာကြောင့် သောက်ချလိုက်၏။ အရသာမှာ ဘယ်လိုမှန်းမသိ။ ချိုမလို၊ ခါးမလိုနှင့် လည်ချောင်းထဲမှာ ပူခနဲဖြစ်သွား၏။ အဘိုးသည် ကျွန်တော့်ကို တစ်လုံးပြီးတစ်လုံး တိုက်ပြန်၏။ ကျွန်တော့်အထင်ပြောရရင် ဆယ်လုံးထက်မနည်းဖြစ်လိမ့်မည်။ ကျွန်တော်သည် အဘိုးကို နှုတ်ဆက်ပြီး ကျောင်းတိုပြေးလာခဲ့၏။ ထိုနေ့အဖို့တော့ တာဝန်တစ်ရပ် ပြီးဆုံးပြန်ပြီ။

နောက်တစ်နေ့ နေ့လယ်(၁)နာရီထိုးသော်လည်း ကျွန်တော်သည် ခါတိုင်းနေ့ကလို ချမ်းတုန်ချမ်းတုန်ဖြစ်မလာတော့ပေ။ (၁) နာရီခွဲကြာသွားပြီ။ ဘာမှထူးမလာ။ (၂) နာရီ၊ (၃) နာရီ၊ (၄)နာရီ ဘာမှထူးမလာ။ ကျွန်တော်ဝမ်းသာသွားသည်။ ကျွန်တော်သည် ဆရာမကိုတိုင်ပြီး အဘိုးဆီကို ပြေးလာခဲ့၏။

"အဘိုး၊ ကျွန်တော် ဒီနေ့ငှက်ဖျားမတက်ဘူး"

"ဟုတ်လို့လားကွာ"

အဘိုးက မယုံသလိုမေး၏။

"ဟုတ်တယ် အဘိုးရ။ ခါတိုင်းဆို ဒီလိုတစ်ခါမှမဖြစ်ဘူး။ နေ့လယ်(၁)နာရီထိုးတာနဲ့ စပြီသာမှတ်၊ ဒီနေ့ ထူးခြားတယ်"

အဘိုးသည် ကျွန်တော်၏ လက်ကောက်ဝတ်ကို တိုင်ကြည့်ပြန်၏။ ထို့နောက် ခေါင်းတစ်ချက်ညိတ်ကာ ပြုံးလိုက်၏။

"ကဲ - ငါ့မြေး၊ ဒီနေ့ကစပြီး ငါ့မြေးမှာ ဘယ်ငှက်ဖျားမ မရှိတော့ဘူး။ စိတ်ချမ်းသာသာနဲ့ နေပေတော့"

"ဟုတ်လို့လား အဘိုးရာ"

"ဘာလဲ၊ မင်းကမယုံလို့လား"

"ဟို. . . အဲ"

"ဘာမှဟိုအဲလုပ်မနေနဲ့။ မယုံရင် နောက်ပြန်စောင့်ကြည့်လိုက်"

ကျွန်တော်သည် အဘိုး၏စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် နောက်တစ်နေ့ကိုစောင့်လိုက်ပြန်၏။ သို့သော် အဘိုးပြောသလိုပင် ဘာမှ 'ဟို. . . အဲ' လုပ်စရာမလိုတော့ပြီ။ ထိုနေ့ကစပြီး ကျွန်တော်၏ ငှက်ဖျားရောဂါသည် ကင်းစင်သွား၏။ ထို့ကြောင့် ဤဆေးနည်းကို အများသူငါ သိစေရန်အလို့ငှာ စေတနာရှေ့ထား၍ ရေးသား တင်ပြလိုက်ပါသည်။

**■ ဆေးနည်း (၁) ■**

ကြက်ဟင်းခါးရွက်လက်(၄)ဆုပ်ခန့်၊ ထန်းလျက် (၅) လုံး။

ပထမဦးဆုံး ကြက်ဟင်းခါးရွက်ကို အိုးကင်းပေါ်တွင်ထည့်ပြီး မီးအပူဖြင့်လှော်ရပါမည်။ ကြက်ဟင်းခါးရွက်ညှိုးနွမ်းပြီး ခြောက်လာသောအခါ လုံးခြေလိုက်ပါ။ ထို့နောက် ထန်းလျက်ကို ရေအနည်းငယ်ခန့်ထည့်ပြီးအရည်ဖျော်ပါ။ ထန်းလျက်အရည်ပျော်လျှင် ကြက်ဟင်းခါးရွက်နှင့် ရောမွှေပြီး မီးအပူပေးပါ။ ရေခန်းပြီး ထန်းလျက်ပျော့ပျောင်းလာသောအခါ လိုအပ်သလို အလုံးငယ်လေးများပြုလုပ်ပြီး အအေးခံထားပါ။ ထိုဆေးလုံးများကို အခြောက်ခံပြီး ဖန်ဘူးတစ်ခုထဲတွင် လုံခြုံစွာ သိမ်းထားပါ။ ဆေးလုံးများကို ငှက်ဖျားရှိသူတိုင်းအား အသက်အရွယ်အလိုက် (၃) လုံးမှ (၄) လုံး၊ (၅) လုံးအထိ သုံးဆောင်ပါ။ ဤဆေး သောက်သုံးပြီးသောအခါတွင် အင်္ဂလိပ်ဆေးကို မသောက်မိရန် အထူးသတိပြုရမည်။ ဤဆေးနည်းသည် ကျွန်တော်ကိုယ်တိုင် ပျောက်ကင်းခဲ့သောဆေးနည်း ဖြစ်ပါသည်။

**■ ဆေးနည်း (၂) ■**


ကြက်သည်းခြေကို မပေါက်မပြဲအောင် ထုတ်ယူပြီး အစိမ်းလိုက်သောက်လိုက်ပါ။ သို့မဟုတ်လျှင် အခြောက်ခံပြီး လုံခြုံအောင်သိမ်းထားပါ။ လိုအပ်သောအခါ အနည်းငယ်ခန့်ဖဲ့ယူပြီး ရေဖြင့်ဖျော်သောက်ပါ။ ဤဆေးနည်းမှာ မည်သို့မျှ အန္တရာယ်မရှိပါ။ ဤဆေးနည်းသည် ကျွန်တော့်သူငယ်ချင်း၏ ကိုယ်တွေ့ဖြစ်ပါသည်။

ကြည်ပြာမောင် (သဇင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



ရွှေစည်းခုံ

အောင်သာကျော်

# တန့်ကြည့်တောင်စွယ်တော်ရှင်စေတီအနီးက ကျောက်နဂါးကြီး

ရော်ရွက်ဝါတို့ ကြွေလွင့်စပြုနေပြီဖြစ်သည့် နွေဦးကာလမှာပင် ပုဂံမြေဆီသို့ ခရီးတစ်ခေါက်ရောက်သွားဖြစ်ခဲ့သည်။ ရေးဖော်ရေးဖက်များဖြစ်သည့် ကိုမိုး (ရွှေပြည်သာ)၊ ကဗျာဆရာ စိုးသိမ်းစိုး (ဘဏ်) တို့နှင့်အတူ သွားရသည့်ခရီးဖြစ်သည့်အတွက် ပင်ပန်းရမှန်းမသိရလောက်အောင်ပင်ရှိနေခဲ့သည်။ အညာမြေ၏နွေသည် လေပူတို့ဖြင့်လွှမ်းခြုံနေသည်။ မည်မျှပင် ပူသော်လည်း ယခင်ခေတ်အနုပညာဗိသုကာလက်ရာတို့ကို မြင်တွေ့နေရသဖြင့် ရင်ထဲဝယ် ဂုဏ်ယူအလေးထားမိသောပီတိတို့က လွှမ်းခြုံနေသဖြင့် အညာနွေဦး၏ အပူဒဏ်ကို ခံစားရကောင်းမှန်းမသိလောက်ရအောင် ဖြစ်နေခဲ့ကြသည်။

ပုဂံမြေအနှံ့ မြင်းလှည်းတစ်စီးဖြင့် လျှောက်သွားကာ ဘုရားအစုံကိုလိုက်လံ ဖူးမြော်ကြည်ညိုနေမိရာက ရွှေစည်းခုံစေတီတော်မြတ်ကြီးထံပါးသို့ ရောက်ရှိသွားခဲ့ကြသည်။ ရွှေစည်းခုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ဝယ် လှည့်လည်ကြည်ညိုနေမိကြစဉ်မှာပင် ကဗျာဆရာ စိုးသိမ်းစိုး (ဘဏ်) က-

"ငါတို့ စွယ်တော်လေးဆူဖူးဖို့လိုသေးတယ်နော်"

ဟု စကားစကာ ရွှေစည်းခုံစေတီတော်၊ တန့်ကြည့်တောင်စေတီတော်၊ လောကနန္ဒာစေတီတော်၊ တူရွန်းတောင်စေတီတော်တို့ မြတ်ဗုဒ္ဓ၏ စွယ်တော်များ သီတင်းသုံးတော်မူကြောင်းနှင့် အနော်ရထာမင်းမြတ် သစ္စာတိုင်တည်ထားခဲ့သည့်အကြောင်းများ ပြောပြသည်။ အနော်ရထာမင်းမြတ် သစ္စာထားတိုင်တည်ခဲ့သည်မှာ တန့်ကြည့်တောင်စေတီတော်မြတ် အရှည်တည်တံ့ခိုင်မြဲစေနိုင်ရန် နတ်နဂါးများနှင့် တောင်စောင့်နတ်မင်းကြီးအား သစ္စာတိုင်တည်ကာ လျှောက်ထားခဲ့ခြင်းပင် ဖြစ်သည်။ ထို့အပြင် စွယ်တော်လေးဆူတည်ထားရာ စေတီတော်လေးဆူအား နေ့ချင်းဖူးမြော်နိုင်ပါက လောကီ လောကုတ္တရာ




ရွှေစည်းခုံစေတီတော်ရှိ
နဂါးမင်းကြီးနတ်နန်းမှ နဂါးရုပ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




ကျောက်နဂါးကြီးဦးခေါင်းအား ရှေ့တည့်တည့်မှမြင်ရပုံ



ဆင်မြတ်ရထားမှာ
တန့်ကြည့်တောင်ဦးထိပ်ရန် လာစဉ်



တန့်ကြည့်တောင်စေတီအနီးက ကျောက်နဂါးကြီးအား ဘေးမှမြင်ရစဉ်



အကျိုးထူးများ အလျင်အမြန်ဖြစ်ထွန်းနိုင်မည်ဟု သိထားကြသူများပါသည်။ ဤသို့ဖြင့် စွယ်တော်လေးဆူ ကိန်းဝပ်စံပယ်ရာ စေတီတော်များထံပါး မမောနိုင်မပန်းနိုင်ဘဲ အပြေးအလွှား လိုက်လံဖူးမြော်ဖြစ်ခဲ့ရသည်။

တန့်ကြည့်တောင်စေတီတော်မြတ်ကြီးထံပါးရောက်သွားခဲ့သည်တွင် ထူးခြားဆန်းကြယ်သောဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့် နောက်ခံသမိုင်းကြောင်းများကို သိခွင့်ရခဲ့လေရာ များစွာအံ့အားသင့်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ဆန်းကြယ်ထူးခြားဖြစ်ရပ်များမှာ နတ်နဂါးများနှင့် ဆက်သက်ဆက်နွှယ်လျက်ရှိနေသည်ကို တွေ့ရသည်။ နတ်နဂါးနှင့်ပတ်သက်၍ အထောက်အထားအဖြစ် ယနေ့တိုင် ကျောက်နဂါးကြီးသည် စေတီတော်အနီး တည်ရှိနေပါသည်။

ကျောက်နဂါးကြီး စောင့်ရှောက်ပေးနေသည့် တန့်ကြည့်တောင်စေတီတော်မြတ်ကြီးမှာ သာသနာပြုမင်းတစ်ပါးဖြစ်သည့် မင်းမြတ်အနော်ရထာ တည်ထားခဲ့သည့် စေတီတော်ပင် ဖြစ်သည်။ ပေါက္ကံပြည်ကြီးကို စိုးစံအုပ်ချုပ်တော်မူသော မင်းဆက် (၅၅) အနက် (၄၂) ဆက်မြောက် မင်းအဖြစ် စိုးစံအုပ်ချုပ်ခဲ့သည့် မင်းကောင်းမင်းမြတ်တစ်ပါးပင် ဖြစ်သည်။ အနော်ရထာမင်းမြတ်သည် သာသနာတော်၏ ဆူးငြောင့်ခလုတ်များဖြစ်သည့် တိတ္ထိတက္ကတွန်းများအား အချိန်မီတားဆီးနှိမ်နင်းတိုက်ခိုက် ချေမှုန်းနိုင်ခဲ့သည်။ မြတ်ဗုဒ္ဓသာသနာတော် ပွင့်ထွန်း ရှင်သန်လာနိုင်ရေးအတွက် မြတ်ဗုဒ္ဓ၏မွေတော်ဓာတ်တော်တစ်ခုခု ချီးမြှင့်တော်မူပါရန် ရှင်အရဟံအား လျှောက်ထားတောင်းပန်ခဲ့သည်။

ရှင်အရဟံက -

"အသင်မင်းကြီး၊ နာကြားလော့။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်သောအခါ မီးသဂြိုဟ်၍ မီးမလောင်ကျွမ်းသော၊ ပကတိအတိုင်း တည်မြဲ၍နေသော အသင်္ခတဓာတ်တော် (၇) ဆူ ဟူ၍ ရှိသည်။ ထိုဓာတ်တော်တို့မှာ နဖူးသင်းကျစ်တော် (၁) ဆူ၊ ညှပ်ရိုးတော် (၂) ဆူ၊ စွယ်တော် (၄)ဆူ ဟူ၍ စုစုပေါင်း (၇) ဆူ ရှိသည်။ ထို(၇) ဆူထဲမှ မြတ်စွာဘုရား၏ လက်ယာအထက်စွယ်တော်ကို သိကြားမင်း၊ နတ်မင်းတို့က ပင့်ဆောင်ပြီး တာဝတိံသာ နတ်ပြည်တွင် ကိုးကွယ်ထားကြသည်။ လက်ယာအောက်စွယ်တော်ကို ရေနတ်နဂါးတို့က ပင့်ဆောင်ကာ ဘောဂဝတီ နဂါးပြည်တွင် ကိုးကွယ်ထားကြသည်။ လက်ဝဲအထက်စွယ်တော်ကို ကာလက်တိုင်း ဂန္ဓာလရာဇ်ပြည်မှ ပင့်ဆောင် ကိုးကွယ်သည်။ လက်ဝဲအောက်စွယ်တော်ကို သီဟိုဠ်နိုင်ငံက ပင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ကိုးကွယ်သည်။

အသင်မင်းကြီး၊ ငုံးသီတိုင်းကျွန်းတွင်ရှိသည့် စွယ်တော်အား ပင့်ဆောင်၍ ဘုမိနက်သန် ရွှေပေါက္ကံနယ်မှစ၍ မြန်မာပြည်တစ်ဝန်းလုံး မြတ်ဗုဒ္ဓသာသနာပွင့်ထွန်းအောင် ဆောင်ရွက်တော်မူပါလော့"

ဟု မိန့်ကြားတော်မူသည်။

အရှင်အရဟံမထေရ်မြတ် မိန့်တော်မူသည့်အတိုင်း မင်းမြတ်အနော်ရထာသည် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ လက်ဝဲစွယ်တော်မြတ်ကို ပင့်ဆောင်လာပြီးသည့်နောက်ပိုင်း နန်းတော်အတွင်းဝယ် တစ်နှစ်တာကာလပတ်လုံး ဆည်းကပ်ကိုးကွယ်ထားရှိခဲ့သည်။ ထို့နောက် သက္ကရာဇ် ၃၉၇ ခုနှစ်တွင် စွယ်တော်မြတ်ကို ဆင်မြတ်ရတနာပေါ်တင်စေပြီး ဆင်မြတ်ရတနာ ကိန်းဝပ်တော်မူသည့်နေရာတွင် မြတ်စွယ်တော်အား ဌာပနာ၍ စေတီတော်မြတ်တည်ထားရန် အမိန့်ရှိပြုတော်မူကာ တန့်ကြည့်တောင်စွယ်တော်၊ ရွှေစည်းခုံစွယ်တော်၊ လောကနန္ဒာစွယ်တော်၊ တုရွင်းတောင်စွယ်တော် ဟူ၍ ပေါက္ကံပြည် အနော်ရထာမင်းမြတ်၏နယ်နိမိတ်အတွင်း လေးကြိမ်ကိန်းဝပ်တော်မူပြီးနောက် ပြတ်ရွှေတောင်ထိပ်တွင် တစ်ကြိမ် ကိန်းဝပ်တော်မူခဲ့လေရာ စွယ်တော်ပွား ငါးဆူဟူ၍ အထင်အရှားပေါ်ထွန်းခဲ့သည်။ သို့သော် ယခုအခါတွင် ပေါက္ကံပြည်နယ်နိမိတ်အတွင်းမှာ တန့်ကြည့်တောင်စွယ်တော်ရှင်၊ ရွှေစည်းခုံစွယ်တော်ရှင်၊ လောကနန္ဒာစွယ်တော်ရှင်၊ တုရွင်းတောင်စွယ်တော်ရှင်ဟု စွယ်တော်လေးဆူအဖြစ် ထင်ရှားလျက်ရှိနေပါသည်။

အနော်ရထာမင်းသည် မြတ်ဗုဒ္ဓစွယ်တော်လေးဆူ တည်ထားကိုးကွယ်စဉ်ကာလတွင် ထူးခြားမှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့လေသည်။ ရွှေစည်းခုံစွယ်တော်တည်ထားရာအရပ်တွင် ဆင်မြတ်ရတနာဝပ်လေရာ အနော်ရထာမင်းမြတ်ကိုယ်တော်သည် အရောက်သွားကာ ကြည့်ရှုခဲ့သည်။ စေတီတော်တည်ရန်နေရာမှာ သဲစည်းခုံအရပ်ဖြစ်ပြီး အလွန်နိမ့်သောချိုင့်ဝှမ်းတစ်ခုအသွင်ရှိနေခဲ့သည်။ ထိုစဉ်ကာလမှာပင် အနော်ရထာမင်းမြတ်၏ သစ္စာအဓိဋ္ဌာန် မပျက်စေရေးအတွက် အကူအညီပေးမည့် ရေနတ်နဂါးတို့ပေါ်ပေါက်လာကာ မြစ်ရောမှ အစွန်းထွက်နေသော သဲစည်းခုံအား ရေနတ်နဂါးတို့က သဲကျစ်၍ သဲစည်းခုံကြီး မြင့်မားခေါင်တက်လာအောင်ပြုကာ တညီအောင်ရှောက်ပေးကြသည်။ မြင့်မားကာ မဟာပထဝီမြေကြီးနှင့် တစ်သားတည်းဖြစ်လာချိန်တွင် နတ်ပြောက်ရွာမှ ဘိုးတော်သကြားမင်းသည် တစ်နေ့သောအချိန်တွင် မြစ်ရေတိုက်စားမှုအက်ကြောင့် သဲစည်းခုံ ပြိုပျက်မည်ကို စိုးရိမ်သဖြင့် နတ်နဂါးတို့ သဲကျစ်ပေးထားသော သဲစည်းခုံကြီးကို လက်ယာလက်ဖြင့် သုံးကြိမ်ရစ်ပတ်ကာ ကျောက်သားအတိ ပကတိဖြစ်စေသတည်းဟု အဓိဋ္ဌာန်ပြုတော့သည်။ ဤသို့ဖြင့် ကျောက်သားမြေမာအသွင်အဖြစ် ထင်ပေါ်လာခဲ့သည်။ ထို့ကြောင့် အနော်ရထာမင်းမြတ် ရွှေစည်းခုံစေတီတော်ကို တည်ထားဖြစ်ခဲ့ခြင်းပင် ဖြစ် သည်။

နတ်နဂါးတို့၏ စောင့်ရှောက်မှုသည် စွယ်တော်လေးဆူတည်ရာတိုင်းတွင် အတိတ်သမိုင်းများရှိနေခဲ့သည်။ တန့်ကြည့်တောင်စွယ်တော်စေတီတော်မြတ်တည်ရာအနီးတွင် ကျောက်နဂါးကြီး ယနေ့တိုင်အထင်ကရရှိနေသည်။ မင်းမြတ်အနော်ရထာမှ 'တန့်ကြည့်တောင် စွယ်တော်ရှင်' ဟု စေတီတော်မြတ်အား ဘွဲ့တော်သမုတ်ခဲ့သည်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး နောက်တော်ပါးမှ ညီတော်အာနန္ဒာနှင့်အတူကြွလာခဲ့ရာ ဟိရညကတောင်ထွတ်အရောက်တွင် ပါဒခြေတော်ရာအစုံ ရပ်တန့်ကြည့်ပြီး ပေါက္ကံပြည်ကြီးပေါ်ထွန်းလာမည်ဟု ဗျာဒိတ်ပေးတော်မူသည်ကို အကြောင်းပြု၍ တန့်ကြည့်တောင်စွယ်တော်ရှင်ဟု ဘွဲ့တော်သမုတ်ခဲ့ခြင်းပင် ဖြစ်သည်။ တန့်ကြည့်တောင်စွယ်တော်ရှင်အနီး ယနေ့တိုင်အထင်အရှားရှိနေသည့် ကျောက်နဂါးကြီးမှာ နတ်နဂါးတို့ရာဇာ၏ ကျောက်ပုံဆောင်ထားသည့် နဂါးမင်းကြီး ဖြစ်သည်ဟု သိရသည်။

ရွှေစည်းခုံ စေတီတော်မြတ်ကြီး တည်ထားပြီးသည်နှင့် နတ်နဂါးမင်းကြီးသည် နတ်နဂါးအပေါင်းတို့အား စွယ်တော်ရှင်စေတီတော်မြတ်ကြီးထံပါး တစ်လတစ်ခေါက်အရောက်သွားကာ စောင့်ရှောက်သမှုပြုရန် အမိန့်တော်ထားသည်။ ထိုအချိန်မှစ၍ နတ်နဂါးများသည် နဂါးအသွင်ဖျောက်ကာ လူအသွင်၊ နတ်အသွင်ဖန်တီးကာ အဖိုးတန်ပတ္တမြားများကို ဝတ်ဆင်ဆင်မြန်းကာ စေတီတော်မြတ်ကြီးထံပါး မပြတ်တမ်း အလှည့်ကျလာရောက်ကာ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြရင်း စောင့်ကြပ်လျက်ရှိနေကြတော့သည်။

ထိုသို့ အလှည့်ကျ လာရောက်ဖူးမြော်ကြည်ညိုနေကြသော နတ်နဂါးတို့သည် ရွှေစည်းခုံစောင့် နတ်မင်းကြီးထံဝင်ရောက် အလေးအမြတ်ပြုလေ့ရှိကြသည်။ ရွှေစည်းခုံစောင့်နတ်မင်းကြီးမျက်နှာတော် မသာမယာရှိနေသည်ကို မြင်တွေ့ရသော နတ်နဂါးတို့ မြင်တွေ့ရသည်ရှိသော် မျက်နှာတော်မသာမယာရှိနေရခြင်းအကြောင်းရင်းကို လျှောက်ထားမေးမြန်းကြတော့သည်။

ရွှေစည်းခုံစောင့်နတ်မင်းကြီးက-

"စွယ်တော်ရှင်ဘုရားအား စောင့်ရှောက်ခွင့်ရနေသည်မှာ အလွန်ကျေနပ်ဝမ်းသာမိပါသည်။ သို့သော်လည်း ကျွန်ုပ်သောကရောက်ရှိနေမိရသည်မှာ မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော် မွေတော်စွယ်တော်တို့သည် လူသူမနီးတောတောင်ကြီးမှာ ရောက်ရှိနေပေပြီ။ တစ်ချိန်သောအခါ မသမာသူ လူတစ်စုကြောင့် စွယ်တော်မြတ်ကြီး ပျောက်ကွယ်တိမ်းပါးသွားမည်စိုး၍ ယခု ကျွန်ုပ်စောင့်ရှောက်နေသည့် ရွှေစည်းခုံစေတီတော်မြတ်တည်ရာသို့ ပင့်ဆောင်လိုပါသော်လည်း စွယ်တော်မြတ်အား ပင့်ဆောင်ခြင်းငှာ မစွမ်းသာသောကြောင့် စိတ်မသာမယာဖြစ်နေရခြင်း ဖြစ်ပါတယ်"

ဟု ဖွင့်ဟပြောကြားတော့သည်။

ထိုစကားကြားသိခွင့်ရခဲ့ကြသော နတ်နဂါးတို့သည် နတ်နဂါးမင်းကြီးအားပြန်လည်တင်ပြလျှောက်ထားကြသည်။ ရွှေစည်းခုံစောင့် နတ်မင်းကြီးထံသို့ နတ်နဂါးမင်းကြီးရောက်ရှိလာကာ စွယ်တော်အား ပင့်ဆောင်ပေးမည့်အကြောင်းနှင့် စွယ်တော်သီတင်းသုံးရာအရပ်ကို ညွှန်ပြပေးပါရန် ပြောသည်။ ရွှေစည်းခုံစောင့်နတ်မင်းက နတ်နဂါးမင်း စွယ်တော်မြတ်ကို ပင့်ဆောင်ရင်း စိတ်ပြောင်းသွားကာ အခြားတစ်ရပ်တစ်ရွာတစ်နေရာသို့ ပင့်ဆောင်သွားမည်ကို စိုးရိမ်သည့်စိတ်ဝင်နေသည်။

နတ်နဂါးမင်းက -

"အသင်နတ်မင်းဟာ ကျွန်ုပ်တို့ နတ်နဂါးများအပေါ် သံသယစိတ်များ ဖြစ်ပေါ်၍နေချေပြီ၊ သို့အတွက်ကြောင့် အသင်နတ်မင်း ယုံကြည်လောက်သည့် သက်သေအထောက်အထား ကျွန်ုပ်ပေးပါမည်။ အသင်နတ်မင်း အလိုရှိနေသော သရီရဓာတ်တော်စွယ်တော်ရှိရာအရပ်ကိုသာ ညွှန်ပြပေးပါတော့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောဆိုတောင်းခံတော့သည်။

ထိုသို့ တောင်းခံတော့မှ ရွှေစည်းခုံစောင့်နတ်မင်းက -

"ဟိုအနောက်တောင်ထောင့် တောင်တန်းညိုညိုမှာ တန့်ကြည့်တောင် စွယ်တော်ရှင်ဘုရားဟူ၍ရှိပေသည်။ ထိုဘုရားတွင် မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်စွယ်တော်များ ကိန်းဝပ်စံပယ်လျက်ရှိပေသည်။ နတ်နဂါးမင်း ကိုယ်တိုင်ပင့်ဆောင်ပေးတော်မူပါလော့"

ဟုပြောဆိုကာ တန့်ကြည့်တောင် ရှိရာအရပ်ကို ညွှန်ပြလေ၏။

ထိုအခါ နတ်နဂါးမင်းသည် နဂါးတို့ခန္ဓာကိုယ် ရှည်လျားစွာရှိသည်ကို ထောက်ဆကာ သူ၏ အမြီးပိုင်းအား ရွှေစည်းခုံစောင့်နတ်မင်းရှေ့တွင် သက်သေအဖြစ်ထားပေးကာ ရှည်လျားလှသည့် ခန္ဓာကိုယ်ကို ဆန့်နိုင်သမျှ ဆန့်ထုတ်၍ တန့်ကြည့်တောင်စွယ်တော်တည်ရာအရပ်သို့ ဦးတည်ကာ မြေလျှိုး၍ထွက်ခွာသွားသည်။ မြေလျှိုးသွားနေရာက တန့်ကြည့်တောင်စေတီတော်နှင့် တည့်သည့်နေရာသို့ရောက်လာပြီအထင်ဖြင့် နဂါးမင်းရာဇာ ဦးခေါင်းတော်ကို ဖော်ကြည့်မိသည်။ နတ်နဂါးမင်းရာဇာ၏ ဦးခေါင်းတော်သည် တန့်ကြည့်တောင်စွယ်တော်ရှင် စေတီတော်မြတ်၏ အနောက်ဘက် ရှစ်လံအကွာတွင် မြေတွင်းမှ ပေါ်ထွက်လာခဲ့သည်။ ဤသို့ဖြင့် 'ရွှေစည်းခုံမှာ နဂါးအမြီး၊ တန့်ကြည့်တောင်မှာနဂါးခေါင်း' ဟူသော ဆိုစကားအထင်အရှားရှိလာခဲ့ခြင်းပင် ဖြစ်သည်။

နတ်နဂါးမင်း ထိုသို့နေရာလွဲချော်သွားခဲ့ရသည်မှာ တန့်ကြည့်တောင်စွယ်တော်ရှင်စေတီတော်မြတ်တည်ထားစဉ်က မင်းမြတ်အနော်ရထာသစ္စာအဓိဋ္ဌာန်ပြုချက် စွမ်းပကားထက်သောကြောင့်ပင် ဖြစ်သည်။ စေတီတော်မြတ်တည်ထားစဉ်က မင်းမြတ်အနော်ရထာ ဤသို့ သစ္စာအဓိဋ္ဌာန်ထားတော်မူခဲ့သည်။

'ငါတည်ထားကိုးကွယ်တော်မူသော တန့်ကြည့်တောင်စွယ်တော်ရှင်မြတ်စွာဘုရားအား ငါကဲ့သို့လှူဒါန်းမည်၊ ပူဇော်မည်၊ စောင့်ရှောက်မည်ဆိုပါလျှင် စကြာ ရတနာဆိုက်ရောက်ပါစေ။ ဘုန်းတန်ခိုး အာနိသင်ကြီးမြင့်ပါစေ၊ ငါကဲ့သို့ သမ္မာသဗ္ဗောဓိဆုကို ပန်ဆင်နိုင်ပါစေ။ စွယ်တော်ရှင်မြတ်စွာဘုရားအား မလှူဒါန်း မပေးကမ်းဘဲ နှောင့်ယှက်ဖျက်ဆီးခြင်းရှိခဲ့သော် လူနလူရွဲလူမွဲဖြစ်ပါစေ။ အံသရာသစ်ငုတ်ဖြစ်ပါစေ၊ ငရဲသစ်ငုတ်ဖြစ်ပါစေ"

ထိုသစ္စာစကားကြောင့်ပင် နတ်နဂါးမင်းကြီးသည် တန့်ကြည့်တောင်စွယ်တော်ရှင်စေတီတွင် ကိန်းဝပ်စံပယ်သည့် စွယ်တော်မြတ်အား ရွှေစည်းခုံသို့ ပင့်ဆောင်နိုင်ခြင်းမရှိအောင်ဖြစ်ခဲ့ရခြင်းပင် ဖြစ်သည်။ တန့်ကြည့်တောင်စွယ်တော်ရှင် တည်ခဲ့စဉ်က အထက်ပါသစ္စာတိုင်တည်သမျှ ပြုလုပ်ပြီးသည်နှင့် ထူးခြားသည့် ရေစက်ချပွဲကို ပြုလုပ်ခဲ့သည်။ ထူးခြားသည်မှာ ခြောက်ဆယ်အတန်ရှိသော ကိုးတန်သောရေတို့ကို မီးဖြင့်ကျိုချက်ပြီး ပွက်ပွက်လျှံဆူ၍ ခန်းစေပြီးမှ အနော်ရထာမင်းမြတ် ကိုင်ဆောင်ထားသော ရွှေခရားတစ်လုံးစာမျှ ကျန်သော ရေပူရေပွက်များကိုထည့်စေပြီး (၃၁)ဘုံကို အမျှအတန်းပေးဝေခဲ့သည်။ ရေပူရေပွက်တို့ မဟာပထဝီမြေဆီသို့ ကျရောက်သည်နှင့် သွက်သွက်ခါ တုန်လှုပ်သွားခဲ့သည်။

ထိုစဉ်ကာလကတည်းက နတ်ဗြဟ္မာတို့၏ တာဝန်ပေးထားချက်အရ တန့်ကြည့်တောင်စွယ်တော်ရှင် သီတင်းသုံးရာ၌ တန့်ကြည့်တောင်စောင့်နတ်မင်းကြီးတစ်ပါး ပေါ်ထွန်းခဲ့သည်။ နတ်မင်းကြီးသည် စေတီတော်တည်ရာ တောင်တော်ကို နေ့စဉ် သုံးပတ်မျှ ပတ်လှည့်ကာ စောင့်ရှောက်တော်မူလျက်ရှိနေခဲ့သည်။ ထိုသို့ ရှိနေခဲ့လေရာ နတ်နဂါးရာဇာ၏ ဦးခေါင်းတော် မြေပြင်ပေါ်တွက်ပေါ်လာသည်ကို သိမြင်သည်နှင့် မေးမြန်းစစ်ဆေးသမျှတို့ပြုတော့သည်။ နတ်နဂါးမင်းရာဇာကလည်း စေတီတော်မြတ် ပျက်လိုပျက်စီးရာပျက်စီးကြောင်း လုပ်ရန်လာခဲ့ခြင်းမဟုတ်ပါကြောင်းနှင့် စွယ်တော်မြတ်အား ပင့်ဆောင်လိုသဖြင့် ရောက်လာရကြောင်း အမှန်အတိုင်း ပြောပြသည်။

နတ်နဂါးမင်းရာဇာသည် တောင်စောင့်နတ်မင်းကြီးရှေ့မှာပင် -

"ဘုရားတပည့်တော် မှန်သောသစ္စာစကားကိုဆိုပါမည်။ တန့်ကြည့်တောင်စွယ်တော်ရှင်မြတ်စွာဘုရားအား လာရောက်ဖူးမြော်ကြည်ညိုကြတုန်သော ပုဂ္ဂိုလ်တို့အား ဘေးအန္တရာယ်ပြုရအောင်လာခဲ့ခြင်း မဟုတ်ပါ။ မသမာသောနည်းဖြင့် လာရောက်ခဲ့ခြင်းမဟုတ်ပါ။ စွယ်တော်မြတ်အား ကြည်ညိုသဒ္ဓါစိတ်ဖြင့် ပင့်ဆောင်ရန်လာခဲ့ခြင်း ဖြစ်ပါသည်။ မှန်ကန်သောသစ္စာစကားများ ဖြစ်ပါသည် ဘုရား။ ထိုသစ္စာစကားမှန်ကန်ပါက စွယ်တော်ရှင်မြတ်စွာဘုရားအား သာသနာငါးထောင်တည်အောင် စောင့်ရှောက်နိုင်ရပါလို၏။ ဘုရားတပည့်တော်၏ ခန္ဓာကိုယ်ဖြင့် (၇)ပတ်ရစ်ပတ်၍ ဖရိုဖရဲပြိုကွဲကျမသွားရလေအောင် စောင့်ရှောက်နိုင်သည့်ပုဂ္ဂိုလ် ဖြစ်ရပါလို၏"

ဟု သစ္စာဆိုလိုက်သည်။

ဘုရားစောင့်နတ်မင်းကြီးမှ နတ်နဂါးမင်းရာဇာ၏ သစ္စာအတိုင်းတည်ပါစေဟု ပြောဆိုလိုက်သည်နှင့် နဂါးမင်းရာဇာသည် အမှတ်မထင် သစ္စာစကားအတိုင်း မလှုပ်မယှက်ငြိမ်သက်သွားတော့သည်။ ထိုအချိန်ကစ၍ တန့်ကြည့်တောင်စွယ်တော်ရှင် စေတီတော်မြတ်ကြီးအနီးဝယ် ဦးခေါင်းထောင်လျက်ရှိသည့် နဂါးမင်းရာဇာ၏ ဦးခေါင်းကို မြင်တွေ့ခွင့်ရရှိခဲ့ကြရာ ယခုအခါတွင် ကျောက်နဂါးကြီးဟု သိကြသူများပါသည်။ နဂါးမင်းရာဇာ မလှုပ်မယှက်နိုင်အောင် ဖြစ်နေသည့်ကာလဝယ် ဘောဂဝတီနဂါးပြည်မှ နဂါးမျိုးနွယ်များရောက်လာကာ သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။ နဂါးမင်းရာဇာအား လာရောက်၍ အာဟာရဒါနပြုသူ နဂါးမင်းရာဇာဘုရားအား ပူဇော်သမှုပြုနိုင်ရေးအတွက် ပန်း၊ ရေ၊ ဆီမီး အလှူပေးသူများ ရတနာ (၇) ပါးသော ဥစ္စာများ ရရှိကြစေကြောင်းပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေ အမြီးအား ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် သက်သေအဖြစ်ထားခဲ့ကာ တန့်ကြည့်တောင်တော်မြတ်တွင် ဦးခေါင်းပေါ်လျက်ရှိနေသော နဂါးမင်းရာဇာသည် စွယ်တော်များတည်ရာ စေတီတော်အားလုံးကို စောင့်ရှောက်လျက်ရှိနေဦးမည်ကတော့ အမှန်ပင် ဖြစ်ပါသည်။ လေ့လာသိရှိခွင့်ရခဲ့သည်မှာ တန့်ကြည့်တောင်စွယ်တော်ရှင်စေတီအနီးရှိ ကျောက်နဂါးအား အာဟာရဒါနပြုသူတို့ ရတနာ (၇) ပါး အရမြန်သည်ဟုပင်။ ရတနာ (၇) ပါး မှန်သမျှ နဂါးတို့ကသာ ပိုင်ဆိုင်ပါသည်။ နဂါးမင်းရာဇာထံ ဆုပန်သို့ပါက '(၇) ရက်သားသမီးတို့အား ရတနာ (၇) ပါးအား တစ်လအတွင်း တစ်ဘဝအတွင်း ဆောင်နှင်းလို့ပေးတော်မူပါ နဂါးမင်းရာဇာ' ဟု တိုင်တည်ဆုတောင်းပါက ထူးခြားကြောင်း လက်တွေ့ခံစားစံစားခွင့်ရကြမည်ပင် ဖြစ်ပါသည်။

ဖူးခွင့်ကြုံနိုင်ကြပါစေ

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com



# ရဲမြင့်
(မဟာဂဝသိဒ္ဓိ ပညာရေးစီမံ)

## သင်္ဂဇာဆရာတော်ဘုရားကြီးနှင့် သင်္ဂြိုလ်ဒေါဝါဒခံ့အပုံးမစာ

ယခုခေတ် မြတ်ဆရာပူဇော်ပွဲ (သို့) အာစရိယပူဇော်ပွဲများ ကျင်းပကြရာတွင် မကြာခဏကြားသိရသော ဆရာ့ကျင့်ဝတ်နှင့် တပည့်ကျင့်ဝတ်လင်္ကာလေးများမှာ မြန်မာ့ယဉ်ကျေးမှုလောကတစ်ခွင်တွင် ပဲ့တင်ထပ်နေပါသည်။

- *အတတ်လည်းသင်၊ ပွဲမြင်ဆုံးမ သိပ္ပမချန်၊ ဘေးရန်ဆီးကာ သင့်ရာအပ်ဖို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ။*

ဟု လည်းကောင်း -

- *ညီညာထကြွ၊ ဆုံးမနာယူ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး သင်တွေးအံ့ရှုတ်၊ တပည့်ဝတ် မချွတ်ငါးခုသာ။*

ဟု လည်းကောင်း -

သက်ကြီး ဆရာ၊ ဆရာမများကလည်းကောင်း၊ တပည့်ကျောင်းသားကျောင်းသူဟောင်းများကလည်းကောင်း နှုတ်မှဖွင့်ဟပြောကြား ဆွေးနွေးတင်ပြမှုများ တွေ့မြင်ရပါသည်။

သို့ရာတွင် ထိုဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်လင်္ကာတို့၏ မူလပေါက်ဖွားရာ ရေသောက်မြစ်ကို သိသူနည်းပါးလှပါသည်။ စင်စစ်အမှန် ထိုဆုံးမလင်္ကာများ၏ မူလအရင်းအမြစ်ကား 'သင်္ဂဇာဆရာတော်ဘုရားကြီး' ဖြစ်ပါသည်။ သင်္ဂဇာဆရာတော်ဘုရားကြီး ရေးစပ်ပြုစုခဲ့သော သင်္ဂြိုလ်ဒေါဝါဒဆုံးမစာပါလင်္ကာများ၏ အစိတ်အပိုင်းမျှသာ ဖြစ်ကြပါ၏။

သို့ဖြစ်ရာ သင်္ဂဇာဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်အကျဉ်းမျှနှင့် ဆရာတော်ကြီး ပြုစုစပ်ဆိုခဲ့သော သင်္ဂြိုလ်ဒေါဝါဒဆုံးမစာလင်္ကာများအကြောင်း မိမိလက်လှမ်းမီသမျှ ရေးသားလိုစိတ်ဖြစ်ပေါ်လာသဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

**သင်္ဂဇာဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်အကျဉ်း**

"သင်္ဂဇာဆရာတော်ဘုရားကြီးက မြင်းခြံနားက တရုတ်မြို့ ကျေးပေါက်ချောင်းရွာသား အသည်သားပါ။ ၁၁၇၇ ခုနှစ်မှာ မွေးတယ်။ ငယ်နာမည်က မောင်ပိုတဲ့။ မိဘတွေက ဒီကလေးကို မွေးအပြီး အမရပူရမြို့ရဲ့ မြောက်ဘက်ကို ပြောင်းလာကြတယ်။ (၁၃) နှစ်အားမှာ သင်္ကန်းဆီးတယ်။ ဘွဲ့က ကိုရှင် အဂ္ဂမမွတဲ့"

(လူထုဒေါ်အမာ၏ 'သာသနာ့တန်ဆောင် 'ဆရာတော်ကြီးများ' ၁၉၉၄၊ ဖေဖော်ဝါရီလ၊ နှာ - ၇၄) ဟု လူထုဒေါ်အမာက ရေးသားခဲ့ပါသည်။

ဆရာတော်လောင်းလျာ ကိုရှင်အဂ္ဂမမွသည် အင်းဝသဲအင်းဆရာတော်ဘုရားကြီးထံတွင် ပညာသင်ယူခဲ့သည်။ ငယ်ရွယ်စဉ်ကတည်းက စာတော်စာတတ်သောကိုရင် ဖြစ်ပါသည်။ အသက် (၂၀) ပြည့်သောအခါ သဲအင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းဘောင်တက်ပါသည်။

ရဟန်းဘဝကတည်းက ပိဋကတ်ကျမ်းမှာ နှံ့စပ်သည်ဟု ထင်ရှားကျော်ကြားခဲ့သည့်အပြင် ဒကာ၊ ဒကာမများကိုလည်း ပုံပြင်၊ ဝတ္ထု၊ သာဓကများဖြင့် အပြောအဟောများကောင်းလှသည်ဟု နာမည်ရလာခဲ့သည်။ ရွှေဘို၊ အမရပူရစသည့် အရပ်ဌာနများတွင် စာပေပို့ချရာမှာ နာမည်ကြီးသော ဆရာတော်များရှိရာနေရာဌာနသို့ကြွရောက်ပြီး ပိဋကတ်စာပေများ ဆက်သက် သင်ယူခဲ့သည်။

သက်တော် (၄၃) နှစ်၊ ဝါတော် (၂၃) ဝါတွင် မန္တလေး ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးသည် ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဦးအဂ္ဂမေဓကို မန္တလေးမြို့ နေပြည်တော်သို့ ပင့်ဆောင်ပြီး ကျောင်းဆောက်လုပ်လှူဒါန်း၍ကိုးကွယ်ပါသည်။

အင်းဝမြို့ နမာကျောင်းတိုက်၌ ခေတ္တစာပေပို့ချနေစဉ် မင်းတုန်းမင်းသည် မန္တလေးအနောက်ပြင် သင်္ဂဇာချောင်းတမ်းထိပ်၌ ကျောင်းသစ်ဆောက်လုပ်လှူဒါန်းသည်။ ၁၈၆၁ ခုနှစ်တွင် ကျောင်းဆောက်လုပ်ပြီးစီး၍ သင်္ဂဇာစာမကျောင်းတိုက်ဟု သမုတ်သည်။ ထို့ကြောင့် သင်္ဂဇာဆရာတော်ဟုအမည်တွင်လာသည်။

မင်းတုန်းမင်းတရားကြီးက အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော (၂၂) လုံး ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။ ဆရာတော်ကြီးသည် သင်္ဂဇာတိုက်တွင် (၄)ဝါကြာ သီတင်းသုံးတော်မူပြီးနောက် မင်းတုန်းမင်းတရားကြီး၏ မိဖုရားတစ်ပါးဖြစ်သော သီရိသုပဘာရတနာဒေဝီ ခေတသီဘွဲ့ခံ စိန်တုံးမိဖုရားကြီးတကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းပြန်သည်။ ထိုကျောင်းတော်ကြီးမှာ မန္တလေးမြို့၏ အရှေ့မြောက်ဖျား၊ နန်းမြို့တော်၏ အရှေ့မြောက်ထိပ်တွင် တည်ရှိပါသည်။ စိန်တုံးမိဖုရား ဆောက်လုပ်လှူဒါန်းသဖြင့် စိန်တုံးတိုက်ကို ဝဇီရာရာမတိုက်ဆရာတော် သီတင်းသုံးရန် ဆောက်လုပ် လှူဒါန်းထားသော ကျောင်းတော်ကြီးမှာ မင်္ဂလာရတနာဘုံစံကျောင်းတော်ကြီး ဖြစ်ပါသည်။

သင်္ဂဇာဆရာတော်ကြီးသည် ဝဇီရာရာမကျောင်းတိုက်ကြီးတွင် (၄) ဝါသာ သီတင်းသုံးပြီး အောက်ပြည်အောက်ရွာသို့ သာသနာပြုကြွတော်မူပါသည်။ ၁၂၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးအရှေ့ဘက်၌ ဆောက်လုပ်သော ကျောင်းတော်ကြီးကို မဟာဓမ္မဒီပကာရာမတိုက်ဟု သမုတ်ပြီး သာသနာပြုတော်မူပါသည်။

ရန်ကုန်မှတစ်ဆင့် ပုသိမ်၊ မုတ္တမ၊ ရခိုင်ပြည်နယ်ဘက်သို့လည်း သာသနာပြုကြွတော်မူ၏။ ၁၂၄၃ ခုနှစ်တွင် မော်လမြိုင်မြို့မှ ဒကာကြီး ဦးစံဦးတ သိမ်သမုတ်ကြွပါရန်ပင့်သဖြင့် မော်လမြိုင်မြို့သို့ ကြွတော်မူပြီး တရားဓမ္မများ ဟောကြားဆုံးမတော်မူသည်။

ထို့နောက် သားတော် သီပေါမင်းက သင်္ဂဇာဆရာတော်ကြီးကို မန္တလေးနေပြည်တော်သို့ ပြန်လည်ပင့်သဖြင့် မန္တလေးသို့ ကြွလာပြန်သည်။ ထိုမှ ရခိုင်ပြည်နယ်သို့ ကြွချီ၊ ရခိုင်ပြည်နယ်မှတစ်ဆင့် ဗုဒ္ဓဂယာသို့ ဘုရားဖူးကြွတော်မူခဲ့သည်။

နောက်တစ်ခါ သီဟိုဠ် (ယခုသီရိလင်္ကာနိုင်ငံ) သို့ ကြွလိုသောကြောင့် ကာလကတ္တားသို့ ကြွသောအခါ ကာလကတ္တားတွင်ရှိသော ညောင်အုပ်မင်းသား (မင်းတုန်းမင်း၏ သားတော်) က သာမဏေပြုလိုသည်ဆို၍ သင်္ကန်းဆီးပေးပြီး ကာလကတ္တားတွင် တစ်ဝါမျှသီတင်းသုံးတော်မူခဲ့သည်။ သီဟိုဠ်ကြွရန် စောင့်ဆိုင်းနေစဉ် သီဟိုဠ်တွင် ရောဂါဆိုးများကျရောက်နေသောကြောင့် မကြွဖြစ်၍ ရန်ကုန်သို့ ပြန်ကြွလာပါသည်။

ရန်ကုန်ရောက်သောအခါ မြစ်ဝကျွန်းပေါ်ဒေသတွင် လှည့်လည်၍ သာသနာတော်ပြုတော်မူပါသည်။ ၁၂၄၇ ခုနှစ် သီပေါမင်းပါတော်မူသော အချိန်ကာလတွင် မော်လမြိုင်သို့ ပထမကြွစဉ်က နောက်တစ်ခေါက် ကြွလာဦးမယ်ဆိုသောကတိအတိုင်း ဒကာကြီးသမာဓိမြို့ဝန် ဦးဘိုညှာ၊ သစ်ပွဲစားကြီး ဦးကောက်ခိုင်တို့ အမှူးပြုသော မြို့သူမြို့သားများကပင့်သဖြင့် ဒုတိယတစ်ခေါက် မော်လမြိုင်သို့ ကြွရောက်တော်မူပြန်သည်။ ဒုတိယအကြိမ် မော်လမြိုင်သို့ကြွရောက်တော်မူသောအခါ မြို့သူမြို့သားများက 'ဆရာတော် မော်လမြိုင်မှာပဲ သီတင်းသုံးတော်မူပါ'ဟုလျှောက်ထားကြသည်။

အလျား(၈၇)တောင် (ပေ ၁၃၀) ကျော် ရှည်လျားကြီးကျယ်ခမ်းနားသော ရတနာဘုံမြင့်ဟု ကမ္ဗည်းထိုးမည့် ကျောင်းတော်ကြီးကို ဆောက်လုပ်ကြသည်။ ထိုကျောင်းတော်ကြီး မပြီးမီအတွင်း မန်ကျည်းတောတိုက်တွင် ယာယီသီတင်းသုံးနေစဉ် ၁၂၄၈ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့တွင် သင်္ဂဇာဆရာတော်ကြီး ပျံလွန်တော်မူပါသည်။

သို့ဖြစ်ရာ သင်္ဂဇာဆရာတော်ကြီး၏ ရုပ်ကလာပ်ကို အန္တေဝါသိကတပည့်ကြီး ရှင်ပညာသီရိ (ဝဇီရာရာမဆရာတော်) က ကောင်းမွန်စွာ ဖုတ်ကြည်းသဂြိုဟ်ပြီး ကျိုက်သံလံဘုရားစေတီတော်တောင်ခြေရင်းတွင် အုတ်ဂူအုတ်ပြာသာဒ်ကို ဆောက်လုပ်ပြီး ကျောက်စာကမ္ဗည်းနှင့်တကွ တည်ထား ကိုးကွယ်ထားပါသည်။

**သင်္ဂဇာဆရာတော်ဘုရားကြီး၏ ဝိသေသဂုဏ်တော်**

သင်္ဂဇာဆရာတော်ဘုရားကြီးသည် လောကီ၊ လောကုတ္တရာနှစ်ဖြာစလုံး ကုံလုံကြွယ်ဝသည့်အပြင် ခေတ်ပညာဗဟုသုတ အရာရာတို့တွင် ပြည့်စုံပါသည်။ ဒါယကာ၊ ဒါယိကာမများကို တရားဟောသောအခါတွင်လည်း ဒါယကာ၊ ဒါယိကာမတို့၏ စရိုက်ကိုကြည့်ပြီး တော်လျော်သောတရားကို တစ်သက်လုံး မှတ်မိအောင် ဟောကြားနိုင်သော ဝိသေသဂုဏ်ရှိတော်မူသည်ဟု ထင်ရှားကျော်ကြားပါသည်။

(လူထုဒေါ်အမာ၊ ၁၉၉၄၊ နှာ - ၇၈)

**သင်္ဂဇာဆရာတော်ကြီး အမှတ်တရနှင့် ဂုဏ်ပုဒ်များ**

မော်လမြိုင်မြို့ရှိ ပန်းချီ၊ ပန်းပု၊ အနုပညာလက်ရာများဖြင့်တည်ဆောက်ထားသော ရတနာဘုံမြင့်ကျောင်းတော်ကြီးသည် သင်္ဂဇာဆရာတော်ဘုရားကြီးနှင့် ဝဇီရာရာမဆရာတော်ဘုရားကြီးနှစ်ပါးကို တင်လှူကိုးကွယ်ရန် ဆောက်လုပ်ထားသော ကျောင်းတော်ကြီး မဟုတ်ပါလား။ ရတနာဘုံမြင့်ကျောင်းတော်ကြီး ဆောက်လုပ်ခဲ့သည်မှာ အနှစ်(၁၀၀) ပြည့်ပြီဖြစ်၍ ၁၉၉၄ ခုနှစ် ရာပြည့်ပွဲကျင်းပသောအခါ မော်လမြိုင်မြို့သူ မြို့သားများသည် သင်္ဂဇာဆရာတော်ဘုရားကြီးနှင့် ဝဇီရာရာမဆရာတော်ဘုရားကြီးတို့ကို အထူးတလည် အောက်မေ့လွမ်းဆွတ် သတိရမိကြပေလိမ့်မည်။

သင်္ဂဇာဆရာတော်သည် တရားဟောလျှင် ပုံတိုပတ်စဖြင့် ဟောတတ်သောကိုယ်တော်ကြီးဟု 'သင်္ဂဇာစကားပုံများ' ဆိုသော စာအုပ်ကို ဖတ်ဖူးမှတ်ဖူးကြသူများသည် သာမန်ဉာဏ်သို့တင်ပြပေလိမ့်မည်။

သို့သော် သင်္ဂဇာဆရာတော်ကြီးသည် ဤမျှသာမကသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် အလွန်ကြီးမားသော ဆရာတော်ကြီးဖြစ်သောကြောင့် မန္တလေးမြို့တည်နန်းတည်သည့် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးက မန္တလေးရွှေမြို့တော်ကို ပင့်ဆောင်လာပြီး ကိုးကွယ်ခံရသော ဆရာတော်ကြီး ဖြစ်ပါသည်။

မန္တလေးရွှေမြို့တော်သို့ ရောက်သောအခါ သုဓမ္မာသာသနာပိုင်ဆရာတော်ကြီးအဖြစ် ခန့်အပ်သည့်အပြင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခံရသော ဆရာတော်ကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ဆရာတော်နှင့် ရဟန်းသံဃာအခေါ်အဝေါ် (ရှေးခေတ်/ ယခုခေတ် ကွာခြား)**

မြန်မာဘုရင်များလက်ထက်တော်က(မင်းတုန်းမင်းကြီးခေတ်) ဆရာတော်၊ သံဃာတော်ခေါ်သည့်နေရာတွင် ဘုန်းတော်ကြီးတိုင်းကို ဆရာတော်မခေါ်ပါ။ 'ရှေးခေတ်က သုဓမ္မာစာပြန်ပွဲသဘင်၌ တံဆိပ်ရ မရ ဆရာတော် သံဃာတော်တို့ကို ကြီးကြပ်တော်မူသည်'ဟု ရေးသားထားရာ ဘုရင်ဆက်ကပ်သော တံဆိပ်တော်ရ ရဟန်းကို 'ဆရာတော်'ဟု ခေါ်ဝေါ်ပြီး ဘုရင်ဆက်ကပ်သော တံဆိပ်တော်မရသေးသော ရဟန်းကို 'တံဆိပ်တော်မရသံဃာ'ဟု သိမှတ်ကြပါသည်။

**သင်္ဂဇာဆရာတော် ပြုစုခဲ့သော ကျမ်းစာအချို့**

သင်္ဂဇာဆရာတော်ကြီး ရေးသားပြုစုခဲ့သော ယနေ့ထက်တိုင် အဖတ်များသော ကျမ်းစာများမှာ -

၁။ စတုရာရက္ခကျမ်း၊
၂။ ဓာတွတ္ထဒီပကျမ်း၊
၃။ ဓမ္မပါဒပါဠိတော်နိဿယသစ်၊
၄။ ဝိမတိဝိနောဒနီဋီကာနိဿယ၊
၅။ သင်္ဂဇာစကားပုံများ၊
၆။ ဥပါသကာဝါဒစာတမ်းနှင့်ဋီကာ၊
၇။ ကာယပစ္စဝေက္ခဏာကျမ်း၊
၈။ ဆုံးမစာသံပေါက်၊
၉။ မြန်မာစာသတ်ပုံ၊
၁၀။ သိင်္ဂါလောဝါဒဆုံးမစာ တို့ဖြစ်ကြပါသည်။

**သင်္ဂဇာဆရာတော်ကြီး၏ သိင်္ဂါလောဝါဒ ဆုံးမစာ**

ဂေါတမဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သိင်္ဂါလသုတ္တန် (ဒီဃနိကာယ်၊ သုတ်ပါထေယျပါဠိတော်၊ သိင်္ဂါလသုတ္တန်) ကို မြန်မာမှုပြု၍ သိင်္ဂါလောဝါဒဆုံးမစာကျမ်းကို ၁၂၁၅ ခုနှစ် (ခရစ်နှစ် ၁၈၅၃) တွင် ရန္တပိုတာက်၊ မင်းတန်းပေါက်ချောင်းအရပ်တို့၌ တပည့်သူငယ် မောင်သယ်အား လမ်းညွှန်ဆုံးမလိုသောရည်ရွယ်ချက်ဖြင့် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်ဟု အမှတ်အသားအဆိုအမိန့်ရှိခဲ့သည်။

(လှမြင့် - ရန်ကုန်တက္ကသိုလ်၊
သုရဿဝတီမဂ္ဂဇင်း အတွဲ (၁၁)၊
အမှတ်စဉ်(၁၁)၊ နှာ-၁၆၆)

သိင်္ဂါလသုတ္တန်လာ မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ အလုပ်ရှင်နှင့် အလုပ်သမား၊ သံဃာနှင့် ဒါယကာဝတ္တရားများကို သင်္ဂဇာဆရာတော်ကြီး၏ သိင်္ဂါလောဝါဒဆုံးမစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**၁။ မိဘဝတ္တရား (၅) ပါး**

■ *မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။*

ဟု ဖွဲ့ဆိုထားပါသည်။

မြန်မာစကားပြေဖြင့် ရေးသားလိုလျှင် မိဘဝတ္တရားငါးပါးမှာ -

(က) မကောင်းမှုကိုတားမြစ်ခြင်း (ပါပါနိဝါရေန္တိ)
(ခ) ကောင်းမှု၌သက်ဝင်စေခြင်း (ကလျာဏေ‌ဝေသေန္တိ)
(ဂ) အတတ်ပညာကို သင်ယူစေခြင်း (သိပ္ပသိက္ခာပေန္တိ)
(ဃ) လျောက်ပတ်သူနှင့် ထိမ်းမြားပေးခြင်း (ပဋိရူပေနဒါရေနသံယောဇေန္တိ)
(င) လျောက်ပတ်သည့်အခါ အမွေဥစ္စာအပ်နှင်းခြင်း (သမယေဒါယဇ္ဇံနိယျာဒန္တိ) တို့ ဖြစ်၏။

**၂။ သားသမီးဝတ္တရား(၅)ပါး**

■ *ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။*

ဟု ရေးသားထား၏။

မြန်မာစကားပြေဖြင့် ရေးသားရလျှင် -

(က) အမိ၊ အဖတို့ကို အဖန်တလဲလဲ အမြဲလုပ်ကျွေးရခြင်း၊
(ခ) အမိ၊ အဖတို့၏ ကိစ္စကြီးငယ်ကို ရွက်ဆောင်ရခြင်း၊
(ဂ) မိသားစုတို့၏ အမျိုးအနွယ် အစဉ်အဆက်ကို မပြတ်အောင် ကောင်းစွာတည်ဆောက်ခြင်း၊
(ဃ) အမွေခံထိုက်အောင် ကောင်းစွာကျင့်ရခြင်း၊
(င) ကွယ်လွန်ပြီးသော မိဘတို့အား ရည်စူးပြီး ကောင်းမှုကုသိုလ်ပြု၍ အမျှအတန်းပေးဝေခြင်းတို့ ဖြစ်သည်။

**၃။ ဆရာ့ဝတ္တရား (၅) ပါး**

■ *အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ။*

ဟု သီကုံးထား၏။

မြန်မာစကားပြေဖြင့် ရေးသားရလျှင် -

(က) တပည့်များကို အစဉ်သနားသဖြင့် အတတ်ပညာ သင်ကြားပေးခြင်း၊
(ခ) ဆုံးမသင့်သောအရာကို ကောင်းစွာဆုံးမခြင်း၊
(ဂ) အလုံးစုံသော အသိပညာ၊ အတတ်ပညာတို့ကို သင်စေခြင်း၊
(ဃ) တပည့်များအပေါ် ကျရောက်လတ္တံ့သော ဘေးအန္တရာယ်တို့ကို ကာကွယ်ပေးခြင်း၊
(င) တပည့်များ လောကီ၊ လောကုတ္တရာ အကျိုးစီးပွားဖြစ်ရန် အဆွေခင်ပွန်းကောင်း၊ ဆရာကောင်းများထံ အပ်နှံ၍ သင်ကြားစေခြင်းတို့ ဖြစ်ပါသည်။

**၄။ တပည့်ဝတ် (၅) ပါး**

■ *ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ် မချွတ်ငါးခုသာ။*

ဟု ဆုံးမထား၏။

မြန်မာစကားပြေဖြင့် ရေးသားရလျှင် -

(က) တပည့်တို့ ပညာသင်ကြားရာ၌ ထကြွလုံ့လဝီရိယရှိခြင်း၊
(ခ) ဆရာ့ထံပါး ဆည်းကပ်ခစားခြင်း၊
(ဂ) ဆရာ့စကားကိုရိုသေစွာနာကြားခြင်း၊
(ဃ) ဆရာကိုလုပ်ကျွေးခြင်း၊
(င) အတတ်ပညာကို ကောင်းစွာ သင်ယူရခြင်းတို့ ဖြစ်ပါသည်။

**၅။ လင်ယောကျ်ား၏ ဝတ္တရား (၅) ပါး**

■ *မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင့်ကျင့်ရာ*

ဟု ရေးသားပြုစုထား၏။

မြန်မာစကားပြေဖြင့် ရေးသားရလျှင်-

(က) ဇနီးမယားကို ချစ်မြတ်နိုးသောသဘောဖြင့် ခေါ်ဝေါ်ပြောဆိုခြင်း၊
(ခ) ဇနီးမယားကို နှိမ့်ချ၍ခေါ်ဝေါ်မပြောဆိုရခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(ဂ) မိမိဇနီးမယားမှတစ်ပါး အခြားမိန်းမများကို မကျူးလွန်ခြင်း၊
(ဃ) မိမိရှာဖွေရရှိသော စည်းစိမ်ဥစ္စာတို့ကို ဇနီးမယားထံ အပ်နှံခြင်း၊
(င) ဇနီးမယားကို အဝတ်အစား တန်ဆာဆင်ရခြင်းတို့ ဖြစ်ပါသည်။

**၆။ မယားဝတ္တရား (၅) ပါး**

■ *အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ ပျင်းရိမမှု ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။*

ဟု ဖွဲ့ဆိုသီကုံး လမ်းညွှန်ထားသည်။

မြန်မာစကားပြေဖြင့် ရေးသားရလျှင် -
(က) ထမင်း၊ ဟင်းချက်ပြုတ်ခြင်းစသော အိမ်တွင်းအမှုကြီးငယ်တို့ကို ကောင်းစွာ ပြုလုပ်ခြင်း၊
(ခ) မိမိဆွေမျိုး၊ လင်၏ဆွေမျိုး ဟူသော နှစ်ဖက်ဆွေမျိုးတို့အား ချီးမြှောက်ရခြင်း၊
(ဂ) မိမိလင်မှတစ်ပါး အခြားသောယောကျ်ားတို့၌ လွန်ကျူးခြင်း အကျင့်မှကင်းခြင်း၊
(ဃ) လင်ယောကျ်ား ရှာဖွေစုဆောင်းထားသောဥစ္စာတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(င) အလုံးစုံသောကိစ္စတို့၌ လိမ္မာကျွမ်းကျင်၍ ပျင်းရိမှုမရှိခြင်းတို့ ဖြစ်သည်။

**၇။ အလုပ်ရှင်ဝတ္တရား (၅) ပါး**

■ *ဝစွာကျွေးမွေး၊ ပြုရေးစီရင် အလျှင်ကုစေ၊ ငွေဝေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်ဟောရွှတ်ပဉ္စမာ။*

မြန်မာစကားပြေဖြင့် သိင်္ဂါလသုတ္တန်လာ ပါဠိ- မြန်မာပြန်ကို ဖော်ပြရပါလျှင် -
(က) စွမ်းနိုင်သမျှခွန်အားအလျောက် အလုပ်ကိစ္စကိုခိုင်းစေခြင်း၊
(ခ) လုပ်အားနှင့်ညီမျှအောင် အစာရိက္ခာပေးကမ်းခြင်း၊
(ဂ) မကျန်းမမာသောအခါ ပေးကမ်းခြင်း၊
(ဃ) မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ရသောအခါ ပေးကမ်းခြင်း၊
(င) အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အဝတ်ဆန်ဆာပေးကမ်းချီးမြှင့်ခြင်းတို့ ဖြစ်သည်။

**၈။ အလုပ်သမားတို့၏ဝတ္တရား(၅)ပါး**

■ *အိပ်သော်နောက်ကျ၊ ထသော်တားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ဤကျင့်ရာ။*

မြန်မာစကားပြေဖြင့် သိင်္ဂါလသုတ္တန်လာ ပါဠိ - မြန်မာပြန်ကို ဖော်ပြရလျှင် -
(က) အလုပ်ရှင် အိပ်ရာမထမီ ရှေးဦးစွာအိပ်ရာမှထခြင်း၊
(ခ) အလုပ်ရှင်နောက်မှ အိပ်ရာဝင်ရခြင်း၊
(ဂ) အလုပ်ရှင်ပေးသမျှ ဥစ္စာကိုသာယူရခြင်း၊
(ဃ) အလုပ်ရှင်၏ အမှုကြီးငယ်ကို ကောင်းမွန်စွာ ပြုလုပ်ဆောင်ပေးခြင်း၊
(င) အလုပ်ရှင်၏ ကျေးဇူးစကားကို မျက်မှောက်၊ မျက်ကွယ်ပြောဆိုခြင်းတို့ ဖြစ်သည်။

**ရဟန်းဝတ္တရား (၆) ပါး**

■ *မကောင်းမြစ်တား၊ ကောင်းရာကိုလှစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ။*

မြန်မာစကားပြေဖြင့် ဖော်ပြရလျှင် -
(က) ကောင်းမှုကုသိုလ်တို့၌ သက်ဝင်ခြင်း၊
(ခ) မကောင်းမှုမှတားမြစ်ခြင်း၊
(ဂ) သဗ္ဗေသတ္တာ အဝေရာဟောန္တု စသည်ဖြင့် ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ခြင်း၊
(ဃ) မကြားဘူးသော တရားစကားကို ဟောကြားခြင်း၊
(င) ကြားဖူးသော တရားစကားကို ယုံမှားကင်းအောင် ဟောပြောခြင်း၊
(စ) နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်ရရာရကြောင်း၊ ရောက်ရာရောက်ကြောင်းတရားတော်ကို ဟောကြားခြင်းတို့ ဖြစ်သည်။

**၁၀။ ဒါယကာတို့၏ ဝတ္တရား (၅) ပါး**

■ *မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်စိတ်ထား၊ တတ်အားလှူစေ၊ ငါးခုနေ၊ ပြုလေဒါယကာ။*

မြန်မာစကားပြေဖြင့် ဖော်ပြရလျှင် -
(က) မေတ္တာနှင့်ယှဉ်သော ကာယကံဝတ်ပြုခြင်း၊
(ခ) မေတ္တာနှင့်ယှဉ်သောစကားကို လျှောက်ထားခြင်း၊
(ဂ) မေတ္တာဖြင့်ယှဉ်သော မနောကံဖြင့် သံဃာ့ကိစ္စကို ဆောင်ရွက်ခြင်း၊
(ဃ) အမြဲမပြတ် လှူဒါန်းလိုသော အလောဘတံခါးကို ဖွင့်ထားခြင်း၊
(င) ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော အမိကဝတ္ထုအစုစုတို့ကို လှူဒါန်းခြင်းတို့ ဖြစ်ပါသည်။

သင်္ဂဇာဆရာတော်ဘုရားကြီးက သိင်္ဂါလောဝါဒဆုံးမစာ၏နိဂုံး၌ -

■ *လှည်းဘီးဖြင့်ကာ၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင် အရှင်နှင့်ကျွန်၊ ဆရာတပည့် တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင် ဖြူသန့်စင်မှု၊ ရှင်လည်းမကွေ သေလည်းမကွာ၊ နတ်ရွာလှပြည် လှည့်လည်အတူ၊ စံစားမှု၍ နိဗ္ဗာန်ရွှေပြည်၊ ဝင်အံ့သည်တည့်။*

ဟု စပ်ဆို သီကုံး ရေးဖွဲ့ထားပေသည်။

**■ မျက်မှောက်ခေတ်ညီ လောဝါဒ ■**

သင်္ဂါလောဝါဒ ဆုံးမစာသည် ယနေ့မျက်မှောက်ခေတ်ကာလနှင့်လည်း သင့်မြတ် လျောက်ပတ်ပါပေသည်။ အဘယ်ကြောင့်နည်းဟု ကြောင်းကျိုးဆက်စပ်ပြောပြရလျှင် -

မိဘဝတ္တရားငါးပါးတွင် မိခင်၊ ဖခင်တို့သည် မိမိတို့၏ သားသမီးများကို မကောင်းမှုမပြုမိစေရန် တားမြစ်ကြရသည်။ ကောင်းမှုကုသိုလ်တရားတို့၌သာ ပျော်မွေ့စေရာသည် မကောင်းမြစ်တား၊ ကောင်းရာညွှန်လော် ဟူသော ဆုံးမစာအရ ကျင့်ကြံပြောဆိုဆုံးမပါက မိမိတို့သားသမီး လောကီ၊ လောကုတ် အကျိုး(၂)ပါးပွားများစေသည်။ အတတ်လည်းသင်ဟု ဆိုရာတွင် အတတ်ပညာ၊ အသိပညာများကို သင်ကြားပေးကြရမည်။ သားသမီးတို့ကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအတန်းပညာ၊ ကောလိပ်တက္ကသိုလ်များသို့ ပညာသင်ကြားပေးခြင်းသာမက သား



www.burmeseclassic.com

www.burmeseclassic.com

သန္ဒါ(ဥပဒေ)

# ကွမ်းသီးပိုးမဖောက်တဲ့ထားနည်း

မြန်မာမှုနယ်ပယ်တွင် ကွမ်းသီးကို အသုံးချတဲ့နေရာကလည်း ကျယ်ပြန့်ပါသည်။ အဓိကအားဖြင့်တော့ ကွမ်းယာစားသုံးသူများ မပါမဖြစ် ကွမ်းပစ္စည်းတစ်ခုအနေနှင့် ထည့်သွင်းအသုံးပြုကြပါသည်။ မြန်မာ့တိုင်းရင်းဆေးနယ်ပယ်တွင်လည်း ရင့်မာသော ကွမ်းသီးကိုသာမက နုရွှဲ ကြွေခြောက်သော ကွမ်းသီးကိုပါ ကွမ်းသီးကြက်ချေးဟု ခေါ်ကြပြီး ဆေးအဖြစ် လိုအပ်သလို စီမံအသုံးပြုကြပါသည်။

ကွမ်းသီးပင်တို့သည် စိုက်ပျိုးပြီး ရှင်သန်သည်မှစ၍ လေး၊ ငါး၊ ခြောက်နှစ်ရှိလျှင် အများအားဖြင့် စတင်ဖူးပွင့်သီးကြပါသည်။ သို့သော် မျိုးမှန်ကန်မှု၊ စိုက်ပုံစိုက်နည်း၊ ရာသီဥတုအခြေအနေနှင့် ပြုစုစောင့်ရှောက်ပုံပေါ် မူတည်ပြီး စောစောနှင့် များများသီးခြင်း၊ နောက်ကျပြီး အသီးနည်းခြင်း၊ ကွမ်းသီးအရည်သွေးကောင်းမွန်ခြင်းများ ကွာခြားသွားစေပါသည်။

ကွမ်းသီးသဘာဝသည် နွေဦးပေါက်တွင် ဖူးပွင့်ကြပြီး သီတင်းကျွတ်လမှ ပြာသိုလအတွင်း ရင့်မှည့်ကြပါသည်။ ကွမ်းသီးလှိုင်လှိုင်ပေါ်ချိန်တွင် ကွမ်းသီးထွက်ရာ တောင်ငူကဲ့သို့သော ဒေသများမှ နိုင်ငံဒေသအနှံ့ဆီသို့ ကွမ်းသီးခြင်းများ ရောက်ရှိပါသည်။

ဒီအခါ ကွမ်းသီးကို လက်လီ၊ လက်ကားဖြန့်သူများ၊ ကွမ်းသီးနှင့်ကွမ်းပစ္စည်းတစ်နိုင်ရောင်းချသူများမှ ကွမ်းသီးများကို ဝယ်လှောင်ထားတတ်ကြသည်။ ဒီလိုဝယ်လှောင်တဲ့အခါ ကွမ်းသီးထားသိုနည်းမမှန်ကန်လျှင် ကွမ်းသီးကိုပိုးဖောက်တတ်ပါသည်။ ရောင်းဝယ်တဲ့နေရာမှာ ရောင်းပန်းမလှဖြစ်ရတတ်ပါသည်။

ဒီလိုမဖြစ်စေဖို့အတွက် ကွမ်းသီးထားသိုတဲ့နေရာမှာ၊ ကွမ်းသီးထည့်၍ သိမ်းဆည်းမည့်အရာမှာ ပုံးဆိုပါက ထိုပုံးကိုသန့်ရှင်းခြောက်သွေ့စေပြီး ပုံး၏အောက်ခြေတွင် ကြောင်ပန်းပင်၏ အရွက်ခြောက်များကို တစ်လက်မခန့် ထူအောင်ထည့်ပြီးမှ ကွမ်းသီးကို ထည့်ပါ။ တစ်ဝက်ခန့်ရှိလျှင် ထပ်၍ ကြောင်ပန်းရွက်ခြောက်ထည့်ပါ။ ထိုအပေါ်မှ ကွမ်းသီးကို ထပ်ထည့်ပါ၊ ပုံးပြည့်ပြီဆိုပါက ၎င်းအပေါ်မှ ကြောင်ပန်းရွက်ခြောက် ထပ်အုပ်ပြီး အဖုံးကို လုံအောင် ပိတ်ထားလိုက်ပါ။

ဘယ်လောက်ထားထား ကွမ်းသီးပိုးမဖောက်စေဘဲ ရောင်းပန်းလှနေပါလိမ့်မည်။

သန္ဒါ (ဥပဒေ)

သမီးတို့ဘဝကောင်းစားရေး (လောကီရေး)၊ ကောင်းရာသုဂတိရောက်ရေး (လောကုတ္တရာတရား) တို့ကိုလည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သင်ကြားတတ်မြောက်စေရာ၏။ အမွေဥစ္စာများ အပ်နှင်းရာ၏။ သင့်လျော်လျောက်ပတ်သူနှင့် ထိမ်းမြားလက်ထပ်ပေးရာ၏။ ဤသည်မှာလည်း အမျိုးအနွယ်ကောင်းကို စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် 'လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့် ဖ' ဟု ဆိုထားသည် မဟုတ်ပါလား။

မိဘတို့သည် မိမိတို့၏ ဝတ္တရားငါးပါးကို သိအပ်စေသည်။ နားလည်အပ်သည်။ ထိုငါးပါးပါအတိုင်း မိဘတို့သည် သားသမီးတို့ကို စဉ်ဆက်မပြတ် ဆုံးမသွန်သင်အပ်လေသည်။

သားသမီးတို့သည်လည်း ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှစ၍ ကျွေးမွေးပြုစုခဲ့ကြသော မိဘတို့ကို ကျွေးမွေးပြုစု စောင့်ရှောက်ကြကုန်ရာ၏။ အချို့ သားသမီးတို့မှာ မိမိတို့ကိုယ်တိုင် အိမ်ထောင်ကျ၍ သားသမီးများရလာသောအခါမှသာ မိဘကျေးဇူးကို ဆင်ခြင်မိတတ်ကြသည်။ သားသမီးဝတ္တရားငါးပါးတို့တွင် ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံဟုဆိုရာ မိဘများအိုမင်းမစွမ်းရှိလာသောအခါ ကျွေးမွေးစောင့်ရှောက် ပြုစုသင့်လှပေသည်။ အိုမင်းသောမိဘများကို ကျွေးမွေးစောင့်ရှောက်သူများသည် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းမှ ကင်းဝေးတတ်၏။

မိဘတို့ကို မစောင့်ရှောက်ဘဲ ပစ်ပယ်ထားသူများသည် စီးပွားဥစ္စာတို့ တိုးတက်လျှင်လည်း ခဏတာမျှသာ၊ ဘေးရန်အန္တရာယ်များနှင့် ကြုံတွေ့ရတတ်သည်။ ပတ်ဝန်းကျင်လူ့လောကတွင် တွေ့မြင်ကြားသိနေကြရသည်။ ဤသည်တို့သည် လောကီအဖြစ်များသာ။ သံသရာအထိ ခံစားကြရမည်မှာ ဧကန်မုချပင်။ မင်္ဂလာပိုလ်ရောက်ကြောင်း တရားကျင့်ကြံရာ၌မင် အဟန့်အတားဖြစ်တတ်ပေသည်။

မွေးခံထိုက်စေ၊ လူ့မျှဝေ၍ဟုဆိုရာ မိဘပိုင်ဆိုင်သော မြေယာ၊ ပစ္စည်းဥစ္စာ ရွှေငွေရတနာများကို ခံယူထိုက်စေရာ၏ဆိုသကဲ့သို့ မိဘနှစ်ပါး သို့မဟုတ် တစ်ပါးပါး ကွယ်လွန်သောအခါ မိမိတို့လှူဒါန်းကြသော ကုသိုလ်၏အဖို့ဘာဂကို အမျှအတန်းပေးဝေရာ၏ဟု ဆိုလိုပါသည်။ အချို့သားသမီးတို့သည် ဖခင်ဆုံး၍ မိခင်တစ်ဦးရှိစဉ်အခါတွင်၊ မိခင်ကွယ်လွန်၍ ဖခင်တစ်ဦးတည်း အသက်ထင်ရှားရှိစဉ်အခါတွင် အမွေပစ္စည်းရတနာ၊ လယ်ယာမြေများကို တောင်းခံတတ်ကြ၏။ အမွေဝေစုအသီးသီးရပြီးသောအခါ၌လည်း ကျန်ရစ်သောမိခင်/ဖခင်တို့ကို ကျွေးမွေးပြုစုစောင့်ရှောက်ရန် ဝန်လေးတတ်ကြ၏။ အိုမင်းမစွမ်းသော မိခင်၊ ဖခင်သည် ဇရာ၏ဖိစီးမှုကြောင့် အိပ်ရာထဲဗုန်းဗုန်းလဲသွားသောအခါ အချို့သားသမီးတို့၏ ညည်းညူသံများပင် ကြားသိရ၏။ 'ဒီအဘိုးကြီး၊ အဘွားကြီးကလည်း သေပဲမသေနိုင်ဘူး' ဟူ၏။ ဤသို့မပြောမဆိုသင့်။ မည်မျှဆင်းရဲနေပါစေ။ မိမိတတ်နိုင်သမျှ ကျွေးမွေးပြုစုစောင့်ရှောက်ရာ၏။ မိဘစိတ်ဆင်းရဲအောင် မပြောဆို၊ မပြုမူရာ။

ဤသည်တို့မှာ မိမိသည် မိဘနေရာ ရပ်တည်နေသောအခါ၌ လည်းကောင်း၊ သားသမီးအနေဖြင့် ရပ်တည်သောအခါ၌ လည်းကောင်း ကျေပွန်စေရာ၏။ မိဘနှင့် သားသမီးဝတ္တရားများကို လက်တွေ့ဘဝဖြင့် သုံးသပ်တင်ပြခြင်းမျှသာ ဖြစ်သည်။ မိမိဝတ္တရားကျေပွန်ကြပါစေသတည်း။

ကျန်သော ဆရာနှင့် တပည့်၊ မယားနှင့် လင်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ထေရ်မွန်ဒကာတို့၏ ဝတ္တရားများကို ဆက်လက် ဆွေးနွေးပါဦးမည်။ ဆောင်းပါးရှည်မည်စိုးသဖြင့် ဤတွင် ရပ်နားခွင့်ပြုပါ။


*မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ဖြူအောင်စိတ်ကိုထားနိုင်ကြပါစေသော်*

ရဲမြင့် (မဟာသိပ္ပံ-ပညာရေးစီမံ)



www.burmeseclassic.com

www.burmeseclassic.com



# ပေလီကမ်းခြေ ဂျီဗွော္ကာရွာမှ
# ပင်လယ်ကျပ်မြေသူတော်စဉ်ကြီးတောင့်ရောက်လျက်ရှိသည့်
# ရေလည်ကျောက်ကိုးနဝင်းစေတီတော်


ရွှေချိုအောင်(စပယ်)

စာဆိုတော်လရာသီရောက်သည်နှင့် ကျွန်တော့်အဖို့ စာပေဟောပြောပွဲလေးတစ်ခုဖြစ်မြောက်အောင် အမြဲကြိုးစားလေ့ရှိပါသည်။ တစ်နေ့တွင် မောင်စိုးမောင်၏ သားဖြစ်သူ မောင်မင်းမင်းခေါ်လာဆောင်၍ မော်ရုံရွာမှ တပည့်မောင်မြင့်သိန်းနှင့် တွေ့ဆုံကြပါသည်။ ထိုအခါ ကျွန်တော်က မောင်မြင့်သိန်းအား မော်ရုံရွာတွင် ဒုတိယအကြိမ် အမေနေ့ဂုဏ်ပြုဟောပြောပွဲကျင်းပနိုင်ရန် ဆွေးနွေးဖြစ်ပါသည်။ မောင်မြင့်သိန်းက လိုလိုလားလား တူညီမည်ဆိုသည့်အတွက် ပြာသိုလပြည့်နေ့တွင် မော်ရုံရွာ၌ အမေနေ့အခမ်းအနားအတွက် ဒေသခံ စာရေးဆရာများကို အသိပေးညှိနှိုင်းရပါသည်။ ထို့နောက် အခမ်းအနားပြင်ဆင်ရေးကိစ္စ၊ မော်ရုံရွာသို့သွားရောက်ရမည့် ခရီးစဉ်ကိစ္စ၊ အမေနေ့သီချင်းဆိုမည့်သူများ၊ ကဗျာရွတ်မည့်သူများ၊ အခမ်းအနားမှတ်တမ်းတင်ကိစ္စစသည်စသည်များဖြင့် ကျွန်တော့်မှာ အလုပ်ရှုပ်လျက်ရှိနေပါသည်။

မော်ရုံရွာ အမေနေ့အခမ်းအနားသို့ ခရီးမသွားမီတစ်ရက်အလိုတွင်



ရွှေထီးတော်တင်လှူပြီး ဖူးမျှော်ရစဉ်



ရွှေထီးတော်မတင်မီ အစောပုံ



www.burmeseclassic.com

www.burmeseclassic.com


ရွှေထီးတော်တင်ရန် ပြင်ဆင်ထားပုံ


အဝေးမှဖူးမြော်ရသည့် စေတီတော်


စေတီတော်ပန္နက်တင်အုတ်မြစ်ချနေစဉ်

ဂျိတ္တောရွာမှ တွင်ခုံဆရာ ကိုဘိုကြီးနှင့် တွေ့ဆုံပါသည်။ ထိုအခါ ကိုဘိုကြီးက စာရေးသူအား နှီးဆော်လွှာတစ်စောင် ပေးပါသည်။ ထို့နောက် ပြာသိုလပြည့်နေ့တွင် ရေလယ်ကျောက်ဆောင်ထက်၌ ကိုးနဝင်းစေတီတော် ပန္နက်တင် ရတနာအုတ်မြစ်ချပွဲရှိသည်။ မဖြစ်ဖြစ် အောင်လာခဲ့ပါဟု ဖိတ်ခေါ်ပါသည်။

ကျွန်တော့်မှာ စိတ်မကောင်းစွာဖြင့် ဘုရားပန္နက်တင်အုတ်မြစ်ချပွဲနှင့် အမေနေ့အခမ်းအနားမှာ တိုက်ဆိုင်နေသဖြင့် မလာဖြစ်တော့ကြောင်း ပြောရလေသည်။ ကိုဘိုကြီးမှာ ဂျိတ္တောရွာလုံးသာကမ်းခြေရှိ အမတသုခတောင် တရားစခန်းနှင့် ဉာဏ်တော်အမြင့် (၅၄) တောင်ရှိ တိလောကသယမ္ဘူရုပ်တော်မှုရုပ်ပွားတော်ကြီးတည်ထားရာတွင် အလိုတော်ပြည့်ဆရာတော်ဘုရားကြီးနှင့်အတူ အနီးကပ် ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ထို့ကြောင့် သိမ်ဆောက်၊ ကျောင်းလှူ၊ ဘုရားတည်၊ တရားစခန်းဖွင့်ကိစ္စများတွင် ကိုဘိုကြီး အမြဲ ပါဝင် ဆောင်ရွက်လေ့ရှိပါသည်၊ ထို့အတူ ကင်မရာတစ်လုံး၊ မှတ်စုစာအုပ်တစ်အုပ်နှင့် ဘာသာရေးဆောင်းပါး မှတ်တမ်းတင်ရေးသားနေသည့် စာရေးသူကို ဂျိတ္တောကမ်းခြေ ပုလဲကျွန်းရှေ့ရှိ ရေလယ်ကျောက်ဆောင်ပေါ်တွင်တည်ထားမည့် ကိုးနဝင်းစေတီတော်ပန္နတင်၊ အုတ်မြစ်ချပွဲအား သတင်းကောင်းပါးခြင်း ဖြစ်လေသည်။

**■ ကိုးနဝင်းစေတီတော်နှိုးဆော်လွှာ ■**

ကိုဘိုကြီးပေးသွားသည့် နှိုးဆော်လွှာလေးကို ဖတ်ကြည့်သည့်အခါ ဂျိတ္တောကမ်းခြေ၊ အပေါ် ရည်ကျွန်း (ယခင် ပုလဲကျွန်း) တည့်တည့်ရှေ့ ကျောက်ဆောင်ကြီးပေါ်တွင် ကိုးနဝင်းစေတီတော်တည်ထားပုံကို ကွန်ပျူတာဖြင့် ပုံဖော်ရိုက်နှိပ်ထားပါသည်။ နှိုးဆော်လွှာကိုလည်း ဤသို့ ရိုက်နှိပ် နှိုးဆော်ထားပါသည်။

*ရှေးယခင် နှစ်ပေါင်းများစွာကပေါ်ထွန်းခဲ့သည့်အတိတ်တဘောင်နှင့်အညီ ဂျိတ္တောကျေးရွာ နတ်မော်ကမ်းခြေနှင့် ပုလဲကျွန်းအကြားတွင် တည်ရှိသော ရေလယ်ကျောက်ဆောင်ပေါ်တွင် ကိုးနဝင်းစေတီတော်တစ်ဆူကို အများကောင်းမှုတော်ဖြင့် တည်ထားမည်ဖြစ်ပါ၍ သဒ္ဓါရှင်လန်း ဝမ်းမြောက်စွာဖြင့် ပါဝင် လှူဒါန်းတော်မူကြပါရန်*

www.burmeseclassic.com

တိုက်တွန်းနှိုးဆော်အပ်ပါသည်။
သာသနာ့ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ခင်ဗျား။ ဘုရားတည် သာသနာ့ဒါယကာ၊ ဒါယိကာမ အနေဖြင့် ကြုံတောင့်ကြုံခဲဖြစ်ပြီး မိမိတို့နှင့် ဘုရားသာသနာ၊ သာသနာ့ ဒါယကာ့ပဋ္ဌာန်းဆက်ကြောင့် အခွင့်အခါကြုံကြိုက်၍သာ ဘုရား ဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ခွင့်ရှိပြီး စိတ်စေတနာ၊ သဒ္ဓါ တရားထက်သန်စွာဖြင့် နိဗ္ဗာန်ရည်မှန်း လှူဒါန်းတော်မူနိုင်ပါကြောင်း တိုက်တွန်း နှိုးဆော်အပ်ပါသည်။ ။

ဟု ပါရှိလေသည်။


**■ရှေးခေတ်တဘောင်အတိတ်ဆောင်■**

စာရေးသူတို့ ငယ်စဉ် ကလေးဘဝအရွယ်က ရှေးဘိုးဘွားလူကြီးသူမများ မကြာခဏ ပြောဆိုလေ့ရှိသည့် အတိတ်တဘောင်များ ပေါ်ပေါက်ခဲ့ဖူးပါသည်။ ထိုရှေးခေတ်အတိတ်တဘောင်များမှာ ယခု စာရေးသူတို့ အသက်(၅၀) အရွယ်ကာလတွင် အလွန်မှန်ကန်နေကြောင်း သိရှိခွင့်ကြုံလာပါတော့သည်။ ရှေးအတိတ်တဘောင်နှင့်အညီ အမှန်တကယ်ပင် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ကိုလည်း ကိုယ်တွေ့ မြင်တွေ့ကြုံဆုံနေရပြီ ဖြစ်ပါသည်။ ထို့ပြင် အဘဲကျေးရွာမှ ကျောက်ရိုးသမိုင်းကို ပြောပြလေ့ရှိသည့် ဘကြီးဘိုးနု၏ စကားများသည် မှန်ကန်ကြောင်းကိုလည်း မှတ်တမ်းတင်အပ်ပါသည်။

ရှေးအတိတ်တဘောင်မှာ-

'တောင်ကြီးသုံးတောင် အလယ်တောင်၊ မြတောင်ဘုရားတည်လိမ့်မည်။ နတ်မော်တောင်စွန်း သာသနာထွန်းလွန်းရက်သဖွယ် လမ်းသွယ်သွယ်၊ တကယ်ဖောက်ကြပေလိမ့်မယ်။ ရေလယ်ကျောက်ခဲဝယ်ဘုရားတည် ဖူးမြော်ရလိမ့်မယ်။ လုံးသာဖောင်ဆိပ် သင်္ဘောတစ်ကျိပ်ဆိုက်ကပ်ကြလိမ့်မယ်။ မြို့သစ်တည်ရ ကြွက်ပျံမကျ စည်ကားရလိမ့်မယ်'

အဘဲကျေးရွာမှကျောက်ရိုးသမိုင်း ပညာရှင်ကြီး ဘကြီးဘိုးနု ကွယ်လွန်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သလို ကျောက်ရိုးသမိုင်းစာအုပ်မှာလည်း မည်သူ့လက်ဝယ်ရောက်ရှိနေသည်မသိဘဲ တိမ်မြုပ်နေခဲ့သည်။ လက်ဝယ်ရှိသူများက ထုတ်ဖော်ရေးသားသင့်ပါသည်။ စာရေးသူတို့ ဒေသပတ်ဝန်းကျင်မှာ ဘကြီးဘိုးနုဆိုခဲ့



ဆရာတော်များ စောင်တံတားဖြင့် ကြွချီနေစဉ်



ဘုရားအနေကဇာတင်နေပုံ



ရွှေထီးတော်တင်လှူနေစဉ်




www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မှ တရားဓမ္မချီးမြှင့်နေပုံ



ထီးတင်ပွဲမှ တရားနာပရိသတ်များ



ကိုဘိုကြီး ရေစက်ချ အမျှဝေနေစဉ်

သောသမိုင်းစကားအရ တကယ်ပင်ကြုံတွေ့နေရပါပြီ။ မဒေးတောင်၊ မြတောင်၊ ဟုန်းချောင်းတောင် တောင်ကြီးသုံးတောင်အနက် မြတောင်တွင် မြရတနာဆုတောင်းပြည့် စေတီတော်မြတ်နှင့် မဒေးတောင်(အနောဘသုခတောင်)တွင် တိလောကသမဟုဓမြတ်စွာဘုရားကြီး တည်ထားပြီး ဖြစ်ပါသည်။ ဟုန်းချောင်းတောင်သာ ဘုရားတည်ရန် ကျန်ရှိပါတော့သည်။

နတ်မော်တောင်စွန်းတွင်လည်း စေတီတော်တည်ပြီး၍ ပုလဲရတနာပရိယတ္တိစာသင်တိုက်ကြီးဖြင့် သာသနာတော် စည်ပင်ထွန်းတောက်ခဲ့ပြီ ဖြစ်သည်။ ဂျိတ္တောရွာသည် သာမန်ရွာလေးမှသည် လမ်းကြီးလမ်းငယ်အသွယ်သွယ်ဖောက်၍ မြို့တစ်မြို့အလား စည်ကားနေပြီ ဖြစ်ပါသည်။ လုံးသာဖောင်ဆိပ်တွင်လည်း ရေလုပ်ငန်းဆွဲပိုက်သင်္ဘောများ ဆယ်နှင့်ချီကာ စုစည်းရပ်တန့်လုပ်ကိုင်ခဲ့ကြပြီ ဖြစ်ပါသည်။ ယခုအခါ အပေါ်ရည်ကျွန်း (ပုလဲကျွန်း) ရှေ့ရှိ ရေလယ်ကျောက်ဆောင်ကြီးထက်တွင် ကိုးတောင်ပြည့် ကိုးနဝင်းစေတီတော်ကို တည်ထားနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်မှာကြားချက်နှင့်အညီ ပေလီကမ်းခြေဒေသကို ပေလီကမ်းခြေမြို့တော်အဖြစ် အဆင့်မြှင့် တည်ဆောက်တော့မည် ဖြစ်ပါသည်။ ထို့ကြောင့် မဇင်လေဆိပ်မှ လင်းသာရွာထိ ကတ္တရာနှစ်လမ်းသွားကို လည်းကောင်း၊ လင်းသာရွာမှလုံးသာဖောင်ဆိပ်ထိ ကွန်ကရစ်နှစ်လမ်းသွားကို လည်းကောင်း ဖောက်လုပ်လျက်ရှိရာ ပြီးစီးခါနီးပါးသို့ရောက်နေ ပြီဖြစ်ပါသည်။ ထို့အပြင် ဟိုတယ်ဇုန်ရှောင်ကွင်းလမ်းအဖြစ် ဂျိတ္တောအုန်းဆံကြိုးစက်ရုံအနီးမှ ကုလားတောင်အကွေ့(၂½)မိုင်တိုင်အထိ ပေ(၃၀)အကျယ်ဖြင့် (၅) မိုင်၊ (၅) ဖာလုံရှည်လျားသည့်လမ်းသစ်ကြီးကို ဖောက်လုပ်လျက်ရှိနေပါသည်။

■ ရေလည်ကျောက်စေတီတော် ■

ရေလည်ကျောက်စေတီတော်မှာ ရှေးအတိတ်တဘောင်နှင့်အညီ သမိုင်းအရ တည်ထားပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ အခေါ် ရေလယ်ကျောက်ဆောင်ကြီးမှာ ပေလီကမ်းခြေရှိရေထဲမှ ကျောက်ဆောင်များတွင် အကြီးဆုံးကျောက်ခဲကြီးဖြစ်ပါသည်။ လွန်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေသို့ ထီးတော်ပင့်ဆောင်လာစဉ်



ပန်းပေါက်ပေါက်များ စားနေသည့် ပင်လယ်ဂျပ်မြွေကြီး



သူတော်စင် ဂျပ်မြွေကြီး



ပင်လယ်ဂျပ်မြွေကြီး မြူးထူးနေစဉ်



ငါးမစားသဲ ပေါက်ပေါက်စားသည့် မြွေသူတော်စင်ကြီး

နှစ် (၂၀) ခန့်လောက်က ဦးဘဝင်း၊ ဦးကျော်စိန်၊ ဦးဆိတ်ညိုတို့က ထိုရေလယ်ကျောက်ခဲကြီးပေါ်တွင် ဘုရားတည်ရန် ကြိုးစားခဲ့ကြဖူးလေသည်။ သို့ရာတွင် အဆိုပါ ကျောက်ဆောင်ထဲတွင် ကျောက်လိုဏ်ခေါင်းကြီးရှိပြီး ပင်လယ်ဂျပ်မြွေများ အစုလိုက်အပြုံလိုက်နေထိုင်ကြ၍ မြွေရန်ကို ကြောက်သဖြင့် ဘုရားမတည်ဖြစ်တော့ဘဲ နတ်ဆော်တောင်စွန်းတွင်သာ ကိုးနဝင်းစေတီတော်တည်ထားခဲ့ကြသည်။ ထိုရေလယ်ကျောက်ခဲကြီးအနောက်ဘက် (၂)ဖာလုံခန့်အကွာ ပင်လယ်ထဲတွင် အပေါ်ရည်ရွှန်းခေါ် ပုလဲမွေးမြူရေးကွန်းတည်ရှိလေသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ လမ်းညွှန်ချက်အရ ပုလဲမွေးမြူရေးဌာနတည်ဆောက်၍ ပုလဲမွေးမြူခဲ့သည်။ သို့ရာတွင် အောင်မြင်သင့်သလောက်သာအောင်မြင်ပြီး နောက်ပိုင်းတွင် ဌာနကိုပင် ဖျက်သိမ်းလိုက်ရတော့သည်။

ယခုအခါ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း အောင်မြင်ဖွံ့ဖြိုးလာပြီဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်အချို့က ရေလယ်ကျောက်ခဲကြီးပေါ်တွင် စားသောက်ဆိုင်ဖွင့်လှစ်ရန် ကြိုးစားခဲ့ကြသည်။ ထိုအခါ စားသောက်ဆိုင်တည်ဆောက်မည့်အစား ကမ်းခြေဒေသပိုမိုကျက်သရေရှိစေရန် ကိုဘိုကြီး၊ ကိုနိုင်ကြွေ၊ ကိုမောင်ကြီး၊ ဦးဘိုဝင်းတို့မှ ဦးဆောင်တိုင်ပင်ဆွေးနွေးကာ ကိုးနဝင်းစေတီတော်တည်ထားရန်တိုင်ပင်ကြလေသည်။ လူအများ၏ သဘောတူ ပါဝင်လှူဒါန်းငွေများဖြင့် စုပေါင်းမ,တည်ကာ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်နေ့ (၁၅-၁-၂၀၁၄) ရက်တွင် စေတီတော်ကို

www.burmeseclassic.com

ပန္နက်တင် အုတ်မြစ်ချခြင်းကို ပြုလုပ်ခဲ့ကြသည်။ ပန္နက်တော်တင် အုတ်မြစ်ချသည့် အခမ်းအနားသို့ ပေလီတပ်ဦးကျောင်းဆရာတော် ဦးအဂ္ဂ၊ ဓမ္မသုခကျောင်းဆရာတော်၊ ဒွါရဝတီမြို့သစ်ဆရာတော်၊ ဝေါ့ဆရာတော်၊ ဂျိတ္တောကျောင်းကြီးဆရာတော်၊ ညောင်ဝိုင်းဆရာတော်၊ အောင်ရတနာသိဒ္ဓိကျောင်းဆရာတော်အမှူးပြုသည့် သံဃာတော်များကြွရောက်ကာပန္နက်တင်၍ ရတနာအုတ်မြစ်စတင်ချတော်မူခဲ့ကြလေသည်။

**■ သာသနာ့နွယ်ဝင်မဟာဗောဓိပင် ■**

ရေလယ်ကျောက်ခဲကြီးမှာ ပေ(၃၀) ခန့် မြင့်မားပြီး (၂၅) ပေပတ်လည်ခန့် ကျယ်ဝန်းလေသည်။ ထူးဆန်းသည်မှာ သာသနာ့နယ်မြေအထိမ်းအမှတ်အဖြစ် မဟာဗောဓိပင်တစ်ပင် ပေါက်ရောက်လျက်ရှိသည်။ ဗောဓိညောင်ပင်အစစ်ဖြစ်ပြီး လက်မလုံးအရွယ်ခန့် ပင်စည်ရှိကာ သုံးတောင်ကျော်ခန့် မြင့်မား၍ အခက်အလက် ဝေဆာလျက်ရှိနေခြင်းပင် ဖြစ်လေသည်။ ကျောက်ဆောင်ပေါ်တွင် ထိပ်ဘက်၌ ရေကန်နှစ်ကန်သဖွယ် တည်ရှိပြီး မိုးကာလရွာသွန်းသည့် ရေချိုများသည် ပြာသိုလတိုင် မခန်းမခြောက်ဘဲ တည်ရှိနေခြင်းပင် ဖြစ်သည်။ စေတီတော်ကို ဉာဏ်တော်ကိုးတောင်အမြင့်ထား၍ ကိုးနဝင်းစေတီတော်အဖြစ် ရွှေတိဂုံပုံစံတူ တည်ထားခဲ့လေသည်။ ကျောက်ဆောင်အောက်ခြေမှ ကျောက်ဆောင်ပေါ်သို့တက်ရန် ကွန်ကရစ်လှေကားလောင်း၍ ကျောက်ပွတ်လုံးလက်ရန်းများ တပ်ဆင်ထားသည်။ ကျောက်ခဲကြီးပေါ်ရှိ ပထမကန်မှာ စေတီတော်အောက်ခြေ ဖိနပ်တော်ကွန်ကရစ်ခင်းရာတွင် ပါဝင်သွားပြီး အောက်ဘက်ရှိ ဒုတိယကန်မှာ ရေချိုများ ထပ်ဖြည့်၍ ပန်ရန်လုပ်ငန်းအတွက် အသုံးပြုရလေသည်။ ကိုးနဝင်းစေတီတော်ကိုတည်ရာတွင် တစ်လအတွင်း ပြီးစီးအောင်မြင်ခဲ့သည်။ စေတီတော်တည်ထားရေးကိစ္စအတွက် လိုအပ်သည့် ရေသဲ၊ကျောက်၊ အုတ်၊ ဘိလပ်မြေ စသည့် ကိစ္စအဝဝအတွက် စေတနာသဒ္ဓါတရားနှင့် လုပ်အားရှင်များသာမက ဂျိတ္တောကျေးရွာ အထက်တန်းကျောင်းခွဲမှ ကျောင်းသူကျောင်းသားများ အဓိက အားစိုက်ပါဝင် ကုသိုလ်ယူခဲ့ကြလေသည်။

**■ ပင်လယ်ဂျပ်မြွေသူတော်စင် ■**

ဘုရားတည်သည့် ပန်းရန်ဆရာမှာ ဂျပ်မြွေများရှိသည်ဟု သိရှိရသဖြင့် လုပ်ငန်းခွင်ဝင်နေစဉ် မြွေများထွက်လာမည်ကို စိုးရိမ်ကြောက်ရွံ့နေခဲ့သည်။ ထိုအခါ ကိုနိုင်ကြွေက မြွေတွေမရှိတော့ပါ။ ရှိနေလျှင်လည်း လုပ်ငန်းခွင်ထဲဝင်မလာဖို့ အဓိဋ္ဌာန်တင်အသိပေးထားပါမည်ဟု ဆိုပါသည်။ ပန်းရန်ဆရာကို ကတိပေးခဲ့သည့်အတိုင်း မြွေများရှိပါက ဘုရားတည်ပြီးစီးမှသာ ထွက်ကြပါရန် ဆုတောင်းအဓိဋ္ဌာန်ထားခဲ့သည်။ ကိုနိုင်ကြွေ အဓိဋ္ဌာန်တင်သကဲ့သို့ ဘုရားတည်ပြီးသည်အထိ မည်သည့်မြွေမျှ ထွက်မလာခဲ့ပါ။ လုပ်ငန်းပြီးစီး၍ ပန်းရန်ဆရာမှ ဘုရားလွှဲအပ်သည့်နေ့လယ်မှ ဂျပ်မြွေကြီးတစ်ကောင် ထွက်ပေါ်လာပြီး ရေချိုးရေကန်ထဲတွင် တဗွမ်းဗွမ်းဖြင့် ကူးခပ်လူးလိမ့် ပျော်ပါးမြူးထူးသည်ကို တွေ့ရှိကြရလေသည်။ ထိုဂျပ်မြွေကြီးမှာ လက်မောင်းလုံးခန့် တွားကျိုင်းပြီး အရှည် (၆) တောင်ခန့် ရှည်လျားပါသည်။ ကိုယ်ရောင်မှာ စိမ်းပြာရောင်တွင် အမည်းရစ်များပါရှိပြီး အမြီးပြားပြားနှင့် ဂျပ်ပြားမြွေကြီးဖြစ်လေသည်။

ပင်လယ်ဂျပ်မြွေ ဤမျှကြီးမားသည်ကို စာရေးသူ တစ်ခါမျှ မမြင်တွေ့ဘူးသေးပါ။ယခုမူ တောကြီးမြွေပေါက် ပမာဏလောက် ကြီးမားပါသည်။ ဂျပ်မြွေတို့မည်သည် ပင်လယ်ကျောက်ဆောင်များတွင် နေ့အခါ ခိုအောင်းနေလေ့ရှိပြီး အကောင်ရေများပြားစွာစုဝေးနေထိုင်လေ့ရှိကြသည်။ လုံးပတ်မှာ (၃) လက်မကျော်ကျော်သာရှိပြီး ရှည်လျားကြသည်။ အမြီးပြားက ဂျပ်ပြားဟုခေါ်ဆိုကြပြီး အမြီးလုံးက ဂျပ်လုံးဟုခေါ်ဆိုကြသည်။ ရေထဲတွင် ကျွမ်းကျင်စွာလှုပ်ရှားသွားလာတတ်ပြီး အနီရောင်၊ အဝါရောင်၊ ငွေရောင်၊ စိမ်းပြာရောင်စသဖြင့် ရောင်စုံရှိကြသည်။ ပင်လယ်ရေသတ္တဝါမှန်သမျှကို ရှာဖွေဖမ်းဆီးစားသောက်လေ့ရှိကြသည်။ မျက်စိအမြင်မကောင်းသဖြင့် နေ့အချိန်ထွက်လေ့မရှိချေ။ ကျောက်ခေါင်းများထဲတွင် တွင်းအောင်းနေလေ့ရှိသည်။ အဆိပ်အလွန်ပြင်းသည့်ပင်လယ်မြွေများဖြစ်ကြသည်။ ဂျပ်မြွေထိပါက အိပ်ချင်လာပြီး မနိုးသော အိပ်စက်ခြင်းဖြင့် သေဆုံးလေ့ရှိတတ်သည်။

ဤဂျပ်မြွေကြီးသည် ဘုရားတည်နေစဉ်ကာလ မြွေရှိသည်ဟု လုံးဝမသိရှိရဘဲ ဘုရားတည်ပြီးစီးမှသာ ဂျပ်မြွေသဘာဝနှင့်ဆန့်ကျင်၍ထွက်ကာ ရေချိုးကန်ထဲတွင် လာရောက်မြူးထူးသည်မှာ အလွန်တရာမှ ထူးဆန်းလှပေသည်။ ထို့အပြင် မည်သူ့ကိုမျှ အန္တရာယ်မပြုဘဲ ဘုရားအောက်ကျောက်တောင်ထဲသို့ ဝင်သွားလေ့ရှိသည်။ ဘုရားပွဲလာသူများက ပင်လယ်ငါးအသေကောင်များကို ရေကန်ထဲထည့်ထားသော်လည်း ငါးများကို လုံးဝစားသောက်ခြင်းမရှိပါ။ ဘုရားထီးတော်တင်သည့်နေ့က ကြလှူသည့် ပေါက်ပေါက်ပွင့်များကိုသာ စားသောက်သည်ကို ထူးဆန်းသဖွယ် မြင်တွေ့ကြရသည်။ ပင်လယ်ရေသတ္တဝါပီပီ ပင်လယ်ငါးကိုမစားဘဲ ပေါက်ပေါက်ကိုသာ စားသုံးခြင်းကြောင့် လူအများက ဂျပ်မြွေသူတော်စင်ကြီးဟု အမည်ပေးကြပါသည်။

ဘုရားရွှေထီးတော်တင်လှူပွဲကို ၁၃၅၇ ခု၊ တပို့တွဲလပြည့်(၁၄-၂-၂၀၁၄) သောကြာနေ့ နံနက် (၉) နာရီ အချိန်အခါတော်၌ တင်လှူအောင်မြင်တော်မူခဲ့သည်။ ပရိသတ်ပေါင်းထောင်ကျော်မျှ ဘုရားပွဲတော်သို့ စည်ကားသိုက်မြိုက်စွာ လာရောက်ခဲ့ကြသည်။ ၁၇-၂-၂၀၁၄ ရက်နေ့တွင် ဖိုက်စတားအငြိမ့်အဖွဲ့မှ ဘုရားပွဲတော်သို့ လာရောက်ကပြအသုံးတော်ခံခဲ့ရာ ပရိသတ်များ ငြိမ့်ငြိမ့်သဲမျှ လာရောက် အားပေးကြည့်ရှုခဲ့ကြသည်။ ယခုအခါ နိုင်ငံခြားသား ဧည့်သည်တော်များက နေ့စဉ် ဘုရားသို့ ရောက်ရှိပူဇော်နေကြပါသည်။ ပင်လယ်ကမ်းစပ်နှင့် ကျောက်တော်ကြီးမှာ ရေထဲသို့ ပေ(၂၀၀) ကျော်မျှ ဝေးကွာလျက်ရှိရာ ယာယီဖောင်တံတား ပြုလုပ်၍ထားသဖြင့် သွားရောက် ဖူးမြော်နိုင်ပါသည်။ ဘုရားဂေါပကအဖွဲ့ကလည်း ကွန်ကရစ်တံတားဆောက်လုပ်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် ဖုန်းနံပါတ် ၀၉၄၉၆၇ ၂၁၇၉ နှင့် ၀၄၃၄၂၁၂၀ သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။ ထို့ကြောင့် ပေလီကမ်းခြေရောက် အပန်းဖြေသူများအဖို့ ပေလီကမ်းခြေအလကို ကျက်သရေတင့်ထွန်းစေသည့် ဂျိတ္တောကျေးရွာ အပေါ်ရည်ကျွန်း (ပုလဲကျွန်း) ရှေ့ ကျောက်တော်ပေါ်မှ ကိုးနဝင်းစေတီမြတ်အား ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း စိတ်စေတနာ အပေါင်းနှင့် သတင်းကောင်းပါး ရေးသား ပူဇော်လိုက်ရပေတော့သည်။

ရွှေချိုအောင် (ပေ...

www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# အဖေကြီးဦးအောင်ချမ်းသာ အမှတ်တရ




သမထဝေါက် ဆုထူးပန် ဦးအောင်ချမ်းသာ

၈-၄-၂၀၁၄ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ နံနက် (၁၁) နာရီအချိန်။

ကျွန်တော်သည် ယနေ့ထုတ်သတင်းစာများရှိ နာရေးကြော်ငြာများကို ဦးဆုံးဖတ်နေသည်။ ကျွန်တော်နှင့် အစ်ကိုဝမ်းကွဲတော်သူ ဦးညွန့်ဝေ (၉၁) နှစ် အငြိမ်းစား ဦးဆောင် ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း၏ နာရေးကြော်ငြာကိုတွေ့မိသည်။ နာရေးကို လိုက်ပို့မည်ဟု စဉ်းစားလိုက်စဉ် ဦးညွန့်ဝေ၏ရုပ်ကလာပ်ကို ၈-၄-၂၀၁၄၊ နံနက်(၁၀)နာရီတွင် သဂြိုဟ်မည်ဖြစ်၍ လိုက်ပို့ရန် အချိန်မမီတော့ပေ။ နာရေးကြော်ငြာအောက်ဆုံးတွင် (ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၄၊ စနေနေ့ နံနက်(၇)နာရီမှ(၁၂)နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်ဟူ၍ ပါရှိသဖြင့် ရက်လည်သွားရန် ဆုံးဖြတ်လိုက်သည်။ ဦးညွန့်ဝေ၏နာရေးကြော်ငြာကိုဖတ်ရင်း အတိတ်ကို ပြန်လည်သတိရလာမိသည်။ ဦးညွန့်ဝေ၏ မိဘနှစ်ပါးမှာ ဦးဘဆွေ၊ ဒေါ်မမကြီးဖြစ်ပါသည်။ ဦးဘဆွေသည် အဖေ ဦးရန်အောင်၏ အစ်ကိုဖြစ်ပြီး အဖေ့ထက် (၉)နှစ်ကြီးလေသည်။ ဦးဘဆွေသည် ဝန်ကြီးချုပ်ဦးနုလက်ထက်၌ ရှေ့နေချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ ဒေါ်မမကြီးမှာ မြန်မာအဆွေတော်မှုကုမ္ပဏီ (နောင် - အေဝမ်းရုပ်ရှင်ကုမ္ပဏီ) မှ ဦးညီပု၊ ဦးတင်မောင်တို့၏ အစ်မကြီးဖြစ်လေသည်။

၁၉၂၀ ပြည့်နှစ်ဝန်းကျင်က အဖေနှင့် ဦးဘဆွေ၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် သူ၏ဦးလေး သခင်ညီတို့သည် ပြည်မြို့ သံတစ်ချောင်းလမ်းရှိ အိမ်တစ်လုံးတွင် အတူတကွ လေးနှစ်ကြာ အောင်နေခဲ့ကြသည်။ ဦးညွန့်ဝေ တက္ကသိုလ်ကျောင်းပြီးနောက် ဆရာမ ဒေါ်ငယ်ငယ်စိန်နှင့် လူငယ်တို့သဘာဝ ချစ်ကြိုက်ကြသည်။ ဦးညွန့်ဝေမှာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဒေါ်ငယ်ငယ်စိန်မှာ ခရစ်ယာန်ဘာသာဝင်ဖြစ်နေရာ မိဘများက သဘောမတူကြပေ။ အဖေဦးရန်အောင်က ဦးညွန့်ဝေ၏ မိဘများကို နားချပြီး ဒေါ်ငယ်ငယ်စိန်ရှိရာ တောင်ကြီးမြို့အထိ အဖေကိုယ်တိုင်လိုက်တောင်းပြီး လက်ထပ်ပေးခဲ့ရသည်။ ဒေါ်ငယ်ငယ်စိန်မှာ နောင်တွင် ပညာရေးတက္ကသိုလ်၌ ကထိကဖြစ်လာခဲ့သည်။ ဦးညွန့်ဝေ၏ ဖခင် ဦးဘဆွေသည် အသက် (၈၀) တွင် ကွယ်လွန်သည်။ ဒေါ်မမကြီးလည်း ဦးဘဆွေနှင့် မရှေးမနှောင်း ကွယ်လွန်လေသည်။ ကျွန်တော်တို့မောင်နှမငါးယောက်သည် အဖေနှင့်အတူ သီတင်းကျွတ်လပြည့်ရောက်တိုင်း ဦးဘဆွေ၊ ဒေါ်မမကြီးတို့ကို သွားကန်တော့ကြသည်မှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိဖြစ်သည်။

ထိုသို့သွားကန်တော့စဉ် ဒေါ်မမကြီးသည် အဖေကြီး ဦးအောင်ချမ်းသာ အကြောင်းကို မကြာခဏပြောလေ့ရှိသည်။ ဒေါ်မမကြီးသည် အဖေကြီးကို ကိုယ်တိုင် မြင်တွေ့လိုက်၍ ဖြစ်သည်။ ကျွန်တော် မှတ်မိသမျှ ပြန်လည် တင်ပြပါမည်။ အဖေကြီး ဦးအောင်ချမ်းသာ၏ အုတ်ဂူသည် ရန်ကုန်တိုင်းဒေသကြီး



ဦးထုထံ၏ဦးခေါင်းထိပ်တွင် ရှမ်းဇိမ္မာဆရာကြီး ရေးထိုးပေးခဲ့သော ပဋ္ဌာန်းရွှေကြာအင်းတော်ကြီးပုံ



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဒုံရှိ ငွေယားတောင် (ဗိုလ်ရွှေအဖွဲ့ရုံးအနီး) တွင်ရှိသည်။ ကျွန်တော်သည် ဝန်ထမ်းဘဝက မော်ဘီတွင် စက်မှုဝန်ကြီးဌာနမှ စက်ရုံများတည်ဆောက်ရာ ရုံးကားဖြင့် နေ့စဉ်သွားလာရသည်။ မင်္ဂလာဒုံအနီးတွင်ကားပျက်လျှင် အဖေကြီး ဦးအောင်ချမ်းသာကို တ,လိုက်လျှင် ခဏအကြာတွင် ကားပြန်ကောင်းသွားတတ်လေသည်။ထူးခြားလှပေစွ။ အဖေကြီး၏ အုတ်ဂူကို တစ်ရက်ခြားတစ်ခါ ကျွန်တော် ဝင်ကန်တော့ရင်း လိုအပ်သည့် ဝတ္ထုငွေ၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့ကို ပူဇော်လှူရှိသည်။

ဦးအောင်ချမ်းသာသည် ကောဇာနှစ် ၁၂၅၂ ခုနှစ်၊ ဝါဆိုလတွင် ဖွားမြင်ခဲ့၏။ ၁၃၁၇ ခုနှစ်တွင် ထွက်ရပ်လမ်းသို့ မြန်းတော်မူသည်။ ထိုအခါ အသက် (၆၅) နှစ်ရှိပါပြီ။ ရွှေပေါ်ကျွန်း စေတော်ဝင်ဆရာတော်ကြီးထံမှ ရရှိသော ဝိဇ္ဇာစာရင်းတွင် 'ဆုထူးပန် ဦးအောင်ချမ်းသာ (သမထပေါက်)' ဟူ၍ သိရှိရသဖြင့် အလွန်ကြည်ညိုမိပါသည်။

ဦးအောင်ချမ်းသာသည် ပုသိမ်အရှေ့မြို့နယ် မားကဝကျေးရွာ ဇာတိသားဖြစ်၏။ ဖခင်မှာ ဦးတက်ပြား၊ မိခင်မှာ ဒေါ်နီ ဖြစ်၏။ ဖခင်မှာ မုံရွာကနီသား မြန်မာလူမျိုး၍ မိခင်မှာ မားကရွာသူ ကရင်တိုင်းရင်းသား ဖြစ်၏။ မွေးချင်း(၈)ဦးအနက် ဒုတိယသားဖြစ်သည်။ ငယ်မည်မှာ မောင်ပြေ့ဟု ခေါ်တွင်ခဲ့သည်။ မောင်ပြေ့သည် အမည်နှင့် လိုက်ဖက်စွာပင် ပျော့နှံ့၍ စကားနည်း၏။ အေးအေးချမ်းချမ်း တစ်ဦးတည်းနေလေ့ရှိ၏။ ငယ်စဉ်အခါက မောင်ပြေ့ မကြာခဏပျောက်၍သွားသဖြင့် မိခင်မှာ ရှာဖွေခဲ့ရသည်။ မောင်ပြေ့မှာ လှည်းလမ်းမပေါ်တွင် တစ်ဦးတည်း သဲပုံစေတီငယ်များ တည်ဆောက်နေသည်ကို ပြန်တွေ့ခဲ့ရသည်။ လူငယ်သဘာဝ ကစားစဉ်မှာပင် ဘုရား၊ စေတီတည်ဟန်ကိုပင် ကစားတတ်သည်။

တစ်နေ့တွင် မောင်ပြေ့အိမ်သို့ ရှမ်းဆရာကြီးတစ်ဦး မခေါ်မပင့်ဘဲ ရောက်ရှိလာခဲ့သည်။ ဆရာကြီးသည် မောင်ပြေ့ကို သေသေချာချာအကဲခတ်ကြည့်ရှုသည်။ ပြီးနောက် လေးလေးနက်နက်စဉ်းစားသည်။ ထို့နောက် မောင်ပြေ့၏ ဦးခေါင်းထိပ်တွင် ပဒုမ္မာရွှေကြာအင်းကို ထိုးနှံ့ပေးလိုက်သည်။ ထိုဆရာကြီးမှာ အင်းဝိဇ္ဇာပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း နောင်အခါမှ သိရလေသည်။

"ဒီသူငယ်ဟာ ရူးသွပ်နေတာမဟုတ်ဘူး။ သူလုပ်ချင်တာကိုလုပ်ခွင့်မရလို့၊ အချိန်မရောက်သေးလို့ နေမရထိုင်မရဖြစ်နေတာ။ သူဟာ တစ်နေ့မှာ ထွန်းပေါက်မယ့် သာသနာပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်လာလိမ့်မယ်"

ဟု ရှမ်းဆရာကြီးကဆိုလေသည်။

"သူဟာ ရောက်လေရာမှာ အလံထူမယ့်သူ ဖြစ်တယ်။ ပညတ်သွားရာ ဓာတ်သက်ပါတယ်။ ပျော့ညံ့တဲ့ မောင်ပြေ့ဆိုတဲ့နာမည်ကိုဖျောက်။ ဒီကနေ့ကစပြီး 'အောင်လံထူမယ့်သူမို့' 'လံထူ' ကက်ကင်းပြန်ပြီး 'ထူလံ' ဆိုတဲ့ အမည်ကို ပြောင်းပေးပါ"

ထိုနေ့မှစ၍ မောင်ပြေ့မှာ ထူလံဖြစ်လာခဲ့သည်။ တစ်နေ့လျှင် နည်းနည်းစီ ထမင်းများကို အခြောက်လှန်းသည်။ ထမင်းခြောက်အစိတ်သားရရှိခဲ့သည်။ တစ်နေ့တွင် အိမ်သားများ မသိရအောင် ထမင်းခြောက်အစိတ်သားကို ထုပ်၍ ဓားတစ်ချောင်းကိုဆွဲကာ ခြေဦးတည့်ရာ တစ်ကိုယ်တော် ဂန္ဓာရီရိုးထွက်လာခဲ့သည်။ သို့ဖြင့် အနောက်ရိုးမတောကြီးအတွင်းသို့ ရောက်ရှိခဲ့သည်။ ရွှေတွင်းတူးဒီပါ၊ ဗျဉ်းမချောင်၊ ဒီပါဝန်းများသို့လည်း ရောက်ခဲ့သည်။ ကိုထူလံသည် မနားမနေ ခရီးဆက်ခဲ့သည်။ ရက်များကျော်လွန်၍ လများဆီသို့ ကူးပြောင်းလာခဲ့သည်။ ကိုထူလံသည် မနားမနေ ခရီးဆက်ခဲ့သည်။ ရက်များကျော်လွန်၍ လများဆီသို့ ကူးပြောင်းလာခဲ့သည်။ ကိုထူလံ၏ ခရီးစဉ်တား မပြီးဆုံးသေးပေ။ ပြီးဆုံးရန်လည်း မလွယ်။ ဘယ်သို့မှန်းမသိသောခရီးကို ခြေဦးတည့်ရာ သွားနေခြင်းသာ ဖြစ်သည်။ တဖြည်းဖြည်းနှင့်ပါလာသော ရိက္ခာလည်းပြတ်ခဲ့ပြီ။ ဝမ်းကလည်း ဆာလောင်မွတ်သိပ်လာပြီး လူလည်း ပင်ပန်းနွမ်းနယ်လှပြီ။ နေမွန်းတည့်လောက်ရှိပြီ။ သို့ဖြစ်၍ မလှမ်းမကမ်းတွင်တွေ့ရသော သစ်ခေါင်းကြီးထဲတွင် နားခိုရန် ဆုံးဖြတ်လိုက်သည်။ အိပ်မောကျသွားသည်မှာ နေဝင်ခါနီးမှ လန့်နိုးတော့သည်။

သူ၏အနီးတွင် အရပ်မြင့်မြင့်၊ အမွှေးထူလပျစ်နှင့် လူနီကြီး တစ်ဦးကို တွေ့ရသည်။ မျက်လုံးပြူးပြူး၊ ချွန်ထက်သောသွားအစွယ်တို့ဖြင့် ကြောက်မက်ဖွယ်ဖြစ်သည်။ လူနီကြီးသည် ဒေါသပြင်းထန်လှစွာဖြင့် သူ့အား အသေသတ်ရန် တိုးကပ်လာပြီး သူ့တွင် ပြေးပေါက်မရှိ။ ဒီတစ်ခါတော့သေပြီဟုအောက်မေ့မိသည်။ထိုစဉ် ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦးပေါ်လာသည်။ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကိုမြင်သည်နှင့် လူနီကြီးလည်း တစ်ချီတည်းထွက်ပြေးတော့သည်။

ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်က သူ့အား ဒီမှာမနေရန်။ ဒီဟာ ဘီလူးကြီးနေရာဖြစ်၍ တခြားသို့ခေါ်ဆောင်သွားသဖြင့် လိုက်ပါခဲ့သည်။ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်သည် ဘေးကင်းစိတ်ချရသောနေရာတွင် သူ့အားထား၍ သူနှင့်အတူ သွားလိုရာကို လိုက်ပါပို့ဆောင်ရန်အတွက် (၅) နှစ်သား ကလေးတစ်ဦးကို အဖော်အဖြစ်ထားခဲ့သည်။ ထိုကလေးငယ်၏ အရပ်မှာ တစ်တောင်ခန့်သာ၊ ကိုယ်လုံးတီးကလေးနှင့် သူ့အားလည်း စကားမပြော။ သူနှင့် မလှမ်းမကမ်းတွင်ရှိနေသည်။ သူသည် ထမင်းလည်းဆာ၊ မောလည်းမောသဖြင့် အိပ်ပျော်သွားခဲ့သည်။ နေမြင့်မှနိုးလာသည်။ ဟိုဟိုသည်သည် ကြည့်ရာမှ ကလေးမှာ သစ်ပင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရသည်။ သူနိုးလာသည်ကို တွေ့သဖြင့် ကလေးသည် ရှေ့က ခရီးစတင်သွက်စွာသည်။ သူက နောက်ကလိုက်သည်။ သို့ဖြင့် တစ်နေဝင်ပြန်၏။

မကြာမီ ရသေ့ကြီးတစ်ပါးနှင့် တွေ့ရသည်။ ရသေ့ကြီးက ဓုတင်ဖြေအတွင်းမှ ဓာတ်လုံးတစ်လုံးထုတ်ပေးသဖြင့် သူက ပါးစပ်ထဲတွင်ငုံထားလိုက်ရာ ဆာလောင်ခြင်း၊ မောပန်းခြင်းတို့ ခဏချင်းပင် ပြေပျောက်သွားသည်။ ထိုအခါ အတူပါလာသော ကလေးမှာလည်း ပျောက်ခြင်းမလှပျောက်သွားတော့သည်။ ထိုကလေးမှာ သူဖြစ်တန်းလာခဲ့သောတောကိုစိုးသည့် တောစိုးနတ်(ရုက္ခစိုး)ဖြစ်ကြောင်း နောင်အခါမှ သိရသည်။

ရသေ့ကြီးက သူ့အား 'အရဟံ ဗုဒ္ဓေါ' ကို ရွတ်ဆိုစေ၍ သမာဓိကို ထူထောင်စေသည်။ နံနက်လင်းလျှင် အခြားသောရသေ့တစ်ပါးကို တွေ့ရပြန်သည်။ သူ့အား ခေါ်ဆောင်၍ ဆက်လိုက်ခဲ့ရပြန်သည်။ အလုံမြို့ (မုံရွာအနီး) သို့ ခေါ်သွားခဲ့သည်။ သူသည် အလုံမြို့တွင် ရသေ့နှင့် အတူနေသည်။ အရပ်ဟံဗုဒ္ဓေါဂုဏ်တော်ကိုပင် အဆက်မပြတ် ပွားများ အားထုတ်စေသည်။ ထမင်းစားချိန်တန်လျှင် ပူနွေးသော တစ်ယောက်စာ ကောက်ညှင်းပေါင်းတစ်ထုပ်နှင့် ငှက်ပျောသီးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ကို သူ့ရှေ့တွင် တွေ့ရသည်။ သူတစ်ယောက်တည်းစားသည်။ ရသေ့ကြီးက ဘာမှဘုဉ်းမပေးချေ။

သို့ဖြင့် (၃)လခန့်ကြာသောအခါ ရသေ့ကြီးက သူ့အား ဓာတ်လုံးသုံးလုံး ကို ထုတ်ပြသည်။ ရွှေရောင်တစ်လုံး၊ အဖြူတစ်လုံး၊ အနက်တစ်လုံး ဖြစ်၏။ ရသေ့ကြီးက သူ့အား ရွှေရောင်တစ်လုံး ကိုပေးသဖြင့် သူက ဝမ်းတွင်းသို့ မျိုချ လိုက်သည်။ ပြန်ထုတ်လိုကလည်း ပြန် အန်ထုတ်၍ရသည်။ ရသေ့ကြီးနှင့်အတူ အလုံမြို့တွင် (၆) လခန့် နေခဲ့သည်။ အိမ်ပြန်ရန် ရသေ့ကြီးထံ ခွင့်ပန်ခဲ့သည်။ ရသေ့ ကြီးက ခွင့်ပြုခဲ့သည်။

သူသည် မားတစ်ချောင်းနှင့် ဓားဘာ ခုတ်ရှင်းလင်းရင်းဖြင့် အပြန် ခရီးကို စခဲ့ပြန်သည်။ ဆူးတောကြီးများ၊ ကြိမ်တောကြီးများကို ဖြတ်ရ၏။ တစ်ခါ တစ်ရံ ပိတ်ဆို့နေသော ကြိမ်တောကို ဓားခုတ်ခန့်ရှင်းပြီးမှ တောထဲကထွက်ခဲ့ ရသည်။ နံနက်တိုင်း တစ်ယောက်စာ ဘောက်ညှင်းပေါင်းထုပ်ပူပူနွေးနွေးကို တွေ့ရသဖြင့် ဝမ်းအာဟာရကို ဖြည့် လိုက်၊ ခရီးဆက်လိုက်ဖြင့် ပြန်လမ်းရှာ ခဲ့သည်။ (၄၅) ရက်ခရီးကို သူအောင်မြင် စွာကျော်ဖြတ်နိုင်ခဲ့ပြန်သည်။ ဂန္ဓာရီဝိဇ္ဇာ ဆမ်းတို့၏ ထုံစခန်းတစ်ခုကို ပေါက် မြောက်ခဲ့ခြင်း ဖြစ်တော့သည်။

ရှေ့ခရီးကိုဆက်ရဦးမည်။ လက် ထဲ ငွေကြေးလည်း တစ်ပြားတစ်ချပ်မှ မရှိ၊ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ခရီးဆက်ခဲ့ပြန်သည်။ ရွာတစ်ရွာသို့ ရောက်တွင် အိမ်ကြီးတစ်အိမ်၌ လူ များကို စုရုံးစုရုံးနှင့် တွေ့ရသည်။ သူ သည် ထမင်းအလွန်ဆာနေပြီဖြစ်၍ အလှူအိမ်ထင်မှတ်ပြီး ထိုအိမ်ပေါ်သို့ တက်ခဲ့သည်။ အိမ်တွင်းရောက်မှ သူ နာသင်များနေကြောင်း သိရသည်။ ထို အိမ်သည် သူကြီးအိမ်ဖြစ်၍ သူကြီးသမီး အား ပိုးထိ၍သေဆုံးခဲ့ရာ (၇) ရက် မြောက်နေ့ဖြစ်သဖြင့် အသုဘချရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။ ရုတ် တရက်အိမ်ပေါ် သို့တက်လာသော လူစိမ်းတစ်ဦးအား အများက ဝိုင်း အုံ ကြည့်ရှုအကဲခတ်နေကြသည်။

ထိုစဉ် သူ့နားတွင် ကြားလာ သည်မှာ -

"အဲဒါ မသေသေးဘူး၊ မင်းဆေး ကုလိုက်ပါ"

ဟု ပြောနေသံကို ကြားရသည်။ သူ့နားတွင် အဆက်မပြတ်ကြားနေရ သောကြောင့် သူသည် ရဲစိတ်ဝင်လာပြီး-

"ဒီလူနာမသေသေးပါဘူး၊ တစ် ဆိတ်လောက် ကျွန်တော့်ကို ခေါင်းဖွင့် ပြပါ။ ကျွန်တော် ဆေးကုပါ့မယ်"

ဟု သူက ခိုင်ခိုင်မာမာပြောလိုက် သည်။

"ဟာ - မဖြစ်နိုင်တာ၊ သေပြီးလို့ (၇) ရက်ရနေပြီ။ ပိုးထိပြီးကတည်းက ဘယ်ဆရာမှ ကုလို့မရဘဲ သေခဲ့တာ။ ခင်ဗျားက ဘာတတ်နိုင်မှာတုံး။ သေပြီး လူကို ရှင်အောင်လုပ်မယ်ဆိုတာ ကျုပ် တို့ကလက်မခံဘူး"

- ဟု အတန်တန်တားမြစ်ကြသည်။

သူကလည်း အထပ်ထပ်တောင်း ဆိုသည်။ နောက်ဆုံးတွင် သူက -

"ဒီမှာ ခင်ဗျားတို့၊ ဒါဟာ လူ့ အသက်တစ်ချောင်းကိစ္စပါ။ ကျွန်တော် ဆရာပါ။ ဒီလူနာဟာ မြွေဆိပ်မွှန်ပြီး အပမှီနေတာပါ။ ကျွန်တော် ကုသနိုင် ပါတယ်။ ကျွန်တော်ပြောသလို မဟုတ် ရင် ကျွန်တော်က လူစိမ်းပါ။ ခင်ဗျားတို့ ကြိုက်သလိုလုပ်ပါဗျာ။ ကျွန်တော့်ကို ခေါင်းကိုသာဖွင့်ပြပါခင်ဗျာ"

ဟု အထပ်ထပ်တောင်းပန်သည်။

လူနာရှင်များမှာ မယုံမရဲရှိနေကြ သော်လည်း သူ့ကို အားနာလာသဖြင့် ခေါင်းကိုဖွင့်ပြလိုက်တော့သည်။

သူက ရေစင်တစ်ခွက်မန်းလိုက် သည်။ လူနာ၏ မျက်နှာအား ရေစင် ဖြင့် တောက်လိုက်သည်။ ခေါင်းတွင်းမှ လူနာသည် မျက်တောင်တဖျတ်ဖျတ် ခတ်လာသည်။ သူက ရေစင်ကို အနှံ့ အပြားပက်ဖျန်းလိုက်သည်။ လူနာသည် လူးလွန့်လူးပ်ရှား၍ ထထိုင်လိုက်သည်။ အကောင်းပကတိအတိုင်းဖြစ်သွားသည်။ သူကြီးမိသားစုနှင့် ရွာသူရွာသားများက သူ့အား ဝန်ချတောင်းပန်၍ သိကြား ဆရာပမာ ရိုသေ လေးစားကြသည်။ သူတို့ရွာတွင် နေထိုင်ပါရန် တောင်းပန် ကြသည်။သူတို့ငွေ(၃၀၀)ကျပ်ကန်တော့ သည်။ သူက လမ်းစရိတ်ငွေ (၇၈) ကျပ် ကိုသာယူ၍ ရှေ့ခရီးဆက်ခဲ့ပြန်သည်။

သူသည် မွေးရပ်မြေသို့ ရောက် ရှိလာခဲ့သည်။ ပုသိမ်အရှေ့၊ ပုသိမ် အနောက်၊ ငပုတော၊ စဉ့်အိုးဖို၊ ကတက် ချောင်း၊ လေးလောင်း၊ ဆင်ကြီးလည် ပင်း အစရှိသော ရွာများတွင် ဆေး ဆရာကြီး ဦးထူလံ အမည်ခံ၍ ဝေဒနာ ရှင် အများအပြားအား "ရေစင်ဖြင့်ပင် ဆေးကု၍ အသက်ကယ်ဆယ်ခဲ့သည်။ ရောက်လေရာ ဒေသတိုင်းတွင် ဘုရား တည်ခဲ့သည်။ ပိတောင် ချောင်းကျေး ရွာမှ ဆရာတော်ကြီး က မောတော်မူ နေသည်ကို ဆေးမတို ကြောင်း၊ ပျံလွန်တော်မည့် အချိ ရီနှင့်တကွ ကြိုတင် ပြောကြားခဲ့သေ ဆရာကြီး ဦးထူလံ၏စကားမှန်ခဲ့သ ဆရာကြီး သည် မြန်မာပြည်အနှံ့ သွ့လည်၍ ဆေးကုသရင်း ဘုရား များတည် ထားခဲ့ရာ မြန်မာပြည် ဆရာကြီး သတင်းကား ကြိုင်သင်း မွှေးလှသည်။ 'ရှစ်သောင်းလေးထောင် ပြန်ဆောင် မည်' ဟူ၍ ကြွေးကြော်ရ ရောက်လေ ရာတွင် စေတီပုထိုးများ တည်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး သိမ်၊ မြောင်း မြ၊ ငပုတောနှင့်အနောက် မတစ်ကြော တွင်လည်းကောင်း၊ သိဒ္ဓိ အောင်၊ စဉ့်အိုး ဖို၊ သုမနစေတီများကို သည်းကောင်း၊ မော်လမြိုင်၊ ကျိုက်မရော ပွား၊ ကသာ၊ ကျိုက်ထီးရိုး၊ ပဲခူး၊ သရက် ချောင်း၊ လှည်း ဆိပ်၊ ဘောလယ်၊ ရန်ကုန် သန်လျင်၊ ကမာဆစ် စသည့် ဒေသ တစ်ခွင် လှည့် လည်ခဲ့သည်။ ဘုရားများ တည်ခဲ့သည်။

၁၉၃၆ ခုနှစ်တွင် မြန်မာအဆွေ (အေဝမ်းကုမ္ပဏီ)မိသားစုနှင့် ဆရာကြီး ရင်းနှီးခဲ့သည်။ အေဝမ်း ဟူသော အမည် မှာ ဆရာကြီးပေးခဲ့သော အမည်ဖြစ်ပြီး 'မြန်မာပြည်မှာ ထိပ်တန်း' ဟု အဓိပ္ပာယ် သက်ရောက်ကြောင်း ဆရာကြီးပြောခဲ့ ပါသည်။ မြန်မာအဆွေ (အေဝမ်း) မိသားစုနှင့် ပုသိမ်မြို့ရှိ ဦးချမ်းမား၊ ဒေါ်ဟန်မိသားစုများလည်း ရင်းနှီးကြ သည်။ ဆရာကြီးနှင့် သူတို့မိသားစုများ သည် ဆရာ၊ ဒကာရင်းနှီးခဲ့ကြသည်။ သာသနာ့အတူပြုခဲ့ကြသည်။ ပုသိမ် ရွှေမြင်တင်စေတီကုန်းတွင် သဲပုံစေတီ (၈) ဆူတည်၍ ဓာတ်ပန္နက်အဖြစ်ထား ခဲ့သည်။ ဆရာကြီး၏မွေး ဇာတိတွင် ရွှေကြက်ယက်စေတီ၊ ညာစေတီ၊ ကြက်မင်းအိပ်တန်းတက် တွင် ရွှေ တန်းတက်စေတီ၊ ကြက် ခပ်စေတီ စသည်ဖြင့် လက်ညှိုး လွှဲအောင် စေတီများတည်ထားခဲ့သ

ဓားကမြစ်ဝမှ ရွှေ တင်အထိ တောင်ကြောသည် သုံးမိုင် ရှည်လျား သည်။ ဓားကဝကုန်းမှ သာသော ကုန်းကြောဖြစ်၍ရှုခင်းသာ လှသည်။ ထိုကုန်းကြောကို နတ်ပြည ကြော ဟူ၍ လည်းခေါ်သေးသည်။ ထို တန်းပေ တွင် ဆရာကြီးသည် စရာ ကျင့်များ အားထုတ်ခဲ့ပါသည်။ အ သို့ မျှော် ကြည့်လိုက်သော် သာယာ အားမြသည့်

www.burmeseclassic.com

ဝေန်မြစ်ကြီး၊ ဟိုအဝေးတွင် အနောက်ရိုးမတောင်တန်းကြီးနှင့် ဒီပါရုံတောင်ထွတ်များကို မှိုင်းပျပျလှမ်း၍မြင်ရ၏။ အလွန်မင် သာယာကြည်မောဖွယ်ရာ သဘာဝအလှတရားများ ဖြစ်ကြသည်။ ထို့အပြင် ဓားကမြစ်နှင့် ဝေန်မြစ်တို့ဆုံတွေ့ရာ မြစ်ဆုံ၏ပသာဒရှုခင်းမှာလည်း ကြည်နူးစရာပင်။ ထိုမြစ်ဆုံနေရာတွင် ရေလယ်ကျွန်းတစ်ခု ဖြစ်ထွန်းတည်နေသည်။ ထိုကျွန်းပေါ်တွင် ဆရာကြီးဦးဆောင်၍ ဦးချမ်းမား၊ ဒေါ်ဟန်၏ ကောင်းမှုဖြစ်သော ဉာဏ်တော် (၁၈) တောင်မြင့်သည့် အောင်စကြာသီလ စေတီအား ထုံးဖွေးဖွေးဖြင့် သပ္ပာယ်စွာ ဖူးတွေ့ရသည်။

ဆရာကြီးသည် သူ၏ တပည့်များအား ထိုက်သင့်သလို ပညာပေးခြင်း၊ ဓာတ်လုံးများ ချီးမြှင့်ခြင်းတို့ဖြင့် ဖူးတွေ့ရသည်။ ဆရာကြီးသည် သူ၏ တပည့်များအား ထိုက်သင့်သလိုပညာပေးခြင်း၊ ဓာတ်လုံးများ ချီးမြှင့်ခြင်းတို့ဖြင့် စောင့်ရှောက်ခဲ့သည်။ ထူးခြားသည်မှာ ဆရာကြီး၏ ဓာတ်လုံးပြုလုပ်နည်းပင် ဖြစ်သည်။ ဓာတ်လုံးရရှိရေးအတွက် လုံမလို၊ ဖားဖိုမလို၊ သံ၊ ပြဒါး၊ သွပ်၊ ကြေး၊ ရွှေ စသည်ဖြင့် ဓာတ်သားစလေးများကိုပင် ပါးစပ်တွင်ငုံရင်း၊ ခရီးသွားရင်းလာရင်းဖြင့် ဓာတ်လုံးကို ပါးစပ်ထဲတွင် လုံး၍ ထိုက်သင့်သလို ပေးကမ်း ချီးမြှင့်လေသည်။ ဆရာကြီးသည် ဆေးကုသရာတွင် မေတ္တာရေစင်များအပြင် ဆေးစကြာမြစ်ကိုလည်း ရေလဲသုံးပါသည်။ မြန်မာအဆွေသူဌေးသမီး ဒေါ်ခင်ဆွေ မကျန်းမာစဉ်က ဆရာဝန်များ (၆) လသာ အသက်ရှင်ရန်ရှိသည် ဆိုသော အဆုံးအဖြတ်ကို ဆရာကြီးက ဆေးစကြာမြစ်နှင့် ကုသခဲ့ရာ (၆) နှစ်အထိ အသက်ရှင်နေထိုင်ခဲ့သည်။

ဆရာကြီး၏ နာမည် ဦးထူလံမှ ဦးအောင်ချမ်းသာသို့ နာမည်ပြောင်းပုံမှာ ထူးခြားလှသည်။ ဆရာကြီးသည် အသက် (၅၀) ပြည့်သည် ၁၃၀၂ ခုနှစ် တစ်နေ့တွင် ဆရာကြီးအိပ်နေစဉ် အိပ်မက်ထဲ၌ ပုဂ္ဂိုလ်တစ်ဦးပေါ်လာသည်။ ထိုပုဂ္ဂိုလ်က 'ဦးထူလံ၊ မင်းလုပ်ငန်းတွင် ဒိထက်ပိုပြီး အောင်မြင်တော့မှာမို့ 'အောင်ချမ်းသာ' လို့ နာမည်ပြောင်းလိုက်ပေတော့'ဟု ပြောပြီး ပျောက်ကွယ်သွား၏။ အိပ်မက်ထဲတွင် တွေ့သော ပုဂ္ဂိုလ်ထူးကို ဆရာကြီး၏ စိတ်ထဲတွင် မြင်ဖူးသလိုရှိသည်ဟု စဉ်းစားမိသော အခါ သူငယ်စဉ်က သူ၏ဦးခေါင်းထိပ်တွင် ပဒုမ္မာရွှေကြာအင်းကို ထိုးနှံပေးပြီး မောင်ပြော့မှ ထူလံဟု နာမည်ပြောင်းပေးခဲ့သူ ရှမ်းဆရာကြီး ဖြစ်နေလေသည်။

သတ္တဝါကယ်ဆယ်ရေးအလုပ်၊ သာသနာပြုအလုပ်များကို အားရကျေနပ်စွာ ဆောင်ရွက်နေစဉ်မှာပင် တပည့်သားမြေးတို့၏အလိုကို လိုက်လျောရင်းဖြင့် ဓာတ်လေးပါးဖောက်ပြန်မှုများကို ရံဖန်ရံခါ ကြုံတွေ့ရသည်။ ဆရာကြီးနေမကောင်းဘူးဆိုလျှင် တပည့်ရင်းအချို့နှင့်အတူ ဘုရားစုံဖူးရင်း ခရီးထွက်တတ်သည်။ ထိုအခါ ပြန်လည်ကျန်းမာလာသည်။ ဘုရားဖူးလုပ်ငန်းသည် ဆရာကြီး၏ ဆေးကုသနည်းတစ်မျိုးအဖြစ် သတ်မှတ်လာကြသည်။ ထို့ပြင် 'တစ်ခါတစ်ရံတွင် အိပ်ပျော်နေသလို (၃)၊ (၄) ရက်ခန့် မလှုပ်မရှားဘဲနေတတ်သည်။ ထိုအခါမျိုးတွင် ကန်တော့ပွဲပြင်၊ ဆီမီးထွန်း၍ ဆရာကြီးကို ပြန်ပင့်လျှင် ပြန်ရောက်လာတတ်သည်။ ပြန်ထလာသည့်အခါတွင် သူသွားခဲ့သော ခရီးစဉ်များကို ပြန်ပြောသည်။ ရုပ်ထားနာမ်ခွာအတတ်ဖြင့် ခရီးထွက်နေခြင်းပင် ဖြစ်ပါသည်။

နောက်ပိုင်းတွင် ဆရာကြီး မကျန်းမမာဖြစ်လာပြန်သည်။ သူ၏ တပည့်ရင်းဖြစ်ခဲ့၍ နောင်အခါတွင် ရဟန်းဘဝသို့ရောက်လာသော ဆရာတော် ဦးဝဏ္ဏသာမိအား ဆရာကြီးက သူသည် သူသည် ဒိဝေဒနာဖြင့် သေလိမ့်မည်ဟု ကြိုတင် လျှောက်ထားခဲ့သည်။ အချိန်ကား သာသနာ ၂၅၀၀ ပြည့်ရန် (၃) လသာ လိုတော့သည်။ ဆရာကြီးက အေဝမ်းမှာ ဓာတ်ပုံရိုက်ခဲ့သည်။ ရဟန်းခံ၊ ရှင်ပြုဆွမ်းကြီးလောင်းပွဲများ ပြုလုပ်သည်။ တည်ထားဆဲဘုရားများအား ထီးတင်သည်။ ကမာဆစ်တွင် နေဝင်ထီးတင်ပြီး သဲပုံစေတီတည်ခဲ့သည်။ ထိုအချိန်တွင် ဆရာကြီးအသက်မှာ (၆၅) နှစ်မျှသာရှိသေး၏။ ဆရာကြီးသည် ရန်ကုန်တိုင်းဒေသကြီးတွင် ဘုရားများထီးတင်ပြီးနောက် ပုသိမ်၊ မော်ကျွန်းမှတစ်ဆင့် ခရီးရှည်ထွက်မည်။ ပြန်ရက်ကို မသတ်မှတ်ချေ။ ထိုသို့ ခရီးထွက်ရင်းဖြင့် ဗုဒ္ဓယတြာကို ဆောင်ရွက်ရန် ဆုံးဖြတ်သည်။ ခရီးထွက်သည့်အခါ တပည့်များက တားမရ။ ဆရာကြီး နောက်သို့ တောက်လျှောက်ကပ်လိုက်သည်။ ဆရာကြီးအား ရန်ကုန်သို့ပြန်ရန် အတန်တန်တောင်းပန်သည်။ နောက်ဆုံးတွင် အခြေအနေ(?) အဓိဋ္ဌာန်ခရီးစဉ်ကိုဖျက်၍ တပည့်များ၏ ဆန္ဒအတိုင်း ရန်ကုန်ကို ပြန်လာခဲ့သည်။ ရန်ကုန်ပြန်ရောက်ပြီး မကြာမီ ရောဂါအခြေအနေပိုဆိုးလာတော့သည်။ ဆရာကြီးသည် ယတြာကောင်းလျှင် နောက်ထပ် (၁၀) နှစ် အသက် (၇၅) နှစ်အထိနေရဦးမည်ဟု မျှော်လင့်ထားသော်လည်း ထိုသို့ဖြစ်မလာခဲ့ချေ။

မြန်မာနှစ် ၁၃၁၇ ခုနှစ်၊ ဝါဆိုလတွင် ဆရာကြီး ဦးအောင်ချမ်းသာသည် သူချစ်မြတ်နိုးသော သာသနာပြုလုပ်ငန်းများနှင့် သံယောဇဉ်ကြီးမားခဲ့သော တပည့်သားမြေးအပေါင်းတို့ကို စွန့်ခွာ၍ အတွင်းစခန်းသို့ မြန်းခဲ့ရှာပြီတည်း။

ရန်ကုန်မြို့တွင် ဆရာကြီး ဦးအောင်ချမ်းသာတည်ခဲ့သော စေတီအချို့တွင် ဆရာတော်သံယာတော်များက ဆေးဝါးဒါနပြုနေသည်ကို တွေ့ရပေသည်။ ဆရာကြီး ဦးအောင်ချမ်းသာ၏ အုတ်ဂူပေါ်တွင် အဘ ဦးမိုးဟိန်းက ၁၃၁၇ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့တွင် ဂူသွင်းမြှုပ်နှံသည်ဟု စာတန်းရေးထိုးထားသည်။

*(ဤဆောင်းပါးဖြင့် ဆရာကြီး ဦးအောင်ချမ်းသာနှင့်အဖေဦးရန်အောင်တို့ကို ဦးခိုက်ပူဇော်)*

တင်အောင် (စက်မှုတက္ကသိုလ်)

**ကျေးဇူးမှတ်တမ်း** -

၁။ ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ဆရာကြီး ဦးအောင်ချမ်းသာ၏ ဘဝဖြစ်စဉ်တို့ကို ပြောကြားခဲ့သော ဦးဘဆွေ (ရွှေနေချုပ်ငြိမ်း)နှင့် ဇနီး ဒေါ်... ကြီးတို့အား လည်းကောင်း၊

၂။ ဆရာမောင်ပန်းမွှေး (ယခင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန မြန်မာစာဆရာ) အား လည်းကောင်း၊

၃။ အေးမြသန္တာ(အဖေကြီးဦးအောင်ချမ်းသာ၏ကျင့်စဉ်နှင့်ဘဝခရီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် -၁၀၀) ၁၉၉၅ ခုနှစ်၊ ဩဂုတ်... စာ-၅၀ ၅၁၊ ၅၂၊ ၅၃) တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ပါ...



www.burmeseclassic.com

www.burmeseclassic.com

# ရောမြေ-ကျော်ဝေ

## ဒေါ်နန္ဒနှင့်ကောင်းကင်ယံကလှည်းယဉ်သံ



စာရေးသူသည် သူရဇ္ဇမဂ္ဂဇင်း
(၁၃) နှစ်ပြည့် အထူးထုတ်တွင်
ဦးမောင်မောင်သန်း (ရင်ကိုအေးမြ
သား) ရေးသားသော ၁၇-၄-၂၀၁၃
၆-၄-၂၀၁၄ အထိ ခုနစ်ရက်သား
များအတွက် ဆောင်ရန်၊ ရှောင်ရန်
အစီရင်များ' အလေ့းလက်ဆောင်
အုပ်ကို စိတ်ပါဝင်စားစွာဖြင့် ဖတ်ရှု
လေရာ တနင်္လာသားသမီးများအသက်
(၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆)



သူရဇ္ဇမဂ္ဂဇင်း
၂၀၁၄ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

နှစ်များအတွက် ဟောဆိုထားရာတွင် စာရေးသူက တနင်္လာသားဖြစ်သည့်အတွက် အသက် (၆၀) အရွယ်လည်း ဖြစ်သဖြင့် လုပ်ငန်းခွင်မှ ပင်စင်ပင်ရရှိနေပြီ ဖြစ်ပါသည်။ ဆရာဦးမောင်မောင်သန်းက 'တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပြီး အကြံအစည်ပြုပါ' ဆိုသဖြင့် ဇနီးက တနင်္ဂနွေသမီးဖြစ်သလို နာမည်ကလည်း တနင်္ဂနွေနာမည်ရှင် ဖြစ်ပါသည်။ သားကြီးက ဗုဒ္ဓဟူးသား ဖြစ်သလို နာမည်ကလည်း ဗုဒ္ဓဟူးနာမည်ရှင် ဖြစ်ပါသည်။ ပထမအကျိုးပေးနှင့် ဒုတိယအကျိုးပေးက မှန်ကန်သည်မှာ ဆရာဦးမောင်မောင်သန်း ဟောထားသည့်အတိုင်းပင် ဖြစ်ပါသည်။ စာရေးသူတို့ အသက်အရွယ်ပိုင်းသည် ဂါထာမန္တန်များရွတ်ဖတ်ပြီး ပုတီးအမြဲစိပ်ရပါသည်။ လှူဒါန်းပေးကမ်းခြင်းများလည်း တတ်နိုင်သရွေ့ ပြုလုပ်ပေးပါသည်။

ဆရာဦးမောင်မောင်သန်း၏ဟောစာတမ်းအရ သီလရှင်ဆရာကြီးများကို လိုအပ်တဲ့ ဆေးဒါနပြုလှူဒါန်းပါ ဆိုသောကြောင့် စာရေးသူနှင့်ဇနီးတို့သည် တနင်္ဂနွေနေ့မနက် (၇) နာရီအချိန်တွင် ဆရာကြီးဒေါ်နန္ဒကျောင်းသို့ ဆေးဝါးများနှင့် ဝတ္ထုငွေများကို သွားရောက်လှူဒါန်းခဲ့ပါသည်။ထိုသို့လှူဒါန်းရာတွင် သီလရှင်ဆရာကြီးဒေါ်နန္ဒက အသက် (၉၀)အရွယ်ပင်ရှိသော်လည်း သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ဖြင့် စာရေးသူတို့ ဇနီးမောင်နှံကို ဆုများမမောမပန်းပေးသဖြင့် စာရေးသူတို့ ဇနီးမောင်နှံကလည်း ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

ဆရာကြီးဒေါ်နန္ဒက စာရေးသူကို သေချာစွာကြည့်ပြီး -

"ဒကာကြီး၊ မဂ္ဂဇင်းတွေမှာ စာတွေရေးသေးလား"

ဟု မေးပါသည်။

စာရေးသူကလည်း-

"တပည့်တော် ရေးပါတယ် ဆရာကြီး"

ဟု ဆိုသောအခါ -

"အေးအေး-စာရေးတဲ့အလုပ်ဆိုတာ စိတ်ငြိမ်တယ်ကွယ့်။ တစ်နည်းပြောရရင် အကုသိုလ်မများဘူး။ ဘာသာရေးနဲ့ယှဉ်ပြီးရေးတတ်ရင် ကုသိုလ်တောင်ရသေး။ ဖတ်တဲ့သူလည်း အကျိုးရှိ၊ ရေးတဲ့သူလည်း အကျိုးရှိဆိုတော့ တရားထိုင်သလိုပဲပေါ့ကွယ်။ ဒကာကြီးကို ဆရာကြီးအိပ်မက်အကြောင်း ပြောပြဦးမယ်။ ကြုံကြိုက်တုန်းမို့ ပြောရတာပါ။ စာရေးလို့ အဆင်ပြေမယ်ဆိုရင်လည်း ရေးပေါ့"

ဟု ဆိုပြီး သီလရှင်ဆရာကြီး ဒေါ်နန္ဒက သူ၏အိပ်မက်အကြောင်းကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

■

ဒေါ်နန္ဒသည် မိုးကုတ်ဝိပဿနာ တရားပွဲများကို သွားရောက် နာကြားသလို တရားစခန်းများတွင်လည်း အပတ်စဉ်မပျက် တရားထိုင်ပါသည်။ တစ်နေ့တွင် သူ၏ကျောင်း၌ ည(၇)နာရီမှ (၉) နာရီအထိ (၂) နာရီကြာ တရားထိုင်ပြီး ပဋ္ဌာန်း-၂၄ပစ္စည်းကို ရွတ်ပွားပြီးမှ (၁၀) နာရီအချိန်မှ အိပ်ပါသည်။ သူ၏ နေ့စဉ် ဝတ္တရားမပျက် တာဝန်ကျေ အလုပ်တစ်ခုပါ။ သူမွေးနေ့ စနေနေ့၏ ညတစ်ညတွင် အိပ်ရာသို့ဝင်ပြီး မေတ္တာသုတ်ကို ရွတ်ပွားနေစဉ် မျက်စိများလေးလံလာပြီး အိပ်ပျော်သွားခဲ့ပါသည်။ အိပ်ပျော်နေစဉ် ခဏအကြာတွင် ကိုယ်ရောင်ကိုယ်ဝါတောက်ပသော ဦးခေါင်းအချွန်အတက် ဦးထုပ်ဆောင်း လူ (၄) ဦးက ဒေါ်နန္ဒကို အတင်းနှိုးပါ သည်။

"ဒေါ်နန္ဒ၊ ဒေါ်နန္ဒ ထပါဦး။ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါဦး"

ဟု ဆိုသောအခါ ဒေါ်နန္ဒက -

"မင်းတို့က ငါ့ကိုဘယ်ခေါ်သွားကြမှာလဲ။ ကောင်းကင်ယံကလည်း လှည်းယဉ်ကြော့သံတွေ ကြားနေရပါလားကွယ့်။ နွားလေးတွေကလည်း နွားဖြူနက်ကျားလေတွေ။ လှည်းတွေကလည်း ကကြိုးစုံလင်စွာနဲ့ လှမှလှပါပဲ"

ဟု ဒေါ်နန္ဒက ဆိုသောအခါ ထိုလူ (၄) ယောက်က စိတ်မရှည်စွာဖြင့်-

"ဒေါ်နန္ဒ၊ ကျွန်တော်တို့ အချိန်မပေးနိုင်ပါဘူး။ ဟောဟိုမှာရပ်ထားတဲ့ မြင်းလှည်းပေါ်ကို တက်ပါ"

ဒေါ်နန္ဒက -

"ဟဲ့ - နေကြပါဦး၊ ငါဘုရားသောက်တော်ရေ မကပ်ရသေးဘူး။ မျက်နှာလည်းမသစ်ရသေးဘူး။ မနက်ကို ဘုရားပန်းတွေလည်း လှူရဦးမယ်။ ငါ မလိုက်လို့ မရဘူးလား"

"ဩော်- ခက်ပါဘိဗျာ။ ခင်ဗျားကို ပြန်ပို့ပေးမှာပါ။ နောက် ခင်ဗျားနေရမယ့်နေရာကိုပြမလို့ပါ။ မြင်းလှည်းပေါ်ကို တက်ပါ"

ထိုလူ(၄)ယောက်က ဒေါ်နန္ဒကို အတင်းဆွဲပြီး မြင်းလှည်းပေါ်ကို တင်တော့မှ ဒေါ်နန္ဒလည်း မရုန်းသာတော့ဘဲ လိုက်သွားခဲ့ရလေတော့သည်။ ဒေါ်နန္ဒသည် ထိုလူ (၄) ယောက် အခြံအရံဖြင့်မောင်းသော မြင်းလှည်းကိုစီးရသည်မှာ အသည်းတအေးအေးဖြင့် နိမ့်ချည်မြင့်ချည်ပျံသန်းနေသော လေယာဉ်ပျံကိုစီးနေရသည့်အလားသဏ္ဌာန်ပင်။ တောင်တွေကျော်တောတွေဖြတ်ပြီးသွားခဲ့ရသည်မှာ မပင်ပန်းသော်လည်း လှည်းယဉ်ကြော့ (၃) စီးကို ကျော်ဖြတ်ပြီးမှ အနီရောင်အဆင်းရှိသော ဖန်အိမ်ကြီးတစ်လုံးထဲသို့ မြင်းရထားဖြင့် ပို့ပေးပြီး-

"ဒီထဲမှာခဏနေဦး။ ပျင်းရင် ဘေးနားကဖန်အိမ်တွေကို လှည့်ပတ်ကြည့်"

လို့ လူ (၄) ယောက်က ပြောပြီး မြင်းရထားဖြင့် ထွက်ခွာသွားကြသည်။

အနီရောင်ဖန်အိမ်ကြီးက ကျယ်ဝန်းပြီး အလင်းရောင်တွေက တောက်ပပေမယ့် ပုဝင်းစရာကောင်းလှသည်။ ဒေါ်နန္ဒ၏ဘေးပတ်ဝန်းကျင်က ဖန်အိမ်အစိမ်းရောင်နှင့် ဖန်အိမ်အပြာရောင်က ပိုပြီးကြီးသလို သူတစ်ယောက်မှလည်း မရှိ။ နတ်ပြည်ဆိုတာ ဒါများလား။ ဒါမှမဟုတ် မင်္ဂတုံဗိမာန်များလားဟု စိတ်ထဲမှာ မရေမရာ မသေချာတဲ့အတွေးတွေနှင့်။ ပတ်ဝန်းကျင်ကတော့ သာယာလှပနေသည်။။

'မဖြစ်သေးပါဘူးလေ။ ငါဖန်အိမ်အနီထဲပြန်နေမှ၊ သူတို့လာခေါ်ရင် ငါပြန်ရမှာ'

ဟု စိတ်ထဲကတွေးပြီး စကားပြောမည့်သူမရှိသဖြင့် ဆိတ်ဆိတ်ပဲနေလေတော့သည်၊

ကတိတည်သောလူ(၄)ယောက်က မြင်းရထားဖြင့် ပြန်လာပြီး -

"ဒေါ်နန္ဒ၊ ဘယ်လိုလဲ ဒီပတ္တမြားအိမ်ကြီးထဲမှာ နေရတာ အဆင်ပြေရဲ့လား"

ဟု မေးသောအခါ ဒေါ်နန္ဒက -

"အားလုံးတော့ ပြောစရာမရှိပါဘူး။ ဒါပေမယ့် ပျင်းဖို့အလွန်ကောင်းတယ်ကွယ့်။ အိမ်နားနီးတွေကလည်း တစ်ဦးတစ်ယောက်မှမရှိတော့ စကားပြောချင်တဲ့ ငါ့အတွက် အခက်တွေ့နေတာပေါ့ကွယ်။ ငါ့ကို မင်းတို့ ပြန်ပို့ကြဦးလေ။ ဒီမှာ ငါမနေချင်သေးဘူး"

"ဒီနေရာတွေက ဒေါ်နန္ဒတို့လို ဘုရား၊ တရားမြဲတဲ့သူတွေအတွက် သီးသန့်နေရာတွေပါ။ လူတိုင်းလည်းနေ

www.burmeseclassic.com

ို့ မရပါဘူး။ ဒေါ်နန္ဒအတွက် ကြိုတင်ရာပြထားပေးတာပါ။ တဲတဲ -လူ့ပြည်ို့ ပြန်ပို့ပေးမယ် မြန်မြန်တက်"

ဟု ထိုလူ (၄) ယောက် ဆိုသောခါ ဒေါ်နန္ဒသည် မြင်းရထားပေါ်သို့ တက်ပြီး ထိုင်လိုက်သည်နှင့် အိပ်မက်မှ နိုးလာတော့သည်။ နာရီကိုကြည့်လိုက်သောအခါ နံနက် (၄) နာရီတိတိအချိန်င် ဖြစ်နေပေပြီ။ ဒီအချိန်သည် ဒေါ်နန္ဒနေ့စဉ်ထပြီး ဘုရားဝတ်ပြု ရေကပ်ပြီးချမ်းချက်သောအချိန် ဖြစ်သည်။

ညကမြင်မက်ခဲ့သောအိပ်မက်ကို နောက်နေ့တွင် ဒေါ်နန္ဒ တွေးတောရင်း -

'လူတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတာက နတ်ပြည် (၆) ထပ်ဟာပျော်စရာအလွန်ကောင်းဆိုပဲ။ ငါရောက်နေရာက ဘယ်လိုဟာပါလိမ့်။ နိဗ္ဗာန်ဆိုတာ ခန္ဓာ မရှိတာ။ ငါအိပ်မက်ထဲမှာရောက်သွားတာက ငါ့ခန္ဓာနဲ့၊ သူတို့တစ်တွေမှာလည်း ခန္ဓာကိုယ်တွေနဲ့ပဲ။ ဒါပေမယ့် သူတို့လိုဘယ်ဖြစ်ပါ့မလဲ။ ငါသေသွားခဲ့ရင်လည်း တစ်မျိုးပေါ့။ ငါမှ မသေသေးတာ။ ငါလုပ်ရမယ့်ဝိပဿနာတရားကို ဆက်လုပ်ရမှာပဲ။ ငါ့ကို နတ်ပြည်ဆိုတဲ့ နိမိတ်တွေပြတာပဲ ဖြစ်ရမယ်။ ငါချင်တာက နိဗ္ဗာန်။ နတ်ပြည်ဆိုတာသံသရာလည်ဦးမှာ။ သံသရာလည်သရွေ့ ငါခံရဦးမှာ။ ငါလည်း အသက်ကြီးပြီ။ နိဗ္ဗာန်ရောက်အောင် ငါကြိုးစားရမယ်။

မိုးကုတ်ဆရာတော်ကြီး တရားအိပ်ခွေထဲမှာ ဟောတဲ့ -

"ဒကာ၊ ဒကာမတို့ နတ်ပြည်မှာ အိဘေး၊ နာဘေး၊ သေဘေးတွေလည်း မရှိပါလျက်သားနဲ့ နတ်ပြည်ကို သွားချင်ကြတဲ့ပုဂ္ဂိုလ်တွေက အကန်းလမ်းသွားသလို ဖြစ်နေဘူးလား" -

"အကန်းလမ်းသွားတာပါဘုရား"

"ဒါဖြင့် ဗြဟ္မာ့ပြည်သွားလိုက်ပါဦးမယ်ဆိုပြီး သွားတာကကော ဘာသွားတာတုံး"

"အကန်းလမ်းသွားတာပါဘုရား"

"ခန္ဓာရနေသရွေ့ကတော့ အကန်းလမ်းလျှောက်နေတာပါပဲ။ တိရစ္ဆာန်ဘဝကြွက်လေးဖြစ်ပြန်တော့လည်း ကြောင်ပါးစပ်ထဲမှာ လမ်းဆုံးကြရတယ်။ လူဖြစ်ပြန်တော့လည်း လူ့ဘဝ အို၊ နာ၊ သေနဲ့ လမ်းဆုံးကြရမယ်။ လူခန္ဓာ၊ နတ်ခန္ဓာ ဘယ်ခန္ဓာမှမကောင်းဘူး။ အဲဒီတော့ ဒကာ၊ ဒကာမတွေ အသေမလွတ်တဲ့



ဒီခန္ဓာကြီးကို လိုချင်ကြသေးလား။ ခန္ဓာရသူတိုင်းက အကန်းလမ်းလျှောက်နေရတယ်လို့ မှတ်ပါ။ ရှင်းပါပြီလား"

"ရှင်းပါတယ်ဘုရား"

"သစ္စာဉာဏ်၊ ကိစ္စဉာဏ်ကို သိအောင် ဟောရတာက အင်မတန်မှ ခက်ခဲပါတယ်။ အကန်းတာရှည်ကြီးကို ဆေးကုရတဲ့အလုပ်ဆိုတော့ မခက်ဘူးလား၊ ခက်လား"

"ခက်ပါတယ် ဘုရား"

"ဝေဒနာကိုဘယ်သူကလုပ်"

"ဖဿကလုပ်ပါတယ်ဘုရား"

"ကံကိုဘယ်သူကလုပ်"

"ဥပါဒါန်ကလုပ်ပါတယ်ဘုရား"

"ဥပါဒါန်ကိုကော ဘယ်သူက လုပ်"

"တဏှာကလုပ်ပါတယ်ဘုရား"

"တဏှာကိုကောဘယ်သူကလုပ်"

"ဝေဒနာကလုပ်ပါတယ်ဘုရား"

"ဖဿကိုကော"

"မြင်စိတ်ကလုပ်ပါတယ်ဘုရား"

"ကောင်းပြီ။ တို့ ဒကာ၊ ဒကာမတွေ 'စက္ခုံ၊ ပဋိစ္စရူပေစ၊ ဥပဇ္ဇတိ၊ စက္ခုဝိညာဏံ' ဆိုတော့ မရှင်းပေဘူးလား"

"ရှင်းပါပြီဘုရား"

"သဘောကျပလား"

"ကျပါပြီဘုရား"

"ကိစ္စဉာဏ်ရလို့ ရှုမှတ်ရင်းနဲ့ ကတဉာဏ်ရသွားရင် နိဗ္ဗာန်ရသွားတာပါပဲ"

"နိဗ္ဗာန်ဆိုတာ ဖောက်ပြန်ဖျက်စီးမှု မရှိတာ (အပရိဏာမ) လို့ခေါ်တယ်။ ရုပ်၊ နာမ်က ဖောက်ပြန်ဖျက်စီးမှုရှိတယ်။ ကတဉာဏ် ဆိုတဲ့ သောဘာပန်တည်ပြီး တို့ဒကာ၊ ဒကာမတွေက ဖောက်ပြန်ဖျက်စီးမှုမရှိတော့ဘူး။ ကြည့်စရာတုန်ပြီ ဆိုရင်တော့ မြင်တွေ့နေရတာက နိဗ္ဗာန်ပါပဲ"

ဒေါ်နန္ဒတစ်ယောက် ဆရာတော်ကြီး၏ တရားတော်ကို ပြန်လည်ကြားယောင်မိသည့်အကြောင်းကို စာရေးသူကို သူ၏ဖြစ်ရပ်ဆန်းအိပ်မက်နှင့် ပူးတွဲ၍ ပြောပြခဲ့ပါသည်။ စာရေးသူကလည်း ဆောင်းပါးဝတ္ထုတိုများရေးရန်အတွက် အချက်အလက်များရခဲ့သလို ဒေါ်နန္ဒ၏ တရားများကိုလည်း ကြားနာခဲ့ရပါသည်။ တရားအလုပ်လုပ်သောသူအတွက် တရားတပင် ဦးဆောင်ထမ်းရွက် ကောင်းမွန်ရာသို့သာလျှင် ညွှန်ပြပေးခဲ့သည်မှာ ဒေါ်နန္ဒ၏ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ဒေါ်နန္ဒ၏ ထိုအိပ်မက်ကို စာရေးသူ ပြန်လည်၍စဉ်းစားတွေးကြည့်မိပါသည်။ နတ်ပြည် ဆိုတာ နတ်သား၊ နတ်သမီးတွေ အများအပြားရှိကြသည်။ ပျော်စရာအလွန်ပင်ကောင်းလှသည်ဟု စာပေကျမ်းဂန်တွေထဲတွင် ဖတ်သားခဲ့ရပါသည်။ လာခေါ်တုန်းကတော့ နတ်သား (၄) ယောက်၊ ဒေါ်နန္ဒကို ပို့တော့ လူသူမရှိတဲ့ အနီရောင်ပန်းအိမ်ကြီးထဲ။ အလင်းဓာတ်က တောက်ပဆဲ။ မဟုတ်မှလွဲရော ဗြဟ္မာ့ပြည်များဖြစ်လေမလားရယ်လို့ ထင်မှတ်မိပါသည်။

ဒေါ်နန္ဒ၏ အပြောကတော့ ကောင်းကင်ယံမှ လှည်းယဉ်တြော့သံလေးတွေ နားထဲမှာကြားရတာ အလွန်မှ နားဝင်ချိုပြီး နွားကလေးတွေကလည်း လှလှပပနှင့် ချစ်စရာအလွန်ကောင်းဆိုပဲ။ လမ်းမှာသွားရင်းနှင့် ကျော်သွားခဲ့ရတယ်ဆိုတော့ နတ်ပြည်ကိုကျော်ပြီး ဗြဟ္မာ့ပြည်ကိုများ ပို့လေရော့သလား။ တရားထိုင်စဉ်က မဂ်ဉာဏ်ခါပေါ်ဖူးသည်ဟု ဒေါ်နန္ဒက ဆရာတော်ထံမှာ တရားအစစ်ခံရင်း ပြောပြခဲ့ဖူးပါသည်။ အကုသိုလ်ကင်းရှင်းသူ၊ ဘုရားအလုပ်များများလုပ်သူတို့အဖို့ 'ကျွဲကူးရေပါ' ဆိုသကဲ့သို့ တရားတပင် ဦးဆောင်၍ သွားပါလိမ့်မည်။ ဤသည်ကား ဒေါ်နန္ဒ၏ ဖြစ်ရပ်မှန်အိပ်မက်ပင် ဖြစ်ပါလေတော့သည်။

ရောမြေ-ကျော်ဝေ

www.burmeseclassic.com



■ ဗုဒ္ဓကမ္မဋ္ဌာန်းနှင့်တန်ခိုးအစွမ်း ■

ရဟန်းတော် အရှင်ဝိဓေတ တရားအားထုတ်ခါစတမူ လောကလွန်ဖြစ်ရပ်များနှင့် စိတ်တန်ခိုးအစွမ်းများကို လွန်စွာအားကျ၏။ ရိပ်သာများမှာ တရားအားထုတ်စဉ်ကလည်း ဈာန်အဘိညာဉ်တန်ခိုးအမျိုးမျိုးကိုရချင်၏။ အထင်ကြီး၏။ အထူးလိုချင်တောင့်တခဲ့သည်။

ဒါကလည်း သေချာလေ့လာကြည့်တော့ ကိုယ်တစ်ဦးတည်း ရချင်၊ လိုချင်ခံနေခြင်းမဟုတ်မှန်း တွေ့ရလေသည်။ အများအားဖြင့် ပုထုဇဉ်တို့သဘာဝမှာ ထူးဆန်းအံ့ဖွယ်ပြကွက်၊ အံ့ဖွယ်တန်ခိုးအစွမ်း၊ အာဏာအရှိန်အဝါများကို အားကျအထင်ကြီးတာ သဘာဝပင် ဖြစ်၏။

ဝိပဿနာအားထုတ်၍ အရောင်အလင်းလေးများ ရံဖန်ရံခါတွေ့လာရခြင်းကိုပင် အလွန်သာယာနှစ်သက်နေတတ်သည်။ ထိုအရောင်အလင်းကို အသုံးပြုပြီး အာရုံကို ခံစားချင်စိတ်၊ လွှမ်းမိုးလိုစိတ်များကြောင့် တန်ခိုးပါဝါကို အလွန် ခုံမင်မြတ်နိုး လိုချင်လာ၏။ တန်ခိုးပါဝါအဖြာဖြာကို လက်တွေ့ပြပြီး လူတွေကို စည်းရုံးဆွဲဆောင်ချင်စိတ်၊ မိမိကို အထင်ကြီးစေလိုသောစိတ်များ ဖြစ်ပေါ်လာသည်။ မိမိ၏တန်ခိုးအစွမ်းကိုပြ၍ အယူဝါဒစွဲများကိုနှိမ်နင်းပြီး အတိုက်အခံပြုနေသူများကို ဖယ်ရှားပစ်ချင်သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်သရက်ဖြူပင်ရင်းမှာ မိစ္ဆာဒိဋ္ဌိတို့ကို တန်ခိုးပြဋ္ဌာဟာတို့ ပြသပြီး နှိမ်နင်းခဲ့သလိုမျိုး ယခုခေတ်မှာလည်း ပြသချင်၏။အရှင်ပိဏ္ဍောလမထေရ်လို ကျောက်ဖျာကြီးကို ခြေဖျားနှင့်မ,ယူပြီး ရာဇဂြိုဟ်မြို့ပေါ် ဝဲပျံလိုက်သလို ပျံပြလိုက်ချင်သည်။

သို့သော် မြတ်စွာဘုရားရှင်ကမူ ရဟန်းတော်များတန်ခိုးပြသခြင်းကို နှစ်သက်တော်မမူပေ။ နောက်ဆုံး မလွှဲသာ၍ တန်ခိုးပြရတော့မည်ဆိုပါကလည်း မေတ္တာနှင့်ယှဉ်သောတန်ခိုးမျိုးကိုသာ ပြသခွင့်ပြုတော်မူသည်။ အယူလွဲနေသူ ဒေါသထွက်နေသူတို့ကို တရားရေအေး မေတ္တာဆေးတော်ဖြင့်သာ ဆုံးမပြီး ငြိမ်းအေးစေလိုသည်။

မြတ်စွာဘုရားရှင်က တန်ခိုးပြသခြင်းကို အားပေးတော်မမူသော်လည်း တန်ခိုးနှင့် ပတ်သက်ပြီး ပွားများအားထုတ်ရမည့် နည်းလမ်းအသွယ်သွယ်ကို အသေးစိတ်ဟောတော်မူခဲ့၏။ သို့သော် ပုထုဇဉ်ရဟန်းတို့အတွက်မူ ရရှိထားသောတန်ခိုးမှာ ပက်လက်အိပ်တတ်ခါစကလေးငယ်ကဲ့သို့ စပါးကောက်ပင်ငယ်လေးများကဲ့သို့ မပျက်စီးအောင် စောင့်ရှောက်ဖို့ အလွန်ခက်ခဲပြီး အနည်းငယ်မျှသော အနှောင့်အယှက်ကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com

…က်စီးလွယ်ကြောင်း ‘ဝိသုဒ္ဓိမဂ်’မှာ ဖွင့်ပြ…ား၏။

ဥပမာအားဖြင့် ပုထုဇဉ်ဘဝနှင့် …တန်ခိုးအမျိုးမျိုးရပြီး မြတ်စွာဘုရား…ကို အန်တုလုပ်ကြံသတ်ဖြတ်ရဲသည့် …င်ဒေဝဒတ်နှင့် မိဖုရားခေါင်ကြီးကို …ဘင် ဖောက်ပြန်ရခဲ့သည့် ဝိဇ္ဇာမိုရ်…ယောက်ျားတစ်ယောက်၏ တန်ခိုးများ …အန္တရာယ်ကြီးလှကြောင်း သိသာနိုင်ပေသည်။

တန်ခိုးနှင့် ပတ်သက်၍ လိုချင်စဖွယ် မက်လုံးအမျိုးမျိုးကိုဆောင်နေသော်လည်း တန်ခိုးရရှိအောင် လေ့ကျင့်နိုင်စွမ်းရှိဖို့ အင်မတန်ခက်ခဲ၏။ ဆရာတော်ကြီးတစ်ပါးကမူ တန်ခိုးဆိုတာ မရှိတာကို အရှိဖြစ်အောင်လုပ်ယူရခြင်းမျိုး ဖြစ်သည့်အတွက် အရှိတရားကိုလေ့လာသုံးသပ်ရသော ဝိပဿနာဉာဏ်ထက် ပင်ခက်သေး၏ဟု သူ့အမြင်ကို မိန့်ဆိုဖူးသည်။

အရှင်ဝိဇေကလည်း တန်ခိုးကို အသုံးချ၍ အစွမ်းအစပြလိုက်ချင်သော်လည်း တန်ခိုးရဖို့ မည်မျှခက်ခက်ခဲခဲ ကျင့်ရမည်ဖြစ်ကြောင်း သိရှိပါ၏။ ကိုယ်တိုင်လည်း လက်တွေ့ အားထုတ်ခဲ့ဖူးပါ၏။ သမထအာရုံမှာ သမာဓိဖြစ်ဖို့ရာပင် အလွန်ခက်ခက်ခဲခဲဖွဲ့နပဲဖြင့်ကျင့်ရသည် ဖြစ်ရာ ထိုဈာန်သမာဓိကိုမှီပြီးမှ တန်ခိုးအဘိညာဉ်ကို အသုံးချနိုင်မည်ဖြစ်ရာ ပါရမီဓာတ်ခံမကောင်းပါက မဖြစ်နိုင်ကြောင်း ထင်ရှား၏။

သို့သော် ဝိပဿနာတရားအားထုတ်ရာမှာလည်း ဈာန်အင်္ဂါများဖြစ်ပေါ်တတ်ရာ ဝိပဿနာသမာဓိနှင့်



(မြောင်)

# ထုံးတောင်-အရှင်ဝမ္မပီယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း -၁၂

လောကီတန်ခိုးတွေရဖို့ အားထုတ်ရသော ဈာန်သမာဓိတို့ ရောထွေးနေတတ်သည်။ အချို့မှာ ဝိပဿနာအားထုတ်ရာမှ သမထဖြစ်နေတတ်၏။ ဝိပဿနာက ခန္ဓာကိုယ်ဆင်ခြင်သုံးသပ်ရှုပွားရာမှ သမာဓိဖြစ်၏။ သမထကမူ တစ်ခုနေရာတည်းကို စူးစူးစိုက်စိုက် အာရုံကပ်ရှုပွားမှ သမာဓိဖြစ်၏။ သမထအားထုတ်ရာမှ ဖြစ်လာသော ဈာန်သမာဓိနှင့် ဝိပဿနာတရားအားထုတ်ရာမှဖြစ်ပေါ်လာသော ဈာန်သမာဓိတို့ကို ခြားနားစွာ မှတ်သားသင့်၏။

**■ ဈာန်နှစ်မျိုး ■**

ပညတ်အာရုံတစ်ခုခုကို စူးစိုက်ရှုမှတ်ပြီး ဖြစ်ပေါ်လာသော ဈာန်သမာဓိ

www.burmeseclassic.com

www.burmeseclassic.com

ကို ရူပါဝစရစျာန်ဟု ခေါ်၏။ ရူပါဝစရစျာန်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟု စျာန်အင်္ဂါငါးပါးရှိသည်။ ဝိပဿနာတရားအားထုတ်ရာမှာလည်း လောကုတ္တရာစျာန်ကို ရနိုင်ပြီး ထိုအင်္ဂါငါးပါး ရရှိနိုင်၏။

-ရူပါဝစရစျာန်မှာ ကသိုဏ်း၊ ပညတ် စသောအာရုံများကို စူးစိုက်ရှုပွားရသည့်အတွက် အာရမ္မဏစျာန်ဟု ခေါ်၏။

လောကုတ္တရာစျာန်ကမူ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာများနှင့် နိဗ္ဗာန်၏ တထလက္ခဏာ (မှန်ကန်တဲ့ လက္ခဏာ) များကို စူးစိုက်ရှုမှတ်ရသောကြောင့် လက္ခဏာစျာန်ဟု ခေါ်သည်။

ရူပါဝစရစျာန်ရအောင်အားထုတ်ရာ၌ မိမိရှုမှတ်နေသော ပထဝီကသိုဏ်း စသော ကသိုဏ်းအာရုံတို့အပေါ်မှာ ရှုမှတ်စိတ်လေးရောက်အောင် ပို့ဆောင်ပေးသောသဘော (တခြားကို စိတ်သွားလျှင်လည်း ပြန်တည့်မတ်ပြီး မိမိရှုပွားရာ ကသိုဏ်းအာရုံပေါ် ရောက်အောင် ပြန်တင်ပေးသောသဘော) ကို ဝိတက်ဟု ခေါ်၏။

မိမိရှုပွားနေသောကသိုဏ်းအာရုံမှာ စူးစိုက်စွာသုံးသပ်နေခြင်းသဘောကို ဝိစာရဟု ခေါ်၏။

ထိုရှုပွားနေသော အာရုံပေါ်၌ ကျေနပ် နှစ်သက်နေခြင်းသဘောကို ပီတိဟု ခေါ်၏။

ပီတိကြောင့် ချမ်းသာလာခြင်းကို သုခဟု ခေါ်သည်။

ထိုသို့ မိမိရှုပွားရာ ကသိုဏ်းအာရုံပေါ်မှာ သံမှိုနှက်ထားသလို စူးစိုက်တည်ကြည်ခိုင်မြဲစွာ ရှုမှတ်နေခြင်းကို ဧကဂ္ဂတာဟု ခေါ်လေသည်။

ထိုနည်းတူစွာ လောကုတ္တရာတရားအတွက် အားထုတ်လျှင်လည်း ဝိပဿနာအခိုက်၊ မဂ်အခိုက်မှာ ရုပ်၊ နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာပေါ်၌ ရှုမှတ်စိတ်ကလေးရောက်နေအောင် ပို့ဆောင်ပေးနေသောသဘော (တခြားကို စိတ်ထွက်သွားလျှင်လည်း သတိနှင့်လက္ခဏာရေးသုံးပါးအပေါ်မှာ စိတ်ကိုတင်ပေးသည့်သဘော) ကို ဝိတက်ဟု ခေါ်၏။

ထိုလက္ခဏာရေးသုံးပါးအပေါ်မှာသာ စူးစူးစိုက်စိုက်သုံးသပ်နေခြင်းကို ဝိစာရခေါ်၏။

လက္ခဏာရေးသုံးပါးရှုချက်အပေါ်မှာ ကျေနပ်နှစ်သက်နေခြင်းကို ပီတိခေါ်၏။ ပီတိကြောင့် ချမ်းသာနေခြင်း (တရားအားထုတ်၍ကောင်းနေခြင်း) ကို သုခခေါ်၏။လက္ခဏာရေးသုံးပါးအပေါ်မှာ စူးစိုက်စွာ တည်တံ့ခိုင်မြဲနေခြင်းသဘောကို ဧကဂ္ဂတာဟု ခေါ်သည်။

ဖိုလ်စိတ်၏ သဘောမှာ နိဗ္ဗာန်၏ သန္တိလက္ခဏာ(ငြိမ်းအေးခြင်းလက္ခဏာ) ကို ရှုမှတ်ခြင်း ဖြစ်၏။ ထိုနိဗ္ဗာန်၏ ငြိမ်းအေးခြင်းလက္ခဏာမှာ မည်သို့မျှပြောင်းလဲဖောက်ပြန်ခြင်းမရှိသောကြောင့် ဖါဠိလိုဆိုပါက မှန်ကန်သောလက္ခဏာ(တထလက္ခဏာ) ဟု ခေါ်သည်။ ဖိုလ်စိတ်ဖြစ်နေချိန်မှာ နိဗ္ဗာန်၏ တထလက္ခဏာကို စျာန်အင်္ဂါငါးပါးနှင့် စူးစူးစိုက်စိုက် ရှုမှတ်၏။

အချုပ်အားဖြင့် ဆိုရသော် လောကီစျာန်များမှာ ကသိုဏ်းအာရုံတို့ကို စူးစိုက်ရှုမှတ်ရသောကြောင့် အာရမ္မဏစျာန်ဖြစ်ပြီး လောကုတ္တရာစျာန်များမှာမူ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးနှင့် တထလက္ခဏာတို့ကိုသာ စူးစိုက်ရှုမှတ်ရသောကြောင့် လက္ခဏာစျာန်ဟု ခေါ်လေသည်။ စာလိုအပြည့်အစုံခေါ်ပါက အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန်ဟု လောကီစျာန်၊ လောကုတ္တရာစျာန် ခွဲခြားသိအပ်သည်။

**■ ဗုဒ္ဓသာသနာနှင့်တန်ခိုးအမျိုးမျိုး ■**

ဗုဒ္ဓမြတ်စွာသာသနာ၌ တန်ခိုးပြခြင်းအမျိုးမျိုးတို့ဖြင့် ရောထွေးယှက်တင်ရှိနေတတ်သော်လည်း သာသနာအရှည်တည်တံ့ရေးအတွက်မူ သိက္ခာသုံးပါးကို ရိုသေစွာကျင့်ခြင်း၊ ဓမ္မဝိနယနှင့်အညီ ပရိသတ်လေးပါးအား စောင့်ရှောက်ခြင်း၊ အချင်းချင်းကာကွယ်စောင့်ရှောက်ခြင်းတို့ဖြင့်သာ အမွန့်ရှည်ကြာ ရပ်တည်နိုင်မည် ဖြစ်၏။

မည်သို့ပင် ထူးဆန်းအံ့ဖွယ်တန်ခိုးအသွယ်သွယ်ကို ပြသနေသော်လည်း သိက္ခာသုံးပါး (သီလ၊ သမာဓိ၊ ပညာ) အပေါ်၌ ရိုသေစွာ ကျင့်ကြံအားထုတ်ခြင်းမပြုကြလျှင် သာသနာဆုတ်ယုတ်မည်သာ ဖြစ်၏။ တန်ခိုးပြခြင်းမှာ တစ်ဖက်မှကြည့်ပါက သာသနာအတွက် ဂုဏ်တက်သည်ဟု မှတ်ယူရသော်လည်း အခြားတစ်ဖက်မှကြည့်ပါမူ သိက္ခာသုံးပါးကို ရိုသေစွာကျင့်ကြံပြီး တန်ခိုးမပြနိုင်ကြသော ရဟန်းတော်များအတွက်မူ ဒကာ၊ ဒကာမအပေါင်းက ကြည်ညိုသဒ္ဓါတရား လျော့နည်းပြီး ကိုးကွယ်ဆည်းကပ်လှူဒါန်းပေးကမ်းခြင်းရှိတော့မည် မဟုတ်ပေ။ ထို့ပြင် ဘာသာရေးအသိညာဏ်အားနည်းသူများမှာ အတုအယောင်ဆောင်ပုဂ္ဂိုလ်များနှင့် အမှန်တကယ်ကျင့်ကြံအားထုတ်သော ရဟန်းတော်များကို မှန်ကန်စွာ ဝေဖန်ဆန်းစစ်နိုင်စွမ်းမရှိနိုင်သည့်အလျောက် အတုအယောင်ဆောင်ပုဂ္ဂိုလ်များ အခွင့်သာပြီး သာသနာအတွက် အကျိုးနည်းဖွယ်ရာသာရှိလေသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်က သိက္ခာသုံးပါးကို ရိုသေစွာ ကျင့်ဆဲပုဂ္ဂိုလ်များအား စောင့်ရှောက်နိုင်ရန်အကျိုးငှာ တန်ခိုးမပြရ။ ပြသသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု ဝိနည်းဥပဒေထား၍ တားမြစ်ခဲ့သည်။

သို့သော် သာသနာတော်၌ တရားဓမ္မကို ကျင့်ကြံပွားများအားထုတ်ကြသောပုဂ္ဂိုလ်များမှာ သမထ၊ ဝိပဿနာတည်းဟူသော စစ်မှန်သောကျင့်စဉ်များဖြင့် ဣဒ္ဓိဝိဓတန်ခိုးအမျိုးမျိုးကို ရရှိနိုင်ကြောင်း၊ ရရှိအောင်လည်း အားထုတ်သင့်ကြောင်း ဟောတော်မူသည်။

ဗုဒ္ဓမြတ်စွာသာသနာ၌ ပါဠိဝေါဟာရ ဣဒ္ဓိကို မြန်မာစကားဖြင့် တန်ခိုးဟု သုံးနှုန်းနေခြင်း ဖြစ်သည်၊ အဓိပ္ပာယ်မှာ ပြီးစီးခြင်း၊ အောင်မြင်ခြင်း ထမြောက်ခြင်း ပေါက်ရောက်ခြင်းတို့ကို ခေါ်သည်။ တန်ခိုးသည် လောကီနယ်မှာလည်း ကျယ်ဝန်းစွာရှိ၏။ လောကုတ္တရာနယ်မှာမူ ထိုထက်ပိုမိုနက်ရှိုင်း၏။

လောကနယ်ပယ်၌ ဘာသာရေး ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝ တန်ခိုးနှင့်ကင်းပြီး လုပ်ဆောင်၍မရနိုင်ပေ။

စျာန်အဘိညာဉ်ရသော ပုဂ္ဂိုလ်ကြီးများမှာမူ မြေလျှိုးမိုးပျံနိုင်သော တန်ခိုးရှိ၏။ မုန်ညင်းစေ့လေးထဲမှာ လမ်းလျှောက်နိုင်သောအစွမ်းရှိ၏။ သစ်ပင် တောတောင်ကြီးများကိုပင် လူမမြင်အောင်ဖျောက်ထားနိုင်၏။ မုန်ညင်းခင်းလေးကို အံ့ဖွယ်သစ်တောကြီးဖြစ်အောင် တန်ခိုးဖြင့် စွမ်းဆောင်နိုင်၏။

ငရဲပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် တိုင်အောင် သွားနိုင်၊ လာနိုင်၊ ဝင်နိုင်ထွက်နိုင်စွမ်းရှိ၏။ ပရလောကတစ်ခုမှ တစ်ခုသို့သွားလိုရာ တန်ခိုးဖြင့်သွားနိုင်၏။ တန်ခိုးအဘိညာဉ်နှင့်စပ်ပြီး သိမှတ်ဖွယ်အရာရာမှာ အလွန်ကျယ်ပြန့်နက်ရှိုင်းသည့်အတွက် သာမန်လူများ မကြံစည်အပ်သည့်အရာဟု ဘုရားရှင် ဟောတော်မူထားသည်။



www.burmeseclassic.com

ဝိသုဒ္ဓိမဂ်၊ ဒုတိယတွဲ၊ စာမျက်နှာ ၆၈ မှာ တန်ခိုးဆယ်မျိုးဖွင့်ပြထားသည်။

၁။ အဓိဋ္ဌာနိဒ္ဓိ - ဓိဋ္ဌာန်ဖန်ဆင်းခြင်း တန်ခိုး၊
၂။ ဝိကုဗ္ဗနိဒ္ဓိ - ပကတိအသွင်ကို ဖျောက်၍ တစ်မျိုးတစ်မည် ဖန်ဆင်းခြင်းတန်ခိုး၊
၃။ မနောမယိဒ္ဓိ - စိတ်ဖြင့်ပြီးသော (မိမိနှင့်ပုံတူ) ဖန်ဆင်းခြင်းတန်ခိုး။
၄။ ဉာဏဝိပ္ဖါယိဒ္ဓိ - ဉာဏ်၏ပျံ့နှံ့ခြင်း ကြောင့် ပြီးမြောက်သောတန်ခိုး၊
၅။ သမာဓိဝိပ္ဖါရိဒ္ဓိ - သမာဓိပျံ့နှံ့ခြင်း ကြောင့် ပြီးမြောက်ခြင်းတန်ခိုး၊
၆။ အရိယိဒ္ဓိ - အရိယာတို့မှာ ပြည့်စုံ ပြီးမြောက်ခြင်းတန်ခိုး၊
၇။ ကမ္မဝိပါကဇိဒ္ဓိ - ကံ၏အကျိုးကို မှီ၍ ပြီးမြောက်ခြင်းတန်ခိုး၊
၈။ ပုညဝတောဣဒ္ဓိ - ထူးခြားသော ကောင်းမှုရှင်တို့မှာ ပြည့်စုံပြီး မြောက်ခြင်းတန်ခိုး၊
၉။ ဝိဇ္ဇာမယိဒ္ဓိ - ဝိဇ္ဇာမန္တာန်ဖြင့်ပြီး သောတန်ခိုး၊
၁၀။ တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ- ထိုထိုအရာ၌ နည်းလမ်းမှန်စွာအား ထုတ်မှုကြောင့် ပြီးမြောက်သော တန်ခိုးတို့ ဖြစ်သည်။

၁။ အဓိဋ္ဌာနိဒ္ဓိ တန်ခိုးရှင်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်း ဖြစ်ပါ လျက် အများဖြစ်စေရမည် ဟူ၍ သို့ မဟုတ် စိတ်ထဲမှာ တွေးတောဆင်ခြင်ပြီး သူတစ်ရာဖြစ်စေရမည် ဟူ၍ အဓိဋ္ဌာန် ထိက်သည်။ဤသို့အဓိဋ္ဌာန်သည့်အတိုင်း ဖြစ်စေနိုင်သောတန်ခိုးမျိုးကို အဓိဋ္ဌာနိဒ္ဓိ ဟုခေါ်သည်။ ဤတန်ခိုးဖြင့် ဖန်ဆင်း ထားသူတို့မှာ အရောင်အဆင်း၊ အသွင် ပုံသဏ္ဌာန်တူကြသည်။ မိမိတို့ ဆောင် ရွက်လုပ်ကိုင်နေသော လုပ်ငန်းအဝဝမှာ အဓိဋ္ဌာန်ထား၍ ဆောင်ရွက်အောင်မြင် ပြီးစီးမှုအမျိုးမျိုးတို့သည်လည်း အဓိဋ္ဌာ နိဒ္ဓိတန်ခိုးမှာ အကျုံးဝင်၏။

၂။ ဝိကုဗ္ဗနိဒ္ဓိတန်ခိုးရှင်သည် ပကတိရုပ်သွင်ကို ပယ်ဖျောက်ပြီး နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာ၊ သစ်ပင်၊ တော၊ တောင်၊ ကျား၊ ခြင်္သေ့မှစ၍ သမုဒ္ဒရာ၊ ခြေလျင်စစ်တပ်အသွင်အထိ အမျိုးမျိုး ဖန်တီးနိုင်စွမ်းရှိ၏။

ထိုတန်ခိုးမျိုးကို အသုံးပြုပြီး ရှင်ဒေဝဒတ်သည် အဇာတသတ်မင်း သားအား အထင်ကြီးအောင်ပြုလုပ် ဆွဲဆောင် စည်းရုံးခဲ့သည့်အတွက် သာသနာမှာ အရုပ်ဆိုးအကျည်းတန် စေသော သမိုင်းဖြစ်ရပ်များစွာ ဖြစ်ပေါ် လာခဲ့ရသည်။

၃။ မနောမယိဒ္ဓိတန်ခိုးရှင်သည် မိမိ၏ စိတ်အလိုအတိုင်း ဖန်ဆင်းနိုင် သောတန်ခိုးစွမ်းရည်ရှိ၏။ မိမိ၏ရှိရင်းစွဲ ကိုယ်ခန္ဓာအပြင် အထူးဖန်ဆင်းချင်စိတ် ကြောင့်ဖြစ်သော အခြားပုံတူကိုယ်ခန္ဓာ ကို ဖန်ဆင်းနိုင်သောတန်ခိုး ဖြစ်၏။

၄။ ဉာဏဝိပ္ဖါရိဒ္ဓိ ဆိုသည်မှာ ဉာဏ်၏ အာနုဘော် ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုးကိုခေါ်၏။ မြတ် ဗုဒ္ဓသာသနာ၌ မျက်မှောက်ဘဝမှာပင် ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်များရှိ၏။ ထိုပုဂ္ဂိုလ် တို့၌ မလွဲမသွေရအံ့သော အရဟတ္တမဂ် ဉာဏ်၏ အစွမ်းအာနုဘော် သေချာပါရှိ သည်။ ထိုအာနုဘော်ကြောင့် ရဟန္တာ မဖြစ်မီအတွင်း သူ့ကို မည်သူမျှဖျက်ဆီး ၍မရ။ သတ်လို့မသေနိုင်ပေ။

ဤသို့ဧကန်ရအံ့သော အရဟတ္တ မဂ်ဉာဏ်၏ ပျံ့နှံ့နေသော အာနုဘော် ကြောင့် မဖျက်ဆီးနိုင်၊ မသေနိုင်သော တန်ခိုးရှင်မျိုး ဖြစ်သည်။

မြတ်စွာဘုရားရှင်လက်ထက်တော် က အရှင်ဗာကုလ၊ အရှင်သံကိစ္စ၊ အရှင် ဘူတပါလမထေရ်တို့အကြောင်းထင်ရှား ၏။ အရှင်သံကိစ္စမထေရ်၏ ထူးခြားလှ သော ဘဝနောက်ကြောင်းကို ထင်ရှား စွာ သိရှိနိုင်၏။ အရှင်မြတ်၏ မိခင်မှာ သူငယ်ကို ကိုယ်ဝန်အရင့်အမာနှင့် ဆောင်ထားစဉ်မှာ ကွယ်လွန်ရှာသည်။ မိခင်၏ရုပ်အလောင်းကို သုသာန်သို့ပို့ ၍ မီးသင်္ဂြိုဟ်ကြ၏။ ရုပ်အလောင်းကို တံစူးဝါးဖြင့် ထိုးဆွပြုပြင်ကြရာ ဝမ်းဗိုက် ပေါက်၍ ဝမ်းတွင်းရှိ သူငယ်၏မျက်လုံး ထောင့်ကို ထိုးဆွမိလေသည်။ ထိုအခါ မီးပုံထဲ၌ ကလေးငိုသံထွက်ပေါ်လာပြီး အတွင်းကသူငယ် မသေသေးကြောင်း သိကြရ၏။ မိခင်၏ရုပ်အလောင်းကို မီးပုံထဲမှ အလျင်အမြန် ဆွဲထုတ်ယူကြ ပြီး ဝမ်းဗိုက်ကိုခွဲကာ အထဲကသူငယ်ကို ထုတ်ယူကြလေသည်။ ကလေးငယ်ကို အဘွားဖြစ်သူမှ မွေးမြူ၏။ တံစူးဝါးဖြင့် မျက်လုံးကိုထိုးမိသော အမှတ်အသား ကြောင့် သူငယ်ကို 'သံကိစ္စ' ဟု အမည် မှည့်ခေါ်ကြသည်။

အဘွား၏ စောင့်ရှောက်မှုဖြင့် အရွယ်ရောက်လာပြီးနောက် သာမဏေ ဘဝသို့ကူးပြောင်းသွားသည်။ သာမဏေ ဘဝဖြင့်ပင် တရားအားထုတ်၍ ပဋိသမ္ဘိဒါပတ္တရဟန္တာမြတ်ကြီးတစ်ဆူဖြစ်တော် မူလေသည်။

(မမ္ပဒ၊ အဋ္ဌကထာ၊ ၁-၄၂၆)

၅။ သမာဓိဝိပ္ဖါရိဒ္ဓိ ဆိုသည်မှာ သမာဓိပျံ့နှံ့နေသောကြောင့် ပြီးမြောက် သောတန်ခိုးကို ဆို၏။ ဗုဒ္ဓစာပေ၌ ဤသမာဓိတန်ခိုးမျိုးနှင့် စပ်လျဉ်း၍ သာဓကပြစရာများစွာရှိ၏။

ဥပမာ အရှင်သာရိပုတြာ၏ သမာဓိ၊ အရှင်သဥ္ဇိဝ၏သမာဓိ၊ အရှင် ခါဏုကောဏ္ဍ၏သမာဓိ၊ ဥတ္တရာအမျိုး သမီး၏ သမာဓိ စသည်ဖြင့် များစွာ လေ့လာတွေ့ရှိနိုင်၏။ ဤတွင် အရှင် သဥ္ဇိဝမထေရ်၏ သမာဓိတန်ခိုးကို အကျဉ်းချုပ် ဖော်ပြပါမည်၊

အခါတစ်ပါး၌ အရှင်သဥ္ဇိဝထေရ် သည် တောတွင်းတစ်နေရာ သစ်ပင် တစ်ပင်ရင်းမှာ နိရောဓသမာပတ်ဝင် စားနေတော်မူ၏။

ဤသို့ဝင်စားပြီး ထိုင်တော်မူနေ သည်ကို နွားကျောင်းသားတစ်ယောက် တွေ့မြင်ပြီး သူ၏အပေါ် နွားကျောင်း သားများကို ခေါ်ပြကာ -

"ဒီမှာကိုယ်တော်တစ်ပါးထိုင်ရင်း ပျံလွန်တော်မူနေတယ်၊ သိပ်ပြီးအံ့ဩ စရာကောင်းတာပဲ။ ငါတို့မီးသဂြိုဟ်ပေး လိုက်ကြစို့"

ဟု တိုင်ပင်ကြပြီး ထင်းခြောက် များ ရှာဖွေကြကာ အရှင်မြတ်၏အပေါ် ၌စုပုံ၍ မီးရှို့ပြီး ထွက်ခွာသွားကြလေ သည်။

နောက်တစ်နေ့နံနက် ဆွမ်းခံချိန် ကျရောက်လာသောအခါ အရှင်မြတ် သည် နိရောဓသမာပတ်မှထကာ သင်္ကန်း ကို ဝတ်ရုံတော်မူပြီး ရွာတွင်းသို့ ဆွမ်းခံ ဝင်လေသည်။ မနေ့က မီးရှို့ခဲ့သော နွား ကျောင်းသားတစ်သိုက်မြင်ကြတော့-

"မနေ့က ထိုင်လျက်ပျံလွန်နေ တော်မူလို့ တို့တစ်တွေမီးရှို့ခဲ့တယ်။ ယခု အသက်ရှင်ပြီးဆွမ်းခံနေပါလား"

ဟု အံ့ဩတကြီး ပြောဆိုကြလေ သည်။

အရှင်သဥ္ဇိဝထေရ်မှာတော့ နွား ကျောင်းသားများတွေး ဆင်သကဲ့သို့ မီး လောင်မည်ထေးစွ၊ သင်္ကန်းစချည်မျှင်တစ် ပင်ကိုမျှ မီးမလောင်ပေ။ ဤကဲ့သို့ မီး မလောင်ရခြင်းအကြောင်းကား စွမ်းအား ကြီးမားလှသော သမာဓိ၏ တန်ခိုး တော်ကြောင့် ဖြစ်သည်။

(ပဏ္ဍ၊ ၁-၄၀၉)

ဤသို့ ကျင့်စဉ်အမျိုးမျိုးကို ပွား များ အားထုတ်ပြီး သမာဓိတရားများဖြစ်

www.burmeseclassic.com

ပေါ်နေခိုက်မှာ စိတ်၏ချမ်းသာမှု၊ ကိုယ်၏ ကျန်းမာရွှင်လန်းမှု၊ လူ့ နတ်တို့၏ ကြည်ညိုလေးစားမှု၊ လာဘ်လာဘပေါ များမှု၊ ဩဇာအာဏာရှိမှု စသော လောကီအကျိုး၊ လောကီအမြှိုက်အဝါ၊ တန်ခိုးအဖြာဖြာတို့သည်လည်း သမာဓိဝိပ္ဖါရိဒ္ဓိ၏ အကျိုးဆက်ဖြစ်ကြောင်း ထင်ရှားစွာ သိရှိနိုင်သည်။

၆။ အ ရိယိဒ္ဓိတန်ခိုး ဟူသည် အရိယာပုဂ္ဂိုလ်တို့၏ မိမိစိတ်ကို ကောင်းစွာ နိုင်နင်းတော်မူကြခြင်းကို ဆိုလိုသည်။ ပုထုဇဉ်အများစုမှာ အာရုံ၏ ဆွဲဆောင်ရာနောက်ကို လိုက်ပါနေကြရပြီး မိမိစိတ်ကိုမိမိမနိုင်ကြပေ။ ကောင်းသောအာရုံနှင့်တွေ့လျှင် လောဘဖြစ်၍ မကောင်းသောအာရုံနှင့်တွေ့က ဒေါသဖြစ်ကြ၏။ အာရုံကိုဆန့်ကျင်၍ တော်လှန်နိုင်သောစွမ်းအား ပုထုဇဉ်အများစုမှာ မရှိကြပေ။ အာရုံ၏ စေခိုင်းရာ လိုက်နာနေကြရသော ကျေးကျွန်များ ဖြစ်နေကြ၏။

အရိယာပုဂ္ဂိုလ်များမှာမူ မကောင်းသော စိတ်စေတသိက်တို့ကို ပယ်သတ်ပြီး ဖြစ်၏။ စိတ်စေတသိက်တို့၏ အလိုသို့လိုက်စရာမလိုတော့ဘဲ အရှင်မြတ်တို့၏အလိုသို့သာ စိတ်စေတသိက်တို့က လိုက်နာကြရ၏။ အာရုံ၏အပေါ်မှာ လိုသလို စေစားနိုင်သော အရှင်သခင်များ ဖြစ်ကြ၏။ တင့်တယ်ကောင်းမြတ်သော အာရုံနှင့်တွေ့သော်လည်း လောဘမဖြစ်၊ ယုတ်မာဆိုးသွမ်းသောအနိဋ္ဌာရုံနှင့်တွေ့လည်း ဒေါသမဖြစ်။ လောဘ၊ ဒေါသ ဖြစ်စရာအကြောင်း အရှင်မြတ်တို့၏ သန္တာန်မှာ အပြီးသတ် နှိမ်နင်းပြီးတော်မူလေသည်။ မဂ်ဉာဏ်အဆင့်ဆင့်ဖြင့် အမြစ်ပြတ်ပယ်သတ်ခဲ့ပြီးဖြစ်၏။ အနိမ့်ဆုံး သောတာပန်ပုဂ္ဂိုလ်သည်ပင် အယူအဆမှားစရာ မိစ္ဆာဝါဒအမျိုးမျိုး၊ သံသယဖြစ်စရာ ဝိဝါဒအထွေထွေတို့နှင့် ကြုံတွေ့ရသော်လည်း အယူမှားခြင်း၊ ယုံမှားသံသယဖြစ်ခြင်း အလျှင်းမရှိတော့ပေ။ သောတာပတ္တိမဂ်ခဏမှာပင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အပြီးပယ်သတ်ခဲ့ပြီး ဖြစ်လေသည်။

မြတ်စွာဘုရားရှင်သည် အင်မတန်ချောမောလှပသော 'မာဂဏ္ဍီ'အမျိုးသမီးကိုပင် အရှင်အသုဘ (အပုပ်ကောင်) အဖြစ် ဟုတ်တိုင်းမှန်ရာ လွယ်ကူစွာ နှလုံးသွင်းနိုင်၏။

နာဋ္ဌာဂီရိဆင်၊ ဒေဝဒတ်ရဟန်း၊ အာဠဝကဘီလူး၊ စိဉ္စမာဏ၊ သစ္စကပရိဗိုဇ် စသော တိုယ်တော်မြတ်ကို ရန်ပြုကြသည့်သူများကိုပင် သားတော်ရာဟုလာသဖွယ် သဘောထားနိုင်တော်မူလေသည်။

ဤသည်ကား ဘုရား စသော အရိယာပုဂ္ဂိုလ်တို့၏ အရိယိဒ္ဓိတန်ခိုးတော်တစ်စိတ်တစ်ဒေသမျှသာတည်း။ တကယ်တမ်း ဆိုရပါမူ ဘုရားရှင်နှင့် အရိယာပုဂ္ဂိုလ်တို့၏ တန်ခိုးဣဒ္ဓိများမှာ မိုးကောင်းကင်ကဲ့သို့ ကျယ်ပြန့်၏။ မဟာပထဝီမြေကြီးကဲ့သို့ လေးနက်၏။ သမုဒ္ဒရာကဲ့သို့ နက်ရှိုင်း၏။ အနန္တစာရင်းဝင်များဖြစ်ကြသော အရိယာပုဂ္ဂိုလ်တို့၏ တန်ခိုးဣဒ္ဓိတို့မှာ ကြံစည်စဉ်းစား၍ ရနိုင်ကောင်းသောအရာများ မဟုတ်ကြပေ။

၇။ ကမ္မဝိပါကဇိဒ္ဓိ ဟူသည် ကံ၏အကျိုးကြောင့် အလိုရှိသမျှပြီးမြောက်နေသောတန်ခိုး ဖြစ်၏။

နတ်ပြဟ္မာများ၊ ကမ္ဘာဦးလူသားများ၊ ကောင်းကင်၌ပျံသန်းနိုင်ကြသော ငှက်များ စသည်ဖြင့် ကံ၏အကျိုးကိုမှီပြီး ပြီးမြောက်နေသော 'ကမ္မဇိဒ္ဓိ' တန်ခိုးရှင်များ ဖြစ်၏။ ငှက်သတ္တဝါများ တိရစ္ဆာန်ဖြစ်သော်လည်း ကံကိုမှီ၍ရလာသော အာနိသင်စွမ်းအားကြောင့် ဈာန်အဘိညာဉ်မရပါဘဲ ကောင်းကင်၌ ပျံဝဲနိုင်ကြ၏။

လောကလူသားများမှာလည်း ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးအာနိသင်အမျိုးမျိုးကြောင့် အောင်မြင်ပြီးစီးသော အကျိုးအမျိုးမျိုး၊ သင်လွယ်၊ တတ်လွယ်၊ ရလွယ်၊ ပြီးမြောက်ခြင်းအသွယ်သွယ်တို့မှာ ဤ 'ကမ္မဝိပါကဇိဒ္ဓိ' တန်ခိုး၏အကျိုးအာနိသင်အဖြစ် မြင်တွေ့နိုင်ကြလေသည်။

၈။ ပုညဝတောဣဒ္ဓိ ဟူသည် ထူးခြားသော ကောင်းမှုရှင်တို့မှာ တွေ့ရတတ်သော တန်ခိုး ဖြစ်၏။

စကြဝတေးမင်းများသည် ဆင်၊ မြင်း၊ ရထား၊ ခြေလျင်တပ်ကြီး လေးတပ်တို့နှင့်အတူ စက်ယန္တရားမပါဘဲ ကောင်းကင်မှသွားလာနိုင်ကြသည်။

ဇောတိက၊ ဇဋိလ၊ ယောသက၊ မေဏ္ဍက စသော သူဌေးကြီးလေးဦးတို့မှာ ဇောတိကသူဌေးသည် သူ၏ကောင်းမှုကြောင့် ပတ္တမြားပြာသာဒ်ကြီး မြေပြင်ကို ဖောက်ခွဲ၍ထွက်ပေါ်လာရ၏။ ပဒေသာပင်မျိုးစုံ (၆၄) ပင် ပေါ်ထွက်လာခဲ့၏။

ဇဋိလသူဌေးမှာမူ သူပြုခဲ့သော ကုသိုလ်ကံအ ... လျော်စွာ အတောင်ရှစ်ဆယ်ရှိသော ... ရွှေတောင်ကြီးပေါ်ထွက်လာခဲ့၏။

ယောသ ... ကသူဌေးမှာမူ ငယ်စဉ်ကလေးဘဝက ... နှစ်ကြိမ်မျှ သူတစ်ပါး လုပ်ကြံ ... သ ... ဖြတ်ခံရပါသော်လည်း သေကံမရောက် ... အသက်မပျောက် အနာတရ အ ... နည်းငယ်မျှပင်မရရှိခဲ့ဘဲ သူဌေးကြီးဘ ... ရောက်ရှိခဲ့၏။ ဘဝခရီး၌ ထူးခြားဆန်းကြ ... ယ်အတွေ့အကြုံမျိုးစုံကို ခံစားခဲ့ရသည်

မေဏ္ဍက ... သူဌေးမှာမူ သူပိုင်ဆိုင်သောမြေကွက်များမှ ရတနာခုနစ်ပါးဖြင့် တန်ဆာဆင် ... င်အပ်သော 'သိုးရုပ်'များ ထွက်ပေါ်လာ ... သည်။

ဤသည်တို့ကား 'ပုညဝတောဣဒ္ဓိ' ဟု ဆို ... ပ်သော ထူးခြားသော ကောင်းမှုရှင် ... ို့မှာ ထူးခြားသော ကောင်းမှုကြော ... င့် ထွက်ပေါ်လာသော တန်ခိုးများဖြစ် ... ကြလေသည်။

ယေဘုယ ... အားဖြင့် ဆိုရပါမူ ကောင်းမှုကံ ... ကြောင့် ဖြစ်လာသော ကောင်းကျိုးမှန် ... သမျှကို 'ပုညဝတောဣဒ္ဓိ' တန်ခိုး ... ရာတွင် ထည့်သွင်းနိုင်ပါသည်။

၉။ ဝိဇ္ဇာ ... မယိဒ္ဓိ ဟူသည် ဝိဇ္ဇာမန္တန်အတတ် ... ဖြင့် ပြီးမြောက်သော တန်ခိုး ဖြစ်၏၊

လောကမှာ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့ ရှိ၏။ ထိုပုဂ္ဂိုလ်တို့သည် ဝိဇ္ဇာမန္တန်ကို ရွတ်ဖတ်ပြီး ကောင်းကင်၌ သွားလာနိုင်သော စစ်တပ်ကြီးများကို လူမြင်အောင် ဖန်တီး၍ပြနိုင်၏။ အခြားသောထူးခြားဆန်းကြယ်အံ့ဖွယ်အဖြာဖြာတို့ကိုလည်း ပြုလုပ်ဖန်တီး ... နိုင်၏။

နဝကနိပါတ်၊ သုမင်္ဂလဇာတ်၌ ဝိဇ္ဇာဓိုရ်တစ်ယောက်သည် ဒါနဝဘီလူး ဝမ်းတွင်း၌ ကြ ... တ်ဖြင့်ထည့်၍ဝှက်ထားသော လူသား ... စစ်မိန်းမတစ်ယောက်နှင့် ဘီလူးမသိ ... အောင် ပျော်ပါး၍လိုက်လာသည်။ ဒါန ... ဘီလူး စိုးရိမ်ကြောက်ရွံ့စိတ်ဝင်ပြီး ကြ ... တ်ကို ဝမ်းပိုက်တွင်းမှ ထုတ်ယူ၍ ဖွင့်ကြည့်သောအခါမှ ဝိဇ္ဇာဓိုရ်တစ်ယောက် မန္တန်ရွတ်ပြီး သန်လျက်ကိုင်ကာ ကောင်းကင်မှ ထွက်ပြေးကြောင်း ပါရှိသည်။

လောကီ လောကုတ္တရာဆိုင်ရာ မန္တန်များကို ... အသွင် သီကုံးပြီး ပုတီးစိပ်၍ ... ဋ္ဌာန်ဝင်ကာ လိုရာ အောင်မြင်မှုများကို ရရှိနေကြခြင်းမှာလည်း ဤ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးကမှာ



www.burmeseclassic.com

www.burmeseclassic.com

# သထုံရွှေစာရံစေတီတော်

## တင်နိုင်တိုး

သထုံသည် ရှေးအခါက မထင်ရှား တံငါရွာလေးဖြစ်ခဲ့သည်ဆိုသည်။ နောက်ပိုင်း မွန်တိုင်းရင်းသားများ၊ ပအိုဝ့် (တောင်သူ) တိုင်းရင်းသားများ လာရောက် နေထိုင်ခဲ့ကြသည်။ ပင်လယ်အနီးတွင် တည်ရှိသဖြင့် နောက်ပိုင်း အိန္ဒိယတောင်ပိုင်းဒေသများနှင့်အဆက်အဆံများပြားလာကာ ပိုမိုစည်ကားလာခဲ့သည်။ ရှေးရာဇဝင်ကျမ်းများ၏အလိုအရ သထုံသည် ဘီးတော်အဥ္စနမင်းကြီး ဖြိုကြွင်းသက္ကရာဇ် ၉၄ ခုနှစ်ကပင် မြို့ဖြစ်ခဲ့သည်ဟု ဆိုပါသည်။

နောက်ပိုင်း သထုံက မင်းနေပြည်တော်ဖြစ်လာသည်။ သထုံတွင် သီဟရာဇာမင်းမှစ၍ မင်းဆက် (၅၉) ဆက် ဆက်ခံခဲ့ကြကြောင်းဆိုသည်။ နန်းတော်ရာတွေ့၍လည်း အထင်အရှားရှိပါသည်။

သထုံတွင် ထင်ရှားသောသမိုင်းဝင်စေတီတော်များရှိကြသည်။ ယင်းဘုရားစေတီများ၌ ဘုရားပွဲတော်များ ကျင်းပကြသည်။ တပို့တွဲလတွင် မြသပိတ်ဘုရားပွဲတော်၊ တပေါင်းလတွင် ရွှေစာရံဘုရားပွဲတော်၊ တန်ဆောင်မုန်းလပြည့်နေ့တွင်ဇင်းကျိုက်ဘုရားပွဲတော်များရှိကြသည်။ သထုံရွှေစာရံဘုရားပွဲတော်ဆိုလျှင် ဒုတိယကမ္ဘာစစ်မတိုင်မီက ရန်ကုန်၊ မန္တလေးမြို့ကြီးများကပင် ဆိုင်ကြီးများ လာရောက်ဖွင့်လှစ်ရောင်းချကြသည်။

ရွှေစာရံဘုရား ဟူသော ဘွဲ့တော်ဖြင့် ထင်ရှားသော ဘုရားနှစ်ဆူရှိရာ တစ်ဆူက မွန်ပြည်နယ် သထုံမြို့မှဖြစ်ပြီး နောက်တစ်ဆူက မန္တလေးခရိုင် မြစ်ငယ်မြစ်ထက်တွင် တည်ရှိပါသည်။ သထုံရွှေစာရံစေတီတော်က ဉာဏ်တော် (၁၆၀) ပေရှိပြီး အရံစေတီ ( [illegible] ဆူ၊ မုခ်နှင့် ရုပ်ပွားတော် စုစုပေါင်း [illegible] (၄၅) [illegible] ကြောင်း သိရှိရ၏။ ရွှေ [illegible] ဗုဒ္ဓမြတ်စွာဘုရား [illegible] ရှိစဉ်ကပင် တည်ထား [illegible] ခဲ့သည် ဟု အဆိုရှိပါသည်။ [illegible] ၏ [illegible] ဒါယကာက 'သထုံ [illegible] ကုလ [illegible] ရာဇာသက္ကမင်းနှင့် [illegible] ကြီး [illegible] ၏ သားတော် သူရိယစန္ဒ [illegible] ဖြစ်ပါသည်။

သူရိယစန္ဒာမင်း [illegible] ဗုဒ္ဓမြတ်စွာအား ပင့်လျှောက်ခဲ့ရ [illegible] မြတ်စွာဘုရား ရာဇဂြိုဟ်မှ 'သထုံပြည် [illegible] ကြွရောက်လာခဲ့သည်ဆိုသည်။ မြ [illegible] ဘုရားအား မိဖုရားတို့က မကိုင်မနှ [illegible] ဉာဏ်တော် [illegible] အသီးသီးချက်ကာ [illegible] ခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာသည် မင်း [illegible] တ်အပေါင်းတို့အား တရားရေအေး [illegible] က်ကျွေးခဲ့ရာ

---

အကျုံးဝင်နိုင်ပါသည်။ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးနှင့် စပ်လျဉ်း၍ ပိုပြီးပြည့်စုံသော သိပ္ပံအခန်းတကဏ္ဍတစ်ခုဖြင့် တင်ပြပါမည်။

၁၀။ တတ္တတတ္တသမ္မာပယောဂစ္စယိဒ္ဓိ ဟူသည် ကိစ္စကြီးငယ်မှန်သမျှ နည်းမှန်လမ်းမှန် ကြိုးစားအားထုတ်မှုသုံးလဝီရိယကြောင့် အောင်မြင်ပြီးမြောက်ခရီးရောက်နေသောတန်ခိုးကို ခေါ်ဆိုခြင်း ဖြစ်သည်။

ဆိုလိုသည်မှာ ရာဂကို အသုဘဘာဝနာဖြင့်၊ ဒေါသကို မေတ္တာဖြင့်၊ မောဟကို ပညာဖြင့်၊ မာနကို ဂါရဝနိဝါတတရားတို့ဖြင့် တုံ့ပြန်နှိပ်ကွပ်နိုင်ခြင်းကို သူတော်ကောင်းပုဂ္ဂိုလ်တို့ကျင့်သုံးလေ့ရှိကြသည်။ ထိုထိုအရာ၌ နည်းမှန်လမ်းမှန်အားထုတ်ကြိုးပမ်းမှုကြောင့် အောင်မြင် ပြီးမြောက်မှု ဆိုသည်မှာ ပဓာနအားဖြင့် ထိုကဲ့သို့သော တုံ့ပြန်မှုမျိုးကို ဆိုလိုခြင်း ဖြစ်သည်။

သို့ဖြစ်ရာ တန်ခိုးနှင့် ပတ်သက်သော အကြောင်းအရာများကို ဆန်းစစ်လေ့လာကြည့်ပါက အင်မတန်လေးနက်ကျယ်ဝန်း၏။ ယခုခေတ်၌ သိပ္ပံနည်းပညာဆိုင်ရာ အတတ်ပညာတို့ဖြင့် တီထွင် ဖန်တီးထားသော ကောင်းကျိုး၊ ဆိုးကျိုးကိစ္စအဝဝတို့သည်လည်း ဤတန်ခိုးအတွင်းမှာ ပတ်သက်အကျုံးဝင်၏။ စာပေပရိယတ် သင်ကြားတတ်မြောက်ခြင်းအတတ်၊ ဗေဒင်အတတ်၊ ဆေးပညာအတတ်၊ စိုက်ပျိုးရေးအတတ်များမှစ၍ သချာင်္ပညာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ပန်းချီ၊ ပန်းပု၊ ဆို-က-ရေး-တီး စသော သုခုမအနုပညာ၊ စစ်ဆင်စစ်ထွက်သေနင်္ဂဗျူဟာစစ်ပညာအစရှိသည့် ပြီးစီးထမြောက်မှု အားလုံးသောအတတ်ပညာရပ်တို့မှာ ဤ 'တတ္တတတ္တသမ္မယောဂပစ္စယိဒ္ဓိ' တန်ခိုးအရာပင်ဖြစ်လေသည်။

ဤသို့ဆိုလျှင် ကမ္ဘာလောက၌ ကျင်လည်ကျက်စားနေကြသောသတ္တဝါအမျိုးမျိုးတို့မှာ ကျမ်းဂန်လာတန်ခိုး (၁၀)မျိုး၌ တစ်မျိုးမျိုးနှင့်ပါဝင်ပတ်သက်နေကြောင်း တွေ့နိုင်၏။

သို့သော် ထက်သန်သော တန်ခိုးအမျိုးမျိုးတို့၏ အခြေခံ အကြောင်းရင်းမူလ (ဣဒ္ဓိပါဒ်) တို့မှာ မိမိတို့၏ထက်သန်သောဆန္ဒ၊ ဝီရိယနှင့် စွဲမြဲသောစိတ်၊ ရှင်သော ဉာဏ်ပညာတို့က အဓိကဖြစ်၏။ မိမိတို့၏ ထက်သန်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတ [illegible] တို့၌ အလွတ်အထိပ်တင်ပြီး အားထု [illegible] ကြိုးပမ်းယူနိုင်ပါက မိမိတို့နှင့် ထိုက် [illegible] နဲ့သလောက် တန်ခိုးဣဒ္ဓိပါဒ်တို့ [illegible] မြင် ပေါက်မြောက်နိုင်ကြ၏။

သို့ဖြစ်ရာ တန်ခို [illegible] ိုသည်မှာ လူသာမန်တို့ထင်နေသလ [illegible] အထင်အမြင်ကြီးစရာ၊ ကြည်ညို [illegible] းကိုးစရာများ ပါဝင်နေသကဲ့သို့ [illegible] င်သေးရော၊ ကဲ့ရဲ့စရာများလည်း [illegible] ပါနေကောင်းကြောင်း သတိထားသင့် [illegible] လူအပေါင်းမှာ ဘဝသံသရာအ [illegible] ဆက် [illegible] ရေ တွက်နိုင်သောဘဝအ [illegible] ထွေ၌ ကွဲပြားခြားနားသော တန်ခိုး [illegible] းမျိုးတို့ ရရှိ အသုံးချခဲ့ပြီး ဖြစ်၏။ [illegible] ဗုဒ္ဓမြတ်စွာ သာသနာနှင့် ကြုံဆုံနို [illegible] တော့ ဒါန တန်ခိုး၊ သီလတန်ခိုး၊ [illegible] ဝနာတန်ခိုးတို့ကို အားကိုးအသုံး [illegible] ဆင်းရဲဒုက္ခအားလုံးချုပ်ငြိမ်းရာ [illegible] နိဗ္ဗာန်ချမ်းသာကို အောင်မြင် ပြီးမြောက် [illegible] င် ကြိုးပမ်းအားထုတ်သင့်လေသ [illegible]


(ဆက်ရန်)

ထုံးတောင်-အရှင် [illegible] သ(မြောင်)



www.burmeseclassic.com

www.burmeseclassic.com



သထုံဘုရင်မင်းမြတ်က ဝမ်းမြောက်ပီတိဖြစ်လျက် သထုံပြည်၌ (၁၀)ဝါမျှ သီတင်းသုံးပါရန် လျှောက်ထားခဲ့သည်ဆိုသည်။ သထုံဘုရင်မင်းမြတ်က မြတ်စွာဘုရားသီတင်းသုံးတော်မူရန် ဇေတဝန်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းလိုသော်လည်း မြတ်စွာဘုရားက ခွင့်ပြုတော်မမူသဖြင့် မောရပဗ္ဗတကုန်း၌ ဝေဠုဝန်ဝါးကျောင်းကိုသာ ဆောက်လုပ် လှူဒါန်းခဲ့ရသည်ဆိုသည်။

ဘုရားသခင် သထုံပြည်၌ (၆) လကျော် သီတင်းသုံးတော်မူပြီးနောက် ပြန်လည်ကြွချီသောအခါ မင်းနှင့်ပြည်သူတို့၏ တောင်းပန် လျှောက်ထားချက်အရ ကိုယ်စားတော်အဖြစ် သွားတော်ဓာတ်ရတနာကို ထားရစ်တော်မူခဲ့လေသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာမိန့်တော်မူခဲ့သည့်အတိုင်း သွားဓာတ်တော်ကိုဏကုသန်ဘုရားရှင်၏ ဆံတော် (၈) ဆူ၊ ကောဏဂုံဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်များထားရှိရာ သုနာပရန္တဥန္နတကုန်းပြင်၌ မဟာသက္ကရာဇ် ၁၀၅ ခု၊ တပေါင်းလဆန်း ၁၅ ရက်နေ့ နံနက်တွင် ဌာပနာပြုကာ၊ စေတီတော် တည်ထား ကိုးကွယ်ခဲ့သည်။

စေတီတော်မြတ်၏ ပြုဖွယ်ကိစ္စအဝဝ ပြီးစီးသောအခါ အရှည်သဖြင့် တည်တံ့နေစေရန်အတွက် စိရဋ္ဌာတုပတ္တနာပြုသောကြောင့် စိရဋ္ဌာတုစေတီတော်ဟု သမုတ်ရန် ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည် ဆိုသည်။ ထို့ကြောင့်လည်း စိရဋ္ဌာတုစေတီမှ စာရံစေတီ၊ ရွှေစာရံစေတီ ဟူ၍ ဖြစ်လာခဲ့သည်ဆိုပါသည်။ ရွှေစာရံစေတီတော်တွင် စေတီအရှေ့ဘက် ဓာတ်တော်များကို ဆေးကြောရာ၌ အသုံးပြုသည့် ပြုတာအိုးရတနာ (၄၇) လုံးကို အောက်အခင်းမြအခံပြုကာ မြသိန်းတန်ဘုရား တည်ထား ကိုးကွယ်ခဲ့သည်။

ရွှေစာရံဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၈ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိပါသည်။ ရွှေစာရံဘုရားအနီးတွင် ရွှေစာရံနှင့် ဆက်စပ်လျက်ရှိသည့် အခြားစေတီတော်များကိုလည်း ဖူးတွေ့နိုင်ကြပါသည်။ ရွှေစာရံစေတီတော်အနီးမှ မြသိန်းတန်ဘုရားကို သိကြားမင်း၏ လမ်းညွှန်ချက်အတိုင်း ဌာပနာပြု၍ တည်ထားသဖြင့် သိကြားဘုရားဟု ခေါ် ဆိုကြသည်။ ယင်းမြသိန်းတန်စေတီတော်အနီး၌ပင် ဓာတ်တော်ဆေးသည့်အခါ အောက်မှခံ၍ အသုံးပြုသည့် ရွှေပြားအား ဌာပနာလျက်တည်ထားသော ရွှေပြားခံစေတီ တည်ရှိပါသည်။ ကရင်တိုင်းရင်းသားအများ ကူညီဆောင်ရွက်ပေးသဖြင့် ကရင်ဘုရားဟုလည်း ခေါ်ကြသည် ဆိုသည်။

တစ်ကြိမ်တွင် ရွှေစာရံဘုရားပြိုပျက်ခဲ့ဖူးကြောင်းလည်း သိရှိရပါသည်။ ၁၂-၈-၁၉၁၃ ရက်စွဲပါ သူရိယသတင်းစာတွင် အောက်ပါအတိုင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိခဲ့ဖူးပါသည်။

■သထုံမြို့ဟောင်း ■

*ရွှေစာရံစေတီတော်ကြီး ပြိုပျက်ခြင်းအကြောင်း။*

*သာသနာတော်အစ မူလတည်ထွန်းရာ သထုံမြို့ကြီး၏ ကျက်သရေ မင်္ဂလာတစ်ဆူဖြစ်တော်မူသော ရွှေစာရံစေတီတော်ဘုရားကြီးသည် ယခု ၁၂၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ တနင်္လာနေ့ ည (၈) နာရီအချိန်တွင် ၎င်းစေတီကြီးထီးတော်မှ ခေါင်းလောင်းဘုံတိုင်အောင် အလိုအလျောက် ပြိုကျပျက်စီးကြောင်းနှင့် သတင်းရောက်ရှိလေသည်။*

တူ၍ ဖြစ်ပါသည်။

သထုံကို ရှေးဟောင်း သုဝဏ္ဏဘူမိအဖြစ် မှတ်ယူကြသည်။ သထုံသည် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ စတင်ပွင့်လင်းရာ အရပ်ဒေသတစ်ခုဖြစ်ကြောင်း အဆိုရှိကြသည်။ အချို့ကလည်း သီရိမေဃာသောကမင်းကြီး သာသနာပြု စေလွှတ်သော ရှင်သောဏနှင့် ရှင်ဥတ္တရမထေရ်မြတ်တို့ ဗုဒ္ဓဘာသာအယူဝါဒစတင်မျိုးစေ့ချရာ သုဝဏ္ဏဘူမိကို သထုံဟု တထစ်ချ ယုံကြည်မှတ်ယူကြသည်။ သထုံသည် ရှေးသုဝဏ္ဏဘူမိ ဟုတ်၊ မဟုတ် အခိုင်အမာမဆိုနိုင်သည့်တိုင် ဗုဒ္ဓဘာသာထွန်းကားခဲ့ရာဒေသတော့ အမှန်ပင် ဖြစ်ခဲ့ပါသည်။

သူရိယသတင်းစာပါ သတင်းဖော်ပြချက်အရ သထုံရွှေစာရံစေတီတော်ပြိုပျက်ခဲ့ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်များက ပြန်လည် မွမ်းမံပြုပြင်ခဲ့ကြသည်။ သခိုင်းဝင် ရွှေစာရံစေတီတော်သို့ ပွဲတော်ရက်တွင်သာမက အခြားအချိန်များ၌ပါ ဘုရားဖူးများသွားရောက် ဖူးမြော်လေ့ရှိကြပါသည်။ ရွှေစာရံဘုရားပွဲတော်ကာလ၌မူ ပို၍စည်ကားလှပါသည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့လှသည့်အလျောက် သထုံရွှေစာရံစေတီတော်သို့ တစ်ခေါက်တစ်ခါ ဘုရားဖူးသွားရောက်သင့်ကြပါကြောင်း တိုက်တွန်း ရေးသားအပ်ပါသည်။

တင်နိုင်တိုး

ကျမ်းကိုး -

၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၂)

၂။ သူရိယသတင်းစာ၊ ၁၂-၈-၁၉၁၃ ပါ သတင်း



www.burmeseclassic.com

www.burmeseclassic.com

(လောကသုတကဏ္ဍ)

# လိုသူများသုံးစေဖို့

မုဒိတာ(ကျိုက်လတ်)

## လက်သမားမြေခံ ဆောင်ရန် လဆန်းရက်

| အမှတ် | လဆန်းရက် | မြေခံ | ရရှိမည့်ကောင်းကျိုး |
|---|---|---|---|
| ၁။ | (၂) ရက် | ကညာမြေခံ | ကောင်း၏။ အမှုကိစ္စအောင်မြင်[illegible]၏။ |
| ၂။ | (၃) ရက် | နွားမြေခံ | ကောင်း၏။ လာဘ်မိုးစွေတတ်၏ |
| ၃။ | (၅) ရက် | ဝဋ္ဋုန်မြေခံ | စီးပွားချမ်းသာဖြစ်ထွန်း၏။ |
| ၄။ | (၇) ရက် | မြင်းမြေခံ | လိုရာကိစ္စအဝဝ အောင်မြင်၏။ |
| ၅။ | (၁၀) ရက် | ပြဿာမြေခံ | အပူဇော်ခံရခြင်း၊ အကြီးအကဲဖြစ်[illegible]တတ်၏။ |
| ၆။ | (၁၁) ရက် | သိကြားမြေခံ | ချမ်းသာကြီးမားစေ၏။ ကောင်း[illegible]။ |
| ၇။ | (၁၃) ရက် | ပြဿာမြေခံ | ကြွယ်ဝချမ်းသာစေ၏။ |
| ၈။ | (၁၄) ရက် | ဝဋ္ဋုန်မြေခံ | ဘေးဥပဒ်ရန်ကင်းဝေးစေ၏။ |
| ၉။ | (၁၅) ရက် | သိကြားမြေခံ | စီးပွားချမ်းသာ ရရှိစေတတ်၏။ |

## လက်သမားမြေခံ ရှောင်ရန် လဆန်းရက်

| အမှတ် | လဆန်းရက် | မြေခံ | ရရှိမည့်ကောင်းကျိုး |
|---|---|---|---|
| ၁။ | (၁) ရက် | နတ်မြေခံ | မကောင်း။ ပျက်စီးတတ်၏။ |
| ၂။ | (၄) ရက် | နဂါးမြေခံ | မကောင်း။ အရာရာပျက်စီးတတ်၏။ |
| ၃။ | (၆) ရက် | ဆင်မြေခံ | မကောင်း။ သေပျောက်တတ်သည်၊ |
| ၄။ | (၈) ရက် | ဒွန်းစဏ္ဍားမြေခံ | စီးပွားပျက် ဒုက္ခရောက်တတ်၏။ |
| ၅။ | (၉) ရက် | ဘီလူးမြေခံ | မကောင်း အသက်ဘေးတွေ့တတ်သည်။ |
| ၆။ | (၁၂) ရက် | ခွေးမြေခံ | ပျက်စီးပြုန်းတီးဆုံးရှုံးတတ်သည်။ |

ဤလဆန်းမြေခံအတိုင်း မည်သည့်လတွင်မဆို လဆန်းရက်များအတွင်းဖြစ်ပါက ကောင်း၊ မကောင်း ဝိစစ်ဝေဖန်၍ ပြုလုပ်ကြရန် ဖြစ်ပေသည်။

**အလွယ်မှတ်ရန်လင်္ကာ**

နှစ်၊ သုံး၊ ငါး၊ ခုနှ်၊ ဆယ်၊ ဆယ့်တစ်၊ ဆယ့်သုံး၊ ဆယ့်လေး၊ ဆယ့်ငါးဖြစ်။ ကညာ = ၂၊ နွား = ၃၊ [illegible] = ၅၊ မြင်း = ၇၊ ပြဿာ = ၁၀၊ သိကြား = ၁၁၊ ပြဿာ = ၁၃၊ ဝဋ္ဋုန် = ၁၄၊ သိကြား = ၁၅ ဖြစ်၏။

**ရှောင်ရန်**

တစ်ရက်နတ်ခံ မရဏ၊ မြေခံမပြုရာ။ လေးရက်နဂါး ခံလာငြား၊ စီးပွားပျက်တတ်စွာ။ ခြောက်ရက်မှာ [illegible] သောက မြင်း၊ ဆင်ခြင်ကြကုန်ရာ။ ရှစ်ရက်မှာကား ဒွန်းစဏ္ဍား မမှားပျက်စီးရာ။ ကိုးရက်မှာကြား ခံဘီလူး၊ ရှောင်ဦး မ[illegible]။ ဆယ့်နှစ်ရက်တွင် ပျက်စီးချင်၊ ခံလျှင် ခွေးယုတ်မာ။

**ဆောင်ရန်**

နှစ်ရက်ကညာ၊ မှုကိစ္စာ၊ ကောင်းစွာပြီးစီးမှာ။ သုံးရက်မှာနွား၊ လာဘ်ပေါ်များ၊ ရှားပါးမရှိရာ။ ငါးရက်[illegible] မြေခံကြို၊ လုံးစုံကောင်းလေတာ။ ခုနစ်ရက်အတွင်း၊ သိန္ဓောမြင်း၊ အောင်ခြင်းမှုကိစ္စာ။ ဆယ်ရက်အကျ၊ ပြဿာခံ၊ ကြွယ်[illegible]မ်းသာမှာ။ ဆယ့်တစ်ရက်မှန် သိကြားခံ၊ ဧကန်ကောင်းလှစွာ။ ဆယ့်သုံးရက်မှန် ပြဿာခံ၊ ဧကန်ကောင်းလှစွာ။ ဆယ့်[illegible]းရက်ဝဋ္ဋုန် မြေခံကြို၊ လုံးစုံကြွယ်ဝရာ။ ဆယ့်ငါးသိကြား၊ ချမ်းသာပွား၊ ပျက်ပြားမရှိရာ။

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com


www.burmeseclassic.com

မနေ့ညက ဦးထွန်းယဉ် ဆုံးဖြတ်ချက်ချလိုက်တယ်။ အဲဒီဆုံးဖြတ်ချက်ကို အဝေးမှာနေကြတဲ့ သားကြီးနဲ့ သားလတ်ဆီကို အကြောင်းကြားလိုက်တယ်။ သားကြီးနဲ့ သားလတ်က ဝမ်းသာအားရစွာ လက်ခံပြီး သူတို့လည်း အဖေဖြစ်တဲ့ ဦးထွန်းယဉ်ရဲ့ စိန်ရတုမွေးနေ့မှာ ပါဝင်လှူဒါန်းမယ်လို့ အကြောင်းကြားခဲ့တယ်။

ဒါကြောင့် ဦးထွန်းယဉ်ဟာ မိမိနဲ့ အတူနေထိုင်တဲ့ သမီးလေး ဒီပါထွန်းရဲ့ တစ်ဦးတည်းလုပ်ပေးမယ့် စိန်ရတုသဘင်မွေးနေ့ပွဲမှာ အစ်ကို (၂) ဦးပါဝင်လာလို့ အတော်လေး ဝမ်းမြောက်ပီတိဖြစ်နေပါတယ်။ စိန်ရတုသဘင်ပွဲချိန်ဟာ အတော်လေးလိုပါသေးတယ်။ ဒါပေမယ့် ဦးထွန်းယဉ်ရဲ့ လှုပ်ရှားမှုဟာ မနေမနားဖြစ်နေတယ်။ အိမ်ဦးဘုရားခန်းရုပ်ပွားတော် (၃) ဆူ စံပယ်တဲ့နေရာကို မြှင့်လိုက်တယ်။ ညောင်ရေအိုးကြီးထားတဲ့ သုံးနေရာကို နည်းနည်းချဲ့ပြီး (၃) လက်မစီ မြှင့်ပေးလိုက်ပါတယ်။ ညောင်ရေအိုးကြီးထားတဲ့ (၃) နေရာကို နည်းနည်းချဲ့ပြီး (၃) လက်မဆီမြှင့်ပေးလိုက်ပါတယ်။ ဘုရားခန်းမျက်နှာကျက်ကိုလည်း အဝါရောင်ကနေ အပြာနုရောင်ဆင်လိုက်ပါတယ်။ ဘုရားခန်းရှေ့မျက်နှာစာကိုတော့ အဝါနုရောင်ပိုးတွန့်လေးများဆင်ထားလိုက်ပါသည်။ မီးကိုတော့ ဘုရားသုံးဆူရဲ့ အနောက်ဘက်ခေါင်းတော်နားမှာ မီးစကြာပုံများတပ်ဆင်ထားပါတယ်။ ပြီးတော့ ဘုရားခန်း

# ဖန်းမော်-ညိုသူ

## အဖေရဲ့စိန်ရတုမှတ်တမ်း





www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံးကို မီးရောင်စုံပတ်ပြီးပြေးနေတာန် မွမ်းမံထားပါတယ်။

ဦးထွန်းယဉ် အိမ်ကြီးဆောက်စဉ်က အိမ်ရှေ့ဝရန်တာကို ဟိုခေတ်သုံး ရှေးသို့ပုံစံများနဲ့ လုပ်ထားခဲ့ပါတယ်။ ဦးထွန်းယဉ် စိတ်ပြောင်းသွားလို့ မပြောတတ်ဘူး။ ယခု ဝရန်တာကို ကျွန်းပွတ်လုံးတိုင်များနဲ့လုပ်ဖို့ လက်သမားဆရာကို အပ်လိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ အိမ်ပြတင်းပေါက်များကိုလည်း လှလှပပလေးဖြစ်ရန် လုပ်ခိုင်းပါတယ်။ အိမ်ဆေးသုတ်သမားများကို ခေါ်ပြီး စားပွဲ၊ ကုလားထိုင်၊ ဗီရိုကြီးများနဲ့ ခင်းပျဉ်များကို အရောင်များထွက်အောင် ဆေးသုတ်စေပါတယ်။ အိမ်ရှေ့ဧည့်ခန်းဆောင်ကိုလည်း အပြာနုရောင်သုတ်စေတယ်။

"အစ်ကို၊ အစ်ကိုရဲ့စိန်ရတုသဘင်ကဝေးပါသေးတယ်။ အစ်ကိုရဲ့လှုပ်ရှားမှုတွေကို မြင်နေရတော့ အချော မောလိုက်တာ"

ဦးထွန်းယဉ်ရဲ့ဇနီး ဒေါ်ချောတင်က ပြောလိုက်တော့ -

"ဒီမှာ အချော၊ အချိန်ဆိုတာ အရမ်းမြန်တယ်။ နီးကပ်နေမှလုပ်ရင် တိုမနိုင်ဒီမနိုင်ဖြစ်တတ်တယ်။ ဘာပဲလုပ်လုပ်ကြိုတင်လုပ်တာအကောင်းဆုံးပဲ။ ရက်ဝေးမှ အစ်ကို့သူငယ်ချင်းတွေလည်းဖိတ်မယ်ဆိုတော့ အခုကတည်းက ကြွင်ဆင်ထားတာ အကောင်းဆုံးပဲ"

ဦးထွန်းယဉ် အဲဒီလိုပြန်ပြောလိုက်တော့ -

"အစ်ကို့သဘော၊ အစ်ကို့သဘော စိတ်ချမ်းသာသလိုသာလုပ်ပါ"

ဒေါ်ချောတင်ဟာ ဦးထွန်းယဉ်ကို မျက်စောင်းလေးထိုးပြီး မီးဖိုချောင်ထဲ ဝင်သွားခဲ့ပါတယ်။

ဒေါ်ချောတင်ဟာ ဦးထွန်းယဉ်ထက် (၆) နှစ် ငယ်ပါတယ်။ အခု အသက် (၆၉) နှစ်ရှိပါပြီ။ ဆံပင်မဖြူပါ။ ခါးဆစ်ရိုးကျိုးပေါင်းတက်လာတဲ့အတွက် ခါးနည်းနည်းကိုင်းနေပါတယ်။ ရှေ့သွားအစွယ်နှစ်ချောင်းနဲ့ အံသွားအပေါ်၊ အောက်လေးချောင်းသာ ကျန်ပါတော့တယ်။ဒါပေမယ့် အလွန်ကျန်းမာတယ်။တစ်အိမ်လုံးအလုပ်ဟာ သူ့အလုပ်ပဲလို့ ခံယူထားသူ ဖြစ်တယ်။ သားသမီးတွေက မလုပ်ပါနဲ့ဆိုလည်း မရဘူး။ မနက်မိုးမလင်းခင်ကတည်းကလုပ်တဲ့ အလုပ်ဟာ မိုးချုပ်အိပ်ရာဝင်တဲ့အထိပဲ။ သားသမီးတွေဟာ အမေဒေါ်ချောတင်ရဲ့ခြေရာကို တစ်ယောက်မှမမီခဲ့ကြဘူး။

ဦးထွန်းယဉ်ဟာ သူ့ရဲ့အိမ်ဝင်းကို လိုက်ကြည့်နေတယ်။ သံဆူးလိမ်ကြိုးခတ်ရကောင်းမလား။ ဝါးနက်ဝါးကို ရက်ပြီးခတ်ရကောင်းမလား။ ဝေခွဲမရစဉ်းစားနေတုန်းအိမ်ရှေ့အိမ်ရဲ့ဝါးနက်ဝါးနဲ့ခတ်ထားတဲ့ထရံကို မြင်လိုက်မိတယ်။ ဒါကြောင့် ချက်ချင်းဆုံးဖြတ်ချက်ချလိုက်တယ်။ ဝါးနက်ဝါးနဲ့ အိမ်ဝင်းကို ခတ်တော့မယ်လို့။ ထရံရက်သူကို ချက်ချင်းခေါ်ပြီး ဝါးနက်ဝါးမှာခိုင်းပါတယ်။ ဝါးနက်ဝါးဆိုတာ ခုတ်ရတာ အလွန်ခက်ခဲပါတယ်။ ငါးရက်၊ ခြောက်ရက်ကြာမှ ဝါးများရောက်လာပါတယ်။ ထရံရက်သူက တိုင်းထွာပြီး ခုတ်ဖြတ်ခွဲစိတ်ပါတယ်။ ခွဲစိတ်ထားတဲ့ဝါးများကို အချောကိုင်ပြီး ထရံရက်လုပ်ပါတယ်။

❒

"အချောရေ လာပါဦး"

ဦးထွန်းယဉ်ဟာ အိမ်ဦးဘုရားခန်းရှေ့မှာ လက်ဖက်ရည်ကြမ်းသောက်နေရာမှ ဇနီးဖြစ်သူ ဒေါ်ချောတင်ကို လှမ်းခေါ်လိုက်ပါတယ်။ ဒေါ်ချောတင်လည်း မီးဖိုချောင်တွင် ချက်ပြုတ်နေရာမှ အပြေးကလေးထွက်လာပါတယ်။

"အစ်ကိုရဲ့ဖိတ်စာကို ဒီလိုစီစဉ်ထားတယ်။ စိန်ရတုဆိုတော့ မနက်ပိုင်း သံဃာတော်တွေကို ဆွမ်းကပ်မယ်။ တရားနာမယ်။ (၉) နာရီကစပြီး ဖိတ်ကြားထားတဲ့ မိတ်ဆွေလူကြီးများနဲ့ သူငယ်ချင်း အပေါင်းအသင်းတွေကို ထမင်းကျွေးမယ်။ ပြီးတော့ လက်ဖက်ရည်၊ မုန့်နဲ့ ဧည့်ခံမယ်။ လက်ဖက်ရည်၊ မုန့်နဲ့ ဧည့်ခံတုန်း အစ်ကို အားလုံးကို နှုတ်ဆက်စကားပြောမယ်။ မင်းသားကြီးဇေယျ စစ်ကိုင်းချောင်မှာ တရားအားထုတ်နေရာက တစ်ရက်မှာ ရန်ကုန်ကို ဆင်းလာပြီး အနုပညာသည်တွေကို နှုတ်ဆက်သလို အစ်ကိုလည်း အစ်ကို့အပေါင်းအသင်းအားလုံးကို နှုတ်ဆက်မှာဖြစ်တယ်"

ဒေါ်ချောတင် ထိတ်လန့်သွားပါတယ်။

မင်းသားကြီးဇေယျဟာ သူ့အပေါင်းအသင်း အနုပညာရှင်များကို နှုတ်ဆက်ပွဲအပြီး ပျံလွန်တော်မူသွားသလို အစ်ကိုလည်း ဒီလိုအဖြစ်မျိုးနဲ့ ကြုံလေမလားဆိုတဲ့ စိုးရိမ်စိတ်ဟာ ဒေါ်ချောတင်ကို ဖုံးလွှမ်းသွားပါတယ်။ သို့ပေမယ့် -

"အစ်ကို့သဘောပဲ၊ အစ်ကိုစိတ်ချမ်းသာသလိုလုပ်ပါ"

ဒေါ်ချောတင်ဟာ စိတ်မကောင်းစွာနဲ့ အိပ်ခန်းထဲသွားပြီး တရှိုက်ရှိုက်ငိုနေပါသည်။ သူ့ငိုသံကို ကြားတော့ ဦးထွန်းယဉ် အခန်းထဲဝင်လိုက်သွားတယ်။

"အချော၊ ဘာဖြစ်လို့ငိုနေတာလဲ။ နိမိတ်မရှိနမာမရှိကွယ်"

ဦးထွန်းယဉ် အဲလိုပြောလိုက်တော့ -

"အစ်ကိုလုပ်နေတာတွေဟာ နိမိတ်ဖတ်နေသလိုပဲ။ စိန်ရတုလုပ်ပြီးရင် အစ်ကိုသေတော့မယ်ကျနေတာပဲ။ ဒါကြောင့် အချောစိတ်ထဲမှာ တစ်မျိုးကြီးခံစားနေတယ် အစ်ကို"

"အချော လူဆိုတာ သေမျိုးချည်းပါပဲ။ ဒါပေမယ့် ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာရောဂါနဲ့ သေမယ်ဆိုတာသာ မသိကြတာ။ အစ်ကိုဟာ လူ့ဘဝသက်တမ်းရဲ့ လေးပုံသုံးပုံကိုရောက်နေပြီ။ မကြာခင် သေတော့မှာကို သိနေတယ်။ အစ်ကိုနဲ့ သက်တူရွယ်တူ မိတ်ဆွေတွေ ကျောင်းနေဖက်သူငယ်ချင်းအတော်များများ သေကုန်ကြပြီ။ အစ်ကို့ကို ဒီအချိန်အထိ နေခွင့်ပေးထားတဲ့ သေမင်းကို ကျေးဇူးတင်မိတယ်။ဘာဖြစ်လို့လဲဆိုတော့ ဘဝရဲ့လက်ကျန်အချိန်လေးမှာ လူ့နိုင်ငံတန်းနိုင်ခဲ့တယ်။ ဝိပဿနာအလုပ်လည်းလုပ်နေရတယ်။ ဒါဟာ လူ့ဘဝရဲ့သက်တမ်းရှည်ခြင်းရဲ့ အမြတ်ပေါ့"

ဦးထွန်းယဉ် ဒီလိုပြောလိုက်တော့ ဒေါ်ချောတင် အငိုတိတ်သွားသည်။

"နောက်ပြီး အချောကို ပြောလက်စ စကားနဲ့ ပြောရဦးမယ်။ အစ်ကို လူ့သမ္မာ ကုသိုလ်တိုင်းမှာ အချောလည်း စိတ်တူကိုယ်တူဖြစ်နေလို့ အချော ကုသိုလ်ရပါတယ်။ ဝိပဿနာအလုပ်မှာလည်း အတူတူလုပ်နေသို့ အစ်ကိုကုသိုလ်ရသလို အချောလည်း ကုသိုလ်ရနေပါတယ်။ ဒါပေမယ့် ဘယ်ဘဝကို အတူတူသွားဖို့ဆိုတာကတော့ ပြောလို့မရပါဘူး။ ဘဝဆိုတာ သိသင့်သိနဲ့ အလွန်နက်နဲပါတယ်။ ဘယ်ကလာလို့ ဘယ်ကိုသွားရမှန်းမသိတဲ့ ဘဝတွေပါ။ အတိတ်ဘဝရဲ့ ကုသိုလ်ဆက်တွေကြောင့် လူ့ဘဝကိုရလာကြတာ။ လူ့ဘဝရောက်ပြန်တော့ တကျော့ကို အချစ်ထားပြီး တစ်ဦးနဲ့တစ်ဦး

www.burmeseclassic.com

ပေါင်းဖက်ကြတယ်။ တကျော့တောင်လေးတွေမွေးထားပြီး ထွက်ခွာသွားရပြန်တယ်။ ဘယ်ကိုသွားရမှန်းမသိတဲ့ ဘဝနဲ့ ခရီးဆက်ရပြန်တယ်။ ကုသိုလ်နဲ့ အကုသိုလ်တရားဟာ ဆက်မယ့်ခရီးရဲ့ ညွှန်ကြားရေးမှူးတွေပေါ့။ ကုသိုလ်လုပ်ခဲ့တဲ့သူဟာ ကောင်းတဲ့လမ်း။ အကုသိုလ်လုပ်ခဲ့တဲ့သူဟာ မကောင်းတဲ့လမ်းကို သွားရမယ်လို့ ဘုရားဟောရှိခဲ့သလို လူအားလုံးဟာ သံသရာလည်နေကြပါတယ်။ အစ်ကိုနဲ့ အချောဟာ အတိတ်ကံကြောင့် ဒီဘဝမှာလာပြီးဆုံကြတယ်။ ပြီးတော့ ဘယ်ဘဝကို သွားကြဦးမယ် မသိသေးဘူး။ ဒါကြောင့် လက်ကျန်အချိန်ကလေးများမှာ ဒါနကိုအတူလုပ်ပြီး ဝိပဿနာနဲ့ သွားရအောင်နော်။ ဒါမှ ကောင်းရာဘုံမှာ အစ်ကိုနဲ့ အချောပြန်ဆုံကြမှာ"

ဦးထွန်းယဉ်ဟာ ဇနီးသည် ဒေါ်ချောတင်ကို ကျောလေးပုတ်ပြီး တရားစကားတွေ ပြောလိုက်ပါတယ်။

ဒေါ်ချောတင်ဟာ ဦးထွန်းယဉ်ရဲ့ စကားကို အတော်လေး သဘောပေါက်သွားတယ်ထင်ပါတယ်။ ဘာမှစောဒကမတက်တော့ပါ။

ဦးထွန်းယဉ် အိမ်ကိုပြင်ဆင်နေတာ တစ်လကျော်သွားခဲ့ပြီး အားလုံးပြီးစီးလုဖြစ်နေတဲ့အချိန်ကျမှ အိမ်ခေါင်မိုးကိုကြည့်တော့ အိမ်မိုးသွပ်များဟာ သံချေးများဖြစ်နေတာကို တွေ့လိုက်ရတယ်။ ဆေးသုတ်သမားကို ခေါ်ပြီး နီညိုရောင် သုတ်ခိုင်းပါတယ်။

"အစ်ကို၊ နီညိုရောင် ဆိုတော့ ဘုန်းကြီးကျောင်းနဲ့ တူမနေဘူးလား။ ငရဲကြီးနေဦးမယ်"

နီညိုရောင်သုတ်နေတာကို မြင်တော့ ဒေါ်ချောတင်မေးပြောပြောလိုက်ပါတယ်။

"အရောင်တူတာနဲ့ ဘာမှမဖြစ်ပါဘူး။ ဘုန်းကြီးကျောင်းဟာ ဘုန်းကြီးကျောင်းပဲ။ အိမ်ဟာအိမ်ပဲ အချော"

ဦးထွန်းယဉ်နဲ့ ဇနီးစကားပြောနေစဉ် ဖုန်းခေါ်သံကြားလိုက်လို့ ဦးထွန်းယဉ် ဖုန်းနားထောင်လိုက်တယ်။

"အေးအေး - ဒီနေ့ပဲ အဖေသွားထုတ်လိုက်မယ်။ အိမ်ကိုတော့ အားလုံးပြုပြင်ထားပြီ။ သားတို့မိသားစုလာနိုင်အောင် ကြိုးစားပါ။ အဖေရဲ့ သားသမီးများ မြေးများနဲ့ အမှတ်တရဓာတ်ပုံရိုက်ထားချင်တယ်"

စစ်ကိုင်းမှာနေတဲ့ သားလတ်က ဦးထွန်းယဉ်ရဲ့ စိန်ရတုအတွက် ငွေသုံးသိန်းပို့လိုက်ကြောင်း ဖုန်းဆက်ခြင်း ဖြစ်တယ်။

"ကဲ - အချောရေ သားလတ်ကတော့ ငွေသုံးသိန်းပို့လိုက်ပြီတဲ့။ အဲဒါ အစ်ကို ကမ္ဘောဇဘဏ်ကို သွားပြီး ငွေထုတ်လိုက်ဦးမယ်"

ဦးထွန်းယဉ် ပြောနေတုန်းရှိသေး၊ ဖုန်းတစ်ခု ဦးထွန်းယဉ်ဆီဝင်လာပြန်သည်။

"အဖေအခုပဲသွားထုတ်လိုက်မယ်။ သားကြီးရဲ့ညီ တိုင်းလင်းဆီကလည်း ငွေသုံးသိန်းပို့လိုက်လို့ အဖေသွားမလို့လုပ်တုန်း သားကြီးဆီက ဖုန်းရောက်လာတာပဲ။ သားကြီးက ငါးသိန်း၊ သားလတ်ကသုံးသိန်းဆိုတော့ အဖေ့စိန်ရတုအားလုံးအဆင်ပြေပါပြီ"

မြစ်ကြီးနား တနိုင်းမှာနေတဲ့ သားကြီးက ဆက်တဲ့ဖုန်း ဖြစ်ပါတယ်။ စမ်းဝါးဝါးလုပ်မယ့် စိန်ရတုသဘင်ဟာ အချုပြည့်စုံသွားလို့ ဦးထွန်းယဉ် အရမ်းဝမ်းသာနေတယ်။

"အချောရေ့ သားကြီးဆီက ဖုန်းလာတယ်။ အစ်ကို့စိန်ရတုအတွက် ငါးသိန်းပို့လိုက်တယ်တဲ့"

ဒေါ်ချောတင် ဝမ်းသာမဆုံးတော့ပါ။ အဖေ့စိန်ရတုမှာ ဒီလိုကုသိုလ်ပါဝင်ခဲ့ကြတဲ့သားများကိုလည်း ကျေးဇူးတင်မဆုံးတော့ပါ။ အမှန်တော့ သမီးငယ်ဆုံးလေး ဒီပါထွန်း မှတည်ပေးလိုက်တဲ့ အဖေ့ စိန်ရတုဟာ သားသားနားနား ဖြစ်တော့မှာမို့ မိသားစုအားလုံး ပျော်တပြုံးပြုံးဖြစ်နေကြပါတယ်။

❒

"အချော၊ အစ်ကိုတို့ ဘုန်းကြီး ပင့်ရင် (၉) ကျောင်း ပင့်မယ်။ အစ်ကိုနဲ့ စာရေးဖက်ဖြစ်တဲ့ ဘုန်းကြီး(၄)ပါးရယ်၊ အခြားကျောင်းကငါးပါးရယ်ပေါ့။ ကန်ဦးဆရာတော်ကို ရေစက်ချပေးဖို့ လျှောက်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကန်ဦးဆရာတော်ဟာ အဘိဓမ္မာမှာ ကျွမ်းပြီး ရိပ်သာများမှာ တရားဟောပေးနေတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ပါ။ နောက်ပြီး ဆရာတော်အားလုံးကို သက်န်းကပ်မယ်။ စာရေးဆရာအားလုံးကို ဖိတ်မယ်"

ဦးထွန်းယဉ်ဟာ သူ့ရဲ့အစီအစဉ်များကို ခုတင်ပေါ် လှဲလျောင်းရင်းကနေ ချစ်ဇနီး ဒေါ်ချောတင်ကို ပြောရင်း ပြောရင်းကနေ အသံမထွက်လာတော့ပါ။

တစ်ဖက်ကို လှည့်ရင်း ဦးထွန်းယဉ်ရဲ့ စကားကိုနားထောင်နေတဲ့ ဒေါ်ချောတင်ဟာ ဦးထွန်းယဉ် အိပ်ပျော်သွားပြီထင်လိုက်ပါတယ်။ ခါတိုင်းအိပ်ပျော်နေရင် ဦးထွန်းယဉ်ရဲ့အသက်ရှူသံဟာ ပြင်းတယ်။ အခုတော့ ဘာသံမှမကြားတဲ့အတွက် ဒေါ်ချောတင်သံသယဝင်သွားတယ်။ ဒါကြောင့် ဦးထွန်းယဉ်ဘက်လှည့်လိုက်ပါတယ်။ စောင်းစောင်းလေး အိပ်ပျော်နေတဲ့ပုံစံမျိုးမဟုတ်ဘဲ ခေါင်းက ခေါင်းအုံးပေါ်မရှိတော့ဘဲ အိပ်ရာပေါ်ရောက်နေပါတယ်။ နှာခေါင်းကို စမ်းလိုက်ပါတယ်။ လုံးဝအသက်မရှိတော့ကြောင်း သိလိုက်ရတယ်။ လှုပ်နှိုးကြည့်ရာ လုံးဝနိုးမရတော့ပါ။ ဒေါ်ချောတင် ဦးနှောက်မြွေပေါက်သွားပါပြီ။ စိုးရိမ်စိတ်ထိပ်ရောက်သွားပြီး -

"သားတို့၊ သမီးတို့ လာကြဦး။ မင်းတို့အဖေ အသက်မရှိတော့ဘူး။ ဘယ်လိုဖြစ်တယ်ဆိုတာကြည့်ကြပါဦး"

သားငယ်နှင့် သမီးနှစ်ယောက် သူတို့အိပ်ခန်းများမှ ပြေးလာကြပြီး သူတို့အဖေကို ကြည့်ကြတယ်။ အသက်မရှိတော့ကြောင်း သိလိုက်တယ်။ သားငယ် လပြည့်ဝန်းက ဆိုင်ကယ်ထုတ်ပြီး သူငယ်ချင်းဆရာဝန်အိမ်ကိုပြေးတယ်။ ဆရာဝန်ပါလာတယ်။ ဦးထွန်းယဉ်ကို သေချာစွာ စမ်းတယ်။ နှလုံးသွေးကြောပိတ်ပြီးဆုံးတာလို့ကောက်ချက်ချတယ်။

"သူငယ်ချင်း မင်းအဖေဆီမှာ နှလုံးရောဂါရှိနေတယ်ဆိုတာ မင်းသိလား။ နှလုံးရောဂါဆိုတာ အပျော်လွန်သွားရင်လည်း သေတတ်တယ်။ စိတ်ညစ်လွန်းရင်လည်း သေတတ်တယ်။ အခုသေပုံက မင်းပြောပြချက်အရ သူ့ရဲ့ စိန်ရတုပွဲအတွက် ပြင်ဆင်နေတုန်းဖြစ်တယ်ဆိုတော့ အပျော်လွန်ပြီး သေပုံရပါတယ်။ ကောင်းရာရောက်မှာပါ။ မင်းအရမ်းဝမ်းမနည်းပါနဲ့".

ဆရာဝန်ကို လပြည့်ဝန်း လိုက်ပို့တယ်။

ဒေါ်ချောတင်ဟာ ဆရာဝန်စစ်ဆေးချက်အရ ဦးထွန်းယဉ် အမှန်ဆုံးသွားပြီဖြစ်ကြောင်း သိလိုက်ရတာနဲ့ -

"အမလေး အစ်ကိုရယ်၊ အချောကို ထားခဲ့ပြီလား။ စိန်ရတုတောင် မလုပ်သွားနိုင်တော့ပါလား။ (၅) ရက်ပဲလိုတော့တယ်လေ။ စိန်ရတုအခမ်းအနားကြီးလုပ်ဖို့ ကြိုးစားလာလိုက်တာ (၃)လ တောင်ရှိတော့မယ်။ သေမင်းက အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ပျောမှပြောသော စားသောက်ဖွယ်ရာနှင့်ဆေးနည်းနာများ

အာကာသ(သာစည်)

ငှက်ပျောသီးကို ကလေးအစ လူကြီးအဆုံး မိသားစုဝင်အားလုံးတို့က သရေစာအဖြစ်စားရင်း ရင်းနှီးကျွမ်းဝင်ကြပါသည်။ အမြတ်တနိုးပြုအပ်သော ဘုရားတို့အတွက် မြတ်နိုးဖွယ်ရာပစ္စည်းအဖြစ် လှူဒါန်းရာတွင်လည်း မပါမဖြစ်ပါခဲ့ရသည်။ ငှက်ပျောကို စားသုံးပင်အဖြစ်သာမက သဘာဝ ဂမ္ဘီရ ဆေးဖက်ဝင်အဖြစ်လည်း သုံးစွဲကြသည်။

ငှက်ပျောကို တစ်ပြည်လုံးလိုလို (၁၂)ရာသီအစိုဓာတ်ရသော မြစ်ချောင်းအင်းအိုင်များအနီးတွင် မြေနိမ့်ရေထွက်များအနီး၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြသည်။ အချို့က အိမ်ဝင်းခြံအတွင်း နေထိုင်သည့်နေရာတို့တွင် အလှပင်အဖြစ် စိုက်ပျိုးကြသည်လည်းရှိသည်။ 'မိလိုက်၊ ဖလိုက် ငှက်ပျောစိုက်' ဆိုသလို မိဘ ဘိုးဘွားလက်ထက်ကတည်းက အစဉ်အဆက်စိုက်ပျိုးသူများသာ စိုက်ခဲ့ကြသည်။

နေအိမ်ခြံဝင်းအတွင်း တစ်ပင်စနှစ်ပင်စစိုက်ပျိုးကြရာတွင် စိုက်နည်းမှန်မမှန်ကိန်ပါက ငှက်ပျောသီးလာချိန်တွင်



ငှက်ပျောသီးခိုင် နေအိမ်ဘက်လှည့်ထွက်နေလျှင် မိသားစု၏ စီးပွားရေး၊ ကျန်းမာရေးအား ထိခိုက်တတ်သည်။ စိုက်ပျိုးပြီး ငှက်ပျောပင်များ အပင်ခြေခေါင်းပေါ်နေလျှင်လည်း တောဝင် (အစေ့တည်) တတ်သဖြင့် အပင်ရင်းကို အခါအားလျော်စွာ မြေဖို့ပေးရသည်။

ငှက်ပျောသည် ဖီးကြမ်း၊ နံ့သာပူ၊ ဆင်အံ၊ ရွှေနီ၊ ရခိုင် ဝက်မလွတ်၊ သီးမွှေး၊ သူငယ်စာ စသဖြင့် အမျိုးပေါင်း(၅၀)ကျော်ရှိသည်။ အမျိုးအမည်

တို့ပဲ ခေါ်ရသလား။ သေမင်းမတရားဘူး။ စိန်ရတုမှာ အစ်ကိုစကားပြောဦးမယ်ဆို၊ ဘာတွေပြောဦးမှာလဲ။ အခုမျှော်နိုင်သေးရဲ့လား။ ကန်ဦးဆရာတော်ကို တရားဟောပေးဖို့ လျှောက်ဦးမယ်ဆို၊ အခုလျှောက်နိုင်သေးရဲ့လား။ ညော် - အစ်ကိုရယ်၊ ဒါနကို အတူလုပ်ပြီး ဝိပဿနာနဲ့သွားကြရင် ကောင်းရာဘုံမှာ အချောနဲ့ အစ်ကို ပြန်တွေ့နိုင်တယ်ဆိုတဲ့စကားဟာ ကုသိုလ်ရေးမှာ များများလုပ်ဖို့ အချောကို ပြောခဲ့တာလား အစ်ကို။ ပင့်သံဃာအားလုံးကို သတ်နီးကပ်ဦးမယ်ဆို။ အခုတော့ အစ်ကိုသွားပြီနော်။ သမီးတို့ရေ အစ်ကိုကြီးနဲ့ အစ်ကိုလတ်ကို ဖုန်းဆက်ပါ။ အဖေဆုံးပြီလို့။ နက်ဖြန် ဖြစ်တဲ့နည်းနဲ့ လာခဲ့ကြပါလို့"

ဒေါ်ချောတင်ရဲ့ ကျယ်ကျယ်လောင်ငိုသံများကြောင့် ပတ်ဝန်းကျင်အိမ်နီးနားချင်းများ ရောက်လာကြတယ်။ စုတ်တသသနဲ့ ဖြစ်ကုန်ကြတယ်။

"စိန်ရတုအတွက် နက်ဖြန်အစည်းအဝေးလုပ်ဖို့တောင် ကျုပ်ကိုလာပြောသေးတယ်"

သာရေးနာရေးဥက္ကဋ္ဌကြီးကပြောလိုက်ပါတယ်။

"ဒါကြောင့် ပြောကြတာပေါ့။ လူဆိုတာ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ ဘဝနိဂုံးချုပ်ကြတယ်တဲ့။ ဒီစကားဟာ အလွန်မှန်တဲ့စကား ဖြစ်တယ်။ ဘုရားဟောခဲ့သလို ဖြစ်ခြင်းဟာ ပျက်ခြင်းသဲဘောပါပဲ။ ဦးထွန်းယဉ်ဟာ အလွန်ကျန်းမာတဲ့လူပါ။ ဒီလိုအသေစောလိမ့်မယ်မထင်ခဲ့ဘူး။ ဘာအလုပ်ပဲလုပ်လုပ် လူငယ်တွေနဲ့ တန်းတူလုပ်နိုင်တဲ့လူကြီးပါ။ မနေ့က အထိ သူ့စိန်ရတုအတွက် ကြိုတင်ပြင်ဆင်နေတာကို မြင်နေရတာကိုက ကျွန်တော်တို့ ဝမ်းမြောက်မဆုံးဖြစ်နေကြတယ်။ အခုတော့များ ဦးထွန်းယဉ်ရဲ့ စိန်ရတုအခမ်းအနားဟာ သူ့ရဲ့ဆွမ်းကျွေးဖြစ်သွားပြီ မဟုတ်လား။ အရမ်းရင်နာစရာကောင်းလှပါတယ်ဗျာ"

သာရေးနာရေးဥက္ကဋ္ဌ ဦးသိန်းမောင်ရဲ့စကားအဆုံးမှာ အသုဘကို ရောက်လာကြတဲ့လူအားလုံး မျက်ရည်ကျကြပါတယ်။

"အမလေး အစ်ကိုရယ် အချောဘယ်လိုဖြေရမလဲ။သားကြီးနဲ့ သားလတ် နက်ဖြန်ပြန်ရောက်ကြတော့မယ်။ သားကြီးနဲ့ သားလတ်ကို တွေ့ချင်တယ်ဆို။ ဘာတွေမှာချင်၊ ဘာတွေပြောချင်လို့လဲ အစ်ကို။ ဒီသား(၂)ယောက်အကြောင်း မပါရင် ထမင်းမဝင်တဲ့အစ်ကို နက်ဖြန် ရောက်ကြမယ်။ ထကြို ◌ိုက်ဦးလေ"

ဒေါ်ချောတင်ဟာ အသုဘကြီး ဦးထွန်းယဉ်ကို ဖက်ဖက်ပြီးငိုနေတဲ့သူ့အတွက် ဥက္ကဋ္ဌကြီးနဲ့ သားသမီးများက ဒေါ်ချောတင်ကို တစ်ဖက်ခန်းသို့ ခေါ်ဆောင်သွားကြပါတယ် ရပ်ကွက်သူ ရပ်ကွက်သားအပေါင်းက ဝိုင်းဝန်းပြီး အသုဘကို အလှဆုံးဖြစ်အောင် ပြင်ဆင်နေကြပါတော့တယ်

သဗ္ဗေသခါရ အ◌ ◌ပါတကား။

ခန်းမော်ညီသူ



www.burmeseclassic.com

www.burmeseclassic.com

များပြားသော်လည်း အကျိုးအပြစ်များစွာ မကွာခြားကြဘဲ အဖို၊ အမ၊ နပုန်း ဟူ၍ (၃) မျိုးရှိရာ -

၁။ အပင်ပု၍ အရွက်ကြီးသောအခိုင်တွင် အဖိုးနည်းသော အမမျိုး၊
၂။ လုပ တင့်တယ်သော အပင်၏ အခိုင်တွင် အဖီးများပြီးသားတက် ပါသောအဖိုမျိုး၊
၃။ အဖီးငယ်က အလုံးပိန်သေးပြီး သားတက်မရှိသော နပုန်းမျိုး ဟူ၍ ဖြစ်သည်။

ငှက်ပျောကို ဥယျာဉ်ခြံနှင့် စိုက်ပျိုးရာတွင် ငှက်ပျောတစ္ဆေအခြောက်မခံရအောင် သူငယ်စာငှက်ပျောတစ်ပင်လောက်တော့ ပါအောင်စိုက်ကြသည်။ ငှက်ပျောတစ္ဆေမှာ လေကြမ်းမလာဘဲ တစ်ခြံလုံး တဝေါဝေါတပြောပြောမြည်ကာ တောခြောက်သကဲ့သို့ ဖြစ်တတ်ပြီး ယင်းအခါမျိုးတွင် အသီးပင်ညှဲ့ဖျင်း၍ ငှက်ပျောအထွက်နည်းပါသည်။ သူငယ်စာငှက်ပျောသည် တောငှက်ပျောနှင့်မှားယွင်းတတ်ကြပြီး သူငယ်စာငှက်ပျောအစေ့က တျောရှိုးညီတာ အရွက်၊ အဖူး အသီးများ အထက်သို့ထောင်နေကြပါသည်။

ငှက်ပျောကို နည်းအမျိုးမျိုးဖြင့် စားသုံးကြရာ မုန့်ဟင်းခါးအရည်ဖျော်တွင် ငှက်ပျောအူဟင်းခါးချိုက မပါမဖြစ် လူကြိုက်များကြပါ၏။ ငှက်ပျောသီးအစိမ်း ပါးပါးလှီးကာ ချဉ်ရည်ဟင်းအဖြစ် လည်းကောင်း၊ ငှက်ပျောအူအစိမ်းကို တို့စရာအဖြစ် လည်းကောင်း စားသုံးကြသည်။ အချို့က ငှက်ပျောဖူးကို ပြုတ်၍ ချဉ်ဖတ်လုပ်စားကြသလို ငှက်ပျောဖူးကို ဆီပြန်ဟင်းအဖြစ်လည်း ကြော်ချက်စားကြသေးသည်။

ထမင်းစားပြီးတိုင်း ဆီးဝမ်းမှန်၍ အစာကြေနိုင်ရန် ဖီးကြမ်းငှက်ပျောတစ်လုံး စားပေးခြင်းဖြင့် အားရှိစေပါသည်။ ဥတုဘောဇနသင်္ဂဟကျမ်းတွင် ငှက်ပျောသီးစားပြီးပြီးချင်း ရေအေးမသောက်ကောင်း။ ဝမ်းကိုက်နာ၊ အစာမကြေနာ ဖြစ်တတ်၏ဟု ဆိုပါသည်။ ဖီးကြမ်းငှက်ပျောသည် အပူကြောင့်ဖြစ်သော အပူ၊ အခိုးအငွေ့တို့ကို လည်းကောင်း၊ သည်းခြေသလိပ်ကြောင့်ဖြစ်သောအနာ၊ ဝမ်းခက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝထဝီအား ရှိခြင်းတို့ ဖြစ်စေသည်။

ပင်မှည့်ငှက်ပျောသည် လေနာ၊ သည်းခြေနာတို့နှင့်သင့်လျော်ကာ မှည့်စတွင် စားသုံးပါက ဝမ်းချုပ်တတ်ပြီး အမှည့်ပျော့ပျော့စားလျှင် ဝမ်းကောင်းပါသည်။ ဆေးကျမ်းများတွင် အသီးစိမ်းသည် ဖန်၏၊ ချို၏၊ အေး၏၊ ကြွခဲ၏၊ ဝမ်းချုပ်၏၊ အဆီရှိ၏၊ သလိပ်၊ သည်းခြေ၊ သွေး၊ လေတို့ကို နိုင်၏။ ရေငတ်ခြင်း၊ ပူလောင်ခြင်း၊ ထိခိုက်ရှနာခြင်း၊ ဓာတ်ကုန်ခန်းခြင်းတို့ကိုနိုင်၏။ နှုတ်ကို မြိန်စေတတ်၏။ သုက်အားကို ပွားစေတတ်၏။ လူကိုဝစေ၏။ ဆာမွတ်ခြင်း၊ ရေငတ်ခြင်းတို့ကို ပျောက်စေနိုင်၏။ မျက်စိနာ၊ မောဟနာတို့ကို နိုင်၏ဟု ဆိုသည်။

ဆေးရုံဆေးခန်းနှင့်ဝေးကွာသော ကျေးလက်တောရွာများတွင် နွယ်မြတ်သစ်ပင်ဆေးဖက်ဝင်သော ငှက်ပျောကို နည်းအမျိုးမျိုးသုံးကာ ဆေးဝါးအဖြစ် အသုံးပြုနေကြသည်။ လုပ်ငန်းခွင်ထဲ တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက်လုပ်ရသည့်အခါ မတော်တဆခိုက်မိသော အတွင်းကြေဒဏ်ရာများအား ငှက်ပျောသီးမှည့်နှင့် ဆားကို ရောနယ်ပြီး အုံပေးရသည်။ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်စေ၊ ခံတွင်းပျက်၍ဖြစ်စေ ငှက်ပျောသီးကို ထန်းလျက်နှင့်စားလျှင် အလွယ်တကူ ပျောက်ပါသည်။

မီးယပ်၊ ဒူလာ တေဆေးအဖြစ် ငှက်ပျောဖီးကြမ်းတစ်ဖီး၊ အုန်းသီးတစ်လုံးကို ရှားစောင်းလက်ပပ်၊ မန်ကျည်းမှည့်၊ ထန်းလျက် (၂၀) ကျပ်သားစီ၊ စမုန်မျိုးငါးပါး (၁) ကျပ်သားစီနှင့် တျိုချက်ပြီး စားသုံးနိုင်သည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဓာတ်ဆရာကြီးဦးပို၏ ဆေးပညာအား စမ်းသပ်လိုသဖြင့် ရှေ့တော်ခေါ်ယူစေကာ လူကောင်းတစ်ဦးအား ချက်ချင်း ဖျားစေပြီး ချက်ချင်း အဖျားကျအောင်လုပ်ရမည်ဟု မိန့်တော်မူခဲ့၏။

ဓာတ်ဆရာ ဦးပို့က လူကောင်းတစ်ယောက်အား နေအပူရှိန်ပြင်းနေချိန်တွင် နန်းတော်ကိုပတ်ကာ အမောဆို့လောက်အောင် ပြေးခိုင်းသည်။ ပြေးပြီးပြီးချင်း ငှက်ပျောသီးအား စားစေရာ ခဏချင်း အဖျားတက်လာခဲ့၏။ ယင်းအဖျားတက်နေသူကို ငှက်ပျောသီးအဝစားခိုင်းရာ အစားများပြီးအန်ထုတ်လိုက်သောကြောင့် အဖျားပြန်ကျသွားကြောင်း ဖတ်ရဖူးသည်။

တစ်ကိုယ်လုံး မီးလောင်နာဖြစ်လျှင် ငှက်ပျောသီးမှည့်ကို အနာပေါ် အုံပေးခြင်းဖြင့် အေး၍အဖုမပေါက်နိုင်ဘဲ ငှက်ပျောဖက်ကိုခင်း၍ အုပ်၍ထားခြင်းဖြင့်လည်း ဝေဒနာကို သက်သာစေပါသည်။ အညော်မိနာဆိုလျှင် ငှက်ပျောသီးနုနုကို ရေနံချေးဖြင့် ရောကြိတ်ပြီး အုံပေး၊ ပတ်တီးစည်းပေးပါက ယူမှတ်သလို ပျောက်ပါသည်။ ငှက်ပျောသီးအခွံပါ မီးဖုတ်ကာ အသားကို နို့မျက်တလေးများကျွေးပေးလျှင် အားဖြစ်စေသည်သာမက သူငယ်နာပါကင်းဝေးစေသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် ငှက်ပျောမြစ်သည် လေ၊ သည်းခြေတို့နိုင်၏။ အားကိုဖြစ်စေ၏။ ကြွခဲ၏ဟု ဆိုသည်။ ငှက်ပျောသီးဖီးကြမ်းပျော့ပျော့ကို နှမ်းဆီစစ်စစ်နှင့်ကြော်ပြီး နေ့စဉ်စားပေးလျှင် အားအင်အဖြစ်မြန်ကာ ရောဂါနုံနေသေးသော ပန်းသေ၊ပန်းညိုး ရောဂါပင်လျှင် ပျောက်သည်။

ငှက်ပျော၏ အသုံးဝင်ပုံများကား ရေးပြ၍မကုန်နိုင်အောင်ရှိသည်။ အလှူပွဲ၊ မင်္ဂလာပွဲ ကန်တော့ပွဲများတွင် ငှက်ပျောပွဲမပါလျှင်မဖြစ်ပါနေကြသလို ညှိခံစားပွဲများတွင်လည်း ငှက်ပျောပေါင်း၊ ငှက်ပျောကြော် စသည်ဖြင့် ပါရှိနေကြ၏။ ကောက်ညှင်းဖြင့်လုပ်သော ငှက်ပျောထုပ်ကလေးများကလည်း မမေ့ရက်စရာ စားကောင်းလှပါသည်။

မည်သို့ပင်ဖြစ်စေ ရှေးပဝေသဏီကတည်းက ငှက်များစားရာမှ စားကောင်းမှန်းသိခဲ့ရသည့် ငှက်တွေ ပြောသော 'ငှက်ပျော' ကတော့ အသုံးဝင်နေဦးမည်သာ ဖြစ်ပါသည်။

*ကာယ၊ စိတ္တ သုခနှစ်ဖြာ*
*ဉာဏ်ပညာနှင့်*
*ပြည့်စုံလျက်ရှိကြပါစေ*

အာကာသ (သာစည်)

**ကိုးကား -**

ယောမြို့ေးအတွင်းဝန်ဦးဘိုးလှိုင်ရေး ဥတုဘောဇနသင်္ဂဟကျမ်း
ဦးလှခင် (ဆန်းညွှန့်ဦး) ပြုစုသော မီးဖိုချောင်မှဆေးစွမ်းကောင်းများ (ဒုတိယတွဲ)
ငှက်ပျောတောင်သူ ဦးကြည်တင် (ကွယ်လွန်) ၏ ပြောပြချက်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မြန်မာတွေမှာ ...နည်းကုထုံးတွေ အမျိုးမျိုးရှိခဲ့ကြပါ...။ ဗိန္ဒောဆေးခေါ် ပရဆေးများနဲ့ ...နည်း၊ ဓာတ်စာခေါ် အစားအစာ ...နည်း၊ ဆေးမြီးတိုခေါ် မြစ်ချင်းပြီး ...အရွက်,အပွင့်,အပင်,အမြစ်ဆိုတဲ့ ...ပါးအပင်နဲ့ကုနည်း၊ ပယောဂခေါ် ...အိုင်,ခါးလှည့်,လက်ဖွဲ့,မန္တရားတို့နဲ့ ...နည်း၊ စတီသဘောခေါ် ဂမ္ဘီရဆန်စွာ ...လုပ်၍ကုနည်း၊ သရဏဂုံတည် ...ပရိတ်အရန်အတားတို့ပြု၍ သစ္စာ ...ဘုရားကုကုနည်း။ လောကရှိ ...ရာတိုသစ္စာဆိုကာ သစ္စာဖြင့်ကုနည်း ...တော့ကာ အမျိုးမျိုးရှိပါတယ်။ ယခု ...တိုင်အောင်လည်း အလျဉ်းသင့်ရင် ...နည်းတွေနဲ့ ကုသနေဆဲပါ။

ယခု ကျွန်တော် တင်ပြချင်တာ ... စတီသဘောကုနည်းတစ်ခုပါ။ ဒီရဲ့ ...တီသဘောလေးတွေဟာ တစ်ခါတစ်ရံ ...တ်မှတ်ဘဲ အတော်လေးအရေးရောက် ...တွေ့ရတယ်။ စတီသဘောကုနည်းတွေကတော့ အများကြီးရှိပါတယ်။အချို့ဆိုရင် စိတ်ထဲစွဲနေအောင် မှတ်မိတာတွေရှိပါတယ်။

ကျွန်တော်ငယ်စဉ် မိုးကုတ်ကျောက်ဖျာမှာ တွင်းထောင်တော့ တွင်းသား (၃) ယောက်လောက် အမြဲမွေးရတယ်။ အဲဒီမှာ ယောက်ျားတွေချည်းနေရတော့ သူတို့ထမင်းကို အလှည့်ကျချက်ကြပါတယ်။ ဆောင်းရာသီဆိုတာ ထင်းထမ်းချိန်ဆိုတော့ မနက်(၄)နာရီလောက်ဆို ထင်းခုတ်၊ ထင်းထမ်း တောထဲကို သွားကြပါပြီ။ တောက ဝေးပါတယ်။ ဒီတော့ မနက်(၈)နာရီမှ ပြန်ရောက်ကြတယ်။ ဒီအခါ ဆောင်းဝင်တာနဲ့ တွင်းသားတွေ ထင်းထမ်းချိန်မှာ ကျွန်တော်က ထမင်းချက်ရပါတယ်။ တွင်းသားတွေက တောထဲကပြန်လာရင် ရေချိုးကြပါတယ်။ ပြီးရင် ထမင်းစားပြီး (၉) နာရီထိုးခါနီးမှာ တွင်းသွားကြရတာကိုး။

ကျွန်တော်တို့ဟာ ငရုတ်သီးစိမ်းထောင်းကို နှစ်သက်ကြပါတယ်။ ငရုတ်သီးက ထမင်းမြိန်စေတာကိုး။ တစ်နေ့မှာ ငရုတ်သီးစိမ်းထောင်းရင်း မျက်စိထဲ ငရုတ်သီးဝင်ပါတယ်။ အစိုဆိုတော့ စင်တာကိုး။ တစ်ကိုယ်လုံးမှာ မျက်စိက အနူဆုံးပါ။ အနူဆုံးမျက်စိထဲ ကုလား

# နေပြည်တော်ကျော်ကျော်စိုး

## တောထိုးရင်ကျုပ်ကို စတီသဘောကုနည်း



www.burmeseclassic.com

ဒေါ်ငရုတ်သီးရည်ဝင်တော့ကာ စပ်လိုက်တာမှ ဆွေ့ဆွေ့ကိုခုန်နေတာပါပဲ။ စားဖိုဝင်ကြတဲ့ အိမ်ရှင်မတွေ ကြုံဖူးကြမယ်ထင်ပါတယ်။

ကျွန်တော် သိထားတာက ညာဘက်မျက်စိထဲ ငရုတ်သီးဝင်ရင် ဘယ်ဘက်ခြေမကို ရေနဲ့လောင်း၊ ဘယ်ဘက်မျက်စိထဲဝင်ရင် ညာဘက်ခြေမကို ရေနဲ့လောင်းဆိုပြီး သိထားတာကိုး။ ဒါနဲ့ ချက်ချင်းပဲ အနီးမှာရှိတဲ့ ရေပုံးထဲကရေနဲ့ ဆန့်ကျင်ဘက်ခြေမကို ရေနဲ့လောင်းတော့တာပါ။ မကြာပါဘူး ခဏအတွင်းမှာ အလွန်အခံရခက်တဲ့ ဝေဒနာပျောက်သွားပြီး မျက်စိပြန်ဖွင့်နိုင်ခဲ့ပါတယ်။ ကောင်းလိုက်တဲ့ စတိသဘောကုနည်းပါ။

ငရုတ်သီးထောင်း စားကြည့်ပါ။ အကြာကြီး ပါးစပ်ထဲစပ်နေတာပါ။ ဝမ်းသွားသည်အထိပူပါတယ်။ လက်နဲ့ကိုင်ရင်လည်း အကြာကြီးပူနေတတ်ပါတယ်။ အဲဒီလောက်ပူတဲ့ငရုတ်သီး မျက်စိထဲဝင်ရင် စတိသဘောကုနည်းနဲ့သာ ကုကြည့်ပါ။ ဘယ်လောက်စွမ်းတယ်ဆိုတာသိကြပါလိမ့်မယ်။ ကျွန်တော် စတိသဘောတွေ အတော်ကြုံဖူးပါတယ်။ ဒါတသာဓကကို တင်ပြခြင်းပါ။

ဒီရဲ့စတိသဘောတွေဟာ လောကမှာ အများကြီးရှိပါတယ်။ ရေးလို့သင့်တာတွေရှိတယ်၊ မသင့်တာတွေလည်းရှိတယ်။ မသင့်တာတွေကျတော့ စာပေအက္ခရာမတင်နိုင်ကြပါဘူး။ နှုတ်တက်အက္ခရာနဲ့သာ လက်ဆင့်ကမ်းအသယ်ဆောင်ကြရပါတယ်။ ဒီလိုနဲ့ လောကကို အကျိုးပြုနေကြတာပါ။

အခုတင်ပြချင်တာက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုံတောကြီးရွာက ဦးစောကို ပြောပြတဲ့နည်းပါ။

၂၄-၁၀-၂၀၁၃ မှာ ကျွန်တော်နဲ့ ကျွန်တော့်ယောက်ဖ တင်မောင်လတ်တို့ဟာ ရွှေပွင့်ဖြူ ဆိုတဲ့ ဘတ်စ်ကားကြီးနဲ့ ည (၇) နာရီမှာ တောင်ညိုလမ်းကနေ ပွင့်ဖြူမြို့ကို ခရီးထွက်ခဲ့ကြပါတယ်။ အလယ်ရိုးမကို ဖြတ်ကျော်ပြီး မြို့သစ်ကို ရောက်ပါတယ်။ မြို့သစ်ကနေ မကွေးမြို့ရှိ ရေဝတီမြစ်ကူးတံတားကြီးကိုဖြတ်ကာ မင်းဘူး၊ စကုတို့ကို ဖြတ်ကျော်ပြီး ည (၁)နာရီ (၄၈)မိနစ်မှာ ပွင့်ဖြူမြို့ကို ရောက်ပါတယ်။ နောက်နေ့နံနက်ကျမှ မုံတောကြီးရွာက လူငယ်လေး (၂) ဦး ဆိုင်ကယ်နဲ့ လာကြိုပါတယ်။ သွားရတဲ့ ကိစ္စက တင်မောင်လတ်နဲ့ မခင်ထွေးတို့ရဲ့ တတိယသား မောင်မိုးကဲ မုံတောကြီးရွာသူ မခင်သီတာထွန်းကို ချစ်ခင်နှစ်သက်လို့ စေ့စပ်ကြောင်းလမ်းဖို့ကိစ္စပါ။ စေ့စပ်ကြောင်းလမ်းတဲ့အခါ ရွာဝင်ကြေးတစ်သိန်းခွဲကို ရွာရဲ့ကာလသားခေါင်းဆီမှာတင်ပေးရပါတယ်။ ဒါဟာ အနည်းဆုံးလျှော့ပေးတာမို့ မဆစ်ပါနဲ့လို့ နိဒါန်းစကားနဲ့ ပိတ်လိုက်တာမို့ ဆစ်ခွင့်မရပါဘူး။ ကာလသားကြေးနဲ့ ရွာဘုံပစ္စည်းဝယ်မယ်လို့ ဆိုပါတယ်။ ရွာကိုပြင်ပဧည့်သည်ဝင်မယ်ဆိုရင် တစ်သိန်းခွဲဟာ အနည်းဆုံးလို့ ဆိုပါတယ်။ မရှိဆင်းရဲရင်တော့ မုံတောကြီးရွာသူကို ပြင်ပကလူတွေ လက်လှမ်းမီဖို့ မလွယ်လှပါဘူး။ ဒါကလည်း ဗဟုသုတတစ်ခုပါပဲ။ သိသင့်သိထိုက်လှပါတယ်။ မသိရင်တော့ အရှက်ကွဲနိုင်ပါတယ်။

စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စပြီးကြတော့ တာဝန်ပြီးသွားပြီမို့ သတို့သမီးရဲ့အိမ်မှာ ရွာလူကြီးတွေနဲ့ စကားပြောဖြစ်ကြပါတယ်။ အဲဒီမှာ ရပ်မိရပ်ဖဖြစ်တဲ့ ဦးစောကိုလည်း ပါပါတယ်။ ဦးစောကိုဟာ ရွာမှာချမ်းသာတဲ့ တောင်သူကြီးပါ။ ဒေသအနံ့ရောက်ဖူးပြီး ဗဟုသုတလည်း ကြွယ်ဝသူပါ။ သူက ဝိန္ဒောဆရာ အစွမ်းထက်ပုံတွေ အများကြီးပြောပြပါတယ်။ အဲဒီအထဲမှာ မုံတောကြီးရွာကဒေါ်လေးကြီး အဖျားဝက ကိုယ်တွေ့ကြုံခဲ့ရတဲ့ စတိသဘောကုနည်းလေးကိုပါ ပြောပြခဲ့ပါတယ်။

"ဒေါ်လေးကြီးဆိုတာ မကွေးမြို့ရဲ့ အရှေ့ဘက်ရွာတစ်ရွာမှာမွေးဖွားတာပါ။ ရွာအမည်မေ့နေတယ်ဗျ။ မကွေးသူဆိုပါတော့ဗျာ။ သူက ကျွန်တော်တို့ရွာမှာ အတော်ကြာနေခဲ့တယ်။ ခုတော့ ရွာမှာမနေတော့ပါဘူး။ သူတို့ဒေသ ပြန်ပြောင်းရွှေ့သွားခဲ့ပါပြီ။ ဒါပေမယ့် သူ့ရဲ့စတိသဘောကုနည်းလေးနဲ့ ကျွန်တော့်အသက်ကိုကယ်ခဲ့လေတော့ ကျွန်တော့်တစ်သက် မေ့မရဘူးပေါ့ဗျာ။

ဒီလိုဗျ။ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်၊ သွေးချုပ်ဆိုတာရှိတယ်။ ကျွန်တော်တို့ကျတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ် ဖြစ်တာပေါ့ဗျာ။ ကျွန်တော်ဗျာ အဲဒီလိုဖြစ်တော့ အမေလေး၊ အဘလေး၊တပြီး သေမတတ်ခံစားနေရတာ။ တောရွာဆိုတော့ ဆီးချုပ် ဝမ်းချုပ်မလုပ်တတ်ကြဘူးလေ။ အဲဒီခေတ်က ခုလိုမတိုးတက်သေးဘူးပေါ့ဗျာ။ ဒါမျိုးကလည်း ဖြစ်ရင် ရုတ်တရက်ကြီးဗျ။ သေမတတ်ခံစားနေရတာ။

ဒါနဲ့ တလူးလူးတလိမ့်လိမ့် သေမတတ်ခံစားနေရချိန်မှာ ဒေါ်လေးကြီးရောက်လာပြီး ကျွန်တော့်မိန်းမကိုမေးတယ်။ ပြောပြတဲ့အခါ သိပ်မကြာဘူး၊ ရေတစ်ခွက်လာတိုက်တယ်။ တိုက်တာက ဖန်ခွက်နဲ့မဟုတ်ဘူးဗျ။ ရေချိုးတဲ့ ပလတ်စတစ်ဖလားနဲ့ လာတိုက်တာ။ ကျွန်တော်လည်း မေ့ပျောက်ချင်ဇောနဲ့ အကုန်သောက်ပစ်လိုက်တယ်။

သောက်ပြီးတာနဲ့ မကြာလိုက်ပါဘူးဗျာ။ လေတွေလည်ပြီး သက်သာသွားတယ်။ နောက်တော့ ဆီးတွေ၊ ဝမ်းတွေသွားပြီး အကောင်းပကတိဖြစ်သွားတော့တာပါပဲ၊ အချိန်မကြာဘူး တစ်ခဏအတွင်းမှာပါ။

ဒီဝေဒနာမျိုးက ကံမကောင်းရင် ခေါက်ခနဲတောင်သေသွားတတ်တယ်။ ကျွန်တော်တို့ ပွင့်ဖြူဒေသကတော့ လေ၊ ဆီး၊ ဝမ်းအကုန်လုံးပိတ်နေလို့ စည်တော်ပိတ်ရောဂါလို့ ခေါ်ကြတယ်။ စည်တော်ကြီးတွေ ဆရာတို့ မြင်ဖူးကြမှာပါ။ စည်တော်ဆိုတာ သစ်လုံးကြီးထွင်းပြီး သားရေချုပ်နှစ်ဖက်ပိတ်ထားတာ။ ထွက်ပေါက်မရှိဘူး။ အလုံပိတ်ကြီးပေါ့ဗျာ။ ခုလည်း ဆီး၊ ဝမ်း၊ လေ၊ ဗိုက်ထဲမှာ ထွက်ပေါက်မရှိဘဲ အလုံပိတ်နေတာကို စည်တော်ကြီးနဲ့တူလို့ စည်တော်ပိတ်ဝေဒနာလို့ ခေါ်ကြတာပေါ့။

အားလုံးအခေါ်ကတော့ ဘေးထိုးရင်ကျပ်ပေါ့ဗျာ။ ဘေးထိုးရင်ကျပ်ဆိုတဲ့ အတိုင်းပါပဲ။ ဗိုက်ထဲမှာထိုးပြီးနာတာက အသက်တောင်မရှူနိုင်အောင် နာတာဗျ။ ကြာကြာခံစားရရင် သေသွားနိုင်တဲ့ဝေဒနာပါဗျာ။ ကြောက်စရာအလွန်ကောင်းတာပါ။ မမျှော်လင့်ဘဲ ဒေါ်လေးကြီးတယ်လို့ အလွယ်နဲ့ပျောက်ရတော့ ဒေါ်လေးကြီးကို ကျေးဇူးတင်လိုက်တာ မပြောတတ်အောင်ပါဘဲ။ ဘာဆေးမို့ ဒါလောက်များ စွမ်းတာပါလိမ့်ပေါ့။ ကျွန်တော် ဒေါ်လေးကြီးကို ထိုက်ထိုက်တန်တန် ကန်တော့ပြီး ဆေးနည်းမေးကြည့်မိပါတယ်၊ အဲဒီမှာ ဒေါ်လေးကြီးက ဆေးနည်းကို မကွယ်မဝှက်ပြောပြပါတယ်။

ဒေါ်လေးကြီးအဖျားဝက မလေးကြီးပေါ့ဗျာ။ သူ့မှာ မလေးငယ် ဆိုတဲ့ ညီမရှိတယ်။ သူတို့ ညီအစ်မက အပျိုလေးတွေပါ။ မကွေးမြို့ရဲ့ အရှေ့ဘက်တောရွာကဆိုတော့ သူတို့တွေ တောင်ယာခုတ်ပြီး မြေကွက်ထွင်ကြရတာ ဆောင်းရာသီမှာ တောရှင်းမြေပြွတို့



www.burmeseclassic.com

www.burmeseclassic.com

တောင်ယာခုတ်ရတယ်။ နွေရာသီမှာ မီးရှို့ရတယ်။ မီးရှို့လို့ကျွန်တဲ့ သစ်ပင် သစ်တိုင်းတွေကို ကျွမ်းအောင်ရတယ်။ ကျွမ်းအောင်တယ်ဆိုတာ မီးကျွမ်းနေတဲ့သစ်ပင် သစ်တိုင်းတွေ တစ်နေရာတည်း စုပုံပြီး ပြောင်စင်အောင် မီးရှို့ရတာပါ။

မီးရှို့ရုံနဲ့ မပြီးသေးဘူး။ အဲဒီမြေမှာ နှစ်စဉ် ပဲ၊နှမ်း၊ စိုက်လို့ရအောင် မြေညှိလုပ်ရတယ်။ မြေညှိလုပ်တယ်ဆိုတာ သစ်ပင်အငုတ်တွေ နောက်ထပ် အတက်မထွက်နိုင်အောင် အမြစ်ပါတူးပစ်ရတဲ့အတွက်ပါ။ ဒီအလုပ်က နွေရာသီ နေပူပူမှာလုပ်ရတာဆိုတော့ သိပ်ပင်ပန်းလှပါတယ်။

ပင်ပန်းလွန်းတဲ့အခါ သစ်မြစ်သစ်ငုတ်တူးတဲ့အလုပ်ကို ပိုက်ဆံရှိတဲ့လူတွေ အငှားနဲ့တူးကြတယ်။အဲဒီငုတ်တူးတဲ့ အချိန်ဆိုရင် အညာကလူတွေ အငှားလိုက်ဖို့ဆင်းလာကြတယ်။ ခုတ်ထားတဲ့ တောင်ယာမှာ ဖြစ်သလိုတဲကလေးထိုး နေထိုင်ကာ သစ်မြစ်တူးကြတယ်ပေါ့ဗျာ။ ပရိယေသနဝမ်းစာဆိုတာ ဒီလိုပဲ အလျှင်းသင့်သလို ရှာကြရတာပါ။

မလေးကြီးတို့လည်း သူ့မိဘတွေက တောင်ယာခုတ်ကြပါတယ်။ သစ်မြစ်သစ်ငုတ်တွေတူးနေကြပါတယ်။ လူအားပါဘူး။ မလေးကြီးနဲ့ မလေးငယ်တို့ ညီအစ်မရယ်၊ သူတို့အဒေါ် ဒေါ်ကြေးမုံရယ်၊ တောင်ယာခုတ်တဲ့လူတွေဆီကို ထမင်းပို့ဖို့ ထမင်းတောင်းလေးတွေ ထိုယ်စီရွက်ပြီး တောင်ယာခုတ်တဲ့ဆီလာကြတာပေါ့ဗျာ။ နေ့လယ်စာ ထမင်းလာချိုင်း ကူညီလုပ်ကိုင်ပေးဖို့ လာကြတာပါ။

အဲဒီလို လာနေတဲ့အခါ သစ်မြစ်အငှားတူးနေတဲ့ လူကြီးတစ်ဦးက သူတို့ထိ အတင်းလက်ယပ်ခေါ်နေတာ မြင်ရပါတယ်။

အဲဒီမှာ ဒေါ်ကြေးမုံက -

'ဟဲ့ - လေးကြီးရဲ့၊ တို့ကိုလက်ယပ်ခေါ်နေတယ်ဟ။ သူတစ်ခုခုဖြစ်လို့နေမှာ။ မျက်နှာလည်းရှုံ့မဲ့နေတယ်။ ဗိုက်ကိုလည်း နှိပ်ထားတယ်။ မဖွေး (မြွေပွေး) ကိုက်လို့များလားအေ'

လို့ ပြောပါတယ်။

သူတို့ကတော့ ရှေ့မတိုးနောက်မဆုတ် တွေပြီးရပ်ကြည့်နေကြတာပါ။ လူကြီးကြည့်ရတာ မည်းမည်းပိန်ပိန်နဲ့ အသက် (၅၀) ကျော်လို့ ထင်ရပါတယ်။ ဝေဒနာအတော်ခံစားနေရပုံရှိပါတယ်။ သူတို့ သွားတဲ့လမ်းနဲ့ မဝေးလှပါဘူး။ လူကြီးကတော့ အတွင်းသာလက်ယပ်ခေါ်နေတာပါ။ အဲဒီမှာ ဒေါ်လေးကြီးက အနားကပ်သွားပြီး မေးပါတယ်။

'ဘာဖြစ်တာလဲ ဦးလေးကြီး။ မဖွေး(မြွေပွေး)ကိုက်လို့လား'

'မဟုတ်ပါဘူး တူမရယ်။ ဦးလေးကို ကယ်ပါ။ ဦးလေး ဗောဓိုးရင်ကျပ်ဖြစ်နေတာပါ'

'အို- ဦးလေးကလည်း၊ ကျွန်မတို့မှာ ဆေးမှမပါတာ ဘာလုပ်ပေးရမှာလဲ'

'တူမတို့ကယ်ရင်ရပါတယ်။ တူမတို့ရဲ့ အတွင်းခံအကျီတစ်ထည်လောက် ခဏချွတ်ပေးပါ။ အဲဒါရရင် ပျောက်ပါတယ်'

လူကြီးဟာ စကားကို တိုးတိုးပဲ ပြောနိုင်တာပါ။ အတွင်းခံအကျီဆိုတော့ ဒါဟာ မိန်းကလေးတွေရဲ့ အရှက်ကို ကာကွယ်တဲ့အကျီလေ။ အဲဒီလိုပြောတော့ ဒေါ်ကြေးမုံက သူ့တူမနှစ်ယောက်ကို လှည့်ကြည့်ပါတယ်။ ဘယ်လိုလဲဆိုတဲ့ သဘောပါ။

'ကျွန်မတို့တော့ ချွတ်မပေးရဲဘူး အရီးလေး'

လို့ မလေးကြီးက ပြောပါတယ်။ မလေးငယ်ကလည်းခေါင်းယမ်းပါတယ်။ အဲဒီမှာ ဒေါ်ကြေးမုံက ချက်ချင်းပဲ လူကြီးကို ကျောပေးလိုက်ပါတယ်။

'ညည်းတို့က အမျိုးလေးတွေဆိုတော့ ဟုတ်တာပေါ့အေ။ ဘယ်ပေးရဲမှာလဲ။ ငါကတော့ အအိုဆိုတော့ လူ့အသက်တစ်ချောင်း ကယ်မယ်အေ။ ကုသိုလ်ရတာပေါ့'

ဆိုပြီး ဒေါ်ကြေးမုံက သူ့ရဲ့အတွင်းခံအကျီကို ချွတ်ပေးလိုက်ပါတယ်။ အဲဒီမှာ လူကြီးက ရေသောက်ဖို့ခပ်လာတဲ့ အနီးရှိ ရေပုံးထဲကရေကိုခပ်စေပါတယ်။ ခွက်ကရေချိုးတဲ့ ဒန်ဖလားကြီးပါ။

'တူမရေ အကျီကို အဲဒီရေထဲနှစ်ပြီးစိမ်လိုက်ပါ'

လို့ ခိုင်းတော့ ဒေါ်ကြေးမုံက စိမ်လိုက်ပါတယ်။ စတ္တန့်အနည်းငယ်ကြာတယ်ဆိုရင်ပဲ -

'ရပါပြီ၊ အကျီဆယ်ပြီး အဲဒီရေ ဦးလေးကိုပေးပါ'

လို့ တောင်းတော့ အကျီဆယ်ပြီး ပေးလိုက်ပါတယ်။ လူကြီးဟာ အဲဒီရေကို အငမ်းမရတဂွတ်ဂွတ်သောက်တော့တာပါပဲ။ သောက်လို့လည်းတုန်တရော ပါးစပ်က အော့ခနဲ လေချဉ်တက်ပြီး လေလည်တော့တာပါပဲ။

အဲဒီကျမှ လူကြီးဟာ အကောင်းပကတိဖြစ်ကာပြုံးလာနိုင်ပါတော့တယ်။ သူတို့ကတော့ အံ့ဩတကြီးဖြစ်လို့ပေါ့ဗျာ။

အဲဒီမှာ လူကြီးက ကျေးဇူးတင်စကားပြောပါတယ်။

'ငါ့တူမတို့လာလို့သာ ဦးလေး အသက်ရှင်ရတာပါ။ ဒီဝေဒနာဘယ်လောက်နာလဲဆိုရင် နေရာကတစ်လှမ်းတောင်မရွေ့နိုင်တော့ပါဘူး။ သေလုအောင်နာတာပါ။ တူမတို့သာ ရောက်မလာရင်၊ မကယ်ရင် ဦးလေး ဒီနားမှာပဲ သေရမှာပါ။ ကျေးဇူးတင်လိုက်တာကွယ်။ ဒီဆေးနည်းလေးလည်း မှတ်ထားကွယ့်။ အကျီမှာ ကြေးထူလေစွမ်းလေပဲ'

'ဟုတ်ကဲ့ပါ၊ ဦးလေးက မိသားစုမပါဘူးလား'

'ပါပါတယ်ကွယ်၊ဟိုဘက်အကွက်မှာ တူးနေကြတာပါ။ ဟောဟိုတဲက ဦးတို့ရဲ့တဲပါ'

လို့ တောင်ယာအစပ်က တဲလေးကို လက်ညှိုးထိုးပြပါတယ်။

'ဘယ်အရပ်ကတုံး'

'မြင်းခြံ တောင်သာနယ်ထဲကပါ'

'ဩော်-ဟုတ်ကဲ့၊ ကျွန်မတို့ သွားပါဦးမယ်'

ဆိုပြီး နှုတ်ဆက်ထွက်ခွာခဲ့ကြပါတယ်။ ဒါဟာ မလေးကြီး အပျိုဘဝတုန်းက လက်တွေ့ကြုံခဲ့ရတဲ့ စည်တော်ကြီးပိတ်ဝေဒနာကို ကုတဲ့နည်းလေးပါ။ မလေးကြီးကနေ ဒေါ်လေးကြီးဖြစ်လာတဲ့ဘဝအထိ အဲဒီလို စည်တော်ကြီးပိတ်ဝေဒနာခံစားနေရတဲ့လူတွေ့ရင် အဲဒီနည်းနဲ့ပဲ လူတွေကိုကယ်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါကလည်း ကျွန်တော့်ကိုကယ်ခဲ့လို့ စစ်စုပြီး မေးကြည့်မိလို့ သိရတဲ့နည်းလေးဗျ။ ဒါဟာ စတိသဘောနည်းပါ။ အမှတ်တမဲ့ ကြုံခဲ့ရာကနေ အမှတ်တရရှိနေတဲ့ စတိသဘောဆေးနည်း ဆိုပါတော့။ ဆရာက ဆေးကုဝါသနာပါတော့ ဒီနည်းလေးလည်း မှတ်ထားဦးပေါ့ဗျာ။ စည်တော်ကြီးပိတ်ဝေဒနာကြုံရင် ကယ်ရတာပေါ့"

လို့ ဦးစောကိုက ပြောပြပါတယ်။

ပွင့်ဖူးမုံတောကြီးရွာက ဦးစောကိုကို ကျေးဇူးတင်ရပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

# အပျိုဖော်ဝင်ချိန်၌ ဖြစ်တတ်သောဝေဒနာ



ရီရီဌေး

မိန်းကလေးများအတွက် အရေးကြီးဆုံးအချိန်တစ်ချိန်ရှိပါတယ်။ အဲဒီအချိန်ဟာ အပျိုဖော်ဝင်ချိန်ပဲ ဖြစ်ပါတယ်။ အပျိုဖော်ဝင်ချိန်ကိုပြောရမယ်ဆိုရင် အသေချာဆုံးကတော့ မိန်းကလေးတစ်ယောက်ရဲ့ ဓမ္မတာသွေးစတင်ပေါ်ချိန်ပါပဲ။ ငယ်ရွယ်တဲ့ မိန်းကလေးတွေဟာ နောင်တစ်ချိန်မှာ တိုင်းပြည်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ရတနာ သို့မဟုတ် သားကောင်းမိခင်များပဲ ဖြစ်ပါတယ်။

တစ်နည်းပြောရမယ်ဆိုရင် ပန်းအဖူးအငုံကလေးများနဲ့ သဏ္ဍာန်တူပါတယ်။ အဲဒီအဖူးအငုံကလေးဘဝမှ လှပတဲ့ ပန်းတစ်ပွင့်အဖြစ် ပွင့်လန်းဖို့ရာ အားယူနေတဲ့အချိန်ပဲ ဖြစ်ပါတယ်။ ပန်းအဖူးအငုံကလေးဘဝမှာ ပျားပိတုန်းစတဲ့ အဖျက်သမားအန္တရာယ်မှကင်းဝေးဖို့ အရေးကြီးပါတယ်။ သို့မှသာ ကမ္ဘာလောကကြီးအတွက် လှပတဲ့ ပန်းပွင့်ကလေးများဖြစ်စေမှာပါ။

ဒီလိုပဲ အပျိုစင်ဘဝကို ပြောင်းလဲတော့မယ့် အပျိုဖော်ဝင်စအရွယ်လေးများအတွက် ကျန်းမာစွာ ကြီးပြင်းဖို့ လိုအပ်သလို အန္တရာယ်တွေကို ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ အပျိုသင်စငှက်ကလေးများပမာ ကောင်းကင်ယံ၌ အစမ်းပျံသန်းဖို့ လေ့ကျင့်နေချိန်မှာ မိခင်ငှက်မကြီးရဲ့ ပံ့ပိုးစောင့်ရှောက်ကူညီဖို့ လိုအပ်သလို ဆယ်ကျော်သက်အရွယ် စတင်ပြောင်းလဲလာတဲ့ ဖွံ့ဖြိုးမှုအမျိုးမျိုးကို မိဘတိုင်းကသိထားပြီး သမီးငယ်ကို ထိန်းသိမ်း စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။

အပျိုဖော်ဝင်အစဖြစ်တဲ့ ဓမ္မတာသွေးစတင်ပေါ်ခြင်းကို လေ့လာရမယ်ဆိုရင် ဓမ္မတာသွေးလာခြင်းဟာ သန္ဓေတည်ဖို့အတွက် ပြင်ဆင်ခြင်းပဲ ဖြစ်ပါတယ်။ မိန်းကလေးများဟာ အရွယ်ရောက်လာတဲ့တစ်ပြိုင်နက် မျိုးဆက်သစ်များပွားများရန် သားအိမ်ဟာ အဆင်သင့်ဖြစ်နေပါတယ်။ သို့ပေမယ့် မျိုးပွားခြင်းကိစ္စမရှိရင် သားအိမ်အတွင်းမြှေးကွာကျသွားပါတယ်။ ဒီလို သားအိမ်အတွင်းမြှေးကွာကျခြင်းဟာ ဓမ္မတာသွေးဆင်းခြင်းပဲ ဖြစ်ပါတယ်။

**■ဘာကြောင့်ဓမ္မတာသွေးဆင်းတာလဲ■**

အပျိုဖော်ဝင်ခါနီးအချိန် ဦးနှောက်အောက်အကျိတ်(ပီကျူထရီဝလင်း)မှ မမျိုးဥအိမ်(မမျိုးဥအင်္ဂါ)နဲ့မမျိုးဥကြီးထွားစေတဲ့ ဟော်မုန်း (Follicular Stimulating Hormone) နဲ့ အဝါရောင်အင်္ဂါလှုံ့ဆော်ဟော်မုန်း (Luteinsing Hormone) တို့ကို စတင်ထုတ်လုပ်ပါတယ်။

ထိုဟော်မုန်းကြောင့် မမျိုးဥများ ကြီးထွားလာပါတယ်။ မမျိုးဥအင်္ဂါထဲမှာ မမျိုးဥပေါင်း တစ်သိန်းခန့်ရှိတဲ့အနက် တစ်လုံးဟာ ကြီးထွားလာပါတယ်။

အဲဒီလို ကြီးထွားလာတာနဲ့အမျှ မမျိုးဥအင်္ဂါမှ မဟော်မုန်း (အီစထရိုဂျင်) ကို ထုတ်ပေးပါတယ်။ မမျိုးဥဟာ ကြီးထွားရာမှ ရင့်မှည့်ပြီး ကြွေကျပါတယ်။ အဲဒီလို ကြွေကျတဲ့အခါမှာ မဟော်မုန်း ထပ်မထွက်တော့ပါ။

ဒါပေမယ့် အဝါရောင်အင်္ဂါလှုံ့ဆော်ဟော်မုန်းဓာတ်ကြောင့် မမျိုးဥကြွေကျပြီးနောက် ပရိုဂျက်စထရိုတုန်းလို့ခေါ်တဲ့ သန္ဓေတည်ဟော်မုန်းကိုထုတ်ပေးပါတယ်။

သားအိမ်နဲ့ တွဲဖက်အင်္ဂါများဟာ မဟော်မုန်းရဲ့ လှုံ့ဆော်မှုကိုခံရပြီးနောက် သန္ဓေတည်ဟော်မုန်းရဲ့ လှုံ့ဆော်မှုကို ခံရပါတယ်။

ကြွေကျသွားတဲ့ မမျိုးဥဟာ သားအိမ်ပြွန်မှတစ်ဆင့် သားအိမ်ထဲသို့ရောက်သွားပါတယ်။ သားအိမ်ဟာ မမျိုးဥအင်္ဂါမှ ထုတ်လုပ်လိုက်တဲ့ မဟော်မုန်းကြောင့် ထူလာပါတယ်။ သားအိမ်မှာ အလွှာသုံးထပ်ရှိပါတယ်။

အပြင်ဆုံးက အဖုံးအမြှေးပါး၊ အလယ်က ကြောင်ချောကြွက်သား၊ အတွင်းက သားအိမ်အတွင်းမြှေးပဲ ဖြစ်ပါတယ်။

မမျိုးဥအင်္ဂါမှထုတ်လုပ်တဲ့ မဟော်မုန်းကြောင့် သားအိမ်အတွင်းမြှေးထူလာပါတယ်။ဒီလိုဖြစ်လာခြင်းဟာ သန္ဓေတည်ရန်အတွက် ပြင်ဆင်ခြင်းပဲ ဖြစ်ပါတယ်။ လိင်ဆက်ဆံမှုမရှိပါက သားအိမ်အတွင်းမြှေးကွာပြီး ဓမ္မတာသွေးဆင်းခြင်းဖြစ်စေပါတယ်။ ရာသီလာခြင်းဟာ အများအားဖြင့် (၂၈) ရက် (၁) ကြိမ်ဖြစ်ပြီး အချို့မှာ (၂၉) ရက် (၁) ကြိမ် (၃၀)ရက် (၁)ကြိမ်ဖြစ်တတ်သလို (၂၆) ရက် (၁) ကြိမ်၊ (၂၇) ရက်(၁)ကြိမ်လည်း ဖြစ်တတ်ပါတယ်။ မမျိုးဥ စကြွေတဲ့ အချိန်မှ နောက်ထပ်တစ်ကြိမ်ထပ်ပြီး ကြွေတဲ့အချိန်ကို မမျိုးဥစက်ဝန်း (ovarian cycle) လို့ ခေါ်ပါတယ်။

**■မမျိုးဥစက်ဝန်း■**

သာမန်အားဖြင့် (၂၈) ရက် (၁) ကြိမ် ဓမ္မတာလာသူများအတွက် -

ပထမ (၁၄) ရက်မှာ မဟော်မုန်း ထွက်ပါတယ်၊

ဒုတိယ (၁၄) ရက်မှာ သန္ဓေ တည်ဟော်မုန်းထွက်ပါတယ်။

ထိုဟော်မုန်းနှစ်ခုရဲ့ လှုံ့ဆော် ကြောင့် ရာသီလာခြင်း ဖြစ်ပါတယ်။

ရာသီစတင်လာချိန်မှာ အများ အားဖြင့် မမှန်တတ်ပါ။

ဓမ္မတာသွေးမဆင်းမီ (၃) ရက် အလိုခန့်မှာ အဖြူဆင်းတတ်ပါတယ်။

ဒါဟာ သာမန်အဖြူဆင်းခြင်း လို့ အနံ့အသက်မရှိပါ။ စွန်းရုံလော သာ ဆင်းပါတယ်။

ရာသီလာစဉ်မှာ ကိုယ်လက်မ မသာဖြစ်တတ်ပါတယ်။ ကိုယ်လ တိုက်မယ်၊ဆီးစပ်ကိုက်မယ်၊စိတ်ပင် မယ် စတဲ့လက္ခဏာတွေရှိတတ်ပါတ ရာသီလာချိန်မှာ ခန္ဓာကိုယ်သန့်ရှင်း ကို အထူးဂရုစိုက်ဖို့လိုပါတယ်။

**■အပျိုဖော်ဝင်ချိန်ဘာတွေဖြစ်တတ်သ**

အချို့သောသမီးငယ်ကလေး ဟာ အချိန်မတန်ဘဲနဲ့ အပျိုဖော်ဝင် ပါတယ်။ အပျိုဖော်ဝင်ချိန်ဟာ သာ အားဖြင့် (၁၂) နှစ်၊ (၁၃) နှစ်လော ဖြစ်တတ်ပါတယ်။ဒါပေမယ့် တချို့အ သမီးလေးများဟာ (၁၀) နှစ် သို့မဟု (၁၀) နှစ်အောက်မှာ ရင်သားဖွံ့ဖြိုး ချိုင်းမွေး, ဆီးခုံမွေးများပေါက်လာ ဓမ္မတာပေါ်ခြင်းတို့ ဖြစ်တတ်ပါ ဒါကို အပျိုဖော်ဝင်ချိန်မတိုင်မီ အပျို



www.burmeseclassic.com

www.burmeseclassic.com

ဝင်ခြင်းလို့ ခေါ်ပါတယ်။ မိမိရဲ့ ဆွေမျိုးအသိုင်းအဝိုင်းထဲမှာ ဒီလိုဖြစ်ရင် မီးယပ်နဲ့ သားဖွားအထူးကုဆရာဝန်များနဲ့ ပြသရပါမယ်။

**■ အပျိုဖော်ဝင်ချိန်နောက်ကျခြင်း ■**

တချို့အမျိုးသမီးများဟာ အသက် (၁၇) နှစ်လောက်ရောက်မှ သွေးပေါ်ပါတယ်။ ဒါကို အပျိုဖော်ဝင်ချိန်နောက်ကျတယ်လို့ ဆိုပါတယ်။ တချို့ကတော့ အသက် (၁၇) နှစ်ကျော်တဲ့တိုင်အောင် သွေးမပေါ်ပါ။ အဲဒီလို အမျိုးသမီးတလေးများဟာ မီးယပ်သွေးဆင်းတဲ့အပေါက်မပါတာတို့နဲ့ အခြားပြဿနာများရှိနိုင်တာကြောင့် မီးယပ်နဲ့ သားဖွားအထူးကုဆရာဝန်များနဲ့ပြသပါ။ ဒ့ါပြင် သွေးပေါ်တဲ့အခါမှာ သာမန်ထက်နာကျင်ကိုက်ခဲမယ်ဆိုရင်လည်း မီးယပ်သားဖွားအထူးကုဆရာဝန်နဲ့ ပြသသင့်ပါတယ်။

**■ သွေးမပေါ်မီနဲ့ သွေးပေါ်စဉ် နာကျင်ကိုက်ခဲခြင်း ■**

အပျိုဖော်ဝင်စအရွယ် အမျိုးသမီးတလေးများဟာ သွေးမပေါ်မီနဲ့ သွေးပေါ်စဉ် နာကျင်ကိုက်ခဲမှုများ ဖြစ်တတ်ပါတယ်။ ဒီလိုဖြစ်တတ်တဲ့ မိန်းကလေးများဟာ အမျိုးသမီးထုရဲ့ (၂၅) ရာခိုင်နှုန်းခန့် ဖြစ်တတ်ပါတယ်။ ဒီလို နာကျင်ခြင်းဟာ သာမန်နာကျင်ခြင်းထက်ပိုပါတယ်၊ ဗိုက်အောင့်မယ်၊ မခံမရပ်နိုင်အောင်ဝမ်းဗိုက်တစ်ပြင်လုံးအောင့်မယ်၊ ခုတ်ရဲ့အောက်ပိုင်း ဆီးစပ်တစ်လျှောက်ကိုက်ခဲနာကျင်မယ်၊ ပေါင်ကိုက်မယ်၊ တင်ပါးဆုံကြွက်သားကိုက်မယ် စတာတွေ ဖြစ်တတ်ပါတယ်။

နာကျင်ခြင်းဝေဒနာကို -

မူလနာကျင်ကိုက်ခဲခြင်း (Primary Dysmenornoea)

ဒုတိယအဆင့်နာကျင်ကိုက်ခဲခြင်း (Secondary Dysmenornoea)

ဟူ၍ နှစ်မျိုးနှစ်စားခွဲခြားထားပါတယ်။

**■ မူလနာကျင်ကိုက်ခဲခြင်း ■**

မူလနာကျင်ကိုက်ခဲခြင်းဝေဒနာကို လေ့လာကြည့်တဲ့အခါ -

သားအိမ်မှာရှိတဲ့ ကြွက်သားတွေက မညှစ်သင့်ဘဲ အလွန်အမင်းညှစ်တဲ့အတွက် သားအိမ်ကို သွေးထောက်ပံ့မှုနည်းသွားပါတယ်။ ဒီလိုဖြစ်လို့ သားအိမ်ကြွက်သားဟာ သွေးငတ်ပြီး နာကျင်ကိုက်ခဲလာခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပရိုစတာဂလင်ဒင် (Prostagland) လို့ ခေါ်တဲ့ ဓာတ်ပစ္စည်းတစ်မျိုးကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီပစ္စည်းဟာ သားအိမ်ကြွက်သားကို အရမ်းညှစ်စေတတ်တဲ့သတ္တိရှိပါတယ်။ အမျိုးသမီးများရဲ့ ခန္ဓာကိုယ်ထဲကို ဒီဓာတ်ပစ္စည်းဘယ်လိုရောက်လာမှန်းမသိပါ။ အကြောင်းအမျိုးမျိုးကြောင့် ဒီပစ္စည်းရောက်လာရင် ကြွက်သားကို အလွန်အမင်းညှစ်တတ်လို့ နာကျင်ကိုက်ခဲပြီး တောင့်နေတတ်ပါတယ်။

အဲဒီလိုဖြစ်ရင် ဆရာဝန်နဲ့ပြသပြီး လိုအပ်တဲ့ အကိုက်အခဲပျောက်ဆေးများ သောက်ပါ။ ရေနွေးအိတ်ကပ်ပါ။ ကောင်းစွာအနားယူပါ။ နွေးနွေးထွေးထွေးနေပါ။

**■ ဒုတိယအဆင့်နာကျင်ကိုက်ခဲခြင်း ■**

အမျိုးသမီးကလေးများရဲ့ ဓမ္မတာလာခြင်းဟာ သားအိမ်အတွင်းမြှေးပါးကွာကျခြင်းကြောင့် ဖြစ်ပါတယ်။ တချို့မှာ သားအိမ်အမြှေးပါးကွာကျပြီးနောက် သားအိမ်အတွင်းမှာ သွေးများကျန်နေပါတယ်။ အဲဒီသွေးတွေဟာ သားအိမ်လည်တံကနေ အပြင်ဘက်ကို ကောင်းစွာထွက်ရမှာ ဖြစ်ပါတယ်။ တချို့မှာ သားအိမ်လည်တံကျဉ်းနေတဲ့အတွက် သွေးများအလွယ်တကူအပြင်မထွက်နိုင်ဘဲ ပိတ်ဆို့နေပါတယ်။ အဲဒီအခါမှာ သွေးများကောင်းစွာအပြင်သို့ထွက်နိုင်ရန် သားအိမ်ကြွက်သားများကို အားစိုက်ပြီးညှစ်ရပါတယ်။ ဒါကြောင့် နာကျင်ကိုက်ခဲမှုတွေ ဖြစ်လာတာပါ။

တချို့မှာတော့ Fibroid လို့ခေါ်တဲ့ အသားလုံးရှိနေလို့ပဲ ဖြစ်ပါတယ်။ အသားလုံးရှိနေရင် သားအိမ်ဟာ သူ့ရဲ့သဘာဝအတိုင်း အဲဒီအလုံးကို ညှစ်ပစ်ပါတယ်။ များများညှစ်လေ ပိုပြီးနာကျင်ကိုက်ခဲလေ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ သားဥအိမ်မှာ အလုံးဖြစ်ရင်လည်း သွေးပေါ်တိုင်း အလွန်အမင်းနာကျင်ကိုက်ခဲတတ်ပါတယ်။ ဒ့ါပြင် သားအိမ်ရောင်ခြင်း၊ သားဥပြွန်ရောင်ခြင်း၊ တင်ပါးဆုံရိုးကွင်းရောင်ခြင်းတို့ဖြစ်ရင်လည်း နာကျင်ကိုက်ခဲတတ်ပါတယ်။

**■ နာကျင်ကိုက်ခဲခြင်းအတွက်ကုသချက် ■**

ဆရာဝန်နဲ့ပြသပြီး သားအိမ်လည်တံအပေါက်ကျဉ်းနေသူများအတွက် ကုသချက်မှာ ဆရာဝန်မှ မေ့ဆေး (သို့) ထုံဆေးပေးပြီး သားအိမ်လည်တံရဲ့အဝကို ချဲ့ပေးပါတယ်။ အဝကျယ်သွားတဲ့အတွက် သွေးကောင်းမွန်စွာဆင်းနိုင်လို့ ကိုက်ခဲခြင်း သက်သာပျောက်ကင်းသွားပါတယ်။

သားအိမ်ထဲမှာ အလုံးရှိသူများအတွက် -

သားအိမ်ထဲရှိအလုံးကို မိုင်ရိုးမား (Myoma) လို့ ခေါ်ပါတယ်။ ကင်ဆာလုံးမဟုတ်ပါ။ သို့သော်လည်း အလုံးမှာ တဖြည်းဖြည်းကြီးလာပါတယ်။

အက်ထရာဆောင်းရိုက်ပြီး အလုံးဟုတ်၊ မဟုတ် စစ်ဆေးကြည့်ရပါမယ်။

လိုအပ်ပါက ဆရာဝန်နှင့်တိုင်ပင်ပြီး ခွဲစိတ်ကုပါ။

တချို့သော အကိုက်အခဲဝေဒနာရှင်များဟာ ကိုက်ခဲမှုပျောက်အောင် အကိုက်အခဲပျောက်ဆေးများကို အလွန်အကျွံစားသုံးကြပါတယ်၊

အထက်ပါ အကိုက်အခဲပျောက်ဆေးများကို အလွန်အကျွံသုံးစွဲခြင်းအားဖြင့် -

အစာအိမ်အတွင်း လှီးပါးပြီး သွေးကြောပေါက်တတ်ပါတယ်။ သွေးကြောပေါက်ရင် မခံမရပ်နိုင်အောင် နာကျင်မယ်။ ဝမ်းသွားတဲ့အခါ ဝမ်းမည်းမည်းတွေသွားတတ်ပါတယ်။ အစာအိမ်သွေးကြောပေါက်ပါက သွေးထွက်လွန်ပြီး အသက်အန္တရာယ်ရှိနိုင်တဲ့အတွက် လိုအပ်ပါက ခွဲစိတ်ကုသရတာမျိုး ပြုလုပ်ရပါတယ်။

ဒါကြောင့် အကိုက်အခဲပျောက်ဆေးကိုသောက်ရင် ဆရာဝန်ညွှန်ကြားချက်အတိုင်းသောက်ပါ၊ ၎င်းညွှန်ကြားတဲ့ဆေးမှတစ်ပါး အခြားဆေးများ မသောက်ပါနှင့်။

အကိုက်အခဲပျောက်ဆေးသောက်တဲ့အခါမှာ အစာစားပြီးမှ သောက်ပါ။

အကိုက်အခဲပျောက်ဆေးများဟာ သုံးတတ်ရင် ဆေးဖြစ်ပေမယ့် မသုံးတတ်ရင် ဘေးအန္တရာယ်ဖြစ်တတ်ပါတယ်။ အမျိုးသမီးကလေးများဟာ ဓမ္မတာလာလို့ နာကျင်ကိုက်ခဲရတဲ့အထဲမှာ သွေးကြောပေါက်ရောဂါပါ ခံစားရမယ်ဆိုရင် ဝေဒနာနှစ်မျိုးကို တစ်ပြိုင်နက်ခံစားရမှာဖြစ်လို့ စိုးရိမ်စရာအခြေအနေရောက်နိုင်ပါတယ်။

ဒါကြောင့် မိန်းကလေးငယ်မိန်းကလေးငယ်တလေးများရဲ့ အပျိုဖော်ဝင်ချိန်မှာ ဖြစ်တတ်တဲ့ရောဂါများကို သိထားပြီး ကျွမ်းကျင်တဲ့ ဆရာဝန်များ၊ မီးယပ်နဲ့ သားဖွားဆရာဝန်များနဲ့ ပြသတာ မှန်ကန်တဲ့ကုသမှုကို ခံယူသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ခိုင်ခြေး

Ref;

*Dysmenorrhoea from Medical update internet.*



www.burmeseclassic.com

www.burmeseclassic.com



# တိုးခ

## မင်းကိုပေးတာမဟုတ်ဘူး

ပဲခူးတိုင်းဒေသကြီး ရဲနွယ်ချောင်း နံဘေးနားရှိ ရွှေကမာဆိုသောရွာလေး။ လယ်ယာအလုပ်များဖြင့် သာသာယာယာရှိလှသောရွာကလေး ဖြစ်သည်။ မိုးကာလတွင် စပါးစိုက်ပျိုးကြပြီး စပါးပြီးလျှင် ပဲ၊ ပြောင်း၊ ဂေါ်ဖီ၊ ကြံ၊ ဖရဲ၊ ခရမ်းချဉ် စသည်ဖြင့် ကိုင်းသီးနှံများကို ဆက်လက် စိုက်ပျိုး၍ မနားမနေ လုပ်ငန်းခွင်ဝင်နေတတ်ကြသည့် ရွာသာယာလေး တစ်ရွာလည်း ဖြစ်သည်။ အလုပ်ကြိုးစားလုပ်ကြသည်မို့ စီးပွားရေးအဆင်ပြေကြသည်က များပေသည်။

အသက် (၄၀) ကျော်ဝန်းကျင်မျှသာရှိကြသေးသည့် ပွဲစားကိုသန်းထွန်းနှင့် မသောင်းကြည်တို့ ဇနီးမောင်နှံ လွန်ခဲ့သည့် (၂) နှစ်ကမှ ဝယ်လိုက်သည့် လယ်နှစ်ဧကမှာ ရွာနှင့်တစ်မိုင်ခန့်ကွာဝေးသည့်ဘုရားကျောင်းအနီးမှာရှိသည်။ ထိုဘုရားကျောင်းစေတီလေးမှာ မုခ်လေးမှခ်ရှိပြီး ဂူပုံစံရှေးဟောင်းစေတီလေး ဖြစ်သည်။ လယ်ကွင်းများအလယ်တွင် ထီးထီးမားမား ထင်ထင်ရှားရှား မြင်နေရ၏။ ထိုစေတီလေး၏ သမိုင်းကြောင်းကို မည်သူမျှ သိမီလိုက်ခြင်းမရှိကြပေ။ ရှေးဟောင်းစေတီကလေးဟုသာ သိမှတ်ထားကြရ၏။ သည်စေတီလေးတွင် မကြာခဏ ပရလောကသားများကို တွေ့ကြရတတ်သည်ဟု လူပြောသူပြောများလှသဖြင့် မည်သူမျှ မရိုမသေ မပြုရဲကြချေ။

ကိုသန်းထွန်းတို့လယ်မြေနှစ်ဧကမှာ ဤဘုရားကျောင်းလေး၏ ဝတ္တကမြေနှင့် ထိစပ်လျက်ရှိသည်။ ကိုသန်းထွန်းမှာ ဈေးချိုချိုချောင်ချောင်နှင့်ရ၍ ဤလယ်မြေကို ဝယ်လိုက်သော်လည်း လယ်ယာလုပ်ငန်းကို ကျွမ်းကျင်လှသည် မဟုတ်ချေ။ ဇနီးဖြစ်သူ မသောင်းကြည်ကသာ တောင်သူလယ်သမားသားသမီးဖြစ်၍ တတ်ကျွမ်းနားလည်သဖြင့် ဦးဆောင်လုပ်နေကြခြင်း ဖြစ်သည်။

ဒီလယ်မြေကိုဝယ်ပြီးကတည်းက မသောင်းကြည်မှာ သူတို့ရွာဓလေ့အတင်အမြောက် အပအသတွေနှင့် အလုပ်ရှုပ်လေတော့သည်။ မသောင်းကြည်မှာ ဘိုးတော်၊ မယ်တော်၊ ရိုးရာနတ်၊ ပရလောကသားများကို အလွန်ယုံကြည်သူဖြစ်လေသည်။ ကိုသန်းထွန်းမှာ ယုံသည်လည်းမဟုတ်၊ မယုံသည်လည်း မဟုတ်သော မယုံ့တယုံသမားဖြစ်သည်။ မသောင်းကြည် တင်မြှောက်ပသသည်များကို တစ်ခါတစ်ရံ အရွှန်းဖောက်နောက်ပြောင်တတ်သည်ကလွဲ၍ ဇနီးဖြစ်သူ၏အလုပ်များကို တားမြစ်ပိတ်ပင်သမှုတော့မပြုပါချေ။ ခွင့်ပြုထား၏။

ကိုသန်းထွန်းသည် လယ်ဝယ်ပြီးကတည်းက စပါးရှုံးသည်၊ ကိုင်းရှုံးသည် မရှိခဲ့သဖြင့် အကျိုးပေးသည်ဟု ယူဆကြသည်။ တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ်လောက်တော့ သူတို့ရွာ၏ယုံကြည်မှုဓလေ့ထုံးစံအတိုင်း ဆရာကြီးတင်လေ့ရှိ၏။ ဆရာကြီးတင်သည် ဆိုသည်မှာ ဆိုင်ရာပိုင်ရာ ပရလောကသားကွင်းပိုင်ကြီးကို အသားဟင်းလျာ၊ တောအရက်၊ လက်ဖက်၊ ဆေးလိပ် စသည်တို့ဖြင့် တင်မြှောက်ပသကြခြင်း ဖြစ်သည်။ မိမိတို့စိုက်ပျိုးသည့်စပါး၊ ကိုင်းသီးနှံများအောင်မြင်ဖြစ်ထွန်းစေ၊ အဖျက်ပိုးမွှားများကို ဖယ်ရှားပေးရန်၊ နွားတို့ဟု ခေါ်ကြသော မြွေပွေး၊ မြွေဟောက်တို့ရန်ကို ဖယ်ရှားပေးရန် ဟူသော ရည်ရွယ်ချက်များဖြင့် တင်မြှောက်ပသ အကူအညီ တောင်းခံကြခြင်း ဖြစ်သည်။

ယနေ့ သူတို့ပိုင်လယ်ကွင်းလယ်တဲလေးတွင် ဆရာကြီးတင်ရန်အတွက် မသောင်းကြည်တစ်ယောက် ချွေးတလုံး



www.burmeseclassic.com

www.burmeseclassic.com



လုံးဖြင့် ချက်ပြုတ်နေလေ၏။ ကြက်တစ်စီးသာကို မွှေးကြိုင်နေအောင် ဆီပြန်ချက်ပြီး ချက်အရက်၊ လက်ဖက်တို့ဖြင့် တင်မြှောက်ရန် ဖြစ်လေသည်။ အားလုံးကျက်သည်နှင့် ဂေါ်ဖီခင်းအစပ်တွင် စားပွဲဝိုင်းသေးတစ်လုံးချပြီး ထမင်းဟင်းများ အကျအနခင်းပြင်ဆင်ကာ အရက်ဖန်ခွက်၊ လက်ဖက်၊ ဆေးလိပ်များနှင့် ဆရာကြီး (ကွင်းပိုင်) အား တင်မြှောက်ပသခြင်း ပြုလေသည်။ ရိုးရာနတ်ကိစ္စများနှင့်ယဉ်ပါးပြီးသူ မသောင်းကြည်ပင် ပြောဆိုတင်မြှောက်လေသည်။ ကိုသန်းထွန်းကတော့ အေးကရာကြည့်သမားပင်။ လုပ်လည်းမလုပ်တတ်၊ ဝါသနာလည်းမပါ။



www.burmeseclassic.com

www.burmeseclassic.com

မသောင်းကြည်က ထမင်းစားပွဲလေးကို လက်ဖြင့်ထိကိုင်လျက် နှုတ်မှ-

"ကွင်းပိုင်ရှင် ဆရာကြီး၏ သားသမီးများဖြစ်ကြသော ကိုသန်းထွန်း၊ မသောင်းကြည်တို့က ဆရာကြီးကြိုက်နှစ်သက်သော ကြက်သားဟင်းလျာ၊ တောအရက်၊ လက်ဖက်၊ ဆေးလိပ်၊ အချိုအချဉ်စားဖွယ်ရာ စုံလင်စွာနဲ့ ပသတင်မြှောက်ခြင်းပြုပါတယ်။အားပါးတရ သုံးဆောင်တော်မူပါ ဆရာကြီးရှင့်။ ကျွန်မတို့ရဲ့လယ်၊ ကိုင်းများကိုလည်း ပိုးကောင်မွှားကောင်များရဲ့ အန္တရာယ်များကို ဖယ်ရှားသုတ်သင်ပြီး ဝေစည်ဖွံ့ထွား ဈေးကောင်းများရအောင်၊ စီးပွားလာဘ်လာဘများဆပွားတိုးတက်အောင် ကြည့်ရှုစောင်မတော်မူပါ။ ဆရာကြီး၏ တပည့်လက်သား စနေသား (မြွေဆိုးများကို ဆိုလိုပါသည်။) များကိုလည်း အနှောင့်အယှက်မပြုအောင် တားမြစ်ဖယ်ရှားပေးတော်မူပါ။ ယခုအချိန်မှစ၍ ကျွန်မတို့ တင်မြှောက်ပသသော စားသောက်ဖွယ်ရာများကို အားပါးတရ သုံးဆောင်တော်မူပါ ဆရာကြီးရှင့်"

ဟု ပြောဆို တင်မြှောက်လေသည်။

ထိုသို့ တင်မြှောက်ပသသည့်ကိစ္စပြီးစီးသည့်နောက် သူတို့လင်မယားနှစ်ယောက် အသက်(၃၀)ဝန်းကျင်အရွယ် လူငှား(၂)ယောက် ဖိုးခင်၊ တင်လှတို့နှင့် အတူ ထမင်းဟင်းများ ခူးခပ်၍ ပျော်ပျော်ပါးပါး စားသောက်ကြလေသည်။ စားသောက်ပြီးကြသောအခါ ကိုသန်းထွန်းက မသောင်းကြည်အား -

"ကဲ - မင်းဆရာကြီးကို တင်မြှောက်ပသပြီးသွားပြီ ကျေနပ်ပြီလား။ ဒီလယ်ဝယ်ပြီးကတည်းက တင်လိုက်မြှောက်လိုက်ရတာကွာ။ ပိုက်ဆံလည်း ကုန်လှပြီ၊ မင်းဆရာကြီးက တို့ကို တစ်ခါမှလည်း ထူးထူးခြားခြား မ မ,စသေးပါလား"

"အို-ကိုထွန်းကလည်းရှင်၊ မပြောကောင်းတာတွေ။ အချိန်တန်ရင် မ,စမှာပေါ့။ အရမ်းလျှောက်ပြောမနေပါနဲ့။ ဆရာကြီးစိတ်ဆိုးသွားပါဦးမယ်။ ကဲပါ၊ သိမ်းဆည်းပြီးရင် ပြန်ကြရအောင်ပါ"

"မသောင်းကြည် ပြန်နှင့်လေ၊ ဆိုင်ကယ်နဲ့ လိုက်ပို့ပေးရမလား"

ပွဲစား ဆိုတော့ ကိုသန်းထွန်းမှာ ဆိုင်ကယ်ရှိသည်။ ဆိုင်ကယ်ပါ ပါလာသည်နှင့် လိုက်ပို့ပေးမည် ပြော၏။

"နေပါစေ လိုက်မပို့နဲ့တော့။ ရွာက ဘာမှဝေးတာမှမဟုတ်ဘဲ။ ဒါနဲ့ တော်က ဘာကိစ္စရှိလို့နေခဲ့ဦးမှာလဲ"

"ကိစ္စမရှိပါဘူး။ ထမင်းဆိပ်တက်ပြီး အရမ်းအိပ်ချင်လာလို့ လေကလေး တဖြူးဖြူးနဲ့ တစ်ရေးလောက် ဒီတဲမှာ အိပ်လိုက်ချင်လို့ အိပ်လိုက်ဦးမယ်"

"ဒါဖြင့် ကျွန်မပြန်ဦးမယ်"

မသောင်းကြည် သိမ်းဆည်းစရာရှိသည်တို့ကို သိမ်းဆည်းပြီး တစ်နိုင်တစ်ပိုးရွက်ကာ ပြန်သွားလေသည်။ ကိုသန်းထွန်းက လူငှား တင်လှကို လိုအပ်နေသော ရွက်ဖျန်းဆေး၊ ပိုးသတ်ဆေးများ မြို့မှာ သွားဝယ်ရန် ပိုက်ဆံပေးလွှတ်လိုက်ပြီး ဖိုးခင်ကို ဂေါ်ဖီခင်းဆေးဖျန်းခိုင်းလိုက်၏။ သူကမူ တဲပေါ်တက်၍ သစ်သားခေါင်းအုံးတစ်လုံး ခေါင်းအုံးကာ အိပ်လေတော့သည်။

ထမင်းဆိပ်တက်ပြီးအိပ်ပျော်သွားသည်တွင် အိပ်မက်ဆန်းတစ်ခုကို မြင်မက်လေသည်။ ပုဆိုးအနက်ကွက်ကြီးကို ဝတ်ထားပြီး အပေါ်ပိုင်းစွပ်ကျယ်အင်္ကျီနှင့် ဖျင်ကြမ်းတိုက်ပုံအင်္ကျီတို့ကိုသာဝတ်ဆင်ထားသော ထွားထွားကျိုင်းကျိုင်း အသားမည်းမည်း လူကြီးတစ်ယောက် သူ့အနားရောက်လာပြီး -

"ဟေ့ကောင် သန်းထွန်း၊ မင်းတို့ ကျွေးတာမွေးတာကို ငါစားရပေါင်းများပြီ။ မင်းတို့က အရင်လယ်ပိုင်ရှင်တွေလို မဟုတ်ကြဘူး။ ငါ့ကို သတိတရနဲ့ မမေ့ကြဘူး။ ဒီတော့ ငါကလည်းမေ့ထားလို့ ဘယ်ဖြစ်မလဲကွ။ မင်းက ငါ မ,မစဘူးလို့ အပြစ်တင်တယ်ပေါ့လေ။ ကဲပါကွာ၊ ခုငါ မ,စပါ့မယ် သေသေချာချာ မှတ်ထား။ ဘုရားကျောင်းနဲ့ကပ်လျက် မင်းဂေါ်ဖီခင်းအလယ်က ဆီးပင်ငုတ်တိုကြီးကို တူးကြည့်။ မင်းတို့အတွက် ထိုက်ထိုက်တန်တန်ရပါလိမ့်မယ်။ တူးဖြစ်အောင်တူးနော်။ ကိုယ်တိုင်မတူးနိုင်လို့ သူများကို တူးခိုင်းရင်လည်း မင်းအနားမှာရှိပါစေ ,မခွာနဲ့ ဒါပဲ။ ကဲ - ငါသွားမယ်"

ဟု ပြောဆိုပြီး ပျောက်သွားသည်တွင် ကိုသန်းထွန်း အိပ်နေရာမှ လန့်နိုးလာ၏။ အိပ်မက်ကို ပြန်စဉ်းစား၏။ ဆီးပင်ငုတ်တိုကြီး သူ့လယ်မှာရှိနေသည်ကတော့ အမှန်ပင် ဖြစ်သည်။ နဂိုက အယုံအကြည်သိပ်ရှိလှသူမဟုတ်၍ သူ့အိပ်မက်ကို သူယုံရခက်၊မယုံရခက် ဖြစ်နေလေသည်။ မယုံကြည်၍ မတူးပြန်လျှင်လည်း တကယ်တစ်ခုခုရှိနေလျှင် သူမရလေဘဲနေမည်။ ယုံကြည်၍တူးပြီး ဘာတစ်ခုမှမတွေ့လျှင်လည်း သူအရှုံးဖြစ်မည်ဟု တွေးမိလေသည်။ တူးရကောင်းနိုး၊ မတူးရကောင်းနိုးနှင့် အတန်ကြာဝေခွဲမရဖြစ်နေပြီးမှ 'တူးကြည့်တာမမှားပါဘူးလေ၊ မဟုတ်တော့လည်း အရင်းပေါ့' ဟု ဆုံးဖြတ်ပြီး ဂေါ်ဖီခင်းတွင် ပိုးသတ်ဆေးများ လိုက်ဖျန်းနေသော ဖိုးခင်ကို လှမ်းခေါ်လိုက်သည်။ ဖိုးခင်နှင့် နှစ်ယောက် ဆီးပင်ငုတ်ကြီးကို တူးကြမည်။

ခေါ်သံကြား၍ ဖိုးခင် ရောက်လာသည်။

ကိုသန်းထွန်းက -

"ကိုဖိုးခင်ရေ၊ ခင်ဗျားနဲ့ကျွန်တော် ဟိုဂေါ်ဖီခင်းအလယ်က ဆီးပင်ငုတ်ကြီးကို တူးထုတ်ပစ်လိုက်ကြရအောင်ဗျာ။ အလကားရှုပ်နေတယ်"

ဖိုးခင် တွန့်သွားသည်။ ခဏမျှစဉ်းစားပြီး မငြင်းမရဲလေသံဖြင့် -

"ဖြစ်ပါ့မလား ကိုထွန်းရာ။ အရင်လယ်ရှင်တွေတုန်းကလည်း ဒီဆီးငုတ်ကြီးဖော်မယ်လုပ်တော့ မတူးပါနဲ့၊ တူးရင် ဒုက္ခတွေ့မယ်လို့ အိပ်မက်ပေးလို့ မတူးရဲကြဘူးလို့ ကြားတယ်"

"တူးသာတူးပါဗျာ၊ ကျွန်တော်လည်း ဝိုင်းကူမှာပဲ။ ကျွန်တော်ခိုင်းတာပဲ ခံစရာရှိရင် ကျွန်တော်ခံမယ်။ ဘာမှ မကြောက်ပါနဲ့"

"ဒီလိုဆိုတော့လည်း တူးကြတာပေါ့လေ။ ကျွန်တော် ပေါက်တူးနဲ့တူးရွင်းပြားတွေ ယူလိုက်ဦးမယ်"

ဖိုးခင် လယ်တဲမှာထားသည့် ပေါက်တူးနှစ်လက်နှင့် တူးရွင်းပြားတစ်လက်တို့ကို ယူလာသည်။ ပေါက်တူးတစ်ယောက်တစ်လက်ထမ်း၍ ဂေါ်ဖီခင်းအလယ်ရှိ ဆီးပင်အငုတ်ကြီးရှိရာသို့ ရောက်လာကြသည်။ ဆီးပင်ငုတ်ကြီး ပတ်လည်ဘေးတစ်တောင်ခန့်လောက်မှ စ၍ မြေကြီးများကို ပေါက်တူးများဖြင့် ပေါက်ထုတ်ကြသည်။ တဖြည်းဖြည်းနှင့် တစ်တောင်ခွဲခန့် နက်လာ၏။ ကိုသန်းထွန်းမှာ အိပ်မက်အရ ဘာတွေ့မလဲ ဘာတွေ့မလဲဟူသောစိတ်ဖြင့် အာရုံစူးစိုက်ပြီး စိတ်ပါလက်ပါ တူးဖော်နေသည်ကို ဖိုးခင်တစ်ယောက် မသိရှာ။ ဘာကိစ္စနဲ့ သူ့ဘာသာသူနေသည့် ဆီးငုတ်ကြီးကို ဖော်ခိုင်းတာပါလိမ့်ဟုသာတွေးပြီး စိတ်မပါ့တပါ တူးဖော်နေ၏။ တဖြည်းဖြည်း ဆီးငုတ်ကြီးနဲ့လာသည်။ လုပ်ရင်းကိုင်ရင်း ကျင့်သားမရှိသည့် ကိုသန်းထွန်း မောလာ ညောင်းလာသည်။ မော



www.burmeseclassic.com

www.burmeseclassic.com

လည်းမော၊ ရေကလည်း ငတ်လာသည်နှင့် တူးဖော်ခြင်းကို ခဏရပ်ကာ -

"ကိုဖိုးခင့်ရေ၊ ကျွန်တော်တော့ မောလာပြီဗျာ၊ တဲမှာ ရေသွားသောက်ပြီး ခဏနားလိုက်ဦးမယ်။ ခင်ဗျားလည်း နားလေဗျာ"

"ကျွန်တော် ရပါသေးတယ်၊ သွားနားပါ။ ကျွန်တော်တစ်ယောက်တည်း လည်းဖြစ်ပါတယ်"

"ဒါဖြင့်ကျွန်တော်သွားမယ်၊ ဆက်တူးထားပေါ့"

ပြောပြောဆိုဆို ကိုသန်းထွန်းတဲဆီသို့ ထွက်သွားသည်။ ဖိုးခင်ဆက်လက်တူးဖော်နေရာ ရေသောက်မြစ်များ ကုန်သနီးပါးရှိလာသည်တွင် မြေကြီးထဲမှ ထောင်ရေအိုးအရွယ် မြေအိုးကလေးတစ်လုံးကို တွေ့ရှိလေသည်။ အိုးလေးထဲမှာ မြေကြီးများ ပြည့်သိပ်နေ၏။ ဖိုးခင်စိတ်ဝင်စားသွားသည်။ လယ်တဲဆီတစ်ချက်လှမ်းကြည့်လိုက်၏။ ကိုသန်းထွန်း ပြန်ထွက်လာသည်ကို မတွေ့ရသေးသည်နှင့် အိုးလေးထဲမှ မြေကြီးများကို ယက်ထုတ်သွန်ချလိုက်သည်တွင် မြေကြီးပေါ်ကျလာသည့်ပစ္စည်းများကြောင့် ဖိုးခင်မျက်လုံးပြူးပြီး ရင်တုန်ပန်းတုန်ဖြစ်သွားရလေသည်။ ဖိုးခင်တွေ့လိုက်ရသည်များက မက်မောစရာ။ ခေါင်းဘယက်တစ်ခု၊ ရွှေဆွဲကြိုးသုံးကုံး၊ လက်ကောက်နှစ်ရန်၊ နားကပ်သုံးရန်၊ အားလုံးရွှေထည်ပစ္စည်းချည်း ဖြစ်သည်။ ပစ္စည်းများကိုကြည့်ပြီး ဖိုးခင် ခေါင်းနောက်သွားရသည်။ ကိုသန်းထွန်းကို လှမ်းခေါ်လိုက်ရမည်လား၊ မသိအောင်တိတ်တိတ် သူယူထားလိုက်ရလျှင် ကောင်းမည်လား ဟူသော အတွေးများဖြင့် သူ့စိတ်တွေ ယောက်ယက်ခတ်သွားသည်။ လယ်မြေမှရရှိသော ပစ္စည်းသည် လယ်ပိုင်ရှင် ကိုသန်းထွန်းနှင့်သာ သက်ဆိုင်သည်ကို ဖိုးခင် သိရှိနားလည်သော်လည်း ဖိုးခင်စိတ်တွေဖောက်ပြန်လာပြီ။ လောဘပယောဂအဆိပ် ဖိုးခင်သွေးထိပ်တက်နေပါပြီ။ ကြာကြာစဉ်းစားရန် အချိန်မရ။ လယ်တဲဆီလှမ်းကြည့်လိုက်တော့ ကိုသန်းထွန်း ရေသောက် အမောပြေပြီး ပြန်လာနေပါပြီ။ တစုန် တယင်ဖြင့် စဉ်းစားသည်။ နောက်ဆုံး လောဘက အနိုင်ယူသွားလေသည်။ ပုဆိုးကို ကျစ်ကျစ်ပါအောင်ဝတ်ပြီး ခါးပိုက်ထောင်လုပ်၍ လက်ဝတ်ရတနာ ပစ္စည်းများကို ခါးပိုက်ထောင်ထဲထည့်ကာ လုံခြုံအောင်ပိတ်ထားလိုက်သည်။ မြေအိုးလေးကို မှန့်ညက်အောင်ထုခွဲပြီး ခပ်ဝေးဝေးသို့ လွှင့်ပစ်လက်စဖျောက်လိုက်သည်။ ဖိုးခင် စိတ်ကိုငြိမ်အောင်ထိန်းပြီး ဣန္ဒြေမပျက် ဆက်လက် မြေတူးနေလိုက်သည်။ မကြာခင် ကိုသန်းထွန်း ပြန်ရောက်လာပြီး ဖိုးခင်ကို မေးလိုက်၏။

"ဘယ်လိုလဲဗျ၊ ရေသောက်မြစ်တွေ မကုန်သေးဘူးလား"

"နည်းနည်းပဲကျန်ပါတော့တယ်"

ဖိုးခင်အသံမတုန်အောင် သတိထားပြီး ပြန်ပြော၏။

"အေးဗျာနော်၊ ကြည့်တော့သာ လွယ်မလိုလိုနဲ့ တော်တော်လက်ဝင်တာပဲ။ ခင်ဗျားနားဦးလေ၊ ကျွန်တော်ဆက်လုပ်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ရေသွားသောက်လိုက်ဦးမယ်"

ကိုသန်းထွန်းအနားနေရမည်ကို စိတ်မလုံသဖြင့် ဖိုးခင် တူးရွင်းပြားကိုချထားခဲ့ပြီး တဲဆီသို့ထွက်ခွာသွားသည်။ ကိုသန်းထွန်း ဆီးငုတ်ကြီးမှ ရေသောက်မြစ်များကို ဆက်လက် တူးဖော်ဖြတ်ထုတ်နေ၏။ အတန်ကြာတွင် ဖိုးခင်ပြန်ရောက်လာ၏။ ရေသောက်ပြီး၍ ရင်လည်း အတော်ငြိမ်သွားပြီ ဖြစ်သည်။ ဣန္ဒြေရရနှင့် ဖိုးခင် ဆီးပင်ငုတ်မြစ်များကို ဖြတ်တောက်တူးဖော်သည်။ မကြာခင်မှာပင် ရေသောက်မြစ်အားလုံးပြတ်တောက်ပြီး ဆီးငုတ်ကြီး မြေကြီးမှပြုတ်ထွက်သွားသည်။

ကိုသန်းထွန်းက -

"ရပြီ ကိုဖိုးခင်ရေ၊ ဒီဆီးငုတ်ကြီးကို ဒီအတိုင်းမ,တင်ဖို့မလွယ်ဘူး။ ကြိုးနဲ့သိုင်းပြီး ထမ်းပိုးနဲ့ နှစ်ယောက်မ,တင်ကြမယ်။ ကြိုးနဲ့ ဝါးထမ်းပိုး တဲမှာသွားယူဗျာ"

ကိုသန်းထွန်းသည် ဖိုးခင်ကိုခိုင်းလိုက်ပြီး မြေစာခဲများကို လက်ဖြင့်မွှေနှောက်ခြေဖွရှာဖွေကြည့်သည်။ ဘာမှမတွေ့ရ။ ဖိုးခင် ကြိုးနှင့်ဝါးထမ်းပိုးယူပြီး ပြန်ရောက်လာ၍ ဆီးငုတ်ကြီးကိုကြိုးဖြင့် ပတ်သိုင်းကာ ထမ်းပိုးဖြင့် မ,တင်ဖော်ထုတ်လိုက်ကြ၏။ ဆီးငုတ်ကြီးကျင်းပေါ်ရောက်သွားသည်နှင့် ကိုသန်းထွန်းသည် ဘာမှမတွေ့ရသည်ကို မကျေနပ်နိုင်သလို ပေါက်တူးဖြင့် ဟိုလိုလိုဒီလိုလို မြေကြီးကို ဖွကြည့်မွှေကြည့်သည်တွင် ကြွေလင်ပန်းသဏ္ဌာန်အပိုင်းပြားတစ်ခု၏ နှုတ်ခမ်းသားပေါ် ထွက်လာသည်ကို မြင်တွေ့ရ၏။

"ကိုဖိုးခင်ရေ၊ ဘာလဲမသိဘူးဗျ"

ဖိုးခင် ရင်ခုန်သွားပြန်၏။ ဘာများ ထပ်တွေ့ပြန်ပြီလဲ။ ဒီတစ်ခါတော့ သူမရနိုင်တော့ပြီဟု တွေးမိလေ၏။ ကိုသန်းထွန်း ဆီးပင်ငုတ်ကြီးကိုဖော်ခိုင်းသည့်အဓိပ္ပာယ်ကိုလည်း ဖိုးခင် ရိုးတိုးရိပ်တိပ်သဘောပေါက်လာ၏။

ဖိုးခင်က -

"ဖြည်းဖြည်းဖော် ကိုထွန်းရေ၊ ကျိုးပဲ့ကုန်းဦးမယ်။ ကျွန်တော်ဖော်ပေးရမလား"

"နေနေ - ရတယ်။ ကျွန်တော်ပဲ ဖြည်းဖြည်းဖော်မယ်"

ကိုသန်းထွန်း ဖြည်းဖြည်းသာသာ မြေကြီးကို ပေါက်တူးဖြင့် ယက်လိုက်၊ လက်ဖြင့်ယက်လိုက် ဖော်ကြည့်သည်တွင် ထမင်းစားပန်းကန်ကြီးအရွယ်လည်းမက လင်ပန်းအရွယ်လည်းမကျသော မြေကြွေလင်ပန်းများကို အထပ်လိုက်တွေ့ရှိရသည်။ အားလုံးရှစ်ချပ်ရှိသည်။ သုံးချပ်သာကောင်းပြီး ငါးချပ်မှာ အကွဲအအက်များသာ ဖြစ်လေသည်။ ကိုသန်းထွန်း ထိုပစ္စည်းများကို မြေပေါ် မ,တင်လိုက်သည်။

"ကြည့်ရတာလင်ပန်းတော့မဟုတ်ဘူးဗျ။ ရှေးဟောင်းထမင်းစားပန်းကန်ကြီးတွေနဲ့တူတယ်။ ဘာတွေများထပ်တွေ့ဦးမလဲမသိဘူး၊ ထပ်တူးကြည့်ရအောင်။ ဒီဟာတွေထည့်ဖို့ တဲမှာမြွေရေခွံအိတ်တစ်လုံးသွားယူပေးပါဦး"

ကိုသန်းထွန်း ဖိုးခင်ကို မသိမသာ မ,ထုတ်လိုက်သည်။ ဖိုးခင် ထွက်သွားသည်နှင့် စိတ်ထက်သန်စွာ မြေကြီးကို တူးကြည့်ဖွကြည့်ရှာဖွေကြည့်၏။ ဘာမှ ထပ်ပေါ်မလာတော့သဖြင့် စိတ်ပျက်သွားရှာ၏။ စိတ်တွင်လည်း -

'ဘာမှလဲမဟုတ်ဘူး၊ ပုဂ္ဂိုလ်ကြီးငါ့ကိုပေးမယ်ဆိုတာ ဒီပန်းကန်ကွဲတွေလားကွာ။ ရှေးဟောင်းပစ္စည်းဆိုတာတောင် ဘယ်လောက်ရနိုင်မှာလဲ'

ဟု စိတ်မသက်မသာ တွေးနေသည်။

ဖိုးခင်ပြန်ရောက်လာသည်။ စိတ်ဝင်တစားနှင့် -

"ဘာထပ်တွေ့သေးလဲ ကိုထွန်း"

"ဘာမှထပ်မတွေ့ပါဘူး ကိုဖိုးခင်ရာ၊ ဒီလောက်ပဲထိုက်တယ်ထင်ပါရဲ့။ ကဲကဲ - ဒီပစ္စည်းတွေ မြွေရေခွံအိတ်ထဲထည့်ပြီးကြိုးနဲ့စည်းဗျာ၊ အိမ်သယ်သွားရမယ်။ တဲကိုသယ်သွားပေးပါဗျာ"

ဖိုးခင် အိတ်ကိုထမ်း၍တဲဆီသယ်

www.burmeseclassic.com

ယူသွားသည်။ စိတ်တွင် သူ့လယ်ပိုင်ရှင် ကိုသန်းထွန်းကို သနားသလိုဖြစ်မိ၏။ သူက အဖိုးတန်ရွှေထည်ပစ္စည်းများရှိုး ကိုသန်းထွန်းခမျာ ပန်းကန်ကွဲများကို သာ ရရှာသည်ဟု စိတ်မကောင်းသလို လည်း ဖြစ်မိ၏။ သို့သော်လည်း ယူထား ပြီးတော့မှဖြင့် မထူးပြီ။ ဒီတစ်ရာသီ ဟန် မပျက် သိုသိုသိပ်သိပ်နေ၊ လုပ်ငန်းတွေ ပြီးအောင်လုပ်ပေးပြီး လူငှားအလုပ်က ထွက်မည်။ သူ့ဘဝကို ယခုရရှိသော ပစ္စည်းများဖြင့် ပြောင်းလဲသွားစေမည် ဟု စိတ်ကူးယဉ်တွေးတောသွားလေ သည်။

ကိုသန်းထွန်း တဲဆီပြန်ရောက် လာပြီး ကြွေပန်းကန်အိတ်ကြီးကို ဆိုင် ကယ်ပေါ် တင်သည်။

"ကဲ - ကျွန်တော် အိမ်ပြန်လိုက်ဦး မယ်။ ကိုဖိုးခင်လုပ်စရာရှိတာ ဆက်လုပ် ပေါ့"

ကိုသန်းထွန်း ထွက်သွားသည်နှင့် လွတ်လွတ်လပ်လပ်ရှိသွားပြီဖြစ်၍ ဖိုးခင် ခါးပိုက်ထောင်ထဲမှ ပစ္စည်းများကို ပီတိ ဖြစ်စွာ ထုတ်ကြည့်ပြန်၏။ ငါတော့ဘဝ ပြောင်းပြီဟုလည်းတွေး၏။ ဖိုးခင်စိတ် လက်ပေါ့ပါးစွာ လေလေးတချွန်ချွန်နှင့် ဂေါ်ဖိခင်းဆေးဖျန်းသောအလုပ်ကိုဆက် လုပ်နေခဲ့လေသည်။

ကိုသန်းထွန်း သူ့အိမ်ပြန်ရောက် လာသည်။ ကြွေပန်းကန်တွေထည့်ထား သော မြေဖြေခွံအိတ်ကြီးဆွဲ၍ အိမ်ပေါ် တက်လာသည်ကို ဇနီးသည် မသောင်း ကြည်တွေ့ရသည်နှင့် -

"ဘာအိတ်ကြီးလဲ ကိုထွန်း"

"ကြွေပန်းကန်အကွဲတွေပါကွာ။ အကောင်းသုံးချပ်ပဲပါတယ်။ ဒါပေမယ့် ပန်းကန်တွေက ရှေးဟောင်းပစ္စည်းတွေ ဖြစ်ပုံရတယ်"

"တော်ဘယ်ကရလာတာလဲ"

"နေ့လယ်က ငါတဲမှာတစ်ရေး အိပ်တုန်း ပုဂ္ဂိုလ်ကြီးတစ်ယောက်က မင်းကို မ,စမယ်၊ ဆီးပင်ငုတ်ကြီးကို တူး ဆိုပြီး ကူးခိုင်းတဲ့ အိပ်မက်မက်တယ်။ ဒါနဲ့ ငါလည်း ဟုတ်လိုဟုတ်ငြား ဆိုပြီး ဖိုးခင်နဲ့နှစ်ယောက် ဆီးငုတ်ကြီးကိုတူး လိုက်ကြတာ ဒါတွေတွေ့ရတော့တာပဲ။ တခြားဘာပစ္စည်းမှလဲမတွေ့ပါဘူးကွာ။ အိပ်မက်ပေးတာ မင်းတင်မြောက်ခဲ့တဲ့ ဆရာကြီးပဲလား မသိဘူး။ ပေးတော့ ပေးပါရဲ့၊ ဒါလေးပဲလားကွာ။ ဘာမှ လည်း အဖိုးတန်မယ်မထင်ပါဘူး"

"အိုတော် - ကိုထွန်းကလည်း၊ ပေးသလောက်ပေါ့။ ဒါအစပဲရှိသေးတာ။ နောက်ထပ်ပေးချင်လည်း ပေးဦးမှာပေါ့။ အပြစ်မပြောပါနဲ့တော်။ ပေးတယ်ဆိုရင် ပဲတော်လှပြီ။ ကျုပ်တို့ကို ပစ်မထားဘူး။ မ,စကြည့်ရှုတယ်ဆိုရင်ပဲ နည်းမှတ်လို့။ ပြပါဦး၊ တော့်ပစ္စည်းတွေ"

မသောင်းကြည် ကြွေပန်းကန်ကြီး များကို ထုတ်ကြည့်ပြီး -

"တော်ပြောသလို ရှေးဟောင်း ပစ္စည်းတွေဖြစ်နိုင်တယ်။ ရှေးဟောင်း ပစ္စည်းမှန်ရင် ထိုက်ထိုက်တန်တန်တော့ ရနိုင်ပါတယ်။ တော်လည်း သတင်းစာ တွေမှာ ဖတ်ဖူးနေတာပဲ။ နောက်မှစိစဉ် ကြတာပေါ့။ ခုလောလောဆယ်တော့ သိမ်းထားရဦးမယ်"

မသောင်းကြည် မြေဖြေခွံအိတ်ကို ကြိုးပြန်စည်းပြီး အိမ်ခန်းထဲယူသွား သိမ်းဆည်းထားလိုက်လေသည်။

■

"ဟေ့ကောင် ဖိုးခင်၊ ထစမ်းပါဦး"

မာထန်သောအသံနှင့် မိမိကိုလှုပ် နှိုးလိုက်သလိုဖြစ်၍ ဖိုးခင် အိပ်ရာမှ လူးလဲထထိုင်လိုက်သည်။ အိပ်မှုန်စုံများ နှင့်မို့ အမြင်ကမကြည်လင် ဝိုးတဝါးဖြစ် နေ၏။ မိမိအားနှိုးသူကို မျက်စိပြူးပြူးပြီး ကြည့်လိုက်သည်။ ဒေါင်းတစောင်းထုံး ထားပြီး လုံချည်အနက်ကွက်၊ စွပ်ကျယ်၊ ဖျင်ကြမ်းတိုက်ပုံအကျီတို့ကို ဝတ်ဆင် ထားသော အသားမည်းမည်းလူကြီးတစ် ယောက်ကို မိမိအနားမှာ တွေ့လိုက်ရ သည်။ မိမိအားကြည့်နေသော မျက်လုံး နှစ်လုံးကလည်း မီးဝင်းဝင်းတောက်သလို ရှိနေသည်။

ဖိုးခင် အံ့အားသင့်စွာဖြင့် -

"ဘာ. . . ဘာလဲဗျ။ ခင်ဗျားကြီး ဘယ်သူလဲ။ ဘယ်ကလဲ။ ဒီအချိန်ကြီး



ကျုပ်အိမ်ပေါ် ဘယ်လိုရောက်နေတာလဲ။ ဘာကိစ္စလဲ"

"ဟေ့ကောင် ဖိုးခင်၊ ငါဘယ်သူ လဲဆိုတာ မင်းကိုဖြေဖို့ မင်းဆီရောက် လာတာ မဟုတ်ဘူး။ ငါမေးတာတွေကို မင်းအဖြေပေးဖို့က အဓိကကိစ္စပဲ။ မင်း တော့ကွာ၊ ငါ့ကိုများ မလေးမစားနဲ့ နာတော့မယ်"

ထိုလူကြီးက လေသံမာမာဖြင့် ခပ်ထန်ထန်ပြန်ပြောပြီး ဖိုးခင်မျက်နှာကို ခပ်စိမ်းစိမ်းပြန်ကြည့်လိုက်၍ ဖိုးခင်နည်း နည်းဖြုံသွားရသည်။ ဖိုးခင်လေသံနည်း နည်းလျှော့လိုက်သည်။

"ဆိုစမ်းပါဦး။ ကျုပ်ကဘာကိုဖြေ ရမှာလဲ၊ ဘာအကြောင်းလဲ"

"ဘာအကြောင်းလဲလုပ်မနေနဲ့။ နေ့လယ်က ဆီးငုတ်ကြီးအောက်က တူး လို့ရတဲ့ ရွှေထည်ပစ္စည်းတွေကို လယ်ရှင် မသိအောင် ယူလာခဲ့တယ်မဟုတ်လား။ ပန်းကန်ကွဲတွေချည်းပဲ ဟိုတရသွား တယ်လေ။ မင်းဘာငြင်းဦးမလဲ၊ ငါ အားလုံးသိတယ်။ မင်းကွာ၊ ကိုယ့်လယ် ပိုင်ရှင်ကို ဒီလိုလုပ်ရသလား။ မင်းယူ ထားတာတွေ တစ်ခုမကျန် ပိုင်ရှင်ကို ပြန်ပေးလိုက်ပါ။ ဒီပစ္စည်းတွေဟာ သတ် ဆိုင်တဲ့ပိုင်ရှင်ကို ငါပေးလိုက်တာ။ မင်းကို ပေးတာမဟုတ်ဘူးကွ။ နားလည်လား"

လူကြီးစကားကို ကြားရတော့ ဖိုးခင် တအံ့တဩ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ သည်ပစ္စည်းတွေကို မရိုးသားစွာ သူယူလာသည်ကို သူမှ ၍ သူ့မိန်းမ အေးမြတောင် မသိသေး သူဘာလုပ်ရမည်ကို မဆုံးဖြတ်နိုင်သေး ၍ လျှို့ဝှက်ထားခဲ့သည် မဟုတ်လား မည်သို့ပင်ဖြစ်စေ သူလို လူငှားတ ယောက်အတွက် အိပ်မက်ပင်မမက် သည့် သည်ရွှေထည်ပစ္စည်းတွေကို ဖိုးခ အလွယ်တကူ ပြန်မပေးနိုင်၊ မစွန့်လွှ နိုင်ပါ။ သို့ဖြစ်၍ စိတ်ကိုတင်းလိုက်ပြ

"ခင်ဗျားက ဘာမို့လို့လဲ။ ကျုပ် ထိုက်လို့ ကျုပ်တွေ့၊ ကျုပ်ရတာပဲ။ တူးခိုင်းတဲ့ ဆီးငုတ်ကြီးကျုပ်တူးပေး ပြီလေ။ ကျုပ်ဘာဝန်ကျေပြီပေါ့။ ဒီပစ္စ တွေ ကျုပ်ကိုတူးပေးပါလို့ ကျုပ်ကိုပြေ ခဲ့တာမှမဟုတ်ဘဲ မဆိုင်ပါဘူး"

ဖိုးခင် ဟန်ကိုယ့်ဖို့ဖြင့် စတ တင်းကြည့်၏။ လူကြီးက စိတ်ဆိုး ဟန်ရှိ၍ တောက်တစ်ချက်ခေါက်လို ပြီး -

"ဖိုးခင်၊ ဖိုးခင် လူမိုက် မ လိုလား။ မင်းတော့ ဒုက္ခတွေ့တော့မ



www.burmeseclassic.com

www.burmeseclassic.com

ငါဘာကောင်လဲဆိုတာ နောက်တော့ မင်းသိလိမ့်မယ်။ ဒုက္ခမရောက်ချင်ရင် ငါ့စကားနားထောင်ပါ။ ဒီပစ္စည်းတွေဟာ မင်းကို ပေးတာမဟုတ်လို့ ငါပြောတဲ့အတိုင်းသာလုပ်ပါ။ နေ့လယ်កပစ္စည်းတွေရလာပြီး မင်းအိမ်ပြန်လာတော့ မင်းခြေဖဝါး ငုတ်ထိုးမိတယ် မဟုတ်လား။ အေး - အဲဒါ ငါ မင်းကို သတိပေးလိုက်တာပဲ။ ငါ့စကားနားမထောင်လို့ကတော့ မင်းတို့မိတ်ဆွေ ငစနေကို မင်းဆီ ငါလွှတ်လိုက်မယ် သတိထား။ ပစ္စည်းတွေကို ဆက်ဆက်သာပြန်ပေးလိုက်ပါ။ နောက်မှ နောင်တမရနဲ့။ ဒါပဲ ငါသွားမယ်"

မကျေမနပ် ပြောဆိုကြိမ်းဝါးပြီး ထိုလူကြီး ဖိုးခင်အပါးမှ ထွက်ခွာသွား၏။ ဖိုးခင် တစ်ခုခုပြောလိုသေးသည် ဖြစ်၍ ထိုလူကြီးကို အသံကျယ်ကျယ်ဖြင့် လှမ်း ခေါ်လိုက်၏။

"ဟေ့လူ၊ ဟေ့လူကြီး၊ ဟေ့လူ"

ဖိုးခင် အသံမည်မျှကျယ်လောင်သွားသည်မသိ သူ့နံဘေးမှ အိပ်ပျော်နေသော ဇနီးသည် အေးမြ လန့်ဖျပ်နိုးလာ၏။ ဖိုးခင်၏လက်မောင်းကို လှုပ်၍ နှိုးလိုက်ပြီး -

"ကိုဖိုးခင်၊ ဘာတွေယောင်နေတာလဲ"

"ဟေ - ဘာလဲ၊ ငါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲတော် - ဟေ့လူ၊ ဟေ့လူကြီးနဲ့ အကျယ်ကြီးခေါ်ပြီး ယောင်နေလို့ နှိုးလိုက်တာ"

"ဟုတ်လား၊ ဟုတ်ပြီ ဟုတ်ပြီ။ ငါ အိပ်မက်မက်နေတာကိုး တော်ပါသေးရဲ့"

"ဘာတော်ပါသေးရဲ့လဲ၊ ဘာတွေ အိပ်မက်မက်လို့လဲ"

"ဘာမှမဟုတ်ပါဘူးကွာ၊ ပေါက်တတ်ကရတွေပါ။ ကဲကဲ - ပြန်အိပ်ကြစို့ မိုးလင်းသေးဘူး"

အေးမြကို ပြန်အိပ်ခိုင်းလိုက်ပြီး သူ့အိပ်မက်အကြောင်းကို ပြန်စဉ်းစား တွေးတောနေမိ၏။ အိပ်မက်ကလည်း ထူးဆန်းတိုက်ဆိုင်လှပါလား။ အင်းလေ၊ နေ့လယ်က ကိစ္စတွေကို စိတ်မှာစွဲနေလို့လည်း မက်တော့မှာပေါ့။ ဘာမှ ဖြစ်မယ်မထင်ပါဘူးဟု တွေးတောဖြေသိမ့်ပြီး ကွေးထားသော ခြေထောက်ကို ဆန့်လိုက်ရာ -

"အလားလား - သေပါပြီ"

ဖိုးခင် နာကျင်လွန်း၍ အသံထွက်သွားသည်။ ညနေက ငုတ်ထိုးမိထားသော ခြေဖဝါးအနာကို ဖျာစစူးဝင်မိသွား၍ အသည်းခိုက်အောင် နာကျင်ပြီး အော်လိုက်မိခြင်း ဖြစ်သည်။ ပြန်အိပ်မပျော်သေးသည့်အေးမြက ဖိုးခင်အသံကြား၍ -

"ဘာဖြစ်ရပြန်တာလဲ"

"ညနေက ငုတ်ထိုးမိတဲ့အနာကို ဖျာစထိုးမိလို့ပါကွာ"

"တော်ငုတ်စူးလာတာ ကျုပ်ကိုလည်း မပြောပါလား"

"သေးသေးမွှားမွှားမို့လို့ မပြောတာပါကွာ။ မဖြစ်လောက်ပါဘူး"

"မဖြစ်လောက်ပါဘူးလုပ်မနေနဲ့။ အနာမန်းဝင်ပြီးဒုက္ခဖြစ်နေဦးမယ်။ မနက် ဆေးဝယ်လူးဦး။ ကိုင်းထဲဆင်းရဦးမှာ မဟုတ်လား"

"အေးပါကွာ၊ ကဲ - အိပ်အိပ်၊ မိုးလင်းဖို့လိုသေးတယ်"

ဖိုးခင် မိန်းမကို ပြန်အိပ်ခိုင်းပြီး သူလည်း ကြိုးစားပြန်အိပ်၏။ အိပ်၍ မပျော်နိုင်။ စောစောက အိပ်မက်ကိုသာ ပြန်လည်မြင်ယောင်စဉ်းစားနေမိလေသည်။ အိပ်မက်ထဲက မျက်လုံးများဝင်းဝင်းတောက်နေသော ထောင်ထောင်မောင်းမောင်းလူကြီးသည် မည်သူနည်း။ မိမိအကြောင်းအတုန်သိနေ၏။ အိမ်အပြန်လမ်းမှာ ကိုင်းငုတ်ထိုးမိသည်လည်း အမှန်ပင်။

'ပိုင်ရှင်ကိုပစ္စည်းတွေပြန်ပေးလိုက်ပါ။ မင်းကိုပေးတာမဟုတ်ဘူး။ မင်းတော့ ဒုက္ခတွေ့တော့မယ်။ ငါ့စကားနားမထောင်ရင် မင်းတို့ မိတ်ဆွေ ငစနေကို လွှတ်လိုက်မယ်'

စသည့် ငေါက်ငမ်းကြိမ်းဝါးသံတွေကိုလည်း နားထဲမှာ ကြားယောင်နေ၏။ ငါ့မိတ်ဆွေတွေထဲမှာ ငစနေဆိုတာလည်း မရှိပါဘူး။ ဘယ်သူ့ကိုပြောတာပါလိမ့်ဟုစဉ်းစားရင်း သူ့ခေါင်းထဲအတွေး တစ်ခုဝင်လာ၏။ ကွင်းပိုင် . . . ကွင်းပိုင်ကြီးဆိုတာများလားဟု တွေးမိပြီး ဖိုးခင် ဇောချွေးတွေပြန်လာသည်။ ကြောက်စိတ်တွေပါဝင်လာသလိုဖြစ်လာ၏။

ကြောက်စိတ်သာဝင်သော်လည်း အိပ်မက်ထဲက လူကြီးပြောသလို ရွှေထည်ပစ္စည်းများကို ကိုသန်းထွန်းအား ပြန်ပေးဖို့တော့ ဖိုးခင်ဝန်လေးနေသည်။ နှမြောနေသည်။ သူ့ဘဝကို ပြောင်းလဲစေနိုင်သည့် ရတော့ရခဲပစ္စည်းများ မဟုတ်ပါလား။ အမျိုးမျိုးစဉ်းစားပြီး နောက်တွင်ကား ဖိုးခင်ကို သူ၏လောဘစိတ်များကပင် အနိုင်ယူသွားလေသည်။

ဒါအိပ်မက်သက်သက်ပါ။ ကိုယ်နဲ့ထိုက်လို့ ကိုယ်တွေ့တာပဲ။ ယူထားပြီးမှတော့ ပြန်မပေးဘူးကွာ။ ဖြစ်ချင်တာဖြစ် ကွင်းပိုင်ကြီးမကလို့ ဘာပိုင်ကြီးပဲဖြစ်ဖြစ်ဟု ဆုံးဖြတ်ချက်ချလေသည်။

ဖိုးခင်ကြိုးစားပြန်အိပ်သော်လည်း အိပ်မက်များက ခြောက်လှန့်နေသည်မို့ နိုးတစ်ဝက်၊ ပျော်တစ်ဝက်နှင့်ဝင် မိုးစင်စင်လင်းသွားလေသည်။ အိပ်ရာကထတော့ ခြေထောက်အနာက တစစ်စစ်နာလာသည်မို့ ဖိုးခင်စိတ်ညစ်သွားသည်။ ကိုင်းထဲလည်းဆင်းရဦးမည်၊ မိမိလုပ်နိုင်ပါမည်လား။ ကိုသန်းထွန်းကို မျက်နှာပူရတာလည်း သက်သာအောင် အနာအကြောင်းပြပြီး ဒီနေ့တစ်ရက် နားခွင့်တောင်းမည်ဟု ဖိုးခင်စိတ်ကူးလေသည်။

■

ဖိုးခင် ထမင်းကြမ်းစားသောက်ပြီး ရွာမှ ထွက်လာသည်။ လယ်တဲဆီသို့ ကွေ့ပတ်သွားသော လှည်းလမ်းကြောင်းအတိုင်း မလျှောက်ဘဲ ကန်သင်းပေါင်များ၊ ဂေါ်ဖီခင်းများကို ဖြတ်ကာ ခြေထော့နဲ့ဖြင့် လျှောက်လာလေသည်။ တဲဆီသို့ မရောက်ခင် သူ့ရှေ့ဝါးတစ်ရိုက်ခန့်အကွာအဝေးရှိ ကန်သင်းရိုးလမ်း၌ ယောကျ်ားလက်ကောက်ဝတ်ခန့် လုံးပတ်ရှိပြီး အရှည်တစ်လံကျော်မျှရှိသော မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်းကြီးထောင်လျက် သူသွားလမ်းကို တားဆီးနေသလို ဖိုးခင်တွေ့လိုက်ရ၏။ ဖိုးခင်တို့ လယ်ယာလုပ်သားများ၏ မဟာရန်သူဖြစ်သော ဤမြွေဟောက်ကြီးကို ဖိုးခင် အပြတ်ရှင်းရန် ဘေးဘီကို လက်နက်ရှာကြည့်သည်တွင် မလှမ်းမကမ်း ဂေါ်ဖီခင်းအစပ်၌ မြေစာခဲကြီးတစ်တုံးကို တွေ့ရသည်နှင့် အလျင်အမြန်သွားပြေးကောက်လိုက်သည်။ မြေစာခဲကြီးရသည်နှင့် မြွေကြီးအား ထုသတ်ရန်သွားမည်ပြုသောအခါ မြွေဟောက်ကြီးကိုမတွေ့ရတော့ချေ။

အလျင်အမြန်ပြေးသွားပြီး ဘေးဘီကိုရှာဖွေကြည့်ပါသော်လည်း အရိပ်အယောင်မျှပင် မတွေ့ရတော့။ ခဏလေးမှ ခဏလေးဖြစ်၍ ဖိုးခင် အံ့သြသွားသည်။ ဂေါ်ဖီထုပ်ကြီးများမှတစ်ပါး ပတ်ဝန်းကျင်မြင်ကွင်းကလည်း ရှင်းရှင်းလင်းလင်းရှိသည်။ ချုံပုတ်ချုံနွယ်များလည်းမရှိပါဘဲ ပျောက်ခြင်းမလှပျောက်သွားသည်မှာ ထူးဆန်းလှသည်ဟု ဖိုးခင် အောက်မေ့ရင်း တဲဆီ ဆက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com

သွား၏။ လယ်တဲတွင် ဆိုင်ကယ်ဖြင့် ကြိုတင်ရောက်ရှိနေသော ကိုသန်းထွန်းကို တွေ့ရလေသည်။

ကိုသန်းထွန်းက ထော့နင်းထော့နင်းဖြင့်ရောက်လာသော ဖိုးခင်အား -

"ခြေထောက်ကဘာဖြစ်တာလဲ ကိုဖိုးခင်၊ မနေ့က အကောင်းကြီးပါ"

"မနေ့ညနေက ဒီကအပြန် ငုတ် ထိုးမိလို့ပါ"

"တော်တော်များသွားလား။ ဆေးလေးဘာလေးလဲထည့်ဦးလေ။ အနာကို သန့်သန့်ထား၊ မေးခိုင်ပိုးဝင်ဦးမယ်။ ဆေးထိုးလိုက်ပါလား။ ပိုက်ဆံလိုရင်လည်းပြော"

"သိပ်တော့မများပါဘူး ရပါတယ်။ ပိုက်ဆံလည်း မလိုပါဘူး။ အနာရှိန်ကြောင့် ညကတော့ နည်းနည်းကိုက်တယ်။ အိပ်ရေးပါပျက်တယ်"

"အလုပ်လုပ်နိုင်ပါ့မလား။ မလုပ်နိုင်ရင်လည်း ဒီနေ့တစ်ရက်နားလိုက်ပါ။ အရေးတကြီးအလုပ်လည်း မရှိပါဘူး။ ကိုတင်လှတစ်ယောက်ရှိရင် ဖြစ်ပါတယ်။ ပြန်နားလိုက်ပါ။ ခုမနက် ကျွန်တော် ငေါ်ဖိခင်းတွေလျှောက်ကြည့်တော့ ဟိုဘက်အခင်းအစပ်မှာ နည်းနည်းပါးပါး ခိုးခုတ်ထားတာ တွေ့ရတယ်ဗျ။ မနက်ဖြန်ညလောက် ကျွန်တော်တို့စောင့်အိပ်ပြီး သူခိုးဖမ်းရအောင်။ နည်းနည်းမှောင်ရင် တဲကိုလာပေါ့။ လာနိုင်ပါ့မလား ခင်ဗျားအနာနဲ့။ ကိုတင်လှလည်း ခေါ်ရမယ်"

"လာနိုင်ပါတယ်။ မနက်ဖြန်လောက်ဆို အနာသက်သာသွားမှာပါ"

"ဒါဆိုလာခဲ့ဗျာ၊ တစ်ခုခုစားဖို့လည်း ကျွန်တော်ယူလာခဲ့မယ်။ တဲ - ပြန်ပြန်၊ အိမ်ပြန်နားပြီး ဆေးထည့်ဆေးသောက်လုပ်ဦး"

ခွင့်ပြုချက်ရ၍ ဖိုးခင် ရွာထဲပြန်လာပြီး အိမ်တွင်နားနေသည်။ မအေးမြက အနာလူးဆေး၊ သောက်ဆေးများ ဝယ်လာပြီး လူးပေး၊ တိုက်ပေးသည်။ နားနားနေနေနေရင်း နေ့လယ်စာစားသောက်ပြီး ဖိုးခင် တစ်ရေးတစ်မောအိပ်လေသည်။ အိပ်ပျော်သည်နှင့် ဖိုးခင်အိပ်မက် မက်ပြန်သည်။ ညကမက်ခဲ့သည့်အိပ်မက်ထဲက လူကြီးပင်ရောက်လာပြန်သည်။ သည်တစ်ခါက ပို၍ပင်ကြောက်စရာကောင်းလှသည်။ လူကြီး၏ လည်ပင်းတွင် ကြီးမားသော မြွေဟောက်ကြီးတစ်ကောင် ခွေပတ်လျက်ရှိနေပြီး ဇရာမပါးပျဉ်းကြီးကလည်း ထောင်လျက်ရှိသည်ကို ဖိုးခင် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ မြင်ရ၏။

လူကြီးက ဒေါသသံဖြင့်-

"ဟေ့ကောင် ဖိုးခင်၊ မင်းက ဟိုပစ္စည်းတွေ လယ်ရှင်ကို ပြန်မပေးသေးဘူးလား။ အပိုင်စီးမယ်ကြံတယ်ပေါ့ ဟုတ်လား။ဟေ့ကောင်. လောဘမတက်စမ်းပါနဲ့ကွာ။ မမိုက်ချင်စမ်းပါနဲ့။ အမြန်ပြန်ပေး။ ဒီနေ့ပဲ ပြန်ပေးလိုက်။ ငါခိုင်းတဲ့အတိုင်း သွားမပေးလို့ကတော့ ဒီမှာတွေ့လား။ မင်း မနက်က လယ်တဲသွားတုန်းက လမ်းမှာ မင်းတွေ့လိုက်တဲ့ ကောင်ကြီး၊ ဒီပစ္စည်းတွေဟာ မင်းကိုပေးတာမဟုတ်ဘူး။ သေမှာမကြောက်ရင်တော့ ယူပေါ့ကွာ ဟင်း"

ထိုသို့ ပြောဆိုကြိမ်းဝါးပြီး လူကြီးပျောက်သွား၏။ ဖိုးခင် လန့်နိုးလာပြီး ဇောချွေးများပြန်နေ၏။ တကယ်ပဲ မိမိကို ထိုလူကြီး ဒုက္ခပေးတော့မည်လားဟုလည်း ကြောက်နေသည်။ ရွှေထည်ပစ္စည်းများကိုပြန်ပေးရန်ကလည်း ဖိုးခင် အလွန်နှမြောနေမိသည်။ မိမိလောဘကို မထိန်းချုပ်နိုင်ရှာ။ ပြန်မပေးလိုသည့် စိတ်ကသာ လွှမ်းမိုးအနိုင်ယူနေသည်။ နောက်ဆုံးမတော့ အိပ်မက်ကို ကြီးစားမေ့လိုက်သည်။ ပစ္စည်းတွေစိတ်စွဲပြီးမက်နေတာတွေပဲ ဖြစ်မှာပါဟု သူ့စိတ်ကို သူဖြေပြီး ပြန်မပေးဘူးကွာဟုသာ ယတိပြတ် ဆုံးဖြတ်လိုက်လေတော့သည်။

■

ငေါ်ဖိခင်းစောင့်အိပ်ပြီး သူခိုးဖမ်းကြရန် ချိန်းဆိုထားကြသည့်ညသို့ ရောက်လာသည်။ စီစဉ်ထားကြသည့် အတိုင်း မှောင်စပြုချိန်မှ ဖိုးခင် အိမ်က ထွက်လာပြီး လယ်တဲဆီသို့လာခဲ့၏။



လရောင်ကလည်း မိုးရိပ်တိမ်ရိပ်တို့ကြောင့် အလင်းရောင်နည်းပါးလှ၏။ ဖိုးခင်မှာ ဓာတ်မီးတော့ ပါ၏။ သို့သော် လုံခြုံရေးအခြေအနေအရ ညဘက်လယ်ကွင်းထဲ ဓာတ်မီးမထိုးရဟု သတ်ဆိုင်ရာမှ တားမြစ်ထားသဖြင့် ဓာတ်မီးကို ခါးကြားထိုး၍သာ လျှောက်လာရသည်။ လယ်တဲတွင် လယ်ရှင် ကိုသန်းထွန်း ဆိုင်ကယ်ဖြင့်အရင်ရောက်နေနှင့်ပြီ။ ကိုတင်လှကမူ မရောက်ရှိသေးပေ။

ဖိုးခင် မြွေပါးကင်းပါးသတိထား၍ ကန်သင်းလမ်းကလေးကို မြင်စွမ်းနိုင်သမျှ ဂရုစိုက်ကြည့်ပြီးလျှောက်နေရာမှ သတိကလေးတစ်ချက်လွတ်၍ အောက်သို့မကြည့်မိသည့်အခိုက်အတန့်လေးမှာပင် သူ့ခြေဖမိုးမှာ အပ်စူးလိုက်သလို စူးခနဲဖြစ်သွားသည်။ ဆူးတစ်ခုခု စူးလိုက်သည်ဟုသာ ထင်မှတ်ပြီး နှစ်လှမ်း၊ သုံးလှမ်းဆက်လျှောက်ပြီးမှ စိတ်ထဲ မသင်္ကာဖြစ်လာ၍ နောက်ပြန်လှည့်ပြီး ဘေးဘီသို့ဓာတ်မီးထိုးရှာဖွေကြည့်သောအခါ လက်ညှိုးလုံးခန့်သာရှိသော မြွေငယ်တစ်ကောင်သွားနေသည်ကိုတွေ့လိုက်ရသည်။

သူ့ကို ဒီကောင်ကိုက်တာ ဖြစ်မည်။ ဖိုးခင် လျှင်မြန်စွာ သူ့အနီးတွင် တွေ့ရသော မြေစာခဲတစ်ခုကို ကောက်၍ မြွေကို အမိအရထုသတ်လိုက်သည်။ မြွေငြိမ်သက်သွားမှ အသေအချာ လှည့်လာကြည့်လိုက်သည်တွင် အတွေ့အကြုံအရ မြွေဟောက်ငယ်လေးတစ်ကောင်ဖြစ်နေသည်ကို သိလိုက်ရသည်။ ဖိုးခင် တုန်လှုပ်ချောက်ချားသွားသည်။ သူ အသက်နှင့်ဆိုင်လာပြီ။ မြွေဟောက်ကိုက်လျှင် ဆေးမီသည်က ရှားလှ၏။ ဆုံးပါးကြသည်ကများသည်။ မြွေ ဆိပ်ထက် အဆိပ်ပိုပြင်းသည်။ ချက်ချင်းလိုပင် မြွေဆိပ်ကတက်လာ၏။ ဒဏ်ရာက ချက်ချင်း တဖျဉ်းဖျဉ်းဖြစ်လာသည်နှင့် ဖိုးခင် ခြေထောက်ကို ဖိနှိပ်... သိပ်မဝေးလှတော့သည့် လယ်တဲဆီ... ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ဖွင့်... လိုက်၊ ပိတ်လိုက်ပြုကာအချက်ပေးတော့သည်။

အားတင်းအံကြိတ်ပြီး မိနစ်ဝက်... ခန့်ကြာအောင် ဓာတ်မီးထိုးပြနေရာ ... တွင်ရောက်ရှိနှင့်နေသော ကိုသန်းထွန်း... မီးရောင်ကို မြင်တွေ့သွားသည်။ ကိုသန်း... ထွန်း၏ စိတ်တွင် -

'မဟုတ်သေးဘူး၊ ဒီဓာတ်မီးရောင်... အချက်ပြပုံထုးတယ်။ တစ်ခုခုတော့...



www.burmeseclassic.com

www.burmeseclassic.com

နေပြီ၊ သွားကြည့်ဦးမှ'

ဟု တွေးပြီး ဓာတ်မီးဖြင့် အချက်ပြန်ပြလျှက် တဲအတွင်းမှအပြေးအလွှား ထွက်လာသည်။ ဓာတ်မီးပြန်အချက်ပြသည်ကို မြင်လိုက်ရ၍ ဖိုးခင်အားရှိသွားသည်။ ဖိုးခင်အနားကို ကိုသန်းထွန်း ရောက်လာတော့ ဖိုးခင်တစ်ယောက် ဒဏ်ရာကို လက်ဖြင့်ဖိပြီးလဲနေပြီ ဖြစ်သည်။

"ဟာ - ကိုဖိုးခင်၊ ဘာဖြစ်တာလဲ"

"ကျွန်တော့်ကို ပိုးထိလိုက်ပြီ"

"ဟာ -ဟုတ်လား၊ အကောင်တွေ့ လိုက်လား၊ မိလိုက်လား"

"ရလိုက်တယ်၊ ဒီမှာ မြွေဟောက်လေးပဲ"

"ဒီလိုဆို မဖြစ်ဘူး။ ဆေးရုံအမြန်ဆုံးရောက်မှ ဖြစ်မယ်။ ခင်ဗျားအားတင်းထားနော်။ ပုဆိုးအနားစဖြဲပြီး ခြေချင်းဝတ်လောက်မှာ မလျှော့မတင်းစည်းထား။ မထနဲ့ ငြိမ်ငြိမ်နေ။ လုပ်နိုင်သေးရဲ့လား။ ခဏလေးနော် ကျွန်တော် ဆိုင်ကယ်ပြေးယူလိုက်ဦးမယ်"

ကိုသန်းထွန်း တဲဆီ အပြေးအလွှားသွားပြီး ဆိုင်ကယ်ကို အမြန်ဆုံးစီးယူလာခဲ့သည်။ ဖြစ်ပွားသောနေရာနှင့် အနီးဆုံး လှည်းလမ်းကြောင်းမှာ ဆိုင်ကယ်ကို ရပ်ထားခဲ့ပြီး ဖိုးခင်ကို လာတွဲခေါ်သည်။ မြွေသေလေးကိုပါ ပလတ်စတစ်အိတ်ထဲတစ်လုံးဖြင့်ထည့်ပြီး ယူဆောင်ခဲ့သည်။

"ကိုဖိုးခင် အားတင်းထားနော်။ ခင်ဗျားမသေစေရဘူး။ ဆေးရုံအချိန်မီရောက်စေရမယ်။ ဘာမှအားမငယ်နဲ့ မကြောက်နဲ့"

ဆိုင်ကယ်ဆီရောက်တော့ ဖိုးခင်ကို နောက်မှထိုင်စေပြီး သူ့ခါးကိုအသေအချာဖက်ထားစေကာ လှည်းလမ်းကြောင်းအတိုင်း ရွာဆီသို့ ဆိုင်ကယ်ကို အမြန်ဆုံး မောင်းနှင်စီးနင်းလေသည်။ ဖိုးခင်ကိုလည်း သတိပေးအားပေးစကား ပြော၏။

"ကိုဖိုးခင် ဂရုစိုက်ပြီး မြဲမြဲဖက်ထားနော်။ ခုချက်ချင်းရွာရောက်မှာပါ။ မသေနိုင်တော့ဘူးလို့သာ ယုံကြည်ထားလိုက်"

ဖိုးခင် ဘာမှပြန်မပြောနိုင်တော့။ ဖက်ထားသောလက်များပြုတ်ကျမသွားစေရန်သာ အားခဲကြိုးစားပြီးလိုက်ပါနေရှာ၏။ ကိုသန်းထွန်း ဆိုင်ကယ်ကို အမြန်မောင်းပြီး ရွာစွန်ရှိ ကိုသံချောင်းအိမ်သို့ ဝင်သည်။ ဖိုးခင် ပိုးထိလာ၍ မြို့နယ်ဆေးရုံသို့ ယခုသွားပို့မည်ဖြစ်ကြောင်း၊ မသောင်းကြည်ကို ငွေသုံးသိန်းယူဆောင်ပြီး မြို့နယ်ဆေးရုံသို့လိုက်ခဲ့ရန်နှင့် ဖိုးခင်မိန်းမကိုပါ အကြောင်းကြားပေးရန်၊ ကိုသံချောင်း၏လူငှား စံပွင့်ကိုလည်း ဖိုးခင်နောက်မှ ထိန်းကိုင်၍ ဆေးရုံသို့ လိုက်ပို့ကူညီပေးရန် အဆောတလျင်မှာကြား အကူအညီဝင်တောင်းလေသည်။ ထို့နောက် စံပွင့်ကိုခေါ်ပြီး လူနာဖိုးခင်ကို ဆိုင်ကယ်အလယ်မှာထားပြီး မြို့နယ်ဆေးရုံဆီသို့အမြန်ဆုံးရောက်အောင် သတိထားမောင်းနှင်လေတော့သည်။ ဆေးရုံမှာ သူတို့ရွာနှင့် သုံးမိုင်သာဝေးသဖြင့် အချိန် (၅) မိနစ်လောက်နှင့် ရောက်သွားကြလေသည်။ ဖိုးခင်ကတော့ သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေလေပြီ။ ဖိုးခင် သည်တောင်ကိုမှ ကျော်နိုင်ပါတော့မည်လား။

■

ဖိုးခင် သေမင်းတံခါးဝက ပြန်လှည့်လာနိုင်ခဲ့ပါသည်။ ဖိုးခင်၏ကုသိုလ်ကံကောင်းလှစွာ၏။ ကိုက်သောမြွေကိုပါ တစ်ပါတည်း ယူဆောင်လာနိုင်ပြီး ဆေးရုံသို့ အချိန်မီရောက်ရှိလာသည့်အပြင် မြို့နယ်ဆေးရုံမှာကလည်း သူ့အသက်ကိုကယ်လိုက်သည့် မြွေဆိပ်ဖြေဆေးက နောက်ဆုံးလက်ကျန်။ သည်နောက်ဆုံး လက်ကျန်လေးသာမရှိတော့လျှင် သေရဖို့ပဲရှိတော့သည်။ ဆရာဝန်ကြီးက လိုရမည်ရ မြွေဆိပ်ဖြေဆေးတစ်လုံးလောက်ဝယ်ထားရန် ညွှန်ကြားသည်နှင့် ကိုသန်းထွန်းကိုယ်တိုင် မိုင်လေးဆယ်မျှဝေးသော ပဲခူးမြို့သို့ ညတွင်းချင်း ဆိုင်ကယ်ဖြင့်သွား၍ ငွေ(၈၀၀၀၀) ပေးကာ သွားဝယ်ခဲ့သည်။ ဖိုးခင်အား ဆရာဝန်ကြီးနှင့် ဆေးရုံဝန်ထမ်းများ၏ မေတ္တာစေတနာများနှင့် ဂရုတစိုက်ကုသပေးမှု၊ ကိုသန်းထွန်းတို့ ဇနီးမောင်နှံ၏ စေတနာရက်ရောစွာဖြင့် လိုလေသေးမရှိအောင် ငွေအား၊ လူအားကူညီစောင့်ရှောက်မှုတို့ကြောင့် ဖိုးခင် သည်တောင်က ကျော်နိုင်ခဲ့လေပြီ။

ဖိုးခင် ဆေးရုံက ဆင်းလာပြီး တစ်ခုသောနံနက်ခင်း၌ ကိုသန်းထွန်းနှင့် မသောင်းကြည်တို့ သူတို့အိမ်ပေါ်မှာ နံနက်ခင်း အဆာပြေစာ အကြော်နှင့် ထမင်းကြမ်းစားနေကြစဉ် ဖိုးခင်တစ်ယောက် ထော့နဲ့ထော့နဲ့ဖြင့် အိမ်ပေါ် တက်လာသည်ကိုတွေ့ကြရ၏။

ကိုသန်းထွန်းက -

"လာ - ကိုဖိုးခင် စောစောစီးစီး ဘာကိစ္စရှိလို့လဲ။ ခြေထောက်လည်း ကောင်းကောင်းမပျောက်သေးဘဲနဲ့ ကိစ္စရှိရင် မအေးမြလွှတ်လိုက်ရောပေါ့ဗျာ။ ဘာလဲ ပိုက်ဆံအသုံးလိုလို့လား"

"ပိုက်ဆံလိုလို့ မဟုတ်ပါဘူး။ အေးမြကိုလွှတ်လိုက်လို့ရတဲ့ကိစ္စလည်း မဟုတ်လို့ ကျွန်တော်ကိုယ်တိုင် လာခဲ့တာပါ။ လာချင်နေတာ ကြာပါပြီ။ ခြေထောက်အရောင်သက်သာလာလို့ ခုထလာခဲ့တာပါ"

"ဆိုပါဦး၊ ကိစ္စက"

ဖိုးခင် ဘာမှပြန်မဖြေဘဲ ခါးပိုက်ထောင်ထဲမှ လက်ကိုင်ပဝါထုပ်လေးကို ထုတ်၍ ကိုသန်းထွန်းတို့လင်မယားရှေ့ကို ချလိုက်သည်။

"ဒါဘာလဲဗျ ကိုဖိုးခင်"

"ကိုထွန်းပဲဖွင့်ကြည့်ပါ"

ကိုသန်းထွန်း လက်ကိုင်ပဝါထုပ်ကို ကောက်ယူ၍ ဖြေကြည့်လိုက်သည်။ လင်မယားနှစ်ယောက် အံ့သြနားမလည်စွာဖြင့် ဖိုးခင်ကို ပြိုင်တူကြည့်လိုက်ကြသည်။

"လက်ဝတ်လက်စားတွေပါလား။ ဘာတွေလဲဗျ။ ဘယ်သူ့ပစ္စည်းတွေလဲ။ မနည်းပါလား"

"အဲဒါ ကိုထွန်းတို့ ပိုင်တဲ့ဆိုင်တဲ့ ပစ္စည်းတွေပါပဲ"

"မဟုတ်တာဗျာ၊ နောက်မနေပါနဲ့။ ဒါတွေ ကျွန်တော်တို့ လင်မယားမှာ မရှိခဲ့ပါဘူး"

"ဟုတ်ပါတယ်။ ဒါပေမယ့် ဒါတွေဟာ ကိုထွန်းတို့ ပိုင်ဆိုင်သင့်တဲ့ပစ္စည်းတွေအမှန်ပါပဲ။ ကိုထွန်းတို့ဟာ ကျွန်တော်ရဲ့အသက်သခင်တွေပါ။ ကိုထွန်းတို့ကို ကျွန်တော်တို့မလုပ်သင့်တာလုပ်ခဲ့မိတယ်"

"ပြောပါဦး၊ ကျွန်တော် နားရှင်းအောင်"

"ဟုတ်ကဲ့၊ ကျွန်တော်ပြောပြပါ့မယ်။ ကိုထွန်းတို့နှစ်ယောက်ပဲ ဒီအဖြစ်ကို သိပါစေနော်။ ဘယ်သူ့မှလျှောက်မပြောပါနဲ့။ ကျွန်တော် ရှက်လို့ပါ။ ကျွန်တော်တို့ ဆီးပင်အငုတ်ကြီးဖော်တဲ့နေ့က ကိုထွန်းတဲဆီသွားပြီး ရေသောက်တဲ့အချိန်မှာ ကျွန်တော် ဒီပစ္စည်းတွေကို တွေ့လိုက်ရလိုက်တာပါ။ ဒီလိုအဖိုးတန်ပစ္စည်းတွေဆိုတာ ဒီတစ်သက်မှာ ဒီတစ်ခါပဲ ကြုံရတွေ့ရတာဆိုတော့ လောဘတွေတက်ပြီး ကိုထွန်းမသိအောင် ကျွန်တော်ယူထားလိုက်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးခင်စကားကြားရ၍ ကိုသန်းထွန်းတို့လင်မယား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ဖိုးခင်က သူ့ဇာတ်လမ်းကို ဆက်ပြောသည်။

"ကျွန်တော် ဒါတွေရထားတာ အေးမြတောင် မသိသေးပါဘူး။ အဲဒီည မှာပဲ ကျွန်တော် အိပ်မက်မက်တယ်။ ကြောက်စရာလူကြီးတစ်ယောက် ကွင်းမိုင်ကြီးပဲလားတော့ မသိပါဘူး။ ရောက်လာပြီး ကျွန်တော့်ကို ကြိမ်းမောင်းတယ်။ မင်းယူထားတာတွေ တစ်ခုမကျန် ပိုင်ရှင်ကို ပြန်ပေးလိုက်ပါ။ ဒီပစ္စည်းတွေဟာ သက်ဆိုင်တဲ့ပိုင်ရှင်ကို ငါပေးလိုက်တာ၊ မင်းကိုပေးတာ မဟုတ်ဘူးဆိုပြီး ပြန်ပေးခိုင်းတော့တာပါပဲ။ ကျွန်တော်က ကိုယ်နဲ့ထိုက်လို့ရတာပဲ ပြန်ပြောတော့၊ မင်းတော့ ဒုက္ခရောက်တော့မယ်။ ဒုက္ခမရောက်ချင်ရင် ငါ့စကားနားထောင်ပါ။ ငါ့စကား နားမထောင်လို့ကတော့ မင်းတို့မိတ်ဆွေ ဇေနေ့ကို လွှတ်လိုက်မယ်လို့လည်း ပြောသေးတယ်။ အဲဒီလို အိပ်မက်ထဲမှာ ဟိန်းဟောက်ပြီး ပစ္စည်းတွေ ပြန်ပေးခိုင်းပေမယ့် ကျွန်တော့်လောဘက ငယ်ထိပ်တက်နေပြီး မပေးချင်ဘူး။ စိတ်စွဲနေလို့ အိပ်မက်တွေ မက်တာပါဆိုပြီး ပြန်မပေးဖို့ဘဲ ဆုံးဖြတ်ချက်ချပါတယ်။ နောက်တစ်ရက် နေ့လယ်ခင်းကျတော့ တစ်ရေးတစ်မောခဏအိပ်တုန်း အိပ်မက်ထပ်မက်ပြန်ပါရော။ ဒီတစ်ခါ အိပ်မက်က ပိုပြီးကြောက်စရာကောင်းတယ်။ ဒီလူကြီးပဲ ရောက်လာတာ။ လည်ပင်းမှာလည်း မြွေဟောက်ကြီးပတ်လို့"

ဖိုးခင်က ဒုတိယအိပ်မက်ကို စိတ်ဝင်စားဖွယ် အစအဆုံး ပြောပြပြီး -

"အဲဒီလို ပြန်ပေးခိုင်းပြီး သေမှာမကြောက်ရင် ယူမြဲကွာလို့ သတိပေးတာတောင် ကျွန်တော် ဂရုမစိုက်ခဲ့ဘူး။ ပစ္စည်းတွေလက်လွှတ်ဆုံးရှုံးရမှာ နှမြောတော့ ကယောင်ချောက်ချားအိပ်မက်တွေပါဆိုပြီး ကိုထွန်းတို့ကို ပြန်မပေးဘဲ နေခဲ့တယ်။ နောက်နေ့ ကျွန်တော်ပိုးထိတာပဲလေ။ ကျွန်တော်ကိုယ်ကလည်း ညံ့ပါတယ်။ မြွေတွေပက်ပင်းတွေ့ရ အိပ်မက်တွေလည်းမက်နေတာတောင် ဇေနေ့ဆိုတာ မြွေကို ပြောနေတာလို့ မရိပ်မိမတွေးမိဘူး။ ကျွန်တော့်ကိုက်တဲ့ မြွေဟာ ဒီလူကြီးလွှတ်လိုက်တဲ့ မြွေပဲထင်တယ်"

ကိုသန်းထွန်း လယ်တဲမှာ တစ်ရေးတစ်မောအိပ်ခိုက်ရှင်း သူမက်ခဲ့သော အိပ်မက်ကို သတိရလိုက်သည်။ သူတို့နှစ်ယောက်မက်ကြသော အိပ်မက်များ တိုက်ဆိုင်ကြသည်ကတော့ အမှန်ပင်။ ဖိုးခင်ကို ဖြေသိမ့်စကားပြောရန် လိုအပ်သည်ဖြစ်၍ -

"တိုက်ဆိုင်တာနေမှာပါ ကိုဖိုးခင်ရာ။ တကယ်သာ ကွင်းမိုင်ကြီးလွှတ်လိုက်တဲ့ တိုက်မြွေသာဆိုရင် ခင်ဗျားအသက်ရှင်ဖို့ ဘယ်လွယ်ပါ့မလဲ မဟုတ်ဘူးလား"

"တိုက်မြွေ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကျွန်တော် ဒီပစ္စည်းတွေကို မယူရဲတော့ပါဘူး။ ကိုထွန်းတို့နဲ့သာဆိုင်တဲ့ ပစ္စည်းတွေဆိုတာ ကျွန်တော် တထစ်ချ ယုံကြည်သွားပါပြီ။ ကျွန်တော်လာပြန်ပေးတာကို စိတ်သန့်သန့်နဲ့သာ လက်ခံယူလိုက်ကြပါဗျာ။ ကျွန်တော့်ရဲ့လောဘကြောင့် မှားခဲ့မိတဲ့အမှားကိုလည်း ခွင့်လွှတ်ကြပါ"

"ခွင့်လွှတ်ပါတယ် ကိုဖိုးခင်ရာ။ လူဆိုတာ ဒီလိုပါပဲ၊ လောဘတက်လာကြတဲ့အခါ အမှားအမှန် မဝေခွဲနိုင်တဲ့ မောဟတွေထွက်လာကြတော့တာပါပဲ။ မှန်တာပြောရရင် ကျွန်တော်ကလည်း အိပ်မက်ရလို့ ဟုတ်လိုဟုတ်ငြားဆိုပြီး ဒီဆီးပင်ငုတ်ကြီးကို ဖော်တာပါ။ ပန်းကန်ကွဲတွေပဲရလိုက်တော့ စိတ်ထဲမှာ မအီမလည်ကြီးဖြစ်ရတယ်။ ခင်ဗျားကိုတော့ လုံးဝသံသယမရှိခဲ့ပါဘူး။ ဒီလောက်ပဲထိုက်တယ်လို့ အောက်မေ့ခဲ့ပါတယ်။ စိတ်ချပါ။ ကျွန်တော်တို့လင်မယား နှုတ်လုံပါ့မယ်။ လျှောက်ပြောလို့လည်း ဘယ်ဖြစ်ပါ့မလဲ။ ဟိုးလေးတကျော်ဖြစ်သွားမှာပေါ့"

နှစ်ဦးနှစ်ဖက် ပြေလည်ကျေနပ်ပြီးကြသည်တွင် ကိုသန်းထွန်းသည် ဖိုးခင်အပ်နှံသောလက်ဝတ်လက်စားရွှေထည်ပစ္စည်းများကို တစ်ခုချင်း သေသေချာချာ ကိုင်တွယ်ကြည့်ရှုရင်း ရင်တွေခုန်နေလေသည်။ ပြီးနောက် -

"ဒီလက်ဝတ်ရတနာတွေနဲ့ ပန်းကန်တွေဟာ ရှေးဟောင်းပစ္စည်းတွေဖြစ်ချင်လည်း ဖြစ်နေမှာ။ ဒီဘုရားကျောင်းလယ်ကွင်းတွေက ရှေးဟောင်းပစ္စည်း ရွှေတိုရွှေစလေးတွေ မကြာခဏရကြတယ်လို့ ကြားဖူးတယ်။ ဒီတော့ ရှေးဟောင်းသုတေသနကို သွားပြပြီး ဟုတ်နေရင် နိုင်ငံတော်ကို အပ်နှံလိုက်မယ်။ တာလပေါက်ဈေးထက်တော့ပိုရမှာသေချာတယ်။ ကိုဖိုးခင်ကိုလည်း ကျွန်တော်တို့ မနစ်နာရအောင်ပေးမှာပါ။ ကံတူလို့ အကျိုးပေးတာပဲဗျာ။ ကျွန်တော်တို့ပေးလို့ ယူတာကတော့ ခင်ဗျားအပြစ်မဖြစ်ပါဘူး"

"ကျေးဇူးတင်ပါတယ် ကိုထွန်းရယ်။ ကျွန်တော့်အသက်ကို ငွေကုန်ကြေးကျခံ၊ စိတ်ရောကိုယ်ပါ အပင်ပန်းခံပြီး ကယ်တင်ပေးခဲ့တဲ့ကျေးဇူးကိုလည်း မမေ့ပါဘူး။ ကိုထွန်းတို့သင့်တော်သလို ပေးမှာကိုလည်း ကျွန်တော် ကျေကျေနပ်နပ် လက်ခံပါမယ်။ နောက်တစ်ပတ်လောက်ဆို ကျွန်တော် ကိုင်းထဲပြန်ဆင်းနိုင်လောက်ပါပြီ။ ကဲ - ပြန်လိုက်ဦးမယ်နော်"

"ကောင်းကောင်းကျန်းမာအောင်နေလိုက်ပါဦး ကိုဖိုးခင်။ အလုပ်ကိုခေါင်းထဲမထားပါနဲ့။ အဆင်ပြေအောင် ကျွန်တော့်ဘာသာ စီစဉ်သွားပါ့မယ်။ ကျန်းမာအောင်သာနေပါ ကဲ- သွား၊ သွား"

ဖိုးခင် ဖြည်းလေးစွာ အိမ်ပေါ်မှဆင်းသွားပြီးသည့်တွင် မသောင်းကြည်သည် -

'ကဲ ကျွန်မ မပြောဘူးလား"

ဟူသော မျက်နှာပေးမျိုးဖြင့် ယောက်ျားဖြစ်သူကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီး -

"ကဲ - တွေ့ပြီလား၊ ဆရာကြီးမ,စတာကို လက်တွေ့ယုံပြီလား။ ကျေးဇူးတင်လှပါတယ် ဆရာကြီးရှင့်။ ဆရာကြီးကို အရင်ထက်ပိုပြီး ပ,သတင်မြှောက်ပါမယ်ရှင့်"

ဟု ပြောဆိုပြီး နဖူးပေါ် လက်အုပ်လေးချီကာ အရိုအသေပြုပါလေတော့သည်။

ဘယ်လိုမှ မျှော်လင့်မထားသော ရွှေပစ္စည်းများကို ရရှိလိုက်ကြ၍ ပီတိများ ပျော်ရွှင်ခြင်းများဖြင့် ဗိုက်ဝသွားကြသော ကိုသန်းထွန်းတို့ ဇနီးမောင်နှံမှာ ဆက်လက်စားသောက်ရန် မလိုအပ်တော့ပြီဖြစ်သော အကြော်ပန်းကန်၊ ရေနွေးကြမ်းကရားတို့ကို သိမ်းဆည်းလိုက်ကြကာ လက်ကိုင်ပဝါဖြင့် ထုပ်ထားသော ရွှေထည်ပစ္စည်းထုပ်ကိုလည်း လုံခြုံစွာ သိမ်းဆည်းပြီး ပျော်ရွှင်မဆုံးရှိနေကြလေတော့သတည်း။

*သူတစ်ပါးမပေးလိုသောအရာ*
*တစ်ညှိုတစ်ထွာမျှပင်*
*မယူချင်ကြပါစေကြောင်း*
*စေတနာကောင်းဖြင့်-*

ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



(ရွှေဝင်း)

# ဦးမြင်းဇင်

အပိုင်း(၂)

## ကညာပျို ကြာညိုရနံ့သင်းစေသော်

ယခုလတွင် ကိုယ်သင်းနံ့ဆိုးသူများအတွက် လိုက်နာကျင့်သုံးလျှင် အကျိုးလွန်စွာရှိသော နည်းစနစ်များကို အဓိက တင်ပြပါမည်။

(၁) ကိုယ်သင်းနံ့ဆိုးသူများတွင် အဓိကအနံ့ဆိုးထွက်ပေါ်စေသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကို ရှာပါ။

ဥပမာ ပါးစပ်ခံတွင်း၊ ပေါင်ကြား (မိန်းမကိုယ်အနံ့ဆိုးခြင်း)၊ ချိုင်းကြား၊ ဦးရေပြား၊ ခြေထောက် ခြေချောင်းလေးကြား ချွေးထွက်လာမှုအနံ့နံခြင်း စသည့်တို့ ဖြစ်သည်။

အချို့က မိမိတို့သုံးစွဲနေသော ပစ္စည်းများနှင့် ဓာတ်မတည့်၍ အနံ့ထွက်ခြင်း ဖြစ်တတ်သည်။

ဥပမာ ဆံပင်ဆိုးဆေး၊ ဆံပင်ပေါင်းဆေး၊ ချုပ်ဆေးမ အသားအရေကြေးချွတ်ဆေးများ၊ အမွှေးကျွတ်ဆေးများ၊ ကော့စမတ်တစ် အလှပြင်ပစ္စည်းများတို့ ကိုယ့်ဟာကိုယ်ကတော့ မွှေးသည်ဟု ထင်ရသည်၊ သို့သော် မိမိ၏ ကိုယ်သင်းအနံ့နှင့် ကော့စမက်တစ်အနံ့ (၂)မျိုး ဓာတ်ပြုပြီး ထွက်လာသည့်အနံ့ဆိုးကျတော့ ဘေးလူမှသိနိုင်ပေသည်။

ဒါကြောင့် ကိုယ်သင်းနံ့ဆိုးရှိသူများသည် ကော့စမတ်တစ် အလှပြင်ပစ္စည်းများမသုံးခင် မိမိ၏ကိုယ်သင်းနံ့



www.burmeseclassic.com

www.burmeseclassic.com

နှင့် သုံးစွဲပြီး ကိုယ်သင်းနံ့ကို ခင်မင်စိတ်ချရသူများထံ ရနံ့ခံခွဲခြားခိုင်းပါ။

မိမိနှင့်သင့်တော်သော၊ အနံ့ထွက်သက်သာသော လိုက်ဖက်သည့် ကော့စမတ်တစ်ပစ္စည်းများကိုသာ ဦးစားပေးရွေးချယ်၍ သုံးစွဲပါ။

များသောအားဖြင့် ကိုယ်သင်းနံ့ပြင်းသူများသည် ပါးစပ်၊ ခံတွင်း၊ ချိုင်းကြား၊ ပေါင်ကြားတို့မှ အနံ့အထွက်များကြပါသည်။

ထို့ကြောင့် ပါးစပ်၊ ခံတွင်းကို အမြဲသန့်ရှင်းစင်ကြယ်အောင် ဂရုစိုက်ပါ။ ချိုင်း၊ ပေါင်ခြံတို့မှ အမွေးအမှင်များကို အမြဲသန့်စင်ထားပါ။ ရာသီသွေးပေါ်ချိန်မှာ အထူးဂရုစိုက်၍ တစ်ကိုယ်ရေသန့်ရှင်းမှုကို အလေးထားပါ။ ပါးစပ်ခံတွင်းအတွက် ကျောက်ချဉ် (၄) ပဲသားကို ရေနွေးမတ်ခွက်ကြီးတစ်လုံးနှင့်ဖျော်စပ်၍ အအေးခံပြီး နေ့စဉ် (၃) ကြိမ်ခန့် အာလုတ်ကျင်းပေးပါ။ ဆားကျက်ရည်တွင် သံပရာသီးညှစ်၍လည်း အာလုတ်ကျင်းနိုင်ပါသည်။

ချိုင်းနှင့် ပေါင်ခြံတို့တွင် ထုံးရည်ကြည် (သို့) ကျောက်ချဉ်ရည်ကြည်ကို အမြဲစွတ်ပေးပါ။ ရေချိုးလျှင် သံပရာခြမ်းတွင် ဆားအနည်းငယ်တင်၍ ချိုင်းနှင့် ပေါင်ခြံတို့ကို ပွတ်တိုက်ပေးပါ။

ညအိပ်ရာဝင်ချိန်တွင် ချိုင်းနှင့်ပေါင်ခြံတို့တွင် ကွမ်းရွက်ကို မီးကင်၍နွမ်းသွားသည့်အခါ ၎င်းကွမ်းရွက်ကို ချိုင်း(၂)ဖက်၊ ပေါင်ခြံ(၂)ဖက်တို့ တွင် ကပ်ပေးပါ။(အမွေးအမှင်များမရှိမှ ကပ်၍ ရအောင်သန့်စင်ထားပါ။) သခွားသီးကို ပါးပါးလှီး၍ ကွမ်းရွက်ကပ်သကဲ့သို့ နာရီဝက် (သို့) တစ်နာရီခန့်ကပ်ပေးနိုင်သည်။

ရေချိုးလျှင် ဆားခါးရေနွေးနွေးဖြင့်စိမ်၍ချိုးပေးပါ။ ညဘက်တွင် ရေချိုးပြီးလျှင် ချိုင်းနှင့် ပေါင်ခြံတို့တွင် အကင်း(၁၀)ပါးဆေးကို ကရမက်နှင့်သွေး၍ လိမ်းပေးပါ။

မှတ်ချက် - အရည်အသွေးပြည့်မီ၍ စစ်မှန်သော ဆေးပစ္စည်းများနှင့် ဖော်စပ်ထားသည့် အကင်း(၁၀)ပါးဆေးဖြစ်ရန် လိုအပ်ပါသည်။ လတ်ဆတ်၍ မွှေးကြိုင်နေသော အကင်း(၁၀)ပါးဆေးဖြစ်ရမည်။ အချို့အကင်း(၁၀)ပါးဆေးသည် ဆေးပစ္စည်းအရည်အသွေးညံ့၍ ဖော်စပ်မှုချို့ယွင်းသဖြင့် ဆေးအနံ့မှာ အောက်သိုးသိုး ဟောင်စပ်စပ်ဖြစ်နေတတ်သည်။ ၎င်းဆေးကို သတိပြု၍စစ်ဆေးပြီးမှလိမ်းပါ။

လတ်ဆတ်သန့်ရှင်းစွာစုဆောင်းထားသော ကုံကော်ဝတ်ဆံကို သနပ်ခါးစစ်စစ်ဖြင့် ရောသွေးပြီး တစ်ကိုယ်လုံးကို လိမ်း၍ ညအိပ်ပါ။

အကယ်၍ မိမိသည် ချွေးပုပ်ထွက်ခြင်းကြောင့် ချွေးနံ့ဆိုးခြင်းဖြစ်ခဲ့လျှင် အကင်း(၁၀)ပါးဆေးကို ရေနွေးဖြင့်ဖျော်စပ်ပြီး ဆေးရည်နွေးနွေးတွင် နာရီဝက်ခန့်စိမ်ပြီး ရေချိုးပေးပါ။ (ရေတစ်ခါချိုး ဆေးဖော်စပ်လျှင် ဆေး (၁)ကျပ်သားခန့် သုံးရမည်။)

အချို့ ဆံပင်ရှည်ထားကြ၍ခေါင်းချွေးထွက်များပြီး ဦးရေပြားမှာ မှိုစွဲပြီး အနံ့ထွက်တတ်ပါသည်။ ထိုသို့ဖြစ်ခဲ့လျှင် ခေါင်းကို တစ်ပတ် (၃) တစ်ကြိမ်ခန့် လျှော်ပေးပါ။ တတ်နိုင်လျှင် တရော်ကင်ပွန်းပြုတ်ရည်တွင် သံပရာ (သို့) ရှောက်သီးစိတ်ကို ညှစ်ထည့်ပြီး ခေါင်းလျှော်ပေးပါက ပို၍ကောင်းမွန်ပါသည်။

ခေါင်းလျှော်ပြီးလျှင် ဦးရေပြားကို ဆီမွှေးတစ်မျိုးမျိုးနှင့် စိုစွတ်နေအောင် လိမ်းပေးပါ။ ဦးရေပြားမခြောက်စေရန်ဖြစ်ပါသည်။

ခြေထောက်၊ ခြေချောင်းကလေးများမှ အနံ့ဆိုးထွက်တတ်သူများဆိုလျှင် ဆားခါးရည်နွေးနွေးဖြင့် ခြေထောက်ကို နာရီဝက်ခန့်စိမ်ပေးပြီး သံပရာခြမ်းတွင် ဆားအနည်းငယ်တင်၍ တိုက်ချွတ်ဆေးကြောသန့်စင်ပါ။

အိပ်ရာမဝင်မီ ခြေထောက်၊ ခြေဖဝါး(၂)ဖက်ကို ဆားဖြင့်ပွတ်၍ ရေဆေးပြီးမှ အိပ်ရာဝင်ပါ။ အနံ့ဆိုးသက်သာလာပါမည်။

မိမိဝတ်ထားသည့်အဝတ်များကိုလည်း တစ်နေ့ (၂) ကြိမ်၊ (၃) ကြိမ်ခန့် လဲလှယ်ပေးရန် လိုအပ်ပါသည်။ ၎င်းအဝတ်များတွင် အနံ့စွဲနေတတ်ပါသည်။ ဒါကြောင့် အကျီများကို အနံ့ကင်းစင်အောင် သေချာလျှော်ဖွပ်ပြီး နေရောင်ခံ နေလှန်းပေးရန် လိုအပ်ပါသည်။

**ကိုယ်သင်းနံ့ဆိုးသူများ ရှောင်ကြဉ်ရမည့်အချက်များ**

ကိုယ်သင်းနံ့ဆိုးသူများသည် ဆီး၊ ဝမ်း၊ သွေး၊ လေမချုပ်အောင် သတိပြုနေထိုင်ရပါမည်။ ဆီး၊ ဝမ်း၊ သွေး၊ လေချုပ်ခြင်းများလာပါက ခန္ဓာကိုယ်တွင် မကောင်းသော အညစ်အကြေး၊ မလဓာတ်များ ပွားများလာပြီး ကိုယ်တွင်းနံ့ဆိုး ပို၍ထွက်လာတတ်ပါသည်။

ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ဖြောင့်မှန်အောင် အညောင်းအထိုင်များခြင်းကို ရှောင်ပါ၊ အပူ၊ အစပ်၊ အချဉ်၊ အပုပ်စာများဖြစ်ကြသည့် ကြက်သွန်ဖြူ၊ ကော်ဖီ၊ ငါးပိ၊ ငံပြာရည်၊ မှျင်ငါးပိ၊ ငါးပိကြော်၊ တညင်းသီး၊ ဆူးပုပ်ရွက်၊ ပဲငါးပိ၊ ပဲပုပ်၊ ငါးသလောက်၊ ဒူးရင်းသီး၊ အုန်းနို့၊ ဒံပေါက်ထမင်း ဘီယာ၊ ဝိုင်၊ အရက်နှင့် ဆေးလိပ်သောက်ခြင်း စသည်များကို ရှောင်ပါ။ မိန်းကလေးများ မီးယပ်သွေးသား မှန်မှန်သွေးပေါ်စေရန် ဂရုစိုက်ပါ။ သွေး၊ လေချုပ်စေသည့် လက်ဖက်၊ အချဉ်ပေါင်း၊ မရန်းပြား၊ ငွေးသီး၊ အချဉ်စသည်တို့ကို သတိပြု၍စားပါ။ မီးယပ်သွေးပေါ်နေစဉ်မှာ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ပါ။

**ကိုယ်သင်းနံ့ဆိုးသူများ အထူးစားသုံးသင့်သည့် ဓာတ်စာများ**

(က) ကျောက်ဖရုံသီးကို မကြာခဏစားသုံးပေးပါ။ ကျောက်ဖရုံသီးဟင်းချို၊ ချဉ်ရည်ဟင်း စသည် ချက်စားပါ။ ကျောက်ဖရုံယိုလည်း စားနိုင်ပါသည်။ အလျှင်းသင့်သလို မကြာခဏစားပါ။ ကျောက်ဖရုံသီးတွင်ပါဝင်သော အရည်ရွှမ်းသည့်ဓာတ်များတွင် အနံ့ဆိုးကို ဖယ်ရှားပေးနိုင်သည့် အစွမ်းသတ္တိရှိပါသည်။

အထူးသင့်တော်သည့် ကျောက်ဖရုံယိုချက် ဆေးနည်းမှာ -

| | | |
|---|---|---|
| ၁။ | ကျောက်ဖရုံသီးအခွံခွာပြီး | ၁ ပိဿာ |
| ၂။ | သကြား | ၅၀ သား |
| ၃။ | ပျားရည် | ၁၀ သား |
| ၄။ | ထောပတ် | ၁၀ သား |
| ၅။ | နှမ်းဆီ | ၁၀ သား |
| ၆။ | ကြက်ဥချက်(၃)ပါး | ၈ ပဲစီ |
| ၇။ | ဇီရာ | ၁ ကျပ် |
| ၈။ | နံနံစေ့ (လှော်ပြီးထည့်ပါ) | ၁ ကျပ် |
| ၉။ | အိန္ဒိယဖာလာစေ့ | ၁ ကျပ် |
| ၁၀။ | သစ်ကြံပိုး | ၁ ကျပ် |

အထက်ပါဆေးများကို (၁) မှ (၅) အထိ ဆေးအမည်များကို ရေသင့်ရုံထည့်၍ လက်ကော်ရအောင်ချက်ပါ။

ပြီးလျှင် (၆) မှ (၁၀) အထိ ဆေးများကို အမှုန့်ပြု၍ ရောသမအောင်မွှေပြီး လေလုံစွာသိမ်းထားကာ ညစဉ် စားပွဲဇွန်း (၁) ဇွန်းစားပါ။

(ခ) သခွားသီးနှင့် ထန်းလျက်ကို မကြာခဏ တငစားပေးပါ။

သခွားသီးသုပ်၊ သခွားသီးဖျော်ရည် စသည်ဖြင့် ကြိုက်နှစ်သက်သလို

www.burmeseclassic.com

မြုလုပ်၍ စားသောက်ပေးပါ။ သခွားသီးတွင် ကိုယ်တွင်းအနံ့ကို ကင်းစင်စေသည့် ဓာတ်များ ပါဝင်နေပါသည်။

(ဂ) ကန့်ကလာရွက်ကို ထန်းလျက်နှင့်ပြုတ်၍ အရည်ကိုသောက်ပေးပါ။ (သို့) ကန့်ကလာရွက်ကို တို့မြုပ်၍ ထမင်းနှင့်စားပေးပါ။

တစ်ပတ်ကို (၁) ကြိမ်၊ (၂)ကြိမ်ခန့် တစ်ခါသောက်လျှင် ဆေးပြုတ်ရည် လက်ဖက်ရည်ပန်းကန် (၁) လုံး နံနက်၊ ည သောက်ပေးပါ။ သွေးကိုသန့်စင်၍ ကိုယ်တွင်းအနံ့တို့ကို နိုင်ပါသည်။

(ဃ) လယ်ကန်စွန်းရိုးအနီကို မန်ကျည်းနှစ်၊ ထန်းလျက်ကိုကျိုပြီး ဆေးပြုတ်ရည်ကို တစ်ပတ်(၂) ကြိမ် လက်ဖက်ရည်ပန်းကန် (၁) လုံး၊ နံနက်၊ ည သောက်ပေးပါ။

(င) မြင်းခွာရွက်ရည် + သံပရာရည် + ပျားရည်နှင့် ရောစပ်၍ သောက်ပေးပါ။

သို့မဟုတ် -

၁။ မြင်းခွာရွက်မှုန့် ၁၀ ကျပ်
၂။ ကံ့ကော်ဝတ်ဆံ ၅ ကျပ်
၃။ ငရုတ်ကောင်း ၂ ကျပ်
၄။ ပျားရည် ၁၀ကျပ် နှင့် တေ၍ ဆီးကင်းခန့်လုံးပြီး တစ်နေ့ (၃) လုံး ညအတ်တွင် ရေအေးနှင့် နေ့စဉ်သောက်ပါ။

(စ) သံပရာသီးတစ်ခြမ်းကို ဖန်ခွက်တွင်ထည့်ပြီး ရေနွေးပူပူလောင်းထည့်ကာ အဖုံးအုပ်ထားပြီး နှပ်ထားပါ။ အေးလျှင် သံပရာခြမ်းကို ရေနွေးထဲ ညှစ်ထည့်ပြီး ၎င်းသံပရာရည်ရေနွေးကို တစ်နေ့ (၁) ကြိမ်သောက်ပေးပါ။ သွေးသန့်အညိုးပွင့်၍ ကိုယ်နံ့ပျောက်စေသည်။

(ဆ) လက်ဖက်စိမ်း၊ လက်ဖက်ခြောက်ကောင်းကောင်းကို ရေနွေးကြမ်းနှပ်ပြီး နေ့စဉ် (၇)ခွက်ခန့်မှန်မှန်သောက်ပေးပါ။

(ဇ) သစ်မွှေးပွင့်ခြောက်ကိုလည်း ရေနွေးစိမ်၍ နေ့စဉ်သောက်ပေးပါကလည်း ကောင်းပါသည်။

(ဈ) ရှားစောင်းလက်ပပ်အတွင်းသားအနှစ်ကို ခြစ်ယူပြီး သကြား (သို့) ပျားရည်နှင့်စိမ်၍ နေ့စဉ် လက်ဖက်ရည်ပန်းကန် (၁) လုံးခန့် သောက်ပေးပါ။

အထက်ဖော်ပြပါ ဓာတ်စာဆေးနည်းများထဲမှ မိမိနှင့် အလျဉ်းသင့်ရာ၊ လက်လှမ်းမီရာ နည်း (၁) ခု၊ (၂) ခုကို ဂရုစိုက်၍ ပြုလုပ်စားသုံးပေးမည်ဆိုလျှင် မိမိ၏ ကိုယ်သင်းနံ့သည် သိသာစွာ တိုးတက်ပြောင်းလဲလာပါလိမ့်မည်။ ဇွဲရှိရန်တော့ လိုအပ်ပါသည်။

**ဆေးဝါးအနေဖြင့် သောက်သုံးမည်ဆိုလျှင်**

(က) ဆေးနံပါတ်(၁၆)ကို ကံ့ကော်ဝတ်ဆံကဲ၍ဖော်ပြီး နံနက်၊ ည ကော်ဖီဇွန်း (၁) ဇွန်း ရေအေးဖြင့် သောက်ပါ။

(ခ) ဆေးနံပါတ်(၂၁)ကို တစ်နေ့ (၁) ကြိမ် ဆေး ကော်ဖီဇွန်း (၁) ဇွန်းကို သံပရာရည်နှင့်ဖျော်၍ ရေအေးဖြင့် သောက်ပါ။

(ဂ) တစ်ပတ်(၁)ကြိမ် ဆေးနံပါတ် (၉) ဆီးရွှင်ဝမ်းနုတ်ဆေးကို ကော်ဖီဇွန်း (၁) ဇွန်း ညအိပ်ရာဝင် ရေအေးနှင့် သောက်ပါ။

(ဃ) ဝမ်းကျန်၊
ဝမ်းချုပ်တတ်သူများအတွက်

၁။ မန်ကျည်းနှစ် ၅ ကျပ်
၂။ သကြား ၁၀ ကျပ်
၃။ ဆား ၈ ပဲ
၄။ နာနတ်ပွင့် ၁ ကျပ်

၎င်းဆေး (၄) မျိုးကို ရောတေ၍ ညစဉ် ကွမ်းသီးလုံးခန့် စားပေးပါ။

(င) သွေးသန့်ဝမ်းမှန်ဆေး

၁။ ဆီးဖြူသီး ၁၀ ကျပ်
(ရေနှင့်ပြုတ်၍ အနှစ်တိုက်ထားပါ)
၂။ သကြား ၁၀ ကျပ်
၃။ သံပရာသီး ၅ လုံး
(ရေနှင့်ပြုတ်၍ အနှစ်တိုက်ထားပါ)
၄။ ဆားမီးဖုတ် ၈ ပဲ
၅။ နာနတ်ပွင့် ၁ ကျပ်
၆။ နှမ်းဆီ ၅ ကျပ်

၎င်းဆေး (၆) မျိုးကို လက်ကော်ကျအောင်ချက်ပြီး ညစဉ် စားပွဲဇွန်းကြီး (၁) ဇွန်း ပုံမှန်သောက်ပေးပါ။ သွေးသန့်ဝမ်းမှန်ပြီး ကိုယ်တွင်းအနံ့ဆိုးများ လျင်မြန်စွာ ပျောက်သွားစေပါသည်။



(စ) ကြာညိုရနံ့သင်းဆေး

ကရမက်စစ်စစ် ရနံ့မွှေးမွှေးအကောင်းစား ကရမက်ကို ရှာ၍ဝယ်ပါ။ ဥပသကာမြစ်ကိုလည်း လက်ဆတ်ဆတ်နှင့် အမြစ်အလုံးကြီးကြီးရအောင် ရှာဝယ်ပါ။ ဥပသကာမြစ် လတ်ဆတ်စစ်မှန်လျှင် အမြစ်ကို ရှုကြည့်ရုံဖြင့် သင်းပျံ့မွှေးကြိုင်နေရပါမည်၊

အထက်ဖော်ပြပါ ဆေးပစ္စည်း (၂) မျိုးကို ကောင်းမွန်စင်မှန်စွာရရှိပြီးပါက ကရမက်ကို ကျောက်ပျဉ်သန့်သန့်တွင် ရေသန့်နှင့်သွေးပြီး ကရမက်သွေးရည်စားပွဲဇွန်း (၁) ဇွန်းနှင့် ၎င်းနည်းတူ ဥပသကာမြစ်သွေးရည် (၁) ဇွန်း ဆတူစပ်၍ သံပရာရည် ကော်ဖီဇွန်းငယ် (၁) ဇွန်း၊ သကြား ကော်ဖီဇွန်းငယ် (၁) ဇွန်း၊ ၎င်းဆေး (၄) မျိုးကို ရောစပ်ဖျော်၍ နေ့စဉ် ညအိပ်ရာမဝင်မီ ပုံမှန်စွဲ၍ သောက်သုံးပေးပါ။ ကိုယ်သင်းနံ့ဆိုးရှိသော သင်သည် ဤဆေးကို (၃) လတိတိ နေ့စဉ်ရက်မပျက်စွဲ၍ သောက်သုံးခဲ့ပါက သင်၏ကိုယ်နံ့သည် ကြာညိုရနံ့ သင်းပျံ့၍လာမည်မှာ ဧကန်မလွဲအမှန်ပင် တွေ့ကြုံခံစားလာရပေလိမ့်မည်။

(ယုံကြည်စွာဖြင့်သာ လုပ်ဆောင်ပါ။ ဆရာစားမချန်ဘဲ နည်းစနစ်အမှန်ကို စေတနာထား၍ ဖော်ပြပေးလိုက်ပါသည်)

မိမိ၏ ကိုယ်သင်းအနံ့ပြင်းခြင်းကြောင့် လူမှုအသိုင်းအဝိုင်းထဲသို့ဝင်ရမှာ ကြောက်ရွံ့စိုးရိမ်သိမ်ငယ်စိတ်ဝင်နေသူများ ကိုယ်သင်းရနံ့ ကြာညိုရနံ့ သင်းပျံ့၍ လူ့ဘုံအလယ်မှာ ရဲရဲရင့်ရင့်နှင့် ပွဲလယ်တင့်နိုင်ကြပါစေသော်။

■ ခေတ်သစ် ပျိုမေအများ
ရွှေမြို့သူ နံ့သာတုံ
ရှုံးလောက်သည့်သူများဖြစ်ကြ၍
ရနံ့သင်းပျံ့ချမ်းသာကြပါစေ

ဦးမင်းဇင် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com

လယ်သမား ကိုရွှေအိုး လယ်မြေ ရိုင်းကို တောတိုးခုတ်ထွင်နေသည်။ ကျွဲနွယ်ချုံပင်၊ မြက်ရိုင်း၊ ကိုင်းပင်နှင့် ထူထဲစွာပေါက်နေသော ထိကရုံးဆူး ပေါက်နွယ်များကို စိတ်ရှည်လက်ရှည် ခုတ်ထွင်နေရာမှ အုတ်ကျိုးအုတ်ပဲ့များကို တွေ့ရသည်။ တဖြည်းဖြည်း ဆက်ရှင်း ရင်းနှင့် ကျောက်သားရုပ်တုကြီးတစ်ရုပ် ထိုင်လျက်သား ပေါ်လာသည်။

ဘာကြီးများပါလိမ့်။

ကြည့်စမ်း - ရုပ်တုကြီးတစ်ခုပါ လား။ ငုတ်တုတ်ထိုင်တရားကျင့်နေဟန် ကုလားလူမျိုးဆာဒူးဘိုးတော်ရုပ်တုကြီး ကိုး။ သူသည် ရုပ်တုကြီးပေါ်မှ မြက်ချုံ ပင်များ၊ ရေညှိများကို ဓားဦးနှင့်ထိုးကော် ခုတ်ထွင်ဖယ်ရှားသည်။နောက်ဖေးလယ် ကွင်းများကို မိုးတွင်းကာလ ရေတက်စဉ် အချိန်က နုန်းများအနှစ်နှစ်အလလ တင်ပို့ကျန်ရစ်ခဲ့သည်။ ထိုနုန်းမြေသား နှင့် ဖုံးအုပ်ထားသောရုပ်တုကြီးကို ချုံ နွယ်ပိတ်ပေါင်းများ လွှမ်းမိုးခဲ့သည်မှာ ဘယ်အချိန်ကဟုပင် မသိနိုင်အောင် ကြာမြင့်ခဲ့ပြီ။ ယခုတော့ လယ်သမား ကိုရွှေအိုးကောင်းမှုကြောင့် လူနှစ်ကိုယ် စာလောက်ပမာဏရှိသော မုတ်ဆိတ် မွေးများနှင့် ဆာဒူးဘိုးတော်ရုပ်ကြီး ထင်ထင်ရှားရှား ပေါ်ထွက်လာခဲ့သည်။

'အင်းလေ၊ ဒါကြောင့်မို့ ဒီကွင်းကို ကုလားကွင်းလို့ခေါ်ကြတာကိုး'

ကိုရွှေအိုး၏စိတ်မှ ထွက်ပေါ်လာ သောမှတ်ချက် ဖြစ်သည်။

■

ဒီသတင်းသည် တစ်ရွာလုံးသို့ ချက်ချင်းပျံ့နှံ့သွားသည်။

"နောက်ဖေး လယ်တောမှာ ကုလားဘိုးတော်ကျောက်ရုပ်ကြီး ပေါ် လာသတဲ့တော်"

ဟု မိန်းမကြီးများ ပြောနေကြ သည်။

"အင်း - လောဘကြီးတဲ့ ရွှေအိုး တော့ ကုလားကွင်းသိုက်ဧရိယာထဲ ရောက်သွားတာ သေချာနေပြီ။ ဒုက္ခ တော့ဖြစ်ကုန်တော့မှာပဲ။ မြွေတွေက

# မျိုးတင်
## (ညောင်ဝလေးပင်)
# ကုလားကွင်းဘိုးတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သည်း ခြေထောက်ကိုလိမ်ထားမလောက် ဆေးပါဘိ။ အပူးအကပ်၊ အစီးအနင်း၊ အချက်အဆီးတွေကလည်း များလှသတွယ်။ တစ်ခါက ဖိုးလှနဲ့ မိရွှေတို့ သားလေး သာအေးတစ်ယောက် ကျွဲပျောက်လို့လိုက်ရှာရင်းက ကုလားမတစ်ဆိုက်က သူတို့အိမ်ကြီးထဲခေါ် သွားပြီး ပြုစုနေတာ (၃) ရက်၊ (၄) ရက်လောက် ပျောက်သွားတာလေ။ နောက်တော့မှ တောစပ်မှာလဲနေတာတွေ့လို့ ပြန်ခေါ်ခဲ့ရပါကောလား။ ကုလားကွင်းသိုက်ထဲ ရောက်သွားဆိုကိုး။ အတော်လေး ဆေးကုယူခဲ့ရတာ။ ဒါတောင် ဒီကလေး စိတ်မနှံ့တဲ့ဘဝရောက်သွားခဲ့တာလေ”

ဒီစကားများကို ဥပုသ်ဇရပ်မှာ၊ ရေခွေးကြမ်းဝိုင်းမှာ၊ သာရေး၊ နာရေး၊ လူစုစုရှိရာတိုင်းပြောမဆုံးအောင်ရှိလေသည်။ ရွှေအိုးကိုလည်း စိုးရိပ်ပူပန်မှုနှင့် သတိပေးခဲ့ကြသည်။ ရွှေအိုးကတော့ မကြောက်မလန့်၊ သူ့အလုပ်ကို မပျက်မကွက် ဆက်လုပ်နေခဲ့သည်။

သူနှင့် တောရှိုင်းမြေထွင်ပေးနေသော အလုပ်သမားများ မလိုက်ချင်တော့ဘူးဟု ငြင်းကြသည်။ လုပ်အားခ တစ်နေ့ (၃) ကျပ်ပေးရသောခေတ်မျိုးတွင် (၅)ကျပ်တိုးပေးမယ်ဆိုတာတောင် မလိုက်ချင်ကြဘူးတဲ့ ဖြစ်ပုံဖြစ်ပုံ။ ကြောက်တတ်လိုက်ကြတာလွန်ရော။

ကိုရွှေအိုးသည် အလုပ်သမား ငှားမရသောအခါ ကိုယ်တိုင်(၂)ဆသော ခွန်အားကိုရင်းပြီး မြေရိုင်းကို ဆက်ခုတ်ခဲ့သည်။ ကိုရွှေအိုး၏ ဇနီးဖြစ်သူ မဝါနုကတော့ သူ့လင်တော်မောင်အကြောင်း ကောင်းကောင်းသိနေသည်။ ဘယ်သူ့တားတားမရဘူး။ သူဖြစ်ချင်တာကိုလုပ်ရမှ ကျေနပ်တတ်သူ လင်တော်မောင်၏သတ္တိကို သိနေသည်လေ။

ထမင်းဆိုထုပ်ပေးလိုက်ဖို့၊ ရေဘူးဆို ရေအသင့်ဖြည့်ပေးဖို့ ကွမ်းယာနဲ့



www.burmeseclassic.com

ဖက်ဖြူဆေးလိပ်လိပ်ပြီး ထည့်ပေးလိုက်ဖို့ကိုတော့ မမေ့မလျော့ ဆောင်ရွက်သည်။ ဒီယောကျ်ားနှင့် သားကလေး (၁) ယောက်၊ သမီးလေး (၂) ယောက် တောင်ရခဲ့တာမို့ လင်အကြောင်း၊ သားသမီးအကြောင်း သဘောပေါက်နေသည်ပဲ။

အိမ်တွင်ရှိနေသောအလုပ်များကိုမဝါနုကိုယ်တိုင် ခေါင်းဆောင်ရသည်။ ရွာအနီးကလယ်များကို စပါးသိမ်းရန်ရှိနေ၍ ကျွဲကျောင်းနောက်လိုက် ကောင်လေး သံချောင်းကိုပဲ အားကိုးပြီးခိုင်းနေရသည်။

■

"ပတ္တမြားကြီးတောင် ခေါင်းပေါ်ကို ရောက်လာပြီပဲ"

ကိုရွှေအိုး ရေရွတ်လိုက်သည်။ နေမွန်းတည့်ချိန်ရောက်ပြီမို့ လုပ်ငန်းခွင်ကို ရပ်နားလိုက်သည်။ ထိမ်ပင်ရှိရာသို့ အရိပ်ခိုရန် ပြန်ခဲ့သည်။ တဒီးဒီးယိုစီးနေသောချွေးများကို ပုဆိုးအထက်ပိုင်းအစနှင့်သုတ်ပြီး ရေဘူးမှ ရေတစ်ခွက်ကို ငွတ်ခနဲနေအောင် မော့သောက်ရင်း အမောဖြေသည်။ သူအရိပ်ခိုသော ထိမ်ပင်ကြီးအနီးတွင် ကျောက်ရုပ်တုကြီးသည် ထီးထီးမားမား ကျွန်ကြီးတစ်ခွဲသားနှင့် တည်ရှိနေသည်။

*'ပတ္တမြားကြီးကို ခေါင်းပေါ်တင်၊*
*အားအင်အပြည့်နဲ့လှုပ်ရှား၊*
*အို-လူသား၊ လိုတရစေသား'*

ဆိုသော စာချိုးကလေးကိုသူနှုတ်ဖျားမှ ဂါထာတစ်ပုဒ်သဖွယ် တတွတ်တွတ်ရွတ်ဆိုလိုက်သည်။

"နေပူပူ၊ မိုးရွာရွာ လယ်သမားဆိုတာ အလုပ်ကို ကြိုးစားလုပ်ရတယ်။ လယ်သမားဆိုတော့ ကိုယ့်မြေကိုယ့်လယ်ကို မြတ်နိုးတန်ဖိုးထားရတယ်။ 'ပတ္တမြားကို ခေါင်းပေါ်တင်' ဆိုတာ နေမွန်းတည့်ချိန်တိုင်အလုပ်လုပ်ဖို့ ကိုယ့်ကိုယ်ကိုယ်တွန်းအားပေးထားတာမဟုတ်လား"

ဒီအဆုံးအမများကို သူ၏ အဘိုးတော်သူ ဘုန်းဘုန်းကြီး ဦးကိတ္တိသင်ပေးခဲ့သည်မှာ ငယ်စဉ်ကာလ ကလေးဘဝကတည်းက ဖြစ်သည်။ ခုတော့ ထိုသဘောတရားမှာ သူသွေးသားထဲမှာ စီးဝင်ပျံ့နှံ့နေခဲ့ပြီ။

သစ်ပင်ရင်းမှာနားရင်း ဆာလောင်မွတ်သိပ်လာသည်။ဝမ်းဗိုက်က တကျွတ်ကျွတ်မြည်ရင်း ဆန္ဒပြနေသည်။ ထမင်းထုပ်ကိုဖြေပြီး ကိုရွှေအိုး သူလုပ်နေကျအတိုင်း မြတ်စွာဘုရားရှင်ကို ရည်စူး၍ ဆွမ်းတော်တင်လိုက်သည်။ အိမ်သူဇနီး မဝါနုကို ထမင်းထုပ်နှစ်ထုပ်ထုပ်ခိုင်းခဲ့သည်။ တစ်ထုပ်က ဘုရားဆွမ်းတော်တင်ပြီး သူစားဖို့၊ နောက်တစ်ထုပ်က ဘိုးတော်ရုပ်တုကြီးကို တင်မြှောက်ပသဖို့ပေါ့။

မြတ်စွာဘုရားကို ရည်စူး၍တင်လှူပူဇော်ပြီးသည်နှင့် တောတောင်စောင့်နတ်များအား ဖက်ရွက်ကိုရေဆေးပြီးမှ သန့်ရှင်းစွာ ထည့်လှူတင်မြှောက်လိုက်သည်။ သစ်ပင်ချုံပုတ်ကလေးတွေမှာ လိုက်တင်သည်။ တချို့ကို ကြဲပက်၍ကျွေးသည်။ ဒါကတော့ ပရလောကသား၊ ပြိတ္တာဘုံသားများအတွက် ဝေငှခြင်း ဖြစ်သည်။

ထမင်းတစ်ထုပ်ကိုတော့ ကျောက်ရုပ်တုကြီး၏ ရင်ခွင်ထဲထည့်လိုက်သည်။ ပြီးတော့ -

"ဘိုးတော်ကြီးခင်ဗျား၊ ကျုပ်ကို လယ်မြေတွေအောင်မြင်ဖြစ်ထွန်းအောင် စောင့်ရှောက်ပေးပါ။ ဘိုးတော်ကြီးကိုလည်း ကျုပ်စားသလိုတင်မြှောက်ပါ့မယ် ခင်ဗျား"

ဟု ခပ်ကျယ်ကျယ်ကလေးအော် ပြောလိုက်သည်။

ဘိုးတော်ရုပ်တုအတွက် ထမင်းထုပ်ကိုဖြေတင်ပြီးမှ အသင့်ယူလာသော ရေခွက်ကလေးနှင့် ရေတစ်ဖလားပါ တင်လိုက်သေးသည်။ ထမင်းစားပြီးရင်တော့ ရေသောက်ပေါ့။ ပြီးမှ သူဘုရားတင်ထားသော ထမင်းထုပ်ကို စွန့်၍ အားရပါးရစားတော့သည်။ ငါးပိဖုတ်၊ ငရုတ်သီးစပ်စပ်နှင့် အတို့အမြှုပ်မှာ ထောင်းသိပ်သလို မြိန်လှပေသည်။ ထမင်းစားပြီးသော် အသင့်ပါလာသော ကွမ်းယာထုပ်ကို ဖြေလိုက်သည်။ သူမစားခင် ဘိုးတော်ကြီးကို ဦးဦးဖျားဖျား ကွမ်းယာတင်ဖို့ သတိရသည်။ ကွမ်းယာတစ်ယာကို လက်နှစ်ဖက်နှင့် ရိုသေစွာ တင်လိုက်သည်။

"ရော် - ခက်ကုန်ပြီဟ"

ကိုရွှေအိုး အထိတ်တလန့် ရွတ်လိုက်သည်။ သူကြက်သီးများဖြန်းဖြန်းထသွားသည်။ ဘိုးတော်ကြီးကို တင်လှူထားသော ထမင်းထုပ်မှာ တစ်ဝက်ခန့် လျော့နေသည်။ ဟာ-ဘိုးတော်ကျောက်ရုပ်ကြီးက ဘယ်လိုများစားပစ်ပါသနည်း ဟု ဦးခေါင်းချာချာလည်သွားအောင် တွေးမိသည်။ ဘာပဲပြောပြော သူဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ သူ၏ထမင်းအလှူအတွက် များစွာနှစ်သက်ခြင်းဖြစ်ရသည်။ ဘိုးတော်ရုပ်တုကြီးကတော့ မူလအတိုင်းပင် သူ့ကို ခပ်တည်တည် ကြီးကြည့်နေသည်။

■

ညက ခုတ်တရက် အိမ်မပျော်။ တောင်စဉ်ရေမရအတွေးများ ပျံ့လွင့်နေခဲ့သည်။ ငယ်စဉ်ဘဝ အဘိုး၊ အဘွား၊ အဖေ၊ အမေတို့နှင့် မိမိ၏တစ်ဦးတည်းသော အစ်ကိုကြီး ကိုငွေအိုးလည်း ပါသည်။ အများဆုံးအမှတ်တရတွေးမိသူကတော့ သူ၏အဘိုး။ သူ့ကိုချစ်ခင်ရှာသော ဦးကိတ္တိ ဆိုသော ဘုန်းဘုန်းကြီး ဖြစ်လေသည်၊

ဘုန်းဘုန်းကြီး ဦးကိတ္တိမှာ သူ့အဘိုးအရင်း၏ အစ်ကိုကြီး ဖြစ်သည်။ အဖေ၏ ဘကြီးတော်သူဟု ပြောရမည်။ ဘိုးဘိုးကြီးဦးသာမောင်မှာ လယ်သမားကြီးတစ်ဦး ဖြစ်သည်။ အဘိုးလေးဦးသာအောင်ကတော့ ငယ်စဉ်ဘဝကစ၍ သာသနာ့ဘောင်တွင် ရှင်သာမဏေဘဝနှင့် လောကီဝဋ်နှောင်မှ ရုန်းထွက်ခဲ့သည်။ မန္တလေးမြို့ ဘုရားကြီးတိုက်တွင် စာပေများ သင်ကြားတတ်မြောက်ခဲ့သည်။ ရွာဦးကျောင်းဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ကျောင်းထိုင်ဆရာတော်ဖြစ်လာသည်၊ အခုတော့ ဘိုးဘိုးနှစ်ဦးစလုံး မရှိကြတော့ပါ။ ဘဝတစ်ခုသို့ ခရီးဆက်လက်ထွက်ခွာသွားကြလေပြီ။

ကိုရွှေအိုးတို့ အဖေကို ဘုန်းဘုန်းကြီးက -

"မင်းရဲ့သား ငွေအိုးနဲ့ ရွှေအိုး နှစ်ယောက်ထဲက တစ်ယောက်တော့ ငါ့ကိုပေးပါကွာ။သာသနာ့အကျိုးဆက်မပြတ်အောင်ပေါ့"

အစ်ကိုကြီးငွေအိုးက ဘုန်းကြီးကျောင်းသားမလုပ်ချင်။ ရွှေအိုးကတော့ အဖေသဘောအတိုင်း အသက်(၁၀)နှစ်သားတွင် ဘုန်းကြီးကျောင်းသားတစ်ပိုင်း၊ သူတို့ခေတ်က လောကဓာတ်ကျောင်းခေါ် စာသင်ကျောင်းသားတစ်ပိုင်းလုပ်ခဲ့သည်။ စာပေသင်ကြားရာတွင် ပါရမီနည်းသောရွှေအိုးလေးသည် အရာရာတွင် အကောင်းပါးပြီး ဝီရိယကောင်းသလောက် ဉာဏ်ထိုင်းလှသည်။ စာကျက်၍ မရသောကြောင့် စာကျက်ရမှာကို ကြောက်လှသည်။ ရွာထဲကရှိသမျှ ကျွဲနွားများကတော့ အရွယ်နှင့်မလိုက်အောင် မှတ်မိသည်။ အသံကြား



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့နွားဟု ခွဲခြားပြောနိုင်သည်။ ဘယ်ယာလုပ်ငန်းခွင်ကို ဝါသနာထုံသည်။ ငယ်စဉ်ကာလကတည်းက အုန်းတ်နွားကို ထမ်းပိုးတပ်၍ လယ်သမားကြီးတန်ပန်နှင့် ပြောဆိုရေရွတ်မောင်းနှင်ရင်း ကစားခဲ့သည်။

ဘုန်းဘုန်းကြီးက အကင်းပါးသည့်သူ့ကို စာမသင်သေးဘဲ ကျောင်းထိုင်ထားသည်။ ဘုန်းဘုန်းကြီးကို ဝတ်ဖြည့်နှိပ်နင်းပေးသည်။ ရေချိုးလျှင် ရေခပ်ပေးသည်။ သင်္ကန်းများကို လျှော်ဖွပ်ပေးသည်။ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ အသင့်ဖြစ်စေသည်။ မောင်ရွှေအိုး (၃)တန်းအောင်ပြီးနောက် လောကတ်ကျောင်း ဆက်မတက်ချင်တော့။ တလည်း မလိုက်နိုင်မယ့်အတူတူ ကြီးကျောင်း၌ပင် ကျောင်းအိပ်ကျောင်းစားနေခဲ့သည်။ ဘုန်းဘုန်းကြီး သူတို့ရွာက ဝိဇ္ဇာဘုန်းကြီးဟူ၍ သိထားကြသည်။ ဘုန်းဘုန်းကြီးက ဓိရှုတ်ထိုးသည်။ ဆေးဝါး၊ မန္တန်များကို လည်သည်။ ရွာသားများကို အရော လမ်းညွှန်ပေးလေ့ရှိသည်။ တစ်နယ် တစ်ရွာလုံး ဘုန်းဘုန်းကြီးကို ချစ်ကြည်ညိုကြသည်။ ဘုန်းဘုန်းကြီးရှိက ရဟန်း၊ သာမဏေ၊ ကျောင်းသားနှင့် စည်ကားပျော်ရွှင်ခဲ့သည်။ ကျောင်းတိုက်ကြီးမှာ စည်ပြောသံတည်နှင့်ရှိသည်။

တစ်နေ့တွင် ဘုန်းဘုန်းကြီးက မောင်ရွှေအိုးကလေးကို ပြောပြသည်။

"ငါ့မြေး၊ မင်းကို ဘုန်းဘုန်းကြီး တွေ့အများကြီးတော့မသင်တော့ဘူး။ တစ်နေ့ကို (၂) ပိုဒ်လောက်တော့ သင်ပေးမယ်။ အဲဒီစာကို မင်းက (၇)ရက်အတွင်းမှာ ကျေညက်နေအောင် ကျက်ယ်။ ဒါဆိုရင် မင်းရမှာပေါ့နော်"

ဝတ်ဖြည့်နှိပ်နယ်ပေးစဉ် ဘိုးဘိုးဘုန်းဘုန်းကြီးကပြောရာ မောင်ရွှေအိုး

"တင်ပါ့ဘုရား၊ ဒီလောက်တော့ ပါ ဘုရား"

"မင်းက အတန်းကျောင်းထွက်ဆိုတော့ အဝေါင်း၊ အနုတ်၊ အမြှောက်၊ အစားတတ်ရဲ့မဟုတ်လား။ စာလည်းကောင်းကောင်း ဖတ်တတ်နေပြီဆိုတော့ ဆင်ပြေပါတယ်။ မင်းလုပ်မှာက ယ်သမား မဟုတ်လား"

"တင်ပါ့"

"အေး- ဒီတော့ မင်းတစ်သက်လုံး ားတိုးတက်ပြီး ဘုန်းကြီးအောင်

ဘုန်းဘုန်းကြီး အသက်ရှင်နေတုန်း ငါ့မြေးကို ပရိတ်ကြီး (၁၁) သုတ်ထဲက ခက်ခက်ခဲခဲနက်နက်နဲနဲသလောက် အရေးပါသတ္တိကောင်းစေတဲ့သုတ်တော်တစ်ခုကို သင်ပေးခဲ့မယ်။ အဲ့ဒါကို မင်းရရင် အာဂလူဖြစ်ပြီကွ။ တို့ပရိယတ္တိစာပေနယ်မှာ 'အာဂုံရမှ အာဂလူ'ဆိုတဲ့စကားရှိတယ်။ အဲဒါ မင်းက များများမဟုတ်ဘူး၊ တစ်သုတ်တည်း အာဂုံရအောင် လုပ်ရမယ်ကွယ့်"

ဘုန်းဘုန်းကြီးကို တံတောင်နှင့်ကြိတ်ပေးနေစဉ် ဘုန်းဘုန်းကြီးက ပြောပြရင်း ဓဇဂ္ဂသုတ်တော်၏ နိဒါန်းအစဖြစ်သည့် 'ယံသာဝတ္ထိယံ ... ဘဂဝါ ... အနာထပိဏ္ဍိကဿ အာရာမေ' ဆိုသော ပါဌ်ကို နေ့နေ့ညည တစ်ရေးနိုးရောအပေါ့၊ အလေးသွားချိန်တွင်ပါ နှုတ်မှတတွတ်တွတ်ရွတ်ဆိုရမည်ဟု မိန့်ဆိုတော်မူသည်။ ဤသို့နှင့် နောက်(၇)ရက်ကြာလေသော် နောက်စာ(၂)ကြောင်းကို ထပ်သင်ပေးသည်။ (၆) လခန့်ကြာသောအခါ ဖွဲ့ကောင်းသောမောင်ရွှေအိုး ဓဇဂ္ဂသုတ်တော်ကို ကြောင်းကြောင်းပြေးအောင် ရွတ်ဆိုနိုင်တော့သည်။

ထိုနေ့က ဘုန်းဘုန်းကြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေခဲ့သည်။

"ငါ့မြေး၊ မင်းရဲ့ဇာတာကို ငါစစ်ဆေးတွက်ချက်ပြီးပြီ။ မင်းဟာ ဉာဏ်မကောင်းပေမယ့် ဖွဲ့ကောင်းတယ်ကွ။ မင်းသူဌေးကြီးဖြစ်လိမ့်မယ်။ လယ်ရှင်၊ မြေရှင်သူဌေးကြီးပေါ့ကွယ်။ မင်းသာသနာပြုရမယ်ကွယ့်။ ဘုန်းဘုန်းပြောတာကို မှတ်ထားနော်။ အဲဒီလိုဖြစ်ဖို့အတွက် အခုသင်ပေးထားတဲ့ဓဇဂ္ဂသုတ်ပရိတ်ကို မင်းနေ့တိုင်းသက်စေ့ရွတ်ရလိမ့်မယ်။ ဘယ်တော့မှမပျက်ကွက်စေနဲ့။ အခု မင်းအသက် (၁၂) နှစ် ဆိုတော့ ဘယ်နှခေါက်ရွတ်မလဲ"

"(၁၂) ခေါက်ပါ ဘုရား"

"အေး-ဟုတ်ပြီ။ မနက်ဖြန်လည်း (၁၂) ခေါက်၊ သန်ဘက်ခါလည်း (၁၂) ခေါက်၊ နေ့တိုင်းနေ့တိုင်း (၁၂) ခေါက်ရွတ်ရမယ်။ အသက်(၁၃)နှစ်ကျတော့ (၁၃)ခေါက် မသေမချင်း တစ်နှစ်ကြီးတိုင်း တစ်ခေါက်တိုးပြီး ရွတ်မယ်ဆိုရင် မင်းသူဌေးကြီးဖြစ်လာဖို့ ဘုန်း အာမခံတယ်ဟေ့"

ဘုန်းဘုန်းကြီး ဦးတိတ္တိသည် မောင်ရွှေအိုးအား စိတ်အားတက်ကြွစွာ ရှင်းပြတော်မူခဲ့လေသည်။ မောင်ရွှေအိုးလည်း ဆံပင်များထောင်ထလာသည်။

ကြက်သီးဖြန်းဖြန်းထအောင် နှစ်သက်ပီတိဖြစ်မိလေသည်။ သူတကယ်ပင် ချမ်းသာမည်၊ သူဌေးကြီးတစ်ဦးဖြစ်လာတော့မည်ဟု ယုံကြည်လေသည်။

"အေး - ငါ့မြေးကို နောက်တစ်ခုပြောပြဦးမယ်။ ကောင်းကင်က နေမင်းကြီးကို သတိထားကြည့်စမ်း။ နေမင်းကြီးဟာ အနီရောင်ရှိပြီး ရဲရင့်တဲ့သဘောတယ်ကွယ့်။ ဒါကြောင့်မို့ သူရိယနေမင်းလို့ ပြောတာ။ သေသေချာချာကြည့်ရင် နေမင်းကြီးက ကမ္ဘာလောကကြီးကို ထွန်းလင်းစေတယ်။ ငါတို့လူသားသတ္တဝါတွေကို ရှင်လန်းကျန်းမာစေတယ်။ ရဲရင့်နိုးကြားတဲ့ စိတ်ဓာတ်ခွန်အားကို ခံယူတတ်သူတွေကို ဝေငှပေးတယ်။ ငါ့မြေးဟာ နေမင်းကြီးကပေးတဲ့ ခွန်အားကို စိတ်နဲ့ခံယူတတ်အောင် လေ့ကျင့်ပါ။ နေရောင်ခြည်ကို မကြောက်နဲ့။ လုပ်စရာရှိတဲ့အလုပ်ကို နေမင်းရဲ့အလင်းဓာတ်မှာ ရဲရဲလုပ်။ မင်းဘဝက လယ်သမားဘဝဖြစ်လာမှာမို့ ဖခင်နေမင်းကြီးနဲ့ မိခင်မြေကြီးကို အရင်းပြုပြီး အသက်မွေးရမှာလေ။ ပတ္တမြားကြီးကို ခေါင်းပေါ်တင်၊ အားအင်အပြည့်နဲ့လှုပ်ရှား၊ ကို - လူသား၊ လိုတရစေသား"

ဟု ဆုံးမတော်မူသည်။

ထိုလက်ာ့လေးကိုလည်း နှုတ်တက်ရအောင်တိုင်ပေးခဲ့၍ ကိုရွှေအိုးယနေ့တိုင် မမေ့နိုင်သေးပါ။ ဘုန်းဘုန်းကြီးက ဆက်၍မိန့်သည်မှာ -

"ငါ့မြေး၊ မင်းအခုအလွတ်ရတဲ့ ဓဇဂ္ဂသုတ်ဆိုတာ ပေါ့ပေါ့လေးမမှတ်နဲ့။ ဘုရားရှင်ရဲ့ ဂုဏ်တော်၊ တရားတော်ရဲ့ ဂုဏ်တော်၊ သံဃာတော်အရှင်မြတ်များရဲ့ ဂုဏ်တော်တွေနဲ့ ထုံမွှမ်းထားတဲ့ အောင်ပွဲဆင် အောင်ပွဲငြ် အောင်လံတံခွန်သုတ်တော်ကြီးပေါ့။ အကျိုးတရားတွေ ပြောပြရရင်တော့ မကုန်နိုင်ပေဘူး။ နေ့စဉ်နေ့တိုင်း သက်စေ့ပြ ဘုံးပမ်းစားရွတ်ဆိုပေတော့ကွာ"

ဘိုးဘိုးဘုန်းဘုန်းကြီး၏ စကားများကို ကိုရွှေအိုး မမေ့နိုင်ခဲ့။ ယခုအသက် (၄၅)နှစ်တိုင် (၄၅) ခေါက် နေ့စဉ်ပုံမှန်ရွတ်ဆိုခဲ့ပေသည်။ ဘိုးဘွားကြီးများနှင့် မိဘများပင် လူ့လောကမှ ထွက်ခွာပျောက်ကွယ်သွားကြပြီ။ မိုးခြိမ်းငွေ့တန်းများပမာ ရွှေ့လျားပျက်သုဉ်းတတ်သော သင်္ခါရတရားသဘောကို တွေးနေမိသည်။

■



www.burmeseclassic.com

www.burmeseclassic.com

တွေးရင်းတောရင်း ညဦးနက်ပိုင်းမှ ကိုရွှေအိုး အိပ်ပျော်သွားခဲ့သည်။

'လူလေး၊ မင်း ငါ့ကို ထမင်းထုပ် ယူလာရင် ဟင်းကောင်းဖို့မလိုပါဘူးကွာ။ အသား၊ ငါးတွေကို ငါမစားဘူးကွယ့်။ ပဲဟင်း၊ အသီးအရွက်ဆိုရင် ရပါတယ်။ အဆင်ပြေရင်တော့ နွားနို့လေးဘာလေး တစ်ခါတလေ သောက်ချင်တယ်ကွယ့်။ မင်းနဲ့တွေ့မှပဲ လောကဘုံသားတွေရဲ့ အာဟာရကို ငါလည်း သုံးဆောင်ခွင့်ရတော့တာ၊ ကျေးဇူးပဲဟေ့'

အိပ်မက်ထဲတွင် ကုလားဘိုးတော် ရုပ်တုကြီးက သူ့ကိုစကားပြောနေသည်။

'အဘိုးက ဘာလို့ အသားမစားတာလဲဗျ'

'ငါတို့က အသက်လွတ်ပဲစားတယ်ကွယ့်။ ပြီးတော့ နွားနို့တို့၊ ချပါတီတို့တော့ ကြိုက်ပါရဲ့ကွာ'

'ချပါတီဆိုတာ ကျွန်တော် မသိဘူးခင်ဗျ'

'အေး - ဟုတ်တာပေါ့။ လူလေး ဘယ်သိမလဲ။ ဒါက ကုလားလူမျိုးတွေ စားကြတာကိုးကွယ့်။ မြို့တွေမှာတော့ ရနိုင်တာပေါ့'

'ဟုတ်ကဲ့ပါ အဘိုး။ ကျွန်တော် အဆင်ပြေအောင် စီစဉ်ပေးပါ့မယ် ခင်ဗျာ'

■

အိပ်မက်က ရိုးစင်းလှသည်။

ဘိုးတော်ရုပ်တုကြီးက ကိုရွှေအိုးကို စကားပြောနေသည်။ ထူးဆန်းသော အိပ်မက်ကြောင့် ဘိုးဘိုးဘုန်းဘုန်းကြီးကို သတိရမိပြန်သည်။ ဘုန်းဘုန်းကြီးရှိလျှင် ဒါတွေကိုအကုန်သိမှာပဲဟု တွေးမိသည်။

နောက်တစ်နေ့ အလုပ်ဆင်းချိန်တွင် ကိုရွှေအိုးသည် ထမင်း (၂) ထုပ်အပြင် နွားနို့တစ်ပုလင်းကိုပါ ယူဆောင်သွားသည်။ လုပ်ငန်းခွင်ပြီးသော် ခါတိုင်းလိုပင် ပြုဖွယ်များကို စနစ်တကျ ပုံမှန်ဆောင်ရွက်သည်။ ထမင်းတစ်ထုပ်နှင့် နွားနို့ပုလင်းကမူ ဘိုးတော်ကြီးအတွက် ဖြစ်သည်။ မည်ကဲ့သို့ ပတ်သက်ဆက်နွယ်နေသည်မသိ။ ကုလားဘိုးတော်ကြီးကို ကိုရွှေအိုး ကရုဏာသက်၍ ကောင်းမွန်စွာပေးလှူခဲ့သည်။ ထမင်းထုပ်ကိုဖြေ၍ နွားနို့ပုလင်းကို အသင့်ယူလာသော ရေခွက်တွင် လောင်းထည့်၍ကပ်လှူခဲ့သည်။

ထမင်းစားပြီးသည်နှင့် ကိုရွှေအိုးသည် ပင်ပန်းလွန်း၍ တစ်မှေးအိပ်သည်။ အိပ်ရာမှနိုးသော် အရုပ်ကြီးထံရောက်သွားပြီး သိမ်းဆည်းရန်နှင့် ကွမ်းတစ်ယာကပ်လှူရန် ဖြစ်သည်။ ထမင်းထုပ်ထဲတွင် ပဲဟင်းဆမ်းထားသော ထမင်းများ ပြောင်တလင်းခါနေသည်။ နွားနို့လည်း ခွက်ကပ်ပင် မကျန်အောင် ပြောင်စင်နေသည်။ ထမင်းထုပ်ထားသော ဖက်ရွက်ကိုယူလိုက်စဉ် ထမင်းထုပ်အောက်၌ ငွေဒင်္ဂါးပြားတစ်ပြားကို ထင်းခနဲတွေ့လိုက်ရသည်။ ငွေဒင်္ဂါးပြားကို ယူသင့်၊ မယူသင့် သူတွေဝေသွားသည်။ ဘိုးတော်ကြီးက မိမိကို ကျေးဇူးတင်၍ မ,စခြင်းဟုတွေးမိပြီး အိတ်ထောင်ထဲ ကောက်ထည့်လိုက်သည်။

■

နေ့ရက်များ ကုန်ဆုံးခဲ့ပြီ။ လအတန်ကြာလေသော် ကုလားကွင်းမြေရိုင်းတောကြီးသည် ရှင်းလင်းသွားခဲ့သည်။ ဇွဲကောင်းသော ကိုရွှေအိုး၏ လုပ်အားအသီးအပွင့်များပင် ဖြစ်သည်။

ကျောက်ရုပ်တုကြီးကိုလည်း နေ့စဉ် ထမင်းထုပ်လှူသည်။ နွားနို့လည်း လှူသည်။ (၃) လပင် ရှိခဲ့ပြီ။ နေ့စဉ် ငွေဒင်္ဂါးပြားတစ်ပြားစီရနေ၍ ကိုရွှေအိုးထံတွင် ငွေဒင်္ဂါးအပြား (၉၀) အထိ စုဆောင်းမိလာသည်။ ထိုငွေဒင်္ဂါးပြားများရှိနေကြောင်းကို ဇနီးသည် မဝါနုကိုပင် မသိစေဘဲ လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့သည်။ ထိုခေတ်က ငွေဒင်္ဂါးတစ်ပြားကိုရောင်းလျှင် ကျပ် (၁၀၀)လောက်ရသည်။ (ရွှေတစ်ကျပ်သား ၅၀၀ ကျပ်လောက်တန်သောအချိန် ဖြစ်သည်။)

ကိုရွှေအိုးသည် တစ်နေ့သ၌ ငွေဒင်္ဂါးပြားများကို မြို့သို့တက်၍ရောင်းချလေသည်။ ရရှိသောငွေများနှင့် ဧကတစ်ရာကျော်ရှင်းလင်းထားပြီးဖြစ်သော ကုလားကွင်းလယ်မြေကို လယ်ထွန်စက်များငှား၍ ထယ်ရေးပြင်ထားသည်။ လယ်သမား လယ်လုပ်ရမည်။ လယ်လုပ်မှ စပါးရမည်။ စပါးရမှ ချမ်းသာမည်။ ချမ်းသာမှ သာသနာတော်ကြီးကို ထောက်ပံ့နိုင်မည်။ ဘုန်းဘုန်းကြီး ဦးကိတ္တိပြောသလို သာသနာပြုသူဌေးကြီး ဖြစ်မည်။ ဒါတို့ သူ သေသေချာချာ ယုံကြည်သည်။ ငယ်စဉ်ကတည်းက နှလုံးသားတွင် ထွင်းထုယုံကြည်ထားသောယုံကြည်ချက် ဖြစ်သည်။

ခုပဲကြည့်လေ၊ ကျောက်ရုပ်တုဘိုးတော်ကြီးက သူ့ကိုငွေဒင်္ဂါးတွေပုံမှန်ပေးနေခဲ့ပြီ။ ဒါတွေအားလုံးဟာ ဘုန်းဘုန်းကြီးသင်ပေးခဲ့တဲ့ ဗုဇ္ဈသုတ်တော်ကြီးရဲ့ စွမ်းအားတွေပဲ။ ရတနာသုံးပါးရဲ့တန်ခိုး တန်ဖိုးဆိုတာ အနိုင်းမဲ့ပါပဲလားဟု ကိုရွှေအိုး အကြွင်းမဲ့ ယုံကြည်လာသည်။

ထိုသို့တွေးမိတိုင်း ပီတိကြက်သီးများ တဖြန်းဖြန်းထတက်၍ ရင်ထဲမှာ တသိမ့်သိမ့်ကြည်နူးခဲ့ရသည်။

'ဒီနှစ် လယ်ဧက (၁၀၀) က စပါး သာရလိုက်လို့ကတော့'ဟူသော အတွေး နှင့် သာသနာပြုရမည့် သူဌေးကြီးဆို သော ဘုန်းဘုန်းကြီး၏ မိန့်ကြားသံတို့ အဖန်ဖန်ကြားယောင်လာသည်။

■

ညက အိပ်မက်မက်ပြန်သည်။

"လူလေး၊ မင်း ဒီနှစ်ရေကြီးမယ်၊ စပါးကိုရေကျပြီး ဝါခေါင်လမှစိုက်ကွယ့်။ နောက်စိုက်ဆိုပြီး အတင့်မရဲနဲ့။ ရေမနိုင်ကြခင်းပဲလုပ်ပေတော့"

ဘိုးတော်ကြီး၏ ကုလားသံဝဲဝဲနှင့် စကားသံကို လူမမြင်ရဘဲ သူ့နားထဲတွင် ကြားနေရလေသည်။

ဒီနှစ် ဘိုးတော်ကြီး ပြောထား သည့်အတိုင်း ရေကြီးခဲ့သည်။ လယ်မျာ ရေနစ်မြုပ်၍ ဆုံးရှုံးကြသည်။ ကိုရွှေအိုး ကတော့ ရေနက်ကွင်းကြီးတွင် လယ် မစိုက်သေးဘဲနေခဲ့သည်။ ဘိုးဘွားပိုင် ကုန်းလယ် (၁၀) ဧကကိုသာ ဂရုစိုက် လုံးပန်းသည်။ ရွာခြေက ကုန်းလယ်စိုက် ခင်းများ လေအနေအထားတွင် ခေါင်းတ မော့နှင့်ရှိသည်။

ကိုရွှေအိုးနှင့် မဝါနုတို့ ဥ စောင့်မပျက်ကြ။ (၈) ရက်သီတင်း တိုင်း ကျောင်းတက်ကြသည်။ ဘုန်းဘု ကြီး၏တပည့် ဦးသီရိ ကျောင်းထိုင်ဆ တော် ဖြစ်လာသည်။ ဦးသီရိ ကိုရင် ဘဝက မောင်ရွှေအိုးကို စာသင်ခဲ့သ ဦးသီရိနှင့် ကိုရွှေအိုးတို့ ရင်းနှီးခင် သည်။ ကျောင်းတွင် ဘိုးဘိုးဘုန်းကြီး တော့သည့်နောက်ပိုင်း လိုအပ်ချက်မျာ ရှိလာသည်။ ကျောင်းကြီးက အိုယ သည်။ သိမ်တော်ကြီးလည်း ပျက်စီး သည်။ ပြီးတော့ သူတို့ငယ်စဉ်ကာ အခါကြီးရက်ကြီးများတွင် ဆီမီးပူ ခဲ့သော စေတီတောင်လေးပင် ထီးတေ မရှိတော့။ ကိုရွှေအိုးရင်ထဲတွင် ဒီအ အစီးများကို မှတ်ထားသည်။ တွေဟာ ဒကာ့ရှင်ဒကာကို စောင့် ကြတာနေမှာဟု၍ တွေးမိရင်း သူ ကို ကြိုတင် တွေးဆနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဝါခေါင်လကုန်သော် ရေကျသွားသည်။ ကိုရွှေအိုးသည် ဘိုးတော်ကြီး၏ စကားအတိုင်း ရေမနိုင်စပါးမျိုးကို အားထားရ ကြဲလိုက်သည်။ အားရစရာကြီး။ စပါးတစ်ရာကြီးများတောင်။ ဝါခေါင်ရေ ကျသွားပြီး သတ်၍ လယ်သမားကြီးများ အထိနာကြသည်။ တော်သလင်းလမှ ပြန်စိုက်ကြရသည်။ တော်သလင်းလကုန်သည်နှင့် ရေတာမနေဘဲ ထိုးကျသွားသည်။ ရေနုတ်တွင်းစပါးများကမူ အသင့်ဖြင့်ထားသော ကိုရွှေအိုးနှင့် အကိုက်ကျသွားသည်။ နုန်းမြေရိုင်းများဖြစ်၍ အပင်များ သန်စွမ်းဖြစ်ထွန်းသည်။ မကြုံစဖူး အောင် အောင်မြင်သော စပါးနှံများ ထွက်လာကြသည်။ တန်ဆောင်မုန်း နတ်တော်လများတွင် ရွှေအိုးဆိုသော အမည်နှင့်လိုက်အောင် ရွှေအိုးစပါးများ ကြလောက်အောင် ရိတ်သိမ်းနိုင်ခဲ့သည်။

■

ညကရှာကို ဧည့်သည်စိမ်း (၃) ယောက်ရောက်လာသည်။ အညာဘက်မှ ဖြစ်သည်။ သူတို့သည် ကျောင်းထိုင်ဆရာတော်ဦးသီရိနှင့် သိကျွမ်းဆက်စပ်ပြီး ရောက်လာကြခြင်း ဖြစ်သည်။

ကိုရွှေအိုးကို ကျောင်းသို့လာရန် ဆရာတော်က ခေါ်ခိုင်းခဲ့သည်။ ဧည့်သည်များက သူတို့လာရင်းအကြောင်းကို သူ့ကို ပြောပြတိုင်ပင်ကြသည်။

သိုက်စာအရ 'ဆွဲလဲကျတောင်၊ တစ်တောင်၊ကျောက်ကောင်အောက် ဘိုးတူး' ဟူ၍ ဆိုသည်။

သိုက်စာ၏ ရည်ညွှန်းချက်မှာ 'ဆွဲလဲကျတောင်'ဆိုသည်မှာ သူတို့နေထိုင်ရာ ဆွဲလဲကျရွာ၏ တောင်ဘက်ကို ဆိုသည်။ 'ကျောက်ကောင်' ဆိုသည်မှာ ကိုရွှေအိုးလယ်ကွင်းအတွင်းက ကျောက်ရုပ်တုကြီးပင် ဖြစ်သည်။ ထိုကျောက်ရုပ်တုကြီး၏အောက်တွင်ရတနာအိုးရှိသည်ဟု ကိုရွှေအိုးကို ရှင်းပြခဲ့သည်။

"အဲဒီ ကျောက်ကောင်ဆိုတဲ့ ရုပ်တုကြီးက ကိုရွှေအိုးရဲ့လယ်ကွင်းထဲမှာ ရှိတာဆိုတော့ ကျွန်တော်တို့က ခွင့်တောင်းတာပါ။ အကယ်၍ အောင်မြင်ခဲ့ရင် ကိုရွှေအိုးကိုတစ်ဝက်ခွဲပေးပါ့မယ်။ ဒါတို့လည်း ကျွန်တော်တို့ ဆရာတော်ဦးသီရိရဲ့ရှေ့တော်မှာ ကတိပေးပါတယ်"

ဟု ဆရာတော်ကို တိုင်တည်၍ ပြောပြသည်။

ထို(၃)ယောက်တွင် အသက်ကြီးကြီးပုဂ္ဂိုလ်မှာ အသက် (၆၀) ကျော်ခန့်ရှိပြီး သျှောင်ထုံးနှင့်ဖြစ်သည်။ ပိတ်ဖြူဝတ်ထားသည်။ လည်တွင် ပုတီးကိုဆွဲထားရာ သိုက်ဆရာကြီးမှန်း သိသာလှပေသည်။ ကျန်(၂)ယောက်ကမူ နောက်လိုက်တပည့်များဖြစ်တန်တူပါသည်။

ဆရာတော်ကတော့ ဘာမှမမိန့်ဘဲ ကိုရွှေအိုးကို အကဲခတ်သလိုကြည့်နေခဲ့သည်။

"ကျွန်တော်ပြောမယ်နော်။ ဆရာတော်ကိုလည်း ကျွန်တော် အထူးလေးစားကြည်ညိုပါတယ်။ ဆရာတော်ရဲ့ ဧည့်သည်တော်ကြီးတွေဆိုတော့ ကျွန်တော်ရဲ့မိတ်ဆွေတွေပါပဲ။ မိတ်ဆွေကြီးတို့က ကျွန်တော့်စကားကိုမကြိုက်ရင်လည်း အခင်အမင်မပျက်ကြပါနဲ့ဗျာလို့ ကြိုတင်တောင်းပန်ပါရစေ။

ကျွန်တော့်ကို ဒီလယ်ကွင်းတွေက ကောင်းကျိုးပေးခဲ့ပါတယ်။ ဒီနှစ် စပါးထွက်လည်းတော်တော်ကောင်းပါတယ်။ ဘိုးတော်ရုပ်တုကြီးကိုလည်း ကျွန်တော် ရိုရိုသေသေဆက်ဆံပြီး စားဦးစားဖျားပေးလှူခဲ့တာမို့ မိတ်ဆွေကြီးတို့ရဲ့ အကြံအစည်ကို ပြန်ရုပ်သိမ်းဖို့ပါပဲခင်ဗျား"

ကိုရွှေအိုးသည် ပြောစရာရှိသည်များကို ကရားရေလွှတ်ပြောချလိုက်ပြီးသော် ဆရာတော်ကို ဦးချကန်တော့ပြီး ထပြန်လာခဲ့သည်။

■

ဧည့်သည်များနှင့်တွေ့ပြီးတစ်ပတ်ခန့်အကြာ ညတစ်ညတွင် ကိုရွှေအိုး အိပ်မက်ထဲ၌ ဘိုးတော်ကြီးကို တွေ့ရသည်။

"လူလေး၊ မင်းစေတနာနဲ့ မင်းသဘောထားကို အဘိုးက အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် မင်းနဲ့တွေ့ခဲ့တဲ့ သိုက်ဆရာတွေကတော့ သစ္စာမရှိကတိမတည်ခဲ့ကြဘူး။ လူလေးနဲ့ အဘိုးတို့ ခွဲခွာကြဖို့ အချိန်တန်လာခဲ့ပြီ"

ဟု ပြောဆိုနေရင်း ကျောက်ရုပ်တုဘိုးတော်ကြီး၏ မျက်ဝန်းအိမ်သည် နီရဲလာပြီး မျက်ရည်ပေါက်ကြီးများအလုံးလိုက်ထွက်ကျနေလေသည်။ ကိုရွှေအိုးလည်း မျက်ရည်များ စီးကျလာသည်။ ဝမ်းနည်းလွန်းသောကြောင့် ပင်ပန်းကြီးစွာ ကြိတ်ရှိုက်၍ အသံထွက်အောင်ငိုမိလေတော့သည်။

"လူလေး မငိုနဲ့တော့။ မနက်ခင်းအရုဏ်မတက်ခင်ပေါ့ကွာ၊ ငါ့ဆီကို မင်းရောက်အောင်လာခဲ့ပါ။ သူတို့က ဒီနေ့မကုန်မီ ငါ့ကိုအပြီးရှင်းတော့မယ်။ သူတို့လက်မဦးသေးခင် ငါဒီနေရာကပြောင်းရွှေ့ထွက်ခွာဖို့ စီစဉ်ထားပြီးပြီ။ သူတို့ပြောသလို အဘိုးရဲ့ ထိုင်ခုံကျောက်ပလ္လင်အောက်မှာ ရတနာအိုးကြီးရှိနေတာ အမှန်ပါပဲ။ ဒီရတနာတွေဟာ အရိမေတ္တေယျဘုရားရှင်ကြီးကို ပူဇော်ဖို့ ရတနာတွေပါ။ အခုတော့ ရန်သူလက်မဦးခင် ဒီရတနာတွေကို သယ်ဆောင်ပြီး အဘိုးဒီကထွက်သွားပါတော့မယ်။

လူလေး၊ သေသေချာချာနားထောင်ပါ။ လူလေးလာတဲ့အခါမှာ ငှက်ကြီးတောင်မှားသွားကို ထုံးဖြူသုတ်ပြီး ယူလာခဲ့ပါ။ မင်းလာရင် မြွေကြီးတစ်ကောင်တွေ့လိမ့်မယ်။ အဲဒီမြွေကြီးရဲ့ အမြီးပိုင်းကို တစ်ထွာလောက် ရဲရဲတင်းတင်း ဓားနဲ့ခုတ်ဖြတ်လိုက်ပါ။ ဒါဟာ မင်းကို ငါနောက်ဆုံးမ,စ,ကူညီခြင်းပါပဲ လူလေး"

အိပ်မက်ထဲက ဘိုးတော်ကြီး၏ စကားသံများကို ပဲ့တင်ထပ်အောင်ကြားနေရင်းမှ ကိုရွှေအိုးနိုးလာခဲ့သည်။ နာရီကိုကြည့်သော် (၄)နာရီထိုးနေပြီ။ ရွာဦးကျောင်းမှ တုံးခေါက်သံသည် မြည်ဟိန်းထွက်ပေါ်လျက်ရှိသည်။

ကိုရွှေအိုးသည် ဘုရားကို ဦးစွာရှိခိုးသည်။ ဓမ္မပရိတ်တော်ကို ထုံးစံအတိုင်း ရွတ်ဆိုသည်။ (၁၁) ဘုံသားအပေါင်းနှင့် ကုလားကွင်းဘိုးတော်ကြီးကို အမျှပေးဝေသည်။ တက်သုတ်ရိုက်၍ အချိန်မီစေရန် အနေးတကြီးလုပ်ဆောင်ပြီးသော် အိမ်နံရံ၌ အသင့်ချိတ်ထားသော ငှက်ကြီးတောင်ဓားကို ဓားအိမ်မှချွတ်ယူပြီး ထုံးသုတ်လိုက်သည်။ အရုဏ်ဦးစ လင်းကြက်တွန်သံများထွက်ပေါ်လာချိန် မဝေးလှသော နောက်ဖေးလယ်တောသို့ အမြန်ရောက်ခဲ့သည်။

လမ်းတစ်လျှောက် [illegible]င်းတလင်း မပိမသ ဝိုးတဝါးကာလ မြူနှင်းတို့အကြား လက်နှိပ်ဓာတ်[illegible] အဖော်ပြုရင်း မိမိ ထုံမွမ်းနာသော ဓမ္မသုတ်ကို အဆက်မပြတ်ရွတ်ဆိုနေ[illegible]သည်။အရေးကြီးချိန်၌ ရတနာသုံး[illegible]အားရှိသည် အကောင်းဆုံးဖြစ်ကြော[illegible] ကိုရွှေအိုးသဘောပေါက်ထားသည် [illegible]ဓမ္မသုတ်တွေသည် အောင်လံတံခွန်[illegible]ဘိုးတော်ကြီးဟု ဘုန်းဘုန်းကြီး ဩ[illegible]ပေးခဲ့သည် မဟုတ်လား။ သူတွင် စိတ်[illegible]ဘက်ခွန်အားများဘယ်ကရောက်လာ[illegible]မှန်းမသိ။ ရဲရင့်ရင်ဆိုင်ရန်အသင့်။

လယ်တောက ထ[illegible]င်အောက်



www.burmeseclassic.com

www.burmeseclassic.com

သို့ရောက်သော် ကျောက်ရုပ်ကြီးကို မာတ်မီးနှင့် လှမ်းထိုးကြည့်လိုက်သည်။ သူ့ရင်ထဲတွင် လှုပ်ရှားလိုက်ဟာသွားခဲ့သည်။ ဖြစ်ရလေခြင်းဟု။ ဘိုးတော်ရုပ်တုကြီးသည် နောက်မြီးလန်၍ ဝက်လက်ကြီးလဲကျနေသည်။ ရုပ်တုကြီး၏ အောက်တွင် ကလိုင်ပေါက်ကြီးကို တွေ့ရသည်။ အနီးတွင်မူ (၅၀)ပိဿာဝင် စဉ့်အိုးကြီးတစ်လုံးကို မှောက်လျက်သား တွေ့ရသည်။ သူ့ရင်တွင် တဒိတ်ဒိတ်ခုန်လာသည်။ ဝမ်းနည်းတသ ယူကျုံးမရခြင်းများနှင့် မာတ်မီးကို ဝှေ့ယမ်းထိုးကြည့်သည်။

လားလား - မြွေကြီးတစ်ကောင်။ သူ့ကိုကြည့်နေသော မြွေကြီး၏မျက်လုံးများမှာ နီရဲနေသည်။ မျက်ဝန်းအိမ်ထဲတွင် ခိုတွဲနေသော မျက်ရည်ဥများကို စိတ်မချမ်းသာစွာတွေ့ရသည်။

မြွေကြီးသည် မာတ်မီးရောင်များ ဖြာထွက်လာပြီးသည်နှင့် တွန့်ခွေနေသော ကိုယ်လုံးကြီးကို ဆန့်ထုတ်လိုက်သည်။ ပြီး - အရှေ့ဘက်တောင်တန်းတောအုပ်များဆီသို့ တရွေ့ရွေ့လှုပ်ရှားသွားနေသည်။ သူသည် ထုံးသုတ်ထားသော ငုက်ကြီးတောင်မားသွားကို စမ်းလိုက်သည်။ ထိုမြွေကြီးသည် သူ့ကို ခင်မင်လှစွာသော ကုလားကွင်းဘိုးတော်ကြီး၏ ဝိညာဉ်ပူးကပ်နေသော မြွေကြီးဟူသောအသိကြောင့် မားနှင့်မခုတ်ရက်အောင်ရှိနေသည်။

မြွေကြီးသည် သူ၏အတွင်းစိတ်ကို သိနေသယောင်ရှိသည်။ အတန်ငယ်ရပ်ဆိုင်း၍ သူ့ကိုခေါင်းငုံ့၍ကြည့်သည်။ သူ့နားထဲတွင် 'မြွေကြီးရဲ့ အမြီးပိုင်းကို ခုတ်ပိုင်းလိုက်။ အဲဒါ မင်းကို ငါပေးတဲ့ လက်ဆောင်ပဲ' ဆိုသော ဘိုးတော်ကြီး၏စကားသံများ ပြန်ကြားယောင်လာသည်။ ထိုအသံသည် သူ့နားစည်ကို ပွဲတင်သံပမာ ဆူညံလာလေသည်။ သူ့အံကိုတင်းတင်းကြိတ်လိုက်သည်။ မားကိုကိုင်မြှောက်၍ မြွေကြီး၏ အမြီးတုတ်တုတ်ကြီးကို တစ်ထွာခန့်မှန်းဆ၍ ခုတ်ဖြတ်ချလိုက်လေသည်။

ခုတ်ပိုင်းလိုက်ပြီးသည်နှင့် မြွေကြီးသည် ရုတ်တရက် လွှားခနဲရှေ့သို့ခုန်ထွက်ပျောက်ကွယ်သွားလေတော့သည်။ အမြီးကြီးမှာ တဆတ်ဆတ်တုန်ရင်းတစ်ချက်၊ နှစ်ချက်လူးလွန့်ကျန်ရစ်လေသည်။ အမြီးကို သူငုံ့ကြည့်လိုက်သည်။

တစ်ထွာခန့်ရှိသော ရွှေတုံးကြီး။

ကိုရွှေအိုးသည် ကျောက်ရုပ်တုကြီးကို စိတ်မကောင်းစွာ တွေဝေ၍ ကြည့်နေမိသည်။ အရုဏ်နေခြည်ဦးနှင့်အတူ မြင်တွင်းသည် ဝေဝါးရာမှထင်ရှားပီပြင်လာသည်။ ရုပ်တုကြီး၏ ဘေးဝန်းကျင်တွင် ဆန်မန်းပေါက်ပေါက်များ၊ ပရုတ်ကြီးချည်မျှင်များနှင့် ဝန်းရံထားသည်။ သိုက်သမားတစ်စု၏ လက်ချက်များဟူ၍ သိလိုက်သည်။ အသင့်ပါလာသော ပုဆိုးပိုင်းနှင့် ရွှေတုံးကြီးကို ထုပ်ပိုး၍ အိမ်သို့ အသော့နှင်ရင်း ပြန်ခဲ့သည်။ မဝါနုနှင့် ကလေးများပင် အိပ်လို့ကောင်းတုန်း ဖြစ်သည်။ ရွှေတုံးကို လုံခြုံစွာ သိမ်းဆည်းပြီး အိပ်ရာထဲဝင်ခွေနေလိုက်သည်။

■

နံနက်လင်းသော် ရွာဦးကျောင်းဘက်သို့ ထွက်ခဲ့သည်။ ဘုရားကန်တော့ပြီး ဆရာတော်ဦးသီရိကို ကန်တော့သည်။ ဆရာတော်မှာ မျက်နှာမကောင်းလှပါ။

"တွယ်စေပါလား ဒကာကြီး"

"တင်ပါ့ဘုရား၊ ဒါထက် ဆရာတော်ရဲ့ ဧည့်သည်များကော ဘုရား"

"ညက (၁၂)နာရီလောက်မှာ (၃) ယောက်လုံး သွေးဝမ်းတွေသွားကြလို့ ဘယ်လိုမှ မရပ်တာနဲ့ မြို့ဆေးရုံကို လှည်းနဲ့ သွားပို့လိုက်ရတယ် ဒကာကြီး"

"ဩော်ဩော်၊ ဘယ်လိုဖြစ်ရတာလဲဘုရား"

"ဒီဒကာတွေဟာ ဘုန်းကြီးစကားနားမထောင်ကြဘူး။ တားနေတဲ့ကြားက လယ်တောထဲက ကျောက်ရုပ်ကြီးကို သိုက်စူးခဲ့ကြတယ်။ အဲဒါ ခံကြရတာဖြစ်မှာပေါ့ ဒကာကြီး"

"တင်ပါ့ဘုရား၊ လောဘတရားဟာ အနားသတ်မရှိဘူးဆိုတဲ့ စကားအတိုင်းပါပဲ ဘုရား။ တပည့်တော်ကို ခွင့်ပြုပါဦးဘုရား"

ဟု လျှောက်ထားပြီး ကိုရွှေအိုးသည် ဆရာတော်ကို ရှိခိုးကန်တော့၍ ပြန်လာခဲ့သည်။

■

တန်ဆောင်မုန်းလကုန်၍ နတ်တော်၊ ပြာသို၊ တပို့တွဲလများသည် ပုံမှန်ချီတက်၍ ရာသီစက်ဝန်းကြီးလှည့်လည်နေသည်။ ကိုရွှေအိုးသည် ထိုလများအတွင်း ရွာဦးကျောင်း၌ (၂၇) တောင်မြင့်သော အလွန်သပ္ပာယ် ကြည်ညိုဖွယ်ရာ ကောင်းသော 'ဇေဂုသုတ္တံ' စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ကျောင်းအိုကြီးကို (၂) ထပ်အုတ်တိုက်ကျောင်းသစ်ကြီးအဖြစ် တည်ဆောက် လှူဒါန်းသည်။ စေတီတော်ပေါင်းကိုလည်း ပြုပြင်၍ ထီးတော်အသစ် တင်လှူခဲ့သည်။

ရွာလုံးကျွတ် ရှင်အပါး (၁၀၀) အလှူပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွဲလှူဒါန်းသည်။ ရုပ်နီး၊ ရုပ်ဝေးမှ သံဃာတော်မြတ်များကို သင်္ကန်းပရိက္ခရာရှစ်ပါးနှင့် ပစ္စည်း (၄) ပါးအလှူငွေ နဝကမ္မငွေများ၊ ဆန်အိတ်၊ ဆီပုံးများ ပြည့်စုံစွာ လှူဒါန်းခဲ့သည်။ ဆွဲလဲကျေးရွာကလေးတွင် မကြုံစဖူး ထူးကဲသောအလှူပွဲကြီးအဖြစ် သမိုင်းဝင်သွားတော့သည်။

အလှူရှင် ဦးရွှေအိုး၊ ဒေါ်ဝါနုတို့၏ သားငယ်နှင့် သမီးလေး (၂)ယောက်ကို ရှင်ပြု၊ နားသခြင်းပြုပေးသည်။ မိဟောင်း၊ ဘဟောင်း၊ ဘိုးဘိုး၊ ဘွားဘွားနှင့် မိခင်၊ ဖခင်ကျေးဇူးရှင်အပေါင်း၊ ဆွေမျိုးအပေါင်းနှင့် (၃၁) ဘုံသားအပေါင်းကို အမျှပေးဝေသည်။ အထူးသဖြင့် ကုလားကွင်းဘိုးတော်ကြီးကို အာရုံပြု၍ အမျှဝေဖြစ်ခဲ့ပေသည်။

■

ထူးခြားသည်မှာ 'ဇေဂုသုတ္တံ' စေတီတော်၏ မော်ကွန်းကျောက်စာကမ္ပည်းတွင် ပါဝင်သော အလှူရှင်၏ အမည် ဖြစ်သည်။

'ကုလားကွင်းဘိုးတော်ကြီး၏
ကောင်းမှု'

ဟူ၍ ဖြစ်လေသည်။

***မှတ်ချက် -***

*ဤဇာတ်လမ်းလေးမှာ မဲ… တိုင်းဒေသကြီး ညောင်လေးပင်မြို့န… ပုစွန်မြောင်းရွာမှ အငြိမ်စားကျောင်းအု… ဆရာကြီးဦးငွေစိုး (စာရေးသူ၏ ဖခ… ရှိစဉ်က ပြောပြခဲ့သော ဖြစ်ရပ်မှန်… အခြေခံ ရေးဖွဲ့ထားသော ဇာတ်လ… ဖြစ်သည်။*

*လယ်သမားကြီး ဦးရွှေအိုး ရှတ်… ခဲ့သော ဇေဂုသုတ္တန်ပရိတ်တော်… ပရိတ်ကြီး (၁၁) သုတ်တွင် အရှည်… ဖြစ်၍ စာမျက်နှာကို ငဲ့သောအာ… မဖော်ပြတော့ပါ။ လိုအပ်သူများ ပ… ကြီးစာအုပ်များတွင် အလွယ်တကူ… ကျက်မှတ်ပူဇော်တော်မူကြရန် ပန်ကြ… ပါသည်။*

မျိုးတင့် (ညောင်လေး…



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်

# စနေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

စနေသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ စနေသိဒ္ဓိနက္ခတ် လဂ်ဖြတ်ကျော်ချိန်၊ စနေသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်း အခါသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာ၊ မန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန် အပါအဝင် ဓနလာဘ်မန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများမည်ဆိုပါလျှင် ထူးကဲသော ကောင်းကျိုး ချမ်းသာများကို ခံစားရမည်မှာ မလွဲဧကန် ဖြစ်ပါသည်။ ယခုလအပိုင်းအခြားတွင် ၇-၉-၂၀၁၄ နေ့ နံနက် (၉) နာရီမှ ၈-၉-၂၀၁၄ နေ့ နံနက် (၇း၃၀) နာရီအတွင်း စနေသိဒ္ဓိနက္ခတ်သည် စန်းနှင့်ယှဉ်နေမည် ဖြစ်ပါသည်။ ၇-၉-၂၀၁၄ နေ့ ညနေ (၁၆း၃၂း၃၈) နာရီမှ (၁၇း၂၀း၄၄) နာရီအတွင်း စနေသိဒ္ဓိနက္ခတ်သည် လဂ်ဖြတ်ကျော်မည်ဖြစ်ကာ ၎င်း ၇-၉-၂၀၁၄ နေ့ ည၌ (၂၂း၁၈း၄၂) နာရီမှ (၂၃း၁၉း၅၃) နာရီအတွင်း စနေသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၆း ၅၆း ၁၄ | ၁၇း ၄၄း ၁၈ | ၁ | ၂၂း ၄၂း ၁၈ | ၂၃း ၄၃း ၂၉ |
| ၂ | ၁၆း ၅၂း ၁၈ | ၁၇း ၄၀း ၂၂ | ၂ | ၂၂း ၃၈း ၂၂ | ၂၃း ၃၉း ၃၃ |
| ၃ | ၁၆း ၄၈း ၂၂ | ၁၇း ၃၆း ၂၈ | ၃ | ၂၂း ၃၄း ၂၆ | ၂၃း ၃၅း ၃၇ |
| ၄ | ၁၆း ၄၄း ၂၆ | ၁၇း ၃၂း ၃၂ | ၄ | ၂၂း ၃၀း ၃၀ | ၂၃း ၃၁း ၄၁ |
| ၅ | ၁၆း ၄၀း ၃၀ | ၁၇း ၂၈း ၃၆ | ၅ | ၂၂း ၂၆း ၃၄ | ၂၃း ၂၇း ၄၅ |
| ၆ | ၁၆း ၃၆း ၃၄ | ၁၇း ၂၄း ၄၀ | ၆ | ၂၂း ၂၂း ၃၈ | ၂၃း ၂၃း ၄၉ |
| ၇ | ၁၆း ၃၂း ၃၈ | ၁၇း ၂၀း ၄၄ | ၇ | ၂၂း ၁၈း ၄၂ | ၂၃း ၁၉း ၅၃ |
| ၈ | ၁၆း ၂၈း ၄၂ | ၁၇း ၁၆း ၄၈ | ၈ | ၂၂း ၁၄း ၄၆ | ၂၃း ၁၅း ၅၇ |
| ၉ | ၁၆း ၂၄း ၄၆ | ၁၇း ၁၂း ၅၂ | ၉ | ၂၂း ၁၀း ၅၀ | ၂၃း ၁၂း ၀၁ |
| ၁၀ | ၁၆း ၂၀း ၅၀ | ၁၇း ၀၈း ၅၆ | ၁၀ | ၂၂း ၀၆း ၅၄ | ၂၃း ၀၈း ၀၅ |
| ၁၁ | ၁၆း ၁၆း ၅၄ | ၁၇း ၀၅း ၀၀ | ၁၁ | ၂၂း ၀၂း ၅၈ | ၂၃း ၀၄း ၀၉ |
| ၁၂ | ၁၆း ၁၂း ၅၈ | ၁၇း ၀၁း ၀၄ | ၁၂ | ၂၁း ၅၉း ၀၂ | ၂၃း ၀၀း ၁၃ |
| ၁၃ | ၁၆း ၀၉း ၀၂ | ၁၆း ၅၇း ၀၈ | ၁၃ | ၂၁း ၅၅း ၀၆ | ၂၂း ၅၆း ၁၇ |
| ၁၄ | ၁၆း ၀၅း ၀၆ | ၁၆း ၅၃း ၁၂ | ၁၄ | ၂၁း ၅၁း ၁၀ | ၂၂း ၅၂း ၂၁ |
| ၁၅ | ၁၆း ၀၁း ၁၀ | ၁၆း ၄၉း ၁၆ | ၁၅ | ၂၁း ၄၇း ၁၄ | ၂၂း ၄၈း ၂၅ |
| ၁၆ | ၁၅း ၅၇း ၁၄ | ၁၆း ၄၅း ၂၀ | ၁၆ | ၂၁း ၄၃း ၁၈ | ၂၂း ၄၄း ၂၉ |
| ၁၇ | ၁၅း ၅၃း ၁၈ | ၁၆း ၄၁း ၂၄ | ၁၇ | ၂၁း ၃၉း ၂၂ | ၂၂း ၄၀း ၃၃ |
| ၁၈ | ၁၅း ၄၉း ၂၂ | ၁၆း ၃၇း ၂၈ | ၁၈ | ၂၁း ၃၅း ၂၆ | ၂၂း ၃၆း ၃၇ |
| ၁၉ | ၁၅း ၄၅း ၂၆ | ၁၆း ၃၃း ၃၂ | ၁၉ | ၂၁း ၃၁း ၃၀ | ၂၂း ၃၂း ၄၁ |
| ၂၀ | ၁၅း ၄၁း ၃၀ | ၁၆း ၂၉း ၃၆ | ၂၀ | ၂၁း ၂၇း ၃၄ | ၂၂း ၂၈း ၄၅ |
| ၂၁ | ၁၅း ၃၈း ၃၄ | ၁၆း ၂၅း ၄၀ | ၂၁ | ၂၁း ၂၃း ၃၈ | ၂၂း ၂၄း ၄၉ |
| ၂၂ | ၁၅း ၃၄း ၃၈ | ၁၆း ၂၁း ၄၄ | ၂၂ | ၂၁း ၁၉း ၄၂ | ၂၂း ၂၀း ၅၃ |
| ၂၃ | ၁၅း ၃၀း ၄၂ | ၁၆း ၁၇း ၄၈ | ၂၃ | ၂၁း ၁၅း ၄၆ | ၂၂း ၁၆း ၅၇ |
| ၂၄ | ၁၅း ၂၆း ၄၆ | ၁၆း ၁၃း ၅၂ | ၂၄ | ၂၁း ၁၁း ၅၀ | ၂၂း ၁၃း ၀၁ |
| ၂၅ | ၁၅း ၂၂း ၅၀ | ၁၆း ၀၉း ၅၆ | ၂၅ | ၂၁း ၀၇း ၅၄ | ၂၂း ၀၉း ၀၅ |
| ၂၆ | ၁၅း ၁၈း ၅၄ | ၁၆း ၀၆း ၀၀ | ၂၆ | ၂၁း ၀၄း ၀၀ | ၂၂း ၀၅း ၀၉ |
| ၂၇ | ၁၅း ၁၄း ၅၈ | ၁၆း ၀၂း ၀၄ | ၂၇ | ၂၁း ၀၀း ၀၄ | ၂၂း ၀၁း ၁၃ |
| ၂၈ | ၁၅း ၁၁း ၀၂ | ၁၅း ၅၈း ၀၈ | ၂၈ | ၂၀း ၅၆း ၀၈ | ၂၁း ၅၇း ၁၇ |
| ၂၉ | ၁၅း ၀၇း ၀၆ | ၁၅း ၅၄း ၁၂ | ၂၉ | ၂၀း ၅၂း ၁၂ | ၂၁း ၅၃း ၂၁ |
| ၃၀ | ၁၅း ၀၃း ၁၀ | ၁၅း ၅၀း ၁၈ | ၃၀ | ၂၀း ၄၈း ၁၆ | ၂၁း ၄၉း ၂၅ |



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နဲ့ ကိုထွန်းပန်တို့က ကြီးပေါင်းတွေပါ။ အသက်အားဖြင့် ကျွန်တော်ထက်ငယ်ပေမယ့် စာပေသမားဖြစ်နေတာရယ်၊ ဘာသာရေးလိုက်စားတာရယ်ကြောင့် ကျွန်တော်တတော့ သူ့ကို ဒီလိုပဲ ကိုထွန်းပန်လို့ တလေးတစားခေါ်ပါတယ်။ ကိုထွန်းပန်က ကျောက်မျက်ရုံးက စာရေးကြီး ကိုကျော်ဝင်းစိန်တို့နဲ့ကလည်း မိုးကုတ်ကတည်းက မိတ်ဆွေတွေပါ။ နှစ်ယောက်စလုံး ဘာသာရေးလိုက်စားကြတယ်။ ဗေဒင်ပညာလည်း တတ်ကျွမ်းတယ်။ သမထအလုပ်တွေလည်း အတော့်ကို နက်နက်နဲနဲ လိုက်စားကြတာကလား။ သူတို့ဆီမှာ အလုံးကြီးကြီး၊ အရောင်နက်နက်နဲ့ ဂမ္ဘီရဆန်တဲ့ ပုတီးကြီးတွေ တစ်ယောက်တစ်ကုံးစီရှိကြပါတယ်။

လုပ်ငန်းတာဝန်နဲ့ ကျွန်တော် ကျောက်မျက်ရုံးရောက်ရင် အလုပ်ရှိရှိ မရှိရှိ ကိုကျော်ဝင်းစိန်အခန်းကို ဝင်နေကျပါ။ သူ့အခန်းထဲဝင်လိုက်တာနဲ့တစ်ပြိုင်နက် အမွှေးတိုင်နဲ့၊ ဆီမီး၊ ပန်းမန်ရနံ့တွေနဲ့ သင်းနေတတ်ပါတယ်။ ကိုကျော်ဝင်းစိန်ဆီမှာက ထူးဆန်းတဲ့ ခတ်လုံးလက်စွပ်နှင့် ပုတီးကြီးတစ်ကုံးရှိတယ်။ ကိုကျော်ဝင်းစိန်နဲ့ မိုးကုတ်မှာ သမထအလုပ်တွေ သန်သန်လုပ်တုန်းက တစ်

(ကျော့ဂဂ်မ်)

# မောင်သင်းထုံ

## အကြွေးသိမ်းယူခဲ့သော ပုတီးကြီးတစ်ကုံး





www.burmeseclassic.com

www.burmeseclassic.com

ရှ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ သူတော်စင်ကြီးတစ်ဦးက အိပ်မက်ပေး တာနဲ့ အဲဒီကျောက်ဂူကို သွားတော့ ကျောက်ပလ္လင်ထက်မှာ ဓာတ်လုံးလက် ချွန်တစ်ကွင်းနဲ့ သိဒ္ဓိပြီးတဲ့ ပုတီးတစ်ကုံး တွေ့ပါတယ်။ အဲဒီပုတီးက ခုကျွန်တော့် မှာတွေ့ရတဲ့ ကိုကျော်ဝင်းစိန်အခန်း ထဲက ပုတီးကြီးပါပဲ။ အဲဒီပုတီးနဲ့ ပုံစံတူ အရွယ်တူ ပုတီးတစ်ကုံး ကျွန်တော်ပြော တဲ့ ကိုထွန်းပန်ဆီမှာလည်း ရှိပါတယ်။

ပုတီးအရွယ်က ဆိုက်ကြီး။ ပုတီး လုံးကြီးတွေဆိုတာ စိပ်ပါများလို့ လက် ရည်ဝနေကြလို့ ထင်ပါရဲ့၊ မည်းပြောင်နေ ကြတာပါပဲ။ အစကတော့ ကြိုးနဲ့ထိုး ထားတဲ့ ကြိုးပုတီးတွေနေမှာပါ။ ပုတီးလုံး တွေ သီထားတဲ့ ကြိုးရဲ့ မူလအရောင်က နီညိုရောင်ဖြစ်မယ်။ ပုတီးခေါင်းထိပ် ဝို နေတဲ့ကြိုးနေရာမှာ လက်မဝတ်လောက် ငွေပြားအင်းကွက်ကို ကြိုးမှာလိမ်ပြီးမှ တပ်ထားတာ တွေ့ရပါတယ်။ ပုတီးကို စိပ်မလို့ ကိုင်လိုက်ကတည်းက လူတစ် ကိုယ်လုံးကာ ပူထူရှိန်းပိန်းလာသလို ခံစားရပါတယ်။ ကျွန်တော်တော့ ကျောက်မျက်ရုံးက ကိုကျော်ဝင်းစိန့် အခန်းရောက်ရင်ကိုပဲ ဘုရားဖူးရင်း လိပ်ဥတူးဆိုသလို ပုတီးတော့ သူ့ဆီ ခွင့်တောင်းပြီးမှ စိပ်ဖြစ်အောင် စိပ်နေ တော့တာပါပဲ။ တစ်ခါတလေကျတော့ ကျွန်တော်ရောက်သွားတဲ့အချိန်က ရုံး ချိန်ဖြစ်နေရင် ကိုကျော်ဝင်းစိန်က သူ့ရုံး ခန်းထဲ ကျောက်ကွက်စာရင်းတွေ၊ ညှို့ သည်တွေနဲ့လည်း အလုပ်ရှုပ်နေပါ ပကောလား။ ဒီတော့ ကျွန်တော်က ရုံး မြှတင်းပေါက်ကနေ မျက်နှာပြလိုက်ရင် ဘာမှပြောမနေပါဘူး။ ကိုကျော်ဝင်းစိန် က သူ့အခန်းသော့ ထုတ်ပေးနိုင်တယ်။ သဘောတတော့ ကျွန်တော်ပုတီးစိပ်နေ ရင်းကစောင့်၊ ပြီးမှ ကအုပ်ဆိုင်တွေ





www.burmeseclassic.com

www.burmeseclassic.com

ဘက် သွားကြည့်ရအောင်ဆိုတဲ့သဘော ပေါ့။ ဟုတ်ပါတယ်။

တစ်ခါတလေကျတော့ ကျွန်တော် တောင်ပေါ် ရောက်တုန်း ကိုကျော်ဝင်းစိန်ရယ်၊ ကိုထွန်းပန်ရယ်၊ မိုးကုတ်ကျော်ကျော်စိုးတို့ရယ် ချိန်းပြီး လက်ဖက်ရည်ဆိုင်၊ စာအုပ်ဆိုင်မှာ တွေ့ဆုံစကားပြောကြပါတယ်။ အများဆုံးတွေ့နေကျနေရာကတော့ သွင်တန်းအဆင်းက စာအုပ်ဆိုင်မှာပါ။ တစ်ခါတလေကျတော့ ကိုထွန်းပန်နဲ့ ကိုကျော်ဝင်းစိန်တို့ဟာ သူတို့ချင်းတွေ့ရင် ဗေဒင်အကြောင်းတွေ ပြောကြ၊ဓာတ်စကား၊ယတြာစကားတွေ ပြောကြဆိုရင် ကျွန်တော့်မှာ ကြားကနေ နားမလည်တော့ ငေးပြီးနားထောင်နေကြရတာများပါတယ်။ ကိုထွန်းပန်ဆိုတဲ့ လူက လူကသာငယ် အစွယ်နဲ့ဆိုတာလိုပဲ။ ဒါကြောင့် ကျွန်တော်က သူ့ကို ကိုထွန်းပန်ရယ်လို့ တလေးတစားခေါ်တာပေါ့။ သူနဲ့ ဆရာတပည့်ဖြစ်တဲ့ ကိုကျော်ဝင်းစိန်ကတော့ ဟေ့ကောင် ထွန်းပန်ဘာညာနဲ့ တစ်ခါတလေခေါ်တာကြားရဖူးပါတယ်။

အသက်က (၃၅) နှစ်လောက်၊ မျက်နှာပေါ်မှာ မှဲ့ခြောက်တွေနဲ့၊ အသားဖြူဖြူ၊ လူက ပုတုတုပါ။ ခေါင်းက ဆံပင်ဆိုတာ ကျဲတဲတဲပါးတားတား လောတစ်ရဲ့ အထုအထောင်းဒဏ်ခံရဖန်များလို့ လားပဲ။ ခေါင်းမှာ ဆံပင်ဖြူတစ်ချောင်းစ၊ နှစ်ချောင်းစ ထောင်းစပြုနေပါပြီ။ လူက မိုးကုတ်သား၊ ကျောက်အရောင်းအဝယ် ပညာနားလည်တယ်၊ တစ်သက်လုံးလည်း ဒီအလုပ်နဲ့ပဲ လုပ်စားလာခဲ့ပုံရပါတယ်။ မိုးကုတ်ကနေ မိုင်းရှူးတောင်ပေါ် ရောက်လာတာကလည်း ကျောက်အရောင်းအဝယ်လုပ်စားမလို့ ရည်ရွယ်ချက်နဲ့ လာခဲ့တာပါ။ သူတို့ရောက်ခါစတုန်းက လုပ်ပွဲစားတန်းမှာ 'မိုင်းရှူးရေကျောက် မဝယ်ပါ' လို့ စာတန်းထိုးထားတယ်။ နောက် မိုင်းရှူး - လွိုင်ဆောင်ထောက်တောင်ပေါ်မှာ ခဲကျောက်တွေပေါ်လာတော့ မိုးကုတ်က ကျောက်ပွဲစားအတော်များများဟာ မိုင်းရှူးကို ရောက်လာကြတော့တာပါပဲ။

ကိုထွန်းပန်က ကျောက်ပွဲစားတာ လုပ်နေတာ သူ့ရုပ်က ကျောက်ပွဲစားရုပ် မပေါက်ပါဘူး။ လူကသေးသေးပုပုလေး။ ကျောက်ပွဲစားဆိုတာက အသားဖြူဖြူ ဥပဓိရုပ်ကောင်းကောင်း၊ ဂိုက်ဆိုက်ပြည့်ပြည့်နဲ့ တကတဲ လူမြင်လိုက်တာနဲ့ ကျောက်လာထိုးမည့်သူအတွက် ပစ်ကျ ရမည့်ရုပ်မျိုး။ အားထားချင်စရာ ဘဝကုသိုလ်ဆိုတာလို အားထားချင်စရာ ဘဝကုသိုလ်ဖြစ်နေဖို့တော့ လိုမှာပါ။ ဒါပေမယ့် ကိုထွန်းပန်ရုပ်က ကြည့်ပါဦး။ ကျောက်ပွဲစားပုံစံမှ မပေါက်တဲ့ဟာ။ ဒါပေမယ့် ကိုထွန်းပန် ရုပ်ကကြည့်ပါဦး။ ကျောက်ပွဲစားပုံစံမှ မပေါက်တဲ့ဟာ။ ဒါပေမယ့် ဒီလူ တစ်ချက်တော်တာက အာကောင်းတယ်။ အသံသြဇာရှိတယ်။ နောက်ပြီး လူတကာစိတ်ဝင်စားလောက်မည့် ဗေဒင်ပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာကလည်း တတ်သေးတော့ အဲဒီ တစ်ချက်နဲ့ကို အစောကပြောတဲ့ အားထားချင်စရာ ဘဝကုသိုလ်ဖြစ်ရတော့တာပါပဲ။

မဟန်နီက နမ္မတူက။ သူကလည်း ကျောက်အလုပ်လုပ်ဖို့ လာတာပါပဲ။ ဆိုင်းလျှံမှာ ကျောက်အရောင်းအဝယ် လုပ်ကြရင်းက မဟန်နီနဲ့ ကိုထွန်းပန်တို့ တွေ့ကြတာပါ။ ကျောက်အတူဝယ်ရင်း မဟန်နီကို ဗေဒင်ဟောရင်း၊ တွက်ပေးရင်းကနေ အနေနီးတော့ နှစ်ယောက်တည်းနဲ့ တိုင်းပြည်စာစ်ပြည်တည်ထောင်ခဲ့ကြတာပါ။ ကျွန်တော်နဲ့ ကိုထွန်းပန်တို့ စတွေ့ကြတော့ ကိုထွန်းပန်တို့လင်မယား ဝမ်ကန်ရပ်ထဲမှာ အိမ်ခန်းငှားနေကြပြီး သူတို့မှာ သားလေး 'ထောင်ထောင်' တောင် (၁)နှစ်၊ (၂) နှစ်လား ရှိနေပါပြီ။ အများတကာလို တောင်ပေါ်ကလူတွေ ကြုံတွေ့ရမြဲအတိုင်း အားလုံးရဲ့စီးပွားရေး က ကျောက်ဈေးပေါ်မှာပဲ တည်နေလေတော့ ကိုထွန်းပန်နဲ့ မဟန်နီတို့ရဲ့ အိမ်ထောင်ရေးကလည်း တက်လိုက်ကျလိုက်ပါပဲ - ဟုတ်။

ခက်တာ တောင်ပေါ်ရဲ့ကျောက်ဈေးကလည်း ကုန်ဈေးနှုန်းလိုပါပဲ ကျပြီးပြန်မတက်တော့ပါဘူး။ ကျောက်ဈေးမကောင်းတော့ ကိုထွန်းပန်တို့အလုပ်ထိခိုက်လာတယ်။ ကျွန်တဲ့ ကျောက်ပွဲစားတွေတောင် ကျောက်တူးဈေးရောင်းလိုင်းတွေပြောင်းကုန်ကြပေမယ့် 'ကျောက်ပွဲစားမှန်ရင် ဘယ်တော့မှ ငါးပိငါးခြောက်မရောင်းဘူးကွ' ဆိုတဲ့ဟန်နဲ့နေလာတော့ ကြာတော့ သူတို့မိသားစုစားဝတ်နေရေး ကျပ်တည်းလာပါတယ်။ တကယ်လည်း ကိုထွန်းပန်ဆိုတဲ့ လူက လူဖလံလေး၊ စာပေသမား၊ အနုပညာသမားပေမို့ ကျောက်တူးကျင်းဆင်း မလုပ်နိုင်တာလည်း ပါပါတယ်။ အရေးထဲ ရတနာမြေလာပြီးမှ အရောင်းအဝယ်အလုပ် မကြိုးစားဘဲ ကဗျာရေးသလိုလို၊ စာရေး သလိုလိုနေလာခဲ့တဲ့အခါ မဟန်နီတစ်ယောက် ကြီးပွားချင်လို့ တောင်ပေါ်လာပါတယ်ဆိုနေ ဖွတ်သထက်ညစ်လာတော့ မိန်းမပဲဟာ ဘယ်ကလာ သည်းခံနိုင်ပါတော့မလဲ၊ ကျွန်တော်ရောက်သွားတယ်ဆိုရင်ပဲ နောင်ဂျိန်ဖူးတာပလေးနေကြတာက ခပ်များများပါ။

စိတ်မကောင်းပါဘူး။ ကြာလာတော့ ကြီးပွားတိုးတက်ချင်သူနဲ့ အနုပညာသမား အနေဝေးသွားခဲ့ကြတယ်။ မဟန်နီက သားကိုခေါ် နမ္မတူပြန်တယ်။ နောက်(၃)၊(၄)နှစ်ကြာတော့ ကိုထွန်းပန် သူ့သားလေးလွမ်းတာနဲ့ ကစားစရာတွေ ဝယ်လိုက်သွားပေမယ့် သားနဲ့ပဲ ပေးတွေ့တယ်။ နောက်နှစ်တွေကြတော့ သားရော မဟန်နီကပါ ကိုထွန်းပန်ကို လုံးဝ အဲတွေ့မခံတော့ပါဘူး။ ကျွန်တော်နဲ့ ကိုထွန်းပန်တို့ တွေ့ကြ၊ ခင်ကြတဲ့အချိန်က ကိုထွန်းပန် စိတ်လေနေပြီး အရက်ပင်လယ်ကြောမှာနေလေတဲ့အချိန်ပေါ့။ ကျွန်တော်က ငွေရင်းစိုက်၊ သူက ပညာစိုက်နဲ့ ထိုင်နေကြမယ့်အတူတူ ကျောက်လုပ်ငန်းစပ်တူလုပ်ကြတယ်။ ထိုင်နေမယ့်အတူတူ လှုပ်ရှားကြည့်ကြတာပါ။ ကျောက်အရှောင်းအဝယ်ကရတဲ့အမြတ်ကိုကျတော့ တစ်ယောက်တစ်ဝက်စီ ခွဲယူပေါ့။ ငွေရင်းကတော့ ကျွန်တော် စိုက်ရတာ။ဒါပေမယ့် သိတဲ့အတိုင်းပါပဲ။ သူရော ကျွန်တော်ပါ စာပေသမားတွေဆိုတော့ လောဘနဲ့လုပ်ကြတာမှမဟုတ်ဘဲ ငွေဝင်သင့်သလောက် မဝင်တာ အမှန်ပါ။

ဒီတောင်ပေါ်မှာတင် ကိုထွန်းပန်ရဲ့အစ်မနဲ့ ယောက္ခမတွေရှိသေးတယ်။ ဒါပေမယ့် ကိုထွန်းပန် ဆိုတာ လူတော်သလောက် အလုပ်မှုမကြိုးစားဘဲ၊ အရက်တွေချည်း သို့မ်သောက်နေတော့ သူတို့ကလည်း ခေါ်ခေါ်ပြောပြောမလုပ်ကြပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ စာပေစိတ်တစ်ခုနဲ့ခင်လာကြတာဆိုတော့ အရောင်းအဝယ်ကောင်းကောင်း၊ မကောင်းကောင်း အခင်မပျက် အသွားမလာမပျက်ခဲ့ကြပါဘူး။ ဒီကြားမှာပဲ ကိုထွန်းပန် နောက်တစ်ခါ အိမ်ထောင်ကျပြန်ပါတယ်။ ဒီတစ်ခါ အိမ်ထောင်က ကိုထွန်းပန်ကို အလိုလိုက်မည့် အသက်အရွယ်ခပ်ကြီးကြီးထဲက မိန်းမကြီးတစ်ယောက်ပါ။

ဖြစ်ပုံက ဒီတောင်ပေါ်ကို သမီးပျောက်ရှာရင်းနဲ့ ရောက်လာတာ။ သူ့ဒီ အရပ်ကပဲ။ ဒီမှာ အသိကမရှိ။ အဆွေ



www.burmeseclassic.com

www.burmeseclassic.com

ခိုပန်းတော့ဖျား ဆေးရုံတက်နေရင်းက ဆေးရုံကဆင်းတော့ နေစရာမရှိလို့ ကိုထွန်းပန်အခန်းလိုက်နေရင်းက ငြိကြတော့တာပါ။ သူ့မိန်းမကြီးက ဖက်စပ်ကုတ်ထဲမှာ ထမင်းချက်လုပ်တယ်။ ကိုထွန်းပန်ကို အရက်ဝယ်ပေး၊ အမြည်းလုပ်ပေးအလိုလိုက်တယ်။ ကျွန်တော်နဲ့က နှစ်ယောက်စလုံးနဲ့ ခင်တာပါ။ ကိုထွန်းပန်မိန်းမကြီးက အယ်စတုံကြီးမို့ ဂျမ်ဘိုလို့ ခေါ်တယ်။ မဂျမ်ဘိုက ကျွန်တော့်ကို သူ့အစ်ကိုနဲ့တူလို့ဆိုပြီး ခင်မင်ပါတယ်။ အိမ်လည်ရောက်သွားရင် ရှိတာချကျွေး၊ အတူထမင်းစား အဲဒီလိုတို့ ခင်နေကြတာပါ။ ကိုထွန်းပန်နဲ့ ဂျမ်ဘိုတိုရဲ့အိမ်ခန်းက ကျဉ်းကျဉ်းလေး။ ဒီနေရာမှာပဲ အိပ်၊ ထမင်းချက်စား ဧည့်ခန်း၊ ဘုရားရှိခိုးလုပ်ရပါတယ်။ ကိုထွန်းပန်က ဘယ်လောက်ပဲ အရက်သောက်သောက် ဘုရားဝတ်တက်၊ ပုတီးစိပ်တော့မပျက်ဘူးထင်ပါရဲ့။ ဘာပြုလို့လဲဆိုတော့ သူတို့ အိပ်ရာခေါင်းရင်းမှာ ချိတ်ထားတဲ့ပုတီးကြီးက သက်သေပြနေလို့ပါပဲ။ ထူးဆန်းတာက ကိုထွန်းပန်ရဲ့ ခေါင်းရင်းက ပုတီးနဲ့ ကိုကျော်ဝင်းစိန်ရဲ့ အခန်းက ပုတီးတွေက သွားတူနေကြတာပါပဲ။

ဒီတော့မှ ကိုကျော်ဝင်းစိန်တို့၊ ကိုထွန်းပန်တို့ဟာ တစ်ချိန်က မိုးကုတ်မြို့မှာ ဘာသာရေးလိုက်စားခဲ့ကြတဲ့ သူတွေချင်းလို့ ဆိုပါတယ်။ ဘုရားစေတီ၊ ကျောင်းကန်တွေမှာ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်ခဲ့ကြရုံမက နောက်ဆုံးအဆင့် သချိုင်းကိုးခုကို ညသန်းခေါင်အရောက်သွား အုတ်ဂူတွေပေါ်မှာ ကိုယ်ကတစ်နေရာ၊ သူကတစ်နေရာ ခပ်ဝေးဝေးထိုင် ပုတီးစိပ်ခဲ့ကြသူတွေဆိုတော့ ကျွန်တော် ဖြုံသွားခဲ့ပါတယ်။ ဟာ - တယ်လည်းလုပ်နိုင်တဲ့သူတွေပါလား။ ကျွန်တော်သာဆိုရင် ကြောက်လွန်းလို့ ပုတီးကိုစိပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်တော် ဒီလူတွေကို လေးစားခင်မင်ရခြင်း ဖြစ်ပါတယ်။

တွက်ကြည့်ရင် ကျွန်တော်တို့၊ ကိုထွန်းပန်တို့ ကိုကျော်ဝင်းစိန်တို့ဆိုတာ ပေါင်းလာကြတာကြာပါပြီ။ ကိုကျော်ဝင်းစိန်က သူ့ရဲ့ ကျောက်မျက်ရုံးက အလုပ်နဲ့ သူ့ဘာသာသူအဆင်ပြေနေပါတယ်။ ဒီကြားထဲ တောင်ပေါ်ရောက်ရင် သွားသွားလာလာ အရောင်းအဝယ်ကိစ္စအတွက် တွဲဖြစ်ကြတာက ကျွန်တော်နဲ့ ကိုထွန်းပန်တို့ပါ။ အရောင်းအဝယ်ကိစ္စ အရေးကြီးရင်ကြီးသလို ကိုထွန်းပန်က ကျွန်တော်ရှိရာ ဆင်းလာတော့ ကျွန်တော့်မိသားစု၊ ကျွန်တော့်သားသမီးတွေနဲ့ပါ ခင်မင်နေကြတာပါ။ သိတဲ့အတိုင်း ဒီလူကစကားစွမ်းစကားစကလည်းရှိနေတော့ သူနဲ့စကားမပြောလိုက်နဲ့ ပြောလိုက်တာနဲ့ကို ခင်မင်လာအောင်ပြောနိုင်စွမ်းရှိသူပါ။

အတူတူပါပဲ။ ကိုထွန်းပန်ရဲ့အစ်မတွေ၊ယောက်ဖတွေကျတော့ ကျွန်တော့်ကို ကျောက်ပွဲစားဆိုတာထက် မအူမလည်ကျောက်ပွဲစား၊ နောက် စာရေးဆရာတစ်ယောက်မို့ ခင်မင်ကြပုံရပါတယ်။ သူ့မောင်လို အရက်သမားတစ်ယောက်ကို ခင်ခင်မင်မင် နှစ်ရှည်လများ သည်းခံပေါင်းလို့လည်း သံယောဇဉ်ဖြစ်ကြပုံရပါတယ်။ နောက်တော့ ကျွန်တော်နဲ့ သူတို့အိမ်တွေဟာ ဝင်ထွက်သွားလာစားသောက်တဲ့အထိခင်မင်ခဲ့ကြပါတယ်။ ပထမ ကိုထွန်းပန်ရဲ့ မိန်းမကြီး ဂျမ်ဘိုကို ကိုထွန်းပန်ရဲ့အစ်မတွေက အဖက်လုပ်စကားမပြောကြပေမယ့် နောက်တော့ သူ့မောင်လူဆိုးကို လုပ်ကျွေးရှာကျွေးနေတဲ့သူလို့ မြင်လာတဲ့အခါ ခင်မင်လာကြပုံရပါတယ်။

ဒီကြားထဲ ဖြစ်ချင်တော့ ပြဿနာပေါ်ပါတယ်။ ကိုထွန်းပန်နဲ့ ကျွန်တော့်ကြားမှာပါ။ ကိုထွန်းပန်နဲ့ ကျွန်တော် လုပ်ထားတဲ့ ကျောက်အရောင်းအဝယ် အလုပ်မှာ ငွေချေမှာက သန်ဘက်ခါမှပါ။ ဒီကြားထဲ ကျွန်တော်ကမေ့နေတုန်း ကိုထွန်းပန်က သူတစ်ယောက်တည်း ကျောက်ဖိုးငွေတွေကို ယူသုံးပစ်တာပါ။ ကျွန်တော်က ချိန်းတဲ့ရက် ကျောက်ခိုကို ငွေသွားရှင်းတော့ 'ခင်ဗျားလူ ကိုထွန်းပန် လာယူသွားခဲ့ပြီ။ တစ်သိန်းခွဲပေးလိုက်တယ်။ ခင်ဗျားနဲ့အတူတူပဲ မဟုတ်လား' ဆိုတော့ ပြဿနာမဖြစ်ချင်တာနဲ့ ကျောက်ခိုကိုတော့ ပြောမနေတော့ပါဘူး။ ဒီလူ အတော်ဆိုးတာပဲ။ အမြတ်ကို တစ်ယောက်တစ်ဝက် ခွဲပေးနေတဲ့ကြားက လုပ်ရက်တယ်။ ခုဟာ ကျွန်တော့်ငွေ ကျောက်အရင်းတွေပါ ယူသွားခဲ့တာပါ။

ဒါနဲ့မောနဲ့ ကျွန်တော်က သူ့အိမ် သူ့အခန်းကိုလိုက်တော့ တွေ့ပါတယ်၊ လင်မယားနှစ်ယောက်စလုံး။ ပုံစံတွေက လူကိုယူချင်ယူပါ။ ပစ္စည်းတော့ချမ်းသာပေးပါဆိုတဲ့ပုံစံမျိုး။ ဖြစ်ပုံက ဂျမ်ဘိုရဲ့ သမီးတွေက သူတို့မြို့မှာ အဝေးသင်တက်ကြရမှာဆိုတော့ ငွေလိုတာနဲ့ ကြံရာမရ သုံးပစ်လိုက်ရတာပါ။ နောက်မှ ပြန်ပေးပါ့မယ်ဆိုပေမယ့် စကားသာ အဖတ်တင်တာပါ။ ကျွန်တော်က ဒီအတိုင်းခံနေရင် ညံ့ရာကျတော့မှာမို့ သူတို့ဆီကလည်း ဘာမှမရနိုင်မယ့်အတူတူ သူတို့ခေါင်းရင်းက ပုတီးကြီးကို ဆတ်ခနဲ မချလာခဲ့တယ်။ ကိုထွန်းပန်တစ်ယောက် မျက်စိပျက်မျက်နှာပျက်နဲ့ ကျန်ရစ်ခဲ့လေရဲ့။ တတ်နိုင်ဖူးပေါ့။

အတော်ကြာပါတယ်၊ တစ်လခွဲနှစ်လ။ ကျွန်တော်က ပုတီးကို အောက်မိုင်းရှူးအထိ ယူသွား၊ ညအိပ် ပုတီးစိပ်ပါတယ်။ ဘုရားစေတီတွေသွားပြီးပုတီးစိပ်ရင်လည်း ကျွန်တော့်ပုတီးအသာထား၊ သူ့ပုတီးနဲ့ပဲစိပ်ပါတယ်။ ကြာလာတော့ ကျွန်တော့်ပုတီးပုံစံမျိုးတောင် ဖြစ်နေပါပြီ။ ကိုထွန်းပန်တို့ ကျွန်တော့်ပိုက်ဆံ ပြန်ပေးမှပဲ ပုတီးကိုပေးမယ်၊ နို့မို့ဖြင့် ပြန်မပေးတော့ဘူးဆိုပြီး ယူသွားခဲ့တာပါ။ ကိုထွန်းပန်ကလည်း သူတန်ဖိုးထားတဲ့ ပုတီးပေမယ့် သူ့အပြစ်နဲ့သူဆိုတော့ ကျွန်တော့်ကို လုံးဝပြန်မတောင်းပါဘူး ဟင့်အင်း။

ဒီလိုနဲ့နေလာလိုက်ကြတာ တစ်လခွဲနှစ်လကြာတဲ့တစ်နေ့မှာ ကျွန်တော် ပုတီးနဲ့ပတ်သက်လို့ အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ ကျွန်တော်က လူတွေ မတရားစည်တဲ့ စေတီတော်တစ်ဆူရဲ့ ရင်ပြင်ပေါ်ရောက်နေတာပါ။ အဲဒီမှာ လူတွေက ဘုရားဖူး၊ ပုတီးစိပ်ကြဖို့ အလျင်စလိုသွားနေကြပါတယ်။ လူအုပ်ထဲ ကျွန်တော်လည်း ပါပါတယ်။ ကျွန်တော့်လက်ထဲမှာလည်း ကိုထွန်းပန်ဆီကယူလာတဲ့ ပုတီးမည်းကြီးလက်ကကိုင်လို့ အဓိဋ္ဌာန်ဝင်ပုတီးစိပ်ဖို့အလာပေါ့။ တစ်နေရာရာရောက်တော့ လူတွေတိုးဝှေ့နေကြတဲ့ကြား ကျွန်တော့်လက်ထဲက ပုတီးမည်းကြီးဟာ ဆတ်ခနဲ ရုတ်တရက်ပြုတ်ကျတာနဲ့ ကုန်းကောက်လိုက်ပါတယ်။ ဟောဗျာ - လက်ကပါလာခဲ့တာက သာမန် ငါးသွားပုတီး အဝါရောင်တစ်ကုံးပဲဖြစ်ပါတယ်၊ ထူးဆန်းလိုက်တာ။

နောက်တစ်နေ့ကျတော့ ကျွန်တော် အကြွေးသိမ်းလာတဲ့ ပုတီးမည်းကြီးကို မူလပိုင်ရှင်ကိုထွန်းပန်ကို ပြန်ပေးလိုက်ပါတယ်။ ကိုထွန်းပန်ကတော့ ကျွန်တော့်ကို ဘာမှမပြောပါဘူး။ ကျွန်တော်ကတော့ ဒီပုတီး ကျွန်တော်နဲ့ မထိုက်တန်တော့လို့ပဲ ယူဆပါတယ်။

မောင်သင်းဆုံ (ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်ကွင်းရွာသည် ပရှဉ်းချောင်းခေါ် ဖားတစ်ရှဉ်းချောင်း၏ တောင်ဘက်ကမ်းတွင် ကပ်လျက်တည်နေသော ရွာလေးတစ်ရွာပါ။ ရွာသူရွာသားအများစုက မိရိုးဖလာအစဉ်အလာအတိုင်း လယ်ယာစိုက်ပျိုးလုပ်ကိုင်မှုတို



www.burmeseclassic.com

www.burmeseclassic.com



(လွန်ဆေး)

# နဝင်းဝင်း

## နိုင်...တာ ဆုံဖြတ်ချက်နှင့် ရဲရင့်သော သတ္တိ

သာ အမိက အားပြု လုပ်ကိုင် အသက် မွေးကြသည်။ မိုးစပါးရိတ်သိမ်းပြီးလျှင် ဆောင်းသီးနှံဖြစ်သည့် ဆီထွက်သီးနှံ ပဲမျိုးစုံနှင့် ဖူးစားပြောင်း၊ အစေ့ထုတ် ပြောင်းတို့ကို စိုက်ပျိုးကြသည်။ လယ် ယာလုပ်ငန်းခွင်မှ အားလပ်ချိန်များတွင် တော၊ စကာ၊ တောင်းပလုံးများ ရက် လုပ်ကြသည်။

ရွာ၏အရှေ့ဘက်တစ်ကြော အိမ် တန်းအလွန်တွင် သရက်ပင်ကွင်းရွာ အ-မ-ကကျောင်းနှင့် ရွာဦးဘုန်းတော် ကြီးကျောင်းရှိသည်။ ရွာတောင်ဘက်နှင့် အနောက်ဘက်တို့တွင် နတ်ပီတိ-တိုက် ကြီး-ကညင်ချောင်း-ထန်းတပင်ကျောက် ရောမြေနိုလမ်းရှိသည်။ ထန်းတပင်ရွာ ရောက်လျှင် မြန်အောင်-ကြံခင်း-ပြည် အဝေးပြေးလမ်းမပေါ် ရောက်သည်။ ဝန်းကျင်တွင် ကညင်ချောင်းရွာ၊ အုတ် ကွင်းရွာ၊ ပေတောရွာတို့ တည်ရှိလျက် ဆက်သွယ်သွားလာမှုဖွံ့ဖြိုးသည်။

သရက်ပင်ကွင်းရွာတွင် အိမ်ခြေ (၆၀)ကျော်ရှိသည်။ ကျွန်တော်က သည် ရွာလေးရှိ မူလတန်းကျောင်းသို့ ၁၉၇၈ ခုနှစ်ကျောင်းဖွင့်ရာသီအစတွင် ကျောင်း အုပ်အဖြစ် ပြောင်းရွှေ့ရောက်ရှိခဲ့သည်။ ကျွန်တော်၏ ဇာတိရပ်ရွာဖြစ်သည့် မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာ နှင့်က မိုင် (၄၀) ကျော်မျှကွာဝေးသည်။ သို့ကြောင့် သရက်ပင်ကွင်းရွာထိပ်က ကိုအောင်မျိုးသူနှင့် မပုချောတို့အိမ်မှာ တည်းခိုနေထိုင်ရသည်။ ကိုအောင်မျိုးသူ နေအိမ်ခြံဝင်းအတွင်းတွင် အဘဘိုးမင်း ခေါင်မာတ်နန်းနှင့် စေတီဘုရားများစွာ နှင့် သာသနာ့နယ်မြေကဲ့သို့ရှိသည်။ ကိုးတောင်ပြည့်စေတီငယ်(၃)ဆူ၊ ပုပ္ပား တောင်ကလပ်ပုံတူ၊ ကရဝိတ်ဖောင် တော် (ဖော်တော်ပေါ်တွင် မုနိရုပ်ပွား တော်တစ်ဆူ၊ အဘဘိုးမင်းခေါင်ထိုင် ၍ လှော်ခတ်နေဟန် ပုံတော်ရုပ်တုများ ရှိသည်)၊ မဟာမြတ်မုနိပုံတော်၊ နဂါးရုံ ဘုရားပုံတော်များဖြင့် စည်ပင်ဖွံ့ဖြိုးပါ သည်။

ကိုအောင်မျိုးသူက အဘဘိုးမင်း ခေါင်၏မာတ်စီးခံပုဂ္ဂိုလ်ဖြစ်ပြီး အသက် (၃၀)ကျော်မျှသာရှိသေးသည်။ အသက် ပင်ငယ်သော်လည်း ဘာသာတရား လွန်စွာကိုင်းရှိုင်းပြီး စရဏအားကောင်း လှသူဖြစ်သည်။ထို့ကြောင့်ပင် သာသနာ ဆိုင်ရာ အဆောက်အအုံများစွာဖြင့် အောင်မြင်ပွင့်ထွန်းသော သာသနာ့ နယ်မြေကို တည်ထောင်ထားနိုင်ခြင်း ဖြစ်သည်။

ကျွန်တော်အဖို့မူ လုပ်ငန်းတစ် ဖက်နှင့် ဘာသာ၊ သာသနာဆိုင်ရာ ကုသိုလ်များစွာ၊ အတွေ့အကြုံများစွာ နှင့်အတူ ကျေနပ်အားရနေမိပါတော့ သည်။

■

သရက်ပင်ကွင်းမူလတန်းကျောင်း တွင် မိဘဆရာအသင်းရှိသည်။ အသင်း ၏ဒုတိယဥက္ကဋ္ဌမှာ ဦးတိုက်မောင်းဟု သိရသည်။ အသက် (၆၀) နီးပါး၊ အရပ် အမောင်းကောင်းကောင်း ခန္ဓာကိုယ် ထည်ထွားကျိုင်းသည်။ စကားအပြော အဆိုနည်းပါးသည်။ ပြောလျှင်လည်း ထိထိမိမိ ပြတ်ပြတ်သားသား ပြောဆို တတ်သူ၊ မျက်နှာပေါက်ရှုံ့တည်တည်နှင့် နေတတ်သူ ဖြစ်သည်။

ဦးတိုက်မောင်းနှင့် ပြောဆို ဆက်ဆံရသည့်အခါများလည်းရှိခဲ့သည်။ သို့စေကာမူ ကျွန်တော့်စိတ်ထဲက သူ့ အပေါ် နှစ်လိုမှု၊ ဘဝင်ကျမှုမရှိဖြစ်နေမိ သည်။ သဘောမတွေ့လှသည်မို့ သူနှင့် စကားမပြောရန်၊ မတွေ့ရန် တတ်နိုင် သမျှရှောင်နေမိသည်သာ။ ကျွန်တော် ၏အမြင်တွင် ဦးတိုက်မောင်းကို လူဆိုး၊



www.burmeseclassic.com

www.burmeseclassic.com

လူမိုက်တစ်ဦး သို့မဟုတ် တစ်ချိန်က ဆိုးခဲ့မိုက်ခဲ့ဖူးသူ၊ ယခုမှ မိုက်နောင်တများနှင့် လူကောင်းသူကောင်းဖြစ်နေသူဟုသာ မြင်နေမိသည်။ ဦးတိုက်မောင်း၏ဘယ်ဘက်လက်တံတောင်ဆစ်ကွေးအောက်ဘက် လက်လေးသစ်ခန့်အကွာမှ လက်တစ်ဖက်လုံး တုံးတိပြတ်နေခြင်းကလည်း ကျွန်တော်၏အမြင်ကို ပို၍ခိုင်မာစေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍လည်း ရွာသူရွာသားများအား မေးမြန်းစူးစမ်းခြင်းလည်း မပြုဝံ့ပေ။ သည်ရွာသို့ ကျွန်တော် ရောက်ရှိလာသည်ကပင် (၃) လကျော် (၄) လမျှရှိသေးသည်။ ရွာခံများနှင့် ထဲထဲဝင်ဝင် ရင်းရင်းနှီးနှီးမရှိလှသေး။

တစ်ခုသော ဆောင်းအကုန် နွေဦးရာသီကာလ။ ကျောင်းတွင်းစာမေးပွဲများ စစ်ဆေးပြီး၍ အဖြေလွှာများစစ်ဆေးနေဆဲ။ ကျောင်းလည်း ပိတ်လိုက်ပြီ။ ကျွန်တော်သည်ပင် နေရပ်သို့ မပြန်နိုင်သေးသည့်ကာလ။ ထိုကာလမှာပင် ပြဿနာတစ်ရပ်က အကျည်းတန်စွာ ဖြစ်ပေါ်လာလေသည်။

ရွာအနောက်ပိုင်းက အောင်အေးနှင့် သာဦးတို့နှစ်ဦး အရက်မူးလျက် တစ်ယောက်တစ်ခွန်းစကားများပြန်လာသည့် ညပိုင်း (၉) နာရီခန့်အချိန်။ မူလတန်းကျောင်းနားအရောက် တာလမ်းပေါ်မှာ စကားများရာမှ နှစ်ဦးလုံးထွေးသတ်ပုတ်ကြလေသည်။ အလွန်အကျွံသောက်စားမူးယစ်နေကြသူများမို့ ကိုယ့်ကိုယ်ကိုယ်ပင်မဟန်နိုင်။ မထိန်းနိုင်ကြ။ မကြားဝံ့မနာသာဆဲရေးတိုင်းထွာလိုက်၊ လုံးထွေးသတ်ပုတ်လိုက်နှင့် မပြီးနိုင်မစီးနိုင်ကြသည့်အခိုက် တစ်ချီတွင် သာဦးက အောင်အေးကို ခြေထောက်နှင့်လှမ်းအကန် အောင်အေးက ရှောင်ပေးလိုက်သည်မို့ သာဦး အရှိန်မထိန်းနိုင်ဘဲ တာဘေးသို့ အရှိန်လွန် ပစ်လဲကျသွားသည်။ ဤသည်ကို အောင်အေးက အားပါးတရ တဟားဟားနှင့် ဟားတိုက်ရယ်မောရင်း အိတ်ထဲပါလာသည့် ဆေးလိပ်တိုနှင့် မီးခြစ်ကိုထုတ်ကာ မီးညှိလိုက်သည်။

ထို့နောက် မီးခြစ်ခြစ်၍ သာဦး၏ ပုဆိုးစကို မီးတို့လိုက်သည်။ ရာသီကူးပြောင်းသည့်အချိန် သာဦးဝတ်ထားသည့် ပုဆိုးကလည်း အကွက်ပင်မပေါ်လောက်အောင် ဟောင်းနွမ်းစုတ်ပြတ် အဖာအထေးဗရပွနှင့် ပုဆိုးစုတ်။ မီးတို့လိုက်သည်နှင့် တစ်ခါတည်း စွဲလောင်တော့သည်။ အောင်အေးက မီးတို့ပြီးသည်နှင့် ရွာအနောက်ပိုင်းသို့ တစ်ချိုးတည်းလစ်ပြေးတော့သည်။ လဲကျနေသော သာဦးမှာလည်း မီးစွဲလောင်အပူဟပ်သည်နှင့် အလူးအလဲထ ပုဆိုးဆွဲချွတ် လွှင့်ပစ်ကာ အောင်အေးပြေးရာနောက်သို့ ကမူးရှူးထိုးပြေးလိုက်တော့သည်။ နှုတ်မှလည်း အယုတ္တအနတ္တစုံစေ့အောင် အော်ဟစ်ဆဲဆိုသွားသည်။

သာဦး လွှင့်ပစ်လိုက်သည့် မီးစွဲလောင်နေသော ပုဆိုးစုတ်က ကျောင်းနံရံနားကပ်ကျသည်။ ပုဆိုးစုတ်မှ မီးက ကျောင်းနံရံထရံကို ချက်ချင်းပဲ ကူးစက်လောင်ကျွမ်းတော့သည်။ သည်အခြေအနေကို အမူးသမားနှစ်ယောက်က လှည့်၍ပင်မကြည့်။သိကြပုံလည်းမပေါ်။ ရွာထဲမှ ရွာသူရွာသားများက ကျောင်းမီးလောင်နေသည်ကို သိကြ၊ မြင်ကြ၍ အပြေးအလွှား လာရောက် ငြိမ်းသတ်ကြသည်။ ဝါးလုံးများ၊ မီးချိတ်များဖြင့် ရိုက်သူ၊ ဆွဲချသူ၊ သဲများ၊ မြေမှုန့်များဖြင့် ပက်သူကပက်။ ရေပုံးများဖြင့် ရေပက်ဖျန်းသူများအပြင် အချို့ရေအပြည့်ဖြည့်ထားသောရေအိုးများဖြင့် ပစ်ပေါက်ငြိမ်းသတ်ကြသည်။ ထိုသို့ ရွာသူရွာသားများ၏ဝိုင်းဝန်းညီညာမှုကြောင့် မီးလောင်ပြီး တစ်ခဏအကြာတွင်ပင် မီးငြိမ်းသွားလေတော့သည်။

ကျောင်းခေါင်းရင်းဘက်တစ်ခြမ်း မီးလောင်ပျက်စီးသည်။ ထိုနေ့ညတွင်းချင်းပင် တစ်ယောက်စကားတစ်ယောက်နားနှင့် ကျောင်းကို မီးလောင်စေခဲ့သည့် ဖြစ်စဉ်နှင့် ကျူးလွန်သူနှစ်ယောက်ကို ဖော်ထုတ်နိုင်ခဲ့သည်။

■

နောက်တစ်နေ့ နံနက် (၁၀) နာရီခန့်တွင် ကျေးရွာအုပ်စုကောင်စီဥက္ကဋ္ဌ၊ ကျောင်းမိဘဆရာအသင်းအမှုဆောင်များ တွေ့ဆုံ အစည်းအဝေး ပြုလုပ်ကြသည်။ ကောင်စီဥက္ကဋ္ဌနှင့် မိဘဆရာအသင်းအမှုဆောင်များက မီးလောင်ပျက်စီးသွားသည့် ကျောင်းပြုပြင်ရေး၊ ကျူးလွန်သူများကို အရေးယူရေး ညှိနှိုင်းဆွေးနွေးကြသည်။ ညပိုင်းက လူမှန်းသူမှန်းမသိလောက်အောင် မူးရူးရမ်းကားခဲ့ကြသည့် သာဦးနှင့် အောင်အေးတို့က သူတို့၏မိဘများနှင့်အတူ ဆီးရွက်ပမာ ဏခန့်ရှိ မျက်နှာသေလေးများနှင့် ခေါင်းငုံ့ထိုင်နေကြသည်။

လူကြီးများက သက်သက်ညှာညာဖြင့် ဆုံးဖြတ်ပေးလိုက်သည်။ ကျောင်း၏ မီးလောင်ပျက်စီးသွားသည့် အပိုင်းကို အောင်အေးနှင့်သာဦးတို့၏မိဘများက တာဝန်ယူပြုပြင်ပေးရန်၊ အောင်အေးနှင့် သာဦးတို့နှစ်ဦးကိုလည်း နောက်နောင် ယခုကဲ့သို့မဖြစ်ပွားရေး၊ အရက်သေစာသောက်စားမှုမပြုရေး သတိပေးဆုံးမရန်ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်ကြသည်။ လာရောက် နားထောင်နေကြသည့်ရွာသူရွာသားတို့ကလည်း ကျေနပ်လက်ခံကြသည်၊ ကျွန်တော်ပင်လျှင် သူ့အရပ်နှင့်သူဇာတ်ပေပဲ။ အဆင်ပြေသွားကြလျှင်ကောင်းပေသည်ဟု သဘောတူထောက်ခံလိုက်သည်။

ထိုကဲ့သို့ အစည်းအဝေးတက်ရောက်လာကြသူအများစုက ညှိနှိုင်းဆွေးနွေးဆုံးဖြတ်သဘောတူပြီးချိန်တွင်မှ တစ်ချိန်လုံး အတွေးများစွာနှင့် ငြိမ်သက်နေခဲ့သော ဦးတိုက်မောင်းတစ်စခန်းထလာပါချေသည်။

"ဒီကိစ္စ ကျုပ်တော့ သဘောမတူဘူးဗျာ။ ဥပဒေအတိုင်းပဲလုပ်ချင်တယ်"

ဦးတိုက်မောင်း ပြောလိုက်သည့်စကားကြောင့် အားလုံးက အံ့အားသင့်သွားခဲ့ကြသည်။ သည်တွင် ကျေးရွာကောင်စီဥက္ကဋ္ဌ ဦးသာဖြိုးက ဦးတိုက်မောင်းဘက် လှည့်ကာ ပြောလိုက်သည်။

"ကိုယ့်ရွာနဲ့ကိုယ်ပဲ တိုက်မောင်းရ။ လူငယ်တွေ မလိမ္မာမူးရူးလို့ဖြစ်ရတာ ဒါလောက်ပဲကျေနပ်ဖို့သင့်ပါတယ်ကွာ"

"ကလေးတွေကလည်း သူတို့အမှားသိလို့ နောင်တရနေကြပြီ။ မိဘတွေကလည်း ကျောင်းကိုပြန်ပြီးပြုပြင်ပေးကြမယ်ဆိုတော့ကာ ဒီတင်ရပ်လိုက်တာ ကောင်းပါတယ်ကွာ"

မိဘဆရာအသင်း ဥက္ကဋ္ဌဖြစ်သူ ဦးမှုကြီးကလည်း ဝင်ပြောလိုက်ပါသေးသည်။

ဦးတိုက်မောင်းကမူ အလျှော့မပေးသည့်ပုံဖြင့် လူကြီးများဘက် လှည့်ကာ ထပ်မံပြောဆိုလိုက်သည်။

"လူကြီးတွေအနေနဲ့ ခုလိုသတ်သက်ညှာညှာနဲ့ ဆုံးဖြတ်ပေးကြတာကို ကျေးဇူးတင်ပါတယ်။ ဒါပေသိ ဒါဟာမဖြစ်သင့်ပါဘူး။ မီးလောင်တာကို ချက်ချင်းသိကြလို့ ချက်ချင်းပဲ ညီညီညွတ်ညွတ် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြလို့သာ ဒီလောက်နဲ့ ပြီးသွားတာ။ မီးလောင်နေတာကို တစ်ရွာလုံးသာ မသိခဲ့ကြရင် အသိနောက်ကျခဲ့ကြရင် ကျောင်းတစ်ကျောင်းလုံးကုန်မယ်။ ဒီထက်ဆိုးရင်

www.burmeseclassic.com

တစ်ရွာလုံးလည်း ပြကျကုန်မယ်။ ဒါဆို အားလုံးကုန်ပြီပေါ့။ နောင် ဒီလိုမူးလို့ ဒီလိုမျိုး ထပ်ဖြစ်လာရင် ဘယ့်နှယ်လုပ်ကြမလဲ။ ဒီကိစ္စမျိုးက ညာတာစရာမလိုဘူး။ ဥပဒေအတိုင်း ထိထိရောက်ရောက် အရေးယူစေရမယ်။ အားလုံးကို သင်ခန်းစာရစေရမယ်။ မီးလောင်ပျက်စီးသွားတဲ့ကျောင်းကို ကျုပ်ကိုယ်တိုင်ကျုပ်ငွေနဲ့ပဲ ပြင်မယ်။ ဘယ်သူ့အကူအညီမှ မလိုဘူး။ ဥပဒေအတိုင်းသာလုပ်ကြဖို့ တောင်းပန်ပါတယ်"

ဦးတိုက်မောင်း ရှင်းပြပြောဆိုသွားသည်များကလည်း သဘာဝကျသည်။ အရေးနည်းလမ်းကျသည်။ ရွာလူကြီးများ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်လက်ခံကြသည့်သဘောရှိသည်။ အောင်အေးနှင့်သာဦးတို့နှစ်ဦးနှင့်မိဘများမှာ မျက်စိ ကျက်နှာပျက်ပျက်နှင့် ခေါင်းဝင်မဖော်ဝံ့ကြတော့။

■

နောက်ရက်များတွင် အောင်အေးနှင့် သာဦးတို့ကို ဥပဒေအတိုင်း ရုံးတင်အရေးစွဲဆိုလိုက်သည်။ ကျောင်း၏ မီးလောင်ပျက်စီးသွားသည်များကို ဦးတိုက်မောင်းကိုယ်တိုင် ကြပ်မတ် ပြင်ဆင်သည်။ အခြားလိုအပ်ရာရာတို့ကိုပါ တစ်လက်စတည်း ပြုပြင်ပေးသည်။ မူလအရံတာ၊ သွပ်မိုးကျောင်းလေးသည် ယခုတော့ ကျောင်းပတ်ပတ်လည် အုတ်ထော်တာတစ်ဝက်၊ ပျဉ်ထောင်တစ်ဝက်နှင့် သပ်သပ်ရပ်ရပ်ဖြစ်သွားရသည့်အတွက် တစ်ရွာလုံးက ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။

ဦးတိုက်မောင်းအပေါ် ရှုမြင်ထားသည့် ကျွန်တော့်အမြင်နှင့် ကိုယ်တွေ့ကြုံလိုက်ရသောသူ၏ ပြတ်သားတိကျသော ဆုံးဖြတ်ချက်၊ ကောင်းမွန်သော စေတနာမှန်လုပ်ရပ်တို့ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်လည်သုံးသပ်ရပေဦးတော့မည်သာ။

ကျောင်းပိတ်ထားသည့် ကာလ။ အဖြေလွှာများလည်း စစ်ဆေးပြီးဖြစ်၊ ကျောင်းပြုပြင်မှုလုပ်ငန်းများလည်း ပြီးဆုံးပြီမို့ နေရပ်သို့ပြန်ရန် စီစဉ်ရတော့သည်။ နေအိမ်မှ မိသားစုများကလည်း မျှော်နေကြပေရော့မည်။ မပြန်မီတစ်ရက် ညဦးပိုင်းတွင် ရွာမှလူကြီးအချို့၊ ကျောင်းသားမိဘအချို့ ကျွန်တော်နေထိုင်ရာ ကိုအောင်မျိုးသူနေအိမ်သို့ရောက်ရှိလာကြသည်။ လာရောက် နှုတ်ဆက်ရင်း စကားပိုင်းဖွဲ့ဖြစ်ကြသည်။ ပြောကြဆိုကြရင်း ကျောင်းမီးလောင်သည့်အကြောင်း ပြောဖြစ်ကြပြန်သည်။ ဦးတိုက်မောင်း၏ ဆုံးဖြတ်ချက်၊ ကျောင်း၏ ကောင်းကျိုးအတွက် စေတနာအပြည့်အဝဖြင့် ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်ပုံတို့ကို ကျွန်တော်က ဝမ်းသာအားရ ပြောပြနေမိသည်။ သည်ကျောင်းက ရွာသူရွာသားအားလုံး၏ကျောင်းဖြစ်သလို ကျွန်တော်တာဝန်ထမ်းဆောင်ရသည့် ကျောင်းလည်း ဖြစ်ပါသည်။ များစွာတိုးတက်ပြောင်းလဲသွားခဲ့ပြီဖြစ်သည့် ကျောင်းအတွက် ကျွန်တော့်အနေဖြင့် လွန်စွာပင်ပီတိဖြစ်နေမိသည်။

ကျွန်တော်၏ စကားအဆုံးမှာတော့ ဦးကြီးဘိုက ဝင်ပြောသည့်အခါ ထပ်မံအံ့သြမိရသည်။

"ဆရာကြီးက ဘာမှမသိသေးဘဲကိုး။ အဲဒီကျောင်းကို မီးရှို့တယ်ဆိုတဲ့ အောင်အေးနဲ့ သာဦးတို့ဆိုတာ တခြားသူတွေ ဟုတ်ရိုးလား။ တိုက်မောင်းရဲ့ တူအရင်းတွေ။ သူ့ညီနဲ့ သူ့ညီမအရင်းအချာတွေရဲ့ သားတွေပေါ့။ သူမျက်နှာထောက်ထားပြီး ဒီမှုနဲ့ပြီးပါစေဆိုပြီး အားလုံးသက်ညှာပေးကြတာ။ ဒါကို သူကမရဘူး၊ ဆရာကြီးမြင်တဲ့အတိုင်း ပြောချသွားတာ။ ပြောတဲ့အတိုင်းလည်း လုပ်တာ"

"ဟင် - တူတွေလား"

"ဟုတ်ပ။ ဆရာကြီးရ အဲဒါ သူ့တူအရင်းတွေ။ ပြောမရဆိုမရသောက်စားမူးယစ်နေတဲ့ကောင်တွေ။ မိဘတွေကလည်း မနိုင်ဘူး။ ရန်ဖြစ်ဖို့လူမရှိရင် ညီအစ်ကိုချင်းဖြစ်တာ။ သူတို့ဖြစ်သမျှ ပြဿနာတွေကို မိဘတွေက လိုက်ရှင်းနေကြရတာ"

ကိုအောင်မျိုးသူကပင် ဝင်ပြောလာသည်။

"ကျွန်တော်ဖြင့် သိမသိပေါင်ဗျာ။ ဦးတိုက်မောင်းက တော်တော့်ကို တိကျပြတ်သားတာပဲ"

"ဒါက ဘာဟုတ်သေးတုံး။ သူက မှန်တယ်တော့ဆိုရင် သူလက်ကိုတောင် သူကိုယ်တိုင်ဖြတ်ရဲတဲ့သူ"

"ဘယ်. . . ဘယ်လို ဦးလေး၊ မှန်ရင် လက်တောင်ဖြတ်ရဲသတဲ့လား။ ဘာကိုဆိုလိုတာပါလဲ"

ဘကြီးဦးကြီးဘိုပြောလိုက်သည့် စကားကြောင့် ကျွန်တော်အဖို့ လွန်စွာမှပင် အံ့သြမိရတော့သည်။ သည်လို ထူးဆန်းဖွယ်စကားကြောင့် သိချင်၊ ကြားချင်စိတ် ပြင်းပြစွာဖြင့် မေးလိုက်သည့်အခါ ဘကြီးဦးကြီးဘိုက ဆက်ပြောလာသည်။

"ဒီလို ဆရာကြီးရေ့ တိုက်မောင်းက စိတ်ရင်းအင်မတန်ကောင်းတယ်။ ရပ်ရေး၊ ရွာရေး၊ သာရေး နာရေးဆို သူကိုယ်တိုင်ဦးစီးတာ။ ငွေကြေးကအစ ကူညီတတ်တဲ့သူ။ အခက်အခဲပြဿနာရှိလာရင်လည်း သူဆုံးဖြတ်ပေးတာ၊ သူစီမံပေးတာတွေဟာ အမှန်အကန်တွေချည်းပဲ။ သူများထောက်ပြလို့မရဘူး။ လက်တစ်ဖက်ပြတ်နေတာကလည်း သူ့ရဲ့ရဲရင့်ပြတ်သားလွန်းတဲ့ ဆုံးဖြတ်ချက်ကြောင့်ပဲ"

ဘကြီးဦးကြီးဘို ပြောပြနေသည်များကို နားထောင်နေရင်းက လက်တစ်ဖက်ပြတ်နေသော ဦးတိုက်မောင်း၏ ပုံရိပ်က ကျွန်တော့်မျက်စိထဲ ထင်းခနဲပေါ်လာသည်။

"ကျွန်တော်က သူ့ကို တစ်ချိန်က ဆိုးခဲ့၊ မိုက်ခဲ့သူတစ်ဦး၊ ပြောရဆိုရလက်ပေါက်တတ်သူရယ်လို့ ထင်မြင်ယူဆနေမိတာ"

"မသိတဲ့သူတွေကတော့ ဒီလိုပါပဲ။ တိုက်မောင်းကို တစ်ရွာလုံးက ချစ်ကြောက်ရိုသေကြတယ်။ သူ့ဘဝတစ်လျှောက်မှာ ဘာပြစ်မှုကြီးကြီးငယ်ငယ်မှမရှိခဲ့ဘူး။ တကယ့်ကို ကိုလူရိုးလူအေးတစ်ယောက်။ သူလက်တစ်ဖက်ပြတ်ရတာလည်း ဒီလိုဗျ"

ဘကြီးဦးကြီးဘိုက ရေနွေးကြမ်းခပ်နွေးနွေးတစ်ခွက်ကို အားပါးတရ မော့လိုက်သည်။ နောက်တော့ ကျွန်တော် သိချင်လှပြီဖြစ်သည့် ဦးတိုက်မောင်း၏ လက်တစ်ဖက်ပြတ်ခဲ့ရသည့် ဖြစ်ရပ်မှန်ကို စီကာစဉ်ကာ ပြောပြပါတော့သည်။

■

ဆောင်းနှောင်းကာလ။

မိုးစပါးများ ရိတ်သိမ်းနယ်လှေ့အပြီး ဆောင်းသီးနှံများ စိုက်ပျိုးပြီးချိန်တွင် အနောက်ရိုးမသို့ သစ်ခုတ်ဝါးခုတ် တက်ကြလေ့ရှိသည်။ မိုးကာလ ထင်းမီးဖုတ်ဖို့က ရွာအနောက်ဘက်ရှိ အနောက်ရိုးမသို့ လှည်းများဖြင့် အုပ်စုဖွဲ့တောတက်ကြသည်။အနောက်ရိုးမသို့ သရက်ပင်ကွင်းရွာမှ အသွားအပြန် တစ်ညအိပ်နှစ်ရက်ခရီးရှိသည်။

တစ်နှစ်တစ်နှစ်မှာ မိသားစုနေအိမ်သုံးအတွက် အနည်းဆုံး (၁) ခေါက်



www.burmeseclassic.com

www.burmeseclassic.com

လောက်တော့ အနောက်ရိုးမသို့ တက်ကြရစမြဲ။ သည်တော့မှလည်း မိုးကာလအတွက် ထင်းမီးကိစ္စ အဆင်ပြေ ဖူလုံမည်။ ယနေ့တွင် ဦးတိုက်မောင်း ဦးစီးသော လှည်း (၇) စီး တောင်ရိုးတက်ကြမည်။ တစ်ရက်စာ ထမင်းထုပ်ကိုယ်စီ သောက်ရေအပြင် နောက်တစ်နေ့စာ ဆန်၊ ဆီ၊ ဆား အစုံအလင် လှည်းပေါ် ပါလာသည်။

နံနက်(၁၀)နာရီခန့်၌ အနောက်ရိုးမရှိ ကျောက်ပါးစပ်စခန်းသို့ရောက်ကြပြီ။ လှည်းများဖြင့် ဖြုတ်သိမ်း။ နွားများ လွှတ်ကျောင်းထားပြီး အနားယူကြသည်။ ပါလာသည့် ထမင်းထုပ်များမှ ညနေစာ ခွဲခြားချန်လှပ်ပြီး မနက်စာကို ဝိုင်းဖွဲ့စားသောက်ကြသည်။ နေ့လယ်စာ စားသောက်ပြီးကြသည်နှင့် တစ်ရေးတစ်မော အိပ်စက်အနားယူနေကြရန် အချိန်မရှိ။ အဖွဲ့လိုက် တောထဲဝင်ကြကာ လိုချင်သည့် သစ်၊ ဝါးတို့ကို ခုတ်ယူကြရသည်။ ခုတ်သူကခုတ်၊ ခုတ်ပြီးသားတွေကို စခန်းချရာအရောက် သယ်ယူသူကသယ်နှင့် မအားမလပ်နိုင်ကြ။

ခုတ်ပြီးသယ်ပြီး သစ်ဝါးနှင့်ပါလာသည့် လှည်း (၇) စီးစာ လုံလောက်ပြီဆိုသည့်အခါမှာတော့ နေလုံးက အနောက်ရိုးမတောင်တန်းများအတွင်း ပျောက်ကွယ်လုလု။

■

နံနက်စောစောနှင်းမှုန်မှုန်အောက်တွင် ဦးတိုက်မောင်းတို့အဖွဲ့ အိပ်ရာမှထ၍ ရေနွေးကြမ်းသောက်ရင်း နံနက်စောစော ထမင်းကြမ်းစားကြသည်။

"ကဲ - လုပ်ငန်းစကြစို့ရဲ့"

ဦးတိုက်မောင်းက ရွာသားများကို တပ်လှန့်နှိုးဆော်လိုက်ပြီးနောက် ဓားမ ကိုယ်စီကိုင်သူကကိုင်၊ လှည်းအိမ်ရှေ့သူနှင့် လုပ်ငန်းစကြပြီ။ စုပုံထားသော သစ်ဝါးပုံများအနီး ကျောပေးထိုင်ရင်း ဆွဲယူကာ ခုတ်ဖြတ်ကြသည်။ ယခုလို ဝီရိယထားလုပ်ကြပါမှ ညနေ နေကျချိန်တွင် အသင့်ပြီးစီးပေမည်။ အပြန်လမ်း တစ်လျှောက်တွင်လည်း နွားများကို ရေတိုက်၊ အစာကျွေး အနားပေးကြရဦးမည်။

ဦးတိုက်မောင်နှင့် ရွာသားများက မနေ့ညကစုပုံထားသော သစ်ပင်၊ သစ်ကိုင်းများကို ဆွဲယူ၍ လှည်းပေါ်တင်ရန် အနေတော်အထိ ခုတ်ဖြတ်ကြရသည်။ ထင်းခုတ်ဓားမကိုယ်စီနှင့် သစ်ကိုင်းများကို ဆွဲယူခုတ်ဖြတ်သည်။ ဖြတ်ပြီး သစ်ချောင်းထင်းများကို လှည်းပေါ်တင်သူကတင်နှင့် အလုပ်ရှုပ်နေကြချိန်။

ဦးတိုက်မောင်းက ညာဘက်လက်တွင် ထင်းခုတ်ဓားမကို ကျစ်ကျစ်ဆုပ်ကိုင်၍ ဘယ်ဘက်လက်က ကျောခိုင်းနောက်နားရှိ သစ်ပုံထဲက သစ်ချောင်းကို လှမ်းယူလိုက်ချိန်၊ ထင်းချောင်းများ လှည်းပေါ်တင်နေသည့် ကုလားကြီးနှင့် မြသိန်းတို့ကို တစ်စုံတစ်ရာပြောရန် လှမ်းအကြည့် ဦးတိုက်မောင်း၏ ဘယ်ဘက်လက်ကောက်ဝတ်နေရာတွင် ဒုတ်ဟူသောအသံနှင့်အတူ စူးခနဲနာကျင်မှုကို ခံစားလိုက်ရသည်။ ရုတ်ခနဲကြည့်လိုက်တော့ နောက်နေ တရှုတ်တိုက် ထုထယ်လိုက်သည့် သစ်ကိုင်းမှာ လိမ်ပတ်ပါလာသည့် ကျပ်လုံးခန့်ရှိ မြွေပွေးတစ်ကောင်။ မြွေပွေး၏ အလယ်တွင် လက်ကဆုပ်ကိုင်မိလျက်သား။ မြွေပွေးက နောက်ဘက် ခေါင်းလှည့်ကာ ဦးတိုက်မောင်း၏ လက်ကောက်ဝတ်နေရာကို မိမိရရပင်ကိုက်လိုက်တာ ဖြစ်သည်။ ဤသည်ကိုပင် ရွာသားအားလုံးက မြင်လိုက်ကြရသည်။

"ဟာ - ဦးလေး"

"ဟာ - ဟော့၊ ပြေးပြီ၊ ဝိုင်းရိုက်ကြကွ"

ရွာသားများ ပျာပျာသလဲဖြစ်သွားကြတော့သည်။ ဘယ်နှယ့်လုပ်ကြမည်နည်း။ မြွေပွေးဆိုသည့်မျိုးက အဆိပ်ပြင်းလှသည်။ အသက်အန္တရာယ်စိုးရိမ်ရသည်။ အသက်ရှင်နိုင်ဖို့ အခွင့်အရေးမရှိသလောက် နည်းပါးသည်။

"နေဦး ဦးလေး၊ လက်မောင်းအထက်ကနေ ကျွန်တော် ကြိုးစည်းပေးမယ်"

မြသိန်းက ပြောပြောဆိုဆိုနှင့် ဦးတိုက်မောင်းအနီး ရောက်လာကာ ကြိုးစည်းပေးရန်ပြင်သည်။ ဦးတိုက်မောင်းက လက်ကာပြတန့်တားပြီး မြွေပွေးကိုက်သွေးစို့နေရာကို စူးစူးစိုက်စိုက်ကြည့်နေသည်။ ဦးတိုက်မောင်းက တည်တည်ငြိမ်ငြိမ်။ တစ်ခုခုပြုလုပ်ရန် စဉ်းစဉ်းစားစားနှင့် တွေးဆနေပုံ။ သို့သော်လည်း ခဏမျှသာ။ ယတိပြတ် ဆုံးဖြတ်ချက်ချပြီးပုံစံက ဦးတိုက်မောင်းမျက်နှာတွင် အထင်းသားပေါ်လာသည်။ ချက်ချင်းပင် သစ်တင်ခုတ်သည့် တုံးပေါ် မြွေပေါက်လိုက်သည့် ဘယ်ဘက်လက်ကို အလျားလိုက် ချတင်ကာ ညာဘက်လက်က ဓားမနှင့် ချိန်ဆခုတ်ချလိုက်လေသည်။ တံတောင်ဆစ်ကွေးနေရာအောက်ဘက် လက်လေးသစ်ခန့်အကွာမှ ဘယ်ဘက်လက်က ပြတ်လွင့်သွားတော့သည်။

"ဟာ"

ထင်းခုတ်ပါလာသည့်ရွာသားများ အံ့မခိုတ်သံကိုယ်စီ တစ်ပြိုင်တည်းထွက်ကာ ထိတ်လန့်သွားမိကြသည်။ ဦးတိုက်မောင်းက နာကျင်မှုကိုကြိတ်မှိတ်ခံစားရင်း သွေးတစက်စက်ကျနေသော ဘယ်ဘက်လက်ကို ပုဆိုးတစ်ထည်နှင့် ရစ်ပတ်ချည်နှောင်လိုက်သည်။ သည်တော့မှ ကြောက်လန့်အံ့အားသင့်နေသောရွာသားများ သတိပြန်ဝင်ကာ ဝိုင်းဝန်းကူညီပေးကြသည်။ သွေးအကျသက်သာစေရန် ဘယ်ဘက်လက်ကို နောက်ထပ်ပုဆိုးတစ်ထည်ဖြင့် ကွင်းသိုင်းချည်ပေးလိုက်ကြသည်။

"ဘယ်လိုလုပ်လိုက်တာလဲဦးလေးရာ။ ရွာကို အမြန်ပြန်ပြီး ဆေးကုရမယ့်ဟာကိုဗျာ"

"မစိုးရိမ်ပါနဲ့ကွာ။ ရွာကို ဒီအတိုင်းပြန်လိုကတော့ ငါဘယ်လိုလုပ်အသက်ရှင်နိုင်တော့မလဲ။ ရွာကိုပြန်ဦး၊ ရွာကနေ မြို့ကို သွားဦး ဒီလမ်းဒီခရီးနဲ့ သေပြီပေါ့ကွာ။ ဒီတော့ လက်တစ်ဖက်အဆုံးခံမလား၊ အသက်အသေခံမလား။ ရွေးစရာ နှစ်ခုပဲရှိတယ်။ လက်ဖြတ်ပစ်လိုက်တော့ ငါလည်း အသက်မသေနိုင်တော့ဘူးပေါ့"

သည်တော့မှပင် ရွာသားများ သဘောပေါက်ကြတော့သည်။ ဦးတိုက်မောင်း၏ ပြတ်သားသော ဆုံးဖြတ်ချက်နှင့်ရဲရင့်သောသတ္တိတို့ကပင် သူ့အသက်ကို ကယ်လိုက်နိုင်ခြင်းဖြစ်ပါတော့သည်။

■

ဦးတိုက်မောင်း၏ ရုပ်ပုံလွှာနှင့်သူ၏ ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်၊ ရဲရင့်သောသတ္တိ၊ သူ၏ စေတနာပါသော အကျိုးပြုလုပ်ဆောင်ချက်တို့သည် နေရပ်သို့ပြန်ရောက်သည်အထိ မြင်ယောင်နေခဲ့၊ ကျွန်တော်၏အတွေးကမ္ဘာတွင် ရစ်ပတ်ဖွဲ့နှောင်နေခဲ့။

ယခုနှစ် ကျောင်းဖွင့်ရာသီရောက်၍ ကျောင်းပြန်ဖက်လျှင် ကျွန်တော်၏ တလွဲမြင်မှားယွင်းမှုများကို ဝန်ချတောင်းပန်လျက် သန့်ဝင်အောင် ဆေးကြောရပေဦးမည် ဖြစ်ပါသည်။

နေဝင်းခင်(သွန်မြေ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက်တွင် ထုတ်ပြန်သော အင်တာနက်သတင်း ဆိုက်ဒ်တွင် စိတ်ဝင်စားဖွယ်သတင်း ဆိုက်ဒ်တို့ ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။ ယင်းသတင်း၌ ရုရှားနိုင်ငံသား လူစွန့်စား ဗောင်လာရီရိုဇော(ဗ်)ဆိုသူသည် ဧဝရတ်တောင်ပေါ်သို့ လူသားများ ပထမဆုံးခြေချနိုင်ခြင်း နှစ် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် အာရှတိုက်၏ အမြင့်ဆုံးတောင်ထွတ်ဟု ခေါ်သော ကမ္ဘာတစ်ခွင်လုံး၏ အမြင့်ဆုံးဟု ဆိုသော ဧဝရတ်တောင်၏ မြောက်ဘက် ရှိခွန်ဘက်(ခ်)ရေခဲမြစ်အတွင်းသို့ မေလ ၂ ရက်နေ့က တစ်နာရီ (၁၂၅) မိုင်နှုန်းဖြင့် ဒိုင်ဗင်ထိုးခဲ့ပြီး ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်ဟု ဆိုသည်။

မြို့ပြလေကြောင်းဝန်ကြီး မစ္စတာရပ်ကူမာရှပ်စတာ၊ ခတ္တမန္ဒူမြို့တော်ဝန်နှင့် ဧဝရတ်တောင်သို့ ပထမဆုံးတက်ရောက်နိုင်ခဲ့သည့် နယူးဇီလန်မှ ဆာအက်ဒမန်ဟီလာရီနှင့် နီပေါနိုင်ငံသား တန်ဆင်နော်ကေးရှာပါတို့၏ သားဖြစ်သူ တာဆီတန်ဆင်ရှာပါတို့က ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါအခမ်းအနားသို့ နီပေါနိုင်ငံတွင် နေထိုင်သောလူမျိုးစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်ဟုလည်း သတင်းများက ဖော်ပြခဲ့သည်။ ၁၉၅၃ ခုနှစ်၊ မေ ၂၉ ရက်နေ့က ပေ (၂၉၀၂၈) မြင့်မားသောကမ္ဘာ့အမြင့်ဆုံးဖြစ်သော ဧဝရတ်တောင်ထိပ်သို့ လူသားများ တက်ရောက်နိုင်ခဲ့ကြ၏။ ထိုအထိမ်းအမှတ်အဖြစ် အခမ်းအနား ကျင်းပခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ တည်ရှိသော ဟိမဝန္တာတောင်သည် ကမ္ဘာပေါ်တွင် အလွန်ထင်ရှားကျော်ကြားသော တောင်ကြီး ဖြစ်သည်။ တောင်တန်းကြီး၏ အရှည်နှင့် အကျယ်တွင် ဟိမဝန္တာထက်သာသော အခြားတောင်များ ကမ္ဘာပေါ်တွင်ရှိကြသော်လည်း အမြင့်တွင်မူ ဟိမဝန္တာကိုမီသည့်တောင်မရှိပေ။ မှတ်တမ်းများအရ ဟိမဝန္တာတောင်၌ တောင်ထိပ်တောင်ထွတ်ပေါင်း (၅၀)ခန့် ရှိရာ ယင်းအနက် အထက်တွင် ဖော်ပြ



သေဆုံးသူ ဖလော်ရီထိန်နာရီ

လှမိုး(ပညာရေး)

# အာကာသထဲက ဧဝရတ်



အဆိုပါ စွမ်းဆောင်ချက်သည် အထက်ဖော်ပြပါ ဧဝရတ်တောင်ထိပ်မှ နှစ်(၆၀)အတွင်း ပထမဆုံးအကြိမ်အဖြစ် ဒိုင်ဗင်ထိုး၍ပြသခဲ့ခြင်း ဖြစ်လေသည်။ ဧဝရတ်တောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် (၇၂၂) မီတာရှိလေ၏။ လူစွန့်စား ရိုဇော(ဗ်)သည် အထူးစီမံချုပ်လုပ်ထားသောဝတ်စုံကိုဝတ်၍ ဒိုင်ဗင်ထိုးချမည်။ ချောက်ကမ်းပါးသို့ ရောက်ရှိအောင် (၄) ရက်ကြာ တက်ရောက်ခဲ့ရသည်ဟု သတင်းများက ဖော်ပြခဲ့သည်။ ယင်းသတင်းကိုပင် ဘီဘီစီရုပ်သံလွှင့်အစီအစဉ်မှ လည်းကောင်း၊ စီအင်အင်ရုပ်သံလွှင့်အစီအစဉ်များမှလည်းကောင်း ထုတ်လွှင့်ပေးခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှလူထုအဖို့ အံ့ဖွယ်သရဲဖြစ်ခဲ့ရသည်။

ဤသတင်းနှင့်အတူ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ ဒါဘာရင်ပြင်တွင် နီပေါနိုင်ငံ ယဉ်ကျေးမှုခရီးသွားနှင့် မြို့ပြဝန်ကြီးဌာနမှ ဧဝရတ်တောင်ထိပ်သို့ လူသားများ တက်ရောက်နိုင်ခြင်း နှစ်(၆၀)ပြည့် စိန်ရတုသဘင်ကို အထက်ဖော်ပြပါ ရင်ပြင်တွင်ကျင်းပသည့်သတင်းကိုလည်း ဖော်ပြခဲ့ကြသည်။

ထိုအခမ်းအနားသို့ နီပေါနိုင်ငံ အစိုးရအဖွဲ့ဝင် ယဉ်ကျေးမှု၊ ခရီးသွားနှင့်



www.burmeseclassic.com


www.burmeseclassic.com

သော ဧဝရက်တောင်ထိပ်သည် အမြင့်ပေပေါင်း (၂၉၀၂၈) ပေ ရှိသည်ဟု သိရ၏။ (နီပေါနိုင်ငံတွင် မြင့်မားသောတောင်ထွတ်(၁၄)ခုရှိသည်ဟုသိရ၏။)

ဟိမဝန္တာတောင်အကြောင်းကို အိန္ဒိယရှေးဟောင်းစာပေများနှင့် ပါဠိစာပေများ၌ တခမ်းတနား ဖွဲ့ရေးသားဖော်ပြထားသည်။ မိလိန္ဒပဥှာကျမ်း၌မူ ဤသို့ ရေးသား တင်ပြထားသည်။

'ဟိမဝန္တာတောင်သည် ကောင်းကင်တွင် ယူဇနာ (၅၀၀) မျှ မြင့်စွာထိုးထွက်နေသည်။ ယူဇနာသုံးထောင်ပြန့်ပြူးတည်ရှိနေသည်။ တောင်ထွတ်တောင်ထိပ်ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် တန်ဆာဆင်ထား၏။ ဟိမဝန္တာမှ မြစ်ကြီးငါးရာ စီးဆင်း၏။ သားရဲတိရစ္ဆာန်ကြီးများနေရာအိမ်ဂေဟာဖြစ်၏။ အမျိုးမျိုးသော အမွှေးနံ့သာများကြိုင်လှိုင်နေ၏။ ရာပေါင်းများစွာသော နတ်ဆေးဩသဓများ အပြည့်ရှိ၏။ ဟိမဝန္တာတောင်ကြီးသည် အာကာသကောင်းကင်ပြင်၌ ထိုးထွက်နေသော တိမ်တိုက်ကြီးသဖွယ်ဖြစ်နေသည်'။

မှန်ပါသည်။ တစ်နှစ်လုံး ရေခဲများဆီးနှင်းများအမြဲဖုံးလွှမ်းနေသောကြောင့် ဟိမဝန္တာတောင်ဟု ခေါ်တွင်ခြင်း ဖြစ်သည်ဟုလည်းသိရ၏။ ဗြိတိသျှအစိုးရသည် အိန္ဒိယတိုက်ငယ်အား နေမဝင်သော ဗြိတိသျှဘုရင်၏ အင်ပါယာကြီးအတွင်း သွတ်သွင်းခဲ့ပြီးနောက် ဟိမဝန္တာဒေသ တစ်နံတစ်လျားအား စနစ်တကျမြေတိုင်းတာခြင်းကို ဆောင်ရွက်ခဲ့သည်။ ယင်းမြေတိုင်းအဖွဲ့ကို ခေါင်းဆောင်သူမှာ အိန္ဒိယနိုင်ငံရောက် ဘုရင့်အမြောက်တပ်မှ ဗိုလ်ဧဝရက်ဆိုသူ ဖြစ်၏။ သူသည် မြေတိုင်းပညာရပ်ကို စနစ်တကျလေ့လာထားသည်သာမက ဘူမိဗေဒပညာရပ်တွင် အောင်မြင်ပေါက်ရောက်သော အရာရှိတစ်ဦးဖြစ်ရကား အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသ၏ သဘာဝပေါက်ပင်များ၊ ဓာတ်သတ္တုထွက်ရှိနိုင်မှုများ၊ ဟိမဝန္တာတောင်တန်းဒေသအခြေအနေနှင့် ပတ်ဝန်းကျင်လေ့လာမှုများကို နောင်းလူများ သိရှိနိုင်ရန် စီမံဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ရကား ဗြိတိသျှဘုရင့်အစိုးရသည် ဘုရင့်အမြောက်တပ်မှ ဗိုလ်ဧဝရက်အား ဆာဘွဲ့ထူးကြီးကို ချီးမြှင့်ခဲ့သည်သာမက ဟိမဝန္တာတောင်ထွတ်များမှ အမြင့်ဆုံးဖြစ်သောတောင်ထွတ်ကို သူ့အားဂုဏ်ပြုခဲ့သည့်အနေဖြင့် 'ဧဝရက်တောင်' ဟု




ခေါ်တွင်စေခဲ့သည်။

လှိုင်းမည်မျှကြီးသည်ဖြစ်စေ လှေအောက်သို့ရောက်ရ၏။ တောင်ဘယ်လောက်ကြီးကြီး၊ ဘယ်လောက်မြင့်မြင့် လူသားတို့၏ ခြေဖဝါးအောက်ရောက်ရသည်။ လူတို့သည် မဖြစ်သေးသည့်အရာကို စမ်းသပ်တီထွင်ကြသည်။ မရောက်သေးသည့်နေရာကို ရောက်အောင်သွားကြသည်။ မမြင်ဘူးသောအရာကို မြင်လိုကြ၏။ ဧဝရက်တောင်ထွတ်သည် ပေပေါင်းများစွာ မြင့်မားသော်လည်း သမိုင်းအဆက်ဆက် ထိုတောင်ထိပ်သို့ တက်ရောက်နိုင်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် ဧဝရက်တောင်ထိပ်သည် အလွန်မြင့်မား၍ ဘေးအန္တရာယ်လည်း များပြားလှသည်။ ရာသီဥတုကလည်း အလွန်ဆိုးလှ၏။ ရေခဲတောင်ပြိုကျမှုစသော ဘေးအန္တရာယ်များသာမက ဆီးနှင်းမုန်တိုင်းများကလည်း ပြင်းထန်လှသည်။ သမိုင်းအဆက်ဆက် နိုင်ငံတကာမှ တောင်တက်အဖွဲ့သမား လူစွန့်စားများသည် ယင်းဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် ကြိုးစားခဲ့ကြသော်လည်း ၁၉၅၃ ခုနှစ်မတိုင်မီအထိ အောင်မြင်မှု မရခဲ့ပေ။

လူသားတို့၏စိတ်အား ဆွဲဆောင်နိုင်အောင် လှပသောဟိမဝန္တာမှ အမြင့်ဆုံးတောင်ထိပ်အား ဧဝရက်တောင် ဟူသော အမည်ပေးကာ အမြင့်အား တိုင်းတာနိုင်ခဲ့၍ ကမ္ဘာ့မြေပုံစာအုပ်များတွင် ဖော်ပြခြင်းခံခဲ့ရသော်လည်း ယင်းတောင်ထိပ်ပေါ်သို့ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော်လည်း လူသားတို့ ခြေမချနိုင်ခဲ့ကြ။

တောင်များကိုကျွမ်းကျင်စွာတက်ရောက်ခဲ့သူများအဖို့ကလွဲ၍ အခြားသာမန်လူများအဖို့ တောင် ဆိုသည်မှာ ကုန်းမြေမြင့်ပဲဟု၍ အသိအမှတ်ပြုထားကြ၏။ ဤအလယ်အဆကား မှန်ပါသည်။ ကမ္ဘာပေါ်တွင် ဧဝရက်တောင်ထွတ်သည် အမြင့်ဆုံးသောတောင်ထွတ်ဖြစ်လျက် တက်ရောက်ရန် အလွန်ခက်ခဲသည့်အတွက် တောင်တက်သမားအဖွဲ့ပေါင်းများစွာသည် နှစ်ပေါင်းများစွာ လက်လျှော့ခဲ့ကြရသည်။ အင်္ဂလန်နိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ တောင်တက်အဖွဲ့ဝင်များသည် ၂၀ ရာစုအစပိုင်းအတွင်း ဧဝရက်တောင်ထိပ်သို့ ခြေချနိုင်ရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားခဲ့ကြသော်လည်း မည်သည့်နိုင်ငံ တောင်တက်အဖွဲ့ဝင်များမှ ခြေမချနိုင်ခဲ့သဖြင့် ဧဝရက်တောင်ထိပ်အား လူများ



www.burmeseclassic.com

www.burmeseclassic.com

ရောက်နိုင်သည့်နေရာဟု အများက ခန့်မှန်းတပ်ခဲ့ကြ၏။

ကမ္ဘာစစ်ကြီးနှစ်ခု ဖြစ်ပွားခဲ့ပြီး ကမ္ဘာကြီးပေါ်တွင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေများ ပြောင်းလဲလာသည်။ သိပ္ပံပညာရပ်သည် အံ့မခန်း တိုးတက်လာခဲ့သည်။ ဆက်သွယ်ရေး နည်းပညာများလည်း မျှော်လင့်ထား သည်ထက်တိုးတက်လာခဲ့သည်။ တောင် တက်အဖွဲ့ဝင်များအတွက် အထူးလိုအပ် သော ကိရိယာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ရာသီဥတုကြိုတင်ခန့်မှန်း သည့် နည်းစနစ်များကို လေ့လာတွေ့ရှိ ထားခဲ့ကြသော်လည်း လူသားတို့သည် ဧဝရက်တောင်ထိပ်သို့ ခြေမချနိုင်။ အထူးသဖြင့် ဗြိတိသျှတောင်တက်အဖွဲ့ ဝင်များသည် နည်းလမ်းအမျိုးမျိုးနှင့် အကြိမ်ကြိမ်ကြိုးစား၍ ဧဝရက်တောင် ထိပ်အရောက် တက်ခဲ့ကြသော်လည်း အောင်မြင်မှုမရခဲ့။ ဗြိတိသျှတောင်တက် သမားအဖွဲ့ဝင်အချို့မှာ အသက်ဆုံးရှုံး ခဲ့ကြရသည်။ အချို့တောင်တက်အဖွဲ့ဝင် များမှာ ဧဝရက်တောင်ထိပ်ရောက်ရန် အတ်တစ်ကမ်းမျှရောက်မှပင် အံ့ဩဖွယ် ကောင်းလောက်အောင် ရာသီဥတုဆိုး ရွားလာသဖြင့် လက်လျှော့၍ မိမိတို့ စခန်းများသို့ ပြန်ခဲ့ကြရသည်။ အသက် ဘေးခံသွားသူများလည်းရှိခဲ့၏။

သို့သော် ဤဆောင်းပါးတစ်နေ ရာတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း တိုင်းမည်မျှပင် ကြီးသည်ဖြစ်စေ လူ အောက်ရောက်ရသည်၊ တောင်ဘယ် လောက်မြင့်မြင့် လူတို့၏ ဖဝါးအောက် ရောက်ရသည်ဟူသော ရှေးသူဟောင်း တို့၏ စကားပုံအတိုင်း ၁၉၅၃ ခု မေလ ၂၉ ရက်နေ့တွင်မူ နယူးဇီလန်သား အက်ဒမွန်ဟီလာရီနှင့် နီပေါနိုင်ငံသား တင်ဆင်နော်ကေးတို့သည် ဧဝရက် တောင်ထိပ်တွင် ဦးစွာပထမ ခြေချနိုင်ခဲ့ ကြသည်။ ဟီလာရီမှာ အာတိတ်ဒေသ သို့ စွန့်စားသွားလာခဲ့သော ဗြိတိသျှ တောင်တက်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ် သည်။

၁၉၅၆ ခုနှစ်တွင်မူ ဆွစ်ဇာလန် တောင်တက်အဖွဲ့ဝင်များတို့သည်လည်း ဟီလာရီနှင့် တင်ဆင်တို့နည်းတူ ဧဝရက် တောင်ထိပ်ပေါ်တွင်ခြေချနိုင်ခဲ့ကြသည်။ လူသားတို့သည် ကမ္ဘာ့တိုက်ကြီးများ အသီးသီးကိုလည်းကောင်း၊ အာကာသ ထဲသို့လည်းကောင်း၊ ဧဝရက်တောင်ထိပ် ပေါ်သို့လည်းကောင်း၊ လကမ္ဘာပေါ်သို့ လည်းကောင်း ခြေချနိုင်ခဲ့ကြသည်။

၁၉၆၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ် အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးမှ တောင် တက်အဖွဲ့ဝင်များသည် ဟီလာရီနှင့် တင်ဆင်တို့နည်းတူ ဧဝရက်တောင်ထိပ် ပေါ်တွင် ခြေချနိုင်ခဲ့ကြသည်။

မှန်ပါသည်။ 'အကြံတူ၊ နောက်လူ သာ၊ စမြဲ' ဟူသော ရှေးသူဟောင်းတို့၏ အဆိုအမိန့်အတိုင်း ဟီလာရီနှင့် တင် ဆင်တို့အဖွဲ့ တောင်ထိပ်ပေါ်သို့ ရောက် ရှိခဲ့ပြီး နောက်ထပ် ယင်းတောင်ထိပ်သို့ တက်ရောက်ခဲ့သော တောင်တက်သမား များအဖို့ ဧဝရက်တောင်ထိပ်သို့ တက် ရောက်နိုင်သည့်လမ်းကို လွယ်လင့်တကူ ရှာဖွေ တွေ့ရှိသွားခဲ့ကြသောကြောင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဧဝရက်တောင်ထိပ်သို့ အောင်မြင်ပေါက်ရောက်စွာခြေချနိုင်ကြ သည်။ ဤတောင်တက်အဖွဲ့များအနက် ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်ခဲ့သော ဂျပန်တောင်တက် အဖွဲ့ကိုမူ ကမ္ဘာ့နိုင်ငံအသီးသီးက တအံ့ တဩဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆို သော် ယင်းတောင်တက်အဖွဲ့၏အဖွဲ့ဝင် တစ်ဦးမှာ အသက်(၈၀)အရွယ်အဘိုးအို တစ်ဦး ဖြစ်နေသည်။ ထိုအဘိုးအိုသည် လူသားတို့ ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ် သို့ရောက်ရှိသည့် နှစ် (၆၀) မြောက် အထိမ်းအမှတ်ကို ကြိုဆိုသည့်အနေဖြင့် အသက်စွန့်ကာ တက်ရောက်ခဲ့ခြင်း ဖြစ် သည်ဟု သတင်းများက ဖော်ပြခဲ့၏။

၁၉၅၃ ခု မေလ ၂၉ ရက်နေ့မှ ပင် လူသားတို့ခြေချနိုင်ခဲ့သော ဧဝရက် တောင်တက်အဖွဲ့ဝင်များ၏ ဖွဲ့သတ္တိနှင့် ရဲဘော်ရဲဘက်စိတ်ရှိမှုမှာ ကမ္ဘာ့သမိုင်း တွင် ပြောမဆုံးအောင် တော်သုံးထောင် ဖြစ်သည်။

မှန်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး မှ တောင်တက်အဖွဲ့ဝင်များသည် ဧဝ ရက်တောင်ထိပ်သို့ခြေချနိုင်ရေးအတွက် နှစ်ပေါင်း (၈၀) ကျော် ဖွဲ့လုံ့လနှင့် ကြိုး စားခဲ့ကြရသည်ဟု မှတ်တမ်းများက ရေးခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ တောင်တက်သမားများအနက် အားကျ စရာကောင်းသူစရာ၊ ချီးမွမ်းစရာအကောင်း ဆုံးဟုယူဆရသော တောင်တက်အဖွဲ့ မှာ အင်္ဂလန်နိုင်ငံမှ တောင်တက်အဖွဲ့ ဝင်များ ဖြစ်သည်ဟု နိုင်ငံတကာမှ ဧဝရက်တောင်တက်အဖွဲ့ဝင်တို့ကိုစောင့် ကြည့်လေ့လာသူများက ဆိုကြသည်။

ဤကဲ့သို့ အစဲဖြတ်ကြခြင်းမှာ ၁၉၅၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့က ဗြိတိသျှတောင်တက်သမားများ ဧဝရက် တောင်ထိပ်သို့ ခြေချနိုင်သောကြောင့် မဟုတ်ပါ။ ဗြိတိသျှတောင်တက်အဖွဲ့ဝင် များသည် ၁၉၂၂ ခုနှစ်မှစ၍ ၁၉၃၈ ခုနှစ် (ဒုတိယကမ္ဘာစစ်ကြီးကာလ)အထိ ငါးကြိမ်တိတိ ဧဝရက်တောင်ထိပ်သို့ ခြေချနိုင်အောင် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခြင်းသရဖူကို ဆွတ်ခူးနိုင်ခြင်း မရှိခဲ့။ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ၁၉၂၄ ခုနှစ်တွင် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခဲ့ရန် ကြိုးပမ်းခဲ့သော ဗြိတိသျှတောင်တက်အဖွဲ့မှာ စိတ်ဝင် စားဖွယ်ကောင်းသော ပုံပြင်တစ်ပုဒ်ဖြစ်ခဲ့ရသည်။

ယင်းတောင်တက်အဖွဲ့မှ အဖွဲ့ဝင် ဂျော့လိုက်ဖလော်ရီနှင့် အင်ဒရူးကိုမင် အာဗိုင်းတို့သည် ဧဝရက်တောင်ထိပ်မှ ပေတစ်ထောင်အကွာတွင် စခန်းချနိုင်ခဲ့ ကြပြီး ဧဝရက်တောင်ထိပ်သို့ တက် ရောက်ရန် ထွက်ခွာသွားရင်း ပျောက်ဆုံး သွားခဲ့ရသည်။ သူတို့နှစ်ဦး နောက်ဆုံး စခန်းချခဲ့သည့်နေရာကို တွေ့ရှိခဲ့ကြ သော်လည်း သူတို့ ဧဝရက်တောင်ထိပ် ပေါ် ခြေချနိုင်ခဲ့ကြသလော ဟူသော မေးခွန်းမှာမူ မည်သူမျှ ဖြေဆိုနိုင်ခြင်း မရှိခဲ့။

၁၉၉၉ ခုနှစ်တွင်မူ အင်္ဂလန်နိုင်ငံ မှ လုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ၏ အကူအညီနှင့် ဖလော်ရီနှင့် အာဗိုင် ရှာဖွေရေးတောင်တက်အဖွဲ့ကို ဖွဲ့စည်း ခဲ့ပြီး ထိုအဖွဲ့သည် ၁၉၂၄ ခုနှစ်က သူတို့ နှစ်ယောက် စခန်းချခဲ့သော ဧဝရက် တောင်ထွတ်မှ ပေ (၁၀၀၀) အကွာတွင် စခန်းချကာ ရှာပုံတော်ဖွင့်ခဲ့ကြရာ ပျောက်ဆုံးသူများ၏ နာမည်နှင့် အခြား သဲလွန်စများသာမက ဖလော်ရီ၏ ရေခဲ များဖုံးနေသောအလောင်းကို လည်း ကောင်း၊ အမြင့်ပေတိုင်းတာသည့် ကိရိယာနှင့် အခြားတောင်တက်သမား များအသုံးပြုသည့် ကိရိယာများတို့ကို တွေ့ရှိခဲ့ရသည်။ ဤသို့ ခြားဖြစ်စဉ် မှ ယင်းတောင်တက်သမားနှစ်ယောက် ထိုစဉ်ကပင် ဧဝရက်တောင်ထိပ်ပေါ်သို့ ခြေချနိုင်ခဲ့သလောဟူသော အယူအဆ ကို ခိုင်မာစေသည်ဟု ဆိုကြပါကြောင်း။

လှမိုး (ပညာရေး)

**ကျမ်းကိုး** -

***Ghosts Of Everest***



www.burmeseclassic.com

www.burmeseclassic.com

ည။

မည်းမှောင်၏။ တိတ်ဆိတ်၏။ သိပ်သည်း၏။

လျှို့ဝှက်၏။ လေးနက်၏။ မာယာများ၏။

လျှပ်နွယ်များ အလျားလိုက်၊ ဒေါင်လိုက် အမျိုးမျိုးယှက်နွယ်ပြေးလွှားနေသည်။ လေရိုင်းလေးများနေ့ဒသွေးနေကြောင်းကို လှုပ်ခါယမ်းနေသောသစ်ကိုင်းများကပြောပြနေ၏။ မိုးရေပေါက်ကလေးများ ခုန်ပေါက်ဆော့ကစားနေ၏။

သိပ်သည်း နက်ရှိုင်းလွန်းသောညဥ့်အခါတွင် အဝေးပြေးလမ်းမကြီးပေါ်မှာ ကားမီးအလင်းရောင်က ဖြာကျနေသည်။မည်းနက်ပြောင်လက်နေသောလမ်းမကြီးက အလင်းရောင်အောက်သို့ ပြေးဝင်လာနေသည်။ ခရီးသည်တင်မှန်လုံကားသည် တငြိမ့်ငြိမ့်ပြေးနေ၏။

[illegible]

ကားအတွင်း ဝင်မလာနိုင်ချေ။ မှိန်ပျပျမီးလုံးလေးများ၏ အလင်းအားသည် ဖျော့တော့နေ၏။မြူးထူးခုန်ကြွနေသော ဂီတသံစဉ်လည်း တိတ်ဆိတ်သွားလေပြီ။ အမေလွှဲသောအေးပုခက်ကြီးလို ငြိမ့်ငြိမ့်အေးအေးဖြစ်နေသော ကားပေါ်တွင် ခရီးသည်အားလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေကြပြီ ဖြစ်၏။

တိတ်ဆိတ်နေသောကားကြီးပေါ်တွင် ကားကြီးပေါ်တွင် ကားမောင်းသူ (ဒရိုင်ဘာ) စိတ်ရောကိုယ်ပါနှစ်၍ တာဝန်ထမ်းဆောင်နေသည်။ ကားကို ဂရုစိုက်ပြီးမောင်းနှင်နေသည်။ ကားကလည်းကောင်းသည်။ လမ်းကလည်းကောင်းသည်။ ပြေးနှုန်းအရှိန်ကလည်းအလွန်ကောင်းသည်။ ကားမောင်းသူသတိတစ်ချက်လစ်လျှင် အားလုံးဒုက္ခရောက်နိုင်သည်။ ရင်ဝယ်စိုးထိတ်ပူပန်နေမိ၏။

'ဒရိုင်ဘာအိပ်ငိုက်သွားလို့ ခရီးသည်ကားမှောက်သတဲ့'

ဒီသတင်းကို ကြားရမြင်ရဖတ်ရတာများလှပြီ။ ကားမောင်းရင်းအိပ်ငိုက်သော ဒရိုင်ဘာများကို အပြစ်တင်မိ၏။ အပြစ်လည်းမြင်မိ၏။ အလွန်အမင်းလည်း စိတ်ဆိုးခဲ့ဖူး၏။

တော - ခုတော့ ကိုယ်တိုင်ခံစားရချေပြီ။

ကားပေါ်တွင် ခရီးသည်အားလုံးအိပ်နေကြပြီ။ အချို့ခရီးသည်များတဟောက်သံပင်ပေးနေကြ၏။ တချို့တစိတ်ကူးယဉ်အိပ်မက်တွေမက်နေကြတန်ရှိ၏။ အိပ်ပျော်ရင်းပင် စကားတွတ်ထိုးပြောနေကြသည်၊မထိတထိတဟိဟိရယ်သံထွက်သူလည်းရှိ၏။ ရင်ခွင်အတွင်းက အိတ်ကလေးကို တင်းတင်းရင်းရင်း





www.burmeseclassic.com

www.burmeseclassic.com

...တ်ပြီး ရယ်ရွှင်ဖြူးတဲ့မဖြူးတဲ့ဖြင့် ...တ်တာမှာထဲတွင် လည်ပတ်နေသူ ...ကိုလည်း မြင်နေရ၏။ ဒီလိုဒီလိုနှင့် ...က်တမ္ဘာစမ်းရေကြောမှာ ပန်းတွေ ...ကြသူများအကြား ကားမောင်း ...တာဝန်ကို ထမ်းဆောင်နေရသော ...ဘာခမျာ လေးလံမှေးစင်းကျလာ ... မျက်တောင်ကို အားတင်းပြီး ...င်နေရရှာချေပြီ။ ကိုယ်ချင်းစာ ...လေး ငေ့ငဲ့နေ၏။ စာနာမှုလေး ...နေ၏။ ကြင်နာမှုလေးတွယ် ...င်နေ၏။

ညသည် ပို၍သိပ်သည်းနက်ရှိုင်း ...၏။ ညဥ့်ရုံခြုလွှာကို တစ်ထပ်ပြီး ...ထပ် ခြုံလွှမ်းနေ၏။

"တင်"

ကားသည် ဘယ်ယိမ်းညာထိုးပြီး ...သိမ်မွေ့ကောက်ပုံသွားနေ၏။ ယိမ်း ...လူးလိမ့်လူးမိခါသွားနေ၏။

"ကားဆရာ အိပ်ငိုက်နေတယ်။ ကားကို ရပ်လိုက်ပါ။ အမြန်ရပ်လိုက်ပါ"

ဒရိုင်ဘာ၏နောက် ဘယ်ဘက်ခြမ်းထိုင်ခုံတွင် လိုက်ပါလာသော ကျွန်တော့်အသံသည် အထူးပင်ကျယ်လောင်သွား၏။ အိပ်မောကျနေသောခရီးသည်အားလုံးနိုးလာကြ၏။ ထိတ်လန့်သွားကြ၏။ အနားယူနေသော အခြားဒရိုင်ဘာတစ်ဦးလည်း အပြေးအလွှားရောက်လာ၏။ ကားမောင်းတာဝန်ကို လွှဲပြောင်းရယူလိုက်ပါသည်။

"ကျွန်တော် လုံးဝမငိုက်ပါဘူးဗျာ။ စလိုးဒေါင်းတွေကို ရှောင်မောင်းနေတာပါ"

စဉ်းစားနေပါသည်။ စလိုးဒေါင်းတွေကို ရှောင်မောင်းလိုရသလား။ ကားကို အရှိန်လျှော့မောင်းနေစေချင်၍ ခင်းထားသော စလိုးဒေါင်းများသည် ရှောင်မောင်း၍ ရအောင် ကွက်တိကွက်ကျား ခင်းထားခြင်းမျိုး မတွေ့ဘူးပေ။ လမ်းအကြို...ခင်းထားခြင်းသော တွေ့မြင်ဖူးပါ၏။ စလိုးဒေါင်းများကို ရှောင်မောင်းနေရသောကြောင့် ဘယ်၊ ညာ ယိမ်းထိုးဖြစ်နေရသည်ဆိုတာ လုံးဝမဖြစ်နိုင်ဘူးထင်၏။ ဒရိုင်ဘာသည် ကားမောင်းရင်း၊ ကားမောင်းရင်း အိပ်ငိုက်သွားခြင်းသာ ဖြစ်နိုင်၏။

"ဘုရားကယ်မတော်မူပါ"

"(၃၁)ဘုံသားအားလုံး အမျှ၊ အမျှ ယူတော်မူကြပါ"

"သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ"

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ခရီးသည်များ၏ အိပ်ချင်စိတ်များ ပြယ်လွင့်လေပြီ။ ရတနာသုံးပါး၏ဂုဏ်တော်ကို ရွတ်ဖွားပူဇော်သံ၊ အမျှဝေသံ၊ မေတ္တာပို့သံတို့ဖြင့် ဝေဝေဝစီသွား၏။ စကားသံသည် မြိုင်ဆိုင်နေ၏။ ခရီးသည်အားလုံး နိုးကြားနေကြ၏။

တိတ်ဆိတ်ငြိမ်သက်ခြင်းကြောင့် ပျင်းရိဖွယ်၊ ငြီးငွေ့ဖွယ်၊ အိပ်ငိုက်ချင်ဖွယ် ဖြစ်နေသောကားအတွင်းဝယ် အသံမျိုးစုံတို့ဖြင့် စိုပြည်နေ၏။ မြူးကြွသွက်လက်




www.burmeseclassic.com

www.burmeseclassic.com

နေသော တေးသံသည် ခုန်ပေါက်ထွက်ပေါ်လာ၏။ မီးရောင်သည်ကား ကားအတွင်း၌ ထိန်လင်းနေ၏။ ရာသီဥတုသာယာသော ဆောင်းတစ်ညတွင် အပျော်ခရီးထွက်လာသော အပျော်ရှာအဖော်ရှာကြသည့် လူငယ်ခရီးသွားများအသွင်ကို ဆောင်နေသည်။

ညသည် ပို၍ပို၍ သိပ်သည်းလာ၏။ အဝေးပြေးလမ်းမပေါ်တွင် ယာဉ်အသွားအလာ ပြတ်တောက်ကျဲပါးနေသည်။ အမြန်နှုန်းကြောင့် မျက်နှာချင်းဆိုင်မှလာသောကားနှင့် အချင်းချင်းရှောင်ရာတွင် လေအရှိန်တိုးဝှေ့သံသာကြားလိုက်ရသည်။ ရင်ဆိုင်ရှောင်လိုက်ရသော ကားအမျိုးအစား မကွဲပြားလိုက်ပေ။ မိုးပေါက်လေးများတဖွဲဖွဲနှင့် ကားရှေ့မှန်ပေါ်သို့ ခုန်ဆင်းနေသည်။ ရေသုတ်တံလေးက ဖြည်းညင်းစွာဖြင့် မိုးရေစက်ကလေးများကို တွန်းချနေသည်။ လျှပ်စီးရောင်သည်ပြေးလွှားဆော့ကစားနေ၏။

"ရှေ့က လမ်းပေါ်မှာ လူတစ်ယောက် ကားတားနေတယ်ဗျ"

စိုးရိမ်မှုလွှမ်းကဲတက်သော ကျွန်တော်က အသံကျယ်ကျယ်ဖြင့် အော်ပြောမိသည်။ ကား၏မီးရောင်တွင် ထင်ထင်ရှားရှား မြင်တွေ့နေရပါသည်။ အောက်ပိုင်း အညိုရောင်ဝတ်၊ အထက်ပိုင်းအဖြူရောင်နှင့် လူတစ်ဦး လက်ဆန့်တန်းပြီး ကားတားနေသည်။ အရပ်ထောင်ထောင်မောင်းမောင်းရှိသည်။ မြင့်မြင့်မားမားရှိသည်။ ယောကျ်ားတစ်ဦးအသွင်ဟန်ပန် ရှိသည်။

"ဟင်"

"ဟယ်"

"ဟာ"

"ကားဆရာ၊ ဘယ်လိုလုပ်လိုက်တာလဲ"

ကားဆရာသည် ကားတားနေသောသူကို ကားရပ်မပေးပေ။ အရှိန်ကိုတောင်မလျှော့။ ရှိစေတော့။ ရှိပါစေဦးတော့။ ဆိုးဝါးသည်က လက်တစ်ဖက်လှုပ်ယမ်းပြီး ကားတားနေသူကို ပွတ်တိုက်မောင်းသွားခြင်း ဖြစ်၏။ ရိုင်းလေစွ။ ညာတာခြင်းကင်းလေစွ။ လူသားစိတ်မရှိပါလေစ။ ကျွန်တော်သည် ကားဆရာကို စိတ်ကွက်သွားမိ၏။ ကားပေါ်ထိုင်ပြီး ခွေကိုင်မိလျှင် လမ်းပေါ်ကလူတွေအပေါ် အထင်သေးအမြင်သေးစိတ်နှင့် ကြည့်မြင်ပြောဆိုတတ်သော ဒရိုင်ဘာအများစုထဲက စာရင်းဝင်ဒရိုင်ဘာတစ်ဦးပါတကား။

"ခင်ဗျားတယ်ရမ်းကားပါလားဗျ"

"ကျွန်တော် အသက်နှစ်ဆယ်ကတည်းက ကားမောင်းလာတာဗျာ။ အခုအသက်ငါးဆယ်ပြည့်ပြီးပါပြီ။ ကျွန်တော်မောင်းတဲ့ကားဘီးမှာ ဘယ်သတ္တဝါရဲ့သွေးမှ မစွန်းပေဖူးပါဘူး"

"အခုလုပ်လိုက်တာကတော့ကော ဗျာ"

"အဲဒါလူမဟုတ်ဘူးခင်ဗျ"

"ဗျာ၊ ဗျာ"

ကျွန်တော် အိပ်မငိုက်ပါ။ မျက်စိအမြင်လည်းကောင်းပါ၏။ နားအကြားလည်း ကောင်းပါသည်။ ထောင်ထောင်မောင်းမောင်းနှင့် လူယောကျ်ားတစ်ယောက် ညာလက်ဆန့်တန်းလှုပ်ယမ်းပြီး ကားတားနေသည်ကို ကား၏ ရှေ့မီးရောင်တွင် အသေအချာမြင်ရပါသည်။ အဲဒီလူကို ကားဖြင့်မလွတ်တလွတ်ကပ်ဆွဲတာကိုလည်း မြင်မိပါသည်။ ယခုတစ်ဖန် အဲဒီလူကိုပင် လူမဟုတ်ဘူးဟုပြောသံကို ကြားရပြန်ပါသည်။ မိုးညသန်းခေါင်းကျော်အချိန်တွင်ပင် ဘာတွေဖြစ်ပျက်ကုန်ကြပြီနည်း။

"ခုနကလူတွေ့တဲ့နေရာမှာ အခုလို မိုးညသန်းခေါင်ကျော်အချိန် ကားမှောက်ပြီး လူ (၃) ယောက် ပွဲချင်းပြီးသေဖူးတယ်လေ"

"ဟေ"

"ဒီနေရာကို တာဝန်ရှိသူတွေရော သေဆုံးသူတွေနဲ့ သက်ဆိုင်သူတွေပါ သံဃာတော်များ ပင့်ဖိတ်လှူဒါန်းပြီး အမျှဝေမှုတွေ အကြိမ်ကြိမ်လုပ်ခဲ့ကြပါတယ်"

"အင်း"

"အစဦးက (၃) ယောက်ထွက်ပြီး ကားတားတာဗျ။ နောက်အတော်ကြာတော့ (၂) ယောက်ပဲ ထွက်တားပြန်တယ်။ ဟော - အခုတော့ (၁) ယောက်တည်းဖြစ်နေပြီ။ ဟိုနှစ်ယောက်ကတော့ ကျွတ်လွတ်သွားပြီထင်ပါရဲ့ဗျာ"

"ဩော်"

"ဒီနေရာကို ဒီလို မိုးညသန်းခေါင်ကျော်အချိန်ရောက်ရင် သတိထားရတယ်လေ။ ရှေ့ကတားနေတဲ့လူလို့ထင်နေရတဲ့ပုဂ္ဂိုလ်ဟာ မြေကြီးနဲ့ ခြေနဲ့မထိတာကို သတိထားကြည့်ရင် မြင်တွေ့ရပါတယ်"

"သူ့ကို ကွင်းရှောင်နေရင်လည်း အကွေ့ဖြစ်တဲ့ မြေနိမ့်လျှောကြောင့် ခရီးသည်တွေ ဒုက္ခရောက်သွားနိုင်တယ်။ ဒါကြောင့် ဂုဏ်တော်ကိုရွတ်ပွား၊ မေတ္တာပို့အမျှဝေပြီး ရဲရဲမောင်းရတာပေါ့ဗျာ"

ဒရိုင်ဘာရဲ့ ရတနာဂုဏ်ရည်ကို ယုံကြည်ပူဇော်တတ်သောအသိစိတ်နှင့် တည်တည်ကြည်ကြည် ရဲရဲဝံ့ဝံ့ဖြတ်သားစွာ ဆုံးဖြတ်ချက်ကို လေးစားစွာ ချီးကျူးလိုက်မိပါသည်၊

ခရီးသည်အားလုံး နိုးနိုးကြားကြားဖြစ်နေသည်။ ယုံကြည်ကိုးကွယ်ရာကိုအာရုံညွှတ်၍ ပူဇော်နေကြသည်။ မိမိတိုးကွယ်ရာဘာသာတရား၏အဆုံးအမမမှများကို ရွတ်ပွားနေကြသည်။ အတွေ့နှင့်အမြင်အပေါ် ထင်မြင်ချက်၊ သုံးသပ်ချက်များ ပြောဆိုဆွေးနွေးနေကြသည်။

ဒရိုင်ဘာသည် နိုးကြားနေသည်။ တက်ကြွနေသည်။ ခရီးသည်တို့၏ နိုးကြားတက်ကြွမှု အရှိန်အဝါသည် ဒရိုင်ဘာအား ကူးစက်လှုပ်ရှားနိုးဆွနေသည်သို့ ဖြစ်နေ၏၊ တိတ်ဆိတ်ခြင်းသည် အိပ်ငိုက်ခြင်းကို တွန်းအားပေးနိုင်၏။ ပြောဆိုဆွေးနွေးသံ၊ လှုပ်ရှားသံတို့ဖြင့် စိုပြည်ဝေစည်နေလျှင် ဒရိုင်ဘာ၏ငိုက်မျဉ်းချင်စိတ်ကို လွင့်ပြယ်စေနိုင်မည်ထင်ပါ၏။

ဒရိုင်ဘာ၏ အလုပ်အပေါ် အာရုံစူးစိုက်နေသော စိတ်အစဉ်ကို အမြဲမပြတ်အကဲခတ်ပြီး အခြားတစ်ပါးအာရုံမသွားအောင် စည်းရုံးရေးစကားကို မပိုမလို သင့်လျော်ရုံ ပြုလုပ်ပေးသင့်သည် ထင်ပါ၏၊

မိုးရေပေါက်ကလေးများ နည်းလာလိုက်၊ များလာလိုက်နှင့် ကားရှေ့မှန်ကို ပစ်ပေါက်နေ၏။ လျှပ်ပန်းလျှပ်နွယ်များ ပြေးသွားယှက်နွယ်နေခြင်းကို ကြိုကြားကြိုကြား တွေ့မြင်နေရသည်။ မိုးရေတို့ဖြင့် နွဲ့ရွဲစိုနေသော လမ်းမကြီးသည် ပြေးနေသော ကားအောက်သို့ ဖွတ်တိုးဝင်နေသည်။ သစ်ရိပ်၊ တောရိပ်၊ တောင်ရိပ်များသည် အမှောင်ထုကို ပိုမိုနက်ရှိုင်းအောင် ထောက်ပင့်နေကြသည်။ အမှောင်ထုသည် ပို၍သိပ်သည်းလာ၏။ ကားလမ်းသည် အကွေ့အကောက်များကို ကျော်ဖြတ်နေရသည်။ လမ်းဘေးဝဲယာက အရိပ်မည်းမည်းကြီးများ လမ်းကိုအုပ်မိုးနေ၏။ တောင်ကြားလမ်းတစ်ခုအတွင်းသို့ ဖြတ်သန်းနေဟန်ရှိ၏။ မြင့်မားသော တောင်ကြီးနှစ်လုံးက ဝဲယာနှစ်ဖက်ကနေ ကားလမ်းကိုမျှချထားသလိုဖြစ်နေသည်။

"အဲဒါ ငင်ကွဲတောင်ကြားလမ်းထဲဗျ"

"ဘယ်လို. . : ဘယ်လို"

- "တောင်ကြီးတစ်လုံးကို တွေ့ပတ်ဖြတ်ကျော်ခြင်းမပြုတော့ဘဲ တောင်ကြီးရဲ့ရင်ကိုခွဲပြီးလမ်းဖောက်ထားလို့ ရင်ငင်တောင်လို့ခေါ်တာဗျ"

"ဩော်၊ ဩော်"



www.burmeseclassic.com

www.burmeseclassic.com

တားလမ်းက ဖြူခွင်းလိုက်လို့ ထွင်းသွားရရှာသော တောင်ကြီးတစ်ခုသည် တစ်ခုတည်းဖြစ်အောင် ပေါင်းစည်းနိုင်ရန် အမြဲကြိုးစား နေတန်ရှိလေ၏။ သံယောဇဉ်ကြိုးကို ညှို့နက်သန်းခေါင်ယံကျော်အချိန်တွင် မှောင်နှောင် ထုံးချည်နေလိုဟန်ဖြင့် အမှောင်ချင်းယှက်နွယ်နေသည်။ ရင်ကွဲ တောင်ကြားခေါ်သော တောင်ကြား လမ်းတွင် အချိန်အတော်ကြာမောင်းပြီး ကွင်ပြင်ဆန်ဆန်ဖြစ်နေသောလမ်းကို ကားမီးရောင်တွင် မြင်လိုက်ရသည်။

"လေးထပ်ကွေ့ရောက်ပြီဗျ။ ဒရိုင်ဘာတွေသတိကြီးကြီးထားကြရတဲ့နေရာပေါ့ဗျာ"

ဒရိုင်ဘာသည် အိပ်ခြင်း၊ ငိုက်ခြင်း သတိလွတ်ခြင်းမရှိပေ။ အလုပ်အပေါ်တွင် အာရုံစူးစိုက်လုပ်ဆောင်နေခြင်းအတွက် ကျေနပ်နေ၏။ ကြည်နူးနေ၏။ ကျေးဇူးတင်နေမိ၏။ ခရီးသည်အားလုံး၏အသက်ကို လုံခြုံစိတ်ချရအောင် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

"လေးထပ်ကွေ့ကကျော်ရင် ကိုးလောင်းတံတားဆိုတာ ရောက်မှာပေါ့နော်"

ဆရာကြီးလည်း ကိုးလောင်းတံတားအကြောင်း ကြားဖူးတယ်ထင်ပါရဲ့"

လွန်ခဲ့သော လေးနှစ်ကျော်ခန့်က ဖြစ်သည်။ ဤလမ်းကို လမ်းကျယ်ဖြစ်အောင် လမ်းတွေ၊ တံတားတွေ ချဲ့ထွင်ပြုပြင်ခြင်း မပြုလုပ်ကြရသေးချေ။ အခုလို မိုးလေးတဖွဲဖွဲရွာပြီး မှောင်မိုက်နေသော လကွယ်ညတစ်ညတွင် ဖြစ်သည်။ သန်းခေါင်ကျော်အချိန် လမ်းတံတားကျဉ်းကျဉ်းသို့အဝင် အုတ်တိုင်ကို တိုက်ပြီး ခရီးသည်မှန်လုံကားကြီး လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွား၏။ ဒရိုင်ဘာသည် ကားမောင်းရင်း အိပ်ငိုက်မိသည်ထင်၏။ ခရီးသည် (၈) ယောက်နှင့် ဒရိုင်ဘာ အပါအဝင် လူ(၉) ဦး နေရာတွင် သေဆုံးကြသည်။ ဒရိုင်ဘာ၏ တာဝန်မဲ့ပေါ့လျော့မှုအတွက် ပေးဆပ်လိုက်ရသည့်တန်ဖိုးကား ကြီးလှချည်တကား။

"အခုလိုမိုးလေးရွာနေတဲ့ လကွယ်ညပေါ့ဗျာ။ သန်းခေါင်ကျော် (၁) နာရီထိုးဖို့ (၉) မိနစ်အလိုပေါ့"

"တိကျလှချေလား ကားဆရာရဲ့"

"တိတိကျကျနဲ့ သတိရနေရမယ်လေ ဆရာကြီးရဲ့။ ဩော် - အခုလည်း မိုးရွာနေတဲ့ လကွယ်ညနဲ့ ကြုံနေပြန်ပြီ။ အချိန်ကလည်း (၁၂) နာရီ မိနစ် (၃၀) ရှိနေပြီဗျ"

"ဟေ"

များစွာအံ့ဩရပါသည်။ထိတ်လန့်တုန်လှုပ်သွားပါသည်။ ကြက်သီးတဖြန်းဖြန်းထသွားသည်ဟု ထင်ပါ၏။

"ဆရာကြီး သိပြီးသားဆိုတော့ ဆက်ပြောရဦးမှာပေါ့။ မိုးရွာနေတဲ့ လကွယ်ည သန်းခေါင်ကျော် (၁) နာရီဝန်းကျင်အချိန်မှာ ကိုးလောင်းတံတားကို ရောက်လာတဲ့ ကားတွေကို ပရလောကသား (၉) ယောက်က ပုံစံအမျိုးမျိုးနဲ့ တားလေ့ရှိကြတယ်ဗျ"

"ဆက်ပြောပါဦးဗျ"

"ကွဲ၊ နွား၊ သိုး၊ ဆိတ်အသွင်မျိုးနဲ့ (၉) ကောင်အုပ်က တံတားအဝင် ကားနဲ့ ရင်ဆိုင်တိုးတော့မလိုလာနေတာမျိုးတို့၊ လူ (၉) ယောက်က ကားရှေ့ကနေပြီး ကျောပေးသွားနေတာမျိုးတွေတွေ့ကြရတယ်တဲ့"

"ဩော်၊ ဩော်"

သံဃာတော်တွေပင့်ပြီး အကျွတ်အလွတ်ပွဲတွေအခါခါလုပ်ခဲ့ကြပါတယ်။ ကျွတ်ထိုက်ကြဟန် မတူသေးပါဘူးဗျာ"

"အခုလည်း မိုးရွာနေတဲ့ လကွယ်ည သန်းခေါင်ကျော်အချိန် ဖြစ်နေပြန်ပါပေါ့ကွာ"

ကျွန်တော်က ညည်းညူပြောဆိုလိုက်သည်။အတွေ့အကြုံများနေသူဖြစ်သော်လည်း စိုးထိတ်စိတ်ကို မတားဆီးနိုင်ပေ။ နှလုံးခုန်သံမြန်လာသည်။ ဇောချွေးလေးများစို့လာသည်။ လှုပ်ရှားနေသောစိတ်က ဦးဆောင်နေသဖြင့် ကိုယ်ပါ လှုပ်ရှားနေသည်။ ကားဆရာကို အသေအချာကြည့်လိုက်သည်။တည်ငြိမ်ရင့်ကျက်သော အသွင်အပြင်ကို အံ့ဩဖွယ် တွေ့မြင်ရ၏။ မျက်လုံးနှစ်လုံးသည် စွန်ရဲလိုစူးရှနေ၏။ အသက်ရှူသံသည် ထွက်လေ၊ဝင်လေရှူပွားနေသူလို မှန်ကန်နေ၏။ စိတ်ကို လိုသလိုပုံသွင်းနိုင်သော သူ့ရဲ့သမာဓိကို လေးစားချီးကျူးမိ၏။

"ကားဆရာရေ အချိန်လွန်သွားအောင် ကားကို ရပ်နားပေးလိုက်ပါလားဗျာ"

"ခရီးသည်တွေ ပိုပြီးထိတ်လန့်ကုန်မှာပေါ့။ အချိန်ကိုက်လုပ်ရမယ့်ကိစ္စတွေလည်း လွဲချော်ကုန်မှာပေါ့။ ပရလောကသားတွေထက် သက်ရှိလူသားတွေက ပိုပြီး ဒုက္ခပေးနိုင်ခြေရှိတဲ့ လူမနီးတဲ့ တောင်ကြားလမ်းထဲ မိုးရွာနေတဲ့ လကွယ်ည သန်းခေါင်ကျော်အချိန်လေ ဆရာကြီးရဲ့"

ကားဆရာမျက်နှာကို သေသေချာချာ ကြည့်မိ၏။ သူ့အပြော၊ သူ့အသံ၊ သူ့ဟန်ပန်ကိုကြည့်ပြီး လေးစားပြီးလေးစားရပြန်သည်။ တွေ့ကြုံလာရမည့် ပြဿနာကို အပြန်ပြန်အလှန်လှန် ကြိုတင်တွက်ဆ ဝေဖန်သုံးသပ်ပြီး ရဲရဲဝံ့ဝံ့ ဆုံးဖြတ်တတ်သူတစ်ယောက်ပါတကား။

"ဒရိုင်ဘာရဲ့တာဝန်လစ်ဟင်းပေါ့လျော့ခြင်းကြောင့် ခရီးသည်များကိုယ်စိတ်ပင်ပန်းဆင်းရဲတာမဖြစ်ကြရအောင် ကြိုးစား အလေးထားသွားမှာပါ ဆရာကြီးရယ်"

"သာဓုဗျာ သာဓု၊ သာဓု။ ဟင် - ကိုးလောင်းတံတားတောင်နီးလာပါပေါ့လား"

"မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော့်ကိုတင်နေတဲ့အကြွေးတွေကို ကျေအောင်ဆပ်သွားမှာပါဗျာ"

"ကားဆရာမှာ ဘာအကြွေးတွေ ဘယ်လိုတင်နေလို့လဲဗျ"

"လေကောင်းလေသန့်ရပြီး ရှုခင်းတွေ သာယာစိုပြည်လှပနေတဲ့ ဒီတံတားလေးကို ကိုးလောင်းတံတားလို့ နာမည်ဆိုးတွင် ကျန်ရစ်အောင် ဘာဝန်ပေါ့လျော့တဲ့၊ ခရီးသည်တွေနဲ့ သူကိုယ်တိုင်ပါ အသက်ပေးသွားရတဲ့ ဒရိုင်ဘာက ကျွန်တော်ရဲ့ အဟင့် . . . ဟင့်"

ကားဆရာအသံသည် လှိုက်မောနေသည်။ အံကိုတင်းတင်းကိုက်လိုက်တာမြင်၏။ တဆတ်ဆတ်တုန်လာသော အောက်နှုတ်ခမ်းကို အထက်သွားဖြင့် ဖိထားသည်ကို မြင်ရ၏။ မျက်ဝန်းအိမ်နှစ်ခုတွင် အရည်ရွှန်းလဲ့နေတာကို မြင်လိုက်ရသည်။ ဆို့နင့်ကြေကွဲစွာပြောလိုက်သော ဒရိုင်ဘာ၏အသံကို ရင်ထဲစူးနစ်သွားအောင် ကြားလိုက်ရသည်။

"ကျွန်တော့်ရဲ့ တစ်ဦးတည်းသောဘွဲ့ရ ခေတ်ပညာတတ် သားလေး . . . သားလေး အဟင့် . . . ဟင့် သားလေးဖြစ်နေလို့ဗျ"

"သူ့အဖေ ကျွန်တော် မောင်းလာတဲ့ကားကို သူ့အဖော်တွေနဲ့အတူတူ ကိုးလောင်းတံတားကနေပြီး စောင့်ကြိုနေမှာပေါ့ဗျာ"

"အိုကွယ် . . ."

■

ည။
မည်းမှောင်၏။ တိတ်ဆိတ်၏။
သိပ်သည်း၏။ လျှို့ဝှက်၏။
လေးနက်၏။ မာယာများ၏။
လွမ်းမောဖွယ်ဖြစ်နေ၏။

ဒွေးပုလဲ

www.burmeseclassic.com

ပစ္စည်းကို မြင်လိုက်ရတဲ့တစ်ခဏ ပါးစပ်က အဟောင်းသား။ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ဖြူန်းခနဲ အံ့အားသင့်သွားတယ်ဆိုတာထက် အကြီးအကျယ်အံ့အားသင့်သွားစေတယ်လို့ဆိုမှ မှန်ကန်ပါလိမ့်မယ်။ ဒီလိုပစ္စည်းမျိုးကို တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ အထူးသဖြင့် ခုလိုဒေသ တောခေါင်ခေါင်မှာတွေ့ဖို့မလွယ်တာလည်းအမှန်။ တစ်ချိန်က ဒီပစ္စည်းမျိုးဟာ နန်းတွင်းမင်းမှုထမ်းတွေသာ ကိုင်ဆောင်ရတဲ့ လက်နက်။ သာမန်အရပ်သားတွေ ကိုင်ဆောင်ခွင့်ရှိတာမှမဟုတ်ဘဲ။ ဒါတွေကို သိမှတ်ခဲ့ရဖူးတယ်။

စကားစပ်မိလို့ မနေ့ညနေက သိုင်းပညာအကြောင်း စကားစမိတော့ ဗန်တိုလို့ခေါ်တဲ့ လက်နက်မပါဘဲ လက်ချည်း ခုခံကာကွယ် တိုက်ခိုက်မှုပညာ၊ ဗန်ရှည်လို့ခေါ်တဲ့ လက်နက်တစ်ခုခုကို ကိုင်တွယ်ပြီး ခုခံကာကွယ် တိုက်ခိုက်မှုပညာရယ် နှစ်မျိုးနှစ်စားအကြောင်း ရောက်သွားခဲ့တယ်။

"သိုင်းပညာကို မြန်မာနိုင်ငံမှာ အနွယ်စဉ်ကြီးလေးခုလို့ သတ်မှတ်ထားတယ်။ မြန်မာ့နန်းတွင်း၊ ကမ္ဘောဇ၊ ရာမညနဲ့ မဉ္ဇဝတီပါပဲ။ အဲဒါတွေက ခွဲပြီး ထွက်သွားကြတာ အများကြီးလို့ ဆိုရမယ်"

"ဒါဖြင့် ဆရာတို့ပညာဆိုရင် ကမ္ဘောဇအနွယ်ထဲကပေါ့"

"မှန်ပါတယ်။ ခုခါးချိန့်တာ ကမ္ဘောဇနန်းတွင်းသိုင်းပြောင်းပြန်အနေနဲ့ ဟော်နန်းထဲမှာ တွင်ကျယ်ခဲ့တဲ့ ကမ္ဘောဇပညာတစ်ရပ်ပါ"

"ပညာတွေအားလုံးက ကိုယ်ရေးလုံခြုံဖို့ ခုခံကာကွယ်တိုက်ခိုက်တဲ့ပညာရပ်တွေ ဆိုရမယ် မဟုတ်လား"

"ခင်ဗျားပြောတဲ့ အဲဒီရှောင်၊တမ်း၊ ကာ၊ကွယ်၊ခုခံ၊တိုက်၊ခိုက် ဆိုတာ မြန်မာ့သိုင်းပညာမှာ ပညာပိုင်းအရ လေ့ကျင့်ရမယ့်သိုင်းကျင့်စဉ်တစ်မျိုးစီပဲ။ တစ်မျိုးနဲ့ တစ်မျိုးလည်း မတူကြဘူးလေ။ ဥပမာဗျာ ရှောင်တိမ်းတယ်ဆိုတာ အဓိပ္ပာယ်တူ စကားလုံးနှစ်မျိုးတွဲထားတယ် ထင်ရပေမယ့် သိုင်းပညာမှာတော့ ရှောင်တာနဲ့ တိမ်းတာ မတူဘူး။ ကွဲလွဲတယ်"

"ပြောပါဦးဗျာ၊ ဗဟုသုတရတာပေါ့"

"ရှောင်တယ်ဆိုတာ ခြေကွက်အတက်၊ အဆုတ်၊ အခွဲတွေနဲ့ ခြေရဲ့လှုပ်ရှားပြောင်းလဲမှုတွေပါတယ်။ တိမ်းတယ်ဆိုတာကတော့ ခြေမလှုပ်ရှားဘဲ (မူလခြေကိုမပြောင်းဘဲ) အဝပ်၊ အထိုင်၊ အယို့၊ အတိမ်းတွေပဲ။ တွဲပြီးသာပြောတာ၊ ပုံသဏ္ဍာန်မတူဘူး။ အများကြီးကွာခြားတာပါ"

ကိုထွေးတို့စကားဝိုင်းက လူများမှာ ခေါင်းတညိတ်ညိတ်လည်တညိတ်






www.burmeseclassic.com

www.burmeseclassic.com

ညိတ်။

"ခုမှသိတယ်။ ရှောင်တိမ်းတယ်လို့ လုံးပြီးပြောလိုက်တာကိုး"

"ဟုတ်တယ်၊ အဲဒီလိုပဲ ကာတာနဲ့တွယ်တာ။ ခုတာနဲ့ ခံတာ၊ တိုက်တာနဲ့ ခိုက်တာတွေဟာ မတူကြဘူး။ လူးလိမ့်တယ်ဆိုတဲ့စကားလုံးကိုပဲကြည့်။ လူးတာက ဘယ်မှညာ၊ ညာမှဘယ်ပြောင်းတဲ့သဘောလောက်ရယ်။ အဲ - လိမ့်တာကတော့ ကိုယ်တစ်ပတ်လည်ရွေ့လျားသွားတာပဲ"

"ဟုတ်ပါ့ဗျာ၊ ရွေ့လျားပုံချင်းမတူဘူးနော်"

"ကျွန်တော် ဗန်တို၊ ဗန်ရှည်အကြောင်းပြောခဲ့ပြီးပြီ။ ဗန်ရှည်မှာဆိုရင် သတ်နက်စွဲကိုင်တိုက်ခိုက်တာ အားလုံးအကျုံးဝင်တယ်။ ရှေးတုန်းက တုတ်တို၊ တုတ်ရှည်၊ လှံတို၊ လှံရှည်၊ ဓားတို၊ ဓားရှည်တွေသုံးခဲ့တာပေါ့။ ရဲတင်းတို့၊ တင်းတုတ်တို့က ချဲ့ထွင်သုံးလာကြတာတွေပါ"


"ဓားအကြောင်းသိစမ်းပါရစေ"

"ရှေးမြန်မာတွေ ဓားရေးကျွမ်းကြတယ်။ ဓားကို လက်နက်သဖွယ်စွဲကိုင်တိုက်ပွဲဝင်နေရတော့ ဓားရေးသုံးဆယ့်ခုနစ်ချင်းဆိုတာ ဓားကိုကိုင်ပုံ၊ တိုက်ခိုက်နည်း၊ ဟန်ပန်တွေ ပေါင်းစုထားတာပဲ။ ရှေးမြန်မာတွေကိုင်ခဲ့တဲ့ဓားတွေထဲမှာ တစ်ချက်တည်းနဲ့ နွားလည်ပင်းအကွင်းလိုက်ကျအောင် ခုတ်နိုင်တဲ့ ဒွတ္တပေါင်မင်းကြီးရဲ့ဓား၊ ဆင်လည်ပင်းပြတ်နိုင်တဲ့ စစ်ကိုင်းအသင်္ခယာစောယွန်းရဲ့ညိုရောင်ဓား၊ နှစ်မိုက်ခန့်ရှိ ငွေသားအတုံးလိုက်ပြတ်စေတဲ့ ပထမမင်းခေါင်ရဲ့စိန်သွားရောင်ဓား၊ကျောက်ထုသံတောင်ကိုပြတ်စေတဲ့ ဗျည်းနွဲ့ရဲ့ဓား။ မင်းကြီးရန်နောင်ရဲ့ ယိမ်းနွဲ့ပါးဓား၊ စုဖုရားလတ်ရဲ့ နန်းသူဆံမြွေဓားတွေဟာ နာမည်ကြီးတယ်။ မြန်မာ့သမိုင်းအထောက်အထားတွေနဲ့ နာမည်ကျော်ခဲ့တယ်လို့ဆိုရမှာပဲပေါ့"

"ဟုတ်တယ်၊ ဒါတွေက ပေစာပုရပိုက်တွေမှာ အတိအလင်းဆိုခဲ့တာမို့ တိတိကျကျပြောနိုင်တာပါ၊ အကြောင်းဆုံရင် လေ့လာကြည့်"

"အေးဗျာ၊ ဆရာမျိုး နယ်ဘက်ရောက်လို့ ညအိပ်ပြီဆို ကျွန်တော်တို့တွေ လာလာပြီး မေးကြမြန်းကြ၊ စကားပြောရတာ ဗဟုသုတ ဖြစ်ရပါတယ်။ မြန်မာစာအရေးအဖွဲ့တွေ၊ သိုင်းပညာအကြောင်းတွေ၊ အခြားအားကစားနည်းတွေ၊ မှုခင်းအကြောင်းနဲ့ ဥပဒေတွေရယ်စုံလို့ပါပဲ။ ဆရာမျိုးက ကိုယ်တိုင် သိုင်းဆရာကြီး၊ အားကစားသမား၊ ဒီကြားထဲစာတိုပေစတွေရေးနေတော့ ဗဟုသုတစုံတဲ့လူမျိုး"

ကိုထွေးရဲ့စကားကို ကျွန်တော်



www.burmeseclassic.com

က ဘာမှမပြော ပြုံးလို့နေမိတယ်။

"အဲ - သတိရလို့ ပြောထားတာ။ မနက်ဖြန် ဆရာမျိုးကို ရွာတောင်ပိုင်း ဦးကြီးတို့အိမ်က အထူးအဆန်းတစ်ခု လိုက်ပြရဦးမယ်"

သူက အထူးအဆန်းတစ်ခုဆိုသဖြင့် နားစိုက်သတိထားလိုက်မိသည်။

■

"ဟာ - ဒီဥစ္စာ နန်းဓားပဲ၊ ဘယ်ကရလာတာလဲဟင်။ ကျွန်တော်တောင်မှ ၁၉၈၁ ခုနှစ်က သိုင်းပညာရှင်တွေ အသိအမှတ်ပြုတဲ့ အပတ်စဉ် (၁) ဆရာအဆင့်သင်တန်းမှာ မြန်မာ့နန်းဓားပညာကို ဓားကြီးသိုင်းပညာစဉ်တစ်ရပ်အနေနဲ့ သင်ကြားခဲ့ဖူးလို့သိတာဗျ။ အရင်က မတွေ့ဖူးဘူး"

"ဓားက ကြီးမားတော့ အထူးအဆန်းအနေနဲ့ ပြတာ။ အရိုးကလည်း အကျအန၊ ဓားမှာလည်း ပန်းကနုတ်တွေ နဲ့၊ ကဲ - မထူးခြားဘူးလား"

"ထူးခြားတာပေါ့ဗျာ၊ သိုင်းအဖွဲ့ချုပ်မှာ သုတေသနမှူပဲရှိသေးတယ်။ ခိုင်ခိုင်မာမာလေ့လာရဦးမှာ။ ဓားသွားအရှည်က နှစ်ဆယ့်ရှစ်လက်မ၊ အရိုးက တင် ဆယ်လက်မရှိတယ်။ ကုန်းဘောင်ခေတ်သုံးနန်းဓားလို့ခေါ်တယ်ဗျ။ လက်နှစ်ဖက်ကိုင်ထိုးခုတ်ရတာမျိုး။ ဂျပန်ကင်ဒိုဓားလို ကစားနိုင်တယ်လေ"

"မသိပါဘူးဗျာ။ လေးကင်းဓားတွေ၊ ဆောင်ဓားတွေထက်ကြီးတာက တော့မျက်မြင်ပဲ။ အရှည်တွေတော့ တိုင်းမကြည့်မိပါဘူး"

"အလို - ဓားသွားပေါ်မှာလည်း အစွန်းအကွက်တွေနဲ့ပါလား။ သံချေးတွေ ကွက်နေသလားမသိဘူး။ သွေးလိုက်ရင် ပျောက်သွားမှာပေါ့"

"မဟုတ်ဘူး။ ဦးကြီးပြောခဲ့ဖူးတယ်၊ အဲဒါတွေက လူသွေးစွန်းနေတာတဲ့။ သွေးလို့လည်းမပျောက်ဘူးဆိုဘဲ"

"ဒါဖြင့် ဒီနန်းဓားမှာ နောက်ကြောင်းလေးရှိမှာပေါ့"


"ရှိတယ်။ ဦးကြီးပြောပြလို့ အိမ်ထောင်ကျစလောက်ကတည်းက သိနေတာပါ။ ဆရာမျိုးက စာရေးနေတော့ သိရအောင် အိမ်ကျမှပြောပြမယ်။ တကယ့်ဇာတ်လမ်းကောင်းလေးပါ"

ဓားကို သေတ္တာပုံးအတွင်းထည့်ခဲ့ပြီး ပြန်လာကြပါတယ်။ လမ်းတစ်လျှောက်လုံး ပြောလာကြတဲ့စကားတွေကလည်း ဓားအကြောင်းတွေပါပဲ။

"နန်းတော်ထဲမှာသုံးစွဲတဲ့ ဓားခုနစ်မျိုးရှိတယ်။ အဲဒါတွေက သီလဝံဓား၊ သံရှင်ဓား၊ လက်သုံးတော်ဓား၊ ဆင်လည်ပြတ်ဓား၊ နန်းစဉ်ဓား၊ စကြာဓားတော်၊ ယိမ်းနွဲ့ပါးဓားတဲ့။ အခုမြင်ခဲ့တဲ့ ဓားဟာ နန်းစဉ်ဓားပဲ။ ကနောင်မင်းသားကြီး




ကုန်းဘောင်ခေတ်သုံးနန်းဓား



အသုံးပြုခဲ့ဖူးတယ်လို့ ဆိုထားပါတယ်။ နန်းတော်ထဲမှာ ဝင်၊ ထွက်သွားလာခွင့်ရသူတွေ တာဝန်နဲ့ သီးသန့်ကိုင်တွယ်ရတဲ့ဓားပဲပေါ့"

"ဆရာမျိုးပြောလို့ အစေ့အစုံသိရတာပါ။ ခုနကတွေ့တဲ့ဓားကို ဦးကြီးဟာ သူနေတဲ့ ဟိုဘက်က အိမ်ကြီးမှာ မထားဘူး။ ခေါင်းရင်းက လူမနေတဲ့ ဒီအိမ်မှာထားတယ်။ သူကိုယ်တိုင်လည်း ဒီဓားကို ကိုင်ခဲတယ်ဗျ"

"ဘာဖြစ်လို့လဲဟင်"

"ဓားနား‌မှာ ရိုးခနဲရိပ်ခနဲမျိုးတွေ တွေ့နေရတော့ အိမ်ကလူတွေ ကြောက်မှာစိုးလို့တဲ့လေ။ အဲဒီလိုဖြစ်နေတာတလည်း မဆန်းပါဘူး။ အရင့်အရင်ပိုင်ရှင်လက်ထက်ကတော့မသိဘူး။ ဦးကြီးဆီမရောက်ခင်က လူသုံးယောက်ကို သတ်လာခဲ့တာ အမှန်ပဲ။ အစွဲအလမ်းတွေနေမှာပေါ့လေ"

ကိုထွေးရဲ့ဇာတ်လမ်းက ပြောမပြ



www.burmeseclassic.com

www.burmeseclassic.com

ခင်တတည်းက စိတ်ဝင်စားစရာ။ မနက်ပိုင်း ဌာနအတွက် လုပ်ငန်းပြီးချိန်မှာ စားသောက်လို့ တစ်နေ့လုံး နားနေရမယ့်အနေအထား ညနေပိုင်း၊ ညပိုင်း (မအိပ်ခင်) အထိလည်း စကားဝိုင်းဖွဲ့နိုင်တယ်။

"ဆရာမျိုး၊ ရေမချိုးခင် နန်းမားအစားပုံလေးပြစမ်းပါ ကြည့်ချင်လို့"

ကိုထွေးက လူခင်ချင်းမို့ အားမနာတမ်း ရှာရှာဖွေဖွေ မေးမြန်းလုပ်ခိုင်းတတ်တာ သူ့အကျင့်။ ကောင်စီကိစ္စနဲ့ လာပေမယ့် သူ့အိမ်မှာ အတင်းအကျပ် အိပ်ခိုင်း၊ စားခိုင်းတဲ့ သူ့စေတနာကို လေးစားရမယ်။ တကယ်ဆို လာရင်းကိစ္စက သူတို့နဲ့မဆီလေးရယ်မှမဆိုင်။ ဟသ်ာတနယ် တလုတ္တော်ကျေးရွာအုပ်စုတွင် အင်္ဂပိုကျေးရွာနဲ့ အနီးစပ်ဆုံး အင်းဝင်းကျေးရွာကို တာဝန်နဲ့ ရောက်နေရခြင်းပါ။

"တဲ - ခင်ဗျားခိုင်းသလိုလုပ်ပြရအောင်ပေါ့။ လေ့ကျင့်သလို အားတော့သိပ်မစိုက်ဘူးနော်။ သဘောလောက်လုပ်မှာ၊ ခင်ဗျားက နန်းမားပုံစံမျိုး ဝါးမားခုတ်ဆေတော့ဟုတ်ပလား။ ဒါလောက်တော့ ဖြစ်ပါတယ်နော်"

"ရတယ်၊ သိပ်ရတယ်"

ကိုထွေးက မားသွားကို ဝါးပိုးအပြားခုတ်ပြီး အရိုးအဖြစ် ဝါးယားပိုင်းခြမ်းတို့ သံကပ်ရိုက်ပေးလိုက်တယ်။ သူ့ဓားလေးက အချိုးကျကျလှပင်လှသေးတော့။ သံဓားမဟုတ်လင့်ကစား ကိုင်ရတာ စီးစီးပိုင်ပိုင်။ ဝှေ့ယမ်းခုတ်ထစ်လှမ်းထိုးလို့ကောင်းတယ်။

"နန်းမားကို တစားလေ့ကျင့်တာ ခြောက်ဆယ့်သုံးနည်းရှိတယ်။ တစားတွတ်မှာ ကာချက်၊ တိုက်ချက်တွေပါတယ်။ ကာချက်က ဆယ့်လေးချက်၊ ကာတိုက်ချက်က ဆယ့်ရှစ်ချက်၊ တိုက်ချက်သက်သက်က သုံးဆယ့်တစ်ချက်။ ပေါင်းခြောက်ဆယ့်သုံးနည်း ရှိတယ်။ အတွက်ပိုင်းတစ်ပတ်လည်အောင်ကစားရတာပါပဲ။

ဦးစွာ ဓားကို ကိုယ်ဘေးမှာ ထောင်ကပ်သံတိဆွဲပြီး စတဲ့အခါ ဘယ်ခြေခွဲ ဒူးကွေးထားရတယ်။ ဘယ်လက်ဝဲစောင်းကို ဓားရဲ့နံဘေး ခါးလောက်မှာထောင်တာရာက ဓားသွားကို ကိုယ်ရှေ့မှာ မောင်းကပ်ခင်းလိုက်တာဟာ အသင့်အနေအထားပါ"

ကျွန်တော်လုပ်ပြတာကို ကိုထွေးတို့ စူးစူးစိုက်စိုက်ကြည့်နေကြတယ်။ သူတို့ မြင်ဖူးမှာလည်း မဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင် ဆရာဖြစ်ရခဲ့တဲ့ ပညာစဉ်မဟုတ်ဘဲ မြန်မာ့နန်းတွင်းသိုင်းမို့ အပတ်တကုတ်သင်ခဲ့ရတာပါ။

ထောင်ပိုင်း၊ ထောင်တွက်၊ စိုက်တွက်၊ ပင့်၊ တည့်ပက်မျှော်တမ်းတို့တစပြီး စုံထိုး၊ စုံလိမ်စိုက်ခုတ်၊ စုံခြုံထိုင်၊ စုံပင့်ထမ်း၊ စုံထောင်ပိုင်းနဲ့ ခြောက်ဆယ့်သုံးနည်း အဆုံးသတ်တာ အသင့်အနေအထားပြန်ရပ်လိုက်တယ်။ ပင်တိုအားမထည့်ပေမယ့် ဟန်၊ မာန်၊ ထန်များကြောင့် ချွေးတို့စို့သီးနေဆဲ။ ကိုထွေးတို့လူစု ကျွန်တော့်ကစားကွက်နဲ့ ရှင်းလင်းပြောပြနေတာတွေကို သဘောကျနေလေရဲ့။

"တဲ - ကိုထွေး နန်းမားနဲ့ပတ်သက်လို့ပြောခဲ့တာလည်း စုံလောက်ပြီပဲ။ ခင်ဗျားပြောမယ်ဆိုတဲ့ နန်းမားရဲ့ ဇာတ်လမ်းလေး ကြားချင်လှပြီ"

ကျွန်တော့်စကား စလိုက်တဲ့အခါ ကိုထွေးက သောက်လက်စ ရေနွေးကြမ်းခွက်ကို အစသတ်လိုက်သည်။

"အခုဓားပိုင်ရှင်ဖြစ်တဲ့ ကျွန်တော့်ဇနီးရဲ့ဦးကြီး ဦးလှိုင်ဘွားဟာ တစ်ချိန်က ရပ်ရွာရဲ့ ကာကွယ်ရေးခေါင်းဆောင် အင်္ဂပူနယ်တောရွာကြီးတစ်ရွာမှာ ဖြစ်ခဲ့ဖူးတယ်။ အင်းဝင်းသူနဲ့ အိမ်ထောင်ကျမှ ဟသ်ာတနယ်ထဲရောက်လာတာ။ သူနေခဲ့တဲ့ရွာဟာ မြို့နဲ့အလှမ်းဝေးပြီး တောင်ခြေနဲ့လည်းနီးသတဲ့။ သူကာကွယ်ရေးခေါင်းဆောင်ဖြစ်တော့ တိုင်းပြည်ဟာ ရောင်စုံသူပုန်တွေ ကြီးစိုးနေတဲ့ကာလ။ ဓားပြအကြီးစားသူပုန်တွေရဲ့ရန်ကြောင့် ရရာလက်နက်စုပြီး ကိုယ့်ရွာကိုယ်ကာကွယ်နေကြရတဲ့အချိန်ပါပဲ။ အဲဒီက ဇာတ်လမ်းစတာလို့ပြောရမယ်"

■

ကိုရှိန်းမောင်ကို ရပ်ရွာနေအတော်များများက လူရိုးလူကောင်းတစ်ယောက်လို့သိထားကြသလို အိမ်ထောင်ကျတဲ့နေရာမှာ မျက်နှာများသူမိန်းမလည်းနဲ့ ညားရရှာတယ်ဆိုပြီး နှမြောတသစိတ်မကောင်းဖြစ်ကြရတယ်။ တောရွာဆိုတာ ဟိုစဉ်ကာလ လွတ်လပ်ရေးရစအချိန်ထိ ရိုးသားသူ၊ ဖြောင့်မတ်သူနဲ့ ကိုယ်ကျင့်တရားကောင်းသူတွေပေါများပြီး အများထဲက ဖောက်ထွက်ပျက်စီးရင်လည်း ပျက်စီးသလောက် အဆိုအပြောခံရတာ မဆန်းဘူးပေါ့။ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် စာရိတ္တချို့ယွင်းလာသူဆို အပေါင်းအသင်းမလုပ်ဖို့အထိ တားမြစ်ပိတ်ပင်နေတဲ့ခေတ်။ ကိုရှိန်းမောင်တို့မျိုးရိုးက နာမည်ကောင်းတစ်လုံး တံခွန်ထူနိုင်ခဲ့တယ်၊ မိရိုးဖလာလုပ်ကိုင်စားသောက်ထား ဘိုးဘွားဘောင်ဆက်ကတည်းကပါ။ ဆိုးသွမ်းမှုစလေ့စရိုက်လုံးဝမရှိတဲ့အသိုင်းအဝိုင်းလို့ ဆိုရမယ်။

ဖြစ်ချင်လာတော့ သူပျိုသိုးကြီး ကိုရှိန်းမောင်ယူလိုက်တဲ့မိန်းမလက်ထက်မှာ နှပ်ပစ်ခံရတာပါပဲ။ အညာလွယ်ဆယ်၊ မျက်နှာများတယ် ရည်းစားပေါတယ်ဆိုတဲ့ နာမည်ဆိုးရှိသူနဲ့ ညားခဲ့တာကိုး။ အပိုင်ကိုင်လိုက်တာ အမိဖမ်းလိုက်တာဆိုတဲ့ဘွဲ့တွေတစ်သီကြီးနဲ့ ကိုရှိန်းမောင် မိဘသားချင်းညီအစ်ကိုမောင်နှမ တားနေပေမယ့် မသင်းသင်းကို ယူဖြစ်အောင်ယူခဲ့တယ်။ မိဘအိမ်နဲ့ တစ်ခြံတည်းဆိုသော်လည်း ခြံထောင့်ကွက်လပ်မှာ အိမ်ကလေးဆောက်နေတာဟာ သူ့ဇနီးအပေါ် အားလုံးက မကျေမနပ်ဖြစ်နေလို့ဆိုတဲ့အကြောင်း ပါပါလိမ့်မယ်။

သူ့အိမ်ရဲ့ထွက်လမ်းကို မူလခြံကြီးရဲ့လမ်းရိုးအတိုင်းမဖောက်ဘဲ အိမ်နံဘေးကလှည်းလမ်းကို တိုက်ရိုက်ဖောက်ထားတော့ တော်ရုံသူ့အိမ်အဝင် အထွက်ကို တွေ့ဖို့ခဲယဉ်းသွားတာပေါ့၊ သူကလည်း ကျောပူခံနိုင်ပေမယ့် နားပူမခံနိုင်တာလည်းဖြစ်မယ်ထင်ပါတယ်၊ ကိုရှိန်းမောင် နားအေးပါးအေးနေချင်ပေမယ့် အကြောင်းဆိုတာဖြစ်လာပြန်တော့မနေရဘူးတဲ့။

သူ့ဇနီး သင်းသင်းက အိမ်ထောင်ကျပြီး ခုနှစ်လကျော် ရှစ်လမပြည့်ခင် ကလေးမွေးတယ်။ နေ့မစေ့လမစေ့မွေးတာပါတဲ့။ ခုနှစ်လကျော်ကျော်လေးမှာ ကလေးမျက်နှာမြင်ပေမယ့် ညှက်ညှက်သေးသေးမဟုတ်ဘဲ တစ်တုံးတစ်ခဲကြီးပါ။ ပြောရစေတော့ ကလေးဟာ အဖေက အသားမည်းမည်း အမေက အသားညိုညိုကြ မွေးထားသင့်ကစား ကလေးအသားကဖွေးအိနေတာမို့ တွေ့သူတိုင်းမှာ တအံ့တသြ။ မသင်းသင်းရဲ့ ရည်းစားတစ်ယောက်ဖြစ်တဲ့ ထွန်းလူရဲ့ကလေးလို့ပဲ စွပ်စွဲကြတယ်၊ ထွန်းလူက ရှမ်း - ဗမာ တပြားတစ်ယောက်ဖြစ်နေလို့ပါ။ ကိုရှိန်းမောင်နဲ့ မညားခင်က သင်းသင်းနဲ့ ထွန်းလူတို့ ကြိုက်တာ အကြီးအကျယ်ပေါ့။ လူတိုင်းက ယူမယ်ပဲထင်နေကြတာ။ ထွန်းလူ ရှမ်းပြည်နယ်ဘက်ဆွေတွေမျိုးတွေဆီသွားမှာ သေသလိုလို သတင်းကြားပြီး ဘတ်မြုပ်ခဲ့လေတော့ ဘသားချော ကိုရှိန်းမောင် တစ်စခန်းထလာတာပါ။

ထွန်းလူအဖေနဲ့ အမေဟာ အင်္ဂပူ



www.burmeseclassic.com

www.burmeseclassic.com

မြို့ပေါ်မှာနေပြီး ထွန်းလူက အဘိုး၊ အဘွားတွေရှိတဲ့ရွာမှာ ကြီးပြင်းခဲ့တယ်။ တစ်နေ့တခြား လူလားမြောက်လာတဲ့ ကိုရှိန်းမောင်၊ မသင်းသင်းတို့ရဲ့ကလေးဟာ တစ်စတစ်စ ထွန်းလူနဲ့ တူလာတယ်ဆိုတဲ့သတင်းကြောင့် ကိုရှိန်းမောင် မိသားစုအသိုင်းအဝိုင်းဟာ ရပ်ရွာထဲမှာ ခေါင်းမဖော်နိုင်ကြဘူး။ သတင်းကောင်းထက် သတင်းဆိုးက ပျံ့နှံ့လွယ်တာကြောင့် လူရိုးလူအေးကြီး ကိုရှိန်းမောင်ရဲ့နားလည်း ရောက်မှာသေချာပါတယ်။ မေးခြင်းစမ်းခြင်းလည်း မရှိဘူး။ ပြောလည်း မပြောဘူး။ ကိုရှိန်းမောင်က ဘာတစ်ခုမှ စိတ်မဝင်စားသလို သူ့အလုပ်သူလုပ်နေတာပါပဲ။ ဒါပေမယ့် သူ့သားလေးကို ချီချီပိုးပိုးမရှိတာတော့ မြင်နေရတယ်လေ။ သူ့ဇနီးက ဒီကိစ္စကို မသိသယောင်နေပေမယ့် ကိုရှိန်းမောင်ရဲ့ဆွေဆွေမျိုးမျိုးတွေက မခံနိုင်လို့ ပွစိပွစိနဲ့။

အကြောင်းဆိုးချင်တော့ ထွန်းလူ ရွာပြန်လာတယ်။ ရှမ်းပြည်နယ်မှာ နာမကျန်းဖြစ်နေလို့ ကြာသွားတယ်ဆိုပဲ။ သူတို့သုံးဦးဆိုင်ဇာတ်လမ်းဟာ တကယ်ကြည့်ကောင်းမယ့်ပွဲတစ်ပွဲလို့ အများက စောင့်ကြည့်အကဲခတ်နေကြတယ်လေ။ ထွန်းလူက အရင်ကတည်းက ခင်မင်ခဲ့သူတစ်ဦးဓမာ ဝင်ထွက်ဖို့ ကြိုးစားပေမယ့် မသင့်တော်ဘူးလို့ပြောကြသလားမသိ အနေအထိုင်ထန့်သွားခဲ့တာအမှန်ပဲ။

ခက်တာက သင်းသင်း။ အိမ်ထောင်ရှင်တစ်ယောက် စောင့်စည်းထိန်းသိမ်းရမယ့်အနေအထား၊ သူတို့ဖြစ်ပေါ်နေတဲ့ အခြေအနေကို နားမလည်တာဘဲလား၊ ဂရုမထားတာဘဲလား မဆိုနိုင်တော့ပါ။ ကလေးမပါဘဲ သွားတဲ့အခါသွားပြီး ကလေးနဲ့လည်း အဝင်ထွက်တွေလုပ်ခဲ့တာများပြီ။ ဘယ်သူသေသေ ငတေမာ ရင်ပြီးရောသဘောထားတဲ့သူကို ပြန်မပြောနားမထောင်မို့ အဆုံးအမအသွန်သင်လုပ်သူတင်းခဲ့ပါပကော။ သူ့လေ့သူထိုး ပဲခူးရောက်ရောက်ပေါ့။ ကိုရှိန်းမောင်ကလည်း မကျေနပ်စကားတစ်ခွန်းမပြောတော့ သင်းသင်း မီးကုန်ယမ်းကုန်ကြဲနေပြီပဲ။ ဒီအတောအတွင်း ကိုရှိန်းမောင် ထူးထူးခြားခြားလုပ်နေတဲ့ အလုပ်တစ်ခုက မားကြီးတစ်လက်ကို ခြေသလုံးမွေးကျတဲ့အထိ တစ်နေ့တစ်နေ့ သွေးနေတာပါပဲ။ မားကြီးအရောင်က တလက်လက်။ ပြောရမယ်ဆိုရင် -

ကိုရှိန်းမောင် ဒီမားကြီးကို တောတက်မုဆိုးတွေဆီက ဝယ်ထားလိုက်တာ။ တောတက်မုဆိုးတွေ တောထဲက ကျောက်ဂူတစ်လုံးအတွင်း လူသေအလောင်းတစ်လောင်းမြှုပ်နှံပြီး ကျောက်တုံးတွေစီတင်ခဲ့တာရယ်၊ မားကြီးတစ်စင်းနဲ့ လှံတစ်ချောင်းရယ် တွေ့လာခဲ့သတဲ့။ အလောင်းက အရိုးကျပေမယ့် ချပ်ဝတ်တန်ဆာနဲ့ အသုံးအဆောင်တွေကြည့်ရတာ စစ်သည်တော်တစ်ဦးပုံစံ။ အဝတ်အစားတွေ ဆွေးမြည့်ပျက်စီးနေတာကြောင့် မားနဲ့လှံယူခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် တိတိကျကျဘာမှမသိရ။

မားကိုဝယ်လိုက်တဲ့ ကိုရှိန်းမောင်က သူ့အပေါင်းအသင်းတွေ ပြောပြခဲ့ဖူးတဲ့စကားပါ။ မားဟာ သံသားအင်မတန်ကောင်းပြီး အခြားလေးကင်းမား၊ ဆောင်မားတွေနဲ့ ဆိုင်ခုတ်ရင်တောင် အခြားမားတွေ အသွားထဲနစ်ဝင်သွားသတဲ့။ အရင်ကတည်းက ကိုရှိန်းမောင် သူ့မားကို တသသလုပ်တတ်တာ သူ့အကျင့်။

သူပင်ကိုက စကားနည်းတဲ့ ကိုရှိန်းမောင်ဟာ တွေ့သူတိုင်းနဲ့ ဟက်ဟက်ပက်ပက်မပြောတာ အိမ်ထောင်ကျစလောက်ကတည်းကပါ။ ခုတစ်လော စကားနည်းတဲ့အပြင် ငူငူငိုင်ငိုင်ကြီး တစ်ခုခုကို အလေးအနက် စဉ်းစားတွေဝေနေသလိုမျိုး။ တစ်ခါတစ်ခါ အတွေးထဲ နစ်မျောနေပြီး ခေါ်မကြားအော်မကြား။ ပြဿနာဆိုတာက လိုက်မရှာဖွေ မဖိတ်ခေါ်ဘဲ သူ့အလိုလိုရောက်လာတတ်တာကလား။

တစ်ညနေ သင်းသင်း မိုးချုပ်စလောက်ကတည်းက ကလေးခါးထစ်ခွင်ထွက်သွားလိုက်တာ မိုးအတော်ကြီးချုပ်မှ ပြန်လာတယ်။

"နင်ဘယ်သွားတာလဲ"

"အမေတို့အိမ်ပါ"

ကိုရှိန်းမောင်အမေးကို သင်းသင်း ပြီးစလွယ်ဖြေလိုက်တယ်လေ။

"နင့်အမေနဲ့တွေ့လား"

"တွေ့တာပေါ့ စကားကောင်းနေလို့ ချက်ချင်းမပြန်ဖြစ်တာ"

"ဪ - အင်ပူလိုက်စကားကောင်းနေတာပေါ့နော်"

"ဘာရယ်"

"နင့်အမေ ကိုချက်ကြီးတို့လှည်းနဲ့ မြို့ပါသွားတာ ငါမြင်သားပဲ"

အဲဒါကစပြီး အော်ကျယ်ဟစ်ကျယ်စကားများကြတယ်။ မိသားစုတွေလည်း သိကုန်တော့တာပါ။ နောက်နေ့မှာ ကိုရှိန်းမောင်က ဘာမှမဖြစ်တဲ့ပုံဟန် အနေအထားမျိုး။ ညနေစောင်းမှာ သူက မှာသွားတယ်။

"ဒီည ကောက်လှိုင်းတွေစောင့်ဖို့ လယ်ထဲမှာအိပ်မယ်" တဲ့။

ကိုရှိန်းမောင် ကာကီအကျႌထူ ဝတ်ပြီး ရှမ်းဘောင်းဘီအနက်ကြီးနဲ့ မားကြီးကိုင်လို့ စိုက်စိုက်စိုက်စိုက်ထွက်သွားတဲ့အချိန် သင်းသင်းက သူ့လင် အိမ်မှာမရှိတဲ့အကြောင်း ထွန်းလူဆီကို သတင်းပို့ပြီးပြီပဲ၊ ထွန်းလူကလည်း မပျက်မကွက် လူခြေအတိတ်မှာ သင်းသင်းထံ အရောက်လာခဲ့တယ်။ စပါးရိတ်သိမ်းခအချိန်မို့ ကိုရှိန်းမောင် အလုပ်များပေမယ်ပေါ့။ ကိုရှိန်းမောင် အလုပ်များနေသလောက် ထွန်းလူ သင်းသင်းတို့မှာလည်း အရင်ကတည်းက သမီးရည်းစားမကလင်မယားမ နေလာသူတွေပီပီ အချစ်ရေယဉ်ကြော မျောချင်တိုင်း မျောနေကြလေရဲ့ သင်းသင်းရဲ့အညုအခရာတီတီတာတာ စကားတွေရဲ့ကွန်ချက်က ရှန်းမထွ နိုင်တာ ထွန်းလူ၊ သူတစ်ပါးသားမယ ပါလားဆိုတဲ့ ကြောက်စရာကြီး ကိုယ်တိုင် ကျူးလွန်ဖို့ ဝန်မလေး ထွန်းလူဟာ နိုးကပ်လာတဲ့အန္တရာယ် သတိမထားမိ။ အမှောင်ထုအတွင်း ရှ ဆင်းခဲ့တာပါ၊ အန္တရာယ်က သူတို့ လက်တစ်ကမ်းမှာရှိတယ်။ အပြင် မှန်အိမ်မီးရောင်အောက်မှာ မားမားကြ ရပ်နေသူတစ်ဦးကို သူတို့မမြင်။ သူ ဇာနဲ့သူတို့စိုက်နေကြတာကိုး။-

"ကဲဟာ"

တစ်ချက်၊ နှစ်ချက်၊ သုံးချက်တို မြောက်တက်သွားတဲ့မားအကျမှာ ဗ ဗတွေး အော်သံလေးတောင်မပြုနိုင် လူလောကအပြင်ကို လူကြီးနှစ်ယော နဲ့ ကလေးတစ်ယောက်ထွက်သွားကြ ပြီ။ စိတ်ကျေနပ်လောက်အောင် ထ ခုတ်သေးတာပါ။ သေလောက်တဲ့အ အထားမှာမှရပ်သွားတော့တယ်။ ကိုရှိ မောင် သွေးအေးအေးနဲ့လုပ်သွားတ လို့ဆိုရမယ်။

ဘယ်အချိန်ကတည်းက ကိုရ ကြံခဲ့သည်မသိ။ လူရိုးလူအေးတ ယောက်အဖြစ်က လူသတ်သမားအ ရောက်သွားရှာတယ်။ ဒါပေမယ့် ကိုရှိ မောင် ဝေးဝေးလံလံသွားလိမ့်မ မထင်ဘူး။ ခရီးသတင်းသွားဖို့လည် ဝန်လေးတယ်၊ အင်ပူကို တစ်နှစ်ကြာ တစ်ခါမရောက်။ ရိုးသားအေးဆေး များ ဆိုးမိုက်ပြီဆို ကြောက်စရာ လား။ ကိစ္စပြတ်ရှင်းလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com

တယ်။

မိုးအလင်းမှာ ဒီသတင်းကတစ်ရွာလုံး တောမီးလိုပျံ့နှံ့သွားတယ်။ လာကြည့်ကြတာက ရုံးစုရုံးစုနဲ့မနည်းပါဘူး။ အိမ်ရှေ့ထရံကို သွေးနဲ့စာရေးသွားတယ်။ သူရင်ထဲက ဆိုနင့်မှုခံစားချက်ဖြစ်မှာပေါ့။

'ဖောက်ပြန်သူတို့သွားရာလမ်း' တဲ့။

ကိုရှိန်းမောင်တို့မိသားစု ပရိဒေဝမီးတောက်ပြီး ပူဆွေးသောက၊ ဗျာပါဒဖြစ်ရသလို သင်းသင်းမိသားစု၊ တွန်းလူအသိုးအဘွားတွေအားလုံး ငိုပွဲဆင်ကြရပြီလေ။ အပေါင်းအသင်း၊ ဆွေမျိုးဉာတကာအားလုံးလည်း ယူကျုံးမရ။ တိတ်တဆိတ်ပြောမဆုံးတဲ့အနေအထား။

ရွာနီးချုပ်စပ်မှာလည်း အုတ်အော်သောင်းတင်းဖြစ်ရတယ်။

လောလောဆယ် လူသုံးယောက်သတ်မှုကြီး၊ အမှုက အကြီးအကျယ်မို့ တာကွယ်ရေးအဖွဲ့ခေါင်းပေါ် ရောက်လာတော့ မနေသာဘူးပေါ့။ လူသတ်တရားခံကို တောနင်းရှာဖို့ပြင်ဆင်ကြရပါတယ်။

ကိုရှိန်းမောင်ရဲ့ ပြေးလမ်းဟာ မှိုမတောစပ်၊တောထဲပဲဖြစ်ဖို့များတယ်။ တစ်ရွာတစ်ကျေးသွားလို့ကလည်း လူသတင်းလူချင်းဆောင် သတင်းရလာမှာပဲပေါ့။ တာကွယ်ရေးအဖွဲ့က တောနင်းရှာပေမယ့် မတွေ့ဘူး။ ရိုးမတောတန်းကလည်း လူတစ်ယောက်ပုန်းခိုနေရင် ရှာရလွယ်မှတ်လို့။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်လောက်ဆိုတော့ ရှာသူတွေပန်းပြီ။ လေးရက်မြောက်နေ့မှာ သတင်းပေးသူတစ်ယောက်ကြောင့် သူ့အိမ်ဘက်ကို ညဝိုင်းသွားဝိုင်းတယ်။ သရောင်ပြိုးပြောက်အောက်မှာ အိမ်ပေါ်ကဆင်းလာတဲ့ ကိုရှိန်းမောင်ကို တာတီအကျႌ၊ ရှမ်းဘောင်းဘီနဲ့ ဓားကြီးကိုင်လို့တွေ့လိုက်ရတယ်။ လူသတ်သွားတုန်းက အဝတ်အစားတွေပဲပေါ့။

"ရပ်၊ မင်းကို ဝိုင်းထားပြီ လက်နက်ချပါ"

ကိုရှိန်းမောင်ပုံသဏ္ဌာန်က လက်နက်ချမည့်လက္ခဏာမဟုတ်။ လိုအပ်ရင် ခုခံမယ့်ပုံစံ။ ဓားကြီးကို ကိုင်ဆုတ်ထားဆဲ မျက်တောင့်နီကြီးနဲ့။

"လက်နက်မချရင် ပစ်မှာနော်။ လက်နက်ချ"

သူက လက်နက်မချဘဲ ခြံရှေ့ထွက်လာတယ်။ မတတ်သာတဲ့အဆုံး တာကွယ်ရေးခေါင်းဆောင် ကိုလှိုင်ဘွားပစ်မိန့်ပေးလိုက်ရတာပါပဲ။

"ပစ်"

ပစ်ဆိုတဲ့အမိန့်ပေးသံနောက်မှာ နှစ်လုံးပြူး၊ တစ်လုံးထိုး (မက်စကက်)၊ ဂျပန်၊ အင်္ဂလိပ်၊ အမေရိကန်ရိုင်ဖယ်၊ အသီးသီးက တဒိုင်းဒိုင်းနဲ့ကျည်တွေ ထွက်သွားကြတယ်။ တတယ်ဆို ဒက်ရာဗရပွနဲ့ လဲပြိုနေလောက်ပြီ။ အံ့ဩစရာကောင်းတာက ကိုရှိန်းမောင် အထိအခိုက်မရှိဘဲ လှည်းလမ်းကဖြတ်ပြီး ရွာပြင်ထွက်သွားတယ်။ တာကွယ်ရေးတပ်သားတွေကိုတော့ဘာမှလုပ်မသွားဘူး။ အားလုံးက ပါးစပ်အဟောင်းသား။

"လက်စသတ် ရှိန်းမောင်က သေနတ်ပြီးနေတာကိုး"

"ဒါဆို သူ့ကိုဖမ်းဖို့ခက်မယ်နော်"

တစ်ယောက်တစ်ပေါက်ပြောနေကြတဲ့အသံတွေညံနေတာပဲ။ ကိုလှိုင်ဘွားအဖို့ ကိုယ့်မျက်စိတောင် ကိုယ်မယုံနိုင်လောက်အောင် အံ့ဩရပါတယ်။ ကိုရှိန်းမောင်က သူလိုကိုယ်လိုလူမို့ ဘာမှထူးခြားစရာမရှိတာအမှန်။ ခက်နေတာက တစ်ယောက်မထိ တစ်ယောက်ထိမှန်နိုင်ပါရဲ့။ ခုတော့ အေးအေးဆေးဆေးထွက်သွားတာမှ အပျင်းပြေလမ်းလျှောက်သလားမှတ်ရတယ်။ ခံပြင်းစရာ။

"မကျေနပ်ဘူးကွာ၊ နောက်နေ့လာစောင့်ကြည့်မယ်။ သူဘယ်ဝင်သွားသလဲဆိုတာကအစ သိအောင်လုပ်ပြီးအရ ဖမ်းတာပေါ့"

တာကွယ်ရေးခေါင်းဆောင်ဖြစ်သူကိုလှိုင်ဘွားစကားကို မပယ်ရှားရဲပေမယ့် ကိုရှိန်းမောင် ဖမ်းရမှာ ခပ်တွန့်တွန့်။ သေနတ်ပြီးနေတာ မျက်မြင်ကိုယ်တွေ့လေ။

ရှိန်းမောင်က သေနတ်ပြီးနေသတဲ့။

ဒီသတင်းက မောင်းမခတ်ရဘဲ တစ်ရွာလုံးသိသွားကြတာပါ။ ထုံးစံအတိုင်း ဟုတ်၊ မဟုတ်၊ မှန်၊ မမှန် မဆန်းစစ်ဘဲ တောရွာမလေ့ကတော့ ယုံတတ်ကြတယ်။ သေနတ်တွေနဲ့ ဝိုင်းပစ်တာသွေးတစ်စက်မကျဘူးဆိုတော့ သေနတ်ပြီးတာ သေချာသွားပြီပဲ။ ကိုလှိုင်ဘွားအမိန့်ကြောင့် လိုက်လာရမေတဲ့ တစ်ဝက်လောက်က စိတ်မပါဘူး။ သေနတ်လွှဲချော်တာ၊ ကျည်အတာမဟုတ်ဘဲ မထိခိုက်တာ ဆန်းတာပေါ့။ တချို့ကတော့ ဒီည အပိုင်တိုင်မယ်လို့ ပြောနေကြတယ်။ အခြေအနေကြည့်ရမယ်လို့ ကိုလှိုင်ဘွား နားလည်ထားတာပါ။

လပြည့်ကျော်မို့ ေ၁ွက်နောက်ကျမယ်။

အိမ်နားဝန်းကျင်ကဲ ကာကွယ်ရေးတပ်သားတွေရောက်နေပြီ။ ကင်းပုန်းသဘောမျိုး ဝပ်စောင့်နေကြတယ်။ လကတစ်ပိုင်းတစ်စထွက်အလာမှာ ဝါးရုံတောကို သွယ်ဖြာက ရောက်နေတဲ့ ကွက်ကြားအလင်းရောင်ကြောင့် လှည်းလမ်းမှာ အရှင်းကြီး။ အိမ်ပေါ်က ဆင်းလာတဲ့ ရှိန်းမောင်ကို မြင်လိုက်တော့ အံ့အားသင့်သွားကြတယ်၊ ဘယ်အချိန်က အိမ်ပေါ်တက်သွားပါလိမ့်။ ကိုရှိန်းမောင် ဆင်းလာပေမယ့် ပစ်မိန့်မပေးလို့ ပစ်သူမရှိ။ ကိုရှိန်းမောင် ဓားကြီးကိုင်ထားပေမယ့် ရန်မလုပ်ဘူး၊ အေးအေးဆေးဆေးထွက်သွားတဲ့နောက်ကို ပုန်းလျှိုးကွယ်လျှိုးလိုက်သွားကြတယ်။ သူဟာ စိုက်စိုက်မတ်မတ် ရွာသင်္ချိုင်းထဲဝင်သွားတာတွေ့ရလို့ အသာဆက်လိုက်သွားတဲ့အခါ သင်္ချိုင်းထဲမှာ အစပျောက်သွားတယ်တဲ့။ အားလုံးဘာမျှားသွားကြတယ်။ သင်္ချိုင်းတစ်ခွင်သုံးကလည်း လင်းကျင်းလို့။ မောင်းထိုးထားတဲ့ သေနတ်ကိုယ်စီနဲ့ရှာနေတာ အန္တပဲ။ တစ်ယောက်ရဲ့ အော်ခေါ်သံကြောင့် အုတ်ဂူလေးတစ်လုံးကိုမှီနေတဲ့ ကိုရှိန်းမောင်ကိုတွေ့ရတယ်။ အပုပ်နံ့ကလည်း လှိုင်လို့။ သူသေနေတာကြာပြီမို့ ပုပ်ပွနေတော့တယ်။ ဓားကြီးကို ကိုင်ထားဆဲပါပဲ။

■

"ကိုထွေးကလည်း ကိုရှိန်းမောင် ဘာဖြစ်လို့သေတာလဲ။ အဲဒါကို မသိရဘူး။ စောစောကဝင်သွားတဲ့လူဟာ ခုက်ချင်းသေ ချက်ချင်းပုပ်ရောလား"

"နောက်နေ့လင်းကျင်းမှ မြွေကိုက်လို့သေရတာဆိုပြီးသိရတယ်။ သေနေတာ လေး၊ ငါးရက်လောက်ရှိပြီလို့ နားလည်တဲ့လူတွေပြောကြသတဲ့"

"ဒါဖြင့် ဟိုလူတွေတွေ့လို့ သေနတ်နဲ့ ပစ်တာကကော ဘယ်သူလဲ"

ကိုထွေးက ပခုံးတွန့်လိုက်တယ်။ သူမသိပါဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။

"ဩော် - သိပြီ သိပြီ၊ ဒါဟာ တေ္တ..."

"ထားပါတော့ ဆရာရယ်၊ လက်ဖက်စားပါဦး။ ရေနွေးလေးအေးကုန်ပြီ"

(အင်းဝင်းရွာအမှတ်တရ)
သဇွေသဘ္ဘာကမ္မသကာ
မျိုးသစ်

www.burmeseclassic.com

အောင်ရွှေစိုး

# ကမ္ဘာကြီးပျက်တော့မည်


"ကမ္ဘာကြီးပျက်တော့မည်" ဟူသည့် အသံက ၂၀၁၁ ခုနှစ်မှာ ကျယ်ကျယ်လောင်လောင် ပေါ်လာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်ကုန်ခါနီးမှာ ပိုပြီး ကျယ်လောင်ခဲ့တယ်။ ကမ္ဘာကြီးက ၂၀၁၁ ခုနှစ်မှာ ထင်ထားကြသလိုမပျက်လေတော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ကမ္ဘာပျက်မှာ သေချာတယ်ဆိုသည့်အသံတွေ ထပ်ပြီးထွက်လာခဲ့တယ်။ ကမ္ဘာပျက်မယ့်အသံတွေဟာ မာယန်(MAYAN)လူမျိုးတွေရဲ့မူလပင်မဒေသရင်းဖြစ်တဲ့ မာယန်ဒေသ အမေရိကန်အလယ်ပိုင်း မက်ဆီကန် (MAXICAN) ဒေသတွေကို ဗဟိုပြုပြီး ထွက်ခဲ့တာ တစ်စထက်တစ်စ ပိုမိုကျယ်လောင်လာပြီး ကမ္ဘာအနှံ့ပျံ့ခဲ့ပါတယ်။ အဲသည်တုန်းက ကမ္ဘာပျက်တော့မယ်ဆိုသည့်အသံကို မြန်မာနိုင်ငံမှ လူအတော်များများလည်း ကြားဖူးခဲ့ကြမှာဖြစ်သလို မယုံသည့်သူလည်း အတော်များများရှိခဲ့ကြမှာပါ။ ကြားခဲ့ဖူးသူတွေထဲမှာ အောင်ရွှေစိုးတစ်ယောက်ပါဝင်သလို မယုံတဲ့သူတွေထဲမှာလည်း အောင်ရွှေစိုးက ပါဝင်နေပါတယ်။

ယခု ကမ္ဘာကြီးဟာ ၂၀၁၄ ခုထဲ ဝင်လာခဲ့ပါပြီ။ ကြားရသလို ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်တုန်းက ကမ္ဘာမပျက်ခဲ့ပါဘူး။ ထိုသို့ ၂၀၁၁ နဲ့ ၂၀၁၂ ထဲမှာ ထူးထူးခြားခြား သဘာဝဘေးအန္တရာယ်တွေဖြစ်သည့် ရေကြီးခြင်းဘေး၊ မီးလောင်ခြင်းဘေး၊ လျှပ်စီးလျှပ်စစ်ခြင်းဘေး၊ တောင်ပြို၊ မြေပြိုခြင်းဘေး၊ မိုးများခြင်းဘေး၊ မိုးခေါင်ခြင်းဘေး စသည့် ဘေးအန္တရာယ်သတင်းတွေကို သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား စသည့် မီဒီယာသတင်း (MEDIANEWS & INFORMATION) တွေမှာ တွေ့ခဲ့ကြရပါတယ်။ ကမ္ဘာမပျက်ပေမယ့် ရွာတွေပျက်ခဲ့ပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးမပျက်စီးခဲ့ပေမယ့် လူအချို့ရဲ့ဘဝတွေပျက်ခဲ့ရပါတယ်။


အနီးစပ်ဆုံး ဥပမာအားဖြင့် မြန်မာပြည်က နာဂစ်၊ ဂျပန်နိုင်ငံက ဆူနာမီ၊ အဏုမြူစက်ပေါက်ကွဲခြင်း၊ ယိုးဒယားနိုင်ငံက ရေကြီးခြင်း စသည်တို့ကို ဥပမာပြလိုပါတယ်။ အောင်ရွှေစိုး



မီးလိုင်းနေသည့် အောင်ရွှေစိုးကမ္ဘာက ဤသို့ပေဘား



ကမ္ဘာကို မြင်ပလေလေကာ ဤသို့ ထိုးဖောက်တိုက်ခတ်လာမည်လား



ကမ္ဘာပျက်မည်ဟောချက်ထုတ်ရှားမှုများ




www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပျက်မည့်အကြောင်း နှိုးဆော်နေသူတစ်ဦး







ကမ္ဘာပျက်မည်ဟောချက်လှုပ်ရှားမှုများ



ကမ္ဘာပျက်မည့်သတင်းကို စောင့်၍ ရေဒီယိုမှကြားသိရစဉ်

တို့နှင့်အနေဝေးသည့် ကမ္ဘာ့အနောက်ခြမ်းနိုင်ငံတွေမှာလည်း တကျော်တစောသဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့ပါတယ်။ အရှေ့နိုင်ငံ၊ အနောက်နိုင်ငံအတော်များများမှာလည်း ဒေသခံလူသားတွေရဲ့ အလိုမကျသည့် ဖလာဘာ၊ ဒေါ်သတွေကြောင့် လူသားတော်များများရဲ့ဘဝတွေ ပျက်စီးတာတို့၊ မငြိမ်မသက်ဖြစ်တာတို့ ရှိခဲ့ပါတယ်၊ ကမ္ဘာကြီးပေါ်မှာနေထိုင်ကြသည့် လူသားတွေ လူကျင့်ဝတ်ပျက်ပြီး အတွင်းသန်ခဲ့တာတွေကိုလည်း တွေ့ရှိရပါတယ်။ အောင်ရွှေစိုးတို့ ဗုဒ္ဓဘာသာတရားတော်နှင့်ညှိလိုက်ရင် သူတော်ကောင်းတရားပျက်လာရင် ကမ္ဘာကြီးလည်း ပျက်တာပါပဲ။ သူတော်ကောင်းတရားပျက်ချင် လူကျင့်ဝတ်ပျက်လာတတ်ပါတယ်၊ လူကျင့်ဝတ်ပျက်လျှင် ကမ္ဘာကြီးပျက်တာပါပဲ။

ကမ္ဘာပျက်တော့မည် ဆိုသည့်လှုံ့ဆော်ချက်သတင်းသံဟာ အမေရိကမက္ကဆီကန်တွေရဲ့ မူလဘူတဖြစ်သည့် မာယန်လူမျိုး ရှေးရိုးပညာရှင်တွေ့ထံမှ စတင်လာခဲ့ပါတယ်။ သူတို့ကလည်း သူတို့ရဲ့ရှေးဟောင်း နေ၊ လ၊ နက္ခတ်တာရာတွေနဲ့ သင်္ချာနည်းပညာတွေကို မှီတင်း တွက်ချက် ဖန်တီးထားသည့် မာယန်ပြက္ခဒိန်ကို မှတည်ပြီး ဟောချက်ထုတ်ခဲ့ကြတာ ဖြစ်တယ်လို့ ကြားဖူးပါတယ်။ တစ်ဖန် ကမ္ဘာ့အကျော်အမော်ဟောပညာရှင် နော်စတာဒါမတ်(စ်)ကလည်း ဟောခဲ့တယ်လို့ ကြားရပါတယ်။ ဆရာကြီး နော်စတာဒါမတ်(စ်)ကလည်း မာယန်ပြက္ခဒိန်ကိုကြည့်ပြီး ဟောတာလားလို့တောင် တွေးမိသူတွေကတွေးမိကြသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီသတင်းဖြစ်ပေါ် ကျော်ကြားလာခဲ့သည့်အခါမှာ ကမ္ဘာပျက်သည့် အကြောင်းတွေကို အခြေခံပြီး ရုပ်ရှင်တွေ၊ စဉ်းတွေထွက်လာခဲ့တယ်။ ထင်ကြေးမြင်ကြေးဆောင်းပါးတွေ ကမ္ဘာကျော်လာခဲ့တယ်၊ ကမ္ဘာပျက်ရင် သေရမှာသေချာတော့ သေဖို့အတွက် စိတ်ရှိသည့်အတိုင်း ပြင်ဆင်ကြသည့် သေဖို့ပြင်အဖွဲ့တွေပေါ်လာခဲ့တယ်။ အချို့ဆိုလျှင် ကြိုတင်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြသူတွေတောင်ရှိတယ်လို့ ကြားရတယ်၊

အောင်ရွှေစိုး သိသည့် အသက် (၁၈) နှစ်မတိုင်ခင် ရည်ငံနေကြသည့် ကောင်လေးနှင့် ကောင်မလေးတို့ကလည်း ကမ္ဘာပျက်တော့မယ်ဆိုတော့ ကမ္ဘာမပျက်ခင် ကာမန်းကတန်း ဘဝချင်း



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းစပ်လိုက်ကြတာ ကမ္ဘာကြီးမပျက်ခင် သူတို့ဘဝလေးမှာတွေသာမက နှစ်ဖက်သောမိဘများပါ ဘဝပျက်မတတ်ဖြစ်သွားလို့ ဆိုင်ရာနှစ်ဖက်အမျိုးတွေမှ တစ်ဆင့် ကလေးနှစ်ယောက်ရဲ့ သက်ဆိုင်ရာ မိဘတွေကို တရားချ ညှိနှိုင်းပြီး ကလေးတွေရဲ့ဘဝကို အသက် (၁၈)နှစ်ပြည့်သည်အထိ ထိန်းပေးထားရပါတယ်။ ရှေ့နှစ်ဆိုရင်တော့ သူတို့လေးတွေ (၁၈) နှစ်ပြည့်ပါပြီ။ ကလေးတွေကို မေးကြည့်တဲ့အခါ မာယန်ပြက္ခဒိန်အကြောင်းကို သူတို့မသိကြပါ။ သူတို့သိတာက ကြားဖူးသည့်အတိုင်း ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထဲမှာ ကမ္ဘာပျက်မှာဆိုသည့်သတင်းပါပဲတဲ့။ ဒါကြောင့် ကမ္ဘာကြီးမပျက်ခင် သူတို့ရဲ့အချစ်ကို သက်သေပြခဲ့ကြတာဆိုပဲ။ တကယ်တော့ ကမ္ဘာပျက်မည့်သတင်းဟာ ဗဟုသုတနည်းပါးလှသည့် ထိုကလေးတွေကိုသာမက ဗဟုသုတရှိသည့်လူကြီးတွေကိုပါ ဂယက်ရိုက်စေခဲ့ပါတယ်။


သည့်နေ့ ကမ္ဘာလောကကြီးဟာ အရင်ကလိုမဟုတ်တော့ဘဲ အီလက်ထရွန်နစ်မီဒီယာတွေက ကမ္ဘာ့သတင်းကို ခလုတ်နှိပ်ပြီး ဖြန့်ဖြူးနေသည့်ခေတ်ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ခေတ်ရဲ့ သတင်းတွေဟာ အသွားအလာအလွန်မြန်ဆန်နေပါပြီ။ ဒီသတင်းတွေရဲ့မှန်ကန်မှု၊ မှားနှုန်းနဲ့သတင်းကြောင့် အကျိုးဖြစ်ရောက်မှုကတော့ သတိ၊ ဝီရိယ၊ ပညာဆိုသည့် စွမ်းအင်သုံးရပ်အပေါ်မှာ မူတည်နေပါတယ်။ သည်ဆောင်းပါးမှာ မာယန်ပြက္ခဒိန်အကြောင်းထဲ ကမ္ဘာပျက်ခြင်းအကြောင်းကို အောင်ရွှေစိုးက အဓိကထား၍ ရေးလိုခြင်းဖြစ်လို့ ဗုဒ္ဓဘာသာဝင်ပီပီ ဗုဒ္ဓအလိုကျ ဟောတော်မူသော ကမ္ဘာပျက်ခြင်းအကြောင်းကို အကျဉ်းမျှ ဖော်ပြမှာ ဖြစ်ပါတယ်။

**ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူသော ကမ္ဘာပျက်ပုံအဆင့်ဆင့်**


ကမ္ဘာကြီးတစ်ခု သက်ရှိ သက်မဲ့၊ လူ၊ သတ္တဝါ၊ တော၊ တောင်၊ ရေ မြေတွေနဲ့ ဖွဲ့စည်းထားရာကနေ ရုတ်တရက်အားဖြင့် နေ့ချင်းညချင်း ပျက်စီးသွားဖို့ဆိုတာ မလွယ်လှပါဘူး။ အောင်ရွှေစိုးက ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လေတော့ ရှင်တော်ဗုဒ္ဓ ဟောတော်ပြသည့် ကမ္ဘာပျက်ပုံအဆင့်ဆင့်ရှိတာကိုယုံကြည်စွာ အကြောင်းပြုပြီး မတုန်မလှုပ်ဘဲ လောကီ၊ လောကုတ္တရာကိစ္စတွေနဲ့ ပတ်သက်လို့ လုပ်စရာရှိတာလေးတွေ



ရေခဲသားကြီးက ဤသို့ထား



ကမ္ဘာကို မီးလျှက်ချင် ဤသို့ဖျက်မည်လား




ကမ္ဘာကြီးဟာ ရေခဲသား မီးဆေး ဤသို့ခံရမည်လား



www.burmeseclassic.com

www.burmeseclassic.com







ကမ္ဘာပျက်စေသော လူ့လက်ချက်

တို လုပ်နိုင်သမျှ လုပ်နေမိပါတယ်။ သို့သော်လည်း တစ်ကမ္ဘာလုံးမှာရှိနေကြသည့် ကမ္ဘာကြီးကို အမှီပြုနေထိုင်နေကြတဲ့ လူသားတစ်ဦးအနေနဲ့တော့ စိတ်ဝင်စားမိပါတယ်။ ထို့အပြင် အောင်ရွှေစိုး သက်တမ်းတစ်လျှောက် ကမ္ဘာပျက်မည့်ကောလာဟာလကို ပထမဆုံး အကြိမ်ကြားဖူးလိုက်ရခြင်းကြောင့် ပိုပြီး စိတ်ဝင်စားမိပါတယ်။ ထို့အတူ ဘာသာရေးဗဟုသုတပြည့်စုံသေးသည့် လူငယ်တွေ သုံးသပ်ဆင်ခြင်နိုင်အောင်လည်း ဗုဒ္ဓရှင်တော်မြတ်ဟောကြားတော်မူထားချက်တွေကိုလည်း သိစေလိုတာကြောင့် သည်ဆောင်းပါးကို အားကြိုးမာန်တတ်စွာကြိုးစားရေးလိုက်ပါတယ်။ အသိပေးခြင်းသဘောမျှ ဖြစ်ပါတယ်။

ကောလာဟာလ ဆိုတာကို မမှန်သတင်း၊ လုပ်ကြံသတင်း၊ အထင်အမြင်မှားစေသည့်သတင်းရယ်လို့ လူသိများပါတယ်။ တကယ်လည်းပဲ မှန်တာတွေများပါတယ်။ သို့သော် မဖြစ်မနေ မှန်ကန်သည့်ကောလာဟာလကြီး ငါးခုရှိပါတယ်။ ဤသည်ငါးခုကို 'ကမ္ဘာ့ကောလာဟာလ ငါးပါး' လို့လည်း ဗုဒ္ဓဘာသာဝင်တွေက ခေါ်ဝေါ်ကြပါတယ်။

မဖောက်မပြန် မှန်ကန်သည့် ကောလာဟာလငါးပါး ဆိုသည်မှာ -

(၁) ကမ္ဘာပျက်မည်ကို နှစ်ပေါင်း တစ်သိန်းက ကြိုတင်ကာ ဖြစ်ပေါ်ကြားသိကြရပါတယ်။

(၂) ဘုရားပွင့်တော်မူမည်ကို နှစ်ပေါင်း တစ်ထောင် ကြိုတင် ဖြစ်ပေါ်ကြားသိကြရပါတယ်။

(၃) စကြာမင်း ထွက်ပေါ်လာတော်မူမည်ကို နှစ်ပေါင်းတစ်ရာကြိုတင်ဖြစ်ပေါ်ကြားသိကြရပါတယ်။

(၄) ဘုရားပွင့်တော်မူပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်္ဂလသုတ်တော်ဟောတော်မူမည်ကို နှစ်ပေါင်း ဆယ့်နှစ်နှစ်က ကြိုတင်၍ ဖြစ်ပေါ်ကြားသိရပါတယ်။

(၅) မောနေယျ အရှင်မြတ်ကြီး မောနေယျအကျင့်ကျင့်တော်မူမည်ကို နှစ်ပေါင်း ခုနစ်နှစ်က ကြိုပြီး ဖြစ်ပေါ်ကြားသိခဲ့ကြရပါတယ်၊

အခြား လောက်ကောလာဟာလတွေဟာ ကြားသိခဲ့ကြရသည့်အတိုင်း မှန်ချင်မှမှန်မည်၊ မှားချင်မှားနေမည် ဖြစ်သော်လည်း အထက်မှာ ဖော်ပြထားသည့် ကမ္ဘာ့ကောလာဟာလကြီးငါးပါးကတော့ အချိန်တန်လျှင် မှန်တာချည်းပါပဲ။ ဒါကြောင့် ကမ္ဘာကြီးပျက်ဖို့ရာ ကောလာဟာလ နှစ်ပေါင်းသိန်း ကြိုပြီး ဖြစ်ပေါ်ကြားသိကြရမည်။ ကောလဟာလ ဖြစ်ပေါ်ပြီးနောက် နှစ်ပေါင်း တစ်သိန်းကြာမှ ကမ္ဘာပျက်မှာဖြစ်ပါတယ်။ ဒါကြောင့် ယခုကြားသိခဲ့ကြသည့် ကမ္ဘာကျော်ကောလာဟာလကြီးဖြစ်ပေါ်ပြီးနောက် နှစ်တစ်သိန်းလောက်စောင့်ရမှာဖြစ်လို့ အောင်ရွှေစိုးက မပူတာပါ။

ဗုဒ္ဓရှင်တော်မြတ်ကြီးက ကမ္ဘာပျက်ပုံ သုံးမျိုးကို ဟောပြထားကြောင်း ဝိသုဒ္ဓိမဂ်မြန်မာပြန် တတိယတွဲမှာ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီးက ရှင်းလင်းဖော်ပြတော်မူခဲ့ပါတယ်။

ဖော်ပြထားတော်မူပုံက -

www.burmeseclassic.com






မာယန်ဝတ်စုံပြည့် မာယန်စစ်သည်တစ်ဦး

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟောတပည့်ရဟန်းတော်အရှင်မြတ်တွေကို ဟောကြားတော်ထားသည့်အတိုင်း -

'ရဟန်းတို့၊ အသင်္ချေယျကပ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း။ သံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ် ဤလေးပါးတို့ပေတည်း'

ဟူ၍ကပ်မှုစ၍ဟောဖော်ပြတော်မူခဲ့ပါသည်။ သံဝဋ္ဋကပ် ဟူသည် ပျက်ကပ်ကို ခေါ်ပါသည်။

'ထိုကပ်လေးပါးတို့တွင် သံဝဋ္ဋကပ်ခေါ် ပျက်တို့သည် (၁) မီးဖြင့်ပျက်သောကပ် (တေဇောသံဝဋ္ဋကပ်)၊ (၂) ရေဖြင့်ပျက်သော (အာပေါသံဝဋ္ဋ)ကပ်၊ (၃) လေဖြင့်ပျက်သော (ဝါယောသံဝဋ္ဋ)ကပ် ဟူ၍ သုံးပါးရှိကုန်၏။ သံဝဋ္ဋသီမာခေါ် ပျက်ရာနယ်ဆုံးတို့သည် အာဘဿရာဘုံ၊ သုဘကိဏှာဘုံ၊ ဝေဟပ္ဖိုလ်ဘုံ ဟူ၍ သုံးပါးတို့ပင်တည်း။ ကမ္ဘာသည် မီးဖြင့်ပျက်သောအခါ အာဘာဿရဘုံမှ အောက်ဘက်၌ မီးလောင်၍ပျက်စီး၏'

ဆိုလိုသည်က ကမ္ဘာကြီးတစ်ဝန်းလုံး မီးကူးစက်လောင်ကျွမ်းပြီး သက်ရှိသက်မဲ့တစ်စမကျန် ဆုံးပါးပျက်စီးကုန်ခြင်းကို မီးဖြင့် ကမ္ဘာပျက်သည်ဟု ဆိုလို၏။ ရုပ်ထဲရွာထဲတွင် မီးလန့်လျှင်ပင်သည်းထိတ်ရင်ဖိုဖြစ်ကြရ၏။ ဤသို့ ကမ္ဘာကြီး မီးဟုန်းဟုန်းတောက်လောင်နေသည်ဆိုပါက မည်မျှကြောက်စရာကောင်းပေလိမ့်မည်နည်း။

တစ်ဆက်တည်းပင် ရေ၊ လေတို့ဖြင့် ကမ္ဘာပျက်ပုံကို ပြတော်မူ၏။

'ရေဖြင့်ပျက်သောအခါ သုဘာကိဏှာဘုံမှ အောက်ဘက်၌ ရေဖြင့်ကြွေမွပျက်စီး၏။ (သုဘကိဏှာဘုံကား မပျက်) လေဖြင့် ပျက်စီးသောအခါ ဝေဟပ္ဖိုလ်မှ အောက်ဘက်၌ လေဖြင့် ပျက်စီး၏။ (ဝေဟပ္ဖိုလ်ဘုံကား မပျက်)။ ဘေး ပတ်ဝန်းကျင်အကျယ်အပြန့်အားဖြင့်မူ ပျက်သောအခါတိုင်းပင် (စကြဝဠာ ကုဋေတစ်သိန်းဟူသော) ဗုဒ္ဓခေတ် တစ်ခုလုံး ပျက်စီး၏။

မီးလောင်လျှင် လေပါစမြဲ ဖြစ်သည်ကို အောင်ရွှေစိုးတို့ သတိပြုမိကြပါလိမ့်မယ်။ မီးဖြင့်ပျက်စီးစဉ်မှာ လေကလည်း ကူပြီးဖျက်ပေးပါလိမ့်မည်။ လေသက်သက်အားဖြင့်ကတော့ လေပြင်းမုန်တိုင်းတွေ တိုက်ခတ်တာကို ရည်ညွှန်းတာ ဖြစ်မှာပါ။ ယခုခေတ် ကြားသိ၊ ကြုံတွေ့ခဲ့ကြသည့် ဆူနာမီတို့၊ နာဂစ်တို့ထက် အဆပေါင်းမရေမတွက်နိုင်အောင်သာလွန်ပြင်းထန်သည့် လေပြင်းမုန်တိုင်းကြီးတွေ တစ်ကမ္ဘာလုံးမှာ တစ်ချိန်တည်းဖြစ်ပေါ်ပြီး အရပ်အနားမရှိဘဲ ကမ္ဘာပေါ်မှာရှိသည့် သက်ရှိ သက်မဲ့တွေကုန်သည်အထိ အဆက်မပြတ် ဖျက်ဆီးသွားမှာ ဖြစ်ပါတယ်။ လေလာလျှင် ရေပါစမြဲဖြစ်ပါတယ်။ လေတိုက်ပြင်းပြီဆိုလျှင် ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်းတွေထဲက ရေတွေလည်း လေအားကြောင့် ရေလှိုင်းတွေဖြစ်ပြီး အနီးဝန်းကျင်ကုန်းမြေတွေကို လွှမ်းကုန်တတ်ပါတယ်။ မီးက နိုပ်စက်လိုက်၊ လေကနှိပ်စက်လိုက်၊ ရေက နှိပ်စက်လိုက်နှင့် ကမ္ဘာပေါ်ရှိ သက်ရှိ သက်မဲ့တွေ ပြောင်းတလင်းခါကုန်တော့တာပေါ့။ မီးမလောင်ခင်မှာလည်း ကမ္ဘာဖျက်မိုးဆိုတာရှိသေးသတဲ့။

ဝိသုဒ္ဓိမဂ်ထဲမှာတော့ -

*'အကြင်အခါ၌ ကပ်ကမ္ဘာသည် မီးဖြင့်ပျက်၏။ ထိုအခါ (ပျက်ခါနီး) အစကပင် ကမ္ဘာပျက်မိုးကြီးသည် တက်ပြီးလျှင် စကြဝဠာကုဋေတစ်သိန်း၌ တစ်စပ်တည်းသောမိုးကြီးဖြစ်လျက် ရွာသွန်း၏။ လူတို့သည် ဝမ်းမြောက်ရွှင်လန်းကုန်လျက် အလုံးစုံသော မျိုးစေ့တို့ကို ထုတ်၍ စိုက်ပျိုးကုန်၏။ ကောက်ပင်တို့သည် နွားစားလောက်ရုံမျှ ဖြစ်လာကြလျှင် မြည်းအံကဲ့သို့ မြည်လျက် ချုန်းလျက်မိုးရေတစ်ပေါက်မျှ မရွာတော့ချေ။ ထိုအခါ ပြတ်စဲသွားသောမိုးသည် လုံးဝပြတ်စဲသွားတော့သည်သာတည်း'*။

ကမ္ဘာကြီး မီးမလောင်ခင်မှာ မိုးကြီး သည်းထန်စွာရွာသတဲ့။ မိုးကြီးရွာတော့ ရေတွေရရှိပြီး လယ်သမားတွေ၊ ကိုင်းသမားတွေ၊ ရေလုပ်သားတွေ ဝမ်းသာကြပြီး စိုက်ကြပျိုးကြတာပေါ့။ ရေသတ္တဝါတွေလည်း ရွှင်လန်းချမ်းသာကြတာပေါ့။

သည့်နောက် မိုးကြီးစဲသွားပြီးနောက်ထပ် လုံး၀ မိုးမရွာတော့တာ နှစ်ပေါင်း ထောင်သောင်းသိန်းဂဏန်းထိကျအောင်ပဲတဲ့။ မိုးရေမရတော့ မြစ်၊ ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာတွေလည်း ရေတွေခန်းကုန်တာပေါ့။ သည်အခါမှာ ရေကိုမှီပြီးနေထိုင်အသက်ရှင်ကြရသည့် ရေသတ္တဝါတွေ သေကုန်ပြီဆိုတော့ ရေသတ္တဝါတွေကို မှီပြီး အသက်မွေးကြရသည့်လူသားတွေနဲ့ တိရစ္ဆာန်တွေလည်း သေလုမြောပါး အခက်အခဲတွေ ရင်ဆိုင်ကြရမှာပေါ့။ အဲဒီကာလမှာသေဆုံးသွားကြသည့် ရေသတ္တဝါတွေဟာ ဗြဟ္မာပြည်မှာ ဗြဟ္မာတွေဖြစ်ကုန်ကြသတဲ့။

အောင်ရွှေစိုးတောင် သည်သတ္တဝါတွေကို မနာလိုမိသလိုဖြစ်မိတယ်။ ပြီးတော့ တိရစ္ဆာန်မျှသာဖြစ်ကြသည့်

www.burmeseclassic.com

ရေသတ္တဝါတွေဟာ သေဆုံးကုန်ကြပြီးနောက် ပြိတ္တာပြည်မှာ ဖြစ်ကြရတယ်ဆိုတာကိုလည်း နားမလည်နိုင်အောင် ဖြစ်မိပါတယ်။ ပြိတ္တာပြည်မှာ ဖြစ်ဖို့ဟာ ရှာန်ရမှ ဖြစ်မှာ။ သည်တိရစ္ဆာန်တွေက ဘယ်သို့မည်ပုံ ဈာန်ရနိုင်ပါ့မလဲလို့ တွေးမိတာပေါ့။

သို့သော် ဝိသုဒ္ဓိမဂ်ကို ဆက်တက်လိုက်တော့ -

'လူနှင့် ဘုမ္မစိုးနတ်တို့မှတစ်ပါးသောသတ္တဝါတို့သည်ကား အပရာပရိယဝေဒနီယကံဖြင့် နတ်ပြည်၌ ဖြစ်ကုန်၏။ ဤသို့ နတ်ပြည်၌ရသောဈာန်၏အစွမ်းအားဖြင့် အလုံးစုံသောသတ္တဝါတို့သည် ပြိတ္တာပြည်၌ဖြစ်ကုန်၏'။

ဟူ၍ တွေ့ရ၏။

ထို့ကြောင့် ရေသတ္တဝါတို့ ပြိတ္တာပြည်၌ ဖြစ်ကြရသည့်အကြောင်းကို ရှင်းရှင်းလင်းလင်း နားလည်ရတော့တယ်။

သည်အခါ ရေသတ္တဝါတွေပြိတ္တာပြည်မှာဖြစ်ကြတာတော့ ရှင်းပါပြီ။ လူနှင့် အခြားသတ္တဝါ ဘုမ္မစိုးနတ် အစရှိသည်တို့ကတော ဘယ်လိုဘယ်ပုံ ပြိတ္တာပြည်ရောက်ကြရသလဲလို့ သိချင်လာပြန်တယ်။

'ဈာန်မရဘဲ ပြိတ္တာပြည်၌ဖြစ်ခြင်းမည်သည်မရှိချေ။ ဤဆိုခဲ့သောလူစသည်တို့တွင် အချို့သတ္တဝါတို့သည် အငတ်ဘေးဖြင့် အနှိပ်စက်ခံနေရကုန်၏။ အချို့သတ္တဝါတို့သည် ဈာန်ကို မရထိုက်ကုန်။ ထိုသတ္တဝါတို့သည် အဘယ်သို့လျှင် ပြိတ္တာပြည်၌ဖြစ်ကုန်သနည်းဟူမူ နတ်ပြည်၌ရသော ဈာန်၏အစွမ်းဖြင့် ဖြစ်ကြလေသည်။ ဖြစ်နိုင်ပုံမှာ ထိုအခါ၌ အနှစ်တစ်သိန်းကုန်လွန်သောအခါ ကမ္ဘာကြီးပျက်လိမ့်မည်ဟု လောကဗျူဟာမည်သော ကာမဝစရနတ်တို့သည် ဖြေလွှတ်သော ဆံပင်ရှိသည့်ပြင် ဖရိုဖရဲမြသောဆံပင်ရှိကုန်လျက် ငိုယိုသောမျက်နှာရှိ၍ မျက်ရည်တို့ကို လက်တို့ဖြင့်သုတ်ကုန်လျက် နီရဲသောအဝတ်ကိုဝတ်ဆင်ကြကာ အလွန်ဖောက်ပြန်သည့်ကြောက်ဖွယ်အသွင်ကိုဆောင်ကြသည်ဖြစ်၍ လူတို့လမ်း၊ လူတို့ကြားသိနိုင်သောအရပ်၌ လှည့်လည်ကုန်လျက် ဤသို့ပြောကြား ကြွေးကြော်ကုန်၏။

အချင်းတို့၊ ယခုအခါမှ အနှစ်တစ်သိန်းလွန်သောအခါ၌ ကမ္ဘာပျက်ခြင်း ဖြစ်လိမ့်မည်။ ဤလောကတစ်ခုလုံးပျက်လိမ့်မည်။ မဟာသမုဒ္ဒရာသည်လည်း ခန်းခြောက်သွားလိမ့်မည်။ ဤကမ္ဘာကြီးရော မြင်းမိုရ်တောင်ပါ မီးလောင်၍ ပျက်စီးသွားလိမ့်မည်။ ပြိတ္တာပြည်တိုင်အောင် ကမ္ဘာလောက၏ ပျက်စီးခြင်းဖြစ်လိမ့်မည်။ အချင်းတို့ မေတ္တာကို ပွားစေကြကုန်လော့။ ကရုဏာကို၊ မုဒိတာကို၊ အချင်းတို့ ဥပေက္ခာကို ပွားစေကြကုန်လော့။ မိခင်ကို ပြုစုလုပ်ကျွေးကြကုန်လော့။ ဖခင်ကို ပြုစုလုပ်ကျွေးကြကုန်လော့။ အမျိုးထဲ၌အသက်ကြီးသူတို့ကို အရိုအသေပြုကြကုန်လော့ဟု ပြောကြား ကြွေးကြော်ကုန်၏။

ထိုလောကဗျူဟာနတ်တို့၏စကားကို ကြားကုန်၍ အများအားဖြင့် လူတို့သည် လည်းကောင်း၊ ဘုမ္မစိုးနတ်တို့သည် လည်းကောင်း ထိတ်လန့်ခြင်းသံဝေဂဖြစ်ကုန်လျက် အချင်းချင်းနူးညံ့သောစိတ်ရှိကြသည်ဖြစ်၍ မေတ္တာအစရှိသော ကောင်းမှုတို့ကိုပြုကြ၍ နတ်ပြည်၌ဖြစ်ကုန်၏။ ထိုနတ်ပြည်၌ နတ်သုဒ္ဓါဘောဇဉ်ကို စားကြ၍ ဝါယောကသိုဏ်း၌ ပရိကံပြုကြ၍ ဈာန်ကိုရကုန်၏'။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး စီရင်ဘာသာပြန်တော်မူထားသည့် ဝိသုဒ္ဓိမဂ်မှာ အထက်ပါအတိုင်း ရှင်းရှင်းလင်းလင်း ဖတ်ရှုနာကြားခဲ့ရပါတယ်။ ဒါကြောင့် သိချင်တာကို ရှင်းရှင်းလင်းလင်းပဲ သိလိုက်ရပြန်ပါတယ်။

အောင်ရွှေစိုးရဲ့ကမ္ဘာပျက်ဆောင်းပါးကို ဖတ်မိကြသည့်အချို့က အများနဲ့ဖြစ်မှာမျှား အရေးတကြီးလုပ်နေရသေးဟုတောင် ထင်မြင်နိုင်ပါတယ်။ မှန်ပါတယ်။ ကမ္ဘာပျက်သည့်အခါ ခံစားရမည့်ဒုက္ခကို အများနဲ့အတူ ခံစားရမှာပါ။ အားလုံးခံစားကြရမှာပါ။ အဲသည့်အားလုံးထဲမှာ ကိုယ်လည်းတစ်ယောက်အပါအဝင်ဖြစ်နိုင်တာကို မမေ့စေချင်ပါ။ ထို့အတူ ကမ္ဘာပျက်သည့်အချိန်မှာခံစားရမည့် ဒုက္ခတွေက လွတ်မြောက်နိုင်သည့် ဘုံ၊ ဘဝတွေရှိနေပြီး ကိုယ်ဟာ အဲသည့်ဒုက္ခလွတ်မြောက်ရာဘုံမှာရှိနေနိုင်တာကိုလည်းသတိရစေချင်ပါတယ်။

ကမ္ဘာပျက်တော့မယ်လို့ ကမ္ဘာကျော်အောင် ကောလာဟလဖြစ်ပေါ်ခဲ့ပါပြီ။ ဗုဒ္ဓရှင်တော်မြတ်ကြီးက ကမ္ဘာပျက်ကောလာဟလဖြစ်ပြီး နောက်ပိုင်း နှစ်ပေါင်းတစ်သိန်းမှာ ကမ္ဘာပျက်မည်လို့ ဟောကြားတော်မူထားခဲ့ပါတယ်။ အဲသည့်အခါမှာ သတ်ရှိတွေအားလုံးသေကျေပျက်စီးပြီးနောက် ပြိတ္တာပြည်မှာဖြစ်ကြလိမ့်မယ်လို့လည်း ဟောတော်မူပါတယ်။ ကမ္ဘာပျက်မည့်နောက်ဆုံးနှစ်၊ နောက်ဆုံးနေ့ရောက်မှ ခံစားကြရမှာ မဟုတ်ပါဘူး။ ကောလာဟလထွက်ပေါ်လာပြီးသည့်အချိန်ကစပြီး ရှိမြဲဒုက္ခတွေထက် သာလွန်ခံခက်သည့်ဒုက္ခတွေကို ခံစားကြရမှာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေ မမျှော်လင့်ဘဲဆိုက်ရောက်တတ်ပါတယ်။ လူသားတွေကလောဘကြီးလာပြီး လူ့စည်းကမ်းတွေ၊ လူ့ကျင့်ဝတ်တွေ မစောင့်ထိန်းတော့ဘဲ ဘယ်သူတွေ ဘာဖြစ်ဖြစ် ပိုက်ဆံရပြီးရောဆိုပြီး ဆေးဝါးအတု၊ အစားအသောက်အတု၊ ကိုယ်ချင်းစာနာမှုမရှိသည့် စီးပွားရေးလုပ်ငန်းမျိုးတွေ၊ ဘယ်သူ ဘယ်လူမျိုး ဘယ်နိုင်ငံ ဘာဖြစ်ဖြစ် ငါ့လူမျိုး၊ ငါ့နိုင်ငံချမ်းသာရင်ပြီးရောဆိုသည့် စိတ်မိုက်စိတ်ရိုင်းတွေနဲ့ မတော်မလျော်တွေလုပ်လာနေကြတာမျိုးတွေ တဖြည်းဖြည်းနဲ့ ဆတက်ထမ်းပိုးတိုးလာကြပါလိမ့်မယ်။ သည်တော့ ခံရသည့်လူတွေ့လည်း ဒေါသတွေဖြစ်ပြီး ပြုလုပ်လာကြသူတွေကို တတ်နိုင်သမျှတားဆီးကန့်ကွက်လာကြပါလိမ့်မယ်။ သည်အခါ ဒေါသချင်းထိပ်တိုက်တွေ့ပြီး ပဋိပက္ခတွေ ဖြစ်လာကြပါလိမ့်မယ်။ သည်အခါ လူမျိုးတစ်မျိုးနှင့်တစ်မျိုးနှင့် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကြီးမားသည့် ဆန့်ကျင်ပွဲအဖြစ် ကမ္ဘာစစ်ကြီးတွေဖြစ်ပြီး ဒုက္ခအမျိုးမျိုးလို့ သိမ်းကျုံးဆိုနိုင်သည့် ရောဂန္တရကပ်ဆိုး၊ ဒုဗ္ဘိက္ခန္တရကပ်ဆိုး၊ သတ္တန္တရကပ်ဆိုးကြီးတွေ ဧကန်မုချကျရောက်လာပါလိမ့်မယ်၊အဲဒါတွေဟာ ကမ္ဘာပျက်မည့်နေ့မတိုင်ခင် နှစ်ပေါင်းတစ်သိန်းအတွင်း ခံစားကြရမယ့်ဒုက္ခတွေပါ။

ယခု ကမ္ဘာကျော်အောင် ကမ္ဘာကြီးပျက်တော့မည် ဆိုသည့် ကောလာဟလကြီးပေါ်ခဲ့ပြီးနောက်ပိုင်း သတိပြုမိသည့်အချိန်ကစပြီး ကမ္ဘာကြီးပျက်သည်အထိ စောင့်မနေကြတော့ဘဲ ကပ်ကြီးသုံးပါးအကျုံးဝင်သည့် ဒုက္ခဆိုးတွေက လွတ်တင်းနိုင်သည့် ဘုံဘဝတွေကစပြီး ဒုက္ခခပ်သိမ်းကင်း လွတ်ငြိမ်းနိုင်သည့် နိဗ္ဗာန်အထိ ရောက်စေရန် ရည်မှန်း၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် သမထ၊ ဝိပဿနာဘာဝနာတရားတော်မြတ်များကို ကြိုးစား၍ အလျဉ်းသင့်သလို လေ့လာကျင့်ကြံအားထုတ်ကြပါရန် လူငယ်၊ လူရွယ်၊ လူကြီးမရွေးဘဲ ပါရမီရှင်များကို နှိုးဆော်အားပေးလိုကြောင်းပါခင်ဗျာ။

အောင်ရွှေစိုး



www.burmeseclassic.com


www.burmeseclassic.com

လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်ခန့်က ဖြစ်၏။ လောကီလူသားတို့သည် တစ်စုံတစ်ခုသောအရာကို စွဲလမ်းတပ်မက်လာခဲ့ပါလျှင် လွယ်လွယ်ကူကူနှင့် ဖျောက်ဖျက်ပယ်ပစ်နိုင်သူကား မရှိတော့ပါချေ။ ခဲယဉ်း၏။

(မန္တကဏ္ဍသိုလ်)

# မဟာနွယ်

## စွဲလမ်းမှုတရား ပယ်သတ်ရာဝယ်





သူရွှေမဂ္ဂဇင်း
၂၀၁၄ ခုနှစ် စက်တင်ဘာလ အတွဲ(၁၄) အမှတ်(၉)

www.burmeseclassic.com

www.burmeseclassic.com

စွဲလမ်းခြင်းဆိုရာ၌လည်း တစ်စုံတစ်ခုသောအရာကို တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူး၊ စားဖူး၊ ထိတွေ့ခံစားဖူးသောအရာတို့ကိုသာ စွဲလမ်းခြင်း ဖြစ်ကြ၏။ သတ္တဝါများသည် ထိုအာရုံငါးပါးနှင့် မလွတ်ကင်းနိုင်ကြပါချေ။ ရူပါရုံ သဒ္ဒါရုံ ရသာရုံ၊ ဂန္ဓာရုံနှင့် ဖောဋ္ဌဗ္ဗာရုံ အာရုံတရားတို့က လောကကြီးတစ်ခုလုံးကို လွှမ်းမိုးအုပ်စိုးမင်းမူလျက်ရှိကြ၏။

ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့သည်ကား လူသားတို့၏ စိတ်အစဉ်၌ ခိုင်မြဲစွာ ချည်နှောင်တုပ်ထားတတ်ကြ၏။ ရှောင်လွှဲလို့ကားမလွတ်။ ပြေးလို့လည်း မလွတ်ပါချေ။

သူတော်ကောင်းသူမြတ်လောင်းတို့သည် အဆိုပါ အနှောင်အဖွဲ့မှ လွတ်မြောက်ရန် ရုန်းကန်ကာထွက်သွားကြရ၏။ သံယောဇဉ်ကြိုးများကိုလည်း ဖြတ်တောက်ပစ်ကြ၏။ လွတ်မြောက်သွားကြ၏။

သာသနာ့ဝန်ထမ်းရဟန်းတစ်ပါးသည် သာသနာ့ဘောင်တွင် နှစ်မြိုက်ပျော်မွေ့စွာ နေထိုင်လာခဲ့၏။ သိက္ခာတော် သုံးဆယ့်ငါးဝါ ကြာမြင့်ခဲ့လေပြီ။ ဂါမဝါသီ၌နေထိုင်ရခြင်းကို တစ်စတစ်စဖြင့် ငြီးငွေ့စပြုလာ၏။

ထိုရဟန်းသည် အရညဝါသီတွင် နေထိုင်သီတင်းသုံးရန် စိတ်အကြံရလာလေ၏။

'ငါဟာ သာသနာ့ဝန်ထမ်းရှင်ရဟန်းဖြစ်တယ်။ လောကီအနှောင်အဖွဲ့မှ လွတ်မြောက်ရန် ကျင့်ကြံနေသူလည်းဖြစ်တယ်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မကို အမိကထားကာ အားထုတ်လာရတယ်။ (၂၂၇) သွယ်သော ရဟန်းတို့၏ သိက္ခာပုဒ်တော်များကိုလည်း မကျိုးမပေါက် မပြောက်မကြားရအောင် အသိတရားနဲ့ ထိန်းသိမ်း စောင့်ရှောက်လာခဲ့တယ်၊ ငါဟာ တရားထူးကိုရအောင် ဤရွာမှ ထွက်ခွာရမယ်။ ငါဟာ တောရပ်ကိုမှီပြီး ဤတောအုပ်မှ ဟိုတောအုပ်သို့၊ ဤတောင်မှ ဟိုတောင်သို့ လှည့်လည်သွားလာပြီး ဗုဒ္ဓတရားဓမ္မတို့ကို ကျင့်ကြံအားထုတ်ရပါမူကား ငါရဲ့ဘဝ ချမ်းသာရာရပေတော့မယ်'

ဟု ကြံစည်ကာ သပိတ်တစ်လုံးနှင့် သုံးထည်သောသင်္ကန်းတို့ကို ဝတ်ရုံလျက် ညဉ့်သန်းခေါင်းယံအချိန်တွင် မိမိသီတင်းသုံးသော ကျောင်းတော်မှ တောအုပ်ကြီးတစ်ခုဆီသို့ ဦးတည်ကာ တစ်ဦးတည်း ထွက်ခွာလာခဲ့လေ၏။

ရဟန်းသည် တဖြည်းဖြည်း လျှောက်လှမ်းလာခဲ့ရာ တောအုပ်ကြီးအနီးသို့ ရောက်ရှိလာ၏။ ခဏတစ်ဖြုတ် ရပ်တန့်ကာ တောအုပ်ကြီးထဲသို့ ဝင်ရာလမ်းကို လေ့လာကြည့်ရှုလေ၏။

တောအုပ်ကြီးထဲသို့ ဝင်ရာလမ်းမှာ လူသွားလူလာလမ်း မဟုတ်သဖြင့် ထင်ရှားခြင်းမရှိပါ။ သို့သော် ချုံနွယ်ပိတ်ပေါင်းများကားရှင်းပါ၏။ ချုံနွယ်ပိတ်ပေါင်းများ ရှင်းသောနေရာမှ တဖြည်းဖြည်းဝင်ရောက်လာခဲ့၏။ တောကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

အတန်ငယ်ကြာသောအခါ စမ်းချောင်းတစ်ခုကို တွေ့ရ၏။ စမ်းချောင်း၏ ပတ်ဝန်းကျင်မှာ ပဒေါင်ပင်ကြီးတစ်ပင် ထီးထီးမားမား စည်စည်ကားကားနှင့် ကြီးထွားနေသည်ကို တွေ့ရှိရ၏။

ဤပဒေါင်ပင်ကြီးကို အမှီသဟဲ





www.burmeseclassic.com

www.burmeseclassic.com

ပြု၍နေရလျှင်ကောင်းမည်ဟု ရဟန်း၏ စိတ်ထဲ၌ ဖြစ်ပေါ်လာလေ၏။ ထိုသစ်ပင်ထက်တွင်လည်း တောကြက်၊ တောငှက်နှင့် ဥဒေါင်း၊ ကြိုးကြာ၊ သာလိကာငှက်တို့ကလည်း အပင်ကြီးကို အမှီသဟဲပြု၍ နေထိုင်ကျက်စားနေကြလေ၏။

ရဟန်းရောက်သောအချိန်ကား အရုဏ်ဦးတက်စအချိန်အခါ ဖြစ်၏။ အရှေ့လောကဓာတ်မှ သူရိယဖန်အိမ်ဒေါင်းရဝိန်သည် လောကလူသားများနှင့် သက်ရှိသတ္တဝါတို့အား နှုတ်ဆက်သည့် အလား အရုဏ်ဦးအလင်းတန်းများဖြင့် ကွန့်မြူးစပြုလာ၏။

တောကြက်တောငှက်တို့ကလည်း အရုဏ်ဦးတေးကို သံပြိုင်ဟစ်ကြွေးသီဆိုကာ နေ့သစ်ကို ကြိုလင့်၍နေကြ၏။ တောတောင်သဘာဝအလှတို့ကား သာယာအေးချမ်းလှဘိတကား။

တရားကိုရှာဖွေနေသော ရဟန်းတစ်ပါးအတွက် ဤတောဤတောင်သည် အလွန်သင့်လျော်သောနေရာတစ်ခု။ ဟိုရှေးရှေးတုန်းကလည်း အရညဝါသီတောရပ်ကို မှီသောရဟန်းတို့သည် တရားထူးကို ရှာဖွေကြပေလိမ့်မည်။ အဟောဝတ - အို အံ့ဩဖွယ်ကောင်းလေစွ၊ အဟောသုခံ- အို ချမ်းသာလေစွတကား။

ဤတောအရပ်၌ တရားထူးကို ရှာဖွေရခြင်းသည် ရဟန်းအတွက် အလွန်သင့်လျော်သောနေရာတစ်ခု ဖြစ်၏။ နှစ်သက်ဝမ်းမြောက်မိ၏။ ဝမ်းသာမိ၏။ လွန်စွာပီတိဖြစ်မိ၏။ တရားထူးကို ရရှိရန် အာရုံပြု၍ တရားအားထုတ်ရန် ဆုံးဖြတ်ချက်ချထားလေ၏။

ရဟန်းသည် ရောက်ရှိသောတောတောင်တစ်ရိုးတွင်လှည့်လည်၍ တရားအားထုတ်ရှုမှတ်လာခဲ့၏။ တရားထူးရရန် အားထုတ်လာခဲ့၏။

အချိန်ကား အတော်အတန် ကြာညောင်းသွားခဲ့လေပြီ။ တရားထူးကို ရရှိရန် တစ်စတစ်စနှင့် နီးကပ်စပြုလာ၏။ ဆက်လက်၍ တရားကိုရှုမှတ်အားထုတ်လာလေ၏။

ရဟန်းသည် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာသဖြင့် လွန်စွာပီတိဖြစ်မိ၏။ ဆက်လက်၍ တရားကို အားထုတ်မြဲအားထုတ်လျက် ရှိ၏။ သမထတရားအားကောင်းလာသဖြင့် အကြားအမြင်ပေါက်လာ၏။ လူတို့၏စိတ်ကိုသိနိုင်၏။ အကြောင်းအရာတစ်ခုကို အာရုံစူးစိုက်ကာ အာရုံပြုလျှင် ထိုအရာကိုမြင်လာ၏။ ထိုအရာတို့၏ ပြောဆိုသံတို့ကိုလည်း ကြားလာရ၏။ သူတစ်ပါးတို့၏ စိတ်အကြံတို့ကိုလည်း သိလာလေ၏။

ဟိုယခင်က ရဟန်းအား ဝတ်ကြီးဝတ်ငယ် ပြုစုနေခဲ့သော ဦးသူတော်တစ်ပါးရှိ၏။ ဦးသူတော်သည် ဆရာရဟန်း တောထွက်သွားသည့်နေ့မှစ၍ ဝတ်ကြီးဝတ်ငယ်များကို မပြုစုရသည်မှာ ကာလအတော် ကြာညောင်းခဲ့လေပြီ။ နှစ်အနေအားဖြင့် (၅) နှစ်ခန့်သို့ ပြည့်လာခဲ့၏။

ဦးသူတော်သည် ဆရာရဟန်းအား တွေ့ချင်မြင်ချင်သော စိတ်ဆန္ဒဖြစ်ပေါ်လာ၏။ သူသည် ဆရာရဟန်းအား ဝတ်ကြီးဝတ်ငယ်များကို ပြုစုလိုသောစိတ်ဆန္ဒကပြင်းပြလာသဖြင့် တောတွင်း၌ ဆရာရဟန်းအား လိုက်လံရှာဖွေရန် စိတ်ကိုဆုံးဖြတ်ချက်ချလိုက်လေ၏။

သို့သော် တရားထူးကို ရှာဖွေနေသောပုဂ္ဂိုလ်အား ဝတ်ကြီးဝတ်ငယ်ပြုစုနေသဖြင့် အနှောင့်အယှက်ပေးရာရောက်မှာကိုလည်း ဦးသူတော်က စိုးရိမ်စိတ်ဖြစ်လာ၏။ သူသည် ဆရာရဟန်းအား ရှာဖွေရန် အစီအစဉ်ကိုပင် ဖျက်လိုက်ရလေ၏။

တစ်ဖန် ဦးသူတော်ကား ဆရာရဟန်းအား အထူးတွေ့ချင်သောဆန္ဒဖြစ်ပေါ်လာပြန်၏။ သို့သော် ဆရာရဟန်း သီတင်းသုံးနေထိုင်သောနေရာကိုကား အတိအကျမသိရပေ။

ရဟန်းသည် ဤတောတောင်ကန္တာရကြီးတွင် သီတင်းသုံးနေထိုင်ခြင်းမှာ ဧကန်ဖြစ်တန်ရာ၏ဟု ဦးသူတော်၏စိတ်ထဲမှာ ထင်မှတ်ထားလေ၏။ ဤတောတောင် ကန္တာရကြီးထဲတွင် လိုက်လံရှာဖွေရလျှင် တစ်နေ့မဟုတ်တစ်နေ့ ဆရာရဟန်းနှင့် တွေ့ဆုံနိုင်မည်ဟုလည်း သူ၏စိတ်ထဲမှာ တထစ်ချ ယုံကြည်အားကိုးထားလေ၏။

ဦးသူတော်က ဆရာရဟန်း၏ တရားထူးရှာဖွေခြင်းလုပ်ငန်းကို အနှောင့်အယှက်ပေးရာကျမှာကို ပို၍ပင်စိုးရိမ်စိတ်ဖြစ်ပေါ်လာပြန်၏။ထို့ကြောင့် ဦးသူတော်သည် ဆရာရဟန်းအား ရှာဖွေရန် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရပြန်၏။

သို့သော် ဦးသူတော်ကား လက်လျှော့ခြင်း မရှိပါ။ ဤကန္တာရတောကြီးထဲသို့ဝင်ရောက်ပြီး ရှာဖွေပြုစုရန် စိတ်ဆန္ဒက ပြင်းပြလာပြန်ပါ၏။ ဤအကြိမ်မှာ ဦးသူတော်သည် ဆရာရဟန်း ကြိုက် နှစ်သက်သော ငှက်ပျောသီး၊ ပန်းသီး လိမ္မော်သီးတို့ကို ရှာဖွေစုဆောင်း ၏။

သူသည် ရရှိသမျှသော သစ်သီး တို့ကို လွယ်အိတ်ထဲမှာထည့်၍ ဆရာ ရဟန်းအားရှာဖွေရန် မိမိကျောင်းသခ်မ်း မှ ထွက်ခွာလာလေ၏။

ဆရာရဟန်းသည် နံနက်စော စော (၄)နာရီအချိန်ခန့်ကပင် မြတ်ဗု ၏ တရားတော်မြတ်ကို နှလုံးသွင်းအာ ပြုကာ ရှုမှတ်ဆင်ခြင်နေလေ၏။ ဆရာ ရဟန်း၏ စိတ်အာရုံထဲတွင် ဦးသူတော် သည် ရဟန်းအား ရှာဖွေရန်ထွက်လာ ကြောင်းမြင်တွေ့ရလေ၏။ ယင်းကြောင့် ဦးသူတော် ခရီးမဖင့်စေရန် တောအုပ် အဝင်တွင် မနီးမဝေးသော သစ်ပင်တ ပင်၏အောက်၌ သီတင်းသုံးကာနေ ၏။

ဦးသူတော်သည် ဆရာရဟ အား မှန်းမှော်၍ တောကြီးထဲသို့ဝင် ရောက်လာလေ၏။ တောကြီးမျက်မည်း ထဲသို့ ရောက်လာသဖြင့် ဟိုကြည့်သည် ကြည့်နှင့် ဆရာရဟန်းအား တွေ့နိုးနိုး လိုက်လံရှာဖွေနေလေ၏။ တော တောင်ပန်းများကလည်း မွှေးကြိုင် ဖူးပွင့်နေကြ၏။

ကျေးငှက်သာလိကာ တစ် ရင့်ညောင်း ရွှေဥဒေါင်းတို့ကလ ဘာသာဘာဝ တေးသံချိုတို့ကို သီ ဟစ်ကြွေးကာ ဖိုမသံပေးလျက်ရှိကြ တွန်ကျူးသောင်းသောင်း ငှက်အပေါင်း တို့၏ တေးသံသာများကလည်း တော မြိုင်ယံတစ်ခိုမှာ စာဆိုနှင့် လိုက်ဖက်ည် အောင် ပျော်ပိုက်စရာကောင်းလေ တကား။

ဦးသူတော်သည် ခြေဦးတည့် သို့သွားလေရာ တစ်စတစ်စနှင့် ဆရာ ရဟန်းနှင့် နီးကပ်လာလေ၏။ ဦး တော်၏ စိတ်ထဲမှာ ဆရာရဟန်း တွေ့ရလိမ့်မည်ဟု ယုံကြည်ထား၏။ သည် မောမောပန်းပန်းနှင့် သစ်တစ် အောက်မှာ ထိုင်ချလိုက်၏။ အမော ပန်းဖြေလိုက်၏။ အမောပြေလာသ ဆက်လက်ရှာဖွေရန် ခရီးစတင်လိုက် ခရီးစလှမ်းချင်း သူနှင့် ကိုက် ထောင်ခန့်အကွာ သစ်ပင်အောက် ဆရာရဟန်းနှင့်တူသော ပုဂ္ဂိုလ်တစ် ထိုင်နေသည်ကို မြင်တွေ့ရလေ၏။ သည် သူ၏မျက်စိကိုပင် မယုံကြည် မျက်စိကို ပွတ်သပ်လိုက်၏။

www.burmeseclassic.com

ထပ်၍ကြည့်ပြန်၏။ မျက်စိက အားနည်းနေသဖြင့် ပြတ်ပြတ်သားသားကား မမြင်ရ။

ဦးသူတော်သည် တဖြည်းဖြည်းနှင့် ထိုပုဂ္ဂိုလ်၏အနီးသို့ ရောက်ရှိလာ၏။ အနီးသို့ရောက်လာသောအခါမှာတား သူတွေ့လိုသောပုဂ္ဂိုလ် ဆရာရဟန်း ဖြစ်နေ၏။

သူသည် ဆရာရဟန်း၏ အနီးသို့ ရောက်လာသောအခါ အေးဆေးစွာ ထိုင်၍ ရှိခိုးဦးချကာနေလေ၏။ သူသည် ဆရာရဟန်းအားတွေ့ရသဖြင့် ဝမ်းသာလုံးဆို့နင့်ကာ မျက်ရည်လည်လည်နှင့် ရှိ၏။ စကားတစ်ခွန်းမှမပြောနိုင်။

(၁၅) မိနစ်ခန့်ကြာမှ ဦးသူတော်သည် မျက်ရည်များကိုသုတ်ပစ်ပြီး -

"အရှင်ဘုရား၊ နေကောင်းပါသလား ဘုရား"

လျှောက်ထားမေးမြန်းလေ၏။

ထိုအခါ ဆရာရဟန်းက -

"အေးအေး - နေကောင်းပါတယ် ဦးသူတော်။ ဦးသူတော်ကော နေကောင်းတယ်ဟုတ်လား"

"တင်ပါ့ဘုရား၊ နေကောင်းပါတယ် အရှင်ဘုရား"

ဟု လျှောက်ထားလေ၏။

ဦးသူတော်မှာ ပါလာသော သစ်သီးဆွမ်းတို့ကို ဆရာရဟန်းအား ဆက်ကပ်လှူဒါန်းလေ၏။ ဆရာရဟန်းသည်လည်း ဦးသူတော် လှူဒါန်းလာသော သစ်သီးဆွမ်းတို့ကို ဘုဉ်းပေးတော်မူလေ၏။ ဦးသူတော်ကလည်း ဆရာရဟန်းအား ကျန်းမာစွာမြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိလေ၏။

"အရှင်ဘုရား၊ တပည့်တော်ယခင်တအတိုင်း ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုခွင့်ပေးပါဘုရား"

လျှောက်ထားတောင်းပန်လာ၏။

ဆရာရဟန်းသည် ဦးသူတော်အား ဝတ်ကြီးဝတ်ငယ်ပြုစုရန်အတွက်ကို စဉ်းစားမိလေ၏။

'ဤနေရာကား တောမြိုင်အတွင်းဝင် ဖြစ်ပေတယ်။ တစ်စုံတစ်ခုမလိုလားအပ်သောအရာတို့ ဖြစ်ပေါ်လာခဲ့ပါရင် ငါ့အတွက်လည်းမကောင်း၊ ဦးသူတော်အတွက်လည်း ကောင်းလိမ့်မည်မဟုတ်'

တွေးတောမိလာ၏။

"သည်းခံပါ ဦးသူတော်၊ သည်းခံပါ။ အခုတွေ့ရပြီမဟုတ်လား ဦးသူတော် မိမိနေရပ်ကို ပြန်ပေတော့"

အမိန့်ရှိလာ၏။

သူသည် မမျှော်လင့်သော စကားများကို ကြားသိလိုက်ရသောအခါ အထူးစိတ်မကောင်းဖြစ်မိ၏။ ပြန်လို့ကား မလျှောက်ဝံ့တော့ပါချေ။

တောရပ်နေရဟန်းတို့မည်သည် ဓူတင်တေရသ ဆောက်တည်ရသော ပုဂ္ဂိုလ်တို့သာ ဖြစ်ကြ၏။ အကျင့်သိက္ခာတို့ကို အတိမ်းအစောင်းမခံ။ လူသားတို့နှင့် ကင်းရှင်းစွာ နေထိုင်လို၏။ အထူးသဖြင့် တစ်ပါးတည်းနေထိုင်ရခြင်းကို ပို၍ပင်မြတ်နိုး၏။ ယင်းကြောင့်လည်း ဦးသူတော်၏ ဝတ်ကြီးဝတ်ငယ်ပြုစုချက်တို့ကို ခွင့်ပြုတော်မမူ။

ဆက်လက်၍ ဆရာရဟန်းက -

"ဦးသူတော် အချိန်ရှိခိုက်မှာ မိမိအရပ်ကိုပြန်ပေးတော့"

မိန့်တော်မူလေ၏။

ဦးသူတော်မှာ ဆရာရဟန်းနှင့် မခွဲချင်။ အတူတကွနေလို၏။ ဆရာရဟန်းကလည်း သူ့အား လက်ခံခြင်းမပြုတော့။

"အရှင်ဘုရား၊ တပည့်တော် ပြုစုပါရစေ ခွင့်ပြုပါ"

တောင်းပန်လာပြန်ပါ၏။

"ဦးသူတော် သည်းခံပါ၊ သည်းခံပါ။ မိမိရပ်ရွာသို့သာ အချိန်မီပြန်သွားပေတော့ ဦးသူတော်"

မိန့်တော်မူလေ၏။

ဆရာရဟန်းက လက်မခံသဖြင့် ဝမ်းနည်းခြင်းများစွာဖြင့် ဆရာရဟန်းအား ရှိခိုးကန်တော့ကာ ဆရာ၏အနီးမှ ထွက်ခွာလာလေ၏။ ထွက်ခွာခါနီးတွင် ဆရာရဟန်း၏ မျက်နှာတော်ကို တစိမ့်စိမ့်ကြည့်ရှုနေ၏။ ကျမျက်ရည်လည်လည်နှင့် ထွက်ခွာလို့ပင် မသွားချင်။ ရစ်သီရစ်ဝဲနှင့် ခြေထောက်များ လေးလံနှေးကွေးစွာ ဆရာ၏ မျက်နှာတော်ကို ပြန်ကြည့်ပြန်ကြည့်နှင့် ထွက်ခွာလာခဲ့ရ၏။ ဦးသူတော်မှာ ဘာမှပြန်၍လျှောက်ထားခြင်းမရှိပါ။ ဆရာရဟန်း၏ အစီအစဉ်အတိုင်းသာ လိုက်နာ၍ မိမိအရပ်သို့ ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့် ပြန်လည် ထွက်ခွာလာခဲ့လေ၏။

ဆရာရဟန်းလည်း ခေတ္တသီတင်းသုံးနေထိုင်သော သစ်ပင်အောက်မှ ထကာ မိမိအမြတမ်းသီတင်းသုံးနေထိုင်သော ပညောင်ပင်ကြီးဆီသို့ တဖြည်းဖြည်းနှင့် ကြွလှမ်းလာခဲ့လေ၏။

'အင်း - ဦးသူတော်ကား ငါ့အားခင်မင်သောသူတစ်ဦး။ ဤတောကြီးမျက်မည်းထဲတွင် နှစ်ဦးသား အတူနေထိုင်ရန် မသင့်လျော်ပေ'

ရဟန်း၏စိတ်ထဲမှာ ဖြစ်ပေါ်၍လာလေ၏။

ရဟန်းသည် 'သဗ္ဗေသတ္တာ အဝေရာဟောန္တု' ဟု နှုတ်လုံးသွင်းကာ လျှောက်လှမ်းလာခဲ့လေ၏။

သီတင်းသုံးနေထိုင်ရာ ပညောင်ပင်ကြီး၏အောက်သို့ ရောက်ရှိလာလေ၏။ ပညောင်ပင်ကြီး၏ အောက်သို့ ရောက်သောအခါ တရားရှုမှတ်ကာနေလေ၏။

ဦးသူတော်သည် ဆရာရဟန်းဆီမှ ခွဲခွာလာရသဖြင့် စိတ်ခါတ်ကျကျနှင့် တောမြိုင်ကြီးအတွင်းမှ တစ်ဦးတည်း ထွက်ခွာလာလေ၏၊ စိတ်ထဲမှာ ဝမ်းနည်းမိ၏၊ ငိုမိ၏။ ခြမဆည်နိုင်သော မျက်ရည်အလွှမ်းမိုးက လမ်းတစ်လျှောက်လုံးတွင် စီးကျလာခဲ့လေ၏။

သူသည် တဖြည်းဖြည်းနှင့် လျှောက်လှမ်းလာခဲ့ရာ မိမိကျေးရွာသို့ ညနေ(၆)နာရီခန့်တွင် ပြန်လည်ရောက်ရှိလာခဲ့လေ၏။

'ဆရာရဟန်းက ငါ့အားပြန်လွှတ်လိုက်တာဟာ အကြောင်းတော့ရှိပါလိမ့်မယ်။ တစ်ဦးတည်း တရားအားထုတ်ရတာဟာ ပိုပြီး သင့်လျော်ပါလိမ့်မယ်။ အဖော်တစ်ဦးက အနားမှာရှိနေခဲ့ပါရင် အနည်းနဲ့အများဆိုသလို တရားအားထုတ်ရာမှာ အနှောင့်အယှက်ဖြစ်နိုင်ပါလိမ့်မယ်လေ'

ဦးသူတော်က သဘောပေါက်လာ၏။

'ဆရာရဟန်း တရားအားထုတ်ခြင်းဟာ ထမြောက်အောင်မြင်လာခဲ့ရတော့ ငါတို့က ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်နေရမယ်သာ'

ဦးသူတော်သည် ကောင်းစွာ သဘောပေါက်မိလာပြန်၏။

'တစ်နေ့နေ့တစ်ချိန်ချိန် တစ်နေရာမှာ ဆရာရဟန်းနဲ့ ပြန်လည်တွေ့ဆုံနိုင်ပါသေးတယ်လေ'

ဦးသူတော်သည် မျှော်လင့်ချက်တစ်ခုအားတင်းထားလိုက်၏။

*

ဦးသူတော်နှင့် ဆရာရဟန်းတို့ လမ်းခွဲခဲ့ကြသည်မှာ (၇) နှစ်ခန့်အချိန်ကြာမြင့်ခဲ့လေပြီ။ တစ်နေ့သောအခါ ဆရာရဟန်းသည် တစ်စုံတစ်ခုသော အရာကို အာရုံပြုမိခဲ့၏ ယင်းအရာသည် ယခင်ကကျောင်းထိုင်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဘဝနှင့်နေစဉ်အခါက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခု။

ဆရာရဟန်းသည် ထိုအာရုံမြင်ကွင်းကို မြင်တွေ့သည့်နေ့မှစ၍ တရားထူးရှာဖွေနေခြင်းမှာ စိတ်ဝင်စားမှုလျော့ရှိလျော့ရဲစပြုလာ၏။ စိတ်မဝင်စားတော့ပါချေ။ စိတ်ကိုတင်းကာ အာရုံမြင်ကွင်းကို ပယ်ရှားပစ်ခဲ့လေ၏။ သို့သော် ထိုအရာကား ပျောက်သွားခြင်းမရှိဘဲ တစ်နေ့ထက်တစ်နေ့ တိုးပွားကာလာလေ၏။

တစ်နေ့တွင် ဆရာရဟန်းသည် မိမိသီတင်းသုံးနေထိုင်သော ပညောင်ပင်ကြီးကို စွန့်ခွာ၍ တောမြိုင်ကြီးအတွင်းမှ ကျေးရွာဘက်သို့ ဦးတည်ကာ ထွက်ခွာလာခဲ့လေ၏။ အနှစ်နှစ်အလလ တရားအားထုတ်ခဲ့သောအချိန်ကို ပြန်လည်ဆန်းစစ်ကြည့်ပါလျှင် လွန်စွာပင်နှမြောစရာ။

ဆရာရဟန်းသည် တဖြည်းဖြည်းနှင့် လျှောက်လှမ်းလာခဲ့လေ၏။ ကျေးရွာနှင့်သုံးမိုင်ခန့်အကွာတွင် တောင်ကုန်းတစ်ခုသို့ ရောက်ရှိလာ၏။ ထိုတောင်ကုန်း၏ တောင်ခါးပန်းအလယ်ခန့်တွင် လယ်သမားတစ်ဦး၏ တဲဟောင်းတစ်ဆောင်ရှိ၏။ မိုးချုပ်လာသဖြင့် ထိုလယ်သမား၏ တဲဟောင်းအတွဲသို့ဝင်ရောက်ကာ သီတင်းသုံးနေလေ၏။

လယ်တဲကား အမိုးကလည်းကျဲကျဲရှိ၏။ အမိုးကားမလုံခြုံပေ။ ဘေးပတ်လည်မှာလည်း ထရံအကာအရံ မရှိပါ။ လယ်တဲ၌ အခန်းကလည်း ကပိုကရိုရှိ၏။ တသောက်ကရောက်ရှိ၏။

မည်သို့ပင်ဆိုစေ ဤနေရာသည်ကား ဆရာရဟန်း ယခင်ကနေထိုင်ခဲ့သော ပညောင်ပင်ကြီးထက် လုံခြုံမှုရှိပါ၏။

ဆရာရဟန်းသည် နံနက် (၈) နာရီခန့်တွင် ယခင်က သီတင်းသုံးနေထိုင်ခဲ့သော ကျေးရွာသို့ ဆွမ်းအလို့ငှာကြွလာလေ၏။ ရပ်ရွာရှိ ဒကာ၊ ဒကာမများက အထူးအံ့အားသင့်စွာဖြင့် မိမိတို့ချက်ပြုတ်ထားသော ဆွမ်း၊ ဆွမ်းဟင်းတို့ကို လောင်းလှူကြလေ၏။

အံ့အားသင့်မည် ဆိုလျှင်လည်း အံ့အားသင့်စရာပါ။ ဆရာရဟန်း တောရပ်တွင် တရားထူးကိုရှာဖွေရန် ထွက်ခွာသွားသောနေ့ကပင် တစ်ကြိမ်တစ်ခါမျှ ဆရာရဟန်းအား မလှူကြရ၊ မဖူးမြော်မကန်တော့ကြရပါချေ။

ယခုအခါ ဆရာရဟန်း ဆွမ်းခံကြွလာသည်ကို မြင်ကြရသဖြင့် ဝမ်းသာပီတိများစွာဖြင့် ကြည်ညိုမိကြ၏။ သူ့ထက်ငါဦးအောင် လှူဒါန်းကြ၏။ တစ်ဦးနှင့်တစ်ဦး ဖိတ်ခေါ်ပြီး အသိပေးကာ လှူဒါန်းကြ၏။

ဆရာရဟန်းသည် ဆွမ်းခံရာ၌ ရွာထက်ဝက်ခန့်မျှသာ ရှိပါသေး၏။ ဆွမ်းသပိတ်မှာ ပြည့်လျှံသွားလေ၏။ ဆရာရဟန်းသည် ဆွမ်းပြည့်သည့်နေရာမှ မိမိတည်းခိုရာ တောင်ကုန်းရှိ လယ်သမား၏တဲသို့ ပြန်ကြွသွားလေ၏။

ဆရာရဟန်းသည် ကျေးရွာသို့ ဆွမ်းခံဝင်သည်ဆိုသောစကားကို ဦးသူတော်ကြားသိရ၏။ သူဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိနေထိုင်သောသခ်မ်းမှ လျင်မြန်စွာပြေး၍ ထွက်ခွာလာလေ၏။ ဆရာရဟန်းအား လှူဒါန်းရန် ငှက်ပျောသီးတစ်ဖီးလည်း လက်မှာပါလာ၏။ ဆရာရဟန်းပြန်လမ်းကို မေးမြန်းစုံစမ်း၍ လိုက်ပါလာလေ၏။

ဆရာရဟန်းသည် လယ်သမား၏ လယ်တဲထဲသို့ ဝင်ရောက်ကာ သီတင်းသုံးနေ၏။ ဆရာရဟန်းနှင့် မရှေးမနှောင်းအချိန်တွင် ဦးသူတော်လည်း ရောက်ရှိလာလေ၏။ သူသည် ဆရာရဟန်းအား ပါလာသောငှက်ပျောသီးကို ဆက်ကပ်လှူဒါန်းလေ၏။ ဆရာရဟန်းသည် ဦးသူတော်၏ ပြုမူဆောင်ရွက်ချက်တို့ကို အကဲခတ်ကြည့်ရှုနေလေ၏။

"အရှင်ဘုရား၊ နေကောင်းပါသလား ဘုရား"

လျှောက်ထားလေ၏။

"နေကောင်းပါတယ် ဦးသူတော်။ ဦးသူတော်ကော နေကောင်းတယ်ဟုတ်လား"

"တင်ပါ့ဘုရား၊ တပည့်တော်လည်း နေကောင်းပါတယ် ဘုရား"

"အရှင်ဘုရား ဒီကိုကြွလာတာ ဘယ်လောက်ကြာပါပြီလဲ ဘုရား"

"ဒီညတစ်ညသာရှိပါသေးတယ် ဦးသူတော်"

"အရှင်ဘုရားတောရပ်ဆောက်တည်ရာမှ အပြီးပိုင် ပြန်ကြွလာပါပြီလား အရှင်ဘုရား"

ဆရာရဟန်းသည် တစ်စုံတစ်ရာကိုမျှ ပြန်လည်၍မပြောဘဲ ဆိတ်ဆိတ်ကလေးနေတော်မူလေ၏။

ဦးသူတော်ကလည်း ဆက်လက်မလျှောက်ရဲတော့ဘဲ ဆရာရဟန်း၏ အဆိုအမိန့်ကိုသာ နားစွင့်ကာနေရှာလေ၏။

ဆရာရဟန်းသည် သူ၏ ချင်ခြင်းဆန္ဒကို ဦးသူတော်အား ဖွင့်ဟပြောလျှင် ကောင်းမည်လား၊ မကောင်းလားဆိုတာကို ချင့်ချိန်ကာနေလေ၏။

ဦးသူတော်သည် ရဟန်း၏ ဆွမ်းသပိတ်တော်ကို ဆက်ကပ်လေ၏။ ရဟန်းလည်း ဆွမ်းသုံးဆောင်တော်မူလေ၏။ လယ်တဲ၏အနီး၌ လယ်သမားများ သောက်သုံးခဲ့သော ရေတွင်းတစ်ခုရှိ၏။ ထိုရေတွင်းသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီတွင် ခန်းခြောက်သွားခြင်းမရှိပါ။ ရေက အမြဲတမ်း စိမ်းလဲ့ညို့မှောင်နေ၏။ ရေကား ကြည်လင်အေးမြ၏။ ရေကား သန့်ရှင်း၏။

ဦးသူတော်သည် ဆရာရဟန်း သောက်သုံးရန် လယ်သမားများ အသုံးပြုခဲ့သော ရေအိုးတစ်လုံးကို တွေ့ရ၏။ ထိုရေအိုးနှင့် ဆရာရဟန်း သောက်သုံးရန် ရေခပ်ယူလာခဲ့၏။ လယ်သမားများ သောက်သုံးခဲ့သော ရေအိုးသည် မွဲပြာပြာအရောင်ပြေးနေ၏။ သို့သော် ရေအိုးက အသစ်ဖြစ်သဖြင့် ရေစိမ့်ကျလာ၏။ ရေအိုးကောင်းသဖြင့် ရေက အေး၏။ ဆရာရဟန်း ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆရာရဟန်းအား ရေခပ်၍ဆက်ကပ်လေ၏။

ဦးသူတော်သည် ဆရာရဟန်းအား ဝတ်ကြီးဝတ်ငယ်ပြုစုရသဖြင့် နှစ်သိမ့်ကျေနပ်နေလေ၏။

ဦးသူတော်သည် ဆရာရဟန်း၏ အလိုတော်ကို အမြဲတမ်း အာရုံစိုက်ပြီး နားစွင့်နေလေ၏။ ဆရာရဟန်းကလည်း သူ၏ချင်ခြင်းတပ်မက်မှုတဏှာကို ဦးသူတော်အား ဖွင့်ဟ ပြောဆို အကူအညီတောင်းရန် စိတ်ကိုဆုံးဖြတ်ချက်ချထားလေ၏။

ယင်းကြောင့်လည်း ဆရာရဟန်းသည် ဦးသူတော်အား အနားသို့ခေါ်ယူပြီး ပြောဆိုလာလေ၏။

"ဦးသူတော်"

"အရှင်ဘုရား"

"ဦးသူတော်ကို ရဟန်းတိုင်ပင်စရာ အကူအညီတောင်းစရာရှိလို့ ရဟန်းဟာ ဒီနေရာသို့လာခဲ့တယ် ဦးသူတော်"

"တင်ပါ့ဘုရား၊ အမိန့်ရှိတော်မူပါ ဘုရား"

"ဦးသူတော် ရဟန်းဟာ ငယ်စဉ်က စားဖူးခဲ့တဲ့ ငါးမိတ်ထုံးငါးဟင်းကို ပြန်လည်သတိရလာခဲ့တယ် ဦးသူတော်"

"အမိန့်ရှိပါဘုရား"

"ဒီငါးမိတ်ထုံးငါးဟင်းကို ဆွေး



www.burmeseclassic.com

www.burmeseclassic.com

စားလည်စားချင်တဲ့ဆန္ဒ ပြင်းပြလာတာကြောင့် တရားအားထုတ်ခြင်းငှာမတတ်နိုင်တော့ဘဲ ဒီကိုပြန်လာရတာပါပဲ ဦးသူတော်"

"တင်ပါ့ဘုရား၊ အရှင်ဘုရားစားချင်တဲ့ ငါးမိတ်ထုံးငါးဟင်းကို စားရစေရမယ်ဘုရား။ စိတ်အေးအေးနဲ့သာ သီတင်းသုံးနေတော်မူပါ အရှင်ဘုရား"

လျှောက်ထားလေ၏။

ဦးသူတော်သည် ဆရာရဟန်း အမိန့်ရှိလာသဖြင့် ဝမ်းသာအားရ၏။ ဆရာရဟန်း အလိုရှိသောအရာကို ရှာ၍ပြီး ဆက်ကပ်ရပါလျှင် ပို၍အကျိုးရှိမည်ဟုလည်း ဦးသူတော်က သဘောပေါက်ထား၏။ ဦးသူတော်မှာ ဆရာရဟန်းအား ပြုစုလိုသည်မှာ ကြာပါပြီ။ အခု ပြုစုရသဖြင့် ဦးသူတော်၏စိတ်ထဲမှာ ထိပေါက်သကဲ့သို့ ခံစားလာရလေ၏။

ဦးသူတော်သည် တံငါအလုပ်ဖြင့် အသက်မွေးသူများထံသို့ သွားရောက်၍ ငါးမိတ်ထုံးငါးရရှိပါက လိုချင်ကြောင်း မှာကြားထားလေ၏။

ဆရာရဟန်းသည် လယ်သမားများ နေထိုင်ခဲ့သောတဲ၌သာ သီတင်းသုံး၍ နေထိုင်လေ၏။ ဦးသူတော်သည်လည်း ဆရာရဟန်းအား နေ့စဉ်ဝတ်ကြီးဝတ်ငယ်ပြုစုလျက်ရှိလေ၏။

တစ်နေ့သော နေ့လယ်အချိန်မှာ တံငါတစ်ဦးသည် ငါးမိတ်ထုံးငါးတစ်ကောင် ရရှိလာသဖြင့် ဦးသူတော်အား လာရောက်ပေးပို့လေ၏။ ငါးမိတ်ထုံးငါးသား အရှင်မဟုတ်။ သေနေသောငါးသာ ဖြစ်၏။

ဦးသူတော်သည် ငါးမိတ်ထုံးငါးအသေအား ရေစင်အောင် ဆေးကြောလိုက်၏။ ထို့နောက် ရဟန်းအား -

"အရှင်ဘုရား အလိုဆန္ဒရှိသော ငါးမိတ်ထုံးငါးတစ်ကောင် ရရှိထားပါပြီဘုရား"

"ဦးသူတော် အိုးတစ်လုံး၌ ဒီငါးမိတ်ထုံးငါးအတိုင်းသာခွေကာ ထည့်ပြီး သိမ်းဆည်းထားလိုက်ပါ ဦးသူတော်။ ငါအလိုရှိတဲ့အခါ တောင်းမယ်"

မိန့်တော်မူလေ၏။

ဦးသူတော်သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် အိုးတစ်လုံး၌ ငါးမိတ်ထုံးငါးကို အကောင်လိုက်ထည့်ကာ ဆရာရဟန်း အမိန့်ရှိသည့်အတိုင်းထားလေ၏။

ဤသို့ဖြင့် ငါးမိတ်ထုံးငါးကို ရရှိပြီးနောက် (၇) ရက်မြောက်သောနေ့တွင် ဆရာရဟန်းက -

"ဦးသူတော် ဆွမ်းစားချိန်ကျပြီ။ ငါ့အား ငါးမိတ်ထုံးငါးဟင်းကို ဆက်ကပ်ပါလော့"

ဟု မိန့်တော်မူလေ၏။

ဦးသူတော်သည် ငါးမိတ်ထုံးငါးမှာ ပုပ်ပွနေပြီဖြစ်သဖြင့် ဆရာရဟန်းအား ဆက်ကပ်ရန်မသင့်လျော်ဟု ယူဆကာ မဆက်ကပ်ဘဲနေလေ၏။

ထိုအခါ ဆရာရဟန်းက -

"ဦးသူတော်၊ ငါးမိတ်ထုံးငါးဟင်းကို ငါ့အားကပ်ပါ ဦးသူတော်"

ထပ်မံမိန့်ကြားလေ၏။

ဦးသူတော်သည် ပုပ်ပွနေသော ငါးမိတ်ထုံးငါးဟင်းကို ဖလုံတစ်ခု၌ထည့်ပြီး ဆရာရဟန်းအား ဆွမ်းစားချိန်တွင် ဆက်ကပ်လိုက်လေ၏။

ဆရာရဟန်းသည် ငါးမိတ်ထုံးငါးဟင်းကိုယူ၍ ဆွမ်းနှင့်အတူ သုံးဆောင်လေ၏။ ဆရာရဟန်းသည် ပထမဆွမ်းလုတ်ကိုထည့်လိုက်သည်နှင့် တစ်ပြိုင်နက် ပုပ်ပွနေသော ငါးမိတ်ထုံးငါးအရှိန်ကြောင့် ဆွမ်းလုတ်သည် လည်ချောင်းသို့ မကျော်လွန်ဘဲ အန်ထွက်လာလေ၏။ အလားတူပင် ဒုတိယ၊ တတိယ၊ စတုတ္ထ ဆက်တိုက်ဆက်တိုက်ဆက်ကာဆက်ကာ သုံးဆောင်လိုက်ရာ ဆွမ်းလုတ်တို့မှာ တစ်လုတ်မျှပင် လည်ချောင်းအတွင်းသို့ မကျော်လွန်နိုင်ဘဲ အော့အန်ထွက်လာကြလေ၏။

ဤသို့ဖြင့် ငါးမိတ်ထုံးငါးဟင်းစွဲလမ်းမှုတဏှာကို အပြီးပိုင် ပယ်သတ်နိုင်ခဲ့လေ၏။ အောင်မြင်ခဲ့ပါ၏။

ဆရာရဟန်းက -

"ဦးသူတော်၊ ရဟန်းအထူးကျေးဇူးတင်ပါတယ်။ ဦးသူတော်ရဲ့ ကျေးဇူးကြောင့် ရဟန်း စွဲလမ်းမှုတဏှာကို ပယ်သတ်နိုင်ခဲ့ပါပြီ ဦးသူတော်"

ဟု မိန့်တော်မူလေ၏။

ဦးသူတော်က အစတွင် ဆရာရဟန်းက အပြစ်တင်စကားဆိုလာမှာလားဟု တွေး၍ပူမိခဲ့ပါ၏။ သို့သော် ဆရာရဟန်းက အပြစ်မတင်သည့်အပြင် ကျေးဇူးတင်စကားကို ပြောကြားလာသဖြင့် သူ၏ စိတ်ဘဝင်မှာ ရွှင်လန်းချမ်းမြေ့သွားလေ၏။

ဆရာရဟန်းအား ပြုစုရသည်မှာ အကျိုးများ၏ဟူ၍လည်း ဦးသူတော်၏ စိတ်ထဲမှာ ဝမ်းသာသွားလေ၏။ ပျော်ရွှင်သွားလေ၏။

ဆရာရဟန်းက -

"ဦးသူတော်၊ ရဟန်းဟာ နေရာဟောင်းကို ပြန်သွားတော့မယ် ဦးသူတော်"

ဟု မိန့်တော်မူလေ၏။

ထိုအခါ ဦးသူတော်က -

"အရှင်ဘုရား၊ ဒီနေရာဟာ ရွာတို့နဲ့နီးကပ်ပါတယ်။ ဒီနေရာ၌ပင် သီတင်းသုံးတော်မူပါ၊ အစစအရာရာကို တပည့်တော်ပြုစုပါ့မယ် ဘုရား"

ဟု လျှောက်ထားလေ၏။

ဆရာရဟန်းက -

"ဦးသူတော် သည်းခံပါ၊ သည်းခံပါ ဦးသူတော်။ ဒီအရာဟာ ရဟန်းရဲ့ အရာသာ ဖြစ်ပေတယ်။ ဒီနေရာမှာနေလို့ အလိုဆန္ဒပြည့်ဝလိမ့်မယ်မဟုတ်ပါ။ တစ်မင်တစ်ဖိုလ်ကိုလိုချင်ရင် ဆိတ်ငြိမ်ရာအရပ်မှာသာ ကျင့်ကြံကြိုးစားအားထုတ်ရမှာ ဦးသူတော်"

ဟု မိန့်တော်မူလေ၏။

"အရှင်ဘုရား၊ တပည့်တော်လည်း အရှင်ဘုရားနဲ့အတူ လိုက်ပါရစေဘုရား။ အစစအရာရာ အဆင်ပြေအောင် ပြုစုပါရစေဘုရား"

ဟု လျှောက်ထားပြန်လေ၏။

"ဦးသူတော် သည်းခံပါ၊ ဦးသူတော် သည်းခံပါ။ တရားထူးကို ရှာဖွေတဲ့အခါ တစ်ဦးတစ်ယောက်တည်းသာ ကောင်းပါတယ်။ လူများနဲ့ အရောတဝင်နေထိုင်ပြီး တရားအားထုတ်ပါက ရဟန်းကိစ္စမပြီးဘဲနေမယ် ဦးသူတော်"

ဟု မိန့်ကြားလာလေ၏။

ဦးသူတော်မှာ ဆရာရဟန်းနောက်သို့လိုက်ပြီး ဝတ်ကြီးဝတ်ငယ် ပြုစုချင်သော်လည်း ခွင့်ပြုတော်မမူ။ သူ၏စိတ်ထဲမှာ ဝမ်းနည်းသလိုလို ခံစားလာရ၏။ မျက်ရည်များ သည်းလည်စပြုလာ၏။

'ဆရာရဟန်း ရဟန်းကိစ္စ ပြီးစီးအောင်မြင်လာရင် ငါပြုစုရတော့မယ်'

ဟု သူ၏စိတ်ကို ဖြေသိမ့်လိုက်ရ၏။

ဆရာရဟန်းသည် လယ်သမားတို့ နေထိုင်ရာ လယ်တဲမှ ယခင်သီတင်းသုံးနေထိုင်ခဲ့သော ကန္တာရတောမြိုင်ကြီး အထဲသို့ လျှောက်လှမ်းလာလေ၏။ ရဟန်းသည် တရွေ့ရွေ့နှင့် လျှောက်လှမ်းလာခဲ့ရာ တောမြိုင်ကြီးအဝင်ဝသို့ ညနေ (၆) နာရီအချိန်ခန့်တွင် ရောက်ရှိလာခဲ့၏။

မိုးချုပ်သွားလေ၏ ညကား

www.burmeseclassic.com

အလင်းရောင်ကင်းမဲ့သဖြင့် မှောင်စပြုလာ၏။ ရဟန်းသည် တစ်စတစ်စနှင့် လမ်းလျှောက်လာခဲ့ရာ မုဆိုးတို့၏ ခိုနားရာ လင့်စင်တစ်ခုသို့ ရောက်လာ၏။ ရှေ့သို့တိုးသွားရန် လမ်းကိုကား မမြင်ရတော့ပါချေ။ အဆိုပါ လင့်စင်မှာပင် တစ်ညတာ ကျိန်းစက်နားနေရန် စိတ်ကို ဆုံးဖြတ်ချက်ချလေ၏။

ရဟန်းသည် လင့်စင်ပေါ်သို့ တက်လာ၏။ လင့်စင်ပေါ်သို့ ရောက်သောအခါ ဘုရားဝတ်ပြု၏။ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းရန် အာရုံပြုနေ၏။ ထိုအခိုက်အတန့်မှာပင် တောဘုရင်ကျားကြီးတစ်ကောင်သည် ရောက်ရှိလာ၏။ ရဟန်း သီတင်းသုံးနေထိုင်သော လင့်စင်ပေါ်မှာ တောဘုရင်ကျားကြီးက လက်နှစ်ဖက်ကို တင်ထားလေ၏။

ထိုအခါရဟန်းက -

"ဒကာ သည်းခံပါ၊ ရဟန်းအလုပ်ကို ရဟန်းလုပ်ပါဦးမယ်။ ရဟန်းအလုပ်လုပ်ပြီးတဲ့အခါ ဒကာအလုပ်ကို ဆက်လက်လုပ်ပါ"

ဟု ဆိုလေ၏။

ရဟန်းသည် မေတ္တာကမ္မဋ္ဌာန်းကို စတင်စီးဖြန်းအားထုတ်လေ၏။

တောဘုရင် ကျားကြီးသည်လည်း ပါးစပ်မှ ငယ်သံပါအောင် အော်ဟစ်၍ တောတွင်းသို့ ထွက်ပြေးသွားလေ၏။

ရဟန်းသည် တရားရှုမှတ်၍ ညဦးယံကို လွန်မြောက်ခဲ့လေပြီ။ ညဉ့်နက်သန်းခေါင်ယံအချိန်သို့ တဖြည်းဖြည်းနှင့် ချဉ်းနင်းဝင်ရောက်လာခဲ့လေ၏။ ရဟန်းသည် ဗုဒ္ဓတရားတော်မြတ်ကိုသာ ဆက်လက် ရှုမှတ်ကာ ဆင်ခြင်နေလေ၏။ သန်းခေါင်ယံအချိန်သို့ ရောက်ရှိလာ၏။

ရဟန်း သီတင်းသုံးနေသော လင့်စင်အောက်သို့ အမျိုးသမီး (၃) ဦး ထပ်မံရောက်ရှိလာကြ၏။ ထိုအမျိုးသမီး (၃) ဦးသည် သီချင်းများကိုသီဆိုကာ လင့်စင်ထိုးထားသောသစ်ပင်ကြီးကို လှည့်လည်ပြီး ကခုန်နေကြ၏။ရဟန်းသည် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းနေလေ၏။ (၁) နာရီခန့်ကြာသောအခါ သီချင်းဆိုကခုန်နေကြသော အမျိုးသမီးတို့သည် လင့်စင်အောက်မှ ထွက်ခွာသွားခဲ့ကြလေ၏။ တဖြည်းဖြည်းနှင့် သန်းခေါင်ယံအချိန်သည် ကုန်လွန်၍သွားခဲ့လေပြီ။ အရုဏ်တက်အချိန်သို့ ကူးပြောင်းစပြုလာ၏။ တောငှက်၊ တောကြက်တို့၏ အိပ်တန်းထချိန် တွန်သံချိုများကလည်း တောအုပ်တစ်ခုလုံးကို လွှမ်းမိုးစပြုလာလေ၏။

သူရိယဖန်အိမ် ဒေါင်းရဝိန်၏ အရုဏ်ဦးလင်းရောင်ခြည်က စတင်နှုတ်ဆက်စပြုလာ၏။ တဖြည်းဖြည်းနှင့် မိုးစင်စင်လင်းလာလေ၏။ ရဟန်းသည် လင့်စင်ပေါ်မှ ဆင်းသက်လာ၏။ ရဟန်းသည် ပတ်ဝန်းကျင်တစ်ခုလုံးကို အကဲခတ်ကြည့်ရှု၏။ သူ့အား ဘေးအန္တရာယ်ပြုမည့်အရာတို့ကိုကား မတွေ့ရပါချေ။

ရဟန်းသည် ခြေထောက်ကိုစုံရပ်လျက် -

"ငါသည် ယခုဘဝတွင်ပင် ဗုဒ္ဓတရားကို ကျင့်ကြံကြိုးစားအားထုတ်၍ ရဟန်းကိစ္စပြီးစီးမယ်ဆိုပါက ငါ၏ဆန္ဒအားလုံးဟာ ဘေးအပေါင်းရန်အပေါင်းကင်းမဲ့စွာ ထမြောက်အောင်မြင်နိုင်ပါစေသတည်း၊ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု အဓိဋ္ဌာန်ပြုလေ၏။

အဓိဋ္ဌာန်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ကန္တာရတောတောင်ကြီးတစ်ခုလုံး အသံကြီးမြည်ဟည်းကာ သိမ့်သိမ့်တုန်ခါသွားလေ၏။ ရဟန်းသည် အားတက်သွား၏။

'ရဟန်းကိစ္စပြီးစီးအောင် ကြိုးစားမယ်'

ဟု စိတ်ကို ဆုံးဖြတ်ချက်ချထားလိုက်လေ၏။ သူသည် လင့်စင်သစ်ပင်ကြီးအနီးမှ တဖြည်းဖြည်းနှင့် ယခင်သီတင်းသုံးနေထိုင်ခဲ့သော သစ်ပင်ကြီးရှိရာသို့ ရှေးရှုကာ ထွက်ခွာလာလေ၏။

ဆရာရဟန်းသည် တရွေ့ရွေ့နှင့် ကြွလှမ်းလာခဲ့ရာ ပညောင်ပင်ကြီးရှိရာသို့ရောက်ရှိလာ၏။ ယခင်က သီတင်းသုံးခဲ့သောနေရာကား တောတိရစ္ဆာန်များ ဝင်ရောက် ခိုအောင်းသွားခဲ့သဖြင့် ပျက်စီးယိုယွင်းနေလေပြီ။ ရဟန်းသည် ပြိုပျက်နေသောနေရာ၌ပင် ဆက်လက်၍ သီတင်းသုံးနေထိုင်ကာ တရားအားထုတ် ရှုမှတ်လေ၏။

တရားကို ပြင်းပြင်းထန်ထန် အားထုတ်လာ၏။ နေ့ညမရပ်မနားဘဲ အားထုတ်လာခဲ့ရာ (၁) လခန့် ကြာသောအခါ အတော်အတန် ခရီးရောက်လာခဲ့၏။ ရှေ့သို့ ဆက်လက်၍ တရားအားထုတ် ရှုမှတ်နေပါ၏။ ဤသို့ဖြင့် ရဟန်းသည် တရားရှုမှတ်နေလာခဲ့ရာ (၆) လခန့်ကြာသောအခါ၌ကား ရဟန်းကိစ္စပြီးစီးခြင်းသို့ ရောက်သွားခဲ့လေ၏။ ရဟန်းသည် ထိုတောမြိုင်ကြီးထဲမှ ထွက်ခွာလာခဲ့လေ၏။ ရပ်ရွာတို့နှင့် မနီးမဝေးသောအရပ်တွင်ရှိသော ဥယျာဉ်တစ်ခုသို့ ရောက်လာခဲ့၏။ ထိုဥယျာဉ်ထဲတွင် သရက်၊ ပိန္နဲ၊ မရမ်း၊ ဩဇာ၊ မာလကာ၊ ရှောက်ချို၊ မက်လင်ချဉ်၊ မက်မန်း၊ မင်းကွတ်၊ မန်ကျည်းပင် စသောသီးပင်စားပင်တို့ကား ပေါများလှပါ၏။ ထိုဥယျာဉ်ကို သရက်ဥယျာဉ်ဟု ခေါ်ကြ၏။

ထိုသရက်ဥယျာဉ်သည် ဗောဓိကိုင်းကျေးရွာနှင့် (၅) မိုင်ခန့်အကွာတွင် ရှိ၏။ ဗောဓိကိုင်းကျေးရွာသည် ဘူးသီးတောင်မြို့နယ်အတွင်းမှာ ရှိ၏။ ဗောဓိကိုင်းကျေးရွာသည် ရှေးရခိုင်ဘုရင်များ အုပ်စိုးစဉ်အခါက ရခိုင်တိုင်းရင်းသားများ နေထိုင်ခဲ့သော ကျေးရွာတစ်ရွာ။ ခေတ်ကာလရေစီးကြောင်း ပြောင်းလဲလာသည်နှင့်အမျှ တစ်စတစ်စနှင့် ထိုရွာ၏ အခြေအနေမှာလည်း သဘာဝနိယာမသဘောတရားအရ ပြောင်းလဲလာခဲ့ရလေ၏။

ထိုမထေရ် သီတင်းသုံးနေထိုင်ခဲ့သော ဥယျာဉ်တော်မှာလည်း ယခုအခါ သင်္ခါရဓမ္မကို မလွန်ဆန်နိုင်တော့ဘဲ ပျက်စီးယိုယွင်းဘိမ်ကောခြင်းသို့ရောက်ရှိသွားခဲ့လေပြီ၊ ယခုအခါ ဥယျာဉ်ပြင်ဟု ခေါ်ဆိုနေကြ၏။

ဆရာရဟန်းအား ဝတ်ကြီးဝတ်ငယ်ပြုစုခဲ့သော ဦးသူတော်မှာ အိုကလေးရွာသားဖြစ်၏။ ဦးသူတော်၏ဘွဲ့တော်မှာ ဦးပညာဖြစ်ပါ၏။ ဆရာရဟန်း၏ ဘွဲ့တော်မှာ အရှင်သာသနပါလမထေရ် ဖြစ်ပါ၏။

စာရေးသူသည် ၁၉၉၉ ခုနှစ်က ထိုဒေသသို့ လေ့လာရေးခရီးတစ်ခေါက် ရောက်ခဲ့စဉ်က ထိုအရှင်သာသနပါလမထေရ်နှင့် ဦးသူတော် ဦးပညာ အကြောင်းကို ဗောဓိကိုင်းမှ မြို့အမျိုးသား ဦးလီပန်း၊ ဦးတောင်ဖလံနှင့် ရွာသူရွာသားများက ဓိတ်ဝင်တစား ပြောပြကြပါ၏။

ဤအကြောင်းအရာကို သက်ကြီးစကား သက်ငယ်ကြား၍ မှတ်သားနာယူခဲ့ရပါ၏။

* စွဲလမ်းမှုတကျော<br>
ပယ်သတ်ရာဝယ်<br>
အာသာငမ်းငမ်း<br>
စွဲလမ်းတပ်မက်<br>
ဖြတ်ရန်ခက်၏။


* စိတ်ကိုပိုင်းဖြတ်<br>
အပြီးသတ်မှ<br>
တုပ်မက်တကျော<br>
ကုန်ခန်းရာ၏။

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



အယ်ဟာတပ်မက်ဂတ် ရေးသားသည့် LIBELLUS DE ALCHEMIA ကျမ်း၌ ဖော်ပြထားသည်မှာ အောင်မြင်လိုသော အဂ္ဂိရတ်ပညာရှင်တစ်ဦးသည် အချက်(၈)ချက်ကို လိုက်နာရမည်ဟုဆိုထား၏။

၎င်းအချက်တို့မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ ပထမဦးဆုံးသောအချက်မှာ အရေးအကြီးဆုံးဖြစ်၏။ ၎င်းမှာ အဂ္ဂိရတ်ပညာရှင်သည် နှုတ်ဆိတ်စွာပင်နေတတ်သူမျိုး ဖြစ်ရမည်။ မိမိလုပ်ငန်း၏ လျှို့ဝှက်ချက်ကို အခြားသော မည်သည့်သက်ရှိ တစ်စုံတစ်ဦးကိုမှ ပွင့်ဟမပြောကြားရ။ မည်သို့ပင်ဖြစ်စေ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မပြောရ မသိစေရ။ ဤလျှို့ဝှက်ချက်ကို အခြားလူများ သိရှိသွားပါက မိမိလုပ်ငန်းကြီးပျက်ပြယ်သွားနိုင်သည်ဟု ယုံကြည်ထားရမည်။ အကယ်၍ လျှို့ဝှက်ချက်ပေါက်ကြားပါက အဂ္ဂိရတ်ပညာရှင်သည် ဘဝပျက်ကာ လမ်းပေါ်သို့ရောက်သွားပြီး လူလိမ်လူညာဟု အခေါ်ခံရပေလိမ့်မည်။

# အနောက်တိုင်းလူ့အဖွဲ့အစည်းမှ
# အဂ္ဂိရတ်ပညာရှင်များ

(အဆက်မပြတ်) ၄၆

ဆရာဦးဆက်ထွန်းလင်း

www.burmeseclassic.com

၂။ ဒုတိယအချက်မှာ ပညာရှင်သည် သီးသန့်နေရာအဆောက်အအုံတွင် နေထိုင်ရမည်။ ထိုနေရာသည် မိမိတို့ ဘဝတူပုဂ္ဂိုလ်များ၏မျက်ကွယ်လည်းဖြစ်ရမည်။ ထိုနေအိမ်တွင် အခန်း (၃) ခန်းလည်းရှိရမည်။ ထိုအခန်းများမှာ ဓာတ်တို့အတွက် အငွေ့ခံသောအခန်း၊ အရည်ဖျော်စေသောအခန်း၊ ပေါင်းခံသောအခန်းတို့ ဖြစ်၏။

၃။ တတိယစည်းမျဉ်းမှာ အဂ္ဂိရတ်ပညာရှင်သည် အလုပ်လုပ်သောအချိန်ကောင်းကို ရွေးချယ်ရမည် ဖြစ်၏။ အထက်ပါ အငွေ့ပြန်၊ အရည်ဖျော်ခြင်း၊ ပေါင်းတိုက်ခြင်းတို့အတွက် အသင့်လျော်ဆုံးဖြစ်မည့်အချိန်ကို ရွေးချယ်ရမည်ဖြစ်၏။ ဥပမာ အငွေ့ခံခြင်းကို ဆောင်းရာသီကဲ့သို့ကာလမျိုးတွင် ပြုလုပ်ပါက အောင်မြင်မည် မဟုတ်ပေ။ အမှန်ဆိုရပါက အရည်ဖျော်ခြင်းနှင့် ပြာချခြင်းကို မည်သည့်အချိန်တွင်မဆို ပြုလုပ်နိုင်ပေသည်။ လက်တွေ့လုပ်နည်းကို ဖော်ပြသည့်အခါ၌ ပို၍ရှင်းလင်းသွားမည် ဖြစ်ပါသည်။

၄။ စတုတ္ထစည်းမျဉ်းမှာ အဂ္ဂိရတ်ပညာရှင်သည် သူ၏လုပ်ငန်းတွင် ပါးနပ်ကျွမ်းကျင်၍ တိတ်ဆိတ်ငြိမ်သက်ရမည်ဖြစ်၏။ စိတ်မရှည်သည့်အဖြစ်မျိုး မည်သည့်အခါတွင်မျှ မဖြစ်စေရ။ အိုးသော်ကိစ္စ ပြီးဆုံးသည်အထိ အောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ စိတ်ထဲ၌မျိုသိပ်နိုင်ရမည်။ သည်းမခံ၊ စိတ်မရှည်ပါက အချိန်နှင့် ငွေတို့ကို ဖြုန်းတီးရာရောက်စေနိုင်လေသည်။

၅။ ပဉ္စမစည်းမျဉ်းမှာ ပညာရှင်သည် ထိုပညာရပ်၏ လုပ်ထုံးလုပ်နည်း စည်းကမ်းများအတိုင်း လိုက်နာလုပ်ဆောင်ရမည် ဖြစ်၏။ ရှေးဦးစွာ အရည်ကို စမ်းသပ်ခြင်း၊ ဒုတိယ အငွေ့ခံခြင်း၊ တတိယမှာ ဓာတ်တို့ကို ပူးတွဲခိုင်မာစေခြင်း ဖြစ်၏။ ထိုနောက်တွင်မှ ပြာချခြင်း၊ အရည်ဖျော်ခြင်း၊ ပေါင်းခံခြင်း၊ ဓာတ်တို့ကို စုခဲခြင်း စသည်တို့ကို အစီအစဉ်မှန်ကန်စွာဖြင့်ပြုလုပ်ရမည်ဖြစ်၏။ အကယ်၍ သူသည် အစီအစဉ်အတိုင်းမလုပ်ဘဲ အဆင့်များကို ကျော်လွှား၍လုပ်လျှင် သူသည် ထိုဆေးမှုန့်ကို လက်လွှတ်ဆုံးရှုံးရပေမည်။ အကယ်၍ ဤကဲ့သို့ဖြစ်လျှင် သူ့အတွက် ဘာမှဖြစ်မလာတော့ဘဲ ပညာရှင်သည် ရှေ့သို့တိုးရမည့်အစား နောက်သို့ဆုတ်သွားရပေမည်။ အကယ်၍ အမှုန့်ကိုရသော်လည်း ထိုအမှုန့်သည် ခန္ဓာကိုယ်တွင်းသို့ စိမ့်ဝင်ခြင်း၊ ရုပ်ဓာတ်တို့နှင့် ပူးတွဲခြင်းကို မပြုလုပ်နိုင်တော့ပေ။

၆။ ဆဋ္ဌမစည်းမျဉ်းမှာ ဤလုပ်ငန်းနှင့်ပတ်သက်ပြီး အပူပေးရသော အိုးခွက်များဖြစ်စေ၊ အပူမပေးရသော အိုးခွက်များဖြစ်စေ ဆေးဝါးပစ္စည်းထည့်သည့် ခွက်ပစ္စည်းများသည် ဖန်သားကဲ့သို့ဖြစ်အောင် ပြုလုပ်ထားရမည်။ အမှန်အားဖြင့် အရည်များကို ကြေးနီသို့မဟုတ် ခဲခွက်များဖြင့် ထည့်လျှင် ၎င်းတို့သည် အရောင်မည်းနက်၍ ပုပ်သိုးသွားမည်။ မြေအိုးမြေခွက်များနှင့် ထည့်လျှင်လည်း ခွက်ထဲသို့ စိမ့်ဝင်၍ ဖောက်ထွက်သွားပေမည်။

၇။ သတ္တမစည်းမျဉ်းမှာ အထက်ဖော်ပြပါပစ္စည်းများကို မင်းစိုးရာဇာများ၊ အာဏာရှိသူများ၊ လောဘကြီးသူများ၏ ရှေ့မှောက်၌ မပြသရပေ။ အကြောင်းနှစ်ရပ်ရှိ၏။ သူတို့ရှေ့မှောက်၌ မကြာခဏ ဖြတ်သန်းသွားလျှင် သူတို့က သင့်ကို မေးမြန်းလိမ့်မည်။

"သင်ဘာတွေအောင်မြင်ပြီလဲ။ ကျွန်ုပ်တို့အား အထူးအဆန်းများ ဘယ်တော့ပြသည်မည်လဲ" --

ဟု မေးကြမည်။ ထို့နောက်တွင် စိတ်မရှည်တော့ဘဲ -

"အလကားပါ၊ အဓိပ္ပာယ်မရှိပါဘူး။ ဒါအလိမ်အညာတွေပါ"

ဟု စသည်ဖြင့် ပြောကြပေမည်။

သင်လည်း ဒုက္ခရောက်ပါလိမ့်မည်။ အကယ်၍ လုပ်ငန်းမအောင်မြင်ပါက သူတို့သည် သင့်အား ရာသက်ပန်ထောက်ခံမှုပြုကြတော့မည် မဟုတ်ပေ။

အကယ်၍အောင်မြင်လျှင်လည်း သင့်အား ထိုနေရာတွင်ပင် မဖြစ်မနေ ဆက်နေခိုင်းပြီး အခြားသော မည်သည့်နေရာသို့မျှထွက်ခွာသွားခွင့်ပြုတော့မည် မဟုတ်ပေ။ ဤသို့ဖြင့် သင်သည် မိမိစကားဖြင့်မိမိ၊ မိမိပညာဖြင့်မိမိ ထိုသူတို့ထံတွင် အောက်ကျခံရပေတော့မည်။

၈။ အဋ္ဌမစည်းမျဉ်းမှာ ဤလုပ်ငန်းကိုလုပ်ရန် ပညာရှင်ထံတွင် ငွေကြေးမလုံလောက်ပါက လုပ်ငန်းကို မည်သူတစ်ဦးတစ်ယောက်၏ လက်အောက်သို့မှမကျရောက်စေသင့်ပေ။ အလုပ်ကိုစပြီးသောအခါတွင်မှ ငွေကြေးမလုံလောက်၍ ရပ်သွားလျှင် ပညာရှင်သည် ငွေကြေးနှင့်တကွ အရာခပ်သိမ်းကို ဖြုန်းတီးပစ်ရာရောက်သွားနိုင်ပေသည်။

ပထမနှင့် သတ္တမစည်းကမ်းချက်များသည် အဂ္ဂိရတ်ပညာရှင်လောင်းလျာများ၏လူမှုရေး၊ ဆက်ဆံပြုမှုပုံတို့နှင့် တိုက်ရိုက်သက်ဆိုင်နေပေသည်။ စပ်စုသောမျက်လုံးများနှင့် ဝေးရာတွင် နေရမည် ဖြစ်၏။ ဆိတ်ဆိတ်နေ၍ ရိုးရိုးအေးအေးသာနေရမည်ဖြစ်၏။ စပ်စုတတ်သူများ၏ အာရုံစိုက်မှုကိုလည်း ရှောင်ရှားတတ်ရမည် ဖြစ်၏။ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ မင်းညီမင်းသားများ၊ အာဏာပိုင်များ၏ အကူအညီအထောက်အပံ့များကို ဝေးဝေးရှောင်ရမည်။

အဋ္ဌမစည်းမျဉ်းတွင် အပြင်လူ၏ အကူအညီမပါဘဲ တစ်ဦးတည်းလုပ်ကိုင်မှုကို ဆိုလို၏။ အဂ္ဂိရတ်ပညာရှင်လောင်းလျာတို့သည် သူ၏ အသုံးစရိတ်များကို အတိအကျ တွက်ချက်ထားရမည် ဖြစ်၏။ သူ၏လုပ်ငန်း ကြာနိုင်သမျှကြာပါစေ၊ သူ့တွင် စရိတ်စကကုန်ကျရန်အတွက် ငွေကြေးအလုံအလောက်ရှိကြောင်း သေချာစေရမည် ဖြစ်၏။

အဂ္ဂိရတ်ပညာရှင်သည် အလွန်အမင်း ချမ်းသာရမည်ဟု မဆိုလိုပါ။ အပြန်အားဖြင့် ထရာဗီးမှ ဘားနပ်နှင့် ဇာချရီတို့၏ စွန့်စားမှုများအရ ဓာတ်ပစ္စည်းပေါင်းထောင်သောင်းလောက်ကို အရည်ဖျော်ရ၍ ရှိသမျှသောပစ္စည်းများအားလုံးကုန်သွားရခြင်းမျိုး၊ ဆရာတူဆရာယောင်တို့၏ လမ်းညွှန်မှုကို လိုက်ပါမိ၍ ချမ်းသာသမျှ ကုန်သွားရခြင်းမျိုးသည် မည်မျှမိုက်မဲ၍ဦးတည်ချက်ကင်းမဲ့ကြောင်း သိနိုင်ပေသည်။ ဤလုပ်ငန်းကို ပြုလုပ်ရန်အတွက် ငွေကြေးအသင့်အတင့်ကား လိုအပ်ပါသည်။ ယေဘုယျအားဖြင့် သူတော်စင် (Subject of the Sages)အတွက်ကား ကုန်ကျစရိတ်နည်းလှပေသည်။

အခြားသူများ၏အတွေ့အကြုံများအရလည်း တန်ဖိုးကြီးကြီးပေးရသော ပစ္စည်းများသည် တကယ်တမ်းအားဖြင့် အသုံးမဝင်ကြောင်း သင်ခန်းစာပေးပေသည်။ ပညာအတတ်ဆုံးသော၊ သတိအရှိဆုံးသော အဂ္ဂိရတ်ပညာရှင်သည် နှစ်ပေါင်းများစွာ ကိုယ်တိုင်ကြံစည်ကြိုးစားလုပ်ကိုင်ရာ၌ သူ့ထက်စောကာ ပြုလုပ်သွားသူများ၏အတွေ့အကြုံကိုကား နာယူမှတ်သားရပေမည်။ ဤအလုပ်ကို အနည်းဆုံး၊ အကျဉ်းဆုံးဖြစ်ရန်ကား လိုအပ်ပေသည်၊ ဤသို့ ကာလအဆုံးအပိုင်းအခြားကိုမသိဘဲလုပ်နေခြင်းသည် ငွေကြေးနှင့် ပစ္စည်းတို့ကို ဖြုန်းတီးရာရောက်ပြီး ငွေအမှန်တကယ်အနေကြီး



www.burmeseclassic.com

www.burmeseclassic.com

ဘာအချိန်၌ ငွေကြေးနှင့် ပစ္စည်းပြတ်လပ်မှုဒုက္ခကို ကြုံရတတ်၏။ ဤတွင် လုပ်ငန်းတစ်ခုလုံးကို စွန့်မည်လား သို့တည်းမဟုတ် ချမ်းသာသူတစ်ဦးနှင့် ပေါင်းတူလုပ်မည်လား။ နည်းလမ်းကိုရှာရတော့မည် ဖြစ်၏။

ပညာရပ်၏ အစွမ်းဖြင့် ရွှေကို အလွယ်တကူရလိမ့်မည် ဟူသော ဆွဲဆောင်မှုအတွေးကရှိနေ၏။တစ်ယောက်တည်းနေပြီး လုံးဝလျှို့ဝှက်စွာဖြင့် ဤလုပ်ငန်းကိုလုပ်နေသူများ၊ သူတို့၏ဘဝအကြောင်းတို လိမ္မာပါးနပ်စွာဖြင့် အမည်ပြောင်း၍ နေထိုင်လုပ်ကိုင်သူများ UBELLUS-DE ALCHEME ကျမ်းတွင် ဖော်ပြထားသည့် အန္တရာယ်ကို စိုးရိမ်ရ၍ ဤသူတစ်ပါးအားကိုးလမ်းစဉ်သို့ လိုက်ပါရသူ၏ အချို့မှာ အလက်ဇန္ဒားဆက်သွန်းသို့ သတိမမူသဖြင့် ကြီးမားသည့်အန္တရာယ်ကို တွေ့ကြရ၏။ မင်းညီမင်းသားများနှင့် အာဏာပိုင်များအား သတိထားရန်သတိပေးချက်၌ အယ်ဘာတပ် ရေးသားသည့် ကျမ်းငယ်က ခေတ်ပြိုင်အုပ်ချုပ်သူလူတန်းစား၏လောဘနှင့် မတရားမှုများကိုအသိပေးထားလေသည်။ ထိုသူများသည် ငွေကို လွယ်လွယ်ရရန် စောင့်ကြည့်နေကြပြီး ထိုငွေဖြင့်စည်းစိမ်စံစားရာ စစ်အင်အားကိုဖြည့်ကြ၏။

အုပ်ချုပ်သူလူတန်းစားများက ထိုရွှေနှင့်ငွေကို တိုင်းပြည်အတွက် အနည်းငယ်သာသုံး၍ သူတို့ကိုယ်ကျိုးအတွက် အများအပြားသုံးစွဲကြသည်မှာ ထုံးစံတစ်ရပ်ပင် ဖြစ်နေကြ၏။ နိုင်ငံရေးအာဏာနှင့်အင်္ဂါရတ်ပညာတို့၏ ဆက်ဆံရေးတွင် ဤပြဿနာများက ခြယ်လှယ်နေကြသေသည်။ အချို့သော မင်းညီမင်းသားများက အင်္ဂါရတ်ပညာသည် ရွှေဖြစ်၊ ငွေဖြစ်ပညာရပ်ဖြစ်၍ ထိုပညာရပ်အစွမ်းဖြင့် ရွှေ ငွေများ ပြုလုပ်ကာ ဘဏ္ဍာတိုက်ကို ဖြည့်တင်းစေနိုင်သည်ဟု ယုံကြည်ထားကြ၏။

အချို့သောသူများကမူ အင်္ဂါရတ်ပညာကို မထောက်ခံဘဲ ဤပညာရပ်သည် ရွှေတု၊ ငွေတုများကိုဖြစ်စေသဖြင့် နိုင်ငံအတွက်လည်း အန္တရာယ်ရှိသည်ဟု ဆိုကြ၏။ အက်စတိုင်းမှ အယ်မွန်ဆို (၁၀) (၁၂၂၁-၁၂၈၄) သည် အင်္ဂါရတ်ပညာကို ပထမဆုံးအကာအကွယ်ပေးသည့်ဘုရင် ဖြစ်၏။ သူသည် တကယ့်တကယ်တွင် မှော်ပညာရပ်ကို စိတ်ဝင်စားသူ ဖြစ်၏။

ထို့ကြောင့် သူသည် မှော်ပညာနှင့် နက္ခတ္တဗေဒကျမ်းများကို အာရဗီဘာသာမှ စပိန်ဘာသာသို့ ပြန်ဆိုခိုင်း၏။ သို့ရာတွင် အင်္ဂါရတ်ပညာရပ်နှင့်ပတ်သက်၍မူ သူ၏စိတ်ဝင်စားမှုမှာတော့ အသေအချာတော့ မဆိုနိုင်ပေ။ အခြားသော စပိန်အာဏာပိုင်တစ်ဦးမှာ အာရာဂွန်မှ ဂျွန် (၁၂၅၀-၁၃၄၉) သည် အင်္ဂါရတ်ပညာရပ်အပေါ်၌ ဒင်္ဂါးသွန်းလုပ်ရာ၌ အဖိုးတန်သတ္တုကို ဖြစ်စေနိုင်သည့်ပညာရပ်ဟု သဘောထား၏။ သူသည် ပြင်သစ်အင်္ဂါရတ်ပညာရှင် ဂျက်ကွစ်လူးစတပ်အား ချုံးကပ်ရာတွင် သူ၏ရည်ရွယ်ချက်မှာ ပညာရပ်၏ လျှို့ဝှက်ချက်ကို သိနိုင်ရန်ဖြစ်၏။

ရေမွန်လားသည် သတ္တုအညံ့စား (၂၂) တန်ကို **Tower of London** ၌ လုပ်ပြသည်ဆိုခြင်းမှာ မဟုတ်ပေ။ထို့ကြောင့် တတိယအက်ဒဝပ်ဘုရင်(၁၃၁၂-၁၃၇၈) သည် ခရူးဆိတ်စစ်ပွဲ၌ တူရကီတို့အား တိုက်ခိုက်နိုင်စွမ်းမရှိတော့ပေ။ ရေမွန်လားကို ဝက်မင်စတာကျောင်းကြီးမှ ဘုန်းတော်ကြီး ဂျွန်ကရီမာက ဖိတ်ခေါ်ပြီး သူ့အား အင်္ဂါရတ်ပညာသင်ပေးရန် ပြောဆိုလေ၏။ ဤကိစ္စနှင့်ပတ်သက်၍ အမှန်တကယ်လည်း သင်ပေးပုံရ၏။ ထို့နောက်တွင် ကရီမာက ရေမွန်လားအား အက်ဒဝပ်ဘုရင်နှင့် မိတ်ဆက်ပေးခဲ့၏။ အက်ဒဝပ်ဘုရင်သည် ရေမွန်လားအား သူ့အတွက်ရွှေ ငွေအမြောက်အမြားကို အင်္ဂါရတ်နည်းဖြင့် ပြုလုပ်ပေးရန် ဖြားယောင်းသွေးဆောင်လေ၏။ အက်ဒဝပ်သည် တူရကီများကို ကိုယ်တိုင်စစ်တိုက်ပြီး ထိုစစ်ပွဲအတွက် ကုန်ကျစရိတ်ကို အင်္ဂါရတ်နည်းဖြင့် ရရှိလာသော ရွှေ ငွေများဖြင့် တစိုးတစိမျှ မသုံးစွဲပါဟု ကတိပြုခဲ့၏။ သို့ရာတွင် ဘုရင်သည် ကတိကို ဖျက်ခဲ့၏။

ဘုရင်သည် ထိုရွှေတို့ကို သူ့ဘာသာသူ ဒင်္ဂါးသွန်း၍ ဒင်္ဂါးများပေါ်တွင် နှင်းဆီပန်းပွင့်တံဆိပ်ကို ရိုက်နှိပ်ခဲ့၏။ အမှန်တကယ်တွင်မူ နှင်းဆီပန်းတံဆိပ် ဒင်္ဂါးများကို ၁၄၆၅ ခုနှစ်တွင်မှ ရိုက်နှိပ်ခဲ့ခြင်းဖြစ်၏။ များမကြာမီတွင် အက်ဒဝပ်ဘုရင် နတ်ရွာစံခဲ့၏။ အမှန်တကယ် သမိုင်းဖြစ်ရပ်များဖြင့် တိုက်ဆိုင်ကြည့်သောအခါတွင် ထိုအချိန်ကာလသည် ဘုရင်ကြီး နတ်ရွာစံခဲ့သည်မှာ နှစ်ပေါင်း (၂၀၀) ခန့်ပင်ရှိနေပြီ ဖြစ်၏။ သို့တည်းမဟုတ် အက်ဒဝပ်ဘုရင်သည် အင်္ဂါရတ်ပညာနှင့်ပတ်သက်ပြီး သဘောတူညီချက်ကတိကဝတ်ကို ဖောက်ဖျက်တလွန်ခဲ့သဖြင့် သေဆုံးခဲ့ရခြင်းလားဟုလည်း စဉ်းစားဖွယ်ရှိ၏။

ရေမွန်လားနှင့် ပတ်သက်၍ ဇာတ်လမ်းများသည် တစ်ခုတော့မှန်ပေသည်။ အမှန်မှာ တတိယအက်ဒဝပ်ဘုရင်သည် အင်္ဂါရတ်ကို စိတ်ဝင်စား၏။ အင်္ဂါရတ်ပညာသည် နိုင်ငံ၏ ဘဏ္ဍာများကို ကြွယ်ဝချမ်းသာစေသည်ဟု သူကယူဆထား၏။ အကြောင်းမှာမူ ၁၃၂၉ ခုနှစ်တွင် သူသည် ကျော်ကြားသည့် အင်္ဂါရတ်ပညာရှင်နှစ်ဦးကို နန်းတော်သို့ ဆင့်ခေါ်ခဲ့၏။ ထိုနှစ်ဦးမှာ ဂျိုဟန်နီးဒီရပ်နှင့် ဝီလီမတ်ဒီဒဲတို့ ဖြစ်၏။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာ ငွေသတ္တုပြုလုပ်ရာ၌ လွန်စွာ ကျော်ကြားပြီး ထိုကိစ္စနှင့်ပတ်သက်၍လည်း လွန်စွာအတွေ့အကြုံများ၏။ ၎င်းတို့အား လိုအပ်သမျှအားလုံးကိုပေးရန်နှင့် ဤလုပ်ရတ်သည် နိုင်ငံအတွက် အကျိုးကြီးမားကြောင်းကို ငြင်းဆန်လျှင် ချက်ချင်း ဖမ်းဆီးမည်ဟု ခြိမ်းခြောက်လေ၏။ ၎င်းတို့နှစ်ဦးသည် မည်သို့ခံစားကြမည်ကိုကား မသိနိုင်ပေ။

ထို့ကြောင့်ပင် အင်္ဂါရတ်ပညာရှင်သည် နှုတ်ပိတ်၍ဆိတ်ဆိတ်နေပြီးလုပ်ရမည်ဟူသောအချက်ကို ဦးစွာပထမ ဖော်ညွှန်းခြင်း ဖြစ်၏။ သူ၏ ပညာအစွမ်းအစကို အုပ်ချုပ်သူအာဏာပိုင်တို့ တစ်စွန်းတစ်စမျှ မကြားသိအောင် လျှို့ဝှက်ထားရန်မှာ အင်္ဂါရတ်ပညာရှင်၏ အကြီးမားဆုံးသောတာဝန် ဖြစ်၏။ အာဏာပိုင်ဆိုသူများမှာ အင်္ဂါရတ်ပညာနှင့် မထိုက်တန်သူများ ဖြစ်၏။ ကာလအတော်ကြာအောင်ပင် အင်္ဂါရတ်ပညာအပေါ်၌ အင်္ဂလိပ်ဘုရင်များက သံသယရှိနေခဲ့ကြ၏။

စတုတ္ထဟင်နရီ (၁၃၆၀-၁၄၁၃) သည် ၁၄၀၃ ခုနှစ်တွင် စတက်ကျူ ဥပဒေတစ်ရပ် ပြဋ္ဌာန်း၏ ထိုဥပဒေ၌ နိုင်ငံတော်တွင် ရွှေ ငွေအတုလုပ်သည့် အတတ်ပညာကို တားမြစ်သည့် တားမြစ်ချက်ကို တ[illegible]လွန်ပါက လိမ်လည်သည့် ဖြစ်မှုဖြင့် သေဒဏ် သို့မဟုတ် ရှိပစ္စည်းအားလုံးကို သိမ်းယူမည်ဆို၏။ သို့သော် ဥပဒေကိုကား တိတိကျကျ မလိုက်နာကြပေ။

၁၅ ရာစုတွင် ကိစ္စအတော်များများ၌ အင်္ဂါရတ်ပညာကို အသုံးပြုခွင့်ပေးခဲ့လေသည်။ ၁၄၃၆ ခုနှစ်၌ ဆဌမဟင်နရီ (၁၄၂၁ -၁၄၇၁) က အတုအယောင်များ ပပျောက်ရန် အင်္ဂါရတ်ပညာရှင်များကို ဖိတ်ခေါ်ခဲ့၏။ ၁၄၄၅ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

တွင် အဂ္ဂိရတ်ပညာရှင် (၄) ဦးကို တရားဝင်ခွင့်ပြုချက်ပေးလိုက်၏။

ထို (၄) ဦးကား ၎င်းတို့၏လုပ်ငန်းကို နှောင့်နှေးအောင်နှောင့်ယှက်သူများသည် အဂ္ဂိရတ်ပညာကို အဓိပ္ပာယ်မရှိ အသုံးမကျဟု ယူဆသူများ ဖြစ်ကြ၏။ ဘုရင်၏ ခွင့်ပြုချက်ရသဖြင့် ထိုပညာရှင် (၄) ဦးသည် ၎င်းတို့၏အလုပ်ကို လွတ်လပ်စွာ လုပ်ကိုင်နိုင်လေသည်။ ဘုရင်ကလည်း ၎င်းတို့အား ခွင့်ပြုခြင်းသည် ၎င်းတို့လုပ်ငန်း၏ရလဒ်ကို သိလိုသောကြောင့် ဖြစ်၏။ စတုတ္ထအက်ဒဝပ် (၁၄၄၂ -၁၄၈၃) က အခြားအဂ္ဂိရတ်ပညာရှင်များကိုလည်း လိုင်စင်ထုတ်ပေးခဲ့၏။ ထိုဘုရင်သည် ဂျော့ရစ်ပလီ၏ COMPOUND OF ALCHEMY ကျမ်း၌ ရည်ညွှန်းခံရသူ ဖြစ်ပေသည်။

၁၃၈၀ ပြည့်နှစ်တွင် ပြင်သစ်ဘုရင်ပဥ္စမမြောက်ချား(လ်)က အဂ္ဂိရတ်ပစ္စည်းပိုင်ဆိုင်မှုကို ဥပဒေဖြင့် တားမြစ်၏။ သူက အဂ္ဂိရတ်ပညာရှင်သည် သူ့နိုင်ငံ၏ ငွေကြေးကို အတုအစားပြုခြင်းဖြင့် ဒုက္ခပေးမည်ဟု မှတ်ထင်ထား၏။ ထို့အတူ ငွေကြေးအတုတို့ တိုးတက်လာမှုကား များစွာဖြစ်လာဟန်တူ၏။ အကြောင်းမှာမူ ထိုကိစ္စအတွက် ကောင်စီတစ်ရပ်ကို မကြာခဏစေလွှတ်သောကြောင့် ဖြစ်၏။ ထိုဥပဒေကို ခေတ္တခဏသာ တင်းကျပ်စွာဖြင့် ဥပဒေတည်စေသော်လည်း ကံဆိုးသူအဂ္ဂိရတ်ပညာရှင်အနည်းငယ်ကို ဖမ်းဆီး၍ ထောင်ချပြီးသည့်နောက်၌ ထိုဥပဒေနှင့်ပတ်သက်၍ အရာရာကို မေ့လျော့သွားကြလေသည်။

ဗင်းနစ်ရီပတ်သလစ်တွင် အဂ္ဂိရတ်ပညာကို ၁၄၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ဂရင်းကောင်စီက ဥပဒေဖြင့် ပိတ်ပင်ခဲ့၏။ ထို့အပြင် အဆိုပါပညာရပ်ကိုလည်း ရှုတ်ချခဲ့၏။ ပို၍ဆိုးသည်မှာ ထိုပညာရှင်များအား လိမ်လည်မှုဖြင့် အရေးယူမည်ဟု ခြိမ်းခြောက်ခြင်းပင် ဖြစ်၏။ ၁၄၉၂ ခုနှစ်တွင် တစ်ကြိမ်ထပ်မံ၍ နုရင်ဘတ်၌ အဂ္ဂိရတ်ကို တားမြစ်ပြန်၏။ ဤမျှ ပြင်းပြင်းထန်ထန် အရေးယူသော်လည်း အဂ္ဂိရတ်ပညာရှင်အနည်းငယ်မျှသာ အရေးယူခံကြရ၏။

ဤဥပဒေအရ ထိခိုက်ခံရသူမှာ အဂ္ဂိရတ်ပညာရပ် မဟုတ်ပေ။ အဂ္ဂိရတ်ပညာဖြင့် အဖိုးတန်သတ္တုများကို ပြုလုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်သာ ဖြစ်ပေသည်။ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများမှ အဂ္ဂိရတ်ပညာရှင်အနည်းငယ်ကို အပြစ်ရှိသည်ဟု တွေ့ရှိကြ၏။ ၁၃၁၇ ခုနှစ်တွင် ထုတ်ဝေသည့် SPONDENP RUAS NON EXHIBENTကျမ်းကို (၂၂)ဆက်မြောက်ဂျွန်က ထုတ်ဝေခဲ့ရာတွင် ၁၄ ရာစု၊ ၁၅ ရာစုနှစ်များတွင် လောကီအာဏာပိုင်များက အရေးယူကြသည့်အတိုင်း အဂ္ဂိရတ်ပညာသည် သိပ္ပံပညာမဟုတ်ဘဲ လိမ်ညာသော၊ အတုလုပ်သောပညာသာဖြစ်၍ တားဆီးသင့်သည်၊ ပိတ်ပင်သင့်သည်ဟု ဆို၏။ သို့ရာတွင် မည်သူမျှ အဂ္ဂိရတ်ပညာကို ပြင်းပြင်းထန်ထန်တော့ မဝေဖန်ကြပေ။

အဂ္ဂိရတ်သည် ရှေးဆန်သောနည်းစနစ်ဟုဆိုကြ၏။ သို့တည်းမဟုတ် အဂ္ဂိရတ်သည် ဘုရားမဲ့ဝါဒကို ဖြစ်စေသော အတတ်ပညာလည်း မဟုတ်ပေ။ ဘာသာရေးနှင့်ဆန့်ကျင်သော အပြောအဆို အယူအဆသည် အဂ္ဂိရတ်ကို သွယ်ဝိုက်၍သာ ထိခိုက်၏။ တိုက်ရိုက် မထိခိုက်ပေ။ ၁၃၉၆ခုနှစ်တွင် နီကိုလတ်အမ်မရစ်က AGAINST THE ALCHEMISTS ကျမ်းကို ရေးခဲ့၏။ စွပ်စွဲချက်ကို ထောက်ခံသောအားဖြင့် (၂၂) ခုမြောက် ဂျွန်က ထပ်မံပြောဆိုသည်မှာ အဂ္ဂိရတ်ပညာသည် လိမ်လည်လှည့်ဖြားသော အတတ်ပညာဟု ဆိုခဲ့၏။ လွန်ခဲ့သည့် နှစ် (၂၀) က MANUAL OF THE INQUISITORS ကျမ်း၌ အဂ္ဂိရတ်ပညာရှင်ကို စေတန်က လှုံ့ဆော်နေသည်ဟု ဆို၏။ အဂ္ဂိရတ်ပညာရှင်တို့သည် မိမိတို့၏ ရည်ရွယ်ချက်တို့ မပြီးမြောက်သည့်အခါ အမ်မရစ်က ၎င်းတို့သည် မိစ္ဆာတို့၏အကူအညီကို တောင်းခံကြသည် ဆို၏။ သူ၏လက်နှင့်တောင်းပန်တိုးလျှိုးသောအခါ ၎င်းတို့သည် ကွယ်ဝှက်၍ဖြစ်စေ၊ ပြောင်ဖြစ်စေ မကောင်းဆိုးဝါးနှင့် ရာသက်ပန်ပူးတွဲနေသည်ဟု မှတ်ချက်ပြုလိုက်၏။ ၎င်းသည်ကား သဘောတရားအသစ် မဟုတ်ပေ။ ၁၃ ရာစုကုန်ခါနီး၌ ဘုန်းကြီးအဖွဲ့အစည်းက အဂ္ဂိရတ်ပညာကို ရှုတ်ချဝေဖန်ကြ၏။

အမ်မရစ်အချိန်ကာလတွင်မူ ၎င်းသည် အန္တရာယ်ရှိသောတာဝန်ဖြစ်လာသည်။ စုန်းအတတ်သည် အောက်လမ်းပညာတစ်ရပ်ဖြစ်သည်ဟု ဆိုကြ၏။ နောက်ဆုံးအပြစ်ရှိသည်ဟု သတ်မှတ်ခံရသူများမှာ ဒုက္ခတွေ့ကြရ၏။ အဂ္ဂိရတ်ပညာရှင်သည် စေတန်နှင့် သဘောတူအဆက်အသွယ်လုပ်သည်ဟု စွပ်စွဲချက်မှာ အားလုံးသော စွပ်စွဲချက်ထက် ပိုကြီးနေသဖြင့် ၎င်းစွပ်စွဲချက်အရ အဂ္ဂိရတ်ပညာရှင်ကို စုန်းအတတ်ပညာရှင်များကဲ့သို့ စစ်ဆေးအရေးယူရမည်ဟု ဆိုကြလေသည်။

ကံကောင်းသည်မှာ အမ်မရစ်သဘောတရားကို ထောက်ခံသူနည်းပါးခြင်း ဖြစ်၏။ (၁၅) ရာစုကုန်ခါနီး၌ စစ်ဆေးသူများက အဂ္ဂိရတ်ဘက်သို့လှည့်လာပြန်၏။ ဤတစ်ကြိမ်တော့ ပုံစံတစ်မျိုးဖြစ်လာ၏။ ဒိုမီနီကန်ဘုန်းတော်ကြီး (၂) ဦးက ၁၄၈၆-၈၇ ခုနှစ်တွင် ပထမထုတ်ဝေသော THE WITHCHE'S HAMMER ကျမ်း ဖြစ်၏။ သူတို့နှစ်ဦးအား စုံစမ်းစစ်ဆေးသူအဖြစ် ခန့်အပ်လိုက်၏။ ပထမတွင် စုန်းပညာ၏ နည်းစနစ်များကို စုဆောင်းပြီး စုန်းပညာစစ်ဆေးသူလက်စွဲကျမ်းကို ရေးသားခဲ့၏။

၎င်းတို့က အဂ္ဂိရတ်မှဖြစ်လာသော ရွှေကို မကောင်းဆိုးဝါး၏ လက်ရာဟု သတ်မှတ်ရန် သင့်၊ မသင့် စဉ်းစားကြ၏။ သောမတ်အက္ကွိနပ်ရေးသော SCRIPTUM INIV (LIBROS SE NTENTIARIUM) ကျမ်းနှင့် လျော်ညီစွာဝင် အဂ္ဂိရတ်ရွှေသည် တရားဝင်ခိုင်မာသော ရွှေမဟုတ်။ တကယ့်ရွှေအစစ်ဟုဆို၏။ သတ္တုတွင်းရှိ သတ္တုများပေါ် ကျရောက်သော နေ၏ အလင်း၊ အပူအဖြစ်သာ ဖြစ်ရ၏။ မီးဖိုနှင့် လုံခွက်တို့၏ အပူ အလင်းကြောင့် ဖြစ်နိုင်စွမ်းမရှိပေ။

အဂ္ဂိရတ်ရွှေသည် မည်သည့်နည်းနှင့်မျှ စေတန်၏လက်ရာမဖြစ်နိုင်။ သို့သော် အဂ္ဂိရတ်ပညာသည် မကောင်းဆိုးဝါး၏ စေ့ဆော်မှုကြောင့် ဖြစ်သည်ဟူသော သံသယမှာမူ မလျော့ပါးပေ။ အမ်မရစ်၏ အဂ္ဂိရတ်နှင့်ပတ်သက်သော အယူအဆကို ပေါ့ပေါ့ဆဆ သဘောမထားသင့်ပေ။ အကြောင်းမှာမူ ဥပမာများစွာတို့က ထိုကိစ္စကို ညွှန်ပြထား၏။ ဥပမာ အာနေးသည် အဂ္ဂိရတ်ပညာရှင်ဖြစ်ပြီး သူသည် မကောင်းဆိုးဝါးတို့ စေ့ဆော်သူဖြစ်၏။ ဤအချက်ကလည်း အဂ္ဂိရတ်ပညာကို နှိပ်ကွပ်သောအချက်ဖြစ်၏။ သို့သော် နောက်နှစ် (၂၀၀) ကြာသောအခါ ၁၇၄၆ ခုနှစ်၌ ဖာရီယာက သူ၏ BIBLIOTHECA, CANONICA, IURIDICA. MORALIS, THEOLOGICA ကျမ်း၌ ဖော်ပြထားသည်မှာ -

'အဂ္ဂိရတ်ပညာသည် အန္တရာယ်မျိုးစုံကြားတွင် ရှင်သန်ရ၏။ မကြာခဏလည်း မကောင်းဆိုးဝါးတို့၏ လက်ချက်



www.burmeseclassic.com

www.burmeseclassic.com

[illegible]တို ခံစားရ၏’

သို့ဖြစ်လျှင် ၁၃ ရာစု၌ အင်္ဂလိပ်ရတ်[illegible]ညာသည် အဘယ်ကြောင့်၊ ပညာ[illegible]သည် အဘယ်ကြောင့် ပညာရပ်အသစ်[illegible]တစ်ခုအဖြစ်ကြွေးကြော်နိုင်ခဲ့ပါသနည်း။ [illegible]နောင်အနှစ်(၂၀၀)ကြာသောအခါတွင် [illegible]ထိမ်လည်သူများ၏အတတ်ပညာအဖြစ် [illegible]ညီသို့မည်ပုံရောက်ရှိသွားပါသနည်း။

ဤသို့ဖြစ်ရခြင်း၏ အကြောင်း[illegible]အရင်းမှာ ပညာရပ်၏လျှို့ဝှက်မှုကြောင့် [illegible]လည်းကောင်း၊ ပညာရှင်၏ ကြွားဝါမှု[illegible]ကြောင့် လည်းကောင်း၊ ပညာရှင်၏ [illegible]နိုင်မာသောရလဒ်ကို မပြနိုင်မှုကြောင့် [illegible]လည်းကောင်း ဖြစ်ရ၏။ အလယ်ခေတ် [illegible]တတ္တသိုလ်များက နက္ခတ္တဗေဒကို သင်[illegible]ကြားပေးရန် လွယ်ကူသော်လည်း အင်္ဂလိ[illegible]ရတ်ပညာရပ်ကိုမူ ၎င်းတို့ကိုယ်တိုင် [illegible]တတ်မခံကြသေးပေ။ ပင်းဆင့်နှင့် [illegible]သောမတ်အကွီးနပ်တို့သည် ၁၃ ရာစု[illegible]၏ ဘာသာရေးသမားများဖြစ်ကြပြီး [illegible]သူတို့က ရုပ်ပြောင်းလဲခြင်းကို ယုံကြည်[illegible]ကြ၏။ သို့ရာတွင်မူ ပညာရပ်သည် [illegible]ခတ်ခဲကြောင်းဝန်ခံကြသည်။

၁၄ ရာစုနှစ်တွင် ဥပဒေပညာရှင် [illegible]တစ်ဦးက အင်္ဂလိရတ်သည် တရားဝင် [illegible]အတတ်ပညာ ဟုတ်၊ မဟုတ်ကို လည်း [illegible]ကောင်း၊ ထိုပညာရပ်အား အတတ်ပညာ [illegible]အဖြစ် လက်ခံသင့်၊ မသင့် ဟူသော [illegible]ပြဿနာကို စတင်ခဲ့၏။ ဤကိစ္စကို [illegible]စစ်ဆေးသူမှာ အိုရာဒို (ကွယ်လွန် [illegible]၁၃၃၅) ဖြစ်ပြီး သူက အင်္ဂလိရတ်ပညာ[illegible]သည် မှော်ပညာ မဟုတ်ကြောင်း၊ [illegible]သဘာဝပေါ်တွင် အလုပ်လုပ်သော [illegible]ညာရပ်ဖြစ်ကြောင်း ဆုံးဖြတ်ကြ၏။

လောကတွင် Species တစ်မျိုးမှ [illegible]တစ်မျိုးသို့ ကူးပြောင်းရန်မှာ ခက်ခဲလှ[illegible]၏။ သို့သော် အင်္ဂလိရတ်ဆရာကမူ Spe-[illegible]cies တစ်မျိုးတည်းကိုသာ ထုတ်လုပ်ပြီး [illegible]ထို Species တစ်မျိုးတည်းကိုသာ သုံး[illegible]၏။ ဥပမာအားဖြင့် ဘင်မှ ရွှေသို့ ကူး[illegible]ပြောင်း ထုတ်လုပ်စေခြင်းမျိုး ဖြစ်၏။ [illegible]သဘာဝက သတ္တုတွင်းတွင်ဖြစ်စေသည့် [illegible]သတ္တုများကို အင်္ဂလိရတ်ပညာကလည်း [illegible]မြေကြီးအထက်တွင် (ဝါ) မြေထဲတွင် [illegible]နှစ်ပေါင်းများစွာကြာအောင်ထားသည် [illegible]မဟုတ်ဘဲ အင်္ဂလိရတ်နည်းဖြင့် သဘာဝ [illegible]ကျကျဖြစ်စေခဲ့၏။ အင်္ဂလိရတ်ပညာသည် [illegible]သဘာဝကို အတုယူသောပညာ ဖြစ်၏။ [illegible]ထို့ကြောင့် အင်္ဂလိရတ်ပညာရှင်သည် မည်[illegible]သည့်အပြစ်မျှ ကျူးလွန်ခြင်း မရှိပေ။

သူတို့သည် အပင်များ၊ ကျောက်တုံးများ၏ လျှို့ဝှက်ချက်များကို ရှာဖွေသူများသာ ဖြစ်၏။ မိမိရည်ရွယ်ချက်ဖြင့် ကိုက်ညီအောင်ပြုခြင်းသာ ဖြစ်၏။

ထို့အပြင် ဘုရားသခင်သည် ဤပစ္စည်းများကို ဖန်ဆင်းခဲ့ပြီးဖြစ်၍ ဤပစ္စည်းများကို စူးစမ်းရှာဖွေသူသည် မည်သည့်အပြစ်မျှမရှိပေ။ သူ့အယူအဆကို လက်ခံပြီး အနာဂတ်အတွက် လမ်းညွှန်ချက်ဖြစ်လာ၏။ ၁၅ ရာစုတွင် ဥပဒေပညာရှင်က အိုရာဒိုကိုခေါ်ပြီး အင်္ဂလိရတ်ပညာရပ်အပေါ်တွင် အပြုသဘောမြင်ကြောင်း ပြောကြားခဲ့၏။ အင်္ဂလိရတ်နှင့် ပတ်သက်၍ အကောင်းမြင်ကြသူ ပညာရှင်များမှာ အယ်ဘာစီကပ်၊ ကိုနီးအင်ဒရေး၊ ပါနိုမီတန်နပ်အင်ဒရေးအော့အစ်ဆာနီယာ၊ ဘောဒပ်၊ ဗာဗီနပ်တို့ ဖြစ်ကြ၏။ ၁၅ ရာစုအကုန်တွင် ဟီရိုနီမတ်သည် အလားတူပြဿနာကြုံရ၏။ အင်္ဂလိရတ်ပညာသည် လွန်ခဲ့သည့် နှစ် (၂၀၀) ကတည်းက တည်တံ့ခဲ့ပြီး ဖြစ်၏။ ၎င်း၏ ခိုင်မြဲမှုကို ပေါ့ပေါ့ဆဆထင်မှတ်ရန် မသင့်ဟု ယူဆထား၏။ သူက ဤသို့ ကောက်ချက်ချ၏။

“အမှန်မှာ ကျွန်ုပ်ကလည်း ထိုသဘောအတိုင်းပင် ဖြစ်ပါသည်”

ထိုအယူအဆအရ ဤပညာရပ်သည် ခိုင်မာ၏။ အထက်တန်းလွှာများက အင်္ဂလိရတ်ပညာတွင် စိတ်ဝင်စားမှုအသစ်ဖြစ်ပေါ်လာကြ၏။ ဤသို့ပြောင်းလဲမှုများ ဖြစ်လာခြင်းကြောင့် မကြာမီပင် ဤပညာရပ်သည် တခမ်းတနား ပြောဆိုစရာဘာသာရပ်အဖြစ် ပြောင်းလဲလာပေတော့မည် ဖြစ်၏။

၁၆ ရာစု၊ ၁၇ ရာစုနှစ်များတွင် ၎င်းသည် များစွာသော ဥရောပနန်းတွင်းများ၌ ပဓာနကျသောပညာရပ်ဖြစ်နေခဲ့၏။ ပထမကော်စီမို (၁၅၁၉-၁၆၁၂) နှင့် သူ၏သားဖရန်စစ္စကို (၁၅၄၁-၁၅၈၇) တို့သည် ဖလော့ရင့်မြို့၌ အင်္ဂလိရတ်သုတေသနကို ပြုလုပ်ခဲ့ကြ၏။ ဒုတိယ ရူးဒေါ့ဖ် (၁၅၅၂-၁၆၁၂) သည်လည်း အင်္ဂလိရတ်ပညာရပ်တွင် နက်ရှိုင်းစွာ ပါဝင်ခဲ့၏။ သူကွယ်လွန်ချိန်နီးတွင်ပင် သူ၏ရဲတိုက်ကြီး၌ အင်္ဂလိရတ်သုတေသနကို ပြုလုပ်ခဲ့ကြလေ၏။ ထိုနေရာတွင် သူ့အား နိုင်ငံပေါင်းစုံမှ လူမျိုးစုံအင်္ဂလိရတ်ပညာရှင်များ လာရောက်တွေ့ဆုံကြ၏။

ထို့နောက် အင်္ဂလိရတ်ကို စိတ်ဝင်စားသူမှာ ဆွီဒင်မှ ခရစ္စတီးနား (၁၆၂၅-၁၆၈၉) ဖြစ်၏။ ဒိန်းမတ်နိုင်ငံမှ စတုတ္ထခရစ်ယာန် (၁၅၇၇-၁၆၄၈) နှင့် ဂက်စပါတို့သည် အညံ့စားသတ္တုမှ ရွှေဖြစ်စေရန် ကြိုးပမ်းခဲ့၏။ ထိုစမ်းသပ်မှုအောင်မြင်၍ အဆိုပါအင်္ဂလိရတ်ရွှေကို ဒင်္ဂါးသုံး၍အသုံးပြုခဲ့ကြ၏။ ထိုကာလမှာ (၁၆၄၄ မှ၁၆၄၆)ဖြစ်၏။ တစ်ချိန်တည်းလောက်တွင်ပင် ၁၆၄၇ ၌ ဩစတြီးယားဧကရာဇ် တတိယဖာဒီနန်ကို နောက်အင်္ဂလိရတ်ပညာရှင် ရစ်သူဆန်ကလည်း ရွှေအဖြစ်သို့ပြောင်းလဲပြပြန်၏။ ဧကရာဇ်ကလည်း နောက်ထပ်ရွှေတံဆိပ်တစ်ခုညွှန်းပြန်၏။

လူတို့ကဲ့သို့ပင် ဤပညာရပ်ကို လူသားတို့ ဖန်တီးသဖြင့် ပေါ်ထွက်လာခဲ့၏။ သူ၏ တန်ဖိုးတစ်ပိုင်းတစ်စကို လူသားတို့အား ပြသပေးတော်မူခဲ့သော ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ၁၆၅၀ ပြည့်နှစ်တွင် ဧကရာဇ်သည် ကိုယ်တိုင်ကိုယ်ကျ သတ္တုပြောင်းလဲမှုကိုလုပ်ပြီး တံဆိပ်ခတ်နှိပ်လေ၏။ အင်္ဂလိရတ်ပညာ၏ သဘောသဘာဝတစ်ခုကို ဥပမာပြုရပါက နာ(ခဲ)မိဘများမှ ပေါက်ဖွားလာသောရွှေသမီးတော် ဟူသည်ပင် ဖြစ်ပေသည်။

စာပေအသိုက်အဝန်းနယ်ပယ်၌ကား အင်္ဂလိရတ်ပညာကို ဤမျှလောက် အထင်ကြီးခြင်းကား မရှိပေ။ ၁၃ ရာစု၌ STORY OF THE ROSE အမည်ရှိ ကဗျာ ရှည်ကြီး ပေါ်ထွက်ခဲ့၏။ အမိပွာယ်မှာ နှင်းဆီပုံပြင် ဖြစ်၏။ ထိုကဗျာ၏ ပထမ စာကြောင်း (၄၀၀၀)ကို ၁၂၂၅ ခုနှစ် နှင့် ၁၂၃၀ ပြည့်နှစ်အတွင်း ရေးခဲ့၏။ ဂျိန်းကော်ပီနယ်က (၁၂၆၅ မှ ၁၂၇၈) အတွင်းပြီးအောင်ရေးခဲ့၏။ နံရံအမြင့်ကြီးကာထားသော အံ့ဖွယ်ဥယျာဉ်၏ အလယ်မှ ရေပန်းအောက်ရှိ ဖန်အိုးထဲ နစ်မြုပ်နေသော နှင်းဆီပွင့်အကြောင်းကို ရေးစပ်သီးကုံးခြင်း ဖြစ်၏။ ကဗျာ၏ အကြောင်းအရာမှာ လွန်ခဲ့သော (၅)နှစ်က ကဗျာဆရာမက်ခဲ့သည့် အိပ်မက်မှ အချစ်၏နောက်သို့လိုက်ပါခြင်းဖြစ်၏။

ဤကဗျာထဲတွင် ပြဆိုထားသည့် အကြောင်းအရာများမှာ သက်ရှိလူသားသဖွယ် အသက်ဝင်နေပြီး အားနည်းမှုကလည်း ပေါ်လွင်နေသည်။(ဆက်ရန်)

ဆရာဦးခေါက်ထွန်းလင်း

(အာယုဝေဒ)

www.burmeseclassic.com

(သတ္တုဗေဒ) မေလွင်ဦး

# မျောက်နဲ့စေးနှင့်တူသော

နွေနှောင်းပိုင်းအချိန်မို့ ရာသီဥတုက ပူလောင်အိုက်စပ်နေသည်။ မိုးနီးလာလေ နေမထိထိုင်မသာနှင့် ပို၍ပူလေပင်။ ရာသီဥတုပူသော်လည်း လေတိုက်လျှင် နေသာသေးသည်။ ယခုတော့ သစ်ရွက်တစ်ရွက်လှုပ်အောင် တောင်လေမခတ်။ အိပ်မရသည်မို့ ဒေါ်လှယဉ် အိပ်ရာမှထ၍ အိမ်ရှေ့ခန်း သံစကာကွက်နားတွင် ထွက်ထိုင်နေလိုက်သည်။

"ဟင်း"

သက်ပြင်းမောတစ်ခုကိုချလိုက်မိသည်။ နေ့လယ်ကကိစ္စကို စိတ်ရောက်သွားသောအခါ ရင်ထဲမှာ ခဲဆွဲထားသလို လေးလံလာသည်။

"ငါရှာထားတဲ့ပစ္စည်းဥစ္စာတွေကို များ ရပိုင်ခွင့်ရှိသလေးဘာလေးနဲ့ အမေတော်တော်မတရားတာ"

ဒေါ်လှယဉ် နှုတ်မှစကားလုံးတွေ ယောင်ယမ်းထွက်သွားသည်အထိ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားမိသည်။ တစ်စုံတစ်ဦးအပေါ် မကျေနပ်စိတ်က ဖွဲမီးသဖွယ်တငွေ့ငွေ့လောင်နေလေသည်မို့ ရာသီဥတုအပူနှင့် ရင်တွင်းအပူနှစ်ခုပေါင်း၍ အိပ်မရခြင်း ဖြစ်သည်။ ညဉ့်နက်၍ အအေးဓာတ်ကလေးလာရမှ ဒေါ်လှယဉ် အိပ်ရာပြန်ဝင်ခဲ့သည်။

ဒေါ်လှယဉ်က တစ်ကိုယ်တည်း အပျိုကြီးဖြစ်၍ မိခင်ဖြစ်သူ ဒေါ်ကျင်နှင့် အတူနေထိုင်သူ ဖြစ်သည်။ ဒေါ်လှယဉ်တို့မိသားစုက သဲဖြူရွာဇာတိဖြစ်၍ ဖခင်ကြီးကွယ်လွန်ပြီးနောက် လယ်ယာမြေ



www.burmeseclassic.com

www.burmeseclassic.com


…ချို့တို ရောင်းချ၊ အချို့ကို လယ်…တ်ခချကာ မြို့သို့ပြောင်းရွှေ့ခဲ့ကြ…င်း ဖြစ်သည်။ ဒေါ်လှယဉ်အထက်…သာလှမှမွေးသည့် တူမဖြစ်သူ နှင်းနု…၊ စာချုပ်စာတမ်းဖြင့်မွေးစား၍ အတူ…နေထိုင်ကြသည်။ နှင်းနု (၁၈) နှစ်သမီး…တ်တွင် ကိုသာလှတို့ဇနီးမောင်နှံ…ရားဖူးထွက်ရင်း ကားမှောက်၍ဆုံးပါး…ကြသည်။

မိမဲ့ဖမဲ့နှင်းနုအတွက် အားကိုးစရာ…အဒေါ်နှင့် အဘွားသာဖြစ်ခဲ့ရသည်။ …င်းနုကိုယ်တိုင်ကလည်း လိမ္မာရေးခြား…သည့် မိန်းကလေးတစ်ဦးဖြစ်၍ အဒေါ်…နှင့် အဘွားအပေါ် အလွန်အလိုက်သိ…သူ ဖြစ်သည်။ မိန်းကလေးပင်ဖြစ်လင့်…စား စပါးပေါ်ချိန်ရောက်လျှင် စပါး…ကြိုပေးထားသည့်အိမ်များသို့ တစ်ရွာဝင်…တစ်ရွာထွက် လှည်းတစ်စီးဖြင့် စပါးသိမ်း…ရသည်။ ငွေချည်းသက်သက်ချေးယူ၍…စပါးပေါ်ပေးဆိုလျှင်လည်း နေပူမရှောင်…ရွာမရှောင် တစ်ရွာဝင်တစ်ရွာထွက် လိုက်လံ၍ စာရင်းရှင်းငွေသိမ်းရသည်။

စပါးပေါ်ချိန်မပေးဖြစ်က ပဲပေါ်ချိန်ရွှေ့၍ ဆိုင်းငံ့ရဦးမည်။ ထို့ကြောင့် အပင်ပန်းခံ၍ တစ်ရွာပြီးတစ်ရွာ နေ့မအိပ်ညမအိပ်လိုက်လံတောင်းနိုင်ပါမှ တော်ကာကျတော့သည်။ မိန်းမသားတန်မဲ့ လှည်းမောင်း၍ အပင်ပန်းဆင်းရဲခံလုပ်ကိုင်ပေးရသော်လည်း တကယ်တမ်းကျတော့ နှင်းနုမျက်နှာတောင်းမရခဲ့ပါ။ ဒေါ်လှယဉ်က ငွေရေးကြေးရေး၊ ဥစ္စာအရေးနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမျှ မထောက်ထား မစာနာတတ်ပေ။ ကျန်သည့် အိမ်မှုကိစ္စအဝဝ၌ အလိုက်သိသော်လည်း ပစ္စည်းဥစ္စာနှင့် သက်ဆိုင်လာခဲ့ပါက မိခင်ဖြစ်သူ ဒေါ်ကျင်နှင့်ပင်တကျက်ကျက်။

တစ်နေ့ နှင်းနု စပါးပေးနှင့် ချေးငွေများသိမ်း၍ ပြန်လာပြီး မောမောနှင့် အိမ်ပေါ်လှမ်းတက်လိုက်သည်။ မြေးပင်ပန်းလာသည်ကိုသိသော အဘွားအေဖြစ်သူ ဒေါ်ကျင်က -

"ငါ့မြေးအတော်လေးပင်ပန်းလာ





www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ရေမိုးချိုးပြီးထမင်းစား။ အဘွား ဝက်သားဟင်းအချိုချက်ချက်ထားတယ်"

"ပင်ပန်းတယ်ဆိုပေမယ့် အဘွားတို့မရှိရင် သမီးပဲရမှာဆိုတော့ ပင်ပန်းတယ်မထင်နဲ့ သမီးရယ်"

ထိုစကားကို အိပ်ခန်းထဲမှ ဒေါ်လှယဉ်ကြား၍ ကပျာကယာထွက်ကာ ပြောလိုက်သည်မှာ -

"ဘယ်လိုစကားတွေများပြောနေတာလဲ အမေ။ လှယဉ်ကိုလည်း နည်းနည်းလေးအားနာပါဦး။ အမေသေရင် နှင်းနုပဲရမယ်ဆိုတော့ ကျွန်မပါ အမေနဲ့အတူလိုက်သေရမှာလား"

အလုပ်လုပ်၍ ပင်ပန်းနေသော မြေးမကို အားပေးစကားပြောသည်ဟု မထင်မှတ်ဘဲ မိခင်ဖြစ်သူကို ကက်ကက်လန်အောင် ရန်တွေ့နေသော ဒေါ်လှယဉ်ကို ဒေါ်ကျင် အမြင်ကတ်ကတ်နှင့် ပြန်ပြောလိုက်သည်။

"ကလေးအလုပ်လုပ်ရတာ အားရှိအောင်ပြောနေတာ။ ညည်းကကော မသေတော့ဘူးလား။ ဒီကလေးက ငါတို့ကျန်ခဲ့တဲ့ပစ္စည်းဥစ္စာတွေအကုန်ရသွားလည်းဘာမှမကျေနပ်စရာမရှိဘူး။ ညည်းတူမအရင်းခေါက်ခေါက်ပါအေ့။ ညည်းပစ္စည်းဥစ္စာခင်တွယ်တာက သူများထက်လွန်လွန်းတယ်"

မိခင်ဖြစ်သူ တကယ်ဒေါသထွက်သောအခါ ဒေါ်လှယဉ်လည်း ဘာမှဆက်မပြောတော့ဘဲ အခန်းထဲပြန်ဝင်သွားတော့သည်။ ဒီကတည်းက နှင်းနုတို့မြေးအဘွားကို မကျေမနပ်နှင့် အိပ်ရာဝင်သွားခြင်းပင် ဖြစ်သည်။

*

ဒေါ်လှယဉ်အကြောင်းကို သူများသိသည်ထက် မိခင်ဖြစ်သူ ဒေါ်ကျင်က ပို၍သိသည်ပေ့ါ။ ဘေးလူအသာထား ညီအစ်ကိုမောင်နှမအပေါ်၌ပင် ကြည့်ရှုပေးကမ်းခြင်းမရှိ။ ဆွေမျိုးသားချင်းများအပေါ်၌ 'ဉာတကာနဥ္စ သင်္ဂဟော' ဟူသော မင်္ဂလာပျက်နေသူ ဖြစ်သည်။ ပေးကမ်းလှူဒါန်းတတ်အောင်ဆုံးမသွန်သင်ပေမယ့် အရာမထင်ခဲ့။ မိခင်ဖြစ်သူက ဆွေထဲမျိုးထဲမှ နွမ်းပါးသူများကို ပေးကမ်းလှူဒါန်းလျှင်လည်း ဟိုဟာမပေးနှင့်၊ ဒီဟာမပေးနှင့်ဟု ကာဆီးကာဆီးလုပ်လေ့ရှိသည်။ ပင်ပင်ပန်းပန်းရှာထားရတာ နေရာတကာမပေးနိုင်ဘူးဟူသောစကားက လက်သုံးစကားဖြစ်သည်။ ဒေါ်ကျင်တို့ မြို့ကို ပြောင်းလာစဉ်အခါက သဲဖြူ၌ မောင်ဖြစ်သူ ကိုတင်မြင့်ကျန်ခဲ့သည်။ နွမ်းပါးသည့်သားကို ဒေါ်ကျင်က ကျေးရွာလူကြီးရှေ့၌ပင် ထိုက်သင့်သည့် အမွေခွဲဝေပေးခဲ့သည်။ ဒါကိုလည်း ဒေါ်လှယဉ် သဘောမကျ။

"အမေ၊ အမွေက မိဘသေမှခွဲဝေယူကြရတာလေ။ အမေက မသေသေးဘဲနဲ့ ခွဲပေးနေတယ်။ အိမ်ထောင်ကျတုန်းကလည်း ပေးလိုက်သေးတာပဲ"

ဤသို့နှယ် မိခင်ကို မကျေမနပ်နှင့် သဖန်းပိုးထိုးခဲ့သေးသည်။ တစ်မိပေါက် တစ်ယောက်ထွန်းလာသော ဒေါ်လှယဉ်ကို ဒေါ်ကျင် များစွာစိတ်ပျက်ခဲ့သည်။

ဒီလိုနှင့် ရက်ကို လစား၊ လကို နှစ်စား၍ ရာသီအလီလီပြောင်းခဲ့လေပြီ။ ဒေါ်ကျင်လည်း အသက် (၈၀) နီးခဲ့ပြီ။ နှင်းနုလည်း နှစ်ဆယ်ကျော်အစိတ်ပိုင်း အရွယ်တော်တစ်ဆိတ်ဟိုင်းပြီမို့ 'သမီးကညာ ရွယ်ရောက်လာ ချိန်ခါမလင့်နှင့်' ဟူသောစကားအတိုင်း နှင်းနုကို ဇာတိ သဲဖြူရွာမှ ဦးမောင်ကြိုင်၊ ဒေါ်တင်လှတို့၏ သားဖြစ်သူ မောင်သာစိန်နှင့် နေရာချထားပေးစားရန် စီစဉ်ကြသည်။ဤတွင် ဒေါ်လှယဉ် တစ်စခန်းထတော့သည်။

"ဘာပြောတယ် အမေ၊ ရွာက လယ်တွေပါပေးမယ်ဟုတ်လား။ ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်းပေးတာတော်ပြီပေ့ါ။ ယောက်ျားလေးဘက်က လည်း လက်ဖွဲ့ဦးမှာပဲ အမေရယ်"

"လှယဉ်၊ သူများလက်ဖွဲ့တာမဖွဲ့တာတွေထည့်မပြောနဲ့။ ကျုပ်တို့ဘက်က ပေးဖို့သာပြော။ တောသူတောင်သားဆိုတာ လယ်မရှိဘဲဘယ်လိုလုပ်စားလို့ဖြစ်မတုံး။ ကျုပ်တို့နဲ့နေစဉ်တစ်လျှောက်လုံးလည်း ကလေးက ပေါ်ကြော့နေလာတာမဟုတ်ဘူး။ သူ့ခြေသူ့လက်ပဲလုပ်လာခဲ့ရတာ ညည်းအသိသားနဲ့"

"ဒါဖြင့် အမေက ဘာတွေပေးချင်သေးလို့ ကျွန်မကိုပြော့နေရတာလဲ။ ရွှေပေးရင် လယ်မပေးနဲ့ပေ့ါ၊ လယ်ပေးရင် ရွှေမပေးနဲ့ပေ့ါ။ နှစ်ခုစလုံးပေးချင်လို့ ဘယ်ဖြစ်မလဲ"

"မပေးချင်ရအောင် ကျုပ်က ညည်းတစ်ယောက်တည်း မွေးထားတာမဟုတ်ဘူး။ နှင်းနုမှာ သူ့အဖေဝေစုရပိုင်ခွင့်ရှိတယ်။ ကျုပ်သားက သေတဲ့အထိ ပစ္စည်းဥစ္စာကို စကားထဲထည့်ပြောသွားတာ မဟုတ်ဘူး။ မကျေနပ်ရင် ညည်းအိမ်ပေါ်ကဆင်းသွား"

"အမလေး - ကြားကြရဲ့လား အရပ်ကတို့ရဲ့။ တစ်သက်လုံးပြုစုလာတဲ့သမီးကို နှင်ချနေတယ်တော့ အီး . . ဟီး . . ဟီး"

မိခင်ဖြစ်သူက သူ့အား ပျစ်ပျစ်နှစ်နှစ်ပြောလိုက်သဖြင့် ဒေါ်လှယဉ်တစ်ယောက် အော်ကြီးဟစ်ကျယ်ငိုပါလေတော့သည်။ သူ့အတွက် အဒေါ်နှင့်ဘွားအေ စကားများရန်ဖြစ်ကြသဖြင့် နှင်းနု စိတ်ထိခိုက်မိသည်။

"မပြောပါနဲ့တော့ အဘွားရယ်။ သမီးအလုပ်လုပ်လို့ အဆင်ပြေအောင် လယ်ပဲယူပါ့မယ်။ ရွှေထည်မပေးပါနဲ့တော့။ သမီးအခက်အခဲရှိတော့ အဘွားဆီလာပြောမှာပေ့ါ။ စိတ်မကောင်းမဖြစ်နဲ့နော်"

အဘွားဖြစ်သူအား ဖျောင်းဖျပြောဆို၍ နှစ်သိမ့်ခဲ့ရသော်လည်း ဒေါ်လှယဉ်က နှင်းနုကို လုံးဝစကားမပြောတော့ပေ၊ မိမိအပေါ် ကြင်နာရှာလွန်းသောအဘွားဖြစ်သူနှင့် တစ်ကိုယ်ကောင်းဆန်သော အဒေါ်တို့အကြားနေခဲ့ရသည့်သူမမှာ 'ဆူးကြားကဘူးခါးပင်' ဖြစ်လေတော့သည်။

*

နှင်းနုကတော့ သျှောင်နောက်ဆံထုံးပါဆိုသလို သဲဖြူရွာရှိ ခင်ပွန်းသည်နောက်သို့ လိုက်ပါနေထိုင်ခဲ့လေသည်။ နှင်းနု အိမ်ထောင်သက် (၃) နှစ်လောက်အကြာမှာတော့ စပါးရိတ်သိမ်းချိန်တွင် မုန်တိုင်းဝင်၍ မိုးရက်ရှည်ရွာခြင်းကြောင့် တောင်သူလယ်သမားများ အထိနာခဲ့ကြရသည်။ စပါးခင်းများပျက်စီး၍ ထွေလွင့်ဆုံးရှုံးကြရသည်။ ရလာသည့်စပါးများ အစိုဓာတ်ဖြင့် အညှောက်ပေါက်၍ ဈေးမရသည့်အပြင် လှောင်ထား၍လည်း အဆင်မသင့်။ ရောင်းပြန်တော့လည်း ဈေးကောင်းမရကြ။ စပါးအဝယ်ဒိုင်များသို့ တာဝန်ကျေစပါးချရသောခေတ်ဖြစ်သဖြင့် တာဝန်ကျေစပါးချနိုင်အောင်ပင် မနည်းကြိုးကြိုးစားခဲ့ကြရသည်။ စပါးသိမ်းချိန်နောက်ကျသဖြင့် ပဲစိုက်ချိန်လည်း ဆုတ်ခဲ့ရသည်။ စပါးလည်းမဖိစီးနိုင်၊ ပဲလည်း ဂရုမစိုက်နိုင်သဖြင့် အတော်ပင် ကသီလင်တနိုင်ကြရသည်။

ဝမ်းစာစပါးပင်အနိုင်နိုင်မို့ အဘွားကို အကူအညီတောင်းဖို့ရာ နှင်းနုရောက်လာခဲ့ရပြန်သည်၊ ညှိုးငယ်နွမ်းလျှနေသည့် မြေးဖြစ်သူ၏မျက်နှာကိုမြင်ရုံနှင့်

www.burmeseclassic.com

ရင်တွင်းအပူသောကကို ဒေါ်ကျင် သိထိုက်သည်။

"သမီး၊ ဒီနှစ်အဆင်မပြေဘူး ဆိုတော့လား။ စိတ်မညစ်ပါနဲ့ သမီးရယ် လောကဓံပေါ့။ သမီးအဖေဝေစုကို အဘွားပေးလိုက်မယ်။ ထုခွဲရောင်းချပြီး တစ်ဖက်ကလည်း အရောင်းအဝယ်လုပ်ပေါ့ သမီးရယ်။ လယ်အလုပ်တစ်ခုတည်းနဲ့တော့ အဆင်ပြေမှာမဟုတ်ဘူး။ အဘွားလည်း ကျန်းမာရေးမကောင်းတော့ဘူး။သမီးကိုတောင်လှူကြုံမှာမလို့"

အဘွားဖြစ်သူက လိုက်လိုက်လှဲလှဲတွက်ဆက်စကားဆိုရှာတော့ ဝမ်းနည်းဝမ်းသာဖြင့် နှင်းနုငိုမိသည်။ တစ်ပတ်ခန့်အကြာမှာတော့ လူကြီးစုံရာရှေ့တွင် ရှေ့နေရှေ့ရပ်များနှင့် ခွဲဝေပေးဖို့ရန် ဒေါ်ကျင်က စီစဉ်လေသည်။ ယခင်က တည်းကရှိခဲ့သော ဒေါ်ကျင်နှင့် မလှယဉ်တို့၏ ဆက်ထုံးကပြန်ပေါ်လာလေပြီ။ လူကြီးစုံရာရှေ့တွင် မလှယဉ်ပြောသည်မှာ -

"အမွေခွဲတယ်ဆိုတာ ပေးတဲ့သူက ကျေကျေနပ်နပ်ပေးမှ ယူခွင့်ရှိတာ။ သူ့အဖေက သက်ရှိထင်ရှားရှိတော့တာမဟုတ်ဘူးလေ။ သူ့ကိုလည်း ကျွန်မတို့ပဲ ကျွေးမွေးစောင့်ရှောက်ခဲ့ရတာ။ အမေပေးမယ်ဆိုပေမယ့် ကျွန်မ ကျေနပ်မှပေးလို့ရမှာလေ။ အိမ်ထောင်ကျတုန်းကလည်း လယ်ပေးလိုက်သားပဲ။ ဒါကိုထပ်ရချင်လို့ ဘယ်ဖြစ်မလဲ။ ရပိုင်ခွင့်ရှိတယ်ဆိုရင် တရားရုံးကပဲ စကားပြောပေါ့။ အမွေကိစ္စကို ရပ်ကွက်လူကြီးနဲ့ပြီးလို့ ဘယ်ရမလဲ"

တကယ်တမ်းလည်း အမွေကိစ္စက ရပ်ကွက်နှင့်ပြီးလို့မရ။ မလှယဉ် မကျေနပ်သည်ကိုလည်းသိရပြီဖြစ်သည့်အတွက် လူကြီးများလည်း မျက်နှာမသာမယာနှင့် ထပြန်သွားကြတော့သည်။ နှင်းနုလည်း မျက်ရည်စက်လက်နှင့် ပြန်သွားတော့သည်။ မိခင်ကိုပင် စကားတစ်ခွန်းမှမပြောဘဲ မျက်နှာကြောတင်းလွန်းလှသည့် မလှယဉ်မျက်နှာပေးကြောင့် ဒေါ်ကျင် တစ်စုံတစ်ရာကိုသတိရသဖြင့် သေတ္တာဖွင့်ကာကြည့်မိသည်။

"ဟင်"

"ငါ့ရွှေထုပ် ဘယ်ရောက်သွားပါလိမ့်"

"လှယဉ်၊ ညည်းငါ့ရွှေထုပ်ယူထားတာလား။ ဒါကြောင့် ငါမအေတစ်ယောက်လုံးကိုတောင်ဂရုမစိုက်ဘဲ ညည်းက မာရေကြောရေနဲ့ စကားပြောနိုင်တာကိုး။ အေး - ညည်း တစ်နေ့ ကိုယ့်စေတနာ ကိုယ်အကျိုးပေးလိမ့်မယ်။ ကြောင်အိုတော့ ကြွက်မလေးတော့ဘူး ပေါ့အေ"

ရှက်ခြင်း၊ ဒေါသထွက်ခြင်း၊ ယူကျုံးမရခြင်း မြေးဖြစ်သူကို ကြင်နာသနားခြင်းတို့ဖြင့် ဒေါ်ကျင် ခံ့နုပ္ပဲချငိုပွဲဆင်လေသည်။ 'မိဘမျက်ရည်တစ်စက် သားသမီးတစ်သက်' တဲ့။

ကျေးဇူးကြီးမားလှသောမိဘ၏ မျက်ရည်တစ်စက်က သားသမီးတစ်သက်ကို စိတ်ဆင်းရဲစွာ ခံစားရစေမည်။ အသက် (၈၀) ကျော် သေခါနီးအရွယ်ကျခါမှ အတွေ့ကြီးသည့် ဥစ္စာရှုံးသမီးကြောင့် ဒေါ်ကျင် အကြီးအကျယ်စိတ်ဆင်းရဲခဲ့ရပါသည်။

*

မိမိလျှောက်လှမ်းခဲ့ရာ ဘဝတစ်လျှောက်လုံးကို နှင်းနု ပြန်ပြီးစဉ်းစားကြည့်ခဲ့သည်။ မိဘနှစ်ပါးမရှိတော့သည့်နောက်တွင် အဘွားနှင့် အဒေါ်သာ သူ့ဘဝဖြစ်ခဲ့ရသည်။ ကျွေးတာစား၍ ပေးတာဝတ်ခဲ့သည်။ တခြားဘာအခွင့်အရေးမှမယူခဲ့။ မိန်းမသားတန်မဲ့ ပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းခဲ့သော်လည်း အဒေါ်ဖြစ်သူက ညာတာထောက်ထားခြင်းမရှိခဲ့ပေ။ ယခုလည်း အခက်အခဲဖြစ်နေ၍သာ မလွဲသာ၍လာခဲ့ရခြင်းဖြစ်သည်။ အဘွားဖြစ်သူအား စိတ်ဒုက္ခပေးသလိုဖြစ်ခဲ့ရ၍ နောင်တရမိသည်။

"ရပိုင်ခွင့်ရှိတယ်ဆိုရင် တရားရုံးကပဲ စကားပြောပေါ့" တဲ့။

မလှယဉ်၏ စကားကို နှင်းနုပြန်လည်ကြားယောင်လာသည်။ ဖခင်ဖြစ်သူအပေါ်တွင်လည်း မောင်နှမသံယောဇဉ်မထား၊ တူမဖြစ်သူကိုလည်း ငဲ့ညာသနားခြင်းမရှိဘဲ ရှိသမျှပစ္စည်းဥစ္စာကိုအပိုင်စီးသည့် အဒေါ်ဖြစ်သူ ဒေါ်လှယဉ်ကို တွေးရင်းနှင့်ပင် နာကြည်းလာခဲ့သည်။ ထို့ကြောင့် နှင်းနုတစ်ယောက် မိမိစိတ်ကို ဆုံးဖြတ်ချက်ခိုင်မာစွာချ၍ တရားရုံးတော်ကို မွေးစားသမီးအဖြစ်နှင့် လည်းကောင်း၊ သေဆုံးသူ ဖခင်၏ ရပိုင်ခွင့်ကိုရလိုမှုနှင့်သော်လည်းကောင်း အမွေနိုင်ခွင့်ရှိကြောင်း ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုလိုက်တော့သည်။

တရားရုံးမှ တရားရင်ဆိုင်ရန် အမိန့်စာထွက်လာသည်နှင့် ဒေါ်လှယဉ်တို့ ယမ်းပုံမီးကျ ဒေါသူပုန်ထတော့သည်။

"အမေချစ်လှတဲ့မြေးမက ကျွန်မတို့ကို တရားစွဲနေပြီ။ ကောင်းသေးရဲ့လား၊ ကျေးဇူးကန်းတဲ့ ကောင်မ။ ခွေးကျွေးတာတာမှ ဟောင်ဖော်ရဦးမယ်"

ဒေါ်လှယဉ် ဒေါသတကြီးနှင့် အော်ကြီးဟစ်ကျယ်ပြောဆိုနေသည်ကို ဒေါ်ကျင် ဘာမှမသိသလိုပင်နေလိုက်သည်။

"ငါ့သေတ္တာထဲက ပစ္စည်းတွေကို ညည်းအပိုင်စီးပြီး အပြီးယူထားတာ မဟုတ်လား။ ပစ္စည်းပိုင်ရှင်က အမှုရင်ဆိုင်ပေါ့အေ။ နိုင်ရင် ညည်းယူလိုက်၊ ရှုံးရင် ပေးသင့်ပေးထိုက်တာ ပေးလိုက်ပေါ့"

တရားကိုနတ်စောင့်ပါသည်။ အမှုရင်ဆိုင်ပြီး (၄) လအကြာမှာပင် တရားရုံးတော်က နှင်းနုကို မွေးစားသမီးအဖြစ်နှင့် ဖခင်၏ဝေစုကိုပါ ရပိုင်ခွင့်ပေးလိုက်သဖြင့် နှင်းနု အနိုင်ရရှိခဲ့ပါသည်။ ဥစ္စာပစ္စည်းကို စုံမက်လွန်းသည့် ဒေါ်လှယဉ်တစ်ယောက် အခန်းအောင်းကာ ကျုံကျုံပါအောင်ငိုချေပြီ။ နှင်းနုကို မိန်းမဝတ်ရွှေတစ်ဆင်စာနှင့် လယ် (၁၀) ဧကနွားတစ်ရှဉ်း၊ လှည်းတစ်စီးတို့ကိုပါ ပေးလိုက်ရသဖြင့် နာသာခံခက်ရှိချေပြီ။

လိုချင်တပ်မက်ခြင်းသည် လောဘမည်၏။ ထိုလောဘတည်းဟူသော အကုသိုလ်စိတ်ကို ပေးကမ်းစွန့်ကြဲခြင်းဟူသော ဒါနတရားဖြင့် အနိုင်ယူရ၏။ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း မရှိပါက ထိုလောဘတရားက ပို၍ အမောက်ထောင်လာ၏။ ထိုအမောက်ထောင်လာသောလောဘကို မိမိအကျိုးကိုသာလျှင်ကြည့်မှု၊ မိမိတစ်ကိုယ်တည်းကောင်းစားမှုဟူသောအတ္တနှင့် မိမိပစ္စည်းဥစ္စာကို တွန့်တိုနှမြောခြင်းဟူသော မစ္ဆရိယတို့ပါ ပေါင်းစပ်လိုက်သောအခါ လူပတ်ဝန်းကျင် လူအသိုင်းအဝိုင်း ဘိတ်လန့်အံ့သြဖွယ်ဖြစ်ရပ်တို့ ဖြစ်ပေါ်သာလေ၏။

တရားရုံးတွင် ရှေ့နေရှေ့ရပ်တို့နှင့် သက်သေလူကြီးစုံရာရှေ့တွင် လယ်ယာပစ္စည်းများ ပေးအပ်ပြီးသည့်နေ့မှစ၍ ဒေါ်လှယဉ် အိမ်တွင်းအောင်းနေသည်။ မိခင်ဖြစ်သူ ဒေါ်ကျင်ကိုလည်း စကားမပြော၊ အစားအသောက်လည်း ကောင်းစွာမစားဘဲ တရှောင်ရှောင်ဖြစ်လာသည်။

တစ်ပတ်ခန့်အကြာ တစ်မနက်မှာတော့ ဒေါ်ကျင်ရဟန်းခံအလှူသွားဖို့ ပြင်ဆင်နေသည်။

"မလှယဉ်၊ အမေအလှူသွားဦး

www.burmeseclassic.com

မယ်။ တရားနာရေစက်ချပြီးမှပြန်ခဲ့မယ်နော်။ အလှူရှင် မအုံးစိန်က တယယမှာနေတော့သွားဦးမှတောင်းမှာ။ အိမ်သော့အပိုတစ်ချောင်းယူသွားလိုက်မယ်။ သွားစရာရှိရင် အိမ်ပိတ်သွားပေါ့"

ဒေါ်ကျင်က နှုတ်မှတတွတ်တွတ်မှာရင်း အလှူသွားမည့် အဝတ်အစားသစ်များ လဲလှယ်နေသည်။

"အမေ"

မလှယဉ် အခန်းထဲမှထွက်လာပြီး ရုတ်တရက် ခေါ်လိုက်သဖြင့် ဒေါ်ကျင် လန့်သွားမိသည်။

"လန့်လိုက်တာအေ၊ ဘာမှာမလို့လဲ သမီး။ ကျန်းမာရေးလည်းဂရုစိုက်ဦးလေ။ ညည်းပိန်နေပြီ၊ ကိုယ့်စိတ်ကို တရားနဲ့ဖြေပါအေ"

ဘာမပြောညာမပြောနှင့် မလှယဉ် ကြမ်းပြင်ပေါ် ဒူးတုပ်ထိုင်လိုက်သည်။ ထို့နောက် လက်အုပ်ချီလျက် -

"အမေ - ပြောမှားဆိုမှားရှိခဲ့တာတွေ၊ အမေ့အပေါ်မိုက်မှားခဲ့တာတွေကို တောင်းပန်ပါတယ်။ သမီးကိုခွင့်လွှတ်ပါ"

မလှယဉ်တစ်ယောက် ရှိုက်ကြီးတငင်ငိုကြွေး၍ မိခင်ကို ကန်တော့ရှာသည်။

"ခွင့်လွှတ်ပါတယ် သမီးရယ်။ မိဘဆိုတာ သားသမီးအပေါ် ဘယ်တော့မှ မေတ္တာမပျက်ပါဘူး။ ညည်းအမွေပေးလိုက်တဲ့ တူမလေးကိုလည်း မိခင်မေတ္တာနဲ့ချစ်ခဲ့ရင် ပေးရတယ်လို့ မထင်တော့ပါဘူး။ လောဘ၊ ဒေါသ၊ အာဃာတတွေမထားပါနဲ့တော့ သမီးရယ်"

ဒေါ်ကျင်လည်း သမီးဖြစ်သူအား နှစ်သိမ့်၍ အလှူပွဲသို့ထွက်ခဲ့ပါသည်။ အိမ်မှရည်ရွယ်ခဲ့သည့်အတိုင်းပင် တရားနာရေစက်ချပြီးမှ ပြန်လာခဲ့သည်။ ဒေါ်ကျင် အိမ်သို့ပြန်ရောက်ချိန်တွင် အိမ်တံခါးက အသွားတုန်းကအတိုင်းပင် ပိတ်ထားမြဲပင်။

"သမီး မလှယဉ်၊ အမေပြန်လာပြီ။ တံခါးဖွင့်ဦး"

အိမ်ထဲမှဘာသံမှမကြားရသဖြင့် ထပ်ခေါ်ကြည့်လိုက်သည်။

"မလှယဉ်၊ မလှယဉ်"

"အိပ်ပျော်နေတာများလား၊ တံခါးက အထဲကပိတ်ထားတာပါ။ ဘာများဖြစ်လို့ပါလိမ့်"

ဒေါ်ကျင် တစ်ယောက်တည်း ရေ



ရွတ်ရင်း ပြတင်းတံခါးတစ်ချပ်ဖွင့်ထားသော အိမ်၏ ခြေရင်းဘက်သို့ လျှောက်လာခဲ့သည်။ ပြီးနောက် ပွင့်နေသော ထိုတံခါးမှ အထဲသို့ကြည့်လိုက်စဉ်မှာတော့ -

"အမလေး"

"လာကြပါဦးတော်၊ လာကြပါဦး။ ကျွန်မသမီးရေတိမ်နစ်ရပါပြီတော့"

ဒေါ်ကျင်၏ အော်ငိုသံကြောင့် ဘေးပတ်ဝန်းကျင်မှလူများ အထိတ်တလန့်ဖြင့် ဝိုင်းအုံရောက်ရှိလာပြီး ထိုပြတင်းပေါက်သို့ စုပြုံကြည့်ရှုလိုက်ကြသည်။

"ဟာ"

"အို"

မြင်ကွင်းက ထိတ်လန့်ကြောက်ရွံ့စရာမြင်ကွင်းပင်။ အခန်းရှေ့ထုပ်တန်းတွင် ကြိုးဖြင့်ဆွဲကြိုးချကာသေဆုံးနေသော မလှယဉ်ကို မျက်လုံးများပြူးထွက်၍ လျှာတွဲလောင်းကျလျက် မြင်တွေ့လိုက်ရသည်မို့ ယောကျ်ားရင့်မာကြီးများပင် နောက်တွန့်သွားကြသည်။

"အမလေး သမီးရယ်၊ ဘယ်လိုတွေများဖြစ်ရတာလဲ။ အမေ့ရင်ထဲ မချိတော့ဘူး"

မြေကြီးပေါ် ဒူးထောက်လျက် ကြေကွဲစွာ ငိုကြွေးနေသော ဒေါ်ကျင်ကို ဝိုင်းဝန်းနှစ်သိမ့် အားပေးကြရသည်။ သွေးရိုးသားရိုးသေဆုံးခြင်းမဟုတ်သဖြင့် ရဲစခန်းသို့ အကြောင်းကြားရသည်။ ရဲစခန်းမှ တာဝန်ရှိသူတို့ လာရောက်ကာ လိုအပ်သလို ဆောင်ရွက်၍ အလောင်းကို စစ်ဆေးကြသည်။

*

လောဘ ဒေါသ၊ အာဃာတတို့ဖြင့် ကွယ်လွန်ခဲ့သော မလှယဉ်၏ တစ လွန်ဘဝတ မလှပခဲ့ပေ။ အလောင်းတို ဆေးရုံပို့ကာ စစ်ဆေးနေသည့်ညမှစ၍ ခြောက်ခြားဆန်အောင် ခြောက်လန့်တော့ သည်။ အိမ်ပေါ်တွင် အိပ်နေသည့်လူ များ၏ ခြေထောက်များကို လာ၍ဆွဲ သည်။ အိမ်ပေါ်ထပ်နှင့် အောက်ထပ်သို့ အတက်၊ အဆင်းလုပ်၍ သွားလာနေ သည်။ အသုဘလာသည့် ဆွေမျိုးများ အားလုံး ငုတ်တုတ်မိုးလင်းကြရသည်။

ဒီလိုနှင့် အသုဘချမည့်နေ့သို့ ရောက်လာသည်။ (၁) နာရီတွင် ဘုန်း ကြီးပင့်၍ သရဏဂုံတင်သည်။ ဘုန်းကြီး မှ ရှေ့တွင် တရားဟောစ ရှိသေးသည် အိမ်အပေါ်ထပ်မှ ရေများ လူလောင်းချ သည့်နှယ် ကျလာခဲ့သည်။

"မြန်း. . . မြန်း"

"ဟာ - ရေတွေဟ၊ အပေါ်တက် ကြည့်ကြစမ်း"

အပေါ်တက်ကြည့်တော့ ဘာမှ မရှိ။ ရေလောင်းချသည့် ရေကွက်ကြီး သာတွေ့ရသည်။ လူအများစုမှာ မ သာ၍ လူမှုရေးကြောင့်သာ လာကြ သည်။ မည်သူမျှ ကြာကြာမနေချင်ကြ တော့ပေ။

ရက်လည်ဆွမ်းကျွေးအပြီး၌ မလှ ယဉ်သေတ္တာကို ဖွင့်ရှာသောအခါ ရှိ သည့်ရွှေထည်ပစ္စည်းကိုမျှ မတွေ့ရပေ တစ်အိမ်လုံးအနှံ့ မွှေနှောက်ရှာဖွေသော် လည်း မတွေ့ရသဖြင့် ဖြစ်နိုင်မည့်နေရာ ကို စဉ်းစားရင်းနှင့် ဒေါ်ကျင်အ အပျက်တာစ်ခုကို သွားသတိရမိလို သည်။ မဆုံးခင်(၁၀)ရက်အလိုလော ၌ မလှယဉ်အဝတ်စတစ်ခုချုပ်နေသ လှမ်းမေးလိုက်သည်။

"မလှယဉ် ညည်းဘာတွေချုပ် တာလဲ။ အကျႌဆိုလည်း စက်ဆိုင်သွ အပ်လေ"

"အကျႌမဟုတ်ဘူး အမေ။ ခြေ သုတ်ခုံချုပ်နေတာ။ အဝတ်စအဟောင် တွေ အလကားဖြစ်ကုန်မှာစိုးလို့ ဖြတ် ညှပ်ပြီး ချုပ်လိုက်တာပါ"

"ခြေသုတ်ခုံများ ချုပ်နေရသေး တယ်အေ၊ အလုပ်ရှုပ်လို့။ ထဘီဟောင်း တစ်ထည်ချထားလည်းဖြစ်တဲ့ဟာကို"

ဒေါ်ကျင်တစ်ယောက် လှေကား ခြေရင်း၌ခင်းထားသော ခြေသုတ်ခုံကို ယူလိုက်ပြီး နှင်းနုကို ပေးလိုက်သည်။

"သမီး၊ ကတ်ကြေးနဲ့ခွဲကြည့်စမ်း။



www.burmeseclassic.com

www.burmeseclassic.com

...အထဲရှိမလားလို့"

နှင်းနု ခွဲကြည့်သည့်အခါမှာတော့ ...ကြီး ရွှေအိုးစည်လက်ကောက်၊ ...ထိုးနှင့် ကြယ်သီးများကို တွေ့လိုက်ရသည်။

"ဪ-မအေဖြစ်တဲ့ငါ့ကိုတောင် ...ရက်မပြရက်နဲ့ သူဖွက်ထားခဲ့တာ။ ...ခုတော့ ယူမသွားနိုင်တော့ဘူးမဟုတ်လား ဥစ္စာရူးမကြီးရယ် ဟီး. . . ဟီး . . . ဟီး"

မိခင်ဖြစ်သူ၏ မချိတင်ကဲ ငိုကြွေးသံကို မလှယဉ်တစ်ယောက် ကြားနိုင်ပါမည်လား။

မလှယဉ် ကွယ်လွန်ပြီး တစ်လအကြာမှာတော့ ဒေါ်ကျင် အိပ်မက်ဆန်းကို ပြတ်ပြတ်ထင်ထင်မက်ခဲ့သည်။ အိပ်မက်ထဲ၌ မလှယဉ် ဆံပင်ဖားလျားအဝတ်အစားကပိုကရိုဖြင့် ဒေါ်ကျင်အား -

"အမေ၊ ကျွန်မ အိမ်မှာမနေပါနဲ့တော့။ ကျွန်မပစ္စည်းတွေလည်း အမေသုံးပြီးပြီလေ။ အိမ်ကိုတခြားသူတွေလာတာ ကျွန်မ မကြိုက်ဘူး"

ရန်လိုသည့် မျက်နှာထားကြီးဖြင့် မိခင်ဒေါ်ကျင်အား ပြောဆိုပြီး ပျောက်ကွယ်သွားလေသည်။ သမီးအတွက် ဒေါ်ကျင်တစ်ယောက် စိတ်ဆင်းရဲခြင်းကြီးစွာခံစားရပါသည်။ မိမိမည်မျှပင် အလှူအတန်းပြုလုပ်၍ အမျှဝေစေကာမူ လောဘမီးတောက်၍ အစွဲအလမ်းကြီးသည့် သူမက သာဓုခေါ်နိုင်မည်မထင်ပါ။ တမလွန်မှသမီးစိတ်ချမ်းသာစေရန် ဒေါ်ကျင်ခမျာ အိမ်ကို သော့ခတ်၍ နှင်းနုတို့နှင့် လိုက်ပါနေထိုင်ခဲ့လေသည်။

ရွာကိုရောက်ပြီး နောက်တစ်နေ့မှာပင် ရွာဦးကျောင်းဆရာတော်ကို ဒေါ်ကျင်သွားရောက်ကန်တော့ပါသည်။ ဆရာတော်က မေတ္တာတရားပြည့်ဝစွာဖြင့် အားပေးနှစ်သိမ့်ရှာပါသည်။

"ဒကာမကြီး၊ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်နော်။ အတိတ်ကိုလည်း ပြန်မတွေးနဲ့။ အနာဂတ်လည်း မျှော်မတွေးနဲ့။ လက်ရှိပစ္စုပ္ပန်ကာလက အရေးကြီးဆုံးပဲ။ ရခဲလှတဲ့လူ့ဘဝကို ဒါန၊ သီလ၊ ဘာဝနာအလုပ်တွေနဲ့ပဲ တန်ဆုံးပါစေလို့ ဘုန်းကြီးသတိပေးချင်ပါတယ်"

"တင်ပါ့ဘုရား။ တပည့်တော်ကြိုးစားပါ့မယ် ဘုရား။ တစ်မိပေါက်တစ်ယောက်ထွန်းတဲ့သမီးကြောင့် တပည့်တော် ကိုယ်၊စိတ်ဒုက္ခအင်မတန်ရောက်ခဲ့ရပါတယ် ဘုရား"

ဒေါ်ကျင် အားကိုးတကြီးဖြင့် ဆရာတော်အား အိပ်မက်အကြောင်းစုံကို လျှောက်ထားလိုက်ပါသည်။

ဆရာတော်က -

"ဒကာမကြီး၊ ဒီလို အိမ်ကို သော့ခတ်ထားခဲ့မှတော့ သူနေချင်သလိုနေပြီး အဲဒီဘဝမှာပျော်ပိုက်သွားလိမ့်မယ်။ သူ့ကို တရားဟောဆုံးမပြီး လှူဒါန်းအမျှဝေမှ ဒီပြိတ္တာဘဝကကျွတ်တော့မပေါ့။ သူ့အပေါ် မေတ္တာတရားထားပြီး လှူဒါန်းအမျှဝေပါ"

"တင်ပါ့ဘုရား။ ဆရာတော်ဘုရားကောင်းသလိုစီစဉ်ပါ။ ဒီတစ်ရက်၊ နှစ်ရက်အတွင်း လိုအပ်တာတွေ တပည့်တော် ဆောင်ရွက်ပါ့မယ်"

သားဖြစ်သူ ကိုတင်မြင့်နှင့် ချွေးမဖြစ်သူနှင်းနုတို့မိသားစု အတူအညီဖြင့် ဆရာတော်အား မလှယဉ်သေဆုံးခဲ့သော်နေအိမ်သို့ ပင့်ခေါ်ခဲ့သည်။ အိမ်နီးချင်းများ၊ ဆွေမျိုးသားချင်းများလည်း လာရောက်ကူညီလုပ်ကိုင်ပေးကြသည်။

ဆရာတော်က -

"ဒီအိမ်ပေါ်မှာရှိကြတဲ့ မလှယဉ်ရဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးသားချင်းတွေ အားလုံးကို ဘုန်းကြီးမှာကြားလိုပါတယ်။ ထူးထူးခြားခြားငိုကြွေးတဲ့အသံ၊ အိမ်ကိုတစ်စုံတစ်ခုနဲ့ရိုက်နှက်သံ၊ တခြားအနံ့အသက်တွေရလာ၊ ကြားလာခဲ့ရင် မကြောက်လန့်ပါနဲ့။ ဘုန်းကြီးတရားထိုင်ပြီး အာရုံထဲကနေ မေတ္တာရပ်ခံမှာပါ။ ဒကာတို့၊ ဒကာမတို့ကလည်း ဖော့ဖော့ လျှော့လျှော့မနေဘဲ သေဆုံးသူ ဒကာမကြီးမလှယဉ်ရဲ့ရုပ်သွင်ကို မြင်ယောင်ပြီး လှိုက်လှိုက်လှဲလှဲ မေတ္တာပို့ပေးကြပါ။ တခြားဆူညံမှုတွေမရှိပါစေနဲ့လို့ ဘုန်းကြီးပြောကြားလိုပါတယ်"

ဆရာတော်က ဘုရားကျောင်းဆောင်ရှေ့တွင် သောက်တော်ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တို့ ကပ်လှူ၍ ဘုရားရှိခိုးတရားထိုင်သည်။ ဆရာတော် တရားထိုင်၍ တစ်နာရီခန့်အကြာမှာတော့ မလှယဉ်သေဆုံးခဲ့ရာနေရာမှ လူတစ်ယောက် ရှိုက်ကြီးတငင်ငိုကြွေးသံကို ကြားရသည်။ မည်သို့သောထူးခြားမှုများရှိလေမလဲ ဟူသော သိချင်စိတ်ဖြင့် အားလုံးမှာ အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်နေသည်။

ငိုကြွေးသံက တဖြည်းဖြည်းနှင့် တိုးသွားလေသည်။ နောက်တစ်နာရီခန့်အကြာမှာတော့ ဆရာတော် တရားထိုင်ဖြုတ်၍ ဒေါ်ကျင်နှင့် ဆွေမျိုးတစ်သိုက်အား -

"မနက်ကို ဆွမ်းသွတ်လို့ရပါပြီ။ တရားနာ၊ ရေစက်ချ၊ အမျှအတန်းပေးဝေကြရအောင်။ သူသာဓုခေါ်ပါလိမ့်မယ်။ သင်္ကန်း၊ ဆွမ်း၊ ဆေး စတဲ့ လှူဖွယ်ဝတ္ထုတွေ ပြည့်စုံပါစေ ဒကာမကြီး"

ဆရာတော့်စကားကို ကြားရသဖြင့်အားလုံး ဝမ်းနည်း၊ ဝမ်းသာဖြစ်ကြရသည်။ အသွားဒေါ်ကျင်နှင့် နှင်းနုကတော့ မျက်ရည်မဆည်နိုင်ရှာ။ ဆွမ်းသွတ်အမျှဝေပြီးသည့် နောက်ပိုင်းမှာတော့ မည်သည့်ခြောက်လှန့်မှုတစ်စုံတစ်ရာကိုမျှ မကြုံတွေ့ရတော့ပေ။

ဒေါ်လှယဉ်၏ ဥစ္စာပစ္စည်းတပ်မက်မှုလောဘဇောသည် လက်ရှိပစ္စုပ္ပန်ဘဝတွင် ပူပန်ဆင်းရဲမှုပေးရုံသာမက နောင်တမလွန်၏ ဆင်းရဲဒုက္ခကိုပါ ဖြစ်စေခဲ့သည်။ သင်္ခါရမှုတို့၏ ဖြစ်ပျက်တရားတို့ကို နားလည်ဆင်ခြင်မိခဲ့လျှင် ဤသို့ အဖြစ်ဆိုးမျိုးကို ကြုံတွေ့ရမည်မဟုတ်ပေ။

မျောက်နှဲစေးသည် မျောက်ကို ဖမ်းစားတတ်သကဲ့သို့ လောဘသည်လည်း လူကို ကပ်ငြိပူလောင်ပျက်စီးစေသည်။ မျောက်နှဲစေးနှင့်တူသော ထိုလောဘကို အသိတရား လက်ကိုင်ထား၍ ထိန်းသိမ်းကာ တရားအသိဖြင့် စီးပွားဥစ္စာရှာမှီးကြပါရန် စိန္တကျော်သူဦးဩ၏ -

** ငါ့မြေ၊ ငါ့ယာ ငါ့ဥစ္စာဟု၊ ဥစ္စာခင်မင်ဆိုပါလျှင်လည်း၊ အရှင်မဲ့ကာ၊ ငါတို့မှာကား၊ ကမ္ဘာမကြေမချင်းနေ၏။ ဖောက်သွေယွင်းယို၊ သင်းတို့ကိုယ်မှ အလိုမပိုင်ဘဲ ဖွယ်သရဲလျှင်၊ ကျိန်ဆဲကာလည်း မြေကရယ်၏။*

** ငါ့စိန်၊ ငါ့ရွှေ ငါ့ငွေကြေးဟု စိတ်စေကြည်သာ ဆိုငြန်ပါလည်း ကြွမှာသော်ခိုက် တောင်းသော်စိုက်ကာ ညှိုးလိုက်မျှသာ တည်းခိုခါရှင့်။ ငါမြှာရန်သူ၊ သူလည်းတို့ပါ၊ သေမင်းခွာလည်း သင့်ရာအရောက်၊ တို့ရောက်သည်ပင်၊ တို့အရှင်ဟု ဒေါ်သစီခြယ် ရွှေငွေရယ်၏ -*


ဟူသော စာစုတို့ဖြင့် သတိပေးလိုက်ရပါသည်။

မေလွင်ဦး (သတ္တဗေဒ)



www.burmeseclassic.com

www.burmeseclassic.com



# အဏ္ဏဝါလှိုင်း

## အဘအောင်မင်းခေါင်အတ္ထုပ္ပတ္တိ



သူရိယမဂ္ဂဇင်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လထုတ် အမှတ် (၁၃)၊ အတွဲ (၇) နှင့် အတွဲ (၈) တွင် အဘအောင်မင်းခေါင်၏ တောင်ရိုးတဲရွာ ပြည်တော်ဝင်ပွဲအကြောင်း ဖော်ပြခဲ့၏။ အဘကို ကိုးကွယ်သော အဘ၏ သားသမီးများ အိပ်ရာမှ လှုပ်နှိုးသလိုဖြစ်နေပါသည်။ အချို့သားသမီးများက ဖုန်းဖြင့်ဆက်၍ မေးမြန်းကြပါသည်။ မြိုင်မြို့မှ ဦးသန်းဦး၊ ရန်ကုန်မြို့၊ မကွေးမြို့၊ စသည့် မြို့အသီးသီးတို့မှလည်း ဖုန်းဆက်မေးမြန်းကြပါသည်။ သူတို့သိချင်တာတွေ ကတူနေပါသည်။

ဖော်ပြရသော် -

"ဟလို - စာရေးဆရာ အဏ္ဏဝါလှိုင်းလား ခင်ဗျာ"

"ဟုတ်ပါတယ် ကျွန်တော်ပါပဲ"

"သူရိယမဂ္ဂဇင်းမှာ အဘအောင်မင်းခေါင် ပြည်တော်ဝင်လာတယ်လို့ ဖတ်လိုက်ရတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်ရေးတာပါ"

"ကျွန်တော် သိချင်တာ အဘအောင်မင်းခေါင်က ပုပ္ပားမှာဆုံးသွားပြီ မဟုတ်လား။ အဘထွက်ပွဲကို နှစ်တိုင်းတော်သလင်းလဆန်း ၁၀ ရက်နေ့မှာ ကျင်းပကြတယ်လေ"

"ဟုတ်ပါတယ်။ ပုပ္ပားမှာ ထွက်ပွဲဆိုပြီး ကျင်းပလာတာ အခုဆိုရင် (၆၁) ကြိမ်တောင်ရှိသွားပါပြီ"

"ဒါနဲ့ ဆရာက ပုပ္ပားအောင်မင်းခေါင် ပြည်တော်ဝင်ပွဲဆိုပြီး တောင်ရိုးတဲမှာ ကျင်းပတာ ဖတ်လိုက်ရတော့ ဆန့်ကျင်ဘက်ဖြစ်မနေဘူးလား"

"ဟုတ်ကဲ့၊ ဒီသဘောတော့ သက်ရောက်နေပါတယ်"

"ကျွန်တော်သိချင်တာက အဘက အခုပြန်ဝင်လာပြီလား"

"ဟုတ်ကဲ့"

"ဒါဆို လူ့ဘဝကိုပြန်ရောက်နေပြီပေါ့"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်တို့ အဘပြည်တော်ဝင်ပွဲအကြောင်းအသေးစိတ်ရေးထားတာ။ ဒါတကယ့်အဖြစ်အပျက်ပါပဲဗျ။ ဒီထဲမှာပါတဲ့နာမည်တွေကလည်း အပြင်မှာတကယ်ရှိတဲ့သူတွေပဲ"

"ဟာ- ဒါဆိုရင် ကျွန်တော် အဘနဲ့တွေ့ချင်တယ်။ ခုတွေ့လို့ရမလား"

"ခုတွေ့လို့တော့ ရပါတယ်။ ဒါပေမယ့် အဘနဲ့တွေ့ရင် ဒါအဘအောင်မင်းခေါင်ပဲလို့ သိဖို့လိုတယ်"

"ဟာ - ဒါဆိုရင်ဘာလို့နေလို့လဲ"

"အဘလို့သိနိုင်တဲ့ စရဏတော့လိုတာပေါ့"

"ဖုန်းနဲ့ပြောရတာ အားမရဘူး ဆရာရေ။ ဆရာ့ဆီကို လာချင်တယ်။ ဆရာနဲ့တွေ့ချင်တယ်"

"လာလို့လည်းရတယ်။ တွေ့လို့လည်းရတယ်။ ကျွန်တော်က မိတ္ထီလာမှာနေတာ။ ခင်ဗျားကို တောင်ရိုးတဲရွာ လိုက်ပို့မယ်။ ပြည်တော်ဝင်ပွဲမှာပါတဲ့လူတွေနဲ့ မိတ်ဆက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ဆရာရေ။ ကျွန်တော်ဆက်ဆက်လာခဲ့ပါဦးမယ်"

ဤသို့ဖြင့် အဘသားသမီးများ၏ ဖုန်းဖြင့် မေးမြန်းချက်များကို ဖြေကြားနေရလေသည်။ ဖုန်းဖြင့်ပြောရတာအားမရလို့ လူကိုယ်တိုင်လာမည်ဟုပြောနေပြန်သည်။ ထူးထူးခြားခြား အပြင်မှာတကယ့်အဖြစ်အပျက်ကို မှတ်တမ်းတင်ပြီး ရေးသားထားတာကို ထွင်ရေးတယ်၊ ဖတ်ကောင်းအောင် ကွန့်ရေးတယ်လို့ ထင်ပြန်ရော။ ဇာတ်လမ်းဇာတ်ကွက်ကိုထွင်ရေးတဲ့အခါကျတော့ တကယ့်အဖြစ်အပျက်လို့ ယုံကြည်ကြပြန်ရော။

ဘာပဲပြောပြော အဘအောင်မင်းခေါင် ပြည်တော်ဝင်ပွဲက သူရဇ္ဇမဂ္ဂဇင်းမှာပါလာတဲ့ အဘကို ပြောပြတယ်။

အဘက -

"တုတ်တာရေးတာရေးပေါ့ကွာ"

လို့ အမိန့်ရှိတယ်၊

"ဒါပေမယ့် ငို့အကြောင်းတွေ မင်းက ဖောက်သည်ချတော့ လူတွေ ငါ့ဆီဝိုင်းလာနေရင် ငါအလုပ်ပျက်နေပါဦးမယ်"

လို့ ပြောတယ်။

"အဘမစိုးရိမ်ပါနဲ့၊ လူတွေကို

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ အဘအောင်မင်းခေါင်ပါလို့ ဆွဲခေါ်ပြလည်း ယုံချင်မှယုံကြမှာ။ အဘပြည်တော်ဝင်ပွဲကိုလည်း ဝတ္ထုတစ်ပုဒ်လိုပဲ သဘောထားကြမှာပါ။ အဘရဲ့ သားသမီးအဖြစ် ပဋ္ဌာန်းဆက်ပါရင်တော့ အဘထံအရောက်လာကြမှာပါ"

"အေး၊အေး- မယုံကြရင် ငါသက်သာတာပေါ့ကွာ"

"လူတွေအတော်များများ ပုပ္ပားအောင်မင်းခေါင်ထွက်ပွဲသွားကြမှာပါ။ အဘဆီမလာပါဘူး"

"အေး၊ အေး - ကောင်းတယ်"

အဘနှင့်တွေ့စဉ် အဘသဘောထားကို တင်ပြခြင်း ဖြစ်ပါသည်။ အဘအကြောင်းကို စိတ်ဝင်စားသော အဘ၏သားသမီးများမှ ဖြစ်ရပ်မှန် ကိုယ်တွေ့အဖြစ်အပျက်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

**လူကိုယ်တိုင်လာတွေ့သော ဦးသန်းဦးအကြောင်း**

မြိုင်မြို့က ဦးသန်းဦးကတော့ မိတ္ထီလာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ၏။ ကျွန်တော်နှင့်တွေ့သောအခါ လွန်စွာ အားရဝမ်းသာဖြစ်လေသည်။

"ဆရာအင်္ဂလိုင်းရယ်၊ လူချင်းတွေ့မှ အားရပါးရပြောရတော့မယ်။ ဒါနဲ့ စာရေးဆရာဆိုတော့ ခေါင်းဖြူဖွယ်ကျိုး အဘိုးကြီးအရွယ် အောက်မေ့နေတာ အခုတော့ ငယ်ငယ်ရွယ်ရွယ်လေးရှိသေးတာပဲ"

"မြောက်မနေပါနဲ့ ထမင်းတွေ့ပြီး ညှော်ခံမှာပါ"

"ကျွန်တော်သိချင်တာ အရင်မေးမယ်ဗျာ။ အဘက အခုသက်ရှိထင်ရှားရှိသလား"

"ရှိတယ်ဗျာ။ လူ့ဘဝပြန်ရောက်နေပြီ"

"ဒါဖြင့်တွေ့လို့ရမှာပေါ့"

"တွေ့လို့ရတာပေါ့ဗျာ။ ဒါပေမယ့် ဒီမှာမရှိဘူး။ ရန်ကုန်မှာနေတယ်"

"ဒါဆိုရင် ရန်ကုန်မှာလိုက်သွားရင် တွေ့ရမှာပေါ့"

"တွေ့ရတာပေါ့။ ဒါပေမယ့် ခင်ဗျားနဲ့ အဘနဲ့ လမ်းမှာတွေ့ရင် ခင်ဗျား ဒါအဘအောင်မင်းခေါင်ပါလို့ ချက်ချင်းသိနိုင်ပါ့မလား"

"အေး - ဟုတ်တယ်။ ဘယ်သိနိုင်မှာလဲ"

"ဒီဓာတ်ပုံကိုကြည့်။ ဒါ အဘအောင်မင်းခေါင်ပုံပဲ။ ဒါကတော့ တောင်လုံးလုံးဆရာတော် ဦးသုမနပဲ။ ဆရာတော်က အဘအောင်မင်းခေါင်ရဲ့ တူတော်တယ်"

"အင်း - ပုပ္ပားကမြင်ရတဲ့ပုံတွေနဲ့ ဆိုရင် အတော်ကွာတယ်"

"ကွာတာပေါ့။ ဒါကမထွက်ခင် အသက် (၄၀)၊ (၅၀) အရွယ်ပုံတွေပဲ။ အခုလက်ရှိအသက်က (၁၃၀)ကျော်နေပြီပဲ"

မိတ္ထီလာမြို့ ရွှေအုန်းပင် မြန်မာထမင်းဆိုင်တွင် ထမင်းစားကြသည်။ ထမင်းစားပြီး မိတ္ထီလာမှ စင်မြင့်သို့လိုက်ပို့ပေးရလေသည်။ လမ်းတွင် အဘနှင့် ပတ်သက်၍စကားပြောကြလေသည်။

"စာရေးဆရာ ခုလိုအပင်ပန်းခံပြီး တကူးတကလိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်"

"အဘကိုတွေ့ရင်မှတ်မိပါ့မလား" လို့ မေးတယ်။

"ဒါနဲ့ ဆရာက အဘနဲ့ဘယ်မှာ တွေ့တာလဲ"

"ဇရပ်ကုန်းမှာတွေ့တာ"

"ဇရပ်ကုန်းဆိုတာ ရွာနာမည်ပါ။ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ် မှာရှိတယ်"

"အဲဒီရွာမှာဘာရှိလို့လဲ"

"အဘဓာတ်ခန်းရှိတယ်။ ဦးဘိုကံ၊ ဒေါ်မြဝင်းအိမ်မှာ ဓာတ်ခန်းဆောက်ပြီး အဘကိုကိုးကွယ်ကြတာ"

"ဪ- သိပြီသိပြီ။သူရဲ့မဂ္ဂဇင်းမှာဖတ်လိုက်ရတယ်။ ဇရပ်ကုန်းက အဘဓာတ်ခန်းလေးအကြောင်း"

"ဟုတ်တယ်။ ဇရပ်ကုန်းရောက်ရင် ဦးဘိုကံ၊ ဒေါ်မြဝင်းတို့အိမ်ဝင်မယ်။ အဘဓာတ်ခန်းမှာ အဘကို ကန်တော့ကြမယ်"

"ကျေးဇူးပါပဲ စာရေးဆရာရေ"

မြိုင်မြို့မှ ဦးသန်းဦးနှင့် ကျွန်ုပ်တို့သည် မိတ္ထီလာမှကားဖြင့်ထွက်လာသည်။ ကျောက်ပန်းတောင်းသို့ မြတ်နိုးသူကမ္ဘာ့ခင်းသော ကတ္တရာလမ်းမကြီးအတိုင်း မောင်းလာကြပါသည်။ (၂၇) မိုင်ကျော်ကျော်တွင် ဇရပ်ကုန်းရွာသို့ရောက်လေသည်။

"ကဲ - ကိုသန်းဦးရေ ရှေ့ကရွာ ဇရပ်ကုန်းပဲ။ ကျုပ်တို့ ဒီရွာမှာခဏနားကြမယ်"

"မိတ္ထီလာနှင့် သိပ်မဝေးဘူးဘဲ။ မိုင် (၃၀) လောက်ပဲရှိတယ်"

"ဟုတ်တယ်။ ရှေ့(၂)မိုင်ရောက်ဆို တောင်ဦးရွာရောက်မယ်။ တောင်ဦးရွာရောက်ရင် ကတ္တရာလမ်းက ညာဘက်ကိုဝင်တဲ့လမ်းခွဲရှိတယ်။ အဲဒါ စင်မြင့်သွားတဲ့လမ်းပဲ"

"အေးဗျာ၊ ကျုပ်က အဘအောင်မင်းခေါင်ဟာ ပုပ္ပားကပဲ မှတ်နေတာ။ နောက် လူမဟုတ်ဘူး။ ဝိဇ္ဇာဆိုတော့ သူ့အလိုလိုပေါ်လာတယ်ထင်တာ"

"အဘကလည်း လူထဲကလူပါပဲဗျာ။ သူလည်း အဖေနဲ့ အမေနဲ့ မွေးဖွားလာတာ"

"ဒါဆိုရင် အဘမှာမိန်းမရှိသလား။ သားသမီးတွေကောရှိသလား"

"အဘက လူပျိုပါ။ မိန်းမ မရှိဘူး။ သားသမီးတွေလည်းမရှိပါဘူး။ သူ့သားသမီးဆိုလို့ ခင်ဗျားတို့၊ ကျုပ်တို့ပဲရှိတာ"

"ဒါဆိုရင် အဘအောင်မင်းခေါင်လို့ ဘယ်လိုပြောနိုင်သလဲ။ သာမန်လူတစ်ယောက်က အဘအောင်မင်းခေါင်ပဲလို့ လိမ်ပြောရင်ကော မဖြစ်နိုင်ဘူးလား"

"ဒါကတော့ အဘမှန်းသိတဲ့အချက်တွေရှိတယ်။ ကျွန်တော်တို့လည်း ခင်ဗျားလိုပဲ အစကမယုံဘူး။ (၃) နှစ်လောက်အတူနေပြီး အဘခိုင်းတာလုပ်ရင်း အဘကိုလေ့လာပြီးမှသိရတာ"

"ဒါဆို တန်ဖိုးရှိတာပဲ ဆရာရဲ့။ အတွေ့အကြုံလေးပြောပြပါဦး"

"ကဲ၊ ကဲ - ဇရပ်ကုန်းရောက်ပြီ။ ခဏနားကြရအောင်"

ကျွန်ုပ်တို့နှစ်ယောက် ဇရပ်ကုန်း အဘအောင်မင်းခေါင်၏ ဓာတ်ခန်းထဲသို့ ရောက်ရှိလာကြသည်။ အဘကို ကန်တော့ပြီး အဘဓာတ်ခန်းသို့ရောက်ရှိကြောင်း အဘကို သတင်းပို့လိုက်လေသည်။ ဓာတ်ခန်းထဲမှ ထွက်လာပြီး ဦးဘိုကံတို့မိသားစုမှ လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံကြသည်။

"ကဲ- ဒေါ်မြဝင်းရေ၊ ဒါက မြိုင်မြို့ကလာတဲ့ ဦးသန်းဦးပဲ။ အဘအကြောင်း ခင်ဗျားသိသလောက် ပြောပြလိုက်ပါ"

ဒေါ်မြဝင်းသည် အဘ၏ သားသမီးဖြစ်သည်။ ယခုဓာတ်ခန်းမှာ ဒေါ်မြဝင်းကြောင့်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဒေါ်မြဝင်းကလည်း အဘနှင့် ပတ်သက်ခဲ့သောဖြစ်စဉ်ကို ပြန်လည်ပြောပြလေတော့သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ။ 'ဇရပ်ကုန်းက အဘဓာတ်ခန်းလေး' ဆိုတဲ့ ဆောင်းပါးဟာ တကယ့် အဖြစ်အပျက်ပဲဆိုတာ ကျွန်တော် သိရပြီ"

"အခုဓာတ်ခန်းထဲက ပုံအဘကို



www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာဖူး။ ဒါ အဘရဲ့ ယခုပုံတော်ပဲ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ကဲ - ဦးသန်းဦးရေ ကျွန်တော်တို့ ခရီးဆက်ကြရအောင်။ စင်မြင့်ထိသွားရမှာမို့ နေမြင့်နေဦးမယ်"

ကျွန်တော်တို့ နှစ်ယောက်သည် ဒေါ်မြဝင်းအား နှုတ်ဆက်၍ ကားဖြင့် ကျောက်ပန်းတောင်းဘက်သို့ မောင်းထွက်လာကြသည်။ (၂) မိုင်လောက် မောင်းလိုက်သောအခါ တောင်ရိုးရွာသို့ ရောက်၏။ တောင်ဦးရွာထိပ်တွင် 'ပုပ္ပားအောင်မင်းခေါင်၏မွေးရပ်ဇာတိ စင်မြင့်ရွာသို့' ဟု ဆိုင်းဘုတ်တစ်ခုရှိလေသည်။ ထိုလမ်းညွှန်ဆိုင်းဘုတ်မှ ညာဘက်သို့ ချိုးကွေ့ပြီး ကတ္တရာလမ်းကျဉ်းကျဉ်းလေးဖြင့် ဆက်လက်မောင်းရာ မကြာမီ တောင်လုံးလှတောင်သို့ ရောက်လေသည်။ တောင်လုံးလှဆရာတော်ကြီး ရှိတော့ပါ။ တပည့်သံဃာများသာ ကျန်ရှိပါသည်။ တောင်လုံးလှတောရကျောင်းသို့မဝင်တော့ဘဲ ပြည်တော်ဝင်ဘုရားသို့ ဝင်ခဲ့လေသည်။

"ကဲ-ဦးသန်းဦးရေ ပြည်တော်ဝင်ဘုရားလို့ခေါ်တယ်။ ဘုရားဖူးဦးဗျာ"

ဦးသန်းဦးနှင့် ကျွန်တော်တို့နှစ်ယောက် (၂၇) တောင် ဥဏှာတော်ရှိ ရွှေတိဂုံစေတီပုံစံ ပြည်တော်ဝင်ဘုရားကို ဖူးကြလေသည်။

"ကဲ - ဘုရားဖူးပြီးရင် ဒီကမ္ပည်းမော်ကွန်းကျောက်စာကို ဖတ်ဗျာ"

ဦးသန်းဦးသည် ကမ္ပည်းမော်ကွန်းကျောက်စာကို သေသေချာချာဖတ်ပြီး နားမလည်တာများကို မေးလေတော့သည်။

"ဒီဘုရားက အဘကိုယ်တိုင်တည်ထားတာ။ အဘပြည်တော်ဝင်လာပြီဆိုတာကိုထင်ရှားစေချင်လို့ မှတ်တမ်းတင်ရအောင် ပြည်တော်ဝင်ဘုရားကို တည်တာပဲ"

"ဟာ - ခုမှသဘောပေါက်တယ်။ ပြည်တော်ဝင်ဆိုတာ ဒီကမ္ပည်းကျောက်စာမှာပါတဲ့ အောင်မင်းခေါင်ကိုပြောတာပဲ"

"ခင်ဗျားသံသယဖြစ်နေတဲ့ မေးခွန်းရဲ့အဖြေက ဒါပဲ"

"ဟုတ်ကဲ့ ယုံပါပြီဗျာ။ အဘနဲ့တွေ့ဖို့ပဲရှိတော့တယ်"

"ဆန္ဒမစောပါနဲ့။ ဒါ့ထက်သေအထောက်အထားတစ်ခုရှိသေးတယ်"

"ဒါဖြင့်ရင်ပြောပြပါဦး"

"လာ - စင်မြင့်ကိုဆက်သွားမယ်"

"ဟုတ်ကဲ့"

ကျွန်တော်တို့ စင်မြင့်ဘက်သို့ ဆက်လက် မောင်းထွက်လာခဲ့သည်။ လမ်းမှာ မပြုပြင်တာ အစောကြာသွားဟန်တူတယ်၊ အတော်ဆိုးတာပဲ။ လှည်းလမ်းသာသာပဲရှိတော့သည်။ မညီညာတဲ့ကျောက်ခင်းလမ်းပေါ်တွင် ကားဘီးကို တစ်လှိမ့်ချင်းလှိမ့်ပြီး မောင်းလာရတော့သည်။ စင်မြင့်ကို ရောက်သောအခါ အဘဓာတ်ခန်းသို့ဝင်ပြီး အဘကို ဦးချကန်တော့ကြလေသည်။ အဘ ပုပ္ပားမှမထွက်မီ ဓာတ်ပုံများ၊ ရုပ်တုများ ရှိလေသည်။ အဘ၏ မွေးရပ်ဇာတိ စင်မြင့်ရွာဘုန်းကြီးကျောင်းတွင် နံနက်စာစားကြပြီး ခဏနားလေသည်။

"လာ - ဦးသန်းဦး၊ ဒီဘက် မန်ကျည်းပင်အောက်ကို"

ကန်ပေါင်ဘေးရှိ မန်ကျည်းပင်အောက်သို့ရောက်သောအခါ အဘမြင်းစီးရုပ်ကို တွေ့ရလေသည်။

"မြင်းစီးနေတဲ့ အဘရုပ်တုကို သေသေချာချာကြည့်"

"ဟုတ်ကဲ့"

"အခုပြည်တော်ဝင်လာပြီးမှ ထုလုပ်ထားတာ။ ဟိုအရင်ကပုံမဟုတ်ဘူး"

"အေးဗျ၊ ဒီပုံကဇရပ်ကုန်းဓာတ်ခန်းထဲကရုပ်တုနဲ့တူတယ်"

"ဟုတ်တယ်။ ဒီအောက်မှာ စာရေးထားတယ်။ ဖတ်ကြည့်ပါဦး"

"အေး-ဟုတ်တယ်၊ အ-မ-ခ-ပ-တ-ဝ လို့ ရေးထားတာ ဘာလဲဗျ"

"အောင်မင်းခေါင် ပြည်တော်ဝင်လို့ ရေးတာပါ"

"ဟုတ်ပြီ၊ ဟုတ်ပြီ"



"အခုပိုပြီးသဘောပေါက်လာပြီ။ အဘက မြန်မာပြည်ကို ဒီမြင်းကြီးစီးပြီး ပြန်ဝင်လာတာကိုး"

"ဒီသိန္ဓောမြင်းပျံကြီးကို စီးပြီး ပုပ္ပားကို အရင်ဝင်တယ်ဗျ။ ပုပ္ပားမှာနေလို့ ဓာတ်ဖွင့်လို့မဖြစ်လို့ ခင်မြင့်ကို ဝင်လာရတာပဲ"

"ဘာလို့မဖြစ်ရတာလဲဗျ"

"ပုပ္ပားမှာ အောင်မင်းခေါင်ဆိုပြီး ထင်ရှား ပွင့်လင်းလာရက သေခဲ့ပြီ၊ ထွက်ခဲ့ပြီလေ။ ခုဟာက ပြန်ရှင်လာတာ၊ ပြန်ဝင်လာတာဆိုတော့ ဓာတ်နှစ်ခုက ဆန့်ကျင်ဘက်လေ"

"ဒီအပိုင်းတော့ သိပ်နားမလည်ဘူးဗျ"

"အေး-လူတွေနားလည်ဖို့ခက်တဲ့ အခြားအကြောင်းလည်းရှိမှာပေါ့။ ကျွန်တော်တို့လည်း ပုပ္ပားကိုပြန်သွားဖို့ပြောပါတယ်။ ပုပ္ပားအခန်းကဏ္ဍကို သတ်သတ်ထားလိုက်တော့တဲ့"

"သွားတောသွားသေးလား"

"ပုပ္ပားကို သွားတယ်။ နှစ်ခေါက်၊ သုံးခေါက်လောက်ရှိမယ်"

"လူတွေက အဘမန်းသိသလား"

"တစ်ယောက်မှမသိဘူး"

"အဘကို အဘမှန်းမသိတာ ခက်တာပဲ"

"ခင်ဗျားတောင် ကျွန်တော် ရှင်းမပြရင် သိမှာမဟုတ်ဘူး"

"အေးဗျာ၊ ကျွန်တော်လည်း ခုမှ ဇာတ်ရည်လည်လာတယ်"

"လာလာ - ဒီဘက်ကိုလာဦး၊ ပြစရာရှိသေးတယ်"

ကျွန်တော်သည် ဦးသန်းဦးအား စင်မြင့်မှ အဘဓာတ်ခန်းအသစ်ကို လိုက်ပို့ပေးပါသည်။

"ဒီဓာတ်ခန်းက မန္တလေးတင်ဝင်းက ဆောက်လုပ်လှူဒါန်းတာဗျ"

"ပုံစံကပျဉ်းခေတ်ပုံစံပဲ"

"ဟုတ်တယ်။ အဘပြန်ဝင်လာမှ ဆောက်လုပ်တာ၊ ကဲ - အထဲဝင်ကြည့်ရအောင်"

"ဟုတ်ကဲ့"

ဓာတ်ခန်းထဲသို့ နှစ်ယောက်သားဝင်ပြီး အဘအောင်မင်းခေါင်နှင့် ပုဂ္ဂိုလ်ထူးများကို ဦးချကန်တော့ကြလေသည်။


"ဦးသန်းဦး ဒီပုံတော်က ရှင်မထီးဆရာတော်ပုံ၊ ဒီပုံတော်က ယက္ကန်းစင်တောင်ဆရာတော်ပုံ၊ ဒီပုံတော်က အဘဘိုးဘိုးအောင်ပုံ၊ ဒီပုံတော်က အဘအောင်မင်းခေါင်ပုံတော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပားအဘအောင်မင်းခေါင်၏ရက်ချုပ်




| ပဋ | ဖဝ | သီ | ထီး | ဆင့် | ရဘ | ဆီ | က | ထွန်း |
|---|---|---|---|---|---|---|---|---|
| ၆ | ၁၃ | ၇ | ၁၆ | ၂၅ | ၁ | ၁၅ | ၁၄ | ၃ |
| ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၆ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၁ |
| ၀ | ၃ | ၄ | ၀ | ၁၀ | ၁၀ | ၄ | ၁၁ | |
| ၁၁ | ၁၇ | ၂၈ | ၂၈ | ၁၀ | ၂၆ | ၂၀ | ၁၂ | |
| ၄၉ | ၄၆ | ၂၅ | ၃၄ | ၂၇ | ၀ | ၄၀ | ၃၆ | |
| ဒီ | မြင် | စင် | စန်း | ဦး | ဓာတ် | ရှပ် | ပုံ | တူ |
| ၇ | ၈ | ၉ | ၂၃ | ၆ | ၉ | ၁၂ | ၂၁ | ၂၄ |
| ၃၉ | ၄ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |

ဇေယျတုဓာလီရှပ် ၄၉၈၁ သက္ကရာဇ် ၁၂၄၂ ခုနှစ်၊ ဒီဃ (၁၄၂) တြွင်း သူရိယမာသမိဿရာသီ-

ဝေါဟာရ မာသကဆုန်လဆန်း ၁၀ ရက်နေ့ ၁-နေ့နေ့ နံနက် စက် (၁၀) နာရီ မြန်မာ (၁) ချက်တီးအတော် ကရကင့်စခန်း ပဋ္ဌမဟောရှပ် စနေကြွင်း စနေနဝင်းစီးလျက် ထိုနာရီထိ၏ ထိဘွား ကရဘွား ၂-ဖီလာ ၃ ခုဟော (၂) ဆံ ပြည့်မတ်သော မင်္ဂလာအခါတွင် ဘုန်းကံပညာလက္ခဏာနှင့်ပြည့်စုံသော ရတနာမြတ်လှခေါ်တွင်ရာဇာ ငယ်စဉ် မောင် ဘိုးအောင် ခေါ် အောင်မင်းခေါင်ဟု ခေါ်တွင်သတည်း။

"ဟုတ်ကဲ့"

"ထူးဆန်းတာက ဒီပုပ္ပားအောင်မင်းခေါင်ပုံက ခင်ဗျားမြင်ဖူးတဲ့အဘပုံနဲ့ တူသလား"

"မတူဘူးဗျ။ မမြဝင်းတို့ ဇရပ်ကုန်းကပုံနဲ့တူတယ်"

"ဇရပ်ကုန်းကပုံရယ်၊ ဒီပုံရယ်က အဘပြည်တော်ဝင်လာမှ လက်ရှိရုပ်ပုံကို ထုလုပ်တာပဲ"

"ဟာ - ဒါဆိုရင် ကျွန်တော့်စိတ်ထဲ သံသယဆိုတာ လုံးဝမရှိတော့ဘူး။ ယုံကြည်ပါပြီဗျာ"

"ခင်ဗျားလမ်းမှာမေးတဲ့စကားရှိတယ်။ သာမန်လူတစ်ယောက်က ငါ အောင်မင်းခေါင်ပဲလို့ လိမ်ရင်ကော မရဘူးလားတဲ့"

"ဟုတ်ကဲ့၊ ကျွန်တော်မေးလိုက်မိတယ်"

"ဒီလက်ရှိပုံနဲ့ ထုလုပ်ထားတဲ့ပုံတော်ကို အောင်မင်းခေါင်လို့ ကမ္ပည်းတပ်ပြီး ထွက်ရပ်ပေါက်ဆရာတွေနဲ့ တစ်တန်းတည်းထားသော အစစ်မှုလို့ လုပ်ရဲတာပေါ့။ အတုဆိုရင် အခုလောက်ဆို အသေဆိုးနဲ့သေပြီပေါ့"

"ဩော် - ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒါအဘပြန်ဝင်လာပြီဆိုတဲ့ သက်သေအထောက်အထားတစ်ခုပဲ။ အဘရေ သားသံသယဝင်မိတာခွင့်လွှတ်ပါ အဘ"

ဟု ထိုင်၍ ကန်တော့ပြန်လေသည်။

ကျွန်တော့်ကိုလည်း ကျေးဇူးတင်ရှိကြောင်း အထပ်ထပ်ပြောလေသည်။

"စာရေးဆရာကြီး အတ္တဝါလိုင်း၊ ခင်ဗျားကို အရမ်းအရမ်းကျေးဇူးတင်ရှိတယ်ဗျာ တကယ်ပါ။ကျွန်တော့်ကိုတော့ အဘနဲ့တွေ့ပေးပါဗျာ"

"ခင်ဗျားတွေ့ချင်ရင်တော့ ရန်ကုန်လိုက်သွား။ တွေ့ရမယ့်လိပ်စာပေးလိုက်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပြီးရင်းတင်ပါတယ်ဗျာ။ ကျွန်တော်တို့အဘ တကယ်ပဲပြန်ဝင်လာပြီဆိုတာ ကျွန်တော်ယုံပါပြီဗျာ"

"တဲ - မူလဓာတ်ခန်းအဟောင်းကိုသွားပြီး ကန်တော့ကြစို့"

ကျွန်တော်တို့ နှစ်ယောက်သည် စင်မြင့်ရွာထိပ်က ပုပ္ပားအောင်မင်းခေါင်၏ ဓာတ်ခန်းတွင်ဝင်၍ အဘအား ရှိုး ကန်တော့ကြလေသည်။ ဦးသန်းဦးတစ် ယောက် အဘကို ယုံယုံကြည်ကြည် ကန်တော့ပြီး ပုတီးစိပ်နေလေသည်။ ပြီးမှ ဓာတ်ခန်းဘေးမှ ဘုရားရင်ပြင်သို့ တက်လာကြသည်။

"ဒီဘုရားကြီးကို အဘက မြှမြင့် ပြီး ထီးအသစ်တင်ပေးတယ်။ ပြီးတော့ ဒီဘက်က တန်ဆောင်းဆောက်လု လှူဒါန်းမယ်။ ဒီကမ္ဗာလုံးပေါ်မှာ မြင်း ရုပ်ကတော့ အဘပုံတော်ပဲ"

"ဒီပုံတော်တွေ၊ မြင်းစီးရုပ်တု ပုံသဏ္ဌာန်မပီပြင်တော့ဘူးဗျ။ အင်္ဂ တွေကွာကျနေပြီ"

"အဘလည်း စင်မြင့်မရော တော့ဘူး။ ပြင်မယ့်သူမရှိတော့ဘူးဗျ"

"ဟုတ်ကဲ့။ ဒါနဲ့ အဘအတ္ထုပ္ပတ္တိ ကို ပြောပြပါလား။ ဆရာဘယ်လော သိသလဲ"

"သိသလောက် ပြောပြမှာ ကျွန်တော့်ဆီမှာအဘရဲ့ရက်ချုပ်ရှိ လက်ရှိအဘရဲ့ လက္ခဏာ (၃) စုံ၊ ရှိ



www.burmeseclassic.com

www.burmeseclassic.com

### ပုပ္ပားအောင်မင်းခေါင်၏ဆွေစဉ်မျိုးဆက်ဇယား

[illegible])    (အမေ)

ခရစ်-ကောဇာ

၁ ဒေါ်ဖဲ ၁၈၁၃-၁၁၇၄ (စင်မြင့်)
၂ ဒေါ်ခဲ ၁၈၁၅-၁၁၇၆ (စင်မြင့်)
၃ ဒေါ်ဝဲ ၁၈၁၇-၁၁၇၈ (စင်မြင့်)
၄ ဒေါ်နှင်းရီ ၁၈၁၉-၁၁၈၀ (ရှမ်းမငယ်-သဘွတ်ကုန်းအဆက်)
၅ ဦးဘိုးရှင် ၁၈၂၁-၁၁၈၂ (စင်မြင့်-ဘမင်းခေါင်အဆက်)
၆ ဦးဘိုးလွင် ၁၈၂၃-၁၁၈၄ (နဘဲကုန်းအဆက်)
၇ ဦးရွှေကျင် ၁၈၂၅-၁၁၈၆ (တောင်ရိုးတဲ-အဘမှင်အဆက်)

(ဘမင်းခေါင်အဆက်)

ဦးဘိုးရှင် (၁၈၂၁-၁၁၈၂)    (မသိ)

(၁၈၄၉-၁၂၁၀)
(၁) ဦးမောင်ပု ←→ ဒေါ်မင်းသစ်
ခရစ်-ကောဇာ

၁။ဦးဘိုးသောင် (၁၈၇၅-၁၂၃၆)
၂။ဦးဘိုးမောင် (၁၈၇၇-၁၂၃၈)
၃။ဦးဘိုးဆောင် (၁၈၇၉-၁၂၄၀)
၄။ဦးဘိုးအောင် (၁၈၈၁-၁၂၄၂)
(အဘအောင်မင်းခေါင်)
၅။ဒေါ်အေးမြင့် (၁၈၈၃-၁၂၄၄)

[illegible]
[illegible]ခဲ-ဝဲ-ရီ သုံးလီညီနောင်
[illegible]င်းခေါင်ပေါ်လတ္တံ့.

ခဏာ (၁) စုံရှိတယ်။ ခင်ဗျားကြည့်ချင်ရင် အိမ်ကျတော့ပြမယ်လေ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ မိတ္ထီလာပြန်ပြီး ဆရာ့အိမ်မှာတည်းမယ်။ စကားတွေပြောမယ်။ အဘအကြောင်းတွေကို ဖောက်သည်ချပေးပါလို့ တောင်းပန်ပါတယ်"

"ဟုတ်ကဲ့ - ဒါဆိုလည်း ပြန်ကြရအောင်"

ကျွန်ုပ်တို့နှစ်ယောက် မိတ္ထီလာသို့ပြန်လာကြလေသည်။ မိတ္ထီလာတွင်ရောက်ပြီး နားကြသည်။ ညစာစားသုံးပြီး ရေနွေးကြမ်း၊ အညာငကြီးလှော်သုပ်နှင့် နှမ်းထောင်းကို ဆုပ်ထားသော နှမ်းဆုပ်ဖြင့် ဧည့်ခံပါသည်။ ရေနွေးကြမ်းသောက်ရင်း ကိုသန်းဦး သိချင်တာများကို စိတ်ရှည်စွာ ဖြေကြားခဲ့ပါသည်။

"ကိုသန်းဦးရေ၊ ဒါ အဘအောင်မင်းခေါင်ရဲ့ရက်ချုပ်ပဲ။ ဖတ်ကြည့်ပါဦး"

ကျွန်ုပ်သည် အဘ၏ရက်ချုပ်ကို ပေးလိုက်ရာ သေသေချာချာ ဖတ်လေသည်။

"ဗေဒင်ဆရာဆိုရင် ဒီရက်ချုပ်ကို ဗေဒင်တွက်လို့ရပြီ"

ဟု တန်ဖိုးရှိသော အမွေအနှစ်များကို သေသေချာချာ သိမ်းထားရန် ပြောနေလေသည်။

"ကဲ - ဒီမှာရှိသေးတယ်။ အဘအောင်မင်းခေါင်ရဲ့ ဆွေစဉ်မျိုးဆက်ဇယားဖတ်ကြည့်ပါဦး။ ပြီးမှ မသိတာရှိရင်မေးပေါ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ဆရာအဏ္ဏဝါလှိုင်းက အဘနဲ့ပတ်သက်တာတော်တော်စုဆောင်းထားတာပဲ။ ဒီဆွေမျိုးဇယားက လ-ဝ-ကရုံးမှာတောင် ရှိမှာမဟုတ်ဘူး"

"ဟုတ်တယ်။ လ-ဝ-ကမပေါ်ခင်က မှတ်တမ်းပဲ"

"ဒီမှတ်တမ်းတွေကို ဘယ်လိုရတာလဲ"

"တောင်လုံးလှဆရာတော်ကပြောပြတာပါ။ဒီရက်ချုပ်က ဆရာတော်ချီးမြှင့်တာပဲ"

"ဆရာတော်က ဘယ်လိုလုပ်ရခဲ့တာလဲ၊ ဘယ်လိုမှတ်သားခဲ့တာလဲ"

"ဆရာတော်က ငယ်ငယ်မှတ်မိတဲ့ အရွယ် (၇) နှစ်၊ (၈) နှစ်သားကပဲ အဘိုးတွေ၊ အဘွားတွေ ပြောတဲ့စကားကိုမှတ်မိနေတာ။ လွယ်လွယ်မှတ်မိအောင် ဃက်ာစပ်ခဲ့သေးတယ်"

"လုပ်ပါဦး၊ ဘယ်လိုလက်ာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဖဲ- ခဲ- ဝဲ- ရီ (သုံးလီညီနောင်) မင်းခေါင်ပေါ်လတ္တံ့ လို့ ရေးစပ်ခဲ့တယ်။ ဒီဆွေမျိုးစဉ်ဆက်ကိုကြည့်ပါလား"

"ဟုတ်ကဲ့ - တွေ့ပြီ၊ တွေ့ပြီ"

"မွေးချင်း (၇) ယောက်ရှိတယ်။ 'ဒေါ်ဖဲ၊ ဒေါ်ခဲ၊ ဒေါ်ဝဲ၊ ဒေါ်နှင်းရီဆိုတာက ဖဲ- ခဲ- ဝဲ- ရီကို ပြောတာ။ သုံးလီညီနောင်ဆိုတာက ဦးဘိုးရွှင်၊ ဦးဘိုးလွင်၊ ဦးရွှေကျင်တို့ ဖြစ်တယ်။ ဒီထဲမှာ အဘအောင်မင်းခေါင်အဆက်က ဦးဘိုးရွှင်ပဲ၊ ဦးဘိုးရွှင်က ဦးမောင်ပုကို မွေးတယ်။ ဦးမောင်ပုနဲ့ ဒေါ်မင့်းသစ်က အဘအောင်မင်းခေါင်ကို မွေးတယ်"

"စာရေးဆရာက သေသေချာချာ မှတ်ထားတာပဲ။ သူတို့မွေးသက္ကရာဇ်နဲ့ နေထိုင်တဲ့ရွာတွေတောင် ထည့်ထားသေးတယ်"

"ဟုတ်တယ်၊ ဒီမှာကြည့်။ အမှတ်စဉ် (၁)၊ (၂)၊ (၃) တို့ကတော့ စင်မြင့်ဇာတိတွေဖြစ်တယ်။ သူတို့ကပေါက်ဖွားကြတဲ့ သားစဉ်မြေးဆက်တွေဟာ အခုစင်မြင့်သားတွေလို့ပြောရမှာပဲ။ အသေးစိတ်တော့မသိတော့ဘူး"

"ဟုတ်ကဲ့"

"အမှတ်စဉ်(၄)ဒေါ်နှင်းရီကတော့ ရှမ်းမယေယ်လမ်း သပွတ်ကုန်းကပဲ။ သူက ဘယ်သူနဲ့ဆက်တာလဲဆိုတော့ ရွှေမန်းတင်မောင်နဲ့ဆက်တယ်"

"ဘယ်လို ဘယ်လို၊ ရွှေမန်းတင်မောင်ဆိုတာ ဇာတ်မင်းသားကို ပြောတာလား"

"ဟုတ်တယ် ခင်ဗျာ၊ သူက ဘယ်လိုဆက်တာလဲဆိုတော့ ဒေါ်နှင်းရီနဲ့ သစ်ဆိမ့်ပင်ရွာကအမျိုးသားနဲ့ အိမ်ထောင်ကျတော့ သားသမီးတွေ ထွန်းကားတယ်။ သားအကြီးကမှ ဦးကြောင်ကိုမွေးတယ်။ ဦးကြောင်က မန္တလေးသူနဲ့ရတဲ့သားက ရွှေမန်းတင်မောင်ကို မွေးတာပဲ"

"ဒါဆိုရင် ဦးဘိုးရွှင်က ဦးမောင်ပုကို မွေးတယ်။ ဦးမောင်ပုက အဘကို မွေးတယ်။ မနှင်းရီက သားကြီး (အမည်မသိ)ကိုမွေးတယ်။ သားကြီးက ဦးကြောင်ကို မွေးတယ်။ ဒါဆိုရင် အဘမင်းခေါင်နဲ့ ဦးကြောင်က ညီအစ်ကိုနှစ်ဝမ်းကွဲတော်တာပေါ့"

"အမျိုးကတော့ ကိုယ့်ဘာသာ စပ်ကြည့်ပေါ့ဗျာ"

"ဒါဆိုရင် ဒီအကြောင်း စာရေးပါဦးလား"

"စာတော့ရေးထားတာရှိတယ်။ ကိုယ်တိုင်သိရတာ မဟုတ်ဘူး။ တောင်လုံးလှဆရာတော်က ပြောပြလို့သိရတာ။ အသံသွင်းထားတာရှိသေးတယ်။ ဒါပေမယ့် ဆရာတော်လည်း မရှိတော့ဘူးဆိုတော့ ရှင်းမယ့်လင်းမယ့်သူမရှိဘူး။ ဒါကြောင့် မဂ္ဂဇင်းထဲမှာမထည့်ဖို့ တောင်းပန်ထားရတာ"

"ဟုတ်ပါပြီ၊ သိရုံပဲသိရရင် ကျေနပ်ပါပြီ။ ဆက်ရှင်းပါဦး"

"အမှတ်စဉ် (၅) ကတော့ အဘအောင်မင်းခေါင်အဆက်ပဲ။ ဦးဘိုးရွှင်ကနေ ဦးမောင်ပုကို မွေးတယ်။ ဦးမောင်ပုနဲ့ ဒေါ်မင်းသစ်ကမှ သားသမီး (၅) ယောက်ကို မွေးတယ်။ အဘက လေးယောက်မြောက်သားထွေးပဲ။ သူ့အောက်က မအေးမြင့် ဆိုတဲ့ ညီမလေးတစ်ယောက်ပဲရှိတော့တာ"

"ဆရာ၊ ဒီထဲမှာ သက္ကရာဇ်တွေ ရေးထားတယ်။ ခရစ်နှစ်နဲ့ ကောဇာနှစ် (၂) ခု ပါတယ်။ ဘယ်လိုကြောင့်မှတ်မိတာလဲ"

"ဒါကတော့လွယ်ပါတယ်။ အဘရဲ့ရက်ချုပ်မှာ မွေးနေ့အတိအကျပါတယ်"

"ဒါကို အခြေပြုပြီး မွေးချင်း (၅) ယောက်ကို (၂) နှစ်ဆီ ခြားလိုက်တယ်။ ပြီးမှ သူတို့အဖေ၊ အမေ မွေးသက္ကရာဇ်ကို ဖြစ်နိုင်ခြေတွက်ပြီးမှန်းရေးထားတာပါ"

"ဆရာကတော့လုပ်ပြီ၊ ဒီလောက်တိတိကျကျရေးထားတော့ မှတ်တမ်းကို ဘယ်လိုရသလဲလို့ အံ့ဩနေတာ"

"ခရစ်နှစ်ကိုရေးတော့ ဘယ်ခေတ်မှာမွေးတာလဲ။ ဘယ်ခေတ်ကို ဖြတ်သန်းလာရသလဲ။ ဘုရင်ခေတ်၊ ကိုလိုနီခေတ် စသည်ဖြင့် ချိန်ထိုးလို့ရတာပေါ့။ နှစ် (၁၀၀) ပြက္ခဒိန်ကို ချကြည့်ပြီးမှ ဖြစ်နိုင်ခြေကို ရေးထားတာပါ"

"တော်ပါပေတယ် ဆရာရယ်"

"ဟုတ်တယ်လေ၊ ဆက်ကြရအောင်။ အမှတ်စဉ် (၆) က ဦးဘိုးလွင်အဆက်ဖြစ်တယ်။ ဒါက စင်မြင့်အရှေ့ဘက်မှာရွာရှိသေးတယ်။နဘဲကုန်း၊ လေးတိုင်စင်၊ သပွတ်ရုံ ဩဇာခြံ စတဲ့ရွာတွေ ရှိသေးတယ်။ ဦးဘိုးလွင်ကတော့ နဘဲကုန်းမှာနေတယ်။ သူ့အဆက်တွေကတော့ အခု နအဲကုန်းမှာရှိသေးတယ်။ မမိတို့ မငယ်တောက်တို့ အခုထိသက်ရှိထင်ရှားရှိသေးတယ်"

"ဆရာ့မှတ်တမ်းကတော့ တော်တော်စုံတာပဲ။ ဆက်ပြောပါဦး"

"အမှတ်စဉ် (၇) ကတော့ ဦးရွှေကျင့်အဆက်ပဲ၊ တောင်ရိုးတဲရွာမှာ အိမ်ထောင်ကျတယ်၊ အဘမှင်တို့ တောင်ရိုးတဲရွာအကြောင်းသူရဿတီမဂ္ဂဇင်း အတွဲ (၁၃)၊ အမှတ် (၅) မှာ ပါပြီးပြီ။ သိချင်ရင် ရှာဖတ်ကြည့်ပါ"

"ဟုတ်ပါပြီ ဆရာရယ်။ အခုလို မြည်ပြည့်စုံစုံရှင်းပြတာ ကျေးဇူးတင်ပါတယ်"

"အဘရဲ့ အတ္ထုပ္ပတ္တိအကျဉ်းကတော့ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စင်မြင့်ရွာတွင် အဘ ဦးမောင်ပု၊ အမိ ဒေါ်မင်းသစ်မှ ၁၂၄၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် တနင်္ဂနွေနေ့ နံနက် (၁၀) နာရီမှာ မွေးဖွားတယ်။ ငယ်နာမည် 'ဘိုးအောင်' ဖြစ်တယ်။အဘရဲ့ထင်ရှားတဲ့အမှတ်အသားကတော့ ညာဘက်လက်မှာ စွန်ကုတ်ရာ အမာရွတ်ရှိတယ်။ အိမ်ထောင်မရှိ လူပျိုဖြစ်ပြီး ပုပ္ပားမှာ အောင်မင်းခေါင်လို့ ထင်ရှားကျော်ကြားပြီး ၁၃၁၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့တွင် လူ့ဘဝကို အဆုံးသတ်သေဆုံးလေတယ်။ ရုပ်ကလာပ်ကို တောင်ကလပ်အခြေမှာ ဂူသွင်းသဂြိုဟ်လိုက်ကြတယ်"

"တော်တော်စုံတာပဲ၊ အဘအကြောင်းကို သေသေချာချာမှတ်တမ်းတင်ထားတာပဲ"

"ဟုတ်တယ်၊ အဘရဲ့ အတ္ထုပ္ပတ္တိအသေးစိတ်ကို သူရဿတီမဂ္ဂဇင်း အတွဲ (၁၂)၊ အမှတ် (၁၂) နဲ့ အတွဲ (၁၃) အမှတ် (၁) ကနေပြီး လစဉ်ဖတ်ကြည့်ကြပါလို့ပဲ အတိုချုပ်ပြောပါရစေ"

"အခုလို ရှင်းပြတာ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ အဘရဲ့ လက္ခဏာခြေဓာတ်တွေဆိုတာကော တကယ်ရှိသလား"

"ဒါကတော့ မှတ်တမ်းတင်စာမရေးရသေးဘူးဗျ၊ ကြော်ငြာအနေနဲ့ပဲ ပြလို့ရမယ်။ ဒီမှာသေသေချာချာကြည့်ပါ။ မူရင်း လက္ခဏာတွေပဲ"

ဦးသန်းဦးသည် ကျွန်ုပ်ရှင်းပြသော အဘ၏အတ္ထုပ္ပတ္တိကို တအံ့တဩနားထောင်ပြီး ကျေးဇူးအထပ်ထပ်တင်ရှိပါတော့သည်။ အဘ၏ပြည်တော်ဝင်ပွဲအကြောင်းကို ဖတ်ရှုရပြီး ဖုန်းဆက်မေးမြန်းသူများအား ဤစာစုများကို ဖတ်ရှုရင်းဖြင့်ကျေနပ်ကြပါဟု တောင်းပန်အပ်ပါသည်။

လေးစားလျက်

အဘွားဝါးဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိ ဓါတ်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်၊ နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသောအခန်း ကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပဒ်၊ နက္ခတ်ဇယားကို ဖြူစုဖော်ပြပေးလိုက်ပါသည်။

| ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | တော်သလင်း လဆန်း ၈ | နင်္လာ | ၁၆<br>၁၇ | ၁၆း၀၀း၀၀ | * အမြိတ္တ<br>* လာဘ |
| ၂ | ၉ | အင်္ဂါ | ၁၇<br>၁၈ | ၁၅း၂၉း၀၂ | △ ဥပါဒ်<br>△ မိတ္တ |
| ၃ | ၁၀ | ဗဟူး | ၁၈<br>၁၉ | ၁၄း၅၂း၃၅ | * လာဘ<br>* သိဒ္ဓိ |
| ၄ | ၁၁ | ပတေး | ၁၉<br>၂၀ | ၁၃း၄၂း၅၁ | △ မိတ္တ<br>△ ကာဏ |
| ၅ | ၁၂ | ကြာ | ၂၀<br>×<br>၂၁ | ၀၆း၄၅း၀၀<br>၁၈း၀၀း၀၀ | * သိဒ္ဓိ<br>□ ဝရ<br>△ ဥပါဒ် |
| ၆ | ၁၃ | စနေ | ၂၁<br>၂၂ | ၁၀း၅၂း၃၀ | * အမြိတ္တ<br>* လာဘ |
| ၇ | ၁၄ | တနွေ | ၂၂<br>၂၃ | ၀၉း၂၂း၃၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၈ | ○ ၁၅ | နင်္လာ | ၂၃<br>၂၄ | ၀၇း၄၅း၁၄ | * လာဘ<br>* သိဒ္ဓိ |
| ၉ | တော်သလင်း လဆုတ် ၁ | အင်္ဂါ | ၂၄<br>၂၅ | ၀၆း၀၀း၀၀ | △ မိတ္တ<br>△ ကာဏ |
| ၁၀ | ၂ | ဗဟူး | ၂၅<br>၂၆ | ၀၄း၃၄း၁၇ | * သိဒ္ဓိ<br>□ ဝရ |
| ၁၁ | ၃ | ပတေး | ၂၆<br>၀ | ၀၃း၂၅း၄၃ | △ ကာဏ<br>* အမြိတ္တ |
| ၁၂ | ၄ | ကြာ | ၀<br>၁ | ၀၂း၁၉း၂၁ | □ ဝရ<br>△ ဥပါဒ် |
| ၁၃ | ၅ | စနေ | ၁<br>၂ | ၀၁း၃၆း၀၀ | * အမြိတ္တ<br>* လာဘ |
| ၁၄ | ၆ | တနွေ | ၂<br>၃ | ၀၁း၃၆း၀၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၅ | ၇ | နင်္လာ | ၃<br>၄ | ၀၁း၃၉း၁၉ | * လာဘ<br>* သိဒ္ဓိ |
| ၁၆ | ၈ | အင်္ဂါ | ၄<br>၅ | ၀၂း၃၁း၃၅ | △ မိတ္တ<br>△ ကာဏ |
| ၁၇ | ၉ | ဗဟူး | ၅<br>၆ | ၀၃း၅၁း၂၆ | * သိဒ္ဓိ<br>□ ဝရ |
| ၁၈ | ၁၀ | ပတေး | ၆<br>၇ | ၀၅း၄၀း၂၂ | △ ကာဏ<br>* အမြိတ္တ |
| ၁၉ | ၁၁ | ကြာ | ၇<br>၈ | ၀၇း၅၁း၁၆ | □ ဝရ<br>△ ဥပါဒ် |
| ၂၀ | ၁၂ | စနေ | ၈<br>၉ | ၁၀း၁၃း၂၀ | * အမြိတ္တ<br>* လာဘ |
| ၂၁ | ၁၃ | တနွေ | ၉<br>၁၀ | ၁၂း၅၃း၂၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၂ | ၁၄ | နင်္လာ | ၁၀<br>၁၁ | ၁၅း၃၃း၂၀ | * လာဘ<br>* သိဒ္ဓိ |
| ၂၃ | ● ၁၅ | အင်္ဂါ | ၁၁<br>၁၂ | ၁၇း၄၆း၄၀ | △ မိတ္တ<br>△ ကာဏ |
| ၂၄ | သီတင်းကျွတ် လဆန်း ၁ | ဗဟူး | ၁၂<br>၁၃ | ၁၉း၄၂း၅၁ | * သိဒ္ဓိ<br>□ ဝရ |
| ၂၅ | ၂ | ပတေး | ၁၃<br>၁၄ | ၂၁း၂၅း၄၃ | △ ကာဏ<br>* အမြိတ္တ |
| ၂၆ | ၃ | ကြာ | ၁၄<br>၁၅ | ၂၂း၄၄း၁၃ | □ ဝရ<br>△ ဥပါဒ် |
| ၂၇ | ၄ | စနေ | ၁၅<br>၁၆ | ၂၃း၃၅း၁၀ | * အမြိတ္တ<br>* လာဘ |
| ၂၈ | ၅ | တနွေ | ၁၆<br>၁၇ | ၂၃း၃၆း၀၀ | ဥပါဒ်<br>မိတ္တ |
| ၂၉ | ၆ | နင်္လာ | ၁၇<br>၁၈ | ၂၃း၃၆း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၃၀ | ၇ | အင်္ဂါ | ၁၈<br>၁၉ | ၂၂း၅၀း၁၉ | △ မိတ္တ<br>△ ကာဏ |

၂၀ - နက္ခတ် = ၄၅ ယံရှိ
× - နက္ခတ် = ၃၀ ယံရှိ ဖြင့်
၂၁ - နက္ခတ် = ၄၅ ယံရှိ

* = အဝင်နက္ခတ် ○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ် ● = လကွယ်နေ့
△ = အထွက်နက္ခတ်

၉-၉-၂၀၁၄ နံနက် ၀၈း၄၃း၁၈ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

"မြင်ရလား ဆရာ"

စကားလေးတစ်ခွန်း ဖြစ်ပါသည်။

ကျွန်တော်သည် အုပ်ချုပ်ရေး အရာရှိတစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ရင်း နေရာဒေသအသီးသီးသို့ ရောက်ရှိခဲ့ပါသည်။ အုပ်ချုပ်ရေးအရာရှိသည် မိမိနှင့်ထိတွေ့ဆက်စပ်သူတိုင်း၏ စိတ်နေသဘောထား၊ အမူအကျင့်တို့ကို အကဲခတ် လေ့လာထားရပါသည်။ သာမန်အားဖြင့် အရေးမကြီးဟုထင်ရသည့်အချက်အလက်များသည် တစ်နေ့သောအခါ ကိစ္စတစ်ရပ်ကို ဖြေရှင်းဆုံးဖြတ်ရာ၌ အရေးကြီးသော အချက်အလက်များဖြစ်လာနိုင်သဖြင့် အရာရာကို အမှုမဲ့အမှတ်မဲ့မနေဘဲ ဆက်စပ်တွေးခေါ်မိနိုင်ရန် မှတ်သားရပါသည်။

တစ်ချိန်က ကျွန်တော်သည် မြန်မာနိုင်ငံအတွင်း မြန်မာပြည်အောက်ပိုင်းနှင့် မဝေးကွာသော်လည်း သွားလာရေးခက်ခဲသော မြို့ငယ်လေးတစ်မြို့သို့ ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော် ရောက်ရှိတာဝန်ထမ်းဆောင်ရာဒေသရှိ ဒေသခံတို့မှာ အလွန်ရိုးသားသိမ်မွေ့ပြီး အမှုအခင်းဟူ၍လည်း မရှိသလောက်ပင် ဖြစ်ပါသည်။ အကျင့်စာရိတ္တပျက်ပြား၍ ဖြစ်ပွားသော ပြစ်မှုမျိုးမရှိဘဲ အငြင်းအခုံဖြစ်၍၊ စိတ်တိုရ၍၊ သံသယလွန်ကဲ၍မြုလုပ်မိသော ပြစ်မှုမျိုးများသာ ရံဖန်ရံခါ တွေ့ရတတ်ပါသည်။

ကျွန်တော်၏ ရုံးဝန်ထမ်းတပည့်တပန်းများလည်း အလွန်ရိုးသားသူများဖြစ်ပြီး ကိုယ့်ဆရာကို လေးစားချစ်ခင်ကြသူများ ဖြစ်ကြပါသည်။ ထိုမြို့တွင် ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့နှစ်ဦး ရုံးနှင့်ကပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာလေးတွင် ပျော်ရွှင်စွာနေထိုင်ခဲ့ကြသည်မှာ (၃) နှစ်ကြာခဲ့ပြီ ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ရပ်ဝေးမှ ဆွေမျိုးသားချင်းများ အလည်အပတ် လာရောက်လေ့ရှိကြပါသည်။ တစ်ခါတစ်ရံလည်း ယခင်က ရင်းနှီးကျွမ်းဝင်ရှိခဲ့သော အသိမိတ်ဆွေများက အလုပ်အကိုင်အခွင့်အလမ်းသစ်များရလိုငြား အလုပ်ရှာဖွေရန် လာရောက် တည်းခိုလေ့ရှိကြပါသည်။

အဆိုပါဒေသတွင် ဗုဒ္ဓသာသနာတော် ထွန်းကားပါသည်။ ဘုရားကျောင်းကန်ဇရပ်များ နတ်များကိုယုံကြည်ကြသူများလည်း ရှိကြပါသည်။ ရွာတွင်း၊ ရွာပြင်၊ မြို့တွင်း၊ မြို့ပြင် တောတောင်လမ်းခရီးတစ်လျှောက်တွင်

# တက္ကသိုလ်ဝင်းမြင့်

## တရားကိုနှတ်စောင့်သည်





www.burmeseclassic.com


www.burmeseclassic.com

ချက်တွန်း၊ နတ်စင်များစွာ ရှိနေကြပါသည်။

ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြရုံသာမက ဘာသာတရားကိုကြည်ညိုလေးစားအရေးထားသူများလည်း ဖြစ်ကြပါသည်။ နတ်တို့ကိုလည်း ယုံကြည်ပါသည်။ ရတနာသုံးပါးကို သရဏဂုံတွင်မိမှု၍ ဆည်းကပ်ကိုးကွယ်ပါသည်။ နတ်တို့ကို ဂါရဝပြု လှူဒါန်းပူဇော်ပါသည်။ ကိုယ်မြတ်နိုးသော ပစ္စည်းအသုံးအဆောင်တစ်ခုခု ဝယ်ယူပြီးသောအခါတိုင်း ဘုရားခန်းထဲဝင်၊ ရတနာသုံးပါးကို ကန်တော့ပြီးနောက် ထိုပစ္စည်းအသုံးအဆောင်အား စောင့်ရှောက်ပေးတော်မူရန် ဆိုင်ရာနတ်များကို ပန်ကြားအပ်နှံလေ့ရှိပါသည်။ ဤကား ကျွန်တော်၏ အလေ့အကျင့်တစ်ခု ဖြစ်ပါသည်။

ခရီးထွက်သောအခါ ခရီးလမ်းတစ်လျှောက်၌ သာယာရှုမောဖွယ်ရာတော၊ တောင်၊ ရေ၊ မြေသဘာဝအလှကို ခံစားကြည့်ရှုရင်း မြင့်မားပြီး သက်တမ်းကြာမြင့်စွာရှိနေသော သစ်ပင်ကြီးများ၌ သက်တမ်းရှည်သော ရုက္ခစိုးနတ်မင်းများရှိနေနိုင်သည်ဟု တွေးဆမိပါသည်။ သစ်ဝင်ငယ် ချုံနွယ်၊ ကုန်းကမူစသည်များတွင်လည်း နာနာဘာဝများ ဝိနာဘာဝများ ရှိနေနိုင်သည်ဟု တွေးဆမိပါသည်။ ထို့ကြောင့် ကားပေါ်တွင် အချိန်ရတိုင်း တရားရှုမှတ်ပါသည်။ အလုပ်တာဝန်များပြားသူဖြစ်၍ တရားထိုင်ရန်၊ တရားရှုမှတ်ရန် သီးခြားအချိန် သတ်မှတ်မထားဘဲ အချိန်အားရလျှင် ရသလို တရားရှုမှတ်လေ့ရှိပါသည်။ တရားရှုမှတ်ပြီးတိုင်း၊ ကုသိုလ်ရေစက်ချလုပ်ပြီးတိုင်း၌လည်း ဝေနေယျအားလုံးတို့အား မေတ္တာပို့ပါသည်။ အမျှပေးဝေပါသည်။ အထူးအားဖြင့် မိမိရောက်ရှိနေရာဒေသဝန်းကျင်ရှိ အမည်မသိ၊ အမည်သိ၊ မမြင်အပ်သူ၊ မြင်အပ်သူ၊ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်အားလုံးတို့အား မေတ္တာပို့၊ အမျှဝေလေ့ရှိပါသည်။

မေတ္တာပို့ရာတွင်လည်း ဝတ်ကျေ





www.burmeseclassic.com

www.burmeseclassic.com

တမ်းကျေမဟုတ်။ ကိုယ်နှင့်ထပ်တူထပ်မျှဖြစ်သောမေတ္တာဖြင့် တစ်ဖက်သားအပေါ် အမှန်တကယ်ကောင်းစေလိုသောစေတနာဖြင့် လေးလေးနက်နက်စိတ်ကိုညွတ်ပြီး အမျှဝေဝေခြင်း ဖြစ်ပါသည်။ ထို့အတူ မိမိကိုလည်း ပြန်လည်တုံ့ပြန်ကာ မေတ္တာထားကြပါရန်၊ နောင်အခါ လိုအပ်လျှင် လိုအပ်သလို ကူညီဝိုင်း၍ မှိုင်းမကြပါရန် မေတ္တာဖလှယ်မှုများလည်း ပြုကျင့်လေ့ရှိပါသည်။

ထိုသို့ပြုကျင့်ရသည်ကို ကျွန်တော်ယုံကြည်ပါသည်။ ယုံကြည်သည့်အလျောက်လည်း အကျိုးတရားကို ခံစားရပါသည်။

■

"အစ်ကိုရေ၊ ညက မီးဖိုချောင်တံခါးဖွင့်မိသေးလား"

နံနက် အိပ်၍ကောင်းတုန်း ဇနီးသည်က အိပ်ခန်းထဲဝင်လာပြီး မေးပါသည်။ နှစ်ယောက်တည်းနေသောအိမ်တွင် သူက မဖွင့်လျှင် ကျွန်တော်ပေါ့။ သို့သော်

"ကိုယ်လည်းမဖွင့်ပါဘူး။ ဘာလဲ တံခါးပွင့်နေလို့လား ဝေ"

"ညက တံခါးချက်ကို ဝေကိုယ်တိုင်ချခဲ့တာပါ"

မီးဖိုချောင်တွင် အိမ်နောက်ဘက် အပြင်သို့ထွက်သည့်တံခါးရှိရာ၊ တံခါးချက်များ အလွန်ကောင်းသဖြင့် လုံခြုံမှုရှိပါသည်။ ထိုတံခါးပေါက်အနီးတွင် ပြတင်းပေါက်တစ်ခုလည်းရှိသည်။ ထိုပြတင်းပေါက်၏ တံခါးရွက်များမှာမူ တံခါးချက်သိပ်မခိုင်ပါ။ ဆောက်လုပ်ထားသည်မှာ ကြာပြီဖြစ်၍ အပြင်ကတစ်ခုခုနှင့် ကလော်ဖွင့်လျှင် ပွင့်နိုင်ပါသည်။ သို့ရာတွင် ခိုးမှု၊ ဖောက်ထွင်းမှုမရှိသလောက်နည်းပါးသောဒေသလည်းဖြစ်၊ ရုံးဝင်းအတွင်းက ဝန်ထမ်းအိမ်ရာလည်းဖြစ်၍ ပိတ်၍ရရုံဖြစ်သော ထိုပြတင်းပေါက်တံခါးချက်ကို ပြန်မပြင်ဘဲနေခဲ့ကြပါသည်။ ထမင်းစားပြီး လက်ဆေးသည့်အခါ၌ ထိုပြတင်းပေါက်ကပင် လက်ဆေးကြပါသည်။

"အမှောင်ထဲမှာ ချက်ကိုချတော့ နည်းနည်းလွဲနေပြီးတော့ လေကအရမ်းတိုက်တာနဲ့ တံခါးရွက်ပွင့်သွားတာလည်းဖြစ်နိုင်တာပါပဲ။ ညက မိုးတွေတော်တော်ရွာခဲ့တယ်လေ။ လေတွေလည်း အများကြီးတိုက်တာပဲကိုး"

ကျွန်တော်က ဇနီးသည်ကို ထင်မြင်ချက်ပေး၍ ပြောလိုက်ပါ၏။ ယခုအချိန်က မိုးဦးလေဦးအချိန်ဖြစ်၍ ညက လေတိုက်ပြီး မိုးရွာခဲ့ပါသည်။

"တံခါးရွက်ကပွင့်မနေဘူးအစ်ကို၊ စေ့ထားတဲ့အတိုင်းပဲ။ ဝေကိုယ်တိုင်ချက်ချခဲ့တာ။ အခု ချက်ကချမထားဘဲ တံခါးရွက်တွေ စေ့ရုံစေ့နေတာ"

"တခြားဘာများထူးခြားသေးလဲ။ အိမ်ထဲကိုကြည့်ပြီးပလား"

"ဝေတော့ လျှောက်ကြည့်ပြီးပါပြီ။ ပစ္စည်းတွေလည်း နေသားတကျပါပဲ။ အစ်ကို မျက်နှာသစ်တော့လေ၊ ကော်ဖီသောက်ရအောင်"

"ဘာမှမထူးခြားလဲပြီးတာပါပဲ"

မျက်နှာသစ်ပြီး ကော်ဖီသောက်ရင်း ထွေရာလေးပါး စကားပြောကြသည်မှာ ကျွန်တော်တို့အကျင့် ဖြစ်ပါသည်။ ဒီအချိန်လေးမှာသာ ကျွန်တော်တို့နှစ်ဦး စကားပြောဖို့အချိန်ရပါသည်။ ပြီးလျှင် ရုံးသို့စောစောသွား၍ ရုံးအလုပ်များလုပ်ခြင်း၊ ရပ်ရွာဒေသအတွင်း ကွင်းဆင်း၍ တာဝန်ထမ်းဆောင်ခြင်း စသည်တို့ကို မိုးချုပ်သည့်တိုင် နေ့စဉ်ဆောင်ရွက်ရပါသည်။ နေ့လယ်စာထမင်းချိုင့်ကို ကျွန်တော့်တပည့်လေးများက အိမ်သို့သွား၍ ယူလာပေးကြစမြဲ ဖြစ်ပါသည်။

"မိုးရာသီရောက်ပြီဆိုတော့ အိမ်ဘေးနားက သစ်ကိုင်းတွေ ချိုင်ပစ်ရဦးမယ်။ လေတိုက်ရင် ခေါင်မိုးကို လာရိုက်. . ."

စကားပြောရင်း တစ်စုံတစ်ခုကို သတိရ၍ ပြောလက်စ စကားကို ရပ်လိုက်ပါသည်။ ကျွန်တော် စကားရပ်လိုက်၍ ဝေက ကျွန်တော့်အမူအရာကို စိတ်ဝင်စားစွာကြည့်နေသည်။

ကျွန်တော် ဘုရားခန်းအတွင်းဝင်၍ ဘုရားခန်းရှိပစ္စည်းများကို ကြည့်လိုက်ပါသည်။ မီးဖိုချောင်နှင့် ဘုရားခန်းက နံရံတစ်ခုခြား၍ ဝင်ထွက်ပေါက်တစ်ခုရှိပါသည်။ ဝန်ထမ်းအိမ်ရာဖြစ်ပြီး ခေတ်ဟောင်း၌ ဆောက်လုပ်ခဲ့သဖြင့် အိမ်၏အခန်းဖွဲ့စည်းပုံမှာ တစ်မျိုးဖြစ်ပါသည်။ ကျွန်တော်တို့အိမ်မှာ တစ်ထပ်အိမ် ဖြစ်ပါသည်။ ဘုရားခန်းက အိမ်၏လက်ယာဘက် အိမ်ရှေ့တွင်ရှိပြီး မီးဖိုနှင့် စတိုခန်းငယ်လေးက အိမ်၏ လက်ယာဘက် အိမ်နောက်တွင်ရှိပါသည်။ အိမ်၏ အလယ်ပိုင်းအိမ်ရှေ့ဘက်တွင် ဧည့်ခန်း၊ အိမ်နောက်ဘက်တွင် ထမင်းစားခန်းရှိပါသည်။ အိမ်၏ လက်ဝဲဘက်တွင် အိပ်ခန်းအရှေ့ဘက်တစ်ခန်း၊ အနောက်ဘက်တစ်ခန်း ရှိပါသည်။

ဘုရားခန်းအတွင်းတွင် ဘုရားကျောင်းဆောင်ရှိပြီး ကျွန်တော်၏ ရုံးလုပ်ငန်းဆိုင်ရာစာအုပ်စာတမ်း၊ မြေပုံ လိပ် စသည်များ ရုံးတက်လက်ဆွဲအိတ်နှင့် သံသေတ္တာငယ်လေးတစ်ခု ရှိပါသည်။ သံသေတ္တာငယ်လေးကို ကျွန်တော် အမြဲတမ်း သော့ခတ်ထားလေ့ရှိသော်လည်း ယခုကြည့်သောအခါ သော့မခတ်တော့ဘဲ သော့ခလောက်နှင့် သော့တံကို ဘေးနားတွင်ချထားလျက် တွေ့ရပါသည်။

"ဝေရေ ခဏလာပါဦး"

"ဘာဖြစ်လို့လဲ အစ်ကို"

"ညတုန်းက အိမ်ကို တစ်ယောက်ယောက် ဖောက်ဝင်တာအမှန်ပဲ ဝေ။ ဒီသံသေတ္တာထဲက အစ်ကိုတို့ ဘုရားတည်ဖို့ထားတဲ့ငွေတွေ မရှိတော့ဘူး။ တခြား ဘာပစ္စည်းမှတော့ ပါမသွားဘူး။ ငွေထည့်ထားတဲ့ ပိုက်ဆံအိတ်ပဲပါသွားတယ်"

"ဟယ် - ဟုတ်လား၊ ငွေဘယ်လောက်များသလဲ အစ်ကို"

"ခုနစ်သောင်းနှစ်ထောင်"

ထိုအချိန်က ငွေခုနစ်သောင်းနှစ်ထောင်သည် အလွန်တန်ဖိုးရှိပါသည်။ ကျွန်တော်တို့ ဇနီးမောင်နှံသည် ဘာသာရေးကို အထူးသက်ဝင်ယုံကြည်လေးစားသူများ ဖြစ်သည့်အလျောက် အားလပ်သည့်အချိန်များတွင် ဘုရားကျောင်းကန်များသွားလေ့ရှိပါသည်။ ယခုလို မြို့ကြီးပြကြီးနှင့် ဝေးကွာသော်လည်း ဘာသာသာသနာထွန်းကားရာဒေသတွင် သင့်တင့်သည့် ဉာဏ်တော်အမြင့်ရှိသော စေတီတော်တစ်ဆူတည်မည်ဟုဆုံးဖြတ်ထားကြပါသည်။ ကျွန်တော်တို့နှင့် စိတ်တူကိုယ်တူ မိတ်ဆွေရောင်းရင်းများကလည်း တတ်အားသဖြင့် ကုသိုလ်ပါဝင်ကြသောကြောင့် ငွေအနည်းငယ်စုဆောင်းမိလာရာ ထိုငွေများကို ကျွန်တော်တို့ စားဝတ်နေရေးအတွက်ထားရှိသည့်ငွေနှင့် မရောနှောမိစေရန် ဘုရားခန်း သံသေတ္တာငယ်လေး၌ သီးခြားသိမ်းဆည်းထားရှိခြင်း ဖြစ်ပါသည်။ ကျွန်တော်နှင့် ဝေတို့ ဘုရားတည်ကြမည်ဟု ရည်မှန်းတိုင်ပင်ထားကြသော်လည်း စုဆောင်းရရှိထားသောငွေတို့ ထိုသံသေတ္တာငယ်လေး၌ ထားရှိသည်ကိုမူ ဇနီးသည် ဝေကို စကားမစပ်မိသဖြင့် မပြောမိသေးပါ။

www.burmeseclassic.com

အခြားမည်သည့်ပစ္စည်းမှ ပျောက် ဆုံးခြင်း မရှိပါ။

"အစ်ကိုက သူခိုးခိုးတာဆိုတာ ... သေချာလို့လား။ တစ်နေ့ရာရာမှာ ... မှာတာကော မဖြစ်နိုင်ဘူးလား"

"မမှားနိုင်ပါဘူး ဝေရယ်၊ ဒီထဲမှာ ... ထားတာပါပဲ။ ပြီးတော့ မနေ့ညက ... ဒီသေတ္တာထဲက စာအုပ်တစ်အုပ် ...ယူပြီး သော့ကို သေချာပြန်ခတ်ခဲ့ ...ပဲ"

သံသေတ္တာလေး၏သော့ခလောက် ... သော့တံကို သော့ချိတ်လေးဖြင့် တွဲ ...ပြီး ဘုရားခန်းဝင်ပေါက်၏အတွင်း ...နံရံတွင် ချိတ်နေကျဖြစ်ရာ ဖောက် ...သူသည် ထိုသော့ထားသည့်နေရာ ... သိရှိထားပုံရပါသည်။

"အစ်ကိုက စောစောက ဝေနဲ့ ...ပြောရင်း သစ်ကိုင်းတွေအိမ်ခေါင် ...ရိုက်တာပြောရင်းက ဒီသံသေတ္တာ ... ဘယ်လိုဆက်စပ်သတိရလိုက်တာ ...

"ဩော် - ဒီလိုလေ၊ ညက မိုးတွေ ...အားရွာပြီး လျှပ်စီးလက်၊ လေတိုက် ...နဲ့ အစ်ကိုအိပ်နေရင်းက ခဏနိုးလာ ...တယ်။ သစ်ကိုင်းတွေကလည်း ...ဖျပ်နဲ့ အိမ်ခေါင်မိုးလာရိုက်သံတွေ၊ ...ပြားပေါ် မိုးရေကျတဲ့အသံတွေ၊ ဖား ...သံတွေဆူညံနေတော့တာပဲ။ လျှပ် ...သတ်တာလည်း တဂျိန်းဂျိန်းနဲ့လေ။ ...တိုလည်း နိုးတစ်ဝက်၊ မှေးတစ်ဝက် ... အဲဒီလိုနေရင်း တစ်ချိန်မှာ 'ဂုမ်'ဆိုတဲ့ ...သံတစ်ခုကို ကြားလိုက်ရတယ်။ အဲဒါ ...ကျတဲ့ အသံပါလိမ့်ဆိုပြီး စဉ်းစား ...ရင်း ပြန်အိပ်ပျော်သွားတာ။ စောစော ...စကားပြောနေရင်းက သတိရလို့ ဂုမ် ...ဆိုတဲ့အသံဟာ အစ်ကိုရဲ့ သံသေတ္တာ ...ထားရင်းက အဖုံးက မတော်တဆ ...ကျသွားရင် ဂုမ်ခနဲ မြည်လေ့ရှိတာ ...စားမိပြီး ချက်ချင်းသွားကြည့်ခဲ့တာ ..."

"ဩော် - ဒီလိုကိုး၊ သံသေတ္တာ ...လေးက သူ့သခင်သိအောင် လှမ်းပြီး ...သံပေးလိုက်သလိုပေါ့နော်"

ဝေက ပြုံးရင်းပြောပါသည်။

'မြင်ရလားဆရာ၊မြင်ရလားဆရာ'

ကျွန်တော် တဒင်္ဂအတွင်း ဖောက် ...ထွင်းဝင်ရောက်သူ မည်သူဖြစ်နိုင်သည် ... သိရှိလိုက်ပါသည်။

ကျွန်တော့်အကျင့်အရ သံသေတ္တာ ...လေးကို ဘုရားခန်းရှိ ဆိုင်ရာပိုင်ရာများ ...အားအပ်ထားလေ့ရှိပါသည်။သံသေတ္တာ သော့ကိုဖွင့်တော့မည်ဆိုလျှင် ကျွန်တော် လက်အုပ်ချီကန်တော့ပါသည်။ ပြန်ပိတ် သည့်အခါတွင် သော့ပိတ်ပြီး နောက် ထပ်မံ၍တစ်ကြိမ်လက်အုပ်ချီကန်တော့ ပါသည်။ သေတ္တာအတွင်းတွင် ဘုရားပုံ တော်အချို့၊ တရားစာအုပ်များ၊ အမိ အဘတို့၏ဓာတ်ပုံများ၊ ဘုရားတည်ရန် လှူဒါန်းငွေများကို မြတ်နိုးစွာ သိမ်းဆည်း ထားသောကြောင့် အရိုအသေပြုသင့်ပါ သည်။ လက်အုပ်ချီ ကန်တော့သင့်ပါ သည်။ ညက ကျွန်တော် ကြားလိုက်ရ သည့် ဂုမ်ဆိုသော အသံမှာ သံသေတ္တာ လေးက သူ့သခင်ဖြစ်သူ ကျွန်တော့်ကို သတိပေးပေတာပဲဟု နားလည်လိုက်ရ ပါသည်။

"အစ်ကိုကြီး၊ လက်ဖက်ရည်ဆိုင် မှာစောင့်နေတာ မလာနိုင်လို့ နေမ ကောင်းလို့များလားဆိုပြီး လိုက်လာ တာ"

ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးသန်း ဖြစ်ပါသည်။ နံနက်အိပ်ရာထ မျက်နှာသစ်ပြီးလျှင် ဝေ ဖျော်တိုက်သောကော်ဖီကို ကျွန်တော် သောက်ပြီး ကျန်းမာရေးအတွက် လမ်း လျှောက်လေ့ ရှိပါသည်။ ထို့နောက် လက်ဖက်ရည်ဆိုင်တစ်ခုတွင် လက်ဖက် ရည်သောက်ပါသည်။ နံနက်တိုင်း အခြားအရေးကြီးအလုပ်များ မရှိပါက ထိုင်နေကျလက်ဖက်ရည်ဆိုင်တွင် ကျွန် တော်တို့ လုပ်ဖော်ကိုင်ဖက် ဌာနဆိုင်ရာ ဝန်ထမ်းများ ဆုံစည်းလေ့ ရှိပါသည်။ အကြောင်းကိစ္စရှိလျှင် တစ်ဦးလျှင်တစ် ဦး ဆွေးနွေးမှာကြားနိုင်ရန် နံနက်တိုင်း လမ်းလျှောက်ရင်းဆုံစည်းကြလေ့ရှိသော အလေ့အကျင့်ကောင်း ဖြစ်ပါသည်။

"ဦးသန်းလာတာ အတော်ပဲဗျို့။ အမှုအပ်ရတော့မှာပဲ။ ဝေရေ ကော်ဖီ ဖျော်ပေးပါဦးကွာ"

သို့နှင့် ကျွန်တော် မြို့နယ်မှူး ဦးသန်းအား ဖြစ်ကြောင်းကုန်စင် ပြောပြ လိုက်ပါသည်။ ဦးသန်းကလည်း အလေး အနက်စဉ်းစားရင်း သိလိုသည့်အချက် များကိုလည်း ကျွန်တော့်ကိုမေးပါသည်။ ကျွန်တော် ပြည့်စုံစွာ ဖြေကြားပါသည်။

"အစ်ကိုကြီး အမှုဖွင့်မယ် မဟုတ် လား"

"ဒါပေါ့ဗျာ ဖွင့်မှာပေါ့။ ဘယ်သူ ဘယ်ဝါပဲဖြစ်ဖြစ် ကျွန်တော် မညှာနိုင် ဘူး။ဘာကြောင့်လဲဆိုတော့ ခိုးမှုဖောက် ထွင်းမှုတွေ ပေါများတဲ့နေရာမျိုးဆိုရင် ကျွန်တော် စိတ်ဖြေနိုင်ပါသေးတယ်။ ဒီ မြို့လေးလို ခိုးမှု ဖောက်ထွင်းမှု မရှိသ လောက်လည်းဖြစ်၊ ရိုးသားသိမ်မွေ့တဲ့ နေရာမျိုးလည်း ဖြစ်တဲ့ဒေသမှာ ကျွန် တော့်အိမ်က ဒီလိုဖြစ်တယ်ဆိုတော့ ရာဇဝင်ရိုင်းရချည်ရဲ့။ ဒါကြောင့် တာဝန် ရှိတဲ့အတိုင်းသာ ဆောင်ရွက်ပါ မြို့နယ် မှူး"

သို့နှင့် မြို့နယ်မှူး ဦးသန်းသည် အိမ်အပြင်တွင် အဖော်ပါလာသည့် အု တပည့်လေးအား စခန်းမှူးကို အမြန်လာ ရန် ခေါ်ခိုင်းလိုက်လေတော့သည်။

"လာ-စခန်းမှူး ဖြစ်ခဲ့ပုံက ဒီလို"

မြို့နယ်မှူးက စခန်းမှူး ရောက် လာသည်နှင့် အခြေအနေကို ပြောပြ လိုက်ပါသည်။ တရားခံကို ဖမ်းမိရေးအ တွက် ကျွန်တော်တို့သုံးဦး ဆွေးနွေးကြ ပါသည်။

"အစ်ကိုကြီးပြောပြသွားတဲ့အတိုင်း ဆိုတော့လည်း တရားခံဘယ်သူလဲ ဆို တာ ရှင်းနေတာပါပဲ။ အစ်ကိုကြီး ဘုရား ခန်းက သံသေတ္တာထဲမှာ ငွေထားတာ ကို အစ်ကိုကြီးဇနီးတောင် မသိခဲ့ဘူး။ တခြားဘယ်သူတွေမှလဲ မသိကြဘူး။ ဒီ တိုးနီဆိုတဲ့လူတစ်ယောက်တည်းပဲ သိ တယ်။ ခုဟာလည်း တခြားဘာပစ္စည်း မှ မပျောက်ဘူး။ ဒီပိုက်ဆံအိတ်တစ်ခုပဲ ပျောက်နေတယ်ဆိုတော့ ဒီကောင်ပဲဖြစ် ရမှာပေါ့လေ"

မြို့နယ်မှူးက သုံးသပ်ချက်ပြု လိုက်ပါသည်။

တိုးနီ ဆိုသူမှာ ကျွန်တော်တို့နေ သောမြို့နှင့် မိုင် (၇၀) လောက် ဝေး သောမြို့တစ်မြို့တွင် နေထိုင်သူဖြစ်၏။ တစ်ချိန်က ထိုမြို့တွင် ကျွန်တော်အလုပ် လုပ်ခဲ့ဖူး၍ ကျွန်တော်နှင့် ရင်းနှီးသိကျွမ်း နေခြင်း ဖြစ်သည်။ ထိုစဉ်က တိုးနီသည် ရိုးသားပြီး ခင်မင်စရာလည်းကောင်း သဖြင့် ကျွန်တော်ခင်မင်ခဲ့ခြင်းဖြစ်သည်။ ကားဝပ်ရှော့မှ အလုပ်သမားတစ်ဦးဖြစ် သည်။ ကျွန်တော်စီးသော ရုံးကားကို ပြင်စရာရှိလျှင် သူပဲပြင်ပေးသည်။ ကား ပြင်ကျွမ်းကျင်ပြီး ကားအမောင်းလည်း ကျွမ်းကျင်လှသည်။

ကျွန်တော်တို့ရုံးမှ ယာဉ်မောင်း နေထိုင်မကောင်းဖြစ်လျှင် တိုးနီက သူ့ အလုပ်ရှင်ထံ ခွင့်ပန်၍ ကျွန်တော်စီး သည့်ကားကို တစ်နေ့တာ လာမောင်း ပေးတတ်သည်။ သို့နှင့် ကျွန်တော်တို့ အိမ်သို့ မကြာမကြာ ဝင်ထွက်သွားလာ ကာ စားအိမ်သောက်အိမ်လို ဖြစ်လာ သည်။ ကျွန်တော့်ဇနီး ဝေနှင့်လည်း ခင်

www.burmeseclassic.com

မင့်ရင်းနှီးနေပါသည်။

ယခု ဒီမြို့လေးကို ကျွန်တော်တို့ ပြောင်းလာပြီးနေ့ဇက်ပိုင်း တိုးနီသည် သူ့အလုပ်ရှင်နှင့် ဆက်ဆံရေးအဆင်မပြေသဖြင့် အခြားအလုပ်အကိုင်များ ပြောင်းလုပ်သည်။ ငွေကြေးစုဆောင်းမိလာသဖြင့် နယ်စပ်ဒေသသို့သွားကာ အလုပ်သစ်များ ပြောင်းလဲလုပ်ကိုင်သည်။ ထို့နောက်တွင် ရိုးသားသော တိုးနီသည် ဘဝ၏ တစ်ဆစ်ချိုးအပြောင်းအလဲများကြောင့် မရိုးမသားဖြစ်လာသည်။ အလုပ်သစ်များက အဆင်မပြေသဖြင့် လက်ထဲငွေမကျန်တော့သလောက် ဖြစ်လာသည်။ ထိုအခါ ကျွန်တော့်ကို သတိရသည်။ ကျွန်တော်ရှိရာ ဤမြို့သို့ အလုပ်အကိုင်အခွင့်အလမ်း ရှိလိုရှိငြား လာရောက်စုံစမ်းသည်။သို့နှင့် ကျွန်တော်တို့အိမ်တွင် တစ်ပတ်ခန့်နေသွားသည်။

ကျွန်တော်၏ တပည့်များ၊ ရုံးဝန်ထမ်းများက ကျွန်တော့်ကို ဆရာဟုခေါ်ကြသလို တိုးနီကလည်း ကျွန်တော့်ကို ဆရာဟု ခေါ်သည်။ ကျွန်တော့်ကို ဂရုစိုက်မှုလွန်ကဲသည်။ ကျွန်တော်ဘာပဲလုပ်လုပ် သူက ဝင်ရောက် ကူညီလေ့ရှိတတ်သည်။

"အစ်ကိုကြီး သံသေတ္တာထဲမှာ ငွေထားတာကို ဒီကောင်ဘယ်လိုလုပ်ပြီး သိသွားတာလဲ"

စခန်းမှူးက သိချင်၍ မေးလိုက်သည်။

"ဒီလိုဗျ၊ ဟိုတစ်လောက သူလာနေတုန်းက ညနေစောင်းတစ်ခုမှာ ကျွန်တော် ဘုရားခန်းထဲမှာ သံသေတ္တာဖွင့်ပြီး ငွေရေကြည့်နေတယ်။ လျှပ်စစ်မီးက မလာသေးတော့ မမှောင့်တမှောင်နဲ့ဘဲ ငွေစက္ကူတွေ ရေတွက်နေတုန်း မီးဖိုဆောင်ကနေ တိုးနီရောက်လာပြီး ကျွန်တော့်ကို 'မြင်ရလား ဆရာ' ဆိုပြီး သူ့ဓာတ်မီးနဲ့ ထိုးပေးမလို့လုပ်တယ်။ ကျွန်တော်က 'ရတယ် ရတယ်၊ မြင်ရတယ်' လို့ ပြောလိုက်တော့ သူအိမ်ရှေ့ခန်းဘက် ဆက်ထွက်သွားတယ်။ ကျွန်တော်က သူ့မျက်နှာကို လှည့်မကြည့်ဘဲ 'ရတယ်၊ မြင်ရတယ်' လို့ ပြောလိုက်ပေမယ့် သူ့ခြေထောက်တွေက ချက်ချင်းလှည့်ထွက်သွားရမှာကို နှစ်စက္ကန့်၊ သုံးစက္ကန့်လောက်ကြာပြီးမှ လှည့်ထွက်သွားခဲ့တာကို ကျွန်တော် သတိပြုမိလိုက်တယ်။ ဒါဟာ ကျွန်တော်လုပ်နေတဲ့အလုပ်ကို သူစူးစမ်းပြီး အကဲခတ်နေတာကြောင့်ပဲလို့ သုံးသပ်တယ်လေ"

မြို့နယ်မှူးနှင့် စခန်းမှူးတို့က ခေါင်းတညိတ်ညိတ်လုပ်ရင်းနှင့် မြို့နယ်မှူးက -

"ဟိုအရင်တစ်လောက အစ်ကိုကြီးကားကို သူမောင်းပေးခဲ့ဖူးလို့ ကျွန်တော်တို့လည်း သူ့ကိုတွေ့ရင် မှတ်မိပါတယ်။ ခုတစ်ခေါက် ပြန်ရောက်လာတော့ အစ်ကိုကြီးကို လာတွေ့သေးလား"

ဟု မေးပါသည်။

ကျွန်တော်က -

"အကြံနဲ့ဆိုတော့ ဘယ်လာမလဲဗျာ။ ကျွန်တော်တို့မသိအောင်ရောက်လာပြီး တစ်နေရာရာမှာ ခိုနေလိုက်မှာပေါ့။ ညကျမှ လာဖောက်တာဖြစ်မှာပေါ့။ ခုလည်း တောက်လျှောက်ပြန်လစ်သွားရောပေါ့"

ဟု သုံးသပ်ချက်ပေးလိုက်ပါသည်။

"ကျွန်တော်တို့ အချိန်မဖြုန်းဘဲ ခုပဲ နောက်ကလိုက်ကြမယ် ဗိုလ်ကြီး"

စခန်းမှူးက မြို့နယ်မှူးကို ပြောလိုက်သည်။

"အေး-ကောင်းတယ်။ ဒီဒေသက လမ်းတွေလည်း မများဘူး၊ ကားတွေလည်း မများဘူးဆိုတော့ လိုက်ရလွယ်ပါတယ်။ ဒေသခံတွေက ကားမထွက်ရတဲ့ရက်မျိုးမှာ အရေးတကြီး ခရီးသွားစရာရှိရင် ကုန်းကြောင်းလျှောက်ကြတာပဲ။ ခုလည်း ဒီကောင် ဒီလိုမြို့ကျဉ်းကျဉ်းလေးမှာ ပုန်းနေမှာတော့မဟုတ်လောက်ဘူး။ ဒီနေ့က ခရီးသည်တင်ကားတွေထွက်တဲ့ရက်မဟုတ်လို့ ဒီကောင် ကုန်းကြောင်းကနေလစ်လိမ့်မယ်။ တခြားကြား ဖြတ်ကားရှိရင်လည်း အဲဒီကားတစ်စီးစီးနဲ့ ပါချင်ပါသွားလိမ့်မယ်။ မြို့ဝင်ဂိတ်ကို ကားအသွားအလာမေးပြီး ဆက်လုပ်ပေတော့"

ကျွန်တော်လည်း မြို့နယ်မှူးတို့ ပြန်သွားသည်နှင့် တစ်နေ့တာ လုပ်ဆောင်ရမည့် အလုပ်တာဝန်များကို ဆောင်ရွက်ပါသည်။ ပထမဦးစွာ ကျွန်တော် ဘုရားအာရုံပြုပြီးနောက် အိမ်ဘုရားခန်းမှစ၍ မြို့တွင်း၊ မြို့ပြင်၊ တောလမ်းတောင်လမ်းတစ်လျှောက်ရှိ ဆိုင်ရာပိုင်ရာများ၊ နတ်အပေါင်း၊ ရုက္ခစိုး၊ ဘုမ္မစိုးအပေါင်းတို့အား မေတ္တာပို့သကာ တိုင်တည်လိုက်ပါသည်။ ယခင်က အကြောင်းကြီးငယ်မရှိလည်း သွားရင်းလာရင်းကားစီးရင်း လမ်းတစ်လျှောက်ရှိ အမည်မသိ၊ အမည်သိ၊ မမြင်အပ်သူ၊ မြင်အပ်သူဆိုင်ရာပိုင်ရာတို့အား မေတ္တာပို့နေကျဖြစ်၍ ယခု အာရုံပြုရသည်မှာ လွယ်ကူပါသည်၊ နောင်အခါ အကြောင်းကြီးငယ်ရှိ၍ ခေါက်လေရာဒေသမှလှမ်း၍ မှန်းဆတမ်းဘပါလျှင် ဆိုင်ရာပိုင်ရာများက သိသည် မြင်သည်၊ ကြားသည်ဖြစ်၍ လိုအပ်ချက်များကို ကူညီ မှိုင်းမကြရန် ပန်ကြားသားခဲ့ဖူးပါသည်။ ယခုအခါ ဤသို့ဤပုံ ပန်ကြားအပ်ပါသည်စသည်ဖြင့် စိတ်ကိုညွှတ်လိုက်ပါ သည်။

တရားကို နတ်စောင့်ပါသည်။ ဤကိစ္စတွင် ကျွန်တော်မမှား။ ကျူးလွန်သူသာ အမှားဖြစ်ပါသည်။ ဤငွေသည် ကျွန်တော်သုံးရန်ငွေမဟုတ်။ ဘုရားတည်ရန်ငွေ ဖြစ်သည်။ ဤသို့ တွေးမိသောအခါ ကျွန်တော့်စိတ်သည် အလွန်ပင် ပေါ့ပါးလန်းဆန်းလာပါတော့သည်။ ထို့နောက်တွင်ကား ရုံးတက်၍ တာဝန်ရှိသောလုပ်ငန်းများကို စိတ်အေးလက်အေး ဆောင်ရွက်ပါသည်။

မြို့နယ်မှူးက ယနေ့ အခြားအရေးတကြီးလုပ်ငန်းများ မရှိသဖြင့် စခန်းမှူး တရားခံဖမ်းထွက်သည်ကို သူပါလိုက်ပါသွားကြောင်း နောက်မှသိရပါသည်။

"ပြန်ရောက်ပါပြီ အစ်ကိုကြီး"

ညနေ ရုံးဆင်းပြီးချိန်တွင် မြို့နယ်မှူး ဦးသန်းသည် ရဲဝတ်စုံဝတ်ဆင်လျက် ကျွန်တော့်ထံ ရောက်ရှိလာပါသည်။ သူနှင့်အတူ စခန်းမှူးလည်း ပါလာပါသည်။

"အခြေအနေဘယ်လိုတုံး"

ကျွန်တော်က မေးလိုက်သည်။

"သွားစရာ ဒီတစ်လမ်းပဲရှိတာ ဒီကောင် ဘယ်ပြေးလို့လွတ်နိုင်ပါ့မလဲ။ ဒါပေမယ့် ပညာတော့နည်းနည်းသုံးရတယ် အစ်ကိုကြီး"

"အဲ - အဲ ပြောပါဦးဗျာ"

"ကျွန်တော်တို့ မြို့ဝင်ဂိတ်တို စုံစမ်းကြည့်တော့ ဒီနေ့မနက် ဘယ်ကားမှ ဖြတ်မသွားသေးဘူးပြောတာနဲ့ ဒီကောင် ခြေကျင်လျှောက်လိမ့်မယ်လို့ ထွက်လိုက်တယ် အစ်ကိုကြီး။ အခြေအနေပေးတာတစ်ခုက အရင်အစ်ကိုကြီးအိမ်မှာ ဒီကောင်လာနေဖူးတုန်းက ကျွန်တော်တပည့်လေးတွေက ဒီကောင့်ကို မြင်ဖူးနေကျဆိုတော့ ရှာရတာမခက်ဘူးပေါ့လေ။ မြို့ထဲမှာလည်း တစ်နေရာရာမှာ ပုန်းချင်ပုန်းနေမှာမို့ ကျွန်တော်တပည့်တချို့ကိုတော့ မြို့ထဲလှည့်ကြည့်ဖို့ တာဝန်ပေးခဲ့ပြီး ကျွန်တော်နဲ့ စခန်းမှူးတို့က မြို့ပြင်ထွက်တဲ့လမ်းအတိုင်းကား



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဒီကောင့်နောက်လိုက်ကြတယ်။ လမ်းလျှောက်သွားရင် ကြာမယ့်အချိန်ကို တွက်ပြီး ဒီကောင် ဘယ်နားလောက်ကို ရောက်နေလိမ့်မယ်ဆိုတာ ခန့်မှန်းကြတယ်။ ကားကို ရဲကားမသုံးဘူး။ သုံးရင် ဒီကောင်က ဝပ်ရှော့လုပ်ငန်းလုပ်ခဲ့ဖူးတော့ ကားသံကြားတာနဲ့ ကျွန်တော်တို့ရဲ့ကားမှန်းသိပြီး တောထဲကိုဝင်၊ လျှိုမြောင်တွေကြား ဝင်ပုန်းနေနိုင်တာမို့ ကျွန်တော်တို့ အသိမိတ်ဆွေ ကုန်သည်တစ်ယောက်ရဲ့ ဂျစ်ကားကိုငှားပြီး သွားတယ်လေ။ ဒါပေမယ့် ကြိုတွက်ပြီးသား အစ်ကိုကြီး။ နောက်ကလာတဲ့ ကားသံကြားတိုင်း ဒီကောင် လမ်းအောက်ကို ဆင်းဆင်းပြီးပုန်းနေမှာပဲ။ ကားလွန်သွားမှ လမ်းပေါ်ပြန်တက်လျှောက်မှာပဲဆိုတာ။ ဒါပေမယ့် ရှေ့ကလာနေတဲ့ ကားသံကြားရင်တော့ ရှောင်ချင်လည်းရှောင်မယ်၊ ရှောင်ချင်မှလည်း ရှောင်မယ်ပေါ့လေ။ လမ်းက တောထဲတောင်ထဲ ကွေ့ပတ်သွားတဲ့ခရီးဆိုတော့ ကားသံကို အတော်လှမ်းလှမ်းကပဲ ကြားနိုင်တော့ကာ ကျွန်တော်တို့လည်း ဒီကောင်ရောက်နေလောက်မယ့်နေရာ မှန်းရတော့တာပေါ့။ ရှေ့တူရူကလာတဲ့ ကားတွေ၊ လမ်းလျှောက်ခရီးသွားသူတွေတွေ့ရင် ဒီကောင့်ပုံပန်းသဏ္ဌာန်ကို ပြောပြပြီး လမ်းမှာ မျက်နှာချင်းဆိုင်တွေ့မိသလားမေးကြည့်တယ်။ တွေ့တယ်၊ တွေ့တယ်လို့ပြောတော့ ကျွန်တော်တို့ အားတက်သွားတယ်။ သူဘာအဝတ်အစားနဲ့လဲဆိုတာပါမေးပြီး မှတ်သွားတယ်။ နောက်တော့ မတွေ့မိဘူးဆိုတဲ့နေရာရောက်တော့ ဒီကောင် ဒီနေရာထိ မရောက်သေးဘူး။ ဒီကြားထဲမှာပဲရှိနေလိမ့်မယ်လို့ ခန့်မှန်းတယ်။ အဲဒီမှာတင် ကျွန်တော်တပည့် ဝါရင့်ရဲကြပ်ကြီးကို သေချာမှာကြားပြီး ကားပေါ်က ဆင်းနေခိုင်းလိုက်တယ်။ ရဲကြပ်ကြီးကို မြို့ကထွက်လာကတည်းကပဲ အရပ်သားအဝတ်နဲ့ ဘေးလွယ်အိတ်နဲ့ လိုက်လာခိုင်းခဲ့တာ။ ကျွန်တော်တို့က သူ့ကိုထားခဲ့ပြီး ရှေ့ဆက်သွားတယ်။ ရဲကြပ်ကြီးက လာလမ်းအတိုင်း နောက်ကိုလှည့်ပြီး နောက်ကြောင်းပြန်လျှောက်တယ်။ တခြားမြို့တို့ ခရီးသွားရာက ပြန်လာသလိုပုံစံပေါ့။ ကျွန်တော်တို့ကားကို လမ်းတစ်ချိုးတစ်ကွေ့လောက် မောင်းသွားပြီး ပြန်လှည့်တယ်။ အပြန်ခရီးမှာ ကားသံသိပ်မထွက်အောင် ဖြည်းဖြည်းမောင်းတယ်။ ရဲကြပ်ကြီးလည်း နှစ်ဖာလုံလောက်လျှောက်တော့ ဒီကောင့်ကို တွေ့တော့တာပဲ။ ဒီကောင်က မရိပ်မိဘူး။ အနားရောက်တော့မှ ဟိုမေးဒီမေးလုပ်ပြီး လက်ထိပ်ခတ်လိုက်ရတော့တယ်။ ဒီကောင်က အံ့အားသင့်ပြီး ဘာကြောင့်လဲ၊ ဘာလဲမေးနေတုန်းမှာ ကျွန်တော်တို့ကားလည်း ရောက်လာတာနဲ့ ကားပေါ် ဆွဲတင်ခဲ့တော့တာပဲ"

မြို့နယ်မှူးက ပြန်၍ရှင်းပြရသည်ကို မောသွားသဖြင့် ပြောစကားများ ခေတ္တနားလိုက်သည်။

"တိုးနီက ဝန်ခံသလား"

"ခိုင်လုံတဲ့အကြောင်းတွေနဲ့ သေချာစစ်မေးလိုက်တော့လည်း သူဘယ်လိုမှ ငြင်းလို့မရဘူး အစ်ကိုကြီး၊ ဝန်ခံရတော့တာပေါ့"

"ဒါဆိုလည်း ပြီးတာပါပဲဗျာ။ ကျွန်တော်ပြောခဲ့သလိုပဲ ရိုးသားသိမ်မွေ့တဲ့နယ်ခံတိုင်းရင်းသားတွေကြားမှာမလုပ်သင့်တဲ့ ဒီလိုပြစ်မှုမျိုး လာလုပ်ပြတာမျိုးကိုဘယ်လိုမှခွင့်မလွှတ်သင့်တာမို့ ဥပဒေအတိုင်းသာ ဆက်လက်ဆောင်ရွက်ကြပါဗျာ"

တိုးနီတစ်ယောက် နောင်တရသွားမည် ဖြစ်ပါသည်။

"နောက်တစ်ခု ပြောပြရဦးမယ် အစ်ကိုကြီး"

စခန်းမှူးက ကျွန်တော့်ကို ပြောခြင်းဖြစ်ပါသည်။

"ဘာများလဲဗျာ"

"အစ်ကိုကြီးက နတ်ကို ယုံကြည်သူ၊ ကျွန်တော်တို့လည်း နတ်ယုံကြည်ကြသူတွေမို့ပါ။ ကျွန်တော်တွေ့တာ ပြောပြချင်လို့ပါ"

"ဟုတ်ပါပြီ၊ ပြောပြပါဗျာ"

"ဒီကောင် အစ်ကိုကြီးအိမ်မှာ ကားမောင်းတုန်းကတည်းက တစ်ခါတစ်ရံ အစ်ကိုကြီးကားနဲ့ ကျွန်တော်လိုက်ပါဖူးလို့ ဒီကောင့် အပြုအမူကို ကျွန်တော်သိနေခဲ့တာ။ အစ်ကိုကြီးလုပ်သလိုပဲ ဒီကောင်က အစ်ကိုကြီးအတုကိုယူပြီး လမ်းတစ်လျှောက်မှာ နတ်စင်တွေ တွေ့ရင် ပါလာတဲ့ တွမ်းယာ၊ ဆေးလိပ်တွေ တင်တင်ပြီး သွားတတ်တဲ့အကျင့်ရှိတယ်။ အခုလည်း အဲဒါ ကျွန်တော်သတိရလို့ လမ်းတစ်လျှောက်က နတ်စင်တွေတွေ့ရင် ကျွန်တော်ကြည့်ကြည့်သွားတယ်။ ကျွန်တော်လည်း နတ်ကိုယုံကြည်သူဆိုတော့ ကိုယ့်အလုပ်အောင်မြင်အောင် နတ်က ဝိုင်းဝန်းမစဖို့ရာ နတ်စင်တွေတိုင်း ပါလာတဲ့စီးကရက် တင်တင်ပြီး သွားတာပေါ့ဗျာ။ အဲဒီအခါမှာ ဒီကောင် သောက်နေကျ ဆေးပေါ့လိပ်လေးတွေလည်း တစ်လိပ်ပြီးတစ်လိပ် တွေ့ရတယ်ဗျ။ အဲဒါလည်း သဲလွန်စတစ်ခုပါပဲ။ ဒီကောင်က လူလည်ဆိုပေမယ့် ဒီဟာ သဲလွန်စအဖြစ်ကျန်ခဲ့မှာပါလားလို့ စဉ်းစားမိဟန်မတူဘူး။ လောဘနဲ့ဆိုတော့လည်း ဘယ်တွေးမိမှာလဲဗျာ။ ဒါနဲ့ ကျွန်တော်တို့လည်း ဒီကောင့်နောက်လိုက်ရတာလွယ်သွားတော့တာပေါ့။ သူသောက်နေကျ ဆေးပေါ့လိပ်လေးတွေ မတွေ့ရတော့တဲ့ နတ်စင်နားရောက်တာနဲ့ ဒီကောင်ဒီနားမရောက်သေးဘူးဆိုတာ ခန့်မှန်းနိုင်တော့တာပေါ့ဗျာ"

"ဟားဟားဟား- ကောင်းလိုက်တဲ့ သဲလွန်စပဲဗျာ။ တော်ပါပေရဲ့ စခန်းမှူးရယ်"

ကျွန်တော်တို့အားလုံး အားရပါးရ ရယ်လိုက်ကြပါသည်။

ထိုစဉ် ကျွန်တော့်ရုံးမှ တပည့်လေးတစ်ဦးက ကျွန်တော့်လက်မှတ်ထိုးရန်ရှိသည့်စာတွဲတစ်ခုကို ကျွန်တော့်ထံ လာပို့ပေး၍ မြို့နယ်မှူးနှင့် ကျွန်တော် စကားပြောရပ်သွားပါသည်။နေဝင်ဖျိုးဖျမှောင်ရီစပြီမို့ ကျွန်တော် ထိုစာတွဲကို မှိန်ဖျဖျအလင်းရောင်တွင် ကြည့်နေစဉ် မြို့နယ်မှူးက -

"မြင်ရလား ဆရာ"

ဟု ဆိုကာ ဓာတ်မီးထိုးပြပြီးပြောလိုက်သဖြင့် ကျွန်တော်တို့ ရယ်လိုက်ကြရပြန်ပါသည်။

စကားလေးတစ်ခွန်းသည် အမှုမှန်ပေါ်ပေါက်ရန် သဲလွန်စဖြစ်လာနိုင်ပါသည်။

ဤဖြစ်ရပ်မှ ကျွန်တော့်ခေါင်းထဲတွင် သင်ခန်းစာများ ရလိုက်ပါသည်။ နတ်ကိုပူဇော်တိုင်းလည်း နတ်များက မှားမှား၊ မှန်မှန် ကြိတ်မှိတ်ပြီး ကူညီမ,စပေးလိမ့်မည် မဟုတ်ပါ။ ကားသောလုပ်ရပ်ရှိသူအား နတ်ကစောင့်ရှောက်မပေးပါ။ မှန်သောသူဘက်ကသာ ရပ်တည်ပေးကြပါလိမ့်မည်။ ကိုယ်ကျင့်တရားကောင်းမွန်သူကိုသာ နတ်ကစောင့်ရှောက်ပါလိမ့်မည်။ တရားမျှတသည်ကိုသာ နတ်ကကြိုက်ပါသည်။ တရားကို နတ်စောင့်ပါသည်။

*လောကပါလတရား*
*ထွန်းကားပါစေသတည်း*

တက္ကသိုလ်ဝင်းမြင့်

www.burmeseclassic.com



တွေတောင် ဖိုးညို"

"ဗိုး"

"[illegible]မလည်း မိုးလင်းထဲက၊ နည်း
နည်း[illegible]လည်း နားနားပြီး. . ."

"[illegible] ဒေါ်လေးယောက်ျားက
[illegible]ကျွင်မိန်းမရှာ နောက်တစ်
[illegible]"

[illegible] ဒါပေမယ့် မင့်ကြည့်ရ
တာ[illegible]တန်နင်းနေရှိတင်မတာဘူး
ဟိုလူ[illegible]ခေါ် သွားထမ်းပြန်ပြီ၊ ဒီ
လူကလှမ်း[illegible] ပြေးပြန်ပြီ၊ ဒီကြားထဲ ရေ



www.burmeseclassic.com

www.burmeseclassic.com

# ပြည်သိန်းကျော်

# အဖေဖိုးညို

မြောင်းတွေဖော်လည်းမင်းပဲ၊ သစ်ပင်တွေအကိုင်းတွေတက်ချိုင်လည်း မင်းပဲ၊ မသက်သာလိုက်တာဖိုးညိုရယ်။ငါကြည့်ကြည့်နေတယ်၊ မင့်ချွေးတွေဟာ မင်းခန္ဓာကိုယ်ထဲကို ပြန်ဝင်သွားတာ ငါဖြင့်တစ်ခါမှမတွေ့ဘူး"

"ဒါဘာဟုတ်သေးတုံးဗျာ ဒေါ်လေးယောက်ျား။ ကျုပ်တို့အညာမှာဆို နေပူကြီးထဲမှာ အလုပ်လုပ်ခဲ့တာဗျ။ ဟိုမှာနကလွတ်ပူတာ။ နေဆိုးချိန်တောင်မရပါဘူး၊ လုပ်ခဲ့ရတာ တောက်လျှောက်ပဲ"

အရောင်အဆင်းမရှိတော့တဲ့အပြင်အနားစလေးတွေတောင် ဖွာလန်ကြပြီး မတိုမရှည်ဖြစ်နေတဲ့ တဘက်အပိုင်းလေးကို ဟန်ပါပါကိုင်ရင်း သူ့အဒေါ်ယောက်ျားကို လှမ်းပြောလိုက်ပါတယ်။ ဒါပေမယ့် ဆိုက်ကားပေါ်က ထန်းခမောက်နဲ့လူကပြုံးလို့။

မြေလတ်သူလေးနဲ့ အကြောင်းပါပြီး ဒီမြို့လေးကိုပြောင်းလာတဲ့ ဖိုးညိုကို လူတိုင်းက ခင်ကြပါတယ်၊ ဖင်ပေါ့တာကိုး။ 'ဖိုးညိုရေ' ဆိုလိုက်တာနဲ့ 'ဗျို့ ဗျို့' ဆိုပြီး ခိုင်းသမျှအကုန်လုပ်တော့တာပဲ၊ မငြင်းဘူး။ ထင်းပေါက်ပေးရမလား ရတယ်။ ရေထမ်းပေးရမလား ရတယ်။ ဖိုးညို သဘောကောင်းလွန်းတာမို့ သူ့ဆိုက်ကားလေးတစ်ခုခုဖြစ်ရင် ဆိုက်ကားပြင်ဆရာ ကိုကံက အလကားပြင်ပြင်ပေးလေရဲ့။ ဖိုးညိုကလည်း ကိုကံကခိုင်းရင် စကားတောင်မဆုံးသေးဘူး ရောက်သွားပြီ။

ဒီလိုနဲ့ -

ဖိုးညို ကလေး (၂) ယောက်အဖေဖြစ်ပြီလေ။

သူ့မိန်းမ မြဆင့်ကလည်း သူ့အတွက် မွေးပေးလိုက်ရင် ယောက်ျားလေးတွေချည်းပဲ။ ဖိုးညို ဘယ်လက်ရုံး၊ ညာလက်ရုံးပေါ့။


နွေ -

မိုး -

ဆောင်း -

ရာသီစက်ဝန်းက သူ့အလုပ်သူလုပ်နေတာပါ။ လူကရပ်လိုက်လို့မရသလို နွေပြီးရင် မိုးမလာနဲ့ဦး၊ ဆောင်းအရင်လာဆိုလို့မရပါဘူး။

"မြဆင့်၊ ထားလိုက်ပါ။ အဲဒီအနီးတွေရော ပေကျံနံစော်နေတာတွေပါ ငါလျှော်ပါ့မယ်။ နင်အေးအေးနေပါ၊





www.burmeseclassic.com

www.burmeseclassic.com

နင့်သားတွေနဲ့နင်နေစမ်းပါ"

"ဩော် - ကိုဖိုးညိုရယ်၊ ရှင်တစ်ယောက်တည်း ဒါလောက်ကြီး ပင်ပန်းနေတာကျွန်မဘယ်လိုလုပ်နေနိုင်ပါ့မလဲ"

"အိုး - ဗွေဆော်ဦးထဲက ကျုပ်ပဲလုပ်ခဲ့တာပါဗျာ၊ ထားစမ်းပါ"

"တာဆုံဘက်ကလည်း ခေါ်ထားသေးတယ်မို့လား။ ဘာလဲ၊ အိမ်ပြောင်းပေးဖို့ဆိုလား"

"အေးပါ၊ လှည်းသုံးစီးစာတွန်းလိုက်တာနဲ့ ရပါတယ်။ သူတို့ပစ္စည်းတွေကမများပါဘူး။ မြဆင့်ကလည်းလေ၊ စိတ်ပူချက်"

"ဘယ်လိုမှပြောလို့မရပါဘူး"

ဖိုးညို မိန်းမချစ်တာကတော့လွန်တယ်။ဘယ့်နှယ် ရေတောင်မချိုးပေးရုံတဲ့ ရှိတော့တယ်။ ဘာမှကို လိုလေသေးမရှိအောင်ထားတာ။ ဒါတောင် ဒါလောက်ပင်ပင်ပန်းပန်းရှာနေတာတောင် သူ့မှာပျော်လို့။ ရသလောက်လေးတွေ စုစုထားပြီး မြဆင့်ကို ရွှေလေးငွေလေးနဲ့ ထားလိုက်သေးတယ်။ မြဆင့်နားမှာ နားကပ်လေးနဲ့။ နားကပ်လေးက သေးပါတယ်။ ရွှေအများကြီးတော့ မဟုတ်ပါဘူး။

ဒါပေမယ့် ဖိုးညိုရဲ့ ချွေးတွေအများကြီးနဲ့ဆင်ပေးခဲ့တာမို့။

ဟော - ခု လက်စွပ်ပြောင်ကွင်းလေးတစ်ကွင်းဆင်ထားပြန်ပြီ။

ဘာပြောတယ်မှတ်လို့လဲ။

ကျုပ်မိန်းမလည်ပင်းမှာ ခွေးချည်တဲ့သံကြိုးလောက်ကြီးကို ရွှေဆွဲကြိုးဆင်ပေးဦးမှာတဲ့။

ရှားတယ်။

ပြောကြတာပေါ့။

ဖိုးညို မိန်းမချစ်တာ ရှားတဲ့အကြောင်း။

ဒါပေမယ့် ဖိုးညိုရဲ့စိတ်ထားလှလှလေးကြောင့်လားမသိပါဘူး။ ဖိုးညိုရဲ့ ကွယ်ရာမှာ ဖိုးညိုအတင်းကို ဘယ်သူမှမပြောကြဘူး။ အယုတ်အလတ်အမြတ်မရွေး ဖိုးညိုကိုခင်လိုက်ကြတာမှ။ ဖိုးညိုက မမြင်ရင်တောင် 'ဟဲ့ - ဖိုးညို၊ ကိုကြီးဖိုးညို၊ မောင်ဖိုးညို' ဆိုပြီး နှုတ်ဆက်လိုက်ကြတာမှ။

ဘန့်ဘွေးကုန်းကနေ ကုန်းမြင့်ဘက်ကိုသွားတဲ့လမ်းလေးတွေဆီ ဖိုးညိုရဲ့ခြေရာ၊ ဖိုးညိုနင်းတဲ့ဆိုက်ကားဘီးရာတွေထောင်-သောင်း-သိန်း-သန်း-ကုဋေနဲ့ချီလောက်ပါပြီ။

"မြဆင့်ရေ"

"ရှင်"

"ကလေးတွေကျောင်းတက်နေပြီဆိုတော့ ပင်ပင်ပန်းပန်းများဖြစ်နေမလားလို့"

"အို - ကိုဖိုးညိုကလည်း၊ ရှင်ပဲဆိုက်ကားနဲ့ကြိုပို့နေတဲ့ဥစ္စာ။ ကျွန်မက ဘယ်လိုလုပ်ပင်ပန်းပါ့မလဲ"

"ဩော် - ကျောင်းထမင်းချိုင့်တို့ဘာတို့နဲ့အလုပ်တွေပိုလာလို့ပါ။ ဗွေအရင်က အဲဒါတွေမရှိသေးဘူးလေ"

"ရှင်သာ နားနားနေနေလုပ်ပါ။ ကျွန်မစားတတ်နေတတ်ပါတယ်"

ဖိုးညို။

မြဆင့်ကို သူ့အသက်ထက် ပိုချစ်တဲ့ ဖိုးညို။

ကလေးနှစ်ယောက်ကြောင့် သူ့ရဲ့အားတွေမာန်တွေတက်လာရပြီလို့ လူတွေ့တိုင်း ကြွေးကြော်လေ့ရှိတဲ့ ဖိုးညို။

ကလေးတွေ ကျောင်းပိတ်တိုင်း အညာကိုပြန်ကြပေမယ့် နှစ်တိုင်းတော့ မဟုတ်ပါဘူး။ မြဆင့်မသွားချင်တဲ့နှစ်ဆို သူမသွားဘူး။

အနေလည်းတတ်၊ အစားလည်းတတ်၊ လူချစ်လူခင်ပေါအောင်လည်းနေတတ်တော့ သူ့မှာအကူအညီလိုရင်လည်း ပေးကြကမ်းကြနဲ့။

လယ်ပြင်ကျောင်းသွားတဲ့ လမ်းလေးရဲ့ဘေးမှာ အိမ်လေးသေးသေးတစ်လုံးပိုင်သွားပြီလေ။ သူ့များခြံရဲ့နောက်ဘက်မှာဆိုပေမယ့် ဖိုးညိုရဲ့ အိမ်လေးရှေ့က ကိုင်းတွက်ကျယ်ကျယ်ကြီးတွေဟာ သူ့အတွက် ချောင်းသာတို့၊ ငွေဆောင်တို့ထက်တောင်သာနေပြီလို့ သူထင်နေပုံရတယ်။ ညဘက်ဆို ဝါးပက်လက်ကုလားထိုင်လေးနဲ့ အဲဒီကိုင်းကွက်ကြီးဘက်လှည့်လှည့်ထိုင်ပြီး အပန်းဖြေရတာအမော။ သူ့အိမ်လေးဘေးနားကပ်ရက် သရက်ပင်ကြီးဆိုရင်လည်း လေတိုက်လို့ သစ်ရွက်လေးတွေ လေတိုးသံဟာ ဖိုးညိုကို ပိုပြီး အမောပြေနေစေသလို ပဲ။

တဖြည်းဖြည်းတဲဖြည်းဖြည်းနဲ့ - ဘဝစက်ဝန်းကြီးဟာ ရပ်နေတာမှ မဟုတ်ဘဲ။

နှစ်တွေလည်း မနည်းတော့ဘူးလေ။

ဖိုးညိုတောင် ဦးဖိုးညိုဖြစ်လာပြီ။ ဒေါ်မြဆင့်ဖြစ်လာပြီ။

ဖိုးညို မြေလတ်ကိုစရောက်တော့ သူကပ်နေခဲ့ရတဲ့ ဒေါ်လေးယောကျ်ားဆိုရင်တောင် ဘဝကူးသွားပြီ။ ဒေါ်လေးလည်း ရှစ်ဆယ်တွင်းပေါ့။ ဖိုးညိုဆိုက်ကားရပ်ပေနားတဲ့ သူတို့အိမ်မျက်စောင်းထိုးက ခရေပင်ကြီးတောင်အသက်ကြီးလာသလိုပဲ။ ခရေပွင့်တွေကတော့ အချိန်တန်ရင်ဝေနေတုန်း။

"အဖေ"

"ဟေ - ဘာလဲ လူလေး"

"သားနာမည်ကြီးက ထွန်းညိုဆိုတာကြီး၊ ဘယ်လိုကြီးလဲ မသိဘူး။ တခြားနာမည်ခေါ်လို့မရဘူးလား။ သားသူငယ်ချင်းတွေဆိုရင် ဝေယံဟိန်းတို့အာကာကျော်တို့"

"ဩော် - အာကာကျော် ဆိုတာ အဖေ့ဆိုက်ကားခြင်ရင် အတင်းပြေးလိုက်၊ အတင်းတက်ပြီးစီး၊ အဖေ့ကိုလွှတ်ခင်တဲ့ကလေးနဲ့တူတယ်"

"ဟုတ်တယ်၊ သူတို့နာမည်တွေဆိုရင် ဘယ်လောက်လှလဲ။ သားနာမည်ကြီးက. . ."

"လူလေးရယ်၊ မင်းအမေ မြဆင့်နဲ့ အကြောင်းပါတော့ လူလေးက ဦးဆုံးထွန်းကားလာလို့ ထွန်းလို့မှည့်ပြီး နောက်နားက အဖေ့နာမည်လေးထည့်ထားတာပါ။ ထွန်းညို၊ လှပါတယ် လူလေးရယ်"

ထွန်းညို ဟိုကြည့်ဒီကြည့်နဲ့ ငိုင်နေပြန်ပါတယ်

"သားသူငယ်ချင်းတွေအိမ်လိုက်လည်ရင် အိမ်ကြီးတွေကအကြီးကြီးတွေပဲ။ သားသိပ်သဘောကျတာပဲ။ သားတို့မှာ ဒီသရက်ပင်ဘေးကနေမတက်ဘူးနော် အဖေ။ ဟိုတုန်းကလည်း ဒီအိမ်ပဲ ခုလည်း ဒီအိမ်ပဲ"

ဖိုးညို ခေါင်းငိုက်စိုက်ကျသွားပါတယ်။

"လူလေးရယ်၊ အဖေ့ရဲ့ဘဝဟာ ကုသိုလ်အကျိုးပေးမကောင်းလွန်းတော့ သူတကာတွေလို မချမ်းသာခဲ့ရဘူးပေါ့ သားရယ်။ ဒီလိုပဲလက်လုပ်လက်စားနဲ့ အဖေလည်း ကြိုးစားနေတာပဲ။ သားတို့တောင် ရှစ်တန်းရောက်လာပြီလေ။ ဒီလိုပေါ့ သားရယ်၊ အဖေ ကြိုးစားမှာပေါ့"

"သားလည်း သားသူငယ်ချင်းတွေကို အရမ်းအားကျတယ်။ သူတို့ဆိုရင် ဘာမှလိုလေသေးမရှိဘူး။ အဖေ့ကိုခင်တဲ့ အာကာကျော် ဆိုရင် သားတို့တိုတောင် မုန့်ဝယ်ကျွေးနိုင်တယ်"

"ဟဲ့ - သား၊ နင့်အဖေဟာလေ ဘယ်တုံးကမှ သူ့ကိုယ်သူသက်သက်သာသာမနေခဲ့ဘူး သား။ မိသားစုအတွက် သိပ်ကြိုးစားတာပဲ၊ ခုလို အမေတို့နေ

www.burmeseclassic.com

…တာ အဲဒါနှင့်အဖေတစ်ယောက်တည်း …ပြီးနေတာ သားရဲ့။ နှင့်အဖေကို သူ …တတ်နိုင်တာတွေနဲ့ စိတ်ညစ်အောင် …ပြောပါနဲ့ သားရယ်"

မြဆင့်ရဲ့စကားကို နားထောင်နေ …တာ ထွန်းညိုမျက်လုံးတွေ ဖိုးညိုဆီ …ရောက်သွားပါတယ်။

"သားရှစ်တန်းရောက်နေပြီအဖေ၊ …တ်ဘီးလည်း စီးတတ်နေပြီ။ ညီလေး …ညိုကို သားစက်ဘီးနဲ့ပဲတင်ခေါ်သွား …တော့မယ်။ သူ့ကို ကျောင်းလေးမှာထား …ပြီးမှ သား ကျောင်းကြီးကို ဆက်သွား …မယ်။ စောင့်နေရရင် ခဏပဲ။ အဖေ …တ်တားနဲ့ လိုက်လိုက်ပို့မနေနဲ့တော့"

ဖိုးညို ငိုင်သွားတယ်။ သူ့သားကို …အံ့တသြကြည့်နေတယ်။ သူ့ဘာမှ …ပြောတတ်သလိုဘဲ။ သူထင်ထားပုံမရ …

"သားကိုလည်း အဖေပဲတောက် …လျှောက် နင်းပို့ပေးခဲ့တာ မဟုတ်လား။ …ရှစ်တန်းရောက်နေပြီ"

"ရတယ်၊ ရတယ်။ တိုးညိုကို သား …ထိုက်ပို့မယ်။ ပြီးတော့ အဖေ သားတို့ …ကျောင်းနားမှာ နေ့ခင်းဘက်လာဂိတ် …ထိုးပါနဲ့"

"ဟင် - ဘာပြုလို့"

ထွန်းညို မျက်နှာလွှဲသွားပြီး …အငေးကိုငေးနေပါပြီ။ ဘာမှထပ်မပြော …တော့ပါဘူး။

"ကိုဖိုးညိုရယ်၊ ရှင့်သားက ဟိုနေ့ …ကလည်း ကျွန်မကိုပြောတယ်။ အခု …သူငယ်ချင်းတွေရဲ့အဖေတွေက ဆန်စက် …သူဌေးတွေ၊ လုပ်ငန်းရှင်ကြီးတွေ၊ စာပုံ …နှိပ်တိုက်ပိုင်ရှင်တွေဆိုပြီး ပြောတယ်။ …ဆရာခဏလည်းပြောတယ်။ပြီးတော့ သူ့ …မျက်နှာလည်းမကောင်းဘူး။ ကျွန်မပြော …ချင်တာကတော့ သူ့ကျောင်းနားမှာ ရှင် …ဂိတ်သွားမထိုးပါနဲ့။ ပြီးတော့ အငယ် …လေးကိုလည်း ထွန်းညိုပဲပို့ပါစေ"

ဖိုးညို ဘာမှတော့ မသိပါဘူး။

ဒါပေမယ့် သူ့သားက သူ့ကျောင်း …နားမှာ ဂိတ်မထိုးပါနဲ့ဆိုတော့ သူဝေးဝေး …ရှောင်ပြီလေ။ ဈေးထောင့်လေးနားက …ခနဲ့ကျည်းပင်ရိပ်လေးမှာပဲ ထိုးတော့ …တယ်။ နှိုဂိုဂိတ်နဲ့နီးတဲ့ကျောင်းရှေ့ကို …ယောင်လို့တောင် မသွားတော့ဘူး။ …အဆင်ပြေအောင်နေတတ်ပါပေတယ်။

"အဖေ"

"ဟေ"

"ဝေယံဟိန်းတို့ဆန်စက်မှာ အဖေ …သွားထမ်းနေပြန်တယ်ဆို"

"ဩော် - ဟိုနေ့က ဆန်စက်ပိုင်ရှင်က အကူအညီတောင်းလို့ပါ။ အဖေ ဝိုင်းလုပ်ပေးလိုက်တာပါ။ ဒီမြင်အလုပ်သမားတွေလည်းရှိပါတယ်၊ ခဏပါ"

"အဖေရာ၊ နောက်ကို သားသူငယ်ချင်းတွေနဲ့ပတ်သက်တဲ့နေရာတွေကို အဖေရှောင်ပါဗျာ"

"အေးပါ"

ဒီလိုနဲ့ -

ကြာခဲ့ပြီပေါ့။

ထွန်းညိုက ပညာကိုတော့ ကြိုးစားသား။ (၁၀)တန်းကို နှစ်ချင်းပေါက်ပဲ။ စကားကတော့ သိပ်မပြောဘူး။ တည်တယ်။ဟိုကလေးကလည်း အလယ်တန်းရောက်ပြီ။

"ကိုဖိုးညို"

"ဟေ"

"သားတို့တက္ကသိုလ်သွားတက်ရတဲ့စရိတ်တွေကြီးတယ်နော်။ ရှင်တစ်ယောက်တည်း တော်ကြာ လဲသွားရင် မကောင်းဘူး"

"မြဆင့်ရာ၊ ကျုပ်လုပ်နိုင်ပါသယ်ဟ။ ကျုပ်နိုင်တဲ့ဝန်ကျုပ်ထမ်းတာပါ။ ကျုပ်သားတွေ ပညာတတ်လာတော့လည်း ကျုပ်တော်တော်လျှောက်ရှုန်းလာသမျှ အမောပြေသွားတာပေါ့"

မြဆင့်ပြုံးပြီး ကိုဖိုးညိုကိုကြည့်တဲ့အကြည့်မှာ မျက်ရည်လေးတွေဝဲ့လို့။ သူ့နှုတ်ခမ်းလေးတွေက မသိမသာတုန်နေသလိုပဲ။ ဒါကို ဖိုးညို မရိပ်မိသလိုရိပ်မိအောင်လည်း ကြိုးစားမယ်မထင်ရတဲ့ လူရိုးကြီး။ မြဆင့်မျက်နှာလွှဲသွားပါတယ်။ ဖိုးညိုကတော့ ဆိုက်ကားဘီးကိုကိုင်ဖျစ်ကြည့်လိုက်၊ လေထိုးလိုက်နဲ့။

နှစ်တွေ၊ နှစ်တွေ. . .

မနေ့တလိုပဲ။

ဖိုးညိုနဲ့ မြဆင့်တို့သာ အရွယ်တွေပြောင်းလာတယ်။

ခရေပင်ကြီးကတော့ ဒီတိုင်းပဲ။ ပွင့်တုန်းဝေနေတုန်း။ဒီအပင်ကြီးအောက်မှာ ခရေရနံ့လေးတွေဝေနေတုန်း။

"ဟဲ့-ဒီနေ့ထွန်းညိုမင်္ဂလာဆောင်တဲ့"

"အေး - ဟိုဘက်က ကလေးမလေးကို ဘယ်လောက်တင်တောင်းရလဲ"

ဟုတ်ပါတယ်။

တစ်ယောက်တစ်ပေါက်ပြောကြရင်း ဖိုးညိုရဲ့သား ထွန်းညိုမင်္ဂလာဆောင်ကိုသွားကြပါပြီ။

မင်္ဂလာဆောင်ခုံတွေမှာတော့ လူမပြည့်တပြည့်ပေါ့။ ဘေးနားကွက်လပ်မှာ ဆိုက်ကားဆယ်စီးလောက်က ဟိုဘက်လှည့်ဒီဘက်လှည့်ပြီး ရပ်ထားကြလေရဲ့။

ဖိုးညိုက ပျော်နေတာပဲ။ ပါးစပ်ကြီးကဖြီးလို့။ ဟိုလူ့ပြေးညှိနှိုင်း၊ ဒီလူ့ပြေးညှိခံနဲ့။ သူ့ခမည်းခမက်တွေက ပုတီးတုန်းဘက်က လုပ်ငန်းရှင်တွေဆိုတော့ မင်္ဂလာဆောင်ခုံဝိုင်းမှာ သူတို့မိတ်တွေနဲ့သူတို့ညှိခံလို့။ ရေခဲမုန့်ဝေရင် ပြေးယူတာတို့၊ မိတ်ဆွေတွေတချို့ကို ကြိုပို့တာတို့ကတော့ ဆိုက်ကားအင်္ဂါပေါ့။ တော်တော် ဝိုင်းကူကြသား။ ဆိုက်ကားမြင်ဆရာ ကိုမောင်ကံဆို သူလက်သူ့ခြေပဲ။

ဖိုးညိုက သူများကိစ္စဆို မနေတတ်ဘူးလေ။ ခု သူ့သားကိစ္စကျ ကူကြပြီပေါ့။ စကားတွေ အားရပါးရပြောကြ၊ နောက်ကြပြောင်ကြအော်ရယ်ကြနဲ့။ အဲဒီ ဖိုးညိုတို့ဝိုင်းနဲ့ မလှမ်းမကမ်းခုံမှာ အာကာကျော်နဲ့ သူ့အဖော်တစ်ယောက်က ငြိမ်ငြိမ်သက်သက်ထိုင်နေပြီး မင်္ဂလာဆောင်တစ်ခုလုံးကို ဝေ့ကြည့်လို့။ ထွန်းညိုက သူ့ဇနီးလောင်းလေးရဲ့လက်ကိုကိုင်ထားရင်းကနေ ဖိုးညိုတို့ဘက်ကို မျက်လုံးဝေ့ကြည့်လိုက်၊ အာကာကျော်တို့နားသွားလိုက်နဲ့။

■

"ကိုဖိုးညို"

"ဟေ"

"ဘာ့လဲ၊ ရှင့်သားကြီးကို ရှင်သတိရနေပြီမဟုတ်လား။ ကျွန်မသိပါတယ်နော် တမှိုင်မှိုင်နဲ့"

"အေး - ကျုပ်ကလိုက်တော့သွားချင်သား။ ခင်ဗျားသားက အဖေတို့လိုက်မလာနဲ့၊ သူပဲလာမယ်ဆိုလို့၊ ဟုတ်တော့ဟုတ်ပါတယ်လေ၊ ကျုပ်လိုက်သွားလည်း သူတို့ဘက်ကလူတွေလိုနေဘတ်ဖူးဟ။ ကျုပ်က အားရပါးရပြောဘတ်တာ။ အားနာဖို့ကောင်းတယ်"

"ကိုဖိုးညို"

"ဟေ"

"တိုးညိုတောင် (၁၀ တန်းဖြေတော့မယ်နော်"

"အေးလေ၊ အဲဒါဘာဖြစ်လဲ"

"ဒီမယ် - ကျွန်မမျက်နှာကိုကြည့်စမ်း"

မြဆင့်ဘက်ကို ဖိုးညိုလှည့်ကြည့်လိုက်ပေမယ့် ဘာရယ်တော့ သူမသိဘူးလေ။

"ရှင် နားနားနေနေလုပ်ပါတော့လား"

www.burmeseclassic.com

"မြဆင့်ရာ၊ ကျွပ်သားတွေ ပညာတတ်တွေဖြစ်နေတာ ကျွပ်မှာအားတွေ ပိုများပြီးလှုံနေသလိုပဲဗျ။ နေမဆိုးတာဘဲ ကြာလှပြီ၊ ဟုတ်ချက်ဗျာ"

ရေထမ်းပုံးတွေကို ထမ်းပိုးနဲ့လျှို ထမ်းပြီး လှည့်ထွက်သွားတဲ့ ဖိုးညိုကို ကြည့်ရင်း မြဆင့်ဘာပြောရမှန်းတောင် မသိတော့ဘူးလေ။ ဟုတ်မှာပါ။ သူ့သားနှစ်ယောက်ဟာ သူ့အတွက် အားဆေးတွေပါ။

"ကို"

"ဟေ - ပြောလေ ချယ်ရီ"

"ကိုအဖေက ဆိုက်ကားနင်းတုန်းပဲနော်"

"ဩော် - ဟို . . . အင်း . . ."

"ချယ်ရီကြည့်နေတယ်။ တစ်ယောက်ယောက်က ခိုင်းလိုက်ရင်လည်း ပြာနေတာပဲ။ တော်တော်လုပ်နိုင်တယ်။ နှစ်ကျပ်ပေးလည်းယူ၊ သုံးကျပ်ပေးလည်းယူ၊ ငါးကျပ်ပေးလည်းယူပဲ။ ကိုတို့အိမ်ရောက်တုန်းက ဒေါ်လေးမြဆင့်ပြတယ်။ ကိုတို့အဖေရဲ့စုဘူးတဲ့။ ဝါးပိုးဝါးစုဘူးကြီးတွေ"

"ဩော် - ဟုတ်တယ်"

"တော်တယ်နော်။ စုဘူးတွေပြည့်လာလိုက်၊ ခွဲလိုက်၊ ဒေါ်လေးမြဆင့်ကို ပေးလိုက်နဲ့တဲ့။ တော်တော်အလုပ်လုပ်နိုင်တယ်တဲ့"

ထွန်းညို ခေါင်းငိုက်စိုက်ချထားပါတယ်။ ချယ်ရီက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီးပြောနေတာဟာ သူ့ကိုလှောင်နေသလိုပဲလို့ သူခံစားရပြီး သူ့လိပ်ပြာသူမလုံဘူးဖြစ်နေတယ်။ သူခဏခဏ ပြောခဲ့ဖူးတဲ့စကားကိုလည်း သူပြန်ကြားယောင်နေတယ်။

'အမေရာ၊ အဖေ ကျောင်းကို လိုက်လာရင် သားကို သားသူငယ်ချင်းတွေက ပြောတယ်။ သူ့အဖေက ဆိုက်ကားသမား၊ ဆိုက်ကားသမားနဲ့။ ပြီးတော့ ဟိုလူကခိုင်း၊ ဒီလူကခိုင်းနဲ့ပြောကြတယ် အမေ၊ သားသိပ်ရှက်တာပဲ။ အဖေ့ကိုကျောင်းဘက်မလာခိုင်းနဲ့တော့။ အမေမပြောရင် သားပြောမယ်'

ထွန်းညို -

သူပြောခဲ့တဲ့စကားတွေကို သူပြန်စဉ်းစားပြီး သက်ပြင်းရှည်ကြီးချလိုက်ပါတယ်။ ဩော် - ဘာလို့များ ငါဟာ သူဌေးတွေရဲ့ဝမ်းထဲကိုဝင်စားပြီး လူဖြစ်မလာရတာပါလိမ့်လို့။ သူ့ကိုယ်သူတွေးလွန်းလို့ ခေါင်းတွေပူရင်ပေါင်းလည်း မနည်းတော့ဘူး။

"ဟာ-ဟော့ကောင်အာကာတော့၊ တယ် - ပုတီးကုန်းတိုလာတာ"

"အေး- မင်းဒီမှာနေနေတယ်ကြားလို့၊ ငါ့ကကုန်းမြင့်ဘက်မှာပဲထင်တာ။ ချယ်ရီကောနေကောင်းလား"

"အေး - ကောင်းတယ်တဲ့။ လာကြ၊ ထိုင်"

သူငယ်ချင်းတွေဆုံကြတာ ပျော်စရာကြီး။ ငယ်သူငယ်ချင်းတွေဆိုတော့ ပြောလိုက်ကြဆိုလိုက်ကြပေါ့။

"မင်းတို့အဖေကော"

"အင်း - ရှိတယ်"

"ဟို - ဆိုက်ကားပဲလား"

ထွန်းညိုရဲ့ မျက်လုံးတွေဟာ ချယ်ရီဆီကိုရောဧည့်ခန်းထောင့်မှာထိုင်နေတဲ့ ချယ်ရီ့အမေဆီကိုပါ အပြေးအလွှားရောက်သွားပါတယ်။ ပြီးမှ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပါတယ်။

"အေးကွာ၊ မင်းအဖေလိုအဖေမျိုးကရှားတယ်"

အာကာ့စကားကြောင့် ထွန်းညို အာကာ့ကို သေချာကြည့်နေပါတယ်။ ထူးဆန်းသွားသလိုပဲ။

"တို့နဲ့ သိတဲ့ အချိန်ကတည်းက ဆိုက်ကားနင်းပြီး မင်းတို့မိသားစုကိုရှာကျွေးလာတာ။ မင်း အခု ဘွဲ့လည်းရ၊ မိန်းမလည်းရသွားပြီ။ မင်းညီ တိုးညို တောင် (၁၀) တန်းရောက်သွားပြီ။ မင်းအဖေသိပ်တော်တယ်ကွာ။ မင်းအဖေဟာ ပညာမတတ်ပေမယ့် မင်းတို့ကို ပညာတတ်အောင်ထားနိုင်ခဲ့တာ။ အဲဒါ သူ့ရဲ့ကြီးမားတဲ့အရည်အချင်းပဲ သူငယ်ချင်း။ ငါ တစ်ခါ မင်းတို့အိမ်လာတော့ တို့တွေ ဒုတိယနှစ်ဖြေပြီးခါစတုန်းကလေ"

"အေး"

"မင်းတို့အိမ်လာတော့ တို့စကားဝိုင်းမှာ ဘာလဲမသိဘူး သူဝင်ပြောတော့လေ။ မင်းဟောက်လိုက်တာ။ အဖေ ဘာသိလို့လဲ၊ အဖေဘာနားလည်လို့လဲ ဆိုပြီး။ ဒီကောင် သူ့အဖေကို ဟောက်တာ သိလား ချယ်ရီ"

"အေး၊ အေး"

"ဦးလေးကိုဖိုးညိုကြီးဆိုတာလေ မျက်နှာကြီးကဖြူနေတာပဲ။ သူ့သားဟောက်တာကိုများ ငါ့သားက ငါ့ကို ဟောက်နိုင်တဲ့အဆင့်ရောက်ပြီ ဆိုပြီး ကျေနပ်နေလားမသိပါဘူး၊ ပြုံးလို့"

"မ . . . မဟုတ်ပါဘူး အာကာရာ၊ အဖေက ဘာမှနားမလည်ဘဲဝင်ပြောရင် မင်းတို့တွေ အဖေ့ကို အထင်သေးမှာစိုးလို့ပါ"

"ငါနားလည်ပါတယ် ထွန်းညို ငါတို့မင်းတို့နားကို ဦးလေးကိုဖိုးညိုကြီး သိပ်မကပ်ရှာပါဘူး။ နောက်ပိုင်း အမြင်တောင်မခဲ့သလောက်ပါဘဲ"

"ဒီလိုတော့မဟုတ်ပါဘူး။ သူ တတ်သလိုနေတာပါ"

"ငါကတော့လေ ဖြစ်နိုင်ရင် မင်း အဖေ ဦးဖိုးညိုရဲ့သားဖြစ်ချင်တယ်ကွာ"

ထွန်းညိုရဲ့ မျက်လုံးတွေ အာကာ့ဆီက မခွာတော့ပါဘူး။

"ဘာလို့လဲဆိုတော့ ဖခင်ပီ လွန်းလို့၊ တကယ်ကို မိသားစုကို ထွေးလွန်းလို့၊ မင်းအဖေကို ငါအ သဘောကျတယ်။ ငါ မင်းတို့အိမ် လည်တုန်းက မင်းအဖေကိုကြည့်ပြီး ဟာ ဦးဖိုးညိုသားဖြစ်ချင်လိုက်တာ ဦးဖိုးညိုလိုအဖေမျိုးကို ငါဘာလို့မပိုင် တာလဲဆိုပြီး ယူကျုံးမရဘူးကွာ။ အတော်ခံစားရတယ်"

"မင်းအဖေကဘာဖြစ်လို့လဲ"

"တို့အဘိုးအဘွားရဲ့ပစ္စည်း ငါ့အဖေလက်ထက်မှာ ကုန်လုနီးပါ သွားပြီ သူငယ်ချင်း"

"ဩော်"

"လောင်းကစားရော အရက် ငါ့အဖေက အစုံကွ။ မိသားစုကိုလည်း လှည့်မကြည့်ဘူး။ ငါ့ညီမလေးဆို လွန်းလို့ အိမ်ထောင်အစောကြီးကျ တာ မင်းအမြင်ပဲလေ"

"ဟာ - အဲလောက်ထိ ငါမသိ ဘူး"

"အေး - ငါတို့ဘဝဟာ ပိုက်ဆံ ပြီး မေတ္တာမရခဲ့ဘူး သူငယ်ချင်း။ ပိုက် သုံးနိုင်စွဲနိုင်တာလောက်ပဲ အဓိကလို နေတယ်။ ဒါကြောင့် မင်းအဖေလိုအ မျိုးတွေ့ရင် ငါဟာ ထွန်းညိုနေရာမှာ ငါကျောင်းပိတ်တဲ့ရက်မှာ ဆိုက် ထွက်နင်းဖြစ်မှာပဲ။ ဒီပြင်အလုပ် သွားလုပ်ရင်လည်း သားအဖေနဲ့လိုက် နိုင်တဲ့ဝန်လိုက်ထမ်းမယ်ဆိုပြီး လိုက် ဖြစ်မှာသူငယ်ချင်း။ ဘာဖြစ်လို့လဲဆို မိသားစုကိုချစ်တဲ့အဖေမို့ ငါချစ်လို့"

"ဟုတ်တယ်၊ ချယ်ရီလည်းကြ ကြည့်နေတယ်၊ ဦးလေးဟာ အ အလုပ်လုပ်တာပဲ။ ချယ်ရီတို့ဖေဖေ မိဘမျိုးရိုးက ချမ်းသာတယ်။ သုံး တယ်စွဲနိုင်တယ်။ လိုလေသေးမရှိ ဖေဖေချယ်ရီကိုဘွဲ့ရတဲ့ထိကျောင်း ပေးလာခဲ့တာ အေးဆေးပဲ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com

ချယ်ရီလိုပဲ ဘွဲ့ရတဲ့ထိဖြစ်လာ
တို့တိုကျောင်းထားပေးနိုင်ခဲ့တဲ့
တော့ ချယ်ရီ မအိုးတူးဘဲမနေ
ဘေးနဲ့ကိုစုပြီး ကိုကိုဘွဲ့ရအောင်
နိုင်စွမ်းခဲ့တာ အရမ်းတော်တာ
ကို ချယ်ရီ လေးစားတယ်”

ထွန်းညိုရဲ့ အကြည့်တွေဟာ
ဆိတမခွာတော့ပါဘူး။ ချယ်ရီက
ထွန်းညိုကို စူးစူးရဲရဲကြည့်လို့။

“ဟုတ်တယ် ကို၊ ချယ်ရီ လေးစား
အာကာတို့ရောက်နေတုန်းပဲ မေး
ဦးမယ်။ ကို၊ ကို့အဖေကို ဘာလို့
ကို့ဆီ မလာနဲ့ပြောထားတာလဲ”

ထွန်းညို ခေါင်းငိုက်စိုက်ကျသွား

“ဟာ - ထွန်းညို၊ ဘာဖြစ်လို့မလာ
တာလဲကွ”

“ဟို - ဘာရယ်မဟုတ်ပါဘူး
တာ။ အဖေ. . . အဖေ ပင်ပန်းမှာ
ဒါ”

“ဟား - ငါသာဆို မင်းအဖေလို
အဖေကိုရလို့ကတော့ နေ့ရာတကာ
တွက်ကြွားပစ်မယ်။ တွေ့လား၊ ငါ့
ငါ့ခုလိုဘွဲ့ရအောင်၊ ပညာတတ်
ဖြစ်အောင် ဆိုက်ကားနင်းပြီးကျောင်း
ပေးလာတဲ့ ငါ့အဖေ။ ဘဝကို ရိုးရိုး
သားသားကြိုးစားပြီး ငါလူတစ်လုံးသူ
လုံးဖြစ်လာတဲ့ထိ မညည်းမညူတွန်း
ပေးခဲ့တဲ့ ငါ့အဖေ ဆိုပြီး လက်သီး
တ်မောင်းတန်းပြီး ငါလျှောက်ကြွား
ထွန်းညို။ ဟုတ်တယ်လေ၊ ငါ့အဖေ
ချွေးနဲ့ ငါပညာတတ်ကြီးဖြစ်လာတာ
ငါမကြွားဘဲဘယ်နေနိုင်ပါ့မလဲ။ ဒါ
အဖေရဲ့အရည်အချင်းကွ။ ဘယ်သူမှ
လိုက်မမီနိုင်တဲ့ငါ့အဖေရဲ့အရည်အချင်း။
အဲလိုကိုအော်ပြီးကြွားမှာ”

ဧည့်ခန်းထောင့်မှာ ထိုင်နေတဲ့
ချယ်ရီ့အမေက ထွန်းညိုတို့စကားဝိုင်းဆီ
လှည့်ကြည့်နေပြီး အာကာ့ကိုကြည့်ရင်း
ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေပါတယ်။

“ထွန်းညို”

“ဟေ”

“ငါ မနက်ဖြန် ကုန်းမြင့်ဘက်က
တိုဒေါ်လေးဆီ သွားစရာရှိတယ်။ ငါ
မင်းအဖေဆီရောက်အောင်သွားမယ်။ ငါ
မင်းအဖေလိုအဖေမျိုးကို လေးစားလွန်း
လို့ ချစ်လွန်းလို့၊ အားရလွန်းလို့၊ ရိုသေ
ရလွန်းလို့ ငါ မင်းအဖေကို မနက်ဖြန်က
စပြီး အဖေလို့ခေါ်မယ်ကွာ။ အဖေပီသ
လွန်းတဲ့အဖေမို့ ငါအားရပါးရခေါ်မယ်။
မင်းတို့ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ငါ
ခေါ်မယ်။ ငါ့အဖေဖြစ်ချင်လွန်းလို့ ငါ
ခေါ်ကိုခေါ်မယ်”

လူငယ်တွေပီပီ ချယ်ရီတို့အိမ်က
ကလေးမလေးတစ်ယောက် လာတည်
ခင်းပေးတဲ့ မုန့်လေးတွေကို အားရပါးရ
စားကြပြန်ပါတယ်။ ဒီလို မုန့်စားတော့
မှပဲ အာကာ့စကားတွေ လမ်းကြောင်း
ပြောင်းသွားပါတော့တယ်။ အာကာဟာ
ငယ်သူငယ်ချင်းမို့ ဖိုးညိုနဲ့ ထွန်းညိုအ
ကြောင်းကို သူအသိခဲ့ဆုံးပါပဲ။

ဒီပြင်စကားတွေပြောကြပါပြီ။

စကားဝိုင်းလေးဟာ စိုပြည်နေပါ
တယ်။

တစ်ယောက်တစ်ပေါက်ပြောကြ၊
ငြင်းကြ၊ ရယ်ကြနဲ့ စိုစိုပြည်ပြည်လေးပါ။

မျက်နှာကတော့ရယ်နေပါရဲ့။

ဒါပေမယ့် ရင်ထဲမှာ လှုပ်လှုပ်
လှုပ်လှုပ်ဖြစ်ပြီး အဖေကို သတိရနေသူ
ကတော့ ထွန်းညို။

ထွန်းညိုစကားတွေပြောနေပါပြီ။

ဒါပေမယ့် ဘယ်သူမှ မကြားပါ
ဘူး။ စိတ်ထဲမှာ ကျိတ်ခံစားပြီးပြောနေ
တာပါ။

‘အဖေ -

သား အဖေ့တန်ဖိုးကို နားမလည်
ခဲ့ပါဘူး အဖေ။ သားတို့ကို ဆိုက်ကား
လေးတစ်စီးနဲ့ ဘဝမြင့်တင်ပေးခဲ့တဲ့ကျေး
ဇူးတွေကို သား ခုမှစဉ်းစားမိပါပြီ အဖေ
ရယ်။

အဖေနင်းနေတဲ့ ဆိုက်ကားဂိတ်
နားရောက်ရင် သူငယ်ချင်းတွေရဲ့မျက်နှာ
ကိုကြည့်မိတာ အမှောပါ။ အဖေဆိုက်
ကားသမားဆိုတာကို တချို့ကို မသိစေ
ချင်ခဲ့ဘူး အဖေ။ သားရှက်နေသလိုပဲ
ခံစားခဲ့မိပါတယ်။ အဖေဝိုင်းပြီးထမ်းနေ
ပိုးနေတဲ့ အိမ်ရှေ့တွေက ဖြတ်သွားလို့
အဖေလှမ်းခေါ်တာတောင် သားမကြား
ချင်ယောင်ဆောင်ခဲ့ပါတယ်အဖေ။ သား
ဂုဏ်ငယ်သလို ခံစားခဲ့ရပါတယ်။ မင်း
အဖေက ဟိုဆိုက်ကားသမားလားလို့
မေးတိုင်း သားဘဝကို သားရင်နာခဲ့မိပါ
တယ်။ ဘာလို့ ငါဟာ သူဌေးသားမဖြစ်
ခဲ့တာလဲ။ ဘာလို့ ငါဟာ ဆိုက်ကား
သမားရဲ့သားဖြစ်ပြီး အိမ်သေးသေးလေး
နဲ့ နေနေရတာလဲ။ သားအမြဲစဉ်းစား
တယ် အဖေ။

အဖေက ကျောင်းစာမတတ်ခဲ့
ဘူး။ ငါ့သားက ပညာတတ်ကြီးဖြစ်
အောင် ကြိုးစားလို့ အဖေပြောတိုင်း
သား အဖေ့ကို အထင်မကြီးခဲ့ဘူး အဖေ။
သားတက္ကသိုလ်ရောက်တော့ ငါ့သားက
ငါ့ထက် ပညာတတ်တယ်ကွလို့ သားတို့
ကိုချီးကျူးတိုင်း၊ ကျုပ်သားက ကျုပ်
ထက် ပညာတတ်တယ်ဗျလို့ အဖေ့
သူငယ်ချင်းတွေကိုပြောတိုင်း သားရင်ထဲ
မှာ အဖေကလည်း သူ့ထက် ငါက
ပညာတတ်တယ်ပြောရအောင် သူက
ဘယ်လောက်ထိများတတ်ခဲ့လို့လဲဆိုတဲ့
အထင်သေးမှုတွေနဲ့ အဖေ့ကို သားပြုံး
ကြည့်ခဲ့ဖူးပါတယ် အဖေ။

သား ခု သိပါပြီ။

အဖေဟာ သားတို့မသိတဲ့ပညာ၊
သားတို့မတတ်တဲ့ပညာတွေနဲ့ လူ့ဘဝ
ကြီးကို လျှောက်လှမ်းနိုင်ခဲ့သူပါ အဖေ။

အဖေ့ပညာတွေနဲ့ ခုသားဘွဲ့ရခဲ့
ပါပြီ။ ချမ်းချမ်းသာသာရှိတဲ့ မိသားစု
တစ်စုရဲ့ဘဝထဲကိုရောက်ခဲ့ရပါပြီ။

ဒါ သားတို့လိုက်မမီတဲ့ ဘဝပညာ
တွေကိုတတ်ထားတဲ့ အဖေ့ရဲ့ အရည်
အချင်းတွေပါ အဖေ။ သားလိုက်မမီပါ
ဘူး။ သားတို့အပေါ်ထားတဲ့ အဖေ့
မေတ္တာတွေကို သားဘယ်လိုမှလိုက်မီ
နိုင်တော့မှာ မဟုတ်ပါဘူး အဖေ။

အဖေ့ကြောင့် သားဂုဏ်ရှိခဲ့ရပါ
ပြီ။

အဖေ့ကြောင့် သားဘဝလှခဲ့ရပါ
ပြီ။

သား ဆိုဖာကြီးတွေပေါ်ထိုင်နေ
ရပေမယ့် လယ်မြှင်ကျောင်းသွားတဲ့လမ်း
လေးဘေးက သားတို့ရဲ့အဖေ့အိမ်လေး
မှာရှိတဲ့ ဝါးကွပ်ပျစ်လေးကို သတိရနေ
ပါပြီ အဖေ။ သားတို့ရဲ့ထမင်းရှင်ဖြစ်တဲ့
ဆိုက်ကားလေးကို သားလွမ်းမိပါပြီ
အဖေ။

သားပုတီးကုန်းကိုလိုက်သွားခါနီး
အဖေနဲ့ အမေ့ကို ထိုင်ကန်တော့တော့
အားရပါးရပြုံးနေတဲ့ အဖေ့မျက်ဝန်းထဲ
ကစီးနေတဲ့မျက်ရည်တွေကို သားမေ့
ဖျောက်လို့မရတော့ပါဘူး အဖေ။

အဖေ ဆိုက်ကားနင်းတာကို
အသိတရားမရှိတဲ့စိတ်နဲ့ရှက်ခဲ့တဲ့ သား
ကိုယ်သား ခွင့်မလွှတ်ဘူး အဖေ’။

“ထွန်းညို၊ ဟေ့ကောင် ထွန်းညို”

“ဟေ၊ ဟေ- ဘာလဲကွာ၊ အလန့်
တကြား”

ချယ်ရီနဲ့ အာကာတို့ သူငယ်ချင်း
နှစ်ယောက်အကြည့်တွေဟာ အဓိပ္ပာယ်
ပါနေသလိုပါပဲ။ ဘာပါလိမ့်ဆိုတဲ့
သဘောတွေလည်းပါပါလိမ့်မယ်။ သူတို့
စိတ်ဝင်စားနေတာ ထွန်းညို။

“ချယ်ရီ”

www.burmeseclassic.com

မုဒိတာ(ကျိုက်လတ်)

# မြန်မာ့အိမ်၏အစိတ်အပိုင်းများနှင့် ဝေါဟာရများ

ရှေးအခါက မြန်မာလူမျိုးတို့သည် မိမိတို့နေထိုင်မည့်အိမ်အဆောက်အအုံများကို ဆောက်လုပ်ကြမည်ဆိုပါက စည်းစနစ်ဇယားများနှင့် ပြုလုပ်ဆောက်တည်ပြီး နေထိုင်လာခဲ့ကြသည်။ အိမ်တို့ စတင်ဆောက်လုပ်ခြင်းနှင့် ပတ်သက်သော အခေါ်အဝေါ် အသုံးအနှုန်းများ ရှိခဲ့ကြသည်။ မြန်မာရှင်ဘုရင်များရှိစဉ်ကပင် သုံးနှုန်းခဲ့သော ဝေါဟာရများရှိခဲ့ရာ ယနေ့တိုင် သုံးစွဲနေဆဲ ဖြစ်သည်။

ရှေးမြန်မာ့မလေ့ ထုံးတမ်းစဉ်လာ ပညာရပ်များ မတိမ်းကော မပပျောက်စေရန်နှင့် ယနေ့ ပညာလိုလား အမျိုးကောင်းသား လူငယ်လူရွယ်များအတွက် ဗဟုသုတတိုးပွား၍ လိုသည့်အခါ အသုံးပြုနိုင်ကြစေရန် စိတ်ရည်သန်လျက် ရှာဖွေစုစည်းဖော်ပြလိုက်ပါသည်။ လိုသူများ သုံးပြီး ဖတ်သူများမှတ်၍ တတ်သူများ ဖြစ်ကြပါစေ။

မြန်မာ့အိမ်ဆောက်လျှင်
သိထားသင့်သော
အဆောက်အအုံဝေါဟာရများ

■ တီကျင်းခြင်း ■

အိမ်ဆောက်ရန် တောရှင်း ... ညှိ၊ သန့်သန့်ရှင်းရှင်းဖြစ်အောင် ပြု... ခြင်းကို တီကျင်းသည်ဟု ခေါ်၏။

■ မြေစနစ်ခြင်း ■

အိမ်အဆောက်အအုံ ဆော...

"ဟင်"

"ကို မနက်ကျရင် အဖေ့ဆီသွားလိုက်ဦးမယ်"

"သွားလေ ကို၊ ဖြုန်းစားကြီးပါလား"

"အေး - ကိုသွားချင်လို့"

"ဟင်- ဖြုန်းစားကြီးပါလား ထွန်းညို"

ထွန်းညို ဘာမှမပြောတော့ဘဲ ဖြုန်းခနဲ မတ်တတ်ရပ်လိုက်ပြီး အာကာ့ တို အတင်းဖက်ထားလိုက်ပါတယ်။

"အာကာ၊ မင်း ငါ့ညီ၊ ငါ့အဖေရဲ့ သားကွ"

အာကာကလည်း ထိုင်လျက်တနေ ပြန်ဖက်ထားလိုက်ပေမယ့် တစ်ခုကိုတော့ သူသတိထားလိုက်မိပါတယ်။ ထွန်းညိုတစ်ကိုယ်လုံးတုန်နေသလိုလို၊ တသိမ့်သိမ့်ဖြစ်နေသလိုလို။

အော်ပြောလိုက်ပေမယ့် နောက်ဆုံးစကားမှာ အသံတိမ်သွားမှန်း ချယ်ရီ သတိထားလိုက်မိပါရဲ့။

"အမေ အမေ၊ ညီလေး တိုးညို"

"ဟဲ့ - သားပါလား ထွန်းညို"

"ဟုတ်တယ် အမေ"

အားရပါးရအော်ပြောရင်း ခြံထောင့်မှာ ပလတ်စတစ်နဲ့အုပ်ထားတဲ့ ဆိုက်ကားကို ထွန်းညို စိုက်ကြည့်နေပါတယ်။

"အမေ၊ အဖေတော"

"ဪ - မင်းအဖေ ဟိုးအရှေ့ဘက်ကိုလိုက်သွားတယ်"

"တင် - ဘယ်သူနဲ့လဲ"

"လယ်ပြင်ကျောင်းကို ကြွလာတဲ့ ဘုန်းဘုန်းတစ်ပါးကို ဆိုက်ကားနဲ့ ဘုရားကြို့ပို့လုပ်ရင်း အဲဒီဘုန်းဘုန်းခေါ်တာနဲ့ လိုက်သွားလေရဲ့။ ဒါပေမယ့် ဒီတိုင်းတော့ မဟုတ်ဘူး"

"ဘယ်လို"

"ကိုရင်ကြီး ဝတ်ပေးသွားတယ်။ ဘုန်းဘုန်းက ဟိုးတောင်ပေါ်ကျမှ သူပျော်လည်းပျော်ပေါ့။ မပျော်လည်း တစ်လလောက်နေရင် ပြန်လာချင်လည်း လာပေါ့တဲ့။ အဲဒါ ကိုရင်ကြီးဘဝနဲ့ပါ သွားလေရဲ့"

"အဖေက. . . ဘာပြောလဲ"

"ကိုရင်ကြီး စဝတ်ကတည်းက ဘယ်သူ့ကိုမှ ဘာစကားမှသိပ်မပြောတော့ဘူး သားရဲ့၊ အဲဒါ တကောက်ကောက်ပါသွားတော့တာပဲ။ အမေထိုင်ကန်တော့တာတောင် အမေ့ကို မကြည့်တော့ဘူး၊ မျက်နှာလွှဲထားတယ်"

"ဟာ"

"သူ့ဘဝဟာ အမေနဲ့ စညားကတည်းက သားတို့ ခုလိုဖြစ်လာတဲ့ထိ ပင်ပန်းလွန်းပါတယ်လေ။ တရားတွေ ဘာတွေလဲအားထုတ်ချင်ထုတ်ပါစေဆိုပြီး အမေကလည်း ဘုန်းဘုန်းနောက်လိုက်သွားချင်သွားလို့ ပြောလိုက်တာ... တိုးညိုလေးလည်း ကျောင်းတစ်ဖက်... အလုပ်လုပ်နေပြီဆိုတော့"

"အဖေ ဘယ်တော့ပြန်လာမ... ပြောလဲ"

"အင်း - ဘာမှတော့မပြောသ... သား။ ဘာမှကိုမပြောတော့တာ"

ထွန်းညို မျက်နှာပျက်ပြီး ခြေ... လက်ပစ်ထိုင်ချလိုက်လို့လားမသိပါ... အိမ်လေးဟာ သိမ့်ခနဲတောင်ဖြစ်သွ... တယ်။

ပြီးတော့ အိမ်အဝင်ဝနားက ထ... မှာချိတ်ထားတဲ့ ထန်းခမောက်လေး... စိုက်ကြည့်နေပါတယ်။ ဒီအရောင်အဆ... မရှိတော့တဲ့ ထန်းခမောက်လေးယ... ဖိုးညို ဆိုက်ကားနင်းတိုင်း ဆောင်းထ... လေ။

ထွန်းညို ဘာမပြောညာမပြေ... ထန်းခမောက်လေးကိုကြည့်ရင်း လ... အုပ်လေးချီလိုက်ပြီး ဦးသုံးကြိမ်ချလို... ရင်း -

"အဖေ၊ သားအဖေ့သားဖြစ်ရတ... ဂုဏ်ယူလိုက်တာ အဖေရာ"

မိမိကောင်းမှုအကြောင်... ဆုမတောင်းဘဲပြည့်ပါ...

ပြည်သိန်းဇေ...



www.burmeseclassic.com

www.burmeseclassic.com

ထုပ်ရန်မြေနေရာတွင် အပိုင်းအခြား၊ အတိုင်းအတာသတ်မှတ်ခြင်း ဖြစ်၏။

**ပေါ့ရက်ချခြင်း ■**

ဆောက်လုပ်ရန်နေရာမှာ သတ်မှတ်သောနေရာတွင် မှတ်တိုင်စိုက်ခြင်းကို ခေါ်၏။

**■ တွင်းဝန်းခြင်း ■**

တိုင်စိုက်ရန် သို့မဟုတ် အုတ်မြစ်ချရန်အတွက် တွင်းတူးသည်ကို ခေါ်၏။

**■ ယပ်သစ် ■**

စိုက်ထူမည့်တိုင်ကို ယပ်သစ်ဟု ခေါ်၏။

**■ တိုင်အမည်များ ■**

အလယ်တိုင်ကို ကွန်းစင်၊ ကွန်းတိုင်၊ ကွန်းတိုင်၏အပြင်ဘက်ကတိုင်ကို သည်မ၊ သည်မအပြင်ဘက်က တိုင်ကို သည်ရံ၊ သည်ရံ၏အပြင်ဘက်ကတိုင်ကို သည်ထွေတိုင်ဟု ခေါ်ကြသည်။

အနောက်မြောက် ရာဟုထောင့်က တိုင်ကို ဘုမ္မိ၊ မြောက်ဘက်က တိုင်ကို ကြငှန်းဖို၊ အရှေ့မြောက် တနင်္ဂနွေထောင့်ကတိုင်ကို စံပင်လယ်၊ အရှေ့တောင်အင်္ဂါထောင့်ကတိုင်ကို ဥရှုတိုင်၊ တောင်ဘက်ကတိုင်ကို ကြငှန်းမ၊ အနောက်တောင် စနေထောင့်ကတိုင်ကို သပြေဟု ခေါ်ကြ၏။

**■ ပိနွဲတိုင် ■**

ပိနွဲတိုင်ဟူသည် မြေမှာစိုက်သည်မဟုတ်ဘဲ အလယ်မှာတည်သောတိုင်ကို ခေါ်သည်။

**■ ရက်မ ■**

တိုင်များကိုဖောက်၍ အောက်လျှိုသောပျဉ်ကို ရက်မဟု ခေါ်၏။

**■ ကြမ်း ■**

ကြမ်းဟူသည်မှာ ဆင့်ပေါ်တွင် စီထားသောပျဉ်ကို ကြမ်းဟု ခေါ်၏။

**■ ခါးပန်း ■**

ကြမ်းပေါ်တွင် တစ်ဆင့်တင်၍ဖြစ်စေ၊ ကြမ်းကိုမမြင်ရအောင် ပိတ်ဆီး၍ထားသောပျဉ်ကို ခါးပန်း ခေါ်သည်။

**■ မောင်းမလယ် ■**

ကြမ်းအဆင့်က အနိမ့်၊ အမြင့် နှစ်ခုရှိရာတွင် ကြမ်းကို မမြင်ရအောင် ပိတ်ဆီးထားသောပျဉ်ကို မောင်းမလယ်ဟု ခေါ်၏။

**■ ကျွဲနံ ■**

အကာအရံအတွက် ရိုက်ထားသောတန်းကို ကျွဲနံဟု ခေါ်၏။

**■ ကဲလား နံရံ ထရံ ■**

ကာရံထားသောနံရံကို ကဲလား၊ ထရံ၊ နံရံဟူ၍ အမျိုးမျိုးခေါ်ကြသည်။

**■ ခေါင်းစီး ခေါင်းခံ ■**

တံခါးပေါက်ထည့်ဖို့ ခံထားသောအသားကို ခေါင်းစီး၊ ခေါင်းခံ ခေါ်၏။

**■ ထုပ် ■**

အမိုးပြုလုပ်ရန်အတွက် အိမ်၏ အနံအလိုက် တိုင်မှာ ကန့်လန့်ထည့်သောအသားကို ထုပ်ဟု ခေါ်သည်။

**■ လျောက် ■**

ထုပ်ပေါ်မှ အလျားလိုက်ထည့်သောအသားကို လျောက်ဟု ခေါ်၏။

**■ ဒိုင်း ■**

လျောက်နှင့် ထုပ်ကို အနံလိုက် တွယ်ကုပ်ထားသော အသားကို ဒိုင်းဟု ခေါ်သည်။

**■ ကျားမော့ (ကျမော့) ■**

ခေါင်လျောက်အောက်က ခေါင်လျောက်အတိုင်း အလျားလိုက်ထည့်သောအသားကို ကျားမော့ (ကျမော့) ခေါ်၏။

**■ ဖား ■**

သစ်သားတစ်ခုနှင့်တစ်ခုအကြား ညီမျှအောင် ခုခံသော အသားကို ဖားဟုခေါ်၏။

**■ ကုလားတက် ■**

ထုထည်ကြီးမားသော ထုပ်နှင့် လျောက်များ လျှောမကျအောင် တပ်ထားသောသစ်ကို ကုလားတက်ဟု ခေါ်၏။

**■ ပုဆစ်တုပ်အိမ်၊ ခလောက်ဆွဲအိမ်၊ တလိုင်းအိမ် ■**

အိမ်ကို ကြမ်းခင်းရာတွင် အရှေ့ပိုင်းမှာ အနိမ့်၊ အနောက်ပိုင်းမှာ အမြင့်အားဖြင့် ကြမ်းနှစ်ဆင့်ခင်း၍ အမိုးကို တစ်ဆက်တည်းချထားလျှင် ပုဆစ်တုပ်အိမ်၊ ခလောက်ဆွဲအိမ်၊ တလိုင်းအိမ်ဟူ၍ ခေါ်ဝေါ်နေကြသည်။

**■ မီးကူ ■**

အိမ်တစ်အိမ်မှာ တိုင်ကိုလည်း ဆက်၊ ထုပ်ကိုလည်း ဆ[illegible] လျောက်ကိုလည်းဆက်ထားလျှင် မီးကူဟုခေါ်၍ မနေအပ်သောအိမ်ဟု သတ်မှတ်ကြသည်။

**■ အထက်ဝါ၊ အောက်ဝါ ■**

အိမ်တစ်အိမ်ကို အထက်ပိုင်း၊ အောက်ပိုင်း၊ အထက်ဝါနှင့် အောက်ဝါဟု ပိုင်းခြားသတ်မှတ်ကြသည်။ မြေဝပ်မှသည် ထုပ်၊ လျောက်တိုင်အောင်ကို အောက်ဝါ။ ထုပ်၊ လျောက်မှ အထက်ပိုင်းကို အထက်ဝါဟု ခွဲခြားသည်။ အထက်ဝါမြင့်က ဘာဖြစ်မည်၊ အောက်ဝါမြင့်လျှင် ဘာဖြစ်မည် စသည်ဖြင့် ဟောကိန်းထုတ်သည်လည်း ရှိ၏။

**■ အိမ်သုံးမျိုး၏အကျိုးအပြစ် ■**

အထက်ဝါမြင့်၍ အောက်ဝါနိမ့်လျှင် လိပ်သင့်သောအိမ်ဖြစ်၏။ ဥပဒ်အနာအဖျားအန္တရာယ်များ၏။

အောက်ဝါမြင့်၍ အထက်ဝါနိမ့်လျှင် ဖားသင့်သောအိမ်ဟု ခေါ်၏။ ဥစ္စာပစ္စည်းပျောက်တတ်၏။ အထက်ဝါ၊ အောက်ဝါ နိမ့်၊ မြင့်မျှလျှင် သင့်သောအိမ်မည်၏။ အိမ်ယောကျ်ားလည်းမည်၏။ ဘေးဥပဒ်ကင်း၍ ချမ်းသာတတ်၏။

စာရေးဆရာကြီး ရွှေဝယ်ဇ (ထားဝယ်)၏ဆောင်းပါးမှာပါသော သိသင့်၊ သိထိုက်သော အိမ်ဝေါဟာရများမှ တိုင်အခေါ်အခေါ်များမှာ အရှေ့တောင်အင်္ဂါထောင့်ကတိုင်ကို ဥရုတိုင်၊ တောင်အရပ်ကတိုင်ကို ကြငှန်း၊ အရှေ့မြောက်အရပ်ကတိုင်ကို ညောင်ရမ်း၊ အနောက်တောင်အရပ်ကတိုင်ကိုသပြေ အနောက်မြောက်အရပ်ကတိုင်ကို [illegible]၊ မြောက်အရပ်ကတိုင်ကို ကမ္မိဟု ခေါ်ကြောင်း ရေးသား ဖော်ပြထားပါသည်။ အိမ်ကြီးမှာ တိုင်တစ်လုံးနှင့်တစ်[illegible] အကွာအဝေးကို ခန်းဖွင့်ဟုခေါ်၏

လိုသူများသုံး[illegible]ကြစေဖို့နှင့်
ဗဟုသု[illegible]ပြည့်ဝစေဖို့
မုဒိတာ (ကျိုက်လတ်)

ကျမ်းကိုး -

၁။ အာတပ္ပနယတြာခေါင်းချုပ်
၂။ ဆရာကြီးရွှေဝယ်ဇ (ထားဝယ်)၏ဆောင်းပါး
၃။ သုတေဝေသီသန်းဦး၏ အိမ်ခြံမြေနည်းပညာ
၄။ ကိုယ်ပိုင်မှတ်စုအတွေ့ထွေ



www.burmeseclassic.com

www.burmeseclassic.com

ရခဲလှသော လူ့ဘဝ ဒုလ္လဘတွင် သေကွဲနှင့် ရှင်ကွဲကို လူတိုင်း မလွဲမသွေ တွေ့ကြုံရင်ဆိုင်ရသည်သာ ဖြစ်ပါသည်။ လူတစ်ယောက် မွေးဖွားရှင်သန်လာခြင်းသည် မင်္ဂလာဖြစ်သော်လည်း လူတစ်ယောက် သေဆုံးကွယ်လွန်ခြင်းသည် အမင်္ဂလာပင် ဖြစ်ပါသည်။မင်္ဂလာကိစ္စကို သုမင်္ဂလဟု ပညတ်ပြီး အမင်္ဂလာကိစ္စကို ဒုမင်္ဂလဟု ပညတ်ပြောဆိုသုံးစွဲကြပါသည်။

ဒုမင်္ဂလဟု ပညတ်သည့် လူတစ်ယောက် ကွယ်လွန်သေဆုံးလျှင် ဦးစွာ ပထမ သင်္ချိုင်းမပျောက်ဆွမ်းချက်၍ ဘုရားရှင်နှင့် ရဟန်းသံဃာတို့အား သေသူအတွက် ကုသိုလ်ဆက်ရရန် လှူဒါန်းကြသည်။ ထို့နောက် မြေချ၊ မီးသင်္ဂြိုဟ်၊ အုတ်ဂူသွင်း ပြုလုပ်ပြီးသောအခါ မြေချဆွမ်း ဟူ၍ ချက်ပြုတ်လှူဒါန်းကြသည်။ မြေချကိစ္စများပြီး၍ သေသည့်နေ့မှစ၍ (၇) ရက်ပြည့်မြောက်သောနေ့တွင် ရက်လည်ဆွမ်းအဖြစ် ဘုရားရှင်နှင့် ရဟန်းသံဃာများကို ပင့်ဖိတ်၍ ဆွမ်းသွတ် တရားနာကာ သေဆုံးသူကို အမျှဝေ သာဓုခေါ်စေပါသည်။

သေသူကိုလည်း ကောင်းရာမှန်



ရာဘုံဘဝသို့ကူးပြောင်းရောက်ရှိစေရန် မေတ္တာပို့၊ အမျှဝေ၊ ဆုတောင်းပေးကြပါသည်။ဤသည်မှာ ရှေးဘိုးဘွားစဉ်ဆက် ကတည်းက ယနေ့တိုင် ကျွန်ုပ်တို့၏ မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာ တစ်ရပ်ပင် ဖြစ်ပါသည်။

(ဘာသာအလိုက်၊ ရိုးရာ ဒေသ အရပ်အလိုက် ကွဲပြားခြားနားမှုများ များစွာရှိနေပါသည်။ ယခုတင်ပြသည်မှာ သာမန်အကြမ်းဖျင်း လူတိုင်းအလွယ်တကူသဘောပေါက်စေရန် ဝတ္ထုသဘော အခြေခံအချက်ဖြစ်နေ၍ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။)

ရက်လည်ဆွမ်းသွတ်ပြီးသည့်ညတွင် သေဆုံးသူ၏ဝိညာဉ်သည် ကျန်ရစ်သူ ဆွေမျိုးသားချင်းများကို နောက်ဆုံးနှုတ်ဆက်ခြင်းအနေဖြင့် (သူတတ်စွမ်းနိုင်သလို အသိပေး အရိပ်အယောင်ပြအသံပြုလျက်) နှုတ်ဆက်တတ်သည်ဟု ယုံကြည်ယူဆမှုများ ယနေ့အထိ ကျွန်ုပ်တို့ နယ်ကျေးရွာများနှင့် တောမြို့လေးများတွင် အရိုးစွဲယူဆမှုရှိနေပါသည်။ ထိုကိစ္စအတွက် မယုံကြည်ပါဘူး၊ ယုံကြည်ပါသည်ဟု ကျွန်ုပ်စောဒကမတက်လိုပါ။ သို့သော် စိတ်ကြောင့်ပေပဲလား၊ ဥပါဒါန်ကြောင့်ပေပဲလားတော့ မသိပါ။ ထိုရက်လည်ဆွမ်းသွတ်သောညတွင် အနံ့ပေးခြင်း၊ ခြေသံပေးခြင်း၊ ချောင်းဟန့်သံပြုခြင်း၊ အိပ်မက်ပေးခြင်း၊ တစ်စုံတစ်ခုကို လှုပ်ရှားပြခြင်းများသည် သေသူနှင့်သက်ဆိုင်သော ဆွေမျိုးသားချင်း အသိမိတ်ဆွေများတို့ထံ နိမိတ်ဆောင် အရိပ်အယောင်ပြတတ်သည့် ဖြစ်ရပ်

(ဖြစ်ရပ်မှန်) များစွာတို့သည် အ[illegible] ပင် ရှိနေ၊ သိနေ၊ ကြားဖူးနေခဲ့ရပါသည်။

ထိုထိုအသင်္ချေအနန္တကြားသိရှိခဲ့ဖူးသည်များထဲမှ ကျွန်ုပ်ဘဝတွင်လည်း အမေ၊ အဖေ၊ ဦးကြီး၊ ဦးလေး၊ ဒွေးကြီး၊ ဒွေးလေး၊ ဘကြီး၊ ဘလေး၊ ဘဒွေးတို့၏ အနိစ္စဟူသည့် မမြဲသောတရားသဘောနှင့် ကွယ်လွန်သွားသူများစွာကို တွေ့ကြုံခဲ့ရပြီး ထိုကွယ်လွန်သွားသူများစွာမှ ပုံသဏ္ဌာန်အမျိုးမျိုး မတူကွဲပြားသည့် တစ်နည်းနည်းတို့နှင့် နှုတ်ဆက်သူများ တွေ့ရသလို လုံးဝနှုတ်မဆက်သူများလည်း တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်အချို့အဝက် အပိုင်းအစများကို စာစီပြုရေးသား တင်ပြလိုက်ပါသည်။

■

ကျွန်ုပ်၏မိခင်ကြီး ဒေါ်တင်ကြည်သည် ကျွန်ုပ်အပါအဝင် သားသမီးငါးဦးကို မွေးဖွားသန္ဓေစင်ခဲ့ပါသည်။ ကျွန်ုပ်မှာ ဒုတိယသားဖြစ်၍ ကျွန်ုပ်အထက်တွင် အစ်မကြီးတစ်ယောက်၊ ကျွန်ုပ်အောက်တွင် ညီမတစ်ယောက်၊ ထိုညီမအောက်တွင် ညီတစ်ယောက်နှင့် အငယ်ဆုံး ညီလေးတို့ပင် ဖြစ်သည်။ သားသုံးယောက်၊ သမီးနှစ်ယောက် လူဖြစ်အောင် မွေးဖွားကျွေးမွေးသုတ်သင်ပေးခဲ့သည့်မြတ်မိခင်ကြီး ဖြစ်ပါသည်။


မိခင်ကြီးသည် ဖခင်လိုမဟုတ်ပါ။ ထက်ထက်မြက်မြက်နှင့်သတ္တိရဲရင့်သည်။ ကြက်ခေါင်းဆိတ်မခံဆိုသကဲ့သို့ အရာရာတွင် မှန်သည်ထင်လျှင် ချက်ချင်းတုံ့ပြန် မဟုတ်မခံစိတ်ဓာတ်အပြည့်အဝရှိခဲ့သည်။ တစ်ခုဆိုးသည်မှာ မိခင်ကြီးသည် အရာရာတွင် စိတ်ဇောအဟုန်ကြီးတတ်ပြီး ရတက်မအေး စိတ်မအေး ပူပန်စိုးရိမ်စိတ်ကြီးတတ်လွန်းခြင်းပင် ဖြစ်ပါသည်။ သားသ[illegible]ယောက်ကိုလည်း သားသုံးယောက်အလျောက်၊သမီးနှစ်ယောက်ကိုလည်း သမီးနှစ်ယောက်အလျောက် အမြဲလိုလို စိုးရိမ်ပူပန်မှုတွေနှင့် ချစ်ခင်ခဲ့ပါသည်။ သားတွေ၊ သမီးတွေ ဘယ်သွားသွား၊ ဘာလုပ်လုပ် အမေ့မေ့စိတ်

# နုတ်ပေါက်မင်းသန့်နိုင်

## အိပ်မက်ပေးနှုတ်ဆက်သူနှင့်နှုတ်မဆက်သူများ

…၊ စိတ်မအေးနိုင်သော ရတက်ဆူ…
…နေတတ်ပါသည်။

“စိတ်ချပါ အမေရယ်။ အမေ့သား
…သမီးတွေအားလုံး … ပညာတတ်၊
…ခေါ် မြော်မြင်တတ်တဲ့ လူကြီးတွေဖြစ်
…ပါပြီ။ အမေ … သောကပူမနေပါ



www.burmeseclassic.com

နဲ့။ အေးအေးနေပါ အမေရယ်"

ဟု မည်မျှပင်ပြောစေကာမူ -

"အမေကတော့ပူတယ်သားရေ။ အမေ့သားတွေ၊ သမီးတွေကို အမေက တော့ ကလေးတွေလိုပဲ မြင်နေ၊ ချစ်နေတုန်းပဲ"

ဟု စကားတုံ့ပြန်တတ်ပါသည်။

အမေ၏ထိုပူပန်တတ်မှုစိတ်ဓာတ်အဟုန်သည် အမေ့ကို ကောင်းကောင်းကြီးဒုက္ခပေးခဲ့ပါလေသည်။

အမေ့အသက် (၅၆) နှစ်ထဲသို့ ရောက်စ တစ်နေ့သောနေ့လယ်တွင် အမေမူးလဲသွားသည်။ ဆေးခန်းရောက်၍ ဆရာဝန်က သွေးပေါင်တိုင်းသောအခါ အမေ့မှာ စိုးရိမ်လောက်အောင်ပင် သွေးတိုးသွေးတက်နေသည်ကို တွေ့သိလိုက်ရသည်။ ကျွန်ုပ်တို့အားလုံးတုန်လှုပ်သွားကြရသည်။ အမေ့မှာ သွေးတိုးရောဂါရှိနေပြီကို အထင်အရှားသိလိုက်ရသောကြောင့်ပင်ဖြစ်သည်။ ဆရာဝန်က ဆေးထိုး၊ ဆေးပေးပြီး ကျွန်ုပ်ကိုခေါ်၍ တိုးတိုးကျိတ်ကျိတ် ပြောပြအကြံပြုသည်။ သွေးပေါင်ချိန်ကိရိယာဝယ်ထားပြီး နေ့စဉ် (၂) ကြိမ်မှ (၃) ကြိမ် အမေ့ကို သွေးပေါင်ချိန်ကြည့်ရန်၊ သွေးသာမန်တိုးလျှင်တိုက်ရန် ဆေး၊ အလွန်စိုးရိမ်ရလောက်အောင် သွေးတိုးလျှင်တိုက်ကျွေးရန်ဆေးများ ညွှန်းလိုက်၊ ရေးပေးလိုက်ပါသည်။

အမေ့ကို သာမန်မျှသာပြောပြီး မောင်နှမ (၅) ဦး အမေ့ကို စိတ်ချမ်းသာအောင်ထားရန်၊ ဝက်သား၊ဘဲသား၊မြေပဲဆန်၊ ထောပတ်တွေ မကျွေးမိစေရန်၊ အမေ့ရှေ့တွင် ပြဿနာ၊ အလုပ်ကိစ္စ၊ စိတ်ထွေပြားစရာတွေ ဘာမှမပြောမိအောင်ဆင်ခြင်ရန်၊ မောင်နှမ (၅) ဦးလုံး အမေ့ကို မမေ့မလျော့ သွေးပေါင်ချိန်ပေးနိုင်ရန် သင်ယူပြီး တိုက်ရမည့် ဆေးများ တိုင်ပင်ကြရပါသည်။

ကျွန်ုပ်တို့ သားသမီး (၅) ဦး၏ ဂရုတစိုက်ဆေးတိုက်၊ အစားဆင်ခြင်စေ၊ အပြောအဆို အနေအထိုင်များ သိုသိပ်စွာဖြင့် အမေစိတ်ချမ်းသာစေခဲ့၍လားမသိ။ အမေသည် အသက်(၅၆)နှစ်တွင် သွေးတိုးသွေးတက်မူးလဲပြီးသည့်နောက် အသက် (၆၁)နှစ်အထိ ဆေးရုံဆေးခန်းလုံးဝမသွားရ၊ မရောက်ရတော့ဘဲ ကျန်းမာချမ်းသာလန်းဖြာခဲ့ရပါသည်။ တစ်မိသားစုလုံး အေးချမ်းသာယာ ပျော်ရွှင်ခဲ့ရပါသည်။

သို့သော် . . .

ထံကြွမှာ ဟူသည် မြင်ရသည့်အရာမဟုတ်။ ခန့်မှန်း၍ရနိုင်သောအရာမဟုတ်ပါပေ။ အမေ့အသက် (၆၂) နှစ်ထဲတွင် အမေ့သွေးတိုးရောဂါသည် ခေါင်းထောင်ထလာပါတော့သည်။

တစ်လတစ်ကြိမ် ဆေးခန်းသွားရသည်၊

ရက် (၂၀) လျှင် တစ်ကြိမ်။

ထို့မှ တစ်ပတ် တစ်ကြိမ်။

နောက်ဆုံး တစ်နေ့သုံးကြိမ် သွေးပေါင်ချိန်ရသည်။ အချို့နေ့များတွင် တစ်နေ့ ငါးကြိမ်မှ ခုနစ်ကြိမ်အထိ သွေးချိန်ရပြီးအနီးတွင် တစ်ယောက်မှ နှစ်ယောက်စောင့်ကြည့်ပြီး ဆေးတိုက်သင့်လျှင်တိုက်၊ မိသားစုဆရာဝန်နှင့်သူနာပြုတစ်ယောက်ကို ဖုန်းဆက်ခေါ် သင့်လျှင်ခေါ် ရသည်အထိဖြစ်ခဲ့သည်။ အမေ့ကျန်းမာရေးသည် တစ်နေ့ရွှေ တစ်နေ့ငွေဆိုသလို စိုးရိမ်ရေမှတ်သို့ရောက်လာခဲ့ပြီ။ အမေ့ကို ရွှေ ငွေ၊ ဆေးတွေနှင့် အချိန်ကို ဆွဲဆန့်ထားရသော အခြေအနေ။ တကယ်တော့ (၆၂) နှစ်ဆိုသော အသက်အရွယ်သည် ကြီးပြီဟုမဆိုသာပါ။ အမေ့ကို မြင်ရသည်မှာတော့ အားရှိစရာကောင်းပါသည်။ ညိုတုတ်တုတ်၊ ထောင်ထောင်မောင်းမောင်းအရပ်အမောင်းမျက်လုံး၊ မျက်နှာကောင်းကောင်း၊ ခါးမကိုင်း၊ နားမထိုင်း၊ သတိအလွန်ကောင်းသည့်အပြင် အသက်(၆၀)ကျော်သော်လည်း တစ်ချောင်းမှ ဆံပင်မဖြူသည့်အပြင် တစ်ချောင်းမှလည်းမကျွတ်၊ မပြတ်သောဆံထုံးကြီးနှင့် ဖြစ်သည်။ ဆံထုံးကို ဖြေဖြန့်ဖြီးသင်လျှင် အစ်မကြီးသို့မဟုတ် ညီမလေးတို့ တစ်ယောက်ယောက်က ဆံပင်ရှည်ကြီးကို ကိုင်တွယ်ကူညီဖြီးသင်ပေးရပါသည်။ ဤသည်ကတော့ အမေ၏ထူးခြားသောကုသိုလ်ကံဟုပင် ဆိုရပါမည်။

၁၅-၄-၁၉၉၅ နေ့ အမေသည် အစ်မကြီးနှင့်အတူ နတ်မောက်မြို့စည်ပင်သာယာဈေးကြီးသို့ ဈေးဝယ်လိုက်သွားသည်။ ဈေးမှအပြန်တွင် ခေါင်းမူးဝေလာသည်ဆိုကာ အနီးဆုံးသ/မဆေးခန်းမှဒေါက်တာမောင်မောင်တာထံဝင်ပြသည်။ ဆေးထိုးပေးလိုက်ပြီး စားဆေး (၃) ရက်စာ ပေးလိုက်သည်။ နောက်နေ့တွင် အမေသည် ကျန်းကျန်းမာမာလန်းလန်းဖြာဖြာနှင့်အဖေနှင့်အတူ ရွှေဘုံသာကျောင်းတိုက်သို့ ဥပုသ်စောင့်သွားသည်။ ထိုနေ့သည် (၁၆-၄-၁၉၉၅) ဖြစ်ပြီး သင်္ကြန်ကာလ ဖြစ်သည်။

၁၇-၄-၁၉၉၅ နေ့တွင် အမေသည် ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက်သို့ ဥပုသ်စောင့်သွားခဲ့သည်။ ကျောင်းမှ ဥပုသ်ယူပြီးနောက် အမေသည် ဒရင်းဘက်ပေါ်တွင် လျောင်းရင်းဆန့်ရင်း ပုတီးစိပ်နေတော့သည်။

၁၈-၄-၁၉၉၅ နေ့တွင် အမေသည် မြို့မကျောင်းတိုက်သို့ ဥပုသ်စောင့်သွားပါသေးသည်။ နံနက် (၁၁) နာရီမထိုးမီတွင် အမေမှ ထူးထူးခြားခြား စကားဆိုပါသည်၊

"ကဲ - ဒီနေ့ မိသားစုစုံစုံညီညီ ထမင်းလက်ဆုံစားကြမယ်ဟေ့။ အပြင်သွားစရာရှိရင်လည်း မသွားကြနဲ့ဦး။ အမေ့ဖို့ ညောင်ချဉ်ရွက်ကလေး မြေပဲလှော်ထောင်းနဲ့ သုပ်ပေးဦး သမီးကြီး။ သားတို့အားလုံးရော မဆာသေးတဲ့သူရောဘာရော အတူတူလက်ဆုံစားကြမယ်"

ထိုသို့အမေမှ ထူးခြားစွာပြောလာသည့်အတွက် ကျွန်ုပ်တို့မောင်နှမငါးဦး၊ အမေ၊ အဖေ မိသားစုခုနစ်ဦးတစ်ဝိုင်းတည်း၊ တစ်ချိန်တည်း ထမင်းလက်ဆုံ အတူစားဖြစ်ခဲ့ကြသည်။ အားလုံး ဌာနဆိုင်ရာဝန်ထမ်းတွေချည်းမို့ ထမင်းအတူလက်ဆုံမစားဖြစ်သည်မှာ အနှစ်နှစ်ဆယ်ခန့်ပင်ရှိခဲ့ပြီ ဖြစ်သည်။ ထိုနေ့ထိုရက် (၁၈-၄-၁၉၉၅) နေ့ နေ့လယ်စာ ထမင်းဝိုင်းသည် အမေနှင့်အတူ ကျွန်ုပ်တို့မိသားစု ထမင်းလက်ဆုံစားခဲ့သည့် နောက်ဆုံးနေ့၊ နောက်ဆုံးအကြိမ်ဖြစ်မည်ကို မည်သူမျှကြိုတင်မသိနိုင်ခဲ့ပါပေ။

ညနေ(၆း၃၀)ခန့်တွင် အမေမူးဝေလဲသွားခဲ့သည်။ ကျွန်ုပ်နှင့် အစ်မကြီး မဌေးဌေးတို့ ရပ်ကွက်ထဲမှ ဒေါက်တာစန်းဆင့်ဝေကို ပြေးခေါ်သည်။ အရေးကြီးလူနာများနှင့် ပြည့်နေပြီး လိုက်မလာနိုင်ခဲ့ပါ။ ထို့နောက် ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးစွဲရှိသော ဒေါက်တာချစ်သိန်းထံ အပြေးသွားပြီးခေါ်ရသည်။ ဒေါက်တာချစ်သိန်းက ချက်ချင်း ကျွန်ုပ်နှင့်အတူလိုက်လာပါသည်။

အိမ်သို့ရောက်သောအခါ အိမ်နီးချင်း ဦးစိန်ထွန်း၊ ဒေါ်တင်အေးမိသားစုနှင့် ဒေါ်တင်လှိုင် ဒေါ်ကြည်မြင့်တို့ပါ အမေ့အနီးမှာ ဝိုင်းအုံနေသည်။ အဖေက အမေ့ဘေးထိုင်ရင်း မျက်နှာမကောင်းပါ။ အဖေ့မျက်နှာသည် တစ်စုံတစ်ခုကိုသိခဲ့နေပြီးမျက်နှာဟု ကျွန်ုပ် ဖတ်ကြားမိသည်။

ဒေါက်တာချစ်သိန်းမှ အမေ့ကို နားကြပ်နှင့် သုံးလေးနေရာထောက်၍ စမ်းသပ်သည်။ ထို့နောက် မျက်လုံးကို ဖြဲကြည့်သည်။ ပြီး လက်နှစ်ဖက်မှ လက်သည်းများကို ကြည့်သည်။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

...တ်မှ နှလုံးနေရာကို လက်နှစ်ဖက် ...ဘက်၍ (၃) ကြိမ်ခန့် ဖိနှိပ်ကြည့် ...ပြီး ဖြီးလျှင် နောက်ဘက်တွင် ရပ်နေ ...သော ကျွန်ုပ်မျက်နှာကိုကြည့်၍ ခေါင်း ...ပြလေရာ -

"ဗျာ - အမေ. . . အမေ ဆုံးပြီ ..."

ကျွန်ုပ်တစ်ကိုယ်လုံး လျှပ်စစ်ဓာတ် ...စီးလိုက်ရသလို ဖာဆတ်ဆတ်တုန် ...သွားပြီး အဝင်တံခါးမတံခါးရွက် ...ကို ဝုန်းခနဲ ပြေးတိုက်လိုက်မိသည်။ ...မိသားစုလုံးနှင့် ဆွေမျိုးမွေးချင်းများ ...နည်းပူဆွေး ငိုကြွေးသံတို့က တစ်ရပ် ...ကွက်လုံး ပွက်လောရိုက်ဆူညံသွားသည် ...ထင်လိုက်မိပါတော့သည်။ အမေဆုံး ...သော ထိုနေ့သည် ၁၈-၄-၁၉၉၅ နေ့ ...လေသည်။

အမေ့အတွက် ကုသိုလ်ဆက် ...ဖြစ် သက်ပျောက်ဆွမ်း၊ မြေချဆွမ်း ... တပ်လှူခဲ့ပြီး ၂၄-၄-၉၅ နေ့တွင် ...လည်ဆွမ်းသွတ်တရားနာကာ အမျှ ...ဝေသာဓုခေါ် စေခဲ့ပါသည်။ သို့သော် အမေ သာဓုသုံးကြိမ်ပြည့်အောင် ...လွန်မှခေါ်နိုင်ပါစေဟု ကျွန်တော် (...ကြောင့်ရယ်မသိ) သံသယဝင်ခဲ့မိရ ...လေသည်။

■

ကျွန်ုပ်ငယ်စဉ်က မှတ်ကြားနာ ...ခဲ့သောတရားတစ်ခုတွင် ကွယ်လွန် ...တစ်ဦးအတွက် ရည်စူးကုသိုလ်ပြုလုပ် ...၍ အမျှဝေသော်လည်း ထိုသူသည် ...လွန်ဘဝမှ သာဓု (၃) ကြိမ်ပြည့် အောင်မခေါ်နိုင်လျှင် ကောင်းသောဘုံ ဘဝသို့မရောက်နိုင်သေး။ မကျွတ်မလွတ် နိုင်သေး။ သာဓု (၃) ကြိမ်ပြည့်အောင် ခေါ်နိုင်မှသာလျှင် ကျွတ်လွတ်ပြီး ကောင်းသောဘုံဘဝ အမြင့်နန်းတွင် ...နိုင်သည်ဟု နာယူမှတ်သားခဲ့ဖူးပါ သည်။ ယခုလည်း ကျွန်ုပ်၏ မိခင်ကြီး သည် သာဓု(၃)ကြိမ်ခေါ်နိုင်ပါရဲ့လား ဟု ယုံမှားသံသယဖြစ်မိခဲ့ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဤသို့ တည်း။

အမေ ကွယ်လွန်သည့် (၁၈-၄-၉၅) နေ့ နေ့လယ်စာ မိသားစုမျက်နှာစုံ ညီ လက်ဆုံထမင်းစားသောအခါ -

"အမေ ဒီနေ့ သိပ်ပျော်တယ်။ အပျော်ဆုံးပါပဲကွယ်။ လူစုံတုန်းပြော စရာရှိတာ အားလုံးကို ပြောရဦးမယ်။ တစ်သက်လုံးမှတ်ထားကြ။ ဖအေကြီးက တစ်ခါတစ်ရံ သောက်တတ်စားတတ် တယ်။ အသက်ပဲခြောက်ဆယ်ကျော်ပြီ။ ဘုရားနဲ့တရားနဲ့နေသင့်ပြီ။ ဒီသုရာကို ရှောင်ပါတော့။ ဖအေကြီးခွက်ပုန်းကျိတ် နေတာသိပ္ပါ။ တင်ကြည်မတို့ကမသိချင် ယောင်ဆောင်နေတာ။ ကွမ်းဝါးလာပေ မယ့် အရက်နံ့က အရက်နံ့ပဲ။ ဘယ်ဖုံး ကွယ်လို့ရမလဲ။

သမီးကြီး ဌေးဌေး၊ သမီးကြီးက အားနာတတ်လွန်းတယ်။ လက်သုံးဖွာ တယ်။ သမီးကြီးအတွက်နောင်ရေးစိတ် မအေးဘူး။ နေရာတကာ အားနာတာ မကောင်းဘူး။ ငွေသုံးဖွာရင် ကျွန်မွေး ပေါက်တတ်တယ်။ နှမြောရမယ်။ ကပ် စေးနဲ့ရမယ် မဆိုလိုဘူး။ စစ်စီချွေတာ တတ်ဖို့ပြောတာ။ အသုံးနဲ့အဖြုန်းခွဲခြား သိစေချင်တာ။ စာမတတ်တာလည်း မဟုတ်ဘူး။ သင်ထားတဲ့ပညာတွေကို အလကားမဖြစ်စေနဲ့။

သမီးငယ် အေးအေး၊ သမီးငယ် က မာန်မာနကြီးလွန်းတယ်။ ထောင် လွှားလွန်းတယ်။ အဲဒါတွေဟာ ဘဝ အောင်မြင်မှုအတွက် အဟန့်အတား အနှောင့်အယှက်ဖြစ်တတ်တယ်။ မွေး ချင်းမောင်နှမတွေအပေါ်ကိုတောင် သမီး ငယ်မှာ ငဲ့ညှာစိတ်နည်းနေတာ အမေ သိတယ်၊ ဆင်ခြင်ပြုပြင်ဦး။

သားကြီးကို ပြောရဦးမယ်။ (ကျွန်ုပ်ကိုပြောခြင်းဖြစ်သည်) အပေါင်း အသင်းစုံလွန်းတယ်။ ရုံးသမားရော၊ ဖဲသမားရော၊ အရက်သမားရော၊ သူခိုး ရော၊ ဂျပိုးရောပေါင်းသင်းတာ အမေ မကြိုက်ဘူး။ တံငါနားနီးတံငါ၊ မုဆိုးနား နီးမုဆိုးဖြစ်မှာ အမေစိုးရိမ်တယ်။ သား ကြီးဘီယာဆိုင်ထိုင်တာ၊ ဟိုသွားဒီသွား လမ်းများနေတာ အမေသိတယ်။ အလုပ် သဘောအရ ရုံးသမားဆိုတော့တာ အသောက်အစားမကင်းတာကို အမေ နားလည်ပေးနိုင်ပါတယ်။ ချင့်လွှတ်ပေး လို့ရတယ်။ ဒါပေမယ့် မြို့သစ်သွား သောက်၊ မကွေးသွားပျော် ဆိုတာမျိုး ဆင်ခြင်ပါ။

သားလတ်ကို ပြောရရင် စိတ် ထက်လွန်းတယ်။ ဒေါသထွက်ရင် မင်း ထိန်းရတာခက်တယ်လို့ ပြောကြတယ်။ လက်အောက်လက်ငယ်သားတွေကို လိုက်လျောသင့်တာလိုက်လျော၊ သည်း ခံသင့်တာသည်းခံ၊ မသိချင်ယောင် ဆောင်သင့်တာဆောင်၊ မမြင်ချင် ယောင်ဆောင်သင့်တာဆောင်ပါ။ နေ ရာတိုင်း ဆန့်စဉ်ရာကျည့်မွေ့လိုက် ပြော ဆိုဆူနေရင် မေတ္တာတုံးကြီးကြီးပို့ကြ လိမ့်မယ်။ လူချဉ်ဖတ်မဖြစ်စေနဲ့။

သားထွေးကတော့ အေးလွန်း တယ်။ သဘောကောင်းလွန်းတယ်။ ကိုယ့်တာဝန်ကိုယ့်အလုပ်ကို ပေါ့ပေါ့ တန်တန်လုပ်ချင်တယ်လို့ အမေကြားရ တယ်။ တာဝန်ကိုလေးစားပါ သားရယ်။ အလုပ်ကို အလေးထားပါ။ ဒီအလုပ်က ကိုယ့်ဘဝကို လူတစ်လုံးသူတစ်လုံးဖြစ် စေတာလေ။ အလုပ်က ထမင်းကျွေးနေ တာ။ အလုပ်ဟာထမင်းရှင်ပဲ။ ထမင်းရှင် အလုပ်တာဝန်ကို ပေါ့ပေါ့တန်တန်အလေး မထားရင်ထမင်းငတ်တတ်တယ်၊ ထမင်း ရှားတတ်တယ်။ သူများထမင်းနောက်ကျ မှစားရတတ်တယ်။ အလုပ်ကိုလေးစား သူမှာအရာရာအောင်မြင်တယ်၊ ပေါ်များ တယ်။ မြဲမြဲမှတ်ထားကြ"

အနိုကဲ့သို့ ဆုံးမစကား၊ မှာစကား တွေ တဝကြီး တစ်လုံးတစ်ခဲတည်းပြော သွားခဲ့သည်။ သံခိပ်အနှစ်ချုပ်သော် အဖေ အပါအဝင် ကျွန်ုပ်တို့ညီအစ်ကို မောင်နှမငါးယောကလုံးအတွက် အမေ စိတ်မချ ရတတ်မအေးပုံကို ဖော်ပြနေ သည်ပင် မဟုတ်ပါလား။ ယင်းသို့ စိတ် ပူပန်စိတ်မချခြင်းများစွာများပြောပြီး နာရီပိုင်း သုံးလေးနာရီအတွင်းမှာ အမေ မူးလဲပြီး ကွယ်လွန်သွားခဲ့ရသဖြင့် အမေ့ မှာသံယောဇဉ်အမျှင်တန်းနှင့် မရဏာ လမ်းသို့မြန်းခဲ့ရသည်။ သမုဒယမပြတ် သဖြင့် ဒုက္ခအထပ်ထပ်ရစ်ပတ်ချည် နှောင်လျက် တမလွန်ဘဝအမှောင်တွင် အမေတစ်ယောက်အောင်မြင်စွာ သာဓု သုံးကြိမ်ခေါ် ဆိုနိုင်ပါ့မလားဟု ကျွန်ုပ်သံ သယဝင်နေခဲ့ရခြင်း ဖြစ်ပါလေသည်။

ကျွန်ုပ်၏ ဥပါဒါန်စိတ်ကြောင့်ပေ ပဲလားမသိ၊ မိခင်ကြီးကွယ်လွန်ပြီး ခုနစ် ရက်မြောက် ရက်လည်ဆွမ်းသွတ်ပြီး သည့်ည(ကွယ်လွန်သူတို့သည် ခုနစ်ရက် မြောက် ရက်လည်ဆွမ်းသွတ်ပြီး ညတွင် ဆွေမျိုးဉာတိတို့ကို နှုတ်ဆက်လေ့ရှိသည် ယူဆသည့်ည) အိပ်ရာဝင် ည(၁၁)နာရီ ခန့်လောက် အမေသည် ကျွန်ုပ်ကို လာ နှိုးလေသည် -

'သားကြီး၊ သားကြီး၊ အမေပြော တာသေချာနားထောင်နော် အမေ့မှာ ရတက်အပူတွေ၊ သမုဒယတွေနဲ့ ထွေး လုံးရစ်ပတ်ဖွဲ့နေတယ်။ ဒါကြောင့် မိသား စုရဲ့ကုသိုလ်အမျှကို အမေ သာဓုတစ် ကြိမ်ပဲခေါ်နိုင်သေးတယ်။ နောက်ထပ် သာဓုနှစ်ကြိမ်ခေါ်နိုင်ဖို့ တစ်လပြည့်၊ သုံး လပြည့်၊ တစ်နှစ်ပြည့် ဆိုသလို အမေ့ အတွက်ရည်စူး ကုသိုလ်တွေပြုပေးပါဦး ကွယ်။ အမေ အခုသားတို့နဲ့အနီးဆုံး အရှေ့မြောက်က တမာပင်ကြီးမှာမှီနေရ တယ်။ သာဓုတစ်ကြိမ်မှ မခေါ်ရသေး သူတွေထဲမှာ အမေဟာ အနူတော လူ ချောဆိုသလို ဖြစ်နေတာပေါ့။ အမေ့ကို အလေးထားကြ၊ နေရာပေးကြပါတယ်။

www.burmeseclassic.com

ဒါပေမယ့် ဒီဘဝကြီးမှာ အမေမနေပါရ ရစေနဲ့။ ဆိုးလှတဲ့ ဘဝကြီးပါကွယ်။ အမေ အမြန်ကျွတ်လွတ်အောင် မမေ့မလျော့ ရည်စူးကုသိုလ်ဆက်တွေ ပြုပေးပါနော်။ သားကြီးရဲ့ အဖေကိုလည်း ပြောလိုက်ဦးမယ်"

"သားပြောလိုက်ပါ့မယ် အမေရယ်။ အမေပင်ပန်းပါ့မယ်။ မနက်မှ အဖေကို တိုးတိုးတိတ်တိတ် ပြောပြလိုက်ပါမယ်။ စိတ်ချပါအမေ။ စိတ်ချပါ အမေရယ်"

ကျွန်ုပ်ငိုရှိုက်သံကြီးနှင့် အမေ့ကို အားတုန်အော်ပြောလိုက်မိသည်။

"မောင် မောင်၊ မောင်ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ။ သတိထားပါ မောင်၊ သတိထား သတိထား"

ဇနီးသည် မြိုင်မှ ကျွန်ုပ်ရင်ဘတ်ကို ဖိလှုပ်လိုက်မှ ကျွန်ုပ်မျက်စိပွင့်နိုးလာရသည်။ ခန္ဓာကိုယ်တစ်ကိုယ်လုံးလည်း ချွေးတွေနှင့် ရွှဲနစ်နေသည်။ ချွေးများနှင့် အအေးပတ်မည်စိုးသဖြင့် ပုဆိုး၊ အကျီများလဲဝတ်လိုက်ရသည်။

"မောင်ဘီလူးစီးတာလားမသိဘူး။ မောင် အသံကျယ်ကြီးအော်လိုက်တာ မြိုင်စောင်လန့်သွားတယ်။ နေ့လယ်တရုံးမှာဘာတွေဖြစ်ခဲ့လို့လဲ"

"ရုံးအလုပ်ရုံးကိစ္စနဲ့ မဆိုင်ပါဘူးကွယ်၊ ဒီလိုပါ"

ဇနီးသည်အား အိပ်မက်တွင် မိခင်ကြီးနှင့် တွေ့ရပုံ၊ မှာကြားသွားသည့် စကားများကို အသေးစိတ်ပင် ပြန်ပြောပြလိုက်မိသည်။

"အဲဒါပါပဲ မြိုင်ရယ်။ မနက်မှပဲ အဖေ့ကိုလည်း ပြောပြရဦးမယ်"

"ပြောရမှာပေါ့ မောင်ရယ်။ အမေ သနားပါတယ်။ သာမှုတစ်ကြိမ်ခေါ်နိုင်သေးတယ်ဆိုတော့ မကျွတ်မလွတ်သေးဘူးပေါ့။ လစဉ်ကုသိုလ်တင်မကဘူး။ နေ့စဉ် ဆွမ်းလောင်း၊ အလှူခံထည့်တာကအစ အမေ့အတွက် ရည်စူးလှူကြတာပေါ့ မောင်ရယ်"

ထိုညက ပြန်အိပ်သော်လည်း ကျွန်ုပ်မှာ တော်တော်နှင့် အိပ်မပျော်ပါ။ မိခင်ကြီး ဥပုသ်စောင့်သွားစဉ် ယောဂီတဆက် ပခုံးပေါ်တင်၍ ဆွမ်းငါးဆင့်ချိုင့်ကို အခြားသူအကိုင်မခံဘဲ ကိုယ်တိုင်ဆွဲကိုင်သွားပုံကိုသာ မြင်ယောင်နေမိပါတော့သည်။

■

နောက်နေ့နံနက် လက်ဖက်ရည်ဝိုင်းတွင် အဖေနှင့် ကျွန်ုပ် နှစ်ယောက်တည်းရှိစဉ် စကားစလိုက်မိသည်။

"အဖေ့ကို သားပြောစရာရှိတယ်။ အဖေစိတ်မကောင်းမဖြစ်ပါနဲ့နော်"

"ဟေ - အဖေတလည်း သားကြီးကို ပြောစရာရှိနေတာကွ။ သားကြီး စိတ်မကောင်းဖြစ်မှာစိုးလို့ချိန်ဆနေတာ။ ဟုတ်နေပါပြီကွာ၊ ဟုတ်နေပါပြီ"

"အဖေပြောမှာဘာစကားမို့လဲ။ ဘာဟုတ်နေတာလဲအဖေ။ အဖေအရင်ပြောပါ။ ပြီးမှ သားပြောပါ့မယ်"

အဖေသည် အငွေ့ထနေသော ရေနွေးကြမ်းပန်းကန်ကို တွေတွေကြီး စူးစိုက်ကြည့်လိုက်ပြီး -

"ဒီလို သားကြီးရေ၊ ဒီစကားကို သားကြီးနဲ့ အဖေပဲ သိပါစေ။ တခြားကို မပေါက်ကြားပါစေနဲ့ကွာ။ ညက မင်းတို့အမေ အဖေ့ဆီလာတယ်။ အိပ်မက်ထဲမှာ အဖေ့ကိုပြောသွားတာ သူသာမှုတစ်ကြိမ်ပဲခေါ်နိုင်သေးလို့ ရည်စူးကုသိုလ်မပြတ်လုပ်ပေးဖို့ဘဲ။ အခု တမာပင်ကြီးပေါ်မှာ မကျွတ်မလွတ်ဘဝနဲ့ နေနေရတယ်တဲ့ကွာ"

"တင်- ဟုတ်လား အဖေ"

"ဟုတ်တယ် သား။ သားမယုံလို့လား၊ အံ့ဩနေတာလား"

"ယုံပါတယ် အဖေ။ အံ့ဩနေတာလည်း မဟုတ်ပါဘူး။ သားကိုလည်း အဲဒီအတိုင်းအိပ်မက်ပေးပြောသွားတယ် အဖေ။ အဖေ့ကိုလည်း ပြောဦးမယ်လို့ ပြောသွားပါတယ်။ဒါဆို အမေဟာ. ."

"ဟုတ်တယ်သား။ သားတို့အမေ အမှန်တကယ် မကျွတ်မလွတ်သေးတာဘဲ။ အဖေတို့ နေ့စဉ် သူ့ကိုရည်စူးပြီး ဆွမ်း၊ ပန်း၊ ဆီမီး၊ သင်္ကန်း၊ ဖိနပ်၊ ဆေးဝါးဆိုသလို ကုသိုလ်ပြုကြရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ အဖေ။ ကုသိုလ်ပြုကြရမှာပေါ့ အဖေရာ"

ဤသို့ဖြင့် ကျွန်ုပ်နှင့် ဖခင်ကြီးတို့ မိခင်ကြီးအတွက် နေ့စဉ် အလှူအဖြစ် တစ်ကျပ်တစ်ပြားအမြတ်ထားလှူသည့် အပြင် လစဉ် ဆွမ်းအလှူ၊ ရေအလှူ၊ လျှပ်စစ်မီးအလှူ၊ ဝါဆိုသင်္ကန်း၊ ဆေးဝါး၊ ကျောင်း၊ ဇရပ်အလှူများပါ ရည်စူး ကုသိုလ်အဖြစ် တမွှည်းထိုးလှူကာ အမျှပေးဝေ သာဓုခေါ် စေခဲ့ပါသည်။

တစ်နှစ်ခွဲခန့်အကြာ တစ်ညတွင်-

ကျွန်ုပ်သည် ရုံးကိစ္စအလုပ်ဖြင့် နယ်သို့ တစ်ပတ်ခန့် ကွင်းဆင်းခရီးထွက်ရာမှအပြန် ပင်ပန်းခဲ့သမျှအတွက် စိတ်ကို လုံးဝဖြေလျှော့ပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် -

"သားကြီး သားကြီး။ သားကြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်နေလို့ အမေစောင့်ကြည့်နေတာ။ အခု အမေ့ကို နတ်ရထားတွေလာခေါ် နေပြီဖြစ်လို့ နိူးလိုက်ရတာ။ အမေ့ကို စိတ်မဆိုးရ၊ စိတ်မကွက်ရဘူးနော်။ အမေအသက်အဆင့်ဘုံအမြင့်တို လွတ်လွတ်ကျွတ်ကျွတ်တူးသွားနိုင်ပါပြီ။ သာဓုလည်း (၁) ကြိမ်မကဘူး။ အကြိမ်ကြိမ်ခေါ်နိုင်ခဲ့လို့ အမေ့ရဲ့ကိုယ်ရောင်ကိုယ်ဝါဟာ ပိုပြီးတောက်ပခဲ့ရပြီ။ သားကြီးကို အမေချွေးရနုပ်ခဲ့ပါပြီ။ အမေ့ရဲ့ သားရတနာအစစ်ပါကွယ်။ သားကြီး အဖေ အမေ့ရဲ့အိမ်ဦးနတ်ကိုလည်း နှုတ်ဆက်ခဲ့၊ ပြောခဲ့ပြီးပြီ။ အမေသွားတော့မယ်နော်"

"ဝမ်းသာလိုက်တာ အမေရယ်။ ဝမ်းသာလိုက်တာ၊ သားသိပ်ကိုပျော်ပါတယ် အမေ။ သိပ်ကိုပျော်ပါတယ်"

လှိုက်လှိုက်လှဲလှဲပြော၍ရင်း ကျွန်ုပ်ပြုံးနေမိပါသည်။

"ဟေ - သားကြီးကိုလည်း လာပြော နှုတ်ဆက်သွားပြီပေါ့"

ဒါ အမေ့အသံပဲဟု သိလိုက်ပြီး အိပ်ရာမှ ကျွန်ုပ် လူးလဲထလိုက်သည်။ ကျွန်ုပ် ခုတင်ဘေးတွင် ဖခင်ကြီးသည် ပီတိအပြည့်ဖုံးသော လပြည့်ဝန်းအပြုံးကြီးနှင့် ရပ်နေသည်ကို တွေ့ရသည်။

"ဟုတ်တယ် အဖေ။ အခုနပဲ အမေနှုတ်ဆက်ပြောသွားတယ်။ အဖေ့ကိုလည်း ပြောသွား၊ နှုတ်ဆက်သွားပြီလား"

"အဖေ့ကို အရင်လာပြောနှုတ်ဆက်ပြီးမှ သားကြီးဆီ သွားပြောနှုတ်ဆက်မယ်ပြောသွားတာကွ။ ဒါကြောင့် အဖေ အောက်ထပ်ကနေ အပေါ်ထပ် သားကြီးအိပ်ရာဆီလာခဲ့တာ"

(ထိုစဉ်က ကျွန်ုပ်ဖခင်မှာ (၆၄) နှစ်အရွယ်ဖြစ်ပြီး တက်ရ၊ ဆင်းရ ကရိကထဒုက္ခများသဖြင့် အိမ်အောက်ထပ်တွင် အိပ်စက်နေထိုင်ပြီး ကျွန်ုပ်မှာ အိမ်အပေါ်ထပ်တွင် အိပ်ပါသည်။)

"အဖေ မပျော်ဘူးလား"

"ဘယ့်နှယ်မေးလိုက်ပါလေ့ကွာ။ အဖေ့ရင်ထဲသာဝင်ကြည့်လိုက်စမ်းပါကွာ ဟင်း . . ဟင်း . . ဟင်း "

ကျွန်ုပ်တို့သားအဖနှစ်ဦး ကြည်နူးကျေနပ်ခြင်းများစွာဖြင့် ပြည့်ဝစွာပြုံးရယ်နိုင်ခဲ့ရပါပြီ။ အမေသည် ကွယ်လွန်ပြီး တစ်နှစ်ခွဲကျော်ကြာမှ ကောင်းစွာနှုတ်ဆက်၍ ကောင်းရာဘုံဘဝသို့ကူးပြောင်း ကျွတ်လွတ်သွားနိုင်ခဲ့ရပါလေသည်။

■

ကျွန်ုပ်၏ဖခင်ကြီး ဦးကြီးလှသည် အသက် (၆၀)နှစ်၊ လုပ်သက် (၂၉)နှစ်တွင် သက်ပြည့်ပင်စင်ရခဲ့သည်။ အဖေ တာဝန်ထမ်းဆောင်ရာ တရားရေးဦးစီးဌာနမှ မင်းကြီးဦးသိန်းလွင်က အဖေ့ကို လွန်စွာချစ်ချင်သေးစားပြီး ဆရာကြီးကို



www.burmeseclassic.com

www.burmeseclassic.com

တ်တွဲမဖြုတ်ချင်ဘဲ ဖြုတ်ရတယ်ဗျာ။ ရာကြီးနေရာမှာ ဘယ်သူ့အစားထိုးရ သိဘူး' ဟုပင် ပြောဆိုမှတ်ချက်ချ လေသည်။

အဖေက လူအေးသော်လည်း လုပ်တာဝန်နှင့်ပတ်သက်လျှင် တိကျ ည်၊ သေချာရေရာသည်။ အထက်လူ ကြီး စိတ်အနှောင့်အယှက်မဖြစ်စေရ။ အများအယွင်းကင်းနိုင်သမျှကင်းအောင် ဆောင်ရွက်လုပ်ကိုင်သူ၊ အထက်လူကို ချာ အောက်လူကိုပါ ပြေပြေပြစ်ပြစ် အောင်ပြောဆိုဆက်ဆံသူဖြစ်သည်။ သော် အလုပ်နှင့်ပတ်သက်လျှင်တော့ အောက်လူကိုလည်း ချက်ချင်းထောက်ပြ ပြင်စေသည်။ သူကိုယ်တိုင် သေချာ စ်ဆောင်ရွက်ထားသော အလုပ်အ တွက် ဆီလိုအပေါက်ရှာ၍ အထက်လူက အတွက်ကြဲဖန်ထောက်လာလျှင်လည်း ချက်ချင်းမဟုတ်မခံစိတ်ဖြင့် (မည်မျှကြီး သောအထက်လူကြီးဖြစ်ဖြစ်) ရှင်းပြ၊ ပြန် ဆောက်ပြလုပ်တတ်သည်။ လူအေး၊ လူ ကောင်း၊ လူမှန်ဖြစ်သဖြင့် အဖေ့ကို အထက် လူကြီးတိုင်းလိုလိုက ချစ်ခင်ယုံကြည် ထားခဲ့ကြသည်။ လုံးဝအမှားအယွင်း အဖြစ်မခံနိုင်သောကိစ္စရပ်တိုင်း အဖေ့ ကိုသာရွေးချယ်တာဝန်ပေးလေ့ရှိခဲ့သည် ကို ကျွန်ုပ်မှတ်မိနေပါသေးသည်။

အဖေသည် အသက် (၆၀) တွင် အငြိမ်းစားပင်စင်စားဖြစ်ခဲ့ပြီး အဖေ့ အသက် (၆၄) နှစ်တွင် အမေကွယ်လွန် သွားခဲ့သဖြင့် မုဆိုးဖိုဘဝသို့ သားသမီး တို့နှင့်အတူကျန်ခဲ့ရလေသည်။ ဘက်ပဲ့ သွားသည့်ဘဝဟု ဆိုရပေမည်။

သို့သော် အဖေသည် တရားနှင့် ခြေ တရားနှင့်နေထိုင်နိုင်ခဲ့ပါသည်။

"အနိစ္စဆိုတဲ့ မမြဲတရားသာလျှင် အမြဲရှိတယ်။ ဆန်ဆုံစား၊ ကံကုန်သွား တာပဲလေ။ သတ္တဝါအနန္တဟာ ကံကုန် ရင် သွားကြရမှာပဲ။ လာတုန်းကလည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်းပါပဲ။ တစ်နေ့ ဒီလမ်း ကို အဖေလည်းသွားရမှာပဲ။ သားတို့၊ သမီးတို့လည်း မလွဲမသွေသွားကြရမှာ ပဲ။ ဘယ်သူမှ ရှောင်လွှဲကွေ့ကွင်း ပြင်း ဆန်လို့မရနိုင်ဘူး။ တို့မြတ်စွာဘုရားရှင် တောင်မှ ရှောင်လွှဲမရခဲ့ဘူးလေ"

သို့ကလိုသို့ကလို အဖေဆိုခဲ့ပြော ခဲ့ပါလေသည်။

မမေ့မလျော့သော သတိတရား ဖြင့် ဘဝကို ကျေနပ်ရောင့်ရဲစွာနေထိုင် လာခဲ့သော အဖေသည် ဇရာဒုက္ခ တရားအရ အသက်(၆၉)နှစ်ထဲ တစ်နေ့ သော နေ့လယ် (၁၁) နာရီခန့် နေအိမ် အောက်ထပ်တွင် ၎င်း၏ အစ်ကိုကြီး နှစ်ဦး (ကျွန်ုပ်၏ ဦးကြီးများ) ဖြစ်သော ဦးအုန်းမောင်၊ ဦးညွန့်မောင်တို့နှင့် စကားပြောဆိုနေစဉ် ထိုင်နေရာမှ မတ် တတ်ထရပ်ရာရပ်မရ ခြေထောက်ကွေး မရ၊ ဆန့်မရဖြစ်ကာ ညာဘက်တစ်ခြမ်း လေဖြတ်ပြီး အိပ်ရာတွင် ဗုန်းဗုန်းလဲခဲ့ ရလေသည်။

ကျွန်ုပ်တို့ မောင်နှမငါးဦး ခြေမ ကိုင်မိလက်မကိုင်မိ ကြီးစွာသော တုန် လှုပ်မှုများဖြစ်ခဲ့ရသည်။ မြန်မာအကြော ပြင်ဆရာ၊ အနောက်တိုင်း ဆေးဆရာ၊ အရှေ့တိုင်းဆေးဆရာတွေ စုံအောင် ကုသစေခဲ့သည်။

မမြဲသော တရားသဘောအရ အဖေ၏ခန္ဓာတစ်ခြမ်းသည် ပြန်လည် ၍ မကောင်းခဲ့ပါ။ အနီးဆုံး ညီမဖြစ်သူ မအေးအေးက အဖေ၏ ကျင်ကြီးကျင် ငယ်၊ ချွဲသလိပ်မှအစ အိပ်ရာခြင်ထောင် နေ့စဉ်လဲပေး၊ ဆေးကြောသန့်စင်ပေး ကာ ဖခင်ကြီးကို ပြုစုစောင့်ရှောက် ကျေးဇူးဆပ်ခဲ့သော်လည်း ကျွန်ုပ်တို့မှာ မိသားစုအရေးနှင့် ဖခင်ကြီးအနီးတစ်နေ့ တစ်ကြိမ်သာ အနိုင်နိုင်ကပ်နိုင်ခြေဆပ် လက်နယ်ပြုခဲ့ရသည်။ ကျေးဇူးယှဉ်ပြိုင် မှဆပ်နိုင်ခဲ့သည်ကို ကျွန်ုပ် ဝန်ခံရမည် ဖြစ်ပါသည်။

အသက် (၆၉) နှစ်တွင် ကိုယ်တစ် ခြမ်း လေသင်တုန်းအဖြတ်ခံခဲ့ရသော အဖေသည် အသက် (၇၇) နှစ်၊ ၄-၃- ၂၀၀၉ နေ့၊ ညဥ့် (၁) နာရီတွင် ကွယ် လွန်အနိစ္စရောက်ခဲ့လေသည်။

မိခင်ကြီးကွယ်လွန်ခဲ့သည့် သေ ခြင်းတရားကို တွေ့ကြုံခဲ့ပြီးသော ကျွန်ုပ် တို့ မွေးချင်းမောင်နှမငါးဦးလုံးကို အော် ကြီးဟစ်ကျယ်မငိုကြစေရန် ကျွန်ုပ်တို့ ငိုနေလျှင် အဖေ၏ဝိညာဉ်ကို ပိုမိုစိတ် မကောင်းဖြစ် အနှောင့်အယှက်ဖြစ်လိမ့် မည်ဟု ပြောဆိုဖျောင်းဖျ၍ ကျွန်ုပ်တား မြစ်ခဲ့သည်။

ထို့အပြင် မိခင်ကြီးကွယ်လွန် သည်မှာ နွားနို့တစ်ညှစ်၊ လက်ဖျစ်တစ် တွက်၊ မျက်တောင်တစ်ခတ်အတွင်း ခေါင်းမူးသည်ဆိုကာ ချက်ချင်းကွယ် လွန်သွားပြီး ရေတစ်ပေါက်ပင်တိုက်ခွင့် မရလိုက်။ သားသမီးများအဖို့ ဘာမှပြုစု ခွင့်မရလိုက်၊ ကျေးဇူးဆပ်ခွင့်မရလိုက်၍ ပိုမို၍ခံစားပူဆွေးခဲ့ကြရခြင်းဖြစ်သည်။ ဖခင်ကြီးကိုမူ အသက် (၆၉) နှစ်မှစ၍ ကွယ်လွန်ချိန် (၇၇) နှစ်အထိ (၈) နှစ် တာကာလလုံးလုံး ကျွန်ုပ်တို့ မွေးချင်း မောင်နှမငါးဦးလုံး အားရအောင်ပြုစုခဲ့ ကြရသည်။ ကျေးဇူးဆပ်ခွင့်ကြုံခဲ့ကြရ သည်။ ယခုအခြေအနေမှာ ဖခင်ကြီး၏ ကံတရားကုန်ဆုံး၊ မီးစာကုန်ဆီခန်းသည့် အနေအထားတွင် သေမင်းနှင့်မယှဉ်နိုင် ၍ လက်လွှတ်လိုက်ရ အ...ပေးလိုက်ရ သည့်အခြေအနေမို့ ...သာသင့်သ လောက် ဖြေသာပါသည်...ု ဆိုနိုင်ပါ သည်။

နောက်နေ့နံနက်တွ... ဖခင်ကြီး အတွက် ကုသိုလ်ဆက်ဖြစ်စေရန် သင်္ကန် ပျောက်ဆွမ်း၊ ထို့နောက် ...ချဆွမ်း၊ ပြီး ရက်လည်ဆွမ်းသွတ်အလှ...နများပြုပြီး အမျှပေးဝေ သာဓုခေါ်...ခဲ့ပါသည်။ ဖခင်ကြီးသည် ရေဆာသ...ာတောင်း သဖြင့် ရေတိုက်ပေးသ...သောက် ရင်း 'ဘုရား ဘုရား ဘုရ... ဟု ဘုရား ရှင်ကိုတရင်းညင်သာစွာ ...ယ်လွန်သွား ခဲ့ခြင်းဖြစ်ပြီး ကျွန်ုပ်တို့ သ...သမီးများပြု ပေးသော ကုသိုလ်ဆက်ဆွမ်းအလှူ အတွက် သာဓု(၃)ကြိမ်ခေါ်နိုင်လိမ့်မည်။ ကောင်းရာမွန်ရာဘုံဘဝသို့ ကူးပြောင်း သွားလိမ့်မည်ဟု ကျွန်ုပ် ကောင်းစွာ ယုံကြည် ယူဆမိပါသည်။

■

တကယ်ပင် -

အဖေကွယ်လွန်၍(..)ရက်မြောက် ရက်လည်ဆွမ်းသွတ် ပြုလုပ်ပြီးသည့် ည (၁၀) နာရီခန့်တွင် ကျွန်ုပ်တို့ မိသားစု နေအိမ်အပေါ်ထပ်တွင် ရောက်တတ် ရာရာ အကြောင်းကိစ္စများစပ်မိသလို ပြောဆိုရင်း အမေနှင့်အဖေကို တမ်းတ နေစဉ် -

"အဟမ်း၊ အဟမ်း"

ချောင်းဆိုးသံ ပီပီသသနှစ်ကြိမ် ကြားလိုက်ရသည်။ ချောင်းဟန့်အသံပေး သည့် ချောင်းဆိုးသံဖြစ်ပြီး ရောဂါ ကြောင့် သလိပ်ကပ်သဖြင့် ဆိုးသော ချောင်းဆိုးသံမဟုတ်ဟု စိတ်မျက်စိတွင် သိကြရသည်။ တစ်ဆက်တည်းပင် ဖခင် ကြီး၏ ချောင်းဟန့်သံဟု ဘသိတညွတ် သိရှိကြပြန်သည်။

ဆယ်မိနစ်ခန့်ရှိသောအခါ ညီနှစ် ယောက်နှင့် ညီမလေးတို့ အိမ်ပေါ်ထပ် တက်လာပြီး -

"အစ်ကိုကြီး ခုနတုန်းက ချောင်း ဟန့်သံ ကြားလိုက်လား"

"အေးကွ၊ ကြားလိုက်တယ်။ အဖေ ဖြစ်မယ်ကွ"

"အမှန်ပေါ့ အစ်ကိုကြီးရာ။ အဖေ့ ချောင်းဟန့်သံအစစ်ပဲ။ ကျွန်တော်တို့ကို လာနှုတ်ဆက်သွားတာဖြစ်မယ်ဗျ။ ဒီည အိပ်မက်ထဲမှာ လာတွေ့...လားမသိ ဘူး။ ကျွန်တော်တောင် စိတ်ထဲက ရည် မှန်းပြောလိုက်မိသေးတယ် အဖေသိ တာခိုင်းချင်တာရှိရင် ဒီည...လာပြောပါ အဖေလို့ ပြောလိုက်မိတယ်...



www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ၊ ခုနေချောင်းဟန့်သံဟာ အပြီးနှုတ်ဆက်သွားတာလား။ ဒါမှမဟုတ် အဖေရှိတယ် သားတို့သမီးတို့ကို အဖေ စောင့်ရှောက်နေသေးတယ်။ သံယောဇဉ်မပြတ်သေးဘူးလို့ သတိပေးတာလားဆိုတာ ဒီည သိရမယ်ထင်ပါတယ်ကွာ"

သူတစ်ခွန်း ငါတစ်ခွန်း ပြောဆိုရင်း ည (၁၁) နာရီခန့်တွင် ကျွန်ုပ်တို့အားလုံး ဘုရားရှိခိုးဝတ်ပြု အမျှဝေပြီး အသီးသီးအသကအသက အိပ်ရာဝင်ခဲ့ကြပတော့သည်။

■

ဖခင်ကြီးဦးကြီးလှသည် ကျွန်ုပ်တို့အားလုံးကို ထိုညကချောင်းနှစ်ချက်ဟန့်အသံပေးခြင်းသည် နောက်ဆုံးနှုတ်ဆက်သွားခြင်းပင် ဖြစ်ပါသည်။ မည်သည့်အိပ်မက်မှလည်းမပေး။ ဘာစကားမှလဲလာမပြော။ မည်သို့မျှလည်း အရိပ်အယောင်မပြတော့ပါ။ ဖခင်ကြီးကောင်းရာဘုံဘဝသို့ ရောက်ရှိသွားပြီးလျှက် အပယ်လေးဘုံမှလွတ်ကင်းလျှက် ကျွတ်ကျွတ်လွတ်လွတ် ဘဝသစ်ကူးသွားပြီဟု ကျွန်ုပ်ယုံကြည်မှတ်ယူလိုက်မိပါသည်။

ယနေ့အချိန်အထိ ဘာမှထူးထူးခြားခြား အတိတ်နိမိတ်အရိပ်များမပြခဲ့ပါချေ။ သို့သော် ကျွန်ုပ်တို့ မွေးချင်းမောင်နှမငါးဦးသည် မိခင်ကြီးနှင့် ဖခင်ကြီးတို့ ပိုမိုကောင်းမြတ်သော အမြင့်ဘုံဘဝသို့ရောက်စေရန်၊ ကိုယ်ရောင်ပိုမိုတောက်ပလင်းလက်စေရန် အခါမလပ်အလျှဉ်းသင့်တိုင်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ သင်္ကန်း၊ ထီး၊ ဖိနပ်များ လှူဒါန်းပေးနေကြမြဲ ဖြစ်ပါလေသည်။

■

ဖခင်ကြီးကွယ်လွန်ပြီးကာလအတွင်းတွင် ကျွန်ုပ်၏ဦးကြီး ဦးညွန့်မောင် (ဖခင်၏ အစ်ကို) နှင့် ဦးကြီးဦးမြစိန် (မိခင်၏ အစ်ကို) တို့ ကွယ်လွန်ခဲ့ပါသည်။

ဦးကြီး ဦးညွန့်မောင်သည် ကျွန်တော်နှင့် လက်ပွန်းတတီး ကာလများစွာ နေထိုင်ခဲ့ပါသည်။ ဦးကြီးမှာ ရဟန်းဝါ (၁၂) ဝါ ရခဲ့ပြီး ဆေးကိုင်သဖြင့် ဆေးဘုန်းကြီးဟု နာမည်ကြီးခဲ့သူဖြစ်ပြီး ဝိနည်းအရ ရဟန်းလူထွက်၍ ဆေးဆရာအဖြစ် အသက်မွေး အိမ်ထောင်ပြုခဲ့သူ ဖြစ်သည်။ ဦးကြီးထံမှ ရှေးမြန်မာ့ရိုးရာဆေးပညာ၊ အင်းအိုင် ၊ ခါးလှည့်၊ လက်ဖွဲ့ပညာများစွာကို ကျွန်ုပ်သင်ယူရရှိခဲ့သည်။ ဦးကြီး၏ သားသမီးများမှာ ဦးကြီး၏ပညာများကို လုံးဝစိတ်ဝင်စားခြင်းမရှိ။ သင်ယူခြင်းမရှိခဲ့ပါ။ တူသားများစွာထဲတွင်လည်း ကျွန်ုပ်တစ်ဦးတည်း စိတ်ဝင်စားစွာ အလေးထားသင်ယူခဲ့ပါသည်။ သို့အတွက် ဦးကြီးသည် ကျွန်ုပ်ကို တူဖြစ်သော်လည်း သားအရင်းအချာကဲ့သို့ ချစ်ခင်တွယ်တာပါသည်။

မကွယ်လွန်မီ သုံးလခန့်အလိုတွင် ကျွန်ုပ်အား စကားမှာကြားခဲ့ပါသည်။

"ဦးကြီးပညာအကုန်အစင်နီးပါး ငါ့တူရပြီးပြီကွာ။ ဦးကြီးဝမ်းသာတယ်။ သေမယ်ဆိုရင်တောင် သေပျော်ပါပြီ။ ဦးကြီးပညာတွေကို သေရွာယူမသွားချင်ဘူး။ အကုန်ထားခဲ့ချင်တယ်။ အခု ငါ့တူကြီးကို အကုန်ပေးခဲ့ပြီးပြီ။ ရော့ - ဒီကျမ်းသုံးအုပ်နဲ့ ဆေးမှတ်စု၊ ဆေးကုသမှု လူနာအတွေ့အကြုံမှတ်တမ်းတွေ ငါ့တူယူ။ ဦးကြီးရဲ့အမွေပေါ့ကွာ။ ဦးကြီးမှာ ချမ်းသာတာ ဒီပညာတွေပဲရှိတယ်။ ဦးကြီးမှာ ဘာရွှေဘာငွေမှမရှိဘူး။ ဘာမှမရှိလို့လည်း ချမ်းသာခဲ့တာပဲကွ ဟဲဟဲ"

သို့တလို ကျွန်ုပ်ကို ပညာအမွေများပေးသွားခဲ့ပြီး သုံးလခန့်အကြာတွင် ဦးကြီး ကွယ်လွန်ခဲ့ပါသည်။

ဦးကြီးကွယ်လွန်သွားသောအခါ ဦးကြီးဘဝ ဖြတ်သန်းခဲ့၊ နေထိုင်ခဲ့ပုံများ ကျွန်ုပ်သိသမျှ ပြန်လည် တွေးနေမိပါသည်။

ဦးကြီးသည် ရဟန်း (၁၂) ဝါရခဲ့ပြီး ဝိနည်းနှင့်မညီဟုယူဆပြီး (ဆေးဖော်၊ ဆေးပေး၊ ဆေးကုသသဖြင့်) ရှင်လူထွက်ခဲ့သည်။ ရှင်လူထွက်ပြီးနောက် မြန်မာ့ရေမြေတောတောင်မှ သဘာဝထွက် သစ်ဥသစ်ဖု၊ရွက်၊ခေါက်၊မြစ်၊သီးများ ကိုယ်တိုင် ရှာဖွေ စုဆောင်း ကိုယ်တိုင် ဆေးထောင်း၍ လူနာတိုင်းကို စေတနာမေတ္တာဖြင့် ကုသခဲ့သည့် ဆေးဆရာစစ်စစ်ဖြစ်သည်။ အသပြာဆရာမဟုတ်။ စေတနာဆရာသက်သက်သာ ဖြစ်၍ ဦးကြီးဘဝမှာ နေဖြစ်ရုံ စားဖြစ်ရုံ အဝတ်လုံရုံမျှသာ ဖြစ်ခဲ့သည်။ သို့သော် ရပ်ရေး၊ ရွာရေး၊ ဘာသာရေးပွဲတိုင်းမှာ ဦးကြီးကိုသာလျှင် နာယကလူကြီး ခုံသမာဓိလူကြီးအဖြစ် ရှေ့တန်းမှထား ,နေရာပေးကြသည်။ စေတနာဆရာမို့ စေတနာပေး၊ စေတနာကျွေးပေးမည့်ကျွေးမည့်သူတွေပေါများသော်လည်း ဦးကြီးက ပေးတိုင်းလည်းမယူ။ ကျွေးတိုင်းလည်းမစား။ ယူသင့်မှယူစား သင့်မှစားကာ ဘဝကို ကျေနပ်ရောင့်ရဲစွာနေထိုင်ခဲ့သဖြင့် တစ်ရပ်လုံးတစ်ရွာလုံးက ဦးကြီးဆုံးပါးခြင်းအတွက် ဝမ်းနည်း နှမြောတသဖြစ်ခဲ့ကြရသည်။

ဦးကြီးကွယ်လွန်ပြီး ခုနစ်ရက်မြောက် ဆွမ်းသွတ်ပြီးသည့်ညတွင် ဦးကြီး ကျွန်ုပ်ကို မည်သို့လာ၍နှုတ်ဆက်မည်နည်းဟု စိတ်တဇောဇောဖြင့် အိပ်မောကျခဲ့ရသည်။ သို့သော် ဦးကြီးသည် လုံးဝအိပ်မက်လည်းမပေး၊ အသံလည်းမပေး၊ မည်သည့်အရိပ်အယောင်မျှလည်းမပြ၊ မည်သို့မျှ နှုတ်ဆက်ခြင်းလည်း မရှိပါ။ ဦးကြီးသည် စေတနာကောင်းသူ၊ မေတ္တာဘာဝနာပွားသူ တရားဖြင့်သာနေခဲ့သူ လောဘ၊ ဒေါသ၊ မောဟနည်းပါးခဲ့သူ အလိုရမ္မက်မရှိသလောက် နည်းပါးခဲ့သော သူတော်ကောင်းတစ်ဦးဖြစ်ခဲ့ပြီး ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံသူဖြစ်၍ ကောင်းရာဘုံဘဝသို့ ချက်ချင်းကူးရောက်သွားခဲ့သောကြောင့် နှုတ်ဆက်ရန်မလိုသူ ဖြစ်ခဲ့လေသလားဟုပင် ထင်မှတ်တွေးမြင်မိပါတော့သည်။

■

ကျွန်ုပ်၏ဦးကြီး ဦးမြစိန် (မိခင်ကြီး ဒေါ်တင်ကြည်၏ အစ်ကိုအကြီးဆုံး) သည် လွန်ခဲ့သည့် (၈) နှစ်ခန့်က ကွယ်လွန်ခဲ့ပါသည်။

ဦးကြီးသည် လယ်အင်း (လေးအိမ်) ရွာတွင် မွေးဖွား၊ ၎င်းရွာမှာပင် ကြီးပြင်းခေါင်းချခဲ့ပြီး မွေးဖွားသည်မှ ကွယ်လွန်သည်အထိ မိဘရိုးရာ တောင်သူလယ်လုပ် ဒေးမခုတ်ဖြင့် ရိုးရိုးကုပ်ကုပ်နေထိုင်ရှာဖွေလုပ်ကိုင်စားသောက်ခဲ့သူ ဖြစ်ပါသည်။

ဦးကြီးသည် အပူမရှာလိုဟု ဆိုကာ အိမ်ထောင်မပြုပါ။ လူပျိုကြီးတစ်ကိုယ်တည်းဘဝမှ အသက်(၆၀)အရွယ်တွင် နှမအငယ်ဆုံး ဒေါ်လှရည်၏မိသားစုနှင့်အတူ နေထိုင်ခဲ့ရသည်။ အရွယ်ရလာသောအခါ ကျန်းမာရေးအတွက် ရေပူ၊ ရေချမ်းကမ်းပေးကူညီမည့်သူ လိုလာသောကြောင့် ဖြစ်သည်။

ဦးကြီးနှင့်အတူ ကျွန်ုပ်သည် အသက် (၂၀) အရွယ်အထိ ယာအတူထွန်၊ ကိုင်းအတူခုတ်၊ နွားအတူကျောင်း လိုက်ပါလုပ်ကိုင်ခဲ့ဖူးသည်။ နွေရာသီ ကျောင်းပိတ်ရက်များတွင် ကျွန်ုပ်သည် တစ်နွေလုံး ဦးကြီးထံ သွားရောက် နေထိုင်ခဲ့သည်။

ဦးကြီးနှင့်အတူ ယာထဲ၊ ကိုင်းထဲ လိုက်ပြီး မြေပဲဆွတ်၊ အာလူးဖော်၊ ဟင်းရွက်ကန်စွန်းရွက်ခူးကာ ပျော်ခဲ့ရသည်။ ဦးကြီး အရွယ်ငယ်စဉ် ကောင်းစဉ်က ကျွန်ုပ်သည် ဦးကြီးနှင့်အတူ ငုံးထောင်၊ စာလိုက်၊ ဖားနှိုက်၊ ငှက်ပစ်ခဲ့သလိုလည်း တောလည်ကစားခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဦးကြီးနှင့် ကျွန်ုပ်တို့သွားလျှင် ညည်သည့်တောသတ္တဝါမျှ မရခဲ့ဘူးပါ။ နောင်သောအခါ ရွာမှလူများက -

"ကိုမြစိန်တို့ တူဝရီးနှစ်ယောက် တောလည်ငှက်ပစ်သွားရင် အထီးပဲရွေးပစ်ပါဗျာ။ မျိုးတုံးသွားမှာစိုးလို့ပါ"

ဟုပင် ရယ်စရာပြောကြလေတော့သည်။

ကျွန်ုပ်၏ အဘွား ဒေါ်ရွှေနုကတော့ -

"နင်တို့ တူဝရီးမှာ ရေကံမပါလို့ ခုလို သူများအသက်သတ်မရတာ။ ကောင်းလိုက်တဲ့ ကုသိုလ်ကံ"

ဟု ဆိုဖူးပါသည်။

ဟုတ်၊ မဟုတ်တော့ ကျွန်ုပ်မသိပါ။ သေချာသည်မှာ တောလိုက်ငှက်ပစ်သွားလျှင် တစ်ခါမှ သားကောင်၊သားငှက်မရသည်မှာတော့ အမှန်ပင်။

ဦးကြီးဦးမြစိန်မှာ တောင်သူလုပ်ငန်းကို အလွန်ပင် ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ခဲ့ပါသည်။ နဖူးကချွေး ခြေမကျရုံမက မြေကြီးထဲပင်စိမ့်ဝင်အောင် ဆင်းရဲပင်ပန်းကြီးခဲ့ပါသည်။ 'ယနေ့ ပြီးနိုင်သောအလုပ် မနက်ဖြန်ထိမရွှေ့နဲ့' ဟု ဆိုကာ အလုပ်လောဘကြီးသူလည်းဖြစ်ပါသည်။ 'ရိုးလွန်းမှ ထွန်ချမဖြစ်စေနဲ့ကွ' ဟု ဆိုကာ ထွန်ယက်စိုက်ပျိုးချိန် မိုးအခါကာလများတွင် ဦးကြီးသည် ကြက်အိပ်တန်းမဆင်းမီတတည်းက နွားများကို ကျွေး၊ အရုဏ်ဦးမလာမီ ယာထဲအရောက်သွား ထွန်ယက်ပါတော့သည်။ နေထန်းတစ်ဖျားတော်မှ ထွန်မှ နွားတို့ဖြုတ်၊ အနားပေး။ သူလည်း သစ်ရိပ်မှာ မိုးမျှော်ရေတ်သီးထောင်း၊ ချဉ်ပေါင်လုံးချက်၊ ငါးပိကောင်ကြော်၊ ရေနွေးကြမ်းနှင့် ထမင်းလွေးတော့သည်။ ပြီးမှ အကြမ်းအိုးထဲမှ ရေနွေးများ တစ်ခွက်ပြီးတစ်ခွက်ငှဲသောက်ရင်း ပြောင်းဖူးဖက်ဆေးလိပ်ကို တစ်ဖွာချင်းဖွာရင်း ထွန်ယက်ထားသော ယာမြေကို တစ်မျှော်တစ်ခေါ် တစိမ့်စိမ့်ကြည့်ရင်း ပီတိပွားနေလေတော့သည်။

ဦးကြီးသည် သူတောင်သူလုပ်ကိုင်သည့်လုပ်ငန်းမှလွဲ၍ အခြားသောအရောင်းအဝယ် ၊ စီးပွားရေး၊ လောဘသတ္တာယများသော မည်သည့်အလုပ်မျှ မလုပ်ဘူးချေ။ တောင်ယာမြေမှ သီးနှံများ အတွက်ကောင်း၊ ဈေးကောင်းရ၍ ငွေလျှံများလာလျှင် ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းခြင်း၊ မိဘမဲ့ကလေးများကို (၂) ယောက်၊ (၃) ယောက် သူတတ်စွမ်းသလို ရှင်ပြုလှူပေးခြင်း၊ ဝတ်ရမဲ့၊ စားရမဲ့ မရှိရှာမ်းပါးသော ကလေးငယ်များကို အကျႌ၊ ပုဆိုး၊ ဘောင်းဘီ၊ ထီး၊ ဖိနပ်၊ မုန့်ဝယ်ပေး၊ မျှပေးခြင်းများပြုခဲ့သည်။ သူ့အဖို့ ဆန်တစ်ခွဲ၊ ဆီ (၁) ပိဿာရှိလျှင် ယာထွက်အသီးအရွက်များနှင့် စားသောက်နေထိုင်ဖြစ်သည်ဟု သဘောထား နေထိုင်ကျင့်ကြံခဲ့သူ ဖြစ်သည်။

ဦးကြီးသည် အသက် (၇၅) နှစ်အရွယ်တွင် မျက်စိကောင်းစွာမမြင်ရတော့ဘဲ အလွန်ပင် မှုန်ဝါးလာခဲ့သည်။ ထိုအခါမှ ယာထဲသို့ မဆင်းတော့ဘဲ အနားယူခဲ့တော့သည်။ ကျွန်ုပ်မှ ဦးကြီးကို မြို့သို့ခေါ်သည်။ မျက်စိဆရာဝန်နှင့် ပြသစစ်ဆေးခဲ့ပြီး ခွဲသင့်လျှင် ခွဲ၊ မျက်မှန်တပ်သင့်လျှင်တပ်ရန် အကြံပြုသော်လည်း လုံးဝလက်မခံပေ။

"ငါ့တူရယ်၊ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်။ မမှုတာပဲကွ။ တစ်နေ့သေတောင်သေဦးမှာပဲ။ ဘာမျက်မှန်မှလည်း မတပ်ချင်ပါဘူးကွာ။ (၇၅) နှစ်ဆိုတာ တော်တော်ပျက်ချိန်တန်နေပါပြီကွာ။ အပုပ်ကောင်ကြီး တော်တော်ပုပ်စပျက်စပြုလာပြီပေါ့ကွာ ဟားတားဟား"

ဦးကြီးသည် မျက်စိမှာ အဆုံးဖြစ်နေသည်ကိုပင် ရယ်မောပျော်ရွှင်စွာ၊ ဘဝကို တည်ငြိမ် ရင့်ကျက်စွာ နေထိုင်နိုင်ခဲ့လေသည်။

ဦးကြီးသည် အသားငါးအစားနည်းပြီး သူ့ယာထွက် ဟင်းသီးဟင်းရွက်၊ မြေပဲ၊ နှမ်း၊ တောထဲမှ ဟင်းရွက်တန်စွန်းများကိုသာ နှစ်ခြိုက်စွာ စားသုံးပြီး ကွမ်းယာ၊ အရက်၊ ထန်းရေခါးကိုပါ လုံးဝမသောက်သုံးသဖြင့် မျက်စိမှုန်သည်မှအပ လွန်စွာကျန်းမာခဲ့သည်။ ဆေးရုံဆေးခန်း တစ်ခါမှ မရောက်ဘူး။ မြန်မာငန်းဆေး၊ ကွမ်းရွက်၊ ကျပ်ခိုး ဆားတို့နှင့်သာ ဆေးဖက်ပြီးခဲ့သည်။ တစ်ခါတစ်ရံသာ လျက်ဆားလျက်သည်။ အခြားမည်သည့်ဆေးဝါးမျှ မမှီဝဲခဲ့ပါ။ ထိုမျှအထိ ဒေါင်ဒေါင်မြည်ကျန်းမာခဲ့သည်။

သို့သော် ဇရာဒုဗ္ဗလအရ လူသားတိုင်း မလွဲမသွေသွားရမည့် မရဏလမ်းသို့ အသက် (၈၉) နှစ်တွင် မီးစာကုန်၊ ဆီခန်းဖြင့် လှမ်းသွားခဲ့ရပါလေသည်။ ဦးကြီးရှာပနတို့ တူသား၊ တူမ (မြစ်တစ်ယောက်၊ မြောက်လအရွယ်) တို့ပါ သိုက်သိုက်ဝန်းဝန်းဖြင့် ဆောင်ရွက်ပေးခဲ့ကြသည်။ အားလုံးမှ မြေချ၊ ဆွမ်း၊ သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်းများကို ကုသိုလ်ဆက်အလှူအဖြစ် ရည်စူးအမျှအတန်ပေးဝေကာ ဦးကြီးကို သာဓုခေါ်စေနိုင်ရန် ပြုလုပ်ပေးခဲ့ကြပါသည်။

ဦးကြီးဦးမြစိန်အတွက် ရည်စူးကုသိုလ်အဖြစ် (၇) ရက်ပြည့် ရက်လည်ဆွမ်းသွတ်ပြုလုပ်အမျှဝေပြီးနောက် ထိုနေ့ ညပိုင်းတွင် ဦးကြီးသည် မွေးချင်းမောင်နှမများ၊ တူ၊ တူမ မြေး၊ မြစ်များထံ တစ်စုံတစ်ခုသော အရိပ်နိမိတ်ပြ၍ နှုတ်ဆက်လိမ့်မည်ဟု တွေးထင်ယူမှတ်ခဲ့ကြသည်။

သို့သော် ဦးကြီးသည် ယနေ့အထိ မည်သည့်ဆွေမျိုးမွေးချင်းကိုမျှ အတိတ်နိမိတ်၊ အရိပ်၊ အသံ၊ အိပ်မက်ပေး နှုတ်ဆက်ခြင်းလုံးဝမရှိခဲ့သည်မှာ အားလုံးပင် အံ့သြဘနန်းဖြစ်ခဲ့ကြရလေသည်။

■

ကျွန်ုပ်ဘဝတွင် ရှင်ကွဲ၊ သေကွဲများစွာ ကြုံတွေ့ခဲ့ရပြီးပါပြီ။ ၎င်းတွင် သေကွဲကွဲသူများ၊ ကွယ်လွန်သူများထဲမှ ကျွန်ုပ်နှင့် အနီးဆုံး မိခင် ဖခင်နှင့် ဦးကြီးတို့ ကွယ်လွန်ခဲ့ပြီးနောက် အိပ်မက်ပေးနှုတ်ဆက်သူရှိသလို လုံးဝနှုတ်မဆက်သူများ တွေ့ကြုံခဲ့ရပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်မှာ ယုံမှားသံသယဖြစ်မိသဖြင့် နတ်မောက်မြို့ ဘုရားကြီးကျောင်းတိုက်မှ ဆရာတော်ကြီး ဦးဇနပတိ၊ အမာပင်ကျောင်းတိုက် ခန်းနေဆရာတော် ဦးသောဘန၊ စည်သာလေးရွာ အင်ပင်တောကျောင်းမှ ဆရာတော်အရှင်ဥဇ္ဇယ၊ သပြေပင်ကျောင်းတိုက်မှ အရှင်ဝိလာသ၊ အရှင်ကုသလတို့ထံ မေးမြန်းလျှောက်ထားရာ -

"ဒီလိုရှိတယ် ဒကာကြီး။ သေတယ်၊ ကွယ်လွန်တယ်ဆိုတာ ဝိညာဉ်လေးဟာ ဟိုဘက်တစ်ဘဝကို ချက်ချင်းကူးသွားတာပဲ။ ဘဝခြားသွားတာပဲ။ အဲဒီမှာ အစွဲအလမ်း သံယောဇဉ်၊ သမုဒယတွေနဲ့ သူဟာ ကောင်းရာဘုံဘဝမဟုတ်တဲ့အတွက် သူဘို့မှာ နောင်တတွေ တစ်လေကြီးနဲ့ ကျန်ရစ်သူတို့ကုသိုလ်ပြုပေးဖို့၊ အမှုပေးဝေဖို့ တစ်နည်းနည်းနဲ့ အသိပေးတတ်ကြတယ်။ ကောင်းရာဘုံကိုရောက်သွားသူက သူမှာ နောက်လှည့်ကြည့်စရာမလိုတော့ဘူး။ မရှိတော့ဘူး။ အားလုံး သံယောဇဉ်၊ သမုဒယဖြတ်ပြတ်သွားပြီကွယ့်"

အထက်ပါကဲ့သို့(ရေးသားပြသည့်စားလုံးအတိုင်း မဟုတ်သော်လည်း ထိုကဲ့သို့ သဘောမျိုးဖြင့်) မိန့်ကြားဖြေကြားခဲ့သည်ကို နာယူမှတ်သားခဲ့ရပါသည်။

ကျွန်ုပ် မည်သူ့ကိုမျှ အိပ်မက်မပေးချင်ပါ။ နှုတ်မဆက်ချင်ပါ။ နှုတ်မဆက်သူဖြစ်အောင် ကျင့်ကြံနေထိုင်သွားပေတော့မည်။

နတ်မောက်မင်းသင့်နိုင်

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# သင့်စွမ်းအင်သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေပျူဟာ ၁၆၈




**၁၃၉။ အိမ်၊ ရုံးအဝင်ဝအနီး အပေါ်မျက်နှာကြက်၌မီးရောင်ထိန်လင်းစွာထွန်းပေးခြင်း**

အိမ်၊ ရုံးအဝင်ဝနေရာ မီးရောင်ထိန်နေခြင်းဖြင့် ယန်ဓာတ် ဦးဆောင်သည့် ကောင်းသောချီဓာတ်များကို မြင့်တက်စေပြီး ဆံကောင်းခြင်းနိမိတ်များကို ဆွဲဆောင်ခေါ်ယူနိုင်ပါသည်။ အကယ်၍ ဟောခန်းနေရာ ကျဉ်းမြောင်း မည်းမှောင်နေပါက ယင်ဓာတ်လွန်ကဲနိုင်ခြင်းမှ ကာကွယ်ရန် မီးထွန်းပေးရပါမည်။

**၁၄၀။ မိခင်ကိုယ်စားပြု မြေဓာတ်ကို မြှင့်တင်ရန် သလင်းကျောက်ဘောလုံးထားရှိခြင်း**

မိခင်ကိုယ်စားပြု (မြေကြီးနှင့်ဆိုင်သောအရပ်ထောင့်) ၌ စွမ်းအင်မြှင့်ရန်



သလင်းကျောက်သားဖြင့် ဘောလုံးသဏ္ဍာန် (လုံးဝန်းချောမွေ့အောင်) စီမံ၍ အိမ်အတွင်း မိသားစု၏ကော်ဖီစားပွဲပေါ် တင်ထားပေးပါ။ သလင်းကျောက်ဘောလုံးကလေးများအား (၁) လုံးမှ (၆)လုံး သို့မဟုတ် (၈) လုံးအထိ ထားပေးနိုင်သည်။ ဖုန်းရွှေပညာအရ ထိုအစီအရင်သည် မိသားစုဝင်အချင်းချင်း၌ ပြောဆိုဆက်ဆံရေး အဆင်ပြေခြင်း၊ ဘောလုံး၏ ပြောင်လက်ချောမွေ့သည့် နိမိတ်အရ အခက်အခဲ အတားအဆီးမရှိခြင်း၊ ပြဿနာမရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း၊ စုပေါင်းတိုင်ပင်ခြင်းဖြင့် အရာရာ အောင်မြင်ခြင်းသဘောကို ကိုယ်စားပြုပါသည်။ အသုံးပြုသော သလင်းကျောက်က သဘာဝသလင်းကျောက်ဖြစ်မှသာ မိခင် (မြေဓာတ်) ကို တိုက်ရိုက်အကျိုးသက်ရောက်ကြောင်း သတိပြုပါ။ သလင်းဘောလုံး၏ လုံးဝန်းသည့် ပုံသဏ္ဍာန်သည် ကောင်းကင်ဘုံ၏စွမ်းအင်များအား တိုက်ရိုက်ရယူထားသည့် သဘောဆောင်စေရန် (၆) လုံးတိတိ ထားရှိနိုင်သည်။ သလင်းကျောက်အစစ်မတတ်နိုင်ပါက ဖန်ဘောလုံးကို အသုံးပြုနိုင်ပါသည်။

**အောင်နိမိတ်ဆောင်ကိန်းဂဏန်းများ**

သလင်းကျောက် (သို့) ဖန်ကိုယ်စားပြု မြေဓာတ်အတွက် ထူးထူးခြားခြား အစွမ်းထက်သော ကိန်းဂဏန်းမှာ (၈) ဂဏန်းပင် ဖြစ်သည်။ အထက်ဖော်ပြပါ သလင်းကျောက်ဘောလုံး (၁) လုံး၊ (၆) လုံးနှင့် (၈) လုံး ထားရှိနိုင်ခြင်းကို လေ့လာပါက (၆)ဂဏန်းသည် ကောင်းကင်ဘုံ (သို့) သတ္တုအကြီးကို ကိုယ်စားပြုပြီး မြေဓာတ်ကို မွေးဖွားပေးပါသည်။ (၁)ဂဏန်းသည် ရေဓာတ်ကိုယ်စားပြုပြီး စီးပွားဉစ္စာတိုးပွားခြင်းနိမိတ်ဆောင်သည်။ ဂဏန်း(၃)မျိုးအနက် (၈)ဂဏန်းက အစွမ်းထက်ဆုံးဖြစ်ခြင်းကြောင့် သလင်းကျောက်ဘောလုံး (၈) လုံးထားရှိခြင်းက အကောင်းဆုံးဖြစ်သည်။



**၁၄၁။ အနီရောင်ပန်းသီးထည့်ထားသော ဇလုံထားရှိခြင်း**

အနီရောင်ပန်းသီး ထည့်ထားသည့် ဇလုံအား ဟောခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းတို့အတွင်း ထားပေးပါက အိမ်ရှိ မိသားစုဝင်အားလုံး တစ်ဦးနှင့်တစ်ဦး သဟဇာတဖြစ်နေပါမည်။ ပန်းသီးရှိ အနီရောင်သည် ငြိမ်းချမ်းရေးဟူသည့် သင်္ကေတဖြစ်ပြီး လေထဲရှိ မကောင်းသောစွမ်းအင်များကို ချေဖျက်ပေးပါမည်။ မိသားစုဝင်မောင်နှမအချင်းချင်း စကားများရန်ဖြစ်ခြင်းမှ ကာကွယ်ရန် ပြဿနာအများဆုံးဖြစ်တတ်သည့် အခန်းအတွင်း အနီရောင်ပန်းသီးဇလုံထားရှိပေးပါ။ ပန်းသီးများကို မပျက်စီးခင် ပုံမှန်အသစ်လဲပေးပါ။ ပုပ်ပျက်၍ ချဉ်ဓာတ်ထွက်လာပါက မကောင်းသောချီဓာတ်ကို ဖြစ်စေပါသည်။

**၁၄၂။ အိမ်အတွင်း ကံကောင်းခြင်းမျိုးပေါင်း (၁၀၀) နှင့် ပြည့်စုံစေခြင်း**

တရုတ်ဘာသာအရ (၁၀၀)သည် အဆုံးမရှိ ပေါများကြွယ်ဝခြင်း ဟူသည့် အဓိပ္ပာယ်ဆောင်ပါသည်။ ထို့ကြောင့် ကံကောင်းခြင်းမျိုးပေါင်း (၁၀၀) အိမ်အဝင်း ဝင်ရောက်ခညောင်းရန် ၎င်း၏ ကိုယ်စားပြု Bok Choy (သို့) Cabbage (ဂေါ်ဖီထုပ်) ရုပ်ပုံအား အိမ်အတွင်း၌ ချိတ်ဆွဲထားရှိပေးပါ။ အိမ်အတွင်းသို့ ဝင်လိုက်သည်နှင့် လူမြင်သာသောနေရာ၌ (ထင်ထင်ရှားရှား) ရှိပါက

www.burmeseclassic.com



ဒိုကောင်းမွန်ပါသည်။ ဂေါ်ဇီထုပ် (သို့) မုန်လာထုပ်ပုံပန်းချီကားကို လေ့လာပါက ကျောက်စိမ်းရောင်ထနေသည့် အရောင်ကြောင့် အတိတ်ကောင်းနိမိတ်ကောင်းကို ဖြစ်စေပါသည်။

**၁၄၃။ တောင်အရပ်၌ မြင်းရုပ်တုထားရှိပေးခြင်း**

မြင်းသည် ရာထူးဂုဏ်သိန် တိုးတက်ခြင်း၊ အများ၏လေးစားအသိမှတ်ပြုခံရခြင်း၊ မြင့်မြတ်ခြင်း၊ အောင်မြင်မှုများကို ယူဆောင်ပေးခြင်းနိမိတ်ကိုဆောင်ပါသည်။ ၎င်းမြင်းရုပ်တုအား အိမ်၏တောင်ဘက်အရပ်တွင်ထားပေးပါက စွမ်းအင်ကောင်းများ အဆုံးစွန်ရရှိလာပါမည်။ တောင်အရပ်အား မြင်းရုပ်ဖြင့် စွမ်းအင်ပုံမှန်မြင့်နေစေရန် မကြာခဏ (သို့) နှစ်စဉ် အသစ်လဲလှယ်ပေးပါ။ မြင်းရုပ်အား ဧည့်ခန်း (သို့) အိပ်ခန်း၏တောင်ဘက်အရပ်တွင်ထားရှိပေးခြင်းဖြင့် ကောင်းသတင်းဖြင့် အောင်မြင်ကျော်ကြားသူ၊ လူအများ၏ လေးစားအသိမှတ်ပြုခံရသူ ဖြစ်လာပါမည်။ အကယ်၍ မြင်းပေါ်တွင် မျောက်ထိုင်စီးနေသည့်ပုံထားရှိပါက ရာထူးတိုးတက်ခြင်း၊ မမျှော်လင့်ဘဲ ထိပ်တန်းနေရာသို့ ရောက်ရှိခြင်း ဟူသည့် အကျိုးကျေးဇူး ခံစားရပါမည်။



## Chapter Seven

**၁၄၄။ တိုးတက်မှုမရှိသောဘဝအခြေအနေအား တိုးတက်အောင်ပြုပြင်ခြင်း**

**ပြောဆိုဆက်ဆံရေး၌ ကံကောင်းစေခြင်း**

အများနှင့် ပြောဆိုဆက်ဆံရေးတွင် ဖြစ်စေ၊ ချစ်သူနှင့်ဆက်ဆံရေးတွင်ဖြစ်စေ ကံကောင်းစေရန် အိမ်၏အနောက်တောင်ဘက်၌ မီးရောင်ထိန်လင်းစွာထွန်း၍ မီးဓာတ်၏စွမ်းအင်ကို မြှင့်တင်ပါ။ မီးဓာတ်မှ မြေဓာတ်ကို မွေးဖွားပေးပြီး ကံကောင်းခြင်းနိမိတ်ဆောင်စွမ်းအင်များကို ဖြစ်စေပါသည်။ ၎င်းပြင် ထိုအရပ်၌ သလင်းကျောက်ဖြင့် ပြုလုပ်သော မန်ဒရင်းဘဲမောင်နှံရုပ်နှင့် ပျော်ရွှင်ခြင်းနှစ်ဆအမှတ်သင်္ကေတများ ထားရှိပေးပါ။ ဆက်ဆံရေးဆိုင်ရာကိစ္စများ၌ လွန်စွာဖွံ့ကောင်းလာပါမည်။



**အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အဆင်ပြေစေခြင်း**

သင့်ဧည့်ခန်း၏မြောက်ဘက်ကျသောနေရာ၌ ရေနှင့် ပတ်သက်သော ဖုန်းရွှေအစီအရင် ပြုလုပ်ပါ။ ထိုနေရာ၌ ငါးအနည်းငယ်မျှသာပါသော အလှမွေးငါးကန်ထားရှိ၍ ယန်စွမ်းအင်ကို မြှင့်တင်ပေးပါ။ ငါးအနည်းငယ်သာပါရှိခြင်းကြောင့် လွတ်လပ်ချောင်ချိစွာ ကူးခပ်နိုင်သည့်သဘော၊ တက်ကြွသည့်သဘော၊ အနှောင့်အယှက် အတားအဆီးမဲ့သည့် နိမိတ်ကို ဖြစ်စေပါသည်။ အလှမွေးငါးကန်ထားရှိသည့်တန်ဖိုး ကြောင့် ကုမ္ပဏီကြီးများတွင် လုပ်ကိုင်၍ တိုးတက်မှုရှိလာကြောင်း ဖုန်းရွှေပညာက သက်သေပြနိုင်ပါသည်။

**အများ၏လေးစားအသိမှတ်ပြုခံရစေခြင်း**

မိမိအလုပ်လုပ်ရာအခန်း၏တောင်ဘက်၌ များစွာသော အပင်ငယ်များ (ပန်းအိုးဖြင့်) ထားရှိပေးပါ။ အပင်များ စိုက်ပေးခြင်းဖြင့် သစ်သားဓာတ်ကို မြင့်တက်စေပါသည်။

၎င်းပြင် သစ်သားဓာတ်သည် မီးဓာတ်ကို မွေးဖွားပေးခြင်းကြောင့် မိမိအပေါ် အများက ယုံကြည်လေးစားအသိအမှတ်ပြုခံရမည့်နိမိတ်ကို ရစေပါသည်။

**ဆရာသမားကောင်းတို့၏ ကူညီမစမှုခံရစေခြင်း**

အိမ်၏အနောက်မြောက်အရပ်၌ သလင်းကျောက်ပွင့်တစ်ခုထားရှိပေးပါ။

**၁၄၅။ နေ့ကောင်းရက်မြတ်၌ပါတီပေးခြင်း**

နေ့ကောင်းရက်မြတ်ဖြစ်သည့်နေ့များ၌ အိမ်တွင် ပါတီပွဲလုပ်ပေးခြင်းဖြင့် မိတ်ဆွေဟောင်း/သစ်တို့၏ ရင်းနှီးပျော်ရွှင်စွာ အော်ဟစ်ပြောဆိုသံများ၊ တေးဂီတသံ၊ ရယ်မောသံနှင့် ပါတီသို့ တက်ရောက်လာသူများ၏ ကိုယ်ရောင်ကိုယ်ဝါတောက်ပသည့် အဝတ်အစားများ၊ အိမ်ရှင်နှင့် ဧည့်သည်များ၏ ကြည်နူးရွှင်မြူးနေသည့် အပြုံးမျက်နှာများက စွမ်းအင်ထက်မြက်မှုအား အကောင်းဆုံးသော ယန်ဓာတ်ကို ရရှိစေပါသည်။ ထိုကဲ့သို့ ယန်ဓာတ်အားကောင်းစွာနေရာယူထားခြင်းကြောင့် မကောင်းသော ချီဓာတ်များ တာရှည်မခံနိုင်ဘဲ ကောင်းသော ချီဓာတ်အဖြစ် အသွင်ပြောင်းသွားရပါသည်။





www.burmeseclassic.com

www.burmeseclassic.com



အရက်အလွန်အကျွံသောက်ခြင်းကိုရှောင်ရှားခြင်း

အရက်သောက်သုံးမှုပါဝင်သောပါတီပွဲ၌ အမူးလွန်၍ စကားများရန်ဖြစ်ခဲ့လျှင် (သို့) ပြောမှားဆိုမှားရှိခဲ့လျှင် စိတ်မချမ်းမြေ့ဖွယ်ရာအခြေအနေများကြောင့် ကောင်းသောချီဓာတ်များ အလျင်အမြန် ထွက်ခွာ ပျောက်ပျက်သွားနိုင်သည်ကို သတိပြုပါ။

၁၄၆။ တောင်ဘက်နံရံ၌ အနီရောင်မန္ဒလာချိတ်ဆွဲထားခြင်း

မန်ဒလာဆိုသည်မှာ ဗုဒ္ဓ၏စကြဝဠာများအားပုံစံ၊ ဒီဇိုင်းအမျိုးမျိုးအလိုက်အန္တရာယ်ကင်းအဆောင်အဖြစ်သုံးသော အမှတ်သင်္ကေတတစ်ခု ဖြစ်သည်။ မန်ဒလာတွင် လေးထောင့် (သို့) အဝိုင်း (သို့) အဝိုင်းရောလေးထောင့်ပုံစံနှစ်ခုစလုံး ရောစပ်ပါဝင်နေတတ်သည်။

မန်ဒလာတွင် တံခါးပေါက် (၄)ခုပါရှိပြီး အရပ်လေးမျက်နှာအားကိုယ်စားပြုသည်။ ထိုအရပ် (၄) မျက်နှာမှ ကံကောင်းခြင်းမျိုးစုံအား ဝင်ရောက်စေသည်။ အိမ်အတွင်း မန်ဒလာရှိထားခြင်းဖြင့် မိသားစုအတွက် အဘက်ဘက်၌ စိတ်ချရအောင် အကာအကွယ်ပေးပါသည်။


မန်ဒလာ၏ တောင်ဘက်အရပ်(တံခါး)သည် မီးဓာတ်ကို စွမ်းအင်မြင့်စေပြီး ကောင်းသတင်းဖြင့် ကျော်စောခြင်း၊ နာမည်ကောင်းရခြင်း၊ ဂုဏ်သရေရှိခြင်း ဟူသည့် နိမိတ်ကောင်းများကို ပေးစွမ်းပါသည်၊ မန်ဒလာ၏ မြောက်အရပ်တံခါးသည် ရေဓာတ်ကို မြှင့်တင်ပေးပြီး အောင်မြင်ခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်းနိမိတ်ကိုဆောင်စေပါသည်။ မန်ဒလာ၏ အရှေ့အရပ်(တံခါး)သည် သစ်သားဓာတ်ကို စွမ်းအင်ထက်မြက်စေပြီး သက်ရှည်ကျန်းမာခြင်းအောင်နိမိတ်ဖြင့် ပြည့်စုံစေပါသည်။ အကယ်၍ မန်ဒလာ၏ အနောက်အရပ် (တံခါး) ဖြစ်ပါက သတ္တုဓာတ်ကို မြှင့်တင်ပေးပြီး မျိုးရိုးစဉ်ဆက် ကောင်းမွန်မြင့်မြတ်သည့် သားသမီးများ ထွန်းကားစေပါသည်။

နမူနာပုံအရ အနီရောင်သည် တောင်အရပ်ကို ကိုယ်စားပြုထားခြင်းကြောင့် အနီရောင်စိုးမိုးသော မန်ဒလာအား တောင်အရပ်တွင် ထားရှိပေးပါ။ ထိုအခါ မိမိမိသားစုအား တောင်အရပ် အပါအဝင် ကျန်ရှိအရပ်ထောင့် (၃) ခုမှ ကံကောင်းခြင်းနိမိတ်များ ဩဇာသက်ရောက်စေပါသည်။



၁၄၇။ အနောက်တောင်အရပ်၌ ရေအစီအရင်ထားရှိပေးခြင်း

မိမိ၏ ဘဝတစ်သက်တာအတွင်း စီးပွားလာဘ်လာဘများ မပြတ်စတမ်း ဆက်၍ဆက်၍တိုးတက်နေစေရန် အိမ်၏ပန်းခြံအတွင်း အနောက်တောင်အရပ်ရှိမြေပြင်၌ ငါးကန်တစ်ခုထားရှိပေးပါ။ ငါးကန်အား မိမိအိမ်အတွင်းမှကြည့်လျှင် မြင်ရသည့်နေရာ၌ထားရှိပြီး ရေကို အမြဲတစေ ကြည်သင်သန့်ရှင်းအောင် ထားပေးပါ။ အကယ်၍ နေအိမ်သည် အထပ်မြင့်တိုက်ခန်းဖြစ်ပါက အလှမွေးငါးကန်ငယ်တစ်ခုထားရှိပေးပါ (သို့) အဆင့်(၆)ဆင့်ပ ရေတံခွန်ငယ်ထားသို





www.burmeseclassic.com

www.burmeseclassic.com



တ ထားနိုင်ပါသည်။ ရေကျသည့်အခါ၌ အရောင်တလက်လက်ဖြစ်အောင် ၎င်းအနီး မီးထွန်းပေးပါ။ ရေအား သန့်ရှင်းစင်ကြယ်အောင်ထားပါ။ ထိုအခါ ယန်စွမ်းအင်ကို ဖြစ်ပေါ်စေပြီး ကြီးပွားချမ်းသာမှု နိမိတ်ဆောင် ချီဓာတ်များကို ရလာစေပါမည်။

**၁၃။ အနောက်မြောက်အရပ်၌ သတ္တုအစီအရင်ထားရှိခြင်း**

မိသားစုအကြီးအကဲ (အိမ်ထောင်ဦးစီး) ၏ ကံကောင်းခြင်းနိမိတ်များကို ကာကွယ်ရန် အနောက်မြောက်အရပ်၌ သတ္တုနှင့်ဆိုင်သော အစီအရင်တစ်ခု ထားရှိရပါမည်။ ထိုသို့စီရင်ရာ၌ ဧည့်ခန်း (သို့) အိပ်ခန်း၏ အနောက်မြောက်ကျသောနေရာ၌ လေရဟတ်(သို့)သတ္တုဖြင့်ပြုလုပ်သော ပန်ကာ(သို့)ကွင်း(၆)ကွင်းပါ တောင်ဝှေးကိုင်ဆောင်သည့် Ksiddhigarbha (ကြေး) ရုပ်တုတို့အား ထားရှိပေးပါ။အကယ်၍ သင့်အိမ်၏အနောက်မြောက်အရပ်၌ ရေချိုးခန်း၊ အိမ်သာရှိနေလျှင် သတ္တုဓာတ်ကိုယ်စားပြုစွမ်းအင်များ အပြင်သို့ထွက်သွားနိုင်သည်ကို သတိပြုပါ။ တစ်ဖန် အနောက်မြောက်အရပ်၌ စတိုခန်းရှိနေလျှင် ဖခင်ဖြစ်သူ၏ ကံကောင်းနေစေရန်အတွက် စတိုခန်းအတွင်းရှိ ပစ္စည်းများအား တခြားနေရာသို့ ရွှေ့ပြောင်းပေး၍ ၎င်းအခန်းလွတ်အတွင်း သတ္တုဓာတ်ဆိုင်ရာ စွမ်းအင်စီးဆင်းမှု အဆက်မပြတ်အောင်ဖွင့်ထားပေးပါ။ သို့မဟုတ်က ဖခင်နှင့်ဆိုင်သောစွမ်းအင်များအား စတိုခန်းအတွင်း ပိတ်လှောင်ထားသည့်သဘော၊ အိမ်ထောင်ဦးစီး၏ တိုးတက်မှုကို ပိတ်ပင်ဟန့်တားသည့်သဘောကိုဆောင်နေပါ



မည်။

အန္တရာယ်အများဆုံးသောအနေအထားမှာ သင့်အိမ်၏ အနောက်မြောက်အရပ်၌ မီးဖိုချောင်ရှိနေခြင်းပင်ဖြစ်သည်။ ထိုအရပ်မှ မီးဖိုချောင်ကို မရွှေ့ပြောင်းနိုင်သေးပါက ရေအပြည့်ထည့်ထားသည့် မြေအိုးကြီး (အင်တုံ) တစ်ခု ထားရှိပေးရပါမည်။




**၁၄။ သင့်အိမ်၏မျက်စာမှ ယန်စွမ်းအင်ဝင်ရောက်လာစေခြင်း**

ယန်စွမ်းအင်ဝင်ရောက်ရာနေရာသည် အများအားဖြင့် အိမ်၏ အဝင်ဝပင်မတံခါးနေရာ ဖြစ်သည်၊ အိမ်အားဝင်းထရံအပြည့်ကာရံပြီး ခွဲမွေးထားမည်ဆိုပါက သူစိမ်းတစ်ယောက်လာသည်နှင့် ခွေးဟောင်ခြင်းကြောင့် သဘောအားဖြင့် ယန်စွမ်းအင်ကိုရစေပါမည်၊ သက်ရှိခွေးမမွေးနိုင်ပါက fu dogs ရုပ်တု (တစ်စုံ) ထားရှိပေးပါ။ fu dogs က မကောင်းသောစွမ်းအင်များဝင်ရောက်မှုကို ကာကွယ်တားဆီးပေးပါမည်၊

ယန်စွမ်းအင် ဦးဆောင်သောကောင်းသည့် ချီဓာတ်များ ဝင်ရောက်လာနိုင်ရန် အဝင်ဝတံခါးအနီး သတင်းစာ၊ ဂျာနယ်အစုအပုံများ မထားရှိရ။ အမြဲသန့်ရှင်းရှင်းလင်းနေစေလိုပါသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)




**အိမ်အတွင်း ချီဓာတ်စီးဆင်းဝင်ရောက်လာပုံ**



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ရိုးရာနတ်ယုံကြည်မှုစဉ်ဆက် (မြဲ)

(ဆောင်းပါး)

# မောင်သန်းဆွေ

## ခမဲပြင်ဘိုးဘိုးကြီးနှင့်ပသီမောင်နမ

ခမဲပြင် ဆိုသည်နှင့် ကြားရသူအပေါင်းက ပဲခူးအနီးတွင် ရှိသည်ဟု ထင်ကြသည်။ အမှန်မှာ ခမဲပြင်ရွာသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်တွင် တည်ရှိသည်။ ခမဲပြင်ရွာနှင့် ခမဲပြင်အောင်မြေကျွန်းမြတ်သည် တွဲလျက်ရှိ၏။ ခမဲပြင်အောင်မြေကျွန်းမြတ်တွင် အတုလအောင် ဆုတောင်းပြည့်စေတီရှိပြီး ထိုစေတီနှင့်ကပ်လျက် ခမဲပြင်ဘိုးဘိုးကြီးနတ်နန်းရှိခြင်း ဖြစ်သည်။

ခမဲပြင်ဘိုးဘိုးကြီးနတ်နန်းသို့သွားမည်ဆိုလျှင် ပဲခူးမြို့မှ သနပ်ပင်မြို့သို့သွားသည့်လမ်းအတိုင်း သွားရသည်။ သနပ်ပင်မြို့ကျော်ပြီးသောအခါ တမာစဲသို့ ရောက်သည်။ ထိုမှတစ်ဆင့် ကဝမြို့နယ်အဝင်လောက်တွင် လမ်းမကြီးပေါ်မှ လက်ယာဘက်သို့ ရွာလမ်းအတိုင်း ချိုးဝင်သွားမှ ခမဲပြင်ရွာနှင့် အတုလအောင် ဆုတောင်းပြည့်စေတီတော်ရှိရာ ခမဲပြင်ဘိုးဘိုးကြီးနတ်နန်းသို့ ရောက်သည်။ ခမဲပြင်ကုန်းမြေသည် မြန်မာဘုရင် မင်းခေါင်၏သား မင်းရဲကျော်စွာ ကျဆုံးရာ ဆင်ခါချရွာ (သကာကျ)၊ ဥန္နဲရွာတို့နှင့် သုံးမိုင်နီးပါးဝေးသည်။ ဗဒုံမင်းတရားကြီးလက်ထက် နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ဖြူတော်ကြီးပေါ်ရာ နိဗ္ဗာန်ရွာ (ကြခတ်ဝိုင်းဆရာတော်ဘုရားကြီး၏ ဇာတိရွာ) နှင့် သုံးမိုင်ခန့်အကွာတွင် တည်ရှိပါသည်။

အတုလအောင် ဆုတောင်းပြည့်စေတီတော်အနီး ကုန်းတော်ပေါ်တွင် ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ထိုညောင်ပင်ကြီးသည် အောင်ဆုတောင်းပြည့်စေတီကုန်းတော်နှင့် သက်တမ်းတူနီးပါးရှိသည်ဟု ဆိုကြသည်။ ခမဲပြင်ဘိုးဘိုးကြီး ဆိုသည်မှာ ထိုညောင်ပင်စောင့်နတ် ရုက္ခစိုးကြီးပင် ဖြစ်၏။

မြန်မာနှစ် ၁၁၁၄ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ဇင်းမယ်သို့ စစ်တိုက်ရန် ချီတက်လာရာ ခရီးတစ်ထောက်ဖြစ်သော ဥဿာပဲခူးတောင်ဘက် ပန်းတောအရပ်အနီး ယခု ခမဲပြင်ကုန်းမြေတွင် ယာယီတဲနန်းနှင့် စခန်းချသည် ဆိုသည်။ တစ်ညတွင် ညောင်ပင်စောင့်ရုက္ခစိုးကြီး (ခမဲပြင်ဘိုးဘိုးကြီး) က အလောင်းမင်းတရားကြီးအား ဇင်းမယ်သို့ စစ်ချီရာတွင် အောင်မြင်ရန်အတွက် အရှင်မင်းကြီး၏ လက်ဝတ်ရတနာများမှ နဝရတ်လက်စွပ်ကို စေတီတော်ကြီး၌ ဌာပနာ၍ အောင်မြေနင်းပါဟု အိပ်မက်ပေးသည် ဆို၏။ အလောင်းမင်းတရားကြီးသည် အိပ်မက်အတိုင်း စေတီ၏ ဓာတီယပစ္စယံတွင် လက်ဝတ်တော်ကို ဌာပနာခဲ့သည် ဆိုပါသည်။

မြန်မာနှစ် ၁၁၈၆ ခုနှစ်တွင် ခမဲပြင်ရှိ ကျွဲစားကျက်၊ နွားစားကျက်များကောင်းသဖြင့် အညာမှ ကျွဲကျောင်းသားကြီးတစ်ဦး လာရောက် နေထိုင်






www.burmeseclassic.com

www.burmeseclassic.com

ကျွဲ နွားကျောင်းသည် ဆို၏။ တစ်နေ့သောအခါ သူ၏ကျွဲကို နဖားကြိုးထိုးရင်း ကျွဲပြန်ခတ်၍သေရသည်။ ကျွဲခတ်သည့်နေရာဖြစ်သောကြောင့် မွန်ဘာသာစကားအရ ခမဲပရင်ဟု ခေါ်တွင်၏။ ကြာမြင့်သောအခါ ခမဲပြင်ဟု ဖြစ်လာသည်။ အညာသား ကျွဲကျောင်းသားကြီးမှာ ကွင်းပိုင်ဖြစ်သွားရာ ဘိုတွင်းပိုင်ကြီးမှာ လွန်စွာကြမ်းတမ်းသည်။ ခမဲပြင်ဘိုးဘိုးကြီးက ထိန်းချုပ်ထားရပါသည်။ ညောင်ပင်စောင့်နတ်ကြီးသည် နယ်ပိုင်ခမဲပြင်ဘိုးဘိုးကြီးအဖြစ် ယနေ့တိုင်ရှိနေပါသည်။

ယခု ဘိုးဘိုးကြီး၏ နတ်နန်းကို အုန်းနဲ့ရွာ ဦးယုဟောက်မိသားစုမှ တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ နတ်စင်ဒကာများမှာ ပဲခူးမြို့ ဂျိုးသိန်းဆေးလိပ်ပိုင်ရှင်များ ဖြစ်၏။

ခမဲပြင်ဘိုးဘိုးကြီးသည် ညောင်





www.burmeseclassic.com

www.burmeseclassic.com



ခမဲပြင်ဘိုးဘိုးကြီး



ပသီမောင်တော်



ပသီနှမတော်

ပင်စောင့်ရုက္ခစိုးကြီးဖြစ်သည်နှင့်အညီ သားသမီးဆုတောင်းရာတွင် အထူး ဆုတောင်းပြည့်သည်ဟု ဆိုပါသည်။ ဘိုးဘိုးကြီးထံတောင်းသောကလေးများ မှာ များသောအားဖြင့် သားယောကျ်ား ကလေးများသာ မွေးဖွားတတ်သည်။ ထို့ကြောင့် သားယောကျ်ားလေးများကို တန်ဖိုးထားလိုလားတတ်ကြသော အိန္ဒိယပြည်သားများနှင့် တရုတ်လူမျိုးများ သည် အဆက်မပြတ် လာရောက်၍ သားဆုတောင်းခြင်း၊ မွေးလာသောသား လေးများအား ဘိုးဘိုးကြီးထံလာရောက် ပြသခြင်း၊ အပ်နှံခြင်း စသည်တို့ကို လာ ရောက် ပြုလုပ်လေ့ရှိကြကြောင်း တွေ့ရ သူများက ပြောပြပါသည်။

ခမဲပြင်ဘုရားပွဲတော်သည် နှစ်စဉ် တပေါင်းလဆန်း ၆ ရက်မှ ၉ ရက်အထိ ကျင်းပတတ်သည်။ လဆန်း ၈ ရက်နေ့ တွင် ရေကန်ကြီးတစ်ပတ် ပင့်သံဃာ (၁၀၈) ပါးအား ဆွမ်းဆန်စိမ်းလောင်း လှူပွဲ ကျင်းပသည်။

မိုးတွင်းအခါ၌ ဝါဆိုလပြည့်နေ့ နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် ဝါဆိုပွဲပြုလုပ်ကြပါသည်။ နတ်ပွဲပင်ဖြစ် သည်။ ထိုအချိန်တွင် ချောင်းရေတဖွေး ဖွေးနှင့်ပတ်ဝန်းကျင်လယ်ပြင်တွင်လည်း ရေပြည့်နေရာ မော်တော်များ၊ လှေများ ဖြင့် လာရောက်ကြသည်မှာ ပျော်စရာ ကောင်းလှသည် ဆိုပါသည်။ တစ်ဦးနှင့် တစ်ဦး ရေပက်တာ ကျီစယ်ကစားကြ ခြင်း၊ ရေတိမ်ပိုင်းချောင်းစပ်တွင် ရေကူး ကြခြင်းတို့ဖြင့် စည်ကားလှပါသည်။ ထို့ကြောင့် မြန်မာပြည်၏ အထက်မှာ တောင်ပြုန်း၊ အောက်မှာခမဲပြင်ဟူ၍ပင် ပြောစမှတ်ပြုလာကြသည်။ နွေရာသီ ဘုရားပွဲထက် ဝါဆို၊ ဝါခေါင်ပွဲတွင် ပို၍ အပျော်လွန်ကြကာ အရက်သေစာများ သောက်စားမူးယစ်ခြင်း၊ တစ်ဦးနှင့်တစ် ဦး နောက်ပြောင်ပြောဆိုခြင်းများတို့ဖြင့် တောင်ပြုန်းပွဲပမာ ဖြစ်နေကြသည်ကို လည်း တွေ့ရသည်။ ခမဲပြင်ပွဲသို့ လာ ရောက်သူများသည် ဝက်သား၊ အမဲသား ကို ရှောင်ရသည်။ ခမဲပြင်ဘိုးဘိုးကြီးနှင့် ကွင်းပိုင်ကြီးတို့သည် အိန္ဒိယနွယ်ဖွား များ ဖြစ်သည်ဟု ယူဆကြသည်။

■ ပသီမောင်နှမ ■

ခမဲပြင်မှ ပသီမောင်နှမသည် သိုက်နန်းရှင်များ ဖြစ်သည်။ ခမဲပြင် ကုန်းတော်သို့ သိုက်ချုပ်ဘိုးတော်များ၏ အစီအမံဖြင့် ရောက်ရှိလာခဲ့သည်ဟု 'မြန်ပြည်တစ်ခွင်သိုက်ပေါင်းချုပ်' စာအုပ် တွင် ပါသည်။ သူတို့စောင့်ရသော သိုက်မှာ ဘုရားသိုက်ဖြစ်သည် ဆို၏။ အရိမေတ္တေယျဘုရားသခင် ပွင့်တော်မူ သောအခါ ကျောင်းတော်များဆောက် ရန်အတွက် ရွှေ၊ ငွေ၊ ကျောက်သံပတ္တ မြားတို့ ထားရှိရာမှာစောင့်ရသောသိုက် နန်း ဖြစ်သည်။

ပသီမောင်နှမတို့သည် အရှေ့ မဇ္ဈိမဒေသ မဟာရာဇာ စော်ဘွားအမျိုး အနွယ်မှဆင်းသက်လာသော မောင်နှမ ဖြစ်သည် ဆို၏။ ထို့ကြောင့်လည်း ခမဲ ပြင်ကုန်းတော်ဝင်ဂိုက်နှင့် ပတ်ဝန်းကျင် ဒေသများတွင် ဝက်သား, အမဲသားပေါ စားခြင်း၊ ရောင်းချခြင်း၊ ချက်စားခြင်းတို့ ကို ရှောင်ကြသည်။ ယူဆောင်လာပါက လည်း အန္တရာယ်နှင့် ကြုံရတတ်သည် ဆို၏။

သိုက်နန်းရှင် ပသီမောင်နှမသည် လူ့ဘဝသို့ မကြာခဏသွား၍ ဝင်စား တတ်ကြသဖြင့် ခမဲပြင်တစ်ဝိုက် ကျေး ရွာနယ်ပယ်များတွင် ပသီမောင်နှမနှင့် ဘဝဆက်သိုက်ဆက်များရှိနေသည်တို လည်းကြားရတတ်သည်။ ခမဲပြင်ဘိုးဘိုး ကြီးနှင့်တကွ ပသီမောင်နှမသိုက်နန်းရှင် များသည် ခမဲပြင်ကုန်းတော်ကို စောင့် ရှောက်လျက်ရှိသည်ဟုလည်း ယုံကြည် ကြသည်။ ဘုရားသိုက်များအနက် ပသီ မောင်နှမစောင့်သော သိုက်နန်းသည် အစဉ်အလာထင်ရှားကြီးမားသော သိုက် နန်းတစ်ရပ်ဖြစ်သည်ဟု သိုက်ပေါင်းချုပ် စာအုပ်တွင် ဖော်ပြထားပါသည်။

မောင်သန်းဆွေ (ထားဝယ်)

ကိုးကားချက် -

၁။ မြန်ပြည်တစ်ခွင်သိုက်ပေါင်းချုပ်

၂။ နန္ဒာခင် (သင်္ဂလမြေ) (B.A His) ပြုစုရေးသားသည့် ပဲခူးတိုင်းဒေသ ကြီး ကဝမြို့နယ် ခမဲပြင်အောင် မြေကျွန်းမြတ် အတုလအောင် ဆုတောင်းပြည့်စေတီတော်သမိုင်း စာအုပ် (ဒုတိယအကြိမ်ပြင်ဆင်ရိုက်နှိပ်ခြင်း)




www.burmeseclassic.com

www.burmeseclassic.com

# မြသက်မောင် (ဗိုလ်ခေမာ)

## နဂါးရုံဘုရားများနှင့်နဂါးတို့အကြောင်း

ယနေ့မျက်မှောက်ခေတ်တွင် ဗုဒ္ဓသာသနာ၏ အထိမ်းအမှတ်ဖြစ်ရာ စေတီပုထိုးဝန်းကျင်များ၌ နဂါးရုံဘုရားများကို မြင်တွေ့နေကြရပေမည်။ ဤသို့မြင်တွေ့ရခြင်းကို (၅၅၀) ဇာတ်တော်များ၌ လေ့လာ ဆန်းစစ်ကြည့်ရာတွင် ဘုရားရှင်သည် နဂါးဘဝ (၄) ကြိမ် ဖြစ်တော်မူခဲ့ကြောင်း သိရှိရသည်။ မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခါစတွင် ပလ္လင်္ကသတ္တာဟမှစ၍ သတ္တဋ္ဌာနတို့တွင် စံနေတော်မူသည်။ မုစ္စလိန္ဒာသတ္တာဟ မုစ္စလိန္ဒာရေအိုင်တွင် သီတင်းသုံးတော်မူစဉ် မုစ္စလိန္ဒာနဂါးမင်းသည် ဘုရားရှင်အား ကိုယ်နှင့်ရစ်ပတ်ပြီး ဦးခေါင်းထက်မှ





www.burmeseclassic.com

www.burmeseclassic.com

ပါးပျဉ်းနှင့်မိုး၍ ပူဇော်ခဲ့လေသည်။ ဤကဲ့သို့ နဂါးမင်းပူဇော်ဟန်ပုံစံကို အတုယူ၍ နဂါးရုံစေတီများကို တည်ထား ကိုးကွယ်သည်ဟု ရှေးဟောင်းကျမ်းစာများက ခိုင်မာစွာပြောဆိုခဲ့ကြပေသည်။

ဘုရားရှင်သည် တန်ခိုးကြီးသော ရဟန်းတော်များနှင့် နန္ဒောပနန္ဒနဂါးမင်း၏ အထက် မိုးကောင်းကင်မှ တာဝတိံသာသို့ ကြွချီတော်မူခဲ့လေသည်။

ထိုအချိန်တွင် နဂါးမင်းသည် များစွာသော မှုးမတ်ပရိသတ်အပေါင်း ခြံရံပြီး စည်းစိမ်ခံစားနေချိန် ဖြစ်၏။ ယင်းသို့ စံနေရာအပေါ်သို့ သံဃာတော်များတို့ ကြွသွားသည်ကို နဂါးမင်းမြင်လျှင် အမှင်ရဲရဲတောက်ဆဲသောမီးပုံကို လေဟုတ်ခတ်သကဲ့သို့ မတန့်ရပ်နိုင်အောင် မျက်မာန်ပေါက်၍ စိုက်ဆောက်အပ်သော ထီးဖြူကိုလှဲပြီးလျှင် မြင်းမိုရ်တောင်နှင့် တာဝတိံသာကို ရစ်ပတ်ဖုံးအုပ်ထားလိုက်သည်။ လမ်းခုလတ်တွင် တာဝတိံသာကို မမြင်ရသဖြင့် နဂါးမင်းဖုံးအုပ်ထားကြောင်း ရဟန်းတော်များ သိကြရသည်။

နန္ဒောပနန္ဒ နဂါးမင်းသည်တားနတ်မင်းကဲ့သို့ပင် ကြီးကျယ် ခမ်းနားသောစည်းစိမ်နှင့် မြင်းမိုရ်တောင်တွင်နေထိုင်သည်။ ဒေါသကြီးသောနဂါးမင်းဖြစ်သည်။ နဂါးမင်း၏ အပြုအမူကြောင့် ဘုရားထံသို့ ရဟန်းများက ဆုံးမရန်ခွင့်တောင်းသည်။ ဘုရားက ခွင့်မပြုပါ။ လက်ဝဲရံ ရှင်မောဂ္ဂလာန်ရဟန္တာအရှင်မြတ် ခွင့်တောင်းမှ ခွင့်ပြုလေသည်။ အရှင်မောဂ္ဂလာန်သည် နဂါးမင်းထက်ကြီးသောကိုယ်ကို ဖန်ဆင်း၍ နဂါးမင်းထက်က ရစ်ပတ်ဖုံးအုပ်ပြီးဖိ၍ညှပ်လိုက်သည်။

နဂါးမင်း အရှုံးပေးသောအခါ နဂါးမင်းကို မြတ်စွာဘုရားထံ ခေါ်ဆောင်၍ ရတနာသုံးပါးကို ကိုးကွယ်စေသည်။ သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တောတွင် မြတ်စွာဘုရားရှင် မဟာသမယသုတ်ကို ဟောတော်မူသည်။ နတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်တို့ လာရောက် တရားနာယူကြသည်။ ထိုစဉ်က တရားလာရောက်နာယူကြသောနဂါးတို့မှာ -

နာဂသာအိုင်တွင်နေသော နဂါး၊ ဝေသာလီအိုင်တွင်နေသော နဂါး၊ ကဿပရသေ့၏သား တစ္ဆကမည်သော နဂါး၊ မြင်းမိုရ်တောင်ခြေတွင်နေသော ကမ္ဗလနဂါးမင်း၊ အဿတရနဂါးမင်း၊ ပယာဂဆိပ်တွင်နေသောနဂါးမင်း၊ ယမုံနာမြစ်တွင်နေသောနဂါး၊ ဓတရဋ္ဌမျိုးဖြစ်သောနဂါးများ ဖြစ်သည်။

ဤနဂါးတို့သည် ဆွေမျိုးနဂါးများနှင့် တရားနာလာကြသည်။ ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်တော်မူသောအခါ မာရ်နတ်ရှုံး၍ ဘုရားရှင် အောင်ပြီဟု နတ်၊ သိကြား၊ ဗြဟ္မာ၊ ဂဠုန်၊ နဂါးတို့က ကြွေးကြော်ကြသည်။ နဂါးတို့သည် မြွေမျိုးဖြစ်သည်ဟု အဆိုရှိသည်။ အမျိုးမျိုးဖန်ဆင်းနိုင်သောသတ္တဝါဖြစ်သည်။ရေနေနဂါး၊ ကုန်းနေနဂါး၊ တောင်နေနဂါး ဟူ၍သုံးမျိုးရှိသည်။ နဂါးအမျိုးပေါင်း (၁၀၂၄) ရှိကြောင်း ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်အဋ္ဌကထာ နာဂသံယုတ်အဖွင့်တွင် ရေးပြထားသည်။

□ အကိုက်ခံရလျှင် ကိုယ်သည် ထင်းချောင်းကဲ့သို့ မတွေ့မဆုံနိုင်အောင် တောင့်တင်းသွားစေနိုင်သော ကဋ္ဌမုခနဂါးမျိုး။

□ အကိုက်ခံရလျှင် ကိုယ်သည် အမှည့်လွန်၍ ပုပ်သောသစ်သီးကဲ့သို့ အရည်ယိုစီးထွက်စေသော ပူတိမုခနဂါးမျိုး။

□ အကိုက်ခံရလျှင် ကိုယ်သည် မီးလောင်သည်နှင့်မခြား ပူလောင်၍ ဖရိုဖရဲဖြစ်စေသော အဂ္ဂိမုခနဂါးမျိုး။

□ အကိုက်ခံရလျှင် ကိုယ်သည် မိုးကြိုးစက်မိသလို ကွဲပြတ်ပျက်စီးစေသော သတ္ထမုခနဂါးမျိုး။

□ ဤ (၄) မျိုးအပြင် ကိုက်ရုံနှင့် အထက်ပါ (၄) မျိုးကိုဖြစ်စေသော ဒဋ္ဌဝိသနဂါးမျိုး။

□ မြင်ရုံနှင့် (နဂါးက ကြည့်ရုံနှင့်) အထက်ပါ (၄) မျိုးကို ဖြစ်စေသော ဒိဋ္ဌဝိသနဂါးမျိုး။

□ နှာခေါင်းလေမှုတ်ရုံနှင့်အထက်ပါ (၄) မျိုးကိုဖြစ်စေသော ဝါတဝိသနဂါးမျိုး။

□ ထိရုံနှင့် အထက်ပါ (၄) မျိုးကို ဖြစ် စေသော ဖုဋ္ဌဝိသနဂါးမျိုး ဟူ၍ အဆိပ်ထန်နဂါး (၄) မျိုးဖြစ်သဖြင့် ယင်း (၄) မျိုးနှင့် အထက် (၄) မျိုးကိုမြှောက်လျှင် နဂါးမျိုး (၁၆) မျိုး ဖြစ်သည်။

□ ယင်း (၁၆) မျိုးတွင် အဆိပ် အလျှင်အမြန်လာသော်လည်း အဆိပ်မပြင်းထန်သော အာဂတဝိသနဃောရဝိသနဂါး။

□ အဆိပ်ပြင်းသော်လည်း အလျှင်အမြန်မလာသော ဃောရဝိသနအာဂတဝိသနဂါး။

□ အဆိပ်လည်းပြင်း၊ အလျှင်အမြန်လည်းလာသော အာဂတဝိသဃောရဝိသနဂါး။

□ အဆိပ်လည်းမပြင်း၊ အလျှင်အမြန်လည်းမလာသော နအာဂတဝိသနဃောရဝိသနဂါး ဟူ၍ (၄) မျိုးစီရှိပြန် သဖြင့် (၁၆) × (၄) = (၆၄) မျိုးဖြစ်လာသည်။

□ ဥတွင်ဖြစ်သောအဏ္ဍဇနဂါး။

□ ကလလရေကြည်တွင်ဖြစ်သော ဇလာဗုဇနဂါး၊

□ အညိုက်စွဲ၍ဖြစ်သောသံသေဒဇနဂါး၊

□ကိုယ်ထင်ရှားဖြစ်ပေါ်လာသော ဩပပါတိကနဂါး ဟူ၍ ပဋိသန္ဓေနေပုံအရ (၄) မျိုးစီရှိပြန်သဖြင့် (၆၄) × (၄) = (၂၅၆) မျိုး ဖြစ်ပြန်သည်။

ရေနေနဂါး ကုန်းနေနဂါးဟု နှစ်မျိုးရှိပြန်သဖြင့် (၂၅၆) × (၂) = (၅၁၂) မျိုး ဖြစ်သည်။ ယင်း (၅၁၂) မျိုးတွင် ကာမဂုဏ်ခံစားသော ကာမရူပိနဂါးမျိုး၊ ကာမဂုဏ်မခံစားသော အကာမရူပိနဂါးမျိုးဟု နှစ်မျိုးရှိပြန်သဖြင့် (၅၁၂) × (၂) = (၁၀၂၄) နဂါးမျိုးပေါင်း ဖြစ်လေသည်။

နဂါးတို့ ပျော်စံရာနေရာသည်ကား ရေအိုင်ကြီးများ၊ သမုဒ္ဒရာကြီးများနှင့် တောင်ကြီးများအောက်တွင်နေထိုင်သည်ဟု အဆိုရှိပါသည်။ စတုက္ကနိပါတ် ဒဒ္ဒရဇာတ်တွင် ဟိမဝန္တာတော ဒဒ္ဒရတောင်ခြေရင်းတွင် မြွေနဂါးတို့ နေထိုင်သည်ဟု ဖော်ပြထားသည်။ ဝိနည်းပိဋက ပါရာဇိကဏ် အဋ္ဌကထာ စတုတ္ထပါရာဇိက တာပေါဒဝတ္ထုအဖွင့်တွင် ဝေဘာရတောင်အောက်တွင် နဂါးတို့ နေထိုင်ရာပြည်သည် ယူဇနာ (၅၀၀) ရှိ၍ နတ်ပြည်နှင့် အလားသဏ္ဌာန်တူသည်။

နဂါးတို့ပျော်မွေ့ရာရေအိုင်သည် ကြည်လင်အေးမြသည်။ လှည်းဘီးခန့်ရှိ ပဒုမ္မာကြာပန်းတို့ ပွင့်သည်။ ငါး၊ လိပ်များလည်း ပေါများစွာရှိသည်။ ထိုရေအိုင်မှထွက်သော တပေါဒါမြစ်သည် ငရဲကြီးနှစ်ရပ်တို့အကြားမှ စီးဆင်းပြီး ရာဇဂြိုဟ်ပြည်သို့ လှည့်ပတ်စီးဆင်းသည်ဟု ဖွင့်ဆိုထားပါသည်။ ဇာတ်ကြီးဆယ်ဘွဲ့၌ပါဝင်သော ဘူရိဒတ်ဇာတ်တော်လာ ဘူရိဒတ်နဂါးမင်းသည်လည်း သမုဒ္ဒရာရေအောက်တွင် နေထိုင်သော ရေနေနဂါးဖြစ်ကြောင်း သိရလေသည်။ ဇိနလင်္ကာရဋီကာ၊ လောကဒီပနီကျမ်းတို့တွင် မြင်းမိုရ်တောင်အောက်တွင် အထွတ်



www.burmeseclassic.com

www.burmeseclassic.com

သုံးခုရှိသည်။ အလယ်တွင် ပံ့သုပထဝီ မြေကြီးရှိသည်။ ထိုမြေကြီးအထက်တွင် ယူဇနာတစ်သောင်းကျယ်သောအသူရာ ပြည်ရှိသည်။ အထွတ်သုံးခု၏အပြင် ထုပထဝီထိပ်တွင် ရတနာသဲစုနှင့် ပြည့် နေသည်။

ထိုသဲစုတွင် နဂါးတို့ နေထိုင်သည် ဟု ဆိုထားသည်။ နဂါးတို့သွားလာလျှင် တန်ခိုးအစွမ်းကြောင့် ရေထဲတွင် ခရီး သမ်းကြောင်းထသည်။ ထိုရေသည် ယူဇနာရှစ်သောင်းလေးထောင်နက်၍ မြင်းမိုရ်တောင်ခြေရင်းတွင် နဂါးတို့သည် ရေထဲတွင်နေကြောင်း သိရပါသည်။ မြင်းမိုရ်တောင်ပေါ် အာလိန်ငါးဆင့်တွင် လည်း အစောင့်အရှောက်ထားသည်။ ဓမ္မပဒ အဋ္ဌကထာတွင် အနောဝတတ် အိုင်၌ ပဏ္ဍကနဂါးမင်း နေသည်။ မုစလိန္ဒာအိုင်တွင် မုစလိန္ဒာနဂါးနေ သည်။ ဥရုဝေလမြစ်တွင် ဥရုဝေလနဂါး နေသည်။ ဂယာမြစ်တွင် အဂ္ဂိဒတ္တနဂါး နေသည်။ ဂင်္ဂါမြစ်တွင် ဘုရားရှင် ကူး တော်မူလျှင် နဂါးတို့ လှေဖန်ဆင်း၍ ခံသည်။ နဂါးပြည်သို့ ဘုရားရှင်ကို ပင့် သွားသည်။ သင်္ဃမိတ္တာထေရီသည် ဗောဓိပင်ကို ပင့်ဆောင်၍ သမုဒ္ဒရာကို ကူးလျှင် နဂါးတို့ ရေထဲမှနေ၍ မိမိတို့ ပြည်သို့ ပင့်ဆောင်သွားသည်။

ဧရာပထနဂါး၊ မဏိကဏ္ဍနဂါးတို့ ဝဇီမြစ်တွင်းကပေါ်သည်ဟု ဆိုသည်။ ဝဏ္ဏရက်နဂါး၊ အရှင်ရာဟုလာအလောင်း ဝထဝီသန္တရ နဂါးမင်းတို့သည်လည်း သမုဒ္ဒရာတွင်နေသော ရေနေနဂါးများ ဖြစ်ကြသည်။ အာဋာနာဋိယသုတ်တွင် 'ဒေဝါနာဂါမဟိဒ္ဓိကာ' စသည်ဖြင့် နဂါး တို့ ဘုန်းတန်ခိုးကြီးပုံကို ဖော်ပြထားပါ သည်။

နဂါးများတွင် အဆိပ်လေးမျိုးရှိ သည်။ သူတို့ကိုက်လျှင် ပျက်စီးရသော အဋ္ဌဝိသနဂါး၊ သူတို့ကိုမြင်ရုံနှင့် (နဂါး က ကြည့်ရုံနှင့်) ပျက်စီးရသော ဒိဋ္ဌဝိသ နဂါး၊ သူတို့ကိုယ်နှင့်ထိရုံပျက်စီးရသော ဖုဋ္ဌဝိသနဂါး၊ နှာခေါင်းလေမှုတ်ရုံနှင့် ပျက်စီးရသော ဝါတဝိသနဂါးတို့ ဖြစ် သည်။

လူကိုမကိုက်ရဘဲ အဝေးကကြည့် ရုံနှင့်ကြေမွပျက်စီးသွားစေနိုင်သည်။ ထို သို့ကြည့်သည်ကို နဂါးမျက်စောင်းထိုး သည်ဟု ဆိုကြပါသည်။ ဝီသတိနိပါတ် စမ္မေယျဇာတ်တွင် ဘုရားလောင်း စမ္မေ ယျနဂါးမင်းသည် လူ့ပြည်သို့လာရောက် ၍ တောင်ပို့တစ်ခုတွင် ဥပုသ်စောင့်နေ



သည်။ ထိုအခါ အလမ္ပာယ်ဆရာရောက် လာပြီး နဂါးတို့ဖမ်းရန် မန္တန်ဂါထာရွတ် သည်။ နဂါးမင်းသည် အလမ္ပာယ်ဆရာ ကိုမြင်လျှင် 'ငါ အမျက်ထွက်၍ကြည့် လိုက်လျှင် ထိုသူ ဖွဲပြာဖြစ်သွားမည်။ ထို့ကြောင့် ငါ သီလကိုမဖျက်ပြီ' ဟု စိတ် ညွတ်၍ မျက်စိစုံမှိတ်ပြီးနေတော်မူသည်။ ဘူရိဒတ်ဇာတ် ဓမ္မေယျဇာတ်တို့တွင် နဂါးမင်းသည် အလမ္ပာယ်ပုဏ္ဏားကို ဒေါသနှင့်ကြည့်မိမည်စိုးသဖြင့် မျက်စိ ကို စုံမှိတ်ပြီးနေတော်မူသည်ဟု ပါရှိပါ သည်။

သို့ဖြစ်ရာ နဂါးတို့ဒေါသနှင့်ကြည့် ရုံဖြင့် အကြည့်ခံရသူ ပြာကျသွား လောက်အောင် တန်ခိုးသတ္တိအဆိပ် စွမ်းရည်ရှိကြောင်း သိသာနိုင်သည်။ နဂါးများသည် တိရစ္ဆာန်မျိုးပင် ဖြစ်သော် လည်း တန်ခိုးအစွမ်းနှင့်ပြည့်စုံသည်။ ဂဠုန်တို့သည် နဂါးတို့ကို ထိုးသုတ်နိုင် သည်။ သို့သော်လည်း သူနှင့်တန်ခိုးတူ သောနဂါး၊ ယုတ်ညံ့သောနဂါးကိုသာ ထိုးသုတ်နိုင်သည်။ သူတို့ထက် မြတ် သောနဂါးတို့ မထိုးသုတ်နိုင်ပါ။

ဂဠုန်တို့ မထိုးသုတ်နိုင်သော နဂါး (၇) မျိုး ရှိသည်။ ကမ္ဗလနဂါး၊ အဿတရနဂါး၊ သီတာခုနစ်တန်တွင် နေသောနဂါး၊ မြေတွင်တည်သောနဂါး၊ တောင်တွင်တည်ရှိသောနဂါး၊ ဗိမာန်တွင် နေသောနဂါးများဖြစ်ကြသည်။ မြင့်မြတ် သောနဂါးများ ဖြစ်ကြသည်။ ဥမှပေါက် သောနဂါး၊ အလောင်လိုက်ဖွားသော နဂါးတို့ကို ဂဠုန် မထိုးသုတ်နိုင်ပါ။

သီတာရေအတွင်း၊ မဟာသမုဒ္ဒရာ အတွင်းနေသောနဂါးတို့ကိုလည်း တုန် လှုပ်ချောက်ချားအောင် မပြုလုပ်နိုင်ပါ။ မြေကြီးအတွင်းနေသောနဂါး၊ မဟာ သမုဒ္ဒရာလှိုင်းတံပိုးအပြင်တွင်နေသော နဂါးတို့ကိုလည်း မထိုးသုတ်နိုင်ပါ။ နဂါး တို့၏ အစွမ်းသည် လူယောင်ဖန်ဆင်းပြီး သာသနာတော်သို့ ဝင်ရောက်နိုင်လေ သည်။

ဝိနည်း မဟာဝဂ်ပါဠိတော် မဟာ ခန္ဓကတွင်တွေ့ရှိရသည်။ ဤဇာတ်လမ်း ၌ပင် မြတ်စွာဘုရားရှင်က ဟောတော် မူသည်မှာ -

"ရဟန်းတို့ နဂါးတို့သည် နဂါးနှင့် မေထုန်မှီဝဲနေလျှင်၊ အိပ်ပျော်နေလျှင် နဂါး၏ပင်ကိုမူလ နဂါးအသွင်အတိုင်း ပြန်ဖြစ်သွားရသည်။ ရဟန်းတို့ တိရစ္ဆာန် သည် ပဥ္စင်းမဖြစ်။ ပဥ္စင်းခံမပေးအပ်။ ပဥ္စင်းခံပေးမိလျှင် ရဟန်းအသွင်ကိုဖျက် ပစ်ရမည်"

ဟု မိန့်တော်မူသည်၊

သို့ကြောင့် နဂါးတို့သည် မေထုန် မှီဝဲသောအခါ၊ အိပ်ပျော်သောအခါတို့ တွင် မူလနဂါးအသွင်အတိုင်း ပြန်ဖြစ် သွားရသည်။

နဂါးများအကြောင်းသည် ယနေ့ ခေတ်လူသားတို့အတွက် ယုံတမ်းစကား၊ ပုံပြင်၊ ဒဏ္ဍာရီဆန်နေလျက်ရှိခဲ့ကြသည်။ သို့ဖြစ်ရာ နဂါးတို့၏ အကြောင်းများကို ဘုရားဟောကျမ်းစာများထဲမှ ထုတ်နုတ် ကိုးကား၍ သိမှတ်ဖွယ်ရာ ဗဟုသုတ အဖြစ် တင်ပြ ရေးသားပေးသတည်း။

မြသက်မောင် (သုံးခွယ်)

**ကျမ်းကိုးများ -**


၁။ ငါးရာ့ငါးဆယ်နိပါတ်များ
၂။ ဝိနည်းပိဋက ပါစိတ်ကဏ္ဍ အဋ္ဌကထာ
၃။ ဇာတ်ကြီးဆယ်ဘွဲ့
၄။ လောကဒီပနီကျမ်း
၅။ ဓမ္မပဒအဋ္ဌကထာ
၆။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အဋ္ဌကထာ၊ နာဂသံယုတ်
၇။ အာဋာနာဋိယသုတ်
၈။ မဟာသမယသုတ်
၉။ ဝိနည်းမဟာဝဂ်ပါဠိတော် မဟာခန္ဓက
၁၀။ နဂါးတို့အကြောင်း၊ မောင်ကြည်ဝင်း (ထားဝယ်)
အတွဲ ၈၊ အမှတ် ၆၊ မြတ်ပန်းဝေ ဘာသာရေးမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

ကပ်ရောဂါ၊ ကပ်ရောဂါဆိုပြီး မြန်မာပြည်မှာဖြစ်ခဲ့ဖူးတာတွေက ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ ကျောက်ရောဂါတွေပါပဲ။ အခုလည်း မြန်မာပြည်က လူသားတွေ ဖုန်းကပ်ရောဂါကြ တစ်ပြည်လုံးကို ကူးစက်သွားပါပြီ။ ဒီရောဂါကိုတော့ ကုသခြင်းမရှိဘဲ ကျေကျေနပ်နပ်ကြီး လူတွေက လက်ခံထားကြတယ်။ ကိုကျော်မင်းကအစ ဒီရောဂါကို အမိုးစွဲအောင်ခိုင်မြဲနေပါပြီ။

ဟိုယခင်တုန်းက လူတစ်ယောက်ကို စကားပြောချင်ရင် ဒီလူရှိတဲ့နေရာသွားပြီးပြော။ ဒီလိုမပြောချင်ရင် လူကြုံနဲ့ စကားတွေမှာလိုက်။ သိပ်ဝေးတဲ့မြို့ဆိုရင်တော့ စာနဲ့ဆက်သွယ်။ ဒီဘက်ခေတ်ရောက်လာတော့ အရင်ခေတ်ဟောင်းလို မဟုတ်တော့ပါဘူး။ စာဆိုလည်း အမြန်ချောနဲ့ပို့၊ စကားပြောချင်ရင်လည်း လက်ကိုင်ဖုန်းလေးနဲ့ လှမ်းပြောအဆင်ကိုပြေနေတာပါပဲ။ ယာဉ်ဆိုရင်လည်း ရေထဲမှာ ရှပ်ပြေးယာဉ်၊ ကုန်းပေါ်မှ အမြန်ကား။ အို- လူသားတွေက တော်တော်လေးမြန်တာကိုသဘောကျနေကြတယ်။ မြန်တာကို မကြိုက်တာဆိုလို့ သေတာပဲ ကျန်ပါတော့တယ်။

အခုအချိန်မှာ ကိုကျော်မင်းအိမ်ကလူတိုင်း လက်ကိုင်ဖုန်းကိုယ်စီကိုင်နေကြပါပြီ။ မိန်းမကလည်း ဖုန်းတစ်လုံး၊ သားသုံးယောက်ကလည်း ဖုန်းနဲ့။ အိမ်ဖော် မလှကျော်မှာတောင် လက်ကိုင်ဖုန်းနဲ့။ ဖုန်းမရှိတာဆိုလို့ ကိုကျော်မင်းရဲ့ သမီးအငယ်ဆုံး ပုစုးမပဲ ကျန်ပါတော့တယ်။ဇာတာဖွဲ့ပြီး နာမည်ပေးထားတာက မပန်းမြူ။ ဒါပေမယ့် တစ်ရပ်ကွက်လုံး ပုစုးမကို နှုတ်ကျိုးနေကြလို့ ကျောင်းထားတော့လည်း ပုစုးမပဲပေးလိုက်ရတယ်။ ဒီကလေးက (၄) တန်း။ ငယ်ရွယ်သူဆိုတော့ ဖုန်းရောဂါမထဘူးလို့ ထင်တာပေါ့။

တစ်နေ့မှာ ပုစုးမက ဘာပြောသလဲဆိုတော့ -

"ဖေကြီး၊ သမီးလည်း ဖုန်းကိုင်ချင်တယ်။ ကိုကိုကြီးတို့ကိုင်သလို သူနာမည်နဲ့ သူတို့ဓာတ်ပုံတို့ပါတဲ့စာရွက်နဲ့ဖုန်းမျိုးကိုကိုင်ချင်တယ်။ စာသင်ကျောင်းကိုယူမသွားပါဘူး။ အတန်းထဲကသူငယ်ချင်းတွေက နင် ဖုန်းရှိရင် နံပါတ်ပေးထား၊ အိမ်ပြန်ရောက်တော့ ဖုန်းခေါ်လိုက်မယ်တဲ့။ သမီးမှာ ဖုန်းမရှိတော့ နံပါတ်မပေးနိုင်ဘူး။ သမီးသူငယ်ချင်းတွေက ဖုန်းတွေကိုင်နေကြပြီ ဖေကြီးရဲ့"

ဆိုပြီး အဆိုတင်သွားလာတဲ့သမီးရဲ့စကားပါပဲ။ ဒီလောက်ငယ်တဲ့သမီးဆီကိုတော့ ဖုန်းကပ်ရောဂါမရောက်သေးဘူးထင်တာ အခုတော့ အထင်နဲ့အမြင် ကလွဲနေတယ်။ ရောဂါအခြေအနေအရ ဆိုရင် ဝယ်မပေးရင် မဖြစ်တော့တဲ့ အခြေအနေ။ သူ့သူငယ်ချင်းတွေတောင် ဖုန်းကိုင်နေပါပြီဆိုမှတော့ အိမ်က ပုစုးမကိုလည်း ဝယ်ပေးရတော့မှာပေါ့။



# စိုးထွန်း(ဥပဒေ)

## သမီးကိုခေါ်သလား ဖေကြီး



www.burmeseclassic.com

www.burmeseclassic.com

သမီးရဲ့ တောင်းဆိုမှုအတိုင်း ဆက်သွယ်ရေးမှာ သမီးနာမည်၊ သမီး ဓာတ်ပုံနှင့် သမီးစာချုပ်ပါတဲ့ ဖုန်းတစ် လုံးကို ဝယ်ပေးလိုက်ရတာပေါ့။ အဲဒီ အချိန်က ရပ်ကွက်ရုံးမှာ မဲဖောက်ပြီး ရောင်းသေးတဲ့အချိန်ပါ။ ပူစူးမက သူ့ နာမည်၊ သူ့ဓာတ်ပုံနဲ့ သူ့စာချုပ်ကိုအပ် လိုက်မှ တလေးကာဘဝင်ကျသွားတယ်။ သူ့ရဲ့ထူးခြားချက်က ရှေ့အင့်ဆိုပြီး ပေး တဲ့ဖုန်းကို မကိုင်ချင်ဘူး။ သူ့နာမည်၊ သူ့ ဓာတ်ပုံပါတဲ့စာရွက်နဲ့ဖုန်းမှ ဒီကောင် လေးက ကိုင်ချင်တာ။ သမီးငယ်မှာ တည်း ဖုန်းရောဂါတစ်မျိုးလို့ ဆိုနိုင်ပါ တယ်။

ပူစူးမ ဖုန်းကိုင်လို့ (၆) လကျော် အကြာမှာ ပူစူးမက အဖျားရောဂါရလာ တယ်။ပထမ အိမ်ကဆေး၊ နောက်တော့ ဆရာဝန်ဆေး။ မထူးခြားတော့ ဆေးရုံ ပို့ရ။ ဒီလိုနဲ့ အဖျားပိုးက ဦးနှောက်ထဲ ရောက်သွားပြီဆိုပြီး ဆေးရုံမှာပဲဆုံးသွား ပါတယ်။ ပူစူးမက သူ့ဖုန်းလေးကို သွား လေရာကိုယူသွားတယ်။ နေမကောင်း ပေမယ့် ဖုန်းကတော့ သူ့ဘေးမှာ။ ဆေး ရုံတက်တော့လည်း ခေါင်းအုံးအောက် မှာ ဖုန်းကလေးကရှိလေရဲ့။

ပူစူးမသေဆုံးသွားတော့ ကိုကျော် မင်းက သမီးကိုင်တဲ့ဖုန်းကို ပြန်ပြီးမသိမ်း တော့ပါဘူး။သူ့အလွန်နှစ်သက်တဲ့ပစ္စည်း ဖြစ်နေလို့ သူနဲ့အတူ ခေါင်းထဲမှာထည့် ပြီးသင်္ဂြိုဟ်လိုက်ပါတယ်။ ကိုကျော်မင်း နေတဲ့ရပ်ကွက်က မီးသင်္ဂြိုဟ်တာမျိုးမရှိ ဘူး။ လူသေရင် သချိုင်းမှာ မြေမြှုပ်တာ ပဲရှိပါတယ်။ ဒီလိုနဲ့ မြေမြှုပ်တဲ့အထိ လည်း မထူးခြားသေးပါဘူး။ သေဆုံးပြီး (၇) ရက်မြောက်ညမှာ ကိုကျော်မင်းက ဘာစိတ်ကူးရတယ်မသိဘူး။ သူသမီး ဖုန်းနံပါတ်ကို နှိပ်ကြည့်လိုက်တယ်။

"ဟဲလို - ဖေကြီး၊ သမီးကို ခေါ် သလား"

ဟဲ့ - သမီးဖုန်းကပြန်ပြီးထူးနေပါ လားဟု နားတွင်ကပ်၍နားထောင်သည်။ တျန်တဲ့စကားတွေက မပီမသဖြစ်နေ၍ နားမလည်။ ကိုကျော်မင်းတစ်ယောက် ဘာလုပ်ရမှန်းမသိဖြစ်နေ၏။ သမီးပူစူးမ ဟာ မြေထဲမှာ အသက်ရှင်လျက်ရှိနေ တာလားဟု သမီးဖုန်းနံပါတ်ကို နောက် တစ်ကြိမ် ပြန်နှိပ်လိုက်ပြန်သည်။

"ဟဲလို - ဖေကြီး၊ သမီးကို ခေါ် တာလား"

ဟူသောစကားကိုတော့ ပီပီသသ ကြားနေရသည်။

ဒါဆိုလျှင် သမီးအသက်ရှင်လျက်



www.burmeseclassic.com

www.burmeseclassic.com

ရှိသေးလားဟု အလွန်အမင်း ကိုကျော်မင်းက သိချင်လာသည်။

ရပ်ကွက်လူကြီးအား အလောင်းပြန်လည် တူးဖော်စစ်ဆေးခွင့်ပြုရန်သွားရောက်ပန်ကြားစဉ်က -

"မင်းကိစ္စတကယ်လား။ မင်းဖုန်းနံပါတ်ပြောစမ်း။ ငါလက်တွေ့စမ်းသပ်မယ်"

ဟု ပူစူးမ ဖုန်းနံပါတ်အား ခေါ်ကြည့်ရာ -

"ဟဲလို သမီးကိုခေါ်တာလား"

ဟု ပြန်လည်ထူးနေသဖြင့် လူကြီးကိုယ်တိုင် -

"အေး၊ အေး - မြန်မြန်လေးသွားဖော်ကြည့်"

ဟု ခွင့်ပြုလိုက်ရသည်။

သချိုင်းစောင့်တဲ့လူကို ရပ်ကွက်လူကြီးထောက်ခံစာပြပြီး ခေါင်းကိုပြန်ပြီးဖွင့်ကြည့်ကြတယ်လေ။

(၅)ရက်ကျော်၊(၆)ရက်ထဲရောက်ပြီဖြစ်လို့ ပုပ်စပြုနေပါပြီ။ ပူစူးမအတွက် ထည့်ပေးလိုက်တဲ့ဖုန်းက. လူကာထွက်တဲ့ အပုပ်ရည်မှာ မြုပ်နေပါတယ်။ ဘယ်လိုမှ အသံထွက်လို့ မရနိုင်ပါဘူး။ သေတာ သေချာသွားမှ ကျကျနနပြန်ပြီးမြုပ်လိုက်ကြရတယ်။ တော်တော်လေးရှုပ်ထွေးတဲ့ ဖုန်းပါပဲ။

အိမ်ပြန်ရောက်ပြီး ညနေဘက်မှာ အရင်လိုထူးသေးလားသိချင်လို့ ပူစူးမ ဖုန်းနံပါတ်ကို နှိပ်ပြီး စစ်ဆေးလိုက်ပါတယ်။

"ဟဲလို - အဖေကြီး၊ သမီးကိုခေါ်တာလား" တဲ့။ ပူစူးမရဲ့ ပြန်ထူးတဲ့အသံ။

ကိုကျော်မင်းတစ်ယောက် ချွေးပြံချပြီး ရှိုက်ကြီးတငင်ငိုပါတော့တယ်။ အခုမြေသင်္ချိုင်းမှာ ပူစူးမတစ်ယောက် ဖုန်းအပေါ်မှာ သံယောဇဉ်ကြီးလွန်းလို့စွဲနေတာဖြစ်မယ်။ ဒီဖုန်းအစွဲကိုဘယ်လိုဖြုတ်ရပါ့ဟု စဉ်းစားမရဖြစ်နေကြတယ်။ ဒီအချိန်မှာ ကိုကျော်မင်းရဲ့ သူငယ်ချင်းတစ်ယောက်ရောက်လာပြီး ဒီလို အကြံပေးပါတယ်။

"ငါလည်း ပူစူးမဖုန်းအကြောင်း အပြည့်အစုံသိတဲ့လူပဲ။ ငါတို့ဌာနက သူ့နာမည်နဲ့ စာချုပ်တောင် မင်းလက်ကို အပ်လိုက်သေးတယ်မဟုတ်လား။ အခု မင်းဆီမှာ ပူစူးမဖုန်းမရှိပေမယ့် ပူစူးမ မှတ်ပုံ၊ နာမည်နဲ့ ဖုန်းစာချုပ်က ကျန်နေသေးတယ်။ မင်းက အဲဒီစာချုပ်ကို အချိုပန်းကန်ထဲကို ခေါက်ပြီးထည့်။ ရက်လည်တဲ့နေ့ရောက်ရင် ဘုန်းကြီးပိုင်းအထိယူပြီး သူ့ကိုလည်း တရားနာခိုင်းပေါ့။ ပြီးတော့ ဖုန်းနံပါတ်ပိုင်ရှင် ပူစူးမကို အမျှဝေ၊ တို့တစ်တွေစုပြီး သာဓုခေါ်လိုက်ကြမယ်"

"အေး - မင်းအကြံကောင်းတယ်။ အခုလို ရေစက်ချပြီး မင်းဌာနက သမီးဖုန်းနံပါတ်ပါတဲ့ မှတ်ပုံတင်စာရင်းကအစ ဖျက်ပေးလိုက်ပါကွာ။ ဒါမှ သမီးလည်း ကျွတ်ကျွတ်လွတ်လွတ်သွားနိုင်မယ်"

ဒီလိုတိုင်ပင်ပြီးတော့ (၇) ရက်ပြည့်တဲ့နေ့မှာ သမီးဖုန်းစာချုပ်ကို ပန်းကန်ပြားထဲထည့်ပြီး တရားနာဖို့ပါ ဖိတ်ခေါ်လိုက်ပါတယ်။ ပြီးတော့ သပိတ်သွတ်ဆွမ်းကပ်ကြတယ်။ ပြီးတော့ တရားနာပြီးတာနဲ့ သမီးဖုန်းနံပါတ်နဲ့ လူနာမည်တွဲပြီး အမျှဝေလိုက်ကြတယ်။ ကိုကျော်မင်းသူငယ်ချင်းကလည်း ဌာနက ဖုန်းစာရင်းမှာ ဖျက်ပေးပါမယ်လို့ နှုတ်ဆက်ပြီး ပြန်သွားတယ်။ အိမ်က ဖုန်းစာချုပ်ကိုတော့ ကိုကျော်မင်းက မီးရှို့လိုက်ပါတယ်။

သပိတ်သွတ်တဲ့ ညနေပိုင်းမှာ ကိုကျော်မင်းက သမီးဖုန်းနံပါတ်ကို စမ်းသပ်ကြည့်ဖို့ သတိရလိုက်တယ်။ ဖုန်းနံပါတ်ကို နှိပ်ရကောင်းနိုး၊မနှိပ်ရကောင်းနိုး ဝေခွဲမရ ဖြစ်နေတယ်။ သူ့ဖုန်းနံပါတ်ကိုခေါ် ခေါ်နေရင် အစွဲကြောင့် မကျွတ်နိုင်ဖြစ်တတ်သလားလို့ တွေးမိတာပေါ့။ ဒီလိုဇဝေဇဝါဖြစ်နေချိန်မှာ -

"တီ.. တီ.. တီ"

ဆိုပြီး ဖုန်းဝင်လာတယ်။

ဘယ်ကဆက်တာလဲလို့ ကြည့်လိုက်တော့ အမလေး - သမီးပူစူးမ ဖုန်းနံပါတ်။ ကိုကျော်မင်းက ဖုန်းကို ကိုင်ထားရင်း လက်တွေပါတုန်လာတယ်။ ငါ့သမီးတော့ အစွဲကြီးပြီး မကျွတ်မလွတ်ဖြန်ဘူးလားမသိဘူးဆိုတဲ့ အတွေးနဲ့ နားမထောင်ချင့်ထောင်ချင် နားစွင့်ကြည့်လိုက်တော့ -

"သမီးသွားပြီ ဖေကြီး" တဲ့။

ဩော် - ဒီတစ်ခါတော့ သမီးအကယ်ကျွတ်လွတ်သွားပါလားလို့ ဝမ်းသာလို့မဆုံးတော့။ဒီစကားပြောပြီး သမီးဘက်က ဖုန်းဆက်သွယ်မှု အရင်ဖြတ်တောက်သွားပါတယ်။ ဩော် - ဖုန်းရောဂါဆိုတာ မသေးလှပါတကားလို့ ကိုကျော်မင်းက လေပူတွေကို မှုတ်ထုတ်လိုက်ပါတယ်။

စိုးထွန်း (ဥပဒေ)

စိုးထွန်း(ဥပဒေ)

# ကြွက်အန္တရာယ် ကင်းစေဖို့

အိမ်တစ်အိမ်ဆောက်ပြီးပြီဆိုရင် အကြာဆုံး တစ်လ၊ နှစ်လလောက်မှာ ကိုရွှေကြွက်ကရောက်လာပါတော့တယ်။ အခန်းများတဲ့အိမ်ဆိုရင် ဒီကောင်တွေ အတွက်လည်း နေစရာပေါပါတယ်။ ကြွက်ရန်ကို ကာကွယ်ဖို့ ကြောင်တွေက လူရဲ့အချစ်တော်ဖြစ်ပြီး ကြောင်ရှိရင် အထိုက်အလျောက်တော့ ကြွက်အန္တရာယ်ကင်းပါတယ်။ အခု တင်ပြချင်တဲ့ ကိစ္စက ကြောင်မမွေးချင်တဲ့အိမ်တွေမှာ ကြွက်အန္တရာယ်ကို ကာကွယ်ဖို့ တင်ပြမှာပါ။ ကျွန်တော့် အဘိုး၊ အဘွားတွေရဲ့ နည်းဟောင်းလေးပါပဲ။ လုပ်ရတာလည်း မခက်ခဲပါဘူး။ အသုံးပြုရမယ့် ပစ္စည်းဟာ ငရုတ်ကောင်းအစိမ်းစေ့ လိုပါတယ်။အခုအချိန်မှာ ငရုတ်ကောင်းပင်ကို စီးပွားဖြစ်စိုက်သူတွေများလာလို့ ရှာရဖွေရ လွယ်ကူပါလိမ့်မယ်။ အဲဒီ ငရုတ်ကောင်းအစိမ်းစေ့ကို လေးစိတ်ခွဲ ထောင်းပြီး ကြွက်လာလာတတ်တဲ့နေရာတွေမှာ ချထားရပါမယ်။ ငရုတ်ကောင်းအစိမ်းစေ့အနံ့ကို ကြွက်တလုံးဝမကြိုက်ပါဘူး။ အဲဒီအနံ့ရတဲ့အိမ်ဆိုရင်လည်း ကြွက်က စိတ်ပျက်ပြီးမလာတော့တာကို လက်တွေ့မြင်ကြရမှာပါ။ ငရုတ်ကောင်း အစိမ်းစေ့ရဲ့ရနံ့ကို လူသားတွေက မရပေမယ့် ကြွက်ကတော့ရပါတယ်။ ဒီနည်းနဲ့ ကြွက်လာတတ်တဲ့ နေရာတိုင်းထဲ ကြဲပက်ထားရင် နောက်ပိုင်းတစ်ကောင်မှ မလာတာကို မျက်ဝါးထင်ထင်တွေ့ရပါလိမ့်မယ်။

အိမ်တိုင်းအိမ်တိုင်း
ကြွက်အန္တရာယ်
ကင်းဝေးကြပါစေ

စိုးထွန်း (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂဝိဇ္ဇာပညာနယ်မှ ၁ အစွမ်းထက်သောဓာတ်ယတြာများ

ဦးကြည်ဝင်း(ရွှေစင်)ချောက်

ယတြာများအကြောင်းကို မရေးမီ ရှေးဦးစွာ အင်္ဂဝိဇ္ဇာ ဆိုတာ ဘာလဲ။ ဓာတ် ဆိုတာ ဘာလဲ။ ယတြာ ဆိုတာ ဘာလဲ ,ဆိုသည်ကို ကျမ်းများလာအတိုင်း အနည်းငယ် ဖွင့်ဆိုပြပါမည်။

'အင်္ဂအဝယဝံ ဝိဒတိ ဇာနာတိတိ အင်္ဂဝိဇ္ဇာ'

အင်္ဂအဝယဝံ - ခန္ဓာကိုယ်၏ အစိတ်အပိုင်းကို၊ ဝိဒတိ ဇာနာတိ - ကောင်းစွာစိတ်ဖြာ၍ သိတတ်၏။

ဣတိတသ္မာ - ထို့ကြောင့် အင်္ဂဝိဇ္ဇာ မည်၏။

လူရဲ့ အင်္ဂါကြီးငယ်တို့ကို ပိုင်းခြားသိတတ်စေတဲ့ ပညာရပ်ကို အင်္ဂဝိဇ္ဇာလို့ မှတ်သားခဲ့ရပါတယ်။ အင်္ဂဝိဇ္ဇာတို့ အနွှောဓာတ်က စိုးမိုးထားတယ်လို့ မှတ်သားခဲ့ရပါတယ်။

/ အနွှောဓာတ်ဖြစ်လို့ အင်္ဂဝိဇ္ဇာသည် အလွန်ပူပြင်းသည်လို့ ဆိုကြပါသည်။

'သဘာဝံ ဓာရေတီတိ ဓာတု'

သဘာဝံ - သဘောလက္ခဏာကို ဓာရေတိ - ကောင်းစွာဆောင်၍ ပြတတ်၏။

ဣတိတသ္မာ -ထို့ကြောင့်၊ ဓာတု- ဓာတ်မည်၏။

သဘာဝလက္ခဏာကို ကောင်းစွာဆောင်တတ်ပြီး ပြတတ်တဲ့အတွက် ဓာတ်လို့ ခေါ်ပါသည်။

'ဣစ္ဆိတာ နိစ္ဆိတံ ဖလံ ယာတိ ပဝတ္တတီတိ ယာတြာ'

လိုအပ်တဲ့ ကောင်းကျိုးချမ်းသာကိုရော မလိုအပ်တဲ့အကျိုး နှစ်ပါးစလုံးကိုဖြစ်စေ၊ ရောက်စေတတ်တဲ့ အတတ်ပညာကို ယတြာလို့ ခေါ်ဆိုပါသည်။

အင်္ဂဝိဇ္ဇာသခ်ေပဝက္ကနာကျမ်းစာပိုဒ်(၄၁)တွင်-

ဓာတ်ကို သိုက်က နိုင်သည်။

သိုက်ကို ဇာဘောင်က နိုင်သည်။

ဇာဘောင်ကိုယတြာကနိုင်သည်။

ယတြာပညာကိုတတ်ခြင်းသည် ပြဒါးသေသူ၊ သံသေသူအလားတူ၏ ဟု ဆိုထားပါသည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်လူမျိုးများဖြစ်သည့်အားလျော်စွာ အောက်ဖော်ပြပါ အလုပ်များကို ပထမဦးစွာ လုပ်ကြရမည် ဖြစ်ပါသည်။

၁။ မိမိနေအိမ်၏ ဘုရားကျောင်းဆောင်ကို နေ့စဉ် သန့်ရှင်းရေး လုပ်ရပါမည်။

၂။ နံနက် အရုဏ်တက် တစ်ကြိမ် အရုဏ်ဆွမ်းကပ်ရပါမည်၊ နေ့ဆွမ်းကိုလည်း (၁၀) နာရီနှင့် (၁၁) နာရီကြား မှန်မှန် ကပ်လှူရပါမည်။

၃။ နံနက်နှင့် ညနေများတွင် ငါးပါးသီလခံယူ၍ ဗုဒ္ဓရှင်တော်ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို တပ်လှူပူဇော်၍ မိမိရသော ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်၍ သတ္တဝါအားလုံးအား မေတ္တာပို့ရပါမည်။ ၎င်းနောက် မိမိပြုခဲ့သော ဒါနမှု၊ စောင့်ထိန်းခဲ့သော သီလ၊ ပွားများခဲ့သော ဘာဝနာမှုတို့ကို အမျှပေးဝေပါမည်။

ဤသို့ နေ့စဉ်ပြုဖွယ် ကောင်းမှုအသွယ်သွယ်တို့ကြောင့် မိမိပြုလုပ်သော ယတြာများ အစွမ်းထက်ရန် အထောက်အပံ့ဖြစ်ပါလိမ့်မည်။

ယခု ဆောင်းပါးတွင် လူတိုင်းအတွက် အနိုင်ဓာတ်ကို ဖယ်ရှားရန် ယတြာကို ရေးသားပါမည်။

လူတို့သည် မိမိအား ဲးမိုးမည့်သူ၊ လွှမ်းမိုးမည့်သူ၊ မိမိကို ခုတုံးလုပ်၍ တက်မည့်သူတို့ကို ကြောက်ကြ ်။ ရှောင်ကြ၏။ ဤတွင် မိမိအားနိုင်မည့်သူကို ရှောင်ကြမည်မှာ သဘာဝပင် ြစ်ပါသည်။

ဤကဲ့သို့ပင် အင်္ဂဝိဇ္ဇာပညာခွင်တွင် 'နံ-နံသား တစ်ခုခုကို နိုင်သော အနိုင်ဓာတ်နံသား' ဟူ၍ ရှိနေပါသည်။ ထို အနိုင်ဓာတ်ကို ဖယ်ရှားခြင်းဖြင့် မူလနံသားသည် လွတ်လပ်သွား၏။ တိုးတက်သွား၏။ ထို့ကြောင့် ဤယတြာကို အောက်ပါအတိုင်း အမည်ပေးထားပါသည်။

| | အ | | င်္ဂ | | ဝိ | | ဇ္ဇာ | | | |
|---|---|---|---|---|---|---|---|---|---|---|
| နံသင်္ချာ | ၁ | + | ၂ | + | ၄ | + | ၃ | = | ၁၀ | အနွှော |
| ဤယ်သက် | ၆ | + | ၁၅ | + | ၁၇ | + | ၈ | = | ၁၀ | အနွှော |





www.burmeseclassic.com

www.burmeseclassic.com

**■ အနိုင်စာတ်ပယ်ဖျာ ယတြာ ■**

နေ့နံသားအလိုက် သူတို့ကို နိုင်စေသော အနိုင်စာတ်နံတို့ကို ပညာရှင်တို့က အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

၁။ တနင်္ဂနွေနံအား ၆ သောကြာနံသည် နိုင်၏။ အနိုင်စာတ် ဖြစ်၏။
၂။ တနင်္လာနံအား ၀ စနေနံသည် နိုင်၏။ အနိုင်စာတ် ဖြစ်၏။
၃။ အင်္ဂါနံအား ၁ တနင်္ဂနွေနံသည် နိုင်၏။ အနိုင်စာတ် ဖြစ်၏။
၄။ ဗုဒ္ဓဟူးနံ/ရာဟုအပါအဝင်အား ၂ တနင်္လာနံသည် နိုင်၏။ အနိုင်စာတ်ဖြစ်၏။
၅။ ကြာသပတေးနံအား ၃ အင်္ဂါနံသည် နိုင်၏။ အနိုင်စာတ်ဖြစ်၏။
၆။ သောကြာနံအား ၄ ဗုဒ္ဓဟူးနံသည်နိုင်၏။ အနိုင်စာတ်ဖြစ်၏။
၇။ ၀ စနေနံအား ၅ ကြာသပတေးနံ သည် နိုင်၏။ အနိုင်စာတ်ဖြစ်၏။

ထို့ကြောင့် ခုနစ်ရက်သားသမီးတို့သည် မိမိတို့ကိုနိုင်သော အနိုင်စာတ်များ လွင့်ပျောက်ပါစေဟု နှလုံးသွင်းလျက် အလေးအနက်ထားပြီး -

၁ နွေသားသမီးသည် ၆ ကြာနံ ပစ္စည်း လှူဖွယ်ကပ်လှူခြင်း၊ စွန့်ကြဲခြင်း ပြုလုပ်ရ၏။

၂ လာသားသမီးသည် ၀ စနေနံ ပစ္စည်း လှူဖွယ်ကပ်လှူခြင်း၊ စွန့်ကြဲခြင်း ပြုလုပ်ရ၏။

၃ဂါသားသမီးသည် ၁နွေနံပစ္စည်း လှူဖွယ်ကပ်လှူခြင်း၊ စွန့်ကြဲခြင်းပြုလုပ်ရ၏။

၄ ဟူးသားသမီးသည် ၂ လာနံ ပစ္စည်း လှူဖွယ်ကပ်လှူခြင်း၊ စွန့်ကြဲခြင်း ပြုလုပ်ရ၏။

၅ တေးသားသမီးသည် ၃ဂါနံ ပစ္စည်း လှူဖွယ်ကပ်လှူခြင်း၊ စွန့်ကြဲခြင်း ပြုလုပ်ရ၏။

၆ ကြာသားသမီးသည် ၄ ဟူးနံ ပစ္စည်း လှူဖွယ်ကပ်လှူခြင်း၊ စွန့်ကြဲခြင်း ပြုလုပ်ရ၏။

၀ နေသားသမီးသည် ၅ တေးနံ ပစ္စည်း လှူဖွယ်ကပ်လှူခြင်း၊ စွန့်ကြဲခြင်း ပြုလုပ်ရ၏။

ဤကဲ့သို့ ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် အဆိုပါနေ့နံသားတို့သည် အနိုင်ခံနေရခြင်းဘေးရန်မှ ကင်းလွတ်၏ဟု ပညာရှင်အသီးသီးတို့ ဖော်ထုတ်ခဲ့ပါသည်။

ထပ်မံ၍ အနိုင်စာတ်ကို ဖယ်ရှားသော ယတြာတစ်ခု ဖော်ပြပါဦးမည်။

| မွေးနံ | အနိုင်စာတ် | အနိုင်စာတ်ကိုဖယ်ရှားရန်စာတ် |
|---|---|---|
| ၁နွေ | ၆ကြာ | ၄ဟူး |
| ၂လာ | ၀နေ | ၅တေး |
| ၃ဂါ | ၁နွေ | ၆ကြာ |
| ၄ဟူး | ၂လာ | ၀နေ |
| ၅တေး | ၃ဂါ | ၁နွေ |
| ၆ကြာ | ၄ဟူး | ၂လာ |
| ၀နေ | ၅တေး | ၃ဂါ |

အထက်ပါဖော်ပြချက်ကို ယူ၍ အောက်ပါအတိုင်း ယတြာများ ပြုလုပ်နိုင်ပါသည်။

၁နွေသားသမီးသည် ၎င်း၏ အနိုင်စာတ် ၆ကြာကို ဖယ်ရှားရန်အလို့ငှာ ဘုရား၏ မြောက်အရပ်တွင် ၄ဟူးနံ ရေ(၁၇)ခွက် (သို့) ရွက်လှပန်း (၁၇) ခက်ကို ၆ကြာနေ့တွင် ကပ်လှူပူဇော်၍ (၃၁)ဘုံသားတို့အား မေတ္တာပို့၊ အမျှဝေပြီးနောက် မိမိအား နိုင်နေသော အနိုင်စာတ်များ ပပျောက်ပါစေဟု ဆုတောင်းပါ။

၂လာသားသမီးသည် ၎င်း၏ အနိုင်စာတ် ၀နေကို ဖယ်ရှားရန်အလို့ငှာ ဘုရား၏ အနောက်တောင်ထောင့်တွင် ၅တေးနံ ပန်း(၁၉)ညွန့် (သို့) မုန့် (၁၉)ချပ်ကို ၀နေနေ့တွင် ကပ်လှူပူဇော်၍ (၃၁)ဘုံသားတို့အား မေတ္တာပို့၊ အမျှဝေပြီးနောက် မိမိအားနိုင်နေသော အနိုင်စာတ်များ ပပျောက်ပါစေဟု ဆုတောင်းပါ။

၃ဂါသားသမီးသည် ၎င်းတို့၏ အနိုင်စာတ် ၁နွေကို ဖယ်ရှားရန်အလို့ငှာ ဘုရား၏ အရှေ့မြောက်အရပ်တွင် ၆ကြာနံ သစ်သီး (၂၁) စိတ် (သို့) (၂၁) လုံး၊ သီးညွန့် (၂၁)ညွန့်ကို ၁နွေနေ့တွင် ကပ်လှူပူဇော်၍ (၃၁) ဘုံသားတို့အား မေတ္တာပို့၊ အမျှဝေပြီးနောက် မိမိအားနိုင်နေသော အနိုင်စာတ်များ ပပျောက်ပါစေဟု ဆုတောင်းပါ။

၄ဟူးသားသမီးတို့သည် ၎င်းတို့၏အနိုင်စာတ် ၂လာကို ဖယ်ရှားရန်အလို့ငှာ ဘုရား၏ အရှေ့ဘက်အရပ်တွင် ၀နေနံ ထီး (၁၀) လက်၊ ဒေါနပန်း (သို့) ဒန်းပန်း (၁၀) ခက်ကို ၂လာနေ့တွင် ကပ်လှူပူဇော်၍ (၃၁) ဘုံသားတို့အား မေတ္တာပို့၊ အမျှဝေပြီးနောက် မိမိအားနိုင်နေသော အနိုင်စာတ်များ ပပျောက်ပါစေဟု ဆုတောင်းပါ။

၅တေးသားသမီးတို့သည် ၎င်းတို့၏ အနိုင်စာတ် ၃ဂါကို ဖယ်ရှားရန်အလို့ငှာ ဘုရား၏ အရှေ့တောင်အရပ်တွင် ၁နွေနံ အုန်းညွန့် (၆) ညွန့်၊ အုတ်ခဲ (၆) ခဲကို ၃ဂါနေ့တွင် ကပ်လှူပူဇော်၍ (၃၁) ဘုံသားတို့အား မေတ္တာပို့၊ အမျှဝေပြီးနောက် မိမိအားနိုင်နေသောအနိုင်စာတ်များ ပပျောက်ပါစေဟု ဆုတောင်းပါ။

၆ကြာသားသမီးတို့သည် ၎င်းတို့၏ အနိုင်စာတ် ၄ဟူးကို ဖယ်ရှားရန်အလို့ငှာ ဘုရား၏ တောင်အရပ်တွင် ၂လာနံ ကုံကော်ညွန့် (၁၅) ညွန့်၊ ကြာ (၁၅) ဆစ်ကို ဗုဒ္ဓဟူးနေ့တွင် ကပ်လှူပူဇော်၍ (၃၁) ဘုံသားတို့အား မေတ္တာပို့၊ အမျှဝေပြီးနောက် မိမိအားနိုင်နေသော အနိုင်စာတ်များ ပပျောက်ပါစေဟု ဆုတောင်းပါ။

စနေသားသမီးတို့သည် ၎င်းတို့၏ အနိုင်စာတ် ၅တေးကို ဖယ်ရှားရန်အလို့ငှာ ဘုရား၏ အနောက်ဘက်အရပ်တွင် ၃ဂါနံ ဇော်စိမ်း (၈) ညွန့်(သို့) ဆွမ်း (၈) ပွဲကို ၅တေးနေ့တွင် ကပ်လှူပူဇော်၍ (၃၁) ဘုံသားတို့အား မေတ္တာပို့၊ အမျှဝေပြီးနောက် မိမိအားနိုင်နေသော အနိုင်စာတ်များ ပပျောက်ပါစေဟု ဆုတောင်းပါ။

(နေ့) ဟု ဖော်ပြရာ၌ (အခါ) ဖြင့်လည်း အစားထိုးဆောင်ရွက်နိုင်ပါသည်။ ဥပမာ ၃ဂါနေ့အစား ၃ဂါအခါတွင်လည်း လှူဒါန်းနိုင်ပါသည်။

၄ဟူးနံ လှူဒါန်းရန်ဟု ဆိုရာ၌ လမ်းတံမြက်လှည်းခြင်း၊ ရေသပ္ပာယ်ခြင်း တို့ကိုလည်း ပြုလုပ်နိုင်ပါသည်။

၅တေးနံ လှူဒါန်းရန်ဟု ဆိုရာ၌ ဘုရားတွင် မြက်နုတ်ခြင်း၊ ချိုင့်များကို မြေဖို့ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၆ကြာနံ လှူဒါန်းရန်ဟု ဆိုရာ၌လည်း ချိုင့်များကိုသဲခင်းခြင်းသန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ဖျားဂြိုဟ် ၅ လှူရမည့်နံ
၂
အထက်ဂြိုဟ် ၆
အခြားဂြိုဟ် ⓵ ၆+၁+၄=၁၁ ခု
အောက်ဂြိုဟ် ၄
၀
၃

## တနင်္ဂနွေတိုင်

ရေပြုလုပ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

စနေနံလှူဒါန်းခြင်းဟု ဆိုရာ၌သည်း တံတားခင်းခြင်း၊ တံတားပြင်ခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်းတို့ကိုလည်း ပြုလုပ်နိုင်ပါသည်။

၁ နွေနံ လှူဒါန်းခြင်းဟု ဆိုရာ၌ အုတ်များကို ရေဆေးပေးခြင်းကိုလည်း ပြုလုပ်နိုင်ပါသည်။

၂လင်္ကာနံ လှူဒါန်းခြင်းဆိုရာ၌ ကျောက်ပြားလှူဒါန်းခြင်း၊ ငွေလှူဒါန်းခြင်းတို့ကိုလည်း ပြုလုပ်နိုင်သည်။

၃ဂါနံ လှူဒါန်းခြင်းဆိုရာ၌ ဆီမီးပူဇော်ခြင်း၊ ဘုရားအား ဆေးသုတ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

ဒုတိယယတြာတစ်ခုကိုရေးသားပါဦးမည်။ ပညာရှင်တို့မှ နဝင်းယတြာဟူ၍ လည်းကောင်း၊ ပဋ္ဌာန်ယတြာဟူ၍လည်းကောင်း၊ ပဋ္ဌဝေါကာယဟူ၍လည်းကောင်း ခေါ်ကြပါသည်။ နံတစ်ခု၏ (၅) ကြိမ်မြောက်သောနံကို အားကိုးအမှီပြု၍ ပြုလုပ်ခြင်း ဖြစ်ပါသည်။

### တနင်္ဂနွေသားသမီး

တနင်္ဂနွေသားသမီးများတို့သည် ၅တေးနံ လှူဖွယ် ပေါင်မုန့် (၁၁) လွှာ (သို့) ဘိန်းမုန့် (၁၁) ချပ်ကို (၁၁) ရက်တိတိ မပျက်မကွက် အိမ်ဘုရားမှာ ကပ်လှူပူဇော်၍ မေတ္တာပို့ပါ။ အမျှဝေပါ။ ဆုတောင်းပါ။



* (၁) နွေသားသမီးအတွက် * အခြားဂြိုဟ် (၁) နွေ * အထက်ဂြိုဟ် (၆) * အောက်ဂြိုဟ် (၄) တို့ကို ပေါင်းက (၁၁) ရ၏။

* ထိပ်ဖျား ပဋ္ဌာန်ဂြိုဟ်သည် လှူဖွယ်နံသင့်ပစ္စည်း ဖြစ်၏။

တနင်္လာသားသမီးတို့သည် ၆ကြာနံ လှူဖွယ်ပစ္စည်း သီးညွန့် (၁၄) ခက် (သို့) သစ်တော်သီး (၁၁) စိတ် (သို့) သင်္ဘောယို (၁၁) ခုကို (၁၄) ရက်တိတိ မပျက်မကွက် အိမ်ဘုရားမှာ ကပ်လှူပူဇော်၍ မေတ္တာပို့ပါ။ အမျှဝေပါ။ ဆုတောင်းပါ။

အင်္ဂါသားသမီးတို့သည် စနေနံ လှူဖွယ်ပစ္စည်း ဒန်းညွန့် (၁၀) ခက် (သို့) ဒေါနပန်း (၁၀) ခက်ကို (၁၀) ရက်တိတိ အိမ်ဘုရားမှာ ကပ်လှူပူဇော်၍ မေတ္တာပို့ပါ။ အမျှဝေပါ။ ဆုတောင်းပါ။

ဗုဒ္ဓဟူးသားသမီးတို့သည် ၁နွေနံ လှူဖွယ်ပစ္စည်း အုန်းပန်း (၁၃) ညွန့်၊ အုန်းသီးစိတ် (၁၃) စိတ်ကို (၁၃) ရက်တိတိ မပျက်မကွက် အိမ်ဘုရားမှာ ကပ်လှူပူဇော်၍ မေတ္တာပို့ပါ၊ အမျှဝေပါ။ ဆုတောင်းပါ။

ကြာသပတေးသားသမီးတို့သည် ၂လင်္ကာနံ လှူဖွယ်ပစ္စည်း ငှက်ပျောညွန့် (၉) ညွန့် (သို့) ကြံဆစ် (၉) ဆစ်ကို (၉) ရက်တိတိ မပျက်မကွက် အိမ်ဘုရားမှာ ကပ်လှူပူဇော်၍ မေတ္တာပို့ပါ။ အမျှဝေပါ။ ဆုတောင်းပါ။

သောကြာသားသမီးများတို့သည် ၃ဂါနံ လှူဖွယ်ပစ္စည်း ဇော်မွှေးပန်း (၁၂) ခက် (သို့) ဇီဇဝါပန်း (၁၂) ခက်ကို (၁၂) ရက်တိတိ မပျက်မကွက် အိမ်ဘုရားမှာ ကပ်လှူပူဇော်၍ မေတ္တာပို့ပါ။ အမျှဝေပါ။ ဆုတောင်းပါ။

စနေနံသားသမီးတို့သည် ၄ဟူးနံ လှူဖွယ်ပစ္စည်း ရေ (၁၅) ခွက် (သို့) ရွက်လှ (၁၅) ခက်ကို (၁၅) ရက်တိတိ မပျက်မကွက် အိမ်ဘုရားမှာ ကပ်လှူပူဇော်၍ မေတ္တာပို့ပါ။ အမျှဝေပါ။ ဆုတောင်းပါ။

နေ့ ခုနစ်ပါးအတွက် လေ့လာနိုင်ရန် ဖော်ပြထားပါသည်၊

ရာဟုသားသမီးသည် ၄ဟူးသားတိုင်တွင် အကျုံးဝင်ပါသည်။

စာရေးသူ ရန်ကုန်-မန္တလေး ၏အမြန်လမ်းတွင် တာဝန်ထမ်းဆောင်စဉ်က တပ်ကြပ်ကြီးတစ်ဦး ညခဉ် ၎င်း၏ ပါးစပ်ထဲသို့ ဆံပင်ထွေးများ တစ်စုံတစ် ယောက်ထည့်သည်ကို ညစဉ်ညတိုင်း အိပ်မက်မက်ပါသည်။ စာရေးသူမှ အနိုင်မာတ် ပယ်ခွာယတြာကို ပြုလုပ်ခိုင်းရာ (၃) ကြိမ်တိတိ ပြုလုပ်ပြီးမှ ထိုအိပ်မက် ပျောက်ကွယ်သွားသည်ကို ကြုံခဲ့ဖူးပါသည်။

ထိုဆိုင်ကြီးတစ်ဆိုင်မှ ၎င်းထိုဆိုင်တွင် ပေါက်မဲနည်းနေ၍ စာရေးသူအား ယတြာတောင်းခံခဲ့ရာ နဝင်းယတြာကို မပျက်မကွက် ပြုလုပ်ခိုင်းရာ နဝင်းယတြာပြုလုပ်၍ (၃) ကြိမ်မြောက်မှစ၍ ထီဆုများ ပါလာသည်ကို တွေ့ရပါသည်။

အထက်ပါ ယတြာများသည် လွယ်ကူ၍ ခံ့ညားပါသည်။ အကျိုးကျေးဇူးရရှိသည်ကို လက်တွေ့လည်း တွေ့ခဲ့ရပါသည်။ သို့ပါ၍ စာဖတ်သူများမှ မပျက်မကွက် ပြုလုပ်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်၊


ဦးကြည်ဝင်း (ရွှေစင်) ချောက်

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ⓵ | (၂) | (၃) | (၄) | (၅) | (၆) | (၀) |
| ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |
| ၁နွေ | ၂လင်္ကာ | ၃ဂါ | ၄ဟူး | ၅တေး | ၆ကြာ | စနေ |
| (၁၁) ခု | (၁၄) ခု | (၁၀) ခု | (၁၃) ခု | (၉) ခု | (၁၂) ခု | (၁၅) ခု |



www.burmeseclassic.com

www.burmeseclassic.com



# ဖျာပုံစိုးသား

## သေတွင်းဖို့သူ

(၁)

လောကၥ မိမိမျက်စိနှင့် မတွေ့၊ မမြင်၊ မကြုံဘူးသမျှ မယုံဘူးဟူ၍ ပုံသေကားချမထားသင့်သည့်သဘောကို သိရှိနားလည်လာသည့်အချိန်၌ ကျွန်ုပ်၏ အသက်မှာ (၅၀) ကျော်ခဲ့ပြီ ဖြစ်သည်။ ပညာရေးဘက်၌ ထိုက်သင့်သည့်အနေအထားအထိ သင်ယူခဲ့ဖူးသဖြင့်လည်း လက်တွေ့မဆန်၊ စိတ်ကူးယဉ်ဆန်သည့် ကိစ္စမျိုးဆိုလျှင် လက်မခံသည့်ဘက်မှ ပြတ်သားစွာ ရပ်တည်လာခဲ့သည်မှာလည်း နှစ်ပေါင်းများစွာရှိခဲ့ပေပြီ။ လူပျို ဖော်ဝင်စအရွယ်၌ စာကြမ်းပိုးဘွဲ့ပေးခဲ့ရသည်အထိ စာအုပ်စာပေပေါင်းများစွာထဲမှာ နစ်မြုပ်စီးမျောခဲ့ဖူး၏။ စာဖတ်သက်လေးအတော်ရလာတော့ ရွေးချယ်ပြီးမှ ဖတ်တော့သည်။ ချစ်၊ ကြိုက်၊ ကွဲ၊ အလွမ်းများနှင့် သရဲတစ္ဆေ၊ သိုက်သမိုင်းဝတ္ထုများကို စာရင်းထဲမထည့်တော့ပါချေ။ ရုပ်ဝါဒသဘောတရားများ ပြည့်လျှမ်းနေသည့် တော်လှန်ရေးစာပေများထဲမှာသာ နစ်မျောသွားခဲ့ပါတော့၏။

ထိုသို့သော စာအုပ်များ၏ အကျိုးဆက်ကြောင့် ငယ်စဉ်က ညစဉ်ရှိခိုးခဲ့သော ဘုရားကိုလည်းမေ့ခဲ့သည်။ ဘွားအေကြီး နှုတ်တိုက်သင်ကြားပေးခဲ့သည့် ပရိတ်ကြီး(၁၁)သုတ်တို့သည်လည်း လေထဲမှာလွင့်မျောပျောက်ကွယ်ခဲ့ပြီ။ ယုတ်စွအဆုံး ကျွန်ုပ်အိမ်ထောင်ရက်သားကျ၍ မိဘများနှင့် အိမ်ခွဲနေချိန်မှစ၍ အသက် (၅၀) ခန့်အထိ သံဃာများ၊ သီလရှင်များကို ဆွမ်းတစ်လုတ်၊ ဆန်တစ်ဇွန်းကိုပင် မလောင်းလှူခဲ့တော့သည်အထိ အစွန်းတစ်ဖက်သို့ ခြေစုံချရပ်မိခဲ့သူ ဖြစ်သည်။ ကံကြီးလွန်း၍သာ မိဘများကို စော်ကားမှုမပြုခဲ့သဖြင့် ပဉ္စာနန္တရိယကံမှ လွတ်ကင်းခဲ့ရသည်။ ကျွန်ုပ်၏ ကျောင်းနေဖက်အချို့ တောတွင်းအမှောင်နယ်သို့ ကူးသွားကြရာ၌လည်း ပါမသွားခဲ့သည်တပင် သံသရာအတွက် အချိန်မီခဲ့သယောင်။

ကံ၊ ကံ၏အကျိုးကို မယုံကြည်လျှင် ဗုဒ္ဓဘာသာမဟုတ်ဟူ၍ ဖခင်ကြီး၏ ဆုံးမစကားများကို ပြန်လည် လက်ခံလာချိန်၌ မိမိအသက်က ဇရာချဉ်းစပြုပြီဖြစ်၍ သံသရာအတွက် အချိန်မီရုံလေးသာရှိတော့သည်ကို သတိပြုမိပါတော့၏။ ယခင်က မိတ်ဆွေများအကြားတစ်ယူသန်၊ လူ့ခွစာဟူသည့် ဘွဲ့ထူးများ ကွယ်ပျောက်ခဲ့ပြီး တစ်သက်တာ ဥပေက္ခာပြုလာခဲ့သည့် ဘာသာရေးထုံ... များ၊ သာသနာ့ရေးကိစ္စများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်မှုများ ပြုလု... လာနိုင်ခဲ့သည်။ ယခင်က အနုပဋိလော... ရုပ်ဝါဒစကားများ တဖောင်ဖောင်ထ... ရွဲ့စောင်းခဲ့သည့်နှုတ်ကိုလည်း ပဋိစ္စသမု... ပ္ပာဒ်တရားများ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ပြန်ပြီးဟည့်မတ်နိုင်ခဲ့ပြီ ဟူ၍လည်း ဆိုနိုင်ပါတော့၏။

(၂)

ရုပ်ဝါဒကို ဖက်တွယ်ရင်း ဖြတ်သန်းသွားလာခဲ့ရသည့်ဘဝတစ်လျှောက် ပရလောက၊ နတ်လောကတို့ကို လုံးဝ အယုံအကြည်မရှိခဲ့သူ ကျွန်ုပ်အဖို့ ထို လောကသားတို့နှင့် ထိပ်တိုက်ရင်ဆိုင် ကြုံတွေ့ခဲ့ခြင်းမရှိခဲ့ရသည်ကလည်း မိမိ အယူအဆကို ပို၍ပင်ခိုင်မာစေသကဲ့သို့ ဖြစ်ခဲ့သည်။ စုန်းပူးသလိုလို၊ နတ်ပူး သလိုလို၊ သရဲပူးသလိုလိုကိစ္စများတို့ ဇာတ်မြစ်စုံစမ်းလိုက်သည့်အခါ စိတ် တစဉ့်ကလျားဖြစ်ခြင်း၊ ဟန်ဆောင်လိမ် ညာလှည့်စားခြင်းတို့နှင့်သာ အဆုံးသတ်...



www.burmeseclassic.com

www.burmeseclassic.com



သွားသည်က များလှပါ၏။ အားလုံးမှာ မရေမရာကိစ္စများသာဖြစ်သည်ကို တွေ့ မိသည်။ ထို့ကြောင့်ပင် မည်သည့်ကိစ္စ လုပ်ကိုင်သည်ဖြစ်စေ ရိုးရာယုံကြည်မှု ရှုထောင့်မှမကြည့်၊ စနေ၊ အင်္ဂါ မရွေးခဲ့ပါ။ ရက်ရာဇာ၊ ပြဿဒါး၊ နဂါးလှည့် စသည်တို့ကို ဂရုမစိုက်။ ရက်ကောင်း၊ ရက်ယုတ် မရွေး၊ လုပ်စရာရှိလျှင် လုပ်ခဲ့သည်သာ ဖြစ်သည်။ ထိုသို့ တစ်ဖွတ်ထိုး ဆန်ဆန်ကျင့်သုံးနေထိုင်လုပ်ကိုင်မှုများကြောင့် ကျွန်ုပ်၏ဇနီးသည် အပါအဝင် ပတ်ဝန်းကျင် မိတ်ဆွေများနှင့်ပါ ဝိရောဓိ အသွင်ဆောင်နေခဲ့သည်။

ကျွန်ုပ်တို့နေထိုင်ရာ ရန်ကုန်မြို့ နယ် ကျောက်ကုန်းရပ်သည် ထိုစဉ်အခါက ခြံကျယ်ကြီးများနှင့် နေထိုင်ကြသူများစွာရှိသည်။ ယနေ့အချိန်ကဲ့သို့ လူနေစိပ်ခြင်းမရှိဘဲ ကျဲပါးလှ၏။ ညဘက်ဆိုလျှင် ဖြတ်သွားဖြတ်လာသူများ လွန်စွာနည်း၏။ ထိုစဉ်က အခြောက်အလှန့်ကြီးသည်ဟုအမည်ထွက်ခဲ့သော မြန်နန္ဒာဥယျာဉ်ခြံဝင်းကြီးနှင့်လည်း သိပ်မဝေးသည်မို့ ညနေမှောင်ရီစဆိုလျှင်ပင် လူခြေတိတ်စပြုသည့်နေရာများဟု ဆိုရမည်။ တစ်ခါတစ်ရံ ဖြတ်သန်းသွားသည့် ကားသံများနှင့် မြို့ပတ်ရထားလမ်းဆီမှ မီးရထားခုတ်မောင်းသံတို့သာ ကြားရတတ်သည်။ ညဘက်ဆိုလျှင် တိတ်ဆိတ်ငြိမ်သက်မှုက လွန်စွာကြီးစိုးလွန်းသည့်ရပ်ကွက်ကြီး ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

သိမ်ကြီးဈေးအထည်ဆိုင်ကြီးမှာ တစ်နေကုန်ရှိနေရပြီး ညနေစောင်းဈေးပိတ်မှ အိမ်ပြန်ရသော ကျွန်ုပ်အဖို့ ညဘက်မှာ စာရင်းများလည်း တွက်ရချက်ရ၊ လိုအပ်သည်များကိုထောင့်စေ့အောင် စီမံရနှင့် ည (၁၀) နာရီကျော်မှ အိပ်ရာဝင်ရသည်က အမြဲတမ်းလိုလိုဖြစ်နေသည်။ ကျွန်ုပ်နေထိုင်ရာခြံဝင်းမှာ ကားလမ်းမကြီးမှ ကိုက်(၃၀)အကွာလောက်တွင်ရှိသည်။ ကားလမ်းမမှ မြေနီလမ်းလေးအတိုင်း ဝင်လာခဲ့လျှင် ရှေးခေတ်မကျတကျ တိုက်အဟောင်းကြီးတစ်ခုအဖြစ် တွေ့မြင်ရမည် ဖြစ်သည်။ ခြံထဲအဝင်လမ်းတည့်တည့် တိုက်၏မျက်နှာစာမှာ အချင်း (၁၀)ပေခန့်ရှိ ရှေးလူများတူးဖော်ပြုလုပ်ထားခဲ့သည့် အုတ်စီရေတွင်းကြီးရှိသည်။ ဤတိုက်ကြီးကို ဝယ်ယူစဉ်ကတည်းက ပါလာခဲ့ခြင်းဖြစ်ပါ၏။ ကျွန်ုပ်တို့ရပ်ကွက်မှာ ရေတွင်းကိုသာသုံးကြသည့်ရပ်ကွက် ဖြစ်သည်။ ရေတွင်းမရှိသည့်အိမ်ဟူ၍မရှိဘဲ အချို့ဆိုလျှင် မောင်းတက်ကြီးများဖြင့်ရေငင်ကြသည်။

ကျွန်ုပ် ဘဝင်မကျသည်မှာ ဤရေတွင်းကြီးသာဖြစ်တော့သည်။ အိမ်မှ ကားလေးကို မောင်းဝင်မောင်းထွက်လုပ်တိုင်း ထုထည်ကြီးမားလှသည့် ထိုရေတွင်းကြီးကို ကွေ့ပတ်ဝင်ထွက်ရစမြဲမို့ တော်တော်ပင်စိတ်ရှုပ်မိသည်။ ကားမဝယ်မီက ထိုပြဿနာမရှိခဲ့သော်လည်း ကားရှိလာပြီဆိုသည်နှင့် ထိုရေတွင်းကြီး၏ နေရာယူမှုက သိသာလာခဲ့ပြီ။ ထို့ကြောင့် ကျွန်ုပ်၏သားသမီးများနှင့်တိုင်ပင်ပြီး ထိုရေတွင်းကြီးကို ဖို့ပစ်ရန် စီစဉ်ရတော့သည်။

ဤတွင် ကျွန်ုပ်နှင့် လွန်စွာခင်မင်ရင်းနှီးသူ သိမ်ကြီးဈေးဆိုင်ချင်းကပ်လျက်မှ ဦးတင်မောင်ကို တိုင်ပင်မိလေသောအခါ သူက အပြင်းအထန် ကန့်ကွက်ပါလေတော့၏။

"စဉ်းစားနော် ကိုမြသိန်း၊ ကျွန်တော်က ခင်ဗျားအိမ်ကို မကြာခဏရောက်ဖူးနေတော့ ရေတွင်းကြီးကိုမြင်ဖူး၊ တွေ့ဖူးနေခဲ့တာကြာပြီ။ ရှေးကနေထိုင်သူတွေက တူးပြီး သားစဉ်မြေးဆက်အသုံးပြုနိုင်အောင် အခိုင်အမာအုတ်ရိုးစီပြီး အခိုင်အခံ့လုပ်ထားခဲ့တာနော်။ နက်လည်းနက်၊ကျယ်ကလည်းကျယ်၊ငုံ့ကြည့်ရင်တောင် အသည်းယားစရာကြီးဗျာ။ အဲသည်လိုရှေးဟောင်းရေတွင်းကြီးတွေ၊ ရေကန်ကြီးတွေဆိုရင် မဖို့ကောင်းဘူး။ လူကို ဒုက္ခပေးတတ်တယ်လို့ ကြားဖူးတယ်ဗျ"

ဦးတင်မောင်စကားက ကျွန်ုပ်၏ရယ်ချင်စိတ်ကို လှုပ်နှိုးလိုက်သလိုဖြစ်သွားသည်မို့ ခပ်ဖွဖွလေးရယ်လိုက်မိပြီး-

"ဘာလဲ၊ ခင်ဗျားဆိုလိုချင်တာက ရှေးရိုးအယူအဆရှိလို့ ရေတွင်းဖို့ရင်ခိုက်တာတို့ အန္တရာယ်ဖြစ်တာတို့ ဘာဖြစ်မယ်ညာဖြစ်မယ်တို့ သည်လိုလားဗျ"

"ကျွန်တော် ပြောမယ် ကိုမြသိန်းရဲ့၊ ကိုယ်က အိမ်ထောင်ဦးစီးလူကြီးတစ်ယောက်မို့ ယုံကြည်တာ၊ မယုံကြည်တာ၊ လုပ်တာ၊ မလုပ်တာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ဒါပေမယ့် ခင်ဗျားမှာက ဇနီးသည်နဲ့ သားသမီးတွေရှိနေသေးတယ်လေ စွတ်မလုပ်ပါနဲ့ဗျာ။ သည်အတိုင်းပဲထားလိုက်စမ်းပါ"

"ကျုပ်ဘဝမှာ ဥပါဒါန်အစွဲတွေဖြုတ်ပစ်ခဲ့တာကြာခဲ့ပြီ ကိုတင်မောင်ရဲ့၊ ကျုပ်သားသမီးတွေဆိုရင်လည်း ကျုပ်ရဲ့အတွေးအခေါ် အတိုင်း ကြီးပြင်းလာခဲ့တာဆိုတော့ တစ်စိတ်တစ်ဘောတည်းပဲ။ ဘာကိုမှ ခိုင်ခိုင်မာမာမတွေ့မမြင်ရဘဲ ကြောက်လန့်စိုးရိမ်တာတွေ ဟိုဟာမလုပ်ရဲ၊ သည်ဟာမလုပ်ရဲဆိုတာတွေ လုံးဝမရှိဘူး။ ဘွဲ့ရခေတ်ပညာတတ်တွေဆိုတော့ စဉ်းစားတွေးခေါ်တာ ကျုပ်ထက်တောင် သာသေးသဗျို့။ အဲ-တစ်ခုပဲပြောစရာရှိတယ်။ ကျုပ်ရဲ့မိန်းမ မကျင်အေးပဲ။ သူက ကျုပ်တို့သားအဖတွေမကြိုက်မှန်း၊ လက်မခံမှန်းသိလျက်နဲ့ ဟိုဗေဒင်မေးရ၊ သည်ယတြာလုပ်ရ၊ ဟိုနတ်ပသရ၊ ဒီဘိုးတော်ပူဇော်ရနဲ့ ဒါကလည်းကျုပ်သိမှာစိုးလို့ ပုန်းလျှိုးကွယ်လျှိုးလုပ်ရတာပါဗျာ။ ခုသည်ကိစ္စမှာလည်း သူတစ်ယောက်ပဲ အကျောက်အကန် ငြင်းကန့်ကွက်နေလေရဲ့ဗျာ"

ကျွန်ုပ်၏ စကားကို နားထောင်နေသည့် ဦးတင်မောင်က ခေါင်းကိုတဆက်ဆက်ခါလိုက်ရင်း -

"အင်း - ပြောမရတော့လည်း ခင်ဗျားပိုင်တဲ့ရေတွင်းပဲဗျာ။ ခင်ဗျားကြိုက်သလို စီရင်ပိုင်ခွင့်ရှိတာပဲလေ။ ကျုပ်ဆိုရင်တော့ အယူသီးတယ်ပဲပြောပြောမလုပ်ရဲဘူးဗျို့"

သူ့ကိုကြည့်ပြီး ကျွန်ုပ် ရယ်မောလှောင်ပြောင်မိမတတ်ဖြစ်သွားရတော့သည်။ သည်လို အယူသီးအစွဲလမ်းအကြောက်တရားကြီးနေသူတွေ လောကကြီးမှာ အရေအတွက် မည်မျှများနေပြီလဲဟူ၍ တွေးလိုက်မိပါတော့၏။

(၃)

ရေတွင်းကြီးကို မဖို့ခင် ရှေးဦးစွာခြံထောင့်တင်နေရာ၌ အဝီစိရေတွင်းတစ်ခု တူးဖော်လိုက်ပါ၏။ ထွက်လာသည့်ရေမှာ ကြည်လင်သန့်ရှင်းပြီးကောင်းမွန်သဖြင့် ရေအတွက်စိတ်ချရပြီဖြစ်၍ လာမည့်အပတ်အတွင်း ရေတွင်းကြီးကို ဖို့ပစ်ရန် သားသမီးများနှင့် စီစဉ်ပါလေတော့သည်။ အဆင်သင့်ချင်တော့ မိတ်ဆွေတစ်ဦးက ၎င်း၏ တိုက်ဟောင်းကိုဖျက်၍ အသစ်ပြန်ဆောက်နေသည်ဖြစ်ရာ လိုအပ်သည့်မြေများအုတ်ကျိုးများလာယူရန်ပြောလာသည်။ အဓိကအလုပ်သမားရှာဖွေရန်သာကျန်တော့သည်။ ဒါကလည်း အခက်အခဲ သိပ်မရှိလှပါချေ။ သိမ်ကြီးဈေး၌ ကုန်ထမ်းအလုပ်သမားများကို ပိတ်ရက်၌ ခေါ်ခိုင်းလိုက်လျှင် အဆင်ပြေမည်ဖြစ်သည်မို့ ရေတွင်းကြီးအတွက် စိတ်အေးရတော့မည် ဖြစ်သည်။ မြေကြီးနှင့်အညီ ဖို့လိုက်လျှင် အိမ်ရှေ့မျက်နှာစာကျယ်ဝန်းစွာထွက်လာပြီး ကား(၂)စီးခန့်ထား၍ပင် ရနိုင်သေး၏။ တစ်ဦးတည်း အစီအစဉ်များဆွဲနေရင်း ထိုညက တော်တော်နှင့် အိပ်၍မပျော်နိုင်၊ မနက် ဈေးဆိုင်ဖွင့်ရမည်လည်းရှိသေး၍ ဖွတ်မိုတ်၍ ပျော်အောင်အိပ်ရတော့သည်။

မည်မျှကြာအောင် အိပ်မောကျသွားမိသည်မသိ၊ ကျွန်ုပ်၏ အမည်ကိုအော်ခေါ်သံကြား၍ အိပ်ရာမှ ထပြီးအိမ်ရှေ့သို့ထွက်လာမိသည်။ ကျန်အိမ်သားများ မနိုးကြသေး။ စောစောစီးစီး ဘယ်သူပါလိမ့် ဟု၍ မျက်စိကိုပွတ်၍ကြည့်လိုက်မိသည်။ အိမ်တံခါးမကြီးကိုဖွင့်ပြီး အပြင်မှ သံဘာဂျာတံခါးကိုသာ သော့ခတ်ပိတ်ထားခြင်း ဖြစ်သည်။ ပူအိုက်သည့်နွေရာသီအချိန်၌ ဤသို့ပင် ညဘက်များမှာ တံခါးမကြီးဖွင့်ပြီး အိပ်တတ်ကြသည်။ ကျွန်ုပ် မမြင်မသိဘူးသည့်သူတစ်ယောက်ကို တွေ့လိုက်ရတော့သည်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့်အသားညိုညို၊ အသက်က ကျွန်ုပ်နှင့်ရွယ်တူခန့်ဟု မှန်းဆမိသည်။ ထိုသူ၏ မျက်လုံးများ၌ တစ်စုံတစ်ရာကို အလိုမကျ ဒေါသထွက်နေသည့်သဏ္ဌာန်က ပေါ်လွင်နေသည်။ ကျွန်ုပ်ကိုစေ့စေ့ကြည့်ရင်း အက်ကွဲကွဲအသံတင်မိုးနှင့် စကားစ၍ ပြောတော့သည်။

'မင်းတို့ ရေတွင်းကြီးကို ဖို့ပစ်ဖို့ကြံစည်နေကြတယ်မဟုတ်လား။ ငါတို့လုံးဝသဘောမတူဘူး။ စိတ်ထင်ရာတွေလျှောက်လုပ်မနေကြနဲ့။ လုပ်ခဲ့ရင်လည်း မင်းတို့မိသားတစ်စုလုံး မလွယ်ဘူးသာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့။ ငါတို့နေထိုင်လာခဲ့တာ ဝိုစ္စဒ့ကြာခဲ့ပြီကွ။ မွင်းနဲ့ကျမှ ငါတို့ အရောက်မခံနိုင်ဘူး။ ငါကတော့ တိပေးသင့်လို့ လာသတိပေးတာပဲ။ ဒါ နားမထောင်ဘဲ ဖွတ်လုပ်ရင်တော့ ထိုက်နဲ့ကိုယ့်ကံပဲပေ့"

ကျွန်ုပ်ဘာပြန်ပြောရမည်မှန်းမသိ။ တားလွတ်ကြီးလာပြီး ကြိမ်းမောင်း ခြောက်သွားခဲ့သူကိုသာ အကြောင် ကြည့်နေမိသည်။ တစ်စုံတစ်ခု ပြန် ပြောမည်ဟု ကြံရွယ်လိုက်စဉ်မှာတော့ သူမရှိတော့ပြီ။ ပြောပြောဆိုဆိုနှင့် ထွက်သွားခဲ့ပြီ ဖြစ်သည်။ ယခုမှ ကျွန်ုပ် စဉ်းစားမိတော့သည်။ ခြံဝက ခါးကြီးကို ညစဉ် သော့ဖြင့်ခတ်ပိတ် ပါလျက် ထိုသူမည်သို့ဝင်လာခဲ့လေ သနည်း။ သားကြီးဖြစ်သူက တစ်ခါ စ်ရံ အိမ်ပြန်နောက်ကျတတ်သည်။ သဲ မေ့ပြီး သော့မခတ်ခဲ့လေသလား။ စဉ်မှာပင် ကျွန်ုပ်၏ လက်မောင်းကို ခိုင်လှုပ်နေသည်ကို သတိထားမိလိုက် သည်။

"ကိုမြသိန်း၊ ထတော့လေ၊ ဈေး သွားဖို့နီးပြီ။ ရေမိုးချိုးဖို့ ပြင်ဆင်တော့"

ဇနီးဖြစ်သူ မကျင်အေးက ကျွန်ုပ် ကို နိုးနေခြင်းသာတည်း။ ယခုမှပင် ကျွန်ုပ်မှာ အိပ်ရာထက်မှာပဲရှိနေသေး သည်ကို ဂရုပြုမိလိုက်သည်။ ဒါဖြင့် စော စောက အိပ်မက်များလား။ အို-မဖြစ်နိုင် တာ။ ငါကိုယ်တိုင် အိမ်တံခါးဝရောက် သွားပြီး စကားပြောသွားတဲ့သူကို ကြည့် ခဲ့သေးတာပဲ။ ချက်ချင်းမထနိုင်သေးဘဲ မျက်မှောင်ကြုတ်၍ စဉ်းစားနေမိလေ သည်။

ဇနီးဖြစ်သူက ထပ်၍ ပြောပြန် သည်။

"ရှင်ညက ဘယ်အချိန်မှအိပ်လို့ လဲ။ တစ်အိမ်သားလုံးနိုးနေကြာလှပြီ။ သိပ်ပြီးညဥ့်နက်ခံမနေပါနဲ့ရှင်။ ရှင့် အသက်အရွယ်နဲ့ အိပ်ရေးပျက်ခံတိုင်း မကောင်းဘူး။ ကဲ - ထ ထ၊ ရှင့်သား သမီးတွေတောင် ပြင်ဆင်နေကြပြီ"

သေချာပြီ။ ကျွန်ုပ်အိပ်မက်မက် နေခြင်းပင်တည်း။ တကယ် ကိုယ်တိုင် ကြုံခဲ့ရသလို ပီပြင်လွန်းလှသည့်အိပ် မက်ပါတကား။ ကျွန်ုပ် မည်သူ့ကိုမျှပြန် မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်ပါ တော့၏။ ကိုတင်မောင်နှင့်စကားပြောဆို မိသည်များကို စဉ်းစားရင်း အိပ်မက်မှာ စိတ်စွဲလမ်းသွားတာပဲ ဖြစ်ပါမည်။

သို့သော် -

"အဖေ၊ အဖေ့ကို သားပြောစရာ ရှိတယ်။ ကျန်တဲ့သူတွေရှေ့မှာတော့ မပြောချင်လို့ ခုလိုကားပေါ်ရောက်မှ နှစ်ယောက်ချင်းပြောရမှာအဖေရဲ့"

သိမ်ကြီးဈေးကို ကားလေးဖြင့် သားအဖနှစ်ယောက် ဆိုင်သို့အသွား သားဖြစ်သူက ကားမောင်းရင်း ပြော လာသည်။

"ပြောပါဦးကွ၊ ဘာများပြောစရာ ရှိလို့လဲ။ သားအဖနှစ်ယောက်တည်း ပြောရမှာဆိုတော့ မင်းမိန်းမမယူချင်ပြီလို့ ပြောမလို့လား လုပ်ပါဦး"

ကျွန်ုပ်က ရယ်ရွှန်းဖတ်ရွှန်းပြော လိုက်သော်လည်း သားက မျက်နှာထား တည်တည်နှင့် -

"မဟုတ်ဘူးအဖေ၊ သားပြောမှာ က သားတို့အိမ်က ရေတွင်းကြီးကိစ္စ"

"ဟေ"

ကျွန်ုပ် မျက်ခုံးအစုံမှာ ရုတ်တ ရက် မြင့်တက်သွားသယောင်ဖြစ်သွား မိပါတော့သည်။

"သည်လိုအဖေရဲ့၊ ညက သား အိပ်မက်မက်တယ်။ အိပ်မက်ဆိုပေမယ့် တကယ့်အဖြစ်လိုပါပဲအဖေရယ်။ သား ဆီကို လူကြီးတစ်ယောက်လာတယ်။ ရေတွင်းကြီးကိုမဖို့နဲ့တဲ့။ ပြောတာ နား မထောင်ဘဲ ဖွတ်လုပ်ခဲ့ရင်တော့ မင်းတို့ တစ်မိသားစုလုံး ငါ့အကြောင်းသိမယ်ဆို ပြီး ကြိမ်းမောင်းသွားလိုက်တာ အဖေ ရယ် ဒေါသတကြီးပါပဲ"

သား၏အိပ်မက်နှင့် ကျွန်ုပ်၏အိပ် မက်က တစ်ထပ်တည်းဖြစ်နေပါပကော။ ကျွန်ုပ်က အတန်ငယ် စဉ်းစားလိုက် သည်။ ကျွန်ုပ်မက်သည့်အကြောင်းကို သားကို- ပြောမပြတော့။ ကျွန်ုပ်တပါ ထိုကိစ္စကို လက်ခံသွားခဲ့လျှင် ကျွန်ုပ် တစ်သက်လုံး မယုံကြည်ခဲ့သည့်ကိစ္စရပ် များအပေါ် လက်ခံသွားရကောင်းလား ဟု ကျွန်ုပ်အပေါ်၌လည်း အထင်သေး သွားတော့မည် ဖြစ်သည်။

ထို့ကြောင့်လည်း -

"အိပ်မက်ပဲကွ၊ သူမက်ချင်ရာ မက်မှာပေါ့။ သူများတွေက ရေတွင်းဖို့ ရင် ဘာဖြစ်မယ်ညာဖြစ်မယ်ဆိုပြီးပြော နေကြတာတွေ ငါ့သားစိတ်ထဲစွဲပြီးမက် တာဖြစ်မှာပေ့ါ။ ဘာလဲမင်းကကြောက် နေလို့လားကွ"

"မဟုတ်ပါဘူး။ သားက အဖေ့လို ပဲ ဒါမျိုးတွေလက်ခံတဲ့သူမဟုတ်ဘူးဆို တာ သိရဲ့သားနဲ့။ ဒါပေမယ့် အိပ်မက်က တကယ့်ကို အပြင်မှာလာပြောနေသလို မျိုးချည်း အဖေရာ"

ခေါင်းထဲမှာ ဖျောက်ပစ်လိုက်ပါ သားရယ်၊ စွဲမနေပါနဲ့တော့ကွာ"

"ဟုတ်ကဲ့ အဖေ၊ အမေ့ကိုပြော လိုက်ရင်ကောင်းမလားလို့ မနက်က စဉ်း စားမိသေးတယ်"

"အောင်မယ်လေး မပြောလိုက် ပါနဲ့ကွာ။ ပြောသာပြောလိုက်မိရင်တော့ ရေတွင်းကိစ္စကို အကျောက်အကန်ဖျက် တော့မှာ အသေအချာပေ့"

သားအဖနှစ်ယောက် ရယ်ရယ် မောမောနှင့် စကားပြောကြရင်း ထိုကိစ္စ ကို ပြီးပျောက်လိုက်ကြပါတော့၏။

(၄)

နောက်တစ်နေ့ မနက်ဘက်တွင် မိတ်ဆွေဖြစ်သူက အုတ်ကျိုးများနှင့် မြေ ကြီးများလာ၍တိုက်ပါဆိုသဖြင့် ကား တစ်စီးငှားပြီး ငါးခေါက်တိဘိတိုက်ရ လေတော့သည်။ ခြံအဝင်လမ်းမဘေး တစ်လျှောက်၌ ပုံထားလိုက်ပြီး တနင်္ဂနွေ ဈေးပိတ်ရက်ကျမှ အလုပ်သမားများ ခေါ်ကာဖို့မည် ဖြစ်သည်။ လေးခေါက် တိုက်အပြီး နောက်ဆုံးအခေါက်တွင်မူ အုတ်ကျိုး ဘိလပ်မြေအတုံးကြီးများ ပါ လာ၏။ အလုပ်သမားများကို နေရာပြ ပေးနေရင်း ဂရုစိုက်လုပ်ကိုင်နေသည့် အကြားမှ အတန်ငယ်ကြီးသည့် ခဲတုံး ကြီးတစ်ခု ကျွန်ုပ်ထံသို့ လွင့်စဉ်လာပြီး ခြေသလုံးရိုးကို မှန်ပါလေတော့သည်။

ကားပေါ်မှတွန်းချနေသူ အလုပ် သမားက မျက်စိပျက်မျက်နှာပျက်ဖြင့် ကျွန်ုပ်ကို တောင်းပန်ရှာသည်။ ကျန်သူ များပါ ဝိုင်း၍လာကြပြီး ကျွန်ုပ်ကို မွေ့ ချီ၍အိမ်ထဲပို့လိုက်ကြသည်။ ကျွန်ုပ်ကား လမ်းလျှောက်၍တောင် မရနိုင်တော့ပြီ။ ဇနီးသည်က ဆိုင်မှာရှိသည့် သားကြီးထံ သို့ ဖုန်းဆက်ခေါ်သည်။ သားလာလျှင် ကားနှင့် ဆေးရုံ (သို့) အရိုးအကြောကု ဌာနတစ်ခုခုသို့ ပြမည် ဖြစ်သည်။

ဘေးမှအလုပ်သမားတစ်ယောက် က -

"ဒီခဲတုံးကြီးက ဦးလေးနဲ့အလွတ် ကြီးပါ။ ဒါပေမယ့် ဘယ်လ်ကဘယ်လို လိမ့်ပြီး ဦးလေးခြေထောက်ကိုသွားထိ တာလည်း မစဉ်းစားတတ်တော့ဘူး။ မသိရင်တော့ တစ်ယောက်ယောက်က ချိန်ပြီးတွန်းလိုက်သလို ဦးလေးဘက်ကို လိမ့်သွားလိုက်တာဗျာ"

ထိုခဏ၌ ကျွန်ုပ်မှာ အိပ်မက်မှ ပြောသွားသောစကားတို့ကို ရုတ်ခြည်း ပြန်စဉ်းစားမိလိုက်သည်။ အို - မဖြစ် နိုင်တာ။ ဖြစ်ချင်လို့ အခန့်မသင့်လို့ဖြစ် သွားတာ။ ဘာပယောဂမှပါတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အို - မဖြစ်နိုင်တာ၊ သွေးမကြောင်စမ်းပါနဲ့ဟူ၍လည်း မိမိကိုယ်မိမိဖြေသိမ့်လိုက်ပါတော့၏။ ဇနီးသည်က သားကိုမစောင့်တော့ဘဲ ဆေးခန်းသွားရန်ပြောသည်။ ကျွန်ုပ်က သားလာမှပဲသွားမည်ဟု ဇွတ်ပေနေသည်။ ထိုခဏမှာပင် ဧည့်ခန်းမှ ဖုန်းသံမြည်လာသည်။ ဇနီးဖြစ်သူက သွား၍ကိုင်လိုက်သည့်အခါ စိတ်ဆင်းရဲဖွယ်ရာသတင်းတစ်ခု ဖြစ်နေပါတော့သည်။

"ဒုက္ခပါပဲ ကိုမြသိန်းရယ်၊ သားကြီးရဲ့ကားနဲ့ လိုင်းကားနဲ့ပွတ်မိကြလို့တဲ့။ အဲဒါ ရှင်းလင်းနေကြတာ မပြီးသေးဘူးတဲ့တော်။ သားက သူ့ကိုမစောင့်နဲ့တဲ့။ ဆေးခန်းကိုသာ သွားနှင့်ကြတော့တဲ့။

လူတော့ ဘာမှမဖြစ်ပါဘူးတဲ့။ ကားကတော့ နည်းနည်းထိသွားတယ်တဲ့။ လိုင်းကားက အပြိုင်မောင်းရင်း သူ့ကားကို ဝင်တိုးတာတဲ့။ သူမမှားပေမယ့် ယာဉ်ထိန်းရဲကိစ္စတွေရော အပျက်အစီးကို အလျော်တောင်းဖို့တွေရောမို့ ကြာဦးမှာတဲ့။ စိတ်ညစ်လိုက်တာရှင်"

စိတ်သောကရောက်ဖွယ်များစွာကြုံတွေ့ကြရပြီး တစ်အိမ်သားလုံး နလုံးစိတ်ဝမ်းမချမ်းသာနိုင်ကြပြီ ဖြစ်သည်။ ဆေးခန်းသို့သွားသည့်အခါ ကျွန်ုပ်၏ညာဘက်ခြေသလုံးရိုးအက်သွားသဖြင့် ကျောက်ပတ်တီးစည်းလိုက်ရပါတော့သည်။

ညာဘက် မီးသားစုများ စုံကြသော်လည်း သားကြီးအား ဖြစ်ပျက်သမျှ မေးကြည့်၏။ သားကသူမမှားကြောင်း၊ သူလမ်းအမှန်မောင်းနေတာကို လိုင်းကားက ကျော်တက်ပြီးဝင်တိုက်သွားခြင်းဖြစ်ကြောင်း၊ ညာဘက်မောင်းဖြစ်၍ သူ့ကိုထိခိုက်မှုလွတ်ခြင်းဖြစ်ကြောင်း၊ ကား၏ဘယ်အခြမ်းမှာ အတော်ပင် စုတ်ပြတ်သွားကြောင်း ပြောပြပါတော့သည်။

"အဖေ၊ ကျွန်တော် ညတမက်တဲ့ အိပ်မက်ကြောင့်များဖြစ်နေသလားမသိဘူး"

ဟူ၍ ခပ်တိုးတိုးမေးသည်။

ကျွန်ုပ်က ပြန်၍ -

"မဟုတ်တာသားရယ်၊ အစွဲအလမ်းမထားပါနဲ့ကွာ။ ခုဟာက သူဟာသူဖြစ်ချိန်တန်လို့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားကြတာပါကွာ မင်းကလည်း"

"ခုလို တိုက်ဆိုင်တာကြီးကိုတော့ သားစိတ်ထဲမှာ ဘဝင်မကျဘူး အဖေရယ်"

ကျွန်ုပ်က သားအား အယူမသီးဖို့ အတွေးမချော်ဖို့ စသဖြင့် ရှင်းလင်းပြောပြကာ ဖြေသိမ့်လိုက်ရပါတော့သည်။ ကျွန်ုပ်ကိုယ်တိုင်ကပါ သားနှင့်အတူ မက်ခဲ့သည့် အိပ်မက်နှစ်ခုလုံး ထပ်တူထပ်မျှ တိုက်ဆိုင်လွန်းသည်ကို သံသယမရှင်းပါချေတော့။ ခုဆိုလျှင် ကျောက်ပတ်တီးစည်းထားရသဖြင့် သုံးလခန့်ဆိုင်မထွက်နိုင်တော့ဘဲ အိမ်တွင်းအောင်းနေရချေဦးမည်မို့ စိတ်လည်းတိုဒေါသလည်းထွက်မိသည်။ မည်သူ့ကိုဒေါသထွက်ရမှန်းတော့မသိ။ ငစုးမှ ဦးတင်မောင်လာလျှင်လည်း ရေတွင်းကြီးကြောင့်ဟု ပြောတော့မှာကတော့ အသေအချာပင်ဖြစ်ပါတော့သည်။

(၅)

နောက်တစ်နေ့ နံနက်ဘက် ဝေလီဝေလင်းအချိန်လောက်မှာ သမီးဖြစ် သူ၏အလန့်တကြားအော်ဟစ်သံကြောင့် အိပ်ရာထဲမှနေ၍ ထရန်ပြင်လိုက်သော်လည်း ရုတ်တရက်ထ၍မရနိုင်။ သားနှင့် သမီးတို့၏ အော်ဟစ်သံတို့ကိုသာ နားထောင်ပြီး ဘာတွေဖြစ်နေမှန်းကို မသိတော့။ ခဏကြာမှ သားနှင့်သမီးနှင့်အတူ ဇနီးသည်ပါ ရောက်လာကြသည်။

"မင်းတို့ဘာတွေဖြစ်နေကြတာလဲကွဟေ။ ဆူညံနေကြပါကလား"

ကျွန်ုပ် မေးခွန်းအဆုံးမှာ ထိတ်လန့်တုန်လှုပ်နေသည့်သမီးက -

"မြွေကြီး အဖေ၊ တော်တော်အကောင်ကြီးတယ်။ အရှည်ကလည်း တစ်လံကျော်လောက်ရှိမယ်ထင်တယ်"

"ဘယ်နေရာမှာတွေ့တာလဲ၊ အိမ်ထဲဝင်လာလို့လား"

"ရေတွင်းကြီးဘေးမှာ ခွေနေတာအဖေ။ အရောင်က အဝါနဲ့ အနက်ကျားနဲ့။ သမီးက အိမ်ရှေ့ခြံတံခါးသွားဖွင့်တာ။ မြွေကြီးက သမီးသွားမယ့်လမ်းကို ပိတ်ပြီး ခွေခွေကြီး။ ကြောက်လိုက်တာ အဖေရယ်"

သားကြီးကပါ ဝင်၍ ပြောလာသည်။

"ညီမလေးအော်သံကြားလို့ပြေးထွက်သွားတော့ ဒီကောင်ကြီးက ကျွန်တော်တို့ဘက်ကိုလှည့်ပြီး ပါးပျဉ်းထောင်ကြည့်တယ်။ သားလည်း တုတ်တစ်ချောင်းနဲ့ ရိုက်မယ်လို့လုပ်တော့မှ ခြံအပြင်ကို ရှောခနဲထွက်သွားတယ်။ သားနောက်ကလိုက်ကြည့်တာ ခြံအပြင်ရောက်တော့ မတွေ့ရတော့ဘူး။ အုတ်ကျိုးပုံတွေကြားထဲများ ဝင်သွားသလားမသိပါဘူး"

"ဒါဆိုရင် ဂရုစိုက်ကြပေါ့၊ မြွေကြီးက ခိုရင်ခိုနေဦးမှာ။ ခြောက်လှန့်အသံပေးလိုက်ဦး။ တို့အိမ်သားတွေက ဒီလမ်းကပဲ ဝင်ထွက်နေရတာမဟုတ်လား"

မိသားတစ်စုလုံး စိတ်ညစ်စရာများ ကြုံတွေ့နေရသဖြင့် ကျွန်ုပ်လွန်စွာစိတ်ဆင်းရဲမိ၏။ မြွေကြီးက သူ့ဘာသူထွက်သွား၍သာ တော်တော့၏။ ကိုက်များကိုက်မိလိုက်ပါက မတွေးဝံ့စရာပါတကား။

ဤနေ့တစ်နေ့လုံး အိပ်ရာထဲမှာ လဲလျောင်းရင်း ကျွန်ုပ်စဉ်းစားခန်းဝင်နေမိပါတော့သည်။ နှစ်ရက်အတွင်း ဖြစ်ပျက်လာသမျှတို့မှာ တိုက်ဆိုင်မှုလား။ တစ်စုံတစ်ခုသော အကြောင်းကြောင့်လား၊ အိပ်မက်ရှင်၏ ကြိမ်းမောင်းမှုနောက်ဆက်တွဲ ဖြစ်ရပ်များပေလား ဝေခွဲမရနိုင်တော့။ ဇနီးသည်မှာလည်း ရေတွင်းကြီးကိုဖို့မပစ်ဖို့ မျက်ရည်လည်ရွှဲနှင့် တောင်းပန်လာချေပြီ။

ကျွန်ုပ်ခြေထောက်မှာလည်း ပြန်၍ကောင်းရန် ရက်များစွာလိုသေးသည်မို့ ခြေထောက်ပတ်တီးဖြေပြီးမှသာ ဖို့တော့မည်ဟု ကတိပေးလိုက်ပါတော့သည်။ ဇနီးသည်ကတော့ လုံးဝမဖို့ပါနှင့်သည်အတိုင်းပဲ ထားလိုက်ပါတော့ဟူ၍သာ ပြောနေပါချေ၏။ သားဖြစ်သူမှာလည်း အိမ်မှ ကားလေးကို ဝပ်ရှော့ပို့ထားရသဖြင့် တက္ကစီဖြင့်သာ ဈေးသို့သွားနေသည်။

ထိုနေ့ညက အိပ်မက်မက်ပြန်သည်။ တစ်နေ့က လူကြီးကိုပင် ဖြစ်သည်။ သူ၏ မျက်နှာမှာ မှုန်မှိုင်းနေပြီး ဒေါသအငွေ့တို့ လျှံတက်နေသလို -

"မင်းတို့ငါ့စကားကိုနားမထောင်ဘဲ တစ်ဆင့်တက်လို့ ငါလည်းတစ်ဆင့်တက်ပြီး အကြောင်းပြလိုက်တာပဲ။ အဲဒါမှ မမှတ်ကြသေးရင် ဆက်လုပ်ကြပေါ့ကွာ။ မင်းလိုလူ့ငစာကတော့ လက်တွေ့ကျကျလုပ်ပြမှ ယုံမှာမဟုတ်လား။ ဒီ့ထက် လက်တွေ့ကျချင်ရင် ဆက်ပြီးလုပ်ကြဦး"

ကျွန်ုပ်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ကြိမ်းမောင်းနေသည်ကို ကြည့်ပြီး ကျွန်ုပ်မှာ ပြန်ပြောစရာအားမရှိသလို ခံစားနေရသည်။ အပြင်ဘက်မှာဆိုလျှင် ပွဲကကြည့်ကောင်းမှာ အသေအချာ။ အိပ်ရာက လန့်နိုးတော့ တစ်ကိုယ်လုံး ချွေးစေးတွေပြန်နေပြီး ကတုန်ကယင်။

ဘာပဲဖြစ်ဖြစ် ရေတွင်းဖို့ရန်ကို



www.burmeseclassic.com

www.burmeseclassic.com

ကို ခေတ္တရပ်ဆိုင်းထားလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချမိပြီး ဇနီးသည်ကိုတော့ စိတ်သက်သာမှုရစေရန် မယုတ်မလွန်ပြောထားရလေသည်။

(၆)

ဇနီးသည် မကျောင်အေးကား ယခုရက်ပိုင်းအတွင်း ဘာသာရေးကို ပို၍လုပ်လာသည်ကို သတိပြုမိ၏။ ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ခြင်းကို နံနက်မိုးသောက်၊ ညနေ နေဝင်ရီတရော အချိန်တို့၌ ပုံမှန်ပြုလုပ်ပြီး အမျှဝေ၊ မေတ္တာပို့သံတို့ဖြင့် တိုက်တစ်ခုလုံး လွှမ်းခြုံစေလျက်ရှိတော့၏။ ကျွန်ုပ်မှာ အထူးအလုပ်မရှိသဖြင့် လက်လှမ်းမီရာ စာအုပ်စာတမ်းလေးများ ဆွဲယူပြီး အပျင်းဖြေရလေသည်။ လယ်တီဆရာတော်၏ဒီပနီများနှင့် အနာဂတဝင်ကျမ်း၊ ဇိနတ္ထပကာသနီကျမ်း၊ မိလိန္ဒပဥှာကျမ်းကြီးတို့ကိုပါ ဇနီးသည်က ရှာဖွေပြီးဖတ်ရှုစေသည်။ အားလပ်နေသည့်အတူတူတော့ အပျင်းပြေသဘော ဖတ်ရှုပြီး တစ်စနှင့်တစ်စ ဘာသာတရားကို စိတ်ဝင်တစားရှိလာပါတော့သည်။ ဗုဒ္ဓ၏ အစွန်းနှစ်ဖက်လွတ် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ထဲထဲဝင်ဝင် လေ့လာမိပါချေပြီ။ တစ်နည်းဆိုလျှင် အချိန်ကာလများစွာ အမှောင်တိုက်ထဲမှာ အကန်းဘဝဖြင့် ပျော်မွေ့နေခိုက် လင်းခနဲဝင်းခနဲ လက်လိုက်သည့် အလင်းရောင်ကလေးတစ်စကြောင့် အလင်း၏တန်ဖိုးအရသာကို စားသုံးလိုက်မိပြီ ဖြစ်သည်။

(၁၁) ဘုံ ဟူသည်ကို ယခင်က လက်မခံခဲ့သည့် တစ်ယူသန်ဝါဒမှစ၍ ကံ၊ ကံ၏အကျိုးအပြစ်များပါမကျန် သေချာစွာ နားလည် သဘောပေါက်လာခဲ့သည်။ သိပ္ပံပညာဖြင့် တိုင်းတာ၍ မရနိုင်သည့်ကိစ္စရပ်များကိုပါ တရားတော်နှင့် ချိန်ထိုးပြီး အဖြေထုတ်တတ်လာခဲ့ပါ၏။ မြင်အပ်၊ မမြင်အပ်သတ္တဝါများ၊ မကျွတ်မလွတ်ပြိတ္တာဘဝ၌ ရှိနေရသူများ စသဖြင့် ယခင်က လက်မခံနိုင်ခဲ့သည့် ဘုံသားများကို နေရာပေး စဉ်းစားမိလာတော့သည်။

မဖတ်စဖူး ဘာသာရေးစာများဖတ်နေသည့် ကျွန်ုပ်ကို သားသမီးများက အံ့သြမှုအပြည့်နှင့်။ သားဖြစ်သူက ဘာသာရေးစာအုပ်များရှာဖွေပေးလာသည်။ ဩကာသကို အစ၊ အဆုံးမရခဲ့သူ၊ မေ့ပျောက်ခဲ့သူ ကျွန်ုပ်မှာ တဖြည်းဖြည်း အရိုင်းမှ အယဉ်သို့ ပြောင်းလဲခဲ့ရချေပြီ ဖြစ်သည်။

ဤသို့နှင့် ပတ်တီးဖြေပြီးနောက် (၃)ရက်ခန့်အကြာ သိမ်ကြီးဈေးပိတ်ရက်တနင်္ဂနွေတစ်ရက်၌ ရွှေတသ်ာတောင်းတိုက်မှ ဆရာတော်ငါးပါးကို ပင့်ဖိတ်ပြီး သင်္ကန်းကပ်၊ ဆွမ်းလုပ်ကျွေးကာသိုလ်ပြုခဲ့ပါသည်။အနှစ်သုံးဆယ်အတွင်း ကျွန်ုပ်ဘဝမှာ ပထမဦးဆုံးသော ဘာသာတရားနှင့် ပတ်သက်သည့် အလှူဒါနဟု ဆိုရလျှင် မမှားပါချေ။

ဆရာတော်ကြီးက ရေစက်ချတရားချီးမြှင့်တော်မူသည်။တစ်သက်မှာတစ်ခါသာ နာဖူးသည့်တရား။ ပထမဆုံးသောက်တည့်ဖူးသည့်သီလတို့ကြောင့်လားမသိ။ ကျွန်ုပ်၏တစ်ကိုယ်လုံး ပီတိတွေဖုံးလျက် ကြက်သီးမွေးညင်းများထမတတ် ဝမ်းမြောက်ဝမ်းသာ ခံစားရပါသည်။ ထိုနေ့ထိုရက်မှစ၍ ဘုရား၊ တရား၊ သံဃာတို့ကို ဆည်းကပ်ပူဇော်ပါတော့မည်ဟူ၍ ဆရာတော်ကြီးကို အာမဘာန္တွေခံယူလိုက်ပါ၏။ ဇနီးသည်မှာ ကျွန်ုပ်ကိုကြည့်ရင်း မျက်ရည်သွင်သွင်ကျရှာသည်။ ဝမ်းသာလွန်း၍ကျသော မျက်ရည်သာ ဖြစ်ပါလေတော့သည်။

သံဃာတော်များကို နေ့စဉ်ငါးပါးခန့် ပုံမှန်ဆွမ်းလောင်းခြင်း၊ သီလရှင်များကို ဆွမ်းဆန်လောင်းလှူခြင်းတို့ဖြင့် ကျွန်ုပ်တို့အိမ်မှာ ကုသိုလ်တရားများက ပြန်လည် ဝင်ရောက်လာပြီ ဖြစ်သည်။ အမျှဝေသည့်အခါ၌လည်း မြဝင်း၊ နေအိမ်အတွင်းရှိ မြင်အပ်၊ မမြင်အပ် သတ္တဝါများနှင့် ရေတွင်းရှိအစောင့်ပုဂ္ဂိုလ်များကိုပါ အမျှဝေခဲ့မိပါသည်။

ထိုညက -

ချိုသာသော မျက်နှာထားနှင့် ယခင်အိုပ်မက်ရှင်ကြီးကို မြင်မက်ပါသည်။ သူက သည်တစ်ခါတော့ ဘာစကားမှ အထူးအထွေမပြောဘဲ စူးစူးစိုက်စိုက်ကြည့်သွားခဲ့သည်။

ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်ပါပြီ။ သည်ရေတွင်းကြီးကို ဘယ်တော့မှဖို့ပစ်ခြင်း၊ ဖျက်ဆီးခြင်း မပြုလုပ်တော့ပါဟူ၍။

(၇)

နံနက်၊ ည နေ့စဉ် ဝတ်မပျက် ဘုရားဝတ်တက်ခြင်းနှင့်အတူ ပရိတ်တရားတော်၊ ပဋ္ဌာန်းဒေသနာကြီးများကို ရွတ်ဆိုပူဇော်နေလိုက်လို့လားတော့မသိ၊ အရင်ကနှင့်မတူတဲ့ စိတ်အေးချမ်းသာမှုတွေ ပိုပြီးပြည့်စုံလာနေသလိုပင်။ သိမ်ကြီးဈေးထဲက အထည်ဆိုင်တလည်း ခါတိုင်းထက် အရောင်းအဝယ်ကောင်းတယ်လို့ သားက ပြောပြပါသည်။ သမီးကျတော့လည်း သူ့အလုပ်ဌာနက တာဝန်နှင့် နိုင်ငံရပ်ခြားကိုသွားရတဲ့အထိ တိုးတက်အောင်မြင်မှုတွေ ရရှိလာခဲ့ကြတာ ထူးခြားမှုတွေပဲလို့ ဆိုရမည်ဖြစ်သည်။ အရင်တုန်းက ပူလောင်နေတဲ့ စိတ်တွေ၊ စီးပွားရေး၊ လူမှုရေးမှာ ဘောင်မဝင်တဲ့ ပြောဆိုဆက်ဆံမှုတွေလည်း ဘယ်လိုပျောက်တုန်မှန်းမသိ ဖြစ်ပါတော့သည်။

ဘဝအပြောင်းအလဲ ဖြစ်ချင်လာတော့ ကျွန်ုပ်၏အိမ်ကြီးကို မတန်တဆဈေးပေးပြီး ဝယ်မည့်သူပေါ် ပေါက်လာခဲ့သည်။ ယခင် မိမိကြိုက်ဈေးခေါ် ရောင်းစဉ်ကမထွက်ခဲ့လို့ မရောင်းတော့ဘူးဆိုကာမှပင် ဝယ်သူတွေ၊ ခမ်းသူတွေ ရှိလာခဲ့သည်။ မှန်းထားသည့်ငွေထက် လွန်စွာပိုရသဖြင့် မိသားစုအားလုံးတိုင်ပင်ပြီး ရောင်း၍ မြို့ထဲ ဈေးနှင့်နီးရာ တိုက်ခန်းသို့ပြောင်းရွှေ့လာခဲ့ကြပါတော့သည်။

ဝယ်ယူသည့်သူမှာ သား၏အသိမိတ်ဆွေများ ဖြစ်သည်။ ကျောက်တုန်းလိုနေရာကိုမှ သဘောကျသဖြင့် အခြေချမည်ဟူ၍ ရည်ရွယ်ပြီး ဝယ်ခဲ့ကြခြင်းဖြစ်ပါသည်။ ငွေချေပြီး မပြောင်းခင်ရက်က ကျွန်ုပ်အား -

"ဦးရဲ့အိမ်နဲ့ ခြံကြီးကိုတော့ သိပ်သဘောကျတယ်ဗျာ။ တစ်ခုပဲပြောစရာရှိတယ်။ ရေတွင်းကြီးကို ဖို့လိုက်ရင် ပိုပြီး ကျယ်သွားမယ်။ တိုက်မျက်နှာစာလည်း ပွင့်သွားပြီး ကားရပ်စရာကျယ်ကျယ်ဝန်းဝန်းရှိတော့မှာပဲ။ ဦးသားကပြောတော့ ဦးတို့အရင်က ဖို့ပစ်မယ်ဆိုပြီး ခဲတွေတောင် ပုံထားတယ်ဆိုလား ပဲ။ ဦးက မဖို့တော့နဲ့ဆိုလို့ သည်လိုပဲထားလိုက်တယ်တဲ့"

"ဦးမှာချင်တာကလည်း သည်ရေတွင်းကြီးပါပဲကွယ်။ မဖို့ဘဲ သည်အတိုင်းထားစေချင်တယ်။ ရှေးလူတွေရဲ့အမွေအနှစ်ကို သဘောထားလိုက်ပေါ့"

"ကျွန်တော်တို့က အိမ်ကြီးကို ခေတ်မီ လှပသွားအောင် ဒီဇိုင်းပြောင်းပစ်မှာဆိုတော့ ရေတွင်းကြီးကိုတော့ ဖို့ပစ်ရမှာပဲ။ သူက အိမ်ရှေ့တည့်တည့် အဝင်ကြီးမှာ ပိတ်ပြီး နေရာအများကြီး ယူထားတာမဟုတ်လား"

ကျွန်ုပ်တား၍ရမည့်သူတွေမဟုတ်မှန်း အကဲခတ်မိသည်။ ခေတ်လူငယ်လူရွယ်ဆိုတော့ ခေါင်းမာကြမည့်သူများသာ ဖြစ်သည်။ သို့ပေမယ့် အရိပ်အမြွက်သဘောလောက်တော့ သတိပေးသင့်



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ယူဆမိသဖြင့် -

"ဒါဆိုရင်လည်း သည်လိုကိစ္စတွေမှာ တတ်သိနားလည်တဲ့လူကြီးသူမတွေကို တိုင်ပင်ပြီး စီစဉ်ကြပေါ့ကွယ်။ ကိုယ့်သဘောနဲ့ကိုယ်တော့ မလုပ်စေချင်ဘူး။ ဦးက စေတနာနဲ့ ပြောတာပါ"

"ကျွန်တော်တို့က ခေတ်လူငယ်တွေပါ။ ခေတ်အမြင်နဲ့ပဲ အရာရာကို ကြည့်ကြသူတွေပါ။ ကိုယ့်ခြံထဲက ရေတွင်းကို ကိုယ့်အသုံးမပြုချင်တော့လို့ ဖို့ပစ်တာ အဆန်းတကြယ်ကိစ္စတစ်ခုလို့ မယူဆချင်ဘူး ဦးရယ်။ ကျွန်တော်တို့အတွက် ဘာမှစိတ်မပူပါနဲ့။ လုပ်သင့်လုပ်ထိုက်တယ်ထင်လို့လုပ်ရမှာပါ"

ကျွန်ုပ်ပြောစရာစကားကုန်ပြီ ဖြစ်သည်။ ဖွတ်လုပ်ကြမည့်သူများကို ဘယ်လိုမှတားချ၍ရမှာမဟုတ်။ ရေတွင်းနှင့်ပတ်သက်သည့်အိပ်မက်များနှင့် တွေ့ကြုံခံစားခဲ့ရသည့် စိတ်ဆင်းရဲမှုများ အကြောင်းကိုပါ ပြောပြလိုက်လျှင် အလှောင်ခံရဦးမှာ အသေအချာ။ သို့ဖြစ်၍ အဟောသိကံပြုလိုက်ရပါတော့၏။

(ဂ)

ကျွန်ုပ်တို့ မြို့ထဲတိုက်ခန်းပြောင်းရွှေ့ပြီး နှစ်လခန့်အကြာ၌ ကျွန်ုပ်၏ဆိုင်သို့ နာရေးဖိတ်စာတစ်စောင်ရောက်ရှိလာခဲ့သည်။ ကွယ်လွန်သူကား ကျွန်ုပ်တို့အိမ်ကြီးကို ဝယ်ယူသွားသူ လူငယ်ကိုယ်တိုင်ဖြစ်သည်ကို စိတ်မကောင်းစွာ ဖတ်ရှုလိုက်ရပါသည်။ ညနေဘက် ဆိုင်သိမ်းအပြန် ကျွန်ုပ်တို့သားအဖ နာရေးအိမ်သို့ သွားခဲ့ကြသည်။ ကျွန်ုပ်တို့နေထိုင်ခဲ့သည့်အိမ်ကြီးကား ယခင်ကလို မှုန်မှိုင်းမှိုင်းမဟုတ်တော့ဘဲ ငွေကြေးအကုန်ခံ ပြန်လည်ပြင်ဆင်ထားသဖြင့် ခေတ်မီလှပသည့်အဆောက်အအုံတစ်ခုဖြစ်နေချေပြီ။ ရေတွင်းကြီးကို ဖို့ပစ်ပြီး သမံတလင်းလောင်းထားသဖြင့် တိုက်ကြီး၏မျက်နှာစာက ကျယ်ကျယ်ဝန်းဝန်းဖြစ်နေသည်ကိုလည်း တွေ့လိုက်ရသည်။ ကွယ်လွန်သူ၏ဇနီးသည်က စကားဦးခံပြောသည်။

"ဦးလေးတို့မို့လို့ ပြောပြရတာပါ။ သူ ရေတွင်းကြီးကိုမဖို့ခင်က ကျွန်မကို ပြောတယ်။ သူ့အိပ်မက်တွေမကောင်းဘူးတဲ့။ ဘာတွေမက်လို့လဲမေးတော့ အလကားပါကွာ၊ မေးမနေပါနဲ့တော့တဲ့။ ကျွန်မက ယတြာလေးဘာလေးချေရအောင်ပြောတော့ သူက ဟားတိုက်ရယ်တယ်။ အပိုအလုပ်တွေမလုပ်နဲ့။ ငါ ဘာကိုမှဂရုမစိုက်ဘူး။ ကြောက်လည်း မကြောက်ဘူးလို့ ပြောတယ်။ ဒါပေမယ့် ထူးခြားတာက အိမ်ကြီးကိုသာ မြင်နေတယ်။ ရေတွင်းဖို့ဖို့ကိစ္စကို အရင်လုပ်မယ်ဆိုပြီး မလုပ်ဖြစ်သေးဘူးလေ။ အကြောင်းတစ်ခုခုရှိလို့ မဖို့သေးဘူးလို့ ကျွန်မထင်တယ်။ ဖွင့်လည်းမပြောဘူး။ ပြီးခဲ့တဲ့ အပတ်ကမှ ဖို့ဖြစ်တာ ဦးရဲ့"

ကျွန်ုပ်က စိတ်ဝင်တစား နားထောင်နေမိရင်း မေးလိုက်မိသည်။

"ဦးက အိမ်စပြောင်းကတည်းက ဖို့ပစ်လိုက်ပြီထင်တာ။ ဖို့တာက မကြာသေးသူကိုး။ ကဲ - ဆက်ပါဦး၊ ဖို့ပြီးတော့ ဘာထူးခြားမှုတွေတွေ့လာခဲ့သေးလဲ"

"ဖို့ပြီးနှစ်ရက်လောက်မှာ ညနေမှောင်စအချိန်မှာပေါ့။ မီးလုံးကြီးတစ်လုံး ကျွန်မတို့ ခြံဝင်းထဲကိုဝင်လာတာ ထင်ထင်ရှားရှားတွေ့လိုက်ရတယ်ရှင့်။ ကျွန်မတစ်ယောက်တည်းဆိုလည်း မျက်စိမှားပြီး မြင်မိမြင်ရာမြင်တယ်လို့ ပြောရပေမယ့် အဲသည်အချိန်က ကျွန်မအနားမှာ ကျွန်မ တူလေးရယ်၊ အိမ်အကူကောင်မလေးရယ်ရှိနေတယ်။ သူတို့တွေပါ မျက်စိထဲမှာ ဝင်းခနဲ မီးလုံးကြီးတစ်လုံး တွေ့လိုက်တယ်တဲ့လေ။ တစ်ခုထူးတာက အဲသည်မီးလုံးကြီးက ရေတွင်းနားလည်းရောက်ရော ဖျတ်ခနဲပျောက်သွားတယ်။ ကျွန်မဖြင့် ကြောက်လိုက်တာ မပြောပါနဲ့တော့ ဦးရယ်"

ထိုသူငယ်မ စကားအဆုံးမှာ ကျွန်ုပ်တို့သားအဖ တစ်ယောက်မျက်နှာတစ်ယောက် ငြိုင်တူလိုကြည့်လိုက်မိကြပါတော့သည်။ ခေတ္တခဏနားလိုက်ပြီးမှ သူမက ဆက်ပြောပြပြန်သည်။

"သူပြန်လာတော့ ကျွန်မတို့ ပြောပြတယ်။ သူက မျက်နှာပျက်သွားပြီးမှ ဣန္ဒြေပြန်ဆည်လိုက်ပြီး ရယ်ရယ်မောမောနဲ့ ဒီလောက်နေအပူရှိန်များလွန်းတဲ့အချိန်မှာ တံလျှပ်တို့၊ အလင်းစူးရှလွန်းတာတို့ မြေကြီးအငွေ့တွေက ဖြစ်ပေါ်တာကြောင့်ပါတဲ့။ အရေးမထားတဲ့ပုံလုပ်ပစ်လိုက်လေရဲ့ရှင့်။ ကျွန်မကတော့ တပ်အပ်သေချာမြင်ထားရတဲ့သူဆိုတော့ သူ့စကားကို လုံးဝမကျေနပ်ဘူး။ ဆက်ပြောရင်လည်း ရန်ဖြစ်မှာပဲဆိုပြီး စိတ်လျှော့လိုက်ရတော့တယ်။ စိတ်ထဲမှာတော့လေးနေမိတယ်။ ဆိုးဆိုးရွားရွား တစ်ခုခုတော့ မကြုံတွေ့ပါနဲ့ဆိုပြီးလည်း ဆုတောင်းမိတယ်"

ကျွန်ုပ်ကဲ့သို့ ခေါင်းမာသူ၊ အယုံအကြည်မရှိသူလူငယ်၏ စိတ်မာတင်းခိုင်မာမှုကိုလည်း လေးစားမိသည်။ ကျွန်ုပ်ကိုယ်တိုင်ကြုံခဲ့စဉ်က ထိုသူငယ်လောက်ခေါင်းမမာနိုင်ခဲ့။ မိသားစုပါ အန္တရာယ်ကျရောက်လာမှာကို တွေးတောပူပန်ပြီး လက်လျှော့ခဲ့သူ ဖြစ်လေသည်။ သူကား ဘာကိုမှ ဂရုမစိုက်ဘဲ နောက်မတွန့်ခဲ့သူပါတကား။ နောက်ဆုံး သိလိုသည့်အချက်ကို မေးမြန်းမိတော့သည်။

"ဆုံးတဲ့အကြောင်းကိုလည်း ပြောပြပါဦး သမီးရယ်"

"နောက်တစ်နေ့မနက်ရောက်တော့ သူက ပဲခူးဘက်ကို အလုပ်ကိစ္စ အရေးကြီးလို့သွားရမယ်လို့ ပြောတယ်။ အိမ်ကကားကလည်း သိပ်မကောင်းတော့ တခြားကားရှာပြီးသွားပါလားလို့ ကျွန်မက ပြောတယ်။ သူက ရပါတယ် မိန်းမရယ်၊ ကားက ပဲခူးက ကိစ္စပြီးမှပဲ ဝပ်ရှော့ကိုထိုးလိုက်တော့မယ်။ ဒီကားနဲ့ပဲ သွားမယ်တဲ့။ သူက အဲသလို ခေါင်းမာတဲ့သူကိုးရှင့်။ ညနေဘက်ကျတော့ ပဲခူးကအပြန် လှည်းကူးနားမှာ ကားမှောက်ပြီး ဆုံးသွားတယ်ဆိုတဲ့ ဖုန်းဝင်လာတော့တာပါပဲရှင်"

စကားပြောရင်း ဆို့နင့်လာသည့် သဏ္ဌာန်ဖြင့် သူငယ်မမှာ ရှိုက်ရှိုက်ငိုကြွေးနေပါတော့၏။

အချိန်လင့်ပြီဖြစ်၍ ကျွန်ုပ်တို့လည်း နှစ်သိမ့်စကားများ အားပေးပြောကြားပြီး ပြန်လာခဲ့ပါတော့သည်။ အိမ်မှအထွက် ရေတွင်းကြီးနေရာကို အထူးဂရုစိုက်ကြည့်မိလိုက်ကြပါသေးသည်။ ကြီးမားနက်ရှိုင်းခိုင်ခံ့လှသည့် ရေတွင်းကြီးကား ဤလောကမှ ပျောက်ကွယ်သွားခဲ့ချေပြီ။ ထိုကဲ့သို့ပင် ရေတွင်းဖို့သူ အိမ်ရှင်လူငယ်သည်လည်း လူ့ဘဝမှ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ အကယ်၍သာ ဤအိမ်ကြီးမရောင်းခင်က ဘာကိုမှယုံကြည်မှုမရှိ ခေါင်းမာစွာဖြင့် ကျွန်ုပ်သာ အရင်ဖို့ဖြစ်ခဲ့ပါက ထိုသူငယ်၏ကြမ္မာဆိုးမျိုး ကျွန်ုပ်တို့မိသားစု မကြုံတွေ့နိုင် ဟု၍ ကံသေကံမ မပြောနိုင်ပါမည်လား။ ကျွန်ုပ်တို့မိသားစုကံကြီးမားလှပါဘိတော့သည်တကား။

(ရှေးမှ တူးဖော်ထားရှိခဲ့သော ရေတွင်းရေကန်ကြီးများကို လက်လွတ်စပယ်ဖို့ခြင်းမှ ဆင်ခြင်နိုင်ကြပါစေ။)

ဖျာပုံ-စိုးသား

*(ဖြစ်ရပ်မှန်ကို ရေးခွင့်ပြုသူ ဦးမြသိန်း (အမည်လွှဲ) အား ကျေးဇူးတင်စွာဖြင့်)*



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# အိမ်ဆောက်ကြမလို့လား

အိမ်ဆောက်လိုသူ ပုဂ္ဂိုလ်များအတွက် လိုအပ်ပါလျှင် အသုံးပြုနိုင်ရန် ရှေးဟောင်းမြန်မာ့ရိုးရာပညာရပ်တစ်ခုကို မျှဝေလိုက်ပါသည်။ ရှေးရှေးအခါက နေမြင်လမြင်ဗျာန်ရရှင်ရသေ့ကြီးတို့၏ လက်သုံးပကိဏ္ဏကကဏ္ဍမှ မိမိတို့ အမြဲနေထိုင်ရန်အတွက် အိမ်များဆောက်ကြသည့်အခါ အိမ်ဆောက်ရန် သင့်၊ မသင့် စိစစ်ရွေးချယ်ရန် လိုအပ်ပါသည်။

မိမိအတွက် အိမ်ဆောက်လုပ်ရန် သင့်-မသင့်၊ ကောင်း-မကောင်းကို သိရှိနိုင်ရန် (အိမ်ရှစ်အိမ်ဇယား) နှင့် တွက်ချက်လျှင် အဆင်ပြေ ကောင်းမွန်မည် ဖြစ်ပါသည်။

အိမ်ရှစ်အိမ်ဇယားနှင့် တွက်ရန် ရှေးဦးစွာ အိမ်ဆောက်မည့်သူ၏အသက်ကို သိရှိမှတ်သားဖို့လိုသည်။ ထို့နောက် အောက်တွင် ဖော်ပြထားသော အိမ်ရှစ်အိမ်ဇယား၏ အိမ်ငယ်မှစ၍ (လက်ဝဲရစ်များပြထားသည့်အတိုင်း)မိမိသက်စေ့ရေသွားပါ။ ဥပမာ အသက် (၄၉) နှစ်ပုဂ္ဂိုလ်တစ်ဦး အိမ်ဆောက်ရန် တွက်ပါက ထိုအိမ်ရှစ်အိမ်ဇယားမှာ အိမ်ငယ်သို့ကျနေ၏။ ထိုပုဂ္ဂိုလ်အတွက် အသက် (၄၉) နှစ်တွင် အိမ်ဆောက်လျှင် အသက်ရှည် ကျန်းမာ စည်းစိမ်ပွား၍ သားမြေးခြွေရံပေါများအံ့ ဟူသော ကောင်းကျိုးများ ရရှိမည် ဖြစ်ပေသည်။

■ ဆောင်ပုဒ် ■

*အမည်နှင့်တွက်ပုံ၊ အိမ်ငယ်ဆောင်ပန်း၊ ပေါက်လဲညွှန်း၊ တစ်ခန်းသဘော်ပင်၊ ပြာသာဒ်ကျိုးနား၊ အိမ်ပြုန်ထား၊ မှတ်သားအိမ်တံကျင်၊ အိမ်ငယ်ကစ၊ လက်ဝဲပ၊ ရေကြ သက်စေ့ပင်။*

■ အဟော ■

***အိမ်ငယ်ကျ*** *- သက်ဗီဇ၊ ရှည်ကြစည်းစိမ်တည်၊ သားမြေးကျေးကျွန်၊ ပေါပြည့်လွန်၊ အမွန်လူလေးကို။*

***အိမ်ဆောင်ပန်းကျ*** *- ခြွေရွေပ၊ များလှုပြန်တော့သည်။*

***ပေါက်လဲကျတွေ*** *- မကောင်းပေ၊ ဇီဝေဆုံးလိမ့်မည်။*

***အိမ်သဘော်ကျ*** *- တစ်လောက၊ ဘောဂပြည့်စုံညီ။*

***ပြာသာဒ်သင့်က*** *- များစေ၊ မြဲလှ ခိုင်တည်တည်။*

***ကျိုးနားသင့်ဟန်*** *- သားမြေးမွန်၊ ကျေးကျွန်ပျက်စီးမည်။*

***အိမ်ပြုန်သင့်တုံ*** *- နှစ်မကုန်၊ ဖုံဖုံပျက်စီးမည်။*

***တံကျင်မှာလည်း*** *- ၎င်းနည်း၊ ဉာဏ်မှီမှတ်သင့်၏။*

■ အိမ်ရှင်ဇယားအဟောများ ■

• အိမ်ငယ်မှစ၍ လက်ဝဲရစ် သက်စေ့ရေပါ။

(၁) အိမ်ငယ်ကျသော် အသက်ရှည်၊ စည်းစိမ်ပွား၍ သားမြေးအခြွေအရံများအံ့။

(၂) အိမ်ဆောက်ပန်းကျသော် အခြွေအရံများအံ့။

(၃) အိမ်ပေါက်လဲကျက အသက်ဆုံးရှုံးတတ်၏။

(၄) အိမ်သဘော်ကျပါက စည်းစိမ်ဥစ္စာရတနာချမ်းသာအံ့။


(၅) အိမ်ပြာသာဒ်ကျပါက ဥစ္စာစည်းစိမ်ခိုင်မြဲတည်တံ့အံ့။

(၆) အိမ်ကျိုးနားကျပါက သားမြေးကျေးကျွန်ပျက်စီးမည်။

(၇) အိမ်ပြုန်ကျပါက နှစ်မကုန်မီ အလုံးစုံ ပျက်စီးအံ့။

(၈) အိမ်တံကျင်ကျပါကလည်း ထို့အတူ ဆုံးရှုံးပျက်စီးမည်။

အိမ်ရှစ်အိမ်ဇယား




## မည်သည့်အသက်တွင် အိမ်ဆောက်ရပါမလဲ

■ ဆောက်ရမည့်အသက်ပိုင်းများ ■

အိမ်ငယ်ကျသော အိမ်ဆောက်ရန် အသက်ပိုင်းများ- မိမိအသက် (၂၅) နှစ်၊ (၃၃) နှစ်၊ (၄၁) နှစ်၊ (၄၉) နှစ်၊ (၅၇) နှစ်၊ (၆၅) နှစ်၊ (၇၃) နှစ်၊ (၈၁) နှစ်။

အိမ်ဆောင်ပန်းကျသော အိမ်ဆောက်ရန် အသက်ပိုင်းများ - မိမိအသက် (၂၆) နှစ်၊ (၃၄) နှစ်၊ (၄၂)နှစ်၊ (၅၀) နှစ်၊ (၅၈) နှစ်၊ (၆၆) နှစ်၊ (၇၄) နှစ်၊ (၈၂) နှစ်။

အိမ်သဘော်ကျသော အိမ်ဆောက်ရန်အသက်ပိုင်းများ - မိမိအသက် (၂၉) နှစ်၊ (၂၈) နှစ်၊ (၃၆) နှစ်၊ (၄၄) နှစ်၊ (၅၂) နှစ်၊ (၆၀) နှစ်၊ (၆၈) နှစ်၊ (၇၆) နှစ်၊ (၈၄) နှစ်။

အိမ်ပြာသာဒ်ကျသော အိမ်ဆောက်ရန် အသက်ပိုင်းများ - မိမိအသက် (၂၁) နှစ်၊ (၂၉) နှစ်၊ (၃၇)နှစ်၊ (၄၅) နှစ်၊ (၅၃) နှစ်၊ (၆၁) နှစ်၊ (၆၉)နှစ်၊ (၇၇) နှစ်၊ (၈၅) နှစ်။

*ခုနစ်နေ့သားသမီးများ ကောင်းကျိုးအထွေထွေရရှိကြပါစေ*

**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com

မဂဒူး မုတ္တမကိုရပြီးနောက် မုတ္တမ မြို့အသစ်တည်ရန် စီမံ၏။ ရှေးဦးစွာ မှူးမတ်သေနာပတိ၊ ရဟန်းပုဏ္ဏား၊ ဟူးရားပညာရှိများနှင့် တိုင်ပင်၏။ မြို့ တည်မည့်နေရာကို မြေညှိရန် တောရှင်း သောအခါ ကျားတစ်ကောင်ရ၏။ ဓတိုး ဆရာသာမိ၊ ဆရာဝေါကရောနှင့် ဆရာဝေါင်တို့ကိုခေါ်၍ နိမိတ်ဖတ် စေ၏။ ပညာရှိ (၃) ဦးတို့က ကျား သည် မွန်ဘာသာအားဖြင့် 'ကု' ဟု ခေါ်၏။ 'ကု' အက္ခရာတွင် 'က' သည် ရာဟုလာ ဖက် သဖြင့် တနင်္လာနံသည် သာမယျဖြစ်ရာ ယခု တည်မည့်မြို့တွင် ရန် စစ် အနည်းငယ်ရှိ၏။ သို့သော် ကျားသည် သတ္တဝါတို့၏မင်း ဖြစ်၏။ သည့်ကြောင့် ဤမြို့သည် ဘုန်း တန်ခိုးကြီးမည်။

နောက်တစ်ခါ စပါးကြီးမြွေ ရပြန် ၏။ စပါးကြီးမြွေသည် မွန်လို 'ကုန်' ဟု ခေါ်၏။ 'ကုန်' အက္ခရာသည် တနင်္လာ နံနှင့် ရာဟုလာနံပေါင်းစပ်ပြီး စနေနံ 'န' သည် အသတ်ဖြစ်၏။ စပါးကြီးမြွေ သည် အဆိပ်မရှိသောသတ္တဝါ ဖြစ်၏။ သည့်ကြောင့် ဤမြို့သည် သဘောဆိပ် ဖြစ်ပြီး သူဌေး၊ သူကြွယ်ပေါများမည်ဟု နိမိတ်ကောက်ကြ၏။ နောက်တစ်ကြိမ် ဥများကိုဝပ်နေသောဒေါင်းမတစ်ကောင် ရပြန်၏။ ဒေါင်းကို မွန်လို 'မြာက်' ဖြစ် ၏။ 'မြာက်' အက္ခရာတွင် 'မ' သည် ကြာ သပတေးနံ၊ 'ရ' မှာ ရာဟုဆင်နံလည်း ဖြစ်၏။ ဒေါင်းဥသည် အဖြူရောင်ဖြစ် ၏။ ရှေးအဖို့ ဆင်ဖြူတစ်စီးရမည့် နိမိတ် ဖြစ်၏။ ကြာသပတေးနှင့် တနင်္လာနံတို့ သည် သာမယျဖြစ်သဖြင့် မဟာမိတ် တစ်ဦးဦးထံမှ ဆင်ဖြူရလိမ့်မည်ဟု နိမိတ်ဖတ်ကြ၏။

နိမိတ်စကားကိုကြားရသောအခါ မဂဒူး အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ် သွား၏။ နိမိတ်ဆရာများကို ဆုလာဘ် များစွာ ချီးမြှင့်၏။ ထို့နောက် မဂဒူးက-

"ငါတို့ မင်းဇကရာဇ်သည် စစ်ကို ရှောင်နေသလော။ ရန်စစ်လာလျှင် ဉာဏ်ပညာဖြင့် စီရင်နိုင်ရမည်။ ဆင်ဖြူ ရှင် ဖြစ်ရမည်ဆိုသည်ကို ငါ အလွန်ကျေ နပ်သည်။ ငါ၏ တွဲတော်ကို သောက္ကတဲ မင်းထံတောင်းမည်"

ဟု မိန့်ကြား၏။

သည့်နောက် လိုက်ဂီအမတ်ကို သောက္ကတဲမင်းထံလွှတ်လိုက်၏။ လက် ဆောင်ပဏ္ဏာနှင့် စာသဝဏ်လည်း ပါးလိုက်၏။

သဝဏ်လွှာတွင် -

*ကျွန်တော်မျိုး စောငိုဒုံရည် ခြေ တော်ဦးခိုက်၍ လျှောက်ကြားအပ်ပါ သည်။ ကျွန်တော်မျိုးသည် အရှင်မင်းကြီး ၏ ရွှေဖဝါးတော်အောက်ကျွန် ဖြစ်ပါ သည်။ ကျွန်တော်မျိုးအား အရှင်မင်းကြီး*





www.burmeseclassic.com

www.burmeseclassic.com

ကရုဏာထား၍ အခွင့်အာဏာများ ပေးထားခဲ့သည်ကို ကျွန်တော်မျိုး မဆင်ခြင်ဘဲ အမိန့်တော်နှင့်မညီသော အမှုပြုမိချေသည်။ ရာဇဒဏ်သင့်မည်စိုး၍ ကျွန်တော်မျိုး ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ အရှင်မင်းကြီး၏ ပါရမီအဟုန်ကြောင့် ကျွန်တော်မျိုးတို့ နှစ်ဦးစလုံး မိဘရပ်မြေက ကော့ဝန်းသို့ အန္တရာယ်ကင်းစွာ ရောက်ရှိခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့၏ အပြစ်များကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပါရန် အရှင်မင်းကြီး၏ ရွှေစက်တော်အစုံကို အဝေးမှနေ၍ ကျွန်တော်မျိုးတို့နှစ်ဦးစလုံးက ကန်တော့ တောင်းပန်လိုက်ပါသည်။ အရှင်မင်းကြီး၏ ဘုန်းတန်ခိုးကြောင့် ကျွန်တော်မျိုးသည် မုတ္တမအလီမွာမင်းကို အောင်မြင်ခဲ့ပါသည်။ မုတ္တမြို့ကို တည်၍ နန်းသစ်ဆောက်ပြီးလျှင် သောက္ကတဲထီးဖြူကို ကျွန်တော်မျိုး ခိုလှုံလိုပါသည်။ အရှင်မင်းကြီး၏ ရွှေဖဝါးတော်အောက်တွင် ကျက်သရေမင်္ဂလာဖြစ်စေရန် ကျွန်တော်မျိုးအား မင်းမြောက်တန်ဆာငါးပါးနှင့် ဘွဲ့အမည်ကို ချီးမြှင့်ပေးပါရန်နှင့် ရာဇာဘိသေက ခံယူခြင်းကို ခွင့်ပြုပါရန် တောင်းခံပါသည်။ ကျွန်တော်မျိုးအား မေတ္တာကရုဏာရှေ့ထား၍ တောင်းဆိုသည့် အခွင့်အာဏာများကို ပေးသနားပါရန် လျှောက်ထားတောင်းပန်အပ်ပါသည်။

လိုက်ဂီအမတ်သည် ရွှေပန်း၊ ငွေပန်းအစရှိသည့် လက်ဆောင်များနှင့် ထိုသဝဏ်လွှာကို သောက္ကတဲမင်းအား ဆက်သ၏။

သောက္ကတဲမင်းလည်း အလွန်ဝမ်းမြောက်တော်မူပြီး မှူးမတ်တို့အား ခေါ်၍ ဤသို့ မိန့်၏။

"ယခင်က မဂဒူးကို ငါခြေတော်ရင်းတွင် ခစားစေ၍ ငါပြုစုခဲ့သည်။ ငါယုံကြည်၍ ဝင်းမှူးအဖြစ် ခန့်ထားခဲ့သည်။ ငါ့သမီးနှင့်ရည်ငံပြီး ငါ့ရာဇဒဏ်ကို ကြောက်သဖြင့် တိမ်းရှောင်သွားခြင်းဖြစ်သည်။ ငါ့သမီးလည်း သူနှင့်အတူရှိနေသဖြင့် သူသည် ငါ့သမက်ပင် ဖြစ်သည်။ မိဘတို့မည်သည် သားသမီးတို့ကို ပြုပြင်ပေးရမည့်ဝတ္တရား ရှိသည်။ မဂဒူးသည် ဘုန်းရှိသူတော်သိုလ်ရှင်တစ်ဦးဖြစ်၍ မုတ္တမတွင် မင်းဖြစ်ရပြန်သည်။ မဂဒူးနှင့် သင့်တင်လျော်ပတ်သော ဘွဲ့အမည်တစ်ခုကို ငါချီးမြှင့်ရမည်။ မဂဒူး၏ မိဘမျိုးနွယ်မှာ သာမန်လယ်သမားကုန်သည်ကလေးမျှသာဖြစ်သည်။ မင်းမျိုးမင်းနွယ်မဟုတ်စေကာမူ ယခုထူးချွန်၍ မင်းတစ်ပါးဖြစ်ရသည်။ မိုးပေါ်ကကျလာသော မိုးကျရွှေကိုယ်ဖြစ်သည်။ ငါလည်း တောင်းတင်ပေါ်က ထွန်းတောက်သူ ဖြစ်သည်။ မဂဒူးသည် ငါ့အရိပ်ကို ခိုလှုံခဲ့ဖူးသည်။ ငါ၏ဘွဲ့အမည်မှာ ဖြရောင်ဖြစ်သဖြင့် ငါ့သမီးနှင့် စုံဖက်သော မဂဒူးအား ဗညားဝါရူးဟူသော ယိုးဒယားဘာသာဘွဲ့အမည် ငါချီးမြှင့်မည်။ မဂဒူးသည် ငါကဲ့သို့ မိုးကျရွှေကိုယ်ဖြစ်တော့သည်"

ဟု မိန့်ကြားပြီး ရွှေပြားပေါ်တွင် ဗညားဝါရူး ဟူသော ဘွဲ့တံဆိပ်တော် ခတ်စေ၏။ မင်းမြောက်တန်ဆာငါးပါးဖြစ်သော (၁) မကိုဋ်သရဖူ၊ (၂) ပိုးခါးပန်းကြိုး၊ (၃) ထီးဖြူ၊ (၄) ကျောက်စီသန်လျက်၊ (၅) ကျောက်စီရွှေခြေနင်းတို့ကိုလည်းကောင်း၊ ရာဇာဘိသေကခံရာတွင် လိုအပ်သော ရွှေဖရုံသီးပုံခေါင်းအုံး၊ မှိုအုံး၊ သားမြီးယပ်၊ အနားကွပ်ဖျာတို့ကိုလည်းကောင်း လိုက်ဂီအမတ်အား ပေးအပ်လိုက်၏။


သည့်နောက် သောက္ကတဲမင်းက လိုက်ဂီအမတ်အား -

"အမတ်ကြီး၊ မုတ္တမမင်း ဗညားဝါရူး၌ရှိသော အပြစ်များကို ငါ ခွင့်လွှတ်သည်။ အဘိသိက်ခံပြီး မင်းပြုသောအခါ မင်းကျင့်တရား (၁၀) ပါးနှင့်အညီ အုပ်စိုးရမည်။ သမာဓိရှိရမည်။ ရွှေ ငွေ လာဘ်လာဘကိုမမြင်ဘဲ တရားမျှတစွာ ပြည်သူပြည်သားတို့၏ အမှုကိစ္စကို ဆုံးဖြတ်ရမည်။ လူသတ္တဝါအပေါင်းတို့ကို အစဉ်သဖြင့် စောင့်ရှောက်၍ သနားကြင်နာစွာ အုပ်စိုးရမည်။ အခွန်ဘဏ္ဍာများကို ရှေးမင်းများ၏ ပဝေသဏီအစဉ်အလာ အတိုင်း ကောက်ခံရမည်။ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ကိုလည်း ထွန်းလင်းတောက်ပစေရန် ချီးမြှင့်ရမည်။ သို့မှသာလျှင် မင်းကောင်းမင်းမြတ်ဖြစ်မည်ဆိုသည်ကို မဂဒူးအား ငါက အမှာစကားပါးလိုက်ကြောင်းကို လျှောက်တင်ပါ"

ဟု မိန့်မှာ၏။ ထို့နောက် မိမိ၏ အမတ်တစ်ဦးကိုလည်း လိုက်ဂီအမတ်နှင့်အတူ ထည့်ပေးလိုက်၏။

# နိုင်ခင်မောင်လေး

## မုတ္တမပြည့်ရှင် ဝါရီရူ (၄)



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဂီအမတ် မုတ္တမသို့ ပြန်ရောက်သော် မင်းမြောက်တန်ဆောင်းပါးနှင့် လက်ဆောင်ပဏ္ဏာများကို မဂဒူးအား ဆက်သလေ၏။ သောဏ္ဏတဲမင်း ပြုရောင်၏အမှာစကားကိုလည်း တစ်လုံးမကျန်အောင် လျှောက်၏။

သက္ကရာဇ် ၆၄၈ ခုနှစ်၊ တန်ခူးလဆုတ် ၆ ရက်၊ ကြာသပတေးနေ့ မကာရလဂ်၊ နက္ခတ် (၂၁)လုံးယှဉ်သည့်အခါ နန်းတော်ကြငှန်းတိုင်ကိုထူရန် စီရင်၏။ ဓဂိုးမဟာသာမိတ အခါပေး၏။

ထိုစဉ် ပဋိသန္ဓေ (၈)လရှိသော မိန်းမတစ်ဦး လင်ကို မာန်ပြု၍ အိမ်မှထွက်လာ၏။ ကြငှန်းတိုင်ထူရန် တွင်းအပါးသို့ရောက်သောအခါ အခါရောက်ပြီဟု ဆရာကဆို၏။ အခါစောင့်သူများက မိန်းမဗိုက်ကွဲ၍တွင်းပေါ်သို့စဉ်တက်လာရာ မြွေရှစ်ကောင်ဖြစ်သွား၏။ မြွေ(၇)ကောင်မှာ ထိုနေရာတွင်သေလေ၏။ ပညာရှိနိမိတ်ဆရာတို့မြင်လျှင်-

"ဤမြို့တွင် မင်း (၈) ဆက် အုပ်စိုးရမည်။ (၇) ဆက်မှာ ဤမြို့တွင် မင်းဖြစ်သော်လည်း နောင်တွင် အနောက်အရပ်သို့ ပြောင်းရွှေ့မင်းပြုမည်။ အနောက်အရပ်တွင်ပင် ကွယ်လွန်အနိစ္စရောက်မည်"

ဟု နိမိတ်ဖတ်ကြ၏။

ရွှေနန်းတော်ကို အပြီးတည်ဆောက်ပြီးနောက် သက္ကရာဇ် ၆၄၉ ခုနှစ် (တပို့တွဲလပြည့်၊ ကြာသပတေးနေ့ ဖြစ်ဟန် ရှိသည်)တွင် မဂဒူးသည် ဗညားဝါရူးဘွဲ့ဖြင့် မုတ္တမတွင် ရာဇဘိသေကခံယူ၏။ ဆူးပြောင့်ခလုတ်မှာဖြစ်သော ရန်သူအပေါင်းကို ကုန်စင်အောင် ဖြိုခွင်းပြီး မင်းကျင့်တရားနှင့်အညီ စိုးစံ၍ ပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်၏။ မုတ္တမသည် အလွန်စည်ပင်၍ သာယာဝပြော၏။ မဂဒူးကို ပထမတွင် ဗညားဝါရူးဟု ခေါ်ဆိုကြသော်လည်း နောက်ပိုင်းတွင် မွန်တို့က ဝါရီရူးဟုသာ ခေါ်ကြ၏။

သက္ကရာဇ် ၆၄၉ ခု၊ ပြာသိုလဆန်း ၄ ရက်၊ ကြာသပတေးနေ့ နံနက်(၄)ချက်တီးကျော် နက္ခတ် (၂၂) လုံး၊ မိန်တွင် (၁၀)၊ တူတွင် (၅)၊ မေနတွင် ရာဟု မကာရ စန်းလဂ်နှင့် (၁)၊ (၄)၊ (၆) ဖြိုက်ယှဉ်ပူးလျက် ဝါရီရူမင်းသည် ပွန်စလိုင်မြစ်နား တောင်စွန်းကျောက်တောင်ကို အမှီပြု၍ မုတ္တမမြို့ကိုတည်၏။ ထိုမြို့ကို သီရိရတနာပူရဟု တွင်စေ၏။ သို့သော် ဝါရီရူမင်းတည်သောမုတ္တမသည် ပထမမုတ္တမ မဟုတ် ဒုတိယမုတ္တမသာ ဖြစ်၏။ ပထမမုတ္တမကို တည်ထောင်သူကား သုဝဏ္ဏဘုမ္မိမင်းဆက်မှ မင်းတစ်ပါးဖြစ်သော ဥဒိန္နရာဇာဖြစ်၏။

သုဝဏ္ဏဘုမ္မိ (သုဓမ္မဝတီပြည့်ရှင်) ဓမ္မပါလမင်း နတ်ရွာစံပြီးနောက် သားတော်သုဝဏ္ဏရာဇာ၏မိဖုရားမှာ သုဝဏ္ဏဒေဝီ ဖြစ်၏။ ပထမတွင် မိဖုရားကြီး၏ သားသမီးရတနာမထွန်းကားချေ။ သည့်ကြောင့် မင်းကြီးက ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော သူဆင်းရဲမတစ်ဦးကို သုဒ္ဓဝံသဒေဝီဟူသောဘွဲ့ဖြင့် မိဖုရားမြှောက်၏။ ထိုမိဖုရားမှ သားတော်တစ်ပါး၊ သမီးတော်နှစ်ပါး ထွန်းကား၏။ မင်းကြီးက သားတော်ကို ရာဇဝံသအကုံ့ရကုမာရအမည်မှည့်၏။ သမီးတော်အကြီးကို စန္ဒသီရိ သမီးတော်အငယ်ကို နန်းဦးသီရိဟု ဘွဲ့အမည်ပေးသနားတော်မူခဲ့၏။

ထိုသို့ သုဒ္ဓဒေဝီမိဖုရား သားတော်၊ သမီးတော် ဖွားမြင်ပြီးနောက် တောင်ညာစံ အဂ္ဂမဟေသီသုဝဏ္ဏဒေဝီမိဖုရားကြီးမှာ သားတော်နှစ်ပါး ဖွားမြင်ပြန်၏။ ထိုအခါ သုဝဏ္ဏမင်းကြီးက စစ်မှန်သော မင်းမျိုးမင်းနွယ် တောင်ညာစံမိဖုရားမှ သားတော်များ ဖွားမြင်သည်မှာ နောက်ကျလေစွတကားဟု ညည်းညူ၍ သံဝေဂရတော်မူ၏။ သည့်ကြောင့် သားတော်အကြီးကို ဥပဒေဝရာဇာသံဝေ၊ သားတော်အငယ်ကို ဥဒိန္နရာဇာသံဝေဟု မှည့်ခေါ်စေခဲ့၏။

သုဒ္ဓဒေဝီမိဖုရားမှရသော အကုံ့ရမင်းသားသည် ခမည်းတော်၏ စည်းစိမ်အာဏာကို အလွန်အမင်း တပ်မက်မော၏။ သည့်ကြောင့် ခမည်းတော်ကိုဖမ်းပြီး ထောင်သွင်းအကျဉ်းချကာ အစာရေစာ အငတ်ထား၏။ ထိုအခါ သုဝဏ္ဏဒေဝီမိဖုရားက အစာရေစာများကို ပရိယာယ်အမျိုးမျိုးဖြင့် ဝှက်ယူလာပြီး မင်းကြီးအား ကျွေး၏။ ဤသည်ကို အစောင့်များက တွေ့မိသဖြင့်တားမြစ်၏။ နောက်ဆုံးတွင် မိဖုရားကြီးက အရသာရှိသော အာဟာရအမျိုးမျိုးကို နနွင်းတဲ့သို့ ညက်အောင်ကြိတ်သွေး၏။ ယင်းတို့ကို ကိုယ်ပေါ်တွင် လိမ်းကျံပြီး မင်းကြီးအား သွားတွေ့၏။ မင်းကြီးက မိဖုရားကိုယ်ပေါ်မှ လိမ်းကျံထားသည်များကို လျှာဖြင့်လျက်၍ သုံးဆောင်ရ၏။ ထိုအကြောင်းကို အစောင့်များ သိသွားသဖြင့် မိဖုရားကြီးအား ထောင်တွင်းသို့ ဝင်ခွင့်မပြုတော့ပေ။ မိဖုရားကြီးလည်း ကြံရ မရတော့သဖြင့် ထောင်အနောက် အိမ်၏ အမြင်ဘက်မှနေ၍ မင်းကြီးအား ဦးချ၏။ သည့်နောက် မြို့မြောက်ဘက်ရှိ ချောင်းငယ်တစ်ခုသို့ သွား၏။ ချောင်းသို့ရောက်သော် ဆံပင်ဖြင့် ခြေကိုချည်နှောင်ကာ ရေထဲဆင်း၍ သတ်သေ၏။ ထိုမိဖုရားသေသောချောင်းကို ရိုပုံနဒီဟု ခေါ်၏။ ရန်သူဖြစ်သော အကုံ့ရမင်းသားကြောင့် သေရသောချောင်းဟုအဓိပ္ပာယ်ရ၏။ ယခုအခါ ယင်းချောင်းကို ရေပုပ်ချောင်းဟု ခေါ်၏။

မိဖုရား ကွယ်လွန်ပြီးနောက် မကြာမီ သုဝဏ္ဏရာဇာမင်းကြီးလည်း အစာရေစာငတ်၍ နတ်ရွာစံ၏။ မင်းကြီးသည် နန်းစံ (၃၅) နှစ်ရှိ၏။ ခမည်းတော် နတ်ရွာစံသောအခါ အကုံ့ရမင်းသားက အရိုက်အရာကို ဆက်ခံ၏။ မိမိမယ်တော်၏ မောင်ကြီးဖြစ်သူ ဦးရိုးတော်၏ သား သန္တုလအား အိမ်ရှေ့အရာနှင်း၏။ အကုံ့ရမင်းသားနှင့် အိမ်ရှေ့မင်းသားတို့သည် မင်းကျင့်တရားကို ဥပေက္ခာပြု၍ သောက်ကာစားကာနှင့်သာ အချိန်ကုန်၏။ သူများသားမယားကို ဖျက်ဆီး၏။ အခွန်အကောက်တို့ကို အထိန်းအတွပ်မရှိ ကောက်ခံ၏။ ရဟန်းရှင်လူတို့ကို နှိပ်စက်ညှဉ်းပန်း၏။ ဘေးလောင်းတော်၊ ဘိုးလောင်တော်တို့ တည်ထားကိုးကွယ်ခဲ့သည့် စေတီပုထိုးများမှ ဌာပနာအမျိုးမျိုးကို ယူငင်သုံးစွဲ၏။ အထူးသဖြင့် ဘေးလောင်းတော် တိဿသီဟာဓမ္မရာဇဘွဲ့ခံ သူရိယစန္ဒမင်းကြီးမှစ၍ ခမည်းတော် သုဝဏ္ဏမင်းကြီးတိုင်အောင် မင်းကောင်းမင်းမြတ်တို့ အထပ်ထပ်ဌာပနာခဲ့သော စီရံစေတီတော်မှ မာတ်တော်၊ ရုပ်ပွားတော်တို့ကိုဖျက်ဆီး၍ နဝရတ်(၉)ပါးရတနာတို့ကို ထုတ်ယူသုံးစွဲ၏။ ထို့ကြောင့် သုဓမ္မဝတီသည် ကပ်ဘေးဆိုက်ပြီး လောင်မီးကျ ပျက်စီးခဲ့ရ၏။ အကုံ့ရမင်းသားသည်လည်း ရက်ပိုင်းမျှသာ နန်းစံရပြီး နတ်ရွာစံ၏။

သုဓမ္မဝတီပျက်စီးသွားပြီးနောက် သုဝဏ္ဏဒေဝီမိဖုရားမှ ဖွားမြင်သော သားတော်နှစ်ပါးအနက် နောင်တော် ဥပဒေဝရာဇာဝံဝေမင်းသားသည် သုဓမ္မဝတီမြို့ဟောင်း၏ တောင်ဘက်ကပ်ရက် နေရာတွင် မြို့ရိုးသုံးထပ်၊ ကျုံးသုံးထပ်ရှိသောမြို့ကြီးကို တည်၏။ ထိုမြို့ကို သုဓမ္မပူရဟု သမုတ်၍နန်းစံ၏။ ဥပဒေဝ အမည်တည်သောကြောင့် ဥပဒေဝမြို့ဟုလည်း ခေါ်၏။ ဥပဒေဝမင်းသည် သုဓမ္မပူရကို တည်ထောင်၍ အုပ်စိုးနေ



www.burmeseclassic.com

www.burmeseclassic.com

င် မင်းကြီးတွင် ကုဋ္ဌနူနာစွဲကပ်၏။ ထိုအခါ မှူးမတ်များက မင်းကြီးကို ...တော်၏ အနောက်တောင်ဘက်ရှိ ကျွန်းသို့ ပို့ထားကြ၏။ ဥပဒေဝမင်းအား ...ထားသောကျွန်းကို မွန်ဘာသာအားဖြင့် ဥပဒေဝရာဇသံဝေဟု ခေါ်၏။ ...ဘာလရွှေ့လျားသော် ကောသံဝေဟု ခေါ်၏။ ယခုအခါ ကော့သန်ဟု ခေါ်ကြ၏။ မင်းကြီးလည်း ကျွန်းသို့ရောက် ...မကြာမီ ကံကုန်လေ၏။ ဥပဒေဝမြို့ (...) သုဓမ္မပူရလည်း ပျက်စီးခဲ့ရ၏။

နောင်တော်ဥပဒေဝမင်း ကုဋ္ဌနူနာ ...ဖြင့်တွယ်လွန်ပြီး သုဓမ္မပူရမြို့ကြီးပျက် ...ကြောင်းကို ရမ္မာဝတီမြို့ရှင် ညီတော် ဥဒိန္နရာဇာမင်း ကြားသိတော်မူ၏။ ထိုအခါ ဥဒိန္နရာဇာမင်းမှာ လွန်စွာထိတ်လန့်သံဝေဂရတော်မူ၏။ သည်အနီးအ...နား ဝန်းကျင်တွင် စိုးမိုးအုပ်ချုပ်မင်းလုပ်နေသည်ကို ကြောက်ရွံ့လာ၏။ သည့်...ကြောင့် မှူးမတ်များနှင့်တိုင်ပင်ပြီး မြို့တော်ကို တစ်နေရာပြောင်းရွှေ့ရန် ဆုံးဖြတ်၏။

ထိုသို့ ဆုံးဖြတ်သည့်အတိုင်း ရမ္မာဝတီမြို့မှ တောင်စဉ်တောင်တန်းတစ်လျှောက် ပြောင်းရွှေ့လာရာ နောက်ဆုံးတွင် တောင်တန်းတစ်ခု၏ အစွန်အဖျားပင်လယ်ကမ်းနားတွင် တောကြီးခုတ်ထွင်ရှင်းလင်းပြီး မြို့သစ်တည်၍ မေဃဝတီဟု သမုတ်၏။ မေဃဝတီသည် တျောက်တောင်စွန်းကိုမှီ၍ တည်ထားသောကြောင့် မွန်ဘာသာအားဖြင့် 'ချင်ခုတ်တံ' (ဒုံမုတမော့)ဟုလည်း ခေါ်၏။ ယခုမုတ္တမမြို့ပင်ဖြစ်၏။ သထုံမင်းဆက် သုဝဏ္ဏရာဇာမဟာဓမ္မမင်းကြီး၏ သားတော်အငယ် ဥဒိန္နရာဇာတည်ထောင်ခဲ့သော မုတ္တမသည် ပထမမုတ္တမ ဖြစ်၏။

ထိုမြို့တွင် မင်း(၁၂)ဆက်အုပ်စိုးပြီးနောက် မြို့ပျက်၍ တောကြီးအတိဖြစ်သွား၏။ ထိုမေဃဝတီမြို့ဟောင်းဟု ခေါ်သော ပထမမုတ္တမသည် ဘီလူးတစ်ရာဘက်ဘုရားအနီးတွင် တည်ရှိ၏။ ဥဒိန္နမင်းဆက် (၁၂) ဆက်မှာ-

၁။ ဥဒိန္နရာဇာ
၂။ အဇိဏ္ဏရာဇာ
၃။ ပထတရာဇာ
၄။ မဟာသီဟရာဇာ
၅။ ဘဒြပရာဇာ
၆။ ဋ္ဌတရာဇာ
၇။ ဓမ္မရာဇာ
၈။ သာရိပုတ္တရာဇာ
၉။ ကလျာဏရာဇာ
၁၀။ ကလျာဏအမရာဇာ
၁၁။ မေဃဝတီရာဇာ
၁၂။ သိန္ဓုဂင်္ဂါရာဇာ တို့ ဖြစ်၏။

ဝါရီရူမင်းတည်သော မုတ္တမကား စည်သူ (၁) တည်ခဲ့သော မြို့ဟောင်းရာ၏အရှေ့တောင်ဘက်၊ မြသိန်းတန်စေတီ၏ မြောက်ဘက် ယခုမီးရထားဘူတာရုံ၏ နေရာတစ်လျှောက် ဖြစ်၏။ ဝါရီရူမင်း၏ မုတ္တမသည် အရှေ့ဘက်တွင် (၆၁) တာ၊ (၄)တောင်ရှိ၍ တံခါး (၉)ခုရှိ၏။ မြောက်ဘက်တွင် (၂၀၅) တာရှည်လျား၍ တံခါးပေါက်တစ်ခု ရှိ၏။ အနောက်ဘက်တွင် (၅၈၃) တာ ရှည်လျား၍ တံခါးပေါက် (၂) ခုရှိ၏။ ထို့ကြောင့် မုတ္တမမြို့၏ သုံးမျက်နှာတာဝန်းပေါင်း (၁၄၀၉) တာ၊ (၃) တောင် ရှိ၏။ ပြင်သစ်ပညာရှင် **Emmauel Guillon** ကမူ မုတ္တမမြို့သည် အရှေ့ဘက်တွင် (၁၉၈၇) မီတာရှိ၍ တံခါး (၁၀) ခု ရှိ၏။ အနောက်ဘက်တွင် (၁၈၆၅)မီတာရှိ၍ တံခါးပေါက် (၂) ရှိ၏။ မြောက်ဘက်တွင် (၆၅၆) မီတာရှိ၍ မြို့ထွက်ပေါက်တစ်ပေါက်သာရှိ၏။ တောင်ဘက်တွင် မြစ် ဖြစ်၏။ မြို့တော်တစ်ခုလုံး၏ မြို့ရိုးသည် (၄၅၀၀) မီတာရှိသည်ဟု ဆို၏။

မုတ္တမ(၃၂)မြို့စစ်တမ်းအရ မုတ္တမမြို့၏ နယ်ပယ်အပိုင်းအခြားကား အရှေ့အလား (၃၅)တိုင်၊ ကျိုင်းမြို့အရှေ့ခတိုင်ပိမြေခြားအမှတ်တွင်း (၄)တွင်း၊ တစ်ဖက် ဇင်းမယ်မြေနှင့်ကျောခိုင်း။ ၎င်းတွင်း (၃)တွင်းမှာ မုတ္တမကျေးကျိုင်းမြို့တွင် (၁)တွင်း၊ ပေါင်မြို့တွင် (၁)တွင်း၊ ဇင်းမယ်အဝင် ဒုံမွေမြို့တွင် (၁)တွင်း ဆို၏။ အရှေ့တောင်အလား တိုင် (၉၀)၊ မုတ္တမကျေးတော်ပို့မြို့၊ ကွန်မြို့၊ ဝင်းယော်မြို့၊ ကျေးဆုံး၊ ပေကာသတ်ချောင်း၊ ကန်တော်ချောင်း၊ အခြားတစ်ဖက်ယိုးဒယားမြေနှင့်ကျောခိုင်း၊ အနောက်တောင်အလား (၁၀)တိုင်၊ ဇာတရိန်ကျေးဆုံး ပတီးကန်ပင်လယ်အထိ အနောက်အလား (၁၃) တိုင်၊ ဇာတရိန်းကျေးဆုံး ပတီးကန်ပင်လယ်အထိအနောက်မြောက်အလား တိုင် (၈၀)တိုက်၊ မြေကုလားမြို့မြေအဆုံး၊ ခတပ်ချောင်းအခြားတစ်ဖက်၊ စစ်တောင်းမြေနှင့်ကျောခိုင်းမြောက်အလား တိုင် (၇၀)၊ တိုက်တုလားမြို့ဝန်မြို့မြေဆုံး၊ ခတပ်ချောင်းအခြားစစ်တောင်းမြေနှင့် ကျောခိုင်း၊ အရှေ့မြောက်အလား တိုင် (၆၀)၊ လှိုင်းဘွဲ့မြို့ကျေးဆုံး၊ ဒေပရိုက် ချောက်ပင်တောင်အခြားတစ်ဖက်၊ ဇင်းမယ်မြေနှင့်ကျောခိုင်းဟူ၍ ဖြစ်၏။

ဇမ္ဗူဒီပဥဆောင်းကျမ်းအလိုအရ မုတ္တမမြို့နယ်ကား -

'အရှေ့ကိုလားသော် ရိုးမမော်ကလို
ပိတ်တောင်ဥမင် (၂၀)၊
တောင်ကိုလားသော် ပင်လယ်ရှင်ဥပဂုတ်ကျွန်း၊
အနောက်ကိုလားသော် ဓရယ်မြို့တင်းအဝပင်လယ်၊
မြောက်ကိုလားသော် ကုသိန္နာရုံသည်အတွင်း (၃၂) မြို့၊ (၁၂)စား
(မင်း) ဗညားထော တည်၏'

စသည်ဖြင့် ဖော်ပြထား၏။

ဗညားထော (ရှင်စောပု) သည် မုတ္တမ (၃၂) မြို့၊ ဇာ (၁၂)ဇာကို တည်ထောင်ခဲ့သူ မဟုတ်။ အထက်ဖော်ပြပါ နယ်ပယ်အပိုင်းအခြားသည် ရှင်စောပုဘုရင်မ ဟံသာဝတီကို စိုးစံစဉ်က တည်ရှိသော မုတ္တမနယ်ပယ်အပိုင်းအခြားကို ဆိုလိုဟန် ရှိ၏။

မုတ္တမကို ဗဟိုပြု၍ အရှေ့ဘက်တွင် (၁၁၂) ကီလိုမီတာ၊ မြောက်ဘက်သို့ (၄၁) ကီလိုမီတာ၊ မြောက်ဘက်သို့ (၂၄၄) ကီလိုမီတာ၊ တောင်ဘက်သို့ (၁၇၆) ကီလိုမီတာ၊ အရှေ့မြောက်ဘက်တွင် (၁၉၂) ကီလိုမီတာ၊ အရှေ့တောင်ဘက်တွင် (၂၈၈)ကီလိုမီတာ၊ အနောက်မြောက်ဘက်တွင် (၂၅၆) ကီလိုမီတာနှင့် အနောက်ဘက်တွင် (၃၂) ကီလိုမီတာ ကျယ်ဝန်း၏။

ဝါရီရူသည် မုတ္တမမြို့ကို တည်ထောင်ပြီးနောက် အရံမြို့ (၃၂) မြို့၊ ဇာ(၁၂)ဇာကိုလည်း တည်ထောင်ခဲ့၏။ အရှေ့မြောက်ဘက်တွင် မြို့ (၈) မြို့တည်ထား၏။ ယင်းမြို့ (၈) မြို့သည် အရှေ့မြောက်ဘက်၏ အထက် (၄) မြို့နှင့် အောက် (၄) မြို့ရှိ၏။ အရှေ့တောင်ဘက်တွင် အထက် (၄) မြို့ အောက် (၄) မြို့၊ အနောက်မြောက်ဘက်တွင် အထက် (၄) မြို့၊ အနောက်တောင်ဘက်တွင် အထက် (၄) မြို့၊ အောက် (၄) မြို့ စသည်ဖြင့် တိတိကျကျ ပိုင်းခြား၍ ဖွဲ့စည်းတည်ထောင်ခဲ့၏၊ ဇာ(၁၂)ဇာကိုမူ အရှေ့မြောက်ဘက် တောင်ပိုင်းဒေသများတွင် တည်ထောင်ခဲ့၏။

ထို့ကြောင့် မုတ္တမခေတ္တကာလတွင် မုတ္တမ အပါအဝင် မြို့ (၃၃) မြို့ရှိ၏။ သို့သော် ထိုမြို့အားလုံးကို ဝါရီရူမင်း တည်ထောင်ခဲ့သည် မဟုတ်။ ဝါခရူ စသည့် မြို့များသည် ဝါရီရူမင်းမတိုင်ခင်ကရှိခဲ့သော မြို့များ ဖြစ်၏။ ယင်းမြို့များကို ဝါရီရူမင်းပြုပြင်ရုံသာ ပြုပြင်ခဲ့ရ၏။

နိုင်ခင်မောင်လေး



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပါ အဖြစ်အပျက်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း ဌာနတစ်ခု၌ တိုင်းဦးစီးမှူးအဖြစ် အမှုထမ်းစဉ်ကာလ၌ ကြုံတွေ့ခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်ပါသည်။ လူ့လောကကြီးတွင် ဥစ္စာမနေငွေကြေးပစ္စည်းများနှင့် မိမွေဘမွေဟူသည်တို့အား မိမိတို့နှင့်ထိုက်မှသာခံစားစံစားကြရသည်ဆိုသောစကားကိုငယ်စဉ်ကာလကပင် စာပေများ၌လည်းကောင်း၊ လူကြီးသူမများထံပါးမှလည်းကောင်း ကြားဖူးနားဝရှိခဲ့ပါ၏။ သို့ရာတွင် မိမိကိုယ်တွေ့ကြုံခဲ့ရသည့်ဖြစ်ရပ်ကမူ တွေးမိသည့်အခါတိုင်း မိမိကိုယ်မိမိမခံချိမခံသာဖြစ်ရသည်မှာ အကြိမ်ကြိမ်။ သက်ပြင်းရှည်ကြီးများ အဆက်မပြတ်ချမိသည်မှာလည်း မရေတွက်နိုင်တော့ပါပေ။

■

အချိန်ကား မိုးဦးကျကာလ။ မိုးတစ်ပြိုက်၊ နှစ်ပြိုက်ရွာပြီးစအချိန် ဖြစ်သည်။

လူဖြူကြီး ဟူ၍ ရွာကခေါ်ကြသည့် ဦးလှသန်းမှာ သူ့တစ်နေ့တာနိစ္စဓူဝပြုဖွယ်ရာဖြစ်သည့်ဘဲအုပ်ကို ခြံတွင်းမှထုတ်ကာ ရွာလမ်းအတိုင်းမောင်းလာခဲ့သည်။ ရွာထိပ်အရောက်တွင်မတော့ဘေး၊ ဘယ်၊ ညာကြည့်ကာ ကားအရှင်းကတ္တရာလမ်းမကြီးကိုဖြတ်ပြီး တာဘောင်ကိုကျော်ကာ ရွာအနောက်ခြမ်းဘက်ကို လမ်းအတိုင်း ဆက်မောင်းချလာ၏။

ကလိရွာကလေးသည် ပဲခူးခရိုင်အတွင်း ရန်ကုန်-မန္တလေး ကားလမ်းမကြီး တစ်ဖက်တစ်ချက်၌ တည်ထားသည်။ ရွာမှာ လမ်းမကြီးကို ခွထားသည့်အလျောက် ရွာအရှေ့ခြမ်းနှင့် အနောက်ခြမ်းဟူ၍ ခွဲထားသလို ဖြစ်နေ၏။ ရွာအရှေ့ဘက်ခြမ်းကမြင့်ပြီး အနောက်ခြမ်းကနိမ့်နေ၍လည်း မိုးကြီးသည့်နှစ်များ၌မူ အနောက်ခြမ်းဘက်၌ ရေတွေဖွေးနေတတ်သည်။ ရေကြီးသည့်နှစ်များတွင်ကား လူတွေရော နွားတွေပါ တာရိုးပေါ်တက်ပြီး ကနားဖျင်းထိုးကာ ရေမကျမချင်းနေကြရသည်။

ရွာနီးချုပ်စပ်များမှာ အဝိုင်း၊ ရွှေပန်း၊ ကလိ၊ တပ်ကလေးဟူ၍ ဆန်းပြားလှသည့်အမည်များကြောင့် ရွာဘုရားပွဲများ၌ ထည့်သွင်းသည့်ဇာတ်ပွဲတိုင်းလိုလိုက ရွာစဉ်အမည်များကို တွဲဖက်ကာပြက်လုံးများအသုံးတော်ခံကြရသည့် ရွာစုလေးများ ဖြစ်ပါသည်။ လူဖြူကြီးကားကလိရွာသားစစ်စစ် မဟုတ်ပေ။ ကလိသူနှင့် အကြောင်းပါပြီ ဆံထုံးနောက်ပါလာခြင်း ဖြစ်၏။ တောသားအစစ်ဖြစ်သော်လည်း ဖြူဖြူဖိုင့်ဖိုင့်နှင့် ထောင်ထောင်မောင်းမောင်းကိုယ်ထည်ကြီးမှာ အများအလယ်တွင် ထင်းခနဲ မြင်သာထင်သာရှိသည်ကြောင့် ဦးလှသန်းအမည်ရင်းပျောက်ကာ တစ်ရွာလုံးက လူဖြူကြီးဟုသာ နှုတ်ကျိုးနေကြ၏။

လူဖြူကြီးက မိုးအခါ ဘဲကလေးကြက်ကလေးမွေးကာ အိမ်စရိတ်ရှာသည်။ သဘောသကာယကောင်းပြီးပျော်ပျော်နေတတ်သူဖြစ်၍လည်း လူနိုင်များလှ၏။ သူ့အိမ်သည်လည်း လေ့ကြုံလှည်းကြုံလိုက်ရင်း ရွာဖက်ရောက်လာသူ ဧည့်အများစု၏ တည်းအိမ်ခိုအိမ်သဖွယ် ဖြစ်နေ၏။ မိုးအကုန်ဆောင်းဦးပေါက် စပါးအရောင်းအဝယ်ရာသီချိန်တွင်မတော့ လူဖြူကြီး မအားလှတော့။ မနားရတော့ချေ။ စပါးအချင့်အတွယ်နှင့်ကတ္တားဆွဲရာ သည်ရွာစုတွင်

# မင်းဘုန်းလွင်

## ကာလိကျောက်





www.burmeseclassic.com

www.burmeseclassic.com

လူဖြူကြီးက နာမည်ကျော်၏။ အနုတ်အသိမ်းလက်စွာလှ၍ စပဒိုင် (စပါးဒိုင်) တွေ အကြိုက်များကာ ခေါ်လိုသူတွေ ခြေချင်းလိမ်နေသူဖြစ်၏။

"တို့ ဒီနေ့ ရွာအနောက်ဘက်ကုန်းချောင်းစပ်နားသွားကျောင်းကြမယ် လူလေး"

ဘဲကျောင်းဖို့ရာ လက်တိုလက်တောင်းပါလာသူ မြေးနို့ညာကောင်ကို ပြောလိုက်ခြင်း ဖြစ်၏။

"ဟာဗျာ - အဘကလည်း၊ အဲဒီအနောက်ဘက်ကုန်း မသွားချင်ဘူး။ သချိုင်းကုန်းကြီးနဲ့ ကြောက်တယ်ဗျ"

အနောက်ဘက်ကုန်း ဟူသောစကားကို ကြားလိုက်ရ၍ တီဆားနဲ့တို့လိုက်သလို တွန့်ခနဲဖြစ်သွားသူ မြေးကို လူဖြူကြီးက -

"အဘပါပါတယ် လူလေးရ၊ ဘာကြောက်စရာရှိတုံး။ အနောက်ကုန်းချောင်းက ဘဲစာကောင်းတယ်ကွ၊ အညီရတယ်။ အဘနောက်ကအသာလိုက်ခဲ့။ အိမ်ကျရင် ငါ့သား ပြုတ်စားဖို့ အဘ ဘဲဥပေးမှာ"

ဘဲဥနှင့်မက်လုံးပေးလိုက်မှ ဆုတ်တန်တန်လုပ်နေသော မြေးဖြစ်သူမှာ အတန်အသင့်သွက်လာပြီး ပေါးခနဲ ငြာသံပေးကာ ဘဲအုပ်ကို ရိုးချောင်းစပ်သို့ မောင်းချလိုက်၏။

ကလိရွာသချိုင်းက ရွာအနောက်ခြမ်းဘက်၌ရှိသည်။ ဇရပ်အိုလေးတစ်ဆောင်သာ ထီးထီးရှိနေပြီး အုတ်ဂူပျက်တချို့နှင့် မြေပုံမို့မို့တွေကြောင့် ကလေးသူငယ်တွေအသွားအလာလုပ်ဖို့ကြောက်ကြ၏။ သချိုင်းအစပ် နယ်နိမိတ်ကိုကွေ့ပြီး စီးနေသောရေစပ်စပ် ရိုးချောင်းလေးတွင် လူဖြူကြီးတို့မြေးအဘိုးက မကြာခဏ ဘဲလာကျောင်းတတ်သည်။ ဘဲစာအဖြစ် ဆန်ကွဲကို ရေစိမ်ကျွေးရသော်လည်း အညီရမှ ဥထွားကာ အနှစ်ရဲပြီးရောင်းပန်းလှသည်မို့ အညီစာပေါသည့်နေရာကိုမှတ်ကာ ဘဲကျောင်းထွက်ရသည်။ သို့ဖြစ်၍ ငါးသေးငါးမွှားနှင့် ခရုငယ်လေးများပေါသည့် ကလိရိုးချောင်းလေးကို ဘဲစားကျက်အဖြစ် သတ်မှတ်ကာ ညနေစောင်းတွင် လူဖြူကြီးတို့မြေးအဘိုး ဘဲကျောင်းထွက်ခဲ့ကြခြင်းဖြစ်သည်။

ဘဲအုပ်က ရိုးချောင်းရေစပ်စပ်မှာ နှုတ်သီးတစပ်စပ်ထိုးကာ အညီစာရှာနေ၏။ မွှန်းလွဲနှစ်ချက်တီးသာသာလောက်ကာ မိုးတစ်မရွာထားသည်ကြောင့် ရိုးချောင်းလေးမှာ ရေတသွင်သွင်စီးနေဆဲ ဖြစ်သည်။ ကွင်းအနှံ့မျက်စိအဆုံး ယိမ်းနွဲ့နေသော ကောက်ပင်စိမ်းစိမ်းများဆီသို့ စိတ်ကိုပို့ကာ အေးချမ်းမှုအရသာခံနေခိုက် -

"အဘ၊ အဘ"

နို့ညာကောင် အော်ခေါ်လိုက်သည့်အသံကြောင့် မြေးဖြစ်သူက်လှည့်ကြည့်ရာ-

"လာပါဗျ မြန်မြန်"

လက်တစ်ဖက်နှင့် ယပ်ခေါ်ရင်း ကျန်တစ်ဖက်က တစ်စုံတစ်ရာကို ဆုပ်ကိုင်ကာ ရေစပ်စပ်၌ လှုပ်ဆောနေသည့် မြေးကို တွေ့လိုက်ရသည်၊

"အဘလာကြည့်ပါဦး၊ လက်စွပ်ကြီးဗျ"

မြေးထံ အပြေးလှမ်းကာ ဆွဲယူပြီး ကြည့်လိုက်၏။ လက်စွပ်ကြီးကို လက်ညှိုးလက်မနှင့် ညှပ်ကိုင်ထားရင်းက ပေနေသည့်ရွှံ့များကို ပုဆိုးခါးပုံစံနှင့် သုတ်လိုက်၏။

"ကျောက်နီလက်စွပ်ကြီးပါလား"

လက်သန်းဖျားတစ်စိတ်အရွယ် ကျောက်နီတစ်လုံးကို အလယ်၌မြှုပ်၍ စွန်ကုပ်လေးစွယ်နှင့် ကုပ်ထားသည့် လက်စွပ်ကြီးတစ်ကွင်း။ လူဖြူကြီး သူ့ဘယ်လက်ချောင်းကို စွပ်ကြည့်လိုက်



www.burmeseclassic.com

ရာ မရ၍ ညာဘက်လက်ချောင်းများသို့ ပြောင်းပြီးစွပ်ကြည့်ပြန်၏။ လက်စွပ်မှာ ကြီးလွန်း၍ ခြောင်ခြောင်ကြီးဖြစ်နေကာ မည်သည့်လက်ချောင်းနှင့်မျှ မတော်ပါချေ။ စိတ်ပေါက်လာသည်ကြောင့် ဘယ်လက်မသို့ ပြောင်းစွပ်ကြည့်သော်လည်း မတော်ပြန်။

ပုဆိုးစနှင့်ပွတ်ထား၍ဝါကြင့်ကြင့် ဖြစ်နေသည်ကြောင့် ရွှေဖြစ်နိုင်သည်ဟု လူဖြူကြီးထင်သည်။ ကြီးမားတုတ်ခိုင်သည့် သူ့လက်ကြီးပင် မတော်သည့် လက်စွပ်သည် ရှေးလူကြီးတွေဝတ်သည့် လက်စွပ်ဖြစ်လေမလားဟု လူဖြူကြီး တွေးသည်။ ပုဆိုးခါးကြားထဲ အသာလိမ်လိုက်ရင်း တစ်ဆက်တည်း မြေးဖြစ်သူကို နှုတ်ပိတ်လိုက်၏။

"လူကလေး၊ အဘတို့ လက်စွပ်တွေ့တယ်လို့ ရွာထဲမှာ ဘယ်သူ့ကိုမှ မပြောနဲ့၊ ရွာလူကြီးတွေသိရင် လာပြန်သိမ်းသွားလိမ့်မယ်။ မင်းအဘွားတောင် မပြောနဲ့ ကြားလား"

ပြောရင်းက ရိုးချောင်းထဲ ပြန့်ကျဲနေသော ဘဲအုပ်ကိုတာလမ်းဘက်ဆီသို့ မောင်းတင်ကာ ရွာဘက်သို့ မြေးအဘိုး နှစ်ယောက် သုတ်ချလာကြ၏။

"ဇာတ်လမ်းကတော့ အဲဒါပဲ ဆရာလေးရဲ့"

ဟု ပြောရင်းနှင့်ပင် အိတ်ကပ်ထဲ လက်နှိုက်ကာ လက်စွပ်ကြီးကို ထုတ်ပြသည်။

"နေပါဦး လူဖြူကြီးရဲ့၊ ကြည့်ပါရစေဦး"

လက်စွပ်မှာ အတန်ပင်ကြီးသည့် အရွယ် ဖြစ်၏။ ကျောက်မှာ အနီရောင်လုံးချော ဖြစ်သည်။ ကျောက်ထည်ကို အလယ်၌တည်ကာ ရွှေထုများများနှင့် ငုံထားပြီး စွန်ကုပ်လေးချောင်းဖြင့် ကုပ်ထားသည့် မောင်းကွင်းပုံလက်စွပ်ကြီး ဖြစ်သည်။

"ခင်ဗျားလက်နဲ့တောင် မတော်ဘူးဆိုတော့ ကျုပ်နဲ့ဆို ဝေလာဝေးပဲ လူဖြူကြီး။ နို့ - လူဖြူကြီးက ဒီလက်စွပ်ကို ဘာလုပ်ချင်တာတုံး"

"ဆရာလေး ဝယ်ပါလား၊ ကျွန်တော်ရောင်းမယ်လေ"

"အောင်မယ်လေးဗျာ၊ ကျုပ် မဝယ်နိုင်ပါဘူး။ ကျောက်က အနီဆိုတော့ ခင်ဗျားဟာ ပတ္တမြားဖြစ်နိုင်တယ်လေ။ အရောင်ကလည်း ရဲခဲပြီး ယိုကျ မတတ်ဘဲ။ ခင်ဗျားဟာ တန်မယ်ဗျ"

"ဆရာလေးမဝယ်လည်း ပဲခူးတက်ရောင်းမယ်ဗျာ၊ ကျွန်တော်နဲ့လိုက်ခဲ့ပေးပါ"

"လိုက်ဆိုလည်းလိုက်ခဲ့ရမှာပေါ့လေ။ ဘယ်ဆိုင်မှာရောင်းမှာတုံး"

"ရွှေဆိုင်သွားမှာပေါ့ဗျ၊ ပေါမှပေါ။ ကျွန်တော်တို့ရွာက ကောင်လေး တစ်ကောင်လုပ်နေတဲ့ နယားပျံဆိုတဲ့ ဆိုင်လည်းရှိတယ်၊ သွားကြတာပေါ့"

အပြန်အလှန်ပြောရင်းက စက်ဘီးတစ်စီးစီဖြင့် ပဲခူးဘက်ကို နှစ်ယောက်သား ထွက်လာခဲ့ကြ၏။

■

ဆိုင်ရှင်က လက်စွပ်ကို စေ့စေ့စပ်စပ် လှည့်ပတ်ကြည့်၏။ ခေါင်းတညိတ်ညိတ်လုပ်ကာ လက်တစ်ကမ်းအကွာမှလည်းကောင်း၊ မျက်စိအနီးသို့လည်းကောင်း အကွာအဝေးကိုချိန်၍ လည်းကြည့်ပြန်၏။

"တဲ - ဒီလိုလုပ် ဘကြီး။ ဘကြီး လက်စွပ်ကို ကျောက်ချွတ်လိုက်မယ်။ ရွှေကို ပေါက်ဈေးနဲ့ဝယ်မယ်။ ဒါပေမယ့် ရွှေကို ဘကြီးသွားသန့်လိုက်ဦး။ နန်းတော်ကုန်းထဲမှာဆိုင်ရှိတယ်။ ကျွန်တော်လိပ်စာပြောလိုက်မယ်"

ဆိုင်ရှင်၏စကားအဆုံးတွင် လူဖြူကြီးက ခေါင်းတစ်ချက်ညိတ်ကာ လက်စွပ်ကျောက်ချွတ်ရန် သဘောတူလိုက်၏။ ဆိုင်ကချွတ်ပေးသည့်ကျောက်ကို ဆရာလေးယူထားဗျာဟု လှမ်းပေးရင်း လက်စွပ် ရွှေသန့်စင်ရန် စက်ဘီးကို အပြင်းပင်နင်းချသွား၏။ မိမိမှာ စာစုံဖတ်ရှုသည်ဖြစ်၍ ပတ္တမြားဘုန်းတောက်၊ မြကျောက်အေးချမ်း၊ စိန်စွမ်းဂုဏ်ရောင်၊ ကြောင်ကာသိဒ္ဓိ၊ မဏိနီလာ မေတ္တာကဲချုပ်၊ ဂေါ်မုတ်ခွန်အား၊ ဥဿဖရားကျန်းမာ၊ သန္တာကြီးကဲ၊ ပုလဲကျက်သရေ ဂုဏ်ကိုးထွေအစရှိသည့်ကျောက်မျက်တို့နှင့် ပတ်သက်သည့် ဗဟုသုတ အတန်ငယ်ရှိသည်ဟုလည်း ယုံသည်။

ယခုကျောက်မှာ အနီရောင်လုံးချော ဖြစ်သည်။ အရောင်ကား အသွေးကျသည့်အနီဖြစ်ကာ ယိုကျမတတ်ပင် ရဲခဲနေ၏။ စာထဲ၌ ပတ္တမြားအရောင်နှင့်ပတ်သက်၍ ဘုံဘိုင်ရည်၊ ဘုံဘိုင်ညွန့်၊ ခိုသွေးရောင် စသည်ဖြင့် ဖတ်ရှုဖူးရာ ယင်းတို့အထဲက တစ်မျိုးမျိုးဖြစ်နိုင်မည်ဟုပင် ထင်မိသည်။ မိမိစိတ်ထင် တစ်နာရီသာသာလောက်တွင် လူဖြူကြီး ပြန်ရောက်ချလာ၏။ ပါလာသောရွှေကို ဆိုင်၌ချိန်ရာ ငါးမူးသားအတင်ကို ထိုအချိန်ပေါက်ဈေးဖြင့် ရှင်းရာ (၁၄၀၀၀) ရ၏။ ပိုက်ဆံသိမ်းပြီးပြန်ကြရန်အပြု၌-

"အဘ၊ ဟိုချက်ကျောက်လေး မလိုရင် ရောင်းခဲ့ပါလား"

ဆိုင်ရှင်စကားကြောင့် လူဖြူကြီး ကျောက်ဘက်ကိုစိတ်ရောက်သွားသည်။

"ရောင်းမယ်လေ၊ ဘယ်လောက်ပေးရမလဲ"

"ချက်ကျောက်လေးပဲ အဘရာ၊ ရာဂဏန်းလောက်ပေါ့"

ဆိုင်ရှင်နှင့် လူဖြူကြီးတို့၏ အပြန်အလှန်စကားကြောင့် မိမိမှာ ထောင်းခနဲ စိတ်ပေါက်သွားရကား-

"ဘာချက်ကျောက်တုံးဗျ၊ ဒါရှေးလူကြီးတွေဝတ်တဲ့လက်စွပ်။ ဒီလောက်ကြီးတဲ့လက်စွပ်က ရှေးလူကြီးတွေပဲဝတ်လို့ရတာ။ အဲဒီအချိန်တုန်းက ဘယ်လိုလုပ် ချက်ကျောက်ဖြစ်နိုင်မှာတုံး။ လူဖြူကြီးမရောင်းနဲ့။ ရန်ကုန်မှာ ခင်ဗျားကျောက်ကို ကျုပ်သွားတက်ရောင်းပေးမယ်။ ကျောက်စစ်တဲ့နေရာ၊ ကျောက်ဝယ်တဲ့နေရာ စကော့ဈေးမှာရှိတယ်။ ကျုပ်သိတယ်၊ ခင်ဗျားပါလိုက်ခဲ့။ ဒါသိန်းကျောက်ဗျ၊ လာ - ပြန်ကြမယ်"

မိမိမှာ စိတ်ချဉ်ပေါက်လာသည်ကြောင့် မျက်နှာကိုတင်းတင်းထားကာ တုတ်ထိုးအိုးပေါက်ပြောချလိုက်၏။ ထိုအချိန်က မိမိမှာရှိသည့် ဗဟုသုတနှင့် ဖြစ်နိုင်ခြေကို မှန်းကာ အချဉ်ဖမ်းနေသော ဆိုင်ရှင်ကို ရမ်းသန်းပြောချလိုက်ခြင်း ဖြစ်၏။ လူဖြူကြီးကာ ဝေခွဲမရသလိုဖြစ်နေကာ ရောင်းလိုသည့်မျက်နှာပေးမျိုး ဖြစ်နေ၏။

"လူဖြူကြီး၊ ခင်ဗျားအခုသောင်းကျော်ရထားတယ်မဟုတ်လား။ကျောက်က သူပြောသလို ချက်ကျောက်ဖြစ်နေပြီး တစ်ပြားမှမတန်ဘူးဆိုရင်တောင် ခင်ဗျား မရှုံးပါဘူး။ လာ - ပြန်စို့"

လူဖြူကြီးစကားအဆုံး၌ ဆိုင်ရှင်က ကိုးထောင်ပေးမယ်အဘဟု ဆိုရာ-

"ရောင်းမယ်ဗျာ"

ဟု တုံးတိပင် စကားပြန်လိုက်သည်မို့-

"လူဖြူကြီး သိန်းကျောက်ဆိုတာ တစ်သိန်းကို ပြောတာမဟုတ်ဘူး။ (၅) သိန်းလည်း ဟုတ်တယ်။ (၁၀) သိန်းလည်း ဟုတ်တယ်။ ခင်ဗျားစဉ်းစား"

ဟု မိမိက ဝင်ဖျက်ရာ ဆိုင်ရှင်လုပ်သူက -

"ပိုင်ရှင်က ရောင်းမယ်လို့ ပြောနေပြီပဲဗျာ၊ ဘေးလူကဘာဝင်နေ




www.burmeseclassic.com

www.burmeseclassic.com

# ရေယုန်အတွက် သဖန်းသေးအစွမ်းထက်

မွှေးမွှေး(အင်းတော်)



စာရေးသူ၏ ကိုယ်တွေ့ ဆေးဆောင်းတစ်လက်ကို ပြောပြချင်ပါသည်။ စာရေးသူသည် အောက်နှုတ်ခမ်းအောက် မေးစေ့နားတွင် ရေယုန်အဖုလေးများ တန်းစီနေအောင် ပေါက်ပါသည်။ စာရေးသူ၏ ဦးလေးဆီ ဆေးမြီးတိုရလိုရငြား အကူအညီတောင်းကြည့်ပါသည်။ ဦးလေးမှ 'ဘာမှမပူနဲ့ ငါ့တူမ၊ ရေယုန်အနာဖြစ်နေတဲ့နေရာလေးကို သဖန်းရွက်က သဖန်းစေးနဲ့တို့လိမ်းလိုက်' ဟု ပြောပြပါသည်။ စာရေးသူလည်း ဦးလေးပြောသည့်အတိုင်း ပြုလုပ်သဖြင့် လေးရက်ခန့်တွင် စာရေးသူ၌ရှိနေသော ရေယုန်အဖုလေးများမှာ သက်သာပျောက်ကင်းသွားပါတော့သည်။ ထို့ကြောင့် ရေယုန်ဖြစ်သူများ ကြောက်စရာမလိုဘဲ သဖန်းရွက်အစေးဖြင့် ကုသနိုင်ပါသည်။

မွှေးမွှေး (အင်းတော်)

ဘာတုံး။ သူ့ပစ္စည်းသူရောင်းတာပဲ"

လောဘဇောနှင့် မချေမငံတုံ့ပြန်လာသည့်ဆိုင်ရှင်အပေါ် မိမိစိတ်မထိန်းနိုင်တော့ချေ။ ဆိုင်ရှင်နှင့် မိမိတို့ ဆွဲလားရမ်းလားဖြစ်ကာ ထိုးမိကြိတ်မိတော့မတတ်ဖြစ်နေသည့် မိမိကို လူဖြူကြီးက ဆိုင်ပြင်သို့ အတင်းအဓမ္မ ဆွဲခေါ်လာရင်းက တုန်တုန်ယင်ယင်ဖြင့် နားချ၏။

"စိတ်ကိုထိန်းပါ ဆရာလေးရာ။ ကျွန်တော့်အကြောင့်တော့ ဆရာလေး ရန်မဖြစ်ပါနဲ့။ ဂြိုဟ်မွှေတဲ့ဒီကျောက်ကို ရောင်းလိုက်တော့မယ်"

မိမိမှာ စိတ်ဆိုးစိတ်တိုနေရင်းကပင် လူဖြူကြီးအား ဆက်လက် ဖျောင်းဖျရန် စိတ်ကုန်လာသည်ကြောင့် -

"ခင်ဗျားပစ္စည်း ခင်ဗျားသဘောပါ"

ဟု ဘုတောတောကာ မိမိစက်ဘီးကိုဆွဲပြီး အပြင်းစိုင်းပြန်လာခဲ့၏။ သည်နောက်တွင်ကား ကျွန်ုပ်နှင့် လူဖြူကြီး အခေါ်အပြောအဆက်သွယ်ပြတ်သွားခဲ့သည်မှာ မိမိပြောင်းရွှေ့မိန့်ကျလာသည်အထိပင် ဖြစ်၏။

■

ပဲခူးတိုင်းဒေသကြီးမှ ရှမ်းပြည်နယ်ဘက်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်မို့ မိမိပစ္စည်းများအား ထုပ်ပိုးသိမ်းဆည်းနေစဉ် တစ်ရက်အတွင်း လူဖြူကြီး၏ ဇနီးဖြစ်သူမှာ နေအိမ်သို့ ပေါက်ချလာ၏။ လက်ဆောင် ငါးရံ့ခြောက်ပြားများနှင့်အတူ မိမိအား လူဖြူကြီးမှပေးရန်ရှိသည့် ငွေသုံးထောင်ကျပ်ကိုပါ တစ်ပါတည်းပေးဆပ်ကာ လက်စွပ်နှင့် ပတ်သက်သည့် ဖြစ်စဉ်အကြောင်းစုံကို ရှင်းပြလေသည်။

မိမိထံ လူဖြူကြီး လက်စွပ်လာပြခြင်းမှာ ရောင်းရန်လာခြင်းဖြစ်ကြောင်း၊ ယခင် ကျွန်ုပ်သို့ပေးရန်ရှိသည့် သုံးထောင်ကို နှိမ်၍ ငါးထောင်ကျပ် လက်ငင်းရလျှင်ပင် ကျေနပ်ကြောင်း။ မိမိ မဝယ်လိုဟု ဆိုခြင်းကြောင့် ဆိုင်သို့ ရောင်းဖြစ်ရခြင်းဖြစ်ကြောင်း၊ အဆိုပါကျောက်အား မရောင်းရန် တားမြစ်သည့် မိမိစေတနာကို နားလည်သော်လည်း သူကောက်ရသည့် လက်စွပ်အကြောင်း ရွာတွင်ပေါက်ကြားသွားပါက ပိုင်ရှင်ပေါ်လာမည်ကို စိုးရိမ်၍ ဖြစ်သလိုဈေးနှင့် ရောင်းရခြင်း ဖြစ်ကြောင်း အကြောင်းစုံ ရှင်းပြသွား၏။

မိမိမှာ ထိုအခါမှပင် ပစ္စည်းဥစ္စာဟူသည် ခံစားထိုက်သူ စံစားထိုက်သူဖြစ်မှသာ ခံစားစံစားရသည်ဟု မိဘတွေပြောစကားကို အမှတ်ရလာမိသည်။ ရှေးအစဉ်အဆက် သချိုင်းဟောင်းမှ ကုသိုလ်ကံကြောင့်ရလာသည့် လက်စွပ်ဖြစ်၍ ပိုင်ရှင်မဲ့ဖြစ်နိုင်သည်ဆိုသောအချက်ကို လူဖြူကြီး မတွေးမိသည်မှာ လူသားတို့၏ အတ္တကြီးသည့် လောဘဇောကြောင့်ပင်ဖြစ်လိမ့်မည်ထင်သည်။ တစ်နည်းအားဖြင့် မူလဘုတတွေ့ရှိသူ လူဖြူကြီးလည်းမထိုက်၊ ဆိုက်ဆိုက်မြိုက်မြိုက် မိမိထံ ပထမရောက်ရှိလာသော်လည်း မိမိကံနှင့်လည်း မထိုက်ဟုပင် ဆိုရပေမည်။

ထို့နောက်တွင်ကား ကာလီကျောက်ဟု အမည်ပေါက်ကာ နာမည်ကြီးနေသည့် ယင်းကျောက်နီကြီးအား အံ့ဖွယ်ဘနန်း ပေါက်ဈေးပေးကာ နယ်စပ်မှ ထပ်ဆင့် ဝယ်ယူသွားကြောင်းနှင့် ၎င်းကျောက်ကြီးကို အောက်ဈေးနှင့် အချောင်ရလိုက်သူ ဆိုင်ရှင်သည်လည်း မြို့မှ စုပ်စမြုပ်စပျောက်ကာ ခြေရာဖျောက်သွားကြောင်း ထပ်မံကြားသိရပြန်သည်။ ထိုသည့်အကြောင်းများကိုလည်း ယင်းဆိုင်၌ အလုပ်လုပ်ခဲ့ဖူးသူ ကာလီရွာသားမှ တစ်ဆင့် သိရသည်ဆိုသည့်သတင်းနှင့်အတူ လူဖြူကြီးသည်လည်း သူ့ပင်တိုင်စပါးဒိုင်အလုပ်ပင် မဆင်းတော့ဘဲ မိုး၊ နွေ၊ ဆောင်း နှစ်ပတ်လည်ပင် ကာလီရိုးချောင်းဘက်၌ ဝဲလည်လှည့်ကာ သချိုင်းဟောင်းတစ်ခွင်ကိုပတ်၍ ဘဲကျောင်းဆင်းလျက်ရှိနေကြောင်းကိုလည်း နောက်ဆက်တွဲ သတင်းအနေနှင့် ကြားသိရပါကြောင်း။

မောင်ဘုန်းထွဋ်



www.burmeseclassic.com

www.burmeseclassic.com

နှစ်သယ်ရာစု၏အကြီးမြတ်ဆုံးရုပ်ဗေဒပညာရှင်

# အိုင်းစတိုင်း၏ဘဝနှင့်လက်ရွေးစင်ဟာသပညာအမြင်

သရာချမ်းမင်း(LL.B)



(ယခင်လမှအဆက်)

■ စစ်နှင့်ငြိမ်းချမ်းရေး ■

"စစ်ဟာ ကျုပ်တို့လူသားတွေကို ဘာလုပ်နေသလဲဆိုတာ သိကြရဲ့လား။ အဲဒီစစ်တွေဟာ လူလုံချင်းအဆိပ်သင့်အောင်လုပ်နေတာချည်းပဲ။ ငြိမ်းချမ်းနေတဲ့ ကာလကလေးမှာဆိုရင်လည်း အဲဒီစစ်ကြောင့် ကျုပ်တို့မှာ မနေ့မနား ရုန်းကန်နေကြရတယ်။ ဘဝအတွက် ဘာတစ်ခုမှ သေချာပေါက်စဉ်းစားခွင့်မပေးဘူး။ စိုးရိမ်ပူပန်မှုကိုပဲ အမြဲပေးထားတယ်။ အဲဒါ စစ်ရဲ့သဘောပဲ။ ဒီစစ်ကပဲ ကျုပ်တို့လူသားတွေကို စက်ပစ္စည်းတွေရဲ့ကျေးကျွန်ဖြစ်လာအောင်လုပ်နေတာကွဲ့။ အဲဒါ အသည်းနာစရာအကောင်းဆုံးပဲ။ စစ်ကြောင့် လူတွေမှာ စိတ်မပါတဲ့အလုပ်တွေကို မလုပ်ချင်ဘဲနဲ့ လုပ်နေကြရတာပဲ။ အမှန်တော့ ကျုပ်ဒီလိုမပြောချင်ပါဘူး။ ပြောချင်တဲ့ဆန္ဒလည်း မရှိပါဘူး။ ဒါပေမယ့် မပြောလို့မဖြစ်လို့ပြောရတာ။ ဒါအမှန်ပဲ၊ ဒါသစ္စာတရားပဲမဟုတ်ဘူးလား။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါ။ မယဉ်ကျေးသေးဘူးဆိုတဲ့ လူတွေအကြောင်းကို စဉ်းစားလိုက်တော့ ယဉ်ကျေးတဲ့လူတွေနဲ့စာရင် သူတို့ ဘဝဟာ ချမ်းမြေ့စရာမကောင်းပေဘူးလား။ သူတို့တစ်တွေမှာ ကျုပ်တို့လို မတည်ငြိမ်တဲ့ဘဝသောက အိမ်ထဲမှာ မနေကြဘူး။ ဒါကြောင့်ပဲလား မပြောတတ်ပါဘူး။ ခင်ဗျားတို့ကျုပ်တို့လည်း တွေ့ဖူးကြလိမ့်မယ်။ ခုခေတ်လူယဉ်ကျေးသားသမီးကလေးတွေဟာ ငယ်စဉ်အခါမှာ အင်ဒီးယန်းလူနီရိုင်းတွေလိုလုပ်ပြီးကစားကြတယ်။ ဒါကို သူတို့ကို သိပ်သဘောကျကြတယ်"

ဟု အိုင်းစတိုင်းက ပြောသည်။

အိုင်းစတိုင်း စီးနင်းလိုက်ပါလျက်ရှိသောရထားသည် ဂရင်းကင်နယွန်တွင် ရပ်တန့်ချိန်တွင် ဟိုဖီအနွယ်ရက်အင်ဒီးယန်းများက -

ပါမောက္ခကြီး သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းခဲ့ကြသည်။ ချီကာဂိုသို့ ရောက်သောအခါ အိုင်းစတိုင်းသည် မီးရထားကို တရားဟောစင်မြင့်သဖွယ်လုပ်ပြီး ငြိမ်းချမ်းရေးတရားဟောခဲ့သည်။ နယူးယောက်သို့ ပြန်ရောက်သောအခါတွင်-

ဂျီနီဗာလက်နက်ဖျက်သိမ်းရေးသည် လူသားတို့အတွက် မလုပ်၍မဖြစ်လုပ်ရမည့်ကိစ္စဖြစ်ကြောင်း အလေးအနက်ထား ထပ်မံ၍ ပြောပြန်သည်။

"ကျုပ်အနေနဲ့ စကြဝဠာကြီးကို အနေအထားပြောင်းသွားအောင်လုပ်လည်းလုပ်နိုင်မှာမဟုတ်ဘူး။ ပြောလည်းပြောနိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် ဒီကမ္ဘာသူကမ္ဘာသားတွေ ကောင်းရာကောင်းကြောင်း စိတ်ထားနှလုံးကောင်းနဲ့ လူတွေကြီးပွားအောင်အလုပ်လုပ်ကြဖို့အတွက်တော့ ကျုပ်အသံကိုဟစ်ပြီးပြောမယ်။ ဒီလိုပြောခဲ့တဲ့အတွက် အကျိုးရှိမယ်လို့ကျုပ်ယုံတယ်"

ဟု အိုင်းစတိုင်းက ဆိုသည်။

အိုင်းစတိုင်းသည် အမေရိကန်ပြည်ထောင်စုမှ ဂျာမနီသို့ ပြန်လည်မထွက်ခွာမီ နာရီပိုင်းအလိုခန့်တွင် သမ္မတဟားဘတ်ဟူးဘားထံမှ သံကြိုးစာတစ်စောင်ရောက်လာသည်။ ယင်းသံကြိုးစာတွင် -

'အိုင်စတိုင်း အမေရိကန်ပြည်ထောင်စုသို့ လာရောက်ခဲ့ခြင်းသည် အမေရိကန်ပြည်သူများအတွက် ကျေးဇူးကြီးမားလှပေသည်'

ဟု ဖော်ပြထားသည်။

၁၉၃၁ ခုနှစ်၏နွေဦးပေါက်ရာသီတွင် ဖြစ်သည်။ ဂျာမနီပြည် ဟိုက်ဒယ်လဘတ်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သူ အေမိလ်ဂမ်ဘယ်လ်အားကျောင်းသူကျောင်းသားများက ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ အေမိလ်ဂမ်ဘယ်လ်၏ပုံတူ ရုပ်တုပြုလုပ်ပြီး ကြိုးဆွဲချ၍သတ်ခဲ့ကြသည်။ ဂစ်ဘယ်လ်၏အလောင်းကို မီးရှို့ဆန္ဒပြခဲ့ကြသည်။ ကျောင်းသူကျောင်းသားများက ယင်းကဲ့သို့ ကြွေးကြော် ဆန္ဒပြခဲ့ကြသည်ကို အခြားအခြားသော ပါမောက္ခများကလည်း သဘောတူလေဟန်ဖြင့် လက်ပိုက်၍ကြည့်နေကြသည်။

ဂမ်ဘယ်လ်၏ စာသင်ခန်းမဆောင်အား သပိတ်မှောက်လိုက်ကြသည်။ ဂမ်ဘယ်လ်၏နေအိမ်ရှိ မှန်ပြတင်းများကို ဆန္ဒပြသူများက ခဲဖြင့်ပစ်ပေါက်ခြင်းတို့နှင့်အတူ နည်းမျိုးစုံဖြင့် ဖျက်ဆီးနှောင့်ယှက် ဖိနှိပ်ချုပ်ချယ်လျက်ရှိကြသည်။ ဂမ်ဘယ်လ်၏အသက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

အိုင်းစတိုင်း၏လက်ပုံစံ



နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လျက်ရှိကြသည်။ ထိုကဲ့သို့ ဂမ်ဘယ်လ်အား စစ်ရာဇဝတ်ကောင်ကဲ့သို့ ပြုမူဆန္ဒပြနေရခြင်းမှာ ဂမ်ဘယ်လ်သည် ဂျာမနီပြည်၏ စစ်လက်နက်ဖျက်သိမ်းရေး၊ စစ်မုန်းတီးရေးဝါဒများ၊ အကြမ်းဖက်မှုများကိုရှုတ်ချသောစာများရေးသားခြင်းကြောင့် ဖြစ်သည်။

'ဂမ်ဘယ်လ်လို ပုဂ္ဂိုလ်တစ်ဦးကိုယင်းကဲ့သို့ လူစုလူဝေးဖြင့် ဆူပူနှိပ်စက်ညှဉ်းပန်းနေသည်ကို တားဆီးပိတ်ပင်ဟန့်တားမှုမပြုလုပ်ဘဲ ခေါင်းဆောင်ဆိုသောပုဂ္ဂိုလ်ကလက်ပိုက်ကြည့်နေသည်။ ဒါတွေဟာ ကျုပ်တို့လူတွေအပေါ် ဘယ်လိုအခြေအနေဆိုးတွေကို ဖန်တီးပြသနေတာပဲမဟုတ်လား။ နောင်မှာလည်းဆက်လက်ပြီး ဒီအတိုင်းသာဖြစ်နေဦးမယ်ဆိုရင်တော့ ကျုပ်တို့အားလုံးဖက်ဆစ်ဆန်ဆန် ညှဉ်းပန်းသတ်ဖြတ်အုပ်စိုးတဲ့အခြေအနေဆိုးတွေပြန်ရောက်ဦးမှာပဲမဟုတ်လား"

ဟူ၍ အိုင်းစတိုင်းက ဘာလင်နာတိဂ်ျဘလက်စာစောင်တွင် ရေးသားခဲ့သည်။

အိုင်းစတိုင်း ဖော်ပြလိုက်သောအခြေအနေ သုံးသပ်ချက်မှန်သမျှတို့သည် ၁၉၃၁ ခုနှစ်ကာလတွင် ဟစ်တလာ၏ စိတ်ကူးကြံစည်ရည်ရွယ်ထားသည်နှင့် တစ်ထပ်တည်းကျနေသည်။ ယင်းသို့ ဖြစ်လာရမည်ဟုလည်း ဟစ်တလာက ကြိုတင်မှန်းဆထားခဲ့ပြီးဖြစ်သည်။ ဂျာမနီတွင် သန်းပေါင်းများစွာသောပြည်သူများ အလုပ်လက်မဲ့ဘဝသို့ ဆိုက်ရောက်လျက်ရှိကြသည်။ ထိုအခြေအနေဆိုးသည် ဟစ်တလာ၏နာဇီပါတီကို အားသစ်လောင်းပေးသကဲ့သို့ ဖန်တီးလျက်ရှိသည်။ နာဇီပါတီကလည်း အဖ ဂျာမနီနိုင်ငံသစ်ကြီး ထူထောင်ပြီးပြည်သူများအား သစ်လွင်တောက်ပ၍ ပိုမိုကောင်းမွန်သော ဘဝအခြေအနေကို ပေးမည်ဟူသော မျှော်လင့်ချက်ရောင်ခြည်ကို ပေးထားပြန်သည်။

ရွေးကောက်ပွဲကာလ၌ ဂျာမနီတစ်ပြည်လုံးတွင် နာဇီအမတ်ကြီးများ အနိုင်ရကြသည်။ နာဇီပါတီအပိုင်ရရန်အတွက်လည်း မုန်တိုင်းစစ်ဆင်ရေးသမားများက လက်နက်ဖြင့်ခြိမ်းခြောက်ကာ နာဇီပါတီအား မဲထည့်ရန် ဖိအားပေးခဲ့ကြသည်။ အိုင်းစတိုင်းသည် ပရင်စတန်တွင် အသက်ထက်ဆုံး နေထိုင်တော့မည်ဟုဆုံးဖြတ်ချက်ချပြီး ဘာလင်နှင့်အတူ ရာထူးများအားလုံးကို စွန့်လွှတ်ကာ ပရင်စတန်သို့ရွှေ့ပြောင်းလာသည်။ အိုင်းစတိုင်းအား ပရင်စတန်တက္ကသိုလ်က တစ်နှစ်လျှင် ဒေါ်လာ တစ်သောင်းခြောက်ထောင် သတ်မှတ်ပေးခဲ့သည်။ စင်စစ် ထိုလစာသည် အိုင်းစတိုင်းအတွက် လိုအပ်သည်ထက်ပင် ပိုနေသေးသည်။ အိုင်းစတိုင်းသည် ဘယ်လ်ဂျီယံဘုရင်၏ မိဖုရား အယ်လီဇဘက်ထံသို့ -

"ပရင်စတန်ကတော့ တကယ်မွေ့လျော်ဖွယ်ကောင်းတဲ့အရပ်ပါပဲ။ လူမှုရေးကိစ္စ၊ အနှောင့်အယှက်တွေအတော်လေးကင်းတဲ့အတွက် ကျုပ်အဖို့ ကိုယ့်လုပ်ငန်းကို ဇောက်ချပြီး လုပ်နိုင်ကိုင်နိုင်တဲ့ ပတ်ဝန်းကျင်လေးတစ်ခုကိုလည်း ဖန်တီးထားလို့ရတယ်။ ဒီမှာ လူ့ဘောင်အဖွဲ့အစည်းဆိုတဲ့အထဲ ပါဝင်နေတဲ့လူတွေအနေနဲ့ ဥရောပကလူတွေနဲ့စာရင်တော့ ဟိုမှာလောက်လွတ်လပ်မှုရှိတယ်တော့ မဆိုသာပေဘူးပေါ့။ ဒါပေမယ့်သူတို့ကိုကြည့်ရတာ ဘဝရဲ့အနှောင်အဖွဲ့ကလေးတွေကို ရှိမှန်းတောင်မသိကြပါဘူး"


ဟူ၍ အိုင်းစတိုင်းက ရေးလိုက်ပါသည်။

အမေရိကန်တို့၏ လူမှုဘဝပုံစံတွင် လူတစ်ဦးနှင့်တစ်ဦး မတူမတန်ဆိုသည့် ခွဲခြားမှုမရှိတော့သည်ကို အိုင်းစတိုင်းမြင်နေရသည်။ ဘယ်လ်ဂျီယံပြည့်ရှင်၏ မိဖုရားအယ်လီဇဘက်က -

"အိုင်းစတိုင်း ဘယ်တော့ဥရောပသို့ ပြန်လာမည်နည်း"

ဟု မေးထားသည်။

အိုင်းစတိုင်းသည် ပရင်စတန်တွင် နေသော်လည်း ဂျာမနီတွင် ဟစ်တလာ၏လုပ်ဆောင်ချက်မှန်သမျှကို မျက်ခြည်မပြတ် လေ့လာလျက်ရှိသည်။ ဂျာမနီသည် နိုင်ငံပေါင်းစုံအသင်းကြီးမှ နုတ်ထွက်လိုက်ပြီး ပိုလန်နှင့် မိတ်ဖွဲ့လိုက်ခြင်းသည် လက်နက်ဖျက်သိမ်းရေးအစီအစဉ်အားလုံးကို ပျက်စီးသွားအောင် ဖန်တီးလိုက်သည်ဟု အိုင်းစတိုင်း ထင်မြင်သည်။



သရုပ်ပြညာလက်ပုံစံ

■

အယ်လ်ဆာ၏သမီးကြီး အီလ်ဆီတစ်ယောက် မမျှော်လင့်ဘဲ ရုတ်တရက်ကွယ်လွန်သွားရှာခဲ့သည်။ အသုဘကိုပြင်သစ်ပြည် ပါရီတွင်လုပ်ခဲ့ကြောင်းသိရသည်။ မိခင်ဖြစ်သူ အယ်လ်ဆာမှာမူကား ဝမ်းနည်းကြေကွဲ ဖြေဆည်၍ပင် မရနိုင်ဖြစ်ခဲ့ရသည်။ အိုင်းစတိုင်းသည် အမေရိကန်နိုင်ငံသားအဖြစ် ခံယူနိုင်ခွင့်ရရှိပြီးနောက် ၁၉၃၅ ခုနှစ်၊ မေလတွင် အယ်လ်ဆာ၊ ဒျူကပ်၊ မာဂေါ့တို့နှင့်အတူ အိုင်းစတိုင်းသည် ဘာမြူဒါသို့ သင်္ဘောဖြင့် ခရီးထွက်ခဲ့ကြသည်။

၁၉၃၆ ခုနှစ် ရောက်ရှိသောအခါ၌မူ အယ်လ်ဆာ၏ ကျန်းမာရေးအခြေအနေမှာ တစ်စတစ်စ ယိုယွင်းပျက်စီးလာ၏။ အသားအရေများ ခြောက်ခန်းစပြုလာလေသည်။ ဒီဇင်ဘာလသို့ရောက်လာသောအခါ အိပ်ရာပေါ်တွင် အချိန်ပြည့်ရှိနေတော့သည်။ ၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့ လွန်စွာအအေးပိုလျက်ရှိသော ညနေဆည်းဆာတွင် အယ်လ်ဆာသည် အဆုပ်လိုက်အဆုပ်လိုက် ကျဆင်းလျက်ရှိသော ဆီးနှင်းပွင့်များနှင့်အတူ လူလောကကြီးမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com

ကွယ်ပြုသွားတော့သည်။

၁၉၃၈ ခုနှစ်တွင် အိုင်းစတိုင်း၊ အကြံဉာဏ်ပေးကာ အင်းဖဲလ်ဒ်က ဒိုင်ခံရေးခဲ့သော 'ရူပဗေဒပညာ တိုးတက်ဖြစ်ပေါ်လာပုံ'အမည်ရှိစာအုပ်ကို ထုတ်ဝေခဲ့သည်။ ထိုခေတ်ထိုအချိန်ကာလတရောင်းအားအကောင်းဆုံးစာအုပ်ဖြစ်သည့် ဒေးကာနယ်ချီ၏ စာအုပ်ထက်ပင် ရောင်းအားကောင်းခဲ့သည့်စာအုပ်ဖြစ်သည်။

■ အနုမြူဗုံးနှင့်အိုင်းစတိုင်း ■

၁၉၃၉ ခု၊ ဇန်နဝါရီလ ၁၆ ရက်။

ရူပဗေဒပညာရှင်မကလေး လိုက်ဆီမေတနာက မိမိသည် ယူရေနီယမ်ဓာတ်သတ္တုထဲရှိ အဏုမြူတစ်လုံးကို နှစ်ခြမ်းခွဲကြည့်ရန်ကြိုးစားရာမှ ယခုအခါအောင်မြင်သွားပြီဖြစ်ကြောင်း ဆရာဖြစ်သူ ကမ္ဘာကျော် အဏုမြူဆိုင်ရာရူပဗေဒပညာရှင်ကြီး နီးလ်ဘိုးဝါးထံသို့ သံကြိုးစာဖြင့် ပေးပို့လိုက်ရာ နီးလ်ဘိုးဝါး စီးနင်းလာသော ဆွီဒင်သင်္ဘောသည် နယူးယောက်ဆိပ်ကမ်းပေါ်သို့မဆိုက်မီအချိန်၌ပင် တပည့်ဖြစ်သူ၏ သံကြိုးစာကို အဆောတလျင် ဖတ်လိုက်ရသည်။

နီးလ်ဘိုးဝါးက ကိုပင်ဟေဂင်မြို့ရှိ ဘိုးဝါး၏ ဓာတ်ခွဲခန်းတွင် လိုက်ဆီမေတနာသည် အဏုမြူအင်အားဖြစ်ပေါ်လာမှုကို အဖန်တလဲလဲစမ်းသပ်၍ တိုင်းတာကြည့်ပြီးနောက် အောင်မြင်မှုရရှိလာသဖြင့် နယူးယောက်သို့ ထွက်ခွာသွားသော ဘိုးဝါးထံသို့ သံကြိုးရိုက်အကြောင်းကြားလိုက်ခြင်း ဖြစ်သည်။ အိုင်းစတိုင်းသည် နျူထရွန်စမ်းသပ်မှုနှင့်စပ်လျဉ်း၍ ဟာန်းနှင့် စထရပ်စပင်တို့၏ ရှာဖွေတွေ့ရှိချက်ကို သိလျက်ရှိသော်လည်း အိုင်းစတိုင်းမသိသေးသောအပိုင်းနှင့်ပတ်သက်၍မူ နီးလ်ဘိုးဝါးက ရှင်းလင်းပြောပြသည်။

အကယ်၍ ယူရေနီယမ်အဏုမြူပေါက်ကွဲမှုကို အစဉ်အတိုင်း သံကွင်းဆက်လုပ်ပြီး ထိန်းချုပ်ထားနိုင်မည်ဆိုပါက ထိုအင်အားကို လူသားတို့အတွက် စက်မှုလုပ်ငန်း၌ဖြစ်စေ၊ ဗုံးလုပ်ငန်းအတွက်ဖြစ်စေ အသုံးချမည်ဆိုလျှင် ဖြစ်နိုင်မည်ဟု နီးလ်ဘိုးဝါး တွေးခေါ်ကြည့် မိသည်။

ယူရေနီယမ်သတ္တုမှ အဏုမြူကို ထပ်မံစိတ်လိုက်သောအခါ ၎င်း၏ အသေးဆုံးအပိုင်းလေးမှာ လွင့်ပျောက်သွားတတ်ကြောင်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိလာသည်။ ထိုကဲ့သို့ ပျောက်လွင့်သွားသောအပိုင်းမှာ အိုက်ဆိုတုပ် (၃) ခုရှိသည့်အနက် အိုက်ဆိုတုပ် ၂၃၅ ဖြစ်သည်။ ထိုအပိုင်းမှာ ယူရေနီယမ်အဏုမြူတစ်ခုလုံးနှင့်စာလျှင် တစ်ရာခိုင်နှုန်းမျှပင် မရှိချေ။ သို့သော်လည်း နျူထရွန်က ယူရေနီယမ် ၂၃၅ ကို ခွဲစိတ်လိုက်သောအခါ နျူထရွန်များစွာ ထွက်ပေါ်လာပြန်သည်။ ဤနည်းဖြင့်ထပ်မံ၍ ထပ်ဆင့်ခွဲစိတ်မည်ဆိုလျှင် နျူထရွန်များစွာ ဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိသည်။ ဤတွင် နီးလ်ဘိုးဝါး စဉ်းစားတွေးတောသောအဏုမြူများ စဉ်ဆက်ဓာတ်ကွဲမှုသဘောသည် ခပ်ရေးရေးပေါ်လာပေတော့သည်။

ဟာန်းနှင့် စထရာ့စမန်းတို့သည် အဏုမြူဓာတ်ခွဲမှုနှင့်ပတ်သက်၍ ၎င်းတို့သုတေသနပြုလုပ်ရာမှ တွေ့ရှိလာသည့် အချက်အလက်တို့ကို အသေးစိတ်ရေး၍ စာအုပ်ထုတ်ဝေလိုက်ရာ ကမ္ဘာပေါ်ရှိ လက်တွေ့ဓာတ်ခွဲခန်းများသည် အဏုမြူဓာတ်ခွဲခန်းများဖြစ်လာကြတော့သည်။ အဏုမြူတစ်ခေတ်စခဲ့လေပြီ။

စင်စစ် ယူ - ၁၃၅ ကို ယူ -၂၃၈ ထဲမှ ခွဲထုတ်ရေးကိစ္စကို ဖခင်ကလက်တွေ့စမ်းသပ်ခဲ့ဖူးခြင်း မရှိပေ။ ထိုကဲ့သို့ ခွဲထုတ်ရာမှာ လွန်စွာခက်ခဲပြီး ကုန်ကျစရိတ်လည်း လွန်စွာကြီးမားလှသည်။ ၎င်းအပြင် ယူ -၂၃၅ အိုက်ဆိုတုပ်များ (၅) ပေါင်ခန့်ရရန်အတွက် လုပ်ရန်မှာ လွန်စွာဘေးဥပဒ်အန္တရာယ်များလှသည်။

အဘယ်ကြောင့်ဆိုသော် ယူ- ၂၃၅ များရအောင် နျူထရွန်ကို ပစ်ဖောက်ခွဲစိတ်ရာ၌ သတ္တုတုံးကြီးကိုခွဲရလျှင် အချိန်ကာလနှင့် နေရာဌာန လိုအပ်ပေမည်။ အကယ်၍ လွန်စွာ လွန်စွာသေးငယ်သောအရာဆိုမှသာ နျူထရွန်သည် လျှင်မြန်စွာ ထွင်းဖောက်သွားနိုင်သည်ဖြစ်၍ လေထဲတွင် အခြားအရာတွေပါ ပေါက်ကွဲခြင်းမှ ကင်းလွတ်နိုင်ပေမည်။ ယင်းကိစ္စကို ဆောင်ရွက်ရာတွင် သုတေသနပြုလုပ်သောသူများအတွက်လည်း ဘေးဥပဒ်အန္တရာယ်ရှိနိုင်သည်။

အကယ်၍ ယူ - ၂၃၅ ကို အစိုင်အခဲလိုက်ရအောင်လုပ်ခဲ့လျှင် အခြားတစ်ပါးသောနေရာမှ လမ်းလွှဲဝင်လာသော နျူထရွန်ကြောင့် သေနတ်မောင်းဖြုတ်လိုက်သကဲ့သို့ ပေါက်ကွဲထွက်သွားနိုင်သည်။ ယခုမူ အိုင်းစတိုင်း၏ $E=mc^2$ ဆိုသည့် ဒြပ်ထုများကို ဖောက်ခွဲလိုက်လျှင် အား (စွမ်းအင်သတ္တိ) များ အဆမတန်ဖြစ်လာနိုင်သည်ဆိုသော သဘောတရားကို ငြင်းဆို၍ မရနိုင်တော့ပြီ။ အလုံးစုံသော အဏုမြူစမ်းသပ်ချက်များက သက်သေခံလျက်ရှိကြလေပြီ။

၎င်းအပြင် အကယ်၍ ယူ- ၂၃၅ တစ်ပေါင်လောက်ကိုသာ ဖောက်ခွဲပစ်လိုက်မည်ဆိုပါက အဏုမြူအင်အားသည် ယမ်းဘီလူးဗုံး (TNT ဗုံး) တန်ချိန် (၈၀၀၀) ဖောက်ခွဲလိုက်သည်နှင့် ညီမျှမည်ဖြစ်ကြောင်း သိလာကြတော့မည်။

အချိန်သည်ကား ဥရောပတွင် စစ်ရိပ်စစ်ငွေ့များသန်းလျက်ရှိလာလေပြီ။ မည်သည့်အကြောင်းကြောင့်မဆို ကမ္ဘာစစ်ဖြစ်လာမည်မှာ သေချာမည်ဟု ယုံကြည်နေကြသည်။ အကယ်၍များ နာဇီသိပ္ပံပညာရှင်များက အဏုမြူဗုံးလုပ်ငန်းတွင် သူတို့ထက်လက်ဦးသွားမည်ကို လွန်စွာစိုးရိမ်လျက်ရှိကြသည်။ နာဇီများကသာ အနုမြူဗုံးရသွားမည်ဆိုပါက တစ်နည်းအားဖြင့် အကယ်၍ ဟစ်တလာသည်သာ အဏုမြူဗုံးရသွားခဲ့လျှင် အမေရိကန်သည် ကျွန်းသံနားပါမှ ခွားချမ်းသာမည့်ကိန်း ဆိုက်ရောက်သွားရပေတော့မည်။ သို့ဖြစ်၍ သိပ္ပံပညာရှင်ကြီး ဆားခ်နှင့် ဗီးလာ့ဒ်တို့နှစ်ဦးက အမေရိကန်ပြည်၌ အဏုမြူနှင့် ပတ်သက်သော လုပ်လက်စသုတေသနကို အပြင်းအထန် စဉ်ဆက်မပြတ်လုပ်နေမှ ဖြစ်တော့မည်ဟုနားလည်သဘောပေါက်မိကြသည်။ အဏုမြူလုပ်ငန်းအတွက် အစိုးရကလည်း အကုန်အကျခံသင့်သည်ဟု ၎င်းတို့က သင်မြင်ယူဆကြသည်။

စင်စစ် ဤကိစ္စတွင် အိုင်းစတိုင်းသည် ပါဝင်လိုစိတ်မရှိသော်လည်း နာဇီဟစ်တလာကို ကာကွယ်နိုင်ရန် အခြားနည်းလမ်းမရှိတော့ပြီဟုလည်း ယူဆလာသည်။ ထို့ကြောင့် အဏုမြူဗုံးလုပ်ရန်အတွက်ကို သဘောမတူချင်ဘဲတူလိုက်ရပေတော့သည်။ အမေရိကန်သမ္မတကြီး ရုစဗဲ့ထံသို့ ရေးလိုက်သည့်စာတွင် အိုင်းစတိုင်းက ယူရေနီယမ်အဏုမြူကိုဖောက်ခွဲပြီး စဉ်ဆက်မပြတ်ဓာတ်ပြုမှုကိုရအောင်လုပ်နိုင်မည်ဖြစ်၍ အဏုမြူကို အားကိုးရန်ဖြစ်နိုင်သော အခြေအနေသို့ရောက်နေပြီဖြစ်ကြောင်း၊ သို့သော်လည်း ဤနည်းကိုသုံး၍ အဏုမြူဗုံးလုပ်ရန်မှာမူ သိပ်မသေချာသေးကြောင်းရေးခဲ့ရာ ဆားချ်နှင့် ဗီးလာဒ်တို့သည် အိုင်းစတိုင်း၏စာကို ပြန်လည်ပြုပြင်ပြီး အဏုမြူဗုံးလုပ်ရန်မှာ လုံးဝဖြစ်နိုင်သောအခြေအနေသို့ဆိုက်ရောက်နေပြီဖြစ်ကြောင်းကို ရေးသားပြုပြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ပို့လိုက်သည်။ ထိုကဲ့သို့ ပြုပြင်ရေးသားလိုက်သော်လည်း အိုင်းစတိုင်းက မငြင်းသာတော့ဘဲ လက်မှတ်ရေးထိုးပေးလိုက်ပါတော့သည်။

■

၁၉၃၉၊ အောက်တိုဘာ ၁၁ ရက်နေ့။

ဆားချ်သည် ယူရေနီယမ်-၂၃၅ ထုတ်လုပ်ရေးအတွက် သမ္မတကြီး ရုစဗဲ့ထံ တင်ပြရန်အတွက် ရုစဗဲ့၏ရုံးခန်းသို့ ဝင်ရောက်ပြီး အိုင်းစတိုင်းပေးစာကို အစမှအဆုံးတိုင် ဖတ်ပြလိုသော်လည်း သမ္မတကြီးမှာ လွန်စွာအလုပ်များလျက်ရှိသောကြောင့် အိုင်းစတိုင်းစာ၏ နောက်ဆုံးစာပိုဒ်ဖြစ်သော 'အင်နရီကိုဖာမီနှင့် ဇီးလာဒ်တို့၏ လုပ်ဆောင်ချက်ကိုကြည့်ရခြင်းအားဖြင့် ယူရေနီယမ်အဏုမြူကို ထူးခြားသောအင်အား (သတ္တိ) အဖြစ် ပြောင်းလဲလုပ်နိုင်မည်ဟူသော အချက်ကို ကျွန်ုပ်စိတ်ထဲတွင် ကောင်းစွာ ယုံကြည်နေမိပါသည်။ ယခုဖြစ်ပျက်နေသော ကမ္ဘာ့အခြေအနေများကလည်း လွန်စွာ သတိရှိနေမှအတော်ဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းက လုပ်စရာရှိသည်တို့ကို လျင်မြန်စွာ လုပ်ဆောင်နိုင်မှ ဖြစ်တော့မည့်အခြေအနေသို့ ဆိုက်ရောက်နေပါသည်။ ယခုကျွန်ုပ်အနေနှင့် ဂျာမနီသည် သူသိမ်းပိုက်ထားသော ချက်ကိုစလိုဗက်သတ္တုတွင်းမှထွက်သော ယူရေနီယမ်တို မည်သူ့ကိုမျှ မရောင်းတော့ဘူးဟု သိရပါသည်။ ဤကဲ့သို့ ယူရေနီယမ်ကိစ္စကို လတ်တလော အရေးယူဆောင်ရွက်လာခြင်းနှင့် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး၏ သားဖြစ်သူ ဗွန်ဝိုက်ကာအား ဘာလင်မြို့ရှိ ကိုင်ဇာဝီလျံသိပ္ပံမဟာဌာနရှိ အဏုမြူအင်အားစမ်းသပ်နေသူများနှင့် တွဲဖက်ခန့်ထားလိုက်ခြင်းကို ဆက်စပ်ကြည့်လျှင်လည်း ဂျာမနီ၏ ခြေလှမ်းကို စဉ်းစားစရာရှိပါသည်' ဟူသော စာပိုဒ်ကို ဖတ်ပြလိုက်ရာ အမေရိကန်သမ္မတကြီး ရုစဗဲ့သည် များစွာ အလေးထားစဉ်းစားစရာဖြစ်သွားတော့သည်။ သို့သော် ၎င်းအနေဖြင့် စစ်ဘက်အကြီးအကဲများက ပယ်ချထားသည်ကို မိမိကဆန့်ကျင်ရန် အခွင့်အလမ်းမမြင်မိသေး။

သို့သော် စစ်ရေးအတွင်းဝန် အက်ဒဝင်ပါဝတ်ဆန်က အိုင်းစတိုင်း၏ စာပါဝင်သောစာတွဲကြီးကို ရုစဗဲ့အား လှမ်းပေးလိုက်ပြီး 'ဒါကို အရေးယူဆောင်ရွက်ဖို့လိုတယ်' ဟု ပြောလိုက်လေသည်။ ထိုစကားတစ်ခွန်းသည်ပင်လျှင် ဒေါ်လာကုဋေနှစ်ဆယ်တန်အဏုမြူစီမံကိန်းကြီးမြစ်ဖျားခံရာ နိဒါန်းအစဟု ဆိုရမည်ဖြစ်သည်။

အဏုမြူဗုံးကိစ္စနှင့် ပတ်သက်၍ သမ္မတကြီးအနေဖြင့် အဆောတလျင် ဆောင်ရွက်ပေးရန် တိုက်တွန်းထားသော စာတစ်စောင်၊ နှစ်စောင်ကို လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားလာသည်ကို အိုင်းစတိုင်းက ဖတ်မကြည့်တော့ဘဲ လက်မှတ်ရေးထိုးပေးလိုက်သည်။ စင်စစ် ထိုကိစ္စနှင့် ပတ်သက်၍ အိုင်းစတိုင်းအနေဖြင့် ထဲထဲဝင်ဝင် ဆောင်ရွက်လိုစိတ် စိုးစဉ်းမျှမရှိပေ။ သို့ဖြစ်၍ ရုစဗဲ့က- အိုင်းစတိုင်းအား အဏုမြူအင်အားထုတ်လုပ်ရေးကော်မတီတွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလာသောအခါ အိုင်းစတိုင်းက ငြင်းပယ်လိုက်သည်။

နောက်ပိုင်းတွင် အဏုမြူလုပ်ငန်းနှင့်ပတ်သက်၍ အမေရိကန်အစိုးရက လျှို့ဝှက်ဆောင်ရွက်ရန် ချမှတ်လိုက်သည့်အချိန်မှစ၍ အိုင်းစတိုင်းသည် အဏုမြူဇာတ်လမ်းတွင် ပါဝင်ပတ်သက်ခြင်း စိုးစဉ်မျှမရှိတော့။

၁၉၃၉ ခုနှစ် ကုန်ဆုံးချိန်တွင် ဂျာမနီက ထုတ်ဝေသော သဘာဝတ္တသိပ္ပံမဂ္ဂဇင်းတွင် ဂျာမန်သိပ္ပံပညာရှင်တစ်ဦးက အဏုမြူဗုံးဖြစ်လာနိုင်မည့် အလားအလာများကို ရေးသားလိုက်သောအခါ အိုင်းစတိုင်းက အဏုမြူဗုံးကို လုပ်များလုပ်နေကြပြီလားဟု စဉ်းစားလိုက်မိသည်။

အိုင်းစတိုင်းအနေနှင့်မူ လူတို့သည် ရုပ်ဒြပ်ဝတ္ထုများကို အဏုမြူအင်အားအဖြစ် ပြောင်းလဲပစ်နိုင်ကြောင်းကို မိမိ၏ အဏုမြူသီအိုရီဖြစ်သော $E=mc^2$ နှင့် ဖော်ပြခဲ့ပြီးဖြစ်၍ ရှေ့ဆက်ဆောင်ရွက်ရန်မရှိတော့ဟု မှတ်ယူလိုက်သည်။

သို့သော်လည်း ရုစဗဲ့ထံသို့ ရေးခဲ့ဖူးသော စာတစ်စောင်ကြောင့် အမေရိကန်အစိုးရကို အဏုမြူဗုံးလုပ်ရန် ဆောင်ရွက်ခဲ့သူမှာ အိုင်းစတိုင်းပင်ဖြစ်သည်ဟု သမိုင်းစာမျက်နှာတွင် မှတ်တမ်းတင်ကျန်ရစ်ခဲ့ရလေပြီ။ စင်စစ် အဏုမြူဗုံးဇာတ်လမ်းကို ဖန်တီးခဲ့သူမှာ ဆားချ်နှင့် ဇီးလာဒ်တို့နှစ်ဦးသာ ဖြစ်သည်။ သို့သော် တရားခံအစစ်အဖြစ် သမိုင်းတွင်ခဲ့သည်မှာ အိုင်းစတိုင်းပင် ဖြစ်ခဲ့ရသည်။

**■ ဘဝ၏နောက်ဆုံးစာမျက်နှာ ■**

၁၉၅၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။

"ဒီကနေ့ဒီရက်မှာ ကျွန်တော် ဒီစကားတွေကို အမေရိကန်နိုင်ငံသားတစ်ဦးအနေနဲ့သော် လည်းကောင်း၊ ယေဝတီတစ်ဦးအနေနဲ့သော် လည်းကောင်း ပြောပြနေတာ မဟုတ်ပါဘူး။ လောကကို ယထာဘူတကျကျ ရှုမြင်လိုတဲ့ ကမ္ဘာ့လူသားတစ်ဦးအနေနဲ့သာ ပြောနေခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လုပ်ဆောင်ချက်မှန်သမျှတွေကို သဘောကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ လောကသစ္စာတရား၊ လူမှုရေးတရား၊ မျှတရေးတရားတွေ ကြီးထွားသန်မာလာစေဖို့အတွက် ကျွန်တော်အနေနဲ့ စွမ်းအားရှိသလောက် ဆောင်ရွက်ခဲ့ခြင်းမျှသာ ဖြစ်ပါတယ်။

"တစ်နေ့ထက်တစ်နေ့ အစွမ်းထက်နေတဲ့ အဏုမြူအင်အားတွေဟာ လက်ရှိပဋိပက္ခဖြစ်နေတဲ့ အုပ်စု (၂) စုစလုံးကို သရဲခြောက်သလို ခြောက်နေတယ်။ တကယ်လို့များ ဒီပဋိပက္ခတွေဟာ တကယ့်စစ်ပွဲအသွင်ကို ဆောင်လာကြမယ်ဆိုရင်တော့ လူကမ္ဘာကြီးတစ်ခုလုံးဟာ ပြာပုံအတိရောက်ရှိသွားတော့မယ်။ ဒီအဖြစ်မျိုးကို နှစ်ဖက်စလုံးက လူပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးသမားတွေ၊ အရေးပါတဲ့ပုဂ္ဂိုလ်တွေပါ သိနေကြပေမယ့် ဒီလူတွေဟာ အသိခေါက်ခေါက်အဝင်နက်ပြီး တစ်ဦးပေါ်တစ်ဦး စစ်ရေးလက်နက်ရေးအရ လွှမ်းမိုးနိုင်ဖို့ မလုပ်သင့်မလုပ်ထိုက်၊ မလုပ်အပ်တာတွေလုပ်နေကြတယ်။ ဒီကနေ့ထိ အရေးပါအရာရောက်တဲ့ ဘယ်နိုင်ငံရေးသမားတွေကမှ ငြိမ်းချမ်းရေးရရာရကြောင်းဖြစ်တဲ့ ကိစ္စမျိုးကို သတ္တိရှိရှိနဲ့ ရှေ့တစ်လှမ်းတိုးပြီး ဆောင်ရွက်တာမျိုး ဒိုးဝဉ်းမျှတောင် မတွေ့ရဘူး။ တစ်ကမ္ဘာလုံး လုံခြုံမှုကို ရဖို့အတွက် ဘယ်သူကမှမစဉ်းစားကြဘူး။ ဒီလူတွေအားလုံးဟာ နိုင်ငံရေးမီးပွားကို ယပ်ခတ်ပြီး မီးလောင်အောင် မီးလောင်ရာလေပင့်ဆိုသလိုပဲ လုပ်နေကြတယ်"

မေလ ၁၄ ရက်နေ့တွင်ကျရောက်လာမည့် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့၌ဖတ်ကြားသည့် သဝဏ်လွှာကိုရေးနေရင်းက အိုင်းစတိုင်းသည် ရင်ထဲဆို့တက်၍လာကာ လက်ထဲမှ ဖောင်တိန်မှာ လွတ်ကျသွားပါတော့သည်။ ၎င်းနောက် တစ်ကိုယ်လုံး ချွေးစေးများပြန်လာ၍ အမောဆို့ပြီး ပါးစပ်မှ အမြှုပ်တစီစီ ထွက်လာပြီးနောက် အခန်းထောင့်တစ်နေရာတွင်အန်ရင်း ပံလဲကျသွားတော့သည်။ အခြေအနေဆိုးဝါး[illegible]သဖြင့် နောက် (၂) ရက်[illegible]တွင် ပ



www.burmeseclassic.com

www.burmeseclassic.com

စတာန်ဆေးရုံသို့တင်လိုက်ရတော့သည်။

ဧပြီလ ၁၈ ရက်နေ့၊ နံနက် (၁) နာရီ (၁၅) မိနစ်စွန်းစွန်းသို့ ရောက်ရှိလာသောအခါ သတ္တဝါတို့ မလွန်ဆန်နိုင်သော သင်္ခါရတရားအလိုအတိုင်း အိုင်းစတိုင်းသည် ဘဝဇာတ်သိမ်း ချုပ်ငြိမ်းသွားခဲ့ရှာသည်။

■

ဖော်ပြပါ လက်ပုံစံသည် ၂၀ ရာစု၏ အထင်ရှားဆုံး၊ အကျော်ကြားဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ရူပဗေဒပညာရှင် အိုင်းစတိုင်း၏ လက်ပုံစံပင် ဖြစ်သည်။ အိုင်းစတိုင်း၏လက်ပုံစံမှာ လေးထောင့်လက်ပုံစံအမျိုးအစားစစ်စစ်ဖြစ်သည်ကို လျှပ်တစ်ပြက်ကြည့်လိုက်ရုံမျှနှင့်ပင် သိရှိနိုင်သည်။ လေးထောင့်လက်ပုံစံရှင်တို့ကို သိပ္ပံပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ၊ ဥပဒေပညာရှင်များ၊ တရားသူကြီးများ၊ သင်္ချာပညာရှင်များ၊ ရူပဗေဒပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆေးပညာရှင်များ၊ ပါရဂူကြီးများ၊ ခွဲစိတ်ဆရာဝန်ကြီးများ၊ ယုတ္တိဗေဒနှင့်တွေးခေါ်ပညာရှင်များ၊ စစ်သည်တော်နှင့် စစ်ရေးခေါင်းဆောင်ကြီးများ၏လက်ဝါးပြင်တို့တွင်တွေ့ရလေ့ရှိသည်။

၎င်းပြင် ကမ္ဘာကျော်စာပေအနုပညာရှင်အချို့တို့၏ လက်တွင်လည်း လေးထောင့်လက်အမျိုးအစားကို တွေ့ရလေ့ရှိသည်။ ကမ္ဘာကျော် ထင်ရှားကျော်ကြားသောလွန်စွာကြွယ်ဝချမ်းသာသည့် ပန်းချီဆရာပီကာဆို၏လက်သည်လည်း လေးထောင့်လက်အမျိုးအစားတွင်ပါဝင်သည်ဟု တွေ့မြင်မှတ်သားသိရှိခဲ့ရ၏။

လေးထောင့်လက်ပုံစံ ပိုင်ရှင်တို့၏ သဘောသဘာဝအရ လက်တွေ့နှင့်သဘောတရားကို ဟန်ချက်ညီစွာ လုပ်ကိုင်တတ်ပြီး မိမိ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လိုလားချက်မှန်သမျှတို့ကို စနစ်တကျ တိကျသေချာစွာ ရုပ်လုံးဖော်တတ်ခြင်း၊ အချိန်ကို လွန်စွာတန်ဖိုးထားကာ အချိန်ရှိသရွေ့ အလုပ်ထဲ၌သာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အာရုံစူးစိုက်ကာ ပြင်းထန်စွာ အလုပ်လုပ်တတ်ခြင်း၊ အခက်အခဲ၊ အတားအဆီး၊ အနှောင့်အယှက်၊ အဟန့်အတားနှင့် ရင်ဆိုင် တွေ့ကြုံလာပါက ယင်းအခက်အခဲမှန်သမျှတို့ကို ခိုင်မာပြတ်သားသော သံနှေ့ပါဝီဇစိတ်ဓာတ်တို့ဖြင့်၊ ထက်မြက်သောစွမ်းရည်ဖြင့် ပြတ်ပြတ်သားသား အနိုင်ယူတိုက်ခိုက်တတ်ခြင်း အစရှိသော စိတ်ဓာတ်များသည် လေးထောင့်လက်ပုံစံရှင်တို့တွင် တွေ့ရှိနိုင်သည်။

အိုင်းစတိုင်း၏ လက်ပုံစံသည် လေးထောင့်လက်ပုံစံနှင့်အတူ အဖုအထစ်များ၍ ရှည်လျားသောလက်ချောင်းတို့နှင့်အတူ တွဲဖက်လျက် တည်ရှိနေသည်ကို တွေ့ရသည်။ လက်ချောင်းအဖုအထစ်ကြီးမားခြင်းသည် စည်းစနစ်ကြီးစွာ အလွန်စေ့စပ်သေချာစွာ ဌ၊ လို့လ၊ ဝီရိယများစွာဖြင့် အနုစိတ်၊ အသေးစိတ် လုပ်ကိုင်ဆောင်ရွက်တတ်သည်ကိုဖော်ပြလျက်ရှိသည်။ သဘာဝတရားအပေါ်တွင် လည်းကောင်း၊ လူတို့၏ဘဝဇီဝအခြေမြစ်တို့ပေါ်တွင် နက်ရှိုင်းအားကောင်းစွာ ထဲထဲဝင်ဝင် တွေးခေါ်စိတ်ကူး ဆင်ခြင်သုံးသပ် တောက်ချက်ချတတ်ခြင်းကို ဖော်ညွှန်းခြင်း ဖြစ်သည်။ လေးထောင့်ကျသော လက်ဝါးပြင်အမျိုးအစားနှင့်အဖုအထစ်ကြီးမားသော လက်ချောင်းတို့က အတွေးအခေါ်ပညာရှင် (ဝါ) ဒဿနပညာရှင် (Philosopher) တစ်ဦးအဖြစ်သို့ တွန်းပို့ပေးခြင်း ဖြစ်၏။ ဒဏ္ဍာရီပုံပြင်ဆန်လှသော ဆရာကြီး အိုင်းစတိုင်း၏နှုတ်မှ ကျွန်ုပ် 'ရူပဗေဒပညာရှင်အဖြစ်မှီ ဒဿနပညာရှင်ဖြစ်ခဲ့ပါသည်' ဟု ဆိုခဲ့ခြင်းမှာ ယင်းလက်ပုံစံနှင့် လက်ချောင်းတို့ကြောင့်ပင် ဖြစ်သည်။

တစ်ဖန်ဆက်လက်၍ အိုင်းစတိုင်း၏ လက်မဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာကြည့်လျှင် ပြည့်ဖြိုးအင်အားကောင်းစွာဖြင့် ရပ်တည်လျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ လက်မ၏ ပထမအဆစ်သည် လည်းကောင်း၊ ဒုတိယအဆစ်သည် လည်းကောင်း၊ အင်အားကောင်းစွာ ပြည့်ဖြိုးခြင်းနှင့်အတူ ရှည်လျားဖြောင့်တန်းစွာ ရပ်တည်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းအမှတ်လက္ခဏာသည် စိတ်ဓာတ်ခိုင်မာပြတ်သား၍ ဆင်ခြင်တုံတရားကြီးမားခြင်းကို ပိုမိုအားဖြည့်ပေးလျက်ရှိသည်ကို တွေ့ရပြန်၏။ လေးထောင့်လက်ပုံစံနှင့်အတူ ထိုလက်မအနေအထားတို့ကို ယှဉ်တွဲပေါင်းစပ်၍သော် လည်းကောင်း၊ လွန်စွာ ရှည်လျားအားကောင်းသော ဉာဏ်လမ်းကြောင်းနှင့် ယှဉ်တွဲပေါင်းစပ်လိုက်မည်ဆိုပါက ပညာဉာဏ်ကြီးမားမှုနှင့်အတူ ပါရမီရှင်ဟူ၍ သတ်မှတ်ဖော်ပြခံရခြင်းမှာ ထိုအမှတ်အသားတို့ကြောင့်ပင် ဖြစ်သည်။

အိုင်းစတိုင်း၏ လက်ဝါးပြင်တွင် ကြာသပတေးဂြိုဟ်ခုံ၊ ဗုဒ္ဓဟူးဂြိုဟ်ခုံ၊ စနေဂြိုဟ်ခုံတို့သည် အခြားဂြိုဟ်ခုံများထက် ပိုမိုအားကောင်းလျက်ရှိသည်ကို တွေ့နိုင်မည် ဖြစ်သည်။ လေးထောင့်လက်ပုံစံတွင် ဂြိုဟ်ခုံများ ပြည့်ဖြိုးအားကောင်းခြင်းနှင့်အတူ ဉာဏ်လမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံအစမှ အစပျိုး၍ အသက်လမ်းကြောင်းနှင့် သီးခြား ခွဲထွက်ကာ ရှည်လျားအားကောင်းစွာဖြင့် အင်္ဂါဂြိုဟ်ခုံအမပေါ်တွင် ခက်ရင်းခွသဏ္ဌာန်ဖြင့် အဆုံးသတ်သွားသည်ကို တွေ့ရမည် ဖြစ်သည်။

(အမှတ် A)

လေးထောင့်လက်ပုံစံတွင် ဤမျှ ထင်ရှား ပြတ်သား အားကောင်းသော ဉာဏ်လမ်းကြောင်း ရပ်တည်လျက်ရှိခြင်းမှာ မည်သည့်ပညာရပ်ဆိုင်ရာ ပြဿနာတို့ကိုမဆို ကိုင်တွယ်ဖြေရှင်းရာတွင် ထိုးသွင်းအာရုံဆက်မြက်ခြင်း၊ လေ့လာသုံးသပ်မှု အားကောင်းခြင်း၊ အစဉ်အလာအရ လက်ခံလာသော အကြောင်းအရာတို့ကို သံသယစိတ်ဖြင့် နက်နဲစွာ ခွဲခြမ်းစိတ်ဖြာ ပြန်လည် စိစစ်သုံးသပ်ခြင်းတို့ကိုဖော်ညွှန်းသောအမှတ်လက္ခဏာတို့ ဖြစ်၏။ ထိုလေးထောင့်လက်ပုံစံနှင့် ယှဉ်တွဲလျက်ရှိသော ထိုဉာဏ်လမ်းကြောင်းကပင် အိုင်းစတိုင်းအား -

'ထာဝရဘုရားသခင် တစ်ပါးရှိတယ်ဆိုတာကို ကျွန်ုပ်တို့ ဘယ်လိုနည်းနဲ့ သိနိုင်ပါသလဲ'

'တကယ်တော့ ဘုရားသခင်ဆိုတာ ဘယ်မှာမရှိတာ မဟုတ်ပါဘူး'

"အကယ်၍ သင် God ဖြစ်ခဲ့ပါက စကြဝဠာကြီးကို သင်ဘယ်လိုတည်ဆောက်မလဲ"

'ခင်ဗျား God ကို ယုံကြည်ပါသလား'

'God ကြွေအန်မကစားပါ'

'God ဒီလိုလုပ်မှာမဟုတ်ပါဘူး'

'ကျွန်တော် စပင်နိုဇာ (Spinoza) ရဲ့ (God) ကို ယုံကြည်ပါတယ်။ သတ္တဝါအားလုံးရဲ့ ပြေပြစ်ညီညွတ်မှုပေါ်မှာ သူ့ကိုယ်သူ ထုတ်ဖော်ပြသူသာ ဖြစ်ပါတယ်။ လူတွေရဲ့ ကံကြမ္မာနဲ့ လူ့ရေးပြုမူပုံအပေါ်ကြောင့်ကြတတ်တဲ့ God ကိုတော့ မယုံကြည်ပါ'

ဟူ၍လည်းကောင်း -

တမန်တော်များ၊ မိုးစက်အကြောင်း၊ ကွန်ဖြူးရှပ်အကြောင်း၊ ဗုဒ္ဓအကြောင်း၊ ခရစ်တော်အကြောင်းတို့နှင့်အတူ ဆိုကရေးတီး၊ အရစ်စတိုတယ်၊ စပင်နိုဇာ၊ ဘော်လ်တဲယား၊ ရှိုပင်ဟောင်ဝါးတို့၏အကြောင်းကို ဆယ်ကျော်သက်



www.burmeseclassic.com

www.burmeseclassic.com

အရွယ်ခန့်ကပင် ထဲထဲဝင်ဝင်စူးစူးနစ်နစ် ဖတ်မှတ်လေ့လာလိုက်စားခြင်းသည် ထို ဉာဏ်လမ်းကြောင်း၊ ထိုလက်ပုံစံ၊ ထို လက်ချောင်းတို့ကြောင့်ပင် ဖြစ်သည်။ ဉာဏ်လမ်းကြောင်းအဆုံးတွင် ခက်ရင်း ခွဖြစ်နေခြင်းမှာ ဝါသနာနှစ်မျိုး၊ စရိုက် နှစ်မျိုးကို ဖော်ပြခြင်းဖြစ်သည်။ ဂန္ထဝင် ဂီတဖြစ်သော ကမ္ဘာကျော် မောဇတ် (Mozart) ၏ ဂီတအနုပညာများကို စန္ဒရားဖြင့်သော်လည်းကောင်း၊ တယော ဖြင့်သော်လည်းကောင်း၊ စည်းဝါးနရိ တိုက် ကျွမ်းကျင်သပ်ရပ်စွာ တီးခတ်နိုင် ခြင်း၊ ဂန္ထဝင်တီးလုံးသီချင်းများကို နှစ် ခြိုက်စွာ ဂီတအရသာကို ခံစားရင်း တယောထိုးကျွမ်းကျင်ခြင်းသည်လည်း ခက်ရင်းခွသဏ္ဌာန်ဖြင့် အဆုံးသတ်သွား သော ဉာဏ်လမ်းကြောင်းနှင့်အတူ ကြာသပတေးဂြိုဟ်ခုံ၏အောက်ခြေတွင် အသက်လမ်းကြောင်းနှင့်သိသာထင်ရှား စွာ အဝေးလေးကွာဟလျက် အစပျိုး ထွက်ရှိလာသော ဉာဏ်လမ်းကြောင်း ကြောင့်ပင် ဖြစ်သည်။

(အမှတ် B)

ယင်းအမှတ်အသားသည် (Dramatic Sign) အနုပညာအမှတ်အသား ဖြစ်သည်။ ၂၀ ရာစု၏ ဒဏ္ဍာရီဆန်လှ သော၊ ပုံပြင်ဆန်လှသော ဉာဏ်ပညာ၏ ပါရမီရှင်ဆရာကြီး အိုင်းစတိုင်းသည် အနုပညာလောကတွင် တယောထိုး ကောင်းသူတစ်ယောက်အဖြစ်နှင့်လည်း နာမည်ကျော်ကြားသူတစ်ဦး ဖြစ်သည်။

ယင်းအမှတ်အသားသည် မိမိ ကိုယ်မိမိ ယုံကြည်မှုစိတ်ဓာတ်အပြည့် အဝရှိခြင်း၊ ဆုံးဖြတ်ချက်ပြတ်သားခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ ပကာသနဟိတ်ဟန် ကင်းခြင်း၊ ဂီတအနုပညာတို့တွင်ဝါသနာ ထုံခြင်း၊ ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ လွတ် လပ်မှုကို သာမန်လူထက်ပို၍ နေထိုင်လို စိတ်ရှိခြင်းတို့ကို ဖော်ညွှန်းခြင်းဖြစ်သည်။ ၎င်းအပြင် ယင်းအမှတ်အသားသည် လက်လွတ်စပယ်နေထိုင်ခြင်း၊ နုမော်နမဲ့ နိုင်ခြင်း၊ သတိလက်လွတ်နေထိုင်ခြင်းတို့ ကိုလည်း ဖော်ပြလျက်ရှိသည်။

ထိုအမှတ်အသားသည်ပင် တစ်ခါ တစ်ရံ အသေးအမွှားကိစ္စရပ်တို့တွင် အာရုံစူးစိုက်မှု နည်းပါးခြင်း၊ ပညာရှိ သတိဖြစ်ခဲခြင်းတို့ကို ဖော်ညွှန်းသော အမှတ်အသားတစ်မျိုးဖြစ်သည်ကို တွေ့ ရလေ့ရှိသည်။ ဤနေရာတွင် လက္ခဏာ ဝါသနာရှင်တို့အတွက် ကမ္ဘာကျော် သင်္ချာပညာရှင်ကြီး အိုင်းစတိုင်း၏ ဖြစ် ရပ်မှန်တစ်ခုကို ဖော်ပြရလျှင် -

တစ်ခုသောနေ့တစ်နေ့၌ ဘာလင် မြို့ ဓာတ်ရထားတစ်စီးပေါ်တွင် ရထား လက်မှတ်ရောင်းသူထံမှ လက်မှတ်ခပြန် အမ်းငွေအကြွေများကို ရေတွက်ရင်း လက်မှတ် ရောင်းသူအား -

"မင်းပြန်အမ်းတဲ့ အကြွေငွေတွေ လိုနေတယ်ကွယ့်"

ဟု ပြောလိုက်ရာ လက်မှတ် ရောင်းသူက အကြွေငွေများကို ပြန်၍ ရေတွက်ပြီးနောက် ဆရာကြီးအိုင်းစ တိုင်းအား -

"ခက်တာပဲဗျာ၊ ခင်ဗျားက အပေါင်း၊ အနုတ်မှ မတတ်သေးဘဲကိုး"

ဟု ပြောကာ အကြွေများကို ပြန် ပေးလိုက်သည်။

ဆရာကြီးအိုင်းစတိုင်းသည် ကြယ် သီးများများတပ်ရသောအင်္ကျီများ၊ သပ် ရပ်သေချာစွာ ဝတ်ဆင်ရသော လည် စည်းများကို အတတ်နိုင်ဆုံး ရှောင်ကြဉ် လေ့ရှိခြင်း များသောအားဖြင့် အတွင်းခံ အင်္ကျီကို ဝတ်ဆင်လေ့မရှိခြင်း၊ ညအိပ် ရာဝင်သောအခါ ညဝတ်အင်္ကျီကိုမဝတ် ခြင်း၊ ခြေစွပ်ကို စွပ်ချင်မှစွပ်ခြင်း၊ ဇနီး သည် အယ်လ်ဆာက ရှပ်အင်္ကျီလက် ရှည်အသစ်ဝယ်ပေးသည်ကို လက်ကြယ် သီးတပ်ရသည့်အလုပ်ကို အပိုအလုပ် ဟူ၍လည်းကောင်း၊ အချိန်ကုန်သည် ဟူ၍လည်းကောင်း ယူဆကာ ယင်း အင်္ကျီလက်ရှည်အသစ်ကို တံတောင် ဆစ်လောက်တစ၍ လက်အောက်ပိုင်း ကို ဖြတ်ပစ်လိုက်ခြင်း၊ မီးဖိုခန်းတွင် တယောထိုးနေတတ်ခြင်း၊ ထမင်းစားပွဲ ရှေ့ထိုင်ကာ အတွေးကမ္ဘာထဲတွင် စဉ်း စားတွေးငေးနေတတ်ခြင်း၊ မုတ်ဆိတ် ရိတ်ရာတွင် သီးသန့်အသုံးပြုသည့် ဆပ်ပြာနှင့် ရေချိုးဆပ်ပြာကို ပေးထား သော်လည်း ရေချိုးဆပ်ပြာတစ်ခုတည်း ကိုသာသုံးခြင်း၊ ဆံပင်ညှပ်ဆိုင်သို့သွား ၍ဆံပင်ညှပ်ရသောအလုပ်သည် အချိန် ကုန်လွန်းလှသောကြောင့် ဆံပင်မညှပ် ဘဲ အရှည်ထားခြင်း စသည်. . . စသည် တို့သည် ခိုင်မာဖြောင့်တန်း၍ ရှည်လျား အားကောင်းသော လက်မပုံစံရပ်တည်မှု အနေအထား၊ ဉာဏ်လမ်းကြောင်း အစ ပျိုးထွက်ရှိရာတွင် အသက်လမ်းကြောင်း နှင့် လွန်စွာကွာဟလျက်ရှိကြောင်းပင် ဖြစ်သည်။

အကယ်၍သာ အိုင်းစတိုင်း၏ လက်ပုံစံသည် အာပေါ်ဓာတ်လက်ပုံစံ အမျိုးအစား (ရှည်လျားသောလက်ဝါး ပြင်၊ လက်ချောင်းများ) နှင့်အတူ လက် မပျော့ပျောင်း၍ တိုတောင်းခြင်း၊ ဉာဏ် လမ်းကြောင်းသည် အသက်လမ်း ကြောင်းနှင့် ကွာဟပြီး စနေဂြိုဟ်ခုံ ပေါ်တွင် တွေးညွှတ်စွာ အဆုံးသတ် သွားခဲ့မည်ဆိုပါက အိုင်းစတိုင်းသည် ၂၀ ရာစု၏ အကြီးအကျယ်အမြင့်မြတ် ဆုံး၊ အထင်ရှားဆုံး၊ အကျော်ကြားဆုံး ရူပဗေဒပညာရှင်တစ်ဦး ဖြစ်မလာတော့ ဘဲ ကမ္ဘာကျော် လူထူးလူဆန်း အရူးကြီး တစ်ယောက်အဖြစ်သို့ ရောက်ရှိသွားနိုင် မည် ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်၍ လက္ခဏာဝါသနာရှင်များအား အမှာ စကားပြောလိုသည်မှာ အိုင်းစတိုင်းအား ၂၀ ရာစု၏ အကြီးကျယ်ဆုံး၊ အကျော် ကြားဆုံး၊ အထင်ရှားဆုံး၊ ရူပဗေဒပညာ ရှင် နိုဘယ်လ်ဆုရှင်တစ်ဦးအဖြစ်သို့ တွန်းတင်ပို့ဆောင်ပေးလိုက်သော တွန်း အားသည် ကြာသပတေးဂြိုဟ်ခုံမှ အစ ပျိုးထွက်ရှိလာပြီး အင်္ဂါဂြိုဟ်အမတွင် ခက်ရင်းခွသဏ္ဌာန်ဖြင့် ရှည်လျားစွာ အဆုံးသတ်သွားသော ဉာဏ်လမ်း ကြောင်းတစ်ကြောင်းတည်းကို ကြည့်၍ ကောက်ချက်ချရန်မသင့်ပေ။ ယင်းဉာဏ် လမ်းကြောင်းအား အကူအပံ့အထောက် အပံ့ပေးလျက်ရှိသော အခြားအချက်အ လက်များနှင့်လည်း ယှဉ်တွဲပေါင်းစပ်၍ ကောက်ချက်ချရန် အထူးလိုအပ်ပေလိမ့် မည်။ လေးထောင့်လက်ပုံစံစစ်စစ် နှင့်အတူ အဖုအထစ်ကြီးမား၍ အား ကောင်းသောလက်ချောင်းများ၊ ပြည့် ဖြိုးအားကောင်း၍ ရှည်လျားပြီး ခိုင်ခံ့စွာ ရပ်တည်လျက်ရှိသော လက်မအနေ အထားတို့နှင့် ဆက်နွှယ်ပေါင်းစပ်၍ လည်းကောင်း၊ ဂြိုဟ်ခုံများပြေပြစ်ညီ ညာအားကောင်းနေသည်ကို လည်း ကောင်း၊ ယင်းအချက်တို့ကို အဓိကထား ၍ ဦးစားပေးစိစစ်ပြီးမှသာလျှင် ကောက် ချက်ချသင့်သည်။ ဉာဏ်လမ်းကြောင်း ကြာသပတေးဂြိုဟ်ခုံမှ အစပျိုးထွက်ရှိ လာခြင်းသည် ရည်မှန်းချက်၊ ရည်မှန်း ချက် မြင့်မားစွာထားရှိခြင်းကို ဖော်ညွှန်း ခြင်း ဖြစ်သည်။ ဉာဏ်လမ်းကြောင်း သည် အတန်ငယ်ကွေးညွှတ်၍ ရှည် လျားစွာ အင်္ဂါဂြိုဟ်ခုံအမဆီသို့ ဦးတည် ပြီး ခက်ရင်းခွသဏ္ဌာန်ဖြင့် ထင်ရှားပြတ် သားစွာ အဆုံးသတ်လျက်ရှိခြင်းမှာ သဘာဝ၏ အကျိုးအကြောင်း၊ အဆိုး အကောင်းတို့ကိုသော် လည်းကောင်း၊ လောကအမြင်နှင့် ပတ်သက်၍သော် လည်းကောင်း၊ ပညာ[illegible]ဆိုင်ရာနှင့် ပတ်သက်၍သော် လည်းကောင်း စူးစူး နစ်နစ် နက်နက်ရှိုင်းရှိုင်း [illegible] မှုမှုတ ဘ



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစား ချင့်ချိန်တတ်သည်ကို ဖော်ပြခြင်း ဖြစ်သည်။

ဤနေရာတွင် လက္ခဏာရှင်များ စောဒကတက်နိုင်သည့်အချက်ကတော့ အိုင်းစတိုင်း၏ ဉာဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် တစ်စင်တီမီတာနီးပါးခန့်ကွာဟပြီး အစဖျားထွက်ရှိလာသောကြောင့် ဆရာကြီးသည် မိမိကိုယ်မိမိအထင်ကြီးလွန်းခြင်း၊ ယုံကြည်စိတ်ချမှုလွန်ကဲခြင်း၊ စိုးရိမ်စိတ်နည်းပါးခြင်း၊ မာနကြီးလွန်းခြင်း၊ စိတ်အမှတ်အဝေးကြီးခြင်း၊ အာဃာတကြီးမားခြင်း၊ ကတိမတည်ခြင်း၊ တစ်ဇွတ်ထိုးနိုင်ခြင်း အစရှိသည်တို့ရှိမည်ဟု ကောက်ချက်ချမိပေလိမ့်မည်။ ထိုအားနည်းချက်မှန်သမျှတို့ကို အဖုအထစ်ကြီး၍ ရှည်သောလက်ချောင်းများ၊ လေးထောင့်လက်ပုံစံအမျိုးအစားနှင့်အတူ ရှည်လျားအားကောင်းသောလက်မ၊ အင်္ဂါအမြင့်ဂြိုဟ်ခုံပေါ်တွင် ခက်ရင်းခွသင်္ကေတန်ဖြင့် အဆုံးသတ်သွားသော ဉာဏ်လမ်းကြောင်းတို့က ထိုအားနည်းချက်မှန်သမျှတို့ကို သိသာထင်ရှားစွာ အားဖျော့သွားစေရန်အတွက် တွန်းအားပေးဆောင်ရွက်သွားပေးနိုင်မည် ဖြစ်သည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအား ထပ်ဆင့်၍ပြောလိုသည်မှာ ဉာဏ်လမ်းကြောင်းကို လက်ဝါးပြင်ရှိ ဂြိုဟ်ခုံတို့နှင့် တွဲဖက်ဆက်စပ်၍ ကောက်ချက်ချရန်လည်း လိုအပ်မည်။ အိုင်းစတိုင်း၏ လက်ဝါးပြင်တွင် ကြာသပတေးဂြိုဟ်ခုံ၊ စနေဂြိုဟ်ခုံ၊ တနင်္ဂနွေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့သည် ပြည့်ဖြိုးကျယ်ပြန့်၍ သန့်ရှင်းသောအနေအထားဖြင့် ရပ်တည်လျက်ရှိသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ ကြာသပတေးဂြိုဟ်ခုံ ပြည့်ဖြိုးကျယ်ပြန့်အားကောင်းခြင်းသည် ရည်ရွယ်ချက်မြင့်မားခြင်း၊ မျှော်မှန်းချက်ကြီးမားခြင်း၊ ပညာရပ်ဆိုင်ရာတို့ကို သင်ယူလေ့လာမှတ်သားရာတွင် လွယ်လင့်တကူ တတ်မြောက်နိုင်ခြင်းကိုဖော်ပြသည်။ လက်သန်းအောက်ခြေရှိ ဗုဒ္ဓဟူးဂြိုဟ်ခုံ အားကောင်းခြင်းသည် သင်ယူမှုအတတ်ပညာထက်တီထွင်ဖန်တီးတတ်သောဉာဏ်တို့တွင် ပိုမို ထက်မြက်မည်ကို ညွှန်းဆိုသည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ လက်သန်းအောက်ခြေသို့ ဦးတည်လျက်ရှိသောလမ်းကြောင်းတိုသုံးချောင်းသည် ဗုဒ္ဓဟူးဂြိုဟ်၏ အင်အားကို ပိုမိုအားကောင်းစေရန်အတွက် အထောက်အကူပြုသော အမှတ်အသားပင် ဖြစ်သည်။

(အမှတ် C)

ထိုအမှတ်အသားမှာ ဆေးပညာရပ်တွင်သော် လည်းကောင်း၊ သင်္ချာပညာရပ်တွင်သော် လည်းကောင်း၊ ရူပဗေဒပညာရပ်တွင်သော် လည်းကောင်း ပိုမို ထူးချွန် ထက်မြက်စေနိုင်သည်ကို ညွှန်းဆိုသော အမှတ်လက္ခဏာပင် ဖြစ်သည်။ လေးထောင့်လက်ပုံစံအမျိုးအစားတွင် ထိုအမှတ်အသားမျိုးနှင့်အတူ လွန်စွာ ကောင်းမွန်သော ဉာဏ်လမ်းကြောင်း ပါရှိခဲ့မည်ဆိုပါက သင်္ချာ၊ ရူပဗေဒနှင့် ဆေးပညာတို့တွင် လည်းကောင်း၊ ကွန်ပျူတာနှင့် ဓာတုဗေဒပညာရပ်တို့တွင် လည်းကောင်း ထူးခြားစွာ အကျိုးပေးထက်သန်မည်ကို ညွှန်ပြသည်။

အိုင်းစတိုင်း၏ လက်ပုံစံအမျိုးအစား၊ လက်မရပ်တည်မှုအနေအထား၊ လက်ချောင်းအသီးသီးတို့၏ ဖွဲ့စည်းမှု၊ လက်ဝါးပြင်ရှိဂြိုဟ်ခုံနှင့် ဉာဏ်လမ်းကြောင်းတည်ရှိပုံတို့ကို စိစစ်လေ့လာသုံးသပ်ပြီးသည့်နောက် အိုင်းစတိုင်း၏ ကံလမ်းကြောင်း (ဝါ) ထီးရိုးကိုတစ်ဆင့်တက်၍လေ့လာကြည့်သောအခါ ကံလမ်းကြောင်းသည် လက်ခလယ်အောက်ခြေရင်းရှိ စနေဂြိုဟ်ခုံသို့ရောက်သည့်တိုင်အောင် တောက်လျှောက် တစ်ဆက်တည်းတက်မသွားဘဲ အပြတ်အတောက်၊ အပြောင်းအလဲများနှင့်အတူ မှေးမှိန်လိုက်၊ ပီပြင်ပြတ်သားအားကောင်းလိုက်နှင့် ပြတ်တောင်းပြတ်တောင်းဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ (အမှတ် D)

အိုင်းစတိုင်း၏ ကံလမ်းကြောင်းသည် အသက်လမ်းကြောင်းမှ အတန်အသင့်ဝေးကွာ၍ အစဖျားထွက်ရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။

(အမှတ် D)

ယင်းအမှတ်အသားသည် မိဘနှစ်ပါး၏ အနှောင်အဖွဲ့ လောင်းရိပ်အောက်မှ ကင်းလွတ်ကာ မိမိလိုရာပန်းတိုင်သို့ လွတ်လပ်စွာ လျှောက်လှမ်းနိုင်မည့် အမှတ်အသားဖြစ်သည်။ ထိုကံလမ်းကြောင်းသည် အသက် (၂၇)နှစ်ထိတိုင်အောင် အပြတ်အတောက်မရှိဘဲ အင်အားကောင်းစွာဖြင့်တက်သွားသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ် E)

အိုင်းစတိုင်းသည် အသက် (၂၇) နှစ်အရွယ်၌ မော်လီကျူး၏ အရွယ်ပမာဏများ ဖြည့်စွက်ချက်နည်းလမ်းသစ် (A NEW DETERMINATION OF MOLECULAR DIMENSIONS) ဟူသောစာတမ်းဖြင့် ဇူးရစ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ (Ph.D)ကို ရယူနိုင်ခဲ့သည်မှာ အင်အားကောင်းသော ထိုကံလမ်းကြောင်းအမှတ်အသားကြောင့်ပင် ဖြစ်သည်။ ထိုကံလမ်းကြောင်းသည် အသက် (၂၈) နှစ်မှ (၄၂) နှစ်ထိအောင် မှေးမှိန်အားနည်းသွားကာ အပြတ်အတောက် အပြောင်းအလဲများဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ အသက် (၃၂)၊ (၃၃) တွင် ကံလမ်းကြောင်းအပြောင်းအလဲကြောင့် အိုင်းစတိုင်းသည် ဆွစ်ဇလန်နိုင်ငံမှ ချက်ကိုစလိုဗက်ကီးယားနိုင်ငံသို့ ပြောင်းသွားခဲ့ရသည်။ (အမှတ် F)

ထိုမှတစ်ဖန် အသက် (၃၅)၊ (၃၆) နှစ် ကာလအပိုင်းအခြားအတွင်းတွင်လည်း ကံလမ်းကြောင်း အပြောင်းအလဲတစ်ခုကို တွေ့ရပြန်သည်။ (အမှတ် G)

ထိုအမှတ်အသားကြောင့် အိုင်းစတိုင်းသည် ဂျာမနီမှ ဘယ်လ်ဂျီယံနိုင်ငံသို့ လည်းကောင်း၊ ဘယ်လ်ဂျီယံတွင် ခေတ္တနေပြီး အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် အမေရိကန်နိုင်ငံသို့ ပြောင်းသွားခဲ့သည်။ ယင်းကံလမ်းကြောင်းသည် ဆက်လက်၍ အသက် (၅၅)၊ (၅၆) နှစ်တွင် အပြောင်းအလဲဖြစ်သွားသည်ကို တွေ့ရပြန်သည်။

(အမှတ် H)

ထိုကံလမ်းကြောင်းသည် ထပ်မံအပြောင်းအလဲမဖြစ်တော့ဘဲ လက်ခလယ်အောက်ခြေရင်းသို့တိုင်အောင်ပင် ဆက်လက်တက်သွားပြီး အဆုံးသတ်သွားသည်ကို တွေ့ရမည် ဖြစ်သည်။ အိုင်းစတိုင်းသည် အသက် (၅၅)၊ (၅၆) နှစ် ၁၉၃၅ မှစ၍ အမေရိကန်နိုင်ငံသားအဖြစ်ခံယူကာ ကွယ်လွန်သွားချိန် ၁၉၅၅ ခုနှစ်အထိတိုင်အောင် U.S.A တွင် နေထိုင်သွားခဲ့ရသည်မှာ ထိုကံလမ်းကြောင်း အမှတ်အသားကြောင့်ပင် ဖြစ်သည်။

အိုင်းစတိုင်း၏ ကံလမ်းကြောင်းသည် အသက် (၃၅)၊ (၃၆) နှစ်မှစ၍ အသက် (၄၂) နှစ်တိုင်အောင် မှေးမှိန်အားနည်းလျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ ထိုနှစ်ကာလအပိုင်းအခြားတို့၌ အသက် (၃၅)၊ (၃၆) နှစ် ဟစ်တလာ၏ နာဇီမှန်တိုင်းစစ်ဆင်ရေးတပ်သားများသည် ဂျာမနီရှိ သိပ္ပံပညာရှင်များကို လိုက်လံ သတ်ဖြတ်နေချိန် ဖြစ်သည်။ ဂျာမနီနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ပြီး ချက်ကိုစလိုဗက်နိုင်ငံ၌ ခိုလှုံလျက်ရှိသော သိပ္ပံပညာရှင် လက်ဆင်းအားနာဇီလူသတ်သမားများက အိမ်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com

ဆွဲချ၍သတ်ပစ်လိုက်ကြသည်။

"ပညာရှင်တွေကို အခုလောက် အစုအပြုံလိုက်လုပ်ကြံသတ်ဖြတ်ခံရတာမျိုး လူ့သမိုင်းတစ်လျှောက်လုံးမှာ ဘယ်တုံးကမှ မရှိခဲ့သေးပါဘူး"

ဟူ၍ လေ့ဘ့ဗ္ဗားလမ့်ပ်ဆင်က မှတ်ချက်ချခဲ့သည်။ နာဇီများက အိုင်းစတိုင်းအား လုပ်ကြံသတ်ဖြတ်ရန် စိုင်းပြင်းလျက်ရှိသည်။

"အိုင်းစတိုင်းအား လုပ်ကြံသတ်ဖြတ်သူ မည်သူ့ကိုမဆို ဒေါ်လာငါးထောင်ဆုချီးမြှင့်မည်"

ဟု ဟစ်တလာ၏ နာဇီတပ်များက ကြေညာချက်ထုတ်ပြန်ထားသည်။ ထို့ကြောင့် အိုင်းစတိုင်းသည် တစ်နိုင်ငံမှတစ်နိုင်ငံသို့ တိမ်းရှောင်နေရသောကာလ ဖြစ်သည်။ အိုင်းစတိုင်း အသက် (၄၀) ပြည့်ရန်တစ်လအလို ၁၉၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၌ ပထမဇနီးသည် မီလီဗာနှင့် တရားဝင် ကွာရှင်းပြတ်စဲခဲ့ရသည်။ ၎င်းနောက် အသက် (၄၀) ပြည့်ပြီး (၂) လနှင့် (၁၈) ရက် (၁၉၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်) ၌ ဒုတိယအိမ်ထောင်ဖက်ဖြစ်လာမည့် အယ်လ်ဆာနှင့် တရားဝင်လက်ထပ်ခဲ့သည်။ ထို့နောက် အသက် (၄၂) နှစ်တွင် မိခင်ကြီးကွယ်လွန်အနိစ္စရောက်ခဲ့ရပြန်သည်။ အသက် (၃၅) နှစ်မှစ၍ အသက် (၄၂) နှစ်တိုင်အောင် အိုင်းစတိုင်းသည် အခက်အခဲ၊ အနှောင့်အယှက်၊ အဖျက်အဆီး၊ အဟန့်အတားတို့နှင့်အတူ ပူပန်ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ ယူကျုံးမရစရာဖြစ်ရပ်တို့နှင့် ရင်ဆိုင်တွေ့ကြုံနေရသောကာလဖြစ်သောကြောင့် ကံလမ်းကြောင်းသည် ထိုကဲ့သို့ လွန်စွာအားနည်းမှေးမှိန်သွားရခြင်း ဖြစ်သည်။

ထိုမှတစ်ဖန် ကံလမ်းကြောင်းသည် အသက် (၄၃) နှစ်မှစ၍ (၅၅) နှစ်တိုင်အောင် တစ်စတစ်စ ပြန်၍အားကောင်းလာသည်ကို တွေ့ရပြန်သည်။ (အမှတ် I)

အိုင်းစတိုင်းသည် ရူပဗေဒပညာရပ်ဆိုင်ရာ နိုဘယ်ဆုကြီးကို အသက် (၄၃) နှစ်တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည်။ နိုဘယ်ဆုချီးမြှင့်ငွေ ဒေါ်လာ (၄၅၀၀၀) (ထိုစဉ်က မြန်မာငွေ နှစ်သိန်းနှစ်သောင်းငါးထောင်ကျပ်ကျော်) ကို အိုင်းစတိုင်း လက်ခံရရှိခဲ့ သည်။

အိုင်းစတိုင်း၏ လက်ဝါးပြင်ရှိ ကံလမ်းကြောင်းကို လေ့လာသုံးသပ်ပြီးသည့်နောက် အောင်မြင်ရေးလမ်းကြောင်းကို ဆက်လက်၍ စိစစ်ကြည့်ရာ အောင်မြင်ရေးလမ်းကြောင်းမှာ အသက် (၄၄) နှစ်မှစ၍ ထင်ရှားပြတ်သားစွာဖြင့် အစပျိုးထွက်ရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ် J)

ထိုစဉ်မှစ၍ အိုင်းစတိုင်း၏ ဉာဏ်ပညာဂုဏ်သတင်းကြီးမားမှုသည် နေလသဖွယ် ကမ္ဘာအနှံ့ ကျော်ကြားထင်ရှားလာခဲ့ရပြီ ဖြစ်သည်။

သို့သော် လက်သူကြွယ်လက်ချောင်းအောက်ရှိ ထင်ရှားပြတ်သားသော အောင်မြင်ရေးလမ်းကြောင်းကို ဥပဒ်လမ်းကြောင်းက ဖြတ်ကျော်သွားသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ် K)

ထိုဥပဒ်လမ်းကြောင်း ဖြတ်သွားပြီးသည့်နောက် အောင်မြင်ရေးလမ်းကြောင်းသည် ဝါးလုံးဆက်သင်္ကေတန် အနေအထားသို့ အပြောင်းအလဲဖြစ်သွားသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ် U)

ထိုအမှတ်လက္ခဏာသည် အိုင်းစတိုင်း၏ အမည်ဂုဏ်သတင်းသိက္ခာကို စွန်းထင်းငြိစွန်းနိုင်မည့် အမှတ်အသားပင်ဖြစ်သည်။ တစ်ဖက်တွင် ၂၀ ရာစု၏ အထင်ရှားဆုံး၊ အကြီးမြတ်ဆုံး၊ ရူပဗေဒပညာရှင်ကြီးအဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အကျဉ်းရုံး၏ တရားခံဟူ၍ အစွပ်စွဲခံခဲ့ရသည်မှာ ထိုအမှတ်အသားကြောင့်ပင်ဖြစ်သည်။

လက္ခဏာဝါသနာရှင်များအနေနှင့် နောက်ဆုံးအဆင့် စိစစ်ရမည်မှာ အိုင်းစတိုင်း၏ အသက်လမ်းကြောင်းရပ်တည်မှုအနေအထားပင် ဖြစ်သည်။ အသက်လမ်းကြောင်း၏ သုံးပုံနှစ်ပုံနီးပါးလောက်မှနေ၍ ခွဲထွက်လာသော လမ်းကြောင်းတစ်ကြောင်းသည် ခက်ရင်းခွသင်္ကေတန်ဖြင့် အဆုံးသတ်သွားသည်ကို တွေ့ရမည် ဖြစ်သည်။ (အမှတ် V)

ယင်းလမ်းကြောင်းအဆုံးသည် သစ်မြစ်သဖွယ် ဖြစ်ပေါ်လျက်ရှိသည်။ (အမှတ် W)

အိုင်းစတိုင်းသည် အသက် (၅၆) နှစ် ၁၉၃၅ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံသား အဖြစ်ခံယူကာ ကွယ်လွန်သွားချိန်အထိ U.S.A တွင် နေထိုင်သွားခဲ့ရခြင်းမှာ ထိုအမှတ်လက္ခဏာကြောင့်ပင်ဖြစ်သည်။

ပါရမီရှင်၊ ဉာဏ်ကြီးရှင် ဆရာကြီး အိုင်းစတိုင်းသည် ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ တနင်္လာနေ့ နံနက် (၁) နာရီ (၁၅) မိနစ်ဝန်းကျင်တွင် အမေရိကန်ပြည် နယူးဂျာစီ၊ ပရင်စတန်မြို့ဆေးရုံ၌ သေခြင်းတရားကို သဘာဝဖြစ်ပျက်မှုတစ်ရပ်နှယ်သဘောထားပြီး စိတ်ထိခိုက်ခံစားမှုကင်းမဲ့စွာ၊ အကြောက်အလန့်ကင်းပစွာဖြင့် လောကကြီးမှ စွန့်ခွာသွားခဲ့ပါသည်။

"အိုင်းစတိုင်းမကွယ်လွန်မီ နှစ်ရက်အလိုမှာ သူ့အလုပ်စာမူယူခဲ့ဖို့ ကျွန်မကို ဆေးရုံကနေပြီး သူတယ်လီဖုန်းဆက်ပြီး တောင်းခဲ့ပါသေးတယ်။ ကျွန်မယူလာပြီး ပေးခဲ့ပါတယ်"

ဟု အိုင်းစတိုင်း၏ ကိုယ်ရေးအတွင်းရေးမှူး H. DUCAS က မှတ်တမ်းရေးခဲ့သည်။ ဆရာကြီး အိုင်းစတိုင်း၏ ဦးနှောက်ကိုမူ ဆေးပညာရှင်များ သုတေသနလုပ်ရန်အတွက် ထုတ်ယူလိုက်ပြီဖြစ်ကြောင်း ဖော်ပြရင်း လက္ခဏာဝါသနာရှင်များအတွက် ဆရာကြီး အိုင်း စတိုင်း၏ ဘဝနှင့် လက္ခဏာပညာအမြင်' ကို ရေးသားလိုက်ရပါသည်။

ဆရာချမ်းမင်း (LL. B)

မှီငြမ်း -

၁။ THE SPELLBINDING POWER OF PALMISTRY (JOHNNY FINCHAM)
၂။ SECRETS OF HAND READING (NOEL JAQUIN)
၃။ ကြေးမုံသတင်းစာ (၇-၅-၂၀၁၁)
၄။ ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ရာ (ထွန်းသစ်ဦး)
၅။ ကမ္ဘာကျော်ကြားပုဂ္ဂိုလ်များ၏ မကျော်ကြားသောဖြစ်ရပ်များ (မောင်သိန်းလွင်)
၆။ အိုင်းစတိုင်း (ဆန်းလွင်)
၇။ ၂၀ ရာစု၏အထူးချွန်ဆုံးပုဂ္ဂိုလ် အိုင်းစတိုင်း (တက္ကသိုလ်ကြယ်ပွင့်)
၈။ ALBERT EINSTEIN FROM WIKIPEDIA, THE FREE ENCYCLOPEDIA 'EINSTEIN' REDIRECTS HERE FOR OTHER USES, SEE EIN STEIN (DISAMBIQUATION)
၉။ NOTABLE HOROSCOPES (BANGALORE VENKATA RAMAN)



www.burmeseclassic.com

www.burmeseclassic.com



# မိုးအောင်
(ချောင်းဆုံ)

# ရှမ်းပြည်ပြန် ကိုဖိုးထောင်

ယခုတစ်လော ကိုဖိုးထောင်တစ်ယောက် ရှမ်းပြည်ကိုအလွန်သွားချင်နေသည်။ သွားချင်စိတ်ကို ဘယ်လိုမှ တားဆီး၍ပင်မရပါ။ ရှမ်းပြည်ဆိုတာကလည်း မြန်မာပြည်အတွင်းက ရှမ်းပြည်နယ်မဟုတ်။ ထိုင်း (ယိုးဒယား) နိုင်ငံခေါ် သော ရှမ်းပြည်ကို သွားချင်နေတာဖြစ်သည်။

ရှမ်းပြည်ကိုသွားဖို့ရာ ပိုက်ဆံရှိလျှင် ရှမ်းပြည်သွားလို့ရသည်။ လိုက်ပို့ပေးမည့်လူကို ပိုက်ဆံပေးလိုက်ရုံပင်။ ဘာခက်တာမှတ်လို့။ အဲ - ပိုက်ဆံမရှိလျှင်လည်း ရှမ်းပြည်ကိုသွားလို့ရပါ၏။ ရှမ်းပြည်ရောက်မှ အလုပ်လုပ်ပြီး ရလာသောလခထဲမှ ဖဲ့ဆပ်လိုက်ရုံနှင့် ခရီးရောက်သည်။ ဒါကိုလည်း ကိုဖိုးထောင်တစ်ယောက် စုံစမ်းထားပြီးသား။ ရွာထဲမှ ရှမ်းပြည်က ပြန်ရောက်လာသော ကိုကြွက်နီက ကိုဖိုးထောင်ကို ပြောပြထားခြင်း ဖြစ်သည်။

"ရှမ်းပြည်သွားဖို့ လမ်းစရိတ်လေး၊ ငါးသိန်း ဆိုတော့ ဘယ်သူကတတ်နိုင်မှာလဲကွ။ ဒီလိုပဲ ကယ်ရီနဲ့လိုက်သွားပြီး ရှမ်းပြည်ရောက်မှလုပ်ဆပ်ပေါ့။ ငါ့တုန်းကလည်း ဒီလိုပဲ ရှမ်းပြည်သွားခဲ့တာပဲဟာဖိုးထောင်ရာ။ အဲဒီလိုသွားတာကို ကျောပေါင်သွားတယ်လို့ ခေါ်တယ်ဟ။ ဘာလဲ၊ မင်းသွားချင်လို့လား။ ငါပြန်တတ်ရင်လိုက်ခဲ့လေ။ ဟိုရောက်ပြီးရင် ငါအလုပ်ရှာပေးမယ်။ မင်းရတဲ့ လခထဲက ငါ့ကိုဖဲ့ဆပ်ပေါ့။ လိုက်ပို့ပေးတဲ့ လမ်းခရီးစရိတ်နဲ့ အလုပ်ရှာပေးတဲ့အကြွေးကျေရင်စုမိလာမယ်။ မင်းလည်းချမ်းသာပြီပေါ့ကွာ"

ကိုဖိုးထောင်တစ်ယောက် နေ့တိုင်းလိုလို ရှမ်းပြည်အကြောင်းကြားနေရ၏။ ယခုခေတ်တွင် လူမှောင်ခိုဆိုတာကိုလည်း ကိုကြွက်နီပြောလို့ သေချာသိထားသည်။ တစ်ဖက်နိုင်ငံရောက်လျှင် ရောင်းစားခံရမည်။ တွေ့ကရာလူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်ကိုမသွားသင့်မှန်း ကိုဖိုးထောင် သဘောပေါက်ထား၏။

ကိုကြွက်နီကိုတော့ ယုံသည်။ ကိုကြွက်နီဆိုသည်မှာ ဟိုတုန်းက ခရိုက်သစ်ရွာမှာ ဘာကောင်မှမဟုတ်ပါ။ မိုးလင်းမိုးချုပ် သူများအိမ်မှာ ရေခပ်၊ ထင်းခွဲ၊ ခြံရှင်း၊ မြက်ပေါက်ခဲ့သူပင်။ တစ်ရွာလုံးက မည်သူမျှ 'ကို' တပ်ပြီး မခေါ်ကြဘဲ ကြွက်နီဟုပင် ခေါ်ကြ၏။ အလျှမ်းမင်္ဂလာနှင့် အသုဘရက်လည်းပါ မကျန်အကုန်လုံးကို တခြားလူမသိလျှင်နေ ကြွက်နီ ကြိုတင် သိရှိထား၏။ သည်လိုနှင့် ကြွက်နီတစ်ယောက် ကံကောင်းချင်တော့လည်း ရော်ဘာသွားခြစ်မည့်အုပ်စုက ကြွက်နီကို ရှမ်းပြည်ခေါ်သွားကြ၏။ တောက်တိုမည်ရနိုင်းဖို့ပင်။

သည်လိုနှင့် ကြွက်နီရော်ဘာခြစ်တတ်သွား၏။ နဂိုကအလုပ်ကြမ်းသမား ပီပီ ခြေပေါ့လက်ပေါ့လည်းရှိပြန်တော့ ရှမ်းပြည်မှသူဌေးက သဘောကျသည်။ နှစ်ကြာလာတော့ ရှမ်းလို (ယိုးဒယားစကား) တတ်လာပြီး သူဌေး၏ လူယုံဖြစ်လာသည်။ ငွေကြေးလည်း စုဆောင်းမိလာခဲ့သည်။

ရွာမှ ထွက်သွားပြီး သုံး၊ လေးနှစ်ကြာမှ ကြွက်နီတစ်ယောက် ရွာပြန်ရောက်လာခဲ့၏။ မိခင်နှင့်အတူ နေထိုင်ခဲ့သော ယိုင်တီယိုင်တိုင်အိမ်ကို ဖျက်ပြီး နှစ်ထပ်တိုက်ဆောက်သည်။ ရော်ဘာခြံ ဝယ်သည်။ ချောင်းဆုံအနေ့ပိုင်းရှိ လှပေ့ချောပေ့ ကွမ်းတောင်ကိုင် မိန်းကလေး တစ်ယောက်ကို ရွှေကင်တောင်းပြီး ဆောင်းဘောက်ကို အသံအကျယ်ကြီး ဖွင့်တာ တစ်ရွာလုံး မီးနိုးဘိတ် ထမင်း ကျွေးတာ အကြီးအကျယ် မင်္ဂလာဆောင်သည်။

ယခုဆိုလျှင် တစ်ရွာလုံး၏ ခိုင်းဖတ်၊ ထမင်းတစ်နပ်ကိုတောင် အနိုင်နိုင်ဖြစ်ခဲ့ရသော ကြွက်နီမှာ မယားချောချောတလေးနှင့် ချောင်းဆုံမှ ရွာလွတ်



www.burmeseclassic.com

www.burmeseclassic.com

သို့ ဆိုင်ကယ်ဖြင့်သွားပြီး လက်ဖက်ရည်သောက်၏။ အောက်ဇီးကုန်းသို့သွားပြီး ပင်လယ်လေညှင်းခံ၏။ လေကောင်းလေသန့်ရသည်ဆိုပဲ။ ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

ယခုခေတ်ဆိုသည်မှာလည်း ရုပ်မရှိလျှင်နေ အထုပ်ရှိဖို့လိုသည်။ သွားမရှိလျှင်နေ ကားရှိဖို့အရေးကြီးသည်။ သမီးရှင်များကကြည့်သလို သမီးပျိုများကလည်း ရင်ထဲက နှစ်နှစ်ကာကာချစ်ဖို့ထက် 'ဆိုင်ကယ်မရှိ ကျွန်မ မသိ' ဖြစ်နေ၏။ထိုအထဲတွင် ကြွက်နီကတော် မခင်လေးနွယ်လည်း ပါသည်ထင့်။ ကြွက်နီလိုမျိုး မည်းမည်းသည်းသည်း ကောင်မျိုးနှင့် ရုပ်ရှင်ဗွီဒီယိုသရုပ်ဆောင် မေသက်ခိုင်လောက်နီးနီး ချောမောလှပသော မခင်လေးနွယ်တို့ လင်မယားစုံတွဲကို ကြည့်မြင်ရသည်မှာ ဘဲဥကိုကျီးကန်းချီနေသလိုပင်။

ကိုဖိုးထောင်တို့ ကာလသားခေတ် လူပျိုတို့ကလည်း ယခုဖြစ်နေသော နေသွားလမ်းမှ လသွားလမ်းကြောင်း သွေဖည်ကာ (၁၂) ဒီဂရီခန့် တိမ်းစောင်းနေသဖြင့် ရာသီဥတုဖောက်ပြန်တာကို စိတ်မဝင်စားကြပါ။ ကိုကြွက်နီကိုကြည့်ပြီး အထင်ကြီးအားကျနေကြ၏။ ဆိုင်ကယ်တဝီဝီနှင့်သွားလာနေသော ကိုကြွက်နီကို တလေးတစား ကိုကြွက်နီဟု ခေါ်ကြသလို တချို့ကလည်း ကိုမောင်မောင်နီဟူ၍ပင်။

တစ်နေ့ကလည်း ကိုကြွက်နီတစ်ယောက် ဆိုင်ကယ်ဖြင့် ရောက်လာကာ ကိုဖိုးထောင်ကို လာခေါ်၏။ အဖော်မရှိဟု ဆိုကာ ဆိုင်ကယ်ဖြင့် ဘီယာဆိုင်ရောက်သွား၏။ KTV အခန်းထဲတွင် ကောင်မလေးကိုယ်စီနှင့် သီချင်းဆိုကြကကြ၏။ သူတို့ပြောသော Bobby Soxer သီချင်းကို ကိုဖိုးထောင်မသိပါ။ တွံတေးသိန်းတန်၏ 'ပန်းနွယ်ကစိမ်း' သီချင်းကိုသာ ဆိုတတ်သောကြောင့် သူတို့အော်သလို သံယောင်အော်ပြီး သူတို့ လှုပ်သလိုလှုပ်နေလိုက်သည်။ ယခုခေတ်၏အကဆိုသည်မှာ လွယ်မှလွယ်။ ရှုပ်ရှက်ခတ်နေအောင် တစ်ကိုယ်လုံး လှုပ်နေလျှင် ခေတ်ပေါ်အကဖြစ်ကြောင်း ဖိုးထောင် သဘောပေါက်၏။ မျက်စိနောက်ရလောက်အောင် လှုပ်နေလိုက်သည်။ မောလျှင် ပြန်ထိုင်သည်။ ဘေးမှ ကောင်းမလေးက ဘီယာငှဲ့ပေးသည်။ ပျော်လိုက်သည့်ဖြစ်ခြင်း။ ထိုညက တစ်သိန်းကျော် Bill ရှင်းလိုက်ရသဖြင့် ကိုဖိုးထောင်က နှမြောသွားသော်လည်း ကိုကြွက်နီကတော့ဖြင့် အပူမပျက်ပါ။ တော်တော်ညဉ့်နက်မှ အိမ်ပြန်ဖြစ်ခဲ့ကြ၏။

ကိုကြွက်နီနှင့် ဘီယာတစ်ခေါက် လိုက်သောက်ရုံနှင့်ပင် ကိုကြွက်နီကို ကိုဖိုးထောင်အထင်ကြီးသွား၏။လေးစားမှုနှင့် ကိုကြွက်နီကို ဆရာတစ်ဆူသတ်မှတ်လိုက်၏။ ပိုက်ဆံရှိသော ကိုကြွက်နီဘာလုပ်လုပ် အမှန်ထင်သွား၏။ ဘယ်နေ့ရောက်လျှင် ကိုကြွက်နီခေါ်မည်၊ ဘယ်နေ့ဆိုလျှင် ရှမ်းပြည်သွားရမည်ကို မသိရသေးသော်လည်း ကိုကြွက်နီခေါ်သည်နှင့် ချက်ချင်းအဆင်သင့်ဖြစ်စေရန် ကိုဖိုးထောင်တစ်ယောက် ကြိုတင်စီစဉ်နေမိ၏။ သွားခါနီးကသီလင်တမဖြစ်စေရန် အမေ့ကိုတောင် ကြိုတင်ကန်တော့ထားလိုက်သည်။

* * *

ကိုကြွက်နီ၏မဟေသီ မခင်လေးနွယ်မှာ ကိုယ်ဝန်ဆောင် သန္ဓေသားလွယ်ထားရလေပြီ။ ကိုယ်ဝန်မှာ လေး၊ ငါးလခန့်တောင် ရှိပြီထင့်။

ကိုကြွက်နီလည်း ရှမ်းပြည်သွားရန် အထုပ်အပိုးပြန်ဆင်တော့၏။ တကယ်တမ်း ကိုကြွက်နီ ရှမ်းပြည်သွားတော့လည်း ကိုကြွက်နီနှင့် လူ (၁၀) ယောက်ခန့် လိုက်ပါဖြစ်သည်။ ရွာမှ ဒေါ်ခလေးမက ပိုက်ဆံတစ်ဝက်ပေးပြီး ရှမ်းပြည်ရောက်မှ ကျန်တစ်ဝက်ကို ပေးမည်ဆို၏။ ဦးလှမြင့်က သား (၂) ယောက်နှင့်အတူ ငွေအကျေရှင်းကာ လိုက်ဖြစ်သည်။ ကျန်လူများမှာ တွေ့ဖူးမြင်ဖူးသော်လည်း ဟိုဘက်ရွာသားများဖြစ်၍ သိပ်မရင်းနှီးပါ။ သိပ်မကြာမီ သူဌေးဖြစ်လာတော့မည့် လူအချင်းချင်းမို့ အကြည့်ချင်းဆုံတိုင်း ခေါင်းညိတ်ပြီး အသိအမှတ်ပြုကြ၏။ အချိန်တိုင်း ကိုကြွက်နီနံဘေးတွင် ကိုဖိုးထောင်ရှိသည်။

ဘီလူးကျွန်း ချောင်းဆုံမြို့မှပဲ့ချိတ်စီးကြသည်။ မော်လမြိုင်မှတစ်ဆင့် ကားစီးပြီး ကော့ကရိတ်မြို့တွင် မနက်စာစားကြရ၏။ ကားခမှစပြီး ထမင်း၊ ဆေးလိပ်၊ ကွမ်းယာဖိုးပါမကျန် အားလုံး ကိုကြွက်နီရှင်းခဲ့ရှင်း၏။ ကော့ကရိတ်မြို့မှစထွက်သော် တောင်တန်းကြီးတွေ အပေါ် စတက်ရ၏။ တောင်တန်းကြီးများ၏ ဟိုတစ်ဖက်တွင် မြဝတီမြို့ ရှိသည်။

ရှမ်းပြည်ရောက်လျှင် အလုပ်လုပ်ပြီး ကိုကြွက်နီကို အကြွေးဖုံဆပ်သွားမည်။ အကြွေးကျေလျှင် ကိုဖိုးထောင်တစ်ယောက် လူချမ်းသာ ဖြစ်လာတော့မည်။

ရွာပြန်ရောက်လျှင် ကိုကြွက်နီကဲ့သို့ အမေ့အိမ်ကို တိုက်အိမ်ဆောက်မည်။ ကိုကြွက်နီကဲ့သို့ ဆိုင်ကယ်စီးမည်။ ကိုကြွက်နီကဲ့သို့ ဘီယာသောက်မည်။ ကြွက်နီကဲ့သို့ မိန်းမချောချောတင်တောင်းရမည်။ အင်း - မိန်းမချောချောတင်တောင်းရမည်ဆိုကာမှ ရွာလွတ်ကမိယဉ်စနန်းကို တင်တောင်းရမည်လား။ ဒါမှမဟုတ် ဘုရားကြီးကုန်းမှ ချစ်စနိုးဦးနှင့်တူသော ချောသန္တာကိုပဲ တင်တောင်းရမည်လား။ ဒါမှမဟုတ် ကွမ်းသဲရွာမှ သဒ္ဒါဖြူကို တင်တောင်းရမည်လား။ ဒါမှမဟုတ် မူးရစ်ကြီးရွာမှ ဖြူပြာမိုးကို တင်တောင်းရမည်လား။ အို - ဒါတွေကို ရှမ်းပြည်ကပြန်၊ ရွာပြန်ရောက်တော့မှ ဆန်ခါတင်ရွေးချယ်တာ ကောင်းပေမည်။ အိမ်ထောင်ပြုတာတို့၊ ဘုရားတည်တာတို့၊ ရွာလူကြီးရွေးတာတို့မှာ နောင်ပြင်ရန်ခက်သည် မဟုတ်ပါလား။ ဆေးမင်ကြောင်စုတ်ထိုးတာက ခုခေတ်တွင် ဖျက်ဖို့လွယ်၏။ အင်း - ကိုကြွက်နီကဲ့သို့ ကိုကြွက်နီကဲ့သို့ အင်း. . . ။

မြဝတီမြို့ရောက်သော် ဈေးအနီးမှ အိမ်တစ်လုံးတွင် အားလုံးတိုးတိုးကြိတ်ကြိတ်အိပ်ရ၏။ကိုကြွက်နီကတော့ ဆရာကြီးဂိုက်ဖြင့် တစ်ယောက်တည်း အပြင်ပြန်ထွက်သွား၏။ တစ်ဖက်ကမ်းရှိ ရှမ်းပြည်ထဲဝင်ရန် သွားပြီးစီစဉ်မည်ဆို၏။

နောက်တစ်နေ့ မနက်စောစော ထပြီး သောင်းရင်းမြစ်ကို ပဲ့ချိတ်ဖြင့် ကူးကြရ၏။ သောင်းရင်းမြစ်၏ တစ်ဖက်ကမ်းတွင် ရှမ်းပြည်အပိုင် မဲဆောက်မြို့ရှိ၏။

တစ်ဖက်ကမ်းနားတွင် ရှမ်းပြည်မှ ရဲယူနီဖောင်းနှင့် ရှမ်းရဲများ စောင့်ကြိုနေ၏။ ရှမ်းရဲများ မောင်းသော ကားပေါ်တက်ရ၏။ ရဲများက ကားရှေ့နောက် ထိုင်ခုံတွင် ထိုင်၏။ ကားခြေနင်းခုံ အောက်တွင် ကိုဖိုးထောင်တို့က ပြားပြားဝပ်ပြီးလိုက်ရ၏။ လူများ ခြေနင်းခုံတွင် မှောက်အိပ်ပြီး ရှမ်းပြည်ရဲများကခြေတင်စီးသည်မှာ လမ်းဘေးဝဲယာမှ ကြည့်လျှင် ရဲလေး၊ ငါးယောက်စီးပြီး မောင်းသွားသောကားဟု မြင်ပေလိမ့်မည်။ မမြင်ရသော ကားအတွင်း ခြေင်း



www.burmeseclassic.com

www.burmeseclassic.com

တွင် ပြားပြားဝပ်နေကြသော ကိုဖိုး ထောင်တို့ဆယ်ယောက်ကျော်ကို အမြင် ခံသောမှ မြင်ကြရမည် မဟုတ်ပါ။

ရှမ်းပြည်ထဲဝင်ရန်အတွက် ရှမ်း ပြည်မှ ရဲအစောင့်အရှောက်နှင့် သွားရ သည်ကိုပင် ကိုကြွက်နီကို အထင်ကြီးရ မည်၏။ ကား၏ခြေနင်းခုံတွင်လိုက်ပါရ သော်လည်း မမြင်သင့်တာ မမြင်ရလေ အောင် ဖုံးဖုံးဖိဖိနှင့် တာဝန်ယူပို့ဆောင် ပေးခြင်းကို အထင်ကြီးခြင်း ဖြစ်သည်။ ကိုကြွက်နီကို ပိုင်လှချေလားဟု လေးစား သည့်ဖြင့် ကြည့်မိ၏။

ကိုဖိုးထောင်သည် ကားခြေနင်း ခုံတွင် မှောက်လျက်လိုက်ပါရင်း အတွေး နယ်ချဲ့မိ၏။ ရှမ်းပြည်ကပြန်လျှင် ဆိုင် ထယ်ဝယ်မည်။ အမေ့အိမ်ကို ပြန် ဆောက်မည်။ ကိုကြွက်နီအိမ်ကနှစ်ထပ် တိုက်ဆိုတော့ သုံးထပ်တိုက်ဆောက် လျှင် တောင်းမည်လား။ ပြီးတော့ ကိုကြွက်နီကဲ့သို့ မိန်းမတောင်းမည်။ တစ်ရွာလုံးစည်ကားသွားအောင် မင်္ဂလာ ဆောင်မည်။ အင်း - မိန်းမဆို၍ မည်သူ ကို ယူရမည်နည်း။ အင်း - ဖြူပြာမိုးက မူရစ်ကြီးသူဆိုတော့ ယောကျ်ားကိုနိုင် တာများ၏။ ဦးလေးစိုးအောင်ကိုကြည့်။ သူပ်တောင်မလှုပ်ရဲ။ မူးရစ်ကြီးရွာသူကို ယူတာဘဲ ကောင်းပေလိမ့်မည်။ ကွမ်း သဲရွာမှ သဒ္ဓါဖြူဆိုရင်ကော။ ဘုရားကြီး ဘုန်းမှ ချောသန္တာကိုလည်း နှမြော သည်။ ရွာလွတ်မှ မိယဉ်စနန်းကိုလည်း အတ်မလွတ်ချင်ပါ။

ရှိပ်ပါသည်။ ရှမ်းပြည်ကပြန် ဆိုင် ထယ်ဝယ်ပြီးတာနှင့် တဝီဝီနှင့်မွှေ့ပစ် သိုက်မည်။ တိုးချဲ့က မမြင့်သိန်းတို့အိမ် ရှေ့ကို နှစ်ခေါက်၊ သုံးခေါက်လောက် ဖြတ်မောင်းပစ်လိုက်မည်။ အင်း- ချောင်း ဆုံမှာ လူဦးရေသုံးသိန်းဆိုတော့ တစ် ဝက်ဝက်လိုက်လျှင် မိန်းမတွေ တစ်သိန်း ခွဲလောက်ရှိလိမ့်မည်။ အဲသည်အထဲက မှ အဘွားကြီးတွေ၊ အိမ်ထောင်သည် တွေ၊ အပျိုမဖြစ်သေးတာတွေ၊ ဖွားသီလ ရှင်တွေ၊ အရှုံမတွေနုတ်၊ အဲ ဆရာလုပ်၊ အလုပ်ရှုပ်တတ်တဲ့ဝန်ထမ်းနဲ့ ကျောင်း ဆရာမတွေ နုတ်၊ အဲ မူးရစ်ကြီးသူတွေ နုတ်၊ အင်း ပစီပစပ်များတဲ့ မိန်းမတွေ နုတ်၊ အင်း ရုပ်ရည်ချောချော သဘော ကောင်းကောင်း အပျိုစစ်စစ်နှစ်သောင်း၊ သုံးသောင်းလောက်ကျန်ဦးမှာပါ။ အဲဒီ အထဲမှ ဆန်ခါတင်ရွေးချယ်ရမည်။

ကားခြေနင်းခုံအောက်တွင် ပြား ပြားဝပ်ရင်း ကိုဖိုးထောင်တစ်ယောက် တည်း အတွေးကမ္ဘာလည်နေတော့ သည်။

■

ကားရပ်သွားပေပြီ။

ရောက်ပြီလား။

မဟုတ်ပါ။ ခေါင်းထောင်ကြည့် လိုက်တော့မှ မြို့တစ်ခုသို့ အဝင်စစ်ဆေး ရေးဂိတ်တစ်ခု ရောက်နေကြောင်း တွေ့ မြင်ရ၏။ ကားပေါ် မှလူအားလုံးကို ဆင်း ခိုင်း၏။ တစ်ဦးချင်းကို သေချာစွာစစ် ဆေး၏။ ကိုကြွက်နီကို စစ်ဆေးသော အလှည့်တွင် ဓာတ်ပုံတစ်ခုနှင့် တိုက်ဆိုင် စစ်ဆေးကာ လက်ထိတ်ခတ်လိုက်၏။ သံစကာပတ်လည်ကာထားသောအချုပ် ကားဖြစ်ဟန်တူသည့်ကားပေါ်သို့ အား လုံးကို တက်ခိုင်းသည်။ ဘာတွေဖြစ်ကုန် သနည်း။

ရှမ်းပြည်မှ ရှမ်းရဲများက တာဝန် ယူ ပို့ဆောင်ပေးသော ရှမ်းပြည်မှရဲကား ကို ရှမ်းပြည်စစ်ဆေးရေးဂိတ်ရှိ ရှမ်းရဲ များက ဖမ်းကာ ရှမ်းပြည်မှ ရဲစခန်းတစ် ခုသို့ ပို့ခံရ၏။ ကိုကြွက်နီကို ထပ်မံစစ် ဆေးပြီး သီးခြားအခန်းတစ်ခုထဲတွင် ထား၏။ အချုပ်ခန်းထဲရှိ ရှမ်းစကားနား လည်သူ မြန်မာတစ်ယောက်၏ အပြော အရ ပြီးခဲ့သောနှစ်က စိတ်ကြွဆေးပြား ရောင်းဝယ်မှုမှတ်တမ်းဖြင့် ကိုကြွက်နီကို ဖမ်းကြောင်း သိရ၏။ ကိုဖိုးထောင်တို့ လည်း တစ်ဦးချင်းအလှည့်ကျ စစ် ဆေး ခံရ၏။ ရှမ်းပြည်မှ ရှမ်းရဲများ၏တစ်ဦး ချင်း ခေါ်ယူစစ်ဆေးမှုများမှာ နည်းလမ်း စုံပါ၏။

ရှမ်းပြည်မှ ရဲအချုပ်ခန်းမှာ နေရ ခက်လောက်အောင်ကျဉ်းသည်။ ဆန် ကောင်းသော်လည်း တစ်ပန်းကန်လှလှ သာ ထမင်းကျွေးသဖြင့် ဗိုက်မဝပြန်ပါ။ အဆိုးဆုံးမှာ တစ်ဦးချင်းခေါ် ယူစစ်ဆေး မှုပင် ဖြစ်သည်။ ရှမ်းရဲများက ရှမ်းလိုမေး ၍ မြန်မဖြေတတ်ပါ။ ရိုပ်ဖမ်းသံဖမ်းနှင့် ခေါင်းညိတ်လျှင် ကန်ခံရ၏။ ခေါင်းခါ ပြန်လျှင်လည်းကန်၏။ နာကျင်လွန်း၍ အော်မိပြန်လျှင်လည်းကန်သည်။ မခက် ပါလား။ တစ်ဦးချင်းတစ်လှည့်စီဖြင့် တစ် နေ့ကို နှစ်ကြိမ်လောက် ခေါ်ယူစစ်ဆေး နေ၍ ကိုယ့်အလှည့်ရောက်တော့မည်ကို ပင် ကြောက်နေမိသည်။

တစ်ဦးချင်းခေါ် ယူစစ်ဆေးပြီး ပြန် လာသူများမှာ ယောကျ်ားတန်မဲ့ မျက် ရည်ကျရ၏။ သီဟိုဠ်စေ့ကို မီးဖုတ်ထား သော ရုပ်ရည်ရှိသည့် အသက် (၅၀)ကျော် ဒေါ်ခလေးမသည်ပင် သာမှ မပြောတော့သလို မျက်ရည်ပင် မကျနိုင် တော့ပါ။

ရွာကိုပြန်လာကြသော ရှမ်းပြည် မှပြန်လာကြသူများသည် ရှမ်းပြည်၏ ဒုက္ခများကို မပြောပြကြဘူးပါ။ ရှမ်းပြည် မည်မျှကောင်းကြောင်း၊ မြန်မာပြည်နှင့် မည်မျှကွာခြားကြောင်းကိုသာ တွင်တွင် ကြွားနေရ၏။ ရှမ်းပြည်တွင် မည်မျှ အ ရှက်ကွဲပြီး မည်သို့ဒုက္ခရောက်ကြောင်း မကြွားခဲ့ရဘူးပါ။ အထင်ကြီးရပါသော ရှမ်းပြည်၏ ဝုဏ်သိက္ခာကို မထိခိုက်စေ လိုသည်လား။ ဒါမှမဟုတ် လူဆိုသော အမျိုးက မိမိကောင်းပြီး အနိုင်ရခဲ့မှုများ ကိုသာ ထုတ်ဖော်ကြွားချင်ပေမည်။ မိမိ ခံခဲ့ရသောဒုက္ခအဖုံဖုံကို မည်သူကမျှ ထုတ်ဖော်ကြွားချင်ကြမည် မဟုတ်ပေ။ မရောက်ဘူးသော ရှမ်းပြည်ကို ရောက် ရောက်ချင်းနေ့မှာပင် ကိုဖိုးထောင် တော်တော်စိတ်ကုန်သွား၏။

■

တစ်ပတ်ခန့်အကြာတွင် အချုပ် သားအားလုံးကို ခေါ်ထုတ်ပြီး အချုပ် ကားတစ်စီးပေါ်တက်ခိုင်းသည်။ အား လုံးထဲတွင် ကိုကြွက်နီတစ်ယောက် ပါ မလာခဲ့တော့ပါ။ ကိုကြွက်နီကို ထောင်ချ လိုက်ပြီလား မသိပါ။ မူယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောပြစ်မှုကြောင့်



www.burmeseclassic.com

ထောင်ကျပြီး တော်တော်နှင့် လွတ်မည်မထင်ပါ။ နှစ်အနည်းငယ်အတွင်း ဤမျှငွေကြေးရရှိခဲ့တာကို ကောင်းရောင်းကောင်းဝယ် ရိုးရိုးသားသားမဟုတ်မှန်း တွေးမိခဲ့ဖို့ကောင်း၏။

ယခုလည်း ဘယ်သို့ခရီးဆက်ရမည်နည်း။

ယခင်နေ့တွေကလိုမျိုးတစ်ဦးချင်း စစ်ဆေးခံရဦးမည်လား။ တွေးရင်းတွေးရင်းနှင့် အချုပ်ကား၏ သံစကာအပြင်ဘက်သို့ ကြည့်သည်။ လမ်းဘေးဝဲယာမှ တိုးတက်စည်ကားနေသော နေရာများကို မြင်နေရ၏။ ကားမောင်းသွားသည်မှာ လျင်မြန်လွန်းလှသဖြင့် ဆက်ကြည့်သွားသော်လည်း တဖြည်းဖြည်း အိမ်တွေနည်းလာ၏။ လယ်ကွင်းတွေ၊ တောတန်းတွေကိုတွေ့ရ၏။ တောတန်းတိုရောက်လျှင် ကားရပ်သွား၏။

အားလုံးကို ကားပေါ်မှ ဆင်းစေပြီး တောတန်းဆီသို့ လက်ညှိုးထိုးပြ၏။ သေနတ်ဖြင့်ချိန်ထားပြီး ဝေ့ယမ်းပြနေသည်။ နှုတ်မှလည်း 'ပိုင်'တစ်လုံးတည်းကိုသာ ထပ်ကာထပ်ကာနှင့် ဒေါသတကြီးပြောနေ၏။ ဘာတွေဖြစ်နေသနည်း။ ဘာတွေပြောနေသနည်း။ အားလုံးဘာလုပ်ရမည်နည်း။ ဦးလှမြင့်က ကိုဖိုးထောင်အနားကို တဖြည်းဖြည်း တိုးကပ်လာရင်း-

"ပိုင်ဆိုတာ သွားလို့ပြောတာဖြစ်မယ်။ ငါတို့ကိုပြေးခိုင်းတာလား မသိဘူး။ မထူးပါဘူးကွာ၊ ပြေးကြစို့"

ပြောပြောပြေးပြေးမို့ ကျန်လူများလည်း တောတန်းဆီသို့ ပြေးမိတော့သည်။ ပြေးသာပြေးနေသည်။ ဘယ်ကိုပြေးနေသည်မသိ။ ကိုဖိုးထောင် တစ်ယောက်ပြေးနေရင်းနှင့် ဒေါ်ခလေးမကို သတိရပြီး လှည့်ကြည့်မိချိန်တွင်-

"ဒိုင်း ဒက် ဒက် ဒက် ဒက်"

"ဟာ - ပစ်ပြီဟ၊ ပြေး ပြေး"

အချုပ်ထဲမှာ ပြင်ပနေရောင်မထိရ၍တစ်ကြောင်း၊ ထမင်းမဝထား၍ တစ်ကြောင်းကြောင့် အားအင်ချည့်နဲ့နေသော်လည်း ကိုယ်ကိုယ်ကိုယ်မသိနိုင်ပေ။ ရိုးတွင်းခြင်ဆီမှ အင်အားတွေထွက်လာသည်လား၊ သေမှာကြောက်သည်လား မပြောတတ်။ ဦးတည်ရာပြေးနေမိသည်။ တောတန်းများဆီ၊ မရောက်မီဖုတထစ်မြေကို ဖိနပ်မပါဘဲ မြေကြီးနှင့်ခြေဖဝါးထိသည်တောင် မထင်ရပါ။ သေရေးရှင်ရေးအပြေးမှာ အမြန်တကာ့အမြန်ဆုံးအပြေးဖြစ်၏။ နှစ်လုံးကျော်မြောင်းကိုပင် လွှားခနဲကျော်ပြေးသွားနိုင်သည်။

အတွဲလိုက် သေနတ်သံတစ်ခါကြားတိုင်း ထိုးထိုးထောင်ထောင်ရှိနေသော ပိန်းရိုးများကို ဓားထက်ထက်နှင့် သပ်ချလိုက်သလို မှောက်လဲသွားကြသည်။ မလှုပ်တော့ပါ။ တရွှီရွှီနှင့် ဖြတ်သန်းသွားသည်မှာကျည်ဆန်ဖြစ်ကြောင်း သိနေသော်လည်း ဝပ်မချရပါ။ ဟင်းလင်းပြင်ဖြစ်နေ၍ ပြေးနေသူများကို သေနတ်ပြောင်းဝ ရှေ့ပြင်ညီပစ်နေခြင်းဖြစ်၏။ ဝပ်ချလိုက်ပြီး ဝမ်းလျားမှောက်နေလျှင်လည်း သေနတ်ပြောင်းဝကို အနည်းငယ်သာ အောက်စိုက်လိုက်ရုံနှင့် ထိမှန်ပေတော့မည်။ ပြေး. . . ပြေး။

ပြေးရင်းနှင့် အမေ့မျက်နှာကို မြင်ယောင်လာမိသည်။ လာခါနီးကတောင် အမေ၏ ကျက်သရေရှိသော မျက်နှာကို ကြည့်ပြီး ကန်တော့ခဲ့ရ၏။ အမေ့ကို အလွန်သတိရမိသည်။ အမေ့အနားတွင် ခြေဆုပ်လက်နယ် ပြုစုရင်း တစ်ဝမ်းတစ်ခါး ရှာဖွေစားသောက်၍ ရနေပါလျက် လောဘထွက်ခဲ့မိသည်။ ကိုကြွက်နီကို အထင်ကြီးခဲ့မိသည်။ ကိုကြွက်နီဒုက္ခရောက်ရသလို သားလည်း ဒုက္ခရောက်နေပြီ အမေ။ ပြေးနေရပြီ ပြေး. . ပြေး။

ပြေးရင်းနှင့် နောက်ကျောကို စူးခနဲ ဖြစ်သွားပြီး ဝမ်းဗိုက်မှ တစ်ထွာလောက် ပွင့်ထွက်သွားသည်ကို ငုံ့ကြည့်ရင်း ကိုဖိုးထောင်တစ်ယောက် မှောက်လဲသွား၏။ ဘာဆိုဘာမှမသိတော့ပါ။

■

ကိုဖိုးထောင်တစ်ယောက် ရှမ်းပြည်မှ ပြန်ရောက်ခဲ့ပေပြီ။

ရွာပြန်ရောက်လျှင် ရောက်ချင်းပဲ ကိုကြွက်နီအိမ်ကို အကြောင်းကြားသင့်သည်ဟု ထင်မိ၏။ ကိုကြွက်နီအိမ်သို့ အပြေးလေးသွားနေမိသည်။ ကိုကြွက်နီအိမ်တွင် ကိုကြွက်နီမိန်းမ မခင်လေးနွယ်ကို မတွေ့ပါ။ ဘယ်ကိုသွားနေသနည်း။ အိမ်ထဲဝင်ကြည့်ဦးမှဟု တွေးမိချိန်မှာပဲ လူက အိမ်ထဲရောက်သွား၏။

"ဩော် - မခင်လေးနွယ်က နေမကောင်းဖြစ်နေတာကိုး"

ကိုယ်ဝန်အရင့်အမာနှင့် မခင်လေးနွယ်တစ်ကိုယ်လုံး ပိန်ချုံးနေ၏။ မခင်လေးနွယ်အနီးသို့ ရှေ့တိုးကြည့်မိသည်။ ရွှေတင်ထားရလောက်အောင် ချောမောလှပသော ခရိုက်သစ်ရွာ၏ ကွမ်းတော်ကိုင် မခင်လေးနွယ်မှ ဟုတ်ပါရဲ့လား။ သူ့အလှတွေဘယ်ရောက်ကုန်သနည်း။ အိမ်နီးနားချင်းများလည်း မတွေ့ပါ။ ကိုကြွက်နီအမေနှင့် မခင်လေးနွယ်၏အမေကိုသာ တွေ့ရ၏။ သွားလိုရာကို ဖြောင့်ဖြောင့်သွားနိုင်အောင် မခင်လေးနွယ်ကို ကိုကြွက်နီအကြောင်း မပြောပြရက်တော့ပါ။ ကိုကြွက်နီအမေနှင့် မခင်လေးနွယ်အမေတို့ ပြောနေကြသော စကားများကို နားစွင့်ကြည့်မိသည်။ မြတ်စွာဘုရား၊ AIDS ဆိုလား ကိုကြွက်နီမျိုးဆက်တော့ သွားပြီ အမလေး - ကိုကြွက်နီကလည်း ရှမ်းပြည်ထောင်ထဲမှာဆိုတော့။

ကိုဖိုးထောင်တစ်ယောက် ဝမ်းနည်းစွာဖြင့် ပြန်ထွက်လာခဲ့မိသည်။ ဦးလှမြင့်မိန်းမကော သိပြီးပြီလား။ သွားပြောမည်ဆိုသည်နှင့် ရောက်သွားခဲ့သည်။ သူ့မိန်းမလည်းငိုနေသည်ပဲ။ ငိုတာမှ ငိုကြီးချက်မနှင့်ပင်။ ဒါဆို သိပြီးပြီထင့်။

မထူးတော့ပါ။ အိမ်ပြန်တာပဲကောင်းမည်ဟု တွေးမိသည်။ အမေ့ကိုတွေ့ချင်လာမိသည်။ ရွာလယ်လမ်းမတစ်လျှောက် ရွာသူရွာသားများအားလုံးကြားအောင် ကိုဖိုးထောင်တစ်ယောက်တည်း အော်ပြောသွားမိသည်။

"ရှမ်းပြည်ကို မသွားကြပါနဲ့။ ကိုယ့်တိုင်းပြည်မှာပဲ လုပ်ကိုင်စားသောက်ကြစမ်းပါဗျာ။ ရှမ်းပြည်မှာ ကြုံခဲ့ရတဲ့ ဒုက္ခအဖုံဖုံကို လာမေးကြ။ ကျုပ်ပြောပြမယ်။ ရှမ်းပြည်မသွားကြပါနဲ့။ ရှမ်းပြည်ကို မသွားကြပါနဲ့။ ရှမ်းပြည်ကို ဟင်. . ."

တစ်ရွာလုံးကို အော်ပြောနေခဲ့ရင်းမှ အမေ့အိမ်နားသို့ ရောက်လာခဲ့သည်။ အမေ့အိမ်ပေါ်တွင် လူတွေအများကြီးရှိနေ၏။ လူတွေအားလုံး လက်အုပ်ချီကာ ရှေ့တွင်ထိုင်နေသော ဘုန်းကြီးများကို ကန်တော့နေကြသည်။ အမေက ရှေ့မှာထိုင်ပေးနေသည်ကို လူများအားလုံးရွတ်ဆိုနေကြသည်။

သား ပြန်ရောက်လာပြီ အမေ

ဟုတ်ပါသည်။

ကိုဖိုးထောင်တစ်ယောက် ရှမ်းပြည်မှ ပြန်ရောက်ခဲ့ပြီ ဖြစ်သည်။

*(၁၉၈၈ ခုနှစ်ခန့်က ဝမ်းလျားမှောက်အိပ်ဖြီး သေချင်ယောင်ဆောင်ခဲ့သော ဒေါ်ခလေးမ တစ်ဖြစ်လဲ ဆရာလေး ဒေါ်ကုသလထေရီ၏ ပြောပြချက်များကို ခံစား ဘင်ပြထားပါသည်။)*

မိုးအောင်(ရေနံဆုံ)



www.burmeseclassic.com

www.burmeseclassic.com

ကိုတိုး(ရန်ကင်း)

# ထူးထူးခြားခြား တောင်ပြုန်းမင်းညီနောင် ဇာတ်ကား ရိုက်ကူးစဉ်က မင်းသမီးမြင့်မြင့်ခင်အား မယ်ဝဏ္ဏပူးဝင်ခြင်း



ဒါရိုက်တာ ဦးချင်းစိန်



မယ်ဝဏ္ဏကိုယ်တိုင် ဝင်ပူးခံရသူ မင်းသမီးမြင့်မြင့်ခင်

**ရွှေဖျဉ်းညီနောင်ဖွားရာဒေသကွယ် ■**

ပန်းပဲမောင်တင့်တယ် xxx နတ်မောင်နှမရယ် xxx ပျော်စံမြန်းတဲ့နတ်နန်းကြီးလည်းရှိရာ ဌာနတကယ်xxx ၂ ပေါ်တွဲ့ပြည်ကိုဝန်တော်ဆက်တဲ့ ကိုဗျတ္တနဲ့ မယ်ဝဏ္ဏတို့ တူစုံမောင်မယ် xxx ချစ်ကြီးသွယ်နှောင် ရွှေဖျဉ်းညီနောင်ဖွားရာဒေသကွယ်xxx

အောဝမ်းမာတတ်ပြား -<br>ရွှေညာမောင် - ဆို<br>'ရွှေပုပ္ပား' သီချင်းမှ

အစ်ကိုကြီး။

မှတ်မိသေးရဲ့လား။ ဒါခေတ်ကောင်းတုန်းက ရွှေညာမောင်သီဆိုတဲ့ ရွှေပုပ္ပားသီချင်းလေ။ ရွှေဖျဉ်းညီနောင်နဲ့တိုက်ဆိုင်လို့ ထည့်ရေးလိုက်တာ။

ဘာမဆို ကြာသွားရင် ရိုးသွားလေ့ရှိပေမယ့် ဒီရွှေပုပ္ပားသီချင်းဟာတော့ ခေတ်တွေ၊ နှစ်တွေဘယ်လိုပဲပြောင်းပြောင်း၊ ဟောင်းသွားမယ်မထင်နဲ့ အစ်ကိုကြီး။ ရာဇဝင်နဲ့ချီပြီး အဆိုအသားပါပါ ရေးစပ်သီဆိုထားတာဖြစ်လေတော့ ပုပ္ပားတောင်ကြီး ထီးထီးမားမား ဝင့်ကြွားနေသမျှ ကာလပတ်လုံး တပြိုင်နက်နဲ့ အသုံးတော်ခံနေမယ့် သီချင်းပေပေါ့။

ခု-အစ်ကိုကြီးတို့ (မောင်မောင်စိုးရုပ်ရှင်ကုမ္ပဏီ)က (တောင်ပြုန်းညီနောင်) အသံထွက်ဇာတ်ကားကြီးရိုက်နေတယ်ဆို။ အဲဒါကိုကြားကတည်းက ညီမလေးနဲ့တကွ ရွှေပုပ္ပားသူ ဖြူဖြူတို့၊ ညိုညိုတို့ဆိုတဲ့ အပျိုတစ်သိုက်ဟာဖြင့် ဝမ်းသာနေလိုက်ကြတာမပြောပါနဲ့ အစ်ကိုကြီးရယ်။

တောင်ပြုန်းညီနောင်ဇာတ်ကားရိုက်တာနဲ့ နင်တို့နဲ့ဘာဆိုင်လို့ဝမ်းသာရတာလဲဟယ်လို့ အစ်ကိုကြီးက မေးချင်မေးမယ်။

ဆိုင်မပြီလား အစ်ကိုကြီးရယ်။ ရွှေဖျဉ်းညီနောင်ဟာ ဘယ်အရပ်သားလဲ။ အဲဒီအဖြေထွက်ရင် ညီမလေးတို့အတွက် ဝမ်းသာထိုက်မသာထိုက်ဆိုတာ ရှင်းလာမှာပဲ။ ခု - အစ်ကိုကြီးဖတ်နေတဲ့ စာနယ်ဇင်းတွေမှာ ကိုယ့်ရပ်ရွာနယ်ပယ်ဒေသက သတင်းကောင်းတစ်ခုခုကြားရရင် အားမရှိဘူးလား။ ဝမ်းမသာမိဘူးလားဟင်။

အဲဒီလိုပေါ့ အစ်ကိုကြီးရဲ့။ ရွှေဖျဉ်းညီနောင်ဟာ ညီမလေးတို့ရဲ့ ရွှေပုပ္ပားမြေဇာတိချက်ကြွေပါ။ ပုပ္ပါးမြေ





ဖျင်းကြီး(ဦးချင်းစိန်၏သား မြဝတ်ထွန်း)၊ မယ်ဝဏ္ဏ (မြင့်မြင့်ခင်)၊ ဖျင်းလေး (ဝင်းဇော)



တောင်ပြုန်းညီနောင်မှ မယ်ဝဏ္ဏ(မြင့်မြင့်ခင်) နှင့် သားကြီး ဒဿဌယ် (ဖျင်းနှစ်သွယ်တို့ ပေါ်စဉ်အခါ ဘွဲ့မြင်ရပုံ)



www.burmeseclassic.com

www.burmeseclassic.com




ကိုဗျတ္တနဲ့မယ်ဝဏ္ဏတို့တွဲဖော်၊ ချစ်ကြိုးသွယ်နေစဉ် ရွှေဖျဉ်းညီနောင် ဖွားရာဒေသတွယ်. . .




လူသားနဲ့ဘီလူး ရွှေနဖူးစာ ထူးပါလေတော့ (တောင်ပြုန်းညီနောင်မှာ ကိုဗျတ္တနဲ့မယ်ဝဏ္ဏ)



ရင်သွေးယူက ချစ်မဝနိုင်တဲ့ မယ်ဝဏ္ဏ



ဘဝကူးထို့ သားနှစ်ဦးနဲ့တွေ့တော့လည်း နှတ်မိစ်တဲ့



အရှင်မွေ့တော့ နေ့ချင်းကြီးလာတဲ့ မင်းညီနောင်

ပေါ်တ် ပုပ္ပားကထွက်တဲ့စမ်းရေသောက်ပြီး ဖွားမြောက်လာတဲ့ လူစွမ်းကောင်းညီနောင်မဟုတ်ပါလား။

ဒီတော့ကာ ညီမလေးတို့ပုပ္ပားရေမြေဟာ ခေတယ်လို့ မထင်လေနဲ့။ မြန်မာ့ရာဇဝင်မှာ စာတင်ချီးမွမ်း ဥဒါန်းတင်ခဲ့ရတဲ့ လူစွမ်းကောင်း ရွှေဖျဉ်းညီနောင်တို့၊ ငယ်းလက်ဖယ်တို့ဖွားမြင်ရာဒေသမို့ ခုတင်ခါ အစ်ကိုကြီးတို့တရုပ်ရှင်ရိုက်တယ် ဆိုတော့ အလကားဝမ်းမသာဘဲနေပါ့မလား။

■ပုပ္ပားရယ်သာ ■

"အစ်ကိုကြီး ပုပ္ပားဟာ ရာဇဝင်ပြောင်တဲ့ ရွှေဖျဉ်းညီနောင်တင်မကဘူး။ တော်ဝင်မိဖုရားကြီးရယ်လို့ ရာဇဝင်တစ်လွှားထင်ရှားနေတဲ့ မိဖုရားစောဆိုတာဟာလည်း နှယ်နှယ်မမှတ်လေနဲ့ အစ်ကိုကြီး။ ညီမလေးတို့ ပုပ္ပားအရပ်သူမိဖုရားကြီးပေါ့။ နရသီဟပတေ့ဆိုတဲ့ ပုဂံဘုရင်တစ်ဝါး တောကစားထွက်အလာ ပုပ္ပားသူစောစောနဲ့အတွေ့ သဘောခွေ့ပြီး တော်ကောက်မိဖုရားမြောက်လေသတဲ့ ညီမလေးတို့လက်ထက် မိဖုရားဆင်လူ



www.burmeseclassic.com

www.burmeseclassic.com



နော်ရထာမင်းကြီးထံရောက်လာသော





ကိုရှည်သွားတာ အပျော့တိမ်းလို့ နတ်မိမ်းဖြစ်ပေမယ့်
ဘွဲ့ဝန်းနှံ့သာကို ဘယ်မှာမေ့ရက်နိုင်မလဲ



လှလားမြောက်၍တောပါပြီ
(ရွှေဖျူးညီနောင်အဖြစ်ပါဝင်သူမင်းသားသစ်
မောင်ချစ်ဆွေလေးနှင့် မောင်မိုးမြင့်)



ဖျူးကြီးဖျူးငယ် မင်းနှစ်သွယ်တို့ အရက်မူး၍ အပျော်ကြူးနေကြစဉ်

နွမ်းကောင်းဆက်ဝေးပေမယ့် ပုပ္ပားဟာ ရှေးအခါက မခေခဲ့ပါဘူး အစ်ကိုကြီးရဲ့။ ပြီးတော့ နော်ရထာမင်းသား အထွတ်အထိပ်သို့မရောက်မီ ညီမလေးတို့ ရွှေပုပ္ပားမှာ တောခိုနေရင်းက လုပ်ကြံလို့ ဘုရင်ဖြစ်လာရတာယ် မဟုတ်လား။ ဘုမိနက်သန် အောင်မြေမှန်တယ်ပေါ့ အစ်ကိုကြီးရယ်နော် ဟဲ ဟဲ ဟဲ။

**■ကဗျာစခဲ့ ပုပ္ပားဘွဲ့■**

မြော်ဦးမယ် အစ်ကိုကြီး။ ပုပ္ပားတာ ဘယ်လောက်သာယာတဲ့တောင်ကြီးလဲဆိုရင် ဗမာမှာ ကဗျာရယ်လို့ မရှိသေးခင် ဟိုယခင် 'သေည်လည်ကြောင်မင်း' လက်ထက်မှစပြီး ပုပ္ပားတောင်ကို ဖွဲ့ဆိုတဲ့ ကဗျာဟာ မြန်မာ့ယဉ်ကျေးမှုလောကမှာ ဦးစွာပထမပေါ်လာတယ်လို့ ရာဇဝင်မှတ်တမ်းများအရ တွေ့မြင်သိရှိရတယ်။

အဲဒီကဗျာက -

'တောင်ပုပ္ပားနှင့်စံကားပွင့်ကဗျာ'

*ပုပ္ပားတောင်သည် ရွှေတောင်တည့်လေ။ ရွှေတောင်ပတ်ကုံး။ စံကားပင်နှင့် ပန်းပင်ဖုံး။ ရန်ကြိုင်စွလေ။ ပုပ္ပားတောင်တွင် နတ်သျှင်နှစ်ပါး၊ ရွှင်စံစား၊ ဘုံခြားဗိမာန်မြိုင်စွလေး။ လှိုင်စွလေ လှိုင်စွလေး။ လှိုင်စွစံကား၊ တောင်ပုပ္ပား။ စံကားပုံကြိုင်မျှ လှိုင်စွလေး မောင့်တော်ရှေ့ထက် မယ်ပုတ်ရွေ ဆယ်လေးသာစွလေ။ ဗိမာန်နန်းမှာ ထီးစကြာ ဖြန့်တာ အုပ်မိုးကာစွလေး။ ။*

အဲဒီလို ကဗျာလက်ာဖြစ်အောင် တွင်ရတာဟာမလွယ်ဘူးဆိုတာ အစ်ကိုကြီးသိမှာပ။ ခက်ခဲလှတဲ့ ဆန်းဆန်း နုနုနန်းရတုနဲ့ ဂုဏ်ပြုရေးဖွဲ့ခြင်းခံရတဲ့ ရေမြေဟာ ရွှေဖျူးညီနောင် ဖွားမြင်ရာဒေသ ညီမလေးတို့အညာမြေက တောင်တော်ပုပ္ပားကြီးသာပါပဲ။

**■ပုပ္ပလင် (ဝါ) တောင်ကလပ်■**

ပုပ္ပလ္လင် ဆိုရင် အစ်ကိုကြီး နားလည်ချင်မှ လည်မယ်။ ညီမလေးတို့ဆီမှာတော့ ပုပ္ပလ္လင်ဆိုလည်း နားလည်တာပဲ။ တောင်ကလပ်ဆိုလည်း နားလည်တာပဲ။ အဝေးကကြည့်ရင် ဘုရားရှေ့မှာ ဆွမ်းတော်တင်တွေစွန့်တဲ့ သင်ပုတ်ပလ္လင်နဲ့တူလို့ ပုပ္ပလ္လင်တဲ့ ပြီးတော့ ကလပ်နဲ့တူလို့တဲ့ တောင်ကလပ်လို့လည်း ခေါ်ကြတယ်လေ၊ နာမည်သာတွဲတာ။ တောင်ကတော့ ဒီတောင် ဒီတောင်သာပါပဲ အစ်ကိုကြီးရယ်။

တောင်ကလပ်ဟာ ရွှေတောင်ကြီးအောက် ရွှေတောင်ကလေးပေါက်နေသလိုပါပဲ။

**■အပျိုစင် မယ်ယက္ခ-မယ်ဝဏ္ဏ■**

အဲဒီတောင်ကလပ်နန်းမှာ စံမြန်းနေရှာသူကတော့ မယ်ဝဏ္ဏတဲ့။ ထုံဝတ်ရည်ဝင့်ကြွားနေတဲ့ပန်းများကိုသာ စား



www.burmeseclassic.com

www.burmeseclassic.com

သုံးကာနေလေ့ရှိတဲ့အတွက် 'ပန်းစား ဘီလူးမ' လို့ ဆိုကြတယ်လေ။

ဘာ. . . ဘာ နင်တို့ပုပ္ပားသူတွေဟာ မယ်ဝဏ္ဏအမျိုးလိုက်ပြီး ပန်းကြိုက်ကြမှာပဲ ဟုတ်လား။

အို - ဒီလိုစွပ်စွဲရင် အစ်ကိုကြီးလွဲမှာပေါ့။ မဟာဂီရိ နတ်မောင်နှမ၊ ဒွေးဖြူတို့၊ မြစ်လှတို့ကျတော့ ဘယ်မှာပန်းကြိုက်လို့လဲ။ သူတို့လည်း ပုပ္ပားတောင်ခါးပန်းမှာ ဘာခမ်းတနားရှိကြတာပဲဟာ။ ပုပ္ပားရိုပ်မြုံမှာ ပန်းပေါင်းစုံ အပုံကြီးပေါ်ပေမယ့် ဟောတော့ စံကားစိမ်းနဲ့ စံကားဝါသာဆိုရင် ဝေရမဏီ ရာသက်ပန်မကြိုက်ရိုးမှန်ပေ၏ အစ်ကိုကြီး။ နတ်မကြိုက်တဲ့ပန်းမျိုးမို့ ဘယ်သူမှမထိုးဝံ့၊ မထိုးဝံ့ကြပါဘူး။

တောင်ပိုင်ရှင်မ မယ်ဝဏ္ဏဟာ အိမ်ထောင်မကျသေးခင် အပျိုစင်ဘဝနဲ့ပဲ အဲဒီတောင်ကာလပ်မှာ အဖိုတော်ငေးငေးနဲ့ အေးအေးကလေးနေခဲ့သတဲ့။

**■ မယ်ဝဏ္ဏရဲ့ ဖူးစာရှင် ■**

ဖူးစာကံဟုန် မယ်ဝဏ္ဏနဲ့ ရေစက်ဆုံချင်တော့ ဟိုး ထထုံမြို့ကတဲ့ အစ်ကိုကြီးရဲ့၊ လူစွမ်းကောင်း ကိုဗျတ္တဆိုတာ ပုပ္ပားကိုရောက်လာရတာယ်လေ။

ရောက်လာရပုံက ကြက်သီးပဲဖြန်းစရာ ဆန်းလည်းဆန်းပါပေရဲ့။ သထုံပြည်တစ်ဝန်းမှာ ဗျတ်ဝိ၊ ဗျတ္တဆိုတဲ့ လူစွမ်းကောင်း ညီနောင်နှစ်ယောက်ပေါ်လာလို့ မနူဟာဘုရင်က သူတို့အန်တု ထီးနန်းလုမှာစိုးလို့တဲ့။ တပ်တာ တောင်တာဗိုလ်ထုနဲ့ လူစုပြီးဖမ်းပါလေရော့။

နောင်တော်ကြီး ကိုဗျတ်ဝိမှာ ဇမ္ဗူခင်အိုဇာအတွက် မခွာရတ်အောင်ဖြစ်နေတုန်း ဖြုန်းဆို မီးနေထဘီနဲ့ကျတ်ပြီး ဖမ်းလိုက်တဲ့အခါ အစွမ်းတွေတုံးပြီး ဘုရင့်လက်ထဲမှာ အသက်ဆုံးရှုံးရရှာတယ်။ ညီဖြစ်သူ မောင်ဗျတ္တမှာတော့ ရာဇဝတ်ဘေး ပြေးနိုင်ရင်လွတ် ဆိုတဲ့အတိုင်း ထွက်ပြေးလာခဲ့လို့ လွတ်မြောက်ရာက ပုဂံပြည်ရောက် နော်ရထာဘုရင်ထံမှောက်တွင် ဝင်ရောက် အမှုထမ်းရှာတယ်။ ပုပ္ပားနဲ့ ပုဂံ၊ ပုဂံနဲ့ ပုပ္ပား တစ်နေ့ (၁၀) ခေါက် သွားသွားပြီး ပန်းများခူးဆွတ်ဆက်သရတဲ့ ပန်းတော်ဆက် ရာထူးနဲ့ပေါ့။

ဒီလိုနဲ့သာပါပဲ။ ကိုဗျတ္တဟာ ပန်းတော်ဆက်နေရာက တစ်နေ့ကျတော့ ဝဏ္ဏတသေလာ ဟေမာဝနိုင် မြိုင်အလျှိုလျှို စိမ်းလန်းစိုလှတဲ့ တောင်ညိုညို ရွှေကာလပ်မှာပေါ့။

'လူနဲ့ နတ်၊ မအပ်စပ်ပေမယ့် အချစ်နတ်က လှံဆော်လို့ ဒီတောင်ပေါ်ကို မောင်တော် ရောက်လာရပါပြီ' တဲ့။

အဲဒီအချိန်ကစပြီး ကိုဗျတ္တနဲ့ မယ်ဝဏ္ဏဟာ မေတ္တာဆက်နွယ် ချစ်ကြိုးသွယ်မိကြပါလေရော့။ တစ်ယောက်နဲ့ တစ်ယောက် မျှမလောက် ချစ်မိကြပြီပေါ့ အစ်ကိုကြီးရယ်။ အစ်ကိုကြီးနဲ့ မတိုဒင်းလိုပေါ့ ဟဲဟဲ။

**■ ရွှေဖျဉ်းညီနောင် ■**

ရွှေပုပ္ပားမှာ မယားနဲ့လင် ချစ်ပွဲဝင်ခဲ့ရာမှ ရင်ဝယ်ဖွားမြောက် သားနှစ်ယောက် (အမြွှာညီနောင်) ထွန်းကားရရှိလာရော့ဆိုကိုး။

ကလေးမရစဖူး အရထူးလေတော့ သားနှစ်ဦးကို ဖူးဖူးမှုတ်ချစ်စနိုးတာက တစ်ဖြာ၊ မီးနေသည်မယားခများရဲ့အနားက မခွာဘဲ ပြုစုယုယရတာက တစ်ဖက်နဲ့မို့ ပန်းဆက်နောက်ကျလို့တဲ့ ဘုရင်က အမျက်တော်ရှပါလေရော့။

ဒါပေမယ့် အရှေ့ချက်ကောင်းတော့အထောင်းလွတ်ခဲ့ပါတယ်။ မယားမျက်နှာမြင်လို့နောက်ကျတာကို အမျက်မပွားတော့တဲ့ပြင် 'ဟဲ့-ငါ့မြေးများ အချင်းဆေးရအောင် ဖျဉ်းအိုးနှစ်လုံးယူသွားဦးတဲ့'။ ဖျဉ်းအိုးနှစ်လုံး မီးနေမေးတဲ့ သဘောနဲ့ မွေးသက်ဆောင်ပေးလိုက်ရုံမကဘူးအစ်ကိုကြီးရေ၊ သဘောတောင်းတဲ့ နော်ရထာမင်းကြီးက 'ငါ့မြေးတော်များကို ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်' လို့ ခေါ်တွင်စေတဲ့ အစ်ကိုကြီး။

ရွှေဖျဉ်းညီနောင်ဖွားရာဒေသကို ဒီမျှနဲ့ပဲ ရပ်လိုက်တော့မယ်နော်။

ညီမလေးက ဖွားရာဒေသကို ပဏာမပျိုးလိုက်ပါတယ်။ အစ်ကိုကြီးတို့ကုမ္ပဏီပိုင်ရှင် (ဦးမောင်မောင်စိုး) နဲ့ ဒါရိုက်တာ ဦးချင်းစိန်တို့ကတော့ ရွှေဂီရိန်တောင်ပြုံး မင်းညီနောင် လူ့ဘဝတုံး၊ နောက်ဆုံးတွင် နတ်စိမ်းတွေဖြစ်လာ အဲဒါကို သရုပ်ပေါ်အောင်ဆိုပြီး 'တောင်ပြုန်းညီနောင်' ရယ်လို့ ကမ္ဘည်းထိုး ရိုက်ကူးဟန်တူပါရဲ့။ မြန်မာပြည်တစ်လွှားမှာ အလွန်ကျော်ကြားတဲ့ တောင်ပြုန်းမို့ ခုလို အသုံးပြုလိုက်တာဟာ လွန်စွာသင့်လျော်လှပါပေတယ်။



ကျွန်စစ်သားလုပ်သူ မောင်ချစ်မောင်အား မင်းကလေးဝင်ပူးရာမှအစ. . . မောင်မောင်စိုးရုပ်ရှင်ခြံထဲတွင် နတ်ကနားပွဲ (၂) ရက်တိုင်တိုင်ပေးခဲ့ပြီ



တောင်ပြုန်းညီနောင်ဇာတ်ကားရိုက်ကူးစဉ် ခဏခဏ နတ်ဝင်ပူးနေသဖြင့် ဤသို့နတ်ပွဲပေးလေမှ အေးသွားလေသည်



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ အစ်ကိုကြီးရေ တောင်ပြုန်းမင်းညီနောင်နတ်ပွဲဟာ အတော်ပဲ စည်ကားလှတဲ့ နတ်ပွဲကြီးမဟုတ်ပါလား။ ပွဲကြီးစည်ကားသလောက် မင်းညီနောင်နတ်သမိုင်းကို လူတိုင်း ခြေခြေမြစ်မြစ် နားမလည်ချင်ကြဘူး။ ဒီတော့ ရာဇဝင်အကိုးအကားတွေနဲ့ညှိပြီး ဟုတ်တိပတ်တိ ရိုက်ပြတာဟာ လူထုအကြိုက်နဲ့ အံကိုက်ဖြစ်နေလို့ အမြော်အမြင်ရှိတဲ့ ကုမ္ပဏီနဲ့ ဒါရိုက်တာကို ပြောလိုက်ပါ။ ညီမလေးက အဝေးကနေပြီး ကောင်းချီးသြဘာ ထောမနာဂုဏ်ပြုလိုက်ပါတယ်လို့ နည်းနည်းရေးပါရစေဦး အစ်ကိုကြီးရယ်။ မင်းညီနောင်တို့ သားအဖဟာ အတော်ကံဆိုးတဲ့သားအဖတွေပဲ။ သူတို့အဖြစ်တွေဟာ အတော်ကြေကွဲဝမ်းနည်းစရာကောင်းတယ်။ သူတို့ကို ဘယ်သူသတ်သလဲ။

အဲဒါကို တချို့ဇာတ်သဘင်တွေက ကျန်စစ်သားကို (လူသတ်တရားခံ) အရာထားပြီး ဇာတ်များ ကပြနေကြတယ်။ အဲဒါအဟုတ်ပဲလား အစ်ကိုကြီးရဲ့။ တချို့ကတော့ကလည်း ကျန်စစ်သားရဲ့ပယောဂ၊ မင်းညီနောင်သတ်တဲ့ကိစ္စ လုံးဝမပါ,ပါဘူးတဲ့။ ဘယ်ဟာကို ပုံပြီးယုံရမှာလဲ အစ်ကိုကြီး။

အဲဒီလို လူထုစိတ်ထဲ ဝေခွဲမရနိုင်အောင် ဇဝေဇဝါဖြစ်နေတဲ့ ရာဇဝင်မှတ်ချက်ကလေးတွေကိုလည်း လက်မလွတ်အောင် အစ်ကိုကြီးတို့ 'တောင်ပြုန်းညီနောင်' ဇာတ်ကားက ပြတ်ပြတ်သားသားရိုက်ကူးကာ လူထုအဖြေပေးမှာပဲဆိုတဲ့ ယုံကြည်ချက်နဲ့ မျှော်တော်ဇောနဲ့မောနေကြတဲ့လူတွေကလည်း ဒုနဲ့ဒေး။

ဘာ - ဒါရိုက်တာ ဦးချင်းစိန်ဟာ ပုဂံသောင်ဦးသား။ ပုဂံရာဇဝင်ကိုအရည်ကျိုသောက်နေတဲ့လူ ဟုတ်လား။

အဲဒါပဲ ကြားချင်ပါတယ် အစ်ကိုကြီးရယ်။ တောင်ပြုန်းညီနောင်ဟာ တကယ့်ရာဇဝင်မှန်အဖြစ်နဲ့ ဥဒါန်းတင်ရစ်ပါစေတော့လို့။

ဪ- ဒါနဲ့ အစ်ကိုကြီး၊ တောင်ပြုန်းညီနောင်ရဲ့ ချစ်သဲညှာ မရွှေဥနေရာမှာ မင်းသမီး မေမြင့် ပါဝင်တော့မလို့နဲ့ ခုနောက်ဆုံးကြားရတဲ့သတင်းက မင်းသမီး ခင်ဖြူဥကလေးဆို။ ဗလောင်းဗလဲ အပြောင်းအလဲမြန်ဆန်လိုက်တာ အစ်ကိုကြီးရယ်။

ဘာ - မေမြင့် မအားလို့ ဟုတ်လား။ ဟင် - ဒါဖြင့် ဘွာ. . . ဘွာ။

တောင်ပြုန်းညီနောင် မင်းသားတော အပြောင်းအလဲရှိသေးလား။ ခင်မောင်ညွန့်ပဲ မဟုတ်လား။ သိနိုင်ဖူးအစ်ကိုကြီးရေ ကာလကြီးက အပြောင်းအလဲတွေမြန်ဆန်လွန်းလို့ မေးကြည့်ရတာ။

အစ်ကိုကြီးတို့မှာ 'တောင်ပြုန်း' အတွက်နဲ့ 'မောင်ပြုံးတွေ၊ ကိုပြုံးတွေ' ဖြစ်ကြပါစေဆိုတဲ့ မေတ္တာနဲ့ နှိုးလွှာချုပ်လိုက်ပါတယ်။

အစ်ကိုကြီးရဲ့ချစ်ညီမလေး
ရွှေပုပ္ပားက
မြ

အထက်ပါ ဆောင်းပါးရှည်ကြီးမှာ ၁၉၅၄ ခုနှစ်က ဦးချင်းစိန် သရုပ်ပြုအမှမ်းတင်၍ ဒါရိုက်တာ ဦးလှမောင် (သာဂေါင်ကြီး) က အတူအညီပြု ရိုက်ကူး တင်ဆက်ထားသော တောင်ပြုန်းညီနောင် အသံထွက်ဇာတ်ကားအပေါ် ဝေဖန်ထားသော ရွှေစွန်ညိုရုပ်စုံပါ ကလောင်ရှင် ရွှေပုပ္ပားက မြ၏လက်ရာဖြစ်ပါသည်။

■မြင့်မြင့်ခင်ကို မယ်ဝဏ္ဏကိုယ်တိုင်ဝင်ပူး၍ ရုပ်ရှင်အရိုက်ခံခြင်း ■

တောင်ပြုန်းညီနောင်သည် (၃၇) မင်း အပါအဝင် ထင်ရှားသောနတ်များဖြစ်သည်။ သူတို့၏မယ်တော်(မယ်ဝဏ္ဏ) သည်လည်း ပုပ္ပားစံမယ်တော်ကြီး ဖြစ်သည်။ မောင်မောင်စိုးရုပ်ရှင်၏ 'တောင်ပြုန်းညီနောင်' ဇာတ်ကားသည် နတ်ကားဖြစ်နေသောကြောင့် နတ်များယဉ်ပါးစွာ ပူးဝင်ချဉ်းကပ်လာကြောင်း သရုပ်ဆောင်များ၊ ဒါရိုက်တာများနှင့် ထုတ်လုပ်သူတို့ကိုယ်တွေ့ကြုံခဲ့ကြရလေသည်။

မင်းသမီးမြင့်မြင့်ခင်အား ကားရိုက်နေစဉ် ခဏခဏ မယ်ဝဏ္ဏဝင်ဝင်ပူးသည်။ တစ်ကြိမ်တွင် သားနှစ်ယောက်အား ကြိမ်စကြာနှင့်ရိုက်၍ ပုဂံပြည်ကို ခေါ်သွားခန်းရိုက်ကူးနေစဉ် မယ်ဝဏ္ဏခများမှာ အတော်ပင်ရင်ထုမနာဖြစ်သွားဟန်တူသည်။

သူကိုယ်တိုင် မိခင်အဖြစ် ပါဝင်သူ မြင့်မြင့်ခင်အား ဝင်ပူးလိုက်တော့သည်။ ဒါရိုက်တာနှင့် ကင်မရာမင်းများ မရိပ်မိကြ။ မြင့်မြင့်ခင်က လွမ်းသရုပ်ပေါ်အောင် အမူအရာလုပ်၍သရုပ်ဖော်နေသည်ထင်ကြ၏။ တကယ်တော့ မြင့်မြင့်ခင်အား မယ်ဝဏ္ဏကိုယ်တိုင် ဝင်ဖူး၍ လွမ်းသရုပ် ပီပြင်နေခြင်းပင်တည်း။

တစ်ကြိမ်တွင် ကျန်စစ်သားလုပ်သူ မောင်ချစ်မောင်အား မင်းကလေး ဝင်ပူးပြန်လေသည်။

■နတ်နှင့်နဂါး မလှည့်စားနဲ့ ■

လှည့်စားသည် ဆိုသော မြန်မာစကား၏အဓိပ္ပာယ်ကတော့ တော်တော်ကိုပဲ အကျယ်ဝန်းသား။ ဘာကယ့်ကိုလိမ်လိုက်ခြင်း၊ (၂) တကယ်လိမ်ခြင်းမျိုး မဟုတ်ဘဲ ခဏတစ်ဖြုတ် မလိမ့်တပတ်လုပ်ထားခြင်းစသောအနက်များ ဖြုထွန်းပြပါသည်။

နတ်ကို လှည့်စားရင် ဘာဖြစ်သလဲ။

နဂါးကို လှည့်စားရင် ဘာဖြစ်သလဲ။

ဒီပြဿနာဟာ မကြုံဘူးသူများအဖို့ အဖြေထွက်ဖို့ မလွယ်ရုံတင်မကဘူး။ သိသူကဖြေပေမယ့်လည်း ယုံကြည်သူအတော်နည်းမယ့် ပြဿနာတစ်ရပ်ဖြစ်နေပါ၏။

■နတ်ကိုမယုံတဲ့မောင်မောင်စိုး ■

နတ်ကို မယုံကြည်သော မောင်မောင်စိုး (တောင်ပြုန်းညီနောင် ရိုက်ကူးသူ ကုမ္ပဏီပိုင်ရှင်) ၏ ကိုယ်တွေ့ နတ်သဘာဝကို အထောက်အထားပြု၍ ဤစာဖြင့် မှတ်တမ်းတင်ပြပါသည်။

"ကျုပ် နတ်ကို နည်းနည်းမှ မယုံခဲ့ဘူး။ ဒါပေမယ့် ကျုပ် ပတ်တော့မပတ်ခတ်ဘူး။ အလှူအတန်းပြုတဲ့အခါ အမြဲ တောင်ဝေပါသေးတယ်။ ခုတော့ဗျာ"

ဤသို့မောင်မောင်စိုးက နိဒါန်းပျိုးလိုက်ပြီး -

"ကျုပ် ခု (တောင်ပြုန်းညီနောင်) ဇာတ်ကားရိုက်တဲ့အခါမှာ ရိုက်လို့ကို မရပါဘူးဗျာ။ ခဏခဏနတ်ဝင်ပူးတယ်။ မင်းသမီးမြင့်မြင့်ခင်ဝင်ပူးတုန်းက ကျုပ် အယုံအကြည်မရှိခဲ့ဘူး။ ကျန်စစ်သားလုပ်တဲ့ချစ်မောင်ကြီးကိုဝင်ပူးတော့ ကျုပ် မျက်လုံးပြူးသွားတာပေါ့။ ချစ်မောင်ဟာ ခေတ်ပညာတတ်လူငယ်ဖြစ်တဲ့အပြင် နတ်တို့ဘာတို့နဲ့ အတော်ဝေးရုံတင်မကဘူး၊ ကျုပ်လိုပဲ သူလည်း နတ်ကို နည်းနည်းမှ မယုံတဲ့လူ၊

တစ်နေ့တော့ ကားရိုက်နေတုန်းမှာ ဖြုန်းဆို သူ့ကို နတ်ဝင်ပူးပါလေရောဗျာ။ ဝင်တဲ့နတ်က မင်းကလေးတဲ့။ မင်းကလေးလည်းဝင်လာရော ကျုပ်ကိုခေါင်းတပ်ပြီး ကလော် ... တော့ ... ပါပဲ။ သူ့ကြောင့် ကျုပ် ... ချုပ်လည်းဘူးပေါ့ သလိုပေါ့ ရလေ ... တယ် ...



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဗျ၊ တားမရိုက်ခင်က မယုံကြည်ရက်နဲ့အဲ ပေါ့ပေါ့တန်တန်မင်းညီနောင်ထံ နတ်ကနားပွဲပေးပါ့မယ်လို့ နှုတ်ကတိခံလိုက်မိတယ်။ ကျုပ်ကသာ ပြီးပြီးရောလို့ အမှတ်တမဲ့နေပေမယ့်ဗျို့ သင်းတို့ကတော့ မမေ့ဘူး။

နင် ငါ့ကို လိမ်တယ်။ ငါ့ကို လှည့်စားတယ်။ နင်တို့ဟာ ကိုယ်ရဖို့လောက်သာသိတတ်ကြတယ်။ ခုငါတို့ကိုမေ့နေကြပြီပေါ့လေ။ ငါ့အကြောင်းသိစေမယ်ဆိုပြီး ငှက်ကြီးတောင်မားကြီး မားအိမ်က ချွတ်ပြီး ဗိုးခနဲ ဆွဲယမ်းလိုက်တာ အရိုးကျွတ်ထွက်လို့၊ ကံကောင်းလို့ ဘယ်သူမှ မထိတာ။

အမှားအယွင်းရှိ သည်းခံပါ။ မကြိုက်တာရှိရင် အမိန့်ရှိပါဆိုတော့ ခုန ကပြောတဲ့အတိုင်း ကတိပျက်တွက်မှု၊ သူတို့ကို လှည့်စားမှုဆိုတာတွေ ပါလာတယ်။ ပြီးတော့ နင်တို့လိုဘပြည့်ချင်ရင် မလှည့်စားနဲ့၊ ကတိအတိုင်းလုပ်ဆိုလို့ နတ်ကနားပွဲ ချက်ချင်းပေးလိုက်ရတယ်လေ။

အစတုန်းက ပွဲပေးလိုက်ရင် တစ်ခါတည်းပဲကုန်မှာဗျ။ ဒီလိုလည်း ခိုးလိုးခုလု လာဖြစ်မှာမဟုတ်ဘူး။ ခုတော့ ပထမနေ့ပွဲလည်းပေးလိုက်ရော ငါပျော်သတ္တာ၊ သိပ်ပျော်တာပဲတဲ့။ မနက်ဖြန် တစ်နေ့ဆက်ပေးဦးကွာဆိုလို့နတ်ကနားပွဲနှစ်ရက်ဆက်ပေးလိုက်ရတယ်။ ခုတော့ ကိုးကွယ်တာ၊ မကိုးကွယ်တာထားလို့ နတ်ရှိတယ်ဆိုတာတော့ တကယ်ယုံပြီဗျို့။ နောင်ဆို နတ်ပါတဲ့ကားတွေ ရိုက်ရင် ဂရုမစိုက်ဘဲ နမော်နမဲ့နေလို့ မဖြစ်တော့ဘူး။ နတ်ကတော်တွေဘာတွေမှာဝင်တယ်ဆိုတာတော့ မယုံဘူး။ ခုချစ်မောင်ကြီး ဝင်ပူးတာကိုတော့ တကယ့်ကိုယုံသဗျာ"

ဤကား နတ်ကို လှည့်စားမိခဲ့သော၊ နတ်ကိုမယုံကြည်ခဲ့သော မောင်မောင်စိုး၏ တောင်ပြုန်းညီနောင်ရိုက်ကူးစဉ် ကြုံတွေ့ခဲ့ရသော ကိုယ်တွေ့အဖြစ်မှန် ဖြစ်ပါသတည်း။

**■ နတ်သမိုင်းရိုက်မိလို့ နတ်တိုက်ခံခဲ့ရပါပြီ ဆိုသူ ဒါရိုက်တာဦးချင်းစိန်၏အပြော ■**

ကျွန်တော်တို့အညာ (ပုဂံ၊ ညောင်ဦး) မှာ နတ်နဲ့ ပတ်သက်လို့ ကိုးကွယ်ပ,သသူတွေအလွန်များပါတယ်။ ညောင်ဦး ရွှေစည်းခုံဘုရားကြီးရဲ့ အဂ္ဂါထောင့်မှာဆိုရင် အတွင်း(၃၇)မင်း၊ အပြင် (၃၇) မင်းနတ်ရုပ်ပုံတွေအစုံ နတ်ကွန်းနဲ့တကွထားရှိတာတွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အဖို့မှာတော့ ပြောရရင် ကျွန်တော်ဟာ နတ်ကို ယုံသူလည်း မဟုတ်၊ မယုံသူလည်းမဟုတ်ပါဘူး။ ဘာသိဘာသာပဲနေလာခဲ့တယ်။

**■ ကေလာသသမိုင်း ■**

အောဝမ်းမှာ 'ကေလာသ' သမိုင်း ဇာတ်ကားဟာ ကျွန်တော်ရိုက်တဲ့ကားပဲ။ နတ်၊ ဥစ္စာစောင့်အကြောင်းတွေနဲ့ သိုက်သိုက်ဝန်းဝန်းတန်ဆာဆင်ရိုက်ကူးရတဲ့ကားဖြစ်ပေမယ်လို့ နတ်နဲ့ပတ်သက်တဲ့ အနှောင့်အယှက်ဆိုလို့ ဘာတစ်ခုမှ မတွေ့ခဲ့ရပါဘူး။ ဘေးမသီရန်မခဘဲ အေးချမ်းစွာနဲ့ အောင်မြင်ပြီးခဲ့လို့ လူထု ရှေ့မှောက် ချပြနိုင်ခဲ့ပါတယ်။

**■ ယခု တောင်ပြုန်းညီနောင်ကားမှ ■**

မောင်မောင်စိုးရဲ့ တိုက်တွန်းချက်အရ ကျွန်တော် 'တောင်ပြုန်းညီနောင်' အသံထွက်ကို ရိုက်ကူးတဲ့အခါမှာ နတ်နဲ့ရင်ဆိုင်တွေ့နေရပါတော့တယ်။ တစ်နည်းအားဖြင့် နတ်တိုက်မိတယ်လို့ပဲ ဆိုနိုင်ပါတယ်။

မင်းသမီးကို နတ်ဝင်ပူးလိုက်၊ ကျွန်စစ်သားကို ဝင်ပူးလိုက်နဲ့ ရိုက်လို့ မဖြစ်အောင် ကြုံရလေတော့တယ်။ မင်းသမီးလုပ်သူ မြင့်မြင့်ခင်အား မယ်ဝဏ္ဏက ခဏခဏဝင်ဝင်ပူးနေလို့ ကားရိုက်မယ်ကြံရင် တင်ကြိုပြီး ပန်းများဆက်ရတဲ့အလုပ်ကို တာဝန်တစ်ခုထားပြီး လုပ်ခဲ့ရပါတယ်။ ပန်းဆက်ဖို့မေ့နေလို့ကတော့ အဲဒီနေ့မှာ နတ်ပူးခန်းနဲ့ပထမဆုံးတွေ့ရတော့တာပါပဲ။

**■ ကျွန်စစ်သားကိုနတ်ပူးခြင်း ■**

နတ်တလည်း ပူးတာက အဆန်းသား။ မယ်ဝဏ္ဏလုပ်သူ မင်းသမီး မြင့်မြင့်ခင်ကိုတော့ မယ်ဝဏ္ဏကိုယ်တိုင် ဝင်ပူးပြီး 'ရွှေဖျဉ်းညီနောင်' ကျတော့ ရွှေဖျဉ်းညီနောင်လုပ်တဲ့ မင်းသားချစ်ဆွေလေးနဲ့ မင်းသား မိုးမြင့်ကို ဝင်မပူးဘဲ ကျွန်စစ်သားလုပ်တဲ့ ဇမောင်ချစ်မောင်ကို ဝင်ပူးပါရောဗျာ။ အဲဒီမှာ တုမ္ဘဏီပိုင်ရှင်ဖြစ်တဲ့ မောင်မောင်စိုးကို ခေါင်းတပ်ပြီး မင်းတလေးက ကြိမ်းလိုက်မောင်းလိုက်တာ ကျွန်တော်ဖြင့် အတော့်ကို လန့်သွားမိတယ်။

**■ မင်းအတော်သားပဲ ■**

ကျွန်တော်လည်း အခုကိစ္စမှာ တာဝန်မကင်းဘူးဖြစ်နေတော့ ကိုယ့်အတွက် စိုးရိမ်မိခဲ့တာအမှန်ပါပဲ။ စိုးရိမ်တဲ့အတိုင်းလည်း အမှားအယွင်းရှိ သည်းခံဖို့နဲ့ ကားထဲမှာ လူအများစွဲလမ်းမှုဖြစ်စေရန် ပျော်ကွက်ရွှင်ကွက်ကလေးပါထည့်သွင်း ရိုက်ကူးပေးထားရသည်များကို ခွင့်လွှတ်ဖို့အတွက် ဆုပန်ရွတ်ခဲ့တဲ့အခါမှာဆိုရင် 'အေး ကောင်းပြီ၊ မင်းအတော်သားပဲ၊ ဘို့ကပျော်ပျော်နေချင်တာကွ။ ပျော်ရရင်ပြီးရော ခွင့်လွှတ်ပါသကွာ။ ရိုက်သာရိုက်' တဲ့။ ဤသို့ပင် တောင်းချီးသြဘာ ထောမနာပြုသွားသည်မှာ အားလုံးပင် မျက်မြင်နားကြားဖြစ်ခဲ့ပါသည်။

**■ နတ်ကနားပွဲပေးရခြင်း ■**

ကျွန်တော့်လိုပဲ ယုံသလိုလို၊ မယုံသလိုလိုနဲ့ ဘာသိဘာသာနေလာခဲ့တဲ့ မောင်မောင်စိုးဟာလည်း ကိုယ်တွေ့ကြုံရတော့ ယုံရယုံတွင်မက မင်းညီနောင်ကိုပါ ဦးထိပ်ထား၍ နတ်ကနားပွဲကြီးများပင်ပေးခဲ့ရပါသေးသည်။ ဤတွင်မှ ဇာတ်ကားရိုက်ကူးရာတွင် ပူးဝင်နှောင့်ယှက်ခြင်းမပြုတော့ဘဲ စိတ်ချလက်ချ ရိုက်ခွင့်ရပါလေတော့သည်။

ကျွန်တော်ဇာတ်ကားရိုက်ခဲ့သမျှ ဒါရိုက်တာသက်တမ်းမှာ ဤ (တောင်ပြုန်းညီနောင်) ဇာတ်ကားဟာဖြင့် နတ်နဲ့ ရင်ဆိုင်တွေ့ကြုံရပြီး ရိုက်ကူးရာမှာ အခက်ခဲဆုံးဇာတ်ကားအဖြစ် မှတ်တမ်းတင်ရပါတော့မည်။ နတ်ဆိုတာ ကိုယ်တွေ့ကြုံမှ တကယ်ယုံစရာပါကလားဆိုသောဥပဒေသတစ်ရပ်ကိုလည်း တောင်ပြုန်းညီနောင်မှ အမြတ်ရလိုက်ပါသေးသည်။

ဇာတ်ကားပြီးစီးသွားသည့်တိုင်အောင် တစ်နေ့မှ စိတ်အေးအေးမရိုက်ခဲ့ရ။ ဝင်များပူးဦးမလားဟဲ့ဆိုတဲ့ စိုးရိမ်စိတ်နဲ့သာ ပြီးခဲ့ရပါသည်။ သို့သော် နောက်ထပ် ဘာအနှောင့်အယှက်မှ မတွေ့ရတော့သဖြင့် 'သူတို့တွေကျေနပ်ကြရင်လည်း ပြီးတာပါပဲ' ဟူသော သင်ခန်းစာတစ်ရပ်ကိုလည်း ရရှိလိုက်ပါသေးသည်ဟု ဒါရိုက်တာဦးချင်းစိန်က တောင်ပြုန်းမင်းညီနောင်ရိုက်ကူးခြင်း ကိုယ်တွေ့နတ်လောကကို ဖောက်သည်ချလိုက်လေသည်။

ကိုဘိုး (ရန်ကင်း)

စာညွှန်း

၁၉၅၄ ခု ဇွန်လထုတ်


တောင်ပြုန်းညီနောင်စာစောင်



www.burmeseclassic.com

www.burmeseclassic.com

# မန်ဒိန်းဇာတာဟောကိန်း




၁၇ - ၉ -၂၀၁၄ ရက်နေ့ ည (၉း၅၅း၄၈) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် ကန်ရာသီသို့ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် ပြိဿရာသီ (၂၂) ဒီဂရီ (၁၉) မိနစ်တွင် ထွက်ပေါ်နေခဲ့ပါသည်။ ဤသည်ကား ၂၀၁၄ ခုနှစ်၊ တန်ရာသီ မန်ဒိန်းဇာတာဖြစ်သလို ၂၀၁၄ ခုနှစ်၊ ကန်ရာသီ စူဠသင်္ကြန်ဇာတာလည်း ဖြစ်ပါသည်။ ဤဇာတာ တာလ၌ ဖြစ်ပေါ်လာမည့် ထူးခြားချက် တစ်ခုမှာ ၈-၁၀-၂၀၁၄ နေ့၊ ညနေ (၃း၄၄) နာရီတွင် ငွေစန္ဒာလမင်းသည် သမ္မကြတ်မည်ဖြစ်ပြီး လွတ်စကို ဤမြန်မာပြည်က မြင်ရမည် ဖြစ်သည်။ ပသို့ပင်ဆိုစေ ဤမန်ဒိန်းဇာတာဟောကိန်းတွင် ဤလသမ္မကြတ်ကို မလွဲသေချာ ထည့်သွင်း စဉ်းစားရတော့မည် ဖြစ်သည်။ ၎င်း၏ သက်ရောက်မှုရလဒ်သည် သာမန်မဟုတ်သည်မှာ ဧကန်ဖြစ်ပါတော့သည်။

ဤဇာတာ၏ ထူးခြားချက်မှာ မိန်ရာသီ၌ ယူရေးနပ်ဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် (၅) ဒီဂရီအတွင်း ပူးယှဉ်နေပြီး သောကြာဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် သိဟ်ရာသီအတွင်း ယှဉ်တွဲနေကာ ကန်ရာသီက တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီက ဗုဒ္ဓဟူးဂြိုဟ်နှင့် (၄) ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ နောက် မေထုန်ရာသီက တနင်္လာဂြိုဟ်နှင့် ဓနုရာသီက ပလူတိုဂြိုဟ်တို့သည် (၁၈၀) ဒီဂရီ ဝိသမအဖြစ် မြင်နေကြသည်။ ပြီး ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ရာသီအိမ်ချင်း ဖလှယ်ထားကြသည်။

တစ်ခါ ယူရေးနပ်ဂြိုဟ်က တနင်္လာဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ တနင်္လာဂြိုဟ်က သောကြာဂြိုဟ်ကို (၆၀) ဒီဂရီအမြင်၊ သောကြာဂြိုဟ်က ပလူတိုဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင် စသဖြင့် ဝိုင်းကြီးပတ်ပတ် မြင်နေကြမည်။ ယင်းသို့ပင် ယူရေးနပ်ဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က စနေဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ စနေဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၁၄၄) ဒီဂရီအမြင်နှင့် ပတ်ချာလည်မြင်နေကြမည်။ နောက် နပ်ပကျွန်းဂြိုဟ်က တနင်္လာဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ အင်္ဂါဂြိုဟ်က နက်ပကျွန်းဂြိုဟ်ကို (၉၀) ဒီဂရီအမြင်တို့ဖြင့် မြင်ထားကြသည်။

၎င်းတို့ကိုချိန်ဆ၍ လိုရင်းကို ကောက်ချက်ချ ဖွင့်ဆိုရလျှင် ဘဏ်ချေးငွေကိစ္စ၊ အစုရှယ်ယာကိစ္စ၊ ငွေကြေးခဝါချမှုကိစ္စ၊ အကောက်အခွန်ကိစ္စ၊ တရားမဝင်ငွေရေးကြေးရေးကိစ္စ၊ ငွေကြေးဈေးကွက်တို့နှင့်စပ်လျဉ်း၍ အရှုပ်အရှင်း အငြင်းအခုံဖြစ်ရမှု၊ တရားဥပဒေဆိုင်ရာအကျောက်အကန်ဖြေရှင်းရမှု၊ လွှတ်တော်၌ ဆူညံဆူညံဖြစ်သည့်တိုင် ဖြေရှင်းရမလွယ်မှုများ ရှိမည်။

ဘာသာရေးလောက၊ နိုင်ငံရေးလောက၊ မီဒီယာလောကနှင့် နွယ်ယှက်လျက် အရေးဆိုမှုများ၊ ဓောဒကတက်မှုများ ပိုပြင်းထန်လာမည်။ လွှတ်တော်ပြင်ပလှုပ်ရှားမှုများ၊ အတိုက်အခံလှုပ်ရှားမှုများ၊ ဥပဒေရေးရာတောင်းဆိုမှုများ ပိုမိုတက်ကြွ အားကောင်းလာမည်။ အလုပ်သမား၊ လယ်သမားတို့၏ အရေးဆိုတောင်းဆိုမှုများ ပိုမိုခက်ထန်လာမည်။ လယ်ယာမြေ၊ အိမ်ရာမြေကိစ္စ ငြင်းခုံမှုများ၊ ပိုင်ဆိုင်လိုမှုများ အဆုံးမသတ်နိုင် ပိုမိုပြင်းထန်လာမည်။ လွှတ်တော်၌ ငွေရေးကြေးရေးဆိုင်ရာ၊ ဥပဒေရေးဆိုင်ရာများကို အချေအတင် ငြင်းခုံဆွေးနွေး မကုန်ရှိမည်။

နိုင်ငံရေးလောက မီဒီယာလောက၊ အနုပညာလောကနှင့် နွယ်ယှက်နေသော ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးအတွက် (အထူးသဖြင့် အမျိုးသမီး) စိတ်မကောင်းစရာ၊ ဝမ်းနည်းစရာဖြစ်တတ်သည်။ စီးပွားရေးလောကထင်ရှားသူတစ်ယောက်အတွက်လည်း စိတ်မချမ်းမြေ့စရာကြားတတ်သည်။

ကလေး၊ လူငယ်၊ အမျိုးသမီးနှင့် ဆက်နွယ်နေသော ရာဇဝတ်မှုခင်းများ၊ အပျော်အပါးဆိုင်ရာ၊ မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများ ဟိုကဒီသည်ကပေါ် ဖြစ်နေလိမ့်မည်။ ပညာရေးဆိုင်ရာ၊ အပျော်အပါးဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာနေရာများ၌ မတော်တဆမှုများ ဖြစ်တတ်မည်။အပျော်တမ်းအဖွဲ့အစည်းမှ မတော်တဆတွေ့တတ်သည်။

ရေကြောင်းဆိုင်ရာ လေကြောင်းဆိုင်ရာနှင့် ဆက်နွယ်နေသော ယာဉ်နှင့် ပတ်သက်၍ ဘေးဥပဒ်ကြုံတတ်မည်။ မီးဘေး၊ လက်နက်ဘေးတစ်ခုခု ဖြစ်တတ်သည်။ စစ်ရေးဆိုင်ရာနှင့် နွယ်ယှက်လျှင် ပိုမိုပြင်းထန်တတ်သည်။

အောက်ခြေလူတန်းစားလွှာတွင် ကျန်းမာရေးမကောင်းသတင်းကို ပို၍ ထွက်လာတတ်သည်။ အမျိုးသမီးများ ပို၍ အထိနာတတ်မည်။ အမျိုးသမီးရေးရာ၊ အနုပညာဆိုင်ရာဥပဒေများကို ပြင်ဆင်ရလိမ့်မည်။ အနုပညာလောကမှ ပုဂ္ဂိုလ်တစ်ဦးအတွက် စိတ်မကောင်းဖြစ်ရဦးမည်။

ယေဘုယျအားဖြင့် အုပ်ချုပ်ရေးဆိုင်ရာအစိုးရပိုင်း၌ အောင်မြင်မှုအသင့်အတင့်ရရှိမည်။ အစိုးရနှင့်လွှတ်တော်သဘောထားထပ်တူမကျနိုင်သလိုရှိမည်။ လွှတ်တော်ပြင်ပလှုပ်ရှားမှု ပိုမိုတက်ကြွလာနေမည်။

မင်းခိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

## သစ်ခြောက်ကိုနှိမ်နှင်းခြင်း

**■သစ်ခြောက် ■**

သစ်ခြောက် ဆိုတဲ့ ဝေါဟာရကို လူအတော်များများ ကြားဖူးကြပါလိမ့်မယ်။ သို့သော်လည်း သစ်ခြောက်ကို ကြုံဖူးသူ ဆိုတာကတော့ ရှိတော့ရှိတယ်၊ ရှားတယ်လို့ ဆိုနိုင်ပါတယ်။

ရှေးတုန်းက အိမ်ဆောက်ရင် သစ်နဲ့လွတ်ကင်းတဲ့အိမ်ဆိုတာ ခပ်ရှားရှားပါပဲ။ ကျောင်းဖြစ်စေ၊ အိမ်ဖြစ်စေ၊ ရုံးကန်ကနားဖြစ်စေ သစ်မပါရင်မပြီးပါဘူး။ အဲဒီအခါ အဲဒီသစ်တွေထဲမှာ သစ်ခြောက်ပါလာတတ်ပါတယ်။

သစ်ခြောက်ဆိုတာ ဝိညာဉ်ရှိတဲ့ သရဲတစ္ဆေ မဟုတ်ပါဘူး။ သဘာဝအလျောက် ရှားပါးစွာဖြစ်တည်တတ်တဲ့ သစ်ရဲ့အမြှုတေပါ။ အမြှုတေမျိုးကြွချိန်ရောက်ရင် အမြှုတေအစွမ်းနဲ့ မြည်သံတစ်ခုခုထွက်ပေါ်လာခြင်းပါ။ တူခေါက်သံလိုလို၊ လွှဆွဲသံလိုလို၊ တောက်ခေါက်သံလိုလို၊ ကြွက်ကိုက်သံလိုလိုအသံတွေထွက်ပေါ်လာတတ်ပါတယ်။သစ်ခြောက်ရဲ့အစွမ်းက ဒါပါပဲ။ ဒါကလည်း ထာဝရထွက်ပေါ်နေတာမဟုတ်ဘူး။တိတ်ဆိတ်တဲ့ ညဉ့်ယံတွေမှာသာ ရံဖန်ရံခါထွက်ပေါ်တတ်ခြင်းပါ။

သစ်ခြောက်ဟာ တိုင်ထဲမှာလည်း ပါနိုင်တယ်။ ခွဲစိတ်ထားတဲ့ ပျဉ်တွေမှာလည်း ပါနိုင်တယ်။ အများအားဖြင့် ပါတတ်တာက ထုထည်ကြီးတဲ့တိုင်တွေထဲမှာသာ ပါတတ်တာပါ။ ပြီးတော့ ဒုတိယပါနိုင်တာက ထုထူတဲ့ ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ ဆင့်လှေကား စတဲ့ ပျဉ်ကြီးတွေမှာလည်း ပါနိုင်ပါတယ်။

သူ့ရဲ့အစွမ်းက မြည်သံပေးတာပါပဲ။ အဲဒီမြည်သံကို စိတ်ထဲမှာစွဲပြီး စိတ်သောကဖြစ်နေမယ်ဆိုရင်တော့ အကျိုးယုတ်နိုင်ပါတယ်။ မြတ်စွာဘုရားက စိတ္တေန နီယတေလောကောလို့ ဆိုထားတာကိုး။ လောကကို စိတ်ကဦးဆောင်တော့ကာ သစ်ခြောက်ကိုစွဲကို စိတ်ထဲစွဲပြီး သောကဖြစ်နေမယ်ဆိုရင်တော့ အဲဒီအိမ်ရဲ့လူတွေဟာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးထိခိုက်လာဖွယ်ရှိပါတယ်။ ဦးနှောက်ထဲမထည့်ဘဲ လျစ်လျူရှုနိုင်မယ်ဆိုရင်တော့ ဘာမှမဖြစ်ပါဘူး။

သစ်ခြောက်ပါလာလို့ သစ်ခြောက်လို့သိရင် သစ်ခြောက်ရဲ့သဘောသဘာဝအလျောက် ခြောက်တာပဲလို့သာသဘောထားရမှာ ဖြစ်ပါတယ်။ ဒီထက်ပိုပြီး သူ့ကို ကြောက်လန့်နေစရာမလိုပါဘူး။ သူက ဘာမှမစွမ်းဆောင်နိုင်တာ။ ကိုယ်ထင်လည်းမပြနိုင်ဘူး။ အခြားပုံစံမျိုးစုံနဲ့လည်း မခြောက်တတ်ဘူး။ လူကိုထိခိုက်အောင်၊ ဖျားနာအောင်၊ ရူးသွပ်အောင်လည်း မစွမ်းဆောင်နိုင်ဘူး။ စီးပွားရေးတွေ ပျက်ပြားအောင်လည်း မစွမ်းဆောင်နိုင်ဘူး။

အမြှုတေဆိုတာ နှစ်ရှည်လများ အဲဒီသစ် မပျက်စီး မဆွေးမြည့်သရွေ့ မပျက်မစီးတည်ရှိနေတဲ့အရာ။ အမြှုတေဆိုတာ မပျက်စီးနိုင်တဲ့သဘော။ ဒီတော့ ဒီသစ်ရှိနေသရွေ့ သူ့ရဲ့တည်နေရာမှာရှိမြဲရှိနေမှာပါ။

လူကိုဘယ်လိုမှဒုက္ခပေးနိုင်စွမ်း မရှိဘူးဆိုပေမယ့်လည်း လူတွေဆိုတာ ပုထုဇဉ်တွေဖြစ်ကြလေတော့ ကြောက်တတ်တဲ့သတ္တဝါတွေ ဖြစ်ကြပါတယ်။ ဒီတော့ တိတ်ဆိတ်တဲ့ညဉ့်ယံမှာ သစ်ခြောက်ခြောက်သံကြားရင် ကြောက်ကြတာများပါတယ်။ သင့်တင့်သောနှလုံးသွင်းမှုရှိမှသာ အကြောက်ကင်းတာပါ။ ဒီတော့ သစ်ခြောက်ကို မနှစ်သက်ဖွယ် အမင်္ဂလာလို့ အများကသတ်မှတ်ကြပါတယ်။ သစ်ခြောက်ဟာ စိတ်ကိုအနှောင့်အယှက်ဖြစ်စေတတ်ပါတယ်။ ဒါကြောင့် သစ်ခြောက်ကို အလိုမရှိကြပါဘူး။

**■အိမ်သေးသေးကလေးမှာ ■**

၂၀၁၀ မှာ ကျွန်တော် မိုင်းရှူး ရတနာမြေကနေ မိုးကုတ်ကိုပြန်ရောက်ပြီး ၂၀၁၁ မှာ နေပြည်တော်မှာပြောင်းနေဖို့ မိဘတွေထားခဲ့တဲ့ မြေကွက်မှာ ယောက်ဖဖြစ်သူ တင်မောင်လတ်ကို ပိုက်ဆံတစ်သိန်းပေးပြီး တဲသာသာ တစ်ယောက်နေအိမ်ကလေး ဆောက်ခိုင်းလိုက်ပါတယ်။

အိမ်ဆောက်ပြီးပြီဆိုတော့ ကျွန်တော် မိုးကုတ်ကဆင်းခဲ့ပါတယ်။ သမီးတို့က လိုက်ပို့ပါတယ်။ အိမ်က မျောသစ်ချောင်း (၉) ချောင်းနဲ့ဆောက်ထားတဲ့ ထရံကာ၊ ဓနိကြမ်းခင်း၊ သက်ငယ်မိုး အိမ်သေးသေးလေးပါ။ လူတစ်ယောက်နေဖြစ်ရုံဆိုပါတော့။ အဲဒီမှာ ကျွန်တော် စ,နေပါတယ်။ တစ်ယောက်တည်း အေးအေးချမ်းချမ်းပါပဲ။

ပထမတော့ သတိမထားမိသေးပါဘူး။ အနေကြာလို့ တစ်ရေးနိုးချိန်မှာ သတိထားမိလာပါတယ်။ အဲဒါက အိမ်လေးရဲ့တစ်နေရာမှာ ကြွက်ကိုက်သံလိုလို (သို့) မျောတိုင်နုနုလေးတွေဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

မျောတိုင်ကို သစ်ဖောက်ပိုးကိုက်သလိုလို
တကျောက်ကျောက်နဲ့ ကြားရတတ်တာပါ။
မျောတိုင်လေးတွေက အသစ်
တွေမဟုတ်ဘူး။ ခပ်ဟောင်းဟောင်းတွေ
ပါ။ အလယ်တိုင်သုံးလုံးဆိုရင် တိုနေလို့
ဆက်တောင်ထားလိုက်သေးတာ။ ဘယ်
က ပေါချောင်ဆွဲလာတယ်မသိပါဘူး။
တိုင်ဟောင်းတွေဆိုတော့ သစ်ထိုးပိုးတွေ





www.burmeseclassic.com

www.burmeseclassic.com

ပါလာပြီး သစ်တွေကိုပိုးကိုက်နေတာနေမှာဆိုပြီး ဒီလိုပဲတဂျောက်ဂျောက်အသံကိုဥပေက္ခာပြုကာနေလာခဲ့တာ တစ်နှစ်ဆိုတဲ့အတွင်းမှာ သက်ကယ်အဟောင်းတွေ ကောက်မိုးထားတော့ မိုးရာသီမှာ ပလတ်စတစ်တစ်ထပ်အောက်မှာခံပြီး နေခဲ့ပေမယ့် နောက်လာမယ့် မိုးရာသီမှာ ဘယ်လိုမှနေမဖြစ်တော့ပါဘူး။

သစ်နုဟောင်းတွေဆိုတော့ကာ အောက်ခြေတွေ ဆွေးပြီးပြတ်ထွက်ကုန်ပါတယ်။ ဒီတော့ အိမ်လေးက မြောက်ဘက်ကို တိမ်းစောင်းနေတာမို့ ပွင့်လင်းနွေရာသီမှာ ဖျက်ချလိုက်ပါတယ်။ လဲသင့်တဲ့တိုင်လဲပြီး သစ်ချောင်းလေးတွေအသစ်အစားထိုးကာ သွပ်မိုးအိမ်လေး ပြန်ဆောက်ပြန်ပါတယ်။

ထုံးစံအတိုင်းပါပဲ။ တစ်ရေးနိုးချိန်မှာ ဘယ်နေရာကရယ် မသိပါဘူး။ တဂျောက်ဂျောက်အသံက ကြားမြဲကြားနေရပြန်တာပါပဲ။ ခေါင်းအုံးနဲ့နားနဲ့ကပ်အိပ်ရင် အသံကပိုပြီးကြားရတာမို့ အဲဒီအသံအကြားရ သက်သာအောင် ပက်လက်အနေအထားနဲ့ အိပ်ပျော်စေပါတယ်။

အဲဒီအသံကြားရင် ကြွက်များကိုက်နေတာလားဆိုပြီး ကြမ်းကိုဖနောင့်နဲ့ခေါက်ပြီး ခြောက်တာလည်း အကြိမ်ကြိမ်ပါ။ ကြွက်ဆိုရင် ချက်ချင်းအသံတိတ်တယ်။ ခုဟာက ဘယ်လောက်ပေါက်ပေါက်ဂရုမစိုက်ပါဘူး။တဂျောက်ဂျောက်နဲ့ မြည်မြဲမြည်လျက်ပါပဲ။ သစ်ထိုးတဲ့ပိုးရဲ့ကိုက်သံဟာ အတော်ပြင်းတာပါလားလို့သာ အောက်မေ့ရပါတယ်။

ဒီလို တဂျောက်ဂျောက်အသံနဲ့ နေလာလိုက်တာ ၂၀၁၄၊ ဇန်နဝါရီလ တောင်ရောက်ခဲ့ပါပြီ။ အဲဒီလမှာ မိဘအမွေ ဘုံဆိုင်မြေကို မောင်နှမတစ်တွေ ခွဲခြမ်းစိတ်ဖြာပြီးဝေယူကြတဲ့အခါ ကိုယ့်မြေကွက်နဲ့ကိုယ်ဖြစ်သွားကြတော့ ကျွန်တော်ပိုင်တဲ့ မြေကွက်ကို အိမ်ကလေး ရွှေ့ပြောင်းရတော့မှာပါ။ ဝေးတော့ မဝေးလှပါဘူး။ မူရင်းနေရာရဲ့ အနောက်ဘက် ပေ (၃၀)၊ (၄၀) ပဲ ကွာမှာပါ။ ဒီတော့ကာ စည်းခတ်ဖို့ သစ်တွေ၊ ဝါးတွေ၊ ကပ်တွေလိုသလို အိမ်ရွှေ့ရင်လည်း လိုအပ်တာတွေဖြည့်စွက်ဖို့ စိတ်ကူးရပါပြီ။ အိမ်လေးရဲ့ ထုပ်၊ လျောက်၊ မြား၊ ဆင့်စတာတွေဟာ သစ်ချောင်းလေးတွေနဲ့လုပ်ရတော့ သစ်ချောင်းတွေ ပိုးထိုးလို့ဆွေးနေရင် အသစ်လဲလှယ်ရပါတယ်။ ဒါတွေအတွက် ကြိုတင်စီစဉ်ရပါတယ်။

**■ ကြမ်း(၇)ချောင်းမပြည့်တဲ့အိမ် ■**

ဒီနေရာမှာ ကျွန်တော်ရဲ့ ဘုတ်သိုက်အိမ်ကလေးကို ညီဖြစ်တဲ့ မောင်မြတ်ထွန်းက ဘယ်လိုညွှန်းသလဲဆိုတာ ပြောပြချင်ပါတယ်။

ကျွန်တော်ငယ်ငယ်က ပညာရင်နို့သောက်စို့ခဲ့ရာ မှန်ကျောင်းမှာ ကဆုန်လပြည့် ဗုဒ္ဓနေ့ဝန်းကျင်မှာ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပလေ့ရှိရာမှာ အဲဒီပဋ္ဌာန်းပွဲတော်အတွက် အရှေ့ပိုင်း (၁)၊ (၂) ရဲ့ရပ်မိရပ်ဖတွေဖြစ်တဲ့ ကျွန်တော့်ဦးလေး ကိုရင်မောင်၊ ညီများဖြစ်တဲ့ မောင်မျိုးမြင့်၊ မောင်မြတ်ထွန်း၊ မောင်မောင်၊ ယောက်ဖဖြစ်တဲ့ မောင်ကျော်ဆန်းတို့ဟာ ရပ်မိရပ်ဖတွေဆိုတော့ တာဝန်ရှိတဲ့ ရာအိမ်မှူးနဲ့အတူ တစ်အိမ်ဝင်တစ်အိမ်ထွက် လိုက်ပြီးတော့ အလှူခံပါတယ်။

အဲဒီလို အလှူခံရာမှာ အငြိမ်းစား ဗိုလ်ကြီးတစ်ဦးအိမ်ကို ရောက်တော့ ဗိုလ်ကြီးကတော်က အလှူငွေထည့်ပြီးတာနဲ့-

"ဦးလေးတို့က ဒီရပ်ကွက်ကဆိုတော့ ဒီရပ်ကွက်မှာ သူရဇ္ဇမဂ္ဂဇင်းမှာ အမြဲရေးတဲ့ စာရေးဆရာ ရွှေပြည်စိုး ဆိုတာ သိပါသလား"

လို့မေးတော့ အားလုံးကပဲ ကျွန်တော်တို့နဲ့ ညီအစ်ကိုတော်ကြောင်း ပြောပြကြပါတယ်။

အဲဒီမှာ ဗိုလ်ကြီးကတော်က -

"သူဘယ်နားမှာနေတာလဲ"

လို့မေးတော့ မောင်မြတ်ထွန်းက-

"ကျွန်တော်နဲ့ အိမ်ချင်းကပ်လျက်နေတာပါ"

လို့ဆိုပါတယ်။

"ကျွန်မ သူ့ကို မြင်ဖူးချင်လိုက်တာ"

လို့ အတွန့်တက်လာပြန်တော့ မောင်မြတ်ထွန်းက ချက်ချင်းပဲ -

"စာရေးဆရာကို တွေ့ချင်ရင် မနက်တိုင်း ဇီဇဝါပန်းအဝိုင်းကြီးမှာ လမ်းလျှောက်ပါတယ်။ သူတို့က သုံးယောက်အဖွဲ့ပါ။ အဝိုင်းမှာ နေ့စဉ်ရှိတယ်။ အဲဒီသုံးယောက်ထဲက အသားဖြူဖြူ ပိန်ပိန်ပါးပါးနဲ့လူဟာ ရွှေပြည်စိုးပဲ။ ဟိုနှစ်ယောက်က ဝတယ်။ လူမမှားနိုင်ပါဘူး"

လို့ ညွှန်းခဲ့တယ်လို့ ပြောပြပါတယ်။ ပြီးတော့ ကျွန်တော်ကို မောင်မြတ်ထွန်းက ဘာဆက်ပြောလဲဆိုတော့-

"အစ်ကိုလေးရဲ့အိမ်ကို လိုက်ခဲ့ပါလို့ မဖိတ်ခေါ်ခဲ့ဘူးဗျ။ ဘာလို့လဲဆိုတော့ အစ်ကိုလေးအိမ်က ကြမ်းတောင် (၇)ချောင်းပြည့်ခ့င်မှ -ပြည့်မှာကိုးဗျ။ မတော်လို့ လိုက်လာရင် အစ်ကိုလေး အရှက်ကွဲမှာစိုးတယ်လေ။ ဘယ်မှာထိုင်ခိုင်းမှာလဲ။ ဘယ်လိုဧည့်ခံရမှာလဲ။ အဲဒါကြောင့် ဧည့်ခံဖို့ မျက်နှာပန်းမလှတာနဲ့ အိမ်ကိုမခေါ်ရဲဘဲ ကြည့်ချင် အဝိုင်းမှာသွားကြည့်လို့ ညွှန်းလိုက်တာ"

လို့ပြောပြီး ရယ်နေတော့တာပါ။ ကျွန်တော်တို့ ညီအစ်ကိုတွေဆိုတာက ပြောမနာဆိုမနာတွေဆိုတော့ တဟဲဟဲနဲ့ပါပဲ။ ဟုတ်ကဲ့ - မောင်မြတ်ထွန်းညွှန်းမယ်ဆိုရင်လည်း ညွှန်းလောက်စရာပါ။ အဲဒီအိမ်သေးသေးလေးထဲမှာ စာအုပ်စာတမ်းတွေ၊ အဝတ်တွေ၊ အိပ်ရာတွေ၊ စားအိုးစားခွက်တွေ စသည်ဖြင့် အသုံးအဆောင်တွေနဲ့ ရှုပ်ပွနေတာပါ။ အဲဒါကြောင့် ဘုတ်သိုက်လို ရှုပ်ထွေးနေတာမို့ ကျွန်တော်အိမ်လေးကို ဘုတ်သိုက်လို့ ညွှန်းတာပါ။ ဒါပေမယ့် အေးချမ်းမှုသုခ အပြည့်အဝရှိတဲ့ ဘုတ်သိုက်လေးလို့ ဆိုရမှာပါပဲ။

တကယ်တော့ ဒီအိမ်ကလေးဟာ ကျွန်တော်အတွက် သုခဘုံလေးပါ။ အေးချမ်းတယ်၊ တိတ်ဆိတ်တယ်၊ စာဖတ်လို့ကောင်းတယ်၊ စာရေးလို့ကောင်းတယ်၊ လွတ်လပ်တယ်၊ နေချင်သလိုနေလို့ရတယ်၊ စားချင်သလို စားလို့ရတယ်၊ ချုပ်ချယ်မှုဘောင်မရှိဘူး၊ လည်ချင်တဲ့အချိန်လည်၊ သွားချင်တဲ့အချိန်သွား၊ ပြန်ချင်တဲ့အချိန်ပြန်၊ အိပ်ချင်တဲ့အချိန်အိပ်၊ ထချင်တဲ့အချိန်ထ၊ ကိုယ်ပိုင်လွတ်လပ်ခွင့်အပြည့်ရှိတဲ့ အိမ်ကလေးပါ။လူတွေအမြင်ငုတ်ပေမယ့် ကျွန်တော်အတွက်တော့ ရွှေထုပ်တဲ့မြပဝါပါပဲ။ ကိုယ်ထင် ခုတင်ရွှေနန်း ဆိုတဲ့စကားလည်းရှိတာပဲဗျာ။

ရဟန်းတော်တွေ တောထဲမှာ တောကျောင်းလေးနဲ့ တောရဆောက်တည်တဲ့အခါ ငြိမ်းချမ်းမှုသုခရသလိုပေါ့လေ။ ကျွန်တော်လည်း ငြိမ်းချမ်းမှုသုခရတာပေါ့ဗျာ။ နေတတ်ရင် ကျေနပ်ဖို့အလွန်ကောင်းတာပါ။ တိုက်ကြီးပေါ်နေပြီး ပူလောင်နေတာနဲ့စာရင် ကျွန်တော်အိမ်သေးသေးလေးနဲ့နေရတာ အများကြီးချမ်းသာလှပါတယ်။

(၃၈) ဖြာမင်္ဂလာတရားတော်မှာ



www.burmeseclassic.com

www.burmeseclassic.com

သစ္စဋ္ဌိစ ရောင့်ရဲတင်းတိမ်လွယ်ခြင်းသည်လည်း မင်္ဂလာတစ်ပါးလို့ ဆိုထားတော့ကာ ဖြစ်လေရာဘဝမှာ ရောင့်ရဲတင်းတိမ်နိုင်ရင် သစ္စဋ္ဌိစဂုဏ်မြောက်ပြီး မင်္ဂလာတရားနဲ့ပြည့်စုံသူ ဖြစ်ပါတယ်။

နေလို့အကောင်းဆုံးက မိုးကုတ်ပါ။ မိုးကုတ်ဆိုတာ မိုးနဲ့ဆောင်းဆိုပြီး ရာသီဥတု (၂) ခုသာရှိတဲ့ မြို့ဆိုတော့ အောက်ပြည်အောက်ရွာတွေလို မပူဘူး။ ဒီတော့ နေရတာချမ်းသာတယ်။ ပိုက်ဆံရှိတဲ့လူတွေ နွေရာသီမှာ မိုးကုတ်မှာ အနားသွားယူဖို့ ကောင်းလှပါတယ်။ ဒါပေမယ့် ကျွန်တော်ကျတော့ ပျော်ရာမှာမနေရ တော်ရာမှာနေရ ဆိုတဲ့ စကားလို တတိယအရွယ်မှာ တော်ရာမှာလာနေရတာပါ။နေတဲ့အခါ ချမ်းသာအောင်နေတာပါ။ ကြမ်း (၇) ချောင်းမပြည့်သည်း ကိုယ့်ဟာကိုယ် ကျေနပ်နေဖို့လိုအပ်ပါတယ်။

မိသားစုတွေ မန္တလေးမှာ တိုက်နဲ့နေကြပါတယ်။ သူတို့ဆီလာနေဖို့ ခေါ်ပေမယ့် ခဏပဲအလည်သွားနိုင်တယ်။ အမြဲနေဖို့ကျတော့ မလွယ်ပါဘူး။ လွတ်လပ်မှုလည်း အပြည့်မရှိဘူးပေါ့လေ။ မန္တလေးက နေပြည်တော်ထက်ပိုပြီး ပူတော့ကာ အကြာကြီးနေလေ့မရှိဘဲ နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက်ထဲက ကျွန်တော့်ဘုတ်သိုက်အိမ်လေးဆီ အမြန်ပြန်လာတတ်တာပါပဲ။ အိမ်လေးဆီရောက်ရင် ကျွန်တော့်ရင်တွေ ငြိမ်းချမ်းသွားလေ့ရှိတယ်။

■ ဂုံမင်းအင်းကစွယ်တော် ■

ကျွန်တော်တို့အောင်ဇမ္ဗူရပ်ကွက်မှာ သစ်၊ မျော၊ ဝါးရောင်းတဲ့ ဆိုင် (၃) ဆိုင်ရှိတယ်။ ဈေးစုံစမ်းကြည့်တော့ အနည်းငယ်များနေတာ တွေ့ရတာနဲ့ ဂုံမင်းအင်းရွာသွားလမ်းဘေးမှာရှိတဲ့ စွယ်တော်သစ် ဝါးဆိုင်ကို ရောက်ခဲ့ပါ တယ်။ ဈေးလည်း သက်သာ၊ အိမ်အရောက်လည်းပို့ပေးတဲ့အတွက် စွယ်တော်ဆိုင်မှာ လိုအပ်တဲ့ စည်းခတ်ဖို့ သစ်ချောင်း၊ ဝါး၊ ဝါးကပ်တွေရယ်၊ အိမ်ရွှေ့ဖို့လိုအပ်တဲ့ သစ်၊ ဝါးတွေရယ် ဝယ်ဖြစ်ပါတယ်။ အဲဒီမှာ ဆိုင်ရှင်ဖြစ်တဲ့ ကိုအောင်မျိုးလွင်နဲ့ စကားထိုင်ပြောဖြစ်ပါတယ်။ အဲဒီမှာ ဘဝစုံခဲ့တဲ့ ကိုအောင်မျိုးလွင်က သူ့သစ်ခုတ်သမားဘဝတုန်းကဖြစ်စဉ်တွေကို ဗဟုသုတအဖြစ် ပြောပြပါတယ်။

ဒါနဲ့ ကျွန်တော် ဘာကိုပြေးပြီး သတိရလဲဆိုတော့ ကျွန်တော့်အိမ်က ညဆို တဂျောက်ဂျောက်နဲ့အသံပါ။ အဲဒါကိုပြောပြတော့ ကိုအောင်မျိုးလွင်က-

"အဲဒါ သစ်ခြောက်ပဲဗျ။ သစ်ထိုးပိုးတွေဆိုတာ ဘယ်တော့မှ အသံမမြည်ဘူး။ အထဲမှာ သိမ်သိမ်မွေ့မွေ့ထိုးနေကြတာ။ အဲဒီတဂျောက်ဂျောက်နဲ့ ကွက်ကိုက်သလိုမြည်နေတာဟာ သစ်ခြောက်ပဲဗျ။ အဲဒီအသံဟာ အဆောက်အအုံကြီးရင် အတော်မြည်မှာ။ ဆရာတအဆောက်အအုံသေးတော့ သိပ်မမြည်ဘူးပေါ့"

လို့ ပြောပါတယ်။

"ကိုအောင်မျိုးလွင်တလည်း၊ ကျွန်တော့်အိမ်တိုင်တွေက ခြေသလုံးလောက်သာရှိတဲ့မျောသစ်တိုင်တွေဗျ။ အဲဒီတိုင်နုနုတွေမှာ သစ်ခြောက်ပါလာနိုင်ပါ့မလား"

"ဟာ - ပါတာပေါ့ဗျာ။ သစ်ကြီးတာ၊ သေးတာနဲ့ မဆိုင်ဘူးဗျ။ သစ်ခြောက်ဆိုတာ သစ်မပြောနဲ့၊ ဝါးမှာတောင်ပါလာတတ်တာ။ ဒါမျိုးက ပြောရအခက်ကြီးဗျ၊ ယုံရအခက်ကြီးရယ်။ ဒါပေမယ့် ကိုယ်တွေ့ကြုံရင်တော့ ယုံကြရတာပဲလေ။ ကျွန်တော်တော့ သစ်ခုတ်ရင်း တောထဲမှာအဆန်းတွေကြုံဖူးတော့ ယုံတယ်"

"အေးဗျာ၊ တစ်ရေးနိုးချိန်ဆိုသူက ပိုးထိုးသလို၊ ကွက်တိုက်သလို တဂျောက်ဂျောက်နဲ့ လုပ်နေတတ်တာဗျ။ ကြာတော့လည်း ရိုးနေပါပြီဗျာ။ နေ့စဉ်ကြားနေရတော့ အဆန်းမဟုတ်ပါဘူး"

လို့ ပြောဖြစ်ပါတယ်။

သစ်ခြောက်ကိုနိုင်တဲ့ သစ်မင်းကလည်းမရှိ။ ဘယ်တိုင်ကမြည်နေမှန်းလဲ မသိတာကြောင့် သစ်ခြောက်သက်တမ်းရှည်နေဦးမှာပါပဲ။ တိုင်ငယ် (၉) လုံးသာရှိတဲ့အိမ်လေးမှာ သစ်ခြောက်ပါနေတာကို အံ့ဩတာပါ။ သစ်ကြီးဝါးကြီးတွေနဲ့ဆောက်တဲ့အိမ်ကြီးမှာ ပါတာဆိုရင် ဖြေသာပါရဲ့။ ခုဟာက တတယ့်အိမ်သေးသေးလေးမှာ ပါလာခြင်းပါ။ ထူးဆန်းတဲ့အိမ်လေးပါပဲ။

■ သစ်ခြောက်ကိုနှိမ်နှင်းခြင်း ■

အဲဒီလိုနဲ့ ၂၀၁၄၊ ဇန်နဝါရီလ အလယ်လောက်မှာ စည်းတွေကာပြီး အိမ်လေးကို လက်သမားဆရာ (၃) ဦး ငှားပြီး နေ့ချင်းပြီး ရွှေ့ဆောက်ပါတယ်။ အိမ်မသစ်ပေမယ့် နေရာသစ်မှာ စတင်နေထိုင်ရပါပြီ။

သစ်ခြောက်ဆိုတဲ့အရာကတော့ သူ့ဝတ္တရားမပျက်ပါဘူး။ တစ်ရေးနိုးချိန်ဆို တဂျောက်ဂျောက်လုပ်နေတာပါပဲ။ အတော်ဇွဲကောင်းတဲ့သစ်ခြောက်ပါဗျာ။ ကျွန်တော် ကျောက်ဖျာကျောင်းမှာကြုံဖူးတာက တစ်ခါပဲရက်ဆက်ခြောက်တာပါ။ အဲဒီမိုးကုတ်အနောက်ပိုင်းကျောက်ဖျာကျောင်းကြီးမှာခြောက်တုန်းက အဲဒီသစ်ခြောက်ရှိတဲ့တိုင်ကို ရက်အတန်ကြာစောင့်ဖမ်းမှမိတာပါ။ လူတွေအများကြီးစောင့်အိပ်ပြီး ဖမ်းတာပါ၊ မိတာနဲ့ အဲဒီတိုင်ကို လွှနဲ့ပူနဲ့ဖောက်ပြီး သစ်မင်းရိုက်သွင်းလိုက်တော့တာပါပဲ။ အဲဒီတိုင် ခုထိမခြောက်တော့ပါဘူး။ ကျောက်ဖျာကျောင်းမှာ အဲဒီသစ်ခြောက်ရှိတဲ့တိုင် ခုထိရှိနေဆဲပါ။ ၂၀၀၈ ခုတုတ် သိဒ္ဓိမိုးအထူးထုတ်မဂ္ဂဇင်းမှာ အဲဒီသစ်ခြောက်အကြောင်းကို 'ဆန်းပြတ်ခိုးသောက်သရဲနှင့် ရက်အတန်ကြာအောင်စောင့်ဖမ်းရသောသစ်ခြောက်' ဆိုပြီး ဝတ္ထုတစ်ပုဒ်ဖော်ပြခဲ့ပြီးပါပြီ။

ဒီလိုနဲ့နေလာလိုက်တာ ၂၀၁၄၊ မတ်လတောင်ရောက်ခဲ့ပါပြီ။ ကျွန်တော်ရဲ့ တစ်နေ့တာလည်ပတ်မှုထုံးစံအတိုင်း နံနက်လမ်းလျှောက်ရင်း ပရိတ်၊ ပဋ္ဌာန်းစတာတွေ ရွတ်ဖတ်ပါတယ်။ ပြီးရင် ကိုတင်ထွန်း၊ မွတ်ဘားတို့နဲ့ ရွှေလက်ရာစားသောက်ဆိုင်မှာ နံနက်စာစားပါတယ်။ ပြီးရင် ဈေးနည်းနည်းဝယ်ပြီး အိမ်ပြန်ကာ စာထိုင်ရေးပါတယ်။ ကိုးနာရီကျော်ကျော် ထမင်းဟင်းချက်ပြီး (၁၁) နာရီ မြတ်စွာဘုရားဆွမ်းကပ်ပါတယ်။ ဆွမ်းပွဲပြင်ပြီးကပ်တာပါ။ (၁၂) နာရီထိုးခါနီးစွန့်ပြီး နေ့လယ်စာစားပါတယ်။ ပြီးရင် အချိုတည်း၊ စာဖတ်ပြီး မျက်စိလေးတာနဲ့ တစ်ရေးအိပ်ပေါ့လေ။ အိပ်ရာထ သရေစာစား၊ ရေမိုးချိုးပါတယ်။ ပြီးရင် မွတ်ဘားတို့အိမ်နဲ့ ကိုအောင်မြင့်အိမ် သွားလည်ပါတယ်။ မိုးချုပ်စမှာပြန်ပြီး ညစာဘားပါတယ်။ ညစာစားပြီး စာရေးချင်ရေး၊ မရေးရင် စာဖတ်ပြီး (၈) နာရီလောက်ဆို အိပ်တာပါ။

မှတ်မှတ်ရရ ၁၉-၃-၂၀၁၄ နေ့ ညစာစားပြီး စာထိုင်ဖတ်နေတုန်းမှာ တဂျောက်ဂျောက်အသံကို ပီပီပြင်ပြင်ကြီးကြားရတာကြောင့် အသံလာရာဆီ ကြည့်လိုက်တော့ တောင်ဘက်ဆုံးသုံးလုံးတန်းတိုင်က အလယ်တိုင်ကဖြစ်နေပါတော့တယ်။ အဲဒီတိုင်က ကျွန်တော့်

www.burmeseclassic.com

နေမဝင်(နတ်မောက်)

# အဆစ်ရောင်ရောဂါ လေးဖက်နာအတွက် သောက်ဆေးတစ်လက်

အဆစ်ရောင်ရောဂါ လေးဖက်နာသည် အသက်အရွယ်မရွေးဖြစ်တတ်သောရောဂါ ဖြစ်ပါသည်။ ခန္ဓာကိုယ်မှ အဆစ်များရောင်ပြီး နာလွန်းသဖြင့် အမယ်လေး၊ ဘလေးတနေသူများပင် တွေ့ဖူးပါသည်။ အချို့ အလွန်ဝေဒနာဆိုးရွားသူများမှာ မတ်တတ်ပင်မရပ်နိုင်ဘဲ လေးဖက်ထောက်၍သွားကာ အပေါ့အလေးသွားရသည်အထိဖြစ်တတ်သည်ကို တွေ့မြင်ဖူးပါသည်။ အလွန်ဆိုးရွားအခံရခက်သောဝေဒနာပင် ဖြစ်ပါသည်။

ယခုတင်ပြမည့် ထိုအဆစ်ရောင်ရောဂါအတွက် သောက်ဆေးသည် ကျွန်ုပ်သိသောတတ်သော ဆေးနည်းမဟုတ်ပါ။ လွန်ခဲ့သည့် ဆယ်နှစ်ကျော်က ကျန်းမာရေးမှူး ဆရာ ရေနံ့သာသန်းအောင်၏ လက်တွေ့ဆေးနည်းဖြစ်ပြီး ကျွန်ုပ် ရေးမှတ်ထားခဲ့ခြင်း ဖြစ်ပါသည်။

ပြီးခဲ့သည့် (၃) နှစ်ခန့်က ကျွန်ုပ်သည် အလုပ်ကိစ္စဖြင့် နယ်ကျေးရွာများသို့ ကွင်းဆင်းလေ့လာရာ အဆစ်ရောင်ရောဂါကြောင့် အော်ဟစ်ညည်းတွားဝေဒနာခံစားနေရသူတစ်ဦးနှင့် ဆုံသဖြင့် ဆရာသန်းအောင်၏ဆေးနည်း ပြုလုပ်သောက်ရန် ရေးပေးခဲ့ပါသည်။ လွန်ခဲ့သည့်နှစ်လခန့်ကပင် ထိုဝေဒနာရှင်မှာ နတ်မောက်သို့ရောက်လာပြီး ၎င်းဆေးတစ်ဖုံနှင့်ပင် အဆစ်ရောင်ရောဂါ သက်သာပျောက်ကင်းခဲ့ကြောင်း၊ ၎င်း၏ရွာနှင့် နတ်မောက်မြို့ အသွားအပြန် (၁၈) မိုင်ဝေးသည်ကိုပင် ခြေကျင်သွားလာနိုင်ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာလာရောက်ပြောပြပြီး ရွာထွက် ပြောင်းဖူး၊ ဖရုံသီး၊ ချဉ်ပေါင်ရွက်များ လက်ဆောင်ပေးသွားပါသည်။ ကျွန်ုပ်အား ကျေးဇူးတင်ရန်မလိုကြောင်း၊ ကျန်းမာရေးမှူး ဆရာသန်းအောင် - ရေနံ့သာကိုသာ ကျေးဇူးတင်ရန် ပြောလိုက်မိပါသည်။

ထိုဆေးဖော်ပုံမှာ -

တရုတ်ငကားအနီပင်မှ အမြစ်အစို တစ်ပိဿာတူးယူ၍ ရေစင်စွာဆေး၍ အပေါ်ယံအခြေးပါးကို ဓားဖြင့်ခြစ်ပစ်ပါ။ ထို့နောက် အမြစ်များကို ပါးပါးလှီး၍ ရေ (၃) ပိဿာနှင့် ကျိုချက်ရပါသည်။ ရေ (၁) ပိဿာကျန်ချိန် (သုံးခွက်တစ်ခွက်တင်ချိန်) တွင် ထန်းလျက် (၂၅) ကျပ်သား ထုခြေထည့်မွှေ၍ အအေးခံပါ။ ၎င်းဆေးရည်ကို နံနက်တင်းသောက်ဇွန်း (၂) ဇွန်း၊ နေ့လယ် ည(၂)ဇွန်းစီ တစ်နေ့ (၃) ကြိမ် ပုံမှန်သောက်သွားပေးသည်။ ၎င်းဆေးတစ်ဖုံနှင့်ပင် ယခု (၃) နှစ်ခန့်ရှိခဲ့ပြီ။ လုံး[illegible] အဆစ်ရောင်ရောဂါ မဖြစ်တော့ပါ။

သို့ဖြစ်၍ အမှတ်မထင် ရေးမှတ်[illegible] သော ဆေးနည်းတစ်နည်း၏ လက်တွေ့[illegible] အစွမ်းကို သိရသဖြင့် ထပ်ဆင့်ရေးသား[illegible] တင်ပြအပ်ပါသည်။

ကျန်းမာချမ်းသာကြပါစေ

နေမဝင် (နတ်မောက်)

---

အိပ်ရာခြေရင်းမှာပါ။

ဟန်ကျလိုက်တာ။ ဒီအသံဟာ တစ်ရေးနိုးချိန်မှာကြားနေကျ။ ခုတော့ မိုးတောင်ကောင်းကောင်းမချုပ်သေးဘူး။ ကြားရပြီဆိုတော့တာ သစ်ခြောက်ရှိတဲ့ တိုင်ကို တွေ့ပါပြီကော။ အသံက အနီးကပ်နားထောင်တဲ့အခါတိုင်း ဝမ်းခေါင်းထဲကလာတဲ့အသံပါ။ အတော်လေးမြည်နေပါတယ်။ တကယ့်ကြွက်ကိုက်နေသလိုအသံပါ။ အဲဒီအသံကို အတန်ကြာနားထောင်နေမိပါတယ်။ ဟုတ်တယ်၊ ဘယ်လိုမှ သစ်ထိုးတဲ့ပိုး မဖြစ်နိုင်ဘူး။ သစ်ထိုးပိုးဆိုတာ ကျွန်တော်တို့ ကြိမ်ဖန်များစွာ မြင်တွေ့ဖူးပါတယ်။ ဒီလိုမြည်အောင် မကိုက်နိုင်ပါဘူး။ ပြီးတော့ တိုင်ပေါက်ထဲ ကြွက်ဝင်ကိုက်ရအောင်က လည်း တိုင်မှာအပေါက်လုံးဝမရှိပါဘူး။ သစ်ခြောက်ဆိုတာ သေချာသွားပါပြီ။

သစ်ခြောက်ကိုနိုင်တဲ့ သစ်မင်းတာလည်း မရှိတော့ကာ ဒီသစ်ခြောက်ကို ဘယ်လိုနှိမ်နင်းရပါ့ဆိုပြီး ခေါင်းစားနေမိပါတယ်။ ဒါနဲ့ မတတ်နိုင်ပါဘူးဆိုပြီး အနီးမှာရှိနေတဲ့ဓားမနဲ့ အဲဒီတိုင်ကို စတိသဘော ပတ်ခုတ်တော့တာပါ။ တဒုန်းဒုန်းနဲ့ပေါ့လေ။ ဒီတော့ သစ်ခြောက်ငြိမ်ကျသွားပါတယ်။ ပြတ်အောင်တော့ မခုတ်ပါဘူး။ ပြတ်သွားရင် တိုင်ပြန်လဲရပြီး အလုပ်ရှုပ်မှာစိုးလို့ပါ။

အဲဒီနေ့ ညတစ်ရေးနိုးလို့ နားစွင့်ကြည့်တော့က ကြားနေကျ တဂျောက်ဂျောက်အသံကို မကြားရတော့ပါဘူး။ အသံထွက်တဲ့နေရာ ဓားနဲ့ပတ်ခုတ်လိုက်တာ သစ်ခြောက်လန့်သွားဟန်တူပါရဲ့ဗျာ။ ငြိမ်ချက်သားကောင်းသွားပါတယ်။

ဒါပေမယ့် နောက်ညတွေကနေပြီး ခုထိတိုင်လည်း သစ်ခြောက်သံ မကြားရတော့ကာ သစ်ခြောက်အမြုတေ လန့်ပြီးသေသွားဟန်တူတယ်။ လုံးဝ မခြောက်တော့ပါဘူး။ ဓားမကလည်း အသုံးဝင်သားပဲလို့ တွေးနေမိပါတယ်။ အဲဒီ တဂျောက်ဂျောက်အသံ ပျောက်သွားလို့ အတော်ဝမ်းသာမိတာပါ။

ဒါနဲ့ ကျွန်တော့်ညီမ မညွန့်စိန်နဲ့ မောင်မြအေးတို့ကို အဲဒီအကြောင်းပြောပြပြီး တိုင်လေးကို ပြပါတယ်။

အဲဒီမှာ မညွန့်စိန်က -

"အစ်ကိုလေးက သစ်မှာပါလာတာတွေ့လို့ တော်သေးတာပေါ့။ ကျွန်မတို့ ရန်ကုန်မှာနေတုန်းက အိမ်ခေါင်မိုးတဝါးမှာပါလာတာ ညဆို တဖြောင်းဖြောင်းနဲ့ အတော်ဒုက္ခပေးတာ။ ဘယ်ဝါးကမှန်းမသိတော့ ဘာမှလုပ်လို့မရဘူး။ အိမ်အသစ်ထပ်ဆောက်မှ အဲ[illegible] ဝါးခြောက်တဲ့ဒုက္ခကလွတ်တာ"

လို့ ပြောပြပါတယ်။

သစ်သာခြောက်တာမဟုတ်၊ [illegible] မှာလည်းပါတတ်ကြောင်း အတိအ[illegible] သိရပြီး ဗဟုသုတဖြစ်ရပါတယ်။

ကျွန်တော်ကျတော့ ထူးထူးဆ[illegible] ဆန်းတွေရေးပြနေတဲ့လူမို့လားမသိ[illegible] ဘူး။ ထူးထူးဆန်းဆန်း ဒီလောက်[illegible] တဲ့ သစ်ချောင်းတိုင်လေးမှာ [illegible] ခြောက်ပါလာရတယ်လို့ဗျာ။ အံ့[illegible] စရာပါ။ ကြောက်တတ်တဲ့လူသာဆို[illegible] တော့ နေစရာရှိမယ်မထင်ပါဘူး။ ဒီ[illegible] လေးကို စွန့်ပြေးသွားမှာ အမှန်ပါ။

သစ်ခြောက် စောစီးစွာ [illegible] ခြောက်လှန့်တဲ့အချိန်မှာ ကြံရာမရ[illegible] ဓားမနဲ့ ပတ်ခုတ်လိုက်တာ အဆီအ[illegible] တည့်သွားဟန်ရှိတယ်။ သစ်ခြောက်[illegible] သွားပါတော့တယ်။

အကယ်၍သာ သင်တို့[illegible] သစ်ခြောက်နဲ့ကြုံခဲ့မယ်ဆိုရင် သ[illegible] မရှိပါက ဓားမနဲ့သာ ဖြေရှင်းလိုက်[illegible] လို့ အကြံပြုလိုက်ပါတယ်။

ချမ်းမြေ့[illegible]

နေပြည်တော်ကျော်[illegible]




www.burmeseclassic.com

www.burmeseclassic.com

စွမ်းထက်နောင်

# လေးဖက်နာရောဂါနှင့်အစားအစာများ



လေးဖက်နာရောဂါ ဆိုသည်မှာ အဆစ်အမြစ်များ နာကျင်ခံစားရသော အဆစ်အမြစ်ရောင်ရောဂါများအနက်မှ တစ်ခု ဖြစ်ပါသည်။ ရောဂါဖြစ်ပွားရခြင်းမှာ စားသုံးလိုက်ရသည့် အစားအစာ အာဟာရများနှင့် အဓိကပတ်သတ်ပါသည်။ ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့်သော် လည်းကောင်း၊ ဖြစ်ပွားခံစားနေရသူများ ပျောက်ကင်း သက်သာစေရန်သော်လည်း၊ လေးဖက်နာရောဂါ ဖြစ်ပွားစေသော အစားအစာများကို သိရှိပြီး ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

ကုသမှုများနှင့် သုတေသနပြုမှုများအရ အစားအသောက်များကို ကန့်သတ်ထိန်းချုပ်စားသောက်နိုင်ပါက ရောဂါများ သက်သာ ပျောက်ကင်းနိုင်ကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးအတွက် ကောင်းမွန်သည့် အစားအသောက်၊ အနေအထိုင်၊ ပုံစံပြောင်းလဲကျင့်သုံးရန် လိုအပ်ပါသည်။ ရောဂါများ မဖြစ်ပွားစေရန် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ သင့်လျော်သော အာဟာရမျှတသည့်အစားအစာများ စားသောက်ခြင်းတို့ကို ပြုလုပ်ရပါမည်။ ရောဂါများ ပျောက်ကင်းစေရန် မိမိကိုယ်မိမိအလုံးစုံစီမံခန့်ခွဲမှုများကို ပြုလုပ်ရပါမည်။

လေးဖက်နာရောဂါ ဖြစ်ပွားခြင်းမှာ ခန္ဓာကိုယ်အတွင်းရှိသွေးများတွင် ယူရစ်အက်စစ်ပါဝင်မှု များပြားခြင်းကြောင့် ဖြစ်သည်။ ယူရစ်အက်စစ်များသည် အရိုးအဆစ်၊အဆက်နေရာများ၌ အမှုန်အမွှားများမှတစ်ဆင့် ပုံဆောင်ခဲအသွင်သဏ္ဌာန်ဖြင့် စုပုံလာခြင်း ဖြစ်ပါသည်။ ထိုအက်စစ်များသည် ဇီဝကမ္မဖြစ်စဉ်အရ ပြူရင်းဓာတ် (Purines)များများ ပြိုကွဲမှုကြောင့် စွန့်ပစ်လိုက်သည့် အရာဝတ္ထုများ ဖြစ်သည်၊ ပြူရင်းဓာတ်သည် သဘာဝအားဖြင့် ခန္ဓာကိုယ်မှ ဖြစ်ပေါ်လာသကဲ့သို့ စားသုံးလိုက်သည့် အစားအစာများတွင်လည်းပါဝင်ပါသည်။ ထိုပြူရင်းဓာတ်များကို အစာခြေစနစ်မှ အစာခြေပြီးစွန့်ပစ်လိုက်သောအရာများတွင် ယူရစ်အက်စစ်များ ပါဝင်သည်။ ဆီးသွားသည့်အခါ ယူရစ်အက်စစ်များကို စွန့်ထုတ်လိုက်လိုက်ပြီး ပမာဏများပြား၍ ဆီးလမ်းကြောင်းမှ စွန့်မပစ်နိုင်သောအခါ ယူရစ်အက်စစ်များသည် သွေးအတွင်း များပြားလာပြီး လေးဖက်နာရောဂါ ဖြစ်ပွားရပါသည်။

အစားအသောက် စားသောက်မှုကို ကန့်သတ်ထိန်းချုပ်ခြင်းဖြင့် ယူရစ်အက်စစ်ထုတ်လုပ်မှုကို လျော့နည်းစေနိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ပြီး ရောဂါဖြစ်ပွားနေသူများလည်း သက်သာ ပျောက်ကင်းနိုင်ပါသည်။


ပြူရင်းဓာတ်များသည် အစားအစာတိုင်းတွင် ပါဝင်နေပြီး ပါဝင်မှုအနည်း၊ အများသာ ကွာခြားပါသည်။ ပြူရင်းပါဝင်သော အစားအစာများကို ရှောင်ကြဉ်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ပြူရင်းဓာတ်နည်းပါးသော အစားအစာများကိုသာ ရွေးချယ်စားသုံးရမည် ဖြစ်ပါသည်။ မိမိရွေးချယ်စားသုံးလိုက်သည့် အစားအစာများကို ခန္ဓာကိုယ်မှ မည်သို့တုံ့ပြန်သည်နှင့် အကျိုးကျေးဇူးရှိ၊ မရှိကို မိမိကိုယ်တိုင် လေ့လာ ဆုံးဖြတ်ရပါမည်။

ရောဂါဖြစ်ပွားနေသူများနှင့် သွေးအတွင်း ယူရစ်အက်စစ်ပမာဏ များပြားနေသူများသည် ပြူရင်းဓာတ်နည်းပါးသော အစားအစာများကို ရွေးချယ်စားသုံးခြင်းဖြင့် နာကျင်ကိုက်ခဲမှု၊ အရိုးအဆစ်များတောင့်တင်းနေမှု၊ ရောင်ရမ်းနီရဲမှုများ လျော့နည်းပျောက်ကင်းလာမည် ဖြစ်သည်။

များစွာသော သုတေသနသိပ္ပံပညာရှင်များမှ လေးဖက်နာအဆစ်

## Risk factors and symptoms to avoid

**Gout commonly strikes between the ages of 30 and 50, usually occurring in men and, less often in women in menopause. Avoiding certain foods high in purine and keeping weight down are controllable risk factors.**




Other risk factors include sudden severe illness, crash diets, joint injury and chemotherapy

SOURCES: Arthritis Foundation, The Merck Manual of Medical Information • AP



www.burmeseclassic.com

www.burmeseclassic.com

ရောင်ရောဂါသည် လူအများ၏ စားသောက်နေထိုင်မှု အလေ့အကျင့်များ၊ ဘဝနေထိုင်မှုပုံစံများ များယွင်းမှုကြောင့် ဖြစ်ကြောင်း လေ့လာ တွေ့ရှိထားပါသည်။

ခန္ဓာကိုယ်အတွင်း ယူရစ်အက်စစ် ထုတ်လုပ်မှုလျော့နည်းစေရန် အဓိကကျသဖြင့် ပြူရင်းဓာတ်နည်းပါးသော အစားအစာများကို စားသုံးရန် လိုအပ်သကဲ့သို့ ပြူရင်းဓာတ်များပြားသော အစားအစာများကိုလည်း ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ပြူရင်းဓာတ်များပြားသော၊ နည်းပါးသော အစားအစာများကို သိရှိရန်လိုအပ်ပါသည်။

**၁။ ရှောင်ကြဉ်ရမည့် ပြူရင်း (Purines) ဓာတ်များစွာပါဝင်သည့်အစားအစာများ**

ဘီယာ၊ အရက်၊ အချိုရည်များ၊ သကြားများစွာပါဝင်သောဖျော်ရည်များ၊ အဆီများစွာပါဝင်သောအစားအစာများ၊ တိရစ္ဆာန်ခန္ဓာကိုယ်အတွင်းရှိ အတွင်းကလီစာများ၊ (ဥပမာ - အသည်း၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ်၊ အူ)ဝက်ပေါင်ခြောက်၊ အမဲသား၊ အသားများ၊ အချဉ်ဖောက်သည့်တစေး၊ ကစော်ရည်များ၊ ငါးပါးနီ၊ ငါးသေတ္တာငါး၊ ပင်လယ်ငါး၊ ငါးကြီးများ၊ အဆီများသောငါး၊ ခုံးကောင်အမျိုးမျိုး၊ ပင်လယ်ငါးများ၊ အသားဟင်းရည်များ၊ ငှန်းသား၊ ဆိုဒါပါဝင်သော အစားအစာများ၊ တာရှည်ခံရန် အရည်ထုတ်ထားသော အစားအစာများ၊ ကင်၊ ဖုတ်ထားသောအစားအစာများ၊ ရေခဲမုန့်၊ သကြားလုံးများ၊ ပြုပြင်ထားသောအစားအစာများ၊ အမြန်စာများ ဖြစ်ပါသည်။ အသားများတွင်ပါဝင်သော ပရိုတင်းအသားဓာတ်သည် ယူရစ်အက်စစ်ပမာဏကိုများစေသဖြင့် လေးဖက်နာရောဂါကို ပိုမိုဖြစ်ပွားစေပါသည်။

ရောဂါဖြစ်ပွားနေပါက ဟင်းနုနယ်၊ ပဲပင်ပေါက်၊ မှို စသည် အသီးအနှံများမှာ ပြူရင်းဓာတ်များသဖြင့် မစားသုံးသင့်ပါ။

**၂။ အကန့်အသတ်ဖြင့် စားနိုင်သော အစားအစာများ**

ကြက်သား၊ အမဲသား၊ ဝက်သား၊ ဘဲသား၊ ကဏန်း၊ ပုစွန်၊ ခရုနှင့် ပုစွန်ဆိတ်၊ ဖျော်ရည်အနည်းငယ်၊ အဆီပါဝင်သော အစားအစာအနည်းငယ်များ ဖြစ်ပါသည်။

**၃။ စိတ်ချစွာ စားသောက်နိုင်သော အစားအစာများ**

ကော်ဖီ၊ လက်ဖက်ရည်၊ ဝိုင်နီ၊ အသီးအရွက်၊ သစ်သီးများ၊ ဆန်၊ ခေါက်ဆွဲ၊ ဂျုံ၊ အာလူး၊ မြေပဲ၊ ပဲအဆန်များ၊ ဥများ၊ အဆီနည်းသောအစားအစာများ၊ အဆီထုတ်ထားသောထောပတ်၊ ဒိန်ချဉ်၊ ရေ၊ ရေချိုငါး၊ ကြက်သား၊ ပေါင်မုန့်၊ ဆလတ်ရွက်၊ သစ်တော်သီး၊ အချိုမပါဝင်သော သစ်သီးဖျော်ရည်များ၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ တရုတ်နံနံပင်၊ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ ဖရဲသီး၊ နာနတ်သီး၊ သင်္ဘောသီး၊ ထောပတ်သီးများဖြစ်ပါသည်။

အသီးအနှံအစေ့များမှ ရရှိသော ပရိုတင်းအသားဓာတ်များသည် ယူရစ်အက်စစ်ပမာဏ လျော့နည်းစွာ ပါဝင်သည်။ အခြေခံကျန်းမာရေးအတွက် လိုအပ်သော အချက်တစ်ခု ဖြစ်သည့် ဗီတာမင်စီသည် ငွေကုန်ကြေးကျမများဘဲ အထက်ပါအသီးအနှံများမှ ဖောဖောသီသီ ရရှိနိုင်ပါသည်။

စားသောက်သည့် ပုံစံများသည် တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားနိုင်၍ မိမိအတွက် သင့်တော် ဈေးချိုသည့် အစားအစာများကို ရွေးချယ်စားသုံးရန် လိုအပ်ပါသည်။ မိမိနှင့်မသင့်တော်သည့် အစားအစာ၊ သင့်တော်သည့် အစားအစာများကို သိရှိပြီး ရွေးချယ်စားသုံးရမည် ဖြစ်ပါသည်။ မည်သည့်အစားများ စားသုံးလိုက်သည့်အတွက် လေးဖက်နာရောဂါ ပိုမို ဆိုးဝါးလာသည်၊ သက်သာလာသည်ကို ကြည့်ရှုဆုံးဖြတ်ရပါမည်။

ခန္ဓာကိုယ်အလေးချိန်များနေခြင်းနှင့်ဝဖြိုးနေခြင်းတို့သည်လည်း လေးဖက်နာရောဂါပိုမိုဖြစ်စေသော အကြောင်းတစ်ခုဖြစ်၍ ခန္ဓာကိုယ်အလေးချိန်များခြင်းကို လျှော့ချထိန်းသိမ်းရန်လိုအပ်ပါသည်။

ခန္ဓာကိုယ်အလေးချိန်လျှော့ချရာတွင် အများအားဖြင့် အစားအသောက်ရှောင်ကြဉ်၊ လျှော့စားခြင်းနှင့် အားကစားတစ်ခုခု ပြုလုပ်ခြင်းဖြင့် လျှော့ချနိုင်ပါသည်။ အားကစားဖြင့် ခန္ဓာကိုယ်အလေးချိန်လျှော့ချခြင်းသည် ကောင်းမွန်သော်လည်း အလွန်အမင်း အစားအစာလျှော့စားခြင်း၊ မစားသောက်ဘဲနေခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ဆိုးဝါးစေသည်ကို သတိပြုရမည်ဖြစ်ပါသည်။

အစားအစာ ရှောင်ကြဉ် ဖြတ်တောက်ခြင်းဖြင့် လျင်မြန်စွာ အလေးချိန်လျှော့ချခြင်းသည် အန္တရာယ်ရှိပါသည်။ အစားအသောက်လျှော့၍ ခန္ဓာကိုယ်အလေးချိန်လျှော့ချခြင်းသည် ခန္ဓာကိုယ်အတွင်း ယူရစ်အက်စစ်ဓာတ်ထုတ်လုပ်မှု များပြားစေပါသည်။ အထက်ပါ လေးဖက်နာအဆစ်ရောင်ရောဂါအတွက် သင့်လျော်သောအစားအစာများကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ယူရစ်အက်စစ်ထုတ်လုပ်မှုကို လျှော့ချပေး၍ ယူရစ်အက်စစ်ဖယ်ထုတ်ခြင်း အာနိသင်ကို တိုးပွားစေပါသည်။

လေးဖက်နာရောဂါသည် နာတာရှည်ရောဂါဖြစ်တတ်သဖြင့် ဖြစ်စတွင် ထိထိရောက်ရောက်ကုသသင့်ပါသည်။ ရောဂါဖြစ်ပွားနေပါက စနစ်တကျ လျင်မြန်စွာ ကုသမှုကို ခံယူသင့်ပါသည်။ နည်းလမ်းတကျ မကုသဘဲထားပါက ခန္ဓာကိုယ်အတွင်းအရိုးအဆစ်များတွင် ယူရစ်အက်စစ်များ ပိုမိုများပြားလာ၍ အဆစ်များဖျက်ဆီးခံရပြီး အခြားရောဂါများပါဝင်ရောက်လာတတ်ပါသည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်တစ်ရောဂါများ၊ ကျောက်ကပ်တွင်ကျောက်တည်ခြင်း၊ အသည်းရောဂါ၊ ဆီးချိုလေဖြတ်ခြင်းနှင့် အလွန်ဝဖြိုးလာခြင်း ဖြစ်လာမည်။ ထိုရောဂါများသည် အသက်သေဆုံးနိုင်သည့် လေးဖက်နာရောဂါ၏ နောက်ဆက်တွဲရောဂါများဖြစ်သဖြင့် လေးဖက်နာရောဂါကို အထူးရေ ပြုကုသမှုကို ခံယူရမည် ဖြစ်ပါသည်။

ခန္ဓာကိုယ်အလေးချိန်လျှော့ချရန် လေ့ကျင့်ခန်းမှန်မှန် ပြုလုပ်ခြင်းသည် လေးဖက်နာရောဂါအပါအဝင် အထက်ပါရောဂါများကို ကြိုတင်ကာကွယ်ရာ ရောက်ပါသည်။ ကျန်းမာသော၊ ကြံ့ခိုင်သော၊ ထွားကျိုင်းသောသူများဖြစ်ရန်နှင့် ကိုယ်အင်္ဂါထွားကျိုင်းရေး၊ လျင်မြန်ဖျတ်လတ်ရေးနှင့် အထွေထွေကျန်းမာရေး အတွက် အစာအာဟာရနှင့် လေ့ကျင့်ခန်းတို့သည် အဓိကဖြစ်ပါသည်။

**ကြိုတင်ကာကွယ်ခြင်း**

လူနေမှုဘဝပုံစံ ပြုပြင်ပြောင်းလဲခြင်းဖြင့် ယူရစ်အက်စစ်ပမာဏကို လျှော့ချနိုင်ပါသည်။ စားသောက်မှုပုံစံ ပြုပြင်ပြောင်းလဲခြင်းဖြင့် အကျိုးရလဒ်များ ရရှိနိုင်ပါသည်။ အသား၊ ပင်လယ်စာများ၊ အရက်၊ အချိုယမကာ



www.burmeseclassic.com

www.burmeseclassic.com

ဘီယာများသောက်သုံးခြင်းကို လျှော့ချ၍ ဗီတာမင်စီလုံလောက်စွာရရှိရန် စားသောက်ခြင်း၊ ခန္ဓာကိုယ်အလေးချိန် လျှော့ချခြင်း၊ မဝရန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကာလိုရီမများသောအစားအစာများ စားသောက်ခြင်း၊ တစ်နေ့ ရေ (၈) (၁၀) ခွက်နေ့စဉ်သောက်သုံးခြင်းဖြင့် ယူရစ်အက်စစ်ပမာဏ လျှော့ချနိုင်ပါသည်။ အထူးသတိပြုရန်မှာ အိမ်ထောင်ရှင်များ အတူနေထိုင်ဆက်ဆံခြင်းသည်မှာလည်း ယူရစ်အက်စစ်ပမာဏလျှော့ရာရောက်ပါသည်။ နေ့စဉ် ဗီတာမင်စီ (၁၅၀၀) မီလီဂရမ် သောက်သုံးခြင်းသည် လေးဖက်နာရောဂါ (၄၅) ရာခိုင်နှုန်း လျော့နည်း ပျောက်ကင်းနိုင်ပါသည်။ ဖောလစ်အက်စစ် နေ့စဉ် (၈၀) မီလီဂရမ်၊ အိုမီဂါ (၃)ပါဝင်သော ငါးကြီးဆီ၊ ကော်ဖီ၊ လက်ဖက်ရည် သောက်သုံးခြင်းသည်လည်း ယူရစ်အက်စစ်ပမာဏ လျှော့ချနိုင်၏။ လေးဖက်နာရောဂါဖြစ်ပွားခံစားနေသူများသည် ရောဂါသက်သာစေရန် အစားအသောက်များ ရှောင်ကြဉ်ခြင်းအပြင် နာကျင်မှုသက်သာစေရန်ကိုက်ခဲသည့် အဆစ်အမြစ်များတစ်ဝိုက်တွင် ရေနွေးပတ်ကပ်ပေးခြင်း သို့မဟုတ် ရေနွေးစိမ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ရေနွေးထည့်ထားသော ရေချိုးကန်အတွင်း ရေနွေးအပူချိန် (၉၃.၅) ဒီဂရီဖာရင်ဟိုက်တွင် တစ်နာရီခန့်စိမ်နေခြင်းဖြစ်ပါသည်။ အပူချိန် (၉၃.၅) ဒီဂရီဖာရင်ဟိုက်ကို အမြဲတမ်းဖြစ်စေရန်၊ ထိန်းသိမ်းရန်နှင့် ထိုအပူချိန်သည် ကျန်းမာသောလူတစ်ဦးအတွက် သင့်တော်သောအပူချိန်ဖြစ်၏။ ရေနွေးသည် ရေအေးထက် ယူရစ်အက်စစ် ပျော်ဝင်နှုန်းကောင်းပါသည်။ ထို့ပြင် ယူကာလစ်ဆီ၊ ပရုတ်မှုန့်မင်သော်မှုန့် (၅ဆ+၁ဆ+၁ဆ) ရောစပ်၍ ကိုက်ခဲသောနေရာတစ်ဝိုက်လိမ်းကျံ၍ ပလတ်စတစ်အစဖုံးအုပ်ပြီး ရေနွေးငွေ့ဖြင့်ပေါင်းထားသော မျက်နှာသုတ်ပဝါအုပ်ထားနိုင်ပါသည်။ ရောဂါဖြစ်ပွားနေသူများ ခန္ဓာကိုယ်အတွင်းရှိ ယူရစ်အက်စစ်နှင့် အဆိပ်အတောက်အညစ်အကြေးများပျောက်ရန် တစ်နေ့ သစ်သီးဖျော်ရည် (၂)ပုလင်းမှ (၃)ပုလင်း သောက်နိုင်ပါသည်။

သဘာဝ ဟင်းသီးဟင်းရွက်များ စားသုံးခြင်း၊ သစ်သီးအရည်များသောက်ခြင်းသည် ယူရစ်အက်စစ်ဓာတ်များကို လျော့နည်းစေသည့်အပြင် ယူရစ်အက်စစ်ကြောင့် ကျောက်ကပ်တွင် ကျောက်တည်ခြင်းများကို ပျော်ကျစေပါသည်။ နံနက်စာ စထင် စားသောက်ရာတွင် သစ်သီးများ၊ သစ်သီးဖျော်ရည်များကိုသာ စတင် စားသောက်ပါ။ နေ့လယ်စာ၊ ညနေစာစားသုံးရာတွင်လည်း သစ်သီးဟင်းရွက်များကိုသာ ဦးစားပေး စားသုံးပါ။ ထိုသို့ စားသောက်ခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေး၊ အဆိပ်အတောက်ကို သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်ပါသည်။ အသားများ၊ ပြူရင်းဓာတ်ပါဝင်သောအစားအစာများကို တတ်နိုင်သမျှ ရှောင်ပါ။ အသားများစားသုံးလိုပါက ဟင်းသီးဟင်းရွက်များနှင့် ဆတူစားပါ။ ဆားများ၊ သကြား၊ ဟင်းခတ်မှုန့်များကို ရှောင်ကြဉ်ပါ။ အိုင်အိုဒင်းဆားကိုသုံးစွဲပါ။ ရေသန့်များစွာသောက်ခြင်းဖြင့် ယူရစ်အက်စစ်၏ PH တန်ဖိုးကို လျော့နည်းစေပါသည်။ ခန္ဓာကိုယ်အလေးချိန် (၁၂၅) ပေါင်ရှိသူတိုင်း ရေ (၁၂၅) အောင်စ သောက်ပါ။ (၁၂၅ အောင်စသည် ရေတစ်ဂါလံ(၆)ပုလင်းခန့်ရှိပါသည်။) နေ့စဉ် သောက်သုံးရန်လိုအပ်ပါသည်။ အရက်၊ ဆေးလိပ်သောက်သုံးခြင်းတို့ကိုရှောင်ကြဉ်၍ စိတ်ဖိစီးမှုမဖြစ်ရန် နေထိုင်ပါ။ ခန္ဓာကိုယ်အလေးချိန်နှင့် ကိုလက်စရောပမာဏများပြားမှုကို အမြဲစစ်ဆေးပါ။ များနေပါက လျှော့ချရန် ကြိုးစားပါ။ လေ့လာချက်အရ ဆင်တုံးမနွယ်သည် လေးဖက်နာကို ကုသနိုင်၏။ ယူရစ်အက်စစ်များကို လျော့နည်းစေ၍ ပန်းသေ၊ ပန်းညှိုးရောဂါနှင့် အလိုအလျောက်သုက်လွှတ်ခြင်းကို ပျောက်စေပါသည်။

**ပြူရင်းဓာတ်များသော အစားအစာများ ရှောင်ကြဉ်ရန် သုတေသနပြုမှုများ**

၁။ ၂၀၀၄ ခုနှစ်က လေ့လာမှုသုတေသနပြုမှုအရ ဘီယာ၊ အရက်၊ အယ်(လ်)ကိုဟော ပါဝင်သော အရက်ဖျော်ရည်၊ ယမကာများ၊ နီရဲသောအသားများ၊ ပင်လယ်စာများ စားသုံးသည့် အသက် (၄၀) ကျော် ယောက်ျားများကို လေ့လာခဲ့ရာ နီရဲသောအသားများစားသုံးမှုသည် လေးဖက်နာရောဂါဖြစ်ပွားနှုန်း (၂၁)ရာခိုင်နှုန်း တိုးတက်စေကြောင်းနှင့် ပင်လယ်စာများစားသုံးမှုသည် (၇) ရာခိုင်နှုန်း တိုးတက်ဖြစ်ပွားစေကြောင်း တွေ့ရပါသည်။ တစ်နေ့မကြာခဏ အရက်၊ ဖျော်ရည်၊ ယမကာ၊ အလွန်ချိုသောအရည်များ သောက်သုံးခြင်းသည် လေးဖက်နာ (၈၅) ရာခိုင်နှုန်း ပိုမိုဖြစ်ပွားစေကြောင်းတွေ့ရှိရပါသည်။ New England Journal of Medicine တွင် လေ့လာစမ်းသပ်ခဲ့မှုများကို ဖော်ပြထားပါသည်။ အရက်၊ ဖျော်ရည်၊ ယမကာများတွင် ယူရစ်အက်စစ်မပျော်ဝင်နိုင်ပါ။ ဘီယာသည် အရက်ထက် (၂)ဆပိုမိုဆိုးဝါးပါသည်။ ဝိုင်အသင့်အတင့်သောက်သုံးနိုင်၏။

၂။ ပရိုတင်းဓာတ်နှင့်ပြူရင်းဓာတ်များပါဝင်သော အသီးအနှံ၊ အရွက်များကို စားသုံးခြင်းနှင့် ဝိုင်နီသောက်သုံးခြင်းသည် လုံးဝ လေးဖက်နာရောဂါ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရပါသည်။ တစ်ဖန် အဆီနည်းသော၊ အဆီထုတ်ပြီး နို့၊ ဒိန်ချဉ်တို့သည် လေးဖက်နာရောဂါကို ဖြစ်ပွားမှုလျော့ကျနည်းစေကြောင်းနှင့် ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။

စွမ်းသက်နောင်

ကိုးကား -


အင်တာနက်





www.burmeseclassic.com

www.burmeseclassic.com



# ရှစ်ခွင်ကျော် ဖောင်တော်သိ

အားကိုးစရာ

နေဝင်မီးလက် စီးပွားတက်။

မြန်မာ့လေ့ကို ပြောင်းပြန်လှန်လိုက်လို့ အပြစ်ဆိုရင်လည်းခံရမှာပါပဲ။ နယ်မြေအခြေအနေအရ မလှန်မဖြစ်လို့ လှန်လိုက်ရခြင်းပါ။ အဲဒါကတော့ ကျွန်တော်တို့ ပဲခူးခရိုင် တိုက်ခိုက်ရေးရဲ (အရန်ရဲ) ဃ-တပ်ခွဲရဲ့ ကျေးရွာကိုထုတ်ပြန်တဲ့ရုံးမိန့်ပါ။

နေဝင်မီးမှိတ် တံခါးပိတ်ပါပဲ။

မီးရောင်မြင်လျှင်ပစ်၊ အသံကြားလျှင်ပစ်။ တစ်ဖွဲ့ဝင်တိုင်းလိုက်နာရတဲ့ အမိန့်ထုတ်ပြန်ရခြင်း အကြောင်းရင်းကတော့ ကျွန်တော်တို့တပ်ခွဲဟာ ဝေါမြို့နယ်အစွန် စစ်တောင်းမြစ်အနောက်ဘက်ကမ်း အညာစုရွာမှာ တပ်ခွဲရုံးနဲ့ တပ်စုတစ်စု အခြေချစခန်းထိုင်ပြီး ဆင်ရွာမှာတစ်စုနဲ့ အုပ်ဖိုမှာတစ်စု ပြန့်ခွဲထားပါတယ်။

အညာစုရွာ အနောက်ဘက်မှာ ဆင်တိုးလို့တောင်မပေါက်တဲ့ ကျောက်ပျဉ်ကုန်းကိုင်းတောကြီးရှိပြီး အတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဝေါမြို့နယ်စစ်ရေးတာဝန်ခံ ဗိုလ်သာကျော်နဲ့ အင်အားလေးဆယ်ခန့် အညာစုရွာမျက်နှာချင်းဆိုင် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း ညောင်ခြေထောက်၊ ရှမ်းစု၊ ဝင်းကန် စတဲ့ ရွှေကျင်မြို့နယ်ရွာတွေကို လှည့်လည်နေတဲ့ကေအင်ယူဗိုလ်ရဲတင့်၊ ဗိုလ်မဲလုံးတို့ဦးစီးအင်အားခြောက်ဆယ်ခန့်ရှိပါတယ်။ နှစ်ဖွဲ့စလုံးမှာ ခေတ်မီလက်နက်ကြီး၊ ငယ်တွေ ကိုင်တွယ်နေချိန် ကျွန်တော်တို့မှာတော့ မောင်းပြန်လက်နက်တောင်မကိုင်နိုင်ဘဲ တစ်လုံးထိုးရိုင်ဖယ်သေနတ်တွေနဲ့ပါ။

သတိဆိုတာ ပိုတယ်မရှိသလို ကြိုတင်ပြင်ဆင်မှုဆိုတာလည်း များတယ်လို့ မရှိနိုင်ပါဘူး။

အထောက်တော်တွေဆီက မြေပြင်သတင်းမပြတ်ရရှိသလို စစ်တောင်းမြစ်အရှေ့ဘက်ကမ်းက ကေအင်ယူတွေရဲ့ ကမ်းရိုးတန်းအတိုင်း စီတန်းသွားနေတဲ့ မျက်မြင်အခြေအနေကိုလည်း ကြုံရပါတယ်။ ဒါပေမယ့် နယ်နိမိတ်မျဉ်းသတ်မှတ်ချက်အရ ဖြတ်ကူးတိုက်ခိုက်ခွင့်မရှိတာကြောင့် ကွမ်းဆိပ်အခြေပြုရှမ်း။ (ရှမ်းသေနတ်ကိုင်တပ်ရင်း) တပ်ခွဲ ဒေါ့ဖြတ်တောင်ကုန်းပေါ်က စစ်ရဲ (ယူအင်ဗီ) ကို ဆက်သားလွှတ် သတင်းပေးရပါတယ်။

စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှကေအင်ယူရော အညာစုရွာအနောက်ဘက် ကျောက်ပျဉ်ကုန်း ကိုင်းတောထဲက ကွန်မြူနစ်တွေတပါ အချိန်မရွေး လာရောက်တိုက်ခိုက်နိုင်ခြေရှိလို့ 'နေဝင်မီးမှိတ်တံခါးပိတ်အမိန့်' ထုတ်ရခြင်းပဲ ဖြစ်ပါတယ်။

ထုတ်တဲ့အမိန့်ကို လေးစားလိုက်နာဖို့ တစ်ပတ်တစ်ကြိမ် ရွာဆော်နဲ့ အော်ဟစ်နှိုးဆော်နေပါလျက်နဲ့ တစ်ညမှာတော့ စခန်းတောင်ဘက် ကင်းပုတ်မှာ တာဝန်ကျနေတဲ့ လေးယောက်တစ်တွဲ ကင်းရဲ့ဒုတိယကင်းဖြစ်တဲ့ ၁၁-၁ ကျွန်တော့်ကင်းချိန်မှာ မီးတုတ်နဲ့ လူတစ်ယောက် တောင်ဘက်မှ မြောက်ဘက်စခန်းရှိရာ လမ်းအတိုင်း ဦးတည်ပြီး မီးတုတ်တယမ်းယမ်းနဲ့ လာနေပါတယ်။

မီးတုတ်နဲ့ လာနေသူဟာ ဒေါ်နီတွတ်ပါ။ (ဒေါ်နီတွတ်ရယ်လို့သိရှိရခြင်းက နောက်နေ့မနက်မှပါ။)

ဒေါ်နီတွတ် ဘာကိစ္စနဲ့လာရလဲဆိုတော့ -

■

ဒေါ်နီတွတ်ယောကျ်ားနာမည်က ဦးသိန်းမောင်ပါ။ လလသသဥက္ကဋ္ဌပါ။ ဦးသိန်းမောင်၊ ဒေါ်နီတွတ်တို့မှာ ရှစ်နှစ်၊ ခြောက်နှစ်၊ လေးနှစ်၊ နှစ်နှစ် နှစ်နှစ်ခြားကြီးစဥ်ငယ်လိုက် လူမမည်သမီးလေးယောက်နဲ့ တစ်ဗိုက်ရှိပါတယ်။ နေ့စေ့လစေ့ဗိုက်ပါ။

အခင်းဖြစ်ချိန်မှာ ခင်ပွန်း ဦးသိန်းမောင် မရှိပါဘူး။

လလသသဆိုတာ ခေတ်လူငယ်တွေ နားလည်အောင်ပြောရရင် ကျေးရွာသမဝါယမဆိုင်ပါ။ ဆန်၊ ဆီ၊ ဆားနဲ့ ကုန်သတ်ကုန်ရောင်းပါတယ်။ ရောင်းလို့ရသမျှငွေ နိုင်ငံတော်ကို ပေးသွင်းနိုင်ခြင်းမရှိပါဘူး။ လောင်းကစားအားသန်လွန်းတဲ့ ဦးသိန်းမောင်ဟာ အရှည်ကိုမျှော်တွေး စဉ်းစားဆင်ခြင်မှုမရှိဘဲ ဖဲရှုံးပစ်ပါတယ်။

အထက်က စာရင်းစစ်ဝင်မယ်ဆိုတော့ အကြံကုန်ဂဠုန်ဆားချက်သဘောနဲ့ သူ့အိမ်သူ မီးရှို့ပစ်ပါတယ်။ ငွေတွေရော စာရင်းဇယားတွေပါ မီးထဲပါသွားတယ်ဆိုတဲ့ အကြောင်းပြချက်ပေးချင်လို့ပါ။

ပြစ်မှုတိုင်းမှာ ခြေရာကောက်ဖို့ သဲလွန်စကျန်တတ်ကြောင်း ဦးသိန်းမောင်ခေါင်းထဲမှာ ရှိပုံမပေါ်ပါဘူး။ မီးလောင်ရင် အသက်ရှင်ရေး ဦးစားပေး (၁) မှန်ပါတယ်။ မိသားစုမီးဘေးလွတ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဦးစားပေး(၂) ငွေကြေးနဲ့အရေးကြီးစာရွက်စာတမ်းပါ မှန်ပါတယ်။ ငွေကြေးနဲ့ အရေးကြီးစာရွက်စာတမ်းထည့်တဲ့သေတ္တာ မီးလွတ်ရာရွှေ့ပြောင်းနိုင်ပါတယ်။ ဒါပေမယ့် သံသေတ္တာကြီးထဲမှာတော့ မိသားစုအဝတ်အထည်တွေကလွဲလို့ ငွေမရှိစာရင်းမရှိပါ။ ဒါကြောင့် မြစ်ကျိုးရဲစခန်းကဖမ်း၊ ဝေါစခန်းကိုပို့၊ ဝေါမြို့နယ်တရားရုံးမှာ အမှုရင်ဆိုင်နေရလို့ အိမ်မှာမရှိတာပါ။

■

ဒေါ်နီတွတ် သူ့အခြေအနေသူသိလို့ အရပ်လက်သည် ဒေါ်ကလေးမကို အိမ်မှာ ညအိပ်ညနေခေါ်ထားပါတယ်။

ဖြစ်ချင်တော့ တစ်ပတ်လောက်ကြာအထိစောင့်ပေမယ့် အခြေအနေမထူးလို့ ဒေါ်ကလေးမ သူ့အိမ်ရှိရာကို အပြန် မွေးလူနာရောက်နေလို့ ဒေါ်နီတွတ်အိမ်မပြန်ဖြစ်တော့ပါဘူး။

ည (၁၀) နာရီလောက်ကတည်းက ဒေါ်နီတွတ် ဗိုက်နာဝေဒနာ စတင်ခံစားရပါတယ်။ အညာစုရွာဟာ မြို့ဝင်းကျယ်ကြီးတွေနဲ့နေကြတာပါ။ အော်ခေါ်လို့မကြားနိုင်ပါဘူး။ နာလွန်းမကနာလာလို့ ဒေါ်ကလေးမ ပြေးခေါ်ဖို့ဟာလည်း လူမမည်သမီးလေးတွေဖြစ်လို့ မခိုင်းရက်နိုင်တဲ့အဆုံး မီးတုတ်ကြီးလုပ်ပြီး ကျွန်တော်တို့ ရဲစခန်းတောင်ဘက်လေး၊ ငါးအိမ်အကျော်က လက်သည် ဒေါ်ကလေးမအိမ်ထွက်လာခဲ့ပါတယ်။

■

မီးတုတ်ကြီးဟာ ကျွန်တော့်ရှေ့

www.burmeseclassic.com

www.burmeseclassic.com

ကိုက်တစ်ရာအကွာလောက်ရောက်နေပါပြီ။ 'မီးရောင်မြင်လျှင် ပစ်' ကြိုတင်အမိန့်အရ ကျွန်တော်ပစ်လိုက်လို့ သေသွားလည်း ကျွန်တော့်မှာ အပြစ်မရှိပါဘူး။

ကျွန်တော့်ခေါင်းထဲမှာ အသိတစ်ချက်ဝင်လိုက်ပါတယ်။ 'စခန်းကို လာတိုက်မယ့်သတင်းပေးမယ့်သူဖြစ်ခဲ့သော်' ဆိုတဲ့ အသိပါ။ ဒါကြောင့် -

"ရပ်၊ ဘယ်သူလဲ"

အသံတိတ်ဆိတ်တဲ့ ညဉ့်သန်းခေါင်အချိန် ကျယ်လောင်တဲ့ ကျွန်တော့်အသံမကြားဘဲနေမယ်မဟုတ်ပါ။ ဒုတိယအကြိမ်၊ တတိယအကြိမ် အော်ဟစ်ပေမယ့် တုံ့ပြန်မှုမရှိဘဲ ရှေ့ကိုချည်းတိုးကပ်လာတာကြောင့် ကျွန်တော်ရဲ့ အမေရိကန်ရိုင်ဖယ်နဲ့ -

"ကလောက်. . . ချောက်"

"ကလောက်. . . ချောက်"

"ကလောက် . . . . ချောက်"

"ပေးစမ်း ပေးစမ်း မင်းသေနတ်"

ကျွန်တော့်အသံကြားလို့ဆင်ပါရဲ့၊ ကျွန်တော့် တပ်ခွဲမှူး ဦးအောင်းသင်းနဲ့ ကျွန်တော့်တပ်စု တပ်ကြပ်ကြီး စိုးကြည်တို့နှစ်ဦး ရောက်ရှိလာပြီး တပ်ခွဲမှူး ကျွန်တော့်သေနတ်ကို ဆွဲယူပြီးပစ်ပါတယ်။ မီးတုတ်ဟာ ကျွန်တော့်ရှေ့ ကိုက်(၅၀)အကွာအဝေးတောင် မရှိလောက်တော့ပါဘူး။

"ကလောက်. . . ချောက်"

"ကလောက်. . . ချောက်"

တပ်ခွဲမှူးကိုယ်တိုင် နှစ်ချက်ဆင့်ပြီး မောင်းတင်ပစ်ခတ်ပေမယ့် ကျည်မထွက်လို့ အံ့အားသင့်ကုန်ပါတယ်။

"မင်းကျည်ရိုက်တံကျိုးနေလား"

"မကျိုးပါဘူး"

"ကျည်ရိုက်တံတိုနေလား"

"မတိုပါဘူး"

ကျွန်တော်နဲ့ တပ်ခွဲမှူးတို့ အပြန်အလှန်ပြောနေစဉ်မှာ တပ်ကြပ်ကြီး စိုးကြည် လက်နှိပ်ဓာတ်မီးတဝင်းဝင်းနဲ့ ဆွဲထုတ်လိုက်တဲ့ ကျည်ဆန်တွေလိုက်ကောက်ပါတယ်။ ပြန်တွေ့တဲ့ ကျည်ဆန်လေးတောင့်ကို စစ်ကြည့်တော့ ဖင်မှာ နက်ရှိုင်းစွာစူးဝင်နေပါတယ်။ တပ်ကြပ်ကြီးစိုးကြည်ဟာ တပ်ခွဲမှူးဆီက ရိုင်ဖယ်ကိုယူ ကျည်ကတ်ထဲ ပစ်ပြီးသားကျည်လေးတောင့်ဖြည့်၊ မောင်းတင်၊ မိုးပေါ်ထောင်ပစ်လိုက်ချိန်မှာတော့ -

"ဒိုင်း. . ."

"ဒိုင်း. . ."

ရိုင်ဖယ်သေနတ်ပြောင်းမှ ပေါက်ကွဲသံ ကျည်ဖူး လေထုကို ဖောက်ထွင်းသံဟာ ဟိန်းထွက်သွားပါတယ်။

ဘာကြောင့်ဆိုတဲ့ အဖြေကိုတော့ ကျွန်တော့်ဆရာနှစ်ယောက်လုံး ပဟေဠိဖြစ်နေမှာပါ။ ကျွန်တော်ကိုယ်တိုင်လည်း (၃) ကျတဲ့ တတိယတင်း (၃- ၆) ကျတဲ့ မိုးလင်းတင်းကို မန္တီးတော့ဘဲ တင်းဆက်စောင့်ရင်း စဉ်းစားအဖြေရှာနေပါတယ်။

■

၁-၅-၁၉၆၄။

ကျွန်တော့် ဒိုင်ယာရီမှာရော ကျွန်တော့်ခေါင်းထဲမှာပါ စွဲထင်နေတဲ့ ရက်စွဲပါ။ အလုပ်သမားနေ့ကလည်း ဖြစ်နေလို့ပါ။

ကျွန်တော် မြင်တွေ့ရတဲ့ မီးတုတ်သွားရာလမ်းကြောင်းကိုစုံစမ်းဖို့ နေ့ကင်းတာဝန်ကျကို ချိန်းပြီးပြီးချင်း စခန်းထဲက ထွက်ခဲ့ပါတယ်။ တောင်ဘက်တင်းပုတ်နဲ့ ကိုက်ငါးဆယ်အကွာ ညာဘက်ကို ချိုးဝင်တဲ့လမ်းအတိုင်းလိုက် ရှာနေတာ ပိုင်းလမ်းကြောရောက် ဘယ်ဘက်ချိုးပြီး ဒေါ်ကလေးမအိမ်ရှေ့အရောက်-

"ဟဲ့- ဘိုကြီး၊ စောစောစီးစီး ဘယ်အမျိုးအိမ်လည်မလို့လဲဟဲ့"

"ခင်ဗျားအိမ် ညက မွေးလူနာလာလားဗျ"

လိုရင်းကိုပဲ ကျွန်တော် မေးပါတယ်။

"အေး- ညက နင်တို့စခန်းထဲက (၁၂) နာရီ သံချောင်းခေါက်ပြီး သိပ်မကြာဘူး ရောက်လာတယ်"

"ဘယ်သူလဲဗျ"

"နီတွတ်မ"

"မွေးပြီးပြီလား"

"အေး- ရောက်ပြီးသိပ်မကြာဘူး မွေးတော့တာပဲ။ သူ့အဖေနဲ့ တစ်ပုံစံတည်းဟဲ့။ သူတို့လိုချင်တဲ့ ယောကျ်ားလေး။ သူ့အဖေမြင်ရင် တုန်နေအောင် ချစ်ရှာမှာပဲ"

သိလိုတဲ့အဖြေ နီးစပ်လာပြီဖြစ်လို့ ကျွန်တော် မြေးတက်ပြီး မီးဖွားရာ မီးဖိုဆောင်ထဲ ဝင်လိုက်ပါတယ်။

"ဟဲ့၊ ဟဲ့ - ဘိုကြီးမဝင်နဲ့၊ နင်ဘုန်းနိမ့်လိမ့်မယ်"

ဘုန်းနိမ့်တာတွေ၊ ဘုန်းမြင့်တာတွေ ကျွန်တော့်ခေါင်းထဲမှာမရှိပါဘူး။ လူသားအားလုံးဟာ ဒီအခန်းထဲက ထွက်လာကြတာပါ ဆိုတဲ့အသိနဲ့ တားမြစ်နေတဲ့ကြားကပဲ ဝင်လိုက်ပါတယ်။

"နင်ကတော့ ဇွတ်ချည်းပဲ။ ဘာထဲ ငါ့ကိုပါ ကြံ့ရာပါဆိုပြီး ဖမ်းဦးမလို့လား ဘိုကြီးရယ်"

"မဟုတ်ပါဘူး၊ အစ်မကိုမေးစရာရှိလို့ပါ"

"ငါ့ယောကျ်ား အာမခံရဖို့ ဖြစ်ပါစေဟယ်"

"မဟုတ်ပါဘူး၊ ညဉ့် (၁၂) နာရီကျော်လောက်က စခန်းဘက်ကို မီးတုတ်တယမ်းယမ်းနဲ့ဝင်လာတာ အစ်မ ဒေါ်နီတွတ်မဟုတ်လားလို့မေးမှာပါ"

"အေး - ဟုတ်တယ်လေ"

"ရပ်၊ ဘယ်သူလဲလို့ အော်မေးတာ မကြားဘူးလား"

"ဟင့်အင်း"

"သေနတ်သံတော မကြားဘူးလား"

"ဒေါ်ကလေးမအိမ်ရှေ့ ရောက်ရောက်ချင်းကြားပါ့တော်"

"ဘယ်နှချက်လဲ"

"နှစ်ချက်"

"အစ်မ ဒေါ်နီတွတ်"

"ဘာလဲဟဲ့"

"အစ်မမှာ သေနတ်ပြီးတဲ့အဆောင်၊ ကျည်မထွက်တဲ့အဆောင်ကောင်းများရှိနေလို့လားဗျာ"

"ကြံ့ကြံ့ဖန်ဖန်ဟယ်"

"ရှိတိုရှိရမယ်ဗျာ"

"မရှိပါဘူးဆို၊ နေဦးငါစဉ်းစားလို့ရတာ ပြောမယ်"

မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်နေတဲ့ ဒေါ်နီတွတ်စဉ်းစားပုံကို စိတ်မရှည်ချင်ပါဘူး။

"ပြောဗျာ"

"ငါ ညက ဂါထာရွတ်လာတယ်။ အဲဒီဂါထာတန်ခိုးလို့ပဲ ဆိုပါတော့ဟယ်။ ညက ငါ ဒေါ်ကလေးမအိမ်အလာ ဗိုက်နာသတ်သာသလို ငါ့ခြေထောက်တွေ မြေကြီးနဲ့ ထိတယ်လို့တောင်မထင်ဘူး လေထဲလွင့်မျောလာသလိုပဲ"

"ဘာဂါထာလဲဟင်"

"သမ္ဗုဒ္ဓေ"

ဩော် - ဂါထာတော်ကြီး... သားအမိနှစ်ယောက်အသက်ကို တယ်လိုက်သလို ကျွန်တော့်ရဲ့ သံသရာလည်မယ့်ဝဋ်ကိုပါလွတ်ကင်းခွင့်ရတာကြော... ယနေ့တိုင် ယုံကြည်စွာနဲ့ ရွတ်ဆိုနေ... ပါ။

ရှစ်ခွင်ကျော်-ဖောင်တော်...



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

မဟာနွယ်(မန်းတက္ကသိုလ်)

■ *ကတိသစ္စာ တည်သောခါ၊ ကြာဇာလေးနက် ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။*

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

ဤကမ္ဘာပေါ်တွင် ပေါက်ရောက်နေကြသော နွယ်မြက်သစ်ပင်တို့ကား ဆေးပင်များသာ ဖြစ်ကြပါ၏။ မသိသောသူတို့ ကျော်လွှားသွားကြ၏။ သိသူများက ဖော်ယူ၍ ဆေးအဖြစ်အသုံးပြုကြပါ၏။

ယခု ဆောင်းပါးတွင် အလွန်အစွမ်းထက်မြက်သော ဆေးတစ်ပင်အကြောင်းကို ဖော်ပြပေးပါမည်။ ဆေးပင် အမည်ကတော့ တိလက်သာ ဆေးပင် ဖြစ်ပါ၏။

**■ ဆေးပင်၏ ဇာတိပုံသဏ္ဌာန် ■**

ဆေးပင်သည် သူတစ်ပါးကိုမှီ၍ တက်တတ်သော နွယ်ပင်မျိုး ဖြစ်၏။ တစ်ခါတစ်ရံမြေတွင် ပြန့်၍လည်းပေါက်တတ်၏။ ထိုဆေးပင်သည် မိုးဦးကျ အခါတွင် များစွာတွေ့နိုင်ပါ၏။ နွေဥတုသောအခါ၌ ၎င်းနွယ်ပင်များ ခြောက်၍ကျတတ်လေ၏။

ထိုဆေးပင်၏အရွက်သည် နှလုံးပုံသဏ္ဌာန်၊ ဆင်တုံးမနွယ်ရွက်သဏ္ဌာန် ရှိပါ၏။ အရွက်၏အပေါ်မျက်နှာတွင် ညိုမှိုင်းမှိုင်းအရောင်ရှိ၍ အောက်မျက်နှာတွင် အမွေးနုများပါရှိ၏။

အမြစ်သည် မြေတွင်းထဲသို့ များစွာ နက်ရှိုင်း၍သွားတတ်၏။ အပွင့်မှာ အဝါရောင်ရှိ၏။ အသီးမှာ စားတော်ပဲလုံးမျှရှိ၏။

**■ ဆေးပင်၏စွမ်းရည်ဂုဏ်သတ္တိ ■**

ဆေးသည် ပူ၏။ ထက်၏။ ခါး၏။ လေနာ၊ သလိပ်နာ၊ အဖျားရောဂါ၊ ဝိတ်ဝမ်းသွားခြင်း၊ အရေပြားရောဂါ၊ ပူလောင်ခြင်း၊ နှလုံးရောဂါ၊ ယားနာရောဂါတို့တွင် များစွာ အသုံးဝင်၏။ အော့အန်ခြင်း၊ ချောင်းဆိုးခြင်းကိုလည်းကောင်း၊ ဝမ်းတွင်းရှိ ပိုးများကိုလည်းကောင်း နှိမ်နင်းစေတတ်၏။ သရက်ရွက်ကြီးသောရောဂါ၊ ပြည်ဒူလာသရောနာ၊ အလွန်နာကျင်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း စသောရောဂါတို့တွင် များစွာ အကျိုးရှိပါ၏။

ဆေးကိုသုံးစွဲရန်မှာ (၂) ပဲသားမှ (၄) ပဲသားအထိသုံးစွဲနိုင်၏။ ထိုဆေးပင်၏အရွက်သည် အေး၏။ ဝစ္စမဂ်ရောင်ရမ်းခြင်း၊ အနာပျက်ခြင်း၊ အနာမြုံခြင်းကို လိမ်းဆေးအဖြစ် အသုံးပြုရ၏။ ဆေးအဖြစ် အမြစ်ကိုသာသုံးရပါ၏။

## ရောဂါအလိုက်အသုံးပြုပုံ

**■ ဆီးအိမ်ပူလောင်ခြင်းရောဂါ ■**

ဆီးအိမ်ပူလောင်ခြင်း၊ ဆီးပူခြင်း၊ နာတာရှည် ညောင်းကျရောဂါများကို ၎င်းအမြစ်ကို (၄) ပုံ၊ (၂) ပုံကြွင်းအောင် ပြုတ်၍ သောက်ပါ။ ပျောက်ပါ၏။

**■ အဆစ်ရောင်အကြောထုံးခြင်း ■**

ထိုဆေးပင်၏ အရွက်ကို ကြိတ်၍ အုံပေးခြင်း၊ ကျပ်စည်းပေးခြင်း ပြုလုပ်ပေးပါက ပျောက်ကင်းပါလိမ့်မည်။

**■ ရင်ဘတ်နာရောဂါ ■**

ဆေးပင်၏ အမြစ်အမှုန့်ကို အနည်းငယ်မျှ သောက်သုံးပေးခြင်းဖြင့် ပျောက်ကင်းပါ၏။

**■ အဆိပ်သင့်ခြင်း ■**

ဆေးပင်၏အမြစ်ကို ထောပတ်နှင့် ကြိတ်၍သောက်ပါ။ ပျောက်ပါ၏။

**■ ကျောက်တည်ရောဂါ ■**

ဆေးပင်၏အမြစ်ကို (၄) ပုံ၊ (၂)ပုံ တင်အောင်ကျို၍သောက်ပါ။ ပျောက်ကင်းပါ၏။

**■ အနာပျက်ရောဂါ ■**

မကျက်နိုင်သော အနာများကိုလည်းကောင်း၊ အရိုး၌ ပေါက်သော အနာများကို လည်းကောင်း ဆေးမြစ်ကို ရေနှင့်သွေး၍ ထူထူလေးလိမ်းပေးပါ။ ပျောက်ကင်းပါ၏။

**■ ချောင်းဆိုးရောဂါ ■**

ဆေးမြစ်ကို (၄)ပုံ၊ (၂) ပုံကြွင်းကျန်အောင်ပြုတ်၍ ပျားရည်နှင့် စပ် သောက်ပါ။ ပျောက်ကင်းပါ၏။

**■ ဝမ်းမီးညံ့ရောဂါ ■**

ဆေးပြုတ်ရည်တွင် ပိတ်ချင်းသီးမှုန့် ရော၍ သောက်ပါ။ ပျောက်ကင်းပါလိမ့်မည်။

**■ ရေဖျဉ်းရောဂါ ■**

အောက်မဲဖြူမြစ်၊ ခင်း၊ တိလက်သာမြစ်ကို အနည်းငယ်ပြုတ်၍သောက်ပေးပါ။ ပျောက်ကင်းပါလိမ့်မည်။

**■ ယောနိရောဂါ ■**

မိန်းမများ ယောနိ အပြင်သို့ကျဆင်းခြင်း၊ လျော့ပါးခြင်း ဆေးမြစ်ပြုတ်ရည်ကို နံနက်၊ ည သောက်ပါ။ ၎င်းပြုတ်ရည်နှင့် ယင်းယောနိကို တစ်နေ့ (၂) ကြိမ်မျှ ဆေးကြောပေးရ၏။

**■ ဝမ်းတွင်းသက်တန့်နာ ■**

ဝမ်းအတွင်းလျှောက် သက်တန့်နာများ ပေါက်ခဲ့သော် ဆေးမြစ်ကို ဆန်ဆေးရည်နှင့် သွေး၍ သောက်ပေးပါ။ ပျောက်ကင်းပါ၏။

**■ မီးဖွားခက်ခဲခြင်း ■**

မိန်းမများ သားဖွားရခက်ခဲခြင်းကို လွယ်ကူစွာ ဖွားမြင်စေရန် တိလက်သာအမြစ်ကို ညက်စွာကြိတ်၍ ကိုယ်ဝန်ရှိသော မိန်းမ၏ ချက်၊ ဆီးအိမ်၊ ဗိုက် ထို (၃) နေရာကို တစ်နေ့ (၂) ကြိမ်မျှ လိမ်းပေးပါ။ လွယ်ကူစွာ ဖွားမြင်နိုင်ပါလိမ့်မည်။

ဆေးတစ်ပင်၏ အသုံးပြုပုံကား များစွာရှိပါ၏။ ဆရာသမားကျေးဇူးရှင်တို့၏ သွန်သင်ပြသ ဆည်းပူးရသဖြင့် သုံးစွဲ၍ မကုန်နိုင်ပါ။

တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလိုပါ။

မြန်မာ့တိုင်းရင်းဆေး ဗဟုသုတ ပြည့်ဝနိုင်ကြပါစေ။

*ကျန်းမာ ချမ်းသာကြပါစေ။*

*သစ္စာ မေတ္တာဖြင့် -*

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပျက်နေသော သဘောတရားများကို လောကဟု ခေါ်သည်။ ထိုလောကသည် (၃) ပါး ရှိ၏။

၁။ ဩကာသလောက၊

၂။ သတ္တလောက၊

၃။ သင်္ခါရလောက

ဟူ၍ (၃) ပါး ရှိသည်။

သတ္တဝါတို့၏ တည်နေရာဘုံဌာနသည် ဩကာသလောက ဖြစ်၏။ ထို ဩကာသလောကတွင် -

၁။ ကာမ (၁၁)ဘုံ၊

၂။ ရူပ (၁၆) ဘုံ၊

၃။ အရူပ (၄) ဘုံ

စုစုပေါင်း (၃၁) ဘုံ ရှိသည်။

ကာမ (၁၁) ဘုံ၌ အပါယ် (၄) ဘုံ၊ ကာမသုဂတိ (၇) ဘုံတို့ ဖြစ်သည်။ ကာမသုဂတိ (၇) ဘုံသည် နတ်ပြည်(၆) ဘုံနှင့် လူ့ပြည်တို့ ဖြစ်၏။ နတ်ပြည်၌ နတ်ဖြစ်ရမည့်သူသည် လူတဲ့သို့ အမိဝမ်းတွင် ပဋိသန္ဓေနေပြီးမှ မွေးဖွားရခြင်း မရှိဘဲ ဥပပတ်ပဋိသန္ဓေ၏ အစွမ်းဖြင့် ရုတ်ခြည်း နတ်ဖြစ်သွား၏။ လူတို့သည်ကား အမိ၏ဝမ်း၌ ကိုးလကျော်ကြာပြီးမှ မွေးဖွားကာ လူဖြစ်လာ၏။ မွေးဖွားပြီးရုံနှင့် မပြည့်စုံသေးချေ။ လူလားမြောက်သည်အထိ မိဘ၏ ကျွေးမွေးယုယပြုစုမှုကို ခံယူရသေး၏။ ထို့ကြောင့်လည်း မိဘကျေးဇူးအနန္တဟု ဆိုရိုးစကားဖြစ်သည်။ ယုံကြည်တတ်သိနားလည်လျှင် မိဘကျေးဇူးကို တုံ့ပြန်လုပ်ကျွေးပါက နတ်ပြည်နတ်ရွာအထိ ကောင်းကျိုးများ ရနိုင်၏။ ဤကောင်းကျိုးချမ်းသာ ဆုလာဘ်မျိုးကို နတ်ဗြဟ္မာတို့ ရနိုင်ခွင့် မရှိချေ။ အဘယ်ကြောင့်ဆိုသော် နတ်၊ ဗြဟ္မာတို့တွင် မိဘမရှိသောကြောင့် ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့သည် လူ့ဘဝရခိုက် မိဘကျေးဇူးဆပ်နိုင်ရန် လိုအပ်လှပေသည်။

လူ့ဘဝမှ သေဆုံးသွားပြီး ဖြစ်စဉ်နိယာမအတိုင်း အမိဝမ်းတွင် ပဋိသန္ဓေမနေဘဲ ဥပပတ်ပဋိသန္ဓေကဲ့သို့ ရုတ်ခြည်း လူ့ဘဝရောက်သူရှိသည်ဆိုလျှင် ယုံတမ်းစကားလားဟု ဆိုကြပါမည်။ သို့သော် ထိုဖြစ်ရပ်သည် တကယ်ပင်ရှိခဲ့ပါသည်ဆိုလျှင် -

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထင်ရှား ကျော်ကြားသည့် အလောင်းတော်ကဿပသို့ သွားရာလမ်းတွင် ယင်းမာပင်အမည်ရှိသော မြို့လေးရှိ၏။ အမည်ချင်းတူသော အခြားယင်းမာပင်မြို့လေးတစ်မြို့လည်း ရှိသေးသည်။ ထိုယင်းမာပင်မြို့လေးသည် မန္တလေးတိုင်းဒေသကြီးအတွင်း၌ရှိ၍ သာစည် - တောင်ကြီးသွား ရထားလမ်း၊ ကားလမ်းပေါ်တွင်ဖြစ်ပါသည်။ သာစည်မှ ဆယ့်နှစ်မိုင်ခန့်အကွာ ရှမ်းရိုးမကြီး၏ အစပ်တွင် ဖြစ်ပါသည်။



# သပိတ်ကျင်း-ကျော်ကျော်ထွန်း

## ဘဝနှစ်လွှာ တစ်မျက်နှာနှင့်မိန်းကလေး

စစ်ကိုင်းတိုင်းဒေသကြီးရှိ ယင်းမာပင်မြို့လေးအပိုင်တွင် ထန်းတောကြီး ဟူသောရွာသည် အလောင်းတော်ကဿပမှ စီးဆင်းလာသည့် ယမားချောင်း၏ အနောက်ဘက်ကမ်းတွင် ရှိ၏။ အရှေ့ဘက်ကမ်းတွင် ရွာသာရွာနှင့် ငါးတဲစုရွာ၊ တောင်ဘက်ဆီတွင် ရေကြည်ပင်ရွာ၊ ရွှေပန်းခိုင်ရွာတို့သည် ယမားချောင်းဘေးတစ်လျှောက်ရှိ ရွာများဖြစ်၏။ မိုးရာသီကုန်ဆုံး၍ ဆောင်းဥတုတွင် ယမားချောင်းသည် မြေနုသဲသောင်များ ပေါ်ထွန်းလာသောအခါ အဆိုပါရွာမှ တောင်သူများသည် မြေနုကျွန်းသဲသောင်များ၌ ကြက်သွန်နီ ခရမ်းချဉ်၊ ပဲတောင့်ရှည်၊ နံနံပင် စသော သီးနှံများ စိုက်ပျိုးခြင်းဖြင့် စီးပွားရေး ကောင်းသောရွာများ ဖြစ်ကြ၏။

စီးပွားရေး ကောင်းမွန်ကြသ စေတနာသဒ္ဓါတရားလည်း ပြည့်ဝ ပေရာ နှစ်စဉ်ကျင်းပသော ရေဗုဒ်ဘုရားကြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၌လည်း အပြိုင်အဆိုင်လောင်းလှူကြ၏။ ကာလသားကာလသမီးတို့လည်း ဝတ်ကောင်း စားလှဖြင့် မော်ကြွားပျော်ရွှင်သော လေးဟုဆိုသော်ရ၏။ ရေဗုဒ်ဘုရား သည် ထန်းတောကြီးရွာနှင့် ရေကြည်ပင် နှစ်ရွာအကြားရှိသော်လည်း အတော် လှမ်းသော မြရိပ်ညိုရွာ၊ သဲတောကြီး ရွာ၊ ကြေးစေကျရွာ၊ ဒုန်းတောရွာတို့ ပင် လာရောက် လောင်းလှူကြ ဆွမ်းဆန်စိမ်းအလှူခံကြွတော်မူကြသော သံဃာတော်၏နောက်ဆုံးမလှမ်းမကမ်း မှ ဖုန်းတောင်းယာစကာတို့လည်း ရော နှောလိုက်ပါလာ၍ တောင်းရမ်းအလှူခံ ကြသည်ကို ကျွန်တော်ကိုယ်တိုင်မြင်ဖူးပါသည်။

ထန်းတောကြီးရွာ ဆိုသော အနန္တသညာနှင့် လိုက်ဖက်စွာပင် ထန်းပင်တို့ကလည်း ထောင်သောင်း မက များပြားလှစွာ ညို့ညို့မှိုင်းမှိုင်း



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ မျက်စိတစ်ဆုံးပင် ဖြစ်၏။ အားချောင်း၏ တစ်ဖက်ကမ်းတွင်ရှိကြသည့် ရွာသာ၊ ငါးတဲစု၊ ကြေးစေကျ၊ ...တော၊ ကံကုန်းရွာကြီးတို့တွင်လည်း ...နည်းနှင့်နှင့် ထန်းတောကြီးများဝန်းရံနေကြသည်မှာ စပယ်တောင်၊ ကြေးစင်တောင်တို့၏ တောင်ခြေအထိ ဖြစ်၏။ ...န်းပင်များကြားတွင် ကုလားပဲခင်း၊ ...ပြောင်းခင်း၊ ကြက်သွန်ဖြူခင်းများကိုလည်း ရာသီအလိုက် စိုက်ပျိုးရသေးသည်မို့ အလုပ်နှင့်လက်ပြတ်သည်မရှိကြရပေ။

ကဆုန်၊နယုန်လများတွင် မိုးသေး...ခွဲများရွာတက်ပြီဖြစ်ရာ စပယ်တောင်၊ ကြေးစင်တောင်၊ တောင်ခမောက်နှင့် ကျားတွင်းတောင်တို့တွင်လည်း အညာဆူးပုပ်၊ လဲလူ၊ နရှာကြီး (နွားလျှာကြီး) သင်းဝင်၊ ခပ်ချိုညွန့် စသည့် တင်းသီးဟင်းရွက်တို့ကလည်း လိှုင်လှိုင်ဝေကြပြီဖြစ်၏။ ထိုအချိန်မျိုးတွင် စပယ်တောင်၊ ကြေးစင်တောင်တစ်ကျောပတ်ဝန်းကျင်ကျေးရွာများမှ ဟင်းရွက်ခူးလာကြသည့်ကျေးလက်ပျိုမေတို့၏ တေးသံများဖြင့် စိုပြည်နေသလို ပင်ယံထက်မှ နွေတေးရှင် ဥသြညိုကလည်း နွေ၏နောက်ဆုံးရက်များကို နှုတ်ဆက်တေးသံဖြင့် လွမ်းမောဖွယ်ရာ သီဆိုနေရှာ၏။

"ဟဲ့ - အမာစိန်၊ တို့ခူးဟင်းရွက်ခူးနေကြတဲ့ ကြေးစင်တောင်ကြီးဟာ နောက်နှစ်ပေါင်းငါးဆယ်လောက်ကြာရင် ပျောက်ကွယ်သွားလိမ့်မယ်တဲ့"

"အိုဟယ် - ခင်သားကလည်း၊ ဒီလောက်ကြီးတဲ့တောင်ကြီး ပျောက်ကွယ်သွားမယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ညည်းကိုဘယ်သူပြောတုံး"

"တို့အဘိုးကို ဒီကြေးစင်တောင်ဘိုးဘိုးကြီးက အိပ်မက်ပေးတာတဲ့။ ဒီတောင်အောက်မှာရှိတဲ့ ကြေးနီသိုက်ကြီးကို နောက်နှစ်ပေါင်း (၅၀) ခုသယ်ကြာရင် တူးဖော်ကြမယ်။

အဲဒီတော့ ကြေးစင်တောင်ကြီးရော ဟိုက စပယ်တောင်ပါ မြေလှန်တူးမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ငါလည်း မဟာမြိုင်တောကို ပြောင်းရတော့မယ်လို့ အိပ်မက်ပေးတာတဲ့"

"ဟောတော်၊ ဒါဆိုရင် တို့တွေ ဒီတောင်ပေါ် ဟင်းရွက်တက်မခူးရတော့ဘူးပေါ့နော် ခင်ထား"

ဟု ထိတ်လန့်တကြားဆိုသူက ထန်းတောကြီးရွာသူ အပျိုမလေး အမာစိန်ဖြစ်၏။ အမာစိန်နှင့် ခင်ထားတို့က ထန်းတောကြီးရွာသူ ကွမ်းတောင်ကိုင်စာရင်းဝင်ဖြစ်၍ ညီနောင်လေးများဖြစ်ကြ၏။ ထိုနေ့က ဆူးပုပ်ရွက်နု၊ လဲလူနှင့် နရှာကြီးရွက်တို့ အတော်များများ ရရှိခဲ့ကြ၏။ ခင်ထား အိမ်ပြန်ရောက်ချိန်တွင် အမေဖြစ်သူ ဒေါ်ချောင်းဆယ်က ယမားချောင်း၌ သောက်ရေခပ်သွားရန် သောက်ရေအိုးများ ဆေးကြောနေခိုက်ဖြစ်၏။ ဟင်းရွက်များ တပွေ့တပိုက်ဖြင့် ပြန်လာသော သမီးဖြစ်သူ ခင်ထားကို ကြည့်ရင်း -

"ဟဲ့ - မိထား၊ နှင့်ဟင်းရွက်တွေကမနည်းပါလား။တို့မိသားစု(၃)ယောက်တည်း စားလို့ဘယ်ကုန်မှာလဲ။နင့်အရိုးလေး တင်မေတို့အိမ်သွားရောင်းချေ"

ဟု ဆိုရာ-

"အို-အမေကလည်း၊ မရောင်းချင်ဘူး ရှက်စရာကြီး။ သမီးတို့က ဟင်းရွက်ကန်စွန်းရောင်းတဲ့သူမှမဟုတ်တာ"

ဆိုသော်လည်း အမေဖြစ်သူ ဒေါ်ချောင်းဆယ်က -

"ဟဲ့ - မိထားရဲ့၊ တင်မေက တို့အမျိုးပဲ။ တခြားသူမှမဟုတ်တာ သွားမှသာသွား"

ဟု တစ်ချက်လွှတ်အမိန့်ထုတ်ရာမှ သားအမိနှစ်ဦး အချင်းများကြ၏။ ခင်ထားကလည်း မရောင်းနိုင်ဘူးဟု ဇွတ်ငြင်းရာမှ အမေဖြစ်သူက ပြောစကား နားမထောင်ရကောင်းလားဟု ဒေါ်ထကာ အနီးရှိ ဝါးခြမ်းပြားဖြင့် ခင်ထားကို သုံးချက်ရိုက်ပြီး ယမားချောင်းသို့ ရေခပ်ဆင်းသွား၏။

ခင်ထားဆိုသည့်အတိုင်းပင် သူတို့မိသားစုသည် ဟင်းရွက်ကန်စွန်းရောင်းမှ စားရသောက်ရမည့် အတန်းအစားထဲက မဟုတ်ချေ။ ထန်းတောကြီးရွာတွင် ဦးစိန်တုတ်၊ ဒေါ်ချောင်းဆယ်ဆိုလျှင် လူတိုင်းသိ၏။ ယာမြေကေ အတော်များများပိုင်သလို အပင် (၁၀၀) ခန့်ရှိသော ထန်းတောလည်း ပိုင်၏။ သားထောက်သမီးခံဆို၍ ခင်ထားတစ်ယောက်သာရှိသဖြင့် ယာမြေများကို လူငှားဖြင့်လုပ်ရသလို ထန်းရာသီတွင် ပုတ်ပြတ်စနစ် ထန်းလျက်ပေးချထား၏။ ဦးစိန်တုတ်သည် တစ်ဖက်က ပွဲစားလည်းလုပ်သေးသည်။ သူတို့မိသားစုအခြေအနေသည် ထန်းတောကြီးရွာ ကြေးရတတ် လူတန်းစားဝင်ဖြစ်သည်ဆိုလျှင် မှန်လိမ့်မည်။ ကြေးရတတ်မိသားစုဝင် သမီးပျိုလေးက တောင်ပေါ်မှ အလကားပဲတင်းခူးခဲ့သည့် ဟင်းရွက်ကို သွားရောင်းရမည်ဆိုတော့-

ခင်ထားသည် တွေးရင်းတွေးရင်း အမေ၏လုပ်ရပ်ကို စိတ်နာကာ ရှေ့ရေးနောက်ရေး မှန်ကန်စွာ မတွေးတတ်သေးသည့်အရွယ်ပီပီ ယာခင်းတို့တွင် ဖျန်းသည့် ပိုးသတ်ဆေးဘူးကို ယူကာ အိပ်ခန်းတွင်ဝင်၍ -

"ဘုရားတပည့်တော်မသည် ယခုဘဝမှသေလွန်၍ နောက်ဘဝတွင် လူဖြစ်ရသည်ရှိသော် ဤဖြစ်ရပ်အလုံးစုံအား ပြန်လည်မှတ်မိသိရှိရပါစေသား"

ဟု မိုက်မဲစွာ ဆုတောင်းကာ ပိုးသတ်ဆေးများကို သောက်လိုက်ပါသည်။

ယမားချောင်းမှ သောက်ရေအိုးရွက်၍ပြန်ရောက်လာသော ဒေါ်ချောင်းဆယ်သည် သမီးလေးခင်ထား၏လူးလိမ့်ညည်းညူသံကြောင့် ရေအိုးချပြီး အခန်းတွင်းဝင်ကြည့်ရာမှ ပိုးသတ်ဆေးဘူးကို တွေ့ရာ ချက်ချင်းပင် သိရှိသဘောပေါက်သွားပြီး အိမ်နီးချင်းတို့ကို အော်ခေါ် အကူအညီတောင်း၍ ယင်းမာပင်မြို့ဆေးရုံသို့ပို့ကြ၏။ ဆေးရုံကလည်း သေကြောင်းကြံစည်မှု ဖြစ်နေသဖြင့် သက်ဆိုင်ရာကို အကြောင်းကြားရ၏။ ရဲအရာရှိလည်း ချက်ချင်းပင် ရောက်လာကာ သေတမ်းစစ်ချက်ယူနေဆဲကံဆိုးရှာသော အပျိုချောလေး ခင်ထား ကွယ်လွန်သွားရှာပါသည်။

ထန်းတောကြီးရွာမြောက်ဘက် ယွန်းယွန်း၌ စီလောင်တောင်နှင့် ဝါးစိမ်းတောင်တို့ရှိ၏။ ခရီးအကွာအဝေးအားဖြင့် (၈) မိုင်လောက်ဝေးသောကြောင့် စီလောင်ရွာနှင့် ထန်းတောကြီးရွာတို့ ကူးလူးဆက်ဆံမှုသိပ်မရှိကြချေ။ စီလောင်တောင်ခြေတွင်ရှိသောကြောင့် စီလောင်ရွာဟု ခေါ်လေသလား။ စီလောင်ရွာကို အစွဲပြု၍ စီလောင်တောင်ဟုခေါ်လေသလားဆိုသည်ကို တိတိကျကျမည်သူမှမသိပေ။ စီလောင်ဆိုလျှင် တောင်ရောရွာပါ ပူးတွဲသိပြီးဖြစ်၏။

စီလောင်ရွာတွင် ကာလသားလောက၌ မချောသည် စူပါစတားလေးအဖြစ် ထင်ရှားသူဖြစ်၏။ အချော... အလှကြီးမဟုတ်သည့်တိုင် ကိုယ်ချ... အချိုးအဆစ်ပြေပြစ်၍ ထိုခေတ်... (၁၉၇၀ ပြည့်နှစ်ခန့်ကျင်) ရုပ်ရှင်မင်... သမီးချော သင်းသင်းလှဲ့နှင့်တူလှသော... ကြောင့် စီလောင်ရွာ ကာလသား... လောကတွင် စူပါစတားလေးဖြစ်သ... အပြောအဆိုလည်း ချိုသာလှပေသည်... တောရောမြို့ပါ လူကြိုက်များသည်... မင်းသား ရွှေဘာနှင့် အတွဲညီလှသော... မင်းသမီးလေး သင်းသင်းလှဲ့ကိုလည်း... တွေးလက်ပရိသတ်များ အကြိုက်တွေ... ကြ၏။ ထိုနည်းတူ စီလောင်ရွာသူ... မချောကိုလည်း အထိုကာလသား... လောကတွင် စူပါစတားဟု အသိအမှတ်... ပြုကြ၏။

အပူရှိန်ပြင်းလှသော ကဆုန်... နယုန်လများတွင် ရေချိုးရာ၌ အထော်... ပင် သတိထားရ၏။ ရေချိုးများ၍ နှာ... ရောက်သူပင် ရှိ၏။ ယခုလည်း စီလော... အပျိုချော စူပါစတားလေး မချောထ... ယောက် နေပူထဲမှအပြန် ရေချိုး... သောကြောင့် အပြင်းဖျားကာ သတိ... သည်မှာ (၅) ရက်ပင်ရှိပြီ ဖြစ်လေ... မချော သတိလစ်မေ့မြောနေသည့် (၅)... ရက်မြောက်နေ့မှာပင် ထန်းတောကြီး... သူ ခင်ထားလည်း ပိုးသတ်ဆေးသော... ကာ သေကြောင်းကြံသဖြင့် ယင်းမာပင်... ဆေးရုံ၌ စစ်ချက်ယူနေဆဲ လူ့လော... ကြီးနှင့် အဆက်အသွယ်ပြတ်သွား၏။

ခင်ထား သတိရလာချိန်၌ မိမိ... သည် ဆေးရုံပေါ်တွင် မဟုတ်တော့ဘဲ... ကန္တာရဆန်လှသော ခြောက်သယောင်း... နေသည့် ကွင်းပြင်ကြီးအလယ်တွင် တစ်... ကိုယ်တည်းလျှောက်လှမ်းနေရ၏။ ခြေ... ထောက်တွင် ဖိနပ်မပါသည့်အတွက်... ခယောင်းတောမှ သုံးခွဆူးလေသီးနှင့်... ထိကရုံး၊ ဆူးပေါက်များက ခြေထောက်... တွင် စူးဝင်ကြသဖြင့် မခံနိုင်အောင်နာ... ကျင်လွန်းလှ၍ ဆူးများကို နုတ်ပစ်နေရ... ၏။ သစ်ပင်အရိပ်ဝါသဆို၍ ဤထို... ခယောင်းတောတွင် ပေါက်လေ့ရှိသော... နေပဆေးပင်သာမှ မရှိချေ။ နေပဆေး... ပင်ဟူသည် အောက်ပြည်အောက်ရွာ... တွင်ရှိသော ရဲယိုပင်နှင့် တစ်ပုံစံတည်း... တူ၏။ အရွက်အသီးတို့လည်း ရဲယိုအ... တိုင်းပင်။ သို့သော် အပင်မှာ လူတစ်ရပ်... ထက် ပိုမမြင့်သလို အသီးကလည်း... လက်ညှိုးဖြားခန့်သာ ရှိ၏။

ပူလောင်ပြင်းပြသော နေရှေ... အောက်တွင် ရေကလည်း အငမ်းမရ...

www.burmeseclassic.com

ဆောက်ချင်လှ၏။ မိမိခြေထောက်ကို ခင် မလှမ်းချင်လောက်အောင် ပင်ပန်း လှန်း၏။ မိမိသည် ဘယ်အရပ်ဒေသသို့ ာကြောင့်ရောက်နေရသည်ကိုလည်း ထသိချေ။ ရှေ့တူရူအဝေးဆီတွင် မှိုင်းညို့ နေသော တောင်ကြီးတစ်လုံးကို လှမ်း မြင်သဖြင့် သိသလိုလိုရှိသော စူးစိုက် ကြည့်နေဆဲ တောင်ထိပ်မှ ဝတ်ဖြူစင် ကြယ်နှင့် ပုဂ္ဂိုလ်ကြီးတစ်ဦးပေါ်လာပြီး တစ်နေရာသို့ လက်ညှိုးညွှန်ပြကာ ပျောက်ကွယ်သွား၏။ ပုဂ္ဂိုလ်ကြီးပျောက် ကွယ်သွားလေမှ ကြေးစင်တောင်ဘိုးဘိုး ကြီးဟု သိလိုက်မိ၏။

ဘိုးဘိုးကြီးညွှန်ပြရာဘက်သို့ဆက် လျှောက်ရင်း မိမိရှေ့ မလှမ်းမကမ်း၌ စုံစီနဖာရောင်းသည့် အဒေါ်ကြီးတစ် ယောက်ကို လှမ်းမြင်ရ၏။ စုံစီနဖာဆို သည်မှာ တောရွာဒေသများတွင် လှည့် လည်ကာ ကျန်ပစ္စည်းအသေးအမွှားဖြစ် သည့် အပ်ချည်လုံး၊ ကလစ်၊ ပေါင်ဒါမှုန့်၊ ဘီး မှန်လေးများ စသော ယနေ့အခေါ် ခန်စီပစ္စည်းလေးများကို တောင်းဖြင့် ထည့်ကာ ခေါင်းတွင်ရွက်၍ တစ်ရွာမှ တစ်ရွာ လှည့်လည်ရောင်းချသူ ဖြစ် သည်။

စုံစီနဖာရောင်းသည့် အဒေါ်ကြီး နောက် အမှီလိုက်ခဲ့သော်လည်း အဒေါ် ကြီးသည် ခင်ထားကိုလှည့်၍ပင်မကြည့် ချေ။ သို့ဖြင့် ရွာတစ်ရွာသို့ရောက်သွား ၏။ ရွာမှခွေးတို့သည် အဒေါ်ကြီးနောက် မှပါလာသော ခင်ထားကို မြင်သော် အားမတတ်ဝါးမတတ် ဟိုင်းဟောင်ကြ၏။ အချို့ခွေးကအူသံပေး၏။ခင်ထားလည်း ကြောက်လှသောကြောင့် အဒေါ်ကြီး နောက်ဘက်မှ ပူးကပ်ရင်း လိုက်၏။ အဒေါ်ကြီးလည်း စိတ်တိုလာတာ -

"ဟဲ့ခွေးတွေ၊ ငါအမြဲဈေးလာ ရောင်းနေတာမဟောင်ဘဲနဲ့ ဒီနေ့မှ ဘာဖြစ်နေကြတာလဲ ဟေ့ခွေးတွေ"

ဟု ရေရွတ်ရင်း ခြံဝင်းတစ်ခုကို ဝင်၏။

ထိုစဉ်၌ ခင်ထားလည်း ရေငတ် လှသဖြင့် မိမိရှေ့တွင် မြင်နေရသော တံခါးဖွင့်ထားသည့်အိမ်ပေါ် သို့ပြေးတက် ပြီး-

"ရေ. . . ရေပေးကြပါ"

ဟု အော်လိုက်၏။

သတိမေ့မြောနေသည်မှာ (၅) ရက်ရှိပြီဖြစ်သော မေချော၏အနားတွင် စောင့်ကြပ်နေကြသော သားချင်းတို့က-

"ဟော - မေချော သတိရလာပြီ"

ဟု ဝမ်းသာအားရဆိုကာ ဂွမ်းစ လေးကို ရေတွင်နှစ်၍ မေချောပါးစပ် ထဲသို့ အစက်ချပေးကြ၏။ အစက်ချပေး သောရေကို အငမ်းမရသောက်သည့် အတွက် လက်ဖက်ရည်ကြမ်းပန်းကန် တစ်လုံးစာမျှ ကုန်သွားချိန်တွင် မျက်လုံး ပါပွင့်လာ၏။ အဖေ၊ အမေနှင့် သားချင်း တို့သည် မေချောတစ်ယောက် မသေ တော့ဘူးဆိုကာ ဝမ်းသာကြ၏။ မျက်စိ ဖွင့်ကာ ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့် သော်လည်း စကားမပြောနိုင်သေးချေ။ ဘာပဲဖြစ်ဖြစ် မိဘသားချင်းများက မေချော မသေမပျောက်သဖြင့် ဝမ်းသာ ကြ၏။

လုံးဝကျန်းမာလာပြီး ရက်အတန် ကြာသည်အထိ မေချောတစ်ယောက် စကားပြောဆိုခြင်းမပြုဘဲ ငေးငိုင်တွေဝေ နေတတ်၏။ မိဘသားချင်းတို့ကိုလည်း ဘယ်သူဘယ်ဝါဟူ၍ သိပုံမပေါ်တော့ သလို တွေ့ရ၏။ ဤသို့သော အခြေ အနေကို မြင်တွေ့ရသော မိဘများက တိုသမီးလေး ရောဂါဝေဒနာပြင်းထန်၍ ငန်းသန္နိပါတ်နာဖြစ်ကာ အတိတ်မေ့နေ တာဟုဆိုရင်း မသေမပျောက်ရင်တော် ပြီ။ နောက်တော့ကောင်းလာမှာပါဟု ဖြေသိမ့်ကြ၏။ ငန်းသန္နိပါတ်နာဆိုသည် မှာ အပြင်းအထန်ဝေဒနာခံစားရပြီး ပြန် ကောင်းလာသောအချိန်တွင် အတိတ် မေ့ပြီး ရူးကြောင်ကြောင်ဖြစ်သွားတတ် သောရောဂါတစ်မျိုးပင်။

သုံးလ၊ လေးလကြာသောအချိန် တွင် အတန်အသင့်ပြောနိုင်ဆိုနိုင်ရှိလာ သော်လည်း ယခင် မေချော၏ ဟန်ပန် အမူအရာမျိုးမရှိတော့ဘဲ အလွဲလွဲအ ချော်ချော်တွေများနေ၏။သူငယ်ချင်းများ က လာရောက် နှုတ်ဆက်လျှင် မမှတ် မိတော့သလို -

"အင်း၊ အဲ၊ နေကောင်းပါတယ်"

ဟုလောက်သာ ပြောနိုင်၏။ ထူး ခြားသည်မှာ သူစိတ်လိုလက်ရရှိသော အချိန်တွင် -

"ကျွန်မ မေချော မဟုတ်ဘူး။ ခင်ထားပါ"

ဟု ဆိုလာ၏။ မည်သို့ပြောပြော မိဘများက လက်မခံဘဲ ငန်းသန္နိပါတ် မစင်သေးလို့ဟုသာ ယုံကြည်ကြ၏။

လအတန်ကြာသောအခါ အတန် အသင့် အဆင်ပြေလာသော်လည်း သူ့ သည် ထန်းတောကြီးရွာမှ ခင်ထားဖြစ် ပါကြောင်း မကြာမကြာပြောလာ၏။ မည်သို့ပင်ပြောစေ မိဘများအနေဖြင့် လုံးဝလက်ခံယုံကြည်ခြင်းမရှိချေ။ သူငယ် သမီး မေချောသည် ရောဂါများ၍ အရူး ငူပ်ပြီး အသည်းအသန်ဖျားရာမှ သတိ မေ့မြောသွားခြင်းသာ ဖြစ်သည်။ ထန်း တောကြီးရွာမှ ခင်ထားဝင်စားရအောင် ကလည်း ပဋိသန္ဓေနေ၍ အမိဝမ်းမှမွေး ဖွားလာသည်မဟုတ်။ လူဝင်စားဟူသည် အမိဝမ်းမှ မွေးလာပြီးမှ ဇာတိဿရ ဉာဏ်ကြောင့် အတိတ်ဘဝကို မှတ်မိ ပြောပြနိုင်သူများကို ခေါ်သည်။ ယခု မေချောသည် ပကတိပင်ကို တစ်ဆယ့် ခြောက်နှစ်သမီးအရွယ် မသေမပျောက် ဘဲလျက် လူဝင်စားမဖြစ်နိုင်ဟု ဆိုကြ၏။ ထန်းတောကြီးရွာသို့လည်း အရောက် အပေါက်နည်းကြသဖြင့် ခင်ထား၏ သတင်းကို မည်သူမျှမသိကြချေ။

သို့သော် ယုံမှားသံသယဖြစ်ဖွယ် ရာတို့ကိုလည်း စဉ်းစားမိကြ၏။ ယခင် မေချော၏ ပြောဟန်ဆိုဟန် လေယူ လေသိမ်းမဟုတ်တော့ခြင်း၊ မိမိအိမ်မှ ပစ္စည်းများကို ဘယ်နေရာတွင် ဘာ ပစ္စည်းရှိသည်ဟု မသိတော့ခြင်း။ စီ လောင်ရွာမှ အခင်ဆုံးသူငယ်ချင်းများ ကိုပင် မသိတော့ခြင်းတို့သည် သံသယ ဝင်စရာဖြစ်၏။ တစ်ဖက်ကလည်း ထန်း တောကြီးရွာမှ ခင်ထားဘဝကို တီတီကျ ကျပြောနေခြင်းကလည်း စဉ်းစားစရာ ဖြစ်လာ၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထို နှစ်က (၁၉၆၉- ၁၉၇၀) ခန့်က ယင်းမာ ပင်မြို့နယ်ကျေးရွာများ ဘောလုံးဗိုလ်လု ပွဲ၌ ထန်းတောကြီးရွာက ဗိုလ်စွဲ၍ ဒိုင်း ဆုကြီးရသွား၏။ ထို့ကြောင့် ဒိုင်းဆုရ အောင်ပွဲအဖြစ် မန္တလေးမှ နာမည်ကျော် မန္တလေးသောင်းတန်အငြိမ့်ဖြင့် ဂုဏ်ပြု ပွဲကျင်းပမည် ဖြစ်၏။

ထန်းတောကြီးရွာ ဒိုင်းဆုရ အောင်ပွဲခံမည့်သတင်းကို စီလောင်ရွာ ကလည်းကြားသိ၏။ထို့ကြောင့် မေချော ၏မိဘများသည် အစီအစဉ်တစ်ခုတိုင် ပင်ညှိနှိုင်းကြသည်မှာ မန္တလေးသောင်း တန်အငြိမ့်လည်းကြည့်၊ သမီးမေချော ပြောပြောနေသည့် ထန်းတောကြီးရွာသူ ခင်ထားဘဝလည်း ဟုတ်၊ မဟုတ် စုံစမ်း ရန်ဆိုသည့် တစ်ချက်ခုတ်နှစ်ခုရအစီ အစဉ် ချမှတ်လိုက်၏။

မန္တလေးသောင်းတန်၏ အငြိမ့်ပွဲ ကြည့်ရန်အတွက် စီလောင်ရွာမှ ထွက်ခဲ့ ကသော လှည်းငါးစီးတွင် မေချော၏ အဖေမောင်းသောလှည်းသည် ရှေ့ဆုံးမှ ဖြစ်၏။ လှည်းတိုင်းမှ နွားများတွင် လည် ပင်း၌ အလှဆင်ချမှု[illegible]တ်ပေးထား



www.burmeseclassic.com

www.burmeseclassic.com

ကြသဖြင့် နွားများကလည်း မြူးထူးတက်ကြွလျက် ကြိမ်ပင်မတို့ရဘဲ အပြေးတစ်ပိုင်းလာခဲ့ကြရာ မြရိပ်တောင်ဆွယ်ကို နေဝင်ဖိုးဖျအချိန်တွင် ရောက်ရှိခဲ့ကြ၏။ မြရိပ်တောင်ဆွယ်ကျော်ပြီးလျှင် မြရိပ်ညို့ရွာ၊ ထိုမှရှေ့တစ်မိုင်ခန့်တွင် ရေကြည်ပင်ရွာနှင့် ရှေ့နားတွင် ရေပုစ်ဘုရားကြီးတို့ ဖြစ်၏။ မြရိပ်တောင်ဆွယ်ကျော်သည်နှင့် မေချောသည် အဖေဖြစ်သူလက်မှ နွားမောင်းကြိုး၊ ကြိမ်တံကို လုယူပြီး -

"အဖေ ကျွန်မ မောင်းမယ်"

ဆိုကာ မေချောပင် မောင်းခဲ့၏။ စီလောင်သူ မေချောသည် ဤလမ်း၌ ခရီးကို ယခုမှ ပထမဆုံးရောက်ဖူးခြင်းဖြစ်သော်လည်း ထန်းတောကြီးရွာတွင်းအထိ ဖြောင့်ဖြူးစွာ မောင်းနိုင်ခဲ့၏။

အငြိမ့်ပွဲခင်းရှိရာသို့မသွားဘဲ ရွာလယ်ရှိ ဦးစိန်တုတ်၊ ဒေါ်ချောင်းဆယ်တို့ခြံဝိုင်းထဲရောက်သည်အထိ မောင်းဝင်ခဲ့၏။ အိမ်ရှေ့ရောက်သော် မေချောပင် လှည်းပေါ်မှ ဦးစွာဆင်း၍လှည်းထောက် (ဒေါက်) ထောက်ခြင်း၊ ထမ်းပိုးမှ နွားများကို ဖြုတ်ပေးခြင်းလုပ်၏။ ဒေါ်ချောင်းဆယ်ကလည်း အခြားတစ်ရွာက မိမိအသိမိတ်ဆွေ ပွဲလာတာပဲဟု တွေးရင်း ဘယ်သူတွေလဲကြည့်သော်လည်း မိမိသိသူများတစ်ယောက်မှမပါ။ ထိုစဉ်မှာပင် သူခင်ထားပါဟု ပြောပြောနေသော မေချောက -

"အဖေနဲ့ အမေတို့ ဆင်းကြလေ။ ဒါဟာ သမီးခင်ထားရဲ့အိမ်ပဲ"

ဟု ဆိုရင်း တစ်ဆက်တည်းပင် ဘယ်သူတွေလဲဟု လှမ်းကြည့်နေသော ဒေါ်ချောင်းဆယ်အား -

"အမေ ဘာကြည့်နေတာလဲ။ သမီး ခင်ထားလေ"

ဟု ဆိုရာ ဒေါ်ချောင်းဆယ်လည်း အံ့ဩထိတ်လန့်စွာဖြင့် -

"ဟေ"

တစ်ခွန်းသာဆိုနိုင်ပြီး တွေတွေကြီး ကြည့်နေမိ၏။

'ဟုတ်တယ် အသံရော အရွယ်ပါ ခင်ထားပဲ'

"ဒါပေမယ့် ခင်ထားသေလို့ ငါကိုယ်တိုင် သဂြိုဟ်ခဲ့တာပဲ"

အတွေးများ ချာချာလည်ရင်း ငေးကြည့်နေမိ၏။ ခင်ထားဆိုသော မေချောကပင် ဦးဆောင်၍ စီလောင်ရွာမှ မိဘများကို နေရာချပေးသဖြင့် ဒေါ်ချောင်းဆယ်လည်း ရောယောင်၍ကူညီရင်း -

"ငါ့သမီး ခင်ထားမှခင်ထားအစစ်ပါလဲ"

ဟု ဝမ်းသာဝမ်းနည်းဖြစ်နေရှာ၏။

■ ခင်ထားဟုတ်၊ မဟုတ် စိစစ်ကြခြင်း ■

စီလောင်မှဧည့်သည်များဖြစ်သည့် မေချောမိဘတို့ကလည်း ညစာထမင်းစားပြီးချိန်တွင် ပြီးခဲ့သည့်နှစ် နယုန်လပူပြင်းချိန်တွင် မေချော ရေချိုးမှား၍ အသည်းအသန်ဖြစ်သွားပုံမှအစ ဇာတ်ကြောင်းပြန်ရင်း ခုလည်း သူပြောသည့်အတိုင်း ခင်ထားဟုတ်၊ မဟုတ်စုံစမ်းရန်နှင့် အငြိမ့်ကြည့်ရင်းလာခဲ့ကြောင်း ရှင်းပြကြသည်။

ထန်းတောကြီးမှ ခင်ထားအမေ ဒေါ်ချောင်းဆယ်ကလည်း ပြီးခဲ့သော ဖြစ်ရပ်များရှင်းပြရင်း ယခုခင်ထားဆိုသော မေချောသည် တန်ပန်အမူအရာ၊ လေယူလေသိမ်း၊ အသားအရောင်၊ အရုပ်အမောင်းမှအစ မျက်နှာပေါက်ပါ သူ့သမီး ခင်ထား အစစ်ဖြစ်ပါကြောင်း၊ သေရာက ပြန်ရှင်လာသော သမီးလေးကို ထားခဲ့ပါရန်အထိဆိုသောအခါ တစ်ဖက်မိဘတို့ကလည်း သူတို့သမီးလေး မေချောသည် ဖျားနာရုံကလွဲ၍ သေသွားခြင်းမဟုတ်သည့်အတွက် ခင်ထားမဟုတ်ဘဲ မေချောသာဖြစ်၍ မထားခဲ့နိုင်ပါကြောင်းအထိ ဖြစ်ကြ၏။

ဤသတင်းအား အိမ်နီးချင်းများပါ သိရှိသွားသည့်အတွက် လာရောက်ကြည့်ရှုကြ၏။

"ဟယ် -ခင်ထားမှခင်ထားအစစ်ပဲ"

ဆိုသူက ဆို၏။

အချို့က မဖြစ်နိုင်ဟု ပြော၏။ ပြဿနာက ဤမျှနှင့် ပြီးမသွားချေ။ သို့ဖြင့် ခင်ထားအစစ်ဟုတ်၊ မဟုတ် စမ်းသပ်ရန်အထိဖြစ်လာရာ ပထမဦးစွာ ခင်ထားဘဝက သုံးခဲ့သောပစ္စည်းများ မေးမြန်းရာ တစ်ခုမှမလွဲဘဲမှန်၏။ အရွယ်တူ လူကြီး (၅) ဦးထိုင်နေသည့် အထဲမှ ခင်ထားအဖေ ဘယ်သူလဲဟု မေးရာ ခေါင်းတုံးပြောင်ကို တဘက်ပေါင်းထားသည့်လူကြီးကို ပြရုံမက -

"အရင်က အဖေဟာ သျှောင်ထုံးနဲ့"

ပါဟုပင် ဖြည့်စွက်ပြောသေး၏။ ပြောသည့်အတိုင်း မှန်၏။ နောက်ဆုံးအနေဖြင့် မေချော (သို့) ခင်ထားကသက်သေပြလိုသဖြင့် -

"အမေသမီးအခန်းထဲကသေတ္တာဖွင့်ကြည့်သေးလား"

ဟု မေးရာ ဒေါ်ချောင်းဆယ်က လည်း သမီးလေးခင်ထား သူ့ကြောင့်သေရသည်ဟု ယူကျုံးမရဖြစ်ကာ သမီးလေး၏သေတ္တာကို လက်နှင့်တောင်မတို့ဘဲ အလွမ်းပြေအဖြစ်ထားကြောင်း ပြော၏။

"ဟုတ်ပြီ၊ ဒီလိုဆိုရင် သေတ္တာထဲမှာရှိတဲ့ ပစ္စည်းတွေအနက် အရေးပါတဲ့ ပစ္စည်း (၁၀) မျိုး ပြောပြပါမယ်။

စာရေးပြီး မှတ်ထားကြပါ။ ပြီးတော့မှ သေတ္တာဖွင့်စစ်ပါ"

ဟု ဆိုသဖြင့် မယုံကြည်သူများက စာရေး၍ မှတ်ကြ၏။ သေတ္တာဖွင့်နိုင်သောအခါ အမေဖြစ်သူ ဒေါ်ချောင်းဆယ်က သော့မရှိ၍ သေတ္တာသော့အိမ်ဖျက်ရမည်ဟုဆိုရာ မေချောတစ်ဖြစ်လဲ ခင်ထားက -

"အမေ သမီးအိပ်ခန်းထောင့်တိုင်နဲ့ ကြွက်လျှောက်တန်းကြားမှာ သော့ရှိတယ်"

ဟု ဆိုသဖြင့် ကြည့်ရှုနားထောင်သူတို့ အံ့ဩကြ၏။ သော့ဖွင့်ပြီး စစ်ဆေးကြည့်ရာ မေချောပြောသည့်အတိုင်း တစ်ခုမှမလွဲချေ၊ စာရင်းထဲတွင် မိဘများမသိအောင် ဝယ်ထားသော အလေးချိန်တစ်ကျပ်ခွဲသားရှိ ရွှေဆွဲကြိုးတစ်ကုံးပင် ပါ၏။ မယုံဟုဆိုသူများ စကားတစ်လုံးတစ်ပါဒမျှ မပြောနိုင်တော့ချေ။

နှစ်ဖက်မိဘတို့ မေချော၊ ခင်ထားဟုပွဲပြဿနာ ဤမျှနှင့်မပြီးသဖြင့် ကျေးရွာလူကြီးများပါ ဝင်ရောက်ညှိနှိုင်းဖြေရှင်းပေးရသည်အထိ ဖြစ်သွား၏။ မေချောသည် စီလောင်မှ မိဘအမွေခံယူစေ၍ ခင်ထားသည် ထန်းတောကြီးရွာမှ ဦးစိန်တုတ် ဒေါ်ချောင်းဆယ်တို့၏ အမွေခံယူစေကာ နှစ်ဖက်မိဘတို့ထံ တစ်လှည့်စီနေခြင်းဖြင့် ဘဝနှစ်လွှာတွင် တစ်မျက်နှာနှင့် မိန်းကလေး မေချော (သို့) ခင်ထား၏ ထူးခြားဖြစ်ရပ်မှန်အား တင်ပြအပ်ပါသတည်း။

ကျေးဇူးစကား- ဤထူးခြားသော ဘဝနှစ်လွှာမိန်းကလေး၏ ဖြစ်ရပ်မှန်အား ပြောပြသော ကိုဘအေး-စက်မှုအင်ဂျင်နီယာ (ရွာသာ) အား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# လျှမ်းထက်
# ကျွန်းတို့၏မာယာ


ကျွန်တော်သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော သုရဿမဂ္ဂဇင်းကြီး၌ 'မာယာရှင်ကျွန်းစုများ' အမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသား ဖော်ပြခဲ့ပါသည်။ ထိုဆောင်းပါးတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလပထမပတ်အတွင်း ဖော်ပြခဲ့သော အင်တာနက်သတင်းနှင့် နိုင်ငံတကာရုပ်သံလွှင့်ဌာနအစဉ်များတွင် ထုတ်လွှင့်ခဲ့သော သတင်းများအရ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း တည်ရှိသော ပြင်သစ်အစိုးရပိုင် နယူးကယ်လီဒိုးနီးယားကျွန်းစုနှင့် ဩစတြေးလျနိုင်ငံအရှေ့ဘက်ကမ်းခြေအကြားရှိ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းမှ 'စန္ဒီ' ကျွန်းမှာ ရုတ်တရက် တောင်ပစိဖိတ်သမုဒ္ဒရာရေပြင်ထက်မှ ပျောက်ကွယ်သွားသောသတင်းဖြစ်သည်။

ထိုသတင်းကိုပင် သတင်းကိုယ်စားလှယ်အသီးသီးက သတင်းဖြန့်ချိခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ သတင်းစာကြီးများက မျက်နှာဖုံးသတင်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း ဖော်ပြပေးခဲ့သဖြင့် နိုင်ငံတကာသို့ ထူးထူးခြားခြား သယ်ကိုရိုက်ခတ်ခဲ့သော သတင်းတစ်ပုဒ်ဖြစ်ခဲ့၏။ အမှန်အားဖြင့် ထိုစန္ဒီကျွန်းမှာ လူများနေထိုင်သော ကျွန်းတစ်ကျွန်း မဟုတ်သော်လည်း အတော်အသင့်ကြီးမားပြီး ကမ္ဘာ့မြေပုံစာအုပ်များတွင် ထည့်သွင်းဖော်ပြထားသော ကျွန်းတစ်ကျွန်းဖြစ်သဖြင့် လူအများစိတ်ဝင်စားခြင်း ဖြစ်ခဲ့ပါသည်။ ဤမျှကြီးမားသော ကျွန်းကြီးတစ်ကျွန်းလုံး ဤကမ္ဘာ့ အဏ္ဏဝါပြင်မှ အဘယ်ကြောင့် ရုတ်တရက် ပျောက် ကွယ်သွားရသည်ကို မည်သူမျှ သဘာဝကျကျ အများလက်ခံလာနိုင်ရန် ရှင်းလင်းပြောပြနိုင်ခြင်းမရှိသဖြင့် သည်းထိတ်ရင်ဖိုဖွယ် ပဟေဠိတစ်ပုဒ်ဖြစ်ခဲ့ရသည့်အကြောင်း ရေးသား ဖော်ပြခဲ့ပါသည်။

ဤစန္ဒီကျွန်း ရုတ်တရက် ပျောက်ဆုံးသွားခြင်းသည် မြေအောက်၌ ပြင်းထန်စွာ တုန်လှုပ်ခဲ့သော ငလျင်ကြောင့်လော သို့မဟုတ် ထိုကျွန်းကို စတင်တွေ့ရှိပါသည်ဟု ဆိုသောသူများပင် စိတ်အာရုံလွဲများ၍ အဏ္ဏဝါတံလျှပ်တို့ ကျွန်းထင်မှတ်၍ စန္ဒီကျွန်းဟုအမည်ပေးကာ သက်ဆိုင်ရာသို့ အစီရင်ခံတင်ပြခဲ့ခြင်းလော။ မည်သို့ပင်ဖြစ်စေကာမူ ထိုကျွန်းပျောက်ဆုံးရမှုကိစ္စမှာ ရှင်းရှင်းလင်းလင်း မသိရဖြစ်သဖြင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ တက္ကသိုလ်ကျောင်းတိုက်ကြီးမှ သိပ္ပံပညာရှင်များနှင့် အဏ္ဏဝါဗေဒ သုတေသီများလိုက်ပါသွားသောအဏ္ဏဝါပြင်သို့ ထွက်ခွာသွားပြီး ဤကျွန်းရုတ်တရက် ပျောက်ကွယ်သွားရခြင်းကို စနစ်တကျ သိပ္ပံနည်းကျ စုံစမ်းစစ်ဆေးခဲ့သော်လည်း စန္ဒီကျွန်းအား လုံးဝရှာဖွေမတွေ့ရဖြစ်ခဲ့ရသည်ဟု သတင်းမီဒီယာများက ဖော်ပြခဲ့သည့် အကြောင်းကို ရေးသား ဖော်ပြခဲ့ပါသည်။

မှန်ပါသည်။ အဏ္ဏဝါသုတေသီများ၏ သတင်းပေးပို့ချက်မှာ အဏ္ဏဝါ ပျော်သင်္ဘောသားတို့၏ ပါးစပ်ဇာဇက်များတွင် ဤသို့ ရုတ်တရက် ပျောက်ဆုံးသွားသောကျွန်းများ၊ ကျွန်းစုများအကြောင်း ပါဝင်လေ့ရှိပါသည်။ အင်္ဂလန်နိုင်ငံ လွိုက်ရေကြောင်းအာမခံကုမ္ပဏီကြီး၏အမှတ်တွဲများတွင်လည်း သင်္ဘောပေါ်မှ သင်္ဘောသားများ၊ ခရီးသည်များ၏ မြင်ကွင်းမှ ရုတ်တရက် ပျောက်ဆုံးသွားသောကျွန်းများနှင့် ရုတ်တရက် အဏ္ဏဝါပြင်ထက် ပေါ်လာသော ကျွန်းများအကြောင်းပါဝင်ပါသည်။ ဤထူးခြားဖြစ်စဉ်များမှာ ယခုမှ ပေါ်လာသော ရှေးကြာပင်ဖြစ်ရပ်များ မဟုတ်ပါ။ ရှေးပဝေသဏီကပင် ထိုကဲ့သို့ ဖြစ်ရပ်ဆန်းများအကြောင်း စာတစ်စောင်ပေတစ်ဖွဲ့









www.burmeseclassic.com

www.burmeseclassic.com

ရေးခဲ့သည့် မှတ်တမ်းများကို ကျွန်တော်များ ဖတ်ရှုခဲ့ကြရ၏။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ဤဆောင်းပါးရေးသားရန် ပြင်ဆင်နေစဉ်မှာပင် ၂၀၁၃၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် အင်အားပြင်းထန်သော ငလျင်တစ်ခု ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် လှုပ်ခတ်သွားသည့်သတင်းနှင့် ထိုသတင်း နောက်ဆက်တွဲ ထူးခြားဖြစ်စဉ်တစ်ခုကို လန်ဒန်မြို့ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်မှ ထုတ်လွှင့်သွားခဲ့သည်။ ထိုသတင်းအရ ငလျင်ပြင်းအားမှာ (၇)ဒသမ(၇)အဆင့်ရှိသည်ဟု ဆိုသည်။ ထူးခြားပြင်းထန်သောငလျင်တစ်ခုဖြစ်သည်ဟုသိရ၏။ ငလျင်သည် ဘလူချစ္စတန်ပြည်နယ် အဝါရန်းဒေသအား ဗဟိုပြုလှုပ်ခတ်ခြင်း ဖြစ်၏။ ထိုငလျင်ကြီး လှုပ်ခတ်မှုကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် ပင်လယ်ကွေ့ဒေသရှိ ဒူဘိုင်းမြို့များအထိခံစားကြရသည်လည်း သတင်းများက ဖော်ပြခဲ့သည်။ ငလျင်သည် ဒေသစံတော်ချိန် ညနေ (၄) နာရီ (၂၉) မိနစ်အချိန်တွင် မြေအောက်အနက် ကီလိုမီတာ(၂၀)အကွာကို ဗဟိုပြု၍ လှုပ်ခတ်သွားခဲ့ခြင်း ဖြစ်၏။

ထိုဒေသမှာ မြို့ရွာအဆက်ကျဲသောဒေသဖြစ်သဖြင့် လူအနေကျဲသော်လည်း ထိုငလျင်ကြီးကြောင့် ထိခိုက်ဒဏ်ရာရသူ၊ ပျောက်ဆုံးသူများနိုင်သည်ဟု သတင်းများက ဖော်ပြခဲ့သည်ဟု ဆိုသည်။ ဤသတင်းကို ကြားသိရလျှင်ရချင်း အမေရိကန်ပြည်ထောင်စု ကမ္ဘာ့ဘူမိဗေဒလေ့လာရေးအဖွဲ့က ထိုငလျင်နှင့်ပတ်သက်၍ စနစ်တကျလေ့လာမှုပြုလုပ်နိုင်ရန် အဖွဲ့တစ်ဖွဲ့အားစေလွှတ်မည်ဟု ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့၏။ ဒေသခံ သတင်းမီဒီယာများကမူ လက်ရှိကောက်ယူထားသော စာရင်းဇယားများအရ လူ (၂၄၈) ကျော် သေဆုံး၍ ထိခိုက်ဒဏ်ရာရသူ (၃၈၂) ဦး ရှိသည်ဟု ဆိုသည်။ ဒေသခံသဘာဝဘေးအန္တရာယ်ထိန်းချုပ်ရေးအဖွဲ့၏တာဝန်ရှိသူကမူ အသေအပျောက်နှင့်ထိခိုက်ဒဏ်ရာရသူဦးရေ ပိုမိုများပြားလာနိုင်သည်ဟု ဆိုသည်။ ပြည်နယ်အစိုးရကလည်း ထိုငလျင်ကြီးလှုပ်ခတ်ခဲ့သည့် ဒေသတွင်း အရေးပေါ် အခြေအနေ ထုတ်ပြန်ခဲ့ပြီး ငလျင်ဘေးအန္တရာယ် ကယ်ဆယ်နိုင်ရေးအတွက် စစ်တပ်မှ တပ်သား (၁၀၀၀) နှင့် ဆေးအဖွဲ့တစ်ဖွဲ့ကိုလည်း ချက်ချင်း စေလွှတ်ခဲ့၏။




ဒေသခံများ၏ နောက်ဆက်တွဲ သတင်းပေးမှုများအရ သေဆုံးသူဦးရေမှာ ယခင်က ကြေညာချက်ထုတ်ခဲ့သမျှထက် နှစ်ဆခန့် မြင့်တက်လာခဲ့သည်ဟု သိရ၏။ ထိုငလျင်ခံရသော ဒေသသည် အာဖဂန်နစ္စတန်နိုင်ငံရှိ ဝေလပြည်နယ်ထက် အတော်အသင့်ကြီးမားရာ စတုရန်းမိုင် (၈၀၀၀) ခန့် ကျယ်ဝန်းသည်။

ငလျင်လှုပ်ခတ်မှုမှာ အလွန်အင်အားပြင်းထန်သဖြင့် ဂွါဒါကမ်းရိုးတန်းတွင် အမြင့်ပေ (၁၀၀)၊ အကျယ်ပေ (၂၀၀) ရှိသော ကျွန်းတစ်ကျွန်း ရုတ်တရက် အဏ္ဏဝါထဲမှ ပေါ်လာသည်ဟု ဆိုသဖြင့် ဒေသခံအများမှ တအံ့တသြဖြစ်ကြရသည်။ မှတ်တမ်းများအရ လွန်ခဲ့သော နှစ်ပေါင်း (၆၀)ခန့်ကလည်း ယခုရုတ်တရက်ပေါ်လာသော နေရာတွင် ကျွန်းတစ်ကျွန်းပေါ် ပေါက်လာခဲ့ဖူးသည်ဟု ဒေသခံများက သတင်းပေးပို့ခဲ့သည်။ သို့သော် ထိုရုတ်တရက်ပေါ်လာသော ကျွန်းသည် ရက်အနည်းငယ်အတွင်း ရုတ်တရက်ပြန်ပျောက်ကွယ်သွားသည်ဟု သတင်းများက ဖော်ပြခဲ့၏။

ဤသတင်းကို စီအင်အင်ရုပ်သံလွှင့်အစီအစဉ်နှင့် အခြားရုပ်သံလွှင့်အစီအစဉ်များမှ ထုတ်လွှင့်ကြေညာခဲ့ပြီး ထိုရုတ်တရက် အဏ္ဏဝါပြင်ထက်သို့ပေါ်လာသည်။ ကျွန်းပေါ်သို့ လူအများတက်ရောက်၍ စူးစမ်း လေ့လာကြသည်။ သတင်းဓာတ်ပုံကို ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ဖော်ပြပေးခဲ့သဖြင့် လူအများ စိတ်ဝင်စားဖွယ်သတင်းတစ်ပုဒ်ဖြစ်ခဲ့ရသည်။

သမိုင်းအဆက်ဆက် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော စန္ဒီကျွန်းနှင့် ပါကစ္စတန်ကမ်းလွန်ပင်လယ်ပြင်တွင် ရုတ်တရက်ပေါ်လာသောကျွန်းများကဲ့သို့ သဘာဝလွန်ထူးခြားဖြစ်စဉ်များ ဒုနှင့်ဒေးရှိခဲ့ပါသည်။ ခရစ်နှ ၁၈၇၉ ခုနှစ်ကလည်း အီတလီနိုင်ငံ ဂျီ ဝါမြို့မှ ထွက်ခွာလာသော ပိုဒက်စတာ အမည်ရှိ လူစီးကုန်တင်သင်္ဘောတစ်စီ မှ ရေယာဉ်မှူးကြီးဖြစ်သူသည် အတ္တ လန္တိတ်သမုဒ္ဒရာအတွင်းရှိ ဗလာပရာ ခရိုကျွန်းစုမှ မိုင် (၈၇၀) ကွာဝေးသော အဏ္ဏဝါပြင်တွင် သက်ဆိုင်ရာနိုင်ငံများ ထုတ်ဝေသော အဏ္ဏဝါမြေပုံပေါ်တွင် ဖော်ပြထားခြင်းမရှိသောကျွန်းတစ်ကျွန်း ကို တွေ့ရှိခဲ့ရသည်။

ထိုကျွန်းမှာ အဏ္ဏဝါပြင်ထက် ပေ (၅၀) ကျော်ခန့်မျှ မြင့်တက်နေပြီ အလျား တစ်မိုင်ကျော်ကျော်ခန့် ရှည် လျား၍ သစ်ပင်၊ ချုံပင်များ ထူးထူးခြား ခြားဖုံးအုပ်နေခဲ့သည်ဟု ဆိုသည်။ ထို ကျွန်းထက်တွင် လူရိပ်လူခြေမတွေ့ရ သော်လည်း ငှက်များနှင့် အခြားသတ္တဝါ များကို တွေ့ရှိခဲ့ရ၏။ ရေယာဉ်မှူးကြီး ပိနိုချီအိုသည် သူ့သင်္ဘောမှ သင်္ဘော သားအချို့အား အရာရှိတစ်ဦးနှင့်အတူ ထိုကျွန်းထက်သို့ တက်ရောက်လေ့လာ ပြုခဲ့စေသည်။ ထိုသို့ လေ့လာမှုပြုခဲ့ခြင်း အား သူ့သင်္ဘောမှတ်တမ်းစာအုပ်တွင် ရေးသား ဖော်ပြစေကာ ယင်းသင်္ဘော လိုက်ပါလာသော ခရီးသည်အများတို့ လည်း သူ၏ လုပ်ဆောင်မှုနှင့် ကျွန်းအ ကြောင်း စနစ်တကျ ရေးသားချက်မှတ် တမ်းတွင် သက်သေအဖြစ် လက်မှတ် ရေးထိုးစေခဲ့သည်။ ထို့နောက် ရေယာဉ် မှူးကြီးသည် ထိုကျွန်းတွေ့ရှိရသည့် ထူး ခြားဖြစ်စဉ်နှင့် ထိုကျွန်း၏ တည်နေရာ အတိအကျကိုဖော်ပြထားသော အစီရင် ခံစာတစ်စောင်ကို အီတလီနိုင်ငံအစိုး ထံပေးပို့ခဲ့ပြီး အလားတူ အစီရင်ခံ



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုကျွန်းနှင့်နီးကပ်နေသောချီလီနိုင်ငံရေကြောင်းသွားလာရေးအဖွဲ့သို့လည်း ပေးပို့ခဲ့၏။

ထိုအစီရင်ခံစာများတွင် ယင်းသင်္ဘောနှင့်လိုက်ပါလာသော ခရီးသည်များ၊ သင်္ဘောအရာရှိများအား အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးစေခဲ့သည်။ ချီလီနိုင်ငံရေကြောင်းသွားလာရေးအဖွဲ့ အာဏာပိုင်များကမူ ထူးထူးခြားခြား တိအံ့တသြဖြစ်ခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျွန်းတည်ရှိသည့် အဏ္ဏဝါပြင်တွင် ချီလီနိုင်ငံမှ သင်္ဘောများ မကြာခဏ ရွက်လွှင့်သွားလာခဲ့ကြသောကြောင့်ဖြစ်သည်။ သို့သော် အီတလီရေယာဉ်မှူးကြီး ပိန္နိချိအို၏ သင်္ဘော 'ပိုဒက်စတာ' အား ဂုဏ်ပြုသည့်အနေဖြင့် ထိုကျွန်းအား 'ပိုဒက်စတာ' ကျွန်းဟု အမည်ပေးခဲ့သည်။ နောင်အခါ အီတလီနိုင်ငံ ရေကြောင်းသွားလာရေးအဖွဲ့နှင့် ချီလီနိုင်ငံရေကြောင်းသွားလာရေးအဖွဲ့တို့မှ ထုတ်ဝေသော မြေပုံစာအုပ်များတွင် ထိုကျွန်း၏ တည်နေရာ အနေအထားအတိအကျကို ဖော်ပြထားပြီး မြေပုံပေါ်တွင် ပိုဒက်စတာကျွန်းဟု ဖော်ပြထားခဲ့၏။

အီတလီနိုင်ငံ ရေကြောင်းသွားလာရေးအဖွဲ့မှ ထုတ်ဝေသော မြေပုံစာအုပ်တွင်လည်း ပိုဒက်စတာကျွန်းကို ဖော်ပြထားပြီး ထိုကျွန်းအား မည်သည့်နေ့၊ မည်သည့်အချိန်က ပိုဒက်စတာသင်္ဘောမှ ရေယာဉ်မှူးကြီးနှင့်အဖွဲ့က တွေ့ရှိသည်ဟူသော ရှင်းလင်းချက်ကိုလည်း ထိုကျွန်းမြေပုံပါသည့် စာမျက်နှာတွင် အောက်ခြေအမှတ်အသား Foot-Note ဖြင့် ဖော်ပြပေးခဲ့သည်။

သို့သော် ထိုကျွန်းအနီး လူးလာခေါက်တုံ့ ဖြတ်သန်းသွားလာကြသော နိုင်ငံတကာမှ သင်္ဘောများက ထိုလမ်းညွှန်မြေပုံတွင် ဖော်ပြထားသော ပိုဒက်စတာကျွန်းအားလုံးဝတွေ့မရှိရကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများအား အကြောင်းကြားခဲ့သဖြင့် ထိုသတင်းမှာ နိုင်ငံတကာသို့ ဂယက်ရိုက်ခတ်လာခဲ့သည်။ ဤတွင် အီတလီနိုင်ငံရေကြောင်းသွားလာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အဏ္ဏဝါသုတေသီများလိုက်ပါလာသော အဖွဲ့တစ်ဖွဲ့အား အီတလီနိုင်ငံ ရေတပ်မတော်မှ သင်္ဘောဖြင့် အထက်ဖော်ပြပါ ပိုဒက်စတာကျွန်းတည်ရှိရာသို့ စေလွှတ်၍ စုံစမ်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြသောအခါ ထိုကျွန်းတည်ရှိပါသည်ဟု ဖော်ပြထားသည့်နေရာတွင် လုံးဝရှာဖွေမတွေ့ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့် ပိုဒက်စတာကျွန်းသည် အဏ္ဏဝါပြင်ထက်မှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရသနည်း။ အီတလီရေကြောင်းသွားလာရေးအဖွဲ့မှ အဏ္ဏဝါမြေပုံရေးဆွဲသည့်အဖွဲ့သည်လည်း ပိုဒက်စတာကျွန်းအား ရှာပုံတော်ဖွင့်ခဲ့သော်လည်း ထိုကျွန်းတည်ရှိပါသည်ဟု ဆိုသောနေရာတွင် ရေပြင်သာတွေ့ရတော့၏။

ပိုဒက်စတာကျွန်းကား အဏ္ဏဝါရေပြင်ထက်မှ ပျောက်ခြင်းမလှပျောက်ခဲ့ရသည်။ သို့ဖြစ်၍ ထိုကျွန်းနှင့်ပတ်သက်သောအငြင်းပွားမှုပေါ်လာခဲ့တော့၏။ ဤဖြစ်စဉ်တွင် ရေယာဉ်မှူးကြီးတစ်ဦးတည်းသာ အထက်ဖော်ပြပါ ပိုဒက်စတာဟု ကင်ပွန်းတပ်ခံရသော ကျွန်းကို မြင်တွေ့ရခြင်းမဟုတ်ပါ။ လူစုလူဝေးဖြင့် မြင်တွေ့ရခြင်းသာ ဖြစ်၍ စိတ်အာရုံတင်းမှု သို့မဟုတ် ပင်လယ်တံလျှပ်အား အထင်မှားမှုဟု ဆိုရန်သင့်မည် မဟုတ်ပါ။ အဏ္ဏဝါသုတေသီများအဖို့ သိပ္ပံသဘောတရားနှင့် ကိုက်ညီသော သို့မဟုတ် လူအများလက်ခံလာနိုင်သည့်သဘာဝကျသောအဖြေကို ပေးနိုင်ခြင်းမရှိသဖြင့် Un-Solved လက်ရှိအနေအထားအရ မဖြေရှင်းနိုင်သေးသော ထူးခြားဖြစ်စဉ်အဖြစ် သတ်မှတ်ထားခဲ့၏။ အလားတူ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဂယက်ရိုက်ခတ်ခဲ့သော ထူးခြားဖြစ်စဉ်တစ်ခု ၁၉၂၈ ခုနှစ် နွေဦးရာသီတွင် အရှေ့တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းမှ သမိုင်းအဆက်ဆက် ဟိုးဟိုးကျော်ခဲ့သော Easter Island ကျွန်း ပျောက်ဆုံးသွားသည်ဟူသော ဖြစ်ရပ်ဖြစ်သည်။

ရာသီဥတုသာယာ၍ လှိုင်းလေငြိမ်သက်နေသော နွေဦးရာသီ၏ နေ့တစ်နေ့တွင် ဗြိတိသျှအမျိုးသားပိုင် တန်နှစ်သောင်းရှိသော ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသည့် ဝိတိုရိယသင်္ဘောသည် တောင်ပစိဖိတ် အဏ္ဏဝါပြင်တွင် ခုတ်မောင်းလာခဲ့သည့်သင်္ဘောနှင့် လိုက်ပါလာသော ကမ္ဘာလှည့်ခရီးသည်အများသည် အထက်ဖော်ပြပါ အဏ္ဏဝါပြင်ထက်ရှိ သမိုင်းအဆက်ဆက် ဟိုးဟိုးကျော်ခဲ့သော အီစတာကျွန်းအား ကြည့်ရှုရန် အားခဲထားခဲ့သည်။ ရာသီဥတုသာယာ၍ လှိုင်းလေငြိမ်သက်ပြီး နေရောင်လည်း တောက်ပလျက်ရှိရာ အီစတာကျွန်းပေါ်ရှိ ထူးဆန်းသော ရုပ်ပေါင်းများစွာရှိသည့်ကျောက်ရုပ်ကြီးများကို အနီးကပ်ကြည့်ကြရမည်ဟု မျှော်လင့်ထားသည်။

သင်္ဘောမှ တာဝန်ရှိသူများကလည်း မိနစ်အနည်းငယ်အတွင်း အီစတာကျွန်းကို တွေ့မြင်ကြရမည်ဟု ကြေညာထားသည်။ ထိုသင်္ဘောကြီး၏ ရေယာဉ်မှူးကြီးနှင့် အပန်းဖြေခရီးလိုက်ပါလာသည့် ဗြိတိသျှဘုရင့်ရေတပ်မတော်မှ အရာရှိကြီးနှစ်ယောက်တို့သည် သင်္ဘောနင်းကြမ်းပေါ်မှ အီစတာကျွန်းရှိရာသို့ မှန်ပြောင်းဖြင့် ကြည့်ရှုနေကြသည်။ လမ်းညွှန်မြေပုံအရ သူတို့ရောက်ရှိနေသော နေရာသည် အီစတာကျွန်းတည်ရှိသည့်နေရာနှင့် ကိုက် (၅၀၀) ကျော်ခန့်သာ ကွာဝေးသော အဏ္ဏဝါပြင်ရောက်နေကြသည်။ သင်္ဘောကုန်းပတ်ပေါ်တွင်လည်း ခရီးသည်အများသည် လူစုလူဝေးဖြင့် အီစတာကျွန်းအား ကြည့်ရှုရန် ရောက်နေကြ၏။ သို့သော် အီစတာကျွန်းကား အဏ္ဏဝါပြင်ထက်မှ ပျောက်ခြင်းမလှပျောက်ကွယ်နေသည်။ ရေယာဉ်မှူးကြီးနှင့် ဗြိတိသျှဘုရင့်ရေတပ်မတော်မှ အရာရှိနှစ်ယောက်တို့တလည်း အံ့အားသင့်လျက်ရှိသည်။ မည်သို့ပင်ဖြစ်စေကာမူ အီစတာကျွန်းကို ရှာမတွေ့ရတော့။ နားမလည်နိုင်သော သဘာဝတရားက အီစတာကျွန်းအား ဝှက်ထားခဲ့လေပြီ။

ရေယာဉ်မှူးကြီးသည် သက်ဆိုင်ရာတာဝန်ရှိသူများထံ ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပေးပို့ခဲ့သည်။ ထိုသတင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဂယက်ရိုက်ခတ်ခဲ့သည်။ ချီလီနိုင်ငံအစိုးရကလည်း ရေတပ်မတော်မှ သင်္ဘောတစ်စင်းကို အီစတာကျွန်းတည်ရှိရာ တောင်ပစိဖိတ်သမုဒ္ဒရာအဏ္ဏဝါသို့ စေလွှတ်ခဲ့သည်။ နိုင်ငံတကာမှ ထိုသတင်းကို ရင်တမမနှင့် စောင့်ကြည့်နေကြရသည်။ (၁၀) ရက်ခန့် ကြာမြင့်လာသည့်အချိန်တွင်မှ ချီလီအစိုးရသည် အီစတာကျွန်းအား ပြန်လည်တွေ့ရှိရသည်ဟု တရားဝင်ကြေညာချက်ထုတ်ခဲ့ရသည်။ အဘယ်ကြောင့် ထိုကျွန်းသည် ရုတ်တရက် ပျောက်ကွယ်နေသနည်း။ သဘာဝတရား ပျောက်ကွယ်စေရန် ဖန်တီးခဲ့သလော။ မည်သူမျှ ယင်းပဟေဠိကို ဖြေရှင်းနိုင်ခြင်း မရှိပါကြောင်း။

သျှမ်းထက်

ကျမ်းကိုး -

Invisible Horizon.

by V.Gaddis.

အင်တာနက်

www.burmeseclassic.com

ကျုပ်ရဲ့နာမည်က စံငြိမ်းပါ။ ပုဂံဇာတိပေါ့။ မိဘများက ကျုပ်ငယ်ငယ်ကပဲ ဆုံးသွားကြတာ။ ဒါနဲ့ပဲ အကြီးတော်စပ်တဲ့ ဘုန်းတော်ကြီးက ခေါ်လို့ မွေးစားခဲ့တယ်။ ကျောင်းစာ၊ ကျောင်းအိပ်ဆိုပါတော့။ ပရိတ်ကြီးနဲ့ လောကနီတိအထိတော့ သင်ခဲ့ရတယ်။ အရွယ်ရောက်လာတော့ မမြတင်နဲ့ အိမ်ထောင်ကျခဲ့တယ်။

အလုပ်အကိုင်ကတော့ ကြုံရာကျပန်းအလုပ်ပေါ့။ ကျုပ်က အေးအေးဆေးဆေးနေချင်တဲ့သူပါ။ ဒါပေမယ့် ကျုပ်ရဲ့ဝန်းကျင်မှာ ဗွီစီဒီသံကမိုးထိညံ၊ ပိုဆိုးတာက တစ်အိမ်ကျော်မှာ အရက်ဆိုင်ရှိတော့ ပိုဆိုးတာပေါ့။ အသံဗလံမျိုးစုံပဲဗျာ။ ကျုပ်က အလုပ်လုပ်ရင်တန်ဖိုးထားပြီး အပြတ်လုပ်ကိုင်တဲ့သူဆိုတော့ သူများထက်စာရင် ကျုပ်က ငွေပိုရတယ်။ ဒါပေမယ့် ပင်တော့ပန်ပန်းတာပေါ့ဗျာ။ နေ့မှာ အလုပ်ပင်ပန်းတော့ ညမှာ အေးအေးဆေးဆေး အနားယူချင်တာပေါ့။ အခုနပြောခဲ့တဲ့အသံဗလံတွေနဲ့ဆိုတော့ ခက်တာပေါ့။ မတတ်နိုင်ဘူးလေ၊ ဒါ ကျုပ်ရဲ့ကုသိုလ်ကံပါပဲ။ လူဆိုတာ ပတ်ဝန်းကျင်ကောင်းတော့ နေချင်တယ်လေ။

စံငြိမ်း ဆိုပေမယ့် ငြိမ်းတာဘာတစ်ခုမှမရှိသေးဘူး။ လက်လုပ်မှ ပါးစပ်လှုပ်ရတဲ့အဖြစ်မျိုးပါ။ ယူထားတဲ့ မိန်းမဘက်ကတော့ စီးပွားရေးမဆိုးဘူး။ ယာပိုင်၊ နွားပိုင် ဆိုပါတော့ဗျာ။ ဒါပေမယ့် ကျုပ်မိန်းမက သူ့အိမ်မှာ အကြီးဆုံးဆိုတော့ ဘာအခွင့်အရေးမှမယူဘူးလေ။ ကုန်ကုန်ပြောမယ်ဗျာ။ အိမ်မှာငွေလိုလို့ အဆင်မပြေရင် မိဘအိမ်တောင် မချေးငှားဘူး။ သူစိမ်းအိမ်မှာ သွားပြီးချေးယူတဲ့ မိန်းမဗျ။ ဒါသူ့မာနပဲလေ။ ဒါကြောင့်မို့ ကျုပ်မိသားစုအရေး(၃)ပါးကို ဦးထိပ်ထားပြီး သမ္မာအာဇီဝကျတဲ့ အလုပ်ဟူသမျှကို ကျုပ်အကုန်လုပ်တယ်။ အားလပ်တဲ့အချိန်လေးမှာတော့ ပရိတ်ရွတ်ဘုရားရှိခိုးပြီးတော့ တရားတော့ အချိန်ရသမျှ ထိုင်ဖြစ်ခဲ့တယ်။

ဟုတ်တယ်၊ လူ့ဘဝဆိုတာ တိုတိုလေးရယ်။ ဒီကနေ့လုပ်ကိုင်နေတာဟာ

(မြင်ကွင်း)

# ရဲမင်းထွန်း

## ပြောမယ့် ကြုံမှသိမယ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဘဝတစ်ခဏတာ စားရပေမယ့် သံသရာမှာ ပါလာမှာမဟုတ်ပါဘူး။ ကိုယ့်နောက်ပါလာမှာက မကောင်းမှု ကောင်းမှုသာ အရိပ်ပမာလိုက်နေမှာ မဟုတ်လား။ ဒါကြောင့်မို့ ကျုပ်မိသားစုကို မှာရတယ်။ စိတ်ကောင်းစေတနာ ကောင်းထားဖို့ တတ်အားသမျှစေတနာ သဒ္ဓါတရားရှိရှိနဲ့ လှူဒါန်းဖို့၊ လူဆင်းရဲပေမယ့် အကျင့်စာရိတ္တမဆင်းရဲဖို့ အမြဲ ပြောရတယ်။ ကျုပ်အခုဘဝဆင်းရဲတာ ဒါနနည်းခဲ့လို့ပဲပေါ့။ အခု ကောင်းမှ နောင်ကောင်းမှာ။ စေတနာကောင်းမှ ကံကောင်းမှာ။ စေတနာသာလျှင် ကံ၊ ကံကောင်းမှ အလုပ်ကောင်းမှာ ဆိုတာ တော့လုံ့။


အလုပ်ဆိုလို့ပြောရဦးမယ်။ ကျုပ်တို့ ပုဂံဘုရားပြုပြင်ရေးအဖွဲ့က ဒရဝမ်စောင့်ဖို့လာခေါ်တယ်။ လုပ်ငန်းပစ္စည်းစောင့်ပဲပေါ့။ အရင်စောင့်တဲ့သူက ကျန်းမာရေးမကောင်းလို့တဲ့။ ကျုပ်ကို ဆိုက်အင်ဂျင်နီယာနဲ့ အလုပ်ခေါင်းဆောင်က လာခေါ်ကြတယ်။ ကျုပ်လည်း အစကတော့ အတန်တန်ငြင်းဆိုတယ်။ ဒါပေမယ့်မရဘူး။ အင်ဂျင်နီယာက ကျုပ်အကြီး ဘုန်းတော်ကြီးရဲ့ ဒါယကာရဲ့သားဖြစ်နေတော့ ကျုပ်ငြင်းရခက်တာပေါ့။ ကျုပ်ကို အားကိုးတကြီးနဲ့ ခေါ်နေမှတော့ ကျုပ်လက်ခံလိုက်ရတယ်။ ကျုပ်လည်း အလုပ်သာလက်ခံလိုက်ရတယ်၊ မြတင်နဲ့ သားသမီးက မလုပ်စေချင်ကြဘူးပေါ့။ အရပ်ထဲမှာ အလုပ်လုပ်လို့က ဆင်းရဲသေးတယ်။ ညစောင့်အလုပ်ကလုပ်သေးတယ်ဆိုတော့ ဘယ်မှာ နားရတော့မှာလဲတော်တဲ့။ ကိုယ့်ရဲ့အလုပ်က တာဝန်ကြီးလေးသလောက် ရတဲ့လစာငွေက အနည်းဆုံးပဲတဲ့။

မြတင်ပြောတာလည်းမှန်ပါတယ်။ ဒါပေမယ့် ကျုပ်စဉ်းစားလိုက်တယ်။ သားအကြီးကောင်က လာမယ့်နှစ်မှာ (၁၀)တန်းတက်ရမှာ၊ အငယ်မက (၈) တန်းတက်ရမှာဆိုတော့ ငွေလိုလာမယ်လေ။ ကျူရှင်ဆိုလား၊ စာသင်ဝိုင်းဆိုလား အဲဒါတက်မှ စာပိုပြီးရတယ်လို့ ပြောတာပဲ။ ကျောင်းမှာသင်တာနဲ့ မရဘူးဆိုလားပဲ။ အို - ဘယ်လောက်ပဲ ကုန်ကုန်။ ကျုပ်သားသမီးတော့ ကျုပ်လို မဖြစ်စေချင်ဘူး။ ပညာတတ်မှဖြစ်မှာ။ ခုခေတ်က ပညာခေတ်မဟုတ်လား။ စားရေးအတွက်က ကျုပ်နဲ့ မိန်းမလုပ်စာနဲ့ ဖြစ်ပေမယ့် ကလေးတွေ့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကရှိနေတော့ အပိုဝင်ငွေတော့ ရမှဖြစ်တော့မှာမဟုတ်လား။ ဒါကြောင့်မို့ ကျုပ်အစောင့်တာဝန် အလုပ်ကို လက်ခံလိုက်တာ မှန်တယ်ထင်တာပဲ။

■

ကျုပ် ဒီည ဘုရားရဲ့အရှေ့ဘက်မုခ်ထဲမှာ အိပ်ဖို့ဆုံးဖြတ်လိုက်တယ်။ ခါတိုင်းကတော့ ပစ္စည်းတဲမှာပဲ အိပ်တယ်။ အလုပ်သမားတွေကတော့ အရှေ့ဘက်မုခ်ထဲက ဘာလိုလိုရှိတယ်ပြောတော့ ကျုပ်မယုံဘူး။ ကျုပ်လည်း ဘုန်းကြီးရဲ့ကျောင်းမှာနေခဲ့တုန်းက ကျောင်းရဲ့ အရှေ့ဘက်မှာရှိတဲ့ ကျောင်းဦးဘုရားထဲကတစ္ဆေရဲ့ မျက်လုံးကြီးကအကြီးကြီးပဲဆိုတဲ့ ကျောင်းတက်ခဲ့နဲ့ ကျောင်းသားတွေကပြောတော့ ကျုပ်မယုံဘူး။ တစ်ညမှာ ဘုန်းကြီးက ဘုရားထဲမှာနေတုန်းက သူဖတ်တဲ့စာအုပ်ကို ကျုပ်အယူခိုင်းတယ်။ ကျုပ်လည်း လက်နှိပ်ဓာတ်မီးယူပြီးလာခဲ့တယ်။ ဘုရားထဲရောက်တော့ ကျုပ်လက်နှိပ်ဓာတ်မီးနဲ့ထိုးလိုက်တယ်ဆိုရင်ပဲ ကိုရင်တွေ ကျောင်းသားတွေပြောတဲ့ တစ္ဆေမျက်လုံးကြီးဆိုတာ ကျုပ်တွေ့လိုက်ရတယ်။ ကြာလေကြီးလာလေပဲ။ ကျုပ်သတိကြီးကြီးနဲ့ အနားမှာရှိတဲ့ အုတ်ခဲကျိုးကို ကောက်ယူပြီး ပေါက်ချလိုက်တယ်။ ကြောက်တော့ ကြောက်တာပဲ။ ဒါပေမယ့် သူများပြောတိုင်း ကျုပ်ကယုံတတ်တဲ့လူမျိုးမဟုတ်ဘူး။ ကျုပ် ခဲနဲ့ပေါက်လိုက်တာမှန်သွားတယ်ထင်တယ်။ ညောင်ခနဲ ထွက်ပြေးသွားတဲ့ တောကြောင်ကြီးတစ်ကောင်ဖြစ်တော့မှ ကျုပ်စိတ်ပြေသွားတယ်။ လူဆိုတာ စိတ်က အဓိကပဲမဟုတ်လား။ ကြောက်စိတ်ရှိရင် ကြောက်လာတာပဲ။ အကျိုးအကြောင်း၊ အဆိုး၊ အကောင်းကို ခွဲခြားစိတ်ဖြာတတ်မှ အမှား၊ အမှန်ကို သိတာပဲ မဟုတ်လား။

ခုလည်းပဲ ကျုပ် ပစ္စည်းတဲကို အသေအချာသော့ခတ်ပြီး အရှေ့ဘက်





www.burmeseclassic.com

www.burmeseclassic.com

မုန့်ကို အိပ်ရာလိပ်နဲ့ဖျာကိုယူခဲ့တယ်။ အရှေ့ဘက်မုခ်လို့သာဆိုတယ်၊ ဘုရားရဲ့ဘွဲ့အမည်ပြောဖို့ မေ့နေလိုက်တာ။ ကျုပ် အခုလုပ်နေတဲ့ဘုရားက ကျန်စစ်သားမင်းကြီးရဲ့ ကောင်းမှုတော် ရွှေကွန်ခြာဘုရားကို ပြန်လည်ပြုပြင်ရေးလုပ်ငန်းဖြစ်တယ်လေ။ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ကမ်းနဖူးထိပ်မှာ တည်ရှိတယ်။ ဘုရားရဲ့တောင်ဘက်က ရေဟိုတယ်ဝါးကျောင်းရှိတယ်။ အရှေ့တောင်ယွန်းယွန်းမှာတော့ တောင်ဘီလယ်ယားရွာရှိတယ်၊ မြောက်ဘက်မှာ နတ်ထောင့်ဘုန်းတော်ကြီးကျောင်းရှိတယ်။ အချိန်က ညနေ (၅) နာရီခွဲသာသာရှိဦးမယ်။ နတ်ထောင့်ကျောင်းက ဘုန်းကြီးများ၊ ကိုရင်များ ဘုရားရှိခိုးသံကြားတယ်။ ပြီးတော့ ကြေးစည်ထိုးသံ၊ ကလတက်တုံးခေါက်သံကြားရတယ်။ ရေဟိုတယ်က လျှပ်စစ်မီးထိန်ထိန်ညီးနေပြီး ငှက်များလည်း အိပ်တန်းတက်ဖို့ ဟိုမှဒီပျံသန်းနေကြတယ်။ ဧရာဝတီမြစ်အတွင်း စက်လှေ၊ သင်္ဘောခုတ်သံကလည်း ဆူညံနေတယ်။ မြစ်တစ်ဖက်ကမ်းမှ တန့်ကြည့်တောင်ရဲ့ ဆည်းဆာအလှကလည်း လွမ်းမောဖွယ်ကောင်းလှတယ်။ မကြာမီ စွယ်တော်ဘုရား လျှပ်စစ်မီးပူဇော်ထားပုံက ကြည်ညိုဖွယ်ကောင်းလှပေပြီ။

ကျုပ်လည်း အရှေ့ဘက်မုခ်ထဲကို ဝါးကွပ်ပျစ်ယူပြီး အိပ်ရာလိပ်တင်ထားခဲ့တယ်။ ရေနွေးအိုးနဲ့ ထမင်းချိုင့်ကို ယူလာပြီး ထမင်းစားလိုက်တယ်။ ပြီးတာနဲ့ လက်နှိပ်ဓာတ်မီးနဲ့ ဘုရားပတ်ချာလည် ထိုးကြည့်ပြီး မုခ်ထဲဝင်ခဲ့တယ်။ မှောင်လာပြီဆိုတော့ ဖယောင်းတိုင်၊ အမွှေးတိုင်ကို ပူဇော်လိုက်တယ်ဆိုရင်ပဲ ခေါင်းထဲမှာ ပိုပြီးကြည်လင်လင်းလက်သွားတယ်။ ဘုရားကို ရှိခိုးမယ်လို့ မျက်စိမှိတ်ပြီး အာရုံပြုလိုက်တာ ကျုပ်ရှေ့ကို စိုက်ခနဲလဲသွားတယ်။ ကျုပ်မူးတတ်တဲ့အကျင့်လည်းမရှိဘူး၊ သွေးတိုးလည်း မရှိဘူး။ ဘယ့်နှယ် ကျုပ်လဲသွားရတာလဲ။ ခက်ပြီ၊ ကျုပ်ဘုရားပတ်ချာလည်ကြည့်ပြီးပါပြီ။ ဘာမှလဲမရှိဘူး။

ပြန်ထပြီး ဘုရားကို အာရုံပြုလိုက်ပြန်တယ်။ သတိတော့ထားရတာပေါ့။ ဒါပေမယ့် နောက်ကနေတွန်းပစ်လိုက်သလို ခံစားရပြန်တယ်။ ပြန်ထပြီးကြည့်တော့လည်း ဘာမှမတွေ့ရပြန်ဘူး။ ဒါပေမယ့် ကျုပ်မကြောက်ဘူး။ ဘုရားမုခ်ထဲကို ကျုပ်ပတ်ပြီးလှေ့လာပြန်တယ်။ အပြင်က တစ်တီတူးငှက်ကလည်း ဆိုးဆိုးရွားရွား အော်မြည်နေပြန်တယ်။ ကျုပ် 'ယံ ဒုန္နိ မိတ္တံ' ကို အထပ်ထပ် ရွတ်ဆိုလိုက်တယ်ဆိုရင်ပဲ အဲဒီငှက်က အဝေးပျံသွားတော့တယ်။ ကျုပ်အိပ်ရာလိပ်ရှိရာကို ပြန်လာပြီး ဘုရားရှိခိုးလိုက်တယ်။ ပြီးတော့ မေတ္တာပို့တယ်။ ဘုရားမှာ စောင့်ရှောက်တဲ့ နတ်အပေါင်းနဲ့ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တို့ကို မေတ္တာပို့လိုက်တယ်။ စောစောကလိုတော့ မဖြစ်တော့ဘူးပေါ့။

ကျုပ်အိပ်ရာခင်းပြီး အိပ်ဖို့ပြင်လိုက်တယ်။ လေးခွရယ်၊ ဓာတ်မီးပါ ဘေးအနားထားလိုက်တယ်။ ပြီးတော့ ဖယောင်းတိုင်ကို ငြိမ်းလိုက်တယ်။ ကျုပ်လည်း တတ်သလောက်မှတ်သလောက် ရွတ်ဖတ်ပြီး အိပ်လိုက်တယ်။ မှေးခနဲ အိပ်ပျော်မယ်အရှိ ခေါင်းကို လာမပြန်တယ်။ ကျုပ်ပြန်ပြီးအိပ်လိုက်တယ်။ မှေးခနဲပျော်မယ်အရှိ ခြေထောက်ကို လာဆွဲပြန်တယ်။ဒီတစ်ခါတော့ ကျုပ်အလုပ်သမားတွေပြောတာ ယုံရမလိုဖြစ်နေပြီ။ ဓာတ်မီးနဲ့ထိုးကြည့်လည်း ဘာမှမတွေ့ရ။ ကျုပ်ပို့တဲ့ မေတ္တာက မစူးရောက်လို့လား။ ဒါမှမဟုတ် ကျုပ်ရဲ့ မေတ္တာက မမှန်ကန်လို့လားတော့ မသိ။ ဆက်ပြီး အိပ်တော့လည်း ခေါင်းမ၊ ခြေထောက်ကိုဆွဲ။ အိပ်လို့ပင်မရခဲ့။ ကျုပ်စိတ်တိုလာတယ်။ အဖြေကို သေချာ စူးစမ်းသုံးသပ်လေ့လာတော့လည်း ဘာဆိုဘာမှမတွေ့ရ မမြင်ခဲ့။ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များ ပရလောကမှာ အမှန်တကယ်ရှိပါလားဆိုတာ ကျုပ် ဒီညရဲ့အဖြစ်ပျက်က သက်သေပြလိုက်ပြီလေ။ သူတို့သွားလမ်းလာလမ်းနဲ့မလွတ်လို့များလားဆိုပြီး ကျုပ် အိပ်ရာကို ခဏခဏ ပြောင်းရွှေ့ပြီးအိပ်ခဲ့တယ်။ မရ။

ပန်းရန်ခေါင်းဆောင်များပြောတာကိုပဲ ယုံရတော့မယ်။ သူတို့က ဘုရားတစ်ဆူကို ပြုပြင်ထိန်းသိမ်းမယ်ဆိုရင် ပစ္စည်းပစ္စယထားဖို့၊ အလုပ်သမားများနားခိုဖို့ အစောင့်တာစန်ထားဖို့အတွက် တဲဆောက်ကြရပါတယ်။ ၎င်းတဲဆောက်ဖို့နေရာအတွက် ပြုပြင်မယ့် စေတီ၊ ဂူဘုရားများမှာ စောင့်ရှောက်နေကြတဲ့ နတ်ကောင်းနတ်မြတ်၊ မြင်အပ်၊ မြင်အပ်ပုဂ္ဂိုလ်များနေထိုင်သွားလာတဲ့နေရာ မဟုတ်တဲ့နေရာကို အာရုံပြု တောင်းခံပြီး တဲကိုဆောက်ကြတဲ့အလေ့ရှိကြောင်း ပြောပြဖူးပါတယ်။ကျုပ် ဒီညအကြောင်း ဘယ်သူကိုမှ ပြန်လည် ဖောက်သည်ချလိမ့်မှာမဟုတ်။

■

"ကိုစံငြိမ်းရေ၊ တောင်ပိုင်းတမောင်စိုးတစ်ယောက်တော့ ခုထိ သတိမရသေးဘူး။ ဒဏ်ရာဒဏ်ချက်တွေတလည်းများတယ်လို့ ပြောကြတယ်။ ဆရာဝန်ကတော့ တော်တော်နဲ့ ဆေးမထိုးဘူး။ သူ့ဟာက အေးစက်တောင့်တင်းနေတယ်။ သတိကလည်း မရတစ်ချက်၊ ရတစ်ချက်နဲ့ အားလုံးက ဝိုင်းဝန်းဆုပ်နယ်ကြမှ တောင့်တင်းတာ လျော့သွားတယ်။ သူ့မိန်းမ မိအေးက ငိုတောင်ငိုနေပြီ။ ရှင်လည်းသွားပြီးမေးလိုက်ဦး"

အိမ်ရောက်ရောက်ချင်း မြတင်ပြောလိုက်တဲ့စကားကြောင့် ကျုပ်အံ့ဩလို့သွားတယ်။ မနေ့က ဒီကောင်အလုပ်တောင်ဆင်းပါသေးတယ်။ အရက်မူးပြီး ရန်သတ်ကြတာများလား ဒါမှမဟုတ် ဘာများဖြစ်သလဲ။ ကျုပ်ဝေခွဲလို့မရဖြစ်သွားတယ်။ ကျုပ် ထမင်းချိုင့်နဲ့ လွယ်အိတ်ကို ကွပ်ပျစ်ပေါ်မှာ ချလိုက်တယ်။ မြတင်အသင့်ပြင်ထားတဲ့ရေနွေးကို ငှဲ့ပြီး သောက်လိုက်တယ်။

"အေးပါ မြတင်ရာ၊ တစ်ရပ်တည်းသားတွေဆိုတော့သွားရမှာပေါ့။ ဒီကောင် ဘယ်လိုများဖြစ်တာလဲမသိဘူး။ အပြောအဆိုကပက်စက်တယ်။ တစ်ဖွတ်ထိုးအကျင့်က ဒီကောင့်မှာရှိတယ်။ မင်းလည်း ဈေးရောင်းတာနောက်ကျနေပြီ။ ကလေးတွေ စားသောက်ဖို့ကော စီစဉ်ခဲ့ပြီလား"

"အားလုံးပြင်ဆင်ပြီးပါပြီတော်။ ရှင်ပြန်လာရင် ဘုရားဆွမ်းတော်ကပ်ဖို့ ဆွမ်းပွဲလည်း မီးဖိုထဲက စားပွဲပေါ်မှာ အုပ်ဆောင်းအုပ်ထားခဲ့တယ်။ ကလေးတွေကျောင်းသွားရင် မုန့်ဖိုးတော့ ပေးလိုက်ဦးနော်။ ကဲ - ကျုပ်ဈေးတောင်းကို ပင့်ပေးပါဦး"

မြတင်ကို ဈေးတောင်းခေါင်းပေါ် ပင့်တင်ပြီးတာနဲ့ လက်ကို သန့်အောင် ဆေးလိုက်ပြီး မီးဖိုဆောင်ထဲမှ ဆွမ်းတော်ပွဲကိုယူပြီး အိမ်ပေါ်ဘုရားကျောင်းဆောင်ဆီ သွားလိုက်ပါတယ်။ သားနဲ့ သမီးလည်း ကျောင်းသွားဖို့ ပြင်ဆင်နေကြပြီ။ ကျုပ်လည်း မြတင်မှာခဲ့တဲ့အတိုင်း မုန့်ဖိုးပေးလိုက်တယ်။ ပြီးမှ ဆွမ်းတော်ကပ်၊ မေတ္တာပို့ ဆုတောင်းပြီး အိမ်ပေါ်မှ ဆင်းခဲ့တယ်။ သားနဲ့သမီး ကျောင်းသွားကြပြီး ကျုပ် အိမ်ကိုအပေါက်ပိတ်၊ မီးဖိုကို အသေအချာ ငြိမ်းသတ်လိုက်တယ်။ အလုပ်ကလည်း သွားရမှာ [illegible] တဲ့အတွက် ခပ်သုတ်သုတ်ပဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com

…အိမ်ရှိရာ ထွက်လာခဲ့တယ်။ လူများ …အုံနေလို့ ကျုပ်စိုးရိမ်သွားတယ်။ …ကြည့်လိုက်တော့ သတိတော့ရပြီလို့ …ရတယ်။တော်သေးတာပေ့ါ ဒီကောင် …ခုခုဖြစ်သွားရင် မအေးတော့ ဒုက္ခ …တ်မှာ သေချာတယ်။ ကလေး (၃) …ာက်က လူမမည်လေးတွေ မဟုတ် …။ ကျုပ် မောင်စိုးအိမ်ပေါ် ကို တက် …ိုက်တာနဲ့ ဒဏ်ရာဒဏ်ချက်များ ဆေး …ူး ပတ်တီးစည်းနေတာကိုတွေ့ရတယ်။ …အေးကို အကြောင်းစုံမေးလိုက်တော့ …အေးက -

“မနေ့က အလုပ်အပြန် နွားကျွေး …ီး ရေထမ်းသေးတယ်။ ညရောက်တော့ …ိုက်တယ်ဆိုပြီး ပုဆိုးအပိုတင်ပြီးထွက် …သွားတယ်လေ။ အပြန်မှာထမင်းစားမယ် …ဆို။ ကျွန်မလည်း သူလာနိုးနဲ့ စောင့် …ိုက်တာ နောက်တော့ ပြန်မလာဘူး။ …နတ်ကျမှ ရွာရဲ့အနောက်ဘက်မှာ လှဲ …နေတာတွေ့လို့ ရွာကလူတွေ လှည်းနဲ့ …ေါ် လာကာမှ သိတော့တယ်။ ဘာဖြစ် …တယ်ဆိုတာ မေးပြီး မကြည့်ရသေးဘူး။ …ော - ကိုမောင်စိုး နိုးလာပြီ”

“အား - ကျွတ် ကျွတ်၊ မအေး …ရေပေးပါဦး ကျွတ် ကျွတ်”

“ရော့၊ရော့-ကိုမောင်စိုးသောက် …ိုက်။ တအားလည်း မသောက်လိုက်နဲ့ …ိုး”

မောင်စိုးက ရေကို အငမ်းမရ သောက်လိုက်တယ်။ ပြီးတာနဲ့ ကျုပ်ကို ကြည့်၍ ငိုချလိုက်တယ်။ နှုတ်မှလည်း-

“အရှီးငြိမ်း၊ ကျုပ်ကိုခွင့်လွှတ်ပါ။ …ျုပ် ကြောက်လည်းကြောက်တယ်ဗျာ”

“ဟ-မောင်စိုးရဲ့။ မင်းဘာအမှား …ုပ်လို့ ငါကခွင့်လွှတ်ရမှာလဲ။ ငါ့ကို …ားလည်အောင် ပြောစမ်းပါ။ နောက် …တော့ ဘာကိုကြောက်တာလဲ။ မင်းရန် …ျားဖြစ်ခဲ့လို့လားကွာ။ မသေကောင်း …မပျောက်ကောင်း။ ငါ့ကိုပြောပြစမ်းပါ …ကွာ”

“ကျွန်တော် အရှီးငြိမ်းကို ပြောပြ …ါမယ်။ ဘယ်သူနဲ့မှလဲ ရန်မဖြစ်ခဲ့ပါဘူး …ျာ။ ယုံတာ၊ မယုံတာတော့ မသိဘူး။ ဘယ်သူမပြု မိမိမှုဆိုသလိုပဲ။ ကျုပ်ကကို …ှားခဲ့တာပါ။ ဒါကြောင့် အရှီးငြိမ်းကို …တောင်းပန်တာပါ။ အဖြစ်အပျက်က …ဒီလို”

■

ရွှေကွန်ချာဘုရားပြုပြင်ထိန်းသိမ်း …လုပ်ငန်းက ပြီးမြောက်အောင်မြင်သွား ပြီ ဖြစ်သည်။ ပန်းရန်အဖွဲ့လည်း နောက် ဘုရားတစ်ဆူ ပြောင်းရွှေ့ရန်အတွက် ပစ္စည်းများသိမ်းခြင်း၊ ငြမ်းဝါးများစုစည်း ခြင်း၊ ဘုရားသန့်ရှင်းရေးလုပ်ငန်းများပါ အားလုံးလုပ်ကိုင်နေကြသည်။ ဆိုဒ် အင်ဂျင်နီယာက ရုံးကို ကားအခေါ် သွား သည်။ ထိုနေ့တွင် လုပ်ငန်းရွှေ့ရန် အတွက်ကြောင့် ပစ္စည်းများကို တဲနားမှာ စုပုံထား၍ ဘိလပ်မြေအိတ်နှင့် ထုံးအိတ် များကို ဘုရား၏ အရှေ့ဘက်မုခ်မှာ စီထပ်ထားကြရသည်။ ပန်းရန်ခေါင်း ဆောင်နှင့် တာဝန်ကျဦးစံငြိမ်းမှ အမိန့် သံလိုလိုနှင့် ပြောလိုက်သည်မှာ-

“တဲ - ဒီအရှေ့ဘက်မုခ်မှာစောင့် ရှောက်ကြသော ပုဂ္ဂိုလ်အပေါင်းတို့။ ကျွန်တော်တို့ ခင်ဗျားတို့ရဲ့ဘုရားကို ပြုပြင်ထိန်းသိမ်းလို့လည်းပြီးပါပြီ။ အား လုံး ဝမ်းမြောက်စွာနဲ့ သာဓုခေါ်ကြပါ။ ကျွန်တော်တို့ရဲ့ ပစ္စည်းများကို ဒီညမှာ ဒီထဲပဲ ထားမှာဖြစ်တဲ့အတွက်ကြောင့် မပျောက်မပျက်ရအောင် စောင့်ရှောက် ပေးကြပါ။ ဘယ်ပုဂ္ဂိုလ်လာယူယူ မပေး ပါနဲ့။ ဒါ ရုံးရဲ့အမိန့်ပါပဲ အစောင့်အ ရှောက်တို့”

ကျုပ်လည်း ပန်းရန်ခေါင်းဆောင် နဲ့ ဦးငြိမ်းပြောတာကို ကျုပ်ရယ်ချင်ခဲ့ တာပါ။ ဘယ်သူကဘာလာစောင့်မှာလဲ ပေါ့။ မှန်တာပြောရရင် ကျုပ်မယုံခဲ့ဘူး ဗျာ။ ကျုပ် အဲဒီနေ့က အလုပ်ခွင်က အပြန်မှာ နွားစာကျွေး၊ ရေထမ်းခဲ့ပြီး ပုဆိုးတစ်ထည် ပခုံးပေါ် တင်ပြီး အိုက်လို့ ရေချိုးထွက်ခဲ့တယ်။ လပြည့်ညဆိုတော့ လည်း လကထိန်ထိန်သာနေလိုက်တာ ဗျာ။ မှန်တာပြောရရင် မြစ်ဆိပ်မသွား ခင် ကျုပ်အရက်တစ်ပိုင်းသောက်ခဲ့သေး တယ်။ ရေချိုးပြီးတဲ့အခါမှာ အရှီးစောင့် နေတဲ့ဘုရားကိုမြင်လိုက်တော့ နေ့ခင်းက ပြောတဲ့အသံကို နားထဲမှာ ကြားလိုက် တော့ ကျုပ် အရှီးငြိမ်းနဲ့ ပန်းရန်ခေါင်း ဆောင်ပြောတာ ဟုတ်၊ မဟုတ်စမ်းသပ် ချင်တဲ့စိတ်နဲ့ ကျုပ် ဘုရားဆီကို ဦးတည် ပြီး လာခဲ့တယ်။ ငှက်ဆိုးတစ်ကောင်က ကျုပ်ဆီကို ထိုးပြီးအော်လာတယ်။ ကျုပ် ခဲနဲ့ပေါက်ပြီး လန့်လွှတ်လိုက်တယ်။ တကယ်လို့ အစောင့်ရှိရှိ မရှိရှိ ဘိလပ် မြေအိတ်ကို ထမ်းကိုထမ်းမယ်ဆိုတဲ့စိတ် ပိုင်းဖြတ်လိုက်တယ်။ ဘုရားတံတိုင်း အတွင်း ကျုပ်ရောက်တဲ့အချိန်မှာ အရှီး ငြိမ်းရဲ့ ဘုရားရှိခိုးသံကို ကြားလိုက်ရ တယ်။

ဒါကို ကျုပ်က အခွင့်ကောင်းယူ ပြီး အရှေ့ဘက်မုခ်ထဲကို ဝင်မယ်အရှိ အလားလား - အကြီးမပါ ခါးတောင်း ကျိုက်ကြီးနဲ့ ဗိုက်ရွှဲကြီးနဲ့ ဘိလပ်မြေ အိတ်ပေါ် မှာခွပြီး ဆေးပေါ့လိပ်ဖွာနေ လိုက်တာ ကျုပ်ကြက်သီးတွေတဖြန်း ဖြန်းထ၊ ကျောတွေစိမ့်ပြီးထိတ်ပျာသွား တယ်။ ဆေးလိပ်မီးဖွားတွေ ကျုပ်ဆီကို လွင့်လာတယ်။ မျက်လုံးကြီးက နီရဲပြီး ခေါင်းမွေးစုတ်ဖွား၊ ကြောက်စရာရုပ်ကြီး နဲ့ ကျုပ်ကိုကြည့်နေတယ် ကျုပ်လည်း ကြောက်ကြောက်နဲ့ အရှီးငြိမ်းကို အော် ခေါ်နေမိတယ်။ ကျုပ်က အရှီးငြိမ်းကို ခေါ်လေ အဲဒီအကောင်ကြီးက ကြီးကြီး လာတယ်။ နောက်တော့ …ပေါက်ကြီး နဲ့အပြည့်ပဲဖြစ်လာတယ်။ ကျုပ်နောက် ဆုတ်လိုက်၊ သူကလိုက်လာလိုက်၊ ကျုပ် ခဲနဲ့ပေါက်လေ လိုက်လာလေဖြစ်တော့ ကျုပ်လဲလိုက်၊ ထလိုက်၊ ခလုတ်တိုက်ပြီး လဲလိုက်၊ နောက်ပြီး ကျုပ်ဘာမှမသိ တော့ပါဘူးဗျာ။ ဟီး. . ဟီး. . ဟီး. . ကျုပ်ကိုခွင့်လွှတ်ပါဗျာ။ ကျုပ်အပြစ်ပါ။

■

မောင်စိုး ငိုလိုက်၊ ပြောလိုက်နဲ့ ကျုပ်တောင် ကြက်သီးမွေးညှင်းတွေထ လာတယ်။ လူနာလာမေးတဲ့သူတွေ လည်း မျက်လုံးအဝိုင်းသားနဲ့ အံ့သြနေ တဲ့ပုံသဏ္ဌာန်တွေကို အထင်းသားတွေ့ ရတယ်။

“အေးကွ မောင်စိုးရေ၊ လူဆိုတာ မှားတတ်ကြတဲ့အမျိုးပါ။ မလိမ္မာတစ်ခါ မိုက်စမြဲပေါ့ကွာ။ သရဲတစ္ဆေဆိုတာ ငါ လည်း လုံးဝယုံကြည်မှုမရှိခဲ့ဘူး။ မြင် အပ်၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်များဆိုတာ ရှိ တယ်။ ဒါမျိုးဟာ ပြောမယုံ ကြုံဖူးမှ သိ ဆိုသလို မင်းလည်း မယုံကြည်လို့ စမ်း သပ်ခဲ့တာ လက်တွေ့မှာ ယုံပြီမဟုတ် လား။ မင်းက သူကိုအပ်ထားတဲ့ ပစ္စည်း ကို ခိုးယူချင်တဲ့စိတ်နဲ့ရယ် မကောင်းတဲ့ အရက်က သောက်ထားသေးတယ်ဆိုတော့ ဒီအပြစ်ကို ကျူးလွန်ဖို့ မကြာတော့ဘူး ပေါ့ကွာ။ ပရလောကသားတွေဆိုတာ ရှိ ခဲ့လို့ တို့မြတ်စွာဘုရားသခင်က ပေတ ဝတ္ထုအစုစုကို ဟောကြားခဲ့တယ်ကွ။ နောက် သူတို့ကို အမျှအတန်းပေးဝေပြီး မေတ္တာပို့ပေါ့ကွာ”

မောင်စိုးကိုသာ ဆုံးမစကားပြော သာ ပြောရတယ်။ သူ့လိုသာ လက်တွေ့ ကျုပ်မြင်ရရင်တော့. . . ။

ရဲမင်းထွန်း (မြင်းကပ်)

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်အရွယ်အစားမတူတဲ့ အတိုင်းအတာနဲ့ (၅) ခုလောက် ထပ်ချိုးလိုက်ပါတယ်။

ပြီးမှ -

'မင်းဟာ အဝေးကြီးကလာခဲ့သူပဲ'

လို့ ပြောပါတယ်။

ဒီတစ်ခွန်းတည်းနဲ့ လန့်သွားပါတယ်။ ရန်ကုန်ကနေသွားတာ သူမသိပါဘူး။ နောက်ထပ် (၃) ခွန်းလောက် ထပ်ပြောပြီးချိန်မှာ သူ့ရှေ့မှာ ဆက်ထိုင်ရတာမလုံတော့တာနဲ့ သူသတ်မှတ်ထားတဲ့ (၅) မတ်ကို ရိုရိုသေသေပေးပြီး လေးစားစွာနဲ့ ပြန်ခဲ့ရပါတယ်။

ဒါ နှီးကိုချိုးပြီး ဟောပြောခဲ့တာထဲကို တဖြည်းဖြည်းရောက်လာအောင် ဒက်ထိမှန်လာတာတွေ၊ ပြောလာနိုင်တဲ့ ပညာရှင်ဆရာ၊ ဆရာမတွေလည်းရှိနေပါတယ်။ ကိုယ်ကိုယ်တိုင် ထဲထဲဝင်ဝင် မသိရင် ဘယ်ပညာကိုမှ ပြက်ရယ်မပြုသင့်ပါဘူး။ ဟာသမလုပ်သင့်ပါဘူး။

အင်မတန်မှလေးစားဖို့ကောင်းတဲ့ မြန်မာ့ပညာရှင်ကြီးတွေရှိနေပါတယ်။ တိတ်ဆိတ်စွာနေကြတဲ့ပညာရှင်ကြီးတွေပါ။ သူတို့ကို အမြဲလေးစားလွန်းလို့ အမြဲတမ်း ဂါရဝပြုနေမိပါတယ်။

သူတို့တွေဟာ ပညာချမ်းသာကြသူတွေဖြစ်ပြီး ဘာကိုမှမမက်မောကြပါဘူး။

ဒါကြောင့် ကိုယ်ကိုယ်တိုင် ထဲထဲဝင်ဝင် လေ့လာမထားရင်၊ သိမထားရင် သိမ်းဖြစ်သွားကြမှာပါ။

ခုပဲကြည့်ပါ၊ လေ့လာကြည့်ပါ။

မိတ်ဂြိုဟ်တစ်ခုတည်းကို မတူညီတာတွေ အများကြီးတွေ့ရပါလိမ့်မယ်။ အားတွေမတူတာတွေ့ရပါလိမ့်မယ်။

ဒါတောင် ပညာရပ်နဲ့ ဆက်နွယ်တဲ့နိမိတ် မပါသေးပါဘူး။

နိမိတ်ပါရင် ပိုပြီးနက်ရှိုင်းသွားပါပြီ။

နိမိတ်ပါတယ်ဆိုလို့၊ ရိုးစင်းတဲ့ အကြောင်းလေးတစ်ခုကို သွားသတိရလို့ -

တစ်ခါက ဆရာ့ဆီမှာ ဆရာ့တပည့်တစ်ယောက်နဲ့ဆုံတော့ ဆရာနဲ့သူနဲ့ စကားပြောနေတာကြားပြီး ပညာယူခဲ့ရဖူးပါတယ်၊

သူ ဆရာ့ကိုပြောနေတာက -

'ကျွန်တော်ဗျာ ဆရာသမားဆီလာတော့ ဟိုးရေခဲဆိုင်မှတ်တိုင်မှာ နိမိတ်တစ်ခုကောက်ခဲ့တယ်။ နိမိတ်ကဗျာ၊ ကြဲတွေတင်လာတဲ့ ကြဲကားကြီး ကျွန်တော့်ရှေ့မှာ ထိုးဆိုပြီးဘီးပေါက်

# ဆရာဦးမောင်မောင်သန်း

## အင်္ဂလိပ်ဗေဒလက်တွေ့ပညာ



ပါ။

ဘာပညာမှန်းတော့မသိပါဘူး။-

ဒါပေမယ့် မှန်လွန်းလို့ လန့်ဖျပ်ပြီး ထပြန်ခဲ့ရဖူးပါတယ်။

ဒါကြောင့် -

ပညာရပ်တွေဆိုတာ သူ့ဟာနဲ့သူ ရှိနေပါတယ်။

ကာယကံရှင် လန့်သွားလောက်အောင် ဒိုးခနဲဒေါက်ခနဲ ဟောလိုက်တဲ့ ပညာရှင်တွေ၊ ဆရာ၊ ဆရာမတွေရှိနေပါတယ်။

ဒီလို ဒိုးခနဲဒေါက်ခနဲမဟုတ်ဘဲ တစ်ခွန်းစနှစ်ခွန်းစပြောရင်းကနေ ရင်အပေါ် ယံလေးကြည့်ရုံနဲ့၊ နားစွန်နားဖျားကြားရုံနဲ့ ဘယ်ပညာကိုမှ မပုတ်ခတ်သင့်ပါဘူး။ ပြက်ရယ်မပြုသင့်ပါဘူး။ ပညာရပ်တိုင်းမှာ သူ့တန်ဖိုးနဲ့သူရှိပါတယ်။

ပြက်ရယ်ပြုတော့မယ်၊ ပုတ်ခတ်တော့မယ်လို့ စိတ်ကူးမိရင် ဘယ်ပညာကိုမဆို ဦးဆုံးလေ့လာလိုက်စေချင်ပါတယ်။

ဒါမှ ပညာရပ်ရဲ့တန်ဖိုးကို သိသွားမှာပါ။

သိသွားရင် မြန်မာ့မြေ၊ မြန်မာ့ရေပေါ်က မြန်မာတို့ မြတ်နိုးလေးစားကြတဲ့ မြန်မာ့ပညာရပ်တွေကို ဝိုင်းဝန်းထိန်းပြီး ရပ်သွားတယ်၊ ကြဲတွေအစည်းလိုက် တင်လာတဲ့ကုန်ကား။- ကုန်ကား။ ကျွန်တော်ကလည်း ကျွန်တော့်နှမဝမ်းကွဲ မရင်မြိုင်ရဲ့ယောကျ်ား မှောင်ခိုကုန်ကူးတာ စိတ်မချဖြစ်နေချိန် ကြဲကားကထိုးရပ်၊ ကြဲဆိုတဲ့ တနင်္လာက မရင်မြိုင်ရဲ့ကိုရှာ (၂-၈) အတွင်းမိတ်ဆိုတော့ သူ့ယောကျ်ားအကြွက် စိတ်ပူတာပေါ့ဗျာ။ အဲဒါ'

ကြားရတာက ဒါလောက်ပါပဲ။ ဆရာ ပြန်ပြောသံကြားရတာ



www.burmeseclassic.com

www.burmeseclassic.com

တော့ သူ့နှမ မရင်မြိုင်သွားနိုင်ရင်သွား၊ မသွားနိုင်ရင် သူသွားဆိုပြီး မော်လမြိုင်ဘက်ကို လိုက်သွားခိုင်းတာပါ။ မော်လမြိုင်ကနေ ဆက်သွားရဦးမှာပါ။

နောက်ပိုင်း ပြန်သိရတာက -

ဆရာ့တပည့်ရော မရင်မြိုင်ပါ လိုက်သွားဖြစ်ပါတယ်။

မှော်ခိုပစ္စည်းအရောင်းအဝယ် လုပ်တဲ့နေရာရောက်တော့ မရင်မြိုင်ရဲ့ ယောက်ျားဟာ သူတို့အုပ်စုသယ်ကြတဲ့ ပစ္စည်းတွေ အဖမ်းခံရလို့ လူတွေတောင် မနည်းလွတ်အောင် ပြေးခဲ့ရပါတယ်။ ပိုင်ရှင်မဲ့တွေလုပ်ပစ်လိုက်ပုံရပါတယ်။ ပစ္စည်းတွေပါသွားတော့ နောက်ထပ် တောင်ပေါ် ထပ်တက်ကြမယ်ဆိုပြီး တိုင်ပင်နေကြတုန်း ကြံရာမရဖြစ်နေကြတုန်းမှာ ဆရာ့တပည့်နဲ့ မရင်မြိုင်က 'တော်ပြီလာ ပြန်လိုက်တော့' ဆိုပြီး မရင်မြိုင်ရဲ့ ယောက်ျားကို ဇွတ်ပြန်ခေါ်လာကြပါတယ်။ ဒီနောက်ပိုင်း အဖမ်းခံရမှာစိုးလို့ မှော်ခိုပစ္စည်းမသယ်ခိုင်းတော့ပါဘူး။ ရိုးရိုးပဲ ကားမောင်းခိုင်းပါတော့တယ်။

ဒါ ဆရာခိုင်းလိုက်ပုံကို ပြောချင်လို့ပါ။

နိမိတ်တစ်ခု မြင်ခဲ့တာကို ကြားလိုက်တာနဲ့ ဟိုမှာဘာဖြစ်နေပြီဆိုတဲ့ သဘောကို လှမ်းမြင်လိုက်ပုံ ပြောပါတယ်။

ဒါက -

ပညာရပ်နဲ့ ဆက်နွှယ်တဲ့ နိမိတ်ကောက်ပညာခန်းတွေထဲက ရိုးစင်းလှတဲ့ အမြင်လေးတစ်ခုပဲရှိပါသေးတယ်။

ဒါကြောင့် -

မိတ်ဖြိုဟ်ကို အစီအရင်တစ်ခုခု လုပ်တော့မယ်ဆိုရင် ဘာလုပ်မှာလဲ စဉ်းစားရပါလိမ့်မယ်။

ကောင်းပါပြီ။

ဒီလိုဆို အင်္ဂဝိဇ္ဇာတိုင်နဲ့ ကြည့်ရအောင်။

သောကြာအခါမှာ လူတစ်ယောက်ဟာ သူအလုပ်လုပ်နေတဲ့နေရာက သူ့မိတ်ဆွေတွေရဲ့ အထင်အမြင်သေးမှု၊ အထင်အမြင်လွဲမှုတွေခံရပြီ။ သူဟာ တနင်္ဂနွေသား။ ဒါဖြင့် သူ့ရဲ့မိတ်ဖြိုဟ်ဟာ 'အောင်ပ'မို့၊ အပြင်မိတ်မို့ (၁-၅)။ ဒါဖြင့် ကြာသပတေးဟာ ခိုက်နေပြီ။

၃
၀
၄
၆ သောကြာ
၂
အောင်ပ → ၅ ခိုက်
၁ တနင်္ဂနွေ





www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်မှာလဲ။

အဲဒီ ကြာသပတေးကို ကောင်းအောင်ပြုလုပ်ရပါတော့မယ်။ ကြာသပတေးကောင်းမှ မိတ်ဂြိုဟ်ကောင်းလာမှာပါ။ ကြာသပတေးကို ကောင်းအောင်၊ အသက်ဝင်အောင်လုပ်နိုင်မှ တနင်္ဂနွေရဲ့ မိတ်ဂြိုဟ်ကောင်းလာမှာပါ။ တနင်္ဂနွေရဲ့ မိတ်ဂြိုဟ်ကောင်းမှ အဲဒီတနင်္ဂနွေဟာ သူ့ရဲ့မိတ်ဆွေတွေရဲ့ အထင်လွဲမှု၊ ရန်လိုမှုတွေ ပျောက်ကွယ်သွားမှာပါ။ တဖြည်းဖြည်းလျော့ပါးသွားမှာပါ။

ဒီလိုဆို ကြာသပတေးကို ကောင်းအောင်လုပ်ပြီး -

အခါအလိုအရ ကြာသပတေးက ခိုက်နေတော့ သူ့ကို ချက်ချင်းကောင်းအောင်လုပ်လို့မရပါဘူး။

ဒီလိုအချိန်မှာ 'ဟေ့ - တနင်္ဂနွေသား၊ မင်းရဲ့ မိတ်ဂြိုဟ် ကြာသပတေး ညှို့နေပြီ။ ဒီတော့ ကြာသပတေးကို ကောင်းအောင် 'ပန်းဖူး'လေးတစ်ပွင့်ကို မင်းရင်ဘတ်မှာထိုးသွား။ သူ့ကို အထက်တင်လိုက် ဒါမှမဟုတ် လက်ကကိုင်သွား' ဆိုပြီး လုပ်ခိုင်းလိုက်လို့ကတော့ ပန်းဖူးဆောင်သွားတဲ့လူဟာ ပြဿနာအကြီးအကျယ်တက်သွားနိုင်ပါတယ်။ ပိုဆိုးအောင်လုပ်လိုက်တာနဲ့ အတူတူပါပဲ။

တကယ်ကို လက်တွေ့မြင်ခဲ့ဖူးလို့ ပြောနိုင်တာပါ။

ခုအတိုင်းပါပဲ -

ငါက အင်္ဂဝိဇ္ဇာနဲ့ ပတ်သက်ရင် 'ထုံးလိုမွှေရေလိုနှောက်ပဲဟေ့' ဆိုပြီး ကြွေးကြော်တဲ့သူတစ်ယောက်လုပ်ခဲ့ပုံပါ။

နှစ်ပေါင်း (၄၀) လောက် ရှိနေပါပြီ။

ခုလို သောကြာအခါမှာ အတိုက်အခံများလွန်းလို့ အလုပ်ထဲမှာ ရန်များလွန်းလှတဲ့ တနင်္ဂနွေသမီးတစ်ယောက်ကို ပန်းအဖူးလေး (၅) ပွင့် ပန်သွားခိုင်းခဲ့တာပါ။ မှတ်မှတ်ရရ စံပယ်ပန်းလား၊ စကြာပန်းလားတော့ မသိတော့ပါဘူး။ အဲဒီအမျိုးသမီးဟာ အတိုက်အခံတွေ ပိုဖြစ်လာပြီး နောက်ဆုံး အလုပ်ကပါ ထွက်ခဲ့ရတဲ့အထိ ဖြစ်သွားပါတော့တယ်။

ဒါ ခိုက်နေတဲ့ ကြာသပတေးကို အမြင့်ကိုတင်လိုက်တဲ့ သူ့ရဲ့ ဓာတ်ရိုက်ချက်ပါပဲ။

ပညာဟာ သူ့ထောင့်နဲ့သူ၊ သူ့အကွက်နဲ့သူရှိပါတယ်။

အို - မိတ်ဂြိုဟ်ပျက်တာများကွာ။ မိတ်ဂြိုဟ်ကို ကောင်းလာအောင် အမြင့်တင်လိုက်ဆိုလို့ မရပါဘူး။ အမြင့်တင်မှ ကောင်းတယ်ဆိုတဲ့အစွဲဟာ လွဲနေပါတယ်။ ပြုလုပ်သူ ကာယကံရှင်အတွက်လည်း အန္တရာယ်များလှပါတယ်။ ဒါဟာ အသံမပြုတဲ့အန္တရာယ်ပါ။

အရေးကြီးတာက ရန်တွေများလွန်းလို့ ကိုယ့်ဆီလာပြီး အကူအညီတောင်းတဲ့သူကို ရန်ငြိမ်းသွားအောင်၊ ရန်ဝေးသွားအောင်၊ အေးချမ်းသွားအောင် သူများမေတ္တာရှိလာအောင်လုပ်ပေးဖို့၊ အကြံဉာဏ်ပေးဖို့ ဆောင်ရန်၊ ရှောင်ရန်ပြောဖို့ပါပဲ။ အဲဒီအတွက်ကို စဉ်းစားပေးရမှာပါ။

ခပ်လွယ်လွယ်ပြောပြီး ခပ်လွယ်လွယ်ဆုံးဖြတ်လို့ မရပါဘူး။

ပညာလမ်းကြောင်းအတိုင်း သွားရမှာဖြစ်ပါတယ်။

နောက်တစ်ခါလည်း ဒီလိုပါပဲ။

နောက်တစ်ခါက ဂုရုအခါမှာပါ။

အမျိုးသမီးတစ်ဦးဟာ သူ့သား တနင်္ဂနွေသား ပြောမရဆိုမရဘဲ သောင်းကျန်းနေလို့၊ အရက်မူးပြီး ရမ်းချင်နေလို့ လာတာပါ။ ဒါကို အိုးတစ်လုံးဝယ်၊ ရွှေရောင်သုတ်၊ အဲဒီရွှေမှုင်သုတ်ထားတဲ့အိုးကို အမြင့်မှာတင်ထားခိုင်းလိုက်တာပါ။

၂
၆
၃
ဂုရု ၅ ← အောင်ပ
၁ ⤴ အိုး ရွှေမှုင်သုတ်
၄
၀

သူ့အပြောကတော့ တနင်္ဂနွေသားကိစ္စဟာ မိတ်ကြုံတဲ့အချိန်မှာလာလို့ မိတ်ရဲ့သဘောအရ အမြင့်တင်ပေးရမယ်လို့ ဆိုပါတယ်။ ဒါဆို ရန်ရဲ့သဘောဆိုရင် နင်းခြေရမှာပဲလို့တောင် ရေးမှတ်ခဲ့ဖူးပါတယ်။

ကာယကံရှင်ကလည်း တင်လိုက်ပါတယ်။

ဟိုဆရာရဲ့ အပြောကတော့ တနင်္ဂနွေ ဒါလောက်ဆိုးနေတဲ့ဥစ္စာ တနင်္ဂနွေကို ကောင်းအောင်လုပ်လိုက်တာတဲ့။ မြှင့်တင်ပေးလိုက်တာတဲ့။ ဒါမှ စိတ်ထားမြင့်ပြီး လူပါမြင့်သွားမှာတဲ့။ ဒီလိုမြှင့်ပေးတဲ့နေရာမှာ ပိုပြီးထိရောက်အောင်၊ ပိုကောင်းအောင် တနင်္ဂနွေနံအိုးဟာ တန်ဖိုးရှိတဲ့အိုးအဖြစ် ရွှေအိုးလုပ်ခိုင်းလိုက်တာတဲ့။ သူဟာ တနင်္ဂနွေနံ ရိုးရိုးအိုး မဟုတ်တော့ဘူး။ တန်ဖိုးရှိတဲ့ တနင်္ဂနွေနံ ရွှေအိုးလေး ဖြစ်သွားပြီးတဲ့။ မကောင်းတဲ့နေရာက ကောင်းတဲ့နေရာ၊ မြင့်သောနေရာကိုတင်လိုက်ပြီမို့ တန်ဖိုးမြင့်တဲ့ ရွှေအိုးလေး ဖြစ်သွားပြီတဲ့။

တော်တော်ကို နားထောင်လို့ကောင်းသလို စီကာပတ်ကုံးလည်းပြောနိုင်တာမို့ အင်္ဂဝိဇ္ဇာပညာသင်ကာလမှာ တွေ့ခဲ့ကြုံခဲ့ရတာမို့ စာအုပ်ထဲတောင် အဲဒီပညာခန်းတွေ ရေးမှတ်ခဲ့ရပါတယ်။

ဆရာဟာ အင်္ဂဝိဇ္ဇာပညာ စသင်ပေးတဲ့ကာလမှာ အင်္ဂဝိဇ္ဇာဆရာ ဆိုသူ (၄)၊ (၅) ဦးထံကို ခုလိုပဲသွားပြီးလေ့လာခိုင်းခဲ့ဖူးပါတယ်။

ဒါမှ သူသင်ပေးတဲ့ ပညာရဲ့ တန်ဖိုးကိုသိမှာဖြစ်ကြောင်း၊ ဆိုးကြောင်းကောင်းကြောင်းကို ခွဲခြမ်းစိတ်ဖြာလာနိုင်မှာဖြစ်ကြောင်း ဆုံးဖြတ်ခြင်းစွမ်းအားတွေရလာမှာဖြစ်ကြောင်း အမြဲပြောလေ့ရှိပါတယ်။ ဘယ်သူ့ရဲ့ပညာအမြင်ဟာ ဘယ်လိုဆိုပြီးတော့ ဘယ်တုံးကမှ မေးလေ့မရှိခဲ့ပါဘူး။ အဲဒါကိုက ဆရာဟာ ထူးခြားနေတာပါ ဘယ်သူပြောတဲ့ စကားထဲမှာ ဘယ်လိုပညာခန်းမျိုး ဘယ်လိုပညာအမြင်မျိုးပါလဲကွလို့ တစ်ခါမှ မမေးခဲ့ဖူးပါဘူး၊

တစ်ခုပဲပြောလေ့ရှိပါတယ်။ 'မင်းရဲ့အမြင်ဟာ ရှင်သန်ပါစေ' ဆိုတဲ့ စကားပါပဲ။ စဉ်းစားခိုင်းလေ့သာရှိခဲ့ပြီး အလွတ်မကျက်ခိုင်းခဲ့ဖူးပါဘူး။ နို့သက်ခံစို့တာမျိုး ဆရာ လုံးဝမကြိုက်ပါဘူး။ သူများတာ ဒီလိုမြင်တယ်ဆိုပြီး သူများမြင်သလိုမျိုး တစ်ထပ်တည်းလိုက်မြင်ရင် ဆရာလုံးဝ မကြိုက်ပါဘူး။ ကိုယ့်အမြင်နဲ့ကိုယ်ပြောရလေ့ရှိပါတယ်။ ဆရာမေးရင် ကိုယ့်အမြင်နဲ့ကိုယ်ဖြေရလေ့ရှိပါတယ်။

ဒါကြောင့် -

စောစောက အင်္ဂဝိဇ္ဇာဆရာဆိုသူရဲ့ပညာတွေ သိခဲ့မြင်ခဲ့လေ့လာခွင့်ရခဲ့တာပါ။

သူ့အမြင်၊ သူ့အတွေးတွေကို မှားတယ်လို့ မပြောလိုပါဘူး။ ပြောလို့လည်း မရပါဘူး။ သူ့အမြင်နဲ့သူလေ။

ဒါပေမယ့် -

ခိုက်နေတဲ့ ကြာသပတေးကို အမြင့်တင်လိုက်လို့ အလုပ်ပါထွက်လိုက်ရတဲ့အထိဖြစ်သွားရတဲ့ အမျိုးသမီးရယ်၊

တနင်္ဂနွေသား စတုရန်းမှာရှိတဲ့ အချိန် တနင်္ဂနွေ ကောင်းအောင်ဆိုပြီး အိုးကို ရွှေရောင်သုတ်၊ အမြင့်တင်ခိုင်းပြီးတဲ့နောက်ပိုင်း ဘယ်လိုမှထိန်းမနိုင်



www.burmeseclassic.com

www.burmeseclassic.com

သိမ်းမရတဲ့ထိဖြစ်သွားလို့ မိခင်ဟာ နှမတတ်ဖြစ်သွားခဲ့ရတာတွေမြင်ပြီးတဲ့နောက်ပိုင်း ပညာခန်းတွေရဲ့ အယူအဆတွေဟာ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်ရင်လည်း အိပ်မပျော်ခင်ထိဒီစိတ်၊ အိပ်မက်ထဲတောင် ဒီစိတ်ဖြစ်ခဲ့ရပါတော့တယ်။

တွေးရပါတော့တယ်။

ဒီလိုမြင်တာက သူ့အမြင်ပါလား။

ဘာလို့ဒီလိုဖြစ်ရလဲ။

ဒီလိုမြင်ကြည့်ရင်တော ဘယ်လိုဖြစ်လာမလဲ။

ကာယကံရှင်တွေကို ထိခိုက်နိုင်သား။

ကာယကံရှင်တွေအတွက် ဘေးတင်းရန်ကင်းနဲ့ အကျိုးဖြစ်ထွန်းပါ့မလား။

ဘေးမကင်းနိုင်ဘူးထင်ရင် ဘေးတင်းအောင် ဘယ်လိုလုပ်ရပါ့မလဲဆိုတဲ့ စိတ်တွေနဲ့ ပညာကို အချိန်ပြည့် တွေးနေမိပါတော့တယ်။

ကောင်းပါပြီ။

ဒါဖြင့် ခုနကိစ္စလေးတွေကို ပြန်တောက်လိုက်ရအောင်။

စောစောကလိုပဲ သောကြာအခါမှာ အလုပ်ထဲမှာ အတိုက်အခံတွေ အရမ်းများတဲ့ တနင်္ဂနွေတွေ တွေ့လိုက်တာ အများကြီးပါပဲ။

ဒီအခါမှာ -

ကြာသပတေးကခိုက်နေလို့ အဲဒီကြာသပတေးကို ကောင်းအောင်လုပ်ရတော့မယ်ဆိုတော့ သူ့ကို ချက်ချင်းကောင်းအောင် လုပ်လို့မရနိုင်ပါဘူး။ သူ့ရဲ့အမြစ်အညွန့်ဖြစ်တဲ့ 'လောက်သေ' (၃၈) ညွန့်ကို အိုးတစ်လုံးနဲ့ ရေထည့်ထိုးပြီး အမြင့်မှာတင်ထားလို့လည်း မရပါဘူး။ 'သာစည်- ပင်းယကြီး'နဲ့လည်း တင်လို့မရပါဘူး။

ဒါဖြင့် -

ခိုက်နေတဲ့ ကြာသပတေးကို ကောင်းချင်ရင် -

အဲဒီအခိုက်ကိုပဲ ပံ့ပိုးရမယ် ဆိုတာ သိလာခဲ့ရပါတယ်။

ဒါကြောင့် အဲဒီအခါမှာလာတဲ့ တနင်္ဂနွေတွေ အတိုက်အခံများ၊ ရန်များလာပြီဆိုရင် မျက်မမြင်တွေကို ဒါနပြုခိုင်းရတယ်၊ လှူခိုင်းရပါတယ်။ မျက်စိဝေဒနာရှင်တွေကို ဆေးတွေလှူခိုင်းရပါတယ်။ လိုအပ်တဲ့ ဆေးဖိုးဝါးခအတွက် ငွေလှူခိုင်းရပါတယ်။ မျက်မှန်တွေလှူခိုင်းရပါတယ်။

ဒီလို ထူးထူးခြားခြား ထိထိရောက်ရောက်လှူတော့မှပဲ သူ့ရဲ့အတိုက်အခံတွေဟာ တဖြည်းဖြည်းချင်း ငြိမ်လာပြီး သူ့အပေါ်မှာ အမြင်တွေကြည်လင်လာပါတော့တယ်။

ဒါက -

မျောက်ကျွေးလို့၊ မြင်းကျွေးလို့၊ ဘဲကျွေးလို့ ချက်ချင်း မဖြစ်နိုင်သေးတဲ့ကိစ္စတွေပါ။

ကျွေးလို့မရဘူးတော့ မဟုတ်ပါဘူး ရပါတယ်။ ဒါပေမယ့် ဓာတ်ထိလာအောင် ကျွေးရပါလိမ့်မယ်။

မျောက်ကျွေးရင်လည်း မျောက်က ဝပြီးပြန်ကိုလှည့်မလာအောင်၊ မြင်းကျွေးရင်လည်း ဒီလိုပဲ။ ပြီးတော့ တစ်ခါတည်းနဲ့ မရပါဘူး။ အနည်းဆုံး (၄)၊ (၅) ကြိမ်ကျွေးမှ ဓာတ်ထိပါတယ်။ ရင်ထဲမှာ စွဲကျန်ရစ်အောင်ကို ကျွေးရပါလိမ့်မယ်။ ဒါမှဓာတ်ထိတာပါ။

မျောက်ကျွေးပြီးအပြန်မှာ မျောက်ကျွေးတဲ့ကိစ္စကို တစ်ခါလောက်ပဲပြောဖြစ်ပြီးနောက် မေ့မေ့ပျောက်ပျောက်ဖြစ်နေပြီဆိုတာနဲ့ အဲဒါ ဓာတ်ထိတယ် မခေါ်တော့ပါဘူး။

ရင်ထဲရောက်တာချင်း ကွာသွားပါပြီ။

မျက်မမြင်တို့၊ မျက်စိဝေဒနာရှင်တို့ကို လှူရတာကျတော့ ရင်ထဲမှာတကယ်ထိတာပါ။ ပြောပြီးရင်းပြောဖြစ်ရင်းဖြစ်ရပါလိမ့်မယ်။ သတိရရင်းပြောဖြစ်ရင်းဖြစ်ရပါလိမ့်မယ်။ဒါရင်ထဲရောက်တာပါပဲ။ ဒါကို ဓာတ်ထိတယ်လို့ပြောရင် ရပါတယ်။

သောကြာအခါမှာလာတဲ့တနင်္ဂနွေတွေ အတိုက်အခံများလာရင် အဲဒီနည်းနဲ့ အောင်မြင်စေနိုင်ခဲ့ပါတယ်။ စိတ်ချမ်းသာစေနိုင်ခဲ့ပါတယ်။ ခုထိပါပဲ။ ခုလည်း ဒီလိုပဲလုပ်ခိုင်းပါတယ်။

ဒါဖြင့် -

ဂုရုအခါမှာ တနင်္ဂနွေသား မလိမ္မာတာနဲ့ပတ်သက်ပြီး ပြုလုပ်ရမယ့်ကိစ္စ -

အိုးကို ရွှေမှုန်သုတ်ပြီး အမြင့်မှာ တင်ခိုင်းတာ -

ပိုဆိုးသွားတာနဲ့ ပတ်သက်ပြီး တွေးရင်းတွေးရင်း အဖြေတွေထွက်လာပါတယ်။ အဖြေတွေရှိနေပါတယ်။

အဲဒီလိုမျိုး တနင်္ဂနွေနံဟာ ခရာစောက်တိုင်ရဲ့ အောက်သုံးလုံးမှာရှိတုန်းလာမေးတာတွေ ကြုံလာရပါတယ်။

တနင်္ဂနွေညံ့တာမျိုးပေါ့။

ခုနကိစ္စမျိုးကို စကားစပ်လို့ပြောရမယ်ဆိုရင် တနင်္ဂနွေသား မလိမ္မာလို့ လာတာမျိုးပေါ့။

ဟုတ်ပြီ၊ ဒါဖြင့် စဉ်းစားပြီ။

လာမေးသူဟာ တနင်္ဂနွေ ဆိုတဲ့ ပညတ်ပရိယာယ်ကြောင့် စိတ်တွေညစ်ရလွန်းလို့ လာမေးတာ။

ဒါဖြင့် အဲဒီ တနင်္ဂနွေကို ကောင်းအောင်လုပ်နိုင်ရင် လာမေးသူရဲ့ရင်ထဲမှာ အပူငြိမ်းသွားမယ် စိတ်ချမ်းသာသွားမယ်။ သူ့စိတ်ချမ်းသာသွားတာ၊ သူ့အပူငြိမ်းသွားတာဟာ သူ့ရင်ထဲမှာဖြစ်နေတဲ့ တနင်္ဂနွေကောင်းသွားလို့ပေါ့။ ဒါ ရှင်းနေတာပဲ။

ဒါဖြင့် တနင်္ဂနွေကို ကောင်းအောင်လုပ်လိုက်ပြီဆိုရင်နဲ့ အားလုံးဟာ စိတ်ချမ်းသာသွားမှာပေါ့။

ရှင်းနေတာပဲ။

အဲဒီလိုမျိုးတွေ အများကြီးတွေ့လာရတဲ့အခါ -

ဟုတ်ပြီ၊ ချေမယ် သကြာ၊ ဘယ်လိုချေမလဲ။တနင်္ဂနွေနံကြောင့် မကောင်းတာကိုချေမယ်။

ဦးခေါင်းစကောင်းသူကို ပေးကမ်းမယ်၊ လှူမယ်။

ဒီလိုဆို စိတ်ဝေဒနာရှင်တွေကို အာဟာရဒါနပြုမယ်၊ ကျွေးမယ်။ စိတ်ဝေဒနာရှင်ဆိုတာ ဦးခေါင်းမကောင်းသူပဲ။ တနင်္ဂနွေနံသင့်ပင်ကယ်ပျက်နေသူပဲ။

တစ်ဦးဖြစ်ဖြစ်၊ နှစ်ဦးဖြစ်ဖြစ်၊ အများကြီးဖြစ်ဖြစ် ပေးကမ်း လှူဒါန်းလိုက်ရင်ပြီးပြီ။

ဆိုးတယ်ဆိုတာ စိတ်မတည်ငြိမ်လို့ပဲလေ။

စိတ်မတည်ငြိမ်ဘူးဆိုရင် စိတ်မမှန်တာပဲလေ။

ဒီလိုဆို စိတ်မမှန်သူကို အထောက်အပံ့ပြုရုံပေါ့။

ဒါဖြင့် -

စိတ်ရောဂါသည် မတွေ့ဘူးဆိုပါတော့ -

ဘယ်လိုလုပ်မလဲ

ပတ်ဝန်းကျင်ကို ကြည့်ကြည့်ပါ။ တချို့ အသက်အရွယ်ကြီးသူတွေကိုတွေ့မိမှာပါ၊ တချို့ဆို တုတ်ကောက်နဲ့ လမ်းလျှောက်နေရပြီး တချို့ဆို ဘနတုန်ယင်ယင်နဲ့သွားနေကြသူတွေပါတယ်။ သားထောက်သမီးခံမရှိတော့ အတွက် ပေးမယ့်ကျွေးမယ့်သူမရှိလို့ အခြေအနေ မလှတော့တဲ့သူတွေရှိနေ တယ်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဆိုရင်လည်း ဒီနေ့စားရပြီး ရင် မနက်ဖြန်ဘယ်လိုစားရပါ့မလဲဆိုတဲ့ စိတ်နဲ့ တွေးပူနေကြရှာသူတွေပါ။ နေဖို့ လည်းပူနေရသူတွေပါ။ အိုးပိုင်အိမ်ပိုင် မရှိရှာပါဘူး။ ဒါဖြင့် သူတို့ရဲ့ ဦးခေါင်း ဟာလည်း ပူနေရတဲ့ဦးခေါင်းပိုင်ရှင်တွေ ပါ။ စိတ်ချမ်းသာပျော်ရွှင်နေသူတွေ မဟုတ်ပါဘူး။

ဒါကြောင့် -

သူတို့သည်လည်း ဦးခေါင်းနဲ့ဆိုင် တဲ့ စိတ်ဝေဒနာရှင်တွေလို့ စဉ်းစားပေး ရပါလိမ့်မယ်။ စိတ်ရောဂါဆိုတာ ရူးနေ မှုမဟုတ်ပါဘူး။ စိတ်သောကတွေကို ရင်မှာပိုက်ပြီးစိတ်ဆင်းရဲနေရတာလည်း စိတ်ဓာတ်ကို ထိခိုက်နေတာပါပဲ။ စိတ် ဖိစီးမှုတွေနဲ့ပြည့်နေရှာသူတွေပါ။ ဒီလို လူမျိုးတွေကို လှူခြင်း၊ ဒါနပြုခြင်းဟာ လည်း ဦးခေါင်းမကောင်းသူကို အထောက် အပံ့ပြုခြင်းပါပဲ။

အခုပြောတာက -

အမှီအခိုမရှိရှာတော့ဘဲ အသက် အရွယ်ကြီးပြီး ဒုက္ခရောက်နေရရှာသူ တွေကိုသာ ဆိုလိုတာပါ။

အသက်အရွယ်ကြီးပေမယ့် သား ထောက်သမီးခံကောင်းသူတွေ တူ၊ တူမ တွေရဲ့ ဂရုစိုက်ခြင်းခံရသူတွေကို မဆို လိုပါဘူး။

သူတို့ကျတော့ ကုသိုလ်ကောင်း ပါတယ်။

ခုနလို မရှိရှာသူတွေကိုဘဲ ဆိုလို တာပါ။

ကျွေးပါ၊ ပေးပါ။ ထိထိရောက် ရောက်ပေးလှူပါ။ ဒါဟာ ဓာတ်ထိခြင်း ပါပဲ။

လမ်းသွားရင်းလာရင်း တစ်ရာ တန် ပေါင်မုန့်လေးတစ်လုံးလောက်နဲ့ တော့ ဓာတ်မထိပါဘူး။

ကိုယ့်မှာ တကယ်ကြုံနေရင် တကယ် ပေးကမ်း လှူဒါန်းပါ။ သာမန် ကုသိုလ်ပြုချင်သူက တစ်ရာတန်ပေါင်မုန့် တစ်လုံးပေးပေမယ့် ကိုယ်က တနင်္ဂနွေ ကို တကယ်ချေတော့မယ်ဆိုရင်တော့ တစ်ထောင်၊ တစ်သောင်းလောက် လှူ ဒါန်းနိုင်ရပါလိမ့်မယ်။ ဒါမှရင်ထဲထိမှာ ပါ။

တစ်ခါက -

အသိတစ်ယောက်။ ခုလိုပဲ သူ့ သား တနင်္ဂနွေသား ပြောမရဆိုမရဖြစ် ချိန်မှာ နယ်မှာနေတဲ့ သူတို့ ဘကြီးတစ် ယောက် ဆေးကုလာပါတယ်။ သူ့အဖေ ရဲ့ အစ်ကိုပါ။

သူဟာ စိတ်ညစ်ပြီးပြေးချလာပါ တယ်။ သူ့သားကြောင့် စိတ်တွေညစ်နေ ရချိန်မှာ သူ့ဘကြီးက ရောက်လာပြန် တော့ စိတ်တွေညစ်လွန်းပြီး ဘယ်ထွက် ပြေးလို့ပြေးရမှန်းမသိဘူးလို့လာပြောပါ တယ်။

ဒါကြောင့် -

ပြောလိုက်ပါတယ်။

ဟာ - သိပ်ကောင်းတာပဲ။ အဲဒီ ဘကြီးကို သေချာပြုစု၊ ဆေးကောင်း ကောင်းကုပေးလိုက်၊ လိုလေသေးမရှိ စေနဲ့။ အဲဒီဘကြီးကို ပြုစုစောင့်ရှောက် ပေးနေရင်းနဲ့ ခင်ဗျားသား တဖြည်းဖြည်း ပြောင်းလဲလာလိမ့်မယ်လို့။

တကယ်လည်း အဲဒီဘကြီးကို သေချာဂျတျနနပြုစုပေးတဲ့နောက်ပိုင်း ကစပြီး သူ့သားလေးက အပေါင်းအ သင်းတွေနဲ့ ညဘက်ညဘက်အပြင်ထွက် လွန်းတာတွေ တဖြည်းဖြည်းပေးသွားပြီး စာဖက်မှာ စိတ်ဝင်စားလာပါတယ်။ စကားပြောတာ နည်းနည်းလေးထန်နေ သေးပေမယ့် အတော်လေးတော့ပြောင်း လဲလာပါတယ်။

ဒါဟာ -

တနင်္ဂနွေပရိယာယ်ကို ပြုစုလိုက် ခြင်းပါပဲ။

ဝေဒနာခံစားနေရရှာသူဟာ ကာ ယကံရှင်ရဲ့ ဘကြီးပါ။

ဒါဖြင့် ဖခင်ကဲ့သို့နေသောသူလို့ အဓိပ္ပာယ်ရပါတယ်။

အဲဒီ အဓိပ္ပာယ်ကိုက တနင်္ဂနွေ ပရိယာယ်ပါပဲ။

အဲဒီ တနင်္ဂနွေပရိယာယ်ကို ချေ လိုက်တာပါပဲ။

အခါအလိုအရ တနင်္ဂနွေအပေါ် မှာရှိနေတုန်းမှာ တနင်္ဂနွေကြောင့် စိတ် သောကဖြစ်ရပါတယ်ဆိုပြီး ရောက်လာ သူတွေနည်းပါတယ်။

ဒါပေမယ့်ရှိနေပါတယ်။

ဘယ်လိုရှိလဲဆိုတော့ -

တနင်္ဂနွေ ဆပ္ပတ်မှာရှိတဲ့အချိန် အင်္ဂါအခါမှာ သူ့ယောကျ်ား တနင်္ဂနွေ သားကြောင့် စိတ်တွေညစ်ပြီးရောက်လာ တဲ့ မိန်းကလေး။

သူ့ကျတော့ တနင်္ဂနွေက အထက် ဆောင်ပန်းမှာဖြစ်နေပါပြီ။

ဒါပေမယ့် ဆပ္ပတ်ရဲ့သတ္တိအတိုင်း စုတ်ကိစ္စတဖြစ်လာပြန်တော့ -

တနင်္ဂနွေနံသင့် ဘုရားစေတီတစ် ဆူဆူမှာ တနင်္ဂနွေထောင့်မှာဒါမှမဟုတ် ဗြိဟ်(စ)ခွင်လုံးမှာ ဘုရားပန်းညှိုးခြောက် နေတာတွေကိုစွန့်၊ အသစ်တွေလဲလှယ် ခိုင်းရပါတယ်။ တံမြက်စည်းတွေလှည်း ခိုင်းရပါတယ်။

ပြီးတော့မှ ဖယောင်းတိုင်တွေ ထွန်းညှိပူဇော်ခိုင်းရပါတယ်။ သူ့နာမည် က မဝင်းပါ။

နာမည်အရ ဝင်းတာဟာ လင်း တာနဲ့ဆိုင်တာမို့ ဘုရားစေတီမှာ ဖယောင်းတိုင်ထွန်းတာတွေ၊ လျှပ်စစ်မီး အတွက် ပူဇော်ခိုင်းတာတွေလုပ်ခိုင်းရ ပါတယ်။

အင်္ဂါ(၁-၀)ရဲ့ ဓာတ်ဖက် ပြည့် စုံရာပြည့်စုံကြောင်းနဲ့ ပူဇော်ခိုင်းတာပါ နာမည်အရပါ။

မဝင်းဟာ တစိုက်မတ်မတ်ပြုလုပ် ရင်းနဲ့ပဲ တဖြည်းဖြည်းအဆင်ပြေလာပါ တယ်။ ချက်ချင်းမပြေပါဘူး။

ရတနာမြတ်သုံးပါး ဂုဏ်တော်ရှ နဲ့ပြုလုပ်ရတဲ့ကောင်းခြင်းကုသိုလ်ယတြာ ကြီးများက အချိန်တော့နည်းနည်းစောင့် ရပါတယ်။ ချက်ချင်းဖြစ်တာတွေလည်း ရှိပါတယ်။ အချိန်စောင့်ပြီးမှ ဖြစ်လာ တာတွေလည်းရှိပါတယ်။

ဒါပေမယ့် အချိန်စောင့်ပြီးမှ ဖြစ် လာတာဟာ အမြစ်ကကျွတ်သွားတဲ့ အနာလိုပါပဲ။ မှိုသွားတာမဟုတ်ပါဘူး။

အကြောင်းကို စီရင်လိုက်တာပါ။

ဘယ်အကြောင်းကြောင့်ဖြစ်ရတဲ့ အကျိုးလည်းဆိုတာကို ကြည့်ရပါတယ်။ ပြီးမှ ပြုလုပ်လို့ရပါတယ်။

တစ်ယောက်ကတော့ သူ့ ယောကျ်ားဓာတ်ပုံကို မြေကျင်းတူးပြီး ဓာတ်ပုံထည့် အပေါ်က သံပြားအုပ်ပြီး သံကိုမီးတိုက်တဲ့ သံပူတင်တဲ့အစီအရင် မျိုးကိုလုပ်ထားသူမို့ ခုနလို ဘုရားစေတီ ကို လွှတ်လို့မရခဲ့ပါဘူး။ ဒါကြောင့် လုပ် မပေးခဲ့ရပါဘူး။ သူတို့ချင်းလည်း လင် ခွဲသွားကြပါပြီ။

၀ ←

၄ အင်္ဂါ -

တနင်္ဂနွေနံဘုရား ၁ မီးပူဇော်ခြင်း

၃

၆

၂

၇

ဆရာဦးမောင်မောင်သန်း
(ခင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ရှေးမြန်မာကြီးတို့က နေကြတ်သည်ကို နေရာဟုဖမ်းသည်ဟူ၍လည်းကောင်း၊ လကြတ်သည်ကို လငပုပ်ဖမ်းသည်ဟူ၍လည်းကောင်း ပြောဆိုဖော်ပြလေ့ရှိသည်။ တကယ်တော့ နေကြတ်၊ လကြတ် ဟူသော ဝေါဟာရသည် ဝေဒပညာဆိုင်ရာ ပညာရပ်သုံးစကားဖြစ်ပြီး နေရာဟုဖမ်း၊ လငပုပ်ဖမ်း ဆိုသောစကားလုံးသည် အရပ်သုံးစကားဟု ဆိုရမည် ဖြစ်သည်။

ရှေးမြန်မာကြီးတို့သည် ထူးခြားရှားပါးစွာ တွေ့ရမြင်ရသော နေရာဟုဖမ်းဖြစ်စဉ်၊ လငပုပ်ဖမ်းဖြစ်စဉ်များကို အလေးဂရုပြု စောင့်ကြည့်လေ့လာတတ်ပြီး မိမိလက်လှမ်းမီရာ ဝေဒပညာရှုထောင့်၊ နိမိတ်ပညာရှုထောင့်မှနေပြီး အကြောင်းအကျိုး အကောင်း၊ အဆိုးအနာဂတ်ဟောကိန်းများကို ဖွင့်ဆိုဟောကြားချက်ငင်ကြလေ့ရှိသည်။ ထို့ပြင် ဤနေရာဟုဖမ်းနေစဉ်အတွင်း၊ လငပုပ်ဖမ်းနေစဉ်အတွင်းတွင် ဆေးစီရင်ခြင်း၊ အင်းစီရင်ခြင်း၊ မန္တရားစုတ်စီရင်ခြင်းစသော လောကီပညာအဘိအရင်များကို လည်း တကူးတကနှင့်လုပ်ဆောင်ကြပါသေးသည်။ သို့လိုပင် ဤနေရာဟုဖမ်း၊ လငပုပ်ဖမ်းနှင့် စပ်လျဉ်းနေသော ရိုးရာပုံပြင်များ၊ ဒဏ္ဍာရီများကလည်း စိတ်ဝင်စားဖွယ်ရာ သက်ကြီးစကား သက်ငယ်

# မင်းရှိန်အောင်

## နေကြတ်၊လကြတ်သဘောသဘာဝ





www.burmeseclassic.com

www.burmeseclassic.com

ကြား ပြောဆိုကြပါသေးသည်။

ဤနေရာတွင် လကို ငပုပ်ဖမ်းသည် ဆိုသောစကားကိုဖြစ်စေသော ရိုးရာပုံပြင်တစ်ပုဒ်ကို ညွှန်းဆိုချင်ပါသည်။

ရှေးသရောအခါက ဝေသာလီပြည်က မဟာသူဌေး၏သား မောင်နန္ဒသည် တက္ကသိုလ်ပြည်တွင် ပညာသင်ကြားခဲ့ပြီး ရိုးသားကြိုးစားစွာဖြင့် ပညာထူးချွန်သဖြင့် တက္ကသိုလ်ဆရာကြီးသမီး မယ်စန္ဒီကို လက်ထပ်ခွင့်ရသဖြင့် မောင်နန္ဒသည် မိမိတိုင်းပြည်ကို ပြန်လာသောအခါတွင် ချစ်ဇနီး မယ်စန္ဒီကို ခေါ်ယူလာခဲ့လေသည်။ သူတို့နှစ်ယောက်သည် ရှည်လျားသော တောတောင်ကန္တာရခရီးကြမ်းကို မကြောက်မရွံ့ဖြတ်သန်းလာခဲ့ကြသည်။ သို့သော် လမ်းခုလတ် တစ်ခုသော တောနက်၏ ညောင်ပင်ကြီးတစ်ပင်အနီးအရောက်တွင် သူဌေးသား မောင်နန္ဒသည် မြွေကိုက်ခံရပြီး ရုတ်တရက် ကွယ်လွန်သွားခဲ့လေသည်။ ထိုအခါ မျက်စိသူငယ်နားသူငယ်နှင့် အားကိုးရာမဲ့သွားသော မယ်စန္ဒီက သည်းထန်စွာငိုကြွေးပြီး နတ်ဒေဝတာတို့အား တိုင်တည်သစ္စာပြုလေသည်။ ထိုအခါ အနီးရှိညောင်ပင်ကြီးက ရုက္ခစိုးနတ်ကြီးသည် အလွန်သနားသွားသဖြင့် အဘိုးအိုအသွင်ဖန်ဆင်းပြီး ဒီကမြောက်ဘက် တစ်ဂါဝုတ်အကွာ ကျောက်ဂူအနီးမှာ မသေဆေးပင်ရှိသည်။ ထိုဆေးပင်ကို အလျင်အမြန် သွားနုတ်ယူလျက် ဤမောင်နန္ဒအား တိုက်ကျွေးလျှင် အသက်ပြန်ရှင်မည်ဟုဆိုပြီး နတ်လမ်းညွှန်ပြလေသည်။ မယ်စန္ဒီသည် နတ်လမ်းညွှန်သည့်အတိုင်း မသေဆေးပင်ကို ခက်ခက်ခဲခဲရယူလျက် ပြန်လာခဲ့လေသည်။ လမ်းတစ်ဝက်တွင် ပုပ်၍လောက်ကျစပြုနေသောခွေးသေကောင်တစ်ကောင်ကိုတွေ့သဖြင့် ပါလာသော မသေဆေးပင်မှ အရည်အနည်းငယ်ကို တိုက်ကျွေးကြည့်ရာ ထိုခွေးသေကောင်သည် ပြန်လည် အသက်ရှင်လာပြီး မယ်စန္ဒီ နောက်တကောက်ကောက် လိုက်ပါလာခဲ့သည်။ ထိုခွေးကိုလည်း 'ငပုပ်' ဟု အမည်ပေးလေသည်။

မယ်စန္ဒီ မောင်နန္ဒ အလောင်းနားရောက်၍ မသေဆေးတိုက်ကျွေးရန် လုပ်နေစဉ် နတ်တို့သနင်း သိကြားမင်းက သိမြင်သဖြင့် လနတ်သမီးအား ထိုမသေဆေးပင်အား အလျင်အမြန် သိမ်းယူရန် စေခိုင်းလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် မသေဆေးတိုက်ကျွေးခံရလျှင် ပြန်လည်အသက်ရှင်ရုံသာမက သေခြင်းတရား ကင်းမဲ့သွားကာ နတ်တန်ခိုးကိုလည်း ပိုင်ဆိုင်သွားသည် ဟူ၏။ ထို့ကြောင့် မယ်စန္ဒီက မောင်နန္ဒကို မသေဆေးပင်ကို တိုက်ကျွေးနေစဉ် လနတ်သမီးက ထိုမသေဆေးပင်ကို လုယူထွက်ပြေးရာ ငပုပ်ခွေးကြီးက လနတ်သမီးနောက်ကို ကဆုန်ပေါက်လိုက်ပြီး ထိုမသေဆေးပင်ကို ပြန်လည်လုယူရန် ကြိုးစားလေသည်။ ငပုပ်ခွေးကြီးက လနတ်သမီးကို ဖမ်းမိသွားလိုက်၊ ပြန်လွတ်သွားလိုက်၊ ပြန်ဖမ်းမိလိုက်၊ ပြန်လွတ်သွားလိုက်နှင့် အတိုင်းမသိ ရှည်လျားစွာကျင်လည်လှုပ်ရှားနေရသည်။ မသေဆေးရည်ကို တိုက်ကျွေးခံရသည့်နတ်အသက်နတ်တန်ခိုးရရှိသော ငပုပ်ခွေးကြီးသည် သူ့ကျေးဇူးရှင် ဇနီးမောင်နှံအတွက် မသေဆေးပင် ပြန်လည်ရရှိရေးအတွက် လနတ်သမီးကို လိုက်လံဖမ်းဆီးနေသည်မှာ ယခုထက်တိုင်ဟု ဆို၏။ သစ္စာရှိသော ငပုပ်ခွေးကြီးက လနတ်သမီးကို ဖမ်းဆီးမိလျှင် လ၏ အရောင်အဝါမှေးမှိန်မှောင်မိုက်သွားတတ်ရကား ၎င်းဖြစ်အင်ကို လငပုပ်ဖမ်းသည်ဟု ဆိုကြလေ့ရှိသည်။လသည် အရောင်အဝါ ပြန်လည် ထိန်လင်းတောက်ပလာသည်ကို လငပုပ်မှ လွတ်သည်ဟု ပြောလေ့ရှိကြသည်။ထို့ကြောင့် သစ္စာရှိသော ငပုပ်ခွေးကြီးကြောင့် လနတ်သမီးသည် မကြာခဏ ခွေးငပုပ်၏ ဖမ်းဆီးခံရသဖြင့် လငပုပ်ဖမ်းသည် ဆိုသောဝေါဟာရသည် ပေါ်ပေါက်လာရသည် ဟူ၏။

ယင်းသို့ပင်လျှင် နေကိုရာဟုဖမ်းဆိုသော အသုံးအနှုန်းမှာလည်း ရာဟုအမည်ရှိသော အသူရိန်နတ်ကြီးက ဖမ်းငုံမျိုဆော့ကစားသည်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ ရှေးမြန်မာ့စာပေကျမ်းများ၌လည်းကောင်း၊ ဗုဒ္ဓစာပေကျမ်းဂန်များ၌လည်းကောင်း ဖော်ပြပါရှိချက်အရ ကိုယ်ခန္ဓာအလွန်တရာ ကြီးမားဆူဖြိုး မြင့်ရှည်လှသော ရာဟုအမည်ရှိသည့် အသူရိန်နတ်ကြီးသည် အရောင်အဝါ ပြိုးပြက်လင်းတောက်သော နေဗိမာန် (နေလုံး) ကို မလိုတမာဝန်တိုစွာဖြင့် ဖမ်းဆော့ငုံမျိုကစားခြင်းကြောင့် နေ၏အရောင်အဝါ မှေးမှိန်ပျောက်ကွယ်သွားသည်ကို နေကိုရာဟုဖမ်းသည်ဟုပြောဆိုကြောင်းဖော်ပြကြသည်။ ယင်းသို့မှတစ်ဖန် နေ၏ အရောင်အလင်း ပြန်လည် တောက်ပလာသည်ကို နေရာဟုဖမ်းသည်ဆိုသော အသုံးအနှုန်း၏ အရင်းခံဇာစ်မြစ် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နေကြတ်၊ လကြတ်ဆိုင်ရာ မြန်မာ့ယုံကြည်မှုဓလေ့၏ ပြယုဂ်တစ်ခုပင်ဖြစ်ပါသည်။

တစ်ခါ ဟေိန္ဒူဝေဒပညာကျမ်းတစ်ခုဖြစ်သော နာရဒသံဟိတာကျမ်း၏ အဆိုအရ ကမ္ဘာဦးကာလ သစ္စာယုတ်ခေတ်၌ မြင့်မြတ်သော ဒေဝတာနတ်တို့နှင့် ယုတ်ညံ့သော အသူရာနတ်တို့သည် မဟာသမုဒ္ဒရာအောက်ခြေရှိ သမုဒ္ဒရာရတနာ (၁၄) ပါးကို အလွန်လိုချင်မက်မောကြရကား ဗိဿနိုးနတ်ဘုရားကြီး၏ အစီအမံဖြင့် မန္တရာစလတောင်ကို မဟာသမုဒ္ဒရာအလယ်ကောင်တွင် ချထားဘောဂဝတီနတ်နဂါးမင်းကို ထိုတောင်အားလိမ်ကျစ်ရစ်ပတ်စေလျက် အသူရာနတ်တို့ကနဂါးဦးခေါင်းဘက်မှ၊ ဒေဝတာနတ်တို့က နဂါးအမြီးဘက်မှ ဆွဲကိုင်စေကာ မဟာသမုဒြာမန္တရားကို ရွတ်ဖတ်သရဇ္ဈာယ်၍ သမုဒ္ဒရာကြိမ်နယ်ပွဲကြီးကို ပြုလုပ် ကျင်းပလေသည်။ ထိုသို့ကျင်းပနေစဉ်တွင် မန္တရာစလတောင်သည် ရေထဲကို ရုတ်တရက်နစ်မြုပ်သွားသဖြင့် ဗိဿနိုးနတ်ဘုရားကြီးက လိပ်အသွင် အလျင်အမြန် ဖန်ဆင်းကာ ထိုတောင်ကို ကျောပေါ်တင်လျက် ရေပေါ်သို့ ပြန်လည်ပင့်မပေးရလေသည် ဟူ၏။

ထိုသမုဒ္ဒရာကြိမ်နယ်ပွဲအဆုံးသတ်တွင် သမုဒ္ဒရာရတနာ (၁၄) ပါးသည် ဒေဝတာနတ်ဘုရားတို့ဘက်ကျရောက်၍ အသူရာနတ်တို့ဘက်သို့မူ မူးယစ်ယမကာသေရည်တို့ကျရောက်လေသည် ဆို၏။ ပြီး-ဗိဿနိုးနတ်ဘုရားကြီးသည် မိန်းမပျိုအသွင်ဖန်ဆင်းလျက် သမုဒ္ဒရာအောက်ဆုံးမှရရှိသော နတ်သုဒ္ဓါအမြိုက်ဆေးရည်ကို ဒေဝတာနတ်တို့အား မျှဝေပေးလေ၏။ ထိုဆေးရည်သည် မအို၊ မနာ၊ မသေဆေးဖြစ်သဖြင့် ဒေဝတာနတ်တို့က အငမ်းမရ သောက်သုံးကြသည်ဟူ၏။ဤသည်ကိုသိရှိသော ရာဟုအမည်ရှိသည့် အသူရာနတ်မင်းကြီးသည် ဒေဝတာနတ်သားအယောင်ဆောင်လျက် ထိုအမြိုက်ဆေးရည်ကို ဝေစုခံ သောက်သုံးလေရာ သောက်သုံးခွင့်ရလေသည်ဟူ၏၊ ၎င်းကို တွေ့မြင်လိုက်သော နေနတ်သားနှင့် လနတ်သမီးတို့က ဗိဿနိုးနတ်ဘုရားကြီးထံ တိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးလေသော် နတ်ဘုရားကြီးသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ကြာလက်နတ်နှင့် ပစ်ခတ်လေသော ကြောင့် ရာဟုအသူရိန်နတ်မင်းကြီး ဦးခေါင်းတခြား၊ ကိုယ်ခန္ဓာတခြားဖြစ်ရ သတော့သည်။ သို့ဖြစ်သည်တိုင် ရာဟု အသူရာနတ်မင်းကြီးသည် အမြိုက်နတ် သေးရည် သောက်သုံးခွင့်ရရှိထားသော ကြောင့် ဆက်လက် ရှင်သန်လျက် မိုး ကောင်းကင်တွင် ဂြိုဟ်များအဖြစ်တည်ရှိ နေခဲ့သည်။ ဦးခေါင်းပိုင်းကို ရာဟုဂြိုဟ် ဟူ၍ လည်းကောင်း၊ ကိုယ်ခန္ဓာပိုင်းကို ကိတ်ဂြိုဟ် ဟူ၍လည်းကောင်း ခေါ်ဝေါ် သမုတ်ကြလေသည်။ ထိုရာဟုနှင့် ကိတ် တို့သည် နေနှင့် လတို့ကို တွေ့တိုင်းကြုံ တိုင်း ဖမ်းမျိုကြသည်မှာ ဓမ္မတာဖြစ်သွား သည်ဟူ၏။ ဤသည်ကို နေကြတ်သည်၊ လကြတ်သည်၊နေကြတ်ဖြစ်စဉ်၊လကြတ် ဖြစ်စဉ်ဟု ခေါ်ဝေါ် သမုတ်လာကြသည် ဖြစ်၏။

ထို့ပြင်တစ်ဝ ရှေးဟိန္ဒူဝေဒပညာ ကျမ်းတစ်ခုဖြစ်သော ဗြိုဟဇ်သံဟိတာ ကျမ်းအံ့ရ မူဆင်(မ်)ဟိတာ၏သား အရုပ် ဆိုး အကျည်းတန်လှသော ရာဟုနတ် မိစ္ဆာသည် အမိတာ၏သားနတ်ဒေဝတာ နှင့် အမြဲတစေ တိုက်ခိုက်နေတတ်ပြီး တိုက်တိုင်းလည်း ရှုံးနိမ့်တတ်သဖြင့် အမြဲဝန္တာတောင်ထိပ်၌ အနှစ်တစ်သောင်း အကျဉ်းခတ်နေထိုင်ရသည်။ သို့ဖြစ်သည့် တိုင် ရာဟုနတ်မိစ္ဆာသည် မဟာဗြဟ္မာ ကြီးနှင့် ကံကောင်းထောက်မစွာ တွေ့ဆုံ ခွင့်ရသဖြင့် သူ့အား ဂြိုဟ်တစ်လုံးအဖြစ် သို့ ပြောင်းလဲပေးရန်၊ သူ့အား ထာဝရ အသက်ရှင်သန်ခွင့်ပေးရန်၊ နေနှင့် လ အား ဖမ်းဆီးငုံမျိုဆော့ကစားခွင့်ပေးရန် ဆုတောင်းလေသော် မဟာဗြဟ္မာကြီး က -

"မောင်မင်းအဖို့·နေ၊ လနှင့် တွေ့ ရင်တော့ အခက်အခဲတွေ့လိမ့်မည်"

ဟု မိန့်ဆိုပြီး ပျောက်ကွယ်သွား သည် ဟူ၏။

ရာဟုနတ်မိစ္ဆာသည် အခွင့်အရေး ရသည်နှင့် အလင်းရောင်တောက်ပမှု ကြောင့် သူမျက်မုန်းကျိုးနေသောနေနှင့် လတို့ကို တိုက်ခိုက်ရန် တစ်ဟုန်ထိုး လိုက်လံသွားရာ နေနှင့်လတို့ကကြောက် လန့်တကြားနှင့် ဗိဿနိုးနတ်ဘုရားထံ အကူအညီတောင်းခံရာ နတ်ဘုရားက သံကွင်းလက်နက်ပစ်ခတ်တားဆီးသော ကြောင့် ရာဟုနတ်မိစ္ဆာသည် ဦးခေါင်း တခြား၊ခန္ဓာကိုယ်တခြားဖြစ်သွားရသည် ဟူ၏။ သို့တစေ ရာဟုနတ်မိစ္ဆာသည် ထာဝရအသက်ကြောင့် ဦးခေါင်းတခြား၊ ခန္ဓာကိုယ်တခြားဖြစ်သည့်တိုင်အောင် ဆက်လက် အသက်ရှင်သန်နေသည် ဟူ၏။ တချို့ကမူ ရာဟုနတ်မိစ္ဆာသည် မြွေနဂါး၏ အသွင်သဏ္ဌာန်မျိုးရှိသည် ဟု ဖော်ပြကြသည်။ ထို့ကြောင့် မြွေနဂါး ဦးခေါင်းကို ရာဟုဂြိုဟ်ဟု ခေါ် ဆိုကြပြီး မြွေနဂါးခန္ဓာကိုယ်ကို ကိတ်ဂြိုဟ်ဟု ခေါ်ဝေါ်ကြသည်ဟူ၏။ ဤရာဟုဂြိုဟ် နှင့် ကိတ်ဂြိုဟ်တို့သည် နေနှင့်လတို့ ပို၍ အခဲမကျေဖြစ်သွားကာ အခွင့်အရေးရ တိုင်း ဖမ်းစားလေ့ရှိသည်။ သို့သော် အပြတ်အသတ် မဖမ်းစားနိုင်ဘဲ ပြန် လွှတ်ပေးရလေ့ရှိသည် ဆို၏။ သို့သော် နောက်ကြုံတိုင်းဖမ်းစားပြန်သည်ဟူ၏။ ဤသို့ ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့က နေနှင့် လအား ဖမ်းစားသည်ကို နေ ကြတ်သည်၊ လကြတ်သည်ဟု ခေါ်ဝေါ် ကြောင်း ပြညွှန်းထားသည်ကို တွေ့ရှိရ ပေသည်။

ဤတွင် မေးစရာ၊ တွေးစရာ ဖြစ် လာသည်က နေကြတ် (နေရာဟုဖမ်း)၊ လကြတ် (လငပုပ်ဖမ်း)နှင့် ပတ်သက်၍ ယခုထက် ပို၍ သိရှိရန်လိုလာပြီဟု ဆိုရ မည်ဖြစ်၏။ မြန်မာစာအဘိဓာန်ထဲတွင် နေကြတ်ဆိုသော ဝေါဟာရကို ကမ္ဘာနှင့် နေကြားတွင် လကဖြတ်သွားခိုက် လက ဖုံးကွယ်နေသောကြောင့် နေလုံးသည် အလုံးစုံဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ကွယ်ပျောက်မှောင်မိုက်သွားခြင်းမျိုးဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါပေသည်။ နောက် လကြတ် ဆိုသော ဝေါဟာရကို မူ နေနှင့် လသည် ကမ္ဘာမြေ၏တစ်ဖက် တစ်ချက်စီ၌ ကျရောက်နေသောအခါ မျိုးတွင် လ၏အပေါ်၌ ကမ္ဘာ၏အရိပ် ထိုးကျနေသဖြင့် လ၏ မျက်နှာပြင်ပေါ် မှာ အခိုက်အတန့်မျှ မှောင်ရိပ်ဖြတ်သန်း ပိတ်ဆီးခြင်းမျိုးဟု ပြဆိုထားသည်ကို တွေ့ရသည်။ မှတ်သားစရာတစ်ခုက နေကြတ်သည်ကို နေကြစ်သည် ဟူ၍ လည်းကောင်း၊ လကြတ်သည်ကို လကြစ် သည် ဟူ၍လည်းကောင်း ပြောဆိုမှုများ လည်း ရှိပါသေးသည်။

ပြီး - ခေတ်သိပ္ပံပညာအလိုအရ လည်း နေနှင့် ကမ္ဘာကြားကို လရောက်ရှိ ပြီး နေအား ဖုံးကွယ်နေလျှင် ယင်းကို နေကြတ်သည်ဟုခေါ်ပြီး နေနှင့်လကြား ကို ကမ္ဘာရောက်ရှိပြီး လပေါ်၌ ကမ္ဘာ အရိပ်ကျနေလျှင် ၎င်းကို လကြတ်သည် ဟု ခေါ် ဆိုကြောင်း ဖော်ညွှန်းထားသည် ကို တွေ့ရှိရပေသည်။

ဆက်နွယ်၍ လေ့လာသုံးသပ် စရာတစ်ခုမှာ ရှေးဝေဒပညာရှင်တို့၏ အယူအဆပင် ဖြစ်၏။ ရှေးဝေဒပညာ ရှင်တို့က မိုးကောင်းကင်တွင် နေကိုမြင့် ၍ အသွားမြန်ကာ လက နိမ့်၍ အသွား နှေးသောကြောင့် တစ်ကြိမ်ကြိမ်တွင် ၎င်းတို့ထပ်မိသွားသဖြင့် ဆိုင်ရာမှနေကို ကြည့်လျှင် ကောင်းစွာ မမြင်ရသည်ကို နေကြတ်သည်ဟု ဆိုကြခြင်းပင် ဖြစ်၏။ သို့ကလိုပင် လသည် အကြင်အခါ၌ အမှောင်ဂြိုဟ် ရာဟု၊ [illegible] တူညီပေ မိသော မြေကမ္ဘာအရိပ်သို့ ဝင်ရောက် သွားသောအခါ ဆိုင်ရာမှကြည့်လျှင် လ ကို ကောင်းစွာမမြင်ရခြင်းကို လကြတ် သည်ဟု ဆိုကြကြောင်းကို ရှေးဝေဒ ပညာရှင်တို့က ယူဆလက်ခံကြပါ သည်။

ဤနေရာမှာ အလေးဂရုပြုသိရှိ ထားရန်လိုအပ်သည်ကတော့ မြေစကြ ဝဠာအယူအဆနှင့် နေစကြဝဠာအယူ အဆကို ခေတ်ပညာရှင်တို့က လက်ခံ ကြခြင်းပင် ဖြစ်၏။ မြေစကြဝဠာအယူ အဆဆိုသည်မှာ မြေကမ္ဘာသည် စကြ ဝဠာဗဟိုချက်တွင် မလှုပ်မရှားတည်ရှိပြီး နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့က မြေကမ္ဘာကို သူလမ်းကြောင်းနှင့်သူ လှည့်ပတ်သွားလာနေသည်ဟု ယူဆကြ ခြင်းပင် ဖြစ်၏။ ရှေးပညာရှင်တို့ နေကြတ်၊ လကြတ်အယူအဆသည် ဤမြေစကြ ဝဠာအယူအဆပေါ်တွင် အခြေပြု၍ ယူတွေးလက်ခံထားခြင်း ဖြစ်သည်။

နေစကြဝဠာအယူအဆ ဆိုသည် မှာ စကြဝဠာအလယ်ကောင်တွင် နေ ဂြိုဟ်သည် မလှုပ်မယှက်တည်ရှိနေပြီး မြေကမ္ဘာ အပါအဝင် ဂြိုဟ်၊ နက္ခတ်၊ တာရာများက သူလမ်းကြောင်းနှင့်သူ နေဂြိုဟ်အား လှည့်ပတ်သွားလာနေ သည်ဟုယူထားခြင်းပင် ဖြစ်၏။ အသေး စိတ်ပြောရလျှင် နေဂြိုဟ် (တနင်္ဂနွေ ဂြိုဟ်) ကို ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေး ဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ်ဂြိုဟ်၊ နက် ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ်တို့က အဆင့် ဆင့် ရစ်ဝန်းလှည့်ပတ်နေပြီး လဂြိုဟ် (တနင်္လာဂြိုဟ်) က ကမ္ဘာဂြိုဟ်ကို အရံ ဂြိုဟ်အဖြစ် လှည့်ပတ်နေသည်ဟုဆို၏။ မှတ်သားစရာကောင်းသည်က ခေတ် သိပ္ပံပညာရှင်တို့၏ နေကြတ်၊ လကြတ် အယူအဆသည် ဤနေစကြဝဠာအယူ အဆပေါ်တွင်မူတည်ထားသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

ရှိရခြင်းပင် ဖြစ်၏။

ပို၍အလေးဂရုပြုဖွယ်ရာကောင်းသည့် ခေတ်သိပ္ပံပညာရှင်တို့က နေဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ လဂြိုဟ်တို့နှင့်သာပတ်သက်နေသည်ဟု ဆိုသော်လည်း ရှေးဝေဒပညာရှင်များကမူ နေကြတ်၊ လကြတ်သည့် နေဂြိုဟ်၊ လဂြိုဟ်၊ ကမ္ဘာမြေနှင့်သာမက ရာဟုဂြိုဟ်၊ ကိတ်ဂြိုဟ်တို့နှင့်လည်း ပါဝင်ဆက်နွယ်နေသည်ဟုဆို၏။ တချို့က ရာဟုဂြိုဟ်မှာ တခြားမဟုတ်။ ကမ္ဘာမြေကြီး(ဝါ)ကမ္ဘာမြေကြီး၏ အရိပ်ပင် ဖြစ်သည်။ သို့ဆိုလျှင် ကိတ်ဂြိုဟ်သည် လဂြိုလ်၏အရိပ် ဆိုရမည်လား။ နောက် နေဂြိုဟ်၊ လဂြိုဟ်၊ ကမ္ဘာဂြိုဟ်တို့သည် ပကတိဂြိုဟ်၊ ဒြပ်ရှိဂြိုဟ်ဟုဆိုကြပြီး ရာဟုဂြိုဟ်၊ ကိတ်ဂြိုဟ်ကို အရိပ်ဂြိုဟ်၊ ဒြပ်မဲ့ဂြိုဟ်ဟု အရှေ့တိုင်းဝေဒပညာရှင်အများစုက သုံးသပ်ကြပါသည်။ တချို့က ရာဟုဂြိုဟ်ကို ပုံသဏ္ဍာန်မဲ့၊ အရာဝတ္ထုမဲ့ဟုလည်း ဆိုကြပါသေးသည်။

တစ်ဖန် အနောက်တိုင်း ဝေဒပညာရှင်တို့က ရာဟုဂြိုဟ်(နဂါးဦးခေါင်းဂြိုဟ်) ကို နေသွားလမ်းကြောင်းကိုဖြတ်လျက် ဥတ္တရဒိဂ် (မြောက်ဘက်ဒိဂ်) မှ ဝင်လာသော လဂြိုဟ် (တနင်္လာဂြိုဟ်)၏ နေရာကို ရာဟုဂြိုဟ်နေရာ၊ ရာဟုဂြိုဟ်ဟု သတ်မှတ်လျက် ထိုရာဟုကို **Moon's Ascending Node** ဟု လည်းကောင်း၊ **Moon's North Node** ဟုလည်းကောင်း မှတ်ယူကြသည်။

ပြီး- ကိတ်ဂြိုဟ် (နဂါးအမြီးဂြိုဟ်) သည် ရာဟုမှ သမသတ် (၁၈၀) ဒီဂရီ နေရာမှာရှိသည်။ လဂြိုဟ် (တနင်္လာဂြိုဟ်) သည် ဥတ္တရဒိဂ် (မြောက်ဘက်ဒိဂ်) မှ နေသွားလမ်းကြောင်းကို ဖြတ်လျက် ဒက္ခိဏဒိဂ်(နောင်ဘက်ဒိဂ်)ဘက် ဝင်သောနေရာသည် ကိတ်ဂြိုဟ်နေရာ ဖြစ်သည်။ ထို့ကြောင့် ကိတ်ဂြိုဟ်ကို **Moon's Decending Node** ဟူ၍ လည်းကောင်း၊ **Moon's South Node** ဟူ၍ လည်းကောင်း ပြည့်နှိန်းကြသည်။ တစ်နည်းဆိုရလျှင် ရာဟုနှင့် ကိတ်သည် အာကာသ၏ အစက်အပြောက် (**Point**) များသာဟုဆို၏။

မည်သို့ပင်ဆိုစေကာမူ နေကြတ်၊ လကြတ်ဖြစ်စဉ်များထဲတွင် နေဂြိုဟ်၊ လဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ ရာဟုဂြိုဟ်၊ ကိတ်ဂြိုဟ်တို့ပါဝင်ပတ်သက်နေသည်ကတော့ အမှန်ပင်။ နောက်စိတ်ဝင်စားစရာတစ်ခုက ရှေးမြန်မာ့ဝေဒပညာရှင်တို့၏ဖော်ပြမှုတစ်ခုမှာ နေကြတ်၊ လကြတ်ဖြစ်ပေါ်ရခြင်းသည် -

၁။ ရာဟုအသူရိန်နတ်ကြီးကြောင့် ဖြစ်စေ၊ ဥတုနိယာမကြောင့်ဖြစ်စေ ဖြစ်ပေါ်ရသည်ဟု ဆိုထားချက်ပင် ဖြစ်သည်။ ရှေ့ကဆိုခဲ့သလိုပင် ရာဟုအသူရိန်နတ်မင်းကြီးက နေနှင့် လကို မလိုတမာဆော့ကစားခြင်းကြောင့် နေကြတ်၊ လကြတ်ဖြစ်ပေါ်ရသလိုပင် ဥတုနိယာမအခြေခံသဘောတရားအရ နေဂြိုဟ်၊ လဂြိုဟ်၊ ကမ္ဘာဂြိုဟ်တို့သွားလာလှုပ်ရှားမှုကို အခြေခံ၍ နေကြတ်၊ လကြတ်များဖြစ်ပွားတတ်ပါသေးသည်။ ဤသည်ကို ဝေဒပညာလာသရကျမ်းတွက်ရိုးများဖြင့် တွက်ချက်ကြည့်လျှင် ကြိုတင်သိမြင်နိုင်သည် ဆို၏။

တကယ့်ကို စိတ်ဝင်စားစရာကောင်းသည်က ကမ္ဘာနှင့် နေကြားကို လရောက်ရှိသွားတိုင်း နေကြတ်ခြင်း မဖြစ်ပွားခြင်းပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လပတ်လမ်းတည်ရှိသောမြင်ညီနှင့် ကမ္ဘာ့ပတ်လမ်းတည်ရှိသော မြင်ညီတို့သည် တစ်ထပ်တည်း အမြဲတစေ ကျရောက်နေခြင်းမရှိဘဲ ၅-အံသာနှင့် ၅-လိတ္တာခန့် တိမ်းစောင်းနေသောကြောင့် ဖြစ်သည်။ အလွန်တရာ အကြောင်းတိုက်ဆိုင်လွန်းမှ နေကြတ်ဖြစ်စဉ် ပေါ်ပေါက်တတ်သည် ဆို၏။ နေကြတ်ပုံကြတ်နည်း (၃) မျိုးရှိသည်။

၎င်းမှာ -

၁။ နေသဗ္ဗကြတ်၊

၂။ နေတစ်စိတ်တစ်ဒေသကြတ်
(နေအသဗ္ဗကြတ်)

၃။ နေအရစ်ကြတ် ဟူ၍ ဖြစ်၏။

ဗို၍သိသာအောင် ရှင်းပြရလျှင်-

၁။ နေသဗ္ဗကြတ် ဟူသည်မှာ နေ၏မျက်နှာတစ်ခုလုံးမည်းမှောင်ပိတ်ဖုံးသွားခြင်းမျိုး ဖြစ်သည်။

၂။ နေတစ်စိတ်တစ်ဒေသကြတ် (နေအသဗ္ဗကြတ်) ဆိုသည်မှာ နေ၏မျက်နှာပြင်အချို့ကို အမည်းမှောင်ပိတ်ဖုံးသွားခြင်းမျိုး ဖြစ်သည်။

၃။ နေအရစ်ကြတ် ဆိုသည်မှာ နေဝန်းအလယ်တွင် မည်းမှောင်ပိတ်ဖုံးနေပြီး ဘေးပတ်လည်နှုတ်ခမ်းသားတွင် စက်ကွင်းပမာ (ဝါ) လက်ကောက်ကွင်းပမာ လင်းတောက်ထွန်းပနေခြင်းမျိုးဖြင့် ကြတ်သောကြတ်နည်းပင် ဖြစ်၏။

ဆက်နွယ်၍ဆိုရလျှင် နေနှင့် လတို့အကြားသို့ ကမ္ဘာမြေကြီး ဝင်ရောက်သွားတိုင်း လကြတ်ဖြစ်ပွားစဉ်ပေါ်ပေါက်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် လပတ်လမ်းကြောင်းတည်ရှိသောမြင်ညီနှင့် နေသွားလမ်းကြောင်းတည်ရှိသောမြင်ညီတို့သည် တစ်ထပ်တည်းကျနေခြင်းမရှိဘဲ ၅-အံသာနှင့် ၁၅-လိတ္တာခန့် တိမ်းစောင်းနေသည့်အတွက်ကြောင့်ဟု ဆို၏။ အလွန်အကြောင်းတိုက်ဆိုင်မှ လကြတ်ဖြစ်စဉ်ပေါ် ပေါက်သည်ဟု ဆိုရမည်ဖြစ်သည်၊ ဤလကြတ်ဖြစ်စဉ်၌ လကြတ်ပုံ၊ လကြတ်နည်းနှစ်မျိုးရှိသည်ဟု ဆို၏။ ပထမကြတ်နည်းမှာ လသဗ္ဗကြတ်ခေါ် လဝန်းကြီးတစ်ခုလုံး မှောင်မည်းသွားအောင်ကြတ်သောကြတ်နည်းဖြစ်လေသည်။ ဒုတိယကြတ်နည်းမှာ လအသဗ္ဗကြတ်ခေါ် လတစ်စိတ်တစ်ပိုင်းကြတ်နည်းဖြစ်သည်။ ဤကြတ်နည်းမှာ လဝန်းတစ်စိတ်တစ်ဒေသ မှောင်မည်းပိတ်ဆီးသွားစေသောနည်း ဖြစ်သည်။

တကယ်တော့ နေကြတ်၊လကြတ်ဖြစ်စဉ်မှာ ယေဘုယျအားဖြင့် ခြောက်လတစ်ကြိမ်စီလောက်ဖြစ်တတ်သည်ဆို၏။ နောက် နေကြတ်ခြင်းကို လကွယ်နေ့များတွင် ဖြစ်ပေါ်တတ်သည်၊ လကြတ်ခြင်းကို လပြည့်ညများတွင်တွေ့ရတတ်သည်ဟူ၏ ထိုသို့ နေကြတ်တိုင်း လကြတ်တိုင်းလည်း နေရာတိုင်းက တစ်ပြေးညီမြင်ရသည်မဟုတ်ပါ။ ဥပမာမြန်မာပြည်က အမြဲတစေမမြင်ရပါ။ ဤသည်မှာလည်း ကမ္ဘာ့လောင်ဂျီတွဒ်၊ လတ္တီတွဒ် ကွာခြားမှုကြောင့် ဖြစ်သည်။ လုံးဝမြင်ရသည်လည်းရှိသည်။ တစ်ဝက်တစ်ပျက်မြင်ရသည်လည်းရှိမည်။ လုံးဝမမြင်ရသည်လည်းရှိမည်။ တောက်ပစွာမြင်ရသည်လည်းရှိမည်။ မှေးမှိန်စွာမြင်ရသည်လည်းရှိမည်။ တိုတောင်းစွာမြင်ရသည်လည်းရှိမည်။ ရှည်လျားစွာမြင်ရသည်။ ရှေးဟောင်းဝေဒပညာကျမ်းများအလိုရ မဟာဗြဟ္မာကြီး မိန့်ဆိုသည့်အတိုင်း နေကြတ်ဖြစ်စဉ်၊ လကြတ်ဖြစ်စဉ်ကို စောင့်ကြည့်၍ အနာဂတ်ဟောကိန်းများကို ဟောပြောလေ့ရှိကြသည်ဆို၏။

ဤနေရာမှာ နေကြတ်၊ လကြတ်ဆိုင်ရာ ဝေဒပညာအနာဂတ်ဟောကိန်းအမျိုးမျိုး၊ ဟောပုံဟောနည်း နည်းနိဿယအမျိုးမျိုးရှိသည်ကို အမြွက်သဘောပြောညွှန်းချင်ပါသည်။ ပြီး-ထူးခြားချက်တစ်ခုက နေကြတ်ဟောကိန်း၊ လကြတ်ဟောကိန်းဟု တသီးတသန့်မထင်ဘ



www.burmeseclassic.com

www.burmeseclassic.com

နေကြတ်လကြတ်ဟောကိန်းဟုရောပွမ်းထားခြင်းပင် ဖြစ်သည်။ ဤအတွက် အဖြစ်နိုင်ဆုံးမှာ နေကြတ်ခြင်း၊ လကြတ်ခြင်းသဘောသဘာဝသည် တစ်သဘောတည်းဖြစ်နေသောကြောင့်၊ တစ်ပုံစံတည်း တစ်သဏ္ဍာန်တည်းလိုဖြစ်နေသောကြောင့်ဟုယူလျှင် သိပ်လွဲနိုင်မည်မထင်ပါ။ သို့ပင်ဆိုစေ ဤနေရာမှာ နေကြတ်၊ လကြတ်ဆိုင်ရာ ဝေဒပညာဟောကိန်းတချို့တို့ကို နမူနာအဖြစ် အနည်းငယ် ညွှန်းဆိုချင်ပါသည်။

ဥဒါဟရုဏ်ဆိုရသော် မိဿရာသီ၌ နေ၊ လကြတ်မူ မီးကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုသူများ ဒုက္ခများအံ့။ ပြိဿရာသီ၌ နေ၊ လကြတ်မူ မြေကြီးကိုအမှီပြု၍လုပ်စားသူများ၊ ရေကြောင်းသွားလာသူများ၊ မိုးဝှက်စားသောက်သူများ ပြဿနာများအံ့။ သိဟ်ရာသီ၌ နေ၊ လကြတ်မူ မိုးခေါင်အံ့။ ရိက္ခာရှားပါးအံ့။ ကောက်ပဲသီးနှံ ပျက်စီးအံ့ စသည်တို့ဖြစ်သည် ဟူ၍ လည်းကောင်း။

နောက် တန်ခူးလတွင် နေ၊ လကြတ်မူ တောင်ပေါ်သားတို့ ဘေးသင့်အံ့။ ကဆုန်လတွင် နေ၊ လကြတ်မူ မွေးမြူရေးလုပ်စားသူတို့ ဥပဒ်သင့်အံ့။ နယုန်လတွင် နေ၊ လကြတ်မူ အမျိုးသမီးတို့ ဥပဒ်သင့်အံ့။ မြို့ရွာငယ်တို့၌ ရှားပါးအံ့ စသည်တို့ဖြစ်သည်ဟူ၍လည်းကောင်း။

ပြီး-တနင်္ဂနွေနေ့တွင် နေ၊လကြတ်မူ မဟာစုတ်၊ ကောင်း၏။ အင်္ဂါနေ့တွင် နေ၊ လကြတ်မူ အမတ်စစ်သူကြီးတို့ မာန၊ လှုံ့လက်နက်ဘေးသင့်အံ့။ ဗုဒ္ဓဟူးနေ့ နေ၊ လကြတ်မူ ရဟန်းပုဏ္ဏားပညာရှိတို့ ဘေးသင့်အံ့။ နှမ်းဆီ၊ ထောပတ်တို့ ရှားပါးအံ့။ သောကြာနေ့တွင် နေ၊ လကြတ်မူ မင်းတို့သေပျောက်အံ့။ စစ်ဖြစ်အံ့ စသည်တို့ ဖြစ်ကြပါသည် ဟူ၍ လည်းကောင်း။

ထို့နောက် နေ၊ လကြတ်ဖြစ်ပေါ်ပြီးနောက် နေဝန်း၊ လဝန်းတို့၌ ဖြူသောအဆင်းရှိလျှင် ငြိမ်းချမ်းပျော်ရွှင်ရလိမ့်မည်။ သို့သော် ဗြဟ္မဏတို့ ထိခိုက်ရလိမ့်မည်။ မီးရောင်ကဲ့သို့ရှိလျှင် မီးဘေးသင့်လိမ့်မည်။ မီး၊ လျှပ်စစ်နှင့် လုပ်စားသူများထိခိုက်လိမ့်မည်။ ကြက်ဟင်းရွှေ စိမ်းရောင်သို့ရှိလျှင် ရောဂါဘေးသင့်တတ်မည်။ မိုးများ၍လယ်ယာပျက်လိမ့်မည်။ နေထွက်ဆည်းဆာရောင်ရှိလျှင် မိုးခေါင်လိမ့်မည်။ စားနပ်ရိက္ခာရှားပါးလိမ့်မည်။ ကြက်၊ ငှက်တိရစ္ဆာန်တို့ ထိခိုက်လိမ့်မည်။ ဥဿဖရားကျောက်ရောင်ရှိလျှင် ကုန်သည်ပွဲစားများထိခိုက်လိမ့်မည်။ ကုန်းမြင့်ပိုင်း၌ စိုက်ပျိုးရေး ထွန်းကားလိမ့်မည် စသဖြင့် လည်းကောင်း။

ထို့ပြင် အချိန်မတိုင်မီ နေကြတ်၊ လကြတ်လျှင် လယ်ယာစိုက်ခင်းပျက်တတ်သည်။ မင်းတို့စစ်ဖြစ်တတ်သည်။ အချိန်လွန်မှ နေကြတ်၊ လကြတ်လျှင် ကောက်ပဲသီးနှံသစ်သီးဝလံပန်းမန်တို့ ပျက်တတ်သည်။ တစ်လအတွင်း (၀၂) လဝက်အတွင်း နေကြတ်၊ လကြတ်လျှင် မင်းတို့ဆန့်ကျင်ဘက်ပေါ်တတ်မူ၊ စစ်ဖြစ်တတ်မူ၊ ပိုင်ဆိုင်မှုများဆုံးရှုံးမူ၊ မိုးခေါင်များ စသည်တို့ ဖြစ်တတ်သည် ဟူ၍လည်းကောင်း။

စသဖြင့် ဖော်ပြမှုများကို တွေ့ရှိရပါသည်။

တစ်ခါ နေကြတ်၊ လကြတ်ဟောကိန်းနောက်တစ်မျိုးမှာ မိုးကောင်းကင်ကို အရှေ့မှ အနောက်သို့ မျဉ်းပြိုင် (၇) ပိုင်း ပိုင်းလိုက်ပြီး ဒုတိယပိုင်းမှာ နေ၊ လကြတ်လျှင် စိုက်ပျိုးရေးသမားများ၊ ကုန်သည်ပွဲစားများ၊ မင်းစိုးရာဇာများ၊ စစ်သည်ခေါင်းဆောင်များ ဒုက္ခများတတ်မည်။ စတုတ္ထပိုင်း (မွန်းတည့်မျဉ်းနယ်ပယ်) တွင် နေ၊ လကြတ်လျှင် မင်းစိုးရာဇာများ၊ အလယ်ဗဟိုကျ တိုင်းပြည်၊ တိုင်းပြည်၏ အလယ်ဗဟိုဒေသများ ဘေးသင့်မည်။ ကောက်ပဲသီးနှံ ဈေးသင့်မည်။ ပဉ္စမပိုင်းတွင် နေ၊ လကြတ်လျှင် ခြေလေးချောင်းသတ္တဝါများ၊ မှူးမတ်ဝန်ကြီးများ၊ လူလွတ်မိန်းမများ ဥပဒ်သင့်တတ်သည် စသဖြင့် ဖော်ပြမှုတို့ကိုလည်း တွေ့သိရပေသည်။

ထို့ပြင်တစ်ဝ နာရဒသံဟိတကျမ်းလာ တွက်ရိုးတစ်ခုအရ ထူးခြားသော နေကြတ်၊ လကြတ်ဟောနည်း (၇)မျိုးကို တွေ့ရှိရသည်။

ငင်းတို့မှာ -

၁။ ဗြဟ္မာကြတ်နည်း၊
၂။ စန္ဒြကြတ်နည်း၊
၃။ ဣန္ဒြကြတ်နည်း၊
၄။ ကုဝေရကြတ်နည်း၊
၅။ ဝရုဏကြတ်နည်း၊
၆။ အဂ္ဂိကြတ်နည်း၊
၇။ ယမကြတ်နည်း

ဟုရှိရာ ၎င်းကြတ်နည်းတစ်ခုစီ၏ ကွဲပြားခြားနားသော ဟောတွက်ဟောကိန်းကိုယ်စီရှိကြပါသည်၊

ယင်းတို့မှာ -

တချို့ကို အမြည်းသဘောတင်ပြရလျှင် ဗြဟ္မာကြတ်နည်းဖြင့်ကြတ်လျှင် သားကောင်တိရစ္ဆာန်များ၊ ကောက်ပဲသီးနှံများ၊ ပုဏ္ဏား ကြွယ်တောင့်ကြွယ်ဝရှိအံ့။ ကုဝေရကြတ်နည်းဖြင့်ကြတ်လျှင် ကုန်သည်တို့ ဘေးသင့်အံ့။ ကောက်ပဲသီးနှံ ကောင်းအံ့။ ယမကြတ်နည်းဖြင့်ကြတ်လျှင် မိုးခေါင်အံ့။ ကောက်ပဲသီးနှံရှားပါးအံ့ စသည်တို့ ဖြစ်ကြပါသည်။ တခြားသော ရှေးဟိန္ဒူဝေဒပညာကျမ်းကြီးများ ကိုယ်စီ၌ ဤသို့သော ဟောကိန်းကိုယ်စီ ရှိကြပါသည်ဟု ဆို၏။

တစ်ခါ ဤသို့သော နေကြတ်၊ လကြတ်ဆိုင်ရာ တခြားရှေးဟောကိန်းများ စွာရှိပါသေးသည်။ ဆန်စဉ်ရောကျည်ပွေ့ လိုက်ဖော်ပြနေမည်ဆိုပါလျှင် ဘုတ်အုပ် ထူထူကြီးတစ်အုပ် ဖြစ်သွားပါလိမ့်မည်။ ထိုအထဲမှ အလေးဂရုပြုစရာတစ်ခုနှစ်ခု ဖော်ပြရလျှင် နေကြတ်၊လကြတ်ဖြစ်စဉ်ကို သာမန်သူတစ်ဦး၏ဇာတာများထက် ထင်ရှားသူတို့၏ ဇာတာ ပြည့်ရှင်မင်းဂါထာ၊ တိုင်းပြည်ဇာတာများတွင် အထူးသဖြင့် တိုင်းရေးပြည်ရေးဟောကိန်းများတွင် မဖြစ်မနေ ထည့်သွင်း စဉ်းစားသုံးသပ်ကြမြဲ ဖြစ်သည်ဆို၏။

ယခုကာလအခါတွင် အရှေ့တိုင်း၊ အနောက်တိုင်းဝေဒပညာရှင်တို့သည် နေကြတ်၊ လကြတ်ဖြစ်စဉ်ကို တိုင်းရေးပြည်ရေးဟောကိန်းများ၊ ရာသီဥတုဟောကိန်းများ၊ မိုးလေဝသဟောကိန်းများတွင် ထည့်သွင်း လေ့လာ သုတေသနပြုနေသည်ကတော့ အမှန်ပင်။

စိတ်ဝင်စားစရာတစ်ခုက ခေတ်သစ် အိန္ဒိယဝေဒပညာရှင် ဒေါက်တာဘီဗွီရာမန်က နေကြတ်လကြတ်ဖြစ်ပွားချိန်၊ လကွယ်ချိန်၊ လပြည့်ချိန်တို့နှင့် ကြုံလျှင် မြေငလျင်ကြီးလှုပ်တတ်သည်ဟူ၍လည်းကောင်း၊ နေကြတ်ခြင်း-လကြတ်ခြင်းသည် (၁၄) ရက်အတွင်း ဖြစ်ပေါ်ပြီး လပြည့်ချိန်နှင့် တိုက်ဆိုင်နေလျှင် သဘာဝဘေးအန္တရာယ်ကြီးတစ်ခုခု ကျရောက်တတ်သည် ဟူ၍ လည်းကောင်း စသည့် တင်ပြချက်များပင် ဖြစ်သည်။ ဤသည်ကို အနောက်တိုင်းဝေဒပညာရှင်တချို့ကလည်း ထောက်ခံထားသည်ကို တွေ့ရှိရခြင်းပင် ဖြစ်သည်။

ခင်နှိန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



■ ကရင်မဖင်လျှော့သို့ ■

ကျော်ပိုးအိတ်များ ကိုယ်စီကျော မှာပိုးလျက် ဂန္ဓာရီဆရာလေး ရဲဇော်နှင့် ဝါသနာတူ၊ အကျင့်တူ ဆရာခင်မောင်အေး၊ ဆရာလှထွဋ်ရှိတို့သုံးယောက် လမ်းဖြကြီး စောစံဖိုးသင်နှင့်အတူ ပေပေါင်းတစ်ထောင်ကျော် နှစ်ထောင်နီးပါးမြင့်သည့် အလယ်ရိုးမတောင်တန်းကြီးများကို ဖြတ်ကျော်လျှောက်ခဲ့ကြသည်မှာ ညနေ (၃)နာရီလောက်ပင်ရှိခဲ့ပြီ ဖြစ်၏။ ထို့အတူ ခရီးကလည်းအတော်ပေါက်ခဲ့ကြချေပြီ။




www.burmeseclassic.com

www.burmeseclassic.com

နေဝင်းမြင့်

# ပျောက်ဆုံးသွားသည့်ရွာကြီး



လူသွားလမ်းဟု မည်မည်ရရမရှိသည့် တောင်ပေါ်လမ်းများဖြစ်သဖြင့် ချုံနွယ်ပိတ်ပေါင်းတို့အား ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ကြရသဖြင့် လူတွေလည်း အတော်ပင်ပန်းကုန်ကြပြီ ဖြစ်သည်။

နွေဦးကိုရောက်ပြီမို့ - တောတိုင်းတောင်တိုင်းရှိ သစ်တောဝါးတောကြီးများမှ ရော်ရွက်ဝါတို့ မြည်သာညောင်း၍ ညှိုးရော် ခွေပျောင်းကာ သက်လျှော ကြွေကျ မြေခခဲ့ကြပြီမို့ ခြောက်သယောင်းယောင်းဖြစ်နေကြ၏။

"ဟိုးရှေ့မှာ မင်းတို့သွားချင်တယ်ဆိုတဲ့ ကရင်မဖင်လျှောတောင်ကြီးကွ၊ သိပ်မဝေးတော့ဘူး။ ဟိုးရှေ့မှာပေါ့လေး"

လမ်းပြဖြစ်သူ ကရင်အမျိုးသားကြီး စောစံဖိုးသင်က ရှေ့ဘက်မှ ညိုညို့မောင်းမောင်းမောင်း ခြောက်သယောင်းယောင်းတောင်ထွန်းကြီးကို လက်ညှိုးထိုးပြရင်း ပြောလိုက်၏။

"ကရင်ကဟိုးလား ဖထီး၊ ဟိုးရှေ့မှာဆိုတော့"

ဂန္ဓာရီဆရာလေးရဲဖော်က ကရင်တပိုးဆိုသည်မှာ မနက်ကနေ ညနေမိုးချုပ်သည့်တိုင် မရောက်တတ်သည့်ခရီးမှန်းသိနေသည့်အတွက် စောစံဖိုးသင်ကို ခပ်နောက်နောက်မေးလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ပ ဆရာလေးရေ တကယ်မဝေးတော့တာဘဲ။ ခုတို့ရောက်နေတဲ့နေရာက မယ်တော်စင်တောင်လို့ခေါ်တယ်ကွ။ ဟိုရှေးရှေးက ဒီနေရာတောင်ပေါ်တစ်ဝိုက်မှာ တို့ကရင်ရွာတွေရှိတယ်။ ဒီတောင်ပေါ်မှာတော့ ဘိုးရဲ့ရှိခိုးကျောင်းကြီးနဲ့အတူ ခရစ်တော်ရဲ့မယ်တော်မယ်တော်မာရီယားကျောင်းဆောင်ကြီးရှိတယ်။ အဲဒါကြောင့် ဒီနေရာကို မယ်တော်စင်လို့ ခေါ်တယ်ပ။ မယ်တော်စင်နဲ့ ကရင်မဖင်လျှောတောင်က သိပ်မဝေးပလေ။ ဒါကြောင့် မဝေးတော့ဘူးလို့ ငါပြောတယ်ပေါ့"

စောစံဖိုးသင်က ရှင်းပြရင်း ကရင်မဖင်လျှောတောင်တန်းကြီးဆီသို့ ရှေ့မှထွက်သွားသည်။ ဂန္ဓာရီဆရာလေးရဲဖော်နှင့် ဆရာခင်မောင်အေး၊ ဆရာလှထွန်းတို့လည်း စောစံဖိုးသင်နောက်မှ တပေါက်ပေါက်စီးကျနေကြသည့်ချွေးများကိုသုတ်ရင်းလိုက်ခဲ့ကြ၏။

နွေရောက်သည်နှင့်အညီ သူတို့လာရာလမ်းတစ်လျှောက်၌ နွေတေးရှင်ဥဩငှက်ငယ်လေးများ၏ ခွန်းဟသီကြွေးနေကြသည့် ချိုတေးသံမြှမြှလေးများကိုကြားနေရသည်။ တောင်ကျစမ်းချောင်းလေးနှစ်ချောင်းလောက်ကို ဖြတ်ကျော်ပြီးသည့်အခါတွင်တော့ ခပ်ဝေးဝေးမှ အော်လိုက်သော ဒေါင်းသံလေးကိုပင် ကြားလိုက်ရလေသည်။

"အိုးဝေ၊ အိုးဝေ"

"အင်း -ဒေါင်းတွန်သံတောင်ကြားရပြီဆိုတော့ တောင်ပေါ်ပိုင်းတော်တော်ရောက်လာပြီပဲ"

ဆရာခင်မောင်အေးက မှတ်ချက်ချလိုက်၏။

"ဟုတ်တာပေါ့ဗျာ၊ ဒေါင်းဆိုတဲ့သတ္တဝါတွေက တောပေါ်တောင်ပေါ်တွေ၊ တောနက်တောင်နက်တွေမှာပဲ နေကြတာကလား"



www.burmeseclassic.com

www.burmeseclassic.com

ဆရာလှထွန်းက ထောက်ခံလိုက်သည်။

အမှန်တကယ်လည်း ၎င်းတို့ဂန္ဓာရီဆရာသုံးဦး ခရီးအတော်ပေါက်ခဲ့ကြပြီ ဖြစ်သည်။

ခရီးစဉ်က ဂန္ဓာရီဆရာလေး ရဲဇော်က ၎င်း၏ ဆရာဖြစ်သူ ပြည်ဝင်ကျင့်စဉ်ကို ညွှန်ကြားခဲ့သည့် သထုံနေမိတ္တရတောင်မှ ဘဆရာ၏အမိန့်အရ ကရင်မဖင်လျှောတောင်၌ အဓိဋ္ဌာန်စခန်းဝင်ရင်း စေတီငယ်တည်ရန် ညွှန်ကြားချက်အရလာခဲ့ခြင်းဖြစ်၏။ လောလောဆယ်တော့ ၎င်းတို့၌ စေတီတည်ရန် ဘာပစ္စည်းမှမပါ။ ခရီးစဉ်ကိုလေ့လာရင်း အစမ်းလာခဲ့ကြခြင်းဖြစ်၏ ။ သို့သော် အဓိဋ္ဌာန်(၉)ရက်တော့ဝင်ကြမည် ဖြစ်၏။

ညနေ (၅) နာရီလောက်၌ သူတို့ ကရင်မဖင်လျှောတောင်သို့ရောက်ခဲ့ကြလေသည်။ တောင်ကြီးက ကရင်မဖင်လျှောဆိုသည့် အမည်နာမကို ၎င်းတို့ နားမလည်ကြသော်လည်း မက်စောက်တည့်မတ်နေသည့်တောင်ကြီးဖြစ်သဖြင့် သတိမထားပါက တစ်မုဟုတ်ချင်း အောက်သို့ လျှောကျသွားနိုင်သည့် အနေအထား ဖြစ်သည်။ တောင်နံရံဟူ၍လည်း ပြေပြေလျှောလျှောမရှိလှဘဲ ထရံကြီးတစ်ခုထောင်ထားသလို ဖြစ်နေ၏။

"ဟော့ - ဆရာလေးတို့၊ မင်းတို့ ရောက်ချင်တဲ့ ကရင်မဖင်လျှောပဲဟော့"

စောစံဖိုးသင်က စမ်းချောင်းလေး တစ်ချောင်းကျော်ပြီးသည်နှင့် ဆရာရဲဇော်တို့အား ပြောလိုက်သည်။

ဆရာရဲဇော်က တောင်ကြီးကို မော့ကြည့်ရင်း -

"လောလောဆယ်တော့ ဒီစမ်းချောင်းလေးဘေးက လမုပင်ကြီးတွေအောက်မှာပဲ ခေတ္တစခန်းချကြတာပေါ့ဗျာ။ ဖထီး ဘယ့်နှယ်လဲ"

ဟု ပြော၍ တစ်ဆက်တည်း ဤနေရာ၌ စခန်းချ၍ သင့်၊ မသင့်၊ ကောင်း၊ မကောင်း စောစံဖိုးသင်ကိုပါ မေးလိုက်သည်။

စောစံဖိုးသင်ကတော့ ဆေးတံထဲ ဆေးရွက်ကြီးခြေမွထည့်ပြီး ဆေးတံကို စိမ်ပြေနပြေသောက်နေရာမှ -

"ဆရာလေးတို့သဘောပေါ့နော်၊ ကောင်းတာပဲပ"

ဟု ပြောလိုက်၏။

■ထူးခြားသည့်အိပ်မက်■

အားလုံး သဘောတူသည်နှင့် ဆရာရဲဇော်သည် ၎င်းတို့နေမည့်နေရာအား ဆန်မန်းများ ပက်ကြ၍ နေရာဒေသပိုင်းခြားကာ 'သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ ပစ္စေကာနဉ္စယံ ဣဒ္ဓိအရဟန္တာနဉ္စ တေဇေန' အစရှိသော အရပ် (၁၀) မျက်နှာ စည်းသားဂါထာများနှင့် ၂၄-ပစ္စည်းများ ရွတ်ဆိုစည်းသားကာ တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်၊ နယ်ပိုင်၊ တောလမိုင်း၊ တောင်လမိုင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့အား မေတ္တာပို့၍ ဘုရားရှင်အား ရည်စူး၍ အမွှေးတိုင်၊ အလင်းတိုင်များ ပူဇော်ကာ ရှစ်ပါးသီလယူပြီး ခန္ဓာကိုယ်ကို (၉)ရက်အဓိဋ္ဌာန်ပြု၍ ဘုရားလှူလိုက်သည်။

ထိုအတူ ဆရာခင်မောင်အေးနှင့် ဆရာလှထွန်းတို့ကလည်း သီလဆောက်တည် မေတ္တာဘာဝနာများပွားများကာ ခန္ဓာကိုယ်များ ဘုရားလှူ၍ ပဋ္ဌာန်းပူဇော်ခြင်း၊ ပရိတ်ရွတ်ခြင်းအမှုတို့ကို ပြုကြလေ၏။ အဇော်လေးညဦးနက်မှ ရှေးဦးဖြူဖွယ် အကာအကွယ်အတားအဆီးကိစ္စများပြီးကြလေ၏။ စောစံဖိုးသင်ကတော့ ပင်ပန်းသွားသည်လားမသိ ရောက်သည်နှင့် ကရင်သင်တိုင်းကြီးထဲ ခြေလက်များထည့်ပြီး တရှူးရှူးအိပ်ပျော်သွားလေတော့သည်။

၎င်းတို့သုံးဦးလည်း ဆက်လက်၍ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများပြုကြရာ ည(၁)နာရီလောက်မှ ပြီးကြလေ၏။

ထိုအချိန်တွင် စောစံဖိုးသင်သည် အိပ်ရာမှ လန့်နိုးလာပြီး ကယောင်ချောက်ချား ဟိုဟိုသည်သည်လျှောက်ကြည့်လျက်ရှိ၏။ ဆရာရဲဇော်က ပြူးတူးပြဲတဲဖြစ်နေသော စောစံဖိုးသင်ကို ကြည့်၍ -

"ဖထီး - အိပ်ရာကနိုးလာပြီးဘာတွေလျှောက်ကြည့်နေတာလဲ"

ဟု မေးလိုက်သည်။

သည်တော့မှ စောစံဖိုးသင်လည်း သတိရသလိုဖြစ်သွားပြီး -

"ဘာမှမဟုတ်ပါဘူးကွာ။ ငါအိပ်မက်မက်သွားလို့"

ဟု ပြောလိုက်၏။

"ဘာတွေအိပ်မက်လို့လဲ ဖထီးရဲ့"

"အို - ဘာမှမဟုတ်ပါဘူးကွာ၊ ငါမမှတ်မိပါဘူး။ ကဲ၊ ကဲ - ဆရာလေးတို့ မင်းတို့လည်းအိပ်ကြဦး၊ ငါစောင့်နေမယ်နော်"

စောစံဖိုးသင်က ပြောသဖြင့် ဆရာလေးရဲဇော်တို့လည်း ပင်ကလည်း ပင်ပန်းလာကြသည့်အတွက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပစ်လိုက်ကြလေတော့၏။

သို့သော် ကြာကြာမအိပ်လိုက်ရ။ ၎င်းတို့သုံးဦးလည်း စောစံဖိုးသင်ကဲ့သို့ လန့်ဖျပ်နိုးလာကြပြန်လေ၏။ နိုးနိုးချင်း သုံးယောက်သား ကျိုးကြည့်ကြောင်ကြည့်ဖြစ်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍လည်း အံ့ဩတုန်လှုပ်သလိုဖြစ်နေကြသည်။

"ဆရာလေးတို့ အေးအေးဆေးဆေးအိပ်နော်၊ အိပ်ရေးမဝဘဲနေမယ်။ ပြန်အိပ်၊ ပြန်အိပ်"

စောစံဖိုးသင်က သူတို့သုံးဦးကို ကြည့်၍ ပြောလိုက်၏။

"မအိပ်တော့ဘူး ဖထီး၊ ကျွန်တော်အိပ်ရေးဝသွားပြီ"

ဂန္ဓာရီဆရာလေးရဲဇော်က စောစံဖိုးသင်ကိုပြောရင်း ကျန်နှစ်ယောက်၏ မျက်နှာများကို ကြည့်လိုက်သည်။ ဆရာခင်မောင်အေးနှင့် ဆရာလှထွန်းတို့လည်း အိပ်ရာကနိုးစကဲ့သို့သော မျက်နှာများ မဟုတ်တော့ဘဲ ရင့်ကျက်သည့် သမာဓိများကို အထိုက်အလျောက် ထူထောင်ထားကြသူများပီပီ အေးဆေးတည်ငြိမ်စွာဖြင့် -

"ကျွန်တော်တို့လည်း မအိပ်တော့ပါဘူးဗျာ"

ဟု ပြော၍ ထပြီး အလင်းတိုင် အမွှေးတိုင်များ ပူဇော်ကာ ပုတီးစိပ်နေလိုက်ကြတော့သည်။

ဆရာလေးရဲဇော်ကတော့ မေတ္တာဘာဝနာပွားများရင်း ပရိတ်တော်များရွတ်ဖတ်၍ တစ်ညတာကို ကုန်လွန်စေခဲ့လေ၏။ သည်သို့နှင့် တောင်ပိစူးငှက်တလေးများ၊ တောကြက်များတွန်ကျူးကာ မိုးစင်စင်လင်းခဲ့သည်။

မိုးလင်းသည်နှင့် အသင့်ပါလာကြသော ကောက်ညှင်းထုပ်များကို ဘုရားကပ်လှူပူဇော်ပြီး နံနက်အရုဏ်ဆွမ်းကို မြေပဲဇေ့ကြော်များနှင့်အတူ စားလိုက်ကြ၏။ ဆွမ်းစားပြီးသည်နှင့် ဖထီးကြီး စောစံဖိုးသင်က သူလမ်းပြတာဝန်ပြီးပြီမို့ သူနေထိုင်ရာ ကရင်မဒုန်းယိမ်းရွာသို့ ပြန်ရန် ပစ္စည်းပစ္စယများကို သိမ်းဆည်းနေလေတော့သည်။

စောစံဖိုးသင်၌ သိမ်းဆည်းစရာပစ္စည်းဆို၍ များများစားစားတော့မရှိလှ။ ကရင်လွယ်အိတ်ကြီးတစ်လုံး၊ တုတ်ကောက်တစ်ချောင်း၊ ပလိုင်းတစ်ခု၊ ဓားမတိုတစ်လက်၊ ဆေးတံနှင့် ဆေးရွက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးထည့်ထားသော အိတ်ငယ်တစ်လုံး အပြင် ဥတုသုံးပါးခံသည်ဟု ရေးထားသော နတ်သမီးတံဆိပ် ယမ်းမီးခြစ်ဘူး သာပါ၏။

အားလုံးပစ္စည်းတွေသိမ်းပြီးသည်နှင့် စောစံဖိုးသင်က ဆေးတံကို မီးညှိရန် လက်ကကိုင်ရင်း -

"ဆရာလေးတို့ ငါပြန်မယ်နော်"

ဟု နှုတ်ဆက်လိုက်သည်။

ထိုအခါ ဆရာလေးရဲဖော်က တစ်စုံတစ်ရာကို သတိရသွားသလို -

"ဖထီး၊ ခဏနေပါဦး။ ဖထီးကို မေးစရာလေးရှိလို့ပါ"

ဟု ဆို၍ တားလိုက်၏။

စောစံဖိုးသင်က ဆေးတံကို မီးညှိဖွာရှိုက်ရင်း -

"ဘာလဲကွ ဆရာလေး။ ဘာမေးမှာပ"

ဟု ဆိုလိုက်ရင်း ပြန်ထိုင်လိုက်သည်။

"ဒီမှာဖထီး၊ ဒီနေရာမှာ အစကရွာရှိခဲ့ဖူးသလားဟင်။ အဲဒါသိချင်လို့ပါ"

"တန်တော့ ဆရာလေးလည်း ညက ငါ့လိုပဲ အိပ်မက်မက်ပြီနဲ့တူတယ်နော်"

"ဖထီးကြီးက ဘာအိပ်မက်လို့လဲ၊ ညကဘာလို့မမှတ်မိဘူးလို့ပြောတာလဲ"

"မှတ်မိတယ်ဆိုရင် မင်းတို့က မေးမှာကိုးကွ။ မင်းတို့ကြောက်မှာစိုးလို့ ငါမပြောတာပေါ့"

"ဟုတ်တယ် ဖထီးရဲ့။ ညက ကျွန်တော် ထူးထူးဆန်းဆန်းအိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ခုကျွန်တော်တို့ရောက်နေတဲ့တောင်ခြေမှာ ကြီးမားတဲ့ ရွာကြီးတစ်ရွာတွေ့ရတယ်။ ရွာသူရွာသားတွေအားလုံး ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး ကရင်သင်တိုင်းတွေဝတ်လို့ ကရင်တိုင်းရင်းသားရွာကြီး တစ်ရွာပဲ အောက်မေ့တယ်။

အားလုံး ကျွန်တော်တို့ ရောက်နေတာကို သိပုံမရဘူး။ ကျွန်တော်တို့ကိုလည်း ဂရုမစိုက်ကြဘူး။ ဒါပေမယ့် သူတို့အချင်းချင်းကတော့ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး ဝမ်းနည်းပက်လက်ဖြစ်တဲ့၊ ပူဆွေးသောကရောက်နေကြတဲ့ မျက်နှာတွေနဲ့ကြည့်နေကြတယ်။ နောက်ပြီးအော်ဟစ်ငိုနေကြတယ်။ ဒီအချိန်မှာပဲ ဆင်ဖြူကြီးတစ်ကောင်ရွာထဲကိုအရှေ့ဘက်ကနေဝင်လာတယ်။ နှာမောင်းမှာ ရဲရဲပြောင်ပြောင် တောက်လောင်နေတဲ့ မီးတုတ်ကြီးပတ်လာတယ်။ နောက် ရွာကြီးတစ်ရွာလုံး အိမ်ခြေလျောက် တစ်အိမ်ပြီးတစ်အိမ် မီးရှို့တော့တာပဲ။ တစ်ရွာလုံးမီးဟုန်းဟုန်းတောက်လောင်ကုန်တယ်။

အဲဒီအချိန်မှာပဲ ရွာသားတွေအားလုံးလည်း အော်တစ်ပြေးလွှားကုန်ကြတယ်။ ဒါပေမယ့် ဆင်ကြီးက မီးရှို့ရုံမကဘူး၊ အဲဒီလိုထွက်ပြေးနေကြတဲ့ ရွာသူရွာသားတွေကို နှာမောင်းနဲ့ရိုက်၊ အစွယ်နဲ့ထိုး၊ ခြေထောက်နဲ့နင်းသတ်နဲ့ လိုက်သတ်နေတယ်။ တချို့လည်းလွတ်သွားကြတယ်။ အများစုကတော့ မီးလောင်တာနဲ့၊ ဆင်ကြီးသတ်တာနဲ့ပဲ အစအနရှာမရလောက်အောင်ဖြစ်ပြီးသေကုန်ကြတယ် ဖထီးရေ။ ဒါပေမယ့် ဖထီးရေ ကျွန်တော်ကြည့်နေတုန်းမှာပဲ သူတို့တွေသေရာကပြန်ထလာကြတယ်။ ဒါပေမယ့် လူရုပ်အသွင်နဲ့ မတုတ်တော့ဘူး။ အားလုံး အသားအရေလုံးဝမရှိတော့တဲ့ အရိုးဂေါက်ဂက်တွေ"

ဂန္ဓာရီဆရာလေးရဲဖော်က ညက သူမှေးခနဲအိပ်ပျော်သွားစဉ် မြင်မက်ခဲ့သော အိပ်မက်အကြောင်းကို စောစံဖိုးသင်ကို ပြောပြလိုက်သည်။

ထိုအခါ စောစံဖိုးသင်က တဟားဟားရယ်ရင်း -

"ငါလည်း မင်းမက်သလိုပဲမက်ခဲ့တာကွ"

ဟု ပြောလိုက်၏။

ဆရာရဲဖော်နှင့် စောစံဖိုးသင်တို့ ပြောနေကြသည့်စကားများကို ဆရာလှထွဋ်နှင့် ဆရာခင်မောင်အေးတို့က နားထောင်နေရာမှ ထူးဆန်းအံ့ဩစွာဖြင့် နှစ်ယောက်ပြိုင်တူ -

"ဟာ - ကျွန်တော်တို့လည်း အဲဒီလိုပဲ အိပ်မက်မက်တယ်ဗျ။ အိပ်မက်က ဆရာရဲဖော်ပြောတာနဲ့ တစ်ထပ်တည်းပဲ"

ဟု ပြောလိုက်လေသည်။

■ကရင်မဖင်လျှော့ရွာ၏အတိတ်သမိုင်း■

"ဟိုအရင်တုန်းက ဒီနေရာမှာ ရွာကြီးတစ်ရွာရှိခဲ့ဖူးတယ်။ ဘယ်တုံးက စတည်ခဲ့သလဲဆိုရင်တော့ ပုဂံပြည် နရသီဟပတေ့ခေါ် မင်းခွေးချေးလက်ထက်က မင်းခွေးချေးမလွန်ခင်လေးကလို့ ငါတို့ဘိုးဘေးဘီဘင်ကြီးတွေအဆင့်ဆင့်ပြောခဲ့ကြတယ်"

စောစံဖိုးသင်က ဤနေရာမှ ရွာကြီးနှင့်ပတ်သက်၍ အဆင့်ဆင့်တစ်ဆင့်စကား တစ်ဆင့်နား ကြားနာမှတ်သားလာခဲ့ကြသော ပါးစပ်ရာဇဝင်လေးကို ဆရာရဲဖော်တို့အဖွဲ့အား ပြောပြ၏။

"ပုဂံပြည် နရသီဟပတေ့မင်းကြီးဟာ တရုတ်တို့နဲ့ စစ်ဖြစ်ရာက တရုတ်တို့ရန်ကိုကြောက်ပြီး အောက်ပြည်အောက်ရွာဖြစ်တဲ့ သားတော်များရှိရာ ပြည်၊ သန်လျင်၊ ပုသိမ်တို့အထိ စုန်ပြေးခဲ့တယ်။ အဲဒီမှာ ရှင်ဘုရင်နဲ့အတူ မှူးကြီးမတ်ကြီးများ၊ မင်းညီမင်းသားများနဲ့ စစ်သည်ဗိုလ်ပါအချို့တို့လည်း ပါတယ်။ ဒါပေမယ့် ခရီးချင်းကတော့ မတူဘူး။ အချို့က ရေကြောင်း၊ အချို့က ကုန်းကြောင်း အဆင်ပြေသလိုလာခဲ့ကြတာ။

အဲဒီမှာ မင်းရိုးမင်းနွယ်ဖြစ်တဲ့ မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်တို့လည်း ပါလာကြတယ်၊ သူတို့က ကုန်းလမ်းရိုးမကြီးအတိုင်း စုန်လာကြတာ။ သူတို့မှာ နောက်လိုက်နောက်ပါ အခြံအရံတွေလည်း ပါလာကြတယ်။

ခုကရင်မဖင်လျှော့နေရာရောက်တော့ အကြီးဆုံးဖြစ်တဲ့ မောင်ကြီးဟာ နာမကျန်းဖြစ်တယ်။ အဲဒီမှာ မောင်ကြီးနဲ့အတူပါလာကြတဲ့ ပညာရှိပုဏ္ဏားတော်ကြီးတွေက ဗေဒင်ကိန်းခန်းတွေတွက်ချက်ပြီး မင်းသားမောင်ကြီး နတ်ရွာစံကိန်းရှိတယ်။ ဒါကြောင့် အရပ် (၉) ပေရှိတဲ့ စွယ်စုံဆင်ရုပ်ကြီး ထုဆစ်ပြီး ဆင်ရဲ့ဝမ်းခေါင်းထဲ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ ဌာပနာသွင်းလို့ နောင်ပွင့်မယ့်မေတ္တေယျဘုရားကို ရည်စူးပြီးပူဇော်လှူဒါန်းရမယ်။ ဒါမှ အနာဘေးကနေထမြောက်နိုင်မယ်၊ ဘုန်းသမ္ဘာကြီးမယ်လို့ အဟောထုတ်ကြတယ်။

ဒါကြောင့် မင်းသား မောင်ကြီးဟာ ပုဏ္ဏားတော်ပညာရှိကြီးများ ဟောကြားတဲ့အတိုင်း အရပ် (၉) ပေရှိတဲ့ ဆင်ရုပ်ကြီးတစ်ရုပ်ကို စကျင်ကျောက်တွေနဲ့ ထုဆစ်စေပြီး ဆင်ကြီးရဲ့ဝမ်းမှာ အဖိုးတန် စိန်၊ ရွှေ၊ ငွေ ကျောက်သံပတ္တမြားတွေဌာပနာလို့ နောင်ပွင့်မယ့်ဘုရားရှင်ကို ရည်စူးလှူဒါန်းခဲ့တယ်။ အဲဒီလိုလည်း ယတြာပြုပြီးရော မောင်ကြီးလည်း ပြန်လည် ကျန်းမာလာခဲ့တယ်။

အဲဒီမှာ ပြဿနာတစ်ခုက ပေါ်လာတယ်။ ဘာလဲဆိုတော့ အဖိုးတန်ရတနာတွေ ဝမ်းခေါင်းတစ်လုံးအပြည့်သွပ်ထားတဲ့ဆင်ကြီးကို စောင့်ရှောက်ဖို့ပေါ့။ ဒါကြောင့် ဆင်ကြီးနဲ့ မနီးမဝေးအရပ်မှာ ရွာတစ်ရွာတည်ဖို့ စိတ်ကူးခဲ့တယ်။ အနီးအနားမှာ ရွာတည်ပို့ လူလိုက်ရှာတော့ တောင် သလုပ်နေကြတဲ့

www.burmeseclassic.com

ကရင်တိုင်းရင်းသားတွေကို တွေ့ရတဲ့အတွက် အဲဒီကရင်တိုင်းရင်းသားတွေကိုစုပြီး ရွာတည်ပေးခဲ့တယ်။ သူတို့အတွက် လက်ဆောင်ပစ္စည်းတွေ ရွှေငွေတွေကိုလည်း ပေးခဲ့တယ်။

စစဦးတည်တဲ့ရွာက တောင်ပေါ်ကြီးမှာ တောင်ကြီးက ထရံတောင်ကြီးလို မတ်စောက်စောက်ကြီးဖြစ်နေတဲ့အတွက် ခဏခဏ ကရင်မတွေ တောင်ပေါ်ကြီးကနေ ဖင်လျှောလျှောကျကြတယ်။ ဒါကြောင့် ရွာကြီးကို ကရင်မဖင်လျှောရွာလို့ခေါ်ပြီး တောင်ကြီးကိုလည်း ရွာနာမည်ကိုစွဲပြီး ကရင်မဖင်လျှောတောင်ရယ်လို့ သမုတ်ခဲ့ကြတယ်လေ။ နောက်တော့ ရွာခေါင်းကြီးက ကရင်မတွေခဏခဏလျှောလျှောကျတဲ့အတွက် ရွာကြီးကို တောင်ပေါ်ကနေ တောင်ခြေကို ပြောင်းတည်ခဲ့တယ်။

အဲဒီကစလို့ ကရင်မဖင်လျှောရွာကြီးဟာ တောင်ယာလုပ်ငန်းတွေလုပ်ရင်း စည်စည်ကားကားဖြစ်လာခဲ့တယ်။ အိမ်ခြေ (၂၀၀) လောက်အထိ များလာတယ်။ ရွာသူရွာသားတွေဟာ ကြာလာတော့ ရတနာတွေသွတ်ထားတဲ့ဆင်ကြီးကို စောင့်ရှောက်ဖို့အတွက် မင်းသားမောင်ကြီး (နောင်-သာယာဝတီသုံးမြို့ရှင် သတိုးနော်ရထာမင်း) က ရွာတည်ခဲ့တယ်ဆိုတာကို တဖြည်းဖြည်းနဲ့ မေ့လာကြတယ်။ ဆင်ကြီးအကြောင်း လုံးဝမသိကြတော့ဘူး ဖြစ်လာတယ်။

ကရင်မဖင်လျှောရွာကြီးဟာဂျပန်ခေတ်အထိ အေးချမ်းတဲ့ တောရွာကြီးတစ်ရွာအနေနဲ့ ရှိခဲ့တယ်"

စောစံဖိုးသင် ပြောပြသမျှ ဂန္ဓာရီဆရာလေးရဲဇော်နှင့်အဖွဲ့က စိတ်ဝင်တစားနားထောင်ခဲ့ကြလေ၏။ စောစံဖိုးသင်က စကားကို ခေတ္တရပ်ပြီး ဆေးတံတိုမှ ဖြာတွေကိုခါကာ နောက်တစ်ခါဆုံအတွင်း ဆေးထပ်ထည့်နေသဖြင့် အားမလိုအားမရဖြစ်၍ -

"အာရုံပြတ်တယ်ဗျာ ဖထီး၊ ဆေးတံနောက်မှသောက်ပါ။ ကရင်မဖင်လျှောရွာကြီး ဘယ်လိုကဘယ်လိုပျောက်သွားတယ်ဆိုတာ ပြောပါဦး"

ဟု အလောဆုံးဆယ်တောင်းဆိုလိုက်ကြသည်။

ထိုအခါ စောစံဖိုးသင်က တဟားဟားရယ်ရင်း -

"မင်းတို့ကလည်းကွာပြောပါ့မယ်၊ ဆန္ဒစောလိုက်တာ။ ဆေးတံလေးတော့ တစ်ဖိုးလောက်သောက်ပါရစေဦး"

ဟု ဆို၍ ဆေးတံကို ဥတုသုံးပါးခံ နတ်သမီးတံဆိပ် ယမ်းမီးခြစ်ကလေးကို ရွှဲခနဲခြစ်လိုက်ပြီး မီးညှိလိုက်လေသည်။ ထို့နောက် ဆေးတံကို အားရပါးရ ဖွာနေလိုက်သည်။ ဆေးတံထဲ ဆေးကုန်သွားမှ ကရင်မဖင်လျှောရွာကြီးပျောက်သွားပုံအကြောင်း ပြန်စလေ၏။

■ လပြည့်လကွယ်ညတွေ၌ ယာခင်းတွေထဲ ဆင်ကြီးတစ်ကောင်လာစား ■

"ဟဲ့ - စောအယ်ကော့ရဲ့၊ မင်းပြောတာ သေချာရဲ့လား"

ဟု သူ့ရှေ့၌ ဒူးတစ်ဖက်လုံးတစ်ဖက်ထောင်ဖြင့် စိတ်ပျက်လက်ပျက်ထိုင်နေသည့် စောအယ်ကော့ကို မေးလိုက်သည်။

"သေချာပါတယ်ကွာ။ ငါ့ယာခင်းတွေထဲ ဆင်နင်းသွားတဲ့ခြေရာတွေတွေ့လို့ ငါနဲ့ ငါ့ဖိုးခွားတို့ ညကယာထဲသွားချောင်းတာကွ။ သန်းခေါင်ယံလောက်လည်းကျရော အရပ် (၉) ပေလောက်ရှိမယ့် ဆင်ဖြူတော်ကြီးတစ်ကောင်ပေါ်လာပြီး ငါ့ပဲခင်းကြီးတစ်ခုလုံးနေရာအနှံ့လျှောက်စားတော့တာပဲ။ ခမင်းတွေရော၊ ဖရဲခင်းတွေပါ လျှောက်နင်းခြေသွားတယ် ရွာခေါင်းကြီးရဲ့။ တောက် - တော်တော်ဆိုးပါ့ကွာ"

"ဟေ့ - ဟုတ်စ"

"ဟုတ်ပါ့ ဟုတ်ပါ့၊ ရွာခေါင်းကြီးရာ။ ခက်တာက ဒီဆင်ကြီးက လပြည့်၊ လကွယ်ညတွေကျမှ လာတာကွ။ ကျန်တဲ့ညတွေဆို အရိပ်တောင်မမြင်ရဘူး။ နောက်ပြီး ဒီဆင်ကြီးမှာ အဖော်လည်းမပါဘူး။ နောက်လိုက်လည်း မရှိဘူး၊ တစ်ကောင်တည်းရယ်"

"အေး- မင်းပြောသလိုပဲ ရွာလယ်က စောထူးသာလည်း လွန်ခဲ့တဲ့ လပြည့်



ကျော်တစ်ရက်နေ့က ငါ့ကို လာပြောတယ်ကွ။ လပြည့်ည သူ့ပြောင်ခင်းကြီးထဲ စွယ်စုံဆင်ဖြူကြီးတစ်ကောင်လာပြီးစားသွားလို့ကုန်ရောဆိုတဲ့အကြောင်းကွ"

"ဟုတ်တယ်လေ၊ အရင်တုန်းက ဒီဆင်ကြီးအကြောင်း ငါတို့မကြားဖူးပါဘူး။ ခုရက်ပိုင်းတွေအတွင်းမှ ဒီဆင်ကြီးက ဘယ်ကဘယ်လိုပေါ်လာရတယ် မသိပါဘူးကွာ။ ဒီအတိုင်းဆို တို့ယာတွေ ပျက်စီးကုန်ပါပြီ"

"ရှိစေတော့ပေါ့ စောအယ်ကော့ရာ။ ဒါပေမယ့် လာမယ့် လပြည့်နေ့ကျရင်တော့ ဆင်ကြီးလာတတ်တဲ့ တောင်ယာဘက်ကိုသွားပြီး စောင့်ကြမယ်။ ဆိပ်လူများတွေ အသင့်လုပ်ထားတော့။ မနက်ခါတော့ ငါ ခမောင်းထုလူစုခေါ်ပြီး အဲဒီအကြောင်း တိုင်ပင်ကြတာပေါ့။ တို့တောင်ယာတွေ ဖျက်ဆီးနေတဲ့ ဆင်ကြီးအပြတ်ရှင်းကြတာပေါ့ကွာ"

"ကောင်းပေ့ကောင်း၊ ဒီကောင်ကြီးမရှိမှကောင်းမှာ"

စောအယ်ကော့ ဆင်ကြီးအကြောင်း ပြောပြသမျှ နားထောင်ရင်း ရွာခေါင်းကြီးစောဘိုဆေး ဆင်ကြီး၏ရန်မှ မည်သို့မည်ပုံ ကာကွယ်ရမည်၊ မည်သို့ရှင်းရမည်ကို ရွာသားများနှင့်တိုင်ပင်၍ ပြုလုပ်မည့်အကြောင်း စောအယ်ကော့ကို ပြောလိုက်သည်။

ယခုတစ်လော သူတို့ ကရင်မဖင်လျှောရွာကြီးအနီးရှိ တောင်ယာခင်းများကို ဆင်ဖြူကြီးတစ်ကောင် လာရောက် ဖျက်ဆီးနေသောသတင်းမှာ တစ်ရွာလုံးပျံ့နှံ့နေသည်။ ထိုဆင်ကြီးမှာ စွယ်စုံဆင်ကြီးဖြစ်ပြီး တစ်ကောင်တည်း ဖော်မဲ့ဖြစ်၏။ သူ့ကြောင့် တောင်ယာအတော်များများလည်း ပျက်စီးကုန်ကြပြီဖြစ်သည်။ ယခုတစ်လော အေးချမ်းလှသည့် သူတို့ရွာကြီးမှာ ဆင်ကြီးကြောင့် သောကတွေရောက်နေကြရ၏။

သို့ကြောင့် ရွာခေါင်းကြီးက တစ်ရွာလုံးကို မောင်းထုခေါ်ကာ ဆင်ကြီးအကြောင်း စုဝေးတိုင်ပင်ကြပြီး ဆင်ကြီးကို အပြတ်ရှင်းရန် ဆုံးဖြတ်လိုက်ကြသည်။

■ ဆင်ကြီးနှင့်တွေ့ပြီ ■

လပြည့်ည၏ လမင်းကြီးက ပြည့်ပြည့်ဝဝကြီးသာနေသည်။

လရောင်၌ ကရင်မဖင်လျှောရွာအေးရှိ တောင်ယာခင်းကြီးများက မြရောင်တောက်နေကြ၏။ နှင်းကြွင်းငြ

www.burmeseclassic.com

www.burmeseclassic.com

ချွန်ရည်လဲ့လဲ့တို့ကလည်း လရောင်ဆမ်းထားသဖြင့် စိန်ပွင့်လေးများလို အလက်လက်တောက်ပနေကြသည်။

တောင်ယာအစပ်မှ ဖြတ်၍ စီးဆင်းနေသော စမ်းချောင်းလေးမှရေစီးသံတသွင်သွင်ကိုလည်း ဗာရီယာသံလေးလာ တလွင့်လွင့်ကြားနေရ၏။ သို့သော် ပတ်ဝန်းကျင်က ရေစီးသံလွင်လွင်လေးများနှင့် တောင်ပုရစ်အော်သံတို့မှအပ ထိတ်ဆိတ်နေ၏။ ခါတိုင်း ညဆို ကြားရတတ်သည့် ချေဟောက်သံတို့ကိုပင် ယခုညမကြားရ။

သို့သော် နာရီဝက်လောက်အကြာ၌ ညကြီးမင်းကြီး တအားအား ဆူညံစွာ အော်လာသည့် ကျီးပြိုသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရသည်။ ထိုကျီးပြိုသံကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ ချောက်ချားသလိုဖြစ်သွားသည်။

ထိုအချိန် ယာခင်းဘေးစပ်ရှိသစ်ပင်ကြီးများကို လေတိုက်သံတို့ကလည်း တဝိုးဝိုးဖြင့် ခပ်ကြမ်းကြမ်းလာရသည်။ သစ်ပင်ကြီးတွေ၊ ဝါးပင်ကြီးတွေ ပြားခနဲ ပြားခနဲဖြစ်သွားကြသည်။

စောဘိုဆေးသည် သူ့ဘေးနားရှိ စောအယ်ကော့ကို လတ်ကုတ်လိုက်၏။

ထို့နောက် -

"အခြေအနေတော့ ထူးလာသလို ပဲကွ"

ဟု ခပ်တိုးတိုး ပြောလိုက်သည်။

စောအယ်ကော့က လက်ထဲ၌ကိုင်ထားသည့် ဒူးလေးကို မြားတံထည့်ရင်း -

"ဟုတ်တယ် ရွာခေါင်းကြီး၊ ငါနဲ့ ဖိုးခွား လာစောင့်တုန်းကလည်း ခုလိုမျိုးပဲ၊ ဆင်ကြီးလာတော့မယ်ဆိုတာနဲ့ ကျီးအုပ်ကြီး တအားအားနဲ့အော်ပြီး ပြိုဆင်းလာတယ်။ နောက်မကြာပါဘူး၊ စွယ်စုံဆင်ဖြူကြီးတစ်ကောင် ပေါ်လာတော့တာပဲ"

ဟု ပြောလိုက်သည်။

ယနေ့ညသည် ဆင်ကြီး တောင်ယာခင်းတွေဆီလာနေကျ လပြည့်ညဖြစ်သဖြင့် သူတို့တစ်ရွာလုံးရှိ ယောက်ျားသားအားလုံးလိုလို သက်ကြီးရွယ်အိုမှအပ တောင်ယာခင်းတွေထဲ လာစောင့်နေကြခြင်း ဖြစ်၏။ သူတို့နှင့် မလှမ်းမကမ်းတွင်တော့ စောမူတူးနှင့် စောဖိုးသာတို့အဖွဲ့ရှိသည်။ နောက် စောသာထူးနှင့် စောရန်နိုင်တို့အဖွဲ့၊ အဖွဲ့လေးများခွဲပြီး ဆင်ကြီးအလာကို စောင့်နေကြခြင်း ဖြစ်၏။ အားလုံး ဒူးလေးတွေ၊ လင်းလေးတွေ၊ ဆိပ်လူးမြားတွေ၊ ဓားတွေ၊ လှံတွေကိုယ်စီနှင့် ဖြစ်သည်။

အားလုံး ဆင်ကြီးလာနိုင်မည့် နေရာများကိုဝရုထားကြည့်နေကြသည်။ လက်နက်တွေကိုလည်း အသင့်ကိုင်ထားကြ၏။

မကြာပါချေ။

ကရင်မဖင်လျှောတောင်ကြီး၏ တောင်ခြေရှိ တောအုပ်ဘက်ဆီမှ ဆင်ဖြူကြီးတစ်ကောင် ထွက်လာသည်ကို မြင်လိုက်ရသည်။ ဆင်ဖြူကြီးက ခြေလှမ်းမှန်မှန်နှင့် ယာခင်းဘက်ဆီလာနေ၏။ ၎င်းလာရာလမ်းတစ်လျှောက် ကျီးအုပ်ကြီးကလည်း တအားအားအော်ရင်း ဆင်ကြီး၏အပေါ် မှဝဲလိုက်လာကြသည်။

ဆင်ကြီးသည် တောအုပ်ထဲမှာ ထွက်လာပြီး စမ်းချောင်းလေးနားရောက်သည်နှင့် ရေသောက်သည်။ ထို့နောက် နှာမောင်းနှင့် ရေကိုစုပ်ယူပြီး သူ့ကိုယ်သူ ရေနှင့်ပြန်မှုတ်၍ စမ်းချောင်းလေး၏ရေနက်ရာ၌ ကိုယ်ကို ဝပ်ချကာ ရေချိုးလေသည်။

ရွာခေါင်းကြီး စောဘိုဆေးတို့လည်း ဆင်ကြီးကို မျက်တောင်မခတ်စိုက်ကြည့်နေကြသည်။

ဥး . . .

ထိုစဉ် ဆင်ကြီးက တစ်ချက်အော်လိုက်ပြီး ရေချိုးရာမှထ၍ ပြောင်းခင်းကြီးဆီသို့ တက်ခဲ့၏။ ထိုနေရာ၌ စောအယ်ကော့၏ ပြောင်းခင်းကို ဆင်ကြီးဖျက်ဆီးတော့မည်မို့ စိုးရိမ်စိတ်တွေဖြစ်လာ၏။ အရင်ကလည်း တောင်ယာအချို့ ပျက်စီးခဲ့ပြီမို့ ဒေါသလည်းဖြစ်နေသည်။ သို့ကြောင့် ဒူးလေးကို မောင်းဆွဲတင်ပြီး အံကြိတ်ကာ ဆင်ကြီးကိုလိုက်ချိန်နေလိုက်၏။

ရွာခေါင်းကြီးက စောအယ်ကော့၏ ဒူးလေးကိုင်ထားသော လက်ကို အသာဆွဲထားလိုက်သည်။ နောက်ခပ်တိုးတိုး -

"စောအယ်ကော့ဆန္ဒမစောနဲ့ကွ။ မပိုင်ရင် တို့အားလုံးဒုက္ခရောက်ကုန်ဦးမယ်"

ဟု လေသံမျှနှင့် သတိပေးပြောလိုက်သည်။

ဆင်ကြီးကတော့ ပြောင်းခင်းဆီ ခပ်မှန်မှန်လျှောက်လာသည်။ ရောက်သည်နှင့် ပြောင်းပင်များကို နှာမောင်းဖြင့်ဆွဲဖြတ်ဆွဲနုတ်ပြီး တပျက်ပျက်စားတော့၏။

ထိုစဉ် ရွာခေါင်းကြီး စောဘိုဆေးက မောင်းကြီးထု၍ အချက်ပေးကာ ဆင်ကြီးကို ဒူးလေး၊ လင်းလေးတို့ဖြင့် ဝိုင်းပစ်စေသည်။ ခဏအတွင်းပင် မြားကို ညို့မှုလွှတ်သံများ တဝိုးဝိုးတဝှစ်ဝှစ်ဖြင့်ပေါ်လာကြ၏။ ဆင်ကြီးကို ဝက်ခေါင်းချ ဝိုင်းထားကြသော ရွာသားတို့က ယောက်ျားတွေ အကုန်လုံးနီးပါးမို့ ညို့မှထွက်လာကြသည့်မြားတို့က မနည်း။ ပစ်လိုက်သမျှမြားအားလုံး ဆင်ကြီးဆီသို့ တန်းတန်းမတ်မတ်ပြေးဝင်သွားကြသည်။

"ဝှစ် ဝှစ် ဝှစ်၊ ဒုတ်၊ ဒုတ်၊ ဒုတ်"

ဆိုသောအသံတွေက ညံသွားသည်။ ဆင်ကြီး၏အထက်မှ တအားအားအော်၍ ဝဲပျံလိုက်လာကြသော ကျီးအုပ်ကြီးမှာ ကြက်ပျောက်ငှက်ပျောက်ပျောက်သွားကြသည်။ ဆင်ကြီးကတော့ ဘာမှမထူးခြား။ ၎င်းတို့ကိုလည်း လုံးဝအရေးမစိုက် စားမြဲစားသည်။

စောဘိုဆေးတို့အဖွဲ့လည်း ဆင်ကြီးကိုကြည့်၍ ကြက်သီးထလာကြ၏။ ခါတိုင်းဆို သူတို့ယာခင်းတွေဆီရောက်လာသမျှ ဆင်များကို လှန့်ထုတ်ကြသည်။ မရပါက မြားတစ်ခင်းလွှတ်လိုက်လျှင် ဆင်တစ်ကောင်တုံးခနဲ။ ဒီဆင်ကြီးကျ မြားအစင်းပေါင်း မြောက်မြားစွာလွှတ်သည့်တိုင် တုတ်ဘုတ်မျှမလှုပ်။ မည်သို့မျှမထူးလာ။ သူတို့ကို အရေးလည်းမစိုက်။ ဘာမှမသိသလိုပင် ပြောင်းခင်းကြီးကို အစားမပျက်။

ခဏအကြာ စောဘိုဆေးဆီသို့ စောမူတူး ကုန်းကုန်းကုန်းကုန်းနှင့် ရောက်လာသည်။

"ရွာခေါင်းကြီးဆက်မပစ်နဲ့တော့။ ဒီဆင်ကြီးကထူးတယ်"

ဟုလည်း ပြောလိုက်၏။ စောမူတူး သူတို့အဖွဲ့တွေအားလုံးကို လျှောက်ပြောပြီးပြီမို့ ဒူးလေး၊ လင်းလေးတို့၏ လေတိုခွင်းသံ၊ လေနှင့်ရိုက်ခတ်သံတို့က တိမ်သွားကြ၏။ ထို့နောက် အသာငြိမ်ပြီး ဆင်ကြီးကိုကြည့်နေလိုက်ကြသည်။

ဆင်ကြီးကတော့ မည်သည့်အရပ်မျှ ခေါင်းမော့မကြည့်ဘဲ အစာကိုသာမဲစားကာ ပြောင်းခင်းကြီးတစ်ခင်းလုံးကုန်တော့မှ ၎င်းလာခဲ့သောလမ်းအတိုင်း နောက်ကြောင်းသို့ ပြန်လှည့်သွားလေတော့၏။

## ■ ထူးဆန်းသည့်ဆင်ရုပ်ကြီး ■

ထိုညမှစ၍ ဆင်ကြီး ပေါ်မလာတော့ချေ။

ဆင်ကြီး ရွာသားတို့၏ မြားချက်



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် တစ်နေရာရာ၌ သေသွားပြီဟုပင် ထင်ကြ၏။ ဆင်ကြီးသတင်းကတဖြည်းဖြည်းနှင့် ရက်၊ လလေးကြာလာတော့ မမေ့ကြသေးသော်လည်း အရေးမပါတော့သလိုဖြစ်လာသည်။

ထိုအချိန်က တစ်ကမ္ဘာလုံး ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေချိန်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်မီးလောင်မြိုက်ခံနေရသည့်ကာလ။ မြန်မာတစ်နိုင်ငံလုံးကို ၁၈၈၅ ခုနှစ်မှစ၍ မတရားကျွန်ပြုခဲ့ကြသော အင်္ဂလိပ်နယ်ချဲ့တို့၏နေရာ၌ ကယ်တင်ရှင်ကြီးများအဖြစ် ဂျပန်တို့ရောက်ရှိနေကြသော အချိန်။

အစ၌ ဂျပန်တို့သည် မင်းသားခေါင်းဆောင်း၍ အာရှတိုက်သားများ သာတူညီမျှရေးဟူသော ကြွေးကြော်သံအောက်၌ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးမည်ဟု ဆိုသော်လည်း မြန်မာနိုင်ငံရောက်ပြီး မကြာမီပင် ၎င်းတို့ဇာတိရုပ်များပေါ်လာပြီး မြန်မာနိုင်ငံသူနိုင်ငံသားတို့အပေါ်၌ အမျိုးမျိုးညှဉ်းပန်းနှိပ်စက်လာကြလေသည်။ အဓမ္မအနိုင်ကျင့်လာကြသည်။ အမျိုးသမီးများနှင့် ပတ်သက်လျှင်လည်း ပျိုသော၊ အိုသော နားမလည်။ သည်တော့ ဂျပန်သံကြားကတောတောင်များအတွင်း ပုန်းရှောင်ထွက်ပြေးနေရသည့်ကာလ ဖြစ်၏။

ထိုသို့ ဂျပန်ဟုဆိုက ထွက်ပြေးပုန်းရှောင်ကြရသောရွာများတွင် တောင်ပေါ် ကရင်တိုင်းရင်းသားရွာကြီးတစ်ရွာဖြစ်သည့် ကရင်မဖင်လျှောရွာကြီးလည်း ပါဝင်ခဲ့သည်။ ရွာသူရွာသားတို့သည် ဖက်ဆစ်ဂျပန်တို့၏အမျိုးမျိုးအနိုင်ကျင့်ညှဉ်းပန်း နှိပ်စက်ခံရမှုကြောင့် ဂျပန်စစ်သား၊ ဂျပန်ကင်ပေတိုင်များကို လုံးဝအတွေ့မခံရဲကြပေ။

သို့ကြောင့်ပင် တစ်နေ့၌ ရွာသားအချို့ တောတောင်များအတွင်း ပြေးလွှားပုန်းအောင်းရင်းမှ ဂူကြီးတစ်ဂူအတွင်း၌ အရပ်(၉)တောင်ရှိ ဆင်ဖြူရုပ်ကြီးတစ်ရုပ်ကို တွေ့ရှိခဲ့ကြသည်။ အစ၌ တကယ့်ဆင်ဖြူတော်ကြီးဟု ထင်လိုက်မိကြသော်လည်း နားရွက်မလှုပ်၊ မျက်တောင်မခတ်မှ အရုပ်ကြီးမှန်းသိကြရလေ၏။ ထို့ကြောင့် ဆင်ရုပ်ကြီးတစ်ရုပ်တွေ့ခဲ့ကြောင်းကို ရွာခေါင်းကြီး စောဘိုဆေးအား ပြောပြကြလေသည်။

စောဘိုဆေးလည်း စောအယ်ကော၊ စောမူတူး၊ စောရန်နိုင်တို့ကို ခေါ်ပြီး ၎င်းရွာသား ဆင်ရုပ်ကြီးတွေ့ရှိခဲ့လေရာဂူကြီးသို့သွားကြည့်ကာ မကြာသေးမီရက်၊ လ အနည်းငယ်က သူတို့တောင်ယာများကို လာရောက် စားသောက်ဖျက်ဆီးသွားသည့်' စွယ်စုံဆင်ကြီးမှန်းသိလိုက်ကြရသဖြင့် ၎င်းဆင်ကြီးရှိနေကနောက်တစ်ခါ ဒီလိုပဲ တောင်ယာခင်းများကို ဖျက်ဆီးနိုင်ကြောင်း ပြောဆိုဆွေးနွေးကြပြီး ၎င်းဆင်ရုပ်ကြီးကို ဂူထဲမှထုတ်၍ တောင်ပေါ်မှနေပြီး စမ်းချောင်းထဲ တွန်းချဖျက်ဆီးပစ်ရန် ဆုံးဖြတ်လိုက်ကြလေ၏။

ထိုသို့ဆုံးဖြတ်ပြီးသည့်တိုင် ရွာခေါင်းကြီးစောဘိုဆေးသည် တစ်ရွာလုံးကို မောင်းထုခေါ်ပြီး ရွာသူရွာသားများကို အကျိုးအကြောင်းပြောပြကာ ဆင်ရုပ်ကြီးကို လူအားဖြင့်ဂူမှထုတ်၍တောင်ပေါ်မှ တောင်အောက်စမ်းချောင်းထဲသို့ တွန်းချလိုက်ကြတော့သည်။

"ဝုန်း . . ဝုန်း . . ဝုန်း . . ဝုန်း"

ထရံတောင် တောင်ပေါ်ကြီးမှ တောင်အောက်စမ်းချောင်းဆီသို့ တဝုန်းဝုန်းတဒိုင်းဒိုင်းဖြင့် တလိမ့်ခေါက်ကွေးကျသွားသော ဆင်ဖြူရုပ်ကြီးမှာ ၎င်းကို တောင်ပေါ်မှ တွန်းချလိုက်သည်နှင့် ထူးဆန်းစွာ သက်ရှိထင်ရှား ဆင်များကဲ့သို့ ကြောက်လန့်တကြား ဝမ်းခေါင်းသံကြီးနှင့် တစ်တောလုံး တစ်တောင်လုံးဆူညံသွားအောင် အော်ဟစ်လိုက်လေ၏။

**■ ရွာကြီးတစ်ရွာလုံးပျောက်သွားပြီ ■**

ဆင်ရုပ်ကြီး တောင်အောက်သို့ တဝုန်းဝုန်းတဒိုင်းဒိုင်းအသံများမြည်၍ ဆူညံစွာအော်ဟစ်ရင်း တလိမ့်ခေါက်ကွေး ထိုးကျသွားလေသည်။

တောင်အောက်ရောက်သည်နှင့် ဆင်ရုပ်ကြီးလည်း ကြေမွပျက်စီးသွားလေတော့၏။

ထိုအတူ ဆင်ရုပ်ကြီး၏ဝမ်းခေါင်းတွင်း၌ ဌာပနာထားသော စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့သည်လည်း ထိုဆင်ရုပ်ကြီး ကြေမွသွားရာအနီးတစ်ဝိုက်၌ ထိန်ထိန်ကျဲ ပြန့်ကျဲထွက်ပေါ်လာကြလေသည်။

"ဟာ - စိန်တွေ ငွေတွေဟ"

"ဒီမှာ ရွှေတွေ၊ အတုံးအခဲလိုက်"

"ဟော့ - ပတ္တမြားတွေလည်း အစုလိုက် အပြုံလိုက်ပဲ"

"ယူကြဟေ့ယူကြ၊ ကောက်ကြ၊ ကိုယ်ရကိုယ်ယူကြ"

တစ်ယောက်တစ်ပေါက် ပြောဆိုကြရင်း ဆင်ရုပ်ကြီးမှ ထွက်ပေါ်လာကြသော ရတနာများကို လုယက်ကောက်ယူကြလေသည်။ ထိုလူများကို ကြည့်ရင်း စောမူတူးက တစ်စုံတစ်ရာကို စဉ်းစားနေလေ၏။

"အားလုံးနေကြဦး၊ မင်းတို့ကို ငါတစ်ခုပြောမယ်ဟေ့၊ နားထောင်ကြစမ်း"

ခဏအကြာ၌ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကို လုယက်ကောက်ယူနေကြသော လူအုပ်ကြီးကို စောမူတူးက အသံကုန်အော်ပြောလိုက်သည်။ ရတနာများကောက်ယူနေသူတို့က စောမူတူးကို ကြည့်လိုက်ကြသည်။

"စောဘိုဆေးလည်း နားထောင်။ ဒီရွာမှာ စောဘိုဆေးက အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ ရွာခေါင်းကြီးပေမယ့် ရွာရဲ့ အသက်အကြီးဆုံးက ငါဖြစ်တယ်။ ရပ်ရွာရဲ့လူမှုရေးကိစ္စတွေမှန်သမျှ ငါပြောပိုင်ခွင့်ရှိတယ်။ ခု ငါပြောတာ အားလုံးနားထောင်ရမယ်"

"မင်းက ဘာတွေပြောမှာမို့လဲ"

စောဘိုဆေးက ပြန်မေးလိုက်သည်။

"ဒီလိုကွ၊ ငါအပါးကြီးမသေခင်က ငါတို့နေတဲ့ ကရင်မဖင်လျှောတောင်ကြီးတစ်ဝိုက်မှာ ဂူကြီးတစ်ဂူရှိတယ်တဲ့။ အဲဒီဂူထဲမှာ သာယာဝတီ သုံးမြို့ရှင်ဘုရင်ကြီး မင်းအဖြစ်မရောက်ခင်က ယကြာပြုလုပ် စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ ဌာပနာပြီး နောင်ပွင့်မယ့်မြတ်စွာဘုရားကို ရည်စူးလှူထားတဲ့ ဆင်ဖြူရုပ်ကြီးတစ်ရုပ်ရှိတဲ့အကြောင်း၊ အဲဒီဆင်ရုပ်ကြီးထဲက ရတနာတွေကို ယူတဲ့သူမှန်သမျှ ဘေးဒုက္ခအမျိုးမျိုးနဲ့တွေ့ပါစေလို့ ကျိန်စာတိုက်ခဲ့တဲ့အကြောင်းပြောခဲ့ဖူးတယ်။ အဲဒါ ငါလည်း မေ့နေဘယ်။

ငါတို့တောင်ယာတွေ ဆင်ကြီးတစ်ကောင်လာစားတယ်၊ လာဖျက်တယ်ဆိုတော့လည်း ဒီဆင်ကြီးလာစားလာဖျက်တာလို့ ငါမထင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဆင်ကြီးက အရုပ်ကြီးလေ။ ဒီအရုပ်ကြီးက ဘယ်လိုလာနိုင်မှာလဲ။ ဒါပေမယ့် ခုတော့ ဒီဆင်ရုပ်ကြီးဖြစ်နေတာ တွေ့ရတယ်။ ဒီဆင်ရုပ်ကြီးဖြစ်တာထောက်ရင်" ဆင်ရုပ်ကြီးထဲကို ဝိညာဉ်တစ်ခုခု လာကပ်တာ၊ တစ်စုံတစ်ဦးက ဒီဆင်ရုပ်ကြီးကို အသက်လာသွင်းတာဖြစ်နိုင်တယ်။ ဒါကြောင့် ဆင်ရုပ်ကြီးက လှုပ်ရှားနိုင်တာ၊ သူ့ကိုတောင်အောက်တွန်းချတော့လည်း ကြောက်



www.burmeseclassic.com

www.burmeseclassic.com

လန့်တကြားအော်နိုင်တာပေါ့။ ဒါပေမယ့် ဘာဖြစ်ဖြစ် ရတနာတွေကိုတော့ မယူသင့်ဘူး။ အဲဒီရတနာတွေကိုယူရင် ငါတို့ရွာကြီး ဘေးဒုက္ခဆိုးကြီးတစ်ခုခုနဲ့ ကြုံရလိမ့်မယ်။ ဒါကြောင့် မင်းတို့အားလုံး ကောက်ထားတဲ့ ရတနာတွေကို အကုန် ငါ့ပေးကြ။ အဲဒီရတနာတွေအားလုံး ဘုရားမှာ ဌာပနာဖို့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးပါးကို သွားလှူမယ်"

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား . . ဟား"

စောမူတူး၏စကားအဆုံး အားလုံးက တဟားဟားရယ်လိုက်ကြသည်။

"တော်တော်လည်းသဘောကျဖို့ကောင်းတဲ့ ဖထီးကြီးပဲဟေ့။ စားကုန်ကြုံလို့ မုတ်ဆိတ်ပျားစွဲတာ ဘာလို့မင်းကို ပေးရမှာလဲ၊ ဘာလို့ဘုရားဌာပနာရမှာလဲ ဟား ဟား ဟား"

စောဘိုဆေးက တဟားဟားရယ်ရင်း စောမူတူးကို ပျက်ရယ်ပြုပြောလိုက်သည်။

ထို့နောက် -

"မယူချင်တဲ့ဖထီးကြီးသွား၊ ကျန်တဲ့လူတွေကောက်ကြဟေ့ ယူကြ"

ဟု ပြောလိုက်၏။

စောမူတူးက -

"အေး၊ ပြောမရလည်း မင်းတို့ ထိုက်နဲ့မင်းတို့ကံပဲ"

ဟု ဆိုကာ သူ၏ မိသားစုများကို ခေါ်၍ ထိုရွာမှ မယ်တော်စင်ဘက်သို့ ထွက်ခဲ့ကြလေတော့၏။

စောမူတူးပြောသလိုပင် နှစ်ရက်မကြာမီ ထိုကရင်မဖင်လျှောရွာကြီး၌ ကာလဝမ်းရောဂါကြီးဖြစ်ကာ တစ်ရွာလုံး တစ်ယောက်မကျန်သေကုန်ကြလေသည်။ တကယ်ပဲ ဆင်ဖြူတော်ကြီးအတွင်းရှိ ရတနာတွေကိုယူသဖြင့် ခိုက်ခြင်းလား သို့မဟုတ် တိုက်ဆိုင်မှုပေလား ဟူသည်ကိုတော့ ဘုရားမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ သိနိုင်မည်မဟုတ်ချေ။

စောမူတူးကတော့ ဘုရားအားရည်စူး၍ လှူဒါန်းခဲ့သည့်ရတနာများကို ယူငင်မှုနှင့် ဆင်ရုပ်ကြီးအား ဖျက်ဆီးပစ်သဖြင့် ကျိန်စာသင့်ခြင်း ဖြစ်သည်ဟုပင် တထစ်ချယူဆခဲ့လေသည်။

သည့်ထက်ဆိုးသည်က စောမူတူးမယ်တော်စင်မှ ရွာကြီးကို ပြန်လာစဉ် ဝမ်းရောဂါဖြင့် အတုံးအရုံး ပြန့်ကျဲသေဆုံးနေကြသည့်ပုပ်ပွနေသောအလောင်းများနှင့် ရွာကြီးကို တရင်မဖင်လျှော တောင်ကြီးမှတောင်နံ့ရိုများတဖြေးဖြေး ဖြိုကျလာပြီး မြေသားများဖိကာ တစ်ရွာလုံး မြေကြီးအောက်ရောက်၍ ပျောက်ဆုံးသွားခြင်းပင် ဖြစ်ပါတော့၏။

စောမူတူးလည်း သူနေလာခဲ့သည့်ရွာကြီး၊ သူနှင့် ဝေါင်းသင်းဆက်ဆံလာခဲ့ကြသည့် ရွာသူရွာသားများ သူ့စကား နားမထောင်သဖြင့် သူ့မျက်စိရှေ့မှာပင် ပျက်စီးပျောက်ဆုံးသွားရသည့် အဖြစ်ကို ငြိုငြင်စီးကျနေသည့် မျက်ရည်များနှင့် ဝမ်းနည်းပက်လက်ကြည့်ရင်းအချိန်အကြာကြီးရပ်နေမိလေသည်။

။ကောင်းမှုရေစက် ကုသိုလ်ပြုမည်။

"အဲဒါ တရင်မဖင်လျှောရွာကြီး ပျောက်ဆုံးသွားရတဲ့ အစိတအကြောင်းပဲတွ ဆရာလေးတို့ရေ့။ ဖျပန်ခေတ်ကာ်ဆိုတော့ ခုအချိန်အထိဆိုရင် နှစ်ပေါင်း (၆၈) (၆၉) လောက်တော့ရှိပြီ မှတ်တယ်။ ငါ့ကိုလည်း အဖါးကြီးမသေခင် တပြောခဲ့လို့ မင်းတို့ကိုပြန်ပြောနိုင်တာ။ ငါ့အဖါးကြီးဆိုတာကလည်း တခြားသူမဟုတ်ဘူးဟေ့။ စောစောကပြောတဲ့ တရင်မဖင်လျှောရွာက ထွက်ပြေးလာတယ်ဆိုတဲ့ အဖါးကြီးစောမူတူးပေါ့ကွ"

စောစံဖိုးသင်က ပျောက်ဆုံးသွားသည့် တရင်မဖင်လျှောရွာကြီးနှင့် တရင်မဖင်လျှောရွာကြီးနှင့် ပတ်သက်၍ပြောပြခဲ့ခြင်း ဖြစ်သည်။

"ဒါဆို ညက ကျွန်တော်တို့မက်တဲ့အိပ်မက်က. . ."

ဂန္ဓာရီဆရာလေးရဲဇော်က မတင်မကျဖြစ်နေသော ညက အိပ်မက်အကြောင်းမေးလိုက်၏။

"အေး - အဲဒါတော်တော်ဆန်းပါ့ကွာ။ ငါရောမင်းတို့အားလုံးပါ မက်ကြတာ။ နောက်ပြီး မက်တဲ့အိပ်မက်ကလည်း အားလုံးအတူတူပဲ။ ငါထင်ပါတယ်၊ အသေဆိုးနဲ့ သေဆုံးခဲ့ကြရတဲ့ ရွာသူရွာသားတွေ မကျွတ်မလွတ်ဘဲ ဒီနေ့ထိ ပရလောကသားတွေဖြစ်နေကြပြီး ငါတို့ကို သူတို့မကျွတ်မလွတ်သေးတဲ့အကြောင်း သိစချင်ကြတဲ့သဘောပဲ"

စောစံဖိုးသင်က သူ့အထင်ကို ရှင်းပြလိုက်သည်။

"အင်း - ဒါလည်းဖြစ်နိုင်ပါတယ်။ သူတို့တွေ ကျွန်တော်တို့ဆီက အကူအညီတစ်ခုခုလိုချင်လို့ဖြစ်မယ်"

ဆရာခင်မောင်အေးက ဝင်ပြောလိုက်ပြန်သည်။

"အေးဗျ ဆရာခင်မောင်အေး၊ ကျွန်တော်တို့ဆီက အကူအညီတစ်ခုခုလိုချင်လို့ပဲ ဖြစ်မယ်။ သူတို့လိုချင်တဲ့ အကူအညီကလည်း တခြားတော့မဖြစ်နိုင်ပါဘူး။ သူတို့အားလုံးအတွက်ကောင်းမှုကုသိုလ်တွေလုပ်ပြီး အမျှအတန်းပေးဝေစေချင်တဲ့သဘောဖြစ်နိုင်တယ်"

"ဟုတ်တယ်ဗျနော်"

ဆရာလှထွန်းက ဝင်ထောက်ခံလိုက်၏။

"တစ်ရွာလုံးကို အိမ်ခြေလျောက် ဆင်ကြီးကလိုက်ပြီး မီးနဲ့တို့၊ လူတွေနင်းသတ်တာကတော့ ဆင်ကြီးက တစ်ရွာလုံးကိုခိုက်သွားတဲ့အမိပ္ပာယ်ပဲ ဖြစ်မယ်နော်"

ဆရာရဲဇော်က ကစ်စုံတစ်ရာကို တွေးရင်း အိပ်မက်ထဲ၌ မြင်မက်ခဲ့သည့် ဆင်ကြီးနှင့် ပတ်သက်၍ ကောက်ချက်ချလိုက်သည်။

"ဟုတ်ပါကွာ၊ ဟုတ်ပါ့ ဟုတ်ပါ့"

ဟု စောစံဖိုးသင်ကပြောရင်း ပြန်ရန် ထိုင်ရာမှထလိုက်သည်။

"ဖထီးကြီး၊ ကျွန်တော်တို့ကို အကူအညီတစ်ခုပေးပါ"

ဆရာရဲဇော်က ရွာပြန်တော့မည့် စောစံဖိုးသင်အား အကူအညီတောင်းလိုက်၏။

"ပြောလေ"

"ဒီလိုပါ။ ကျွန်တော် ဒီအရပ်မှာရှိတဲ့ မကျွတ်မလွတ်တဲ့ ပရလောကသားတွေအတွက် သံဃာတော်တွေ ဒီကိုပင့်ပြီး ကောင်းမှုကုသိုလ်တွေလုပ်၊ အမျှပေးဝေချင်ပါတယ်။ ဖထီးက တစ်ဆိတ်လောက် အနီးအနားကရွာတွေမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေက သံဃာသုံးပါးလောက်ပင့်ပေးပါလို့"

ဆရာရဲဇော်၏ စကားအဆုံး စောစံဖိုးသင်က -

"ကောင်းဟေ့ ကောင်း၊ ကောင်းပါနော်"

ဟု ဆိုပြီး သူတို့အနားမှ လွယ်အိတ်ကြီးလွယ်ကာ ထထွက်သွားလေတော့သည်။

နေဝန်းနီ

(ဤပျောက်ဆုံး[illegible]သည့်ရွာကြီးအကြောင်း ပြောပြ[illegible]သော ဂန္ဓာရီဆရာလေး ရဲဇော်အ[illegible] ကျေးဇူးတင်ကြောင်း မှတ်တမ်းတ[illegible]ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

(ဖြစ်ရပ်မှန်)

# ခင်လေးမြင့်

ထူးသည့် ဗိုလ်ကြီးဘိုးတော်

ဒီအကြောင်းကို ရေးချင်သည်မှာ ကြာပါပြီ။ ကြာဆို လွန်ခဲ့သည့် နှစ်ပေါင်း (၅၀) ကျော်က ကျွန်မ၏ ကိုယ်တွေ့ အကြောင်းအရာ ဖြစ်ပါသည်။ ထိုအချိန်က ထိုကဲ့သို့သော ဂမ္ဘီရများကို ရေးသား ခွင့်မရှိပါ။

သို့ဖြစ်ပါ၍ ယနေ့ခေတ်လို စာပေ ရေးသားခွင့် စိစစ်ရေးမရှိတော့သည့်





www.burmeseclassic.com

www.burmeseclassic.com

အချိန်အခါမှ ရှေးဘာဖော်ပြရပါသည်။

[illegible]

ပါသည်။

ထိုနေ့က ဦး[illegible] တော့လိုက်ရောက်ရှိ [illegible] ကျွန်မက စာရေး [illegible]

[illegible]

"ဟာ - [illegible] သွေ့ပါ။ [illegible] အရှင်က [illegible]

ဖြစ်တဲ့ ဘိုးတော်တစ်ယောက်ရောက်လာ ပြီး သူယုံကြည်တဲ့သူတွေကို အလုပ်က [illegible]

[illegible]

[illegible] မြောက်တွေလို့ မေးဖြေးထင်ပြီး [illegible]

စာပေးခဲ့တာ။ အမေ့အကြောင်းလည်း ဘာမှမပြောမိခဲ့ဘူး။ ခဏလေးတွေ့ခဲ့တာတဲ့။ ဓနေ့သနေ့က စာပို့ရထား [illegible]

[illegible] ဘိုး[illegible]

[illegible] ကျွန်မတို့ [illegible] ဦးဖြ[illegible] ကန်တော့ကြသည်။

ကျွန်မရောက်ရှိ ကျန်ခဲ့သည် [illegible] တွင် ဘိုးတော် [illegible] စစ်ဗိုလ်အဝတ [illegible] တွင် စာရိတ် [illegible] ရှိကြောင်း [illegible] ရှိကြောင်း သို့တိ [illegible] ကိုယ်ထိရှိနက်ရာတွေ့ရသည် ဆိုသည်။

[illegible] ပြောသည်ဆိုသည်။ [illegible] ရတဲ့ အဘဘိုးမင်းခေါင် [illegible] ကြောင်း၊ သက်နိုးဝတ် ရန် [illegible] အကြာ[illegible] သွားကြောင်း အမေ့ကို ပြောပြသည် ဆိုသည်။

"ထဲ - [illegible] တွေရေးလာတဲ့ စာ [illegible] စာအိတ်ပုံကြီးအောက်မှာ ထိုးထည့်ထားရှ"

www.burmeseclassic.com

ဆို၍ ကျွန်မက အသင့်ယူလာသည့် မေးခွန်းစာအိတ်ကို စာရွက်အထပ်ပုံကြီးအောက်အလယ်တည့်တည့်ရောက်အောင်ထိုးသွင်းထည့်ထားလိုက်ပါသည်။ ပြီးလျှင် ဦးချကန်တော့ပြီး ငြိမ်သက်စွာ ထိုင်နေကြပါသည်။

ဘိုးတော်တင်ဦးသည် အဘဘိုးမင်းခေါင်ထိုင်ထိုင်၍ မာတ်စီးနေသည်။ စာရွက်အလွတ်ပုံကြီးမှ စာရွက်တစ်ရွက်ယူလိုက် ခဲတံနှင့် စာရေးလိုက်ပြီးလျှင် လုံးခြေပစ်ချလိုက်၊ များလျှင် ဦးမိုးထိက ကျုံးယူသွားပြီး အိမ်အောက်တွင် မီးသွားရှို့ပါသည်။ အတန်ကြာကြာ ရေးလိုက် လုံးခြေပစ်လိုက်၊ မီးရှို့လိုက် လုပ်ပြီးမှ -

"ဟဲ - ကက်ဆက်ယူခဲ့ကြ။ ခွေအသစ်လည်းယူခဲ့ ဟုတ်ပြီ၊ ဟုတ်ပြီ"

ဟု ဆိုကာ -

"ဟဲ့ - သမီး၊ နင်ထည့်ထားတဲ့ စာအိတ်ယူပြီးဖွင့်ကြည့်လိုက်"

ဆို၍ ကျွန်မ စောစောကထည့်ထားသည့် စာအိတ်ကို နှိုက်ယူလိုက်သည်။ စာအိတ်မှာ စောစောက ကျွန်မ ပိတ်ထားသလို ပါးပါးပိပိလေးမဟုတ်ဘဲ ဖောင်းကြွထူထပ်နေ၍ ဗျာဗျာသလဲဖွင့်ကြည့်လိုက်ရာ ကျွန်မ ရေးထားသည့် ဘလူးခဲရောင်စာရွက်ပြာလေးနှစ်ရွက် အပြင် ခဲတံနှင့်ရေးထားသည့် စာရွက်အဖြူကြီးနှစ်ရွက်ခေါက်ထည့်ထားသည်ကို တွေ့ရပါသည်။

ဘိုးတော်က ကက်ဆက်ကို ဖွင့်လိုက်ပြီး -

"ကိုယ်မေးထားတာဟုတ်၊မဟုတ် ဖတ်ကြည့်ဗျာ။ သူစာက ဘုရား၊ တရား ဦးထိပ်ထားပြီး ဘိုးတော်ကို သမီး အောက်ပါမေးခွန်းများ မေးလိုပါသည်တဲ့။ စာရွက်အဖြူကိုကြည့်ပ။ ဖြေထားပါတယ်။ မိုးကောင်းမှာမွေးတဲ့ ခင်လေးမြင့် ကျားမရယ် ပေါ်ဦးကခေါ်တော့ 'မ' ဆိုရင် မမှားဘူးကွယ့်လေး။ ကျားနဲ့ကြွက် မဟုတ်ဘူး။ ပေါ်ဦးက 'ပူး' နေ့ချင်းက တော့ ရန်ဘက်မို့ခဏခဏရန်ဖြစ်တယ်။ သည်းခံကြ၊ ဒေါသလျှော့ကြ"

ဟု အစချီကာ ကျွန်မမေးခွန်းအားလုံးကို ခဲတံနှင့် ရေးလိုက် ဖြေလိုက်၊ စာရွက်အပြည့် စာလုံးကျဲ၍ မြားပြပြီး ရေးထားသည့်ပုံစံအတိုင်း ခဲတံနှင့် မြားပြရေးထားသည်ကို အံ့ဩစွာတွေ့ရှိရပါသည်။

ကျွန်မက ခင်ပွန်းနှင့် သားသမီးများ၏ ကျန်းမာရေး၊ ပညာရေးကို အလေးထားပြီး မေးထားသည်။ ခင်ပွန်းဇာတိ အင်းဝဘက်ခရီးထွက်ရန်လည်း သူကခဏခဏပြောထား၍ ဒီနှစ်ကျောင်းပိတ်လျှင် ကလေးတွေပါ ခေါ်သွားရန် ဖြစ်သည်။ သို့သော် သူတို့ရွာမှာ ရေတွင်းတစ်တွင်းသာ ဘုန်းကြီးကျောင်းထဲမှာရှိ၍ ပန်းလောင်ချောင်းတွင် ရေဆင်းချိုးရကြောင်း၊ ရေကအလွန်စီးကြောင်း ပြောဖူး၍ ကျွန်မသွားဖို့မဆုံးဖြတ်ရသေးပါ။ အင်းဝဘက် ခရီးထွက်ရန် သင့်၊ မသင့်မေးထား၍ -

"ညည်းက အင်းဝက စိန်လုံ့ဆီ သွားမှာမဟုတ်လား"

ဟူသော မေးခွန်းပါလာ၍ ဘိုးတော်နှင့်တွေ့သည့်ကိစ္စပြီးလျှင် သူက ကျွန်မကို -

"ဘယ်တုံးက အရီးစိန်လုံ့နာမည် ပြောလိုက်တာလဲ။ နိမိတ်ပြမေးခွန်းတွေ မေးထား၊ ပြောထားသလား"

ဟု သူက ရှေ့နေပီပီ မေးခွန်းများမေး၍ ကျွန်မနှင့် ရန်ဖြစ်ရပါသေးသည်။

သားသမီးနာမည်တွေကိုလည်း ပြောင်းခိုင်းသည်။ သမီးအကြီးမကိုလည်း ကျွန်မအဘွား မယ်ညွန့် ဝင်စားတာဟု ဆိုသည်။ မယ်ညွန့်က သားဖွားရောဂါနှင့်သေတာဟုပြော၍ အံ့ဩရပြန်သည်။ ဒီအကြောင်း ကျွန်မငယ်စဉ်က အမေ ပြောဖူး၍ သိထားပါသည်။ သားက ဝါဏ္ဏတိပါတကံကျူးလွန်၍ သူ့ကို အပ်ရန်ပြောသည်။ ပြီးတော့-

"ညည်းက လက္ခဏာကြည့်ပြီး လက်ဝါးထဲက အမည်းစက်ကြောင့် ရေကြောက်နေတာ စိတ်မစွဲနဲ့။ ဒါတွေမဖတ်နဲ့" တဲ့။

မှန်ပါသည်။

ကျွန်မ ငယ်စဉ်က ဗေဒင်လက္ခဏာဝါသနာပါ၍ စာအုပ်ထဲ လက္ခဏာပါလျှင် ကိုယ့်ဖဝါးပြန်ကြည့်ပြီး ကျွန်မ အရှုံးထမိပါသည်။ ထို့ပြင် ကျွန်မက အိမ်ပြောင်းချင်၊ အလုပ်ပြောင်းချင်၍ ကောင်း၊ မကောင်းမေးထားရာ -

"ဟိုအကောင် (နာမည်ပါပြောသည်) ကြောင့်တော့ မပြောင်းပါနဲ့။ အခုနေရာက အလုပ်နေရာရော ကလေးတွေကျောင်းပါနီးလို့ အဆင်ပြေနေတာ မေတ္တာပို့ကွယ့်" တဲ့။

ကျွန်မတို့ အိမ်နားနီးချင်း ထိုလူမှာ ခင်ပွန်းသည်နှင့် အလုပ်တူ၊ ပါတီကောင်စီတွင်လည်း တာဝန်အတူထမ်းဆောင်ရသူဖြစ်ပြီး ခင်ပွန်းသည်ကို မနာလိုမရှုဆိတ်နိုင်ဘဲ လင်ရောမယားပါ ကျွန်မတို့ကို မခေါ်မပြော။ ကျွန်မအိမ်ဝင်းထဲမှ ဒန့်သလွန်အသီးအရွက်နှင့် ဆူးပုပ်၊ ကင်ပွန်းချဉ်ပါ လာမခူးတော့။ ခုတော့ ကွယ်လွန်သွားရှာပါပြီ။

ပြီးတော့ ကျွန်မတွင် မိန်းမရောဂါရှိနေကြောင်း၊ ရှက်လို့ မမေးကြောင်း ပြောပြီး ယတြာလုပ်ရန် ပြောသည်။ ဆရာဝန်လေးယောက်က ကျွန်မကို သားအိမ်ထုတ်ပစ်ရမည်ပြောရာ ကျွန်မ မလုပ်ချင်၍ ဆေးနည်းတိုရှာပြီးကုရာ ပျောက်ကင်းကျန်းမာသွားပါသည်။

နောက်ဆုံး -

"သာကြူ့သေတာ ဆေးထိုးမှားလို့ မဟုတ်။ ဦးနှောက်သွေးကြောပြတ်လို့ သေတာ။ ဘယ်သူမှမသိကြ"

ဟု ပြောလျှင် သူက ထိုင်ငိုပါသည်။ (သူဖခင် ကွယ်လွန်သည်မှာ မကြာသေး။ ဆေးရုံမှဆင်းသည့်နေ့ ပစ္စည်းတွေသိမ်းတုန်း ဆရာမက အားရှိအောင်ဆိုပြီး အားဆေးထိုးပေးသည်။) ပစ္စည်းပို့ပြီး ပြန်လာလျှင် အဘဦးသာကြူမှာ ခုတင်ပေါ်တွင် သေဆုံးနေသည်ကိုတွေ့ကြ၍ သူ့ဘိုးတစ်မျိုးလုံးက ဆေးထိုးလို့ဟု ယုံကြည်နေကြပါသည်။

ဒီအကြောင်းတွေကို ကျွန်မစာထဲတွင် တစ်ခုမှမေးမထားပါ။ မာတ်စီးပြီး တောက်လျှောက်ပြောသွားခြင်း ဖြစ်သည်။

နေ့လယ်လောက်တွင် ဘိုးတော်က ခန္တီးသွားမည်ဖြစ်၍ လေယာဉ်လက်မှတ်လုပ်ခိုင်းရာ မောင် ကိုလေးက သွားလုပ်ပေးသည်။ ကိုလေးသွားနေတုန်း ဘိုးတော်တင်ဦး ဘုရားခန်းထဲမှ ထွက်လာ ပြီး အမေ့ကိုပြောသည်။

"အမေ၊ ဦးကိုလေးက ပါတီယူနစ်ကလူတွေကို ပြောနေတယ်။ ဘိုးတော်ခန္တီးသွားဖို့ လေယာဉ်လက်မှတ်လာလုပ်တာတဲ့။ တော်နေလူတွေလာပိုင်းနေရင် ဒုက္ခ။ ကျွန်တော်က ဘုရားထီးတင်သွားရမှာ" တဲ့။

ဘိုးတော် ဘင်ဦး ခန္တီးဘက် ခရီးထွက်သွားပြီး ကျွန်မတို့နှင့်ဘယ်တော့မှ ပြန်မတွေ့ရတော့ပါ။ ထောင်ထဲရောက်နေသည်ဟု သဲ့သဲ့တော့ ကြားလိုက်ပါသည်။ ဘိုးတော်တစ်ဦး၏ လက်ရေးနှင့် အမေး၊ အဖြေစာရွက် ယနေ့တိုင် ကျွန်မထံမှာရှိပါသေးသည်။ တစ်သက်တစ်ခါ ကြုံရသည့်ဘိုးတော်ပါ။

ခင်လေးမြင့် (မြစ်ကြီးနား)



www.burmeseclassic.com

www.burmeseclassic.com

ဝသန်လ၏ လမိုက်ညတစ်ည။ မြေပြင်တစ်ခွင်လုံးမည်းမှောင်နေအောင် တိမ်ညိုတိမ်မည်းများက အုံ့ဆိုင်းနေ၏။ ပုရစ်အော်သံ၊ ဖားအော်သံတို့မှလွဲ၍ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်ခါတစ်ခါ ခွေးများ ထိုးဟောင်သံ၊ အူသံတို့သည် ကြားရသူတိုင်း ကျောချမ်းစိမ့်မှာ အမှန်ပင်။

မိုးကောင်ကင်မှ လျှပ်စီးများဝင်းလက်လိုက်သည့်အခါတွင်လည်း သစ်ပင်နွယ်ဝင်ချုံပုတ်များသည် မကောင်းဆိုးဝါးများရပ်နေသည့်အလား ထင်မိလေသည်။ အလွန်ချောက်ချားစရာကောင်းသော ညတစ်ညပင် ဖြစ်သည်။

ထိုအချိန်တွင် လူတစ်ယောက် ကျောပိုးအိတ်ကိုကျောဌ်လွယ်ကာ ပုဆိုးကို စလွယ်သိုင်း၍ မြေနီလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်လာနေသည်။ ထိုသူမှာ သစ်နုဖားရွာမှ ဇော်မောင် ဖြစ်သည်။

ဇော်မောင်မှာ ရန်ကုန်မြို့သို့ အလုပ်လုပ်ရန် မိသားစုနှင့် ရွာကို ကျောခိုင်းခဲ့သည်မှာ သုံးနှစ်သုံးမိုးတိုင်ချေပြီ။ ယခုမှ ငွေစလေးများစုမိဆောင်းမိ၍ မိဘများရှိသည့်ဇာတိမြေသို့ပြန်လာခဲ့ခြင်း ဖြစ်သည်။

,ဇော်မောင်တို့ရွာမှာ ဇီးကုန်းမြို့၏ အနောက်ဘက် လေးမိုင်လောက်သွားရသေးသည်။ နေ့ဘက်တွင် မြင်းလှည်း၊ ဆိုက်ကား၊ စက်ဘီးနှင့် ဆိုင်ကယ်များ ရှုပ်ယှက်ခတ်သလောက် ညဘက်တွင် ထိုအရာများမှာ အရိပ်အယောင်တောင်မှ မမြင်ရပေ။

(မိုးကုန်း)

# ရွှေရင်အေး

## ပရလောကသားများနှင့်တွေ့ခဲ့သူ





www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ဇော်မောင်မှာ ဒီလမ်းခရီးအား မရေတွက်နိုင်အောင် သွားလာဖူးသူ ဖြစ်ပါသည်။ လမ်းတစ်လျှောက် ကန္တလီ၊ ပေါက်ပင်ဆိပ်၊ သစ်ဖြူကွင်း၊ စမ်းအိုင်၊ ညောင်ဝိုင်းရွာများမှလည်း ဇော်မောင့်အား မသိသူရှားသည်။ ဇော်မောင်သည် လူမှုရေးပြည့်ဝပြီး ဆက်ဆံရေးကောင်းမွန်သောကြောင့် အပေါင်းအသင်းများခြင်းလည်း ဖြစ်သည်။

ယခုလည်း ပေါက်ပင်ဆိတ်ရွာတွင် သူငယ်ချင်းဖြစ်သူထံမှ စက်ဘီးနှင့်လက်နှိပ်မှာတ်မီး ဝင်ငှားခဲ့လေသည်။ ဇော်မောင် စဉ်းစားရင်း စက်ဘီးနင်းလာခဲ့သည်မှာ သစ်ဖြူကွင်းနှင့် စမ်းအိုင်ရွာများသို့ပင်ကျော်လာခဲ့ချေပြီ။ ညောင်ဝိုင်းရွာသို့ပင်ရောက်တော့မည်။

ဇော်မောင်၏အတွေးများ မည်မျှနယ်လွန်သွားသည်မသိ။ ညောင်ဝိုင်းရွာနားရောက်ခါနီး ချောင်းအားဖြတ်ဆောက်ထားသည့် တံတားနားအရောက်တွင် ဘယ်နေရာကဘယ်လိုပေါ်လာမှန်းမသိသည့် လူတစ်ယောက်အား စက်ဘီးဖြင့် ဝင်တိုက်မိမလိုဖြစ်သွားမှ သတိပြန်ရပြီး စက်ဘီးလက်ကိုင်ကို တွေ့ပေးလိုက်ရသည်။

မိုးတွင်းကာလဖြစ်သည့်အတွက် လမ်းများမှာချော်နေသဖြင့် ဘေးလယ်ကွက်ထဲသို့ စက်ဘီးရောလူပါ ထိုးကျသွားလေသည်။ ထို့နောက် ဇော်မောင်လည်း ကုန်းရုန်းထကာ စက်ဘီးကို တာလမ်းပေါ်သို့ ပြန်မ,တင်လိုက်သည်။

ဇော်မောင်လည်း လူတစ်ယောက်လုံး လယ်ကွက်ထဲထိုးကျသွားပြီး ရွှံ့တွေပေကျံသွားတာတောင်မှ ဘာမှမမေး၊ ဘာမှမကူညီဘဲ လမ်းပေါ်တွင်မတ်တတ်ရပ်ကြည့်နေသောထိုလူအား စိတ်တိုသွားမိသည်။

ထို့ကြောင့် ထိုလူအား ဓာတ်မီးနှင့် ထိုးကြည့်လိုက်သောအခါ ဇော်မောင်တို့ရွာမှ ထွန်းခင်ဖြစ်နေသောကြောင့် ဇော်မောင် အံ့အားသင့်သွားလေသည်။ ထွန်းခင်မှာ ဇော်မောင်အား မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်နေလေသည်။


ဇော်မောင် ကျောထဲ၌ ကြက်သီးများဖြန်းခနဲထကာ ခေါင်းနားပန်းများ ပင်ကြီးသွားသလို ခံစားလိုက်ရ၏။ သို့သော်လည်း မိမိတို့ရွာမှ ရွာသားတစ်ယောက်ဖြစ်သောကြောင့် အားတော့ နည်းနည်းရှိလာ၏။ ထို့ကြောင့် ဇော်မောင်မှ နှုတ်ဆက်လိုက်သည်။

"အစ်ကိုထွန်းခင်၊ ကျွန်တော် ဇော်မောင်ရယ်။ အစ်ကိုက ဒီမှာဘာလာလုပ်တာလဲ"

ထိုအခါ ထွန်းခင်က ဇော်မောင်အနားသို့ တိုးကပ်သွားပြီး ဇော်မောင်၏ မျက်နှာကို သေချာစိုက်ကာ -

"ဟာ - ဇော်မောင်၊ မင်းအခုမှ ပြန်လာတာလား။ ငါက ဒီမှာနေတာ ကြာပြီ။ အတော်ပဲကွာ ငါလည်း ရွာမရောက်တာ တစ်နှစ်လောက်ရှိသွားပြီ။ ငါ မင်းနဲ့ ရွာကိုလိုက်ဦးမယ်ကွာ"

ဟု အားရဝမ်းသာပြောလိုက်လေသည်။



www.burmeseclassic.com

ထိုအခါ ဇော်မောင်က -

"ရပါတယ် အစ်ကိုရာ။ ဒါနဲ့နေပါဦး။ အစ်ကိုက ဒီရွာမှာနေတာလား။ ရွာမှာကဘာဖြစ်လို့လဲ"

ဟု မေးလိုက်ရာ ထွန်းခင်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

ထို့နောက် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး လေသံလေးလေး အောအောကြီးဖြင့် -

"ဒါတွေ နောက်တော့ မင်းသိလာမှာပါကွာ။ ကဲ - ရွာကိုပြန်ကြမယ်ကွာ"

ဟု ပြောလေသည်။

ဇော်မောင်လည်း ဘာမှထပ်မမေးတော့ဘဲ စက်ဘီးဝေါ်သို့ တက်ကာ နင်းထွက်လိုက်လေသည်။ ထွန်းခင်လည်း နောက်မှခုန်တက်လိုက်ပါလာခဲ့၏။ သည်လိုနှင့် ညောင်ပိုင်းရွာသို့ ဖြတ်ကျော်ကာ မိမိတို့ သစ်နဖားရွာကိုပင် ရောက်တော့မည်။ နှစ်ယောက်စလုံး တစ်ယောက်မှ စကားမပြောဘဲ နှုတ်ဆိတ်နေမိကြ၏။

■

"ဇော်မောင်"

"ဗျာ - အစ်ကိုထွန်းခင်"

"ရှေ့ကကြံခင်းနားမှာ ခဏရပ်ကွာ"

"ဘာဖြစ်လို့လဲ အစ်ကိုရ"

"အဲဒီမှာ အောင်ကြီးနဲ့တိုးမောင်နေတာလေ။ ဒီကောင်တွေဆီမှာအရက်ရှိလောက်တယ်။ ငါတို့ စကားပြောရင်း နည်းနည်းဝင်ကစ်ရအောင်"

"ကောင်းတာပေါ့ဗျာ"

သစ်နဖားရွာဝင်ခါနီးတွင် ကြံခင်းများရှိလေသည်။ ၎င်းကြံခင်းဘေးတွင် ခြေတံရှည်တဲလေးတစ်လုံးလည်း တွေ့ရ၏။ တဲထဲ၌ မီးရောင်မှိတ်တုတ်တုတ်အောက်တွင် ထိုင်စကားပြောနေကြသည့် အောင်ကြီးနှင့် တိုးမောင်ကို တွေ့ရလေသည်။

ဇော်မောင် စက်ဘီးကိုရပ်လိုက်ပြီး တဲရှိရာသို့ နှစ်ဦးသားလျှောက်လာခဲ့လေသည်။ ဇော်မောင်တို့နှစ်ယောက် တဲပေါ်ရောက်သည်နှင့် မိုးများမမျှော်လင့်ဘဲ သဲကြီးမဲကြီးရွာချလေ၏။ ထို့နောက် တိုးမောင်သည် ထွန်းခင်နှင့် ဇော်မောင်ကို မြင်သောအခါ ဇော်မောင်ကို ကြည့်၍ မေးလေသည်။

"ထွန်းခင်၊ ဒါဇော်မောင်မဟုတ်လားကွ"

"ဟုတ်တယ်လေ ကိုတိုးကြီးရ၊ ကျွန်တော့်ကိုတောင်မမှတ်မိဘူးလားဗျ"

ဇော်မောင်က အောင်ကြီးဘေးတွင်ဝင်ထိုင်ရင်း ဖြေလိုက်လေသည်။ ထိုအခါ အောင်ကြီးက ထွန်းခင်အား အလိုမကျသည့် မျက်နှာဖြင့်ကြည့်ကာ-

"ထွန်းခင်၊ မင်းဘာတွေလျှောက်လုပ်နေတာလဲ။ ဇော်မောင်ကို ဘာဖြစ်လို့ ဒီနေရာကိုခေါ်လာရတာလဲ"

မေးလိုက်လေ၏။

ထိုအခါ ဇော်မောင်က အောင်ကြီးနှင့် တိုးမောင်ကို စေ့စေ့ကြည့်ကာ မေးလိုက်လေသည်။

"ဘာဖြစ်လို့လဲ ကိုအောင်ကြီး၊ ကျွန်တော်လာတာမကြိုက်လို့လား"

"မဟုတ်ပါဘူး ညီလေးရာ။ ကဲ - တိတ်ကောင်တွေ ငါတို့အရက်သောက်ဖို့လာတာ။ မင်းတို့ ငါတို့ကို အရက်တိုက်မှာလား၊ စကားများမှာလား။ မတိုက်လည်းရတယ် ဟေ့ကောင်တွေ"

ထွန်းခင်က လေသံမာမာဖြင့်ပြန်ပြောလိုက်သောအခါ တိုးမောင်က ပျာပျာသလဲဖြင့် -

"စကားမများနဲ့ဆိုလည်း မများတော့ပါဘူးကွာ။ အရက်တစ်ဘူးတော့ ရှိသေးတယ်။ ရော့ - ဒီမှာသောက်"

ဟု ပြောရင်း ရေသန့်ဘူးဖြင့် ထည့်ထားသောအရက်ဘူးကို ယူပေးလိုက်သည်။

ဇော်မောင့်စိတ်ထဲတွင်လည်း ထိုလူသုံးယောက်ကို အကဲခတ်ကြည့်နေရင်း စိတ်ထဲတွင်လည်း မသိုးမသန့်ဖြစ်လာသည်။ ထို့ကြောင့် သူတို့တိုက်သောအရက်ကိုပင် မသောက်တော့ဘဲ ဘေးမှ သတိကြီးစွာထိုင်ကြည့်နေရသည်။

စိတ်ထဲတွင်လည်း အဖေသင်ပေးခဲ့ဖူးသည့် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို စိတ်ထဲ၌ ကျိတ်ရွတ်ဖတ်နေလေသည်။

"ဇော်မောင်၊ ရော့ - သောက်လေကွာ"

ထွန်းခင်မှ အရက်ခွက်ကို ဇော်မောင်ကို လှမ်းပေးရင်း ပြောလိုက်သည်။

ထိုအခါ ဇော်မောင်မှ လက်ကာပြပြီး တားလိုက်ရသည်။

"ကျွန်တော် မသောက်ချင်တော့ဘူးအစ်ကိုရာ။ အစ်ကိုတို့ပဲ သောက်ပါတော့"

"ဘာဖြစ်လို့လဲကွ"

"ဘာမှမဖြစ်ပါဘူး ကိုတိုးကြီးရာ။ ကျွန်တော်စိတ်သိပ်မပါတော့လို့ပါ"

"မသောက်လည်းနေကွာ"

တိုးမောင်က အလိုမကျသည့် မျက်နှာဖြင့်ကြည့်ကာ ပြောလိုက်သော အသံကြီးမှာ ဇော်မောင်ပင် လန့်သွားမိလေသည်။ အသံကြီးက လေးလေး အောအောကြီးဖြင့် ဒေါသသံလိုလိုပင်။

"တီ. . . တီ. . . တီ. . . တီ"

ထိုအချိန် ဇော်မောင်၏လက်မှ လက်ပတ်နာရီမှ အသံထွက်ပေါ်လာ၍ ဇော်မောင် နာရီကို ငုံ့ကြည့်လိုက်သောအခါ (၁၂) နာရီတောင်ထိုးနေလေပြီ။ ဇော်မောင် တဲအပြင်သို့အကဲခတ်ကြည့်လိုက်သောအခါ မိုးတိတ်နေပြီဖြစ်သည်။

ထိုအချိန်တွင် ထွန်းခင်၊ တိုးမောင်နှင့် အောင်ကြီးတို့ သုံးယောက်သည် ဇော်မောင်အား မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေသည်ကို ဇော်မောင် သတိထားမိလေသည်၊ ထို့ကြောင့် ဇော်မောင်သည် သူတို့အနားမှာ အမြန်ဆုံးထွက်ခွာရန် ဆုံးဖြတ်လိုက်လေသည်။

မကျောပိုးအိတ်ကို ဇော်မောင်က ကျော၌လွယ်လိုက်ပြီး ထွန်းခင်ကို မေးလိုက်၏။

"အစ်ကိုထွန်းခင်၊ သောက်ဦးမှာလား"

"အေး - ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ကျွန်တော်ပြန်နှင့်တော့မယ်။ အချိန်လည်း တော်တော်ညဉ့်နက်နေပြီ"

ထိုအခါ တိုးမောင်က -

"ပြန်ချင်ပြန်ပေါ့ကွ။ ဒါပေမယ့် ငါတို့နဲ့ တွေ့ခဲ့တယ်ဆိုတာကို ဘယ်သူမှ လျှောက်မပြောနဲ့ ကြားလား။ ကဲ - မင်းသွားတော့"

ဟု ပြောလိုက်လေသည်။

ဇော်မောင်၏စိတ်ထဲတွင် သူတို့သုံးယောက်တွင် သျှို့ဝှက်ချက်တစ်ခုခုတော့ရှိနေမှန်း သတိထားမိလေသည်။ ထို့ကြောင့် သူတို့အနားတွင် ကြာကြာမနေချင်သောကြောင့် တဲထဲမှထွက်လာခဲ့လေသည်။ တဲအပြင်ရောက်သည်နှင့် နောက်သို့လှည့်မကြည့်တော့ဘဲ စက်ဘီးရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့လေသည်။

ဇော်မောင် ရွာထဲသို့ဝင်ခါနီးတွင် တဲရှိရာ ကြံခင်းဘက်သို့ လှည့်ကြည့်လိုက်သောအခါ တဲဘက်မှမီးရောင်များ ထိန်လင်းနေသည်ကို တွေ့ရလေသည်။ ဇော်မောင့်စိတ်ထဲတွင် သူတို့သုံးယောက် တဲကို မီးရှို့လိုက်သည်ထင်၏။ သူတို့၏ ရည်ရွယ်ချက်ကိုတော့ ဇော်မောင် မသိပေ။ ဒါပေမယ့် သူတို့သုံးယောက်စလုံး ထူးဆန်းနေသည်ကိုတော့ သတိထားမိ



www.burmeseclassic.com

www.burmeseclassic.com

သည် မဟုတ်ပါလား။

■

ဇော်မောင် အိမ်ရှေ့ရောက်မှ စိတ်သက်သာရာရသွားလေသည်။ ထို့နောက် အိပ်ပျော်နေသော မိဘနှစ်ပါးအား နှိုးလေသည်။ ခဏကြာတော့ အိမ်ထဲမှ ထူးသံနှင့်အတူ အိမ်တံခါးပွင့်လာ၏။ ထိုအခါ အပေါက်ဝတွင် ရေနံဆီမီးခွက်မှိန်တုတ်တုတ်ကိုကိုင်ကာရပ်နေသော လူနှစ်ယောက်ကို တွေ့ရလေသည်။ ထိုလူနှစ်ယောက်မှာ ဇော်မောင်၏ အဖေ ဦးတင်ဦးနှင့် အမေ ဒေါ်နှင်းအေး ဖြစ်သည်။

ဦးတင်ဦးနှင့် ဒေါ်နှင်းအေးမှာ ဇော်မောင့်ကို မြင်သောအခါ ဝမ်းသာသွားကြသည်။ ဒေါ်နှင်းအေးဆိုလျှင် ဝမ်းသာပီတိမျက်ရည်များပင်ကျမိလေသည်။ သုံးနှစ်သုံးမိုးစလုံး ဘယ်ရောက်လို့ရောက်မှန်းမသိ စာမလာအကြောင်းမကြားနေလာခဲ့သည်။ ယခုမှ ပြန်တွေ့ရသောအခါ မိဘနှစ်ပါးမှာအတိုင်းအဆမရှိ ဝမ်းသာကြလေ၏။

ဇော်မောင်တို့ အိပ်ရာမဝင်ကြသေးဘဲ စကားထိုင်ပြောဖြစ်ကြသည်။ ဇော်မောင်ကလည်း မိဘများနှင့် ခွဲခွာခဲ့သည့် သုံးနှစ်အတွင်း သူကြုံတွေ့ခဲ့သည့်အကြောင်းလေးတွေ၊ မိဘများမှာလည်း သားဖြစ်သူ ရွာမှထွက်သွားချိန်တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းများကို ပြောလိုက်ကြ၊ ရယ်လိုက်ကြနှင့် စကားများ ဖောင်ဖွဲ့အောင် ပြောဆိုနေကြတော့ သည်။

"လူလေးရာ၊ပြန်လာမယ်ဆိုလည်း အဖေတို့ကို အကြောင်းကြားရောပေါ့။ လာကြိုမှာပေါ့"

ဦးတင်ဦးက ပြုံးချိုသော မျက်နှာဖြင့် ပြောလိုက်လေသည်။

ထိုအခါ ဇော်မောင်က -

"ရပါတယ် အဖေရယ်။ ဒီလမ်းနဲ့ ဒီခရီးက သွားနေကျလာနေကျပါ။ ကိစ္စမရှိပါဘူး"

ဝင့်ဝင့်ကြွားကြွားလေသံဖြင့် ပြန်ပြောလိုက်သည်။

ထိုအခါ အမေဖြစ်သူမှ -

"ဘယ်ဟုတ်ပါ့မလဲ သားရယ်။ သွားနေကျလာနေကျဆိုပေမယ့် မင်းဟာကတော်တော်ညဉ့်နက်နေပြီ။ အမေတို့က ဘယ်စိတ်ချနိုင်မလဲ"

ဟု စိုးရိမ်စိတ်ဖြင့်ပြောလိုက်လေသည်။

ထိုအခါ ဇော်မောင်က ရယ်ကျဲကျဲဖြင့် ပြောလိုက်လေသည်။

"ပြန်လာတာတော့ စောတယ် အမေရေ့။ လမ်းမှာ အစ်ကိုထွန်းခင်နဲ့တွေ့လို့"

ဇော်မောင်၏စကားကြားလိုက်ရသော ဦးတင်ဦးနှင့် ဒေါ်နှင်းအေးတို့ မျက်လုံးပြူးသွားကြသည်။

"ဘာ - ထွန်းခင်နဲ့တွေ့ခဲ့တယ် ဟုတ်လား လူလေး"

ဦးတင်ဦးမှ မေးလိုက်သောအခါ သူက ခေါင်းညိတ်ပြရင်း ထွန်းခင်နှင့် တွေ့ခဲ့ပုံများကို မိဘနှစ်ပါးအား ရှင်းပြလိုက်လေသည်။

"ဒါနဲ့ အဖေ၊ ကိုထွန်းခင်က ရွာဝိုင်းကြီးမှာနေတာ တစ်နှစ်ရှိပြီဆို။ ကျွန်တော်မေးတော့လည်း နောက်တော့ မင်းသိမှာပေါ့တဲ့။ ဘာဖြစ်လို့လဲ အဖေ"

ဇော်မောင်၏အမေးကို မဖြေနိုင်သေးဘဲ ဦးတင်ဦးနှင့် ဒေါ်နှင်းအေး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပင့်သက်ကို မြိုင်တူမှုတ်ထုတ်လိုက်ကြသည်။

ပြီးမှ ဦးတင်ဦးက ဇော်မောင်ဘက်သို့လှည့်ကာ -

"အင်း - ငါ့သားကိုပြောရင် ယုံမယ်တောင်မထင်ဘူး"

"ဘာဖြစ်လို့လဲ အဖေရဲ့"

"အင်း- ထွန်းခင်သေတာ တစ်နှစ်ကျော်သွားပြီ"

"ဗျာ"

ဇော်မောင် ဖခင်၏စကားကြားလိုက်ရသောအခါ သူစိတ်တွေယောက်ယက်ခတ်သွားလေသည်။ ခေါင်းထဲ၌လည်း ရှုပ်ထွေးနောက်ကျိသွားသည်။

"ဟုတ်တယ် လူလေး။ မနှစ်က ဒီလိုအချိန်ပေါ့။ ထွန်းခင်လယ်လုပ်နေရင်း ပိုးထိတာကို အိမ်ဇာနည်ပြန်မလာဘဲ ဖျားလက်ရှတွတ်ထမ်းချနေတယ်တဲ့ကွာ။ ခေါင်းထဲမူးနောက်နောက်နေမှ အိမ်ပြန်လာတယ်။ မြွေကိုက်ထားတာ ဘယ်လောက်ထိတောင်ကြာသွားလဲ မသိဘူး။ အိမ်ရောက်တော့ အကိုက်ခံရတဲ့ခြေထောက်တစ်ချောင်းလုံးဟာ ညိုမည်းနေတာပဲ။ အဆိပ်တွေ ပြန့်နေတာနေမှာပေါ့။ အဲဒီအခါကျမှ သူမိန်းမကိုပိုးထိတဲ့အကြောင်း ပြောတာ။ မိန်းမလုပ်တဲ့သူကလည်း ဒရောသောပါး ရွာထဲကလူတွေကိုအကူအညီတောင်းပြီး ဆေးရုံသွားကြတယ်။ ဒါပေမယ့် ဆေးရုံကိုမရောက်လိုက်ဘူး။ ရွာဝိုင်းကြီးချောင်းကူးတံတားနားမှာပဲ ဆုံးသွားတယ်"

"အဖေ တ. . . တကယ်ပြောနေတာလား"

ဇော်မောင် စကားတွေအထစ်ထစ်အငေါ့ငေါ့နှင့်မေးလိုက်သည်။

"ဒါနောက်စရာမှမဟုတ်တာ လူလေးရာ"

အဖေကတော့ အမှန်အတိုင်းပြောတတ်သည်။ မလိမ်တတ်၊ မညာတတ်ပေ။ ဒါပေမယ့် သူစိတ်ထဲတွင်လည်း ဝေခွဲမရဖြစ်နေသည်။

"အဖေ ဒါ. . . ဒါဖြင့် ဟို. . . ဟို. တိုးမောင်နဲ့ အောင်ကြီးကကော"

"ဟင် - လူလေး မင်း. . . မင်းသူတို့နဲ့လည်း တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် အဖေ တွေ့ခဲ့တယ်"

"အင်း - အဖြစ်အပျက်တွေက မယုံကြည်နိုင်လောက်အောင်ကို ဆန်းကြယ်နေပါလား၊ အံ့သြဖို့ကောင်းလိုက်တာ"

"ဒါဆို အဖေပြောချင်တာက. . "

"ဟုတ်တယ်လူလေး။ တိုးမောင်နဲ့ အောင်ကြီးက တစ်နေ့တည်း၊ တစ်ချိန်တည်း၊ တစ်နေရာတည်း အတူတူသေကြတာ။ သူတို့ကတော့ တစ်နှစ်ခွဲလောက် ရှိပြီ။ ရွာထိပ်က ကြံခင်းစောင့်ဖို့ တဲပေါ်မှာအိပ်နေရင်း မီးလောင်ပြီး သေသွားကြတာ။ ဘယ်ကနေဘယ်လို စလောင်လဲတော့မသိကြပါဘူး။

အဲဒီအချိန်မှာ ရွာထိပ်က ခင်မွေး အပေါ့သွားရင်း ကြံခင်းဘက်မှာ မီးထောင်နေတာတွေ့လို့ အော်ကာမှ သိကြတာ။ ရွာထဲကလူတွေလည်း အပြေးအလွှားသွားကြတာပေါ့၊ ဟိုရောက်တော့ တိုးမောင်နဲ့ အောင်ကြီး မီးလောင်ပြီး သေနေကြတာကို တွေ့ရတာ။

"အဲဒါတောင် မီးလောင်နေတာကို ခင်မွေးတွေ့လို့ပေါ့ နောက်မို့ဆို အလောင်းတောင် ပြန်ရမှာမဟုတ်ဘူး။ သေမှန်းလည်း သိကြမှာမဟုတ်ဘူး။ အင်း - သူတို့တလည်း အရက်တွေ အရမ်းမူးနေကြတယ်နဲ့တူပါတယ်"

ဇော်မောင် ဖခင်ကြီး၏ စကားများကြားရသည်မှာ စိတ်ဝင်စားစရာကောင်းသည့် ပုံပြင်တစ်ပုဒ်ကို နားထောင်နေရသလိုပင်။ သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များသည် မယုံကြည်နိုင်လောက်အောင်ကို ဆန်းကြယ်နေသည့်အတွက် အံ့သြမှင်တက်မိသွားလေ၏။ အံ့သြဖို့အလွန်ကောင်းလှသည့် အဖြစ်အပျက်များကို ကြားရသူတိုင်း



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတပျစ်ပျစ်သွားလျှင် ပျောက်ကင်းသောဆေးနည်းတစ်လက်

**မဟူရာ(ရောဝတီ)ကဿာ**

ကျွန်တော်၏ ဦးလေးသည် မိုးရာသီ၌ လယ်ထွန်ရင်း မခံမရပ်နိုင်အောင် မကြာမကြာ ဝမ်းတပျစ်ပျစ်သွားနေရာ အလုပ်မလုပ်နိုင်၍ နံနက်ဆွမ်းစားချိန်တွင် နွားနှစ်ကောင်မောင်း၍ အိမ်သို့ပြန်လာခဲ့ပါသည်။ အိမ်ပေါ်အတက်တွင် ဝမ်းသွားနေ၍ အလုပ်မလုပ်နိုင်ကြောင်း ပြောပြပါသည်။

ဆေးရုံ ဆေးခန်းတို့နှင့် ဝေးကွာလွန်းသောကြောင့် ဦးလေး၏ရောဂါကို မည်သို့ ပျောက်ကင်းအောင် ပြုလုပ်ရမည်ကို သိနားလည်ခြင်းမရှိပါ။ ကျွန်တော် စဉ်းစားနေစဉ် အိမ်ပေါ်သို့ ဘကြီးခိုင်တက်လာခဲ့ပါသည်။ ဦးလေး အိမ်ရောက်သည့်အချိန်မှစ၍ အိမ်သာသို့ သုံး၊ လေးခေါက်သွားနေရပါသည်။ ဘကြီးခိုင် အိမ်သို့ရောက်နေသည့်အချိန်တွင်လည်း ခဏခဏအိမ်သာသို့သွားနေရသည်။

"ဟဲ့-သာမောင်၊ မင်းဦးလေးဘာဖြစ်နေတာလဲ"

ဟု ဘကြီးခိုင်မှ ကျွန်တော့်ကို မေးခဲ့ရာ-

"ဝမ်းသွားနေတာတဲ့ ဘကြီးခိုင်။ (၅) ခါ၊ (၆) ခါလောက် ရှိသွားပြီ"

"ရွာတောင်ပိုင်းက အောင်သာတို့အိမ်ရှေ့မှာ ခရေပင်ရှိတယ်။ ခရေစေ့အခြောက်နဲ့ ခရေသီးအမှည့်တွေကို ရအောင်ကောက်လာခဲ့"

ဟု ဆိုသဖြင့် ကျွန်တော် ခရေသီးအခြောက်နှင့် အမှည့်တွေကို ကောက်ယူပြီး ဘကြီးခိုင်ကို ပေးလိုက်ပါသည်။

ထိုအချိန်တွင် ဦးလေးမှာ မောနေဟန်ရှိပြီး အိမ်ဦးခန်းတွင် အိပ်နေပါသည်။ ဘကြီးခိုင်သည် ကျွန်တော့်အား ကျောက်ပျဉ်နှင့် ကျောက်လုံးယူခိုင်း၍ ကျွန်တော်မှ ယူပေးလိုက်သည်။ ဘကြီးခိုင်အနားတွင်ထိုင်ပြီး ကျွန်တော်ကြည့်နေခဲ့သည်။ ဘကြီးခိုင်သည် ခရေစေ့အခြောက်တချို့ကို ကျောက်ပျဉ်တွင် အမှုန့်ဖြစ်အောင်ကြိတ်လိုက်ပြီး ပန်းကန်လုံးတွင် အမှုန့်ကို ထည့်လိုက်သည်။ ရေနွေးအနည်းငယ်နှင့် အမှုန့်တွေကို ဖျော်လိုက်သည်။ နောက် ဦးလေးကို ထိုင်ခိုင်းပြီး တိုက်ပေးလိုက်သည်။ ခဏလောက်ထိုင်ပြီး -

"မင်းဦးလေး ဝမ်းသွားရပ်ပြီး ရောဂါပျောက်ကင်းသွားလိမ့်မယ်"

ဟု ပြောကြား၍ အိမ်သို့ပြန်သွားပါတော့သည်။

"သာမောင်၊ ငါဝမ်းရပ်သွားပြီ။ ဘကြီးခိုင် ဘာဆေးတွေတိုက်လိုက်တာလဲ"

ဟု ကျွန်တော့်ကိုမေးခဲ့ရာ -

"ခရေသီးအခြောက်အမှုန့်နဲ့ ခရေသီးအမှည့်တွေကို ကျွေးလိုက်တာပါ"

ဟု ကျွန်တော်မှ ဦးလေးကို ပြုံးပြုံးရင်း ပြောပြလိုက်သည်။ လူနာလာ မေးနေကြသော လူတွေကြားမှ အရီးလေးက -

"ကျွန်မတူမလေး ဝမ်းသွားနေတုန်းကလည်း ဘကြီးခိုင်ကို ခေါ်လိုက်တော့ ဒီဆေးကို တိုက်လိုက်တာ ပျောက်ကင်းသွားတာပဲ"

ဟု အရီးလေးမှ ထပ်ဆင့်၍ ခရေသီးခြောက်အစေ့နှင့် ခရေသီးမှည့်တွေဟာ ဝမ်းသွားနေခြင်းကို တားဆီးပေးနိုင်သည်ဟု ထပ်လောင်း၍ ပြောပြနေပါတော့သည်။

*(ဤဆေးနည်းအား ပြောပြပေးခဲ့သော သာယာကုန်းရွာမှ ဘကြီးခိုင်အား ဤစာစုဖြင့် မှတ်တမ်းတင် ဂုဏ်ပြု၍ သူရဇ္ဇမဂ္ဂဇင်းတွင် ရေးသားလိုက်ရပါသည်။)*

မဟူရာ(ရောဝတီ)ကဿာ

---

လည်း အံ့ဩမှင်တက်မိမှာ အမှန်ပင်။

"အင်း - စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ သဘက်၊ ဖုတ်၊ ပြိတ္တာ၊ အသူရကာယ်တို့ဆိုတာ ဘုရားရှင်လက်ထက်တော်ကတည်းက ရှိခဲ့ဖူးတယ်လို့ စာပေကျမ်းဂန်တွေထဲမှာ ရေးသားထားတယ် လူလေး"

"ဒါဆို ကျွန်တော် သရဲအခြောက်ခံရတာပေါ့"

"ကဲပါ လူလေးရာ၊ အဲဒါတွေကို နောက်နေ့မှ ဆက်ပြီးပြောကြတာပေါ့။ အခု မင်းလည်း ခရီးပန်းလာတာဆိုတော့ အိပ်တော့။ အဖေတို့လည်း အိပ်တော့မယ်"

ဇော်မောင်၏ အဖေနှင့် အမေက ပြောပြောဆိုဆို ထသွားကြလေသည်။ ဇော်မောင်လည်း အိပ်ရာထဲဝင်လှဲရင်း ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို စဉ်းစားမိတိုင်း ခေါင်းနားပန်းများကြီးသွားလေ၏။

'အင်း - သူတို့တိုက်တဲ့အရက်ကို သောက်ပြီး သူတို့နဲ့သာဆက်ရှိနေရင် ဘာတွေဆက်ဖြစ်မလဲမသိဘူး။ ကံသီပေလို့။ အင်း - ဒါ ဘမ္ဗုဒ္ဓေဂါထာတော်ကြီးအစွမ်းကြောင့် ပရလောကသားတွေလက်ထဲက သီသီလေးလွတ်လာတာ။ နောက်မို့ဆို ငါ့ကို လိပ်ပြာနုတ်ယူသွားရင်သွားကြမှာ'

ဇော်မောင်စဉ်းစားရင်း သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်လေသည်။ ထို့နောက် ဇော်မောင် စောင်ကိုဆွဲခြုံပြီး အိပ်သော်လည်း ချွေးသီးချွေးပေါက်များ သာကျလာသည်။ အိပ်၍လုံးဝမရပေ။ သူ၏စိတ်တွေက ဟိုတွေးဒီတွေးနှင့် ဂနာမငြိမ်ဖြစ်နေလေသည်။

နောက်တစ်နေ့ မိုးလင်းတော့ ဇော်မောင် ရွာထိပ်ကြုံခင်းဘက်သို့ တစ်ယောက်တည်း ထွက်လာခဲ့လေသည်။ ညက သူတွေ့ခဲ့တဲ့ ကြုံခင်းနှင့် ခြေတံရှည်တဲလေးကို အရိပ်အယောင်မျှပင် မတွေ့ရချေ။ ထိုနေရာကြီးမှာ မြေလွတ်ကြီးဖြစ်နေပြီး ၎င်းနေရာတွင် ချုံနွယ်များနှင့် မြက်ရိုင်းပင်များ ပေါင်း… ပေါက်နေသည်ကို တွေ့ရ၏။

ထိုနေရာရောက်သော် ဇော်မောင်၏ ကြက်သီးများဖြန်းခနဲထသွားလေ… သူ၏ နောက်တွင်လည်း တစ်ဦးထ… ယောက်ရောက်နေသလို ခံစားရလေ၏။

ထိုအချိန်တွင် ဇော်မောင်သည် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို သတိရကာ နှုတ်မှ ခပ်ကျယ်ကျယ်လေးအသံထွက်၍ ရွတ်ဖတ်လိုက်လေ၏။ ထို့နောက် သူ၏ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ကင်းလိပ်လျှောသုံးကောင် မြက်တော… ထဲသို့ ပြေးဝင်သွားသည်ကို ဇော်မောင် တွေ့လိုက်ရလေသည်။

၎င်းအဖြစ်အပျက်သည် တိုက်ဆိုင်… မှုတစ်ခုလားတော့ ဇော်မောင် မတွေး… တော့ မစဉ်းစားတတ်တော့ပေ။

ဌေးခင်အေး (ဇီးကုန်း…)



www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်



"မင်္ဂလာပါဆရာကြီး" ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည်. "ဪ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ" ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အိုကြီးအိုမ်ပေါက်စ ကျနေတာပဲ၊ ရှည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ခရာ စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မှုဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဪ . . ဒါဆိုမပျော့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး ဆေးစစ် ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ဝင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်၊ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ တစေတ္တ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သခွားသီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး . ဘာရယ်မှန်းမသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ တန်ဖိုးကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊ ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက အတိလက်လွတ် နေတတ်ကြတာကိုး" "ဆရာကြီး တို့ ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တုန်းက အရုပ် အမြဲတမ်းကျန်းမာလန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူရဲ့ခန္ဓာကိုယ်မှာ အဓိကအရေးကြီးဆုံးဖြစ်တဲ့ ဆီး ဝမ်း သွေး (မွေး)၊ လေဆိုတဲ့ ဓလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး ဝမ်း သွေး (မွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် ဘာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်စေနိုင်တာ တယ်လေ၊ ဒီ (၄)မျိုး ညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး ဝမ်း သွေး (အချို့သားများ ဆိုရင် မွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ဖြည့်ဖြင့်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ် ရည်ထက်မြက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက် ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး၊ တည်ဆောက်နိုင်တာ ပေါ့" ဆီး ဝမ်း သွေး (မွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး "များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးက တော့ . . . ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ် ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါပဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ်" "ကျန်းမာရွှင်လန်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြော ထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒုလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ် ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်၊

"မင်္ဂလာပါ ဆရာကြီး" "ဪ မောင်ထွန်းကျော် ကျန်းမာဖိုပြည် လို့ပါလားကွယ်" "ဆရာကြီးညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး ဝမ်း သွေးလေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျာ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**
အမှတ် (၂၉၁)၊ နှင်းဆီလမ်း၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၆၊ ၀၉ ၄၃၀ ၃၁၀ ၄၁၊

www.burmeseclassic.com

www.burmeseclassic.com

စလင်းမြို့နွေသည် ပူပြင်းပါသည် ဟု ရေးရပါမည်။ မင်းဘူး၊ ပခုက္ကူ၊ ချောက်၊ မကွေး၊ ရေနံချောင်းတို့သည် စလင်းမြို့ထက် ပူပြင်းလေသည်။ နေပူ က ဖော့ပူစမြဲ။ သို့သော် စလင်းမြို့၌ မန်ကျည်းပင်များရှိရာ ထိုအပင်တို့နှင့် တွေ့ထိရာဒေသတို့မှာ လေပူမှ လေ အေးသို့ပြောင်းပြီး အပူဒဏ်များလျော့ ပါးသွားသည်။ ကျွန်ုပ် နေထိုင်သော အဘိုးဖြစ်သူ သူကောင်းဦးလူကြီးတိုက် တောင်ဘက်တစ်လျှောက်တွင် မန်ကျည်း ပင်ငါးပင်မျှရှိသောကြောင့် တိုက်တောင် တံခါးဘက်ရှိ မန်ကျည်းပင်အောက်တွင် မြေစာရင်း အင်စပိတ်တော်ကြီး ဦးသာ ဒွန်းဦးတို့သည် နေခိုကြစမြဲ၊ စကားဝိုင်း သည်လည်းဖြစ်မြဲပင် ဖြစ်သည်။

ယမန်နေ့က ရဲဘော်ဖြူတို့ အမြောက်များအကြောင်းကိုပြောရာမှ ဗြိတိသျှတို့ရေတပ်မှ အထက်မြန်မာပြည် သိမ်းပိုက်ရာတွင် ပါဝင် ဆင်နွှဲပုံကို ဗြိတိသျှ တော်ဝင် ရေတပ်သမိုင်းပါ အချက်တို့ကို ပြောရသည်။ ယနေ့ နေ့ လယ် လူစုံသောအခါ အင်စပိတ်တော် ကြီးက စတင်၍ -

"သူရိယသဘော်က မြန်မာပိုင် လား၊ အင်္ဂလိပ်ပိုင်လားခင်ဗျာ"

ဟု စကားစလာသည်။

ကျွန်ုပ်က -

"သူရိယသဘော်အကြောင်းက တော့ ဗြိတိသျှပိုင်ရေဝတီဖလုပ်တီလာ ကုမ္ပဏီပိုင်ပါလို့ ဆိုရပါမယ်။ ကျုပ်တို့ မင်းဘူးနဲ့ မကွေးကြားက သဘော်ကျွန်း နားမှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင်က သဘော်ပျက်ကြီးတစ်စီးကို တွေ့ရသဗျ။ နွေဆိုရင် သဘော်ကြီးတစ်စီးလုံးနီးပါး ပေါ်တယ်။ ကျုပ်က သဘော်ကိုယ်စား လှယ်ကြီးလုပ်တဲ့ ထောက်ရှာပင်ရွာက ဦးအောင်ခင်၊ ခာတ်တော်ကုန်းအပိုင်းက ဦးကိုလေးတို့ မေးကြည့်တော့ သူရိယ သဘော် သောင်တင်ပြီး နစ်မြုပ်သွား တာပါလို့ပြောတယ်။ သူတို့ပြောတာကို ဆန်းစစ်ချင်တော့ စီစီကြီး၊ ပြောပြီး အရေးပိုင်စာကြည့်တိုက်ကို ဝင်မွှေတော့ သူရိယသဘော်ရဲ့ မှတ်တမ်း ရသဗျ။ အရေးပိုင်စာကြည့်တိုက်က စုံပါတယ် ခုတော့ ကုန်ပါပြီ။ သောင်းကျန်းသူတွေ က ဝင်အသိမ်း သူခိုးသူဝှက်ကရော ယူ၊ စာအုပ်တွေတာတမ်းတွေက ပျက်စီး စာကြည့်တိုက်လည်းပျက်တော့တာပါဗျာ။ ဂလပ်စကိုမြို့မှာတည်ဆောက်ပြီး ရေ ဝတီဖလုပ်တီလာ ကုမ္ပဏီလီမိတက်က ရန်ကုန်နဲ့မန္တလေးကို စုန်-ဆန်ခရီးသည် နဲ့ကုန်များသယ်ဆောင်ခဲ့တဲ့ အေးယား တဲ့ မီးသဘော်ပါဗျ။ အင်္ဂလိပ်သင်္ဘော

# အနောက်တံခါးမှူးမောင်မှူး

## ဗြိတိသျှအရာရှိတို့ရေးသည့်မှတ်တမ်းများမှ ပါတော်မူ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ဆိုရင် P.S.S. Thooreah လို့ ခေါ်သဗျ။ ၁၈၈၅ ခုနှစ်မှာ အရှင်နှစ်ပါးကို မန္တလေးအနေတင်ဆောင်ပြီး ရန်ကုန်မြို့အထိ ဆိုင်းဆင်းတဲ့သင်္ဘော ဖြစ်တယ်"

ဟု ပြောရသည်။

ခရစ်နှစ်၁၈၈၀ပြည့်နှစ်မှာ ဒယ်နီအာယူနှင့်ညီများကုမ္ပဏီ ဒပ်ဘာတန်ကတည်ဆောက်ပေးပါတယ်။ တန်ချိန် (၁၅၂) ရှိတယ်။ အလျား (၇၈. ၅)၊ ဗြက် (၁၀. ၄) မီတာရှိသဗျ။ ဂလပ်စကိုမြို့ရှိ ရောဝတီဖလုပ်တီလာကုမ္ပဏီပိုင် သင်္ဘောပါ။ မင်းဘူးနားမှာ ၉-၂-၁၈၈၇ ခုနှစ်က သောင်တင်ပြီး နစ်မြုပ်တယ်လို့ မှတ်ရသဗျ။ အဆိုအရကတော့ သင်္ဘောကို စစ်သင်္ချိုင်းအဖြစ် သတ်မှတ်တယ်လို့ ဆိုတယ်"

ဦးသာဒွန်းဦးက -

"ပါတော်မူအကြောင်းနဲ့ပတ်သက်ပြီး ဗြိတိသျှအရာရှိများမှတ်တမ်းများလည်းရှိမှာပေါ့ ခင်ဗျာ"

ဟု မေးမြန်းသည်။ မေးပြီးလျှင်လည်း ဆွမ်းဖောင်တိန်ကြီးနှင့် မှတ်တမ်းတင်သည်။

"အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းလို့ မြန်မာလို ပြန်ဆိုထားတဲ့ အိုင်စီအက်(စ်) လို့ မြန်မာအရာရှိများကသိတဲ့ အရာရှိကြီးများဟာ အောက်မြန်မာပြည်လို့ ယခုခေါ်နေကြတဲ့ မြန်မာပြည်အောက်ပိုင်းကို တတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲမတိုင်မီ ဗြိတိသျှဘားမား (British Burma) လို့ ခေါ်ပြီး မြန်မာဘုရင်အုပ်ချုပ်တဲ့ အထက်မြန်မာပြည်ကို Burma Proper လို့ ခွဲခြားပြီး ခေါ်ခဲ့တယ်။ တတိယ အင်္ဂလိပ် - မြန်မာစစ်ပွဲမဖြစ်မီ အိုင်စီအက်(စ်)တန်း အရာရှိတစ်ဦးဖြစ်တဲ့ ဆာဟာဘတ်တင်ကယ်ပိုတ် (ကေစီအိုင်အီး)ရဲ့ မှတ်တမ်းစာအုပ်ဟာလည်း အတော်စိတ်ဝင်စားစရာကောင်းပါတယ်။ ရွှေရိုးအမည်ခံ မစ္စတာဂျေစီစကော့ရဲ့စာအုပ်တွေလည်း ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သီပေါမင်းကို သူရိယသင်္ဘောနဲ့ မန္တလေးမြို့ကနေ ရန်ကုန်ရောက်တော့ ရန်ကုန်မှာ ပထမဦးစွာ မင်းနှစ်ပါးကို တွေ့ရသူဖြစ်လို့ပါ။ နောက်ပြီး သူက ဗြိတိသျှပိုင် အောက်မြန်မာပြည်ကို ၁၈၇၈ ခုနှစ်က စပြီး ရောက်ပါတယ်။ မြစ်ဝကျွန်းပေါ်ဘက်မှာ နယ်ပိုင်ဝန်ထောက်လုပ်တယ်။ ၁၈၈၁ ခုနှစ်ကျတော့ သရက်မြို့မှာ တာဝန်ကျတယ်။ သူ့အဆိုအရ သရက်မှာ တပ်ရင်း (၄၃) ရှိတယ်။ တစ်ဝက်က နယ်စပ်တစ်လျှောက် ဖြန့်ထားတယ်။ နောက် တပ်ရင်း (၄၄) ရှိတယ်။ မဒရပ်တပ်ခြေလျင်တပ်ရင်းက ဘက်တယ်လီယန် (၂) ခု ရှိတယ်။ အမြောက်တပ်ရှိတယ်။ မြို့မြောက်ဘက်မှာ ခံတပ်ရှိပြီး တပ်များကို နေရာချထားပါပြီ။ မြေထဲ (အာလန်မြို့)မှာ အင်္ဂလိပ်ခြေလျင်တပ်ချထားတယ်။ အကောက်ခွန်ဌာနလည်း ရှိတယ်။ ရာဇဝတ်ဝန်ထောက် (၁) ဦး (Asst; Suprintendent of Police)၊ လမ်းဝန်ထောက် (၁) ဦး (Asst. Engineer)၊ ကောလိပ်တော်အရာရှိ (Collector of Custom) အဖြစ် နယ်ပိုင်ဝန်ထောက်က ဆောင်ရွက်ရတယ်။ အာလံမှာ သပ်ရပ်တဲ့ အိမ်ကလေးရပါတယ်လို့ ဖော်ပြထားပါတယ်။ ဗြိတိသျှက အချိန်အခါကျတာနဲ့ အထက်မြန်မာပြည်ကို တက်သိမ်းနိုင်ရန် စီစဉ်ထားပြီးဖြစ်တာကို တွေ့ရပါတယ်။ တိုင်းပြည်အကွဲမှာ သိမ်းဖို့စောင့်နေခြင်းပါ။

သရက်မှာ အရေးပိုင် (Deputy Commissioner) ရှိပါတယ်၊ ကန်တော်မင် (Cantonment) တပ်နယ်မှူးလည်း ရှိတယ်။ ကန်တော်မင်ရာဇဝတ်တရားသူကြီး (Cantonment Magistrate) ကို နယ်ပိုင်ဝန်ထောက်က လုပ်ရပါတယ်။


အိန္ဒိယဘုရင်ခံချုပ်ထံ တိုင်တားမင်းကြီးရဲ့ သမက်တော် ကျောက်မြောင်း





www.burmeseclassic.com

www.burmeseclassic.com



'အင်းဝ' ခရစ်နှစ် ၁၈၈၅ နိုဝင်ဘာ (၂၇) ရက်က မြင်ကွင်း

အတွင်းဝန်ဦးဆောင်တဲ့မြန်မာသံအဖွဲ့ကို ကြိုဆိုရပါတယ်။ သူတို့နဲ့အတူ မြန်မာစကားရေလည်စွာပြောဆိုနိုင်တဲ့ မစ္စတာ ပင်ချာ(လ်)(Mr. Pilcher)ပါလာပါတယ်။ သူတို့ကို ကြိုဆိုပြီး အိန္ဒိယပြည် ဆင်းမုလားမြို့ကိုသွားဖို့ စီစဉ်ပေးခဲ့ရတယ်။

၁၈၈၂ ကုန်ခါနီးမှာ ဟာဘတ်တင်ကယ်ဝိုက်က သရက်အရေးပိုင်ဖြစ်ပါတယ်။ ရက်အနည်းငယ်မျှသာဖြစ်ပြီး ၁၈၈၃ ခု နှစ်စမှာ ရန်ကုန်မြို့မှာ အတွင်းဝန်လေး(Junior Secretary)အဖြစ် အမှုထမ်းရတယ်။ သူအတွေ့အကြုံကိုဖော်ပြထားပုံက -

'တတိယ အင်္ဂလိပ် - မြန်မာစစ်ပွဲဖြစ်ရပုံမှာ ကင်းဝန်မင်းကြီးရဲ့ ဉာဏ်ရည်မြင့်မားပြီး နိုင်ငံတကာဆက်ဆံရေးတွင် မြန်မာနိုင်ငံအနေဖြင့် ဝင်ဆံ့လာရန် ကြိုးပမ်းမှုကို ဗြိတိသျှတို့စိုးရိမ်လာတယ်။ မင်းတုန်းမင်းလက်ထက်တော်မှာ ကင်းဝန်မင်းကြီး ခေါင်းဆောင်တဲ့ သံအဖွဲ့ဟာ အင်္ဂလန်လာတယ်။ အင်္ဂလန်က စက်မှုထုတ်လုပ်သူတို့က ကြိုဆိုတယ်။ နောက် ဥရောပတိုက်ရှိ ဂျာမနီ၊ ပြင်သစ် စသောနိုင်ငံများကို ရောက်ပါတယ်။ စက်မှုလုပ်ငန်းများ လေ့လာတယ်။ ဒီအထိတော့ ဗြိတိသျှတို့က သဘောကျတယ်။ ကင်းဝန်ရဲ့ အကြံအစည်က နိုင်ငံတကာနဲ့ ဆက်ဆံရေးကောင်းလာပြီး ကမ္ဘာ့နိုင်ငံရေးလောကထဲမှာ မြန်မာပါလာစေရန် အားထုတ်ခြင်းပါပဲ။ ကုန်သွယ်ရေးမစ်ရှင်အနေနဲ့ ဥရောပခရီးထွက်ရာမှာ ဥရောပနိုင်ငံရေးကို လေ့လာခွင့်ရသွားတယ်။ နိုင်ငံကြီးများအချင်းချင်း ဆက်ဆံပုံတို့ကို သိမြင်လာတယ်။ ပြင်သစ်၊ ဂျာမနီ၊ အီတလီ စတဲ့နိုင်ငံတွေနဲ့ စာချုပ်တယ်။ ၁၈၈၅ ခုနှစ်နှောင်းပိုင်းမှာ ပြင်သစ်နဲ့ဆက်ဆံရေးက တိုးတက်လာတယ်။ ပြင်သစ်ကောင်စစ်ဝန် မန္တလေးမှာ ရုံးဖွင့်တယ်။ ပြင်သစ်ဘဏ်တစ်ခုလည်းဖွင့်မယ် ဖြစ်လာပြီ။ ဗြိတိသျှရဲ့ ရည်ရွယ်ချက်ကို ဖျက်ဆီးတော့မယ့် အလားအလာရှိတယ်။ သစ်ကုမ္ပဏီကိစ္စက ပေါ်လာတော့ ဒါကို အကြောင်းပြုပြီး စစ်ဖြစ်ရတာပါ'

လို့ ဆာဟာဘတ်တင်ကယ်ဝိုက်က သူရေးတဲ့ A CIVIL SERVENT IN BURMA မှာ ရေးထားပါတယ်။ ကဲ - ဦးသာဒွန်းဦးက သိလိုရင်တော့ ဖိုင်တွဲမှာ ကျုပ်ကူးထားတာရှိလေရဲ့၊ ကူးပေါ့ဗျာ"

"သင်းတို့အကြံက စဝါးကြီးမြွေလို အသွာစောင့်ပြီး အခြေအနေကောင်းမှ မျိုဖို့ စောင့်နေတာ။ ပြင်သစ်ဝင်လာရင် ခက်ချည်ရဲ့ဆိုပြီး အကြောင်းမရှိ အကြောင်းရှာပြီး သိမ်းတော့တာပါပဲ"

"စစ်ပွဲအကြောင်းတော့ ခင်ဗျားတို့လည်း အသိပါပဲ၊ ၁၄-၁၁-၁၈၈၅ မှာ နယ်စပ်ဖြတ်ကျော်တယ်။ ၁၇-၁၁-၁၈၈၅ မှာ မင်းလှခံတပ်ကို တိုက်ခိုက်တယ်။ ၂၃-၁၁-၁၈၈၅ မှာ ပုဂံရောက်တယ်။ မြင်းခြံမှာ ၂၅-၁၁-၁၈၈၅ မှာ တိုက်ပွဲဖြစ်တယ်။ ၂၆ ရက်နှင့် ၂၇ ရက်မှာ စစ်ကိုင်း အင်းဝခံတပ်များကို သိမ်းတယ်။ ၂၈ ရက်မှာ မန္တလေးသိမ်းပြီးပါပြီ။ လက်နက်လူသူကွာတော့ မခံနိုင်တာပါ။

အရှင် (၂)ပါး ရန်ကုန်ကို သူရိယသင်္ဘောနဲ့ရောက်တော့ ပထမဦးဆုံးတွေ့ဆုံသူက ဟာဘတ်တင်ကယ်ဝိုက်ဖြစ်ပါတယ်။ အရှင် (၂) ပါးကို တွေ့ရချင်း -

'ကျွန်ုပ်သည် အတွင်းဝန်ရုံး၌ အရာရှိငယ်တစ်ဦးဖြစ်သဖြင့် သူရိယသင်္ဘော ရန်ကုန်သို့ဆိုက်ရောက်လျှင် သင်္ဘောပေါ်သို့ တက်ရောက်ပြီး သီပေါမင်းနှင့် မိဖုရားတို့ကို တွေ့ဆုံလျက် လိုအပ်သည်များကို ဆောင်ရွက်ရန် တာဝန်ပေးထားပါသည်။ သီပေါမင်းကို တွေ့



သူရိယသင်္ဘောအား ရန်ကုန်မြစ်အတွင်းတွေ့ရပုံ (ဗြိတိသျှစစ်သင်္ဘောသားတစ်ဦးက မှတ်တမ်းပြုထားမှု)



www.burmeseclassic.com

www.burmeseclassic.com

ရသောအခါ သူ၏ ရုပ်သဏ္ဌာန်မှာ သာမန်ဗမာတစ်ဦးပမာ တွေ့ရပါသည်။ သူ၏ သဏ္ဌာန်မှာ ရက်စက်သည့် ပုံသဏ္ဌာန်အသွင်ကို မတွေ့ရ။ လက်ရှိအခြေအနေကိုလည်း စိတ်ထိခိုက်ပုံမပေါ်။ အလောင်းမင်းတရား၏အဆက်အနွယ်တစ်ဦးဖြစ်သည့်အတိုင်း ခံ့ညားသောအသွင်ဖြင့် တွေ့ရသည်။ ၎င်း၏ အစ်မတော်နှင့် သီပေါမင်းတို့မှာ မင်းတုန်းမင်းနှင့် အတော်တူသည်။ မိဖုရား စုဖုရားလတ်မှာလည်း အခြားဗမာအမျိုးသမီးကဲ့သို့ပင် ရုပ်ရည်ရှိသော်လည်း ထက်မြက်ပုံရသည်။ စုဖုရားလတ်အကြောင်းပြောရလျှင် ရက်စက်မှု၊ ကောက်ကျစ်မှုများနောက်ကွယ်တွင် ပါသည့်သူ၊ နန်းတွင်းရေးရာ၊ အုပ်ချုပ်မှုအပိုင်းတွင်ပါလေ့ရှိသောကြောင့် သီပေါမင်းလက်ထက်တော်တွင် ဖြစ်သမျှအကြောင်းအရာတို့တွင် စုဖုရားလတ်တာဝန်မကင်းကြောင်း ပြောကြသည်။ မန္တလေးမှရသောသတင်းများအရ ကြားရပုံမှာ မိဖုရားနှင့်မသင့်သူများက ချဲ့ထွင်ပြောကြသည်ဟု ကျွန်ုပ်ယူဆမိသည်။ မနာလိုဝန်တိုသူ၊ သူ၏ခင်ပွန်းဖြစ်သူကို မင်းတုန်းမင်းကဲ့သို့ မိဖုရားများထားသကဲ့သို့မဖြစ်စေရန် စောင့်ကြည့်သူ၊ မည်သည့် မိန်းကလေးမဆို ဘုရင်က စိတ်ဝင်စားသော် မိန်းကလေးမှာ တင်းမာစွာ ဆက်ဆံခံရသည်ဟု ဆိုကြသည်။ နန်းတွင်းတစ်နေရာရှိ တံခါးရွက်ပေါ်တွင် သွေးစွန်းနေသော လက်ရာမှာ ဘုရင်နှင့် အကျွမ်းဝင်သော မင်းသမီးတစ်ဦး၏ လက်ဝါးရာဖြစ်သည်ဟု ပြောကြသည်။ ကင်းဝန်မင်းကြီးကိုလည်း ပြင်းထန်စွာ ပြောဆိုခဲ့သည်ကိုလည်း ပြောကြသည်။ မိဖုရားနှင့် မစာည့်သူများက ပုံကြီးချဲ့၍ပြောကြခြင်းဖြစ်သည်ဟု ယူဆရသည်။ သို့သော် မိဖုရားသည် သီပေါဘုရင် ပွဲတော်မတည်မီ ထမင်းစားသည်မှာ မြန်မာအမျိုးသမီးများပြုခဲ့သော ကိစ္စတစ်ရပ် ဖြစ်နေသည်။ တိုင်းရေးပြည်ရေးကိစ္စတို့တွင် ဝင်ရောက်စွက်ဖက်သည်။ သူသည် အမိက ဆုံးဖြတ်ချက်ပြုစေရန် ပြုသူဆိုသည် အမှန်ဖြစ်သည်ဟု ယူဆရမည်'


လို့ သူက Sir Herbert Thirkell White က ၁၉၀၃ ခုနှစ်၊ စက်တင်ဘာမှာ ရေးတဲ့ A Civil Servant in Burma စာအုပ်မှာ ရေးပါတယ်။ သီပေါမင်းကို (R.I.M.S.Clive)သင်္ဘောနှင့်အိန္ဒိယနိုင်ငံကို ပို့ဆောင်ရကြောင်း ရေးထားတယ်။

အင်္ဂလိပ်စာရေးဆရာက ဆက်ရေးတာက အရင်စစ်ပွဲတွေမှာ မြန်မာများ ခံတပ်များကို အသေခံကာ ခုခံကြသော်လည်း ယခုစစ်ပွဲမှာ လွယ်လွယ်နှင့်နိုင်ခဲ့တာကို အံ့ဩစရာကောင်းကြောင်းလည်း ပါတယ်။ ဒါကို ဆာချားလ်ခရိုဇ်ဝိတ် ရေးတဲ့ The Pacification of Burma မှာလည်း ထည့်ရေးတယ်။ ခုလို အလွယ်တကူနိုင်တာဟာ ဘာကြောင့်လဲဆိုတော့ စတာလင်ပေါင် (၅၀၀၀)သာ တိုင်းပြည်ဘဏ္ဍာရှိတော့ စစ်တစ်ပွဲစာတောင်မှ စစ်ပွဲအတွက်ငွေမရှိလို့ အမြဲတမ်းတပ် (Regular Army) မရှိလို့ ဆိုပါတယ်။ နန်းတွင်းမှာ အမှုထမ်းတဲ့သူများက စိတ်ဝမ်းကွဲကြတယ်။ လာဘ်စားကြတယ်။ အုပ်ချုပ်မှုညံ့လို့ဟု ဆိုပါတယ်။ ဗြိတိသျှတပ်က စစ်ရေးဝ၊ စည်းကမ်းရှိ လက်နက်ပြည့်စုံ၊ အုပ်ချုပ်သူတပ်မှူးတလည်းကောင်းလို့ အမြန်သိမ်းနိုင်တာဝါလို့ ရေးထားပါတယ်။

သူက မန္တလေးကို ရောက်တော့ နန်းတွင်းတမှတ်တမ်း၊ ပေစာ၊ ပုရပိုက်စသည်တို့ကို စာရင်းပြုစုတယ်။ သူ့စာရင်းက အကြောင်းအရာအညွှန်းပါတယ်။ အင်္ဂလိပ်လိုအားဖြင့် တတ်တလောက်လို့ ခေါ်ပါတယ်။ အဲဒီမှတ်တမ်းက မစ္စတာဘားနတ်က ရန်ကုန်မှာ စာကြည့်တိုက်လုပ်တော့ ဒီပုရပိုက်အညွှန်းတွေဟာ သုတေသီများအတွက် အသုံးတည့်တာပေါ့ဗျာ။

သီပေါဘုရင် ရန်ကုန်ရောက်ပြီ သူရိယသင်္ဘောနဲ့ မန္တလေးကိုသွားတဲ့သူက ဂျိမ်း(စ်)အယ်ဖရက်ကို(လ်)ဘတ်ဖြစ်ပါတယ်။ သူက ခရစ်ယာန်သာသနာပြုသူပါ။ ၁၈၈၅ ခု၊ ဒီဇင်ဘာလ ၁၈ရက်နေ့မှာ ရန်ကုန်မြို့ကနေပြီး ခရစ်ယာန်ဘာသာဂိုဏ်းချုပ်ဘစ်ရှော့ (Bishop)က မန္တလေးကို အမြန်သွားပြီး သာသနာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် စေလွှတ်ခြင်း ဖြစ်ပါတယ်။ မန္တလေးမှာရှိတဲ့ခရစ်ယာန်ဘုန်းကြီးအိမ် (Clergy house)၊ ဘုရားရှိခိုးကျောင်း (Church) တို့ကို အမြန်သွားရောက်ပြီး သာသနာပြုစေရန် ဖြစ်ပါတယ်။

သူရဲ့ ၁၈-၁၂-၁၈၈၅ ရက်စွဲနဲ့ သူရိယသင်္ဘောပေါ်ကနေပြီး ရေးသားတဲ့စာအရ စစ်ဆင်ရေးအဖွဲ့နဲ့ သူ မလိုက်ကြောင်း၊ မန္တလေးသို့ ဆောလျင်စွာသွားရမည်မထင်မိကြောင်း၊ ယခုမှ ခရစ်ယာန်ဂိုဏ်းချုပ်ဆရာတော်၏တိုက်တွန်းအမိန့်ရှိချက်အရ ဧရာဝတီဖလုပ်တီလာကုမ္ပဏီပိုင် သူရိယသင်္ဘောဖြင့် မန္တလေးသို့ ရန်ကုန်မှ ၁၈-၁၂-၁၈၈၅ ခု၊ ကြာသပတေးနေ့ မွန်းလွဲ (၁၂)နာရီ (၇) မိနစ်တွင် ထွက်ခွာလာရသည်။ သီပေါဘုရင်ကို ဤသင်္ဘောဖြင့်မန္တလေးမှ ခေါ်ဆောင်လာခဲ့ကြသည်။ ကျွန်ုပ်တို့သင်္ဘောသည် သီပေါဘုရင်နှင့် သူ၏အခြွေအရံတို့ တင်ဆောင်ထားသောရေတပ်သင်္ဘောအနီးမှ ဖြတ်သန်းမောင်းလာသည်။ ထိုနည်းတူ (၂၄)နာရီအတွင်း ထွက်ခွာမည်ဟု ညွှန်ပြသော ဘီလူးပိတာအလံလွှင့်လျက် မီးခိုးမောင်းအပြည့်နှင့် ထွက်ရန်ပြင်နေသော ကန်းနင်းသင်္ဘောကိုလည်းဖြတ်ကျော်၍ထွက်လာပါသည်။ ကျွန်ုပ်၏ ထင်မြင်ချက်ကိုပြောရလျှင် သီပေါဘုရင်နှင့် သူ့အခြွေအရံတို့သည် ဘုံဘေ သို့မဟုတ် အနီးအနားရှိ မြို့ကြီးတစ်မြို့ဖြစ်သော ရတနာဂီရိသို့ပို့တော့မည်။ ထိုဒေသတွင် ကာလကြာသည်အထိ နေရပါတော့မည်။ သတင်းစာများ ရေးသားသကဲ့သို့ သီပေါမင်းသည် ဆိုးသည် မဟုတ်။ ရက်စက်သော လုပ်ဆောင်ချက်များကို သီပေါဘုရင်၏အမည်နှင့် ဆောင်ရွက်သော သူ၏အကြံပေးသူတို့သာလျှင် တာဝန်ရှိသည်။ ကျွန်ုပ်တို့သည် အထက်မြန်မာပြည်၏ အနာဂတ်ကို မခန့်မှန်း



www.burmeseclassic.com

နိုင်။ ဗြိတိသျှဘားမား (ယခင်တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲမဖြစ်မီကာလက ဗြိတိသျှတို့က ၎င်းတို့ပိုင်ဆိုင်သော အောက်မြန်မာပြည်ကို ခေါ်ဆိုသော စကားရပ်)၏ မဟာဝန်ရှင်တော်မင်းကြီးသည် ယမန်နေ့ညကပင် ပြည်မြို့သို့ ရန်ကုန်မှ မီးရထားဖြင့် ထွက်သွားကြပြီ ဖြစ်၏။ သူနှင့်အတူ အုပ်ချုပ်ရေးဆိုင်ရာ အရာရှိများလည်း ပါသွားလေသည်။ သူသည် ပြည်မြို့မှ မန္တလေးသို့ နောက်တနင်္ဂနွေ သို့မဟုတ် တနင်္လာနေ့တွင် ရောက်ရန် မှန်းထား၏။ သူစီးမည့် သင်္ဘောတွင် ကုန်တင်တွဲကြီးများကို ဆွဲယူမည်မဟုတ်၍ သူသည် ပြည်မြို့မှ မန္တလေးသို့ နောက် တနင်္ဂနွေ သို့မဟုတ် တနင်္လာနေ့တွင်ရောက်ရန်မှန်းထား၏။ ကျွန်ုပ်စီးသောသင်္ဘောတွင်မူ သင်္ဘော၏ ဝဲ၊ ယာတွင် ကုန်အပြည့်တင်ထားသော ကုန်တွဲကြီး (၂) ခုပါရှိရာ နောက်တစ်ပတ်မျှ ဆန်တက်ပြီးမှ မန္တလေးသို့ ရောက်နိုင်မည်။ စစ်ပွဲပြီးသည့်နောက် သူရိယသင်္ဘောသည် ပထမဆုံးကုန်သွယ်မှုအတွက် ကူးသန်းသွားလာသည့် သင်္ဘောဖြစ်သော်လည်း ကျွန်ုပ်တို့တပ်များသည် မြစ်ကြောင်းတစ်လျှောက် တပ်ဖြန့်နေရာယူပြီး မြစ်အတွင်း ကင်းလှည့်နေသော အမြောက်တင် စစ်ရေယာဉ်တို့ရှိနေသည့်အတွက် အနှောင့်အယှက်ပြုမည်ကို မစိုးရိမ်ပါ။

မားပြများ၊ တောကြောင်များသည် နယ်စပ်တစ်လျှောက်တွင် လည်းကောင်း၊ မန္တလေးတစ်ဝိုက်တွင် လည်းကောင်း ထကြွနေပြီဖြစ်သည်။ မန္တလေးမှ ထွက်ပြေးတိမ်းရှောင်ခြင်းမရှိဘဲ လက်နက်ချခြင်းမှာ ဗြိတိသျှတို့အတွက် ကံကောင်းခြင်း ဖြစ်သည်။ ဗြိတိသျှတပ်သားများ အကျအဆုံးကိုနည်းစေသည်။

ဗြိတိသျှစစ်ကြောင်းသည် သရက်မြို့နယ်စပ်မှ မန္တလေးသို့ (၁၅) ရက်မျှ ချီတက်ရသည်။ စစ်ပွဲအတွင်း တိုက်ပွဲကြီးတစ်ခုမှ မတိုက်လိုက်ရဘဲ အထက်မြန်မာပြည်နှင့်တကွ မန္တလေးမြို့တော်ပါ ကျွန်ုပ်တို့တပ်သားများ လက်ဝယ်ရရှိလေပြီ။ တိုက်ပွဲငယ်သုံး၊ လေးခုလောက်ကားတိုက်ရ၏။ အမဲဖျက်သလို လူသတ်ပွဲကြီးပမာ ဖြစ်သောကြောင့် မိမိတပ်သားများကို တိုက်ပွဲတွင် ထွက်ပြေးသော မြန်မာတပ်သားများကို မပစ်ရန် တပ်မှူးဖြစ်သူက တင်းကျပ်စွာ အမိန့်ထုတ်ပြန်သည်ဟု ကြားသိရသည့်အတွက် ဝမ်းမြောက်ရသည်။

ဗျင်နရယ်ပရင်ဒါဂတ်က လက်နက်များကိုအပ်ရန် အမိန့်ထုတ်၍ လက်နက်များကို သိမ်းယူသော်လည်း လုယက်မှုများ၊ ဆူပူသောင်းကျန်းမှုများကို စိတ်မာတင်းကြမ်းကြားပြုသော ရဲမက်များက (၁) ညှ၊ (၂) ည လုပ်ဆောင်ကြသည်။ မန္တလေးနှင့် အနီးအနားတစ်ဝိုက်တွင် တပ်စွဲထားသော ကျွန်ုပ်တို့၏တပ်သားအရေအတွက်မှာ (၈၀၀၀) မှ (၁၀၀၀၀) အထိ ရှိမည်ဟု ခန့်မှန်းရသည်။

သင်္ဘောပေါ်တွင် မြင်းသစ်ကောင်စစ်ဝန်နှင့် ကုန်သည်များ ပါလာသည်။ သူတို့ကို မြန်မာမင်းအုပ်ချုပ်မှုနှင့်ဗြိတိသျှအုပ်ချုပ်မှု ကွာခြားချက်၊ ကုန်စည်ကူးသန်းမှုများပြုလုပ်ရန် လိုက်လာကြခြင်းဖြစ်၏။ စစ်ပွဲမဖြစ်မီက သီပေါမင်းမှာ ကြားသောပစ္စည်းများမှာ လမ်းတွင်စစ်ပွဲဖြစ်နေပြီး စစ်ပြီးစတွင် ကုန်များရောက်ရာ မှာသူ သီပေါဘုရင် မရှိတော့၍ သက်ဆိုင်ရာကုမ္ပဏီသို့ ပို့ရမည်။ အချို့ကလည်း သီပေါမင်းပြန်လာမည်ကြားရပြန်သဖြင့် ကုမ္ပဏီသို့ပြန်ပို့ရန်အစီအစဉ်ကို ဖျက်ကြသည်။

မြင်းသစ်ကောင်စစ်ဝန်အတွက်မှာကား ဘဏ်ဖွင့်ရန်၊အရောင်းဝယ်လုပ်ရန် လျှို့ဝှက်စာချုပ်မှာ အကျိုးသက်ရောက်မှု မရှိပြီ။ သူ့အား သနားလိုက်ပါဘိ။

ဘုရားရှိခိုးကျောင်းနှင့် ပတ်သက်သောသတင်းကို စုံစမ်းမရဖြစ်နေသည်ဟု မှတ်တမ်းတင်လေသည်။ သူသည် မန္တလေးသို့ ရေလမ်းခရီးဖြင့် သွားရာ ရက်သတ္တပတ်ကြာမျှ အချိန်ယူရမည် ဖြစ်ပေသည်။

၁၈၈၆ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဟင့်(မ်)ရှိုင်းယားရယ်ဂျီမင့်တပ်ရင်းတွင် နေ့စဉ် ၎င်း၏မှတ်တမ်းလွှာမှာ ပါတော်မူပြီးစ မန္တလေးမြို့အခြေအနေကို ဖော်ပြထားသည်။

တပ်ရင်းခရစ်ယာန်ဘုန်းတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည်။ တပ်ရင်းဘုန်းကြီးသည် စစ်ကြောင်းနှင့် လိုက်ပါသွားစဉ် ကျွန်ုပ်တသူ့ကိုယ်စား တာဝန်ယူပေးရခြင်း ဖြစ်သည်။ ပြီးခဲ့သော တနင်္ဂနွေနေ့က နန်းတော်၌ စစ်ရေးပြဆုတောင်းပွဲပြုခဲ့ရသည်။ ဆုတောင်းပွဲပြုရာ၌ ညီလာခံခန်းမတွင် ဆုတောင်းသည့်အမှုကို ပြုရသည်။ ခန်းမထိပ်ရှိရာနေရာမှ ကြည့်သော် လှေကားထစ်များသဖွယ် အဆင့်ဆင့် အောက်ခြေသို့ နိမ့်ဆင်းသွားသော တစ်ဆင့်လိုက်နေရာများမှာ ဘုရင့်ရွှေတော်တွင် ရာထူးဂုဏ်ထူးအဆင့်လိုက်ကြီးရာမှငယ်ရာသို့ နေရာယူကြရသည်။ ထုံးစံအရ ပြုလုပ်ထားခြင်း ဖြစ်သည်။ ကျွန်ုပ်သည် တပ်တွင်း မွှဆရာ၏ တာဝန်ကို ခေတ္တတာဝန်ယူပြီး ဆုတောင်းပွဲပြုရာ ထိပ်မှရှေ့သို့ မျှော်သော် မန္တလေးမြို့၏ အရှေ့ဘက်ရှိ တောင်တန်းကြီးအထိ မြင်ရသော ရှုခင်းကို တွေ့ရ၏။ ရာထူးအလိုက် ခစ်သည်ဗိုလ်ခြေတို့သည် အဆင့်ဆင့်ရှိသောနေရာတို့၌ နေရာယူကြသည်။ ထောရဘုရားရှင်ထံ ဝတ်ပြုရာ၌ လက်နက်အပြည့်အစုံကိုင်ဆောင်၍ ဝတ်ပြုသည်ကို ယခုတစ်ကြိမ်သာ တွေ့ရဖူး၏။ မှူးကြီးမတ်ကြီးများ၊ မင်းညီမင်းသားများ ဘုရင့်ရှေ့တော်မှောက်တွင် ဒူးထောက်လျက် ဝပ်တွားနေရသော ညီလာခံခန်းမတွင် လက်နက်စွဲကိုင်၍ စစ်ဝတ်စုံပြည့်ဝတ်ဆင်၍ စစ်ဖိနပ်များဖြင့်မတ်တတ်ရပ်ဝတ်ပြုနေသော ဗြိတိသျှစစ်သည်တို့သည် ရောက်နေပေပြီ။ ညီလာခံအဆောင်ရှေ့၌လည်း ဗြိတိသျှစစ်သည်တို့သည် တပ်မ၊ တပ်ရင်း၊ တပ်ခွဲအသီးသီးတို့သည် တန်းစီ၍ စစ်ရေးပြဝတ်ပြုပွဲ ဆင်နွှဲလျက်ရှိတော့သည်။

အဖြစ်မှန်တို့သည် ထူးခြားဆန်းကြယ်မှုတို့ဖြင့် ရှိသည်ဟူသော စကားသည် မှန်ဘိအလား ဗိုလ်ခြေအလယ်၌ ပြုလုပ်သော စစ်ရေးပြဝတ်ပြုပွဲတွင် မနီးမဝေးမှ ဆင်အော်သံကို ကြားရလေသည်ဟု။

သူတို့လက်ထဲ နန်းတော်ကြီးရောက်တော့ အထွတ်အမြတ်ထားရာ ညီလာခံသဘင်ကျင်းပတဲ့ခန်းမမှာ၊ ရာဇပလ္လင်ရှေ့မှာ ပိနပ်စီး၊ လက်နက်အပြည့်အစုံနဲ့ ဆုတောင်းပွဲလုပ်ခဲ့ပါတယ်။ နန်းတွင်းမှာ အပ ကတ်အစီးရှိကြောင်းလည်း ဖော်ပြသဗျ"

ဟု ပြောရသည်။

"အဲဒီနေ့က မန္တလေးအခြေအနေက သူ ဒီစာရေးတဲ့အချိန်မှာ သေနတ်သံများကြားရတယ်လို့ ရေးပါတယ်။ မန္တလေးကို လူဘစ်သောင်းငါးထောင်လောက်ရှိတဲ့ ဒုပ်နဲ့တို့က သုံးဖက်သုံးတန်ဝိုင်းထားပြီး မြို့ကိုဝင်တိုက်မယ်လို့ သတင်းရလို့ စစ်ကြောင်းသုံးကြောင်း မြို့က ထွက်ရတယ်လို့ ရေးပါတယ်။ သူဝေဖန်ထားတာတစ်ခုက ဗြိတိသျှတပ်က မြန်မာတွေထံက လက်နက်ဟူသမျှကို သိမ်းပြီး မြန်မာများကို လက်နက်ကိုင်ဆောင်ခွင့်မပြုခဲ့ဘူး။ ရိုးသားတဲ့သူများထံက လက်နက်သိမ်းနိုင်ပြီး ဆိုးသူတို့



www.burmeseclassic.com

www.burmeseclassic.com

သူများထံက လက်နက်ကို မရတော့။ ရိုးသားသူများက လက်နက်ကိုင်သူများကို ကြောက်ကြရသည်။ မြန်မာများကို အိမ်အတွင်းတွင်နေစေရသည်။

သူမှတ်တမ်းတွေထဲမှာ ထိုအချိန်က မင်းလောင်း (၃) ဦး ရှိခဲ့ကြောင်း၊ သူ့အနေနှင့် သူနှင့် ခင်မင်ရင်းနှီးသူ ညောင်ရမ်းမင်းသား၏ သားတော်ကို ဗြိတိသျှတို့က နန်းတင်လျှင် ကောင်းမည်ဟု ထင်ကြောင်း၊ အိန္ဒိယဘုရင်ခံချုပ် လောဒ်ဒပ်ဖရင် မန္တလေးသို့ လာသောအခါ မင်းလှုခံတပ်မှ ဗြိတိသျှတို့ကို ခုခံတိုက်ခဲ့သော မင်းလက်ဝဲက သူ့ထံလာရောက်၍ ဗြိတိသျှလက်အောက်တွင် အမှုထမ်းရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။ ထိုစဉ်အတွင်း ရန်ကုန်ရှိ ခရစ်ယာန်ဂိုဏ်းချုပ်က ခရစ်ယာန်သာသနာပြုစာသင်ကျောင်းဖွင့်ရန် နှိုးဆော်သည်။ ထိုကျောင်းတွင် မင်းတုန်းမင်းနှင့် ကြေးမြင့်မိဖုရား၏သားတော် ပျဉ်းမနားမင်းသားကိုကျောင်းလာရောက်အပ်နှံသည်။ကြေးမြင့်မိဖုရားမှာ အသက် (၃၅) နှစ်ခန့်ရှိပြီး မင်းသားမှာ (၇) နှစ်သားအရွယ်ဖြစ်သည်ဟု ပါရှိသည်။ မင်းသားကို ကျောင်းအပ်ပြီးနောက် မိမိက မင်းသားကိုတွေ့ရာတွင် မင်းသားအား မည်သည့်စာများကို ဖတ်ဖူးပါသနည်းဟု မေးမြန်းရာ ရာဇဝင်ကို ဖတ်ရှုသည်ဟု ပြန်ဖြေကြောင်း ဖော်ပြထားသည်။

၁၈၈၆ ခု၊ ဧပြီလ ၁၂ ရက်မှာ အမြောက်တစ်ချက်ပစ်ပြီး မြန်မာတို့ ဝေလေ့အရ သင်္ကြန်အခါကျသည်။ နှစ်သစ်ဦးမှာ တိုက်ခိုက်မည်ဟု သတင်းရထားသည်။ သတင်းကို ယုံကြည်သူနည်းသဖြင့် မည်သူမျှအရေးထားပြင်ဆင်ထားခြင်းမရှိပေ။ သို့သော် ဧပြီ ၁၄ ရက်နေ့ညနှင့် နောက်တစ်နေ့နံနက် အရုဏ်တက်တွင်မှ နန်းတွင်းမြို့နှင့် မြို့ပေါ် (၆) နေရာတို့တွင် မီးရှို့၍ ဝင်ရောက်တိုက်ခိုက်ကြတော့သည်။ နန်းတွင်း ရွှေတိုက်တော်၊ နန်းတော်၊ စာတိုက်၊ လက်နက်တိုက်တို့ကို မီးရှို့ကြသည်။ ဈေးချိုတော်အနီးတွင် အလံဖြူတွင် အနီရောင်ဘီလူးရုပ်ပါသောအလံများလွှင့်ထူလျက် မြန်မာ့တပ်မတော်ရှေ့မှအဖွဲ့ဖြစ်သည်။ တပ်မတော်ချီတက်လာပြီဟု လူအများကို ပြောသည်။ ဤသို့သော အခြေအနေတွင် ဗြိတိသျှတပ်သားအချို့ ကျဆုံးရသည်။ အများအပြားဒဏ်ရာရကြသည်။ မြို့တော်ပြင်ဘက်မှ သူပုန်များသည် မြို့တွင်းမှ မီးများမြင်သောအခါ အချက်ပြထားသည့်အလား နန်းမြို့အရှေ့ဘက်မှ တိုက်ကြတော့သည်။ ရန်တင်းတောင်၌ တပ်စွဲထားသော တင်းတပ်ကို လူ (၃၀၀) ပါ သူပုန်တပ်က တိုက်သည်။ တပ်မှလည်းကျသည်။ သူပုန်များဘက်မှ (၁၂) ဦးခန့် ကျဆုံးသည်။ မြင်းတပ်နှင့် လိုက်လံတိုက်သောအခါ ကျဆုံးသူများကိုထားခဲ့ပြီး သူပုန်တို့ ဆုတ်ခွာသွားသည်။

နန်းတော်နှင့် နန်းတွင်းတို့ တိုက်ခိုက်၍ အပျက်အစီးများတို့ကြည့်ပြီး သူတို့ တပ်စွဲထားတဲ့ နန်းတော်နှင့် နန်းတွင်း အဆောက်အအုံတိုတောင် မထားတွယ်နိုင်တာ နိုင်ငံတစ်ခုလုံး အုပ်ချုပ်ဖို့ ဖြစ်နိုင်ပါ့မလားဟူ၍ အများသူငါက ပြောကြတော့သည်။

အဲဒါက ဧပြီလ ၁၈ ရက်နေ့စွဲနဲ့ ရေးတဲ့စာမှာ ပါတယ်။

သူတို့က အလစ်ဝင်တိုက်တာပါလို့ ပြောပေမယ့်ဗျာ ဧပြီလ ၁၅ ရက်မှာလည်း ထပ်ပြီးတိုက်သေးတယ်။ လှန့်ရုံလောက်ဝင်တာပါ။ သောကြာနေ့မှာ မီး (၂) ခါ လောင်တယ်။ ထို့ကြောင့် နန်းမြို့အတွင်းကို ဝင်ခွင့်ကို လက်မှတ်ရှိသူများသာ ဝင်စေရသည်အထိ တင်းကျပ်လိုက်ရသတဲ့။ မီးလောင်လို့ အသေအပျောက်မရှိပေမယ့် ဗြိတိသျှတပ်က ဆေးတပ်သားတစ်ဦးကို သူပုန်များက သတ်သွားတယ်လို့ သူ့မှတ်တမ်းမှာ ရေးထားပါတယ်။ အခြေအနေက မျက်နှာဖြူမှန်လျှင် လက်နက်စွဲကိုင်ရမည့်အထိ ဖြစ်လာ၍ ခရစ်ယာန်သာသနာပြု တရားဟောဆရာလည်း နန်းတွင်းသို့ သွားရောက်လျက် သေနတ်လက်နက်ကိုင်ဆောင်ရတယ်လို့ ရေးထားတယ်။ ဧပြီလ ၃၀ ရက်မှာ လောင်တဲ့မီးက ရှို့မီးမဟုတ်ပါဘူး။ ညသန်းခေါင်ယံအချိန်မှာ လောင်တာပါ။ မီးက ပြင်းထန်လွန်းလို့ မီးပွားတွေက နန်းမြို့အတွင်း ရောက်ပါတယ်။ ကျောင်းထဲမှာ နေရာယူထားတဲ့ တပ်သားတွေလည်း အမြင်ထွက်၊ လက်နက်ခဲယမ်းတွေကို ဘေးကင်းရာထားနှင့် အလုပ်များသွားတယ်။အစိုးရအဆောက်အအုံများ မီးထဲမပါသော်လည်း အိမ်ခြေ (၄၀၀၀) ခန့်လောက် မီးထဲပါသွားသည်။ မတော်တဆလောင်သည့်မီး ဖြစ်သည်။ မေလကုန်သည်နှင့် မိုးစရွာသည်။ ကာလ ဝမ်းရောဂါဖြစ်သည်။ အာသံ၊ မဏိပူရဘက်မှ လာသော လူ (၂) ဦးသာ ဖြစ်သည်။ အာသံဘက်မှ ရောဂါရလာသည်လို့ ရေးထားပါတယ်။

ဗြိတိသျှအစိုးရက လက်နက်ချလျှင် လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ကြေညာသည်။ ဇန်းမော်ဘက်၌ ကချင်တို့နှင့်တိုက်ရာ အကျအဆုံးများသည်။ အာသံနယ်စပ်တွင် ဓားပြအဖွဲ့တစ်ခုက အင်္ဂလိပ်တပ်သား (၁၀၀) ကျော်ကို တိုက်ထုတ်လိုက်သည်။ အရာရှိ (၂)ဦး ဒဏ်ရာရသည်။ အခြားအဆင့် (၁၅) ဦးခန့် ကျဆုံးသည်။

မန္တလေးမြို့တော်အနီးတွင် တိုက်ခိုက်မှုများ မရှိတော့ပါ။ ခရစ်ယာန်ဘုန်းကြီးအနေဖြင့် နစ်နာသူများကို ကူညီပေးသည်ဆိုသော သတင်းစကားဖြစ်လာရာ မိဖုရားအိုကြီးများ၊ မင်းသမီးများသည် သီပေါမင်းလက်ထက်က အရေးပေးမခံခဲ့ရပုံ အင်္ဂလိပ်လက်ထက်တွင်လည်း သူတို့ကို ဂရုမပြုသည်ကို လာပြောကြသည်။ သူတို့တင်တွေကို စိစစ်ပြီး အစိုးရထံ ထောက်ပံ့ကြေးတောင်းခံပေးရသည်။ တစ်လလျှင် (၅၀)မှ (၁၅၀) အထိ အိမ်ထောင်မပြုသည့်တိုင်အောင် ပင်စင်လစာရသည်။ မင်းသားငယ်များက ပညာသင်လိုက အစိုးရက ပညာသင်ပေးသည်။ သီပေါမင်းနှင့် မင်းတုန်းမင်းလက်ထက်က အမှုထမ်းကြသည့်သူများလည်း ပင်စင်လစာရသည်။ မိဖုရား၊ မင်းသမီးများက သူတို့၏ ငွေကြေးဥစ္စာပစ္စည်းများနှင့် ပတ်သက်၍ အကူအညီတောင်းခံလာသည်။ အရေးတော်အတွင်း မိမိဥစ္စာပစ္စည်းများကို မိမိတို့က ယုံကြည်စိတ်ချရသူထံအပ်နှံခဲ့ရာ ယခုပြန်တောင်းရာတွင် အခက်အခဲရှိသည်ကို တိုင်ကြားအကူအညီတောင်းခံသည်။ သူအပ်နှံထားသူကို ခေါ်ယူမေးမြန်းရာ မင်းသမီးမရှိစဉ် မယ်တော်မိဖုရားကို ပေးပြီးပါပြီဟု ပစ္စည်းထိန်းသူက ပြောသည်။ သူပြောသော မယ်တော်မိဖုရားမှာ ကွယ်လွန်ပြီ။ ထိုသို့သော စကားများမှာ ကြားရမြဲ ဖြစ်ပေသည်။ ခရစ်ယာန်သာသနာပြုအဖွဲ့များလည်း ဂိုဏ်းများလည်း စုံပြီ။ စာရေးသူ ခရစ်ယာန်ဘုန်းကြီးက သာသနာပိုင်ကို ချဉ်းကပ်၍ ဗုဒ္ဓဘာသာ သာသနာတော် အခြေအနေကို စုံစမ်းသည်၊ သာသနာပိုင်ထံမှ သိရသလောက် ...

မန္တလေးမြို့ပေါ် ... သာသနာပိုင် (၁) ပါး၊ မင်းတိုးတ ... သည့် ဆရာတော်ကြီးများ (၇၆) ... (၁၀)ဝါအထက် (၃၄၄၇ ... (၁၀) ဝါအောက် (၂၄ ...



www.burmeseclassic.com

www.burmeseclassic.com

(၅၉၆၈) ပါး။

အထက်မြန်မာပြည်ရှိ (ရှမ်းပြည်နယ်မပါ) ဂိုဏ်းချုပ်ဆရာတော်ကြီးများ (၁၃) ပါး၊ ဂိုဏ်းအုပ်ဆရာတော်ကြီးများ (၁၃၃) ပါး၊ ဂိုဏ်းထောက်ဆရာတော်များ (၃၈၃)၊ ကျောင်းထိုင်ဆရာတော်များ (၁၆၈၂၅) ပါး ရှိသည်ဟု ဆိုတယ်။

အထက်မြန်မာပြည်မှာ ဗန်းမော်မှာ သာသနာပြုရန်၊ နောက်ရွှေဘိုမှာ သာသနာပြုရန် စီစဉ်ပါတယ်။ မြန်မာ ဗုဒ္ဓဘာသာ ရဟန်းတော်များမှာ ဘုရင်အုပ်ချုပ်မှုအောက်တွင်ရှိစဉ်က အခွင့်အလမ်းသင့်သော်လည်း ဗြိတိသျှအုပ်ချုပ်ရေးတွင် ယခင်ကလောက် အရေးပေးမခံခဲ့ရသော်လည်း ပရင်ဒါဂတ်က သာသနာပိုင်ထံ သွားရောက်တွေ့ဆုံရာတွင် ပုန်ကန်သူတို့ကို လက်နက်ချစေရန် တရားချပေးရန်အကြောင်းလည်း ပါသည်။ သာသနာပိုင်ကလည်း လက်နက်ချသူတို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် တောင်းဆိုခဲ့သည်ဟု ပါတယ်။

၁၈၈၆ ခုနှစ် စက်တင်ဘာလတွင် မြစ်ရေလျှံသည်။ ဒုက္ခရောက်သူများကို ထောက်ပံ့ရသည်။ တိုင်း(Time)သတင်းစာက လူအများ ရာကျော်သေဆုံးကြသည်ဟု ဆိုသည်။ အစိုးရက (၁၃) ဦး သေဆုံးသည်ဟု ကြေညာသည်။ ခရစ်ယာန်သာသနာပြုနှင့် သာသနာပိုင်ကတော့ လူ (၂၅) ယောက် သေဆုံးတယ်လို့ ဆိုတယ်။ အဲဒီမှာ သတင်းစာဆရာက ချဲ့ပြီး အစိုးရက ဖုံးဖိတယ်။ ခရစ်ယာန်သာသနာပြုအဖွဲ့နှင့် ဗုဒ္ဓဘာသာ သာသနာပိုင်ကတော့ (၂၅) ဦး ဖြစ်တယ်လို့ ထူညီတဲ့အဖြေကို ပေးတယ်။

ခရစ်ယာန်သာသနာပြုဆရာက ၁၈၈၇ ခု၊ ဇန်နဝါရီလမှာ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆာဖရက်ဒစ်ရောဘတ်နှင့် သာသနာပိုင်ဆရာတော်ကြီးတို့ တွေ့ဆုံရာမှာ စကားပြန်အဖြစ် လိုက်ပါရပါတယ်လို့ ရေးပြီး သာသနာပိုင်ဆရာတော်ကြီးက ဩဝါဒပေးရာမှာ သင်တို့အစိုးရအတွက်ကျင့်ရမည့် စကားလေးလုံးကို အစဉ်လက်ကိုင်ထားဖို့ စကားလေးလုံး ပေးလိုက်ပါတယ်တဲ့။ အဲဒါက-

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသော စကားကို ပေးလိုက်ပါသတဲ့"

"ဆရာတော်ကြီးက လိုရင်းကို တိုတိုပဲ ဩဝါဒပေးတာကိုး"

ဟု ဦးသာဒွန်းဦးက ဆိုသည်။

ဘိုးထွန်းအင်က -

"ဒီလိုပြောတာ ဒီမျောက်ဖြူက နားလည်ပါ့မလား"

ဟု ဆို၏။

ကျွန်ုပ်က -

"ဘိုးထွန်းအင်ရေ ဘာသာပြန်အဖြစ်လိုက်တဲ့သူက ခရစ်ယာန်သာသနာပြုဘုန်းကြီးဆိုတော့ -

**Myit-ta** *is Love and kindness, you should show to all people under you.*

**Gar-u-na** *is mercy Regard all people as your own flesh and blood, your own children.*

**Mu-di-ta** *is beneficence-that which causes gladness to those about and subject to you.*

**U-pay-ka** *is discrimination and moderation in dealing with those who offend, remembering that they are fated to be bad, so do not punish them as though they could help it.*

လို့ ဘာသာပြန်တယ်။ ခရစ်ယာန်သာသနာပြုများက မြန်မာစာတတ်တွေပါ"

"ဆရာတော်ကြီးက အဖိုးတန်စကားပေးလိုက်တာပါကလား"

ဟု စကားနည်းသော ကျောင်းဒကာရွှေက ပြောလိုက်သည်။

ဤတွင် မင်းကတော်က လယ်ပြင်ကျောင်းသို့သွားရန်ဆော်ဩလေရာ ဝိသကြံ့တာဝန်ယူသော ဘိုးထွန်းအင်က နွားထိန်းမောင်ဘိုးစွန်အား အောင်ဘညိုနှင့် လှကလေးစိန်ကို လှည်းယဉ်တွင် ဆင်လေရာ ကျွန်ုပ်တို့စကားဝိုင်းလည်း ရုပ်သိမ်းလိုက်ရပါကြောင်း။

## အနောက်တံခါးမှူးမောင်မှူး

ဉ။ Chief Clerk - အရေးပိုင်တာဝန်ခံ စာရေးကြီး။

c. *It has always seemed to me that the proximate cause of the annexation of Upper Burma was the patriotic and enlightened Minister known as the Kinwun Mingyi. Some years before, this gentleman had travelled in Europe as head of a commercial mission, and had been received with great distinction. His progress was a triumph; insignia of Continental orders, illuminated addresses of English manufacturing towns, were showered upon him as if he had been Minister of the Great Mogul. To us who realize the insignificance of the King of Burma as a potentate, these proceedings savour of the ridiculous. During this visit the Kinwun Mingyi obtained some superficial knowledge of European politics and of the relations between the Great Powers. Many years later, when there was no longer a British Resident at Mandalay, and when the path seemed clear of obstacles, the Mingyi conceived the ingenious plan of contracting political relations and making treaties with several States, such as France, Germany and Italy. The subtle intention was to play off one against another, so that, while none would have predominant influence, all would be interested in opposing and thwarting the ambitious designs of Great Britain. There was some statesmanship in the project, but not quite enough; and with the best intentions the Mingyi compassed the downfall of the dynasty of which he was a devoted servant. By the autumn of 1885 negotiations with France had made good progress. A French Consul was appointed to Mandalay, and plans for the foundation of a French Consul was appointed to Mandalay, and plans for the foundation of a French bank were (Pg-102) initiated. A treaty was provisionally concluded, though never formally ratified.*


ကျမ်းကိုး -

1. A civil Servant in Burma, by Herbert Thirkel White.

2. Mandalay in 1885-1888; The Letters of James Alfred Colbeck, Originally Selected and Eddited by George H. Colbeck in 1892.

3. Clowes, William Laird: "The Royal Navy; a history from the earliest time to death of Queen Victoria" Sampson Low, Mrston and company, 1903 Volume 7. 375-385 (1903).




www.burmeseclassic.com

www.burmeseclassic.com



# မနေသာသူတော်ပါ

## စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏ ပျောက်ဆုံးနေသောကလေးနှင့်ဒမ်းဂေါင်ကိုရှာဖွေပေးမှု

၁၉၆၁ ခု၊ ဖေဖော်ဝါရီ ၂၆ ရက်၊ တနင်္ဂနွေနေ့ထုတ် သတင်းစာများမှာ (၄) နှစ်သမီးကလေး ပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီး သတင်းတွေရေးသားလိုက်ကြတာ ပွက်လောရိုက်သွားတယ်။

ဟာရီထရီဗြွန်းသတင်းစာ အပါအဝင် သတင်းစာ (၄၂) စောင်ဟာ ဒီမိန်းကလေး ပျောက်ဆုံးတဲ့သတင်းတွေကို စေ့စေ့စပ်စပ်ကြီး ရေးကြတယ်။ 'ယခုအပတ်' မဂ္ဂဇင်းကတော့ 'စိတ်စွမ်းအင်နဲ့ ဖော်ထုတ်တဲ့ ရာဇဝတ်မှု' ဆိုတဲ့ စာလုံးမည်းကြီးနဲ့ ဆောင်းပါးတွေရေးတယ်။ နယူးယောက်ရဲဌာနကိုလည်း တယ်လီဖုန်းသံတွေတဝွမ်ဝွမ်နဲ့ မေးကြမြန်းကြစုံစမ်းကြတယ်။ တခြားသတင်းတွေကို ဖုံးလွှမ်းသွားတယ်။ အဲဒီတုန်းက သမ္မတ ကနေဒီရဲ့ မိန့်ခွန်းထက်တောင် လူတွေက ဒီမိန်းကလေးပျောက်ဆုံးမှုကြီးကို စိတ်ဝင်စားကြတယ်။

ဒီသတင်းတွေကို ကြားရတော့ ဟော်လန်နိုင်ငံပိုင် KLM လေကြောင်းကုမ္ပဏီကြီးရဲ့ နယူးယောက်ဌာနခွဲကလည်း ပါဝင်လာတယ်။ ဒီ (၄) နှစ်သမီးလေး နယူးယောက်မြို့လယ်ကောင် နေ့ခင်းကြောင်တောင်ပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီးတော့ ရဲတွေကိုကူညီလိုပါတယ်။ ဟောလန်က နာမည်ကျော် စိတ်စွမ်းအင်စုံထောက်ကြီး ကရာဇက်ကို သူဆရာပါမောက္ခ ဒေါက်တာတင်ဟက်နဲ့အတူ ဟော်လန်ကနေပြီး နယူးယောက်ကို သူတို့ KLM လေယာဉ်ပျံနဲ့ ချက်ချင်းခေါ်ပေးပါမယ်လို့ အကူအညီပေးလာတယ်။

သိကြတဲ့အတိုင်း KLM လေကြောင်းကုမ္ပဏီကြီးဟာ ဟော်လန်ပိုင်လေကြောင်းကုမ္ပဏီပါ။ ဒီကုမ္ပဏီကို စတင်တည်ထောင်ပြီး လက်ရှိဥက္ကဋ္ဌဖြစ်သူဟာ ကရာဇက်နဲ့ အလွန်ရင်းနှီးသူ ဖြစ်နေတယ်လေ။ ကရာဇက်ရဲ့ အကူအညီကိုယူခဲ့ဖူးလို့ ကရာဇက်ရဲ့ စိတ်စွမ်းအင်ကိုလည်း အားကိုးသူ ဖြစ်နေတယ်။ ဒါကြောင့်မို့လည်း သူ့လူမျိုးနဲ့ သူ့မိတ်ဆွေ ဂုဏ်တက်မယ့်ကိစ္စဖြစ်လို့ ကူညီချင်တာပါ။ 'ယခုအပတ်' မဂ္ဂဇင်း အယ်ဒီတာ နီကိုလဲကတစ်ဆင့် ဆက်သွယ်တာပါ။

နယူးယောက် ဘရွတ်ကလင်းရပ် (၁၃) လမ်း အမှတ် (၈၁၀) မှာနေတဲ့ (၄) နှစ်သမီးလေးအယ်ဒစ်ဟာ သူ့အမေ မုဆိုးမနဲ့အတူ သူ့ဦးလေးအိမ်ဖြစ်တဲ့ အမှတ် (၈) ရိပ်သာလမ်း အိမ်နံပါတ် (၁၇၀) ဆီ အလည်အပတ်သွားကြရာက ပျောက်ဆုံးသွားတာ ဖြစ်တယ်။

အယ်ဒစ်ပျောက်ဆုံးသွားလို့ နယူးယောက်ရဲတွေ အလုပ်ရှုပ်သွားတယ်။ ကားနဲ့လိုက်သူကလိုက်၊ ရဟတ်ယာဉ်နဲ့ ရှာသူကရှာနဲ့ ရဲ (၃၅၀) လောက်ဟာ တစ်မြို့လုံး ပိုက်စိပ်တိုက်ရှာကြတယ်။ လေဆိပ်မှာတွေ့လိုက်သလိုလို၊ ဟိုနားတွေ့လိုက်သလိုလို သတင်းအနံ့ရတဲ့ဆီ အကုန်လိုက်ကြတာ နယူးယောက်ရဲဌာနသမိုင်းမှာ အလုပ်ရှုပ်ဆုံးအမှုကြီး ဖြစ်သွားတယ်။ ကလေးလိုချင်နေတဲ့ မိခင်တစ်ဦးဦးကခေါ်သွားတာလား၊ မုဒိမ်းကောင်တွေရဲ့ လက်ချက်လားဆိုပြီး ရဲတွေက ခန့်မှန်းတွက်ချက်နေရတယ်။ ပျောက်ဆုံးပြီး နောက်တစ်ရက်ကစပြီး သတင်းစာတွေကတော့ စာလုံးမည်းကြီးတွေနဲ့ ရေးကြသားကြ၊ ထင်ကြေးပေးကြနဲ့ သတင်းကြီးသထက်ကြီးနေတော့တာပါပဲ။

လူပျောက်ရှာရဲဌာနခွဲမှ တာဝန်ခံရဲမှူးကြီး ဂရိုနင်တတော့ အတွေ့အကြုံများသူပီပီ စိတ်မနှံ့တဲ့လူသတ်ကောင်တစ်ယောက်ယောက်က ကလေးကို သတ်လိုက်ပြီထင်တယ်လို့ မှတ်ချက်ချတယ်။

အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ပြီး နယူးယောက်နဲ့ ဟော်လန်တို့ ဖုန်းတွေအပြန်အလှန်ဆက်ပြီး ကရာဇက်ကိုရှာကြတယ်။

ကရာဇက်ကတော့ သူ့ကိစ္စနဲ့သူ ဟော်လန်ပြည်တွင်းမှာပဲ ခရီးထွက်နေတာ ဖေဖော်ဝါရီ ၂၅ ရက်နေ့မှ KLM က ဒုတိယဥက္ကဋ္ဌ ဗိုဝဲ(လ်)နဲ့ ဆက်သွယ်မိတယ်။

"ဒီသနားစရာကောင်းတဲ့ကလေးမအမှုကို ခင်ဗျားကူညီနိုင်မလား"

လို့ ဗိုဝဲ(လ်)က ဖုန်းနဲ့ ကရာဇက်ကို မေးတယ်။

ကလေးချစ်တတ်တဲ့ ကရာဇက်က ချက်ချင်းပဲပြန်ပြောလိုက်တယ်။

"ကူညီရမှာပေါ့ဗျာ၊ ကလေးမလေးရဲ့ဓာတ်ပုံနဲ့ နယူးယောက်မြို့ရဲ့ မြေပုံသာပေးပါ"

"နယူးယောက်ကို KLM လေယာဉ်နဲ့ ပို့ပေးမယ်လေ"

"မလိုပါဘူးဗျာ၊ နယူးယောက်ကို မရောက်ဖူးဘူးဗျ။ အခုခင်းသွက်ရမယ်ဆိုရင် အလုပ်ရှုပ်ပြီး အာရုံမြင်တွေကို ထိခိုက်နိုင်တယ်။ ဘာမှ[illegible]ခံသိရှိရ မဟုတ်ဘူး။ ဒီတော့ မစ္စတ[illegible]ဲ(လ်)ရေ ဒီကနေပြီးတော့ပဲ အေး[illegible] အာရုံယူကြည့်တာ ပိုမ[illegible]ဘူးလား

www.burmeseclassic.com

လို့"

ကရာဇက်က ပြန်ပြောလိုက်တယ်။

ကရာဇက်က ဖုန်းမချသေးဘဲ ရုတ်ခြည်း သူ့အာရုံမှာ ပေါ်လာတဲ့ အမြင်အာရုံတွေကို ဆက်ပြောလိုက်တယ်။

"အခုကျွန်တော်ပြောပြနိုင်တာက တော့ ဒီအမှုဖြစ်ပွားတာဟာ မြို့လယ်ကောင်မဟုတ်ဘူးဗျ။ နယူးယောက်မြို့ မြောက်ဘက်ခြမ်းကနေပြီး လစ်ဘာတီရုပ်တုကြီးကို ကျောပေးပြီးရပ်ကြည့်လိုက်၊ ပျောက်နေတဲ့ကလေးက အဲဒီနားမှာဗျ။ မိုးထိုးတိုက်ကြီးတွေ အများကြီး မြင်ရတယ်။ ပန်းခြံလည်း မြင်ရတယ်။ အနီးအနားမှာ သံလမ်းလည်းရှိတယ်။ အဲဒီရဲ့ဟိုဘက်မှာ အမိုက်ပုံကြီးလည်းရှိတယ်။ ရေတွေလည်းမြင်ရတယ်။ မြစ်လည်းမြင်ရတယ်။ ကလေးမလေး အယ်ဒစ်ကိုဖမ်းသွားတဲ့လူဟာ ကိုယ်လုံးသေးသေး အသက် (၅၀)ကျော်လောက်ရှိပြီ။ သူ့မျက်နှာက ခပ်သွယ်သွယ်သေးသေးပဲ။ ခပ်မည်းမည်းအိမ်တစ်လုံးတွေ့ရတယ်။ ကလေးမလေးဟာ အဲဒီအိမ်မှာရှိတယ်"

"ကလေးမလေးအသက်ရှင်လျက်ပဲလား"

လို့ ဗိုဂဲ(လ်)က မေးလိုက်တယ်။

ကရာဇက်က အလေးအနက် ပြန်ပြောလိုက်တယ်။

"ဒီကလေးမလေး သေပြီထင်တယ်"

နောက်တစ်နေ့ ဖေဖော်ဝါရီ ၂၆ ရက်နေ့မှာ ဗိုဂဲ(လ်)က ကရာဇက်ဆီ ဖုန်းဆက်ပြီး ကရာဇက်ရဲ့အမြင်အာရုံတွေကို ရဲဆီသတင်းပို့လိုက်ပြီ။ ရဲတွေက အမြင်အာရုံထဲမှာ တွေ့ရတဲ့နေရာတွေကို ပိုက်စိပ်တိုက်ရှာနေပြီလို့ ပြောလိုက်တယ်။ ကလေးမလေးရဲ့ ဓာတ်ပုံနဲ့ အဝတ်အစားတွေကိုလည်း နယူးယောက်က ပို့ထားတယ်။ အခုပဲ ကရာဇက်ဆီ ပို့ပေးမယ်။ သေသေချာချာကြည့်ပေးပါဦးလို့ ဗိုဂဲ(လ်)က အကူအညီတောင်းတယ်။

ကရာဇက် အရင်က ပြောခဲ့တာတွေက သူ့အာရုံထဲမှာ ဖြုန်းခနဲပေါ်လာတာ ပြောလိုက်တာပါ။ မြေပုံနဲ့ဓာတ်ပုံရမှ အသေအချာပြောနိုင်မှာပါ။

ဓာတ်ပုံနဲ့ မြေပုံရတဲ့အခါ ကရာဇက်က အေးအေးဆေးဆေး အာရုံယူကြည့်ပြီး အမြင်အာရုံတွေကို ဗိုဂဲ(လ်)ကို ပြောပြလိုက်တယ်။

"တိုက်ကြီးတွေက ပေါများလိုက်တာ။ အသားညိုညိုနဲ့ မိန်းမကြီးတစ်ယောက် ပြတင်းပေါက်နားမှာ ထိုင်နေတယ်။ အဲဒီတိုက်နဲ့ (၂) တိုက်ခြားလောက်မှာ ဒိုဘီဆိုင်ရှိတယ်။ ဟော အရင်တိုက်ကို မြင်ရပြန်ပြီ။ (၅) ထပ်လို့ထင်တယ်ဗျ။ မနေ့တုန်းကပြောခဲ့တဲ့လူကို အခု မြင်ရပြန်တော့ အသက်နည်းနည်း ပိုကြီးနေတယ်။ (၅၄) နှစ်နဲ့ (၅၈)နှစ် အတွင်းလောက်ပေါ့။ သူ့မျက်နှာသွယ်သွယ်သေးသေးလေးရယ်။ ဒုတိယ အထပ်မှာ ကလေးမလေးရှိတယ်။ အဲဒီအခန်းထဲမှာ ဒီလူရယ်၊ ကလေးမရယ်ကို တွေ့ရတယ်။

နောက်တစ်နေ့မှာ ရဲတွေတကြမ်း ရှာဖွေကြတယ်။ ကရာဇက်ပြောတဲ့နေရာနဲ့တိုက်ကို ရှာကြည့်တော့ အမှတ် (၁၀၇)၊ လမ်း (၂၀)၊ (၄) ထပ် တိုက်အိုကြီးရဲ့ ဒုတိယအထပ်မှာ ပျောက်ဆုံးနေတဲ့ (၄) နှစ်သမီးလေး အယ်ဒစ်ရဲ့ အလောင်းကို တွေ့ရတယ်။ အယ်ဒစ်နဲ့ သူ့အမေတို့ဟာ သူ့ဦးလေးအိမ်ကို အလည်သွားတာ နောက်ဆုံးမြင်လိုက်ရတယ်ဆိုတဲ့နေရာနဲ့ အနီးအနားက တိုက်မှာတွေ့ရတာပါ။ အလောင်းကို စစ်ဆေးကြည့်တော့ ဒီကလေးမဟာ မုဒိမ်းကျင့်ခံရပြီးနောက် ရိုက်နှက်လို့ သေဆုံးသွားရတယ်လို့ မှတ်ချက်ပေးထားတယ်။

ရဲတွေက ကရာဇက်ပြောတဲ့ တိုက်ကို သွားရှာတယ်။ မသင်္ကာဖွယ်ရာတွေ့ မြင်ကြားသိရသလားလို့ မေးတော့ ဘာမှ မမြင်မသိရဘူးလို့ အဲဒီမှာနေတဲ့ လူတွေဆီက သိရတယ်။ ဒုတိယအထပ်မှာ ရှိတဲ့အခန်းတွေကို စစ်ပြီးတော့ အခန်းတစ်ခန်းက လူမနေဘဲ သော့ခတ်ထားတာ တွေ့ရတယ်။ အခန်းနီးချင်းတွေက ဒီအခန်း သော့ခတ်ထားတာ အတော်ကြာပြီ။ လူဝင်လူထွက်လည်းမတွေ့ရဘူးလို့ပြောတယ်။ ရဲတွေက သော့ကို ဖျက်ဆီးပြီး အခန်းထဲဝင်ရှာကြတယ်။ အခန်းထဲမှာ စက္ကူတွေနဲ့ ပွနေတာပဲ။ ခုတင်ပေါ်မှာ အယ်ဒစ်ဟာ သွေးသံရဲရဲနဲ့ တွေ့ရတယ်။ တစ်ကိုယ်လုံး သွေးတွေ ဖုံးလွှမ်းနေတယ်။ အသက်ကတော့ မရှိတော့ဘူး။ ဒီအခန်းကို ငှားတဲ့သူဟာ မစ္စတာ သွန်ပဆင်ဖြစ်ပြီး တစ်လကို (၈) ဒေါ်လာနဲ့ တစ်လစာငွေ ကြိုတင်ပေးပြီး ဖေဖော်ဝါရီ ၁၇ ရက်နေ့က ငှားတာလို့ သိရတယ်။

နောက်တစ်ပတ်အကြာ မတ်လ ၁ ရက်နေ့မှာ ဘာရေးခံသွန်ပဆင်ကို ခြေရာခံမိပြီး ဖမ်းဆီးလိုက်တယ်။ သွန်ပဆင်က သူသတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးတယ်။ ရဲတွေက စစ်ဆေးတော့ သွန်ပဆင်က သူပြစ်မှုကျူးလွန်ခဲ့ပုံကို ပြောပြတယ်။

"ကျွန်တော် အရက်မူးလာရင် မိန်းမတစ်ယောက် အလိုရှိလာတယ်။ အသက်ကြီးတဲ့ အမျိုးသမီးတွေကို ချဉ်းကပ်ကြည့်တော့ ကျုပ်ကို ဝိုင်းဟားကြတယ်။ ခပ်အသက်ငယ်ငယ်တွေကို ချဉ်းကပ်ကြည့်တော့ ကျုပ်ကို အကပ်မခံချင်ကြဘူး။ ဒီတော့ ကလေးသူငယ်တွေဘက် ရောက်သွားတာပေါ့"

တရားရုံးရောက်တော့ ပြစ်မှုထင်ရှားတယ်ဆိုပြီး ထောင်ချလိုက်တယ်။ ဒါပေမယ့် သွန်ပဆင်ဟာ စိတ်မနှံ့ဘူးဆိုပြီးတော့ မာတီဝမ်စိတ်ရောဂါကုဆေးရုံမှာ ရာဇဝတ်မှုလူနာအဖြစ် ထောင်ဒဏ်ခံလိုက်ရတယ်။

သွန်ပဆင်ရဲ့ အဝတ်အစားတွေဟာ ကရာဇက်ပြောသလို ခပ်မှိုင်းမှိုင်း အနုံးခွဲရောင်ဝတ်စုံကို ဝတ်ထားတယ်။ လူကလည်း ဖလံပဲ။ မျက်နှာသေးသေး သွယ်သွယ်နဲ့ အသက် (၅၉)နှစ်။ ကရာဇက်က (၅၈)နှစ်လောက်လို့ ပြောတယ်။ အမှုဖြစ်ပွားတဲ့နေရာဟာ ကရာဇက်ပြောတဲ့အတိုင်း ခပ်မည်းမည်းတိုက်ဟောင်း (၄) ထပ်တိုက်ပဲ။ ကရာဇက်က (၅) ထပ်လို့ပြောတယ်။ မြေအောက်ထပ်ပါ ထည့်တွက်ရင်တော့ (၅) ထပ်ပါပဲ။ ဒုတိယထပ်မှာ နေတယ်ဆိုတာလည်း အမှန်ပါ။ ကရာဇက်ပြောတဲ့အတိုင်း ဒုတိယထပ်မှာ အလောင်းတွေ့တာ၊ ဟဗ်ဆင်မြစ်နဲ့နီးတယ်ဆိုတာရယ်၊ ပန်းခြံငယ်ရှိတယ်ဆိုတာရယ်လည်း ကရာဇက်ပြောတဲ့အတိုင်းပါ။ အမှိုက်ပုံလည်းရှိ သံလမ်းလည်းရှိ။

အမေရိကသတင်းစာတွေမှာတော့ ကရာဇက်က ကူညီခဲ့တာကို မရေးကြဘူး။ ဟော်လန်သတင်းစာတွေမှာတော့ ရဲတွေကို ကရာဇက်က ကူညီခဲ့တဲ့အကြောင်း ရေးသား ဖော်ပြကြတယ်။ ဒီကလေးပျောက်အမှုမှာ ကရာဇက်ဘယ်လိုအမြင်အာရုံနဲ့ကူညီခဲ့တယ်ဆိုတာကို ယူထရက်တက္ကသိုလ် ပရစိတ်ပညာဌာနမှာ မှတ်တမ်းတင်ထားလေရဲ့။

မနောသုတေသီ

www.burmeseclassic.com



ါက်တိန်းရှိ -မရှိ၊ ငွေအစုအငုံလိုက် ဝင်နိုင်-မဝင်နိုင်၊
ပိုင် အိမ်ခြံမြေ၊ တိုက်တာ၊ ကားတို့ ပိုင်ဆိုင်ရမည့်အရွယ်၊
ကျော် နိုင်ငံကျော်မည့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာနှင့်
ျိုးပေး-မပေး၊ ဝတ္ထု၊ စာပေ၊ တေးများတို့ တွင် အရောင်းရ
ကာင်းဆုံး (BEST SELLER) ဖြစ်နိုင်-မဖြစ်နိုင်၊ အကြီး ကျယ်ဆုံး
ွအကောင်းဆုံး၊ ရောင်းအား အမြင့်ဆုံး DEPARTMENT STORE
MPANY, HOTEL, LODGING HOUSE စသည့် လုပ်ငန်းတို့နှင့်
ျိုးပေး-မပေး၊ အကျိုးတူ ပူးပေါင်းဖက်စပ်သည့် အစုစပ်
ာနှင့် ပတ်သက်၍ အကျိုးပေး- မပေး၊ အလှဖန်တီးမှု
င်န်းဖွင့်ရန် အကျိုး ပေး-မပေး (BEAUTY SLOON) စီးပွား
နှာ ရောင်းဝယ်ခြင်းနှင့် အကျိုး ပေး-မပေး၊ နိုင်ငံခြား
ာသားဘာဝနှင့် အကျိုးပေး-မပေး၊ ပြည်ပတွင် သွားရောက်
ုပ်လုပ်ကိုင်ရမည့် ကံပါ-မပါ၊ ရေကြောင်းသင်္ဘော ကုမ္ပဏီ၊
ကြောင်းကုမ္ပဏီတို့နှင့် အကျိုးပေး-မပေးသင့်ရင်သွေးတို့
ဆရာဝန်၊ အင်ဂျင်နီယာ၊ တွန်ပျူတာ ပညာရှင်များ ဖြစ်နိုင်-
နိုင်၊ ဆရာဝန် ဖြစ်လာပါက PAEDIATRIC, OBSTERRIC
GYNECOLOGY, MEDICINE, SURGERY အစရှိ သည်တို့တွင်
ည့် ဘာသာရပ်နှင့် အကျိုး ပေး-မပေး၊ အင်ဂျင်နီယာ MECHANICAL, CIVIL, ARCHITECTURE, ELECTRONICS
ကြောင်းပညာ၊ လေကြောင်းနှင့်အာကာသပညာ အစရှိသည်တို့တွင် မည်သည့် ဘာသာရပ်နှင့် အကျိုးပေး-မပေး၊
းသမီး ရတနာများ မွေးဖွားရာတွင် ဇာတာရှင်အတွက် အကောင်းမွန်ဆုံး အသင့်တော်ဆုံး၊ ခွဲစိတ်ရမည့် လ-ရက်-
-နာရီ-မိနစ်တို့ကို ရွေးချယ်ပေးခြင်း၊ သားသမီးများအတွက် ရာသက်ပန်အကျိုးပေးနိုင်မည့်အမည်၊ လုပ်ငန်းအမည်၊
ဏီအမည်၊ အိမ်ထောင်ကျမည့်အချိန်၊ အိမ်ထောင်ပြုရန် သင့်-မသင့်၊ အိမ်ထောင်ဖက် အရည်အချင်း၊ မည်သည့်နေ့-
-နာရီ-မိနစ်တွင် လက်ထပ်ရမည်ကို မင်္ဂလာအခါပေးခြင်း၊ အိမ်ခြံမြေ တိုက်တာကားများဝယ်ရန်၊ ရောင်းရန်၊
ာက်လုပ်ရန်အတွက် အခါပေးခြင်း၊ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အလုပ်အကိုင်၊ အရောင်းအဝယ်၊
ုအခင်းများအတွက် အထူးယတြာ (သံဟိတပညာ) နှင့် တွဲဖက်၍ သင့်တော်ကြမ္မာကို မြှင့်တင်ပေးလျက်ရှိပါသည်။
်ညွှန်-

ဆရာချမ်းမင်း(LL.B)

ဘဝရှုခင်းအလင်းလက္ခဏာ--အမှတ် (၁)

ိုးရေး
ြည်သာစာပေ
တ်(၆/၁၀) ရပ်ကွက်၊ချင်းတွင်းလမ်း၊ရွှေပြည်သာမြို့။
: ၀၁- ၆၁၁၆၂၂၊ ၀၁- ၆၁၁၄၅၇

www.burmeseclassic.com

(ဂျိုင်းဝတ်)

# ဩးမင်း

မြင်မိယောင်များ



၃၄၀

သုရှစ္စမဂ္ဂဇင်း

၂၀၀၄ ခုနှစ် စက်တင်ဘာလ အတွဲ(၁၄) အမှတ်(၉)

www.burmeseclassic.com

www.burmeseclassic.com

ယန်းမိုင်တော။

ဒီတောက တောင်ထိပ်မှာ ထင်းရှူးပင်တွေ အစီအရီ။ ဆင်ခြေလျှော တောင်စောင်းတွေမှာတော့ မိုက်ကော်ပင်၊ တောင်သခြေပင်၊ စွယ်တော်ပင်၊ ကသစ်ပင်တို့က မင်းမူလျက်ရှိကြသည်။ စွယ်တော်ပွင့်ချိန်တွင် တောအနံ့ တောင်အပြန့် စွယ်တော်ပွင့်တို့ ဝေဆာလျက် သာယာရှုမဆုံးသော ပန်းပင်လယ်ပြင်ကြီးသဖွယ်။ နွေရာသီ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသောအခါသမယမှာတော့ တောတောင်အနှံ့ ကသစ်ပန်းနီနီရဲရဲတို့က သဘာဝပန်းချီကားချပ်သဖွယ် ကြည့်မဝရှုမဝ။ သစ်ပင်အောက်ခြေမြေပြင်တို့မှာလည်း အပွင့်ဝါဝါနှင့် ဆူးပန်းပင်၊ ဆူးပန်းရွက်၊ အလေ့ကျပေါက် နွယ်မြက်သစ်ပင်တို့က တိုးမပေါက်။



ဒေသခံတောင်ပေါ်တိုင်းရင်းသားတို့ကလည်း စွယ်တော်ပွင့်ချိန် စွယ်တော်ပွင့်များကို ခူး၊ ပြုတ်ပြီး မြေပဲလှော်ကလေးထောင်း၊ ဆီချက်ချက်ပြီး စွယ်တော်ပွင့်ပြုတ်ကို စားနှင့်ပါးပါးလှီး ဆီချက်၊ မြေပဲထောင်း စသည်တို့နှင့် သုပ်စားရသည်မှာ အရသာလည်းရှိ ဆေးဖက်လည်းဝင်လှသည်။

'အစာလည်းဆေး၊ ဆေးလည်းအစာ' ဆိုသလို တောင်ပေါ်တိုင်းရင်းသားတို့ ကျန်းမာရေးတောင့်ပြီး သန်မာထွားကျိုင်းလှသည်မှာ ဤကဲ့သို့ သန့်ရှင်းလတ်ဆတ်သော သဘာဝတောတောင်အတွင်းမှ ဆေးဖက်ဝင် အစားအစာများကြောင့်လားဟု အတွေးဝင်မိသည်။ ဆေးဖက်ဝင်သည်ဟု ပြောလိုက်၍ စွယ်တော်ပွင့်တစ်မျိုးတည်းမဟုတ်၊ ဆူးပန်းရွက်၊ ဆူးပန်းပွင့်အဝါကလေးများကလည်း ချဉ်ရည်ဟင်းချက်သောက်၊ ပြုတ်ပြီးသုပ်စားက ခံတွင်းမြိန်လှပေသည်။ သည်းခြေ၊ သလိပ်တို့နိုင်ပြီး ခွန်အားကိုဖြစ်စေပါသည်။

'မသိသူကျော်သွား၊ သိသူဖော်စား' ဆိုသလို မြတ်စွာဘုရားရှင် သတ်တော်ထင်ရှား ရှိတော်မူစဉ်အချိန်က သမားတော်ကြီး ဆရာဇီဝက အမိန့်ရှိသလို ဆေးဖက်မဝင်သောအပင် ဟူ၍ မရှိသလောက် ဖြစ်ပါသည်။

ဥတုရာသီ တောကိုမှီ၏။ ယခုလို တောကြီးတောင်ကြီးများသည် ရာသီဥတုကို အများကြီး ထိန်းသိမ်းထားပေသည်။

ထောမဲ့မြေသား ရေတိုက်စား၏ တဲ့။ သစ်ပင်ကြီးဝါးပင်ကြီးမရှိတော့တဲ့ တောကြီးတောင်ကြီးများသည် မိုးရွာသောအခါ မိုးရေတို့နှင့်အတူ မြေသားတို့မျောပါသွားပြီး မြေဆီလွှာခန်းခြောက်၍ သဲကန္တာရအသွင်ကူးပြောင်းသွားနိုင်ပေသည်။ ထို့ကြောင့် တောတောင်ကို ချစ်မြတ်နိုးပါ။ သစ်ပင်ကြီး၊ ငယ်တို့ကို မခုတ်ပါနှင့်။ ခုတ်၍တောပြုန်းသွားလျှင် ရာသီဥတု ဆိုးဝါးစွာ ပူပြင်းလာပါလိမ့်မည်။ သဘာဝသစ်တောများကို ထိန်းသိမ်းကြပါ။ တောပျော်တိရစ္ဆာန်များကို မညှဉ်းဆဲ မသတ်ဖြတ်ကြပါနှင့်ဟု ဆုတောင်းမိပါသည်။

ယန်းမိုင်တောသည် ကျွန်တော်တို့ မြို့နယ်မှာတော့ နာမည်ကြီးလှပါသည်။ မိုင်းခတ်မြို့၏ အနောက်ဘက်(၁၀)မိုင်အကွာလောက်ရှိ ယန်းမိုင်ကျေးရွာ၏ မြောက်ဘက် (၂) မိုင်လောက်အကွာမှာရှိ တောကြီးတောင်ကြီးများ စိုးမိုးမင်းမူနေပြီး ချောင်းငယ်ကလေးများ၊ တောင်ကျစိမ့်စမ်းရေကြောင်းများ၊ ကြည်လင်သန့်ရှင်းအေးမြလှသော ချောင်းငယ်ရေကြည်ကြည်တို့တွင် ကူးခပ်သွားလာပျော်မြူးနေသော ကျောက်ငါးကြင်း၊ ငါးရံ့၊ ငါးခုံးမ၊ ရွှေရောင်တောက်ပသော ငါးကလေးများ၊ သဘာဝအလှအပများနှင့် ယန်းမိုင်တောကြီးသည် သာယာရှုမငြီးဖွယ်ဖြစ်ပါသည်။

တောကြီး၏ အလှများကို ထပ်ဖြည့်အလှဆင်ထားသည်က ငှက်တို့၏ အလှဘုရင် ဒေါင်းငှက်တို့ ပျော်မြူးရာ တောကြီးဖြစ်ပေသည်။

တောတောင်တိုင်းတွင် ဒေါင်းငှက်မနေ၊ ဒေါင်းငှက်နေသော တောသည် ရတနာထွက်သည်ဟု ဒေသခံ ရှမ်းတိုင်းရင်းသားကြီး ဦးခမ်းလူမှ ကျွန်တော့်ကို အမှတ်တရ ပြောဖူးပါသည်။

မှန်ပါသည်။ ယန်းမိုင်တောကြီးအတွင်းမှ န်လာနှင့်ပတ္တမြားထွက်ရှိသည်။ ထွက်သည့်နေရာကိုဒေသခံ တိုင်းရင်းသားအချို့ သိနေကြသည်။ သိသည့်အလျောက် တူးဖော်ရောင်းဝယ်နေသည်ကိုလည်း တွေ့မြင်နေရသည်။

ယခုအခါ ယန်းမိုင်တောအတွင်းမှမြေသားများကို ကုမ္ပဏီတစ်ခုမှ ရတနာနှင့်ရွှေများ တူးဖော်လုပ်ကိုင်လျက် ရှိနေကြပါသည်။အဖိုးတန်ရတနာများသည် တောတောင်အတွင်းမှ ထွက်ရှိပါသည်။

ဒေါင်းငှက်၏ သည်းခြေသည် လူကို သေစေတတ်သည်ဟု မိတ်ဆွေကြီး ဦးစိုင်းလိတ်မှ ကျွန်တော့်ကို ပြောပြဖူးပါသည်။

မိုင်းခတ်မြို့နယ်သည် တစ်ချိန်က ယမ်းငွေ့တွေဝေ၍ တိုက်ပွဲပေါင်းများစွာဆင်နွှဲခဲ့ရသော အမည်းရောင်နယ်မြေတစ်ခု ဖြစ်ပါသည်။

အစိုးရတပ်များနှင့် ဗ-က-ပ သောင်းကျန်းသူတို့ တိုက်ပွဲများဖြစ်ပွားစဉ် ဗ-က-ပ သောင်းကျန်းသူများကို အရှင်ဖမ်းဆီးမိပါက ၎င်းတို့၏ အကျႌတော်လာထောင့်ကလေးကို ပါးစပ်နှင့်ကိုက်ပြီး မကြာမီသေဆုံးသွားပါသည်။ ၎င်းတို့၏ အကျႌကော်လာထောင့်လေးထဲတွင် ဒေါင်းသည်းခြေထည့်ထားသည်ဟု ရဲဘော်ဟောင်းကြီး ဦးစိုင်းသိတ်မှ ရှင်းပြဖူးသည်။

ယန်းမိုင်တော[illegible]အတွင်း၌ မိုးဦးကျစကာလအတွင်း [illegible]ချော့လ[illegible]သော အဖြစ်ဆိုးတစ်ခု [illegible]ပါသည်။ မိုးဦးကျခါစ မိုးဖွဲ့တလေ[illegible]တစ်ပြိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖြိုက် ရွာသွန်းပြီးစအချိန်တွင် မြက်နုကလေးများ စတင်ပေါက်လာစ၊ ၎င်းမြက်နုလေးများ မိုးနံ့သင်းနေချိန် နံနက်စောစော တောပျော်တိရစ္ဆာန်တို့ မြက်နုစားရန် တောအတွင်းမှမြက်ခင်းရှိရာသို့ အစာစားရန် ထွက်လာကြသည်။ နံနက်စောစော မိုးနှင်းတို့နှင့်အတူ ချေမိသားစုကလေးများလည်း အစာရှာထွက်လေ့ရှိပါသည်။

ယန်းမိုင်ရွာမှ လူငယ်လေးများဖြစ်ကြသော အိုက်ဆမ်နှင့် အိုက်ခေးတို့ သူငယ်ချင်းနှစ်ယောက်သည် ယခုလို မိုးဦးကျ မြက်နုလေးများကို စားရန်ထွက်လာသည့် ချောကောင်များကိုပစ်ရန် တူမီးသေနတ် တစ်ယောက်တစ်လက်ထမ်းပြီး နံနက်(၄)နာရီလောက် ယန်းမိုင်တောကြီးအတွင်း ဝင်ရောက်သွားကြပါသည်။

အရှေ့မိုးကောင်းကင်မှ ရောင်နီပျိုးစ တောကြီးအတွင်း မိုးနှင်းတို့နှင့်အတူ မှုန်ဝါးဝါးအလင်းရောင်တို့ မသဲမကွဲရှိနေချိန် သူငယ်ချင်းနှစ်ယောက် မြက်ခင်းရှိရာသို့အရောက်သွားပြီး မြက်နုကလေးများကို အစာစားရန်လာသော တောပျော်သမင်များ၊ ချေများ၊ ဆတ်များကိုပစ်ခတ်ရန် မြက်ခင်းဘေးရှိ တောစပ်တွင်နေရာယူရန် နေရာရွေးဖို့စဉ်းစားနေချိန် -

“အိုက်ဆမ်ရေ မင်းဟိုဘက်က မိုက်ကော်အပင်ကြီးအောက်က ချုံပုတ်ထဲမှာ သွားဝပ်နေ”

အိုက်ခေးမှ အသံတိုးတိုးဖြင့်ပြောလိုက်ပါသည်။

“ငါက တောင်သပြေပင်ကြီးအောက်မှာနေမယ်”

သူငယ်ချင်းနှစ်ယောက် နေရာခွဲပြီး နေရာယူရန် ခြေသံမကြားအောင် တဖြည်းဖြည်း ဖောတိုးလျက် နေရာယူလိုက်ကြသည်။ တောကြီးအတွင်း မိုးသောက်ယံ ရောင်နီပျိုးစ ကျေးငှက်တို့အိပ်တန်းထ အစာရှာထွက်ရန် တစ်ကောင်နှင့်တစ်ကောင်အသံပေး၍ ကျေးငှက်တို့ တွန်ကျူးသံ၊ ဒေါင်းက အိုးဝေတွန်ကျူးသံတို့ဖြင့် တောကြီးအတွင်း နေ့သစ်ကို ကြိုဆိုသည့် ကျေးငှက်သံတို့ ဆူညံစပြုလာချိန် အိုက်ဆမ်၏ အမြင်အာရုံတွင် သမင်တစ်ကောင် မြက်ခင်းအနီးတရွေ့ရွေ့တိုးလာရန် သစ်ပင်ကွယ်မှ ခေါင်းကလေးထွက်ပေါ်လာပြီး စူးစမ်းသောအကြည့်တို့ဖြင့် ရပ်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ၎င်းသမင်ကလေးသည် အိုက်ခေး နေရာယူထားသော အနီးမှ ချုံပုတ်အတွင်း ရပ်နေသည်ကို တွေ့လိုက်ရသဖြင့် လက်တွင်းမှ တူမီးသေနတ်ကို သေချာချိန်ပြီး အသက်ပင်ဖြောင့်အောင်မရှူနိုင်ဘဲ အရိပ်အကဲကိုကြည့်နေသော ချုံပုတ်အတွင်းမှ သမင်ငယ်ကို သေချာချိန်ပြီး တူမီးသေနတ်မောင်းကို ဖြုတ်လိုက်ပါသည်။

တူးမီးသေနတ်၏ ယမ်းပေါက်ကွဲသံနှင့်အတူ -

“အောင်မလေးဗျ”

အသံကုန် ဟစ်အော်လိုက်သော အိုက်ခေး၏အသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက်ထိုင်ရာထပြီး အပြေးသွားကာ အိုက်ခေးကိုကြည့်လိုက်သောအခါ-

သွေးအိုင်ထဲတွင် ဦးခေါင်း၌ သေနတ်မှန်ထားသောဒဏ်ရာနှင့် သတိမေ့နေသောသူငယ်ချင်းအား ထိုင်ပြီးပွေ့လိုက်သောအချိန်တွင် အိုက်ခေးမှာ အသက်မရှိတော့။

“သူငယ်ချင်းရယ် ဘယ်လိုဖြစ်ရတာလဲ။ ငါက သမင်ကိုမြင်ပြီးပစ်လိုက်တာ မင်းကဘယ်လိုဖြစ်ပြီး. . .”

အိုက်ဆမ် စကားမပြောနိုင်တော့။ မျက်ရည်များ တသွင်သွင်စီးဆင်းနေပြီး ယူကျုံးမရ ရင်တွင်ဗလောင်ဆူလျက် သူငယ်ချင်း၏အလောင်းအား ပွေ့ပိုက်လျက်သား ငုတ်တုတ်သတိမေ့နေသည်။

အိုက်ဆမ်သတိရ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ အရှေ့ဆီမှ နေရောင်ခြည်ဖြာဆင်း၍၊ မိမိပတ်ဝန်းကျင်တွင်ကျေးငှက်တို့၏ တွန်ကျူးသံ၊ သဘာဝလောကကြီး၏ သာယာလှပသော စမ်းချောင်းကလေးများ၏ စမ်းရေစီးသံ၊ တောပန်းတောင်ပန်းတို့၏ သင်းပျံ့သောရနံ့တို့ကို ရှူရှိုက်ရင်း-

“သူငယ်ချင်းရယ် အဖြစ်ဆိုးလှချေလား။ မင်းမရှိမှတော့ ငါလည်း ရွာကို တစ်ယောက်တည်း မပြန်တော့ဘူး”

လက်တွင်းမှ တူမီးသေနတ်ပြောင်းဝကို ပါးစပ်အတွင်းငုံပြီး ခြေမနှင့် တူမီးသေနတ်မောင်းကို ဖြုတ်ချလိုက်ပါတော့သည်။

ဒိုင်းခနဲမြည်သံကြီးသည် ယန်းမိုင်တောအတွင်း ဆူညံစွာထွက်ပေါ်သွားပါတော့သည်။

အိုက်ဆမ်နှင့် အိုက်ခေးတို့ နံနက်(၉) နာရီထိုးသည့်တိုင်အောင် အိမ်ကိုပြန်မလာသေးသဖြင့် မိဘဆွေမျိုးများလည်းစိတ်ပူပြီး ယန်းမိုင်ရွာမှလူငယ်များ၊ ရွာလူကြီးများစုပေါင်း၍ ယန်းမိုင်တောအတွင်း ဝင်ရောက်၍ လူစုခွဲပြီးရှာဖွေကြပါသည်။

“ဘကြီးရေ ဟောဒီမှာတွေ့ပြီဗျို့”

လူငယ်တစ်ဦး၏ အော်သံကြီးကို ကြားလိုက်ရသောအခါ ကျန်ရွာသားများ အသံလာရာလူငယ်ဆီသို့ အမြန်ဆုံးစုဝေးရောက်ရှိလာကြပါတော့သည်။ ရွာသားများအားလုံး အံ့ဩထိတ်လန့်သောအမူအရာများဖြင့် -

“ဘယ်လိုဖြစ်ရတာလဲ ကလေးတို့ရယ်။ အားလုံးကိုယ်ကျိုးနည်းပါပေါ့လား”

ရွာသားများ တွေ့လိုက်ရသည်က တစ်ယောက်အပေါ် တစ်ယောက်က ခေါင်းတင်လျက် သွေးများတစ်ကိုယ်လုံးနီရဲနေပြီး အသက်ပျောက်နေသော အလောင်းနှစ်လောင်း။

ရွာလူကြီးမှ -

“ကဲ - အားလုံး အလောင်းတွေ ရွာထိပ်ကိုပြန်သယ်ကြရအောင်”

နေ့လယ်တစ်နာရီလောက် နေပူပူတွင် မိုင်းခတ်ပြည်သူ့ဆေးရုံဝင်းအတွင်း လူတွေစည်ကားလျက်ရှိသည်။ အချို့သော ပုဂ္ဂိုလ်များက ကရုဏာနှင့် သေဆုံးသူ လူငယ်လေးနှစ်ဦးအား အလွန်သနားနေကြသည်။ အချို့သော ပုဂ္ဂိုလ်များက မကြုံဘူးသောအဖြစ်ဆန်းမို့ စူးစမ်း လေ့လာလိုသောစိတ်ဖြင့် လာရောက် ကြည့်ရှုကြခြင်းဖြစ်ပြီး အချို့သော ပုဂ္ဂိုလ်များကတော့ သေဆုံးသူ လူငယ်လေးများ၏ ဆွေမျိုးမိသားစုများဖြစ်ကြ သည်-

“အားလုံးဘေးဖယ်ပေးကြပါ၊ ဆရာဝန်ကြီးလာနေပြီ”

ဆရာဝန်ကြီးနှင့်အတူ မိုင်းခတ်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သက်ဆိုင်ရာပုဂ္ဂိုလ်များ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ရန် ယန်းမိုင်တောမှ သယ်လာခဲ့သော အလောင်းနှစ်လောင်းအား စစ်ဆေးနေကြပါသည်။

လူအုပ်ကြီးအတွင်းမှ-

“သားလေးရေ ဖြစ်လေရာဘဝတိုင်း ယခုလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံရတွေ့ရပါစေနဲ့လို့ မေမေ ဆုတောင်းပေးနေပါတယ်”

ဆေးရုံဝင်းအတွင်း လူအုပ်ကြီးများသည် မျက်ရည်ကိုယ်စီကျလျက် များစွာစိတ်မကောင်းခြင်းဖြစ်လျက်ရှိနေကြပါတော့သတည်း။

*တကယ့်အဖြစ်အပျက်အား*
*နာမည်များပြောင်းထားပါသည်*

ဒေအးမင်း (ကျိုင်းတုံ)



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်တန်ခိုးပြည့်လျှင် ယှဉ်ပြိုင်ဘက်ကင်းပြီး

# လာဘ်များဝင်သောစမအင်း

## အောင်(သိဒ္ဓိရာဇာ)နှင်းမြိုင်ဇော်

**နိဒါန်းစကား**

မဟာသင်္ကြန်အတက်နေ့ ဖြစ်သည်။ စတုဒိသာမဏ္ဍပ်များက အသံချဲ့စက်အသံတွေက သူ့ထက်ငါ အပြိုင်အဆိုင်လိုပဲ အလှူရှင်များ၏အမည်များကို ကြေညာလိုက်၊ ခေတ္တနားနေခိုက်မှာဆို အကျိုးဆောင်တို့၏အသံပျောက်သွားပါပြီ။ သို့ပေမယ့် အသံချဲ့စက်မှာတော့ နားခွင့်မရရှာပါ။ ခေတ်ပေါ်သီချင်းဖွင့်လိုက်၊ အချို့မဏ္ဍပ်က ရှေးခေတ်ဟောင်းသီချင်းကိုဖွင့်ပြီး ဧည့်သည်ဝေယျာဝစ္စလုပ်နေကြသော လုပ်အားပေးတို့၏အမောကိုဖြေလျှော့နေပြီ ဖြစ်ပါသည်။

မမျှော်လင့်သော တေးသီချင်းသံက လွင့်မျောလာနေပါပြီ။ ယနေ့ခေတ်လူငယ်များနှင့် အတော်နားစိမ်းနေသော သီချင်းဖြစ်ပါသည်။ ထိုသီချင်းကို ဆရာရွှေတိုင်ညွန့်က ရေးစပ်ခဲ့ပြီး အဆိုတော်ခင်မောင်ရင်၏ သီဆိုသံ၊ သီဆိုဟန်က ထွက်လာနေခြင်း ဖြစ်ပါသည်။ သီချင်းအမည်က 'ဘိုးဘိုးအောင်' ပါ။

ကျွန်ုပ်သည် သီချင်းမှဆိုတတ်သော်လည်း အနုပညာပိုးရှိသူဖြစ်၍ -

*'တို့ဗမာxxxxတေဇာဂုဏ်ရည်၊*
*ကျုပ်တို့လူမျိုး တန်ခိုးရှိသည်xxx*
*ဘုန်းကံရှင်များ အင်ရှားခဲ့သည့်*
*xxxxပထမံအတတ်နဲ့ ထွက်ရပ်*
*လမ်းပေါ် ပေါက်ခဲ့ပါသည်xxxxx*
*xxx xxx xxx xxx xxx xxxx*
*(သတ်ရန်တို့မဆိုထားနဲ့ ထင်ရှား*
*အောင်ပြရမည်xxxငါရေးပြပါတဲ့*
*xxx'ဝ' တစ်လုံးကိုသာအတည်*
*ပျက်အောင်ပင်/မင်းပျက်အောင်*
*ပင် ဖျက်နိုင်ရင် ငါ့ကို နိုင်လိမ့်*
*မည်xxxတဲ့)'*
*xxx xxx xxx xxx xxx xxx*
*xxx xxx xxx xxx xxx xxxx*
*အတင်းဖျက်လိုက်ခါမှ အစက 'ဝ'*
*တစ်လုံးဟာနှစ်လုံးဖြစ်လာသည်။*
*နှစ်လုံးဖျက်ပြန်တော့ လေးလုံး*
*ပေါ်ခဲ့သည်xxxxနှစ်ဆတိုးတာ*
*ဟာလေxxxဗမာ့တန်ခိုးပါဗျxxx*
*ထူးဆန်းတဲ့ ဉာဏ်စွမ်းရည် xxx*
*xxx xxx xxx xxx xxx xxx*
*xxx*
*(ဗုဒ္ဓဘာသာ မြန်မာ/ တို့ဗမာ*
*ဟူသမျှ ရန်ဘယာ မြူမခ စိတ်*
*သာချအတည် ဝိဇ္ဇာမမည်)' xxx*
*xxx xxx xxx xxx xxx xxx*
*xxx xxx xxx*

သီချင်းသံကို အာရုံစိုက်နေမိစဉ်တွင် သားလတ်က သီချင်းအကြောင်း မေးနေပါတော့သည်။ နားလည်အောင် ရှင်းပြလိုက်ရပါတော့သည်။

နှစ်သစ်ကူးသောနေ့(တစ်နည်း) နှစ်ဟောင်းကို နှုတ်ဆက်သောနေ့လည်း ဖြစ်ပါသည်။ ကောဇာနှစ်သစ်ဖြစ်သော သက္ကရာဇ် ၁၃၇၆ ခုနှစ်ကို ဂမ္ဘီရနည်းအရ အရကောက်ပြီး သိတ်ထိုး၍စီလျှင် အစွမ်းထက်သူဟု ကောက်နိုင်သည်ဖြစ်၍ အများသူငှာတို့ မင်္ဂလာယူနေသော အခါသမယတွင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အတွက် အကျိုးရှိနိုင်သော ပထမံပညာဖြင့် စမတစ်လုံး စီမံရန် အကြံအစည်ကို လျင်မြန်စွာ အကောင်အထည်ဖော်ရန်အတွက် အားဆေးတစ်ခွက်ပမာ နှစ်သက်စွာဖြင့် ဤစာစုကို ရေးသားလိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

■

*အနန္တဂုဏာ သမ္ဗုဒ္ဓံ၊ နဝဂုဏေဟိ*
*ဥတ္တမံ၊ သဗ္ဗညု ဗုဒ္ဓစေတိယံ၊*
*အဟံ နမာမိ သဗ္ဗဒါ။ ။*

**အနန္တဂုဏ သမ္ဗုဒ္ဓံ** - အဆုံးမရှိသော ကျေးဇူးတော်၊ ဉာဏ်တော်အထူးနှင့်ပြည့်စုံတော်မူသော၊ **နဝဂုဏေဟိ** - အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ **ဥတ္တမံ** - ထူးမြတ်သော သဗ္ဗညုဒေ ယျဓမ္မတရားအပေါင်းနှင့် ပြည့်စုံတော်မူသော၊ **ဗုဒ္ဓံ** - သစ္စာလေးပါးမြတ်တရားကို ပိုင်းခြား၍ သိတော်မူသော၊ **ဗုဒ္ဓံ** - သစ္စာလေးပါး မြတ်တရားကိုပိုင်းခြား၍သိတော်မူသော မြတ်စွာဘုရားသခင်၏၊ **စေတိယံ** - ဓာတု ပရိဘောဂ၊ ဥဒ္ဒိဿ၊ ဓမ္မဟုဆိုအပ်သော စေတီတော်တို့ကို၊ **အဟံ** - အကျွန်ုပ်သည်၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **နမာမိ** - ရှိခိုးပါ၏။

ကျွန်ုပ်သည် ကံသုံးပါးအလုံးစုံဖြင့် ကန်တော့လိုက်ပါသည်။ အောင်လေးအောင်ပါရှိသော 'သဗ္ဗသိဒ္ဓိ ဂမ္ဘီရစမ' ကို စီမံရပါသည်။ ပုဂ္ဂိုလ်ဆိုင်ရာ ကူညီပေးကြသည်ဟုပင် ယူဆမိပါသည်။ အထူးကတော့ ပထမံဘိုးဘိုးအောင်မှ ခွင့်ပြုချီးမြှင့်ပြီး ကူညီလိုက်သဖြင့် ယခု ၁၃၇၆ ခုနှစ်တွင် ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်သော ကံသုံးပါးကို ကောင်းစွာ စောင့်ရှောက်နိုင်သူသည် အစွမ်းထက်သူဖြစ်အောင် ယခု ကျွန်ုပ်ရေးသားတင်ပြမည်ဖြစ်သော 'သဗ္ဗသိဒ္ဓိဂမ္ဘီရစမ' ကို ဆောင်နိုင်သူဖြစ်မည်ဟု ဆိုရပါမည်။

ထိုစမကို ဆောင်နိုင်သူသည် ပြော၍မကုန်၊ အံ့သြမကုန် အထူးထူးသောအကျိုးများကို ရရှိပိုင်ဆိုင်သူများ ဖြစ်လာမှာ ဧကန်ပင်ဖြစ်ပါတော့သည်။

ယခု ပထမံဂမ္ဘီရစမကို ဖွဲ့စည်းပုံကို ဦးစွာရှင်းပြပါမည်။ ထိုစမသည် ပထမံသိဒ္ဓိပေါက်ကြသူများသာ စီမံနိုင်ကြမည်ဖြစ်ပြီး အင်းဝိဇ္ဇာ၏ လက်ယာဝိဇ္ဇာလေးပါးမှ စမဝိဇ္ဇာဖြစ်သော သဟံပတိက စမဝိဇ္ဇာ စောင့်ကြပ်နေရသော စမဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

ထိုပထမံစမအင်းတွင် -

အလယ်တွင် 'အ' အက္ခရာထည့်ထား၏။ ထိုအ, အက္ခရာကို 'ဝ' ဖြင့် ရံအုပ်ထားပါသည်။ ထိုအက္ခရာနှစ်လုံးကို သုံးသွယ်ရုပ်နှင့် အင်္ဂမ်းကိုဖြစ်သော အက္ခရာကောသလ္လဉာဏ် ရင့်ကျက်သူတို့ သိရှိမည်ဖြစ်ပါသည်၊ သရုပ်ခွဲပြရမည်ဆိုပါလျှင် -

၁။ ကကြီး၊
၂။ ဒဒွေး၊
၃။ ယပက်လက်၊
၄။ က, ယ အပြန်တို့ကိုစီမံထားပါသည်။

ထိုသို့ အက္ခရာအားဖြင့် က၊ဒ၊ယ ဟုဆိုရသောဗျည်းတို့ကို ထိဆက်ထားသော ထူးခြားသည့်ဗျည်းမှာ 'ဂ'လေးလုံးဖြင့် ချိတ်ဆက်နေပါသည်။ 'ဂ'၊ 'ဗ' ဗျည်းအက္ခရာတို့မှာလည်း မှန်စာ အက္ခရာတို့ဟု ဆိုနေကြပါသေးသည်။

'ဝ' ငယ်တို့၏ အကြားထဲတွင် 'ဝ' လုံးတို့ဖြင့် ဖြည့်ထားပြန်ပါသည်။ 'ဝ' ငယ်တို့ထိပ်တွင် နဝင်းဆောင်း အသွန့်တင်ထားခြင်းကလည်း ထူးသည်ထက်ထူးစေခြင်း၊ ပန်းစကြာ သန္တရားကြီးဆိုရလောက်အောင် ဆန်းကြ[illegible]းနေပါသည်။

ထိုစမ၏လေးမှ[illegible]ဒေသတွင်မူ -

■ ဗုဒ္ဓ သိဒ္ဓိအော[illegible]
■ ဓမ္မ သိဒ္ဓိအော[illegible]
■ သံဃ သိဒ္ဓိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

■ သဗ္ဗ သိဒ္ဓိအောင်ဟု အောင်မာတ် (၄) ချက် ဆင့်ထားသည်ကို တွေ့ရမြင်ကြရပါသည်။

ထူးခြား ဆန်းပြားသည့်အတွက် ဘုန်းတန်ခိုး၊ ဩဇာအာဏာ၊ စည်းစိမ်ဥစ္စာ၊ လာဘ်လာဘတို့ကို အထက်တွင် ရေးသားခဲ့ပြီးသော ကံ (၃) ပါးအမှုကို လုံခြုံခဲ့လျှင် အံ့ဩဖွယ်ပြွမ်းသော အကြောင်းကောင်းများစွာတို့ကို ရရှိပြည့်စုံမည် ဖြစ်ပါတော့သည်။ ကျွန်ုပ်အနေဖြင့် ကြိုးစားသင့်လှပါတော့သည်။ ထိုစမကို အောက်တွင် ဖော်ပြထားလိုက်ပါသည်။

ကျွန်ုပ်အနေဖြင့် အစွမ်းသိဒ္ဓိနှင့်ပတ်သက်ပြီး အနည်းငယ် တင်ပြလိုပါသည်။ စာဖတ်သူမိတ်ဆွေတို့အားလုံးလည်း သိရှိပြီးဖြစ်မည် ထင်ပါသည်။ ယနေ့ကာလသည် သိပ္ပံပညာ လွန်စွာတိုးတက်လာနေသည်မှာ ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့်တော့ သာဓကတစ်ခုတော့ တင်ပြလိုပါသည်။ အိုင်တီခေတ်ရောက်ချိန်ဖြစ်၍ ကျွန်ုပ်၏ တင်ပြချက်ကို ရဲဝံ့စွာပင် တင်ပြရပါတော့သည်။

ကျွန်ုပ်တို့ စားသုံးနေကြသော ဆားဖြစ်စေ၊ သကြားဖြစ်စေ တစ်ခုကို သာဓကအနေဖြင့် တင်ပြချင်ပါသည်။ ကျွန်ုပ်တို့၏ နေစကြဝဠာကြီးတွင် ကမ္ဘာကြီး၏ အနက်ဆုံး ပင်လယ်ကြမ်းပြင်ထဲသို့ရောက်အောင် သကြားကို ယူသွားပါ။ နောက်တစ်မျိုးကတော့ ကမ္ဘာအမြင့်ဘက်သို့ရောက်အောင် သွားရာတွင် သကြားကို ယူသွားရပါမည်။ မည်သည့်နေရာကိုရောက်ပါစေ သကြား၏ ပင်ကိုအစွမ်းသိဒ္ဓိဖြစ်သော ချိုသည့်အရသာကို မြေကမ္ဘာတွင် စားသုံးရသလို မခြားနားသောအရသာကို စားသုံးနိုင်ကြမည်ပင် ဖြစ်ပါသည်။ အလင်္ကာဂုဏ်မြောက်အောင် ဂဏ္ဍီရစမ၏ အစွမ်းသိဒ္ဓိလည်း မည်သည့်နေရာတွင်ဖြစ်စေ အားကြီးသောသိဒ္ဓိကို ပိုင်ထားနေပါသည်။

သဗ္ဗသိဒ္ဓိဂဏ္ဍီရစမ စမစီမံပုံကို ရိုးရှင်းစွာပင် ရေးပါသည်။ မိမိကိုယ်တိုင် ရေးဆွဲနိုင်ပါသည်။ ကိုယ်တိုင်မရေးလိုသူများ မိတ္တူဆိုင်များတွင် ကူးယူနိုင်ကြပါသည်။

စမပုံရပြီးသည်နှင့် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

၁။ အနီးဆုံးရက်တွင် စတင်ပါ။

၂။ စတုလောကပါလ နတ်မင်းကြီးများ၊ ဝိဇ္ဇာလေးပါးတို့ ပင့်ဖိတ်ထားပါ။

၃။ ဘုရားဖူးပါ၊ သီလခံယူပါ။ မိမိလိုသောဆု တောင်းခံပါ။ မေတ္တာပို့သပါ။

၄။ အောက်ပါ ဂါထာတော်ကို ရွတ်ဖတ်ပါ။

■ ဗုဒ္ဓါနံ့ မဟာလာဘာဿ နသတ္တာမောနစိ အန္တရာယောကာတုံ၊ ဇတေန သစ္စဝဇ္ဇေန ဟောတုမေ လာဘာဝဇ္ဇနံ။

■ ဗုဒ္ဓါနံ့ မဟာတေဇဿ နသတ္တာ တေနစိ အန္တရာ ယော ကာတုံ၊ ဇတေန သစ္စဝဇ္ဇေန ဟောတုမေ တေဇဇနံ။

ထိုဂါထာတော်နှစ်ပုဒ်ကို အံခေါက် ရေ (၃၀) ရွတ်ဖတ်ပေးရပါမည်။

၅။ သစ္စာပြုပြီးဆုတောင်းခံပါ။ ဝေနေယျများစွာတို့ကို မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။

၆။ ဖိတ်ကြားထားသူများ နေရပ်ပြန်ပို့ပါ။

၇။ အမိဋ္ဌာန်ဝင်ရမည့်ရက်မှာ မိတ်သကရက်အတိုင်း အဓိဋ္ဌာန်ဝင်ပါ။ (မာတ်မိတ်ကိုယူရပါမည်။) မာတ်မိတ်မှ ကြိုက်သက်နှင့် အဓိဋ္ဌာန်ဝင်ကြပါရန်။

အင်္ဂါ - တနင်္ဂနွေနှင့် စနေသားသမီးများ (၁၀) ရက်။

ဂဇ္ဇေ - တနင်္လာနှင့် ကြာသပတေးသားသမီးများ (၁၉) ရက်။

စရေ - အင်္ဂါနှင့် ဗုဒ္ဓဟူးညနေမွေးသားသမီးများ (၁၂) ရက်။

ဝံသေ - ဗုဒ္ဓဟူးနှင့် သောကြာသားသမီးများ (၂၁) ရက်။

အဓိဋ္ဌာန်ရက်သတ်မှတ်ပြီး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

■ **အသုံးပြုရန်နည်းလမ်း** ■

ဆောင်လိုသူများ မိမိနှစ်သက်ရာ အရွယ် စီမံကူးယူပြီး ပလတ်စတစ်လောင်းပြီးဆောင်နိုင်ပါသည်။

ကျွန်ုပ်သည် နှစ်သစ်ကူးချိန် ခုနစ်နေ့သားခုနစ်နေ့သမီးများအတွက် နှစ်လိုသူများ ကိုယ့်စိတ်ကြိုက်စီမံ၍ အသုံးပြုနိုင်ကြစေရန် ကောင်းမှုတစ်ခုအနေဖြင့် ပညာပါရမီအလို့ငှာ ဤစာစုကိုရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

*(ပညာပေးခဲ့ကြသောဆရာသခင်အပေါင်းအား ကံသုံးပါးအစုံဖြင့် ရှိခိုးဦးခိုက်ကန်တော့ပါ၏။)*

*ကောင်းမှုကိုစွမ့်နှံသမျှ*
*လိုလားတောင့်တတိုင်း*
*ရရှိပြည့်စုံကြပါစေ*

အောင်(သိဒ္ဓိဘေဇာ)နဝင်းမြို့ပေး




**သဗ္ဗသိဒ္ဓိဂဏ္ဍီရစမ**



www.burmeseclassic.com

www.burmeseclassic.com


ဆရာဦးခင်မောင်လှ (တဆ - ၀၂၂၉၀)

# ရွှေပြည်မင်း ဆေးတိုက်နှင့်ဆေးကုဌာန

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* စန္ဒာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် - နေ့စဉ် (၂)နာရီ မှ ည (၇း၀၀)နာရီထိ တနင်္ဂနွေနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

အမှတ် - ၂၇၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းကြီးမြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့ ☎ - ၅၇၇၆၄၂၊ ၀၉ ၄၇၁၉၃၁၄၉၊ ၀၉ ၈၅၁၃၁၆၆



မဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

- နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မှ သင်တကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
- ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့အခက်အခဲပါ။
- (သင့်ရဲ့ အရေးတကာအရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
- ဒါ့ကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
- လိုအပ်တဲ့အဖြေကိုရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
- နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကခံရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
- အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
- နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမားပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
- ဘာကြောင့်လဲဆိုရင် ဘဝဆည်းဆာတစ်ဆစ်ချိုးမှာ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာရိုးရာ နဝင်းစီးပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
- မြှောက်၍လည်းမဟော၊ ခြောက်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

ဆရာ ဦးခင်ဇော်

အမှတ် (၁၂)၊ မြရတနာ (၁၀)လမ်း၊ ခ ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာပ ဘုရား...
ဖုန်း-၀၁-၇၃၀၁၁၈၀၁ ... ၁၂၄၅၉


www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က ကိုကိုက လူရှက်လူနောက်။ ပျော်ပျော်နေတတ်သူ။ လူမှုရေးအလွန်တရာနားလည်လိုက်လျောသူ။ ကျောင်းတွင်လည်း သူငယ်ချင်းအပေါင်းအသင်းများသည်။ အားလုံးက သူ့ကိုချစ်ကြသည်။ ရပ်ကွက်ထဲတွင်လည်း လူချစ်လူခင်ပေါသည်။ မည်သူ့ကိုမဆို ကူညီတတ်သည်။ စကားပြောလျှင်လည်း နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့။

ယနေ့ ကိုကို့ကို သိမြင်ဆက်ဆံသူများက အထက်ပါ ကိုကို၏အကြောင်းကို ယုံကြည်ကြလိမ့်မည် မဟုတ်။ ယခု ကိုကို၏ ပုံစံက မှုန်တေတေ။ တစ်ဦးတည်းအနေများသည်။ အရယ်အပြုံးပါးရှားသည်။ မည်သူနှင့်မျှ အကြောင်းမဲ့စကားကိုမဆို။ စကားပြောလျှင်လည်း လိုရင်းတိုရှင်း။ တုတ်ထိုးအိုးပေါက်၊ စကားပရိယာယ်မရှိ။ မည်သူ၏အကြောင်းကိုစကိုမျှ တာဝန်မယူ။ ကူညီရိုင်းပင်းစိတ်နည်းသွားသည်။

လုံးဝခြားနားသွားသည်။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းရှိသည်။

■

ကိုကို ဘွဲ့ရသည့်နှစ်။ ကိုကိုက ရဲတပ်ဖွဲ့တွင် အရာရှိငယ်သင်တန်းသို့ လျှောက်ထားသည်။ ငယ်စဉ်ကတည်းက စုံထောက်ဝတ္ထုကို နှစ်သက်သည်။ လျှို့ဝှက်သည်းဖိုဇာတ်လမ်းများကို စိတ်ဝင်စားသည်။ အထူးသဖြင့် ရဲလုပ်ငန်းဘက်တွင် ဝါသနာထုံသည်။ ထိုစဉ်က ညီညီက တတိယနှစ်ကျောင်းသား။

အဖေ၊အမေ၊ကိုကို၊ညီညီလေးဦးသာရှိသော မိသားစု။ မနှစ်ကမှ တီးတီ တစ်ယောက်တိုးလာသည်။ တီးတီ ဆိုသည်က အမေ၏ညီမဝမ်းကွဲ။ ကျွန်တော်တို့နှင့် အဒေါ်ဝမ်းကွဲ တော်စပ်သည်။ အဒေါ်ဖြစ်သော်လည်း အသက်အရွယ်က မကွာလှ။ ကိုကို့ထက် အသက် (၅) နှစ်သာကြီးသည်။ ညီညီ့ထက် (၇) နှစ်ကြီးသည်။

တီးတီက လှသည်။

ထို့ကြောင့် ရပ်ကွက်ထဲက လူပျိုများ ကြိုက်နှစ်သက်ကြသည်။ ချစ်ရေးဆိုသူ ကမ်းလှမ်းသူတို့ ပေါများသည်။ သို့သော် တီးတီက လက်ခံသည်ဟု မကြားရ။

တီးတီက အနေအထိုင် တည်ကြည်သိမ်မွေ့သည်။ သို့တိုင်အောင် ဟော့ဟော့ရမ်းရမ်းသူတို့က မထီလေးစားဆက်ဆံသည်။ ထစ်ကြိမ်တွင် တီးတီ ချစ်ရေးဆိုသူတစ်ယောက်၏နှောင့်ယှက်မှု ကြုံရသည်။ ဖြစ်ချင်တော့ ညီညီနှင့် ပတ်ပင်းတိုးသည်။

ညီညီနှင့် ထိုသူ ... သတင်းကြားသဖြင့် ကိုကို ရောက်လာသည်။ ထိုသူ ထွက်ပြေးသည်။ တုတ်ရိုက်ချက်ကြောင့် ကိုကို့၏ လက်တွင် ရောက်ရှိသွားသည်။ အမေမသိစေအောင် တိုက်၍ ဆေးလိမ်းပေးသည်။ အထူးသဖြင့် တီးတီက ပြုစုသည်။ ကိုကို၏ လက်မောင်းကို ပွတ်သပ်ပေးသည်။ ... လိမ်းပေးနေသော တီးတီနှင့် ကိုကို ... တစ်ခုခုသိနေသလိုလို။

ထင်ထားသည့်အတိုင်းပင် ကိုကိုနှင့် တီးတီတို့၏ဆက်ဆံရေးက ထူးခြားခဲ့သည်။ ညီညီတစ်ယောက်သာသိနေသော အနေအထား။ ညီညီကလည်း စိတ်ထဲမှကျေနပ်သည်။ ကိုကိုနှင့် တီးတီ လိုက်ဖက်သည်ဟုထင်သည်။ သဘောတူသည်။ ကိုကိုတွင် အချစ်၏စွမ်းအား သတ္တိရှိသည်။ မည်သူ့ကိုမျှ ဂရုမစိုက်။ သို့သော် တီးတီက မဝံ့မရဲ။ အထူးသဖြင့် ကျွန်တော်တို့၏အမေ (တီးတီ၏ အစ်မ) ကို ကြောက်သည်။

တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဒီကိစ္စ ပေါ်သွားမည် အသေအချာ။ မည်ကဲ့သို့ ကြာရှည်ထိန်းသိမ်းသိုဝှက်ထား၍ရနိုင်အံ့နည်း။ ထိုအခါ မည်ကဲ့သို့ဖြစ်လာမည်မသိ။ စိတ်ပူတထင့်ထင့်။

■

ထိုနေ့သို့ရောက်ခဲ့လေပြီ။ ညီညီ အိမ်တွင်မရှိ။ သူငယ်ချင်း... စာသွားကူးနေစဉ် ကိုကိုနှင့် တီးတီ အခန်းထဲတွင် အမေ တွေ့သွား...





www.burmeseclassic.com

www.burmeseclassic.com

[illegible] ကိုကို ကလွှတ်မပေး။ [illegible] က ပို၍စိတ်ဆိုးသည်။ အားစိုက်ဆွဲခေါ်သည်။ သည့်ပွဲတွင် အဖေက ဝင်မကူ။ အမေနှင့် တီတီ အားပြိုင်ပွဲ။

တီတီက...

"[illegible] သဘောကျတယ်။ [illegible] မရှိပါဘူး"

ဟု တောင်းပန်သည်။

အမေကမရ။ အဓမ္မဆွဲခေါ်သည်။ ထိုနေ့တွင်ပင် တီးတီကို ရွာသို့ပြန်ပို့ရန် စီစဉ်သည်။ ညီညီပြန်ရောက်သည့်အခါ ပွဲကပြီးသွားသည်။ ကိုကိုအံကိုတင်းတင်း ကြိတ်ထားသည်။ ပါးပြင်တွင်လည်း မျက်ရည်စီးကြောင်းတို့ထင်နေသည်။ ထိုစဉ်က ကိုကို၏မျက်လုံးများက အလွန်မာကျော ခေါင်းစက်သည်။

တစ်ဖက် အမေ။ ကျန်တစ်ဖက်က တီတီ။ မည်သူ့ဘက်သို့မျှမလိုက်နိုင်။ တလေးဝီဝီကြည့်နေရသည်။ နောက်နေ့တွင် ကိုကို [illegible] တီးတီရှိရာ [illegible] ကိုကိုသွား [illegible] ထင်သည်။ အမေသည် ကိုကို [illegible] မရှာ။ လွှတ်ထားသည်။ မည်သူ [illegible] မျှမပြော။ [illegible] ကိုကို [illegible] ရောက်လာသည်။ ကိုကို [illegible] မည်သည့်စကားမျှမပြော။

[illegible] ကိုကို [illegible] သွား [illegible] ထင်သည်။

အမေ့ကို စိတ်ဆိုး၊ စိတ် [illegible] နေသည်လားဟု တွေးသည်။ မတုတ်။ အမေ့ကို ကိုကို စကားပြောသည်။ သို့သော် မေးမှပြောသည်။ အပိုအလို

# ငဝိုင်ရန်နိုင်

# ဆုတောင်းပြည့်ချင်ပါသည်





www.burmeseclassic.com

www.burmeseclassic.com

မပါ။ တုံးတိတိ။ အမေနှင့် ကိုကို စိမ်းသွားသလို သတိထားမိသည်။

မကြာခင် ကိုကို ရဲသင်တန်းတက်ခွင့်ရသည်။ ကိုကို မိဘများကို ဝတ်ကျေတမ်းကျေကန်တော့သည်။ သေတ္တာနှင့် အိပ်ရာလိပ်ကိုယူ၍ ထွက်သွားသည်ကို မှတ်မိနေသည်။ ညီညီ့ကိုပင်နှုတ်မဆက်ခဲ့။ ထိုနေ့ကစပြီး ကိုကိုနှင့် မတွေ့ရတော့။

■

သင်တန်းပြီးသည်ဟု ကြားသည်။ ဝေးလံသောဒေသတစ်ခုသို့ ကိုယ်တိုင်ဆန္ဒပြုချက်အရ တာဝန်ကျသည်ဟု သိရသည်။ သင်တန်းပြီးဆုံးပြီး ရရှိသည့်ခွင့်ရက်ကို မခံစား။ တာဝန်ကျရာသို့ တိုက်ရိုက်သွားရောက်သတင်းပို့သည်ဟု ဆိုသည်။ ကိုကိုက ပြတ်သွားသည့်အခါ အမေမျက်ရည်ကျသည်။ သို့သော် နှုတ်မှထုတ်မပြော။ အမေ့တွင် မာနတစ်ခွဲသား။ ကိုကိုကလည်း အမေတူသား။

ညီညီ ဘွဲ့ရသည်။ တပ်မတော်ဗိုလ်သင်တန်းကျောင်းသို့ တက်ခွင့်ရသည်။ ထိုကာလများတွင်လည်း ကိုကိုနှင့်အဆက်အသွယ်ပြတ်တောက်နေဆဲ။ တီးတီကို အိမ်ထောင်ချပေးရန် စီစဉ်ကြသည်ဟုသတင်းရသည်။ သို့သော် တီးတီက လက်မခံ။ သီလရှင်ဝတ်မည်ဟု ဆိုသည်။ မိဘများထံခွင့်တောင်းသည်။ မိဘများက အိမ်ထောင်မပြုခြင်းကို ခွင့်လွှတ်လိုက်လျှောသည်။ သီလရှင်ဝတ်ခြင်းကို တောင်းပန်တားမြစ်ကြသည်။

ကိုကိုနှင့် တီးတီအကြောင်း စဉ်းစားမိတိုင်း ရင်၌ တင်းကျပ်လာသည်။

သည်ပွဲတွင် မည်သူမှန်ကန်သည်၊ မှားယွင်းသည်ကို ဝေဖန်ဆုံးဖြတ်ပိုင်ခွင့် မရှိခဲ့သူက ညီညီ။

ညီညီသင်တန်းပြီး၍ တာဝန်ထမ်းဆောင်သည်။ ထိုအချိန်အထိ ကိုကိုနှင့် မိဘများ အဆက်အသွယ်မရသေး။ အမေက မာနကို လျှော့ချလာသည်။ သားကြီးကို မြင်တွေ့လိုကြောင်း တမ်းတစကားဆိုလာသည်။ ထို့ကြောင့် ညီညီ ကြိုးစားရသည်။ ကိုကို တာဝန်ကျရာဒေသရှိ တပ်ရင်းတပ်ဖွဲ့နှင့် ချိတ်ဆက်သည်။ စုံစမ်းမေးမြန်းအကူအညီတောင်းရသည်။

ကိုကိုက သည်ကာလအတွင်း အခြားသို့ပြောင်းသွားသည်မှာ သုံးနေရာခန့်ရှိသည်။ သတင်းအရ ဆက်လိုက်လာခြင်းဖြင့် ခြေရာခံမိသည်။ ညီညီနှင့် သင်တန်းဖော်သူငယ်ချင်းတစ်ယောက်နှင့်ဆက်မိသည်။ သူက ကူညီစုံစမ်းပေးသည်။

"မောင်ရင့်အစ်ကိုက ရဲတပ်ဖွဲ့မှာ နာမည်ကြီးပဲ။ မေးလိုက်တာနဲ့ တန်းသိကြတယ်။ သူ့ကို မိုက်ခဲ့လို့ ခေါ်ကြတာပဲ။ ဒီလိုလူမျိုးက တပ်မတော်မှာ ရှိသင့်တာ။ တကယ့်ဖိုက်တာမို့"

သူငယ်ချင်းက ကိုကို၏ဂုဏ်ကို ဖော်ထုတ်ချီးကျူးနေသည်။ သို့တိုင်အောင် မိမိက ဘာကိုဆိုလိုနေမှန်းမသိ။

"ဒီနယ်မှာ သောင်းကျန်းသူတွေ ပေါ်တယ်။ ရဲတပ်ဖွဲ့ကလည်း သောင်းကျန်းသူနဲ့တွေ့ရင် ရှောင်လွှဲလို့မရဘူး။ တိုက်ခိုက်ရတယ်။ တစ်ကြိမ်တော့ မောင်ရင့်အစ်ကို ဦးတိုက်အောင် ခေါင်းဆောင်တဲ့ရဲအဖွဲ့က ရွာတစ်ရွာကိုဝင်တယ်။ အဲဒီရွာမှာ ကြိုတင်ခိုလှုံနေတဲ့ သူပုန်တစ်ယောက်က ဘုန်းတော်ကြီးကျောင်းထဲက အုတ်ကာအဆောက်အအုံထဲမှာ အခိုင်အခံ့ အကာအကွယ်ယူပြီး ပုန်းအောင်းနေတယ်။ ရွာသတင်းပေးက တိတိကျကျပြောတာ။ သူပုန်မှာ သေနတ်အရှည်တစ်လက်၊ အတိုတစ်လက်ပါတယ်။ ဦးတိုက်အောင်က သူ့လူတွေကို ကာပစ်ပစ်ခိုင်းတယ်။သူကတော့ ခပ်တည်တည်ပဲ အဲဒီအဆောက်အအုံဘက်ကို လမ်းလျှောက်သွားတယ်။ အကွယ်အကာမဲ့တဲ့ သတ်ကွင်းမှာ အေးအေးဆေးဆေးပဲ။ သူ့ကို သူပုန်က လှမ်းပစ်တယ်။ သူ့ကိုမထိဘူး။ သူပုန် သွေးလန့်လာတယ်။ နောက်ဆုံးမှာ သူဝင်ကြမ်းတော့တာပဲ။ သူပုန်ရဲ့ ခြေထောက်ကို ကျည်ထိတယ်။ အဖမ်းခံတယ်။ တစ်နယ်လုံး နာမည်ကြီးသွားတာက ဦးတိုက်အောင်က သေနတ်ပြီးတယ်လို့"

ဘုရား ဘုရား၊ သည်လိုစကားမျိုး ယုံဖွယ်မရှိ။ ကိုကို သေနတ်ပြီးသည်ဆိုခြင်းမှာ မဖြစ်နိုင်။ သူငယ်ချင်းက အားရပါးရ ပြောနေသည်။ ညီညီက ရင်တထိတ်ထိတ်နားထောင်နေသည်။ စကားပြောခွက်ကို ကိုင်ထားသောလက်များပင် ချွေးတို့ဖြင့် စေးကပ်နေသည်။

ကိုကို အဘယ်ကြောင့် ဤသို့ပြုမူရပါသနည်း။ တိုက်ပွဲက နည်းလမ်းမကျ။ မိုက်ရူးရဲဆန်လွန်းသည်။ ကံစွက ပြီးခဲ့ပြီဆိုသော်လည်း ယခုမှ ကြားရသည်နှင့်ပင် ရင်တုန်ရသည်။

ကိုကို၏ သတင်းက အခြားနည်းဖြင့်လည်း ဆိုးဆိုးရွားရွားကြားရသည်။ ရဲလုပ်ငန်းဖြစ်သော လောင်းကစားဝိုင်းဖမ်းသည့်ကိစ္စတစ်ခု။ သူတစ်ဦးတည်းသွားသည်။ လောင်းကစားဝိုင်းကို ဝင်ဖမ်းသည်။ ဒိုင်အိမ်က ငွေသားဖြင့် လာဘ်ထိုးသည်၊ သူက ငွေကိုလည်း ယူသည်။ လူကိုလည်း ဖမ်းသည်။

တရားရုံးတွင် လာဘ်ထိုးသောငွေ၏ တစ်ဝက်ကို သက်သေပြု၍ ထပ်မံတရားစွဲဆိုသည်။ တရားခံက မခံချင်စိတ်ဖြင့် သူ လာဘ်ထိုးသောငွေက ဤမျှမကပါဟု ထွက်ဆိုသည်။ ထိုအခါ သူက ပမာမခန့်ရယ်လျက် ငွေအားလုံးကို ထုတ်ပြ တရားစွဲသည်။ တရားခံ အလိုအလျောက် ဝန်ခံစေသောနည်းသစ်ဟု သူ့က ကြွေးကြော်သည်။ သည်လုပ်ရပ်သည်လည်း လုပ်နည်းစနစ်မဟုတ်။ သူ့ရဲ ကောင်းဝါဒဆန်သည်။ အန္တရာယ်များသည်။

ကိုကို၏လုပ်ရပ်များက ရိုးရိုးသားသား မဖြစ်နိုင်။ သူကိုယ်တိုင်က ဇွတ်ဝင်ဇွတ်တိုးလုပ်နေသည်။ ကြောက်စိတ်လန့်စိတ်နည်းနည်းမျှမထားတော့သည့်သဘော။ ဖြစ်ချင်ရာဖြစ် ဆင်ခြင်ဉာဏ်ဖြင့် မချင့်ချိန်။ ပိုးဖလံသည် မီးသို့တမင်တိုးဝင်နေလေသည်လား။

တာဝန်အရ ရန်ကုန်သို့ ခေတ္တရောက်ခိုက် ကိုကို၏ အနေအထားကို အဖေနှင့် အမေ့အား ပြောပြသည်။ အမေက ညိုးညိုးငယ်ငယ် အဖေက အဝေးသို့ ငေးနေသည်။

"ကိုကိုက အန္တရာယ်ကို ဇွတ်တိုးနေသလို ဖြစ်နေတယ်။ သေမထူးနေမထူးစိတ်မျိုး"

အမေ့ထံမှ ရှိုက်သံတစ်ချက်ထွက်လာသည်။

"သားကြီးက အမေ့ကို စိတ်ကောက်နေသလား၊ အရွဲ့တိုက်နေသလား မသိဘူး"

"သည်လိုလည်းမဖြစ်နိုင်ဘူး။ သူဖြစ်ချင်သလိုမဖြစ်ရတဲ့ဘဝမှာ လောကဓံက ဖြစ်ချင်သလို ဖြစ်စေတော့ဆိုတဲ့ စိတ်မျိုး အမေ့ကို စိတ်ဆိုး၊ စိတ်ကောက်တာမဟုတ်ဘူး။ တစ်လောကလုံးကို အရွဲ့တိုက်ချင်တာလို့ သားထင်တယ်"

"သားရယ် အမေတို့ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"

"သား ကိုကိုနဲ့ စကားပြောကြည့်ပါဦးမယ်"

■



www.burmeseclassic.com

www.burmeseclassic.com

ကိုကို့အား ဖုန်းဖြင့် စကားပြောခွင့်မရ။ ကိုကိုရှောင်နေသည်။ လူချင်းတွေ့ရန်ကလည်းတာဝန်ကရှိသေးသည်။ ခွင့်ရမှ ညီအစ်ကိုဆုံမည်ဟု ဆုံးဖြတ်သည်။ ထိုကာလအတွင်း အမေ ဆုံးသည်။ ကိုကို့ထံ အကြောင်းကြားသော်လည်း မလာ။ နောက်ခြောက်လတွင် အဖေ ဆုံးသည်။ ကိုကိုမလာ။ ညီညီတစ်ခုခုဖြစ်လျှင်လည်း ကိုကိုလာလိမ့်မည်မထင်။ ကိုကိုက ပြတ်သားလွန်းသည်။ မပြတ်သားသူ၌သာ စိတ်နာသလိုလိုအတွေးများ။

တီးတီးဟူသောမိန်းမတစ်ယောက်ကြောင့် ကိုကိုသည် အဖေကိုသော်လည်းကောင်း၊ အမေကိုသော် လည်းကောင်း အဆက်အသွယ်ဖြတ်ခဲ့သည်မှာ ကိုကို့ဘက်က မှန်ကန်ပါ၏လော၊ တရားမျှတပါ၏လော။ မေးသာမေးရသည်။ ဖြေမည့်သူက မဖြေ။

ကာလယန္တရားကြီးက ဆယ်စုနှစ်သုံးစုကိုကျော်ဖြတ်သွားသည်။ ထိုအချိန်တွင် ကျွန်တော်သည်ပင်လျှင် မြင့်မြင့်မားမား တာဝန်တစ်ခုကို ထမ်းဆောင်နေရသည်။ မိသားစုနှင့်အတူရန်ကုန်တွင် အခြေချသည်။ နောက် (၆) လတာ ကာလသည် အနားယူရမည့်သက်တမ်း။ ထိုနေ့က ရုံးခန်းတွင် အလုပ်မစခင် ဖုန်းတစ်ခုဝင်သည်။

"ဗိုလ်မှူးကြီး၊ ဆွေမျိုးလို့ပြောပါတယ်။ ကျန်းမာရေးသတင်းတစ်ခုဖို့စရာရှိတယ်လို့လည်း ဆိုပါတယ်။ ဖုန်းလွှဲပေးခွင့်ပြုပါ"

"ကောင်းပါပြီ၊ ဟုတ်ကဲ့ အမိန့်ရှိပါ"

"မအူကုန်းမှာ ဆရာလေး ဒေါ်ခေမာ အသည်းအသန်ဖြစ်နေလို့ အကြောင်းကြားခိုင်းလို့ပါ ခင်ဗျာ။ လူအမည်က ဒေါ်ခင်လေးနွယ်ပါ"

"အခု ဖုန်းဆက်တာ ဘယ်သူလဲ"

"ဒေါ်ခင်လေးနွယ်ရဲ့တူပါ။ မောင်သန်းလို့ ခေါ်ပါတယ်"

"ကောင်းပါပြီ၊ ကြိုးစားကြည့်ပါ့မယ်"

ဒေါ်ခင်လေးနွယ် ဆိုသည်မှာ တီးတီး။ ကိုကို ချစ်သော တီးတီး။ ကိုကိုဘယ်ရောက်နေသလဲ။

တီးတီး၏ နောက်ဆုံးအချိန်ကို ကိုကို မျက်နှာလွှဲနေဦးမယ်ဟု စိတ်ကထင်နေသည်။ တီးတီးကို ကျွန်တော်လည်း ခင်သည်။ တီးတီးထံသို့ သွားရောက်ရမည့်သူမှာ ကျွန်တော်မှတစ်ပါး အခြားမည်သူများရှိနိုင်ပါဦးမည်နည်း။

■

မအူကုန်းဆေးရုံသို့ တန်းမောင်းသည်။ သည်လမ်းက ငါးနာရီခရီး။ လိုက်ပါလာသည့်တပည့်က ကားမောင်းကျွမ်းကျင်သည်။ စိတ်ချလက်ချ အိပ်၍လိုက်လာသည်မို့ မပင်ပန်း။ ဆေးရုံအတွင်းသို့ ဝင်လိုက်သည်နှင့် လူငယ်တစ်ယောက် ဆီးကြိုသည်။

"ဗိုလ်မှူးကြီးအောင်မြင့်သူပါလား ခင်ဗျာ"

မမြင်ဘူးသူမို့ အမည်ကိုမေးလျှက် နှုတ်ဆက်သည်။ ခေါင်းညိတ်ပြလိုက်ခြင်းဖြင့် သူက ရှေ့မှ ဦးဆောင်သွားသည်။ သူနောက်က လိုက်ပါရင်း အခြေအနေကို မေးသည်။

"သတိသာရဲ့လား၊ ဘာရောဂါလို့ပြောသလဲ"

"နှလုံးရောဂါပါ၊ မသတိသာပါဘူး ဗိုလ်မှူးကြီး၊ နေ့လား၊ ညလားပဲ"

ကျွန်တော် ကိုယ်ရှိန်သတ်လိုက်သည်။ ရှေ့မှသွားနေသူအား လှမ်းခေါ်လိုက်သည်။ လမ်းကိုလွှဲလိုက်သည်။ လိုက်ပို့သူကိုလည်း ဆွဲထားလိုက်ချင်သည်။

လူနာခုတင်ပေါ်တွင် သီလရှင်ဆရာလေးတစ်ပါး လဲလျောင်းနေသည်။ မျက်စိကိုမှိတ်ထားသည်။ အာရုံပြုလျက် လက်နှစ်ဖက် ရှိခိုးနေသည့်ဟန်။ ခုတင်ခေါင်းရင်းတွင် ရဟန်းတစ်ပါး မတ်တတ်ရပ်လျက် ပဋ္ဌာန်းတရားတော်ကိုရွတ်ဖတ်ပေးနေသည်။ ခပ်လှမ်းလှမ်းတွင် လူနာရှင်များ ဝိုင်းအုံကြည့်ရှုနေသည်။

အသက်အရွယ်အရ ရင့်ရော်ကုန်သည်။ မတွေ့ရသည်မှာ ကြာမြင့်ခဲ့ပြီဆိုသော်လည်း ကိုကို့ကို မှတ်မိသည်။ တီးတီးကိုလည်းသိသည်။ သည်မြင်ကွင်းလေးက ကြည်နူးအေးချမ်းသည်။ တရားရိပ်တွင် တစ်ဦးနှင့်တစ်ဦး ဖေးမနေကြသူနှစ်ဦး။ သူတော်စင်နှစ်ပါးကို ဒီအတိုင်းကလေး လွှတ်ထားလိုက်ချင်သည်။ အနှောင့်အယှက်မပေးလို။ နောက်ဆုံးအချိန်ကို တန်းဖိုးရှိနေစေလိုသည်။

■

ထိုညနေမှာပင် ဆရာလေး ဒေါ်ခေမာဆုံးသည်။ သူ၏တူ၊ တူမများ ပူပူဆွေးဆွေးငိုကြသည်။ အသုဘကိစ္စ ဆောင်ရွက်သူတို့ အလုပ်ရှုပ်ကြသည်။

ဆရာလေး ဝင်သက်၊ ထွက်သက် ရပ်နားသွားသည့်အချိန်တွင် ရဟန်းသည် တည်ငြိမ်အေးချမ်းသော ခြေလှမ်းများဖြင့် ပြန်ကြွသွားသည်။ ထိုရဟန်းတော်၏နောက်မှ ကျွန်တော်ပြေးလိုက်သွားသည်။ ဆေးရုံဝတွင်ဆုံသည်။

"ဘုန်းဘုရား၊ ရပ်နားတော်မူပါဦးဘုရား"

ရဟန်းက ရပ်တော်မူသည်။ မျက်လွှာကို အသာချထားသည်။

"ဘုန်းဘုရား၊ တပည့်တော်က အောင်မြင့်သူပါ"

"သိပါတယ် ဒကာ ဦးပဉ္စင်းသိပါတယ်"

"အခု ဘယ်ကို ကြွတော်မူမှာပါလဲ ဘုရား"

"ဘယ်ဆီမှန်းမသိနိုင်သေးပါဘူး ဒကာ"

"တပည့်တော်နဲ့အတူ ကြွပါလို့ လျှောက်ထားပါရစေ"

"သည်းခံပါ ဒကာ၊ ကိုယ့်အစီအစဉ်အတိုင်းသွားပါရစေ"

ပြောပြောဆိုဆို ရဟန်းတော် ကြွလှမ်းထွက်ခွာသွားသည်။ အနီးသို့ မောင်သန်းရောက်လာသည်။ သူ့အား စုံစမ်းမေးမြန်းမိသည်။

"ဒီကိုယ်တော်ဘယ်တုံးကကြွလာတာလဲ"

"ဗိုလ်မှူးကြီး မရောက်ခင်လေးကပါ။ ဒီနယ်မှာ တစ်ကြိမ်တစ်ခါမှ မမြင်ဘူး၊ မဖူးမြော်ဘူးတဲ့ အာဂန္တုဘုန်းကြီးပါ။ ရဟန်းကြွလာပြီး ဆရာလေး ခုတင်နားမှာ ရပ်တော်မူတယ်။ ဆရာလေးကလည်း လက်အုပ်လေးချီ့ုးလို့ရှိခိုးတယ်။ အဲ့ဒီအချိန်ကစပြီး ပဋ္ဌာန်းတရားတော်မြတ်ကိုရွတ်ဖတ်တော်မူတော့တာ ဆရာလေး အနိစ္စရောက်သည်အထိပါပဲ"

"ဘုန်းကြီး ကြွလာတာကို ဆရာလေးက သိနေတာပေါ့"

"ဟုတ်ကဲ့၊ သူတို့ချင်းသိနေသလိုပဲ။ ဒါမှမဟုတ် ပဋ္ဌာန်းဆက်ရှိနေသလိုပဲ ဗိုလ်မှူးကြီး"

နည်းနည်း ထူးဆန်းနေသည်။ ဘုန်းကြီးက မည်သည့်အကြောင်းကြောင့် ကြွရောက်လာခဲ့ပါသနည်း။ မည်သူက မည်သို့အကြောင်းကြားခဲ့ပါသနည်း။ လူနာရှင်များကိုယ်တိုင် မဖူးမြော်ဘူးသော ရဟန်းတော်။ သူက ကိုတို ဦးတိုက်တိုင်းအောင်၊ တိုက်ခိုင်သည်ဟု ဆိုရမည်ကလည်း အခတ်။

ကျွန်တော်နှင့် ဇ ... ဘလေးဘို့ တည်းခိုခန်းတစ်ခုတွင် အနားယူခြသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့တွင် ကိုကိုနှင့် ညီညီ ရှင်ပြုခဲ့သော ဘုန်းတော်ကြီးကျောင်းသို့ သွားသည်။ ဆရာတော်အား ဖူးသည်။ လာရင်းကိစ္စကိုလျှောက်သည်။ ဆရာတော်က သေခြင်းတရားနှင့်ပတ်သက်၍ တရားစကားဟောကြားသည်။ စူးစူးစိုက်စိုက်နာယူမိသည်။

ထို့နောက် သီလရှင်ဆရာလေးအတွက် တည်ဆောက်လျက်ရှိသော အုတ်ဂူကို သွားရောက် ကြည့်ရှုသည်။ သုသာန်ဇရပ်ပေါ်တွင် အဝါရောင် အဆင်းတစ်ခုကို လှမ်းမြင်ရသည်။ ရဟန်းတော်တစ်ပါး၏အသုံးအဆောင် သင်္ကန်းတစ်စ။ ဇရပ်နှင့် မလှမ်းမကမ်းတွင် ဆရာလေးအတွက် အုတ်ဂူတည်ဆောက်နေသော ပန်းရန်ဆရာများ။

စုံစမ်းစနည်းနာသည့်အခါ -

"အာဂန္တုကိုယ်တော်တစ်ပါးကို မနက်က ကျုပ်တို့ရောက်တော့ဖူးတွေ့ရပါတယ်။ ညကတည်းက ရောက်ရှိပြီး တရားရှုမှတ်နေပုံရပါတယ်။ ကျုပ်တို့လည်း အလုပ်ကို ဆက်လုပ်နေတုန်း ကိုယ်တော်ဘယ်လိုကြွသွားတယ်သတိမထားမိလိုက်ဘူး"

ထူးဆန်းသည်ဟု စိတ်က ထင်သည်။

■

အပြန်ခရီး ကားပေါ်မှာ တပည့်က ရှေ့ခန်းတွင် ကားမောင်းနေသည်။ ညီညီက နောက်ခန်းတွင် ကားပြတင်းမှ အပြင်သို့ ငေးကြည့်ရင်း လိုက်ပါလာသည်။

အမေက ကိုကို့ကို သိပ်တွေ့ချင်တာ။ တွေ့မသွားရဘူး။

"အဖေလည်း ဒီလိုပဲ"

တီးတိုးက မသေခင် ကိုကို့ကိုတွေ့ခွင့်ရသွားတာ သိပ်ကံကောင်းတာပဲ။

ထိုစဉ် လမ်းဘေးတွင် ရဟန်းတစ်ပါး၏ပုံရိပ်ကို ဖူးတွေ့လိုက်ရသလိုလို။ တပည့်ကို ကားရပ်ခိုင်းသည်။ ကားပေါ်မှ အောက်သို့ဆင်းသည်။ ဘေးဘီပတ်ဝန်းကျင် လှည့်ပတ်အကဲခတ်သည်။ မည်သည့်အရာကိုမျှမတွေ့ရ။

"ညီညီလည်း ကိုကို့ကို တွေ့ချင်ပါသေးတယ်။ ညီညီရဲ့နောက်ဆုံးအချိန်မှာလည်း ကိုကို ကြွရောက် တရားချီးမြှင့်တော်မူပါ"

ညီညီ တီးတိုး ဆုတောင်းသည်။

ရန်နိုင်

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

(၁၀၈) ကြိမ်မြောက် -

ထီဖွင့်ပွဲကြီးနီးပါပြီ။

အောင်မြင်ကြီးပွားချမ်းသာများစေတော့မည့် ဂဏန်းလုံးလေးများနှင့် ပါရမီဖြည့်လိုက်ပါဦးမည်။

**တနင်္ဂနွေသားသမီးများ**

ဩဂုတ်လ ၁၂၊ ၁၃၊ ၁၆၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဂဏန်းအရှင်လေးများကို ဈေးမဆစ်ဘဲဝယ်ပါ။ ဝယ်နိုင်သလောက်ဝယ်ပါ။ ဝယ်ချင်သလောက်ဝယ်ပါ။ ပြီးရင် ရေအရှင်မှာ လွှတ်ပေးပါ။ ၎င်းနေ့မှာ ထီထိုးပါ။

စက်တင်ဘာလမှာ ၁၊ ၇၊ ၆၊ ၄၊ ၈ ဂဏန်းများ ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဩဂုတ်လ ၁၀၊ ၁၃၊ ၁၄ ရက်များမှာ ထီထိုးပါ။

ဘုရားဖူးသွားပါ။ လမ်းမှာသွားရင်းလာရင်းတွေ့သည့် ကလေး (၁၀) ယောက်ခန့်ကို မုန့်လေးများ ဝယ်ကျွေးပါ။ မုန့်ဖိုးပေးပါ။ ထိထိရောက်ရောက်ပြုလုပ်ပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလမှာ ၁၊ ၆၊ ၂၊ ၉ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဩဂုတ်လ ၁၁၊ ၁၄၊ ၁၅၊ ၁၈ ရက်တွေမှာ ထီထိုးပါ။

ယခုလတစ်လလုံး သရဏဂုံ-၃၀ ကို အမိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်ပါ။ ငှက်စာကျွေးပါ။

စက်တင်ဘာလမှာ ၆၊ ၇၊ ၄၊ ၈၊ ၃ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဩဂုတ်လ ၁၂၊ ၁၅၊ ၁၆ ရက်တွေမှာ ထီထိုးပါ။

ယခုလ ဘုရား(၉)ဆူပြည့်အောင် ဘုရားဖူးသွားပါ။ (၉) ဆူပြည့်ပြီးသောနေ့တွင် ထီထိုးပါ။

စက်တင်ဘာလမှာ ၁၊ ၂၊ ၉၊ ၅ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဩဂုတ်လ ၁၀၊ ၁၃၊ ၁၆၊ ၁၇ ရက်တွေမှာ ထီထိုးပါ။

ယခုလအားလပ်ရက်တစ်နေ့ရွေးပါ။ ထိုနေ့တွင် ဘုရား (၃) ဆူဖူးပါ။ ဘုရားတိုင်းမှာ ပန်းပေါင်းစုံ (၃) မျိုးနှင့် ဆွမ်း (၃) ပွဲစီ ကပ်လှူပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလမှာ ၇၊ ၆၊ ၃၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဩဂုတ်လ ၁၀၊ ၁၁၊ ၁၄၊ ၁၈ ရက်များမှာ ထီထိုးပါ။

ယခုတစ်လလုံး ဘုရားရှင်ကို အကြော်နှင့် ဆွမ်းတော်ကပ်လှူပါ။ အောင်ဂါထာများ ရွတ်ဆိုအဓိဋ္ဌာန်ဝင်ပါ။

စက်တင်ဘာလမှာ ၁၊ ၆၊ ၄၊ ၈၊ ၅ ဂဏန်းများ ကံစပ်ပါသည်။

**စနေသားသမီးများ**

ဩဂုတ်လ ၁၁၊ ၁၂၊ ၁၅၊ ၁၈ ရက်များမှာ ထီထိုးပါ။

ယခုလတစ်လလုံး ငှက်ကလေးများ၊ ငါးလေးများကို အစာကျွေးပါ။

စက်တင်ဘာလမှာ ၁၊ ၆၊ ၂၊ ၉၊ ၃ ဂဏန်းများနှင့် ကံစပ်နေပါသည်။

ယခုလ ၁၄-၈-၂၀၁၄ ကြာသပတေးနေ့နှင့် ၂၈-၈-၂၀၁၄ ကြာသပတေးနေ့များမှာ (၇) ရက်သားသမီးများအားလုံး မဖြစ်မနေ ထီထိုးကြစေချင်ပါသည်။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

"တီ. . . တီ. . . တီ. . . တီ"

အဆက်မပြတ်မြည်လာတဲ့ ဖုန်းသံကြောင့် ဖတ်လက်စစာအုပ်ထဲ ရှာနစ်ဝင်နေတဲ့ ကျွန်တော့် ပစ္စက္ခဘဝထဲကို စိတ်ပြန်လည်လာပြီး ဖုန်းကောက်ကိုင်လိုက်တယ်။

"ဟယ်လို၊ ပြောပါ"

ဆိုတော့ -

"ကိုမြင့်လှိုင်လား၊ ကျွန်တော် မောင်မြင့်ပါ"

"ဪ - အေး မောင်မြင့်ပြောလေ၊ ဘာကိစ္စရှိလို့လဲ"

"ဟုတ်ကဲ့၊ ဘာကိစ္စမှရှိလို့မဟုတ်ပါဘူး။ အစ်ကို့ကိုအမေကြီးတစ်ယောက်နဲ့ တွေ့ပေးချင်လို့ပါ"

ဆိုတော့ -



သစ်တံခါးပင်ကို အရှေ့ဘက်မှမြင်တွေ့ရပုံ



သစ်တံခါးပင်ကို အနောက်ဘက်မှ မြင်တွေ့ရပုံ

ကြောင်းဖြူ-မြင့်လှိုင်

# ထူးထွေဆန်းပြား ပီးကွင်းသစ်တံခါး

"ဟ-မောင်မြင့်ရ၊ မင်းကလည်း တွေ့ပေးစရာရှားလို့ အမေကြီးနဲ့မှတွေ့ပေးရသလားကွ။ တခြားတွေ့ပေးစရာ ကောင်မလေးတွေမရှိတော့ဘူးလား"

လို့ကျွန်တော်နောက်လိုက်တော့-

"အစ်ကိုကလည်းပြောတော့မယ်။ ကျွန်တော် တွေ့ပေးမယ်ဆိုတဲ့ အမေကြီးက ကျွန်တော်တို့ရဲ့ နှစ်လမ်းကျော်မှာနေတာလေ။ ပြီးခဲ့တဲ့နှစ်က မဂ္ဂဇင်းတစ်အုပ်မှာ အစ်ကိုရေးတဲ့ 'သစ်ကွင်းနှစ်ထပ်နဲ့ အကျဉ်းအကျပ်မှလွတ်ခဲ့ရသူ' ဆောင်းပါးလေးကို အမေကြီးဖတ်မိရာက သူ့အိမ်မှာလည်း သူ့အဖေလက်ထက်ကတည်းက စိုက်ထားတဲ့ အပင်ကြီးမှာလည်း ဒီလို သစ်ကွင်းကြီးရှိတယ်တဲ့ အစ်ကို။ အဲဒါ သူ့အနေနဲ့ ဒီသစ်ကွင်းပင်ကြီးနဲ့ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်လေးတွ သိချင်လို့ပါတဲ့။ အိမ်နားဝန်းကျင်က ကလေးတွေကလည်း ဒီအပင်ကြီးပေါ် တက်ဆော့တဲ့အခါ ဆော့ကြသလို လူလစ်ရင်လစ်သလို ဘုမသိဘမသိ အပေါ့အပါးစွန့်ခဲ့ကြတာဆိုတော့ လုပ်ကောင်းလား၊ မလုပ်ကောင်းလားလည်း သူမသိဘူးတဲ့။ အဲဒါအစ်ကိုအားမယ့်တစ်ရက်လောက် ကျွန်တော့်ဆီလာခဲ့ပါလား။ ကျွန်တော် လိုက်ပို့ပေးမယ်လေ။ အစ်ကို့အတွက်လည်း ရေးမယ်ဆိုရေးစရာရတာပေါ့" တဲ့။

*အေး အေး မောင်မြင့်၊ အစ်ကို*

လာဖြစ်ရင် ဖုန်းကြိုဆက်လိုက်မယ် အခုတော့ အလုပ်ကလေးနည်းနည်းရှိနေလို့"

"ဟုတ်ကဲ့ အစ်ကို၊ ဟုတ်ကဲ့"

အခု ဖုန်းဆက်တဲ့ မောင်မြင့်ဆိုတာ သုဝဏ္ဏမှာနေတဲ့ မြောင်းမြမှန့်ဟင်းခါးဆိုင်ကပါ။ သူ့အိမ်မှာရှိတဲ့ နှစ်ထပ်သစ်ကွင်းအကြောင်းကိုလည်း ပြီးခဲ့တဲ့နှစ်က မဂ္ဂဇင်းတစ်အုပ်မှာ ဖော်ပြခဲ့ပြီးပါပြီ။ မဂ္ဂဇင်းတိုက်က လက်ဆောင်ရတဲ့ စာအုပ်ကိုလည်း မောင်မြင့်တို့ကို လက်ဆောင်ပြန်ပေးလိုက်တယ်။

အခုလည်း သစ်ကွင်းကိစ္စတဲ့။ ကျွန်တော့်အနေနဲ့လည်း သိပ်နားမလည်ပေမယ့် စိတ်တော့ဝင်စားပါတယ်။ ဒါနဲ့ နောက်တစ်ပတ် စနေနေ့မှာ မောင်မြင့်တို့ဆီ ကျွန်တော်ရောက်ဖြစ်ခဲ့တယ်။ မောင်မြင့်တွေ့ပေးမယ်ဆိုတဲ့ အမေကြီးနာမည်က ဒေါ်မေရှင်းတဲ့။ သူ့အမျိုးသားက ဆုံးသွားတာ (၃) နှစ်လောက်ရှိပြီလို့ သိရတယ်။ လက်ရှိအိမ်မှာ ကျောင်းဆရာမဖြစ်တဲ့ သမီးအကြီးနဲ့ အတူနေတယ်။

"ကြီးမေ၊ ဒါ ကျွန်တော်ပြောတဲ့ မြောင်းမြမြင့်လှိုင်ဆိုတာ သူပေါ့"

ဒေါ်မေရှင်းတို့အိမ်ကို ရောက်ရောက်ချင်းပဲ မောင်မြင့်က မိတ်ဆက်ပေးတယ်။

"ဪ - အေး၊ သား အေး၊ တွေ့ *ရတာဝမ်းသာတယ်ကွယ်။ မောင်မြင့်တို့*

အိမ်က သစ်ကွင်းလေးအကြောင်း လာပေးဖတ်လို့ ကြီးမေဖတ်လိုက်ရသေးတယ်။ အဲဒါ ကြီးမေတို့အဖေစိုက်ခဲ့တဲ့ သစ်ကွင်းပင်ရဲ့ အကျိုးအပြစ်တွေလည်း သိချင်တာနဲ့ ငါ့တူကိုအကူအညီတောင်းကြည့်တာပါ"

ဆိုတော့ ကျွန်တော်လည်း ခေါင်းတော့ခြောက်သွားရတယ်၊ ဟုတ်တယ်လေ၊ ကျွန်တော်က စာရေးပေမယ့် ဒီ ဂမ္ဘီရဆန်တဲ့ပစ္စည်းတွေ အပင်တွေအကြောင်းကျတော့ ဂယနကသိတာမဟုတ်ဘူး။ ဒီပညာရပ်တွေအကြောင်းနဲ့ ပတ်သက်ရင် ကျွန်တော့်အနေအထားက က၊ ခ အဆင့်လောက်ပဲ ရှိသေးတာကိုး။

ဒါနဲ့ ဒေါ်မေရှင်းလိုက်ပြလို့ သူတို့ခြံထောင့်က သစ်ကွင်းပင်ဆီ ရောက်ခဲ့တယ်။ ကျွန်တော်သေသေချာချာကြည့်မိတော့ ဒေါ်မေရှင်းပြောသလို သစ်ကွင်းတော့ မဟုတ်လောက်ဘူး။ စာထဲပေထဲမှာ ဖတ်ဖူးမြင်ဖူးသလောက်ပြောရရင် ဒါ သစ်တံခါးပင်ကြီး ဖြစ်မယ်ထင်တယ်။ ဒါကလည်း ကျွန်တော့်ထင်မြင်ချက်ပါ။ မှန်တယ်၊ မှားတယ်ဆိုတာတော့ ကျွန်တော့်ထက် သိတဲ့၊ တတ်တဲ့ဆရာတွေပဲ ပိုသိမယ်ထင်တယ်။

ဒါနဲ့ ကျွန်တော်လည်း သိချင်တာလေးတချို့ ဒေါ်မေရှင်းတို့ မေးပြစ်ခဲ့တယ်။

"ကြီးမေ၊ ဒီအပင်ကြီးက ကြီးမေတို့ ဒီကိုပြောင်းလာကတည်းကရှိနေ တာလား။ ဒါမှမဟုတ် နေ... စိုက်ထားတဲ့ အပင်လား"

ဆိုတော့ -

*"ဒီအပင်က [ ... ]ခဲ့ ...*

www.burmeseclassic.com

ကိုယ်တိုင်စိုက်ခဲ့တဲ့အပင်ပါ။ ကြီးမေတို့က ဒီဇာတိမဟုတ်ဘူးလေ။ ကြီးမေအဖိုးပေါက်အရွယ်ကတည်းက မိသားစုလိုက် သန်လျင်ကပြောင်းလာခဲ့ကြတာ။ အဖေက လက်သမားဆရာကြီး ဆိုတော့ အလုပ်ကိစ္စနဲ့ နယ်တစ်ခါတစ်ခါ ထွက်သွားရင် တစ်လကိုးသီတင်းကြာတတ်တယ်။

တစ်နေ့ ကြီးမေအဖေနယ်ကပြန်လာတော့ အပင်လေးတစ်ပင်ပါလာတယ်။ အဖေက ရောက်ရောက်ချင်းပဲ ခြံထောင့်မှာ တခုတ်တရစိုက်နေတာ တွေ့တော့ ကြီးမေလည်း စပ်စုကြည့်တာပေါ့။

အဖေ ဒါဘာအပင်မို့ ချက်ချင်းစိုက်နေတာလဲလို့ မေးမိတယ်။

ကြီးမေစိတ်ထဲ သီးပင်စားပင်လို့ပဲထင်နေတာကိုး။ ဒီတော့ အဖေကပြောတယ်။ နယ်က ဆရာကြီးတစ်ယောက်ဆီက မနည်းတောင်းခဲ့ရတာတဲ့။ အဖေက နယ်တွေမကြာခဏသွားနေရတာဆိုတော့ အိမ်အတွက်အရံအတားရအောင်လို့တော့ ပြောတာပဲ။

ဒီတုန်းကတော့ ကြီးမေလည်း သိပ်စိတ်မဝင်စားတာနဲ့ ဘာမှထပ်မမေးဖြစ်တော့ဘူး"

ဒေါ်မရှင်းက ပြောလက်စစကားကို ခဏရပ်ပြီး သွားလေသူ ဖခင်ကြီးစိုက်ထားခဲ့တဲ့ သစ်ကွင်းပင်ကိုတစ်ချက်မော့ကြည့်တယ်။ ပြီးတော့ နဖူးစပ်က ချွေးစက်တွေကို လက်ကိုင်ပဝါလေးနဲ့တို့ကာတို့ကာသုတ်နေပြန်တယ်။ မျက်ဝန်းအစုံမှာလည်း သွားလေသူဖခင်ကြီးကို လွမ်းဆွတ်သတိရလို့ထင်ပါ့ ရီလို့ဝေလို့။

အဲဒီအချိန်မှာ ဒေါ်မရှင်းသမီးကြီးက အအေးနဲ့ မုန့်ကို အလိုက်တသိယူလာပြီး ဧည့်ဝတ်ပြုတယ်။ ဒီနှစ်နွေကလည်း အတော့်ကိုပူလွန်းလှပါတယ်။ ကျွန်တော်တို့ (၃) ယောက်သား သစ်ပင်ကြီးရဲ့ အရိပ်အောက်မှာ ထိုင်နေကြပေမယ့် ပူစပ်ပူလောင်ကြီး ခံစားနေကြရတယ်။

"ဒါနဲ့ ကြီးမေတို့ ဒီအပင်စိုက်ပြီးနောက်ပိုင်း ထူးထူးခြားခြား ဘာတွေများကြုံခဲ့ရသေးလဲ။ ကျွန်တော်ဆိုလိုတာက သဘာဝကိုကျော်ပြီးဖြစ်ခဲ့တာမျိုးပေါ့။ ကြီးမေမှတ်မိတာရှိရင်လည်း ပြောပြပေးပါ"

လို့ ကျွန်တော် စကားနှိုက်ကြည့်လိုက်တယ်။

ဒေါ်မရှင်းက အအေးတစ်ငုံသောက်လိုက်ပြီး -

"အင်း - ဒီအဖြစ်က သစ်ကွင်းနဲ့ဆိုင်လား၊ မဆိုင်လားတော့ ကြီးမေမဝေခွဲတတ်ဘူး။ အဲဒီတုန်းက ကြီးမေက လူငယ်ပိုင်းလည်းဖြစ်ပြန်၊ ပြီးတော့ ပညာကလည်း မတောက်တခေါက်နဲ့ဆိုတော့ ဂမ္ဘီရတို့ဘာတို့ကို သိပ်အယုံအကြည်မရှိလှဘူး။ ကြီးမေအဖေကသာ သူစိုက်ထားတဲ့အပင်လေးအစွမ်းလို့ သေတဲ့အထိ ယုံကြည်သွားရှာတာ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့လည်း သိရတာပေါ့၊ ပြောသာပြောစမ်းပါ ကြီးမေ"

လို့ စကားလမ်းကြောင်းပေးလိုက်တယ်။

"ဖြစ်ပုံက ဒီအပင်လေး ဝါးတစ်ပြန်စာလောက်အရောက်ဖြစ်မယ်ထင်တယ်။ အဲ- နေဦး၊ ဒီနေရာမှာ ကြီးမေစကားဖြတ်ပြောဦးမယ်။ ကြီးမေရဲ့အဖေ ဒီအပင်လေး စယူလာစက တစ်တောင်သာသာလောက်ပဲ မြင့်သေးတယ်။ ဒီကတည်းက အပင်လေးရဲ့ ခွဆုံနေရာမှာ ဒီသစ်ကွင်းလေးက အထင်းသားရှိနေတာ။ အပင်ကကြီးလာတာနဲ့ အကွင်းလေးကလည်း တုတ်တုတ်ခိုင်ခိုင်နဲ့ မြင့်သာတက်သွားတယ်။ အကွင်းလေးက ပုံပျက်မသွားဘူး။

ထားပါတော့၊ စောစောကပြောသလို ဒီအပင်လေး ဝါးတစ်ပြန်လောက်အရောက်မှာ ကြီးမေတို့ရပ်ကွက် မီးလောင်မှုဖြစ်တယ်။ တပေါင်း၊ တန်ခူးဆိုတော့ ရာသီဥတုကလည်း မီးတို့အကြိုက်ပေါ့ကွယ်။ လောင်လိုက်တာဆိုတာလည်း တစ်အိမ်တစ်အိမ်ကို ခဏလေးနဲ့ ဘဝပြောင်းစေတယ်။ ကြီးမေတို့အိမ်နဲ့ မီးကလည်း ကပ်လာပြီဆိုတော့ ကြီးမေတို့လည်း နိုင်ရာနိုင်ရာပစ္စည်းလေးတွေမပြီး အိမ်ထားပြေးရတာပေါ့။ မီးသတ်ကားတွေကလည်း တတ်နိုင်သလောက် ငြိမ်းသတ်ကြပေမယ့် ဟိုခေတ်ဟိုအခါက မီးသတ်ကားတွေကလည်း သိတဲ့အတိုင်းပဲ မည်ကာမတ္တပဲလေ။ အခုခေတ်လိုတော့ ဘယ်လာကောင်းလိမ့်မတုံး။

ဒါနဲ့ အဲဒီအချိန်မှာ ဘယ်လိုမှမထင်မှတ်တဲ့အဖြစ်က ကြီးမေတို့ရဲ့ဘေးကအိမ်ကို တစ်ခြမ်းလောက်စလောင်နေတဲ့မီးဟာ ကောက်ကာငင်ကာလေ ကြောင်းပြောင်းပြီး လောင်ပြီးသားအိမ်တွေဘက် မီးညွှန့်ပြောင်းသွားတယ်။

အမိုးငေါက်တောက်သာရှိတော့တဲ့ လောင်ပြီးသားအိမ်တွေဆိုတော့ ဘာမှထပ်လောင်စရာမရှိတော့ မီးညွှန့်လည်းကျိုးသွားတယ်။ မီးသတ်ရဲဘော်တွေနဲ့ ရပ်ကွက်လူထုကလည်း ရတဲ့အခွင့်အရေးကို လက်မလွှတ်စတမ်း ဝိုင်းငြိမ်းကြတာ မီးငြိမ်းတဲ့အဖြစ်ရောက်သွားတယ်ပဲ ပြောပါတော့ကွယ်။

ဒါကို ကြီးမေအနေနဲ့ တိုက်ဆိုင်မှုလို့ ပေါ့ပေါ့တန်တန်သဘောထားခဲ့မိပေမယ့် ကြီးမေရဲ့အဖေကတော့ သူစိုက်ထားတဲ့ ဂမ္ဘီရသစ်ကွင်းပင်ကြောင့်ရယ်လို့ တဖွဖွနဲ့ ပြောမဆုံးဘူး။

အခု ကြီးမေပြောပြတဲ့ ဖြစ်ရပ်လေးကို ငါ့တူအနေနဲ့တော့ ဘယ်လိုထင်လဲကွယ်"

ကျွန်တော့်အမေးကို ဖြေအပြီးမှာ ကြီးမေက ကျွန်တော့်ကို မေးခွန်းပြန်ထုတ်လာတယ်။

"ကျွန်တော့်အနေနဲ့တော့ ဘာကိုမှ အပ်ကျမပ်ကျ ထင်မြင်ချက်မပေးနိုင်သေးပါဘူး ကြီးမေ။ လောကမှာ ပြောပြဖို့ခဲယဉ်းတဲ့ ဖြစ်ရပ်တွေလည်း ဒုနဲ့ဒေးရှိနေကြတာပဲမဟုတ်လား။ ကျွန်တော့်အနေနဲ့ မှန်ရာကိုဝန်ခံရရင် ဒီလိုဂမ္ဘီရနွယ်တဲ့ပစ္စည်းတွေအပေါ်မှာ နားလည်ကျွမ်းကျင်မှုအားနည်းပါတယ်။

ဒါပေမယ့် ကြီးမေကို အာမခံနိုင်တာတစ်ခုကတော့ ဒီသစ်ကွင်းပင်ကြီးရဲ့ အကောင်း၊ အဆိုးနဲ့ သက်ရောက်မှုအကြောင်းအကျိုးတွေကို သုရဿဝတီမဂ္ဂဇင်းကတစ်ဆင့် တတ်သိနားလည်ကြတဲ့ ဆရာတွေပြောကြားပေးကြဖို့ တိုက်တွန်းရေးသားပေးမယ်ဆိုတဲ့ ကတိတော့ပေးနိုင်ပါတယ်"

"အေးလေ၊ ငါ့တူမေးပေးတော့လည်း ကြီးမေတို့ သိရတာပေါ့။ ဗဟုသုတရတာပေါ့ကွယ်"

ဒါနဲ့ ကျွန်တော်လည်း သစ်ကွင်းပင်ကြီးကို မှတ်တမ်းဓာတ်ပုံရိုက်ယူခဲ့တယ်။ အပင်အမျိုးအစားကတော့ ဘာပင်လို့ ပြောရမှန်းတောင် မသိဘူး။ ရန်ကုန်လိုနေရာမျိုးမှာတော့ တော်တော်တွေ့ရခဲတဲ့အပင်မျိုးပါ။ ပတ်ဝန်းကျင်ကလူတွေပြောတာတော့ ကဝီပင်ဆိုလား၊ ဂဝီးပင်ဆိုလားပဲ။ ထားပါတော့။ ပြောချင်တာက တတ်သိနားလည်တဲ့ဆရာများက ဒီသစ်ကွင်းပင်ရဲ့ အကောင်း၊ အဆိုး အကြောင်းအကျိုးလေးကို သုရဿဝတီမဂ္ဂဇင်းကတစ်ဆင့် ဖော်ပြပေးကြပါလို့ တိုက်တွန်းပါရစေ။

မြောင်းမြမြင့်ကျော်နိုင်




www.burmeseclassic.com

www.burmeseclassic.com

# အလွယ်လေ့လာ လက္ခဏာပညာ

ဆရာမော်

**အသက်လမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်းနှင့် သီးခြားစီကွဲ၍အစပြုနေပါသလား**



အသက်လမ်းကြောင်းသည် အစပြုနေရာ၌ ဦးခေါင်းလမ်းကြောင်းနှင့် ဝေးကွာနေပုံ

အသက်လမ်းကြောင်းနှင့်ဦးခေါင်းလမ်းကြောင်း တစ်စုံတစ်ရာ ထိစပ်မှုမရှိဘဲ သီးခြားစီကွဲနေပါက လက္ခဏာရှင်သည် လွတ်လပ်မှုကိုခုံမင်သူ၊ ထင်မြင်ယူဆချက်တစ်ခုခုကို ပုံသေစွဲကိုင်တတ်သူ၊ မိမိကိုယ်မိမိအားကိုးတတ်သူ၊ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၌ လုပ်ငန်းများ၌ ကျွမ်းကျင်ပြီး အကျိုးပေးကောင်းသူ၊ စိတ်လိုက်မာန်ပါလုပ်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ အသက်လမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်းမှ ကျယ်ပြန့်စွာဝေးကွာနေပါက မိမိကိုယ်မိမိမထိန်းသိမ်း၊ မစောင့်ရှောက်နိုင်သူ၊ လွတ်လပ်မှုအား အသားလွတ် အဆုံးစွန်အထိ အသုံးချတတ်သူ၊ ဆင်ကန်းတောတိုးလုပ်တတ်သူ၊ သည်းခံနိုင်စိတ်မရှိသူ၊ စိတ်ကူးကောင်းများဖြင့် ကြီးကြီးကျယ်ကျယ် စဉ်းစားပြောဆိုနိုင်သော်လည်း လက်တွေ့အလုပ်လုပ်နိုင်စွမ်းလျော့နည်းလွန်းသူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့အကြားရှိ လမ်းကြောင်းများသည် ကွန်ရက်ပုံစံရှိနေခဲ့ပါက မိသားစုဝင်များ၏ ထောက်ပံ့မှုရရှိမည့်အခြေအနေကို ဖော်ပြသည်။

**အသက်လမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်းအပေါ်မှ အစပြုနေပါသလား**




အသက်လမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်းအပေါ်ဘက်မှ စတင်နေပုံ

ဦးခေါင်းလမ်းကြောင်းအပေါ်မှ အစပြုနေခဲ့ပါက ကြောက်ရွံ့တတ်သူ၊ အရှက်ကြီးသူ၊ စပ်စုတတ်သူ၊ မိမိကိုယ်မိမိမယုံကြည်ခြင်းကြောင့် စိတ်သောကရောက်တတ်သူ၊ အခြားသူတို့၏လွှမ်းမိုးမှုခံရသူဖြစ်ကြောင်း ရည်ညွှန်းသည်။

ဦးခေါင်းလမ်းကြောင်း၏ အပေါ်ဘက်မှ အစပြုသော အသက်လမ်းကြောင်း၏ သဘာဝအရ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဆင်ခြင်နိုင်ခြင်းမရှိဘဲ စိတ်ခံစားမှုများကိုသာ ဦးစားပေးတတ်သူဖြစ်ကြောင်း ဖော်ပြသည်။


**လမ်းကြောင်းခွဲပုံစံ (သို့) ကျွန်းခံနေသောပုံစံ (သို့) မညီမညာသောပုံစံဖြင့် အစပြုနေသော အသက်လမ်းကြောင်း ဖြစ်ပါသလား**

မညီညာသောပုံစံဖြင့် အစပြုနေသော အသက်လမ်းကြောင်းဖြစ်ပါက ကလေးဘဝ၌ အားနည်းချက်များသူ၊ သူ့ပတ်ဝန်းကျင်အား ကောင်းကျိုးမပေးသူဖြစ်ကြောင်း တွေ့ရသည်။



မညီညာသောပုံစံဖြင့် စတင်နေသော အသက်လမ်းကြောင်း

လက်ဝါးပြင်ကိုဖြတ်၍လက်ဝါးပြင်အစွန်းအနားသတ်နေရာအနီးအထိ ရောက်ရှိနေသော အသက်လမ်းကြောင်းဖြစ်ပါသလား



လက်ဝါးပြင်အားဖြတ်ပြီး လက်ဝါးပြင်အစွန်းအနားသတ်အနီးတွင် အဆုံးသတ်သော အသက်လမ်းကြောင်း

အသက်ပါလ... ...မျိုးဖြစ်...ါက ခရီးသွားလိုစိတ်ပြင်းပြ... အနား...နေ တတ်သူ၊ မိသားစုဘ... ...ခံမင်တ...သူ အပြောင်းအလဲများကို... ...သူ (...) တစ်ရံ) ဘာသာရေး... ...သူ များအဖြစ် တွေ့ရ... ...သည်။



www.burmeseclassic.com

www.burmeseclassic.com


**အသက်လမ်းကြောင်းသည် ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်နေပါသလား**



**အသက်လမ်းကြောင်းက ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်ပုံ**

အသက်လမ်းကြောင်းခက်ရင်းခွပုံစံအဆုံးသတ်နေပါက အသက်အရွယ်ကြီးရင့်အိုမင်းချိန်၌ အပြောင်းအလဲများသူ၊ အနားမနေတတ်သူ၊ ခရီးသွားလာရန်လိုအပ်သူ၊ လူလတ်ပိုင်းအသက်အရွယ်အားကျော်လွန်ပြီးမှ ဘဝအပြောင်းအလဲများကြုံတွေ့ရသူ ဖြစ်ကြောင်း ရည်ညွှန်းသည်။


**အသက်လမ်းကြောင်းသည် လက်ချောင်းများရှိရာဘက်သို့ လမ်းကြောင်းခွဲများ အဖြစ်တက်နေပါသလား**



**လက်ချောင်းများရှိရာအပေါ်ဘက်သို့ လမ်းကြောင်းခွဲပုံစံတက်နေသည့် အသက်လမ်းကြောင်းတည်နေရာ**

အထက်ပါပုံစံအတိုင်း တွေ့ရှိရပါက ဩဇာအာဏာကြီးမားလာခြင်းကြောင့် ပျော်ရွှင်ခြင်းနှင့် ခွန်အားသစ်များ ပြန်လည်ရရှိခြင်း၊- မိမိကိုယ်မိမိ တိုးတက်အောင် ကြံဆောင်နိုင်ခြင်းတို့ကို ရည်ညွှန်းသည်။

**အသက်လမ်းကြောင်းသည် လက်ကောက်ဝတ်ရှိရာအောက်ဘက်သို့ လမ်းကြောင်းခွဲအဖြစ်ဆင်းနေပါသလား**



**လက်ကောက်ဝတ်နေရာထိ လမ်းကြောင်းခွဲများပုံစံဆင်းနေသည့် အသက်လမ်းကြောင်းတည်နေရာ**

ထိုသို့ဖြစ်နေပါက ကိုယ်ကာယစွမ်းအင်များလျော့ကျဆုံးရှုံးခြင်း၊ အခက်အခဲကြုံရခြင်း၊ ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရခြင်းတို့ကို ဖော်ပြသည်။


**ဦးခေါင်းလမ်းကြောင်း (Head Line)**

စိတ်ပိုင်းဆိုင်ရာအား ကိုယ်စားပြုသည့်လမ်းကြောင်းဟုလည်း ခေါ်သည်။ ဦးခေါင်းလမ်းကြောင်းသည် လက္ခဏာရှင်၏ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု အခြေအနေအဆင့်အတန်း၊ တတ်မြောက်သောပညာရပ်၊ ဘွဲ့ဒီဂရီနှင့် စွမ်းဆောင်နိုင်ရည်များ၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေများအား ရည်ညွှန်းဖော်ပြသည်။

**ဦးခေါင်းလမ်းကြောင်းသည် ရှည်လျား၍ ရှင်းလင်းထင်ရှားနေပါသလား**


ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင် တစ်ဝက်ကျော်အကွာအဝေးသို့ ရောက်ရှိသည်အထိ ရှည်လျားနေပါက ရှည်လျားသော ဦးခေါင်းလမ်းကြောင်းအဖြစ် သတ်မှတ်နိုင်သည်။

ဦးခေါင်းလမ်းကြောင်းရှည်လျားခြင်းသည် စိတ်ဓာတ်ခွန်အားကောင်းသူ၊ ဉာဏ်ရည်ထက်မြက်သူ၊ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သူ၊ ရိုးရိုးရှင်းရှင်းတွေးတတ်သူ၊ ကျိုးကြောင်းညီညွတ်စွာစဉ်းစားဆင်ခြင်ပြီးမှ ဆုံးဖြတ်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။



**ရှည်လျား၍ ရှင်းလင်းထင်ရှားစွာရှိနေသော ဦးခေါင်းလမ်းကြောင်းပုံစံ**

ဦးခေါင်းလမ်းကြောင်းသည် တစ်နေရာ၌ (သို့) နေရာအတော်များများ၌ ပြတ်တောက်နေပါသလား



**ပြတ်တောက်နေသော ဦးခေါင်းလမ်းကြောင်းပုံစံ**

ဦးခေါင်းလမ်းကြောင်း၌ အပြတ်အတောက်များရှိနေပါက အာရုံစူးစိုက်နိုင်စွမ်းလျော့နည်းသူ၊ စိတ်ဓာတ်ကြံ့ခံမှုလျော့နည်းသူ၊ စိတ်ဖိစီးနှိပ်စက်စရာများနှင့် ကြုံတွေ့ရသူဖြစ်ကြောင်း ရည်ညွှန်းသည်။

ထို့ပြင်မက ဦးခေါင်းလမ်းကြောင်း၌အပြတ်အတောက်များနေခြင်းကြောင့် ခန္ဓာကိုယ်ထိခိုက်ခံရသူ၊ (အထူးသဖြင့်) ဦးခေါင်း၌ ဒဏ်ရာပြင်းစွာရရှိသူ၊ စိတ်ဒဏ်ရာပြင်းထန်စွာရရှိသူအဖြစ် တွေ့ရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ဦးခေါင်းလမ်းကြောင်းသည် အလွန်ပြတ်တောက်လွန်းခြင်း၊ ကွင်းဆက်ကြိုးများပုံစံရှိနေခြင်း၊ လှေကားထစ်ပုံစံ(သို့)အနားစွာနေသောကြိုးပုံစံဖြစ်ပေါ်နေပါသလား**



**အလွန်ပြတ်တောက်နေသော ဦးခေါင်းလမ်းကြောင်းတည်နေရာပုံ**

အထက်ပါပုံစံအတိုင်းဖြစ်နေပါက အာရုံစူးစိုက်နိုင်စွမ်းအားနည်းသူ၊ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းနည်းပါးသူ၊ ဆုံးဖြတ်ချက်မချနိုင်သူ၊ အလွယ်တကူ စိတ်ဓာတ်ကျသူ၊ အပြောင်းအလဲလွယ်သူ၊ မျက်နှာများသူ၊ စိတ်ဓာတ်ပျော့သူဖြစ်ကြောင်း ရည်ညွှန်းသည်။ ၎င်းပြင် ကိုယ်ခန္ဓာ၌ ပြင်းထန်သော ဒဏ်ရာရရှိသူ၊ စိတ်ဖိစီးမှုများပြီး စိတ်ဒဏ်ရာရရှိသူဖြစ်ကြောင်း ဖော်ပြသည်။

**ဦးခေါင်းလမ်းကြောင်းပေါ်တွင် ကျွန်းများရှိနေပါသလား**




**ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းများရှိနေပုံ**

အကယ်၍ ကျွန်းများရှိနေပါက စွမ်းအင်များ ယုတ်လျော့ပျက်စီးရသည့်သဘော၊ အခက်အခဲနှင့် ခေါင်းရှုပ်စရာများ ကြုံတွေ့ရသည့်သဘော၊ သေချာရေရာစွာ မဆုံးဖြတ်နိုင်သည့်သဘောတို့ကို ဖော်ပြသည်။

၎င်းပြင် ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းများရှိနေခြင်းကြောင့် ဒဏ်ရာရရှိတတ်သည့်သဘော၊ စိတ်ဒဏ်ရာရတတ်သည့်သဘော၊ ဦးခေါင်း၌ ပြင်းထန်စွာဒဏ်ရာရသည့်သဘောများကို ရည်ညွှန်းသည်။

**ဦးခေါင်းလမ်းကြောင်း အလွန်ဖြောင့်တန်းနေပါသလား**



**အလွန်ဖြောင့်တန်းနေသော ဦးခေါင်းလမ်းကြောင်းတည်နေရာပုံ**


ဦးခေါင်းလမ်းကြောင်းဖြောင့်တန်းခြင်းသည် သင်္ချာနှင့် သိပ္ပံပညာရပ်၌ ထူးချွန်စွာတတ်မြောက်သူ၊ တရားမျှတစွာစီမံနိုင်သူ၊ လက်ရှိဘဝအပေါ် ခွဲခြမ်းစိတ်ဖြာ၍ ရှုမြင်တတ်သူ၊ ထက်မြက်သောဉာဏ်ရှိပြီး ဆုံးဖြတ်ချက်ပြတ်သားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

ဦးခေါင်းလမ်းကြောင်းဖြောင့်တန်းခြင်း၏သဘာဝအရ ဆုံးဖြတ်ချက်ချမည့်အချိန်၌ စိတ်ခံစားမှုများအား ဥပေက္ခာပြုထားတတ်သူဖြစ်ကြောင်းတွေ့ရသည်။

**ဦးခေါင်းလမ်းကြောင်းသည် အပေါ်ဘက်သို့ ကွေးတက်နေခြင်း(သို့) အောက်ဘက်သို့ ကွေးဝင်နေခြင်းရှိပါသလား**

အပေါ်ဘက်သို့ ကွေးတက်နေပါက လက်တွေ့ကျသူ၊ ရုပ်ဝါဒကိုအခြေခံသူ၊ စီးပွားရေးအမြင်ရှိသူ ဖြစ်ကြောင်း ရည်ညွှန်းသည်။


အောက်ဘက်သို့ ကွေးဝင်နေပါက စိတ်ကူးကောင်းသောသူဖြစ်ကြောင်း ရည်ညွှန်းပြီး အကွေးနေရာသည် ပိုမိုဖောက်နက်စွာကွေးနေပါက မသိစိတ်ဆိုင်ရာအခြေအနေအရပ်ရပ်ကို ဖော်ပြသည်။



**ဦးခေါင်းလမ်းကြောင်းအပေါ်ဘက်သို့ ကွေးတက်နေသောပုံစံ (Dash "---" ဖြင့်ပြသထားသည်)၊ ဦးခေါင်းလမ်းကြောင်း အောက်ဘက်သို့ ကွေးဝင်(ဆင်း)နေသောပုံစံ (Solid line ဖြင့် ပြသထားသည်)**

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် မသိမသာ (ညင်သာစွာ) ကွေးနေပါက အကြောင်းအရာမျိုးစုံအား စိတ်ကူးယဉ်တတ်သူဖြစ်ကြောင်း ကိုယ်စားပြုပြီး အကွေးပုံစံ ပိုမိုဖောက်နက်လွန်းပါက မသိစိတ်၏ လွှမ်းမိုးချုပ်ကိုင်မှုခံရသူ၊ စိတ်ကူးယဉ်လွန်းခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာပြဿနာနှင့်ကြုံရသူ၊ အနုပညာအထုံပါရမီအားကောင်းပြီး ဖန်တီးနိုင်စွမ်းအားကောင်းသူ ဘာသာရေးလိုက်စားသူများအဖြစ် တွေ့ရတတ်သည်။

**ဦးခေါင်းလမ်းကြောင်း၏ ဦးတည်ချက်ရုတ်တရက်ပြောင်းသွားပါသလား**



**ပုံမှန်မဟုတ်သော ဦးခေါင်းလမ်းကြောင်းတည်နေရာပုံ**




www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်ဦးတည်ချက်ပြောင်းသွားပါက စိတ်ပိုင်းဆိုင်ရာ ပုံမှန်မဟုတ်သူ၊ စိတ်အပြောင်းအလဲမြန်သူ၊ မသေချာမရေရာမှုများနှင့် လုံးထွေးနေသူ၊ အစွဲအလမ်းကြီးသူ၊ အယူသီးသူ၊ အရေးမပါသောကိစ္စများအား ခွဲခြမ်းစိတ်ဖြာတတ်သူ၊ နားလည်ရခက်သော အပြောအဆို၊ အပြုအမူများကိုလုပ်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**လက်ဝါးပြင်တစ်ဝက်ကျော်အထိ ရောက်ရှိအောင် ရှည်လျားသော -**

**အလွန် ရှည်လျားသည့် ဦးခေါင်းလမ်းကြောင်း ဖြစ်ပါသလား**



**ရှည်လျားသော ဦးခေါင်းလမ်းကြောင်းပုံစံ**


ဦးခေါင်းလမ်းကြောင်းသည် လက်သူကြွယ် (သို့) လက်သန်းအောက်ဘက်တွင် အဆုံးသတ်ပါက ရှည်လျားသော ဦးခေါင်းလမ်းကြောင်းပင် ဖြစ်သည်။

ဦးခေါင်းလမ်းကြောင်းရှည်လျားခြင်းသည် ဉာဏ်ရည်ထက်မြက်ခြင်း၊ အရာရာ စေ့စပ်စွာလေ့လာတတ်ခြင်း၊ နားလည်နိုင်စွမ်းရှိခြင်း၊ လောကအပေါ် အကောင်းမြင်ဝါဒဖြင့် ရှုမြင်တတ်ခြင်း၊ အကျိုးအကြောင်းဆင်ခြင်နိုင်စွမ်းမြင့်မားခြင်း၊ ပညာရပ်တစ်ခု အားကောင်းစွာ သင်ယူတတ်မြောက်နိုင်ခြင်းတို့ကို ဖော်ပြသည်။

**အလွန် တိုတောင်းသည့် ဦးခေါင်းလမ်းကြောင်းဖြစ်ပါသလား**

ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်တစ်ဝက်အထိ မရောက်ရှိပါက တိုသော ဦးခေါင်းလမ်းကြောင်းဟု ခေါ်သည်။


ဦးခေါင်းလမ်းကြောင်းတိုတောင်းပါက ပုံသေစိတ်ကူးသက်သက်အတွေးအခေါ် တစ်ခုတည်းသာထားရှိတတ်သူ၊



**တိုတောင်းသော ဦးခေါင်းလမ်းကြောင်းပုံစံ**

စိတ်ကူးသက်သက်၊ အပေါ်ယံအမြင် အသက်သက်ဖြင့် လက်မခံဘဲ အရာရာ လက်တွေ့ကျမှသာ ယုံကြည်တတ်သူ၊ စပ်စုလိုစိတ်၊ စူးစမ်းလိုစိတ် နည်းပါးသူ ဖြစ်ကြောင်း ဖော်ပြသည်။

**ဦးခေါင်းလမ်းကြောင်းသည် နှလုံးလမ်းကြောင်းနှင့် တစ်ထပ်တည်းကျနေပြီး မျဉ်းတစ်ကြောင်းတည်း (လမ်းကြောင်းတစ်ခုတည်း) ပုံစံဖြင့် လက်ဝါးပြင်တစ်ခုလုံးအား ဖြတ်သွားပါသလား**




**ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း ထပ်ကြောင်းတစ်ခုတည်းပုံစံရှိနေပုံ**

အထက်ပါအတိုင်း ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း တစ်ထပ်တည်းကျနေခဲ့ပါက စိတ်ခံစားမှုများနှင့် ထက်မြက်သောဉာဏ်ရည်တို့ တစ်ထပ်တည်းကျအောင် ပေါင်းစည်းသွားသည့်သဘော၊ စိတ်ဓာတ်ခွန်အားကောင်းသည့်သဘော၊ ခွဲ၊ ခံနိုင်ရည်ကောင်းသည့်သဘော၊ ခေါင်းမာသည့်သဘော၊ အလွယ်တကူအလျှော့မပေးတတ်သည့်သဘော၊ မိမိအလိုဆန္ဒအတိုင်း လုပ်ကိုင်တတ်သည့်သဘောတို့ကို ကိုယ်စားပြုသည်။

ခြွင်းချက်အနေဖြင့် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း တစ်ထပ်တည်းကျနေခြင်းကြောင့် မသင့်မတော်သော အပြောအဆို၊ အပြုအမူများ ဖြစ်ပေါ်တတ်သည်။

**ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်တစ်ခုလုံးအား ဖြတ်သွားနိုင်သည်အထိ ရှည်လျားနေပါသလား**



**လက်ဝါးပြင်တစ်ခုလုံးအား ဖြတ်သန်းသွားသည့် ရှည်လျားသောဦးခေါင်းလမ်းကြောင်း**

အထက်ပါအတိုင်းဖြစ်နေပါက စိတ်ခံစားမှုများနှင့် စိတ်ကူးအတွေးအခေါ်များအား ကောင်းစွာ ပိုင်းခြားနိုင်သူ၊ မိမိ၌စိတ်ခံစားမှုများဖြစ်ပေါ်နေချိန်၌ ကျိုးကြောင်းသီလျော်စွာ တွေးခေါ်မှုများအား ခေတ္တမေ့ထားတတ်သူ၊ ကျိုးကြောင်းသီလျော်စွာတွေးခေါ်နိုင်နေချိန်၌ စိတ်ခံစားမှုများအား ခေတ္တဘေးဖယ်ထားနိုင်သူအဖြစ် တွေ့ရတက်သည်။

သို့သော်လည်း တစ်ခါတစ်ရံ၌ စိတ်ခံစားမှုနှင့် ကျိုးကြောင်းဆင်ခြင်နိုင်မှုတို့အကြား တစ်စည်းတစ်လုံးမရှိဘဲ ကွဲပြားနေပါက မမျှော်လင့်သော ပြဿနာများနှင့် ကြုံရတတ်သည်။

လက္ခဏာပညာရပ်၏ အတွင်းသဘောအရ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း တစ်ထပ်တည်းရှိနေသောလက္ခဏာသည် အောင်မြင်ကျော်ကြားမှုကို ဦးတည်သော ထူးခြားသည့် လက္ခဏာတစ်ရပ် ဖြစ်သည်။

ဆရာမော်



www.burmeseclassic.com

www.burmeseclassic.com





နှလုံးရောဂါ ကင်းဝေးအောင်

မုံရွာဆရာမိုး

အမှတ်တံဆိပ်

အမောလုံ

နှလုံးအားဆေးကိုဆောင်

နှလုံးသွေးကြောကျဉ်းခြင်း/တျယ်ခြင်း၊ ရင်ညွန့်၍စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ဆိုင်ရင်း - ၅၂ - ၃၅၆၊ မေတ္တာဝိလမ်းမကြီး၊ ၅၂ - ရပ်ကွက်၊ ရတနာသီဂီရိဈေးအနီး၊ မ/ဥက္ကလာပ

ဖုန်း - ၀၁ - ၉၆၉၀၅၈၇၊ ၀၁ - ၆၉၁၀၇၉၊ ၀၁ - ၆၉၁၅၉၁



နဲ့ဆို

အားလုံးလန်းသွားမယ်နော်




လေးဖက်နာသောက်ဆေး

လမင်းသစ္စာဆေးကိုလိမ်း

လမင်းသစ္စာဆေးကိုသောက်

လက်တွေ့ပျောက်




ရွှေနံ့သာ

အမှတ်တံဆိပ်

ဆီးချို သွေးချိုကျဆေး

ဆီးချို သွေးချိုကို ပုံမှန်အထိကျစေပြီး ဆီးချို သွေးချိုရောဂါကြောင့် ဆီးမကြာခဏ သွားခြင်း၊ ရေငတ်ခြင်း၊ ချွေးထွက်လွန်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ မျက်စိမှုန်လာခြင်း၊ ခန္ဓာကိုယ်ယားယံခြင်း၊ အနာကျက်ခဲခြင်း၊ ခြေလက်ထုံကျဉ်ခြင်းများကို သက်သာပျောက်ကင်းစေပါသည်။


www.burmeseclassic.com

www.burmeseclassic.com



# ဟိုင်းဇေယျာ

## ရန်ငြိုးကလဲ့စား

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ခန့်က ဖြစ်လေသည်။ ကြည့်မြင်တိုင်ဘူတာ အနောက်ဘက် ရထားလမ်းတစ်လျှောက် ကာရံထားသော အုတ်တံတိုင်းနှင့်ကပ်လျက် စျေး၊ ဆိုင်ခန်းများရှိကြလေသည်။ ထိုဆိုင်များသည် ညနေ(၃)နာရီမှ ည(၁၀) နာရီအထိ ဖွင့်လှစ်ရောင်းချရ လည်း ကြည့်မြင်တိုင်ညစျေးဟု ရန်ကုန်မြို့တွင် ထင်ရှားပေသည်။ စျေးတန်းသည် ရှည်လျားပြီး အဆုံးဘက်တွင် အထည်ဟောင်းရောင်းသောဆိုင်များရှိသည်။ အထည်ဟောင်းများကို သူခိုးစျေး (စျေးနှိမ်)မျှသာပေးပြီး ဝယ်ယူခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ လက်ကြီးသမားများ (ခိုးရာပါ၊ ဓားပြတိုက်ရာပါ) ထံမှ အဖိုးတန်ပစ္စည်းများ ရရှိပါက ခိုးရာပါပစ္စည်း လက်ခံထုခွဲရောင်းချပေးတတ်သဖြင့် သူတို့မှာ မြိုးမြိုးမြက်မြက်စားရလေသည်။

တစ်နေ့သော မွန်းလွဲ (၃) နာရီခန့် အချိန်တွင် ဆိတ်သိုး၏ အထည်ဟောင်းဆိုင်သို့ ပွဲစားငပွားသည် လူတစ်ယောက်ကို ခေါ်လာလေသည်။

"အစ်ကိုကြီး ဒါ နယ်ကဉည့်သည်ပါ"

ငပွားသည် နယ်မှ ဒုစရိုက်သမားများနှင့် အဆက်အသွယ်ရှိသည်။ ငပွားသည် တိုက်ရာပါ၊ ခိုးရာပါပစ္စည်းများကို ထုခွဲရောင်းချရန် ဖန်တီးပေးတတ်သည်။ ၎င်းသည် ဆိတ်သိုး၏ ဩဇာခံတစ်ဦးဖြစ်ပြီး ငယ်ကြောက်လည်းဖြစ်ပေသည်။ တစ်ခါက ဧည့်သည်တစ်ဦးကို ဆိတ်သိုးထံ ခေါ်လာခြင်းမပြုဘဲ ပြိုင်ဘက်ဖြစ်သူဂေါင်းကြီး ဆိုသူထံ ခေါ်သွားမိသဖြင့် ပါးတစ်ချက်တည်းအရိုက်ခံရရာ သွားတစ်ချောင်းကျွတ်ဖူးခဲ့လေသည်။

ဆိတ်သိုးသည် ငပွားခေါ်လာသူဧည့်သည်ကို စူးစိုက်ကြည့်လေသည်။ ဆိတ်သိုး၏အသံက ခပ်ပြတ်ပြတ် -

"မိတ်ဆွေရဲ့ပစ္စည်းများသလား"

ဧည့်သည်ကလည်း တုံးတိတိဖြေလေသည်။

"များတယ်"


"အိမ်သွားကြရအောင်"

ဆိတ်သိုးသည် ငပွားကို ဆိုက်ကားခေါ်ခိုင်းလိုက်သည်။ ဆိုက်ကားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သိုးနေထိုင်ရာရပ်ကွက်သို့ သွား[illegible] သည်။ ဗားကရာလမ်းအောက်သို့[illegible] မြစ်ကမ်းနံဘေးတွင် သဲကွင်းဟု ခေါ် သောရပ်ကွက်ရှိလေသည်။ (ယနေ့တိုင် သဲကွင်းကားမှတ်တိုင်ရှိသေးသည်။) ထို ရပ်ကွက်ထဲတွင် အရက်ပုန်းဆိုင်များ၊ ဖဲဝိုင်းများ ရှိလေသည်။ ထို့ပြင် ပြည့်တန်ဆာအိမ်များလည်းရှိသည်။ လမ်းထိပ် အရောက်တွင် ဆိုက်ကားပေါ်မှဆင်းပြီး ကျဉ်းမြောင်းသောလမ်းအတိုင်း ဝင်ခဲ့ကြရာ သူစိမ်းကို သို့လောသို့လောထင်ကြသည်။ ဖဲဝိုင်းဖမ်းရန်သော် လည်းကောင်း၊ အရက်ပုန်းဖမ်းရန်သော် လည်းကောင်း၊ ကျော်စောသတင်းရှိသူများထံ လာရောက်သော် လည်းကောင်း တွေးထင်ကြသည်။ သို့သော် ရှာခံဆိတ်သိုး ပါလာသဖြင့် ရဲဘက်ကလူဖြစ်ဟန်မတူသည်ကို သဘောပေါက်လေသည်။

ဆိတ်သိုးအိမ်သို့ ရောက်သောအခါ သူစိမ်းသည် ဘေးဝန်းကျင်သို့ မျက်စိကစားအကဲခတ်လေရာ ဆိတ်သိုးက -

"ခင်ဗျားအတွက် အန္တရာယ်မရှိစေရဘူး၊ စိတ်ချ"

ပြောလိုက်သည်နှင့် ဝတ်ထားသော ကုတ်အကျီ၏ အတွင်းဘက်ကို လက်နှိုက်ပြီး အထုပ်တစ်ထုပ်ယူလိုက်လေသည်။ လက်ကိုင်ပဝါဖြင့် ထုပ်ထားသောအထုပ်ကို ဖြေလိုက်ရာ ရွှေဘီး၊ ဆွဲကြိုး၊ လက်ကောက်၊ စိန်ဘယက်များကို တွေ့ရလေသည်။

နယ်ဘက် တောသူဌေးထံမှ ဓားပြတိုက်ပစ္စည်းဖြစ်ကြောင်း ဆိတ်သိုး တွေးမိလေသည်။ ဆိတ်သိုးသည် နှုတ်မှ လွှတ်ခနဲ -

"ဘယ်နယ်တလဲ"

ဟု မေးမိလေရာ သူစိမ်းက အသံခပ်မာမာဖြင့်-

"မင်းအလုပ်မဟုတ်ဘူး။ ဘယ်လောက်ရမလဲပြော"

သူစိမ်း၏စကားကို ကြားရသော ဆိတ်သိုးသည် ထောင်း[illegible] ဒေါသထွက်မိလေသည်။

သို့သော် အခြေ[illegible]နေအရ ငြိမ်



www.burmeseclassic.com

www.burmeseclassic.com

သက်ကုပ်နေရသော လက်မရှိ ဆိတ်သိုး ကို သင်းမသိသေးလို့ပါ။ ထိုသို့တွေးရင်း စိတ်ကိုလျှော့ပြီး -

"အလေးချိန်ဘယ်လောက်လဲ"

"အားလုံး (၃၀) သားတိတိပဲဗျ"

ဆိတ်သိုးက သူပေးနိုင်သောဈေး ကို ပြောလိုက်သည်။

"မရောင်းဘူး၊ သွားမယ်ဗျာ"

ဟု တိုတောင်းစွာပြောပြီး ရွှေထုပ် ကို ကောက်ယူပြီး ကုတ်အင်္ကျီအတွင်း၊ အိတ်တွင်းသို့ ပြန်ထည့်လိုက်လေသည်။ အိမ်ပေါ်မှ ဆင်းသွားရာ ထိုသူနောက် သို့ ငပွားလည်း ထပ်ကြပ်မကွာ လိုက် သွားလေသည်။

သူစိမ်းသည် ငပွားကို ဆိုက်ကား ငှားခိုင်းလေသည်။ ငပွားနှင့် သူစိမ်းသည် ညဈေးသို့ ပြန်ရောက်သောအခါ သူစိမ်း သည် မြောက်ဘက်ရှိ ဈေးတန်းဘက်သို့ လျှောက်သွားလေသည်။

ထိုဘက်ပိုင်းသို့ ငပွား ဆက်ပြီး မလိုက်ရဲတော့ပေ။ သူဆရာ ဆိတ်သိုး နှင့် စီးပွားပြိုင်ဘက် ရန်ငြိုးရန်စရှိသူ ဂေါင်းကြီး၏ အပိုင်စားနယ်မြေအတွင်း ဖြစ်သောကြောင့်တည်း။

သူစိမ်းနှင့် သူဆရာ ဆိတ်သိုး ဈေးမတည့်သောကြောင့် စိတ်ပျက်သွား သော ပွဲစားငပွားသည် အရက်သောက် ရန် ကမ်းနားဈေးသို့ ထွက်လာလေ သည်။ ကြည့်မြင်တိုင်ဈေးကြီးအနောက် တွင် အရက်ပုန်းဆိုင်များရှိလေသည်။ မှောင်စပြုနေသဖြင့် ငပွားသည် ချိုင့်၊ ခဲလုံးများရှောင်ပြီး အမေမှုင်ဆိုင်သို့ အရောက်လှမ်းလာရသည်။

"ဟဲ့ - ငပွားလား"

အမေမှုင်က လှမ်းအော်သည်။

"စောလှချေလား၊ ဈေးသိမ်းပြီ လား"

"ဒီက သောက်ပြီးမှ သိမ်းဖို့သွား မယ်။ ကဲ - အမေမှုင်၊ တစ်စိတ်နဲ့ အမဲ ကြော်လုပ်ဗျာ"

ငပွားသည် အမေမှုင်က ပြန်ပြော သောစကားကြောင့် မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။

"ဂေါင်းကြီးနဲ့ သူ့အဖော်လာ သောက်ကြတာ အမဲကြော်၊ ကြက် ကြော်အကုန်ကုန်သွားတယ်။ သူ့အဖော် တော်တော်စားနိုင်တယ်ဟေ့"

"ဂေါင်းကြီး အချဉ်မိလာတယ်နဲ့ တူတယ်"

ငပွားသည် သေချာအောင် ထပ် မေးလေသည်။

"ဂေါင်းကြီးနဲ့ပါလာတာ ကုတ် အင်္ကျီနဲ့လူ ဟုတ်လား"

"ဟုတ်ပ့ါ၊ ဟုတ်ပ့ါ"

ငပွားသည် အရက်ကို အမြန် သောက်လေသည်။ ဂေါင်းကြီး လူလည် ကျပြီး သူ့ဆရာ ဆိတ်သိုး ပေးသည့် ဈေးထက်ပိုပေးကြောင်း သိလိုက်သည်။ သည်လို မကြာခဏ ဖြတ်စားသည်ကို ငပွား မကျေနပ်၊ စားခွက်လုသည်ဟု ထင်သည်။ ထိုအကြောင်းကို ဆရာဖြစ် သူ ဆိတ်သိုးအားအသိပေးရန်ဖြစ်သည်။ ငပွားသည် ညဈေးတန်းသို့ အပြေးနှင့် လေတော့သည်။

ညဈေးတန်းသည် ည (၉) နာရီ တွင် စတင် သိမ်းဆည်းကာ (၁၀) နာရီ ကျော်ကျော်တွင် ဆိုင်တစ်ဆိုင်၊နှစ်ဆိုင် သာ ဆိုင်ပိတ်ရန် ကျန်ရှိနေတတ်သည်။

တစ်ဆိုင်မှာ ဂေါင်းကြီး၏ ဆိုင် ဖြစ်လေသည်။ ဂေါင်းကြီးက လူကောင် သေးသော်လည်း အရက်ကို သောက်နိုင် သူဖြစ်သည်။ ဆိုင်နှင့်အိမ်မှာမဝေးလှပေ။ ဟံသာဝတီခုံးတံတားကျော်ပြီး နာနတ် တောရပ်ကွက်ရောက်လျှင် ဂေါင်းကြီး အိမ်ကို လှမ်းမြင်ရသည်။ ဂေါင်းကြီး သည် အဖော်တစ်ဦးနှင့် ဟံသာဝတီ ဘုတာရုံဘက် လျှောက်လာလေသည်။ ဂေါင်းကြီးသည် အနည်းငယ် ယိမ်းထိုး ပြီးလာနေသည်ကို တွေ့မြင်ရလေသည် ကို ဘူတာရုံတွင်ကြိုစောင့်နေသူ ဆိတ် သိုးကတွေ့မြင်နေလေသည်။ ဂေါင်းကြီး တို့နှစ်ဦး ပြောသံစကားများတွင် မိမိ၏ အမည် ဆိတ်သိုးပြောသံကို တစ်ချက် တစ်ချက် ကြားရလေသည်။ ဆိတ်သိုး သည် အရပ်အမောင်းကောင်းပြီး ဗလ တောင့်တင်းသည်။ ကိုယ်ခံပညာ၊ သိုင်း ပြောင်းပြန်လည်းတတ်သဖြင့် တော်ရုံ လူသည် သူ့နှင့်မယှဉ်နိုင်ပေ။ ဆိတ်သိုး သည် သူစိမ်း၏ ရွှေလက်ဝတ်လက်စား များကိုအမှတ်ရပြီး ဂေါင်းကြီးကို နုပ်နုပ် စဉ်းပစ်ချင်နေသည်။ ငပွား၏ စကား များကြောင့်လည်း ဒေါသထွက်နေ သည်။ တဖြည်းဖြည်းနှင့် ဂေါင်းကြီးတို့ နှစ်ဦး စကားတပြောပြောနှင့် ဘူတာရုံ နား ကပ်လာသည်။ ဘူတာရုံဝန်းကျင် တွင် မှောင်နေသဖြင့် ဆိတ်သိုးကိုတွေ့ သော်လည်း တခြားလူတစ်ယောက်ဟု သာထင်ကြလေသည်။ဘူတာရှေ့ရထား လမ်းကို ဖြတ်ကျော်မည့်ဆဲဆဲတွင် ဆိတ် သိုး၏အသံက ဟိန်းထွက်လာသည်။

"ဟေ့ကောင် ဂေါင်းကြီး၊ သိပ် လက်သွက်နေတယ်ပေါ့"

ဆိတ်သိုးအသံကြောင့် အန္တရာယ် ရှိနေကြောင်း ဂေါင်းကြီး သိလိုက်သည်။

ဘေးမှအဖော်သည် ဆိတ်သိုးကို မြင် သည်နှင့် ကြောက်ဒူးတုန်နေလေသည်။ ဂေါင်းကြီးသည် သည့်ပြီး ပြေးရန်ပြင် လိုက်သည်။ ဆိတ်သိုး၏ လက်ထဲမှ ပစ္စည်းကို သိသောကြောင့် ဖြစ်သည်။ ဆိတ်သိုးသည် ပြေးရန်ဟန်ပြင်လိုက် သော ဂေါင်းကြီး၏ ကျက်နှာဆီသို့ အဖြူ ရောင်အရည်နှင့် ပုလင်းပက်လိုက်လေရာ ဂေါင်းကြီးသည် ငယ်သံပါအောင် အော် ရင်း မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ကမူးရှူးထိုးထွက်ပြေးလေတော့သည်။ သူ့အဖော်လည်း ဂေါင်းကြီး၏ လက် မောင်းကိုဆွဲပြီး နာနတ်တောရပ်ကွက် အတွင်းသို့ ပြေးဝင်သွားလေသည်။ ဆိတ်သိုးသည် ကျေနပ်သွားပြီး လက်ထဲ မှ ပုလင်းကို ချုံထဲသို့ လွှင့်ပစ်လိုက်လေ သည်။

ဆိတ်သိုးပက်လိုက်သောအက်စစ် ရည်ကြောင့် ဂေါင်းကြီးသည် (၂) လခန့် ဆေးကုရလေသည်၊ ရင်ဘတ်နှင့် မျက်နှာတစ်ခုလုံး မီးလောင်ဒဏ်ရာ ကဲ့သို့ဖြစ်နေသည်။ ကံကောင်း၍သာ မျက်လုံးကို ထိခိုက်ခြင်းမရှိ။ ဂေါင်းကြီး သည် ဆိတ်သိုးနှင့် ရင်ဆိုင်ထိုးကြိတ်ရန် မဖြစ်နိုင်သည်ကို သိသည်။ အလစ်တွင် လုပ်ကြံရန်စိတ်ကူးလေသည်။ ဂေါင်းကြီး သည်လည်း သူ့အဖွဲ့တွင် ခေါင်းဆောင် နေရာယူထားရာ ၎င်းကိစ္စသည် သူ့ အတွက် အရှက်ရစေသည်။ သိက္ခာကျ သည်ဟု ခံစားမိလေသည်။ ရက်ဒေါသ သည် အထွတ်အထိပ်သို့ရောက်နေသဖြင့် ဂေါင်းကြီးသည် ဒုဿရိုက်သမားတို့၏ဘဉ် အတိုင်း ကလဲ့စားချေရေးသာ အာရုံ ထားပြီး အချိန်ကိုစောင့်နေလေသည်။

ဂေါင်းကြီးသည် ဆိတ်သိုး၏ အသွားအလာကို စုံစမ်းလေသည်။ ထိုနေ့သည် စနေနေ့ဖြစ်လေရာ တစ်နေ့ လုံး မိုးရွာနေသည်။ လမ်းမီးထွန်းချိန် ရောက်သည့်တိုင် မိုးတဖွဲဖွဲကျနေသည်။ ဆိတ်သိုးသည် ကမ်းနားဈေးရှိ အမေမှုင် ၏အရက်ဆိုင်ဆီသို့ ညဈေးမှဆိုက်ကား စီးသွားလေသည် အသွားအလာကို စောင့်ကြည့်နေသော ဂေါင်းကြီး၏ တပည့်တစ်ဦး မြင်သွားပြီး ၎င်း၏ဆရာ ဆီ သတင်းပို့လိုက်သည်။

ဆိတ်သိုးသည် အမေမှုင်ဆိုင်တွင် အရက်သောက်ရင်း ရေချိန်လွန်သွား သည်။ ပုံမှန်ထက် ပို၍သောက်ဖြစ်သည်။ ရာသီဥတုကလည်း အေးသဖြင့် အသောက်လွန်သွားခြင်း ဖြစ်လေ သည်။

ဆိုင်ထဲမှ လမ်းမဆီသို့ ဒယိ



www.burmeseclassic.com

www.burmeseclassic.com

ဒယိုင် ချော်မလဲအောင် လျှောက်လာသည်။ တမ်းနားဈေးဘက်မှ ဗားတရာဆိပ်ကမ်းဘက်သို့ သိုင်းကွက်နင်းလျှောက်လာသည်ကို ဂေါင်းကြီး တွေ့ရလေသည်။ သဲကွင်းထိပ် ကုက္ကိုပင်ကြီးဘေးတွင်ကပ်နေရာမှ ဂေါင်းကြီး အပြင်သို့ လှမ်းထွက်လိုက်သည်။ လမ်းမီးမှာလေပြင်းတိုက်ထားသဖြင့် မီးမလင်းပေ။ ပတ်ဝန်းကျင်သည် မှောင်မိုက်တိတ်ဆိတ်နေသည်။ ဂေါင်းကြီးရှေ့ထွက်လိုက်စဉ် ဆိတ်သိုးသည် ဦးခေါင်းစိုက်ကျပြီး ရှေ့(၅)ပေခန့်ကျော်တက်သွားသည်။ ဂေါင်းကြီးသည် ကုတ်အင်္ကျီထဲမှ ဓားမြှောင်ကိုညာလက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက်သည်။ ရှေ့မှသွားနေသော ဆိတ်သိုး၏လည်ပင်းဆီသို့ ဓားမြှောင်ကို ညာလက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ရှေ့မှသွားနေသော ဆိတ်သိုး၏ လည်ပင်းဆီသို့ ဓားမြှောင်ကို တအားထိုးစိုက်လိုက်သည်။

"အား"

အသံနက်ကြီး ပေါ်ထွက်လာပြီး လဲကျသွားလေသည်။ ဆိတ်သိုးသည် သတိကောင်းသူဖြစ်ရကား ချက်ချင်းမသေဘဲ ဂေါင်းကြီးကို ပြူးကျယ်သော မျက်လုံးအစုံဖြင့်စိုက်ကြည့်နေလေသည်။ ဂေါင်းကြီးသည် သတ်ချင်သောစိတ်ပြင်းထန်ခဲ့သော်လည်း နဖူးတွေ့ဒူးတွေ့ ဆိတ်သိုး၏ ပြူးထွက်နေသော မျက်လုံးကိုမြင်ရသည့်အခါ တုန်လှုပ်ချောက်ချားပြီး ကြက်သီးတဖြန်းဖြန်းထမိသည်။

ဘေးဝန်းကျင်တွင် မှောင်ရိပ်ကြောင့် လည်းကောင်း၊ မိုးအေးသဖြင့်လည်းကောင်း၊ လူသွားလူလာပြတ်လပ်ပြီး ကားအသွားအလာရှင်းရှင်းနေလေသည်။ ဂေါင်းကြီးသည် ဆိတ်သိုးကိုပြန်မကြည့်ရဲတော့ဘဲ ထိုနေရာမှ သုတ်ခြေတင်ထွက်ခဲ့လေသည်။

ဆိတ်သိုးအသတ်ခံရကြောင်း သဲကွင်းဈေးကလေး ရပ်ကွက်တွင် လည်းကောင်း၊ ညဈေးတွင် လည်းကောင်း ပျံ့နှံ့နေရာ အထူးသဖြင့် သေသည့်တိုင် မျက်လုံးပွင့်နေကြောင်း ပြောစမှတ်ဖြစ်နေသည်။

အိုးဘိုရဲစခန်းမှ စခန်းမှူး ဦးလှသောင်းသည် လူသတ်မှုဖွင့်ပြီး လူသတ်တရားခံကို အပူတပြင်း စုံစမ်းထောက်လှမ်းနေလေသည်။ ဆိတ်သိုးအသတ်ခံရသောနေ့တွင် ဂေါင်းကြီးခရီးထွက်နေကြောင်း ၎င်း၏တပည့်များက ပြောကြားသော်လည်း ဂေါင်းကြီးအား စစ်ရန်လိုအပ်လေသည်။ သို့သော် ဂေါင်းကြီးသည် ရှောင်တိမ်းနေလေသည်။ ဂေါင်းကြီးသွားတတ်သည့်နေရာများကို လိုက်သော်လည်း မတွေ့ရပေ။ တစ်နှစ်မျှကြာခဲ့လေသည်။

သို့သော် ရဲအုပ် ဦးလှသောင်းသည် ထိုအမှုငေါ်ပေါက်ရေး အစွမ်းကုန် ကြိုးပမ်းနေပေသည်။ ဈေးကလေးရပ်ကွက်တွင် နှစ်စဉ် ဘုရားပွဲကျင်းပလေသည်။ ဘုရားပွဲမကျင်းပမီ ရှေးရိုးရာအစဉ်အလာအတိုင်း ဦးရှင်ကြီးပွဲကို ကျင်းပရသည်။ ဦးရှင်ကြီးပွဲ ပသပြီးမှသာလျှင် ဘုရားပွဲကို စတင် ကျင်းပရသည်။ ထိုသို့ အစဉ်အလာအရ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း (၁၀၀) မကရှိခဲ့ပြီ။ ပြာသိုလဆန်းပိုင်းတွင် ဦးရှင်ကြီးပွဲကို စတင် ကျင်းပသည်။ ယခုနှစ်တွင်လည်း ဦးရှင်ကြီးပွဲကျင်းပရန် ဗုဒ္ဓဝိဟာရ ဓမ္မာရုံရှေ့တွင် စင်ထိုးထားသည်။ ပေ (၂၀) ပတ်လည် စင်ကြီးနှစ်ခုကို မျက်နှာချင်းဆိုင်ဆောက်ထားပြီး အလယ်တွင် (၁၀) ပေခန့်ခြားကာ လူသွားလမ်းထားရှိသည်။ ပြာသိုလဆန်း ၅ ရက်နေ့တွင် ဦးရှင်ကြီးပွဲကျင်းပတော့မည်ကို ရပ်ကွက်ဝန်းကျင်က သိလေသည်။ ထိုနေ့ည (၈) နာရီခန့်အချိန်တွင် ဦးရှင်ကြီး၊ ကိုးမြို့ရှင်တို့ကို ပူဇော်ပသရန် ပင့်ဖိတ်မည်ဖြစ်သည်။

ဦးရှင်ကြီးဆွမ်းတင်သောည။

စင်မြင့်၏ခေါင်းရင်းဘက် (၅)ပေ အမြင့်ရှိသော စင်လေး၏အလယ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိပြီး ကန်တော့ပွဲများထိုးကာ အချိုပွဲကပ်လှူထားသည်။ ဆင်းတုတော်ဘယ်ဘက်တွင် (၅) ပေ အရွယ်ခန့်ရှိ အဘကိုးမြို့ရှင်သည် ရှမ်းဘောင်းဘီအနက်ဝတ်လျက် ရှမ်းဦးထုပ်ဆောင်းထားပြီး လက်နှစ်ဖက်တွင် ဓားကိုင်ထားသည်မှာ ပကတိလူကဲ့သို့ပင်။ အဆိုပါ ရုပ်တုရှေ့တွင် ခမောက်နှင့် ဓားနှစ်လက်ကို ချထားလေသည်။ ဆင်းတုတော်၏ ညာဘက်တွင်ကား အမြင့် (၅) ပေခန့်ရှိ စောင်းတော်ကိုပိုက်လျက် စီးတော်ကျားနှင့်အတူရှိနေသော ရေငန်ပိုင်ဦးရှင်ကြီးကိုတွေ့ရသည်။ ၎င်း၏ရှေ့တွင် လေးပေခန့်အရွယ်ရှိ ကျားရုပ်သုံးကောင်ကို တွေ့ရသည်။ ၎င်းရုပ်တုတို့ရှေ့တွင် ရပ်ကွက်အလှူရှင်များက ပေးပို့ထားသော ပန်းအိုးများကို ထားရှိလေသည်။ ပန်းအိုးချင်းမမှားရန် လိပ်စာများရေးပြီး စာကပ်ထားကြရသည်။ ထိုပန်းအိုးများကို နေ့လယ် (၃) နာရီမှစ၍ ပို့ထားကြရသည်။ ခြေရင်းဘက် စင်ကြီးပေါ်တွင် မြန်မာ့ဆိုင်းဝိုင်းကြီးက အခန့်သားနေရာယူထားသည်။ ပွဲတော်စတင်နေသဖြင့် ဈေးကလေးလမ်းမတစ်လျှောက် မုန့်ဆိုင်များ လူစည်ကားလျက်ရှိသည်။

မှောင်စပျိုးသည်နှင့် ဈေးကလေးရပ်ကွက်ဘေးဝန်းကျင်ဖြစ်သော အိုးဘို၊ ချင်းချောင်းခြံ၊ ထီးတန်းဈေးကြီးတို့မှ လူကြီး၊ လူငယ်၊ မိန်းကလေးကြီး၊ ငယ်စုံတို့သည် လာရောက်ကြည့်ရှုရန် စောစောနေရာယူထားကြသည်။ ဦးရှင်ကြီးစင်၏ဘေးဝန်းကျင်တွင် ကြိတ်ကြိတ်တိုးစည်ကားနေလေသည်။ ဦးရှင်ကြီးပင့်ပြီးလျှင် ၎င်း၏ နောက်တော်ပါးများဖြစ်ကြသော သရဲ ကျား၊ မိကျောင်း ဝင်ပူးကပ်သည်ကို ကြည့်ရှုရန် ဖြစ်လေသည်။ ဦးရှင်ကြီးစင်ပေါ်တွင် ဝင်ရောက်ပူးကပ်ခံကြရမည့်သူများသည် ကန်တော့ပွဲထိုးထားသော ခုံတန်းရှေ့တွင် အစီအရီထိုင်၍ စောင့်ဆိုင်းနေကြသည်။

ည (၈) နာရီထိုးသည်နှင့် ဆိုင်းဝိုင်းစတင်တီးမှုတ်လေသည်။ ဆိုင်းသံကြားသည်နှင့် လူများလည်း တိုးဝေ့ပြီး စင်နားသို့ ကပ်လာကြပေသည်။ ဦးရှင်ကြီးရုပ်တုရှေ့တွင် နွေဘောင်ပြန်း ရွှေတိုက်စာရင်းဝင် ဦးဒီပါသည် ဘုရားကန်တော့ပန်းဂါထာကို ရွတ်ဆိုနေသည်။ ဆိုင်းဝိုင်းမှလည်း ထိုဂါထာအတိုင်း တီးမှုတ်ပေးလေသည်။ ဦးဒီပါသည် ပန်းရောင်ခေါင်းပေါင်း၊ ပန်းရောင်ပဝါရှည်၊ ပန်းရောင်ပန်ကောက်လုံချည်ဝတ်လျက် ဇာတ်မင်းသားဟန်ဖြင့် ရွတ်ဆိုပူဇော်နေသည်။ ပရိသတ်ကား ငြိမ်သက်ခြင်း မရှိ။ သူ့အစုနှင့်သူ ထွေရာလေးပါးပြောနေကြသည်။ ဦးဒီပါက စတင်ပြီး အဘကိုးမြို့ရှင်အားပင့်သည့် ဂါထာရွတ်ဖတ်လေသည်။ဂါထာတစ်ပုဒ်ပြီးလျှင် ဆိုင်းကတစ်ခါ တီးလေသည်မှာ အတိုင်အဖောက်ညီပေသည်။

"ကြွတော်မူပါ အဘ ကိုးမြို့ရှင်ခင်များ"

ဦးဒီပါသည် အသံကိုဆွဲလျက်ဆိုလိုက်လျှင် ဆိုင်းဝိုင်းမှ ရှမ်းသိုင်းတီးလုံး ထုံပေထုံ. . . . ထုံပေထုံ တီးမှုတ်လေသည်။ ထိုစဉ် စင်ပေါ်တွင်ထိုင်နေသူ ဈေးထဲမှ အထမ်းသမား ဘအေးသည် ဝှန်းခနဲ မတ်တတ်ရပ်ပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ပြီးလျှင် ကိုးမြို့ရှင်ရုပ်တုရှေ့သွားပြီး ရုပ်တုအား လက်ညှိုးထိုးပြသည်။ နတ်ထိန်းများ ၎င်း၏ခေါင်း ကြီး အနီစည်းပေးသည်။ ရှမ်းခမောက်ဆောင်းပေးပြီး ၎င်းလက်ထဲသို့ ဓားနှစ်လက်ဆွဲ ပေးလိုက်သည်။ လူ ဘတ်ဘအေး



www.burmeseclassic.com

www.burmeseclassic.com

သည် သိုင်းမကစားတတ်မှန်း တစ်ရပ်ကွက်လုံးသိသည်။ တစ်ဈေးလုံးသိကြသည်။ ယခုတော့ အလွန်ထက်သော ဓားနှစ်လက်ကိုင်ကာ ဓားကို လည်ပင်းပေါ်တင်လိုက်၊ ပခုံးပေါ်ဆွဲလိုက်နှင့် အသည်းယားဖွယ် ဓားသိုင်းကနေလေသည်။ ဘအေးအကြောင်း သိသူများကလည်း လွန်စွာ အံ့ဩနေမိကြသည်။ ပွဲကြည့်ပရိသတ်အချို့သည် တိုးမြို့ရှင်ကို ထိုင်ကန်တော့ကြလေသည်။ မကြာခင် ဘအေးလည်း အကရပ်ပြီး ပျော့ခွေသွားစဉ် နတ်ထိန်းများက ပြုစုပြီးထိုင်ခိုင်းထားရသည်။ ဆိုင်းကလည်း ခဏရပ်နားလိုက်သည်။

အစဉ်အလာအရ ဦးရှင်ကြီးပင့်ပြီးလျှင် မွေးနီ ဆိုသော သရဲကို ခေါ်ရန်ဖြစ်လေသည်။ ထိုသို့မခေါ်မီ မွေးနီသရဲ အဖြစ်ဝင်ပူးရန် အမဲသားရောင်းသူ ခေါ်တောကို အရက်တိုက်၊ ဘောင်းဘီတိုသာဝတ်စေပြီး တစ်ကိုယ်လုံးတွင် ထုံးနှင့် မီးသွေးကို အသုံးပြုပြီး ခြယ်သထားရသည်။ သရဲနှင့်တူအောင် ခါးတွင် သစ်ရွက်များသီ၍ပတ်ထားပေးရသည်။ ခေါ်တောနှင့်ကာလသားတစ်သိုက်သည် ရပ်ကွက်ထိပ် သရဲခြောက်သည်ဆိုသော ကုက္ကိုပင်အောက်တွင် စုဝေးပြီး အပင့်အခေါ် ကိုစောင့်နေရသည်။ မွေးနီသည် လှိုင်မြစ်အတွင်း ရေနစ်သေခဲ့သည်။ မကျွတ်မလွတ်ဖြစ်ကာ ရပ်ကွက်ကို စောင့်ရှောက်သည်ဟု ရှေးလူကြီးများက ဆိုသည်။ ဦးရှင်ကြီးပွဲတင်တိုင်း ဝင်ပူးလေ့ရှိရာမှ အစဉ်အလာဖြစ်ကာ ယခုတိုင် မွေးနီသရဲကိုဖိတ်ပြီး ပျော်စေခြင်းဖြစ်သည်။

ဦးဒီပါသည် ရေငန်ပိုင်ဦးရှင်ကြီး၏ ဇာတ်လမ်းကို စတင်ပြီးရွတ်ဆိုလိုက်သည်။ ဆိုင်းမှလည်း သီချင်းအတိုင်းတီးပေးနေသည်။

ပြည်ဘက်သို့ရှောင်တိမ်းနေသော ဂေါ်င်းကြီးသည် ပြည်ရထားနှင့်အတူ ကြည့်မြင်တိုင်ဘူတာသို့ရောက်လာလေသည်။ မည်ကဲ့သို့ဖြစ်သည်မသိ။ ဒီနေ့မှ အိမ်သို့ပြန်ချင်သည့်စိတ်ကို တားမရသဖြင့် ပြည်ရထားစီးခဲ့ခြင်း ဖြစ်လေသည်။ ဘူတာသို့ရောက်လျှင် အိမ်သို့ ပြန်ရန်ဖြစ်သော်လည်း ဆိုင်းသံကြားနေရသည်။ နှစ်တိုင်း သွားကြည့်နေကျ ဈေးကလေးဦးရှင်ကြီးတင်ပွဲဖြစ်၍ အလိုလို ခြေလှမ်းမိလေတော့သည်။

နတ်ကတော် ဦးဒီပါသည် ဇာတ်လမ်းဆုံးခေါင် ရွတ်ဆိုပြီးဖြစ်သဖြင့် ဦးရှင်ကြီးအား ကျောင်းဆောင်ပေါ်ပင့်ရန် စတင်ရွတ်ဆိုရာ စပီကာမှအသံသည် ဟိန်း၍ထွက်လာသည်။

“ပုလဲငွေမို့၊ သဲရေစို့၊ ပဲခူးမြို့အပိုင်၊ အောက်ခရိုင်၌၊ ကျောက်တိုင်ဘက်၊ နေမင်းအတိ၊ ရေစာရင်းညှိလိုက်တော့၊ ရေကင်းအထိပိုင်ပေသော၊ နတ်ဦးအရှင်ခင်ဗျား. . . ။

ရေငန်မင်းတစ်ကျွန်းပိုင်၊ ထွန်းအဆိုင်မှာ၊ ဆွမ်းတိုင်လှူသုံးပါရန်၊ ဘုန်းရှိတဲ့ နတ်ရာဇာ၊ ကြွတော်မူလှည့်ပါခင်ဗျား”

ဦးဒီပါ ရွတ်ဆိုမှု ဆုံးသည်နှင့် အသောက်အစားကင်းသူ ဦးဘသော် ဂေါပကလူကြီးကို ဝင်ပူးရာ ဦးရှင်ကြီးရုပ်တုကို မျက်တောင်မခတ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်ကို လူအားလုံး တွေ့ရလေသည်။

ကိုယ်ကို ရှေ့တိုးနောက်ဆုတ် ယိမ်းထိုးနေသည်။ နှုတ်မှ မည်သည့်စကားကိုမှ မဆိုပေ။ လက်တွင် အုန်းရည်ဖန်ခွက်ကို ကိုင်ထားသည်။ ဦးဒီပါက ဦးဘသော်ရှေ့တွင် မုန့်ဆန်းပန်းကန်ကို ဆက်ရင်း –

“မိန်းမလှခေါ် ညွှန်း၊ စံတော်ကွန်းက၊ ကျွန်းညိုလုံးပိုင်ခင်ဗျား။ တင်ဆွမ်းမဟာကို ရွှင်လန်းစွာ ဘုဉ်းပေး သုံးဆောင်တော်မူပါ ကျွန်းညိုသခင် နတ်ဦးရှင်ခင်ဗျား”

ရွတ်ဆိုလျှောက်ထားရာ ဦးရှင်ကြီးသည် မုန့်ဆန်းပန်းကန်ကို စားသည့်သဖွယ်ဟန်လုပ်ပြီး ယိမ်းထိုးနေလေသည်။

ထိုစဉ် စင်ပေါ်ရှိ လူအချို့သည် မိကျောင်း၊ ကျားဝင်ပူးကြသည်။ မိကျောင်းပူးကပ်သူတို့မှာ ချထားသော ရေဇလုံကို ပါးစပ်ဖြင့်ကိုက်၍ အပေါ်သို့ ပစ်မြှောက်ကစားလေသည်။ မိကျောင်းသဖွယ် စင်ပေါ်တွင်လူးလိမ့်နေသည်။ ကျားဝင်ပူးကပ်သူတို့မှာ ရှေ့ကျွမ်းနောက်ကျွမ်းပစ်ကစားသည်မှာ ယုံနိုင်စရာပင်မရှိပေ။ နောက်ကျွမ်းပစ်ဖို့ရာ လေ့ကျင့်ထားမှသာ ပြုလုပ်နိုင်သော်လည်း ယခုစင်ပေါ်တွင် ဆိုက်ကားနင်းသူ တင်ညွန့်သည် ကျွမ်းပစ်လိုက်၊ ငှက်ပျောတစ်ဖီးကို ပါးစပ်ကိုက်ပစ် ခေါင်းယမ်းလိုက်သည်မှာ ငှက်ပျောသီးတစ်ဖီးလုံး ပရိသတ်အတွင်း ရောက်ရှိလေသည်။ လွင့်ကျလာသော ငှက်ပျောသီးကို ဝိုင်းလုကြသည်မှာ ပျော်စရာပင်။ ဦးရှင်ကြီး၏ နောက်တော်ပါးများ စတင်ပျော်သည်နှင့် ဦးဒီပါသည် စပီကာမှ –

“ပျော်ရန်တာလီ မောင်မွေးနီရေ”

(၃) ကြိမ်ခေါ်လိုက်သည်။ ခေါ်သံစောင့်နေသော ကုက္ကိုပင်အောက်မှ လူစုသည် တင်းပုတ်ကြီးကို မွေးနီဖြစ်မည့် ခေါ်တောလက်ထဲထည့်ပေးပြီး ဝိုင်း၍ ဩသံပေးတစ်ကြွေးကြွေးကြသည်။

“မွေးနီလာပြီဟေ့”

မွေးနီဦးဆောင်ပြီး ၎င်းအနောက်မှ အုပ်စုလိုက်အော်ပြီး လမ်းမအတိုင်း ဦးရှင်ကြီးစင့်ရှိရာသို့ လာကြလေသည်။ ပရိသတ်လည်း သရဲလာပြီဟေ့ အသံကြားသဖြင့် ဟိုကြည့်ဒီကြည့်ဖြင့် ဘယ်နေရာကပေါ်လာမည်ကို တထိတ်တထိတ်ကြည့်ရသည်။ ဘာမဆိုင်ညာမဆိုင် တင်းပုတ်ဖြင့် အထုခံရပါက လျော်ကြေးရမည်မဟုတ်ပေ။

ဂေါင်းကြီးသည် လူများ တိုးဝှေ့ခြင်းခံရသဖြင့် ဆိုင်းဝိုင်းစင်ဘေး သရဲစင်ပေါ်တက်မည့် လမ်းပေါ်ရောက်နေလေသည်။ ခေါ်တောမွေးနီသည် တင်းပုတ်ကို ဝှေ့ယမ်းလျက်လာရာ သူလူများကလမ်းရှင်းပေးရသည်။ လမ်းတစ်လျှောက်တွင် တင်းပုတ်ကို ပတ်ချာလှည့်သဖြင့် ထိမှာစိုးသောကြောင့် လူများရှောင်ပေးရလေသည်။ ဆိုင်းဝိုင်းမှလည်း ဗိန်းဗောင်းတိုက်တီးနေသဖြင့် သရဲအုပ်စု၏အော်သံကို သဲကွဲစွာ မကြားရချေ။ မွေးနီသရဲသည် ဂေါင်းကြီးနှင့် တဖြည်းဖြည်းနီးလာလေသည်။ ဂေါင်းကြီးသည် အနောက်သို့ အားဘင်းပြီး ဆုတ်သော်လည်း လူအုပ်ကြီးမှပြန်တွန်းထားသဖြင့် နောက်သို့ဆုတ်ရန် အခွင့်မသာချေ။ သရဲဝင်နေသည်ဟုဆိုသော ခေါ်တောကို ဂေါင်းကြီးသည် တစ်ခါဖူးမျှမတွေ့ဘူးချေ။ လူလုံးကွဲမြင်ရသည့်နေရာသို့ ရောက်လျှင် မွေးနီသရဲကို မြင်လိုက်ရာ ဂေါင်းကြီးသည် ထိတ်လန့်ပူထူသွားပြီး ကြက်သီးဖြန်းခနဲပေါ်ထသွားလေသည်။ သူတွေ့မြင်ရသည်မှာ သူသတ်ခဲ့သော ဆိတ်သိုး၏ မျက်နှာနှင့် မျက်လုံးပင်တည်း။ ဆိတ်သိုးသေခါနီး သူ့ကိုကြည့်ခဲ့သောမျက်လုံးအစုံပင် ဖြစ်သည်။ ဆိုင်းဝိုင်းသံဆူညံနေသော်လည်း ‘ဆိတ်သိုးကွ၊ ဆိတ်သိုးကွ’ ဟု အော်သံကိုသာ ကြားနေရသည်။ ၎င်းအရှေ့အရောက်တွင် မွေးနီသည် လက်ထဲမှတင်းပုတ်ဖြင့် ၎င်းကို အားကုန်ထုနက်လေတော့သည်။

ဂေါင်းကြီးမှာ ခန္ဓာကိုယ်သေးသဖြင့် တင်းပုတ်ဒဏ်မခံနိုင်ဘဲ လဲကျသွားသည်။ ဘေးမှ အထိန်းများက မွေးနီကိုဝိုင်းဆွဲပြီး ဦးရှင်ကြီးစင်ပေါ် အတင်းဆွဲတင်ရလေသည်။ လေ့ကားထိပ်တွင် စောင့်ကြည့်နေသော နတ်ကတော်



www.burmeseclassic.com

www.burmeseclassic.com

ဦးဒီပါသည် ဝင်ပူးလာသူမှာ မွေးနီ မဟုတ်မှန်းသိသဖြင့် နှုတ်မှတွတ်တွတ် ရွတ်ဆိုရင်း ခေါ်တော၏ဇက်ပိုးကို ညာလက်ဖြင့် ဖြောင်းခနဲမြည်အောင်ရိုက်ချလိုက်သည်။ ထိုအခါမှ မွေးနီကွဟုအော်လိုက်ရင်း တင်းပုတ်ကိုချကာ မုန့်ဆန်းပန်းကန်ကို လက်တစ်ဖက်စီတွင် တင်လျက် အပေါ်အောက်မြှောက်ကာ ကစားသည်မှာ ဆက်ကပ်ပြနေသည့်အလားထင်ရလေသည်။ လူအုပ်ကြီးမှာလည်း မွေးနီနှင့် ကျွားများ၊ မိကျောင်းများ ကစားသည်ကို ငေးမောနေကြသည်။

တင်းပုတ်ထုခံရသော ဂေါင်းကြီးကို မွှာရုံအတွင်း သယ်ယူ၍ ပြုစုကြလေသည်။ လုံခြုံရေးတာဝန်ကျနေသော အိုးဘိုရဲစခန်းမှူး ဦးလှသောင်းလည်း ရောက်လာပြီး လူနာကို ကြည့်ရှုလေသည်။

"ဟော့ကောင် ဂေါင်းကြီး"

စခန်းမှူးခေါ်သံကြောင့် ၎င်းအားထိုင်ပြုစုနေသူများသည် အံ့ဩသော မျက်နှာဖြင့် စခန်းမှူးအား ကြည့်နေကြသည်။

ဦးလှသောင်းက အသံမာမာဖြင့် ခေါ်လိုက်သည်။

"ဗျာ - ဆရာ"

ဂေါင်းကြီး၏ အမူအရာပျက်၍ နေလေသည်။ လူသတ်မှုမှ မလွတ်မှန်း တော့ သိနေလေပြီ။

"ဆရာ၊ ကျွန်တော် မေးချင်တာ မေးပါရစေ ဆရာ"

"မေးစမ်းကွာ၊ ပြော ဘာမေးမလဲ"

ထိုစဉ် ဦးဒီပါ၏ ဦးရှင်ကြီးအား ကျွန်းညှိသို့ ပြန်ပို့သောရွတ်သံကို ကြားရသည်။

"နေအဝင် ရွှေကညင်သာတဲ့ လမ်းကို နတ်နန်းပျော်၊ စောင်းတော်မပြီး အပေါင်းအဖော်တို့နှင့် ကျောင်းတော်က ကြွတော်မူပါ ရေငန်တစ်ရိုး မိုင်အုပ်စိုးပါတဲ့ ဒေဝါသခင် နတ်ဦးရှင် ခင်ဗျား"

ဆိုင်းဝိုင်းက ပြောခေါက်နေလေပြီ။

"မွေးနီသရဲဝင်ပူးတာ ဘယ်သူလဲ ဆရာ"

"မင်းသတ်ခဲ့တဲ့ ဆိတ်သိုးရဲ့အမွှာ ပူး သူညီပေါ့ကွာ"

-ဆိတ်သိုးအသတ်ခံရပြီး ၎င်း၏ ရန်ဘက် ဂေါင်းကြီး ပျောက်ကွယ်သွားသည်ကို ဦးလှသောင်း သိထားပြီးဖြစ်ပေသည်။

ဟိန်းဇေယျာ

# နှင်းခူနှိုနက်ကိုနိမ်နင်းသည့် ဆေးနည်းကောင်းတစ်လက်

အေးရွှေ(ဝီးကျန်း)

၂၀၁၂ ခု အောက်တိုဘာလက ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဂုံညင်းတန်းကြီးမှ ဦးမြင့်အောင် စာရေးသူထံသို့ အသက် (၂၀) ဝန်းကျင်လောက်ရှိမည့် ကလေးမလေးတစ်ယောက်နှင့် နံနက်စောစော ရောက်လာပါသည်။

စာရေးသူတရားထိုင်နေသည်နှင့် တိုးနေသဖြင့် ဦးမြင့်အောင်တို့ တစ်နာရီကျော်ကျော်မျှ စာရေးသူကို စောင့်နေကြရပါသည်။ စာရေးသူလည်း ၎င်းတို့ရောက်နေသည်ကို သိသည့်အတွက် အားနာ၍ ဝတ်ချကာ အိမ်ပေါ်မှဆင်းခဲ့ပါသည်။ ၎င်းဦးမြင့်အောင်ဆိုသူမှာ စာရေးသူနှင့် ဆွေလိုမျိုးလိုနေသူ ဖြစ်ပါသည်။

လူချင်းတွေ့ကြသည်နှင့် ဦးမြင့်အောင်က ရင်းနှီးသူရင်းမို့ ဘာနိဒါန်းမှ မချီဘဲ -

"ဟဲ- ဆရာရေ့ လာရင်းကိစ္စကတော့ ဒီသမီးအတွက်ပဲ။ ဒါ ကျွန်တော့် ချွေးမပါ။ သာရဝေါဘက်ကပါ ဆရာ။ ကျွန်တော့်သား ကိုဖြိုး ကိစ္စတစ်ခုခုနဲ့ သွားရင်း နဖူးစာဆုံလာခဲ့ကြတာ ဆိုပါတော့"

ဟု အစချီကာ လိုရင်းကိုတိုရှင်းတဲ့တိုးပင် ပြောပါသည်။

"ရှေ့လမှာ သူတို့ကို မင်္ဂလာဆောင်ပေးမှာ။ သူ့ခြေချင်းဝတ်မှာ နှင်းခူရှိတယ် ဆရာ။ သမီးကရှက်တော့ လုံချည်ကိုခြေဖျားအုပ်ဖုံးတိုက်ဝတ်တယ်။ မင်္ဂလာဆောင်ရမှာလည်း အဲဒီနှင်းခူကြီးနဲ့ဆိုတော့ ရှက်နေတယ်။ မင်္ဂလာမဆောင်ချင်ဘူးပြောနေလို့ အဲဒီအတွက် နှင်မပူနဲ့ မင်္ဂလာရက်မရောက်ခင် သမီးအနာသေချာပေါက်ပျောက်ရမယ်ဆိုပြီး ခေါ်လာခဲ့တာပါ။ အာမခံနဲ့ ခေါ်လာတာ ဆရာ့အားကိုးနဲ့ပါ။ ကြည့်လုပ်ပေးပါဦး ဆရာ"

စာရေးသူလည်း ဦးမြင့်အောင်စကားအဆုံး ကလေးမလေး၏ အနာကို ကြည့်လိုက်ရာ ဘယ်ဘက်ခြေချင်းဝတ်၌ ခြေသလုံး ညှိသကျည်းဘက် ပတ်တက်သွားသော လက် (၄) လုံးခန့် အကျယ်လောက်ရှိသည့် နှင်းခူနာကြီးကို တွေ့ရပါသည်။ အနာမှာ ...ပါသို့ကြွနေသော်လည်း အရေမ...ဘဲ ခြောက်ကပ်နေပါသည်။ နှင်းခူ...က် ဖြစ်ပါသည်။ နှင်းခူအခြောက်ဖြစ်ပါသည်။

သို့ကြောင့် စာရေးသူလည်း-

"ဆေးတော့မရှိဘူး...။ ဒါပေမယ့် နည်းပေးလိုက်ပါ့မယ်။ အဲ...ကျ ကိုယ့်ဟာကို ဆေးဖော်လုပ်ပါ။ မခ...ပါဘူး၊ ဆေးကလွယ်ပါတယ်"

ဟု ဆိုကာ နည်းပေးလိုက်ပါသည်။ ဦးမြင့်အောင်တို့...လည်း စာရေးသူပြောသမျှ ရေးမှတ်ကာ ပြန်သွားကြပါသည်။

၎င်းတို့ကို ပေး...က်သောနည်းမှာ အောက်ပါအတိုင်း ...ဖြစ်ပါသည်။ လိုအပ်သူများ ပြုလုပ်နိုင်...ရန် ပညာဒါနပြုလိုက်ပါသည်။ ဤနည်းမှာ နှင်းခူ အခြောက်အတွက်သ...သက် ဖြစ်ပါသည်။

နှင်းခူကို ရေစင်ကြယ်စွာဆေးပါ။

ကျွန်းသားကို ...မ်းသွေးဖုတ်ပြီး ပေါင်ဒါသားကျအောင် ထောင်းပါ။ ပိတ်ပါးနှင့် စကာချပါ။ ရှားစောင်းလက်ပပ်ကို ထက်ခြမ်းခွဲပါ။ အနာကို ရေဆေးပြီးသည်နှင့် ကျွန်းသားမီးသွေးမှုန့် ထူထူလူးကာ အပေါ်မှ ထက်ခြမ်းခွဲထားသော ရှားစောင်းလက်ပပ်ကိုအုပ်၍ အုံပြီး ပတ်တီးစည်းပေးထားပါ။ (၂၄) နာရီပြည့်လျှင် အသစ်လဲပါ။ (၃) ခါပြည့်လျှင် ဝါးခြမ်းပြား မီးသင်း၍ခြစ်ချပါ။ အထပ်လိုက်ကွာထွက်သွားပါလိမ့်မည်။ မကွာလျှင် ထပ်လုပ်ပါ။

အပေါ်ထပ်ကွာ...ထွက်သွားသဖြင့် ရဲနေသောအနာပေါ်သို့ နံ့သာငါးပါး အမှုန့်ဖြူးပေးပါ။ ထို့နောက် ရှားစောင်းလက်ပပ် အထက်ပါအတိုင်း ထပ်အုပ်စည်းပါ။ (၃) ရက် (၃) ခါလပ်ပါ။ ပြည့်သည်နှင့် ဝါးခြမ်းပြားမီးသင်းပြီး ထပ်ခြစ်ချပါ။ လုံးဝ...သားကောင်းဝင်သွားသည်အထိပြု...ပါ။ သေချာပေါက် ပျောက်ကင်း...ပါသည်၊ လက်တွေ့နည်း ဖြစ်ပါသ...

...နီထားထော...

...အေးရွှေ (ဝီးကျန်း)



www.burmeseclassic.com

www.burmeseclassic.com

မောင်ပွင့်ဉာဏ်(မောရ)

# မင်းကွတ်သီးနှင့်ကင်ဆာရောဂါ

(လက်တွေ့ဖြစ်ရပ်များ)



အခုတစ်လော မင်းကွတ်သီးနဲ့ ကင်ဆာရောဂါအကြောင်း လူပြောသူပြောများနေတယ်။ ဂျာနယ်မှာရော သတင်းစာမှာပါ ဖတ်ရသူတွေများတယ်။ ကျွန်တော်က ၂၀၁၄၊ မေလထုတ် ရှုပ်ရှင်တေးကဗျာ (ရသစုံမဂ္ဂဇင်း) မှာ မြတ်ဆွေ(ဆန်ဖရန်စစ္စကို)ရဲ့ နောက်ဆုံးဆောင်းပါးကို အရင်ဖတ်ရတယ်။ ဒါနဲ့ အဲဒီမဂ္ဂဇင်း မတ်နဲ့ ဧပြီလထုတ်တွေပါ ပြန်ရှာ၊ ဆောင်းပါး (၃)ပုဒ်စလုံးကိုပေါင်းပြီး စာအုပ်ငယ်လေးတစ်အုပ် ရိုက်ပါတယ်။ နီးစပ်ရာ ဆွေမျိုးမိတ်သင်္ဂဟတွေကနေတစ်ဆင့် လက်လှမ်းမီသလောက် ဖြန့်ဝေပေးခဲ့ပါတယ်။

ဒီစာအုပ်ငယ်ကို ဖတ်ရသူတွေထဲမှာ အထူးကုဆရာဝန်ကြီးတွေပါ ပါဝင်ပြီး သူတို့ကလည်း ထပ်ကူးပြီး ဖြန့်ဝေပေးနေတယ်လို့ သိရပါတယ်။ မဖတ်ရသေးတဲ့ သုရဿမဂ္ဂဇင်းပရိသတ်အတွက် ဆောင်းပါပါ အကြောင်းအရာတွေကို အနှစ်ချုပ်ပြီး ဖော်ပြလိုက်ပါတယ်။ ဒီဆောင်းပါးမှာပါတဲ့အတိုင်း မင်းကွတ်သီးစားပြီး ကင်ဆာဝေဒနာသက်သာလာသူတစ်ဦးကို လက်တွေ့တွေ့နေရပြီဖြစ်တဲ့အပြင် အမေရိကားက ဆရာဝန်တွေက မင်းကွတ်သီးကို ဘာရောဂါမှမရှိလဲ ဖြည့်စွက်အစာ (Food suppliment) အဖြစ် သာမန်လူတိုင်း စားသင့်တယ်လို့ ဆိုနေကြတဲ့အတွက် အားလုံးစိတ်ဝင်စားကြမယ်လို့ ထင်ပါတယ်။

**မင်းကွတ်သီး၏ ကောင်းကျိုးအာနိသင်များ**

၁။ သုတေသီဆရာဝန်တစ်ဦး၏ ပြောပြချက်အရ လက်ရှိဈေးကွက်မှာ ရောင်းချနေတဲ့ အရောင်ကျစေတဲ့ ဆေးတစ်ခုဟာ မင်းကွတ်သီးရဲ့ အရောင်ကျစေတဲ့အာနိသင်ကို မမီဘူးလို့ ဆိုထားပါတယ်။

၂။ တခြားဆေးတွေရဲ့အာနိသင်ကို ပိုမိုကောင်းစေအောင် အမြန်အလှန်အကျိုးပြုစေတဲ့အတွက် ဆေးနဲ့မတည့်တာမရှိ၊ ဘေးထွက်ဆိုးကျိုးများလည်း မရှိပါ။

၃။ မင်းကွတ်သီးမှာရှိတဲ့ အလွန်အာနိသင်ထက်မြက်တဲ့ Xanthone ဆိုတဲ့ဓာတ်က အားအင်တိုးဖြစ်စေတယ်။ ခုခံအားကိုမြှင့်တင်စေတယ်။ ကင်ဆာဆဲလ်ကို ကျုံ့စေ၊ သေစေတယ်။

၄။ သွေးအဆီဓာတ်ကျဆင်းစေတယ်။ သွေးကြောမာဆတ်ခြင်းမှ ကာကွယ်ပေးတယ်။ သွေးတိုးကျစေပြီး သွေးချိုကျစေရန်လည်း အထောက်အကူပြုတယ်။ ကိုယ်အလေးချိန်ကျစေတယ်။

၅။ စိုးရိမ်ပူပန်စိတ်လျော့နည်းစေပြီး စိတ်ဓာတ်ကျခြင်းနဲ့ သွေးငယ်ပြန်ခြင်းတို့မှ ကာကွယ်ပေးတယ်။

၆။ အရိုးအဆစ်ရောင်ခြင်း၊နာခြင်းရောဂါ၊ သွားဖုံးရောဂါ၊ အသက်ကြီးလာလို့ အရိုးဓာတ်ဆုတ်ယုတ်ကျဆင်းခြင်းများကို ကာကွယ်ပေးတယ်။

၇။ မူးဝေခြင်း၊ မျက်စိရေတိမ်ဖြစ်ခြင်း၊ မျက်စိတိမ်စွဲခြင်းတို့မှ ကာကွယ်ပေးတယ်။

(မူရင်းဆောင်းပါးမှာ မင်းကွတ်သီး၏ ကောင်းကျိုးအာနိသင် (၃၄) မျိုးအထိ ဖော်ပြထားတယ်။)

**လက်တွေ့ပျောက်ကင်းသောရောဂါများ**

၁။ မူရင်းဆောင်းပါးရှင်ရဲ့ ဆီးကျိတ်ကင်ဆာကို လေးဇာတစ်ကြိမ်စမ်းသပ်တိုင်း ကင်ဆာဆဲလ်ပြန်မတွေ့ရတော့တာ (၅) နှစ်ရှိသွားပါပြီ။

၂။ မူရင်းဆောင်းပါးရှင်ရဲ့ ညီမငယ်တစ်ယောက် နှစ်ရှည်လများခံစားလာခဲ့ရတဲ့ (Nasosinus) အမြဲနှာပိတ်တဲ့ (ထိပ်ကပ်နာ) ရောဂါဟာ ညတိုင်းမအိပ်ခင် နှာခေါင်းမပိတ်အောင် (Nasal spray) ထည့်နေရာက မင်းကွတ်စားလိုက်တော့ (Nasalspray) ထည့်ဖို့ လုံးဝမလိုတော့ပါ။

၃။ မူရင်းဆောင်းပါးရှင်ရဲ့ ညီဝမ်းကွဲတစ်ယောက်ဟာ ရန်ကုန်မှာ အသည်းကင်ဆာဖြစ်လို့ Singapore မှာ သွားခွဲထုတ်လိုက်ပြီး အခု(၆)နှစ်အကြာမှာ ဝဲဘက်ချိုင်းကြားနဲ့ အဆုတ်အရိုးကို ပြန့်ပြီး ဆရာဝန်လက်လျှော့တဲ့အဆင့် (၄) ကို ရောက်နေပါတယ်။ ချိုင်းကြားမှာ (၇) စင်တီမီတာလောက် ကင်ဆာအကျိတ်ကြီးဟာ တင်းမာပြီးပူနေတယ်။ ညအိပ်ရင်လည်း ကိုက်ကိုက်နေပါတယ်။ မင်းကွတ်သီးစားပြီး ရက်ပိုင်းအတွင်းမှာ တင်းမာတဲ့နေရာကလည်း ပျော့သွားပြီး ပူလည်းမပူတော့ဘူး၊ ကိုက်လည်းမကိုက်တော့ပါ။

၄။ မအူပင်ကလူတစ်ယောက် ဆီးကျိတ်ကြီးပြီး PSA 15.7 ရှိရာက မင်းကွတ်သီးစားပြီး တစ်လကျော်မှာ သွေးပြန်စစ်တော့ PSA 9 အထိကျသွားပါတယ်။ သူ့မှာ တခြားထူးခြားစွာအကျိုးခံစားရတာကတော့ လေးဖက်နာ ( Gout Arthritis) ရောဂါရှိပြီး ဒူးနာလို့ လှေကားတက်ရင် ဘယ်၊ ညာတစ်ထစ်ချင်းလှမ်းမတက်နိုင်တာ ခုမင်းကွတ်သီးစားပြီး ဒူးနာသက်သာလာတဲ့အတွက် လှေကားလည်း ဘယ်၊ညာတစ်ထစ်ချင်းတက်နိုင်လာပါတယ်။

၅။ နယူးယောက်မြို့က ဦးဆွေနန်းဆိုသူမှာ နှလုံးရောဂါခံစားနေရတာ (၅) နှစ်ရှိပြီး နှလုံးလျှပ်စီးကြောင်းမမှန်လို့ ဆရာဝန်က နှလုံးမှာဘက်ထရီထည့်ရမယ်လို့ ပြောပါတယ်။ သူက ခွဲစိတ်ရမှာကိုကြောက်လို့ အချိန်ဆွဲရင်း ဝေဒနာကို ခံစားနေရတာကြာပါပြီ။ ခု မင်းကွတ်သီးမှီဝဲပြီး (၃) ပတ်အကြာမှာ ပုံမှန်ဆေးစစ်ချိန်နဲ့ကိုက်နေလို့ နယူးယောက်တဒေါက်တာနိုင်သူလင်းဆေးခန်းမှာ နှလုံးခုန်နှုန်း (Cardiograph) တိုင်းတော့ ပုံမှန်ဖြစ်နေတဲ့အတွက် ခွဲစိတ်ရန်မလိုတော့ပါ။



www.burmeseclassic.com

၆။ မှုရင်းဆောင်းပါးရှင်ရဲ့ မိတ်ဆွေတစ်ဦးကတော့ မင်းကွတ်သီးစားပြီး ပန်းနာရင်ကျပ်သိသိသာသာသက်သာသွားကြောင်း ပြောပါတယ်။

၇။ မော်လမြိုင်မြို့ ဂိလာနသံဃဆေးရုံ အုပ်ချုပ်ရေးမှူး ဦးမင်းမြင့်သန်းက ကျွန်တော့်စာအုပ်ငယ်ကို ဖတ်ပြီး နောက်တစ်နေ့မှာပဲ လည်ချောင်းကင်ဆာဝေဒနာနဲ့ ဆေးရုံတက်နေတဲ့ သီလရှင်တစ်ပါးကို မနက်၊ ညနေ မင်းကွတ်သီးကျွေးတာ လေး၊ ငါးရက်အကြာမှာ အစာကောင်းကောင်းမျိုလို့ ရလာတယ်လို့ ပြောပါတယ်။

**ပြုလုပ်နည်းနှင့်သတိထားရန်အချက်များ**

၁။ အသီးထိပ်ရှိ အညှာနှင့် ရွက်ဖတ်ကိုဖယ်ပြီး မင်းကွတ်သီးတစ်လုံးလုံးကို ရေစင်အောင်ဆေးပါ။

၂။ မှုရင်းဆောင်းပါးမှာ ပါးပါးလှီးပြီး ဖျော်ရည်မွှေစက် ဖြင့် ကြိတ်ချေပါလို့ ရေးထားပေမယ့် မင်းကွတ်သီးအခွံကို လက်နဲ့ဖဲ့ပြီး အထဲကအမြှာတွေနဲ့အတူ ရေပတ်ဆုံထဲကို ထည့်ထောင်းရင်လည်း အလွယ်လေးကြေသွားပါမယ်။

၃။ စားလို့ကောင်းအောင်ဆိုပြီး သကြားမရောပါနဲ့။ သကြားက မင်းကွတ်သီးရဲ့အာနိသင်ကို ကျဆင်းစေပါတယ်။

၄။ ကြိတ်ခြေထားတဲ့ မင်းကွတ်သီးကို ရေခဲသေတ္တာထဲထည့်ထားရင် တစ်ပတ်လောက်ပဲ အထားခံပါတယ်။ ရေခဲသေတ္တာမရှိရင် ပလတ်စတစ်အိတ်ထဲလေလုံအောင်ထည့်ပိတ်ပြီး ရေစည်/ရေကန်ထဲ နှစ်ထားနိုင်ပါတယ်။

၅။ နှစ်ပေါက်အောင်ထားဖို့အတွက် ပုလင်းထဲလေမခိုအောင်သိပ်ထည့်၊ အလုံပိတ်ပြီး ရေခဲသေတ္တာခဲကန်(Freezer) ထဲမှာ ထည့်ရပါမယ်။ စားလို့လွယ်အောင်အခြောက်လုပ်ချင်ရင် ကြိတ်ခြေထားတဲ့ မင်းကွတ်သီးကို ကတော့ထဲထည့်ပြီး တုတ်နဲ့ထိုးထုတ်ရင် အချောင်းအတိုင်းထွက်လာပါမယ်။ အဲဒီအချောင်းလေးတွေကို ပန်းကန်ပြားပေါ်ဖြန့်ပြီး ရေခဲသေတ္တာခဲကန်ထဲ တစ်ပတ်လောက်ထားရင် ခြောက်ပြီးခဲသွားပါမယ်။ ဒီနည်းကို အေးခဲရင်းခြောက်သွေ့စေခြင်း (Freezedry) လို့ ခေါ်ပါတယ်။ မင်းကွတ်သီးကို ခြောက်အောင်နေပူလှန်းရင်၊ မီးကင်ရင် အာနိသင်ပျက်ပါတယ်။

**စားသုံးနည်း**

၁။ ရောဂါရှိလျှင် တစ်ရက် နှစ်ကြိမ် ထမင်းစားဇွန်းတစ်ဇွန်းစာခန့်ကို



ထမင်းစားပြီးတိုင်း ဆေးအဖြစ်ရေနဲ့မျှော ချပါ။

၂။ ရောဂါမရှိသူများ ဖြည့်စွက်စာအဖြစ် မနက်ဖြစ်စေ၊ ညနေဖြစ်စေ လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာ နေ့စဉ် စားသုံးနိုင်ပါသည်။

**ကင်ဆာရောဂါနှင့်ပတ်သက်၍**

၁။ ကင်ဆာဆဲလ်ဖြစ်ပေါ်ကြီးထွားစေတဲ့အရာတွေက အချဉ်အက်စစ်ဓာတ်၊ သကြားနဲ့နှစ်အဆီ၊ ဆားအငန်ဓာတ်နှင့် ဆဲလ်များ အောက်ဆီဂျင်ရရှိမှု နည်းခြင်း စသည်တို့ ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်ကို ထမင်းနဲ့ရောစားတော့ ချဉ်ဖတ်တည်သလို အချဉ်ပေါက်သွား ကင်ဆာဆဲလ်အကြိုက်ဖြစ်သွားပါတယ်။

၂။ ကင်ဆာ မနှစ်သက်တာက အခါး၊ အဖန်ဓာတ် (Alkaline) ပါ။ ဟင်းသီးဟင်းရွက်အရည်မှန်သမျှ အဖန်ဓာတ် (Alkaline) ဖြစ်ပြီး သူချည်းသက်သက် စားရင် ဟင်းရွက်အရည်ဟာ မိနစ် (၂၀) ဆို ဆဲလ်တွေထဲကိုရောက်သွားပါတယ်။ Alkaline PH မြင့်ရင် ကင်ဆာဆဲလ်ကို တောင် သေစေနိုင်တယ်လို့ သုတေသီတွေက ဆိုပါတယ်။

၃။ ကင်ဆာမဖြစ်အောင် ဟင်းသီးဟင်းရွက်ကို များများစားပေးရတယ်။ အသီးအရွက်မှာလည်း အနီရောင်ရှိတဲ့ အသီးအရွက်တွေ (ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ သလဲသီး စတာတွေက) ကင်ဆာအတွက် ပိုကောင်းပါတယ်။ ရာသီပေါ် အသီးအရွက်တွေကို သစ်သီးဖျော်ရည်စက်ထဲထည့်၍ ရေအနည်းငယ်မျှထည့်ပြီး ရေခဲမုန့်လိုပျစ်ပျစ်လေးဖြစ်အောင် ကြိတ်ပြီး ထမင်းမစားခင် (၁) နာရီခန့် ကြိုးစားပြီးမှ ထမင်းစားသင့်ပါတယ်။

၄။ သံပရာရည်ဟာ ယေဘုယျ အားဖြင့် ကင်ဆာဆဲလ်ကြိုက်တဲ့ အချဉ်ဓာတ်လို့ထင်ရပေမယ့် သူ့ကိုသောက်ပြီး ဝမ်းထဲရောက်ရင် အဖန်ဓာတ် (Alkaline) အဖြစ် ပြောင်းသွားတဲ့အတွက် အလွန်မှ သောက်သုံးမှီဝဲသင့်ပါတယ်။

၅။ သတိရတိုင်း အသက်ပြင်းပြင်းနဲ့ ရှူခြင်းအားဖြင့် ဆဲလ်တွေ အောက်ဆီဂျင်ပိုရလာပြီး သန်မာအားကောင်းတဲ့ ဆဲလ်က ကင်ဆာကိုမဖြစ်စေ၊ မကြီးထွားစေပါ။ သွေးက အောက်ဆီဂျင်ပိုမိုသယ်ဆောင်ပေးနိုင်အောင် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလည်း လုပ်ပေးသင့်ပါတယ်။

၆။ နေ့စဉ် အချိန်မှန်မှန် တရားထိုင်ခြင်း။ ဘယ်ဘာသာဝင်ဖြစ်ပါစေ အသက်ရှူလေ့ကျင့်ခန်း တစ်ရပ်အနေနဲ့ အသက်ရှည်ရှည်ရှူသွင်း၊ ရှူထုတ်လုပ်တာကို သတိနဲ့မှတ်နေရင် စိတ်တွေငြိမ်သက်လာပါမယ်။ စိတ်တွေငြိမ်သက်တည်ကြည်လာရင် ခန္ဓာကိုယ်ဟာလည်း သွေးလည်ပတ်မှုတွေမှန်လာပြီး ကိုယ်ခံအားတွေမြင့်လာလို့ ကျန်းမာရေးကို ပိုမိုကောင်းမွန်လာစေပါတယ်။ အချိန်မှန်တရားအားထုတ်ခြင်းဖြင့် နှစ်ရှည်လများခံစားရတဲ့ ဝေဒနာတွေကနေ သက်သာပျောက်ကင်းသူတွေ အများအပြားရှိပါတယ်။

မှုရင်းဆောင်းပါးမှာ စာရေးသူ ဆရာမြတ်ဆွေ (ဆန်ဖရန်စစ္စကို) က သူလုပ်ဆောင်သမျှ နည်းလမ်းတွေကို သိရှိဆွေးနွေးလိုသူများ ဖုန်း-4156652279 / Skype: Harry. lin 7 Email: Solarprinting@gmail.com ကို ဆက်သွယ်ဆွေးနွေး မေးမြန်းနိုင်ပါကြောင်းနဲ့ ကုသိုလ်ပြုလို၍ အသင့်စောင့်ကြိုလျက်ရှိပါကြောင်း ဖော်ပြထားပါတယ်။

ကျန်းမာစေကြောင်း နည်းလမ်းကောင်းပေးခြင်း၊ ရောဂါပျောက်ကြောင်းဆေးနည်းညွှန်ပြခြင်းတို့သည် အသက်ကယ်ခြင်း ဇီဝိတဒါန ဖြစ်သည်ဟု ယုံကြည်ပါသည်။ ဤဆောင်းပါးကို မိမိသာမက နီးစပ်ရာများကိုပါ ဖတ်ရှုစေချင်ပါသည်။

သက်ရှည်၊ ကျန်းမာ၊ ဘေးရန်ကွာ၍ မိမိအကျိုး၊ အများအကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ကြပါစေ။

မေတ္တာဖြင့်
ထပ်ဆင့်ဖြန့်ဝေပေးသည်

မောင်ပွင့်ညာဏ် (ဓေဒ)

www.burmeseclassic.com



သကြန်ကျခါနီးပြီဖြစ်၍ အပ်ချုပ်စက်ဆရာကြီး ဦးလှကျော်၏ အိမ်မှာ လူဝင်လူထွက်မပြတ်ရှိနေသည်။ သကြန်ပွဲမှာဝတ်ဆင်ရန်အတွက် အင်္ကျီ ပုဆိုးများလာချုပ်နေကြခြင်း ဖြစ်သည်။

အမ်းမြို့နယ်တွင် စရိုယာဘုန်းတိုးတန်းတင် မာတ်တော်ဘုရားကြီးသည် တန်ခိုးအလွန်ကြီးသည်။ နှစ်စဉ်လည်း သကြန်မတိုင်မီ သကြန်တွင်းနှင့် သကြန်

www.burmeseclassic.com

www.burmeseclassic.com

လွန်စရက်များတွင် ဓာတ်ရောင်ခြည်တော်များ ကွန့်မြူးလေ့ရှိသည်။

ထို့ကြောင့် ဓာတ်ရောင်ခြည်တော်များကွန့်မြူးသည်ကို တိုယ်တိုင်ကိုယ်တျ ဖူးတွေ့ကြည့်ညိုလိုကြသော အရပ်နီး၊ ရပ်ဝေး ဘုရားဖူးဧည့်သည်တော်များလည်း အလွန်အမင်း စည်ကားသည်။

ဧည့်ခံပွဲအဖြစ် နာမည်ကြီး ဓာတ်ပွဲကြီးများကိုလည်း ပွဲတော်ရက်အတွင်း (၃) ညတိုင်တိုင် ကြည့်ချင်ပွဲ (ဗလာပွဲ) အဖြစ် ထည့်ပေးထားသည်။ အခြား ဓာတ်ပွဲ၊ မျက်လှည့်ပွဲ စသည်များလည်း အတော်များများ တပြပျော်မြွေလျှတ်ရှိသေးသည်။

ထို့ကြောင့် သကြန်ရက်များအတွင်း၌ စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီး၏ ပွဲတော်သည် ကြိတ်ကြိတ်တိုးစည်ကား၏။ နေ့ဧည့်ခံပွဲအဖြစ် ရခိုင်ရိုးရာကျင်ပွဲများလည်း နေ့စဉ် ထည့်သွင်း ကျင်းပပေးထားသည်။

ထို့ကြောင့် ဘုရားဒါယကာရွာဖြစ်သော တန်းတင်ရွာသူရွာသားများမှာ သကြန်ဘုရားပွဲတော်အတွက် အဝတ်သစ်အတော်များများပင်လို၏။ အဝတ်သစ်ချုပ်လိုလျှင်လည်း နာမည်ကြီးအပ်ချုပ်စက်ဆရာဖြစ်သော ဦးလှကျော်ထံသို့ပင် လာကြရသည်။

ထို့ပြင် စက်ဆရာကြီး ဦးလှကျော်၏ သမီးကြီး မအေးကြည်သည်လည်း အလွန်ချော၊ အလွန်လှ၏။ တောသူညိုချောဟု ဆိုရိုးရှိသည့်အတိုင်း မြင်သူတကာငေးလောက်အောင်လှသောအလှပိုင်ရှင်မလေးဖြစ်၏။

ထို့ကြောင့် အပ်ချုပ်စက်ဆရာကြီး ဦးလှကျော်၏အိမ်မှာ သကြန်အတွက် အဝတ်သစ်များလာချုပ်ကြသူများအပြင် မအေးကြည်ကို လာပိုးနေကြသော ကာလသားများသည်လည်း မနည်းပေ။

သို့သော်လည်း ဦးလှကျော်မှာ နာမည်ကြီး စက်ဆရာကြီးဖြစ်သည့်အလျောက် အလွန်မာနကြီးကာ ဒေါသလည်း ကဲလွန်းသောကြောင့် မည်သည့်ကာလသားမျှ မအေးကြည်ကို ပေါ်ပေါ်

## မင်းဟိန်းထိုက်

## တိုးညွှတာနှင့် ရွာကိုမျောက်နှောင့်ယှက်ခြင်းအကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ထင်ထင် ပိုးပန်းရဲခြင်းမရှိကြပေ။ ခိုးကြောင်ခိုးဝှက် ကာလသားမျက်စိဖြင့် တစ်အောင့်မျှကြည့်ကာ တပ်ဆုတ်ပြန်ကြရသည်သာ ဖြစ်၏။

မအေးကြည်ကို အပိုးအပန်းများကြသည်မှာ သူဌေးသား ထွန်းတင်၊ ရွာသူကြီးသား စောထွန်းနှင့် ဆိုင်းဆရာမောင်စံမြတို့ သုံးယောက်ဖြစ်၏။ ဤလူပျိုချောသုံးယောက်တို့သည်ကား ရွာမှာ အထင်ရှားဆုံးလည်း ဖြစ်ကြသည်။ သို့သော်လည်း မအေးကြည်နှင့် ချစ်ကြိုက်နေကြသည်မှာ ပုံဆရာ မောင်ချစ်သာဖြစ်ကြောင်းကို ကာလသားလောကတွင် တီးတိုးသတင်းထွက်နေ၏။

မောင်ချစ်သာသည်လည်း လူချောလူခံ့လေးတစ်ယောက် ဖြစ်၏။ ရုပ်ချောပြီး ခံ့ခံ့ထည်ထည်နေတတ်သောကြောင့် မိန်းကလေးများကျလောက်သောရုပ်မျိုးပင်ဖြစ်၏။ မအေးကြည်ကိုလည်း အရှူးအမူးလိုက်ပိုးလေ့မရှိဘဲ ယောကျ်ားပီပီ တည်တည်တံ့တံ့ ပိုးပန်းခြင်းမျှသာ ဖြစ်၏။ မိဘများမှာလည်း သာမန်အဆင့်မျှသာရှိပြီး ရွာသူဌေးစာရင်းထဲမှာပင် မပါဝင်ပေ။ သို့သော်လည်း ခံ့ထည်စွာဖြင့် ပိုးပန်းတတ်သောကြောင့်ပင် မအေးကြည် စိတ်ဝင်စားသွားဟန်ရှိသည်။

"ဟ - ဒီမှာ သစ်ရွက်လိပ်ကလေးတွေပါလားကွ"

စောထွန်းက ဆို၏။

ဟုတ်သည်။ သစ်ရွက်လိပ်လေးများ ဟိုတစ်လိပ်၊ သည်တစ်လိပ်ရှိနေသည်ကို တွေ့နေရသည်။ ထွန်းတင်က သစ်ရွက်လိပ်လေးများကို ကောက်ကြည့်သည်။ မအေးကြည်တို့အိမ်ရှေ့ ပိန္နဲပင်ပေါ်မှ ကြွေကျနေသော ရွက်လိပ်လေးများ ဖြစ်၏။

"ဟ - ဟိုဘက်တွေမှာရောကွ"

မောင်စံမြက ဆို၏။

မောင်စံမြပြောသည်မှာ ပိန္နဲရွက်များ မဟုတ်ပေ။ သရက်ရွက်များဖြစ်၏။ သရက်ပင်နှင့် ပိန္နဲပင်သည်လည်း ခတ်ချင်းယှဉ်လျက်ရှိနေ၏။

မောင်စံမြလည်း သရက်ရွက်လိပ်ကလေးများကို ကောက်ကြည့်ပြန်သည်။

ထို့နောက် ပြောသည်။

"ဒါ ဘာကြောင့် အလိပ်ကလေးတွေဖြစ်ပြီးကြွေနေတာလဲကွ။ တကယ်ထူးဆန်းတာပဲ"

စောထွန်းနှင့် ထွန်းတင်တို့လည်း သစ်ရွက်လိပ်ကလေးများကို ကောက်ကြည့်နေကြ၏။ သစ်ရွက်လိပ်ကလေးများမှာလည်း ရွက်စိမ်းချည်းဖြစ်၏။ အဘယ်ကြောင့် အလိပ်ကလေးများဖြစ်ပြီး ကြွေကျနေသည်ကို နားမလည်နိုင်ဖြစ်နေကြသည်။ ထို့နောက် သစ်ရွက်လိပ်လေးများ သရက်ပင်ပေါ်မှ တစ်လိပ်ပြီးတစ်လိပ်ကျလာပြန်သည်။ ထို့ကြောင့် အပေါ်ကို မော့ကြည့်ကြရင်း ထွန်းတင်က -

"ဟ-သရက်ပင်ပေါ်မှာအကောင်လေးတစ်ကောင်ကွ"

ထို့နောက် သုံးယောက်စလုံး ထိုအကောင်လေးကို မော့ကြည့်ကြသည်။ အကောင်လေးက သရက်ရွက်အုံကြားမှာဖြစ်ပြီး လေတိုက်နေ၍ ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေသောကြောင့် သိပ်ပြီး သဲကွဲစွာဖြင့်မမြင်ရပေ။

"ရှဉ့်လည်း မဟုတ်လောက်ဘူးကွ။ ရှဉ့်ထက်တော့ နည်းနည်းကြီးတယ်။ အမြီးလည်းမတွေ့ရဘူး။ ဘာကောင်များလဲ"

ဟု မောင်စံမြက စူးစမ်းကြည့်ရင်း ပြော၏။ ထိုအကောင်လေးလည်း သစ်ရွက်များကို တစ်လိပ်ပြီးတစ်လိပ်ချနေသည်။

ထို့နောက် ရွာသားများတစ်ယောက်ပြီးတစ်ယောက် ရောက်လာကြရာ ဦးလှကျော်၏အိမ်ရှေ့တွင် လူအတော်များများဖြစ်သွား၏။ ဦးလှကျော်လည်း စက်ချုပ်နေရာမှ ဆင်းလာပြီး ကြည့်သည်။ သို့သော်လည်း အကောင်ကလေးက သစ်ရွက်အုံကြားထဲတွင် ဖြစ်နေ၍ သဲကွဲစွာဖြင့် မမြင်ရပေ။

ထိုအထဲမှ မုဆိုးဦးသက်စုက ထိုအကောင်ကလေးကို ဘာကောင်ဟု သဲကွဲစွာဖြင့် သိလို၍ ခါးတောင်းကျိုက်ပြီး သရက်ပင်ပေါ်ကို တက်သွားလေ၏။ ထိုအကောင်ကလေးနှင့် အနီးဆုံး ကိုင်းကိုရောက်အောင် တက်သွားပြီးကြည့်၏။ ထိုအခါ ထိုအကောင်ကလေးသည် သစ်ရွက်များကို လိပ်မချတော့ဘဲ မျက်နှာကိုသာ လက်ဝါးလေးဖြင့် အုပ်ထားလေသည်။

"ဟ - မျောက်နှောင်လေးပဲကွ"

ဦးသက်စုက ပြောလိုက်၍ ကြားလိုက်ရသော လူအားလုံးပင် မျက်လုံးများ ပြူးဝိုင်းသွားကြလေတော့သည်။ တစ်ယောက်မျက်နှာတစ်ယောက်လည်း ကြည့်ကြသည်။ ဦးသက်စုက ဆက်ပြောသည်။

"လှကျော်၊ မင်းတော့ ဒုက္ခပဲ။ ရွာထဲ မျောက်နှောင်ဝင်ရင် ရွာပျက်တတ်တယ်ဆိုတော့ အခု မျောက်နှောင်က မင်းခြံထဲက သရက်ပင်ပေါ် တောင်ရောက်နေပြီကွ"

မျောက်နှောင်ဝင်လျှင် ခိုက်တတ်သောကြောင့် ရွာပျက်သည် ဟူသော ရှေးစကားရှိ၏။

မျောက်နှောက်ဝင်သော အိမ်၊ ခြံက လူတစ်ယောက်နှင့်အထက် သေဆုံးတတ်သည်။ မျောက်နှောင် ဟူသည်မှာ အကြောက်အလန့် အင်မတန်နည်းတာ လှုပ်ရှားခြင်း နှေးကွေးပြီး အနေသိမ်မွေ့သောကြောင့် ခြံထဲကသစ်ပင်ပေါ် ရောက်နေသည်ကိုပင် သိနိုင်ခဲသည်။

ထို့ကြောင့် မျောက်နှောင်သည် ဘယ်အချိန်ကပင် ရွာကိုဝင်၍ ဘယ်မျှ ပြောင်းနေပြီဟု မသိနိုင်သောကြောင့် လူများတစ်ယောက်ပြီးသေကာ ရွာပျက်သည်အထိပင် ဖြစ်သွားတတ်လေသည်။ ဤသည်ကို ရည်ရွယ်ပြီးပင် 'မျောက်ဝင်လျှင် ခိုက်တတ်သောကြောင့် ရွာပျက်သည်' ဟု ဆိုစမှတ်ပြုကြခြင်း ဖြစ်သည်။

တောရွာသူရွာသားအားလုံးပင် သည်စကားက ကြားဖူးကြသည်။ ရွာထဲသို့ မျောက်နှောင်ဝင်သည့် ဆိုးကျိုး ကြုံဖူးသော သက်ကြီးရွယ်အိုများလည်း ကြသည်။ တောရွာများဖြစ်သောကြောင့် တောနှင့်မကင်းရှိလေရာ မျောက်နှော များနှင့်လည်းမကင်းရှိတတ်ကြသည်။

မျောက်နှောင်များ ဟူသည် လည်း ဆိုခဲ့သည့်အတိုင်း အကြော အလန့်မရှိဘဲ ဦးတည်ရာမဲ့သွားနေတ သောကြောင့် ရွာထဲကိုလည်းရောက်လ တတ်သည်။ ကိုယ်လုံးက လက်သီးဆု ခန့်နှင့် အရှည်တစ်ထွာခန့်သာရှိ အနေလည်း သိမ်မွေ့သောကြော အလွန်မှုမြင်ခဲသည်။ ထို့ကြောင့်လည် မျောက်နှောင်များ ရွာထဲရောက် သည်ကို သိရန်ခဲယဉ်းသည်။

ယခု တန်းတင်ရွာသည်ယ ရခိုင်ရိုးမကြီး၏ တောင်ဆွယ်တွင်တ သည့်တိုင်အောင် တောတန်းများ တစ်ဆက်တည်း မဟုတ်ပေ။ လယ်တွ ကလေးများခြားလျက်သာရှိသည်။

လယ်ကွင်းကလေးများ ခြား သည်ကိုပင် ဤမျောက်နှောင်သည် လယ်ကွင်းကလေးများကိုဖြတ်ပြီး ရွာ သို့ ရောက်အောင်ဝင်လာခြင်း ဖြစ် လိမ့်မည်။ ဦးလှကျော်၏ အိမ်သည် လယ်နီးပါးခန့်မှာသာရှိသောကြော မျောက်နှောင်သည် ဘယ်နှအိမ်



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆိုင်အောင်ပင် ကျော်ဖြတ်ပြီး လာခဲ့သည်မသိ။

ရှာဦးမှ အိမ်စဉ်ခြံစဉ်တန်းပြီး ဝင်လာလျှင်ပင် အိမ်(၂၀)ကျော်ရှိနေလေသည်။ ရွာမြီးဘက်မှဝင်ပါမူကား အိမ်ခြေ(၄၀) ကျော် ရှိလေသည်။ လမ်းမကို အလယ်ထားပြီး အိမ်များကို ဟိုဘက်တစ်သွယ်၊ သည်ဘက်တစ်သွယ်ဆောက်လုပ်ကာ ရွာတည်ထားကြသည့်အပြင် တောင်ဘက်ခြမ်းတွင် လမ်းသွယ်လေးများလည်း သုံး၊ လေးနေရာရှိနေ၍ ထိုနေရာသည် အနည်းငယ်မှုဝိုင်းသယောင်ပင်ရှိနေသေး၏။ သစ်ပင်ကြီးများ၊ ဝါးရုံဖုတ်ကြီးများဖြင့်လည်း အုပ်အုပ်ဆိုင်းဆိုင်းရှိနေ၏။

ထို့ကြောင့် ဤမျောက်နှောင်ရွာထဲကို ဝင်ရောက်နေသည်မှာ ကြာပြီလား။ တစ်ခြံပြီးတစ်ခြံလှည့်ပတ်နေလာခဲ့ပြီး ယခု ဦးလှကျော်ခြံကိုရောက်မှ လူများနှင့်တွေ့ရခြင်းပေလား။ ထိုသို့သာဆိုပါမူ တစ်ရွာလုံး ပြုတ်ပြုတ်ပြန်းဖွယ်ပင်ရှိနေလေပြီ။

• တွေးရင်းက ရွာသူရွာသားများမှာ ခေါင်းကြီးသည်အထိပင် ကြောက်လန့်နေကြလေသည်။ မျောက်နှောင်၏ သတင်းဆိုးကြောင့် ဦးလှကျော်၏ ခြံထဲကို ရွာသူရွာသားများ တစ်ယောက်ပြီးတစ်ယောက်ရောက်လာကာ သရက်ပင်ပေါ်က မျောက်နှောင်ကို ဝိုင်းကြည့်နေကြသဖြင့် ပွဲတော်တမျှပင် စည်ကားနေလေသည်။

မျောက်နှောင်ကို မည်ကဲ့သို့လုပ်ရကောင်းမှန်းမသိဖြစ်ကာ အဖုံဖုံအမျိုးမျိုးလည်း စဉ်းစားကြသည်။ ဝိုင်းပြီးစဉ်းစားကြသော်လည်း အဆင်ပြေမည့် အကြံအစည်ကတစ်ခုမှထွက်မလာ။ထို့နောက် ရွာသူကြီး ဦးဖြူစန်း (စောထွန်း၏ အဖေ) က ပြောသည်။

"ရွာသူရွာသားတို့၊ ဒီအတိုင်းကြည့်နေလို့တော့ အဆင်ပြေမှာမဟုတ်ဘူးဗျ။ ဒါကြောင့် ဒီမျောက်နှောင်ကို ဖျောက်ဖျက်ပစ်ရမလား (သတ်ပစ်ရမလား)၊ ဖမ်းပြီးတောထဲကိုသွားလွှတ်ရင်ကောင်းမလားဆိုတာကို ဘိုးသြဘာသွားမေးကြရင် မကောင်းဘူးလား"

ဘုရားဒကာကြီး ဦးမောင်ပုချေက ရွာသူကြီး ဦးဖြူစန်း၏ တင်ပြသည်ကို ထောက်ခံသည်။

"ဟုတ်တယ်၊ ရွာသူကြီးပြောတာကို ကျုပ်သဘောတူတယ်။ ဒီမျောက်နှောင်ကို ဒီအတိုင်းသာကြည့်နေကြရင် ရွာကို ဥပဒ်ပေးရုံတလွဲလို့ ဘာမှဖြစ်လာမှာလည်း မဟုတ်ဘူး။ တို့တလည်း မျောက်နှောင်ဝင်ရင် ရွာပျက်တတ်တယ်ဆိုတာတလွဲလို့ ဘာမှသိကြတာမဟုတ်ဘူး။ ဒီတော့ ဘိုးသြဘာကို သွားမေးတာ အကောင်းဆုံးပဲ"

ရွာသူကြီးနှင့် ဘုရားဒကာကြီးတို့ အကြံပြုကြသည်ကို အတန့်အကွက်မရှိ ရွာသူရွာသားအားလုံးပင် သဘောတူလိုက်ကြသည်။ ထို့နောက် ရွာသူကြီးနှင့် ဘုရားဒကာကြီးတို့ ဦးဆောင်ပြီး ဘိုးသြဘာထံကို သွားကြလေသည်။

■

"မင်းတို့ မျောက်နှောင်ကို ဘယ်အချိန်လောက်က စပြီးတွေ့မြင်ကြတာလဲ"

ဟု ဘိုးသြဘာကမေးသည်။

ထို့ကြောင့် ရွာသူကြီးနှင့် ဘုရားဒကာကြီးတို့ စဉ်းစားနေကြသည်။ ထို့ကြောင့် ဦးလှကျော်က ဝင်ပြောသည်။

"ဒီမနက်(၁၀)နာရီအချိန်လောက်မှာပါ ဘိုး"

"ဘယ်သူက ဘယ်နေရာမှာတွေ့တာလဲ"

"စောထွန်း ကျွန်တော့်ခြံထဲက သရက်ပင်ပေါ်မှာ တွေ့တာပါ"

ဘိုးသြဘာက သူမေး၍ ဦးလှကျော်ဖြေသည်ကို တစ်ခုချင်း ကျောက်သင်ပုန်းမှာ ရေးမှတ်ထား၏။ ထို့နောက် ဖိုရုံကျောင်းလေးအပြင်ကိုထွက်ပြီး နေကိုမော့ကြည့်ကာ ကျောက်သင်ပုန်းမှာ ရေးနေပြန်သည်။ စက်ဝိုင်းသဏ္ဌာန်ဝိုင်း၍လည်း ကျောက်တံဖြင့် တို့ကာတို့ကာ ကြည့်နေ၏။ ထို့နောက်မှ ပြောသည်။

"မျောက်နှောင်ကို စောထွန်း



ကိုယ်တိုင်ဖမ်းပြီး လှကျော်က ရွှေရေကို ဒန်ခွက်နဲ့ထည့်လောင်း"

"မျောက်နှောင်ကို လောင်းရမှာလား ဘိုး"

ဟု ဦးလှကျော်က မေးသည်။

"အေး - ဟုတ်တယ်။ ပြီးတော့ စောထွန်းကိုယ်တိုင် အနောက်ဘက်တောထဲကိုသွားပြီး မျောက်နှောင်ကို လွှတ်ခိုင်းလိုက်ကြ။ ညနေ (၃) နာရီထက် နောက်မကျစေနဲ့။ သွား၊ မြန်မြန်လုပ်ကြ"

ရွာသားများလည်း ဘိုးသြဘာကို ရှိခိုးဦးချပြီး ခပ်သုတ်သုတ်ပင် ပြန်လာကြ၏။ ထို့နောက် ဘိုးသြဘာစေခိုင်းလိုက်သည့်အတိုင်းပင် မျောက်နှောင်ကို စောထွန်းအား သရက်ပင်ပေါ် တက်ဖမ်းစေကြသည်။ မျောက်နှောင်သည် တိုက်ခိုက်ခြင်း၊ ထွက်ပြေးခြင်းအလျှင်းမပြုဘဲ အလွယ်တကူပင် အဖမ်းခံလေသည်။ ဦးလှကျော် ရွှေရေလောင်းသောအခါ တစ်ချက်နှစ်ချက်မျှသာ ရုန်းကန်သည်။

ထို့နောက် တောထဲကို သွားလွှတ်ရာတွင်လည်း ဘာမှအခက်အခဲမရှိပေ။ ခါးကို ကြိုးချည်ပြီးဆွဲလျှင် ခပ်သွက်သွက်လေးပင် လိုက်ပါလာသည်။ သို့သော် စောထွန်းနောက်ကို လှည့်လျှင်တော့ မျက်နှာကို လက်နှင့်အုပ်ပြီးငြိမ်နေတတ်သည်။ အဘယ်ကြောင့်တော့မသိ။ လူကြည့်သည်ကို မခံရဲဘဲ ကြောက်၍လား၊ ရှက်၍ပင်လား မဆိုနိုင်။ စောထွန်းတို့လူစုက မျောက်နှောင်ကိုကြည့်ပြီး တဟားဟားဖြင့်ရယ်ကြသည်။ ထို့နောက် ဆွဲလျှင်လည်းလိုက်မြဲလိုက်ပါလာပြန်သည်။

အနောက်ဘက်တောသည်ကား သိပ်ပြီးမဝေးပေ။ ရွာမှထွက်၍ လယ်တစ်ကွင်းနှင့် တာတမံဘောင်တစ်ခုကို ကျော်လိုက်သည်နှင့် ရောက်သည်။ စောထွန်းတို့လူစုလည်း အနောက်ဘက်တောကိုရောက်သည်နှင့် မျောက်နှောင်ကို ကောင်းမွန်စွာ လွှတ်ထားခဲ့ပြီး ပြန်လာကြသည်။ ဦးလှကျော်က ကြက်သားဟင်းဖြင့် စောထွန်းတို့လူစုအား ညနေစာကျွေးမွေးသည်။

ထိုနေ့မှစပြီး ဦးလှကျော်လည်း အလုပ်အကိုင်များ တိုးတက်အောင်မြင်သဖြင့် အကြီးအကျယ် စီးပွားတက်လေသည်။

(နောက်လတွင် ရွာကို မျောက်နှောင်ဝင်၍ ဒုက္ခရောက်ကြရခြင်း အကြောင်းကို ဆက်ဦးမည်။)

■ဒေးဟိန်းဒင်



www.burmeseclassic.com

www.burmeseclassic.com



အဓိကကားချပ်များ

# ကေရီကားချပ်

ဆရာဝိုး(ရွှေအာရုံဦး) မိုးကောင်း




- Isis,
- Eve,
- Litith,
- Gypsy Queen, .....

ဂဏန်းသင်္ချာ (၃)၊ ဟီဘရူးအက္ခရာ Gimel၊ သောကြာဂြိုဟ် နဲ့ ပြိဿရာသီများနဲ့ဆက်စပ်မှုရှိပါတယ်။ တစ်ဖန် စွမ်းအားတွေ ပရိယာယ်တွေကို ဆွဲဆန့်ရင် ဆွဲဆန့်နိုင်သလောက် ကြွယ်ဝတဲ့ ကြာဿပတေးရဲ့ လွှမ်းမိုးမှုအောက်မှာလည်း ရှိပါတယ်။

I. Magician က ညာလက်မှာ coin ကိုင်ထားတယ်။ II. Lady Pope က ညာလက်မှာ စာအုပ်ကိုင်ထားတယ်။ အခု III. Empress က ညာလက်နဲ့ သိမ်းငှက်ပုံပါဒိုင်းကို ပိုက်ပွေ့ထားတယ်။

သိမ်းငှက်ဆိုတာ အခြားငှက်တွေထက် အမြင့်ဆုံးမှာ ပျံသန်းနိုင်တယ်။ အရှိန်အဟုန်လျင်မြန်သလို လေဟုန်စီးပြီး တငြိမ့်ငြိမ့်လေးဝဲနေနိုင်တယ်။ အမြင့်ဆုံးအဝေးမှာနေပြီး အနိမ့်ဆုံးမြေပြင်ပေါ်က အစာအစာနဲ့ သားကောင်ကို မြင်နိုင်စွမ်းရှိတယ်။ အစာတွေ့ရင် ထုဖြည်းဖြည်း ဝေ့ဝိုက်ဝဲလို့ နိမ့်ဆင်းလာပြီး သားကောင်ကို မသိမသာ လေ့လာတယ်။ ပိုင်ပြီဆိုမှ တစ်ဟုန်ထိုးအရှိန်ပြင်းပြင်းနဲ့ ပိုင်နိုင်စွာ ထိုးသုတ်ချီသွားလေ့ရှိတယ်။

စိတ်ပိုင်းဆိုင်ရာ အရည်အချင်းတွေကို အနက်ရှိုင်းဆုံးအထိ လေ့လာမြင့်တင်ပြီး လက်တွေ့ဆောင်ရွက်ရန်ရှိတာတွေကို အချိန်ယူပြင်ဆင်ပြီး အခြေအနေအားလုံး ပြည့်စုံတဲ့အချိန်မှာ အားခွန်ပြည့်ဝစွာ အကောင်အထည်ဖော်ခြင်းကို ညွှန်းပါတယ်။

တစ်နည်းအားဖြင့် အင်အားနှစ်ရပ်၊ မာတ်နှစ်ခုတို့ကို ညီညွတ်မျှတစွာ ပေါင်းစပ်ခြင်းကို ဆိုလိုပါတယ်။ ပထမဦးဆုံး နံပါတ်(၁)ကတ်က 'ကျား'၊ မျက်လှည့်ဆရာ။ ဒုတိယနံပါတ်(၂)ကတ်က 'မ'၊ သို့သော် သီလရှင်၊ ပေါင်းစပ်လို့ မရနိုင်တဲ့သဘာဝနှစ်ခု။ အခု နံပါတ် (၃) ကေရီ။ ကျားနဲ့ မ ပေါင်းစပ်နိုင်တဲ့အခြေအနေပြနေပြီ။ ဘယ်လိုပုံပေါင်းစပ်ကြမလဲ။ လက်ထဲမှာကိုင်ထားတဲ့ ကျိုင်းတံမှာ သောကြာရဲ့သင်္ကေတပြထားတယ်။ ဇနီးမယားတစ်ယောက်အနေနဲ့ ပေါင်းစပ်နိုင်တယ်ပေါ့။ သောကြာရဲ့သဘောအရ ကာမဂုဏ်စည်းစိမ်ချမ်းသာတွေ ခံစားတော့မယ်ပေါ့။ ဖိုမာတ်နဲ့ မမာတ် အဆင်ပြေစွာ သဘာဝကျစွာ ပေါင်းစပ်တော့မယ်ဆိုရင် ပွားစီးမှုတွေ၊ စွမ်းအင်သစ်တွေ၊ New Born တွေ မွေးဖွားလာတော့မှာပေါ့။

အဲဒါဟာ Empressကတ်ရဲ့အနှစ်သာရပါပဲ။

ဒီပုံမှာ အနီရောင်၊ အပြာရောင်၊ အဖြူရောင်နဲ့ အဝါ၊ လိမ္မော်ရောင်တွေကို အချိုးကျစွာ သူ့နေရာနဲ့သူ ပေါင်းစပ်ထားပါတယ်။ ရုပ်ပုံတစ်ခုလုံးကို စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်ခံစားမှု၊ စိတ်ပျံ့လွင့်မှုတွေကို ကိုယ်စားပြုတဲ့ အဝါရောင်၊ လိမ္မော်ရောင်တွေနဲ့ လွှမ်းခြုံထားပါတယ်။

နမူနာလေးတွေနဲ့ ပုံဖော်ကြည့်ရအောင်။

**■ နမူနာ (၁) ■**

"ဆရာ၊ သမီးကျောင်းဆက်တက်ရမလား၊ အိမ်ထောင်ပြုဖြစ်မလားသိချင်ပါတယ်။ သမီးက Hon:ဝင်တယ်။ ဆက်တက်ချင်တယ်။ အမေတို့က လက်ထပ်ပြီးမှ ဆက်တက်ရင်ရပါတယ်လို့ ပြောတယ်။ သမီးဘယ်လိုလုပ်သင့်သလဲ အကြံပေးပါ"

"ဆရာ အကြံပေးတယ် ဆိုတာထက် တားရော့က လမ်းညွှန်အကြံပေးတာကို ကြည့်ကြတာပေါ့။ တားရော့ အစောင့်အရှောက်ပုဂ္ဂိုလ်တွေကို မေတ္တာပို့၊ သမီးမေးချင်တာကို ရင်ထဲကမေးပြီး Shuffle လုပ်ပါ။ ပြီးရင် (၂) ပုံခွဲပြီး ချိုးလိုက်ပါ"

ထွက်ပေါ်လာတာကတော့ -

III. Empress.



www.burmeseclassic.com

www.burmeseclassic.com

"သမီး အခြေအနေအားလုံးက လက်ထပ်ဖို့ ညွှန်းနေတယ်။ တာရော့က လည်း လက်ထပ်ပါ။ လက်ထပ်ဖြစ်လိမ့်မယ်။ အဆင်ပြေတဲ့ လက်ထပ်မှုနဲ့ သာယာပြည့်စုံတဲ့ အိမ်ထောင်ရေးကိုလည်း ရမယ်လို့ ပြောနေပါတယ်။ သမီးက ဘာ လက်မခံစရာအကြောင်းရှိနေလို့လဲ"

"လက်မခံနိုင်စရာတော့မရှိပါဘူး။ သူနဲ့သမီးကလည်း ငယ်သူငယ်ချင်းတွေပါ။ ပြီးမှ ချစ်သူဘဝကိုရောက်ခဲ့ကြတာ။ မိဘတွေကလည်း သဘောတူကြပြီးသားပါ။ သမီးက လွတ်လွတ်လပ်လပ် ကျောင်းတက်ချင်တာ တစ်ခုတည်းပါ။ လက်ထပ်ဖို့သင့်တယ်ဆိုလည်း အမေတို့ကို ခေါင်းညိတ်လိုက်ပါမယ်။ ကျေးဇူးပါပဲ ဆရာ"

■နမူနာ (၂)■

"လေးလေး၊ ကျွန်တော်တို့ လက်ထပ်တာ (၁) နှစ်ကျော်ပြီ။ ခုထိ ကလေး မရသေးဘူး။ ကလေး ရနိုင်၊ မရနိုင် ဗေဒင်ဟောပေးပါဦး။ ကလေးရအောင် ယတြာကိုလည်း ပေးပါဦး"

သူငယ်ချင်းရဲ့သား၊ သူငယ်ချင်းရဲ့ မိန်းမဆုံးပါးသွားတော့ သားငယ်ကို အိမ်ထောင်ချပေးပြီး သား၊ ချွေးမနဲ့ သုံးယောက်သားနေကြ။

"အေးကွ၊ ကလေးအငယ်မရှိတော့ နေရတာ ပျင်းခြောက်ခြောက်ကြီး"

သူငယ်ချင်းက ဝင်ပြီး စကားထောက်တယ်။ သူလည်း မြေးချီချင်ပြီပေါ့။

ကဲ - တားရော့ချီး။

ပေါ်လာတာက Empress.

"ဟဲ့ကောင်၊ မင်းမိန်းမကိုလည်း သေသေချာချာ မေးကြည့်ပါဦး။ ငါထင်တာတော့ (၃) လလောက်တောင်ရှိနေပြီ ထင်တယ်။ မဟုတ်တောင် (၃) လ အတွင်းရမယ်။ ငါတာဝန်ယူတယ်"

တစ်ပတ်လောက်ကြာတော့ ဖြီးဖြီးဖြီးနဲ့ -

"ဟုတ်တယ် လေးလေး၊ လေးလေး ဟောတာ မှန်တယ်။ မိန်းမမှာ ကိုယ်ဝန်ရှိနေပြီ"

■နမူနာ (၃)■

"ဆရာ၊ သမီးတို့ ဝင်ခဲ့မယ်နော်"

ပြောလည်းပြော ဝင်လည်းထိုင်။

"ဆရာ၊ ဒါ အမီးရဲ့အမေပါ။ ကိစ္စတစ်ခု အရေးအပေါ် ပေါ်လာလို့။ သမီးတို့ မဆုံးဖြတ်နိုင်လို့ ဆရာဆီလာတာ။ အမေကလည်း သိချင်လို့ လိုက်လာတာ"

"ဟုတ်ပါတယ်ဆရာရယ်။ ဆရာ့အကြောင်းကိုတော့ သမီးက အမြဲပြောပါတယ်။ ဆရာဟောတဲ့အတိုင်းလုပ်ခဲ့တာ အခု လေယာဉ်မယ်ရွေးချယ်ရေး နောက်ဆုံး Final က အခုလာမယ့် တနင်္လာနေ့ကစပြီး (၃) ရက်ဖြေရမယ်။ သမီးတို့ကျောင်း Final စာမေးပွဲကလည်း တနင်္လာနေ့ကစပြီး ဖြေရတော့မယ်။ တစ်ခုခုကိုတော့ လက်လွှတ်ရတော့မယ်။ တစ်ဖက်ကလည်း စက်မှုတက္ကသိုလ်နောက်ဆုံးနှစ် Final စာမေးပွဲ၊ တစ်ဖက်ကလည်း သမီးလေး အရမ်းဖြစ်ချင်နေတဲ့ လေယာဉ်မယ် နောက်ဆုံးရွေးချယ်ပွဲ။ ရက်လည်းတိုက်၊ အချိန်တွေကလည်းတိုက်နေတော့ ဘယ်ဟာရွေးရမလဲမသိဘူးဖြစ်နေတယ်။ ဆရာရွေးပေးပါ"

ကျွန်တော့်ရင်ထဲ တဒိန်းဒိန်းဖြစ်လာတယ်။ ခေါင်းထဲမလည်း ရီဝေဝေ။ ဒါတတကယ့်ဘဝအဆုံးအဖြတ်။ အရွေးမှားရင်း နှစ်မျိုးစလုံး လက်လွှတ်ဆုံးရှုံးရမှာ။ ကိုယ့်ကိုယ်ကိုယ် အရင်ဆုံးစိတ်ငြိမ်အောင်လုပ်၊ ဘုရားကို အာရုံပြု၊ ဂုဏ်တော်ကိုးပါးရွတ်၊ မေတ္တာပို့ပြီးမှ -

"သမီးတို့ တားရော့ကို ယုံတယ်မဟုတ်လား"

"ယုံပါတယ်ဆရာ။ ဆရာ တားရော့ကို ယုံလို့ တားရော့က အကြံပေး လမ်းညွှန်ချက်တွေကို သမီးလိုက်နာခဲ့လို့ လေယာဉ်မယ်ရွေးချယ်ပွဲမှာ တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်ပြီး အခုလို Final ရောက်ခဲ့တာပါ"

"ကျွန်မလည်း ဆရာ့ပညာကို ယုံပါတယ်။ အားကိုးပါတယ်။ ဆရာဆုံးဖြတ်ပေးပါ။ လိုက်နာပါ့မယ်"

"ကဲ - ဒါဆို ထုံးစံအတိုင်း လက်ဆေး၊ ရေမွှေးဆွတ်၊ တားရော့အစောင့်အရှောက်တွေ၊ ဆရာသခင်တွေနဲ့တကွ အားလုံးကို မေတ္တာပို့၊ တားရော့ကတ်တွေကို Shuffle လုပ်၊ လေးလေးနက်နက် အာရုံပြုပြီးမေး။ တစ်ခွန်းပဲ မေးမယ်။ တစ်ကတ်နဲ့ပဲဖြေမယ်။ လေယာဉ်မယ် နောက်ဆုံးရွေးချယ်ပွဲမှာ ရွေးချယ်ခံရခြင်း ရှိ၊ မရှိ"

သူမ ချီးထားတဲ့ အပုံပေါ်က တစ်ကတ်ကို ဖြည်းညင်းစွာ၊ လေးစားစွာ၊ ယုံကြည်အားကိုးစွာဆွဲယူပြီး မျက်နှာရှေ့မှာ အသာကပ်ပြီး ကောင်းမွန်ပြတ်သားသောအဖြေပေးပါရန် ဆုတောင်းနမ်းရှုပ်ပြီးတော့မှ မျက်လုံးဖွင့်ကြည့်လိုက်ပါတယ်။

ပြီးမှ သူမတို့ သားအမိနှစ်ယောက်ကို လှမ်းကြည့်လိုက်ပါတယ်။ ပူပန်သော၊ စိုးရိမ်သော၊ သိလိုလှပြီဖြစ်သော မျက်ဝန်းများက မျက်တောင်မခတ်။ အထူးသဖြင့် သမီးဖြစ်သူရဲ့ မျက်ဝန်းတွေက ပိုပြီး တောက်ပနေပါတယ်" ကျွန်တော်က ဘာမှမပြောသေးဘဲ ကတ်ပြားကို မှောက်ရက်နဲ့ စားပွဲပေါ် ကိုချထားလိုက်ပါတယ်။ ပြီးမှ သူ့ကိုကြည့်ပြီး -

"သမီးကိုယ်တိုင် ကြည့်လိုက်"

လို့ ခွင့်ပေးလိုက်ပါတယ်။

သူမက မဝံ့မရဲဟန်နဲ့ တားရော့ကတ်ပြားကို ဆွဲယူပြီး ဖြည်းဖြည်းလှန်လိုက်တယ်။

"ဟာ ဆရာ၊ သမီးအောင်ပြီ။ လေယာဉ်မယ်ဖြစ်ပြီ။ ကျောင်းစာမေးပွဲကို လွှတ်လိုက်တော့မယ်။ ဟုတ်တယ်နော် ဆရာ။ သမီးပြောတာ"

ကျွန်တော် ထောက်ခံခေါင်းညိတ်လိုက်တော့ သူမက သူ့အမေဘက်လှည့်ပြီး -

"မေမေ၊ သမီးကျောင်းစာမေးပွဲကို လွှတ်လိုက်တော့မယ်။ လေယာဉ်မယ် စာမေးပွဲကိုပဲဖြေတော့မယ်နော်. . နော်။ ဒီကတ်ကို သမီးသိပြီးသား မေမေရဲ့။ သမီးတို့တစ်သိုက် လေယာဉ်မယ် လျှောက်ဖို့ဖြစ်နိုင်၊ မဖြစ်နိုင် ပထမဦးဆုံး စလာမေးတုန်းက ဒီကတ်ပဲ သမီးကျခဲ့တာ။ သမီးတို့တစ်သိုက်လုံးထဲမှာ သမီးတစ်ယောက်ကိုပဲ အဖြစ်နိုင်ဆုံးရှိတယ်လို့ ဆရာကဟောခဲ့တာ။ အဲဒီတိုင်း စာမေးပွဲအဆင့်ဆင့်မှာ သူငယ်ချင်းတွေ အားလုံး ပြုတ်ပြုတ်ကျန်ခဲ့တာ။ သမီးတစ်ယောက်တည်းပဲ Final ရောက်ခဲ့တာ။ ဒါဆိုရင် သမီးဘာတွေပြင်ဆင်ထားရမလဲဆိုတာ ဟောပေးပါဦး ဆရာရယ်"

အဲဒီကတ်က Empress ပါ။

လွန်ခဲ့တဲ့ တစ်လလောက်ကပဲ သားအမိနှစ်ယောက်လာပြီး MAI မှာ အလုပ်ဝင်နေပြီဖြစ်လို့ လမ်းခရီးမှာ အန္တရာယ်ကင်းဖို့ လုပ်ငန်းခွင်မှာ အဆင်ပြေဖို့ ယတြာလာတောင်းပြီး ကန်တော့သွားကြသေးတယ်။

စေတနာရှိုးသားစွာဖြင့် -

ဆရာဝိဇ္ဇ-ရွှေအာရုဏ်ဦး

(တားရော့-သုတေသီ)

ရိုးဘောဝိ

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာမယာယီ

# ပြန်ဟူအင်းအမျိုးအစားများအားလေ့လာခြင်း

**နမူနာအမှတ် (၂-၁-၂) သရဏဂုံ အင်း အတွက် အင်းအစီအရင်**

သရဏဂုံအင်းများနှင့် ပတ်သက်၍ ဗားမဲ့ဆရာတော်ကြီး စီရင်ထားခဲ့သော နည်းပေါင်းများစွာ ရှိကြောင်း တွေ့ရပါသည်။ ဥပမာ တိပိဋကအတုလ သရဏဂုံအင်းတော်၊ ခြသေ့်လက်အင်းတော် စသည်ဖြင့် လည်းကောင်း၊ သရဏဂုံအင်းရှင်ဟု လည်းကောင်း ရှိကြရာ ယခု စီရင်ရန်လွယ်ကူပြီးလက်တွေ့ ဒိဋ္ဌမမှ အကျိုးကျေးဇူးရှိခဲ့ဖူးသည့် ဗားမဲ့ဆရာတော်ဘုရားကြီး၏ နည်းတစ်ခုဖြစ်သော သရဏဂုံအဝင်၊အထွက် အင်းအစီအရင်ကို ဒုတိယနမူနာအဖြစ် ဖော်ပြလိုက်ပါသည်။ အလိုရှိသူများလည်း သုံးနိုင်စေရန် ဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ဏ္ဍာ | ရ | ဗုဒ္ | | မိ | သ | ဂ |
| ဒ္ဓံ | ပု | ဂ | | ဏံ | ဒီ | မ |
| ဏံ | မိ | သ | | မ္မံ | ဏ္ဍာ | ရ |

| | | |
|---|---|---|
| ဏံ | ယံ | ဏ္ဍာ |
| မိ | အာ | ရ |
| သ | ဂ | သံ |

သရဏဂုံအဝင်သုံးအင်း

| | | | | | | |
|---|---|---|---|---|---|---|
| ဗုဒ္ | ရ | ဏ္ဍာ | | ဂ | သ | မိ |
| ဂ | ပု | ဒ္ဓံ | | မ | ဒီ | ဏံ |
| သ | မိ | ဏံ | | ရ | ဏ္ဍာ | မ္မံ |

| | | |
|---|---|---|
| သ | မိ | ဏံ |
| ဂ | အာ | ယံ |
| သံ | ရ | ဏ္ဍာ |

သရဏဂုံအထွက်သုံးအင်း

အထက်ပါ သရဏဂုံအဝင်အင်း၊ အထွက်အင်းတို့ မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်အတော်များတို့၌ စာရေးဆရာ၊ ပညာရှင်အတော်များများ ဖော်ထုတ်ရေးသားခဲ့ကြကြောင်း တွေ့ရှိရပါသည်။ သို့သော် အတော်များများသည် မူရင်းမဟာသိဒ္ဓိကျမ်းရင်းကြီးမှ တိုက်ရိုက်ရေးကူးဖော်ပြလေ့ရှိကြရာ မူရင်းကျမ်း၌ပင် စာစီအလွဲအမှားကြောင့်ဖြစ်စေ (သို့) တစ်ဆင့်ပြန်လည်ရေးကူးရေးသားရာ၌ အမူမဲ့အမှတ်မဲ့လွဲသွားခြင်းကြောင့်ဖြစ်စေ အဝင်အင်း၊ အထွက် အင်းသုံးအင်းလုံး အင်းဆန်အသွားများမှာ မှားယွင်းနေကြောင်း တွေ့ရလေသည်။ အမှန်မှာ အဝင်သုံးအင်း၌ 'ဗု' သည် ပထမအင်း၏ ယာဘက် အပေါ်ဆုံးထောင့်ကွက်၊ 'မ' သည် ဒုတိယအင်း၏ ယာအစွန်း အလယ်ထောင့်ကွက်၊ 'သံ' သည် တတိယအင်း၏ ယာဘက် အောက်ဆုံးထောင့်ကွက်တို့၌ အသီးသီး ထက်၊ လယ်၊ အောက်ဝင် နေရပေမည်။

တစ်ဖန် သရဏဂုံအထွက်သုံးအင်းတို့၌ 'ဗု' သည် ပထမအင်းကွက်၏ လက်ဝဲဘက်အပေါ်ဆုံးထောင့်ကွက်၊ 'မ'သည် ဒုတိယအင်းကွက်၏ လက်ဝဲဘက် အလယ်ကွက်၊ 'သံ'သည် တတိယအင်းကွက်၏ လက်ဝဲဘက်အောက်ဆုံးထောင့်ကွက်တို့တွင် အသီးသီးလွှတ်နေရပေမနည်း။ မဟာသိဒ္ဓိကျမ်းရင်း၌ သတိထားကြည့်ပါက အဝင်ဒုတိယအင်းကွက်နှင့် အထွက်ဒုတိယအင်းကွက်တို့သည် အတူတူဖြစ်ရသည်ကို တွေ့ရပေလိမ့်မည်။ တစ်ဖန် အထွက်ပထမအင်း၌ ဗု' သည် ထွက်ရမည့်အစား ယင်းအင်းကွက်၏ လက်ယာဘက်အောက်ဆုံး ထောင့်ကွက်တွင်ဝင်ကြောင်းတွေ့ရပေလိမ့်မည်။ (ဤနေရာ၌ လက်ဝဲဆိုသည်မှာ စာဖတ်သူတို့၏ လက်ယာ၊ လက်ဝဲဘက်နှင့် ယှဉ်၍ လွယ်ကူစွာကြည့်နိုင်ရန် ညွှန်းထားခြင်းဖြစ်ပါသည်။) သို့ဖြစ်၍ အများစာဖတ်သူတို့အကျိုးအလို့ငှာ အမှတ်မှားလျှင် အစွဲပြုမိကြပါက အကျိုးမဲ့မဖြစ်စေခြင်းအလို့ငှာ ဤသရဏဂုံအဝင်၊အထွက်အင်းအစီအရင်၏ အင်းသွားအမှန်တို့ကို ပြန်လည် တည့်မတ် မှန်ကန်စွာ ဖော်ထုတ်တင်ပြလိုက်ရခြင်းဖြစ်သည်။

ဤအထက်ဖော်ပြပါ သရဏဂုံ *အဝင်၊ အထွက်အင်းများကို ရွှေပြားတွင်* ဖြစ်စေ၊ ငွေပြားတွင်ဖြစ်စေ (၂) ခုချ၍ မျက်နှာချင်းဆိုင်လိပ်ပြီးလျှင် သရဏဂုံသုံးပါးဂါထာဖြင့် တစ်ထောင်စီ ဘုရားရှေ့တော်တွင်စုတ်လျက်ရှိသေစွာဆောင်ရမည်။ အင်းအကျိုးကား အန္တရာယ်အမျိုးမျိုးကင်း၏။ ဘေးရန်အန္တရာယ်အသွယ်သွယ်အပေါင်းတို့မှ လွတ်ကင်း၏။ လူနတ်တို့ချစ်ခင်ကြည်ညို၏။ မျက်နှာပွင့်လန်း၏။ ရေတွင်သွားသော်ပင် လျှင် ရေမနစ်နိုင်။

မင်းတရားကြီးလက်ထက်တော်က ထင်ပေါ်ကျော်ကြားသော မြို့ဖြင်ဆရာကြီးသည် ဤသရဏဂုံလက်ဖွဲ့ကိုဆောင်၍ မြစ်ငယ်တဘက်သို့ လှေငယ်ဖြင့်ကူးသွားကြရာ မြစ်လယ်တွင် လှေနစ်သောအခါ ထိုဆရာကြီးမှာ ရေမကူးပါဘဲလျက် ရေပေါ်တွင် တစ်ဝက်ခန့်ပေါ်နေရာမှ ဤသရဏဂုံလက်ဖွဲ့တန်ခိုးသတ္တိကို သိရှိခဲ့ရသဖြင့် အမျိုးမျိုးစမ်းသပ်ကြည့်ခဲ့ရာ သိသိသာသာ ထူးတဲ့စွာ တန်ခိုးသိဒ္ဓိထက်မြက်သည့်အခြင်းအရာများကို တွေ့ရှိခဲ့ရပေသည်။ နောက်ဆုံးတိုင်တားမင်းကြီးက သတင်းကြားသိသဖြင့် ထိုဆရာကြီးကို လူလွှတ်ခေါ်ပြီး နှစ်ကြိမ်၊ သုံးကြိမ်မျှ တောင်းသည်တွင် ပေးဆက်သလိုက်ရသည်။ ထိုလက်ဖွဲ့အတွက် တိုင်တားမင်းကြီးက ငွေ(၃၀၀) ကျပ်နှင့် မြင်းတစ်စီးကို ဆရာကြီး အားပူဇော်သည်ဟု အဆိုရှိပါသည်။ (ငွေ ၃၀၀ ကျပ်ကား ရှေးကငွေဖြစ်ပြီး လွန်စွာတန်ဖိုးရှိပေသည်။)

**နမူနာအမှတ် (၂-၁-၃) ဂုဏ်တော်ကိုးပါး အင်းမြတ်အစီအရင်**

သုံးလောကတွင် အတုမရှိ၊ တုနိုင်းမဲ့ အကြီးဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်တော်မူပြီး ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူလျက် နတ်၊ လူတို့၏ ပူဇော်အထူးကို ခံထူ



www.burmeseclassic.com

www.burmeseclassic.com

တော်မူထိုက်သော သုံးလောကထွတ်ထား ကျေးဇူးတော်ရှင် မြတ်စွာဘုရားသခင်မြတ်ကြီး၏ အရဟံ အစ ဘဂဝါ အဆုံး ကိုးပါးသော ဂုဏ်တော်တို့ကို မြတ်နိုးပူဇော်စီရင်ထားအပ်သော ဂုဏ်တော်ကိုးပါး အင်းမြတ်အစီအရင်ကိုလည်း ဘုရားရှင်နှင့် တိုက်ရိုက်စပ်လျဉ်းသော ရတနာသုံးပါးဆိုင်ရာ ဥပမာနမူနာအင်းအဖြစ် ဖော်ထုတ် တင်ပြလိုက်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | ဝ | သ | ဒု | ပိ | ထိ | ဒွေါ |
| မှာ | အ | တိ | ဗု | မ္မ | ဝိ | သော |
| မ | တိ | ဒေ | ဂ | သ | ဝိ | ရ |
| နု | သ | ဒွေါ | မ္မ | နံ | ဘ | က |
| သ | နု | ဝါ | တ္တာ | ဘ | သာ | ဠှာ |
| ဟံ | တ္တ | မ္မ | ဿာ | ဒ | လော | ဂ |
| နွော | ဏ | ပု | အ | ဂ | စ | သ |
| ရော | ရ | သု | ရ | ရိ | ဝါ | တော |

ဂုဏ်တော်ကိုးပါးအင်းမြတ်အစီအရင်

ဤဂုဏ်တော်ကိုးပါးအင်းမြတ်ကို ရွှေပြား၊ ငွေပြားတို့တွင် ရေးသားစီရင်၍ ဆောင်ရမည်။ အင်းအဟိန်းဂါထာအဖြစ် ဂုဏ်တော်ကိုးပါးဖြင့် (၁၀၀၀) စုတ်၊ အနေကဇာတင်ဂါထာဖြင့် (၉) အုပ်စုတ်၊ (၃) ဣတိပိသော အစချီ ဉာဏ်တော် (၆) ပါးဂါထာဖြင့် (၁၀၈) အုပ်စုတ်။

အကျိုးကား ကျယ်လွန်းလှ၏။ ဘုရားဂုဏ်တော်ကိုးပါးဖြင့် စီရင်အပ်သောအင်းဖြစ်သဖြင့် ဉာဏ်ရှိသလိုသုံးနိုင်ပါသည်။ ဤအင်းကို သီလစင်ကြယ်စေ၍ တစ်နေ့တစ်အင်းဖြင့် (၁၀၈) ရက်သောက်ပြီး၊ နေ့စဉ်သောက်ပြီး ဂုဏ်တော်ကိုးပါး တစ်နေ့ ပုတီး (၁၀၈) ပတ်ပွားသော် (၁၀၈) ရက်ပြည့်က အကြားအမြင်အသိထူးများရရှိလာမည်။ နတ်တို့စကားပြောလာမည်။ အိပ်မက်ပေးလာမည်။ ဇာပါရမီအလျောက် တန်ခိုးသိဒ္ဓိထူးတို့ဖြင့် ပြည်စုံလာနိုင်ပေသည်။ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် ဘုရားဂုဏ်တော်ကိုးပါးကို အမျိုးမျိုးစီရင်ဖန်တီးပြုလုပ်ခဲ့ကြကြောင်း တွေ့ရပါသည်။ ဂုဏ်တော်သရဏဂုံအင်း၊ ဂုဏ်တော်နှင့် စ-ဓ-ဗ-ဝ နဝင်းစမများ၊ ကြီးလေးကြီးနဝင်းစမများဖြင့် တွဲဖက်၍လည်းကောင်း အမျိုးမျိုးဖန်တီးစီရင်ထားသည်ကို တွေ့ရပါသည်။ သို့သော် ယခုဖော်ပြထားသော ရတနာသုံးပါးနှင့် စပ်လျဉ်းသော ဂါထာမန္တန်အင်းများတွင် အဝင်အင်းဖြစ်သော ဤဂုဏ်တော်ကိုးပါးအင်းကိုသာ နမူနာဥပမာအဖြစ် ထင်ရှားသိသာစေရန် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

**နမူနာအမှတ် (၂-၁-၄) ဗုဒ္ဓိတသစ္စာလေးပါးအင်းတော်**

ဂါထာမန္တန်အင်းအုပ်စုဝင် ရတနာသုံးပါးနှင့် စပ်ဆိုင်စပ်လျဉ်းသော အင်းအစီအရင်များအနက် ယခုဖော်ပြသောအင်းမှာ တရားတော်နှင့်စပ်လျဉ်းသော ဂါထာမန္တန်အင်းအစီအရင်တစ်ခု ဖြစ်ပါသည်။ ဤအင်းမှာ ဘုရားရှင်ဟောကြားတော်မူခဲ့သော သစ္စာလေးပါးတရားများဖြစ်ကြသည့် 'ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ' ဟု ဆိုအပ်သော သစ္စာလေးပါးတို့ကို ကိုယ်စားပြုရည်ညွှန်းလျက် ထိပ်ဆုံးအက္ခရာဝလီများဖြစ်ကြသော 'ဒု-သ-နိ-မ' တို့ဖြင့် ရေးသွင်း စီရင်အပ်သောအင်းဖြစ်ပြီး အလွန်ကျေးဇူးများစေသည့်အပြင် စီရင်ရန်လည်း လွယ်ကူလှသဖြင့် နမူနာအစီအရင်တစ်ခုအဖြစ် ဖော်ထုတ် တင်ပြလိုက်ပါသည်။

| | | | |
|---|---|---|---|
| ဒု | မ | မ | မ |
| သ | နိ | သ | သ |
| နိ | နိ | ဒု | ဒု |

ဗုဒ္ဓိတသစ္စာလေးပါးအင်းတော်

အထက်တွင် ဆိုခဲ့သည့်အတိုင်း သစ္စာလေးပါးတရားတို့၏ ထိပ်ဆုံးအက္ခရာဝလီများကို ကိုယ်စားပြု ရည်ညွှန်းလျက် သင်္ကေတစာလုံးများအဖြစ် အင်းဆန်တို့ကို 'ဒု-သ-နိ-မ၊ သ-နိ-မ-ဒု၊ နိ-မ-ဒု-သ' ဟူ၍ သတ်မှတ်ပေးထားလေသည်။ ထိုအင်းဆန်များအတိုင်း အစဉ်လိုက်မြင်းသွားအတိုင်း ရေးသွင်းလိုက်ရုံသာ ဖြစ်ပေသည်။ ဤအင်းကို ရွှေပြား၊ ငွေပြားတို့တွင် လက်ဖွဲ့ထိုး၍ ဆောင်ရပါမည်။ အကျိုးကားကြီးလှ၏။ ဤအင်းကိုမယုံသော် အင်းကို ကျောက်ပျဉ်တွင်စီရင်၍ ရေတွင်ချသော် သောင်ထွန်း၏။ ကျွန်းပေါ်၏ဟု ဆိုပေသည်။ ရဟန်းကျောင်းသခ်မ်း၏ ကျောင်းထုပ်စွန်းတွင် စီရင်သော် ထိုကျောင်းထိုင်ရဟန်းသည် ရဟန္တာကဲ့သို့ တန်ခိုးကြီးပေလိမ့်မည်။ လူတို့အိမ်ခေါင်တိုင်တွင်ရေးသားစီရင်ထားသော် လာဘ်ပေါ်များစေ၏။ စည်းစိမ်တိုးစေ၏။ နန်းတော်ကွန်စင်တိုင်မှာချသော် ဘုန်းတန်ခိုးအာနုဘော်ကြီးစေ၏။ ဤအင်းသည် ဗားမဲ့အစီအရင်တစ်ခု ဖြစ်သည်။ ဗားမဲ့ဆရာတော်သည် ဤအင်းကို စီရင်၍ ညောင်ရမ်းမင်းတရားကြီး၏ သားတော်သာလွန်မင်းကြီးအား ချီးမြှင့်ပေးခဲ့ဖူးသည်ဟု မှတ်တမ်း၌ ဆိုထားပေသည်။

မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာတို့တွင် တရားတော်များ ဂါထာများကို ကိုယ်စားပြုအညွှန်းသင်္ကေတ အက္ခရာဝလီစာလုံးတို့ဖြင့် အင်းဆန်ပြုကာ စီရင်လေ့ရှိသော ဤဂါထာမန္တန်အင်းများ အုပ်စုဝင်ရတနာသုံးပါးနှင့် စပ်ဆိုင်သော ဂါထာမန္တန် အင်းအစီအရင်တစ်ခုကိုလည်း ထပ်မံ ဖော်ပြလိုပါသည်။ ဤကဲ့သို့ ဖော်ပြရခြင်းမှာ နောင်အခါ ဤနည်းနှင့်နှင့်အင်းများကို တွေ့ခဲ့ပါက ထိုအင်းတို့၏ ဂါထာမန္တန်အင်းအမျိုးအစားဝင် ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော ဂါထာမန္တန်အင်းအမျိုးအစားမှန်း ခန့်မှန်းသိရှိနိုင်ကြစေရန်အလို့ငှာ ဤသို့ နမူနာတစ်ခု ထပ်မံ ဖော်ထုတ် တင်ပြလိုက်ရခြင်း ဖြစ်ပါလေသည်။

**နမူနာအမှတ်(၂-၁-၅) သရဏဂုံ -၃၀ ခေါင်းစဉ်အင်းတော်**

ဤအင်းတော်၏အဓိကအင်းဆန်မှာ 'ဇာတိပရိယန္တံ ဗုဒ္ဓံသရဏံ သရဏံ ဂစ္ဆာမိ/ဓမ္မံ/သံဃံသရဏံဂစ္ဆာမိ' 'ဘောဂပရိယန္တံ ဗုဒ္ဓံ/ဓမ္မံ/ သံဃံသရဏံဂစ္ဆာမိ' 'ဇီဝိတပရိယန္တံ ဗုဒ္ဓံ/ဓမ္မံရသံဃံသရဏံဂစ္ဆာမိ' 'ယာဝဇီဝံပရိယန္တံ ဗုဒ္ဓံ/ဓမ္မံ/ သံဃံသရဏံဂစ္ဆာမိ' စသော သရဏဂုံ - ၃၀ ဂါထာတော်တို့၏ထိပ်အစပေါင်းအက္ခရာဝလီတို့ကို ရည်ညွှန်းသင်္ကေတပြု၍ စီရင်အပ်သောအင်းဆန်များဖြစ်ကြပါသည်။အင်းဆန်မှာ (အ) ဇာဘောဇီယာမမအအနိနိ (အ) ဟူ၍ အင်းဆန် (၁၂) လုံးဖြစ်ပါသည်။ သရဏဂုံ-၃၀၏ အချုပ်ခေါင်းစဉ် အက္ခရာဝလီစာသားတို့မှာ အလယ် (၁၀) လုံးသာဖြစ်ပြီး ထိပ်ဆုံးနှင့် နောက်ဆုံး (၁၂) လုံးမြောက် (အ) တို့မှာ 'အဇ္ဈတ္တေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'၏ခေါင်းစီးခေါင်းစဉ် 'အ' အက္ခရာကို ယူထားခြင်း ဖြစ်ပေသည်။ (အ) နှင့်စ၍ (အ)နှင့်ဆုံးထားခြင်းမှာ 'အောင်အတိတ် အောင်နိမိတ်ဟိတ်' တို့ကိုယူ၍ အဖွင့်အပိတ်လုပ်ထားခြင်း ဖြစ်နိုင်ပေသည်။ သရဏဂုံဂါထာ၏ ခေါင်းစဉ်

www.burmeseclassic.com

လည်း ဖြစ်အောင် အတိတ်အောင်နိမိတ် ဖွင့်ပိတ်လုပ်ထားခြင်းဖြစ်သည်ယူသော်ကား သင့်လှပေသည်ဟု ဆိုနိုင်၏။

| | | | |
|---|---|---|---|
| | အ | ဇိ | |
| နိ | မ | အ | ဇာ |
| အ | ဘော | အ | ယာ |
| | နိ | မ | |

သရဏဂုံခေါင်းစဉ်အင်းတော်

ဤအင်းကို စီရင်လိုပါက မည်သည့်လဖြစ်စေ လပြည့်နေ့ (လပြည့်နေ့ဆိုသော်လည်း ရက်ရာဇာ၊ အမြိတ္တစုတ်စသော ရက်ကောင်းရက်မြတ်များသာ ဖြစ်သင့်ပါသည်။) နံနက်စောစောထ၍ ကိုယ်လက်သန့်ရှင်းစင်ကြယ်ပြီး သန့်ရှင်းသော အဝတ်အစားများ ဝတ်ဆင်လျက် ဥပုသ်ဆောက်တည်ရမည်။ ပြီးမှ မေတ္တာပို့ အမျှဝေပြီး နတ်များကို တိုင်တည်အသိအမှတ်ပြုရမည်။ ထို့နောက် နေဝန်းပေါ်သည်နှင့် အထက်ပါအင်းကို ရွှေပြားတွင် တောင်းမွန်သပ်ရပ်စွာ ရေးစီရင်လျက် အဖျားမှစ၍လိပ်ပြီးအောက်ဖော်ပြပါအတိုင်း ဂါထာဖြင့် ခုနစ်ရက်အတွင်း အခေါက်ရေတစ်ထောင် ပြည့်အောင် လက်ဖွဲ့ကို လက်တွင်ဆုပ်ကိုင်လျက် မန်းမှုတ်သရဇ္ဈာယ်ရမည်။

*'ပုညမို သိရှာသမယုံ၊ အာမဝီသဍ္ဎ ဥဒကော၊ ပဍ္ဎ သဗ္ဗရောပဍ္ဎ၊ ဟတောဇယ မင်္ဂလံ'*

အင်း၏အကျိုးမှာကား ဘေးရန်အန္တရာယ်ဟူသမျှကင်းဝေး၏။ သူတထူးကြံစည်သည်ကို သိနိုင်သည်။ မည်သည့် စုန်းဆိုး၊ နတ်ဆိုး၊ အနှောင့်ပယောဂတို့မှ မနှောင့်ယှက်၊ မချဉ်းကပ်နိုင်။ စုန်းပူး၊ နတ်ပူး၊ မိစ္ဆာပူးကပ်ရှိသော် အစွဲရှိသော် အင်းကိုရေစိမ်၍တိုက်၊ မသောက်မပြုငြင်းဆန်သော် ပက်ဖျန်းပေး၊ တောက်ပေးရမည်။ ဤနည်းဖြင့် ရှေးက လွန်စွာကျော်ကြားခဲ့သော မတ္တရာဘုန်းတော်ကြီး ဦးနန္ဒိယဘွဲ့မည်ရသည် ဤနည်းဖြင့် သတ္တဝါများအား ကယ်ဆယ်ခဲ့သည်မှာ များခဲ့လေသည်။

အခါတစ်ပါး၌ ဘဝရှင်ကုန်းဘောင်မင်းတရားကြီး (မင်းတုန်းမင်းကြီး) သည် ကိုယ်တော်ပင်ပန်း စိတ်တော်ညှိုးနွမ်းလျက် မချမ်းမသာ မကျန်းမမာရှိတော်မူခဲ့ရာ သမားတော်များတို့ ကုသကြပါသော်လည်း ထူးမခြားနားဖြစ်နေလေရာ မိုးကောင်းဆရာတော်ဘုရားကြီး၏အကြံပေးညွှန်ကြားချက်အရ မတ္တရာဘုန်းတော်ကြီး ဦးနန္ဒိယကို ပင့်ဆောင်ခေါ်ပြသရာ အထက်ပါ အင်းလက်ဖွဲ့ကို ရေစိမ်၍ မင်းတရားကြီးအား တိုက်လေသည်။ ထိုအခါ အစ်ချည်မျှင်နှင့်သီထားသော အမဲသားတုံးငယ်ခုနစ်တုံးအန်၍ ပျောက်ကင်းချမ်းသာခဲ့ကြောင်း အဆင်ဆင့် သတင်းစကားထားခဲ့ကြပေသည်။

နမူနာအမှတ်(၂-၁-၆)သမ္ဗုဒ္ဓေအင်းတော်ကြီး

ယခုအခါ ဂါထာမန္တန်အင်းများ အုပ်စုဝင် ရတနာသုံးပါးနှင့် စပ်လျဉ်းသော ဂါထာမန္တန်အင်းနမူနာ၏ နောက်ဆုံးအင်းအဖြစ် ဗုဒ္ဓဘာသာမြန်မာလူမျိုးတိုင်းလိုလို တလေး လူကြီးမကျန် အများသုံးသိရှိကြဆောင်ယူရွတ်ဖတ်သရဇ္ဈာယ်ပွားများနေလေ့ရှိကြသော နာမည်ကျော် သမ္ဗုဒ္ဓေဂါထာတော်ကြီးအား အင်းဆန်အဖြစ်စီရင်ထားအပ်သော သမ္ဗုဒ္ဓေအင်းတော်ကြီးကို ဖော်ထုတ် တင်ပြလိုက်ပါသည်။

ဤနေရာ၌ သမ္ဗုဒ္ဓေအင်းတော်ကြီးကိုမဖော်ပြမီ သိရှိအပ်သောအကြောင်းကို ဦးစွာရှင်းလင်းတင်ပြလိုပါသည်။ သမ္ဗုဒ္ဓေအင်းပညာမည်တွင်သော အင်းအစီအရင်၏ အင်းဆန်များကို အသုံးပြုရာတွင် ဝဇ္ဇာရိဝိဇ္ဇာမယပညာရှင်တို့သည် သမ္ဗုဒ္ဓေဂါထာမူနှစ်မျိုးကို အသုံးပြုကြကြောင်း တွေ့ရပါသည်။

ပထမမူကွဲ သမ္ဗုဒ္ဓေဂါထာတော်အင်းဆန်မှာ -

အဋ္ဌဝီ သတိ သမ္ဗုဒ္ဓါ၊ မမသီတေ ပတိဋ္ဌိတာ၊ ပဥ္စဗုဒ္ဓါ မဟာတေဇာ၊ မမ ပူရန္တော ဂစ္ဆတိ ဟူသော ဂါထာကို အင်းဆန်ပြု၍ စီရင်တတ်ကြပါသည်။ ထိုဂါထာအင်းဆန်ဖြင့် စီရင်အပ်သော သမ္ဗုဒ္ဓေဂါထာအင်းကို များသောအားဖြင့် ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာဖြင့် စီရင်အပ်သော နတ်မှော်ဝင်ဆေးများ၊ ကာယသိဒ္ဓိပြီးဆေးများ စီရင်ရာတွင် အသုံးပြုတတ်ကြပါသည်။ ယခု ဤနေရာတွင်ကား အများသုံး၍ အားလုံးသိကြသော မူလမူမှန်သမ္ဗုဒ္ဓေဂါထာတော်ကြီးအား အသုံးပြု၍စီရင်အပ်သော သမ္ဗုဒ္ဓေအင်းတော်ကြီးကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

အင်းဆန်သမ္ဗုဒ္ဓေဂါထာတော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ၊ သဟဿကေ၊ ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။ အပ္ပကာ ဝါဠုကာ၊ ဂင်္ဂါ အနန္တာ နိဗ္ဗုတာဇိနာ၊ တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ၊ နမက္ကာရ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

သမ္ဗုဒ္ဓေဂါထာတော်ကြီးသည်ကား နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့နှင့် ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | သ | ဍ္ဎ | အ | နာ | ဒွေ | တ | ကာ | သံ | |
| သ | တံ | ဇိ | မ္ဗု | သ | ပွ | တေ | အ | သ | ဂါ |
| တာ | ပ | တော | သ | တ္တာ | ကာ | ဟံ | ဓ | မ | ဋ္ဌ |
| မ | သေ | ဟိ | အ | မ | နု | သ | နေ | ဋ္ဌု | ဟ |
| တေ | ဗ္ဗု | မာ | ယာ | ဿ | အ | မ္ဗ | န် | ဝိ | ဏ္ဍာ |
| န | သာ | အ | နု | ဿ | သံ | ဝိ | ဗ္ဗေ | သာ | ကာ |
| နိ | သ | ရာ | ယ | ပိ | ဓေ | ဝေ | ဍ္ဎ | ရာ | သ |
| ရ | နု | အာ | ဍ္ဎ | မိ | ဒ | ဉ | ဘာ | ဂ | နိ |
| ဟ | န္တာ | သိ | ရေ | ဍ္ဎ | အံ | မာ | ဒ္ဒ | ဍ္ဎ | ဆု |
| | ဒ | သ | နု | သ | ပ | ဒ္ဓါ | ဂ် | နု | |



www.burmeseclassic.com

www.burmeseclassic.com

ချစ်ဆုကုန်သော ဘုရားရှင်တို့မှစ၍ ဂဝီ ဝါရှု သဲစုမက အဆူဆူပွင့်တော်မူခဲ့ကြ လေပြီးဖြစ်တော်မူကြကုန်သော ဘုရားရှင်အပေါင်း၊ တရားတော်အဲပေါင်းတို့နှင့် သံဃာတော်ရှင်မြတ်အပေါင်း စသော ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့အားရှိခိုးပူဇော်လျက် ဘေးရန်အန္တရာယ် ဥပဒ္ဒဝေါအပေါင်းတို့မှ ကင်းလွတ်ကြရပါစေခြင်းအလို့ငှာ ရှိခိုးဆုတောင်းထားသော ဂါထာတော်မြတ်ဖြစ်ပြီး မြန်မာပြည်အဝန်း နှံ့သိကျော်ကြား ထင်ရှားလှသော အင်းတော်ကြီး၏ အကျိုးတန်ခိုး သိဒ္ဓိကား အထူးတလည် ဖွင့်ဆိုပြောပြရန် လိုမည်မထင်တော့ပါ။ အကျိုးအနန္တ ညာဏ်ရှိသလိုသာ သုံးကြပေရော့ဟု ဆိုရမည်သာဖြစ်ပါသည်။ ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ မတတ်နိုင်ပါက စက္ကူသန့်သန့်တွင် စနစ်တကျ ရေးသွင်း စီရင်ဆောင်ထားကြပါလေမူကား ဘေးရန်အန္တရာယ်အသွယ်သွယ် ဟူသမျှတို့မှ ကင်းဝေးလွတ်မြောက်လျက် ဘုန်းကြီးခြင်း၊ ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြမည်မှာ မလွဲပါ။ အခြေရှိက အင်းကို ရေစိမ်သောက်က ရောဂါအန္တရာယ်၊ သူပြု၊ လူပြု၊ စုန်းပူး၊ နတ်ပူးမှန်သမျှ ပျောက်ကင်းချမ်းသာမည် မလွဲပေ။

## (၂) လောကီပညာဂါထာမန္တန်တို့နှင့် စပ်ဆိုင်သော ဂါထာမန္တန်အင်းများ (Magic Squares with magical Spell or Mantras)

ယခု ကျွန်ုပ် ဆွေးနွေး တင်ပြနေသော ဂါထာမန္တန်အင်းများတွင် ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော ဂါထာမန္တန်အင်းများနှင့် လောကီပညာဂါထာမန္တန် သက်သက်တို့နှင့် စီရင်အပ်သော လောကီပညာဂါထာမန္တန်အင်းများဟူ၍ ရှိကြကြောင်း ရှေ့ဆုံး၌ ပြောခဲ့ပြီး ဖြစ်ပါသည်။ တစ်ဖန် ယခု တင်ပြအံ့သော လောကီပညာဂါထာမန္တန်အင်းများသည် ရှေးပညာရှိ ဝိဇ္ဇာမယကဝိအမော်ကြီးများ စီရင်ဖန်တီးထားခဲ့သော လောကီပညာ ဂါထာမန္တန်များနှင့်သာ စီရင်ရသည့် အင်းမျိုးများဖြစ်ကြပါသည်။ ထိုလောကီပညာသက်သက် ဂါထာမန္တန်များအား မည်သို့မည်ပုံ၊ မည်သည့်အကြောင်းရင်းများကို အခြေခံ၍ ထိုဂါထာမန္တန်များအား ဖန်တီးသီကုံးဖွဲ့နွဲ့ထားခဲ့သည်ကိုကား မသိနိုင်ခဲ့သေးပါ။ လေ့လာနေဆဲ စူးစမ်းနေဆဲ ဖြစ်ပါသည်။ များသောအားဖြင့် လောကီပညာဂါထာမန္တန်တို့၌ စီရင်အပ်သောအင်းများမှာ ပီယသိဒ္ဓိ၊ ပယောဂအကာအကွယ်၊ အတိုက်အခိုက်၊ အနုကုန်တိုက် စသောကိစ္စရပ်များအတွက် စီရင်ထားသည်ကများပါသည်။ အကြမ်းအားဖြင့် လောကီပညာဂါထာမန္တန်အင်းများကို စူဠဂန္ဓာရီဝိဇ္ဇာမယ အတတ်ပညာရပ်တို့၌ အများဆုံး အသုံးချလေ့ရှိကြောင်း တွေ့ရပါသည်။ သို့ရာတွင် ဤလောကီပညာ ဂါထာမန္တန်အင်းများစွာသည်း လောကီကိစ္စများ၌ အလွန်အစွမ်းထက် အသုံးဝင်ကြောင်း များစွာ တွေ့ကြုံခဲ့ရဖူးပါသည်။ သို့ဖြစ်ရာ မြန်မာ့အင်းပညာ၌ လောကီပညာဂါထာမန္တန်အင်းများရှိကြောင်းသိရှိကြစေရန် လည်းကောင်း၊ အလိုရှိအသုံးတည့်ပါက အသုံးချနိုင်စေရန် လည်းကောင်း၊ လောကီပညာ ဂါထာမန္တန်တို့နှင့် စပ်ဆိုင်သော ဂါထာမန္တန်အင်းအချို့ကို နမူနာသာဓကများအဖြစ် ဖော်ထုတ် တင်ပြလိုက်ပါသည်။

### (၂-၂-၁) ချစ်ရန့်မပြယ်အင်းတော်များ အစီအရင်

ယခုဖော်ပြခဲ့သော နမူနာအမှတ် (၂-၁) လောကီပညာဂါထာမန္တန်အင်း အစီအရင်မှာ 'ချစ်ရန့်မပြယ်အင်းတော်များ' အစီအရင်ဖြစ်ပြီး နတ်၊ လူအပေါင်း ချစ်ခင်၍ လိုအင်ဆန္ဒများနှင့် ပြည့်ဝစေနိုင်သော ဝိဇ္ဇာမယ လောကီပညာ အစီအရင်ထူးတစ်ခု ဖြစ်ပါသည်။ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာတွင် ဒေဝီခုနစ်ပါး၊ ဒေဝီကိုးပါး ဒေဝီဆယ့်နှစ်ပါး ဟူ၍ နတ်မယ်တော်ဒေဝီများလည်း ရှိကြပါသည်။ ယခုဖော်ပြသော 'ချစ်ရန့်မပြယ်အင်းတော်များ' အစီအရင်သည်ကား ဘုမ္မာဒေဝီ၊ သူရဿတီဒေဝီ၊ စန္ဒီဒေဝီ၊ စန္ဒာဒေဝီ၊ မာတာဒေဝီ၊ ဟိရံဒေဝီ၊ မယာဒေဝီ အစရှိသော နတ်မယ်တော် ဒေဝီခုနစ်ပါး၏ အစောင့်အရှောက် စောင်မမှုကို ရရှိစေအောင် စီရင်အပ်သောအင်းအစီအရင် ဖြစ်ပါသည်။

#### အင်းဆန်ဂါထာများ

**ဂါထာအမှတ်(၁)**

ဦ ဘုမ္မာဒေဝါစ အန္တလိက္ခေ မမ သုရဿတီ၊ သုရဿတီအာဝဋ္ဋန္တု၊ စန္ဒီ ရဿ၊ ဝဿဝရော။

**ဂါထာအမှတ်(၂)**

သုရဿတီစ မေမာတာ၊ မေမာတာစ သုရဿတီ အနုကမ္ပံ ဥပါဒါယ၊ လာဘံဒေဟိ သုရဿတီ။

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၂ | |
| ၂၈ | ၁၄ | ၂၀ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၂၆ | ၂၃ | ၃၀ | ၃ |
| ၁၃ | ၂၅ | ၂၉ | ၃၂ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၇ | ၄ | ၃၀ |
| | ၂၄ | ၅ | ၁၈ | ၁၁ | |

အင်းအသွားပြနမူနာဂဏန်းအင်း

| | | | | | |
|---|---|---|---|---|---|
| စ | ဦ | ဣ | သ | ဂ | ဓ |
| စ | ရ | အာ | ဘု | လိ | တိ |
| တိ | အ | ဋ္ဋိ | န္တု | ဿ | မ္မာ |
| သု | တု | ဝ | ဒေ | သု | ကွေ |
| စ | ဿ | မ | ရ | ဒေ | ဝ |
| ဝ | ဿ | ဝါ | ရ | မ | ဗ |

ချစ်ရန့်မပြယ်ဂါထာအင်းအမှတ် (၁)

**ဂါထာအမှတ်(၃)**

စန္ဒီဒေဝီစ မေမာတာ၊ မေမာတာစ စန္ဒီဒေဝီ၊ အနုကမ္ပံ ဥပါဒါယ လာဘံ ဒေဟိ စန္ဒီဒေဝီ။

**ဂါထာအမှတ်(၄)**

စန္ဒာဒေဝီစ မေမာတာ၊ မေမာတာစ စန္ဒာဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ လာဘံဒေဟိ စန္ဒာဒေဝီ၊

**ဂါထာအမှတ်(၅)**

မာတာဒေဝီစ မေမာတာ၊ မေမာတာစ မာတာဒေဝီ၊ အနုကမ္ပံ ဥပါဒါယ လာဘံဒေဟိ မာတာဒေဝီ။

**ဂါထာအမှတ်(၆)**

ဟိရံဒေဝီစ မေမာတာ၊ မေမာတာစ ဟိရံဒေဝီ၊ အနုကမ္ပံ ဥပါဒါယ လာဘံဒေဟိ ဟိရံဒေဝီ။

**ဂါထာအမှတ်(၇)**

မာယာဒေဝီစ မေမာတာ၊ မေမာတာစ မာယာဒေဝီ၊ အနုကမ္ပံ ဥပါဒါယ လာဘံဒေဟိ မာယာဒေဝီ။

(ဆက်ရန်)

တိရတနာ-ဆရာဒေသျှာထင်း




www.burmeseclassic.com

www.burmeseclassic.com

မိုးဝတ်အလျှာ(ရောဝတီ)

# ကျန်းမာရေးဖက်အသုံးဝင်

# သံပရာပင်



■ အသီး၏အသုံးဝင်ပုံများ ■

သံပရာပင်၊ သံပရာသီး ဆိုလျှင် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင် ပေါများစွာ ပေါက်ရောက်ရှိပြီး လွန်စွာ အသုံးဝင်လှသဖြင့် အားလုံးနှင့်ရင်းနှီးပြီးသား ဖြစ်ပေသည်။ သံပရာပင်သည် အလွန်ဆေးဖက်ဝင်သောအပင် ဖြစ်၏။ အသီး၊ အရွက်၊ အပွင့်၊ အစေ့၊ အခွံ၊ အခေါက်၊ အမြစ် အားလုံး ဆေးဖက်ဝင်လေသည်။

မူးဝေခြင်းကိုပျောက်ကင်းလိုလျှင် သံပရာဖျော်ရည် နွေးစဉ်သောက်ပေးသင့်၏။ ခေါင်းကိုက်ရောဂါဖြစ်လျှင် လက်ဖက်ရည်ကျကျကျိုပြီး သံပရာရည်ညှစ်ထည့်၍ သောက်ပေးလျှင် ပျောက်ကင်း၏။ သံပရာသီးကို နှစ်ခြမ်းခွဲပြီး နားထင်နှစ်ဖက်ဘေးတွင် ကပ်ပေးနိုင်သည်။

ထမင်းစားပြီးလျှင် လတ်ဆတ်သော သံပရာရည်ကိုညှစ်၍လျက်ပေးပါက အော့အန်ခြင်းမှ ကင်းဝေးစေ၏။ ဖျားအန်လျှင် သံပရာသီးကို နှစ်ခြမ်းခွဲ၍ ငရုတ်ကောင်းမှုန့် အနည်းငယ်ဖြူးပြီး စုပ်သောက်ပေးရသည်။ လေ၊ သင်ဘော စီး၍ ခေါင်းမူးလျှင် သံပရာသီးကိုခွဲ၍ သကြားနှင့်ရော၍ စုပ်သောက်ပေးရ၏။

ပါးစပ်အနံ့အသက်မကောင်းလျှင် သံပရာရည်တစ်ဆ၊ နှင်းဆီရည်နှစ်ဆ ရော၍ နံနက်တိုင်းငုံပေးပါ။ နှာစေးလျှင် သံပရာသီးကိုခွဲ၍ရှူပေးနိုင်သည်။ အဆီများ၍ ချောင်းဆိုးခြင်း၊ သည်းခြေအားနည်းခြင်းများအတွက် သံပရာရည်ကို သကြားခတ်၍ သောက်ပေးပါ။

လည်ချောင်းနာရောဂါကို သံပရာပူနှင့် ပျားရည်ရော၍လျက်ပေးရသည်။ ယားနာ၊ ပွေးနာ၊ အရေပြားတွင် အမည်းကွက်များပေါက်ခြင်း၊ အမွှေးကျွတ်များခြင်းအတွက် သံပရာသီးကိုခြမ်း၍ နာနာပွတ်ပေးရသည်။ အထူးသဖြင့် ပွေးရောဂါကိုခြစ်ထုတ်၍ သံပရာရည်နှင့် လိမ်းပေးရသည်။

အဆုံများ၍ လျှာကွဲခြင်း၊ လျှာအကွက်ထခြင်းများဖြစ်လျှင် သံပရာရည်ကို ရေနွေးနှင့်စပ်၍ မကြာခဏ ငုံပေးရသည်။ သွားဖုံးသွေးယိုခြင်းများအတွက် သံပရာရည်သကြားအနည်းငယ်ထည့်၍ နံနက်၊ ညနေ တစ်နေ့ (၂) ကြိမ်မှန်မှန် သောက်ပေးရပါသည်။

သွားကိုက်၊ သွားနာလျှင် သံပရာသီးတစ်လုံးကို မီးကျွမ်းအောင်ဖုတ်ပါ။ ရှင်းနော့က် လေးညှင်း (၁) ပွင့်ထည့်၍ ကြိတ်ပြီး သွားအရင်းတွင်သိပ်ပေးပါက မကြာမီ သက်သာ ပျောက်ကင်းစေပါသည်။ သွားရောဂါများ ပျောက်ကင်းလိုလျှင် သံပရာရည်နှင့် နွေးစဉ်သွားတိုက်ပေးရသည်။

ဆီးကျဉ်၊ ဆီးအောင့်ခြင်းများအတွက် ကြွေမီးဖုတ်နှင့် သံပရာရည် ဖျော်သွေးပေးရသည်။ သရက်ရွက်ကြီးသောရောဂါအတွက် သံပရာသီးသနပ်ကို ထမင်းနှင့် အမြဲစားသုံးပေးရသည်။ အပူများလွန်း၍အပူငြိမ်းလိုလျှင် သံပရာရည်နှင့် ဆားမီးဖုတ်ကိုခတ်သောက်ရသည်။

သံပရာသီးကို ထက်ခြမ်းခွဲ၍ အနည်းငယ် စုပ်သောက်ပေးလျှင် ရေငတ်ပြေစေ၏။ သံပရာရည်များ ခန္ဓာကိုယ်ထဲရောက်လျှင် ရေသောက်မဝသောရောဂါ၊ ရေငတ်မွတ်သောရောဂါတို့ကို ပျောက်ကင်းစေ၏။ ဆံပင်နူးညံ့ခြင်း၊ ဆံပင်အညစ်အကြေးများ ကင်းစင်လိုခြင်းတို့အတွက် သံပရာရည်ကို ရေနွေးနှင့် ရောစပ်ပြီး ဦးခေါင်းကို ဆွတ်ပေးပါ။ ကာလဝမ်းရောဂါကို တာကွယ်နိုင်ရန် သံပရာရည်နှင့် သကြားကို ရေနှင့် ဖျော်စပ်၍သုံးနာရီခြားတစ်ကြိမ်သောက်ပေးရသည်။

အဝလွန်သူများ၊ အဆီတိုးသူများအတွက် သံပရာရည်ဇွန်းကြီးနှစ်ဇွန်းကို ရေနှစ်ဇွန်းရော၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သောက်ပေးရသည်။ လူကြီးသူမများတွင် မျက်လုံး၌တိမ်ဖြစ်စပြုလာလျှင် သံပရာရည် နှစ်စက်၊ သုံးစက်ကို နံနက်မိုးလင်းတိုင်းမျက်စဉ်းခတ်ပေးပါ။ ထိုတိမ်များ တဖြည်းဖြည်းပျော်ကျပျောက်ကွယ်သွားပါလိမ့်မည်။

ဆီးရွှင်ပြီး ချွေးဖြိုင်ဖြိုင်ကျစေရန် သကြား (၂) ကျပ်သားကို ရေနွေးတစ်ဖလားနှင့် ကျို၍ အေးလျှင် သံပရာရည် (၁၀) သားနှင့်ရောသောက်ရပါသည်။ သံပရာဖျော်ရည်သည် ဝမ်းမီးကိုတောက်စေ၏။ အစာကိုကြေစေ၏။ နှလုံးကို အားပေး၏။ ရေငတ်ခြင်းကိုပြေစေ၍ သွေးသည်းခြေကိုနိုင်၏။ တက်ဖျား၊ ကျဖျားကိုပျောက်စေ၍ ဆီးကို ရွှင်စေ၏။

သံပရာရည်များများထွက်စေရန် သံပရာရည်မညှစ်မီ မီးကင်ပေးရသည်။ ပူလာသောအခါမှ ညှစ်လျှင် အရည်များများရရှိလေသည်။ အထက်ဖော်ပြပါ အကြောင်းအရာတို့သည် သံပရာအသီး၏ အသုံးဝင်ပုံများ ဖြစ်၏။

■ အရွက်၏အသုံးဝင်ပုံများ ■

ပွေးရောဂါနှင့် ဝဲစို၊ ဝဲခြောက်၊ ရေယုန်နာများ ပျောက်ကင်းလိုလျှင် သံပရာရွက်ကို ပြာချ၍ နှမ်းဆီစစ်စစ် သို့မဟုတ် အုန်းဆီနှင့်ရော၍လိမ်းပေးရသည်။ သွားဖုံးရောင်ရောဂါ၊ သွားပိုးစားရောဂါ၊ သွားယိုင်နဲ့သောရောဂါများအတွက် သံပရာရွက်ကို သုံးခွက်တစ်ခွက်တင်ပြုတ်၍ အရည်ကို အအေးခံပြီး ပါးစပ်တွင်ငုံပေးရသည်။

အအေးနာရောဂါဖြစ်လျှင် သံပရာရွက်နုနုကို ခပ်နုပ်နုပ်စဉ်းပါ။ ရေနှင့်ရော



www.burmeseclassic.com

www.burmeseclassic.com

ရှံ့ရော၍ သုံးခွက်တစ်ခွက်တင်ကျို သောက်ရသည်။

■ အပွင့်၏အသုံးဝင်ပုံများ ■

မိုးဦးကျတွင် သံပရာပွင့်များသည် သေးငယ်သော အဖြူရောင်ပန်းပွင့်ငယ်လေးများအဖြစ်ပွင့်ကြလေသည်။ အနံ့အနည်းငယ်ရှိ၏။ အမူးအမော်၊ ဇာက်ကြောတက်၊ နောက်ကြောတက်၊ သွေးသည်းခြေရောဂါများအတွက် သံပရာပွင့်များကိုဆွတ်၍ လက်ဝါးနှင့်ပွတ်ခြေပြီး ရှူရှိုက်ပေးပါက ပျောက်ကင်းသက်သာနိုင်သည်။

■ အစေ့၏အသုံးဝင်ပုံများ ■

ခေါင်းတစ်ခြမ်းကိုက်သောရောဂါအတွက် သံပရာအစေ့ကိုကြိတ်၍ နားသယ်တွင် လိမ်းပေးရသည်။ ဆီးရွှင်စေရန် သံပရာစေ့များကိုကြိတ်၍ ချက်တွင် အုံပေးပါ။ ထိုသံပရာစေ့များပေါ်တွင် ဆန်ဆေးရည် သို့မဟုတ် ဆန်ပုံးရည်လောင်းပေးက ဆီးရွှင်စေသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။

ထိပ်ပြောင်သူများ၊ ဆံပင်ကျွတ်သူများ ဆံပင်ပြန်ပေါက်စေရန် သံပရာစေ့ကို ရေနှင့်ကြိတ်၍ နေ့စဉ် ဆံပင်ကို လိမ်းပေးရသည်။ အဆိပ်အတောက်ရှိသော ပိုးကောင်ငယ်များ ကိုက်ခံရလျှင် သံပရာစေ့ (၇) စေ့ကို စားပေးရသည်။

■ အခွံ၏အသုံးဝင်ပုံများ ■

လေနာ၊ ရင်ဘတ်နာဝေဒနာရှင်များအတွက် သံပရာသီးအခွံကို ဆားနှင့်တို့၍စားပေးရသည်။ မူးဝေသောရောဂါများအတွက် အရိပ်တွင် အခြောက်လှန်းထားသော သံပရာခွံ (၉၀) ဂရမ်ကို ရေ (၂) ပေါင် (၆) အောင်စနှင့်ထည့်စိမ်၍ သကြားသင့်ရုံမျှထည့်စိမ်ကာ ရောစပ်၍ သောက်ပေးသူများသည် အမူးရောဂါအတွက် အလွန်ကောင်း၏။

■ အခေါက်၏အသုံးဝင်ပုံများ ■

အဖျားရောဂါ ပျောက်လိုလျှင် သံပရာအခေါက်ကို ရေနှင့်ထက်စက်





ခန်းအောင်ကျိုသောက်ရသည်။ နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့ (၃) ကြိမ် သောက်နိုင်ပါသည်။

■ အမြစ်၏အသုံးဝင်ပုံများ ■

ကင်းမြီးကောက်အဆိပ်မိခဲ့လျှင် သံပရာအမြစ်မှုန့်ကို ရှလပတ်ရည်နှင့် သောက်ပေးလျှင် အဆိပ်ပြေစေ၏။ အနာမန်းဝင်လျှင် သံပရာမြစ်ကို ဆန်ဆေးရည်နှင့် သွေးသောက်လျှင် ပျောက်ကင်းစေ၏။

ဤကဲ့သို့ ပဥ္စင်းပါးလုံး အသုံးဝင်သော သံပရာပင်ကို မြန်မာဆေးကျမ်းများ၌ ယခုကဲ့သို့ ဖော်ပြထား၏။

သံပရာသီးသည် ချဉ်၏။ လေတိုနိုင်၏။ ဝမ်းမီးကိုတောက်စေ၏။ ကြေကျက်လွယ်၏။ ပိုးတိုနိုင်၏။ တက်၍ ဝမ်းဗိုက်နာခြင်းကို ပျောက်ကင်းစေ၏။ နှုတ်ကိုမြိန်ရှက်စေ၏။ ဝမ်းသက်စေ၏။ ဒေါသသုံးပါးပျက်ခြင်းကြောင့်ဖြစ်သော အာဂန္တုကဝမ်းမီးနှုံ့ခြင်း၊ သွားရည်ယိုခြင်း၊ ဓာတ်ချုပ်ခြင်း၊ ဝမ်းမီးပျက်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။

သံပရာသီးသည် ပူ၏။ ခါးသက်သက်ရှိ၏။ ဖန်၏။ ကြေကျက်လွယ်၏။ အစာကြေစေ၏။ ချဉ်၏။ ဝမ်းမီးကိုတောက်စေ၏။ မျက်စိကို အကျိုးပြု၏။ နှုတ်ကိုမြိန်စေ၍ သလိပ်လေကိုနိုင်၏။ အန်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာနှင့်တာလဝမ်းရောဂါတို့အတွက် အကျိုးပြု၏။ ဒေါသသုံးပါးကို နိုင်၏။ အစာမကြေ လေပြည့်ရောဂါကို နိုင်၏။

သံပရာသီးသည် အချဉ်အားကြီး၍ တေဇောဓာတ်ကိုတွေစေပြီးလျှင် အထူးသဖြင့် ပွင့်စေကန်စေတတ်၍ သွေးသလိပ်များကိုဖျက်စေပြီးလျှင် ဇောဇော ဓာတ်ကိုလွန်စေ၏။ သံပရာသီးကား ဝါယောဓာတ်ဆောင်သည်ဖြစ်၍ အရသာချဉ်၍ လေကိုနိုင်၏။ သလိပ်ပုပ်နှင့် ပထဝီကိုလည်းကြေစေ၏။ ယားယံသည်ကိုလည်း ပျောက်ကင်းတတ်၏ဟု ဖော်ပြထားလေသည်။

■ သံပရာသီးတွင် ပါဝင်သောဓာတ်များ ■

သံပရာသီးတွင် ကယ်လ်ဆီယမ် (ထုံးဓာတ်) အများဆုံး ပါဝင်လေသည်။ ထုံးဓာတ်သည် အရိုးနှင့် သွားများကို ခိုင်မာစေ၏။ အာရုံကြောများကိုကောင်းမွန်စေသည်။ ကိုယ်ကာယကြီးထွားမှုကို အားပေးသည်။သံပရာ[illegible]တွင် ဗီတာမင်အေဓာတ်၊ စီဓာတ်များ [illegible] အတော်များများပါဝင်လေသည် [illegible]တာမင်အေသည် အသားအမျှင်[illegible]ကို တောင့်တင်းသန်စွမ်းစေ၏။ [illegible]ဘ်မျက်သင့်ရောဂါမဖြစ်အောင် [illegible]ကွယ်ပေး၏။ တံတောင်ဆစ်၊ ဒူးဆစ်၊ [illegible]ကျာနှင့် ပေါင်တို့တွင် ပေါက်တတ်[illegible] ကြာဆူးနာများကိုလည်း တားဆီးပေး၏။

ဗီတာမင်စီဓာတ်သည် အရိုးနှင့် သွားများကို ကောင်းစွာ တည်ဆောက်ပေးသည်။ သွေးအိမ်ကို ကောင်းမွန်စေသည်။ သွေးအားကိုလည်း တိုးတက်စေ၏။ အဆစ်၊ အမြစ်နှင့် သွားဖုံးများကိုလည်း ကောင်းမွန်စေ၏။

သံပရာဖျော်ရည်သည် စကာဗီးရောဂါကို ပျောက်စေနိုင်ခြင်းမှာ ဗီတာမင်စီဓာတ်များစွာ ပါဝင်သောကြောင့် ဖြစ်ပေသည်။

ဤကဲ့သို့ ဆေးဖက်အသုံးတွင် ကျယ်လှသော သံပရာသီးအကြောင်းကို စာဖတ်ပရိသတ်များအတွက် ဗဟုသုတလည်းဖြစ်၊ အသုံးလိုခဲ့လျှင်လည်း လွယ်ကူစွာ အသုံးပြုနိုင်ရန် ရှာဖွေစုဆောင်း တင်ပြလိုက်ရပါသည်။

မိုးစက်အလျှာ[illegible] (ရောဝတီ)

ကျမ်းကိုး -

၁။ ဆေးဖက်ဝင် သံပရာ၊ မောင်ကြည်ဝင်း (ထားဝယ်)၊ အာရောဂျကျန်းမာရေးမဂ္ဂဇင်း၊ ၁၉၉၄၊ ဧပြီလ အမှတ် (၂၁)
၂။ နိဃဏ္ဍုရတနာကရဆေးကျမ်း
၃။ ဇီဝိတဆေးကျမ်း
၄။ ဓာတုဩသဓရာသီဆေးကျမ်း
၅။ ဓာတုရသလေးစောင်တွဲဓာတ်ကျမ်း
၆။ ဥတုဘောဇနသင်[illegible]ဆေးကျမ်း
၇။ ရှုတော်မူဆေးအ[illegible]ခန်းကျမ်း
၈။ သဘာဝမွေအလ[illegible]ဆေးကျမ်း
၉။ အာယုဗ္ဗေဒဆေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ကိန်းဂဏန်းများနှင့်သင်

**မွေးရက်အလိုက် (၅) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၅၊ ၁၄၊ ၂၃ရက်နေ့တွင် မွေးဖွားသူများ (သို့) မေထုန်ရာသီနှင့် တန်ရာသီ၌ မွေးဖွားသူများတွင် ပါဝင်သော သင့်အား အောက်ပါအမည်များက ဆွဲဆောင်နေမည် ဖြစ်သည်။

Adriam (အတ်ဒရီယမ်)၊ Alex (အဲလက်စ်)၊ Ali(အလီ)၊Alvis(အဲလ်ဗစ်)၊ Andrew (အင်ဒရူး)၊ Beatrice (ဘီတ်ရိုက်စ်)၊ Bernice (ဘားနိုက်စ်)၊ Bobby (ဘော်ဘီ)၊ Caleb (ကာလက်ဘ်)၊ Carrie၊ Cathy (ကာသီ)၊ Ceasar (ဆီဇာ)၊ Chris (ချရစ်စ်)၊ Clare (ကလဲလ်)၊ Cliff (ကလစ်ဖ်)၊ Darian (ဒါရီယမ်)၊ Dennis (ဒန်းနစ်)၊ Desmond (ဒက်စ်မွန်)၊ Dillon (ဒီလွန်)၊ Dora (ဒိုရာ)၊ Dudley (ဒပ်ဒ်လီ)၊ Dustin (ဒပ်စ်တင်)၊ Dwight (ဒွိုက်)၊ Dyland (ဒိုင်လင်းန်)၊ Elliot (အီးလီးယက်တ်)၊ Emily (အီမီလီ)၊ Emma (အမ်မာ)၊ Erskine (အာစ်ကင်းန်း)၊ Etta (အီတာ)၊ Fatisha (ဖာတီရှာ)၊ Floyd (ဖလွိုက်)၊ Francis (ဖရန့်စစ်)၊ Grace (ဂရေ့စ်)၊ Gregory (ဂရိဂိုရီ)၊ Hamnibal (ဟန်နီဘော)၊ Helen (ဟယ်လင်)၊ Herb (ဟာ့ဘ်)၊ Hemrietta (ဟန်ရီတာ)၊ Horace (ဟော်ရေ့စ်)၊ James (ဂျိမ်းစ်)၊ Jarvis (ဂျာဗစ်စ်)၊ Jennifer (ဂျနီဖာ)၊ Joan (ဂျိုရမ်)၊ Keenan (ကီနန်)၊ Kelly (ကယ်လီ)၊ Kendall (ကန်ဒဲလ်)၊ Kurt (ကာ့တ်)၊ Lena (လီနာ)၊ Linda (လင်ဒါ)၊ Lynn (လင်းန်)၊ Marlow (မာလို)၊ Mawry (မော်ရီ)၊ Mildred (မိုင်းဒ်ရက်)၊ Nash (နတ်ချ်)၊ Neal (နီရယ်)၊ Ned (နက်စ်)၊ Neil (နေးလ်)၊ Nyle (နိုင်းလ်)၊ Omar (အိုမာ)၊ Owen (အိုဝင်)၊ Regis (ရက် ဂျစ်)၊ Rickie (ရစ်ကီ)၊ Ron (ရွန်)၊ Russ (ရပ်စ်)၊ Sadie (ဆာဒီ)၊ Santos (ဆန်းတို့စ်)၊ Selvin (ဆယ်လ်ဗင်)၊ Sharon (ရှာရွန်)၊ Sheilah (ရှီလာ)၊ Skip (စကစ်ပ်)၊ Steve (စတိဗ်)၊ Sne (ဆူး)၊ Tammy (တန်မီ)၊ Terry (တယ်ရီ)၊ Thaddeus (သာဒီယပ်စ်)၊ Valerie (ဗယ်လာရီ)၊ Victor (ဗစ်တာ)၊ Wesley (ဝက်စ်လီ)၊ Yates (ရိတ်စ်)။

**မွေးရက်အလိုက် (၆) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၆၊ ၁၅၊ ၂၄ရက်တွင် မွေးဖွားသူများ (သို့) ပြိဿရာသီနှင့် တူရာသီ၌ မွေးဖွားသူများတွင် ပါဝင်သော သင့်အား အောက်ပါအမည်များက ဆွဲဆောင်နေပါမည်။

(၆) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

Adriamme (အတ်ဒရီယမ်)၊ Ahmad (အာမက်ဒ်)၊ Alberto (အယ်လ်ဘာတို)၊ Amand (အမန်ဒ်)၊ Amos (အာမို့စ်)၊ Arsenio (အာဆီနီယို)၊ Benjamin (ဘင်န်ဂျာမင်)၊ Beverly (ဘီဘာလီ)၊ Billy (ဘီလီ)၊ Boris (ဘောရစ်)၊ Bnrgess (ဘားဝက်စ်)၊ Caesar (ဆီဆာ)၊ Cato (ကာတို)၊ Cecil (ဆီဆီလ်)၊ Claire (ကလာရီ)၊ Courtney (ကို့တ်နေး)၊ Curt (ကတ်)၊ Cyrus (ဆီးယပ်စ်)၊ Dalton (ဒယ်လ်တန်)၊ Dean (ဒင်းန်)၊ Donald (ဒေါ်နယ်)၊ Edgar (အက်ဒ်ဂါ)၊ Eileen (အီလင်းန်)၊ Elizabeth (အဲလစ်ဇဘက်)၊ Elton (အယ်လ်တန်)၊ Ernest (အန်းနက်စ်)၊ Esther (အက်စ်သာ)၊ Ezra (အက်ဇ်ရာ)၊ Faye (ဖာရေး)၊ Frankie (ဖရန်ကီ)၊ Gladys (ဂလက်ဒီ)၊ Grant (ဂရန့်)၊ Howie (ဟိုဝီ)၊ Hubert (ဟူးဘတ်)၊ Innis (အင်းနစ်)၊ Irvin (အာဗင်)၊ Irwin (အာဝင်း)၊ Jerome (ဂျာရိုမီ)၊ Jim (ဂျင်မ်)၊ Joanne (ဂျိုန်)၊ Johnny (ဂျွန်နီ)၊ Karen (ကာရင်န်)၊ Lamont (လာမွန်)၊ Leo (လီယို)၊ Linwood (လင်းဝုဒ်)၊ Lionel (လိုင်းရင်းနယ်)၊ Major (မေဂျာ)၊ Manuel (မန်နျူရယ်)၊ Mamie (မာမီး)၊ Maybelle (မေဘာယ်လ်)၊ Melba (မယ်လ်ဘာ)၊ Melvin (မယ်ဘင်)၊Mia (မီရာ)၊ Milton (မီလ်တန်)၊ Moshe (မိုရှီ)၊ Nancy (နန်စီ)၊ Norman (နော်မန်)၊ Ogden (အိုဒန်)၊ Oliver (အိုလစ်ဗာ)၊ Orsen (အော်ဆန်)၊ Otis (အိုတစ်)၊ Patrice (ပတ်ထရစ်)၊ Peter (ပီတာ)၊ Phyllis (ဖီးလစ်)၊ Pierce (ပီယာ့စ်)၊ Proctor (ပရော့တာ)၊ Rodney (ရော့နေး)၊ Ross (ရို့စ်)၊ Shaw (ရှော)၊ Sydelle (ဆီဒဲလ်လီ)၊ Sylvia (ဆယ်လ်ဗီးယား)၊ Thomas (သောမတ်)၊ Tom (တွမ်)၊ Tyler (တိုင်လာ)၊ Tyrone (တိုင်ရုန်း)၊ Ulysses (အူလစ်)၊ Uriah (အူရာ)၊ Vamessa (ဗန်နက်ဆာ)၊ Vivien (ဗီဗီယမ်)၊ Walden (ဝေါ်ဒန်)၊ Wardell (ဝါဒဲလ်)၊ Yves (ဗက်စ်)၊ Yosef (ယောဆက်)၊ Zeno (ဇီနို)။

**မွေးရက်အလိုက် (၇) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၇၊ ၁၆၊ ၂၅ရက်တွင် မွေးဖွားသူများ (သို့) ကရကဋ်ရာသီနှင့် မိန်ရာသီတို့၌ မွေးဖွားသူများတွင် ပါဝင်သော သင့်အား အောက်ပါအမည်များက ဆွဲဆောင်ပါမည်။

(၇) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

Aaron (အာရွန်)၊ Addison (အက်ဒီဆန်)၊ Aida (အီဒါ)၊ Akiba (အာကီဘာ)၊ Alfonso (အက်ဖ်ဖွန်ဆို)၊ Alistair (အဲလစ်စ်တာ)၊ Anne (အယ်နီ)၊ Aziz (အဇစ်)၊ Baylor (ဘေလာ)၊ Bentley (ဘက်န်တလေ)၊ Beth (ဘက်တ်)၊ Betty (ဘက်တီ)၊ Brody (ဘရော်ဒီ)၊ Bronson (ဘရွန်ဆန်)၊ Brook (ဘရုတ်ဒ်)၊ Cal (ကာ)၊ Carlton (ကာလ်တန်)၊ Carry (ကယ်ရီ)၊ Carol (ကာရိုး)၊ Charlotte (ရှားလော့)၊ Cicely (ဆီစီလီ)၊ Clancy (တလန်ဆီ)၊ Clarke (ကလာ့)၊ Clyde (ကလိုက်ခ်)၊ Conroy (ကွန်ရိုင်း)၊ Danny (ဒယ်နီ)၊ David (ဒေးဗစ်)၊ Diame (ဒိုင်ယန်)၊ Don (ဒွန်)၊ Dottie (ဒေါ့တီး)၊ Earle (အားလ်)၊ Elijah (အယ်လီဂျာ)၊ Enoch (အီနော့ချ်)၊ Eve (အီဗ်)၊ Fannie (ဖန်နီ)၊ Gary (ဂယ်ရီ)၊ Gavim (ဂါဗင်)၊ George (ဂျော့ဂျ်)၊ Gil (ဂီးလ်)၊ Gino (ဂီနို)၊ Glen (ဂလန်)၊ Herbert (ဟားဗတ်)၊ Howard (ဟောဝါ့ဒ်)၊ Ian (အိုင်ရမ်)၊ Iris (အိုင်းရစ်)၊ Jack (ဂျက်စ်)၊ Jan (ဂျန်)၊ Janet (ဂျနက်တ်)၊ Janice (ဂျဲလ်နိုက်စ်)၊ Joel (ဂျိုရယ်)၊ Jose (ဂျို့စ်)၊ Khalid (ခါလစ်)၊ Kim (ကင်မ်)၊ Kirk (ကာ့ခ်)၊ Landon (လန်ဒန်)၊ Louise (လူးဝစ်)၊ Luther (လူသာ)၊ Malcolm (မယ်လ်ကွန်း)၊ Marsha (မာရှာ)၊ Mic-

www.burmeseclassic.com

kie (မစ်ကီ)၊ Mickey (မစ်ကီ)၊ Miles (မိုင်းလ်စ်)၊ Nailah (နေးလာ့ချ်)၊ Olin (အိုလင်းန်)၊ Oscar (အော်စကာ)၊ Priscilla (ပရစ်ဆီလာ)၊ Ramsey (ရမ်ဆေး)၊ Raphael (ရာဖေး)၊ Rasheed (ရက်ရှိဒ်)၊ Rashid (ရာ့ရှစ်)၊ Russel (ရပ်ဆဲလ်)၊ Sandra (စန္ဒြ)၊ Sallie (ဆယ်လီ)၊ Shelley (ရှယ်လီ)၊ Wade (ဝေ့ဒ်)၊ Wylie (ဝေလီ)၊ Yvette (ဗက်တီ)။

**မွေးရက်အလိုက် (၈) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၈၊ ၁၇၊ ၂၆ နေ့တွင် မွေးဖွားသူများ (သို့) မကာရရာသီ၌ မွေးဖွားသူများတွင် ပါဝင်သော သင့်အား အောက်ပါအမည်များက ဆွဲဆောင်နိုင်ပါသည်။

(၈) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

Akbar (အက်စ်ဘာ)၊ Albert (အဲလ်ဘတ်)၊ Allen (အဲယ်လ်လန်)၊ Alonso (အလွန်ဆို)၊ Angel (အိန်ဂျယ်)၊ Ansel (အန်ဆယ်လ်)၊ Armand (အာမန်တ်)၊ Aubrey (အော်ဘရေး)၊ Ave (အေးဗ)၊ Barnard (ဘားနတ်တ်)၊ Barry (ဘယ်ရီ)၊ Brandon (ဘရန်တန်)၊ Brit (ဘရစ်တ်)၊ Byron (ဘိုင်ရွန်)၊ Chet (ချက်တ်)၊ Clay (ကလေး)၊ Connie (ကွန်နီး)၊ Crystal (ခရစ်စ်တဲလ်)၊ Darrel (ဒါရယ်လ်)၊ Deborah (ဒီဘောရက်တ်)၊ Dianna (ဒိုင်ယာနာ)၊ Dion (ဒီယွန်)၊ Doris (ဒေါရစ်)၊ Drew (ဒရူး)၊ Elgin (အယ်လ်ဂျင်းန်)၊ Elsie (အယ်ဆီး)၊ Emery (အီမာရီ)၊ Ernestine (အန်နတ်စ်တင်းန်)၊ Gail (ဂေးလ်)၊ Gerard (ဂျာရတ်တ်)၊ Harlan (ဟာလန်)၊ Harrison (ဟဲရစ်ဆန်)၊ Hector (ဟက်တာ)၊ Irma (အာမာ)၊ Jarratt (ဂျာရက်တ်)၊ Jason (ဂျက်ဆန်)၊ Jesse (ဂျက်ဆီ)၊ Jessica (ဂျက်စီကာ)၊ Jill (ဂျီး)၊ Joyce (ဂျွိုင့်စ်)၊ Julian (ဂျူလီယန်)၊ Karl (ကားလ်)၊ Keith (ကိတ်)၊ Kirby (ကာဘီ)၊ Lance (လန့်စ်)၊ Laurence (လောရင့်စ်)၊ Lillian (လီလီယန်)၊ Lisa (လီဆာ)၊ Loretta (လော်ရက်တာ)၊ Lorraine (လော်ရိန်း)၊ Mal (မယ်လ်)၊ Martin (မာတင်)၊ Mary (မယ်ရီ)၊ Martha (မာသာ)၊ Michele (မီချဲလ်)၊ Nigel (နိုဂဲလ်)၊ Niles (နိုင်းလ်)၊ Page (ပေ့ဂျ်)၊ Phil (ဖီးလ်)၊ Quincy (ကွင်ဆီ)၊ Regina (ရက်ဂီနာ)၊ Remy (ရီမီ)၊ Rick (ရစ်ခ်)၊ Rita (ရီတာ)၊ Robin (ရော်ဘင်)၊ Rowena (ရိုဝမ်နာ)၊ Sam (ဆမ်)၊ Scot (စကော့)၊ Seth (ဆက်တ်)၊ Sharrieff (ရှရစ်ဖ်)၊ Stedman (စတက်ဒ်မန်)၊ Stefan (စတီဖန်)၊ Stephen (စတီဖင်)၊ Toni (တိုနီ)၊ Trevor (တြီဘာ)၊ Trudy (ထရူဒီ)၊ Vaughn (ဗော့ဝန်)၊ Vernel (ဘာနယ်)၊ Walton (ဝေါ်တန်)၊ Wanda (ဝမ်ဒါ)၊ Willis (ဝီလီးစ်)။

**မွေးရက်အလိုက် (၉) ဂဏန်းပိုင်ရှင်အား ဆွဲဆောင်သောအမည်များ**

လတစ်လ၏ ၉၊ ၁၈၊ ၂၇ရက်တွင် မွေးဖွားသူများ (သို့) မိဿရာသီနှင့် ဗြိစ္ဆာရာသီတို့၌ မွေးဖွားသူများတွင် ပါဝင်သောသင့်အား အောက်ပါအမည်များက ဆွဲဆောင်နိုင်ပါသည်။ အဆိုပါအမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

Adele (အဲလ်ဒေးလ်)၊ Alim (အယ်လ်လင်းမ်)၊ Amaar (အမ်မာ)၊ Bart (ဘာ့တ်)၊ Benson (ဘန်ဆင်န်)၊ Bill (ဘီးလ်)၊ Blair (ဘလဲ)၊ Brent (ဘရန့်)၊ Bruce (ဘရှစ်)၊ Carl (ကားလ်)၊ Cedric (ဆီးဒရစ်)၊ Clarence (ကလားရန့်စ်)၊ Clive (ကလစ်ဗ်)၊ Cole (ကိုးလ်)၊ Corey (ကိုရေး)၊ Denis (ဒန်းနစ်)၊ Derek (ဒါးရစ်ခ်)၊ Dominick (ဒွန်းမိနစ်)၊ Douglas (ဒေါက်ဂလပ်စ်)၊ Eldridge (အဲရစ်ဒ်)၊ Eli (အီလီ)၊ Elroy (အယ်ရိုင်း)၊ Elvis (အဲလ်ဗစ်စ်)၊ Ely (အယ်လီ)၊ Ernie (အာနီး)၊ Flo (ဖလို)၊ Frank (ဖရန့်ခ်)၊ France (ဖရန့်စ်)၊ Gene (ဂျီနီ)၊ Gerald (ဂျာရေး)၊ Hassan (ဟက်ဆန်)၊ Henry (ဟင်နရီ)၊ Honi (ဟိုနီ)၊ Isaac (အိုင်ဇက်)၊ Jesse (ဂျက်ဆီ)၊ John (ဂျွန်)၊ Jules (ဂျူးလ်စ်)၊ Kwame (ကွာ့မီ)၊ Larry (လယ်ရီ)၊ Leroy (လီရွိုင်း)၊ Lewil (လီဝေး)၊ lLoyd (အလွိုက်)၊ Lorna (လော်နာ)၊ Malik (မာလစ်ခ်)၊ Maria (မာရီယာ)၊ Mark (မာ့ခ်)၊ Maxwell (မက်စ်ဝဲလ်)၊ Meryll (မာရေး)၊ Orville (အော်ဗီလီ)၊ Patti (ပက်တီ)၊ Poul (ပေါလ်)၊ Perry (ပယ်ရီ)၊ Quinn (ကွင်း)၊ Rahsaan (ရာဆမ်)၊ Richard (ရစ်ချတ်)၊ Ricky (ရစ်ကီ)၊ Ryan (ရိုင်ယန်)၊ Serge (ဆာ့ဂျ်)၊ Sheila (ရှီလာ)၊ Susan (စူဆန်)၊ Teddy (တက်ဒီ)၊ Thurston (သာစတန်)၊ Tim (တင်မ်)၊ Titus (တီတပ်)၊ Tobias (တိုဘီယားစ်)၊ Vicki (ဗစ်ကီ)၊ Vito (ဗီတို)၊ Wayne (ဝိန်း)၊ Yao (ရာအို)။

**ကိန်းဂဏန်းများနှင့်**
**၎င်းတို့အား**
**စိုးမိုးအုပ်ချုပ်ထားသည့်အရာများ**

**(၁) ဂဏန်း**

**(မွေးရက်အားပေါင်းခြင်းဂဏန်း၊ တစ်လုံးတည်းမွေးရက်ဂဏန်း)**

(၁) ဂဏန်းသည် ယောကျ်ားဆန်သော၊ ယောကျ်ားပီသသော သဘာဝကို ကိုယ်စားပြုသည်။ (၁) ဂဏန်းအား တနင်္ဂနွေဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။ ၎င်းပြင် (၁) ဂဏန်းသည် (၅) တန့်အိမ်အတွင်းရှိ သိဟ်ရာသီ (Leo) အား ကိုယ်စားပြုထားသည်။

**ကောင်းသောလက္ခဏာများ**

(၁) ဂဏန်းသည် ရည်မှန်းချက်ကြီးခြင်း၊ ရဲတင်းစွာလုပ်ကိုင်ဆောင်ရွက်တတ်ခြင်း၊ အမိန့်ပေးစေခိုင်းနိုင်စွမ်းရှိခြင်း၊ တီထွင်ဉာဏ်ရှိခြင်း၊ လွတ်လပ်စွာနေတတ်ခြင်း၊ ခေါင်းဆောင်အဖြစ် ဦးဆောင်ရခြင်း၊ အပေးအကမ်းရက်ရောခြင်း၊ အကြောက်အရွံ့မရှိခြင်း၊ ထက်မြက်သောဉာဏ်ရှိခြင်း၊ စိတ်ပိုင်းဆိုင်ရာအရ လိုလားချက်မှန်သမျှအား ထိန်းချုပ်နိုင်ခြင်း၊ ခေါင်းမာခြင်း၊ ခွန်အားကြီးခြင်း၊ သန်မာခြင်း၊ အင်တိုက်အားတိုက်၊ တက်တက်ကြွကြွလုပ်ကိုင်တတ်ခြင်း၊ လက်တွေ့ကျခြင်းသဘောများကို ကိုယ်စားပြုသည်။

**မကောင်းသောလက္ခဏာများ**

နိုင်လိုမင်းထက်ပြုတတ်သူ၊ မောက်မာသူ၊ တစ်ကိုယ်ကောင်းဆန်သူ၊ အတ္တကြီး၍ကိုယ်ကျိုးသာကြည့်တတ်သူ၊ သွေးအေးသူ၊ မကောင်းသော အကြံအစည်ဖြင့် ခြယ်လှယ်တတ်သူ၊ ခေါင်းမာတတ်သူ၊ တစ်ဖက်သားအပေါ် တင်စီးတတ်သူ၊ တစ်ဖက်သတ်လွှမ်းမိုးလိုသူ၊ ရန်လိုတတ်သူ၊ သဘောထားကျဉ်းမြောင်းသူ၊ တောင်းဆိုမှုများသူ၊ စော်ကားတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

(၁) ဂဏန်း၏ မကောင်းသော လက္ခဏာအရ အမြဲတစေ အနိုင်လိုချင်စိတ်ရှိပြီး သူတကာထက် ရှေ့ဆုံးရောက်ချင်သောကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတတ်သည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ရှေ့နေ၊ စာရေးဆရာ၊ ရှေ့ဆောင်လမ်းပြ၊ စီမံခန့်ခွဲရေးမှူး၊ ညွှန်ကြားရေးမှူး၊ ကြီးကြပ်ရေးမှူး၊ ဆရာဝန်၊ အမှု



www.burmeseclassic.com

www.burmeseclassic.com

ဆောင်အရာရှိ၊ ဌာနဆိုင်ရာအရာရှိ၊ ထုတ်လုပ်ရေးမှူး၊ ထုတ်လုပ်သူ၊ မန်နေဂျာ၊ နည်းပြဆရာ၊ ဗိုလ်ကြီး၊ အသင်းခေါင်းဆောင်၊ လုပ်ငန်းရှင်၊ ကျွမ်းကျင်သူ၊ သိပ္ပံပညာရှင်၊ သမ္မတ၊ လုပ်ငန်း/ ရာထူးများဖြင့် တာဝန်ထမ်းရသူများဖြစ်ကြောင်း ရည်ညွှန်းဖော်ပြသည်။

**ကျန်းမာရေး**

မျက်စိရောဂါတစ်မျိုးမျိုးကြောင့် မျက်စိချို့ယွင်းရခြင်း၊ သွေးတိုးခြင်း၊ သွေးလည်ပတ်စီးဆင်းမှုမမှန်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အဆုတ်ရောဂါတစ်ခုခုခံစားရခြင်းဖြင့်လာနိုင်ကြောင်း ရည်ညွှန်းသည်။

ကျန်းမာရေးအတွက်သတိပြုခြင်း၊ ဆေးဝါးကုသခြင်းများအား ဇန်နဝါရီ၊ မေ၊ အောက်တိုဘာလများအတွင်း အထူးပြုလုပ်ပေးသင့်သည်။

**ဘဝလက်တွဲဖော်၊ ချစ်သူ၊ အိမ်ထောင်ဖက်**

လတစ်လ၏ ၁၊ ၁၀၊ ၁၉၊ ၂၈ရက်များတွင် မွေးဖွားသည့် (၁)ဂဏန်းပိုင်ရှင်များ(သို့)မိဿရာသီနှင့် ကုံရာသီအတွင်း မွေးဖွားသည့်သူများသည် (၁) ဂဏန်းပိုင်ရှင်ဖြစ်သူ သင့်အတွက် ချစ်သူအိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်သူများပင် ဖြစ်သည်။

အထက်ဖော်ပြပါအခြေအနေများအပြင် (၁) ဂဏန်းပိုင်ရှင်သင့်အတွက် ၄၊ ၁၃၊ ၂၂၊ ၃၁ နေ့တွင် မွေးဖွားသူများ (သို့) ဖေဖော်ဝါရီလ၊ ဧပြီလ၊ ဩဂုတ်လအတွင်း မွေးဖွားသူများက အကောင်းဆုံးအဖော် ဖြစ်လာနိုင်ပါသည်။

**နှစ်တစ်နှစ်၏ အကောင်းဆုံးအချိန်ကာလများ**

တနင်္ဂနွေသည် ပထမ၊ အင်္ဂါသည် ဒုတိယအကောင်းဆုံးဖြစ်သလို ဖေဖော်ဝါရီ၊ ဧပြီ၊ ဩဂုတ်လများက သင့်အတွက် အရေးပါသော အကောင်းဆုံး အချိန်ကာလ နေ့ရက်များဖြစ်သည်။

(၁) ဂဏန်းအားကိုယ်စားပြုသော အချိန်ကာလအပိုင်းအခြားသည် (၆) လ ခန့်မျှ ကြာမြင့်သည်။

**(၁) ဂဏန်းစိုးမိုးသည့် မြို့များနှင့် နိုင်ငံများ**

အတ္တလန္တာ၊ ဘော့စတွန်၊ နယူးယော့၊ အဲဒစ်၊ အဘာဘာ၊ ရီနို၊ ဒါရက်စ်လန်၊ ဟားဗားနား၊ ဟူစတန်၊ နော့စ်ဗီလီ၊ ဗာဗင်ဂန်တို့ဖြစ်သည်။

**(၁) ဂဏန်းစိုးမိုးသော နောက်ဆက်တွဲသိစရာ အတိုအတွာများ**

ကြီးမားသော အဆောက်အအုံများ၊ ရုံးအဆောက်အအုံများ၊ ဌာနချုပ်ရုံးများ၊ နန်းတော်ရာတောင်ကုန်း၊ သစ်တော၊ ကွန်ဗင့်နှ်ရှင်းခန်းမတို့အား စိုးမိုးထားသည်။

(၁) ဂဏန်းနှင့်ဆက်စပ်ပတ်သက်သောအရောင်မှာ အဝါရောင် (သို့) လိမ္မော်ရောင်နှင့် အညိုရောင်တို့ ဖြစ်သည်။

နေ့ပိုင်းအချိန်များတစ်လျှောက်သည် (၁) ဂဏန်းအတွက် အကောင်းဆုံးအချိန်များ ဖြစ်သည်။

**(၂) ဂဏန်း**
**(မွေးရက်အားပေါင်းခြင်းဂဏန်း၊ မွေးရက်တစ်လုံးတည်းဂဏန်း)**

(၂) ဂဏန်းသည် မိန်းမဆန်သော သဘာဝအားရည်ညွှန်းသည်။ (၂)ဂဏန်းအား တနင်္လာဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။ ၎င်းပြင် (၂) ဂဏန်းသည် (၄) တန့်အိမ်အတွင်းရှိ ကရကင့်ရာသီ (Cancer) အား ကိုယ်စားပြုထားသည်။

**ကောင်းသောလက္ခဏာများ**

အပူအပင်မထားတတ်သူ၊ စိတ်သဘောထားနူးညံ့ပျော့ပျောင်းသူ၊ စိတ်ရှည်သည်းခံတတ်သူ၊ နားလည်မှုရှိသူ၊ သဘောပေါက်လွယ်သူ၊ လူအများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်တတ်သူ၊ သနားကြင်နာတတ်သူ၊ ငြိမ်းချမ်းရေးကို လိုလားသူ၊ နှစ်လိုဖွယ်ပြောဆိုဆက်ဆံတတ်သူ၊ သံတမန်ရေးရာကျွမ်းကျင်သူ၊ ကြားဝင်စေ့စပ်ဖျန်ဖြေတတ်သူ၊ မိမိကိုယ်မိမိ ချိုးနှိမ်စွာ ပြောဆိုဆက်ဆံတတ်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

**မကောင်းသောလက္ခဏာများ**

သဘောထားသေးသိမ်တတ်သူ၊ လိမ်ညာလှည့်စားတတ်သူ၊ စိတ်ပါဝင်စားမှုနည်းပါးသူ၊ အရှက်အကြောက်ကြီးသူ၊ အယုံသီးတတ်သူ၊ ရက်စက်သူ၊ စိတ်ရှည်သည်းခံနိုင်စွမ်းမရှိသူ၊ အများနှင့်ပူးပေါင်းလက်တွဲလိုစိတ်မရှိသူ၊ ရိုးသားမှုမရှိသူ၊ နားလည်မှုမပေးနိုင်သူများအဖြစ် ဖော်ပြသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ကဗျာဆရာ၊ ဂီတပညာရှင်၊ စိတ်ပညာရှင်၊ အမ်ဒီတာ၊ မူကြမ်းရေးဆွဲသူ၊ ကွန်ပျူတာပရိုဂရမ်ရေးသူ၊ ရူက္ခဗေဒပညာရှင်၊ ဓာတုဗေဒပညာရှင်၊ စာရင်းအင်းရေးဆွဲသူပညာရှင်၊ စာကြည့်တိုက်မှူး၊ အတွင်းရေးမှူး၊ အင်ဂျင်နီယာ၊ ရေတပ်မတော်အရာရှိ၊ စာရင်းကိုင်၊ စာရေး၊ ဒီဇိုင်နာ၊ ထမင်းချက်၊ စားသောက်ဆိုင်ပိုင်ရှင်၊ ရုပ်ရှင်သရုပ်ဆောင်၊ ပန်းချီဆရာ၊ ဟိုတယ်ဧည့်ကြိုများအဖြစ် လုပ်ကိုင်ပါက အောင်မြင်မှုရရှိပါမည်။

**ကျန်းမာရေး**

အစာအိမ်အူလမ်းကြောင်းနှင့်အစာခြေအင်္ဂါအဖွဲ့ဆိုင်ရာရောဂါဝေဒနာများ၊ အမျိုးသမီးများ၌ ဖြစ်တတ်သော ရောဂါများ၊ သွေးအဆိပ်သင့်ခြင်း၊ ဒူလာ၊ လိပ်ခေါင်းရောဂါများ၊ သွေးချို၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ အနာအဆာအမျိုးမျိုး၊ အဖုအကြိတ်အမျိုးမျိုး၊ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်ခြင်းတို့အား ရည်ညွှန်းသည်။

ကျန်းမာရေးအတွက် အထူးသတိပြု၍ ဆေးဝါးကုသခြင်းကို ဇန်နဝါရီလ၊ ဧပြီ၊ နိုဝင်ဘာလများတွင် လုပ်ပေးသင့်သည်။

**ဘဝလက်တွဲဖော်၊ ချစ်သူ၊ အိမ်ထောင်ဖက်**

ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လအတွင်းမွေးသူများ၊ ဧပြီလကုန်ပိုင်းနှင့် မေလအတွင်း မွေးဖွားသူများ၊ ဇွန်လကုန်ပိုင်းနှင့် ဇူလိုင်လအတွင်း မွေးဖွားသူများ၊ စက်တင်ဘာလကုန်ပိုင်းနှင့်အောက်တိုဘာအတွင်း မွေးသူများ၊ လတစ်လ၏ ၁၊ ၂၊ ၇၊ ၁၀၊ ၁၁၊ ၁၆၊ ၁၉၊ ၂၀၊ ၂၅၊ ၂၈၊ ၂၉ ရက်နေ့များတွင် မွေးဖွားသူများသည် (၂) ဂဏန်းပိုင်ရှင်ဖြစ်သူ သင့်အတွက် ချစ်သူအိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်သူများ ဖြစ်သည်။

**နှစ်တစ်နှစ်၏ အကောင်းဆုံးအချိန်ကာလများ**

တနင်္လာနေ့သည် (၂) ဂဏန်းပိုင်ရှင်အတွက် အကောင်းဆုံးဖြစ်ပြီး သောကြာနေ့ကိုလည်း ဒုတိယအကောင်းဆုံးနေ့ရက်အဖြစ် ရွေးချယ်နိုင်သည်။ မတ်လ၊ မေလ၊ ဇူလိုင်၊ ဩဂုတ်လ၊ အောက်တိုဘာလများသည် (၂) ဂဏန်းပိုင်ရှင်အတွက် အကောင်းဆုံး၊ အရေးပါဆုံးသောကာလများ ဖြစ်သည်။

**(၂) ဂဏန်းစိုးမိုးသည့် မြို့များနှင့် နိုင်ငံများ**

အော်စတင်၊ ဘာတီမိုး၊ ဘရစ်ချ်ဖို့တ်၊ ဘရွတ်ခ်လင်း၊ ဆင်ဆင်နာတီ၊ ဟာလင်မ်၊ လော့အိန်ဂျလိစ်၊ လီနင်ဂရတ်၊ မီယာမီ၊ ပနားမား၊ စိန့်သောမတ်၊ စိန့်ပင်ဆင့်မြို့များနှင့် မြောက်အာဖရိက၊ အနောက်အာဖရိကနိုင်ငံများ ဖြစ်သည်။

**(၂) ဂဏန်းစိုးမိုးသော နောက်ဆက်**



www.burmeseclassic.com

www.burmeseclassic.com

**သိစရာ အတိုအထွာများ**

(၂) ဂဏန်းသည် ရေကန်များ၊ ရေအိုင်များ၊ စမ်းချောင်းများ၊ ရေစင်၊ အများပြည်သူသွားလာသည့်နေရာများ၊ ပင်လယ်ကမ်းခြေ၊ သင်္ဘောကျင်းများ၊ ဆိပ်ကမ်းများ၊ တူးမြောင်းများ၊ ပင်လယ်သမုဒ္ဒရာများ၊ နို့ထွက်ပစ္စည်းများ၊ ငါးလုပ်ငန်းတို့အား စိုးမိုးထားသည်။

(၂) ဂဏန်းနှင့် ဆက်စပ်နေသော အကြောင်းမှာ နို့နှစ်ရောင်၊ အစိမ်းရောင်၊ အဖြူရောင်အုပ်စုဝင်အရောင်များ ဖြစ်သည်။ (၂) ဂဏန်းအတွက် အကောင်းဆုံးသောအချိန်မှာ ညအချိန်များပင် ဖြစ်သည်။

**(၃) ဂဏန်း (မွေးရက်အားပေါင်းခြင်းဂဏန်း။ တစ်လုံးတည်းသောမွေးရက်ဂဏန်း)**

(၃) ဂဏန်းသည် ယောကျာ်းဆန်သောသဘာဝကို ရည်ညွှန်းသည်။ (၃) ဂဏန်းအား ကြာသပတေးဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။ ၎င်းပြင် (၃)ဂဏန်းသည် (၁၂)တန့်အိမ်အတွင်းရှိ မိန်ရာသီ (Pisces)နှင့် (၉) တန့်အိမ်အတွင်းရှိ ဓနုရာသီ (Sagittarius)အား ကိုယ်စားပြုထားသည်။

**ကောင်းသောလက္ခဏာများ**

အလိုဆန္ဒအား ထုတ်ဖော်ပြသတတ်သူ၊ ဖန်တီးနိုင်စွမ်းရှိသူ၊ အနုပညာအားခံစားနားလည်တတ်သူ၊ ရည်မှန်းချက်ကြီးမားသူ၊ အကောင်းမြင်ဝါဒရှိသူ၊ ထင်ပေါ်ကျော်ကြားတတ်သူ၊ မိမိကိုယ်မိမိယုံကြည်ချက်ရှိသူ၊ လူမှုအသိုင်းအဝိုင်းအတွင်းဝင်ဆံ့သူ၊ အလုပ်ကြိုးစားသူ၊ ဆိုလိုရင်းအဓိပ္ပာယ်အကြောင်းအရာအား ပီပြင်စွာ ပြောဆိုတင်ပြတတ်သူ၊ တာဝန်သိတတ်သူ၊ အသိဉာဏ်ရှိရှိပြောဆိုလုပ်ကိုင်တတ်သူ၊ အကောင်းမြင်ဝါဒလက်ကိုင်ထားသူ၊ ဂီတပညာအား စိတ်ပါဝင်စားသူ၊ ပျော်ပျော်နေတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**မကောင်းသောလက္ခဏာများ**

ကြိုးစားသမျှ အချည်းနှီးဖြစ်တတ်သူ၊ အာဏာပြတတ်သူ၊ အလေအလွင့်များသူ၊ အသုံးအဖြုန်းကြီးသူ၊ အပေါ်ယံကြောပြောဆိုဆက်ဆံတတ်သူ၊စိတ်ထားမကောင်းသူ၊ အများအပေါ် အပြစ်မြင်တတ်သူ၊ မိမိစိတ်ကို အလိုလိုက်တတ်သူ၊ မနာလိုဝန်တိုတတ်သူ၊ အားကိုး၍မရနိုင်သူ၊ ကြွားလုံးထုတ်တတ်သူများအဖြစ် ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ပန်းချီဆရာ၊ ရုပ်ရှင်သရုပ်ဆောင်၊ ရတနာပစ္စည်းရောင်းဝယ်သူ၊ကဗျာဆရာ၊ ဓာတ်ပုံဆရာ၊ စာရေးဆရာ၊ တာတွန်းဆရာ၊ ဥယျာဉ်မှူး၊ ကလပ်ပိုင်ရှင်၊ တခြေသည်၊ ဆပ်ကပ်ပြသူ၊ ရှေ့နေ၊ အစိုးရအရာရှိအရာခံများအဖြစ် တွေ့ရတတ်သည်။

**ကျန်းမာရေး**

အလုပ်တာဝန်များစွာ ဝန်ပိနေခြင်းကြောင့် အာရုံကြောဆိုင်ရာရောဂါရရှိခြင်း၊ စိတ်ဓာတ်ကျခြင်း၊ သွေးပေါင်ကျခြင်း၊အရေပြားဆိုင်ရာရောဂါများရရှိခြင်း၊ ခြေထောက်ဆိုင်ရာ ရောဂါဝေဒနာများဖြစ်တတ်ကြောင်း ရည်ညွှန်းသည်။

ကျန်းမာရေးအတွက် အထူးသတိပြု၍ ဆေးဝါးကုသခြင်းကို ဖေဖော်ဝါရီလ၊ ဇွန်လနှင့် စက်တင်ဘာလများတွင် လုပ်ပေးသင့်သည်။

**ဘဝလက်တွဲဖော်၊ ချစ်သူ၊ အိမ်ထောင်ဖက်**

ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လ၊ ဧပြီလကုန်ပိုင်းနှင့် မေလ၊ စက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာလ၊ နိုဝင်ဘာလကုန်ပိုင်းနှင့် ဒီဇင်ဘာလ အတွင်း မွေးဖွားသူများ လတစ်လ၏ ၃၊ ၆၊ ၁၂၊ ၁၅၊ ၂၁၊ ၂၄၊ ၃၀ ရက်များတွင် မွေးဖွားသူများသည် (၃) ဂဏန်းပိုင်ရှင်ဖြစ်သူသင့်အတွက်ချစ်သူအိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်သူများဖြစ်သည်။

**နှစ်တစ်နှစ်၏ အကောင်းဆုံးအချိန်ကာလများ**

အကောင်းဆုံးသောနေ့ရက်မှာ ကြာသပတေးနေ့ဖြစ်ပြီး ဒုတိယအကောင်းဆုံးနေ့ရက်အဖြစ် သောကြာနေ့အား ရွေးချယ်နိုင်သည်။ မတ်၊ ဒီဇင်ဘာ၊ မေ၊ အောက်တိုဘာလများသည် (၃)ဂဏန်းပိုင်ရှင်အတွက် အရေးပါသောအချိန်ကာလအပိုင်းအခြားများဖြစ်သည်။ ထိုသို့ အရေးပါသော လတစ်လချင်းစီအလိုက် ကောင်းသောသတင်းစကားများ ကြားသိရတတ်သည်။

**(၃) ဂဏန်းစိုးမိုးသည့် မြို့များနှင့် နိုင်ငံများ**

အန်တီဂွါ၊ ကျူးဘား၊ မန်မောတန်၊ အာရှဘာ၊ ဂမ်ဘီယာ၊ ဟောတီ၊ ဂျာမေကာ၊ ကင်းနစ်တန်း၊ မာတီနီ၊ မွန်တီဂိုဘေး၊ မော်စကို-ဆန်အန်တိုနီယို၊ မွန်ကလဲယား၊ တိုလယ်ဒိုတို့ ဖြစ်သည်။

**(၃) ဂဏန်း စိုးမိုးသော နောက်ဆက်တွဲ သိစရာ အတိုအထွာများ**

(၃) ဂဏန်းသည် ဘုရားကျောင်းများ၊ စေတီများ၊ ကပွဲရုံများ၊ အစိုးရဌာနအဆောက်အအုံများ၊ ဆပ်ကပ်ရုံများ၊ ကလေးများဂေဟာ၊ ဒုက္ခသည်စောင့်ရှောက်ရေးစင်တာ၊ ပြပွဲပြုလုပ်ရာခန်းမကျယ်ကြီးများအား စိုးမိုးအုပ်ချုပ်ထားသည်။

(၃) ဂဏန်းနှင့် ဆ[illegible]စပ်နေသော အရောင်မှာ မရမ်း[illegible]အုပ်စုဝင်အရောင်နှင့် ခရမ်းရောင်အ[illegible]ဝင်အရောင်များ ဖြစ်သည်။

(၃) ဂဏန်းအတ[illegible] နေ့ (အလင်းရောင်ရှိသော) အချိန်[illegible]စေ၊ ည (အလင်းရောင်မရှိသော) အချိန်ဖြစ်စေ အကောင်းဆုံးအချိန်များပင် ဖြစ်သည်။

**၄ ဂဏန်း**

**(မွေးရက်အားပေါင်းခြင်းဂဏန်း။ မွေးရက်တစ်လုံးတည်းဂဏန်း)**

(၄) ဂဏန်းသည် မိန်းမဆန်သော သဘာဝကို ရည်ညွှန်းသည်။

(၄)ဂဏန်းအား သူရေနပ်စ်ဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။

(၄) ဂဏန်းသည် (၁၁) တန့်အိမ်အတွင်းရှိ ကုံရာသီ (Aquarius) အား ကိုယ်စားပြုထားသည်။

**ကောင်းသောလက္ခဏာများ**

အလုပ်ကြိုးစားသူ၊ လုံ့လဝီရိယရှိသူ၊ အချိန်တိကျသူ၊ ရိုးသားဖြောင့်မတ်သူ၊ အတွက်အချက်ကောင်းသူ၊ မွေးရာပါ အတိုပါရမီအားကောင်းသူ၊ လက်တွေ့ကျသူ၊ စိတ်ဆုံးဖြတ်ချက်ပြတ်သားသူ၊ စည်းရုံးနိုင်စွမ်းရှိသူ၊ စီးပွားရေးအမြင်ရှိသူ၊ သစ္စာစောင့်သိသူ၊ ဖြည်းဖြည်းမှန်မှန်လုပ်ကိုင်တတ်သူ၊ အသေးစိတ်၊ အနုစိတ်လုပ်ရသော အလုပ်များကို သဘောကျနှစ်သက်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**မကောင်းသောလက္ခဏာများ**

ထုံထိုင်းသူ၊ ဆုံးဖြတ်ချက်ချရန်နှေးကွေးသူ၊ စိတ်အပြောင်းအလဲများသူ၊ ခက်ထန်ကြမ်းတမ်းတတ်သူ၊ ဖျက်လိုဖျက်ဆီးလုပ်တတ်သူ၊ ခေါင်းမာတတ်သူ၊ ရက်စက်တတ်သူ၊ အရာရာစိတ်ပါဝင်စားမှုနည်းပါးသူများဖြစ်ကြောင်း ဖော်ပြသည်။

ဦးအောင်[illegible]နိုင်(ဆု[illegible])



www.burmeseclassic.com

www.burmeseclassic.com

လူ့ဘုံ၌ လူဟူ၍ ဖြစ်တည်လာခဲ့ကြသည့်သတ္တဝါအနန္တတို့သည် အသက်ခန္ဓာရရှိလာသည်မှစ၍ သေဆုံးသည့်အချိန်တိုင် ပြဿနာများ ကြုံတွေ့ကြသလို-မယုံနိုင်ဖွယ်လည်း ကြုံခဲ့ကြပါ၏။ သေဆုံးသူတို့မှာ နေ့စေ့တံကုန်၍ သေဆုံးရခြင်း၊ သေနေ့မစေ့သေးပါဘဲ အကုသိုလ်အကျိုးပေး၍ ရောဂါပြင်းထန်စွာခံစားပြီး ကွယ်လွန်ကြရသလို သူတစ်ပါးသတ်၍လည်း သေကြရပြန်ပါသည်။ ကားမှောက်၍၊သင်္ဘောနစ်၍အကြောင်းအမျိုးမျိုးကြောင့်လည်း သေဆုံးသွားကြရပါသေးသည်။ အတိတ်ကံအပြင် လက်ရှိဘဝမှာလည်း ကုသိုလ်သာပြုကြသူတို့မှာ မွေးဖွားလာသည်မှ ကွယ်လွန်သည်အထိ အဆင်ပြေစွာ ထွက်ခွာသွားကြပါသည်။ ထို့ကြောင့်လည်း လူကြီးသူမတို့က သေတစ်ကံ၊ ရှင်တစ်ကံဟု ဆိုကြခြင်း ဖြစ်ပေမည်။

ကွယ်လွန်သူတို့ တစ်ရက်၊ သုံးရက်၊ ငါးရက်ထားပြီး သင်္ဂြိုဟ်လေ့ရှိကြ

# ရတနာဒေဝီ

## ဘုံဘဝ ကြုံသမျှ





www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ မိသားစုကိုစွဲလမ်းသူ၊ အလုပ်ခွင်ကိုစိတ်ရောက်သွားသူတို့မှာ သူတို့ရှိကြောင်း ကျန်ရစ်သူများကို ပြသကြရာ လူတို့က တစ္ဆေခြောက်သည်ဟု ဆိုကြပါ၏။ အမှန်က ခြောက်လှန့်ခြင်းပြုသူမှာ ကွယ်လွန်ချိန်က မှာကြားစရာများရှိနေခြင်း၊ သေလွန်ချိန်၌ မကျွတ်မလွတ်ရှိနေသည်ကို ကျန်ရစ်သူအား ကုသိုလ်ပြု၍ အမျှပေးဝေစေလိုသည့်ဆန္ဒသာ ဖြစ်ပါ၏။ အဆင်ပြေမှသာ ပြောလိုရာကို ကျန်ရစ်သူများသိရှိပြီး ကုသိုလ်ဒါနပြုပေးခြင်းဖြင့် ကွယ်လွန်သူအား ကောင်းသောဂတိသို့လားစေနိုင်ပါသည်။ အသိမပေးနိုင်ဘဲ ဒုက္ခခံစားကြသူများလည်း အနန္တပါပဲ။

စာရေးသူ၏ဆရာဇနီးမှ ပြောပြ၍ ယုံနိုင်ဖွယ်မရှိသည့် အဖြစ်အပျက်တစ်ခုကို သိခဲ့ရပါသည်။ ခရစ်ယာန်ကိုးကွယ်သောရွာကလေးတွင် အသက်(၂၀) ကျော်လူငယ်လေး သေဆုံးသွားပါသည်။ သူငယ်ချင်းများက အသုဘအိမ်မှာ စောင့်ပေးကြရာ လူငယ်သဘာဝ အိပ်မငိုက်ကြစေရန် အပျော်ဖဲချပ်တစားကြသည်။ အသုဘခုတင်ဘက် မျက်နှာမူမိသူက သန်းခေါင်ကျော်ချိန်မှာ အလောင်းကောင်က ခေါင်းကို ဘယ်၊ ညာလှည့်လိုက်သည်ကို မြင်တွေ့လိုက်ပါသည်။ ဖဲချပ်များ စားပွဲပေါ် မှောက်ချပြီး တပို့တပါးသွားသလို အိမ်အောက်ဆင်းသွားပါတော့၏။ ကျန်လူငယ်များက ဆင်းသွားသူ ပြန်မလာ၍ စိုင်းချပြီး ထိုင်ကာ ဆက်စကားကြပါသည်။ သေသူကို မျက်နှာမူမိသူပင် သေသူ၏ ဦးခေါင်း ဘယ်၊ ညာလှည့်လိုက်သည်ကို မြင်တွေ့လိုက်ရာ ပထမလူငယ်လိုပင် ဖဲချပ်များမှောက်ချပြီး အိမ်အောက်ဆင်းသွားပါတော့သည်။

ထိုသို့ တစ်ယောက်ပြီးတစ်ယောက် အိမ်အောက်ဆင်းသွားကြရာ လူငယ်လေးတစ်ယောက်သာ ကျန်ခဲ့ပါသည်။ လူငယ်လေးက အလောင်းဘက် မျက်နှာမူရာ တိုင်တစ်တိုင်ကိုမှီရင်း သူငယ်ချင်းများ ပြန်အလာကိုစောင့်နေရှာပါသည်။ တစ်ယောက်မျှ ပြန်တက်မလာကြပါ။ ထိုစဉ်မှာပင် အသုဘမြင်ဆင်ထားရာကို မျက်စိရောက်သွားပါသည်။ အလောင်းကောင်မှ ဦးခေါင်း ဘယ်၊ ညာလှည့်ရင်း နောက်ဆုံး ထထိုင်ပါတော့သည်။ လူငယ်လေး အံ့အားသင့်သွားသလို ကြောက်စိတ်ဝင်လာ၍ လှေကားမှ တစ်ချိုးတည်း ဆင်းပြေးပါသည်။ ဦးတည်ရာမှာ ရွာထိပ်ရှိ ဘုရားကျောင်းသို့ပါ။ စိတ်ထင့်နေ၍ နောက်လှည့်၍အကြည့် ထလာသည့်အလောင်းကောင်က သူ့နောက်မှ ထက်ကြပ်မကွာ လိုက်လာသည်ကို တွေ့ပါတော့သည်။ ပြေးနှုန်းမြှင့်၍ ဘုရားကျောင်းသို့ အမြန်ရောက်ရန် ကြိုးစားရှာပါသည်။

ကျောင်းဝိုင်းအဝင်စမှာပင် တုန်လှုပ်ချောက်ချားသည့်စိတ်နှင့် ပြေးလာရသည့်ကြောင့် အမောဆို့ကာ ပစ်လဲကျသွားပါတော့သည်။ ဘုရားကျောင်းပေါ်မှ ဖာသာနှင့် ဘုရားသားများ၊ အသုဘစောင့်သည့်လူငယ်များ ကျောင်းဝင်းရှေ့ရောက်လာချိန် အလောင်းကောင်က ဘုရားကျောင်းဝင်းထဲဝင်ရန် ဟန်ပြင်နေသည်ကို မြင်လိုက်ကြပါသည်။ ဖာသာမှ လက်ဝါးကပ်တိုင်ကို ညာလက်ဖြင့်ကိုင်၍ အလောင်းကောင်မျက်နှာရှေ့ရောက်အောင်လုပ်ရင်း -

"ဟယ် - အဖျက်သမား စာရာမဏ၊ ယခုပင် သေဆုံးပြီးသူ လူငယ်၏ကိုယ်မှခွာလော့။ ဘုရားရှင်၏ကိုယ်စား လက်ဝါးကပ်တိုင်ကို မမြင်ပြီလော"

ဟု မိန့်ကြားကာ လက်ဝါးကပ်တိုင်ကို သေသူ၏မျက်နှာနှင့် နီးကပ်စွာထားလိုက်ပါ၏။

ထိုအခါမှ မကောင်းဆိုးဝါးကောင်သည် သေသူ၏ကိုယ်ပေါ်မှခွာသွားရာ အလောင်းကောင်မှာ အထိန်းမရှိ အရုပ်ကြိုးပြတ်လဲကျသွားပါတော့သည်။ ရွာထဲမှလူကြီးများလည်း ရောက်လာပြီး သေသူကို အိမ်ပြန်မသယ်တော့ဘဲ သုသာန်သို့ ယူဆောင်သဂြိုဟ်လိုက်ကြပါသည်။ ဖာသာတို့ဆောင်ရွက်စရာကိစ္စများ ဆောင်ရွက်ကာ လူစုခွဲ၍ အိမ်ပြန်စေပါသည်။ မှုလဲနေသူအား ဘုရားဝတ်ပြုဆောင်အတွင်း မ,ယူ၍ ဘုရားသခင်ကိုအပ်နှံကာ ဆုတောင်းခြင်းပြုကြပါ၏။ သေသူ၏ခန္ဓာ၌ဝင်ရောက်ပူးကပ်နိုင်သူ မကောင်းဆိုးဝါးများ တကယ်ပင်ရှိနေသည့် လက်တွေ့ဖြစ်ရပ်တစ်ခုပါ။

စာရေးသူတို့ ငယ်စဉ်က ရှေးမီနောက်မီလူကြီးများပြောကြားသည်ကို မှတ်သားဖူးပါသည်။ ရှေးအခါတုန်းက သေသူကို သုသာန်၌မြှုပ်နှံခြင်းမပြုကြ။ ခေါင်ရန်းပန်းအနီတစ်ပွင့်ကို သေဆုံးသူခေါင်းပေါ်ပန်ကာ ဖုတ်သွင်းပြီး သုသာန်သို့ ထသွားစေပါသတဲ့။ သေသူ၏ပါးစပ်ထဲထည့်လိုက်သည့် ကူးတို့ခငွေစတစ်မတ်သည် သုသာန်တစပြင်အဝင်ဝ သစ်တုံးအား သေသူတိုက်မိ၍လဲမှ သုဘရာဇာကယူလိုက်သည်ဟု သိရပါသည်။ သွင်းထားသည့် ဖုတ်ကောင်ထွက်သွားပြီဖြစ်၍ အလောင်းကို အခြားအလောင်းများအနီးဆွဲယူ၍ချထားသည်ဟု ဆိုပါသည်။ ဘုရားရှင်လက်ထက်တော်က ပုံသကူသင်္ကန်းကောက်ယူနိုင်သည်မှာ ဤသို့ပစ်ထား၍ ဖြစ်ပေမည်။ နောင်မှသာ ဆိုးရွားသောအနံ့အသက်များ၊ ညအခါ တောခွေးများစားသောက်ကြ၍ အမြင်မတော်သောကြောင့် မြှုပ်နှံကြသည်ဟုဆိုပါသည်။ သုတစ်ပါးသတ်၍သေရသူ၊ မီးမဖွားနိုင်၍ သေဆုံးသူတို့ကိုမူ အောက်လမ်းဆရာများ ဆေးစီရင်၍မရအောင် မီးသဂြိုဟ်လိုက်ကြပါသည်။

ငယ်စဉ်က မှော်ပညာဆိုင်ရာစာအုပ်များ၌ သေသူကို ထစေပြီး သနပ်ခါးသွေးလိမ်းကာ ခြောက်တော့မှ ပြန်ခြစ်ချစေကြရာ မပေးတော့ဘဲ ဆေးဆရာကိုသတ်ရန်လိုက်သည်ဟု လေ့လာဖူးပါသည်။ မကျွတ်မလွတ်ရှာသူတို့ကို အသုံးချ၍ မျက်နှာပွင့်ဆေးဖော်ရန်လုပ်ကြသည်ဟုသိရပါသည်။ တချို့ သုသာန်ခုတင်ကျင့်သူများသည် စရဏအားကောင်းလွန်းလှ၍ သချိုင်းစောင့် မဖဲဝါက ခေါင်းကြီးထမ်းပြီး သာဓုခေါ်ရန် ရောက်လာတတ်သည်ဟု သိရပါသေးသည်။ အသုဘမချမီ အပမှီ၍ သေသူ မထလာနိုင်အောင် ခြေမနှစ်ခု၊ လက်မနှစ်ခုကို ကြိုးချည်ထားကြပါသည်။ သဂြိုဟ်မှသာ ဖြုတ်ပေးလိုက်ကြခြင်းပါ။

သုသာန်ခုတင်ဆောင်သည့်ရဟန်းများသည် စိတ်ဓာတ်ကြံ့ခိုင်ကြသလို စရဏအားလည်း ကောင်းကြရာ အနှောင့်အယှက်ရန်မှ လွတ်ကင်းကြပါသည်။ သာမန်လူသာဆိုလျှင် မမြင်အပ်သော ပုဂ္ဂိုလ်များဖြစ်၍ လူထင်မပြဘဲ အနံ့အသက်၊ အသံဖြင့်ခြောက်ရုံမျှဖြင့် ထပြေးကြမှာပါ။ ရုပ်ပါမြင်လိုက်ရပါလျှင် အသက်ပင်ပါသွားနိုင်ပါသည်။ ဆရာတော်ကြီးများ မေတ္တာပို့တော်မူကြသကဲ့သို့ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များကို မေတ္တာပို့၍နေကြပါလျှင် ခြောက်လှန့်ခြင်းပြုကြတော့မည် မဟုတ်ပါ။

မေတ္တာသည် စူးရှထက်မြက်သည့် နတ်ဆေးတစ်ပါးပါပဲ။ မေတ္တာသုတ်ကို ရွတ်ဖတ်၍ သတ္တဝါများအား မေတ္တာဖြန့်ဝေခြင်းသည် အကောင်းဆုံးလုပ်ဆောင်မှုဖြစ်ပါလိမ့်မည်။

**သုတနုအင်ဒီ**



www.burmeseclassic.com

www.burmeseclassic.com

# မင်းပြည့်

## မကုန်သောတွက်ခြင်းမျိုးဖြင့်သာ



တစ်နေ့က -

သူငယ်ချင်း မိုးဝေတစ်ယောက် ဘာမပြောညာမပြော ရောက်လာလို့ စကားလက်ဆုံ ပြောမကုန်ဖြစ်ပြီး သူ့ကို အအေးနဲ့ ဧည့်ခံနေတုန်း

"သူငယ်ချင်းရယ်၊ ငါ့ကံမှာဘာတွေဖြစ်နေလဲမသိဘူး။ ငါ့ပိုက်ဆံတွေက လှုပ်လှုပ်လှုပ်လှုပ်"

နဲ့ ဆိုလို့ တွက်ကြည့်တော့ -

သူ့ရဲ့သက်ရောက်မှာ -

၆ ၆
(၅ ၅) ←—— မြ
၄ ၄
၃ ၃
၂ ၂
၁ ၁
၀ ၀

ဒီလိုဖြစ်နေပါတယ်။

သူက အများပိုင်လို့ ဆိုကြတဲ့ မြ နေရာမှာ သူမွေးနံ့ရောက်နေရုံတင်မက ဘူး။ ကိုယ်ပိုင်ငွေဖြစ်တဲ့ ကြာသပတေးနံ လည်းရောက်နေပါတယ်။ ရောက်တာမှ ဂြိုဟ်ကတစ်လုံးတည်းတောင်မဟုတ်ဘူး နှစ်လုံး၊ ဂြိုဟ်တူက ပူးလို့။

ဒါမျိုးဆိုတာက ရုတ်တရက် ထွက်တတ်တဲ့သဘောရှိတာရယ်၊အများ အတွက်ဖြစ်တတ်တဲ့သဘောရှိတာရယ် ကြောင့်။

"သူငယ်ချင်း။ ဟုတ်တယ်။ မင်း ပိုက်ဆံတွေထွက်ဖို့ရှိနေတယ်။ တစ်ကြိမ်တည်းတောင်မဟုတ်ဘူး။ နှစ်ခါ၊ သုံးခါ လောက်ထွက်တတ်တယ်"

လို့ ပြောလိုက်တယ်။

"မင်း သူများကို ပိုက်ဆံမချေးနဲ့။ ချေးရင် ဆုံးတတ်တယ်"

လို့လည်း ပြောလိုက်ပါတယ်။

ပြောတော့ ပြီးနေပြီ၊ သူချေးပြီး သွားပြီတဲ့လေ။

ဟုတ်တယ်တဲ့။တစ်ယောက်တည်း မဟုတ်ဘူး။ နှစ်ယောက်တိုတောင် ချေး ပြီးသွားပြီတဲ့။

ခု အဲဒီကောင်တွေက ရှောင်နေတယ်တဲ့။ ဒါကြောင့် သူ့ငွေတွေလှုပ်လှုပ် ဖြစ်နေတယ်လို့ သူပြောတာကိုး။ သူ့ရှာ တာ သူများတွေအတွက်ဖြစ်သွားပြီလေ။ ကံကိုက အဲဒီလို ပြနေပြီ။

သူငယ်ချင်းလိုပဲ ဦးလေးတစ်ယောက်ရဲ့အဖြစ်ကလည်း ဒီလိုပါပဲ။ ဦးလေးက (၅၆) နှစ်၊ တနင်္လာသား၊ သူ့ အသက်ကို တွက်ကြည့်တော့၊

၆ ၀
(၅ ၆) ←—— မြ
၄ ၅
၃ ၄
၂ ၃
၁ ၂
၀ ၁

ဒီလိုကိန်းတွေထွက်လာပါတယ်။

သူလည်း ကိုယ်ပိုင်ငွေ ပရိယာယ် ကြာသပတေးက မြထဲမှာမို့လို့ သူများကို အားမခံပေးမိရာကနေ စိုက်လျော်လိုက်ရ သူပါ။ သူက ငွေနဲ့တောင်မလောက်လို့ သူပိုင်တဲ့မြေကွက်လေးတောင်ထိုးပေး ပြီး ကြွေးဆပ်လိုက်ရသူပါ။

ကြာသပတေး ဂြိုဟ်တွေ ရောက်နေတဲ့နေရာဖြစ်တဲ့ မြရဲ့သဘောဟာ 'ပရ'သဘောလို့ သင်ခဲ့မှတ်သားခဲ့ရပါတယ်။' အများနဲ့ဆိုင်တဲ့သဘောပါ။ ပြီးတော့ စုမိဆောင်းမိတဲ့ ကိုယ်ပိုင်ငွေလို့လည်း အဓိပ္ပာယ်ဖွင့်ဆိုတာ ကြာသပ တေးကိုပါ။

ဒီလို မြနေရာကို ကြာသပတေး ရောက်နေတဲ့လူတော်တော်များများဟာ သူများကြောင့်ပဲ ငွေတွေကုန်ကြတာများ ပါတယ်။ သူတို့အကျိုးအတွက် မဟုတ်ပါဘူး။ သူများကြောင့်တွေသာ ကုန်ကြ တာများပါတယ်။ အဲဒီနေရာဟာ 'ထွက်' ဆိုတဲ့နေရာလည်း ဖြစ်နေလို့လားမသိပါ ဘူး။ စုမိဆောင်းမိထားတဲ့ ကိုယ်ပိုင်ငွေဟာ အထွက်ပြကုန်တာများပါတယ်။

နောက်တစ်ယောက် တွေ့ဖူးတဲ့ ဒေါ်လေးကတော့ သူများအကြွေးတွေကို ဆပ်ချင်လွန်းလို့ သူ့ခမျာသူများဆီက ပိုက်ဆံခဏဆွဲပြီး ထမင်းဆိုင်ဖွင့်ခဲ့တဲ့ ဒေါ်လေးပါပဲ။ သူကတော့ တနင်္ဂနွေသမီးပါ။ အသက်က (၄၉) နှစ်ပါ။ သူလည်း တနင်္ဂနွေသက်ရောက်မှာဖြစ်လို့-

၆ ၅
(၅ ၄) ←—— မြ
၄ ၃
၃ ၂
၂ ၁
၁ ၀
၀ ၆

ဒီလိုကိန်းတွေပဲထွက်လာပါတယ်။

သူလည်း စောစောက သူငယ်ချင်းတို့၊ ဦးလေးကို့လိုပါပဲ။ ဒါပေမယ့် သူ့ထွက်ပုံထွက်နည်းကတစ်မျိုး။

သူဟာ ရောင်းကောင်းပါတယ်။ ရောင်းရသမျှငွေဟာ သူများကို ထိုးစပ် နေရလို့ နာလန်မထူပါဘူး။

ဒါလည်း ကိုယ်ပိုင်ငွေထွက်နေတဲ့ သဘောပဲလေ။ ထွက်တာမှ နေ့စဉ် ရောင်းရတဲ့ငွေထဲကနေ ဖယ်သင့်တာကို ဖယ်၊ တစ်ပတ်တစ်ခါ ကြွေးထိုးဆပ်လုပ် နေရတော့ သူရောင်းလို့ရသမျှငွေဟာ သူများအတွက်ချည်းပါပဲ။

ဒီဒေါ်လေး ဆပ်လာခဲ့တဲ့ကြွေး တွေများပါပြီ။ ဆပ်လာခဲ့တာတော်တော် ကြာခဲ့ပါပြီ။ ခုထိကို မကြေသေးပါဘူး။

နောက်တစ်ယောက်တွေ့တာက အမွေကိစ္စပါ။

သူ့မှာရှိသမျှ အကုန်လုံးကို သား သမီးသုံးယောက်ကို တစ်ခါတည်းခွဲပေး လိုက်ရတာပါ။ သူ့အတွက် အိမ်ပဲကျန် ပါတော့တယ်။ ပိုင်ဆိုင်တဲ့ငွေ သိန်းနှစ် ထောင်ကို သားသမီး (၃) ယောက်ခွဲ ပေးလိုက်ရလို့ ကုန်ပါပြီ။ သူကပြော ခင်နေတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးမိန်းမပါပဲ။

အဲဒီအဒေါ်ရဲ့ကံက -

၆၁
၅၀ ← မြ
၄၆
၃၅
၂၄
၁၃
၀၂

အဲဒီလိုဖြစ်နေပါတယ်။ ဒီနှစ်ထဲမှာပါ။

စုမိဆောင်းမိသမျှ အကုန်ကုန်တဲ့သဘောပါပဲ။ ဘယ်လိုမှပြောလို့ဆိုလို့ တားလို့ဆီးလို့မရတော့လောက်အောင် သူတို့ဆီမှာ အမွေတောင်း၊ ငွေတောင်းတွေဖြစ်လာတော့ သူတို့စုထားသမျှခွဲပေးလိုက်ရတဲ့သဘောပါပဲ။ လုံးခနဲထွက်သွားတာပါ။ 'မြ' သတ္တိဟာ လုံးခနဲထွက်လွန်းလှပါလားဆိုပြီး တော်တော်ပညာရပါတယ်။ အံ့လည်းအံ့ဩမိပါတယ်။

ဒီလိုကံမျိုးကြုံလာပြီဆိုတာနဲ့ စုဆောင်းထားတဲ့ငွေကြေးဟာ တစ်နည်းမဟုတ်တစ်နည်းနဲ့ လုံးခနဲထွက်ကုန်တော့တာဟာ လက်တွေ့တွေ့ အများကြီးတွေ့နေရပါပြီ။

တချို့ဆိုရင် ကိုယ့်ကိစ္စမဟုတ်ဘဲနဲ့ သူများကို ကြားက အာမခံမိလို့ စိုက်ဆပ်လိုက်ရတဲ့သူတွေလည်း တွေ့ရပါတယ်။

ခုလိုပဲ ကိုယ့်ပိုက်ဆံလေးကို လုံးခနဲ ထိုးပေးလိုက်ရတာပါ။ တချို့ ပေးလိုက်ရရုံမကဘဲ အမှုပါဖြစ်ကုန်တာတွေရှိပါတယ်။ ကြွေးတွေတောင် ပြန်တင်ကုန်ပါတယ်။

ဒါတွေသိလာရတော့ -

ခင်တဲ့ ဦးလေးတစ်ယောက်ကို အချိန်မီ အကြံပေးနိုင်ခဲ့ပါတယ်။ သူက အိမ်တွေရောင်းလိုက်ပြီး ငွေတွေအများကြီးကိုင်ထားတဲ့ ဦးလေးပါ။ ဦးလေးကလည်း ထမင်းဆိုင်ဖွင့်ထားတဲ့ ဒေါ်လေးလိုပါပဲ တနင်္ဂနွေသား။ ဦးလေးကတော့ (၅၇) နှစ်။

၆၅
၅၄ ← မြ
၄၃
၃၂
၂၁
၁၀
၀၆

ဒေါ်လေးလိုကိန်းပါပဲ၊ တနင်္ဂနွေသက်ရောက်ပေါ့။

ဦးလေး အိမ်တွေရောင်းထားလို့ လက်ထဲမှာ ငွေအထုပ်လိုက်အထည်လိုက်ရှိနေပြီကြားတာနဲ့ ဟိုတရွယ်သာဝင်ပါတို့၊ ဒီတစပ်တူလုပ်မလားလို့၊ တုန်ဆိုင်ပြောင်ပေးမယ်တို့၊ အတိုးပေးပါမယ် ချေးပါတို့၊ အမျိုးမျိုးလာသွယ်ကြတော့တာပါပဲ။

ဦးလေးကလည်း ဘယ်ဟာအကျိုးပေးမယ်ဆိုတာကို လာတွက်ရင်း သူ့ကံကိုတွေ့လိုက်တော့ -

"တာ - ဦးလေး။ ဘယ်သူနဲ့မှဘာမှ မလုပ်နဲ့၊ ဦးလေးငွေတွေ အကုန်လုံးလက်ထဲမှာ တစ်ပြားမှမထားနဲ့တော့၊ ဘဏ်ကိုသာအပ်လိုက်ပေတော့"

ဆိုပြီး အကြံပေးလိုက်ရပါတယ်။

ဦးလေးကလည်း အားရဝမ်းသာလက်ခံပြီး အပ်လိုက်ခဲ့ပါတယ်။ ဦးလေးအပ်ပြီးမှ ဦးလေးဆီမှာငွေလာချေးတဲ့လူတွေကမောက်တမျဖြစ်ကြတဲ့အကြောင်း ဦးလေးပြောပြလို့ သိရပါတယ်။

ဦးလေးက ကျေးဇူးတင်လွန်းလို့ဆိုပြီး အိမ်ကိုခဏခဏလာလည်ပါတယ်။ ပြောလို့ကို မဆုံးတော့ပါဘူး။

မှန်ပါတယ်၊ ကိန်းအတိုင်းလုပ်လိုက်တာပါ။

ဦးလေးလက်ထဲကရှိသမျှငွေတွေကို ကိန်းတွေကပြတဲ့အတိုင်း အကုန်ထုတ်ပစ်နိုင်လိုက်တာပါ။

ဦးလေးလက်ထဲမှာ ပြောင်သွားပါပြီ။ ဘာမှမကျန်တော့ပါဘူး။ ဒါပေမယ့် သူပြောင်ပုံပြောင်နည်းက သူ့အတွက်အကျိုးမယုတ်တဲ့ ပြောင်နည်းမျိုးပါ။ ဦးလေးဆို ကျေးဇူးတင်လွန်းလို့။

နောက်တစ်ယောက်ကတော့ -

မောင်နှမလိုနေတဲ့ အစ်မတစ်ယောက်ပါ။ သူကလည်း ဒီလိုပါပဲ။ သူတိုက်ခန်းလေးရောင်းထွက်သွားလို့ ငွေလေး သိန်းတစ်ထောင်လောက်ပေါ်လာရော၊ ဟိုလူကလာချေး၊ ဒီလူကလာချေးလုပ်တော့တာပါပဲ။

အစ်မက -

၆၂
၅၁ ← မြ
၄၀
၃၆
၂၅
၁၄
၀၃

အင်္ဂါသမီးပါ။

သူ့မွေးနံ့ဟာ တန်းကပ်မှာ ရောက်နေတာရယ်၊ မြထဲမှာ ကြာသပတေးရှိနေတာရယ်ကို မကြိုက်လို့ သူ့ကိုလည်း ဘဏ်မှာပဲအပ်ခိုင်းလိုက်ရပါတယ်။ သူကလည်း အပ်လိုက်ပါတယ်။

သူ့မှာပိုက်ဆံရှိမှန်း သိလို့လာချေးတဲ့ သူတွေတောင် ဘဏ်မှာအပ်လိုက်ပြီးတဲ့နောက်ပိုင်း သူ့ကို စကားကောင်းကောင်း မပြောကြတော့ပါဘူး။

ဒါပေမယ့် အစ်မမှာ ငွေကြေးအလုံးအရင်းလိုက် ထွက်သွားပေမယ့် မဆုံးရှုံးတော့ပါဘူး။ အစ်မလည်း စိတ်ချမ်းသာလို့ပေါ့။

ဒီလိုမျိုး ကံတွေ ကြုံလာရင်၊ ဒီလိုကိန်းတွေ ကြုံလာရင် သတိထားဖို့လေးပါ။

တင်ပြလိုက်တာပါ။

ပိုပြီး ပြည့်ပြည့်စုံစုံ တင်ပြချင်ပါသေးတယ်။

အဲဒါကတော့ -

တနင်္ဂနွေသားသမီးတွေကို တွက်ကြည့်လိုက်တဲ့အခါ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅ နှစ်တွေ။

တနင်္လာသားသမီးတွေကို တွက်ကြည့်ရင် ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄ နှစ်တွေ။

အင်္ဂါသားသမီးတွေကို တွက်ကြည့်ရင် ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ နှစ်တွေ။

ဗုဒ္ဓဟူးသားသမီးတွေကို တွက်ကြည့်ရင် ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂ နှစ်တွေ။

ကြာသပတေးသားသမီးတွေဆိုရင် ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀ နှစ်တွေ။

သောကြာသားသမီးတွေကိုတွက်ရင် ၃၄၊ ၄၂၊ ၅၀၊ ၅၈ နှစ်တွေ။

စနေသားသမီးတွေဆိုရင် ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁ နှစ်တွေရောက်နေကြပြီဆိုတာနဲ့ စောစောပြောခဲ့တဲ့ ငွေအချေးအငှားကိစ္စတွေ လုံးဝမလုပ်မိဖို့ သူများအတွက်ငွေ အာမခံမိဖို့၊ သူများပြောတိုင်းမယုံဖို့၊ လက်ထဲမှာငွေအလုံးအရင်းရှိရင် လုပ်ငန်းတွေထဲထည့်ဖို့ ဒါမှမဟုတ် ဘဏ်မှာအပ်ဖို့ စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်လေးနဲ့ သတိမူမိအောင် အကြံပေးလိုက်ရတာပါ၊ ဒါလေးပါ။

ခင်ညို



www.burmeseclassic.com

www.burmeseclassic.com

ပြည့်သိန်းကျော်

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်[illegible]ပါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး၊ 'ဒိဝါတပတိဂါထာ'ကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟိ တဟိ' အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့်ရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တတ်မရိုက်ပါနှင့်။ စနေနာမည်ရှင် အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရှာရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့ အမည်ပါရှိသော ဘုရားစေတီ၏တနင်္ဂနွေထောင့်တွင် 'မုစကြာ' ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် ဘူးခွံ၊ ပုလင်းခွံအဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။ သန့်ရှင်းရေးများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ဓာတ်စာ၊ ငွေကြေး တတ်အားသရွေ့ ကူညီပံ့ပိုးပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် စနေသားသမီးတစ်ဦးနှင့် ထီစပ်ထိုးထားပါ။
(၁) အစ (၁) အဆုံးဂဏန်းများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီး (၃) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး၊ ဒိဝါတပတိဂါထာကို ပုတီး (၁) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရှာရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့ အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုလ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - စိတ်ရောဂါဝေဒနာရှင်များကို အာဟာရလှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာတွေ့သည့်ထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ဝန်းပေါင်းစုံဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး၊ ဒိဝါတပတိဂါထာကို အမိဌာန်ပုတီးများစိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်၊ ဝတ္ထုငွေများလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို အင်္ဂါနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် စပ်ပြီးရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'ရွှေ'ဘွဲ့အမည်ရှိသော ဘုရားစေတီ၏တနင်္ဂနွေထောင့်တွင် ခမွစကြာရွှတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ ပလတ်စတစ်ပစ္စည်းအကျိုးအပျက်၊ အဟောင်းများ၊ ပလတ်စတစ်အိတ်ခွံအဟောင်းများ ရေတွင်မျှောလိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ကုဋီများကို စင်ကြယ်အောင် ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ မကြာမကြာဆောင်ရွက်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အနီရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
ကျန်းမာရေး - ဦးခေါင်းတွင် အနာများပေါက်နေသောကလေးကို စားချင်တဲ့မုန့်မေးပြီး ဝယ်ကျွေးလိုက်ပါ။
ထီကံကောင်းလိုသူများ - စနေနေ့တွင် စနေနံထိဆိုင်မှာ စနေသားသမီးနှင့် ထီစပ်ထိုးထားပါ။ (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး၊ ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ကြီးများကို ဆွမ်းဆန်များစွာ လောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တနင်္ဂနွေနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အောင်'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အမိဌာန်ပုတီးများ မကြာမကြာသွားစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - ဘုရားစေတီများသို့သွား၍ မွေးနံမှစပြီး ဂြိုဟ်ရှစ်ခွင်လှည့်၍ ရေသပ္ပာယ်ပါ။ ကိုယ့်မွေးနံရောက်လျှင် အမိဌာန်ပုတီးများစိပ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရား၊ ကျောင်းကန်၊ ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ငါးစာ၊ ငှက်စာ၊ ခဏခဏကျွေးပါ။
ကျန်းမာရေး - နှမ်းပါးချို့တဲ့သူများကို ဆေးဝါး၊ ဓာတ်စာများ ကူညီပေးပါ။
ထီကံကောင်းလိုသူများ - ခရီးသွားမည့်လူကြုံနှင့် မှာ၍ထိုးပါ။ ကိုယ်က ဂဏန်းရွေးမနေပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ထီကံကောင်းတတ်ပါသည်။

## ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး၊ ဒိဝါတပတိဂါထာကို အမိဌာန်ပုတီးများစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တိုင်း ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - ယခုလ ဘုရား (၃) ဆူတစ်နေ့တည်းလှည့်ပြီး အမိဌာန်ပုတီးများစိပ်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားစက်ဖုံးကို နံ့သာတုံးဖြင့် မကြာမကြာ စတိခေါက်ပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများ ရှာဖွေရှင်းလင်း စွန့်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္ဗုဒ္ဓေ(၁၀၈) ခေါက် နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ကင်ဆတ်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - နို့စာကျွေးပါ၊ ငှက်စာကျွေးပါ။

www.burmeseclassic.com

**ထီးကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသောထီသည်ထံတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟိ တဟိ အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္ဂနွေနံတွဲ အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို ပုတီးစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သောဘုရားစေတီသို့ ခြေကျင်လျှောက်သွားပြီး တံမြက်စည်းလှည်းပါ။ မကြာခဏဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ စိတ်ညစ်စရာကိစ္စများ မပြောပါနှင့်။ ကိုယ့်ဘက်က အလျှော့ပေးပါ။ ခိုလေးများကို ပဲကျွေးပါ။

**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှ စားပါ။

**ထီးကံကောင်းလိုသူများ** - ထီလှည်းလေးများ အိမ်ရှေ့လာရပ်ပြီး ရောင်းပါက (၀) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီး (၆) မျိုးဖြင့် မကြာမကြာ တပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်များ၊ သီလရှင်ဆရာကြီးများကို သစ်သီးဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်က အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တန်ခိုးကြီးဘုရားတစ်ဆူသို့သွား၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဆီမီးထွန်းညှိပူဇော်ပြီး ပဋ္ဌာန်းနှင့် မဗွစကြာ ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ပြုဟ်သတ်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်၊ အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ အနီရောင်၊ အမည်းရောင်အကျီဝတ်ပြီး မသွားပါနှင့်။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာမကြာမကြာသွားကျွေးပါ။

**ထီးကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် နှစ်စောင်တွဲ၊ သုံးဆောင်တွဲလေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။ (၆၊ ၃၊ ၂ ၉) ဂဏန်းများနှင့်စသောထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

ယခုလတွင် -

အင်္ဂါ-တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာ ရယူပါ။

ဥပမာ- ဇော်ခ၊ စိန်ကံ၊ ဉာဏ်ကောင်း

*မိမိကောင်းမှုအကြောင်းပြု*

*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည့်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝေသူ (B.Sc)



**စက်တင်ဘာလ ၁ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဝါ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်းမှာ (၇)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၃ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အနက်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၄ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အစိမ်း၊ အပြာ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၅ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၇။ ၉)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဝိနေယျ' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၆ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဝါ၊ အနီ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်သို့လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အညို၊ အပြာ။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၈ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊၃၊ ၅)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဖြူ၊ ပန်းရောင်။ အကျိုးပေးနေ့သားမှာ ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၉ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနီ၊ ပန်းရောင်။အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အညို၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၁ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အနက်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၁၂ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အဖြူ၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'အရဟံဝိနေယျ' (၃) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၃ ရက်၊ စနေနေ့** - လာဘ်ဂဏန်း(၉)။ စိုး[illegible]ဂဏန်း(၃ ၅ ၀)။ လာဘ်နေအရပ် [illegible]နောက်တောင်။



www.burmeseclassic.com

www.burmeseclassic.com

လာဘ်အရောင် အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏ သမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၁၄ ရက်၊ အင်္ဂါနေ့ နေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဖြူရောင်နှင့် ဖေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ၊ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၁၅ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အပြာနှင့် မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၁၆ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း(၁၊၃၊၅)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနက်၊ အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက် လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့ -လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၁၉ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၉၊ ၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အဖြူ၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ 'ဗုဒ္ဓေါဓိနော' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၂၀ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း(၂၊၆၊၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အနီနှင့် ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက် လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ်မှာ အရှေ့မြောက်။ လာဘ်အရောင် အညို၊ နုံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက် လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၂၂ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အစိမ်း၊ နီညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း(၁၊ ၂၃)။ လာဘ်နေအရပ်မှာ အရှေ့တောင်။ လာဘ်အရောင် အဖြူ၊ ဖေဒါရောင်။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ် ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက် လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၂၅ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက် လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၂၆ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် လိမ္မော်၊ ဖေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ 'အရဟံဇိနော' (၉)ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၂၇ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၅) စိုးမိုးဂဏန်း(၁၊၆၊၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အညို၊ နုံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက် လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၂၈ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၉၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဖြူ၊ အညို။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၂၉ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၈၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် မီးခိုး၊ နုံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၃၀ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း(၃၊၆၊၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ 'နမောတဿ' (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**


အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးသည့် တနင်္ဂနွေနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၅) ဝကာန်းရှောင်ပြီး အလုပ်လုပ်ပါ။ အပူသောကနှင့် ရောက်လာတတ်သည့်ရုပ်ဝေးမှလူ သို့မဟုတ် ကြာသပတေးနာမည်ရှင်များ ညအိပ်လာမည်ဆိုလျှင် စဉ်းစားပါ။ တတ်နိုင်သရွေ့ ကူညီပေးလိုက်၍ရပါသည်။ လူမျိုးတွဲနှင့်ဆိုင်သောလုပ်ငန်းများ၊ အငှားယာဉ်အဖုံလုပ်ငန်းများ အလွန်အကျိုးပေးပါမည်။ အလုပ်အကိုင်ရှာဖွေနေသူများ အလုပ်ရပါတော့မည်။ အိုးသစ်အိမ်သစ်၊ တိုက်ခန်းသစ်များဝင်လာတတ်ပါသည်၊ အကြီးအကဲ ဆွေမျိုးများ၏ ကူညီပံ့ပိုးမှုရရှိပါမည်။ အကြံအစည်ကိစ္စပြုရန်ရှိတိုင်း အကျီအရောင်နုနုများဝတ်မသွားပါနှင့်။ ငွေကုန်ကြေး ကျများတတ်သောကာလဖြစ်နေ၍ မလိုအပ်ဘဲ ကုန်ကျမှုမျိုးမရှိစေရန် နေ့စဉ် ဒိဝါတပတိဝါတာတို ပုတီးနှစ်ပတ်၊ သုံးပတ်စိပ်ပါ။ လုပ်ငန်းခွင် ရာထူးတိုးကိစ္စများ ကြားရမည်။ ကျန်းမာရေးကောင်းမည်။ ပညာရေးတွင် အခက်အခဲများရှိနေတတ်သော်လည်း ငွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုရရှိလာပါလိမ့်မည်။ နှလုံးသားရေးရာကိစ္စများ မကြာခဏလမ်းခွဲစကားများ ပြောရတတ်သော်လည်း ပြန်လည်သင့်မြတ်သွားပါလိမ့်မည်။ စကားအငြင်းအခုံဖြစ်လာပြီဆိုလျှင် တိုယ်တလျှော့ပေးလိုက်ပါ။ အိမ်ရှိစက်ပစ္စည်းအဟောင်းများကို ပြင်ဆင်ရလွန်း၍ ငွေကုန်ကြေးကျများတတ်ပါသည်။ ထိုထိုးရန်အတွက် တနင်္ဂနွေနေ့တွင် စနေသားသမီးတစ်ဦးနှင့် စပ်တူထိုးပါ။ ထီကံကောင်းတတ်ပါသည်။

ယတြာ ။ ။ *ဘုရားရှင်အား သစ်သီး (၆) မျိုးနှင့် မကြာမကြာ ကပ်လှူတော်မူပါ။*

# ခုနှစ်ရက်သားသမီး ၄ ဟောစာတမ်း

## ဆရာဦးမောင်မောင်သန်း

၂၀၁၄ ခုနှစ် ၊ စက်တင်ဘာလ





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများအတွက် အတောင်းဆုံးကူညီပေးမည့်နံ သင့်ပုဂ္ဂိုလ်များမှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရန်များလွန်းသူ၊ ရန်လိုတတ်သူများနှင့် အရောတဝင်မနေပါနှင့်။ သူတစ်ပါးအမှုကိစ္စများတွင် ကြားဝင်ပါခြင်း၊ အာမခံခြင်းများလည်း ရှောင်လိုက်ပါ။ စက်ပစ္စည်းအကျိုးမပေးသောကာလ ဖြစ်ပါသည်။ ဆိုင်ကယ်စီးသူများ အကြမ်းမစီးမိပါစေနှင့်။ သုံးယောက်စီးခြင်းလည်း ရှောင်လိုက်ပါ။ ငွေဝင်သော်လည်း အဖတ်မတင်ဘဲ ဖြစ်နေတတ်ပါသည်။ အပိုမသုံးမိအောင် ဂရုစိုက်ပါ။ အလုပ်ရှာသူများ အလုပ်အဆင်ပြေသွားမည်။ လူမျိုးကွဲတစ်ယောက်က အကျိုးတူစီးပွားလုပ်ရန် လာပြောလျှင် မလုပ်သင့်ပါ။ ခရီးယာယီပေါ်မည်။ ကျန်းမာရေးကောင်းပါမည်။ ဆီး၊ ဝမ်း၊ လေ အချုပ်မခံပါနှင့်။ လေရောဂါဝေဒနာရှင်များကို ဆေးလှူပါ။ ပညာရေးကောင်းနေ၍ သူငယ်ချင်းများနှင့် အချိန်ဖြုန်းမနေပါနှင့်။ စာမှန်မှန်ကျက်ပါ။ ထူးချွန်စွာ အောင်မြင်ပါလိမ့်မည်။ နှလုံးသားရေးရာတွင် မျက်နှာများသူမဖြစ်ပါစေနှင့်။ စန်းပွင့်လွန်း၍ ချစ်သူအပေါ် သစ္စာရှိပါ။ ဝင်လာမည့်လာဘ်လာဘများ ကြန့်ကြာမှုမရှိစေရန် ငွေဝင်စေတတ်သောဂါထာများ ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အကျီအရောင်ရင့်ရင့်များ ဝတ်ဆင်မသွားပါနှင့်။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုး လိုက်ပါ။ ခရီးသွားမည့် လူကြုံနှင့်လည်း ထီထိုးလာပေးဖို့ မှာလိုက်ပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ *ဘုရားတစ်ဆူဆူသို့သွား၍ ပန်းပေါင်းစုံ (၇) မျိုးနှင့် ပူဇော်ပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသည့်စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် စနေနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံးအောင်မြင်သွားပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့် အကျိုးပေးပါမည်။ ထီကံကောင်းသောလဖြစ်၍ ထီထိုးရန်သတိရပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အကုန်အကျများသောကာလဖြစ်နေ၍ မလိုအပ်ဘဲကုန်ကျမှုမျိုး မရှိစေရန် ဒိဝါတပတိဂါထာကိုလည်း နေ့စဉ် ပုတီးနှစ်ပတ်၊ သုံးပတ်ရအောင်စိပ်ပါ။ မမျှော်လင့်ဘဲ ရွှေထည်ပစ္စည်းအပေါင်းဝင်လာမည်။ ကိုယ့်အလုပ်တင်မကဘဲ သူတစ်ပါးအလုပ်ပါ ကူလုပ်ပေးနေရတတ်သည်။ လုပ်ငန်းခွင်အတွင်း စိတ်ကသိကအောက်ကြုံမည်။ ကျန်းမာရေးကောင်းပါမည်။ နာတာရှည်သမားများ နာလန်ထလာမည်။ ပညာရေးကံများကောင်းနေတတ်၍ ဇွဲ၊ လုံ့လ၊ ဝီရိယ မလျှော့ဘဲ ကြိုးစားလိုက်ပါ။ အောင်မြင်သွားပါလိမ့်မည်။ ချစ်တတ်သူများအဖို့ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို ကြုံသလိုအစာကျွေးပါ။ အရေးတကြီးကိစ္စဆောင်ရွက်ရန်ရှိပါက အိမ်မှစောစောထွက်လာပြီး အနီးဆုံးဘုရားတစ်ဆူသို့ အရင်သွား၍ ရုပ်ပွားတော်မြတ်တစ်ဆူရှေ့တွင် ဖယောင်းတိုင်(၃)တိုင် ထွန်းညှိပူဇော်ပြီး သရဏဂုံကို သက်စေ့ရွတ်ပြီးမှ သွားပါ။ ထီထိုးရန်အတွက် စက်ဘီး၊ လှည်းလေးများနှင့် လိုက်လံရောင်းချနေသည့်ထီသည်နှင့်ကြုံတိုင်း နိုင်သလောက်ထိုးထားလိုက်ပါ။

ယတြာ ။ ။ *အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများအတွက် အကျိုးပေးသောနံသင့်သူဖြစ်သည့် တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ (၆) ဂဏန်း၊ (၃)ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးသွားရန်ကိစ္စပေါ်လာတတ်သည်။ အလုပ်လျှောက်ထားသူများ၊ အင်တာဗျူးဖြေထားသူများ အောင်မြင်မည်။ အိုးအိမ်၊ အဆောက်အအုံနှင့်ဆိုင်သောလုပ်ငန်းများကောင်းမည်။ ဆွေမျိုးအကြီးအကဲများ၏ကူညီပံ့ပိုးမှုကြောင့် အစစအရာရာ အဆင်ပြေပါလိမ့်မည်။ ငွေဝင်ပြီး မမြဲဘဲဖြစ်နေတတ်၍ မလိုအပ်ဘဲ ကုန်ကျမှုမျိုးမရှိစေရန် ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးတစ်ပတ်စိပ်ပါ။ ကျန်းမာရေးကောင်းနေစေရန်အတွက် ကိုယ်နှင့်မတည့်သောအစားအသောက်များ သတိထားပြီး ရှောင်လိုက်ပါ။ စာကလေးများကို ဇီဇိတဒါနလွှတ်ပေးခြင်း၊ အစာကျွေးခြင်းများ ကုသိုလ်ပြုပါ။ ဆိုင်ကယ်အစီးမကြမ်းပါနှင့်။ သုံးယောက်စီးခြင်းလည်းရှောင်ပါ။ ပညာရေးကံများကောင်းနေသော်လည်း စိတ်ပါလျှင် ကျက်လိုက်၊ စိတ်မပါလျှင် ပစ်ထားလိုက်မလုပ်ပါနှင့်။ စာကိုပုံမှန်လုပ်သွားပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ အချစ်ရေးနှင့်ဆိုင်သောကိစ္စများ စိတ်ချမ်းသာမှုအချိန်လေးများလည်း ရရှိပါလိမ့်မည်။ အရေးတကြီးကိစ္စများဆောင်ရွက်ရန်ရှိတိုင်း အနီးဆုံးဘုရား၊ စေတီတစ်ဆူဆူသို့ အရင်သွား၍ ရုပ်ပွားတော်မြတ်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၅) တိုင်ထွန်းညှိပူဇော်ပြီး ဂုဏ်တော်များရွတ်ဖတ်သရဇ္ဈာယ်ပြီးမှသွားပါ။ ထီထိုးရန်အတွက် ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ထီကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ *မျက်စိဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရများ လှူပေးပါ။*



www.burmeseclassic.com

www.burmeseclassic.com

### ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့် နံသင့်သူများမှာ သောကြာသားသမီး၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းများဝင်မည်။ လူမျိုးကွဲနှင့်ဆိုင်သောအလုပ်ကိစ္စများအောင်မြင်မည်။ ခရီးယာယီရှိနေပါသည်။ ထိကံကောင်းသောလဖြစ်၍ ထိထိုးရန် သတိရပါ။ လုပ်ငန်းခွင်အတွင်း စိတ်ကသိကအောက်ကြုံမည်။ ခက်ခဲသောအလုပ်ကိစ္စများရှိနေတတ်ပါသည်။ သို့သော် အောင်မြင်စွာပြီးဆုံးသွားပါလိမ့်မည်။ လက်ဝတ်ရတနာဝင်လာပါက မိသားစုထဲမှတစ်ဦးဦးကိုဆင်ပေးလိုက်ပါ။ လာဘ်လာဘအတွက် ရှင်သီဝလိ-၁၀ဂါထာ၊ မဟာဝေဒဗ္ဗမန္တန်၊ ဒိဝါတပတိဂါထာများကို နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။ ကျန်းမာရေးချူချာနေတတ်ပါသည်။ စိုးရိမ်စရာမရှိပါ။ အာရုံကြောများအနားပေးပါ။ လွန်စွာအအေးမခံပါနှင့်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ မိသားစုပျော်ရွှင်ဖွယ်ရာနေ့ရက်လေးများ ဖြစ်ပါသည်။ လူမှုရေးကိစ္စများကြောင့် စိတ်ညစ်ရပါက လမ်းလျှောက်သွား၍ အနီးဆုံးဖြစ်သော ဘုရားစေတီများသို့ ခြေကျင်လျှောက်သွားပြီး တံမြက်စည်းမကြာခဏသွားလှည်းပါ။ ပညာရေးကံ ...ကောင်းနေသော်လည်း အချိန်ကိုတန်ဖိုးထားပြီး လေ့လာကျက်မှတ်ပါမှ အောင်မြင်မှုသေချာမည်။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိရပါမ... ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။ (၇၊ ၉၊ ၆၊ ၃) ဂ...န်းနှင့်စသော ထီလက်မှတ်လေးများ နိုင်သလောက်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ကလေးလေးများကို အလှူများများပြုလုပ်ပေးပါ။*

### သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့်နံသင့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္ဂနွေသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်း၊ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စကားပြောခြင်းဆင်ရမည့်ကာလ ဖြစ်ပါသည်။ လုပ်ငန်းသစ်များ စတင်နိုင်ပါပြီ။ လုပ်ငန်းခွင်အတွင်း ရာထူးတိုးကိစ္စများ ကြားရမည်။ အိုးအိမ်၊ အဆောက်အအုံနှင့်ဆိုင်သောကိစ္စများ ဆောင်ရွက်စရာရှိပါက အဆင်ပြေပါမည်။ အောင်မြင်မှုရရှိမည်။ ငွေဝင်လာပြီး မမြဲသောကာလဖြစ်နေမည်။ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားပါ။ သူတစ်ပါးနှင့်ဆိုင်သော ငွေကြေးကိစ္စအပေးအယူများ၊ စာရင်းဇယားများနှင့်ပြုလုပ်ထားပါ။ အငြင်းပွားရတတ်ပါသည်။ လက်ဝတ်ရတနာဝင်ကိန်းရှိသည်။ ဆိုင်ကယ်စီးသူများ အကြမ်းပတမ်းမစီးပါနှင့်။ ကျန်းမာရေးကောင်းပါမည်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ထီကံကောင်းသောကာလ ဖြစ်ပါသည်။ ထီထိုးထားပါ။ လူမျိုးကွဲအကူအညီရရှိမည်။ ပညာရေးကောင်းမည်။ ပို၍ပို၍ကြိုးစားသူများ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ အဆင်ပြေလိုက်၊ မပြေလိုက်ဖြစ်နေတတ်ပါသည်။ ခိုလေးများကို အစာကျွေးပါ။ စာကလေးများကို ဇီဝိတဒါနလွှတ်ပေးပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး သီလတစ်ပါးပါးဆောက်တည်နေထိုင်ခြင်းဖြင့် အညံ့များတဖြည်းဖြည်းလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ ထီထိုးရန်အတွက် လမ်းဆုံတွင်ရှိသောထီဆိုင်မှာ (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ယခုလ နေ့တစ်နေ့ရွေးပါ။ ထိုနေ့တွင် ဘုရား (၃) ဆူပြည့်အောင် သွား၍ ပူဇော်ခြင်း၊ လှူဒါန်းခြင်းများ၊ ဝတ်ပြုခြင်းများပြုပါ။*

### စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့်နံသင့်သူများမှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းများမမျှော်လင့်ဘဲဝင်လာတတ်သည်။ ရုတ်တရက်အကျိုးပေးပါမည်။ အလုပ်နှစ်မျိုး၊ သုံးမျိုးဆုံပြီးကျနေတတ်သဖြင့် စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းဖြစ်ရတတ်သည်။ လူမျိုးကွဲနှင့်အဆင်မပြေသောကာလ ဖြစ်ပါသည်။ ရန်လိုတတ်သူ၊ ရန်များတတ်သူများနှင့် တပူးတွဲတွဲလုပ်မနေပါနှင့်။ စိတ်ညစ်ရတတ်ပါသည်။ သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အမည်းရောင်အကျီလေးများဝတ်မသွားပါနှင့်။ အိမ်ထဲရှိ ထီးစုတ်၊ ဖိနပ်စုတ်မှန်သမျှအကုန်စွန့်ပစ်ပါ။ သူများလက်ဆောင်ပေးရင်လည်း စနေနံပစ္စည်းမယူပါနှင့်။ ကျန်းမာရေးကောင်းနေစေရန် အာရုံကြောများမကြာခဏအနားပေးပြီးမှ အလုပ်လုပ်ပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ အသက်ကယ်ခြင်းများပြုပါ။ မေတ္တာသုတ်ကို နေ့စဉ် ပြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပညာရေးကံများကောင်းပြီးရင်းကောင်းနေပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယနှစ်ဆတိုးပြီးကြိုးစားလိုက်ပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ သာယာကြည်နူးဖွယ်နေ့ရက်များ ဖြစ်ပါသည်။ ထီထိုးရန်အတွက် စက်ဘီး၊ ကားနှင့်ရောင်းသောထီသည်ထံမှာ နှစ်စောင်တွဲ၊ သုံးစောင်တွဲလေးများ ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

ယတြာ ။ ။ *ခရီးသွားမည့် သံဃာတော်အရှင်သူမြတ်တစ်ပါးပါးကို ဝတ္တုငွေ ရှိသလောက် လှူလိုက်ပါ။*

ရ င် ကို အေ း မြ စေ သေ ာ

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၂)၊ ကုန်းဘောင်(၁၀)လ... (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့... ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

ခုတစ်လော -

မိတ်ဆွေ တော်တော်များများရဲ့ အခက်အခဲလေးတွေကို ကူညီဖြေရှင်းပေး၊ သိသလောက် မှတ်သားမိသလောက် အတွေ့အကြုံရှိသလောက်နဲ့ အကြံဉာဏ်ကောင်းတွေပေး။

အဲဒီလိုပေးနေရင်း -

ဩော် - ရောက်အောင်လာကြတဲ့မိတ်ဆွေတွေကတော့ အမေနှင့်အမြန် အဆင်ပြေကြလေရဲ့၊ အနည်းနဲ့အများ ကောင်းကျိုးပေါ်လာတွေ ဖြစ်လွန်းကြလေရဲ့။

အလုပ်တွေ မအားမလပ်လွန်းကြလို့ ရောက်အောင်မလာနိုင်ကြတဲ့အဝေးကမိတ်ဆွေတွေဆိုရင် -

ခုလို စိုးရိမ်ပုံတွေ သိကြမှာမဟုတ်ဘူး။

ခုလို ပြဿနာတွေ သိကြမှာမဟုတ်ဘူး။

ခုလို အကြံဉာဏ်တွေ သူတို့ဆီရောက်အောင် ပြောနိုင်မှာမဟုတ်ဘူးဆိုပြီး အနိစ္စနဲ့အမှု ငြိမ်းသွားခဲ့ပါတယ်။

အကြောင်းအရာလေးတစ်ခုကို အောင်မြင်ပေမဲ့ အကြံဉာဏ်ကောင်းအင်အားရှင်ပေးလိုက်ရလို့ အောင်မြင်သွားကြပြီဆိုတာနဲ့ -

အဝေးမှာနေကြတဲ့ မိတ်ဆွေတွေကို ချက်ချင်းသတိရလိုက်ပါတယ်။

ဩော်-ငါ့ဆီမလာနိုင်ကြသေးတဲ့ ငါ့ရဲ့မိတ်ဆွေတွေလည်း ဒီလိုအောင်မြင်ကြရင် ဘယ်လောက်ကောင်းလိုက်မလဲ ဆိုတဲ့ စိတ်တွေတဖွားဖွားနဲ့ နေမထိထိုင်မသာဖြစ်လာရပါတယ်။

ဒါကြောင့် -

သုရဿရဲ့ ကျေးဇူးရှင် ပရိသတ်ကြီး အတွက် -

ခုလို သုရဿလက်ဆောင် ဖြစ်ပေါ်လာခဲ့ရတာ ဖြစ်ပါတယ်။

ကား။

မကြာခဏ ထိခိုက်ကြတဲ့ကိစ္စတွေ-

ကားဦးတက်ကို မိတ္တူကူးလိုက်ပါ၊ လူနာမည်ကို စာရွက်လေးတစ်ခုနဲ့ ရေးပြီးကူး။ ပြီးတော့ပြန်ခွာ။ ပြီးရင် ဘုရားဆောင်ပေါ် တင်ထားပါ။

ဘာလို့ လူနာမည်ကိုရေးအုပ်ကူးခိုင်းရလဲဆိုတော့ -

အဲဒီ ဦးတက်မှာပါတဲ့ နာမည်က မိသားစုထဲမှာ သားသမီးဖြစ်နေရင် မိဘ





www.burmeseclassic.com

www.burmeseclassic.com

[illegible] ဘုရားဝတ်ပြုကြတဲ့အခါ သားသမီး [illegible]နာမည်က မြင့်သောနေရာ၊ မြတ်သောနေရာပေါ်ကို ရောက်စေမှာစိုးလို့ ဖြစ်ပါတယ်။

အဲဒီဦးတက်ပေါ်မှာ ဘုရားသောက်တော်ရေခွက်တင်ပြီး သောက်တော်ရေကပ်၊ ဘုရားဝတ်ပြုရမှာ ဖြစ်ပါတယ်။

ဒါဟာ အကောင်းဆုံးနဲ့အန္တရာယ်အကင်းဆုံးဖြစ်ပါတယ်။

အကြံတစ်ခုပေးချင်တာက -

ကားဝယ်ပြီးပြီဆိုရင် ဦးဆုံးတန်ခိုးကြီးဘုရားတစ်ဆူဆူကိုသွားပြီး [illegible] ရှိခိုးပါ။ မောင်းတဲ့သူကိုင်၊ [illegible] ကားကို ရှေ့တိုး၊ နောက်ဆုတ် (၃) ကြိမ် ပြုလုပ်ပြီး ရှိခိုးကြတာပါ။

ပြီးရင် -

ကိုယ့်မြို့ကိုယ့်ဒေသမှာ အထိက[illegible] ဖြစ်တဲ့ ပိုင်ရာဆိုင်ရာနတ်နန်းကို [illegible] ပြုလိုက်ပါ။ မယုံမရှိပါနဲ့၊ [illegible] တွေကိုဖွလည်း မဟုတ်ပါဘူး [illegible] လည်းမဟုတ်ပါဘူး၊ [illegible] ပါ။

ရန်ကုန်မှာဆိုရင် ရွှေ[illegible] ဘိုးဘိုးကြီးကို ကား[illegible]

[illegible]

မမေ့ကြနဲ့ -

လိုအပ်ရင် လိုအပ်သလို ပြုသင့်ပါတယ်။ မေ့သွားပို့ [illegible]အတန်းဝေပြီး လိုအပ်တာကို ဒါနပြုကြတာပါပဲ။

လွန်ခဲ့တဲ့ (၁၃) နှစ်၊ (၁၄) နှစ်လောက်က ရွှေညောင်ပင်ဘိုးဘိုးကြီးနန်းကို ကားပြ ပွဲတွေဘာတွေလုပ်ပြီးမှ ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးကို သွားဖူးခဲ့ပါတယ်။

အဲဒီအချိန်တုန်းက လမ်းချိုင့်တွေနဲ့တော့ ကားကို ဂီယာ (၁) (၂) နဲ့ တဖြည်းဖြည်းချင်းထိန်းပြီး လိမ့်ဆင်း[illegible] မောင်းလိုက်လို့ရတဲ့အခြေအနေ[illegible] သိမ်းမကြီးတွေလုပကောင်းမွန်[illegible] ပြုပြင်နေချိန်လည်း ဖြစ်ပါတယ်။

ချိုင့်ခွက်ပေါင်းစုံကို အေးအေးဆေးဆေးမောင်းရင်း ဘုရားဖူးခရီးကို

# ဆရာဦးမောင်မောင်သန်း

## အန္တရာယ်ကင်း၊ လာဘ်ရှင်ခြင်းဆီသို့

## သုရဋ္ဌလက်ဆောင်



www.burmeseclassic.com

အောင်မြင်စွာရောက်ခဲ့ပါတယ်။ ပြန်လာတော့လည်း အေးအေးဆေးဆေးမောင်းလာလိုက်တာ ရန်ကုန်အဝင် ရွှေညောင်ပင်ဘိုးဘိုးကြီးနန်းရှေ့နားကျ သပြေပန်းလှူဖို့ ခဏနားလိုက်တော့မှ ရှေ့ဘယ်ဘက်ခြမ်းက ကားဘီးပြားနေပြီဆိုတာ သိရပါတော့တယ်။

မောင်းလာတာ ဘာမှန်းတောင် မသိပါဘူး၊ ခပ်တည်တည်ပါပဲ။ လေတောင်မချိန်ခဲ့ပါဘူး။ သိချိန်ကျပြန်တော့လည်း ပေ(၂၀)လောက်အကွာမှာ လေထိုးကျွတ်ဖာဆိုင်လေး ရှိနေပါတယ်။ ကားဘီးကို ကိုယ်တိုင်တောင်မဖြုတ်လိုက်ရပါဘူး၊ အံ့ဩစရာပါ။

ဒီလို လက်တွေ့တွေ အများကြီးရှိပါတယ်။

ကားပေါ်စတက်လိုက်တာနဲ့ ရတနာမြတ်သုံးပါးကို အာရုံပြု၊ သရဏဂုံကို အကြိမ်ကြိမ်အထပ်ထပ်ရွတ်ပြီးမှမောင်း၊ ပြီးတာနဲ့ ကားမောင်းရင်း ပဋ္ဌာန်းတရားတော်၊ ပရိတ်တော်တွေ၊ ဂါထာတွေရွတ်၊ ပြီးတာနဲ့ ရှေ့ကိုရောက်တော့မယ့် မြို့နဲ့ဆိုင်တဲ့ ဆိုင်ရာပိုင်ရာတွေ မြင်ရ မမြင်ရ ပုဂ္ဂိုလ်တွေကို မေတ္တာပို့။ ဉပမာ ပဲခူးက ထွက်ပြီဆိုရင် ဘုရားကြီးနဲ့ဆိုင်တဲ့ မြို့တော်ရှင်၊ နယ်တော်ရှင်တွေ ကိုယ်ဖြတ်မောင်းသွားတဲ့ လမ်းဘေး ဝဲ၊ ယာက ကွင်းကျယ်ကြီးတွေတွေ့တိုင်း သက်ဆိုင်ရာကွင်းပိုင်ကြီးတွေ၊ ရုက္ခစိုးကြီးတွေ၊ မမြင်ရ မြင်ရပုဂ္ဂိုလ်တွေကို အာရုံပြု မေတ္တာပို့၊ အမျှဝေပြီးရင် ဘုရားကြီးရောက်ရင် ဝေါနဲ့ဆိုင်တဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ၊ ဒီလိုဆင့်ကဲဆင့်ကဲ မေတ္တာတွေလှမ်းလှမ်းပို့၊ အမျှအတန်းတွေပေးဝေပြီး တောက်လျှောက်မောင်းလေ့ရှိပါတယ်။

ဒါကြောင့်လည်း ဘယ်တုံးကမှ ဘာမှမဖြစ်ခဲ့သလို ဘယ်တုံးကမှလဲ ရင်တုန်ပန်းတုန်မြင်ကွင်းတွေမကြုံခဲ့ဘူးပါဘူး။ ဖြစ်နေတဲ့နေရာကို ရောက်သွားရင်လည်း ဖြစ်ပြီးမှသာရောက်သွားတာတို့၊ကျော်ဖြတ်သွားတာတို့ပဲဖြစ်ပါတယ်။ ကြားပဲကြားလိုက်ရုံနဲ့ပြီးသွားတာများပါတယ်။

ဒါဟာ ရတနာမြတ်(၃)ပါးဂုဏ်ကျေးဇူး၊ အနန္တောအနန္တငါးပါးဂုဏ်ကျေးဇူးနဲ့ ပဋ္ဌာန်းဒေသနာတော်၊ ပရိတ်တော်၊ ဂါထာမန္တန်တွေရွတ်ရတဲ့အကျိုးကျေးဇူးတွေအပြင် သက်ဆိုင်ရာ ဆိုင်ရာပိုင်ရာ မမြင်ရ၊ မြင်ရပုဂ္ဂိုလ်များအပေါ်မှာထားတဲ့မေတ္တာအကျိုးတွေပါပဲ။ ဘယ်လောက်ခရီးကြမ်းကြမ်းပဲ ဒီလိုပဲသွားလေ့ရှိပါတယ်။ ဘာမှကိုမဖြစ်ပါဘူး။ သူ့ဒေသ၊ သူ့ဓလေ့၊ သူ့ထုံးစံတွေကိုတော့ ဘယ်တော့မှ မယုံမကြည်မလုပ်ပါဘူး။ ဒီလိုကြိုကြိုပြီးမေတ္တာပို့တဲ့နည်းကို သုရဿမဂ္ဂဇင်းကြီးကနေ အကြိမ်များစွာ ရေးပြခဲ့ဖူးပါပြီ။

အခု -

အထိအခိုက်တွေများလွန်းပါတယ်ဆိုသူတွေအတွက် ကားအန္တရာယ်ကင်းအောင်ပြုလုပ်ထားရမှာတွေရယ်၊ သွားပုံလာပုံတွေရယ်ကို ထပ်ပြီးပြလိုက်တာဖြစ်ပါတယ်။

စိတ်ရှည်ပါ၊ သည်းခံပါ၊ ကိုယ်ချင်းစာတရား၊ မေတ္တာတရားတွေနဲ့ မောင်းကြတဲ့ ယာဉ်မောင်းတွေ အများကြီးရှိပါတယ်။ သူတို့တွေ အန္တရာယ်ကင်းကြပါတယ်။ သူတို့တွေဟာ ကိုယ်မှန်တယ်ဆိုပြီး စိတ်မစောကြပါဘူး။ သူများမှားရင်လည်း သည်းခံကြလေ့ရှိပါတယ်။

ကိုယ်မောင်းနေတဲ့ ကားလေးကိုလည်း ကိုယ့်ရဲ့ထမင်းရှင်အဖြစ် ညင်ညင်သာသာရှိကြပါတယ်။ သက်မဲ့ပေမယ့် သက်ရှိတစ်ယောက်လို လေးစားကြသူတွေ အများကြီး တွေ့ဖူးပါတယ်။ ကိုယ်မောင်းတဲ့ကားလေးကို ဘယ်တော့မှ နှိမ်လေ့မရှိကြပါဘူး။

ဒါတွေဟာ -

ကားအန္တရာယ်ကင်းဖို့ အကြံပြုချက်တွေပါပဲ။

ကားဦးတက်ပေါ်မှာ သောက်တော်ရေးကပ်တာဟာ အကောင်းဆုံးပါပဲ။

သစ်သီးပန်းကန်တို့၊ ပေါက်ပေါက်ပန်းကန်တို့ကိုတင်ပြီး ဆွမ်းတော်ကပ်ချင်ရင်လည်း ရပါတယ်။

ဘယ်အရာကိုမဆို အပြုသဘောမကြည့်တတ်တဲ့သူမျိုးနဲ့တွေ့ရင် ခေမာတို့၊ သောကတို့လုပ်တဲ့အခါ တွေဝေမသွားပါနဲ့။

ကိုယ်စီးတဲ့ကားလေးရဲ့ ဦးတက်ပေါ်ကနေ ဘုရားရှင်ကို ပူဇော်ရတာထက် ပိုပြီး ပီတိဖြစ်စရာဘာရှိသေးလဲ။

■

နောက်ထပ် -

သိချင်ကြသူတွေ တော်တော်များများအတွက် -

ရွေးပြီးအကြံပြုချက်တာကတော့ ဓာတ်ရိုက်ဓာတ်ဆင်လုပ်တိုင်း မဖြစ်ကြတာတွေထဲက တချို့ပါပဲ။

ဒါကတော့ -

နမူနာတစ်ခုပြောပြချင်ပါတယ်။

ငွေဝင်အောင် အဆောင်တစ်ခုဆောင်ပြီဆိုပါတော့ -

ငွေဝင်အောင် ကိုယ်ကကော အလုပ်လုပ်ရဲ့လားဆိုတာကို ဦးဆုံးစဉ်းစားပေးပါ။

အဲဒီအဆောင် ဘယ်လောက်စွမ်းလဲ။ ကဲ-ငါဘာမှမလုပ်ဘဲငွေဝင်အောင် စွမ်းနိုင်လားဆိုလို့မရပါဘူး။

ဘာမှမလုပ်ဘဲ ဆောင်ရင် ဘာမှဝင်မှာမဟုတ်ပါဘူး၊

ပြီးတော့ ငွေဝင်တဲ့အတိုင်း အဲဒါနဲ့ ပတ်သက်ပြီး ကိုယ်က ဘယ်အလုပ်လုပ်လဲကို သတိမူဖို့ပဲလိုပါတယ်။

ဆိုချင်တာက အသီးအနှံရောင်းတဲ့သူက ဆန်စပါးရောင်းတဲ့သူလောက် ငွေဝင်ချင်မှဝင်ပါလိမ့်မယ်။ ဆန်စပါးရောင်းတဲ့သူက ကျောက်မျက်ရတနာရောင်းတဲ့သူလောက် ငွေဝင်ချင်မှဝင်ပါလိမ့်မယ်။ ဒီသဘောပါပဲ။

ကားမောင်းတယ်ဆိုပါစို့။

တစ်နေ့ကို ဘစ်သောင်းလောက်ရှာတာကနေ နှစ်သောင်း၊ သုံးသောင်းဝင်လာပြီဆိုရင် ဒါဝင်ငွေကံပွင့်လာပြီ လို့ပြောလို့ရပါပြီ။ တစ်သောင်းပဲပုံမှန်ဝင်နေတယ်ဆိုရင် ဒါဝင်ငွေပုံမှန်လို့ ခေါ်ပါတယ်။

ဒီသဘောတွေပါပဲ။

ငွေဝင်တဲ့ယတြာတွေလုပ်၊ ငွေဝင်တဲ့ အစီအရင်တွေလုပ်ပြီးရင် ငွေဝင်အောင် ဘယ်လိုလုပ်ငန်းမျိုးကို ရိုးရိုးသားသားကြိုးကြိုးစားစားလုပ်ကိုင်နေလဲဆိုတာလည်း ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်ရပါလိမ့်မယ်။ ဘာမှမလုပ်ရင်ဘာမှမဝင်ပါဘူး။အလုပ်လုပ်နေမှ ဝင်ငွေအစီအရင်ဆိုတာ စွမ်းတာပ။

တစ်ခါက -

အသက်(၇၀)ကျော်လောက်ရှိတဲ့ အစ်ကိုကြီးတစ်ယောက်နဲ့ စကားလက်ဆုံကျဖူးပါတယ်။ သူက သူ့ကိုယ်သူလက်တွေ့သမားကြီးဆိုပြီး အမြဲကြွားလေ့ရှိပါတယ်။ သူ့သားတစ်ယောက် စက်ဘီးဆိုင်ရောင်းမကောင်းတာနဲ့ ရောင်းအားကောင်းအောင် ပြုလုပ်ပေးခဲ့ဖူးပါတယ်။ ရောင်းအားလည်းတက်ခဲ့ပါတယ်။ အဲဒီမှာ အဲဒီအစ်ကိုကြီးက ဘာပြောလဲဆိုတော့ -

"မင်းငါ့သားကိုပေးတဲ့အစီအရင်က ငွေဝင်ကောင်းတယ်ဆိုလို့ ငါလည်းလုပ်ကြည့်တယ် ညီလေး။ ငါနဲ့သူနဲ့



www.burmeseclassic.com

www.burmeseclassic.com

နေ့အတူတူပဲ။ ငါကျတော့ ဘာမှမဝင်ပါလား” တဲ့။

ဒါကြောင့် -

ပြောလိုက်ရပါတယ်။

“ဟုတ်တဲ့ - သူက အလုပ်လုပ်လို့ ဝင်တာ။ အစ်ကိုကြီးက ငွေဝင်အောင် အလုပ်လုပ်ခြင်းဆိုတဲ့ အကြောင်းတရားမှမရှိတော့ ငွေဝင်ခြင်းဆိုတာ မဖြစ်လာဘူးလေ။ အစ်ကိုကြီးငွေဝင်လာဘ်ရွှင်ချင်ရင် ငွေဝင်စေမယ့် အလုပ်တစ်ခုခုရှိရမှာပေါ့”

လို့ ပြောလိုက်တော့ -

“ဒီလိုဆို အလုပ်လုပ်လို့ ငွေဝင်တာပဲလို့ပြောရင် မရဘူးလား ညီလေး” တဲ့။

“ရပါတယ်၊ မှန်ပါတယ်။ အလုပ်လုပ်လို့ငွေဝင်တာပါ။ ဒါပေမယ့် အစ်ကိုကြီးရဲ့သား အရောင်းထိုင်းနေရာကနေ အံ့ရောင်းတွေသွက်လာတာမျိုးကျ ဘယ်ပေတံနဲ့တိုင်းမလဲ”

လို့ ပြန်မေးလိုက်ရပါတယ်။

အလုပ်လုပ်လို့ ငွေဝင်ပါတယ်ဆိုရင် ဟုတ်တယ်လေ၊ အလုပ်ပဲဖိလုပ်နေပေါ့။ ငွေဝင်အောင်၊ အရောင်းအဝယ်တွေ ပွင့်လန်းအောင် ဆိုင်လူဝင်အောင် ကုန်ပစ္စည်းတွေ ရောင်းအားကောင်းအောင် ဘယ်သူ့ဆီမှ သွားစရာမလိုတော့ဘူးပေါ့။

ရောင်းပန်းဝယ်ပန်းတွေပွင့်အောင်၊ ကုန်ပစ္စည်းရောင်းအားကောင်းအောင်၊ လာဘ်ရွှင်အောင်ဆိုတဲ့ စီရင်ပုံတွေဟာ ဟိုတုန်းကတည်းက ရှိခဲ့ပြီးသားပါ။ ခုမှ ထွင်ကြတာမဟုတ်ပါ။ ရှေးပညာရှိကြီးတွေက လိုအပ်လို့ထားရစ်ခဲ့ကြတဲ့ပညာတွေပါ။

ကဲ- ဒီငွေဝင်အဆောင် ငါဆောင်မယ်ဆိုတိုင်း ငွေမဝင်ပါဘူး။

ငွေဝင်စေမယ့်အလုပ်ရှိနေရပါလိမ့်မယ်။

ဝင်ပုံဝင်နည်း အတိုင်းအတာကတော့ ခုနပြောသလို သူ့အတိုင်းအတာနဲ့သူပေါ့။

ငွေဝင်စေမယ့် အလုပ်လုပ်မှသာ ငွေဝင်ခြင်းဆိုတာ သဘာဝကျမှာ ဖြစ်ပါတယ်။

အဲဒီကမှ ငွေကံကောင်းခြင်း၊ ငွေကံပွင့်ခြင်းဆိုတာ ဆက်ပြီးပြုလုပ်နိုင်စွမ်းမှာ ဖြစ်ပါတယ်။

ကုမ္ပဏီမှာ ဝန်ထမ်းပြုလုပ်နေသူတစ်ယောက်ဟာ သူ့ရဲ့ဖိုမှန်လစာဟာ သူ့ဝင်ငွေပါပဲ။ အဲဒါကို ငွေဝင်အဆောင်တွေဆောင်၊ ငွေဝင်အစီအရင်တွေပြုလုပ်ပြီး နေ့ချင်းညချင်း ချမ်းသာဖို့ဆိုရင်တော့ စဉ်းစားရပါလိမ့်မယ်။ ရိုးရိုးသားသားကြိုးစားရင်း အချိန်တော့ယူရပါလိမ့်မယ်။ ဒါဟာ ငွေဝင်အစီအရင်တွေအပေါ် မှာ နားလည်ခြင်းပါပဲ။

ထူးခြားတဲ့သူတွေအဖြစ်နဲ့ တွေ့ဖူးတာကတော့ ထိထိပေါက်ခြင်းပါပဲ။ ဖြစ်တော့ဖြစ်ခဲ့ပါတယ်။

ငွေဝင်ခြင်းကို အမျိုးမျိုးရှုထောင့်ကကြည့်လိုက်ရင် အဲဒီလိုတွေ့ရှိပါတယ်။

လက်ရှိလုပ်နေတဲ့လုပ်ငန်းအပေါ်မှာ ကြိုးစားရင်း ကုန်ပစ္စည်းပွားလာတာတို့၊ တစ်ဆိုင်က နှစ်ဆိုင်ဖြစ်လာတာတို့၊ လုပ်ငန်းတစ်ခုက နောက်ထပ်တစ်ခု ထပ်ချဲ့နိုင်တာတို့ဆိုတာတွေဟာ ငွေဝင်အားကောင်းခြင်း၊ လာဘ်ပွင့်ခြင်းတွေပါပဲ။ အမှန်က အဲသလိုဖြစ်နေရမှာပါ။ ကိုယ်လုပ်နေတဲ့အလုပ်ကို အောင်မြင်သထက်အောင်မြင်အောင် ကြိုးစားဖို့ဟာ အဓိကကျနေပါတယ်။

ဒီနေရာမှာ -

ငွေကံပွင့်အောင် အစီအရင်တွေလုပ်တာနဲ့အတူ ကိုယ့်လုပ်ငန်းကို လာရောက် ဝယ်ယူအားပေးကြသူတွေရဲ့အပေါ် မေတ္တာထားခြင်း၊ ကိုယ်ချင်းစာတရားထားခြင်းတွေဟာ အဓိကမဖြစ်မနေ ရှိကိုရှိနေရမှာ ဖြစ်ပါတယ်။

စီရင်တိုင်းလည်း မဖြစ်ပါဘူး။

ကြားဖူးကြပါလိမ့်မယ်။ ကျွန်မတို့က ကောင်းတယ်ဆိုလည်း သွားတာပဲ။ ကောင်းတယ်ဆိုလုပ်တာချည်းပဲ။ ဘာတစ်ခုမှလည်း ဖြစ်မလာဘူးဆိုတာမျိုးတွေ ကြားဖူးကြပါလိမ့်မယ်။

မှန်ပါတယ်။

မဖြစ်နိုင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အစီအရင်တိုင်းမှာ အားတစ်ခုစီရှိကြပါတယ်။ ဓာတ်သဘောတစ်ခုနဲ့တစ်ခု မတည့်ရင်၊ ဂြိုဟ်သဘောအရတစ်ခုနဲ့တစ်ခု မတည့်ရင် ကောင်းတယ်ဆိုလုပ်တာချည်းပဲဆိုလို့ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။

တစ်ယောက်ဆီသွားရင် အင်းမီးထွန်းရင် ထွန်းရမယ်။

တစ်ယောက်ဆီသွားရင် အရွက်အခက်တွေနဲ့ရိုက်ရင် ရိုက်ရမယ်။

တစ်ယောက်ဆီသွားရင်အဆောင်တွေ၊ လက်ဖွဲ့တွေ ဆောင်ရင်ဆောင်ရမယ်။

ဒီမှာတင် မတူတော့ပါဘူး။

အထက်ကိုတက်ဖို့ စီရင်တဲ့အခါအောက်ကို စိုက်ဆင်းတဲ့အရွက်အခက်နဲ့စီရင်လို့မရပါဘူး။ အောင်မြင်ဖို့မဖြစ်နိုင်ပါဘူး။ ဒီသဘောတွေရှိပါတယ်။

ဒီလိုပဲ အင်းအပင်မတော်တဲ့နှစ်မျိုးမှာ အင်းမီးထွန်းခိုင်းလို့ ဘာမှထူးမလာတဲ့အပြင် အိမ်သားချင်းမသင့်တာတွေ၊ ရန်များတာတွေပါ ဖြစ်လာနိုင်ပါတယ်။

အဆောင်လက်ဖွဲ့မဝင်ရတဲ့နှစ်တွေဆိုတာလည်းရှိပါတယ်။

အဲဒီနှစ်မျိုးမှာ အဆောင်တွေ၊ လက်ဖွဲ့တွေဝင်လာပြန်ရင်လည်း ဆေးကြောင့်လေး ဆိုတာမျိုးတွေ ဖြစ်တုန်ပြန်ပါတယ်။

ဒါကြောင့် -

ကျွန်မတို့ကငေ စုံနေပြီတို့၊ ကျွန်တော်တို့ကတော့ ဒဲနေပြီတို့ဆိုရင်တော့ ကိုယ်ဘယ်လိုတွေ ကြုံနေရသလဲဆိုတာတွေကို သေသေချာချာပြန်စဉ်းစားဖို့လိုပါလိမ့်မယ်။

ပြီးတော့ -

ကံ -

လူမှာ ကံဆိုတာ ရှိပါတယ်

အားလုံးလည်း ကံခံကြပါတယ်။

လူတစ်ယောက် ကံမှာ အိမ်ကထွက်တံမရှိသေးရင် အိမ်ကို ဘတ်ရိုက်လို့ ဘယ်လိုမှ ထွက်နိုင်ပါဘူး။ အကြောင်းအမျိုးမျိုးနဲ့ ချက်နေဘတ်ပါတယ်။

လူမလာတာတို့ ပြန်ရင်လည်း ကြည့်ပြီး ပြန်သွားတာ ဒါတွေနဲ့ ကြုံနေပါလိမ့်မယ်။

ကိုယ်တိုင် အိမ်ခလုံးပေါင်းများစွာကို ရက်ပိုင်း၊ တစ်နှစ်လအတွင်း တစ်လုံးပြီးတစ်လုံးထွက်အောင် ဘတ်ရိုက်ထုတ်နိုင်စွမ်းခဲ့ပေမယ့် တချို့အိမ်တွေဆိုရင် (၂) နှစ်၊ (၃) နှစ်ထိမထွက်တာတွေလည်း ကြုံခဲ့ဖူးပါတယ်။ ကြာနေပါပြီ။

ခုနောက်ပိုင်း ဈေးတွေကောင်းလာတဲ့အခါကျတော့ ဘတ်မှဘောင်ရိုက်စရာမလိုဘဲ အိမ်တွေရောင်းကောင်းနေပါပြီ။

တစ်ယောက်က တစ်ယောက်ကံမတူပါဘူး။

ခုနပြောသလို

ဆိုကြပါစို့။ ဘစ်အုန်း ထဲမှာ ဆန်ရောင်းကောင်းအောင် ဒီလို ဆိုတာမျိုး။ ရှေးရှေးက အပ်ထဲမှာ ထားတဲ့အတိုင်းလုပ် ဆိုပါတော့။

အဲဒီထဲကအ ဆန်တွေ တောက်လျှောက်နေ ကောင်းနေမယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် အဲဒီစာအုပ်တွေကို လူတိုင်းဝယ်နိုင်ကြပါတယ်။ ဝယ်ပြီး အဲဒီထဲက အတိုင်းလုပ်နေရုံပါပဲ။

ဒါဆို ဆန်ရောင်းတဲ့လူတိုင်း ဆန်တွေရောင်းကောင်းပြီး ချမ်းသာကုန်ပါပြီ။

ဒါ စဉ်းစားပြတာပါ။

လူမှာ ငွေနံ့ဆိုတာရှိပါတယ်။

ငွေနံ့ကောင်းတဲ့လူကလုပ်လိုက်လို့ ရောင်းကောင်းလာပေမယ့် ငွေနံ့မကောင်းတဲ့လူလုပ်ရင် သူ့လောက်ရောင်းမသွက်ပါဘူး။

ပြီးတော့ ဆန်။

ဆန် ဆိုတဲ့ အင်္ဂါနံအဝင်မှာရှိပြီး အထွက်မရှိတဲ့လူမျိုးက ရောင်းအားကောင်းအောင်ဓာတ်ရိုက်ရင် အထွက်ရှိတဲ့လူလောက် ရောင်းသွက်မှာမဟုတ်ပါဘူး။

ဒါ နံတစ်ခုတည်းတို နမူနာတွေးပြတာပါ။

ကိုယ်တိုင်လည်း အုန်းလက်တစ်လက်တည်းနဲ့ ဆန်ကို ဝိုဒေါင်လိုက်ကုန်အောင် ရိုက်ပြခဲ့ဖူးပေမယ့် ဆန်ဆိုင်လေးဖွင့်ထားတဲ့သူကို ရောင်းသွက်အောင် မနည်းဓာတ်ရိုက်နေခဲ့ရတာမျိုးနဲ့ ကြုံဖူးပါတယ်။

ဒီသဘောတွေကို နားလည်ထားရင် စုံနေပြီ၊ ဘာမှလဲဖြစ်မလာဘူးဆိုတာတွေ ရှင်းသွားလောက်ပါပြီ။

နောက်တစ်ခု -

အဲဒါကတော့ ကိုယ်ခံစွမ်းအားပါပဲ။

အကျင့်စရဏအားကောင်းတဲ့သူ၊ ရွတ်ဖတ်နေတဲ့သူကို ဓာတ်ရိုက်ဓာတ်ဆင်လုပ်ပေးရတာ မခက်ပေမယ့် -

သောက်စားပြီး ဘုရားမုန်း၊တရားမုန်း၊ သံဃာမုန်း၊ မိဘမုန်း၊ ဆရာမုန်းမသိတဲ့သူမျိုးကျ ဓာတ်ရိုက်ပေးလို့ စီးပွားမဖြစ်ပြန်ပါဘူး။ ဒါမျိုးတွေလည်းရှိပါတယ်။

တချို့ဆို -

ဒါလောက်ကောင်းတာတွေလုပ်ပြီး ဒါလောက် ရွတ်ဖတ်နေတဲ့ကြားက ဘယ်လိုဖြစ်ပြီး ဒါလောက်ပိတ်နေမှန်း မသိဘူးဆိုတဲ့သူတွေရှိပါတယ်။

မှန်ပါတယ်။

ပြောခဲ့ပြီးပါပြီ။

အစားအသောက်နဲ့ဆိုင်တဲ့ကံပျက်နေတဲ့နှစ်မှာ အစားအသောက်ဆိုင်ဖွင့်ထားရင် လူမျှော်ရပါပြီ။

အလှအပနဲ့ဆိုင်တဲ့ကံပျက်နေတဲ့နှစ်မှာ အလှပြင်ဆိုင်ဖွင့်ထားရင်လည်း ငုတ်တုတ်ဖြစ်နေပါပြီ။ ဒါ သဘာဝပါ။

ဒီလိုမျိုးကြုံရင် ခုနပြောတဲ့ငွေဝင်အစီအရင်တွေပါလာပါပြီ။

အဲဒီလိုပါလာရင် အခုပြောသလို ဗဟုသုတတွေနဲ့ ချင့်ချိန်စဉ်းစားပြီးမှ အလုပ်လုပ်ပါ။

စုံနေပြီဆိုလို့မရပါဘူး။

ကိုယ်ခံအားကောင်းအောင် ရွတ်ဖတ်အားတွေ၊ အလှူဒါနကုသိုလ်ပြုအားတွေလိုလာပါပြီ။

သဘာဝကျတဲ့အစီအရင်တွေ လိုလာပါပြီ။

သဘာဝမကျတဲ့ အစီအရင်မျိုးဆိုရင်လည်း 'ဟာ- အစီအရင်းလေးကထူးဆန်းတယ်နော်။ တစ်မျိုးလေးပဲ'ဆိုတာကလွဲရင် ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။

မဖြစ်လာတဲ့အခါကျတော့ကော-

ဘယ်သူကမှ မဖြစ်လာဘူးလို့ မပြောကြတာများပါတယ်။ ဒီအစီအရင်ကိုပဲ ဆက်လုပ်နေရတာ သဘောကျနေသယောင်ယောင်၊ ကြည့်ကောင်းနေသယောင်ယောင်နဲ့ ကြိတ်ခံနေကြလေ့ရှိပါတယ်။

ကိုယ်တွေ့ကြုံနေရသူများ ဟုတ်၊ မဟုတ် ပြန်သုံးသပ်ကြည့်ပါ။

အစီအရင်ဆိုတာ လူစိတ်ဝင်စားအောင်လုပ်လို့မရပါဘူး။

အကြောင်းနဲ့အကျိုးဆိုတာ ရှိပါတယ်။

အကြောင်းကိုကောင်းအောင်လုပ်ယူမှအကျိုးဖြစ်ထွန်းလာမှာပါ။

ရာထူးမြန်မြန်တက်ချင်သူတစ်ယောက်ဆိုပါတော့။ သူကလည်း ရာဟုသားဆိုပါတော့။

'ခင်ပျားဗျာ ဘောလုံးတစ်လုံးကို ခင်ဗျားအိမ်ရှေ့လူမြင်တဲ့နေရာမှာ ဆွဲထားလိုက်' ဆိုရုံနဲ့မရပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ရာဟုဟာလည်း လေသဘောရှိနေပါတယ်။ ပြီးတော့ မြန်မြန်ကောင်းကျိုးချမ်းသာဖြစ်စေချင်သူအတွက် ရှေးပညာတွေမှာ 'လျှင်မြန်စေလို၊ ဝါယောခိုရှင့်' ဆိုတာရှိပါတယ်။ အဲဒီလို လျှင်မြန်စွာ အကျိုးပေးစေတဲ့ ဝါယောဆိုတဲ့လေသဘောကို ရော်ဘာဆိုတဲ့ ပထဝီထဲမှာ ပိတ်လှောင်လိုက်တာဟာ လျှင်မြန်စွာ တိုးတက်ဖို့လား။

လျှင်မြန်စွာ တိုးတက်စေမယ့်သဘောကို ပိတ်ချည်လှောင်ထားတာလား။

စဉ်းစားခြင်းဆိုတာ လိုပါတယ်။

ဘယ်အရာမှ ရမ်းသန်းပြီး လက်ခံလို့မရပါဘူး။

ရမ်းသန်းပြီး ယုံလို့လည်းမရပါဘူး။

ဖြစ်မလာရင် အချိန်တွေကြာသွားတာ၊ ကုန်သွားတာနဲ့ နှမြောဖို့ကောင်းပါတယ်။ အချိန်ဆိုတာ သူ့တန်ဖိုးနဲ့သူသွားနေတာပါ။

အဲဒီလို သဘာဝမကျတဲ့ အစီအရင်နဲ့ ပေးဆပ်လိုက်ရတဲ့နာရီတွေ၊ နေ့တွေ၊ လတွေဟာ အလကားဖြစ်သွားပါပြီ။

နောက်တစ်ခု -

ငွေဝင်အစီအရင်တွေရဲ့ နောက်ကွယ်မှာ မပါမဖြစ်ပါနေတာ နှစ်ခုရှိပါတယ်။

(အဲဒီကိစ္စတွေနဲ့ ပတ်သက်ပြီး သီးသန့်တင်ပြပါဦးမယ်။)

ခုလောလောဆယ်ပြောချင်တာကတော့ အတိုချုပ်သဘောပေါ့။

အဲဒီနှစ်ခုကတော့ -

တစ်ခုက ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်း။

တစ်ခုက အားနာမှု -

ဘယ်လိုလဲဆိုတော့ -

လူအတော်များများ ငွေပြဿနာကို ဘာလို့တောင်းတိုင်းပေးနေရတာလဲလို့ မေးတော့ -

'ကျွန်မကလည်း လူတစ်ဖက်သားကို ကူညီတတ်တယ်။ အားနာတတ်တယ်။ မပေးဘဲ မနေနိုင်ဘူး'

ဆိုပြီး ပြောကြလေ့ရှိပါတယ်။

'ကျွန်တော်က အရမ်းအားနာတတ်တယ်။ ဪ-သူ့အဆင်ပြေပါစေဆိုတဲ့စိတ်နဲ့ ပေးလိုက်မိတာပါ'

ဆိုပြီး ပြောကြသူတွေရှိပါတယ်။

ဒါဆိုရင်တော့ အစီအရင်ပေးရတာ လုပ်ရကိုင်ရတာ တော်တော်ခက်ပါတယ်။ စဉ်းစားဖို့ပါ။

အားနာနာနဲ့ပေးလိုက်၊ ကြွေးပြန်တောင်းခိုင်းလိုက်ဆိုရင်တော့ ထူးခြားမှုဆိုတာတွေနဲ့ နည်းနည်းများဝေးနေလောက်မလားလို့ပါ၊ ကြွေးပြန်တောင်းပေးနေရတဲ့ပညာရပ်ကိုလည်း အားနာမိလို့ပါ။

ကြွေးဆိုတာ ပေးလိုက်မိလို့ ပြန်တောင်းတော့မယ်ဆိုရင် အားနာလို့မရပါဘူး။

မြင်ဖူးပါတယ်။

'ကျွန်မက သူ့ကိုအားနာပြီးတင်



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ကဆဲ့ပေးလိုက်မိတာ။ ခုတော့ ကြားတနေ ထိုးဆပ်နေရပြီ။ ဟိုကရှောင်သွားလို့ ဘယ်ရောက်သွားမှန်းတောင်မသိတော့ဘူး'

ဆိုတာတွေ -

'ကြွေးပေးထားရတဲ့သူက နိုင်ငံခြားထွက်သွားပြီ။ ဘယ်မှာနေလို့ ဘယ်မှာဆက်သွယ်ရမှန်းတောင်မသိတော့ပါဘူး'

ဆိုတာတွေရှိနေပါတယ်။

ရိုးရိုးပဲစဉ်းစားကြည့်ပါ။

ဘယ်လိုတောင်းမလဲ။

ဘယ်ဆီနေလို့ ဘယ်ရောက်သွားမှန်းတောင်မသိတော့တဲ့လူဆီက ဘာကြွေးကို ဘယ်လိုတောင်းမလဲ။

ဒါ ရိုးရိုးပြောပြတာပါ။

ဘာလုပ်လို့ရမလဲဆိုရင် ငွေတွေဆုံးနေတဲ့ ကာယကံရှင်ကို ငွေကတွေပွင့်လာအောင်ပဲလုပ်ယူလို့ရမယ်။ ဟိုးနိုင်ငံခြားထွက်သွားတဲ့သူဆီက ဒါမှမဟုတ် ရှောင်နေတဲ့သူဆီက ကြွေးပြန်ရမှဆိုရင်တော့ အရင်းဆုံး ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ စဉ်းစားပါ။

ဒါအကြံပြုတာပါ။

စိတ်ကူးယဉ်နေရနေလို့ မဖြစ်ပါဘူး။ လက်တွေ့ရမှဖြစ်မှာပါ။

ပြီးတော့ -

ငွေဝင်စေမယ့်ဂါထာ ရွတ်ဖတ်ခြင်း။

ဒါလည်း ဟိုးတုန်းက (၃)၊ (၄) ကြိမ်သာ ရေးပြခဲ့ဖူးပါပြီ။

ဘယ်လိုလဲဆိုတော့ -

ငွေဝင်ဂါထာဆိုလိုက်တာနဲ့ လူကရွတ်ချင်ရော။

ရွတ်ကရော ဒါမှမဟုတ် ပုတီးစိပ်ကရော။

(၁၅) ရက်၊ ရက် (၂၀) လောက်ရွတ်ပြီး ဘာမှမထူးသေးရင် ဒီပြင်တစ်ခုကို ရွတ်ပြန်ရော။

ဟိုရွတ်လိုက်ဒီရွတ်လိုက်တွေဖြစ်နေရော။

ဘာထူးလဲ။

ဘာမှလဲမထူးဘူးလေ။

ဟုတ်တော့မလိုလို၊ ထူးတော့မလိုလိုနဲ့ ဒုံရင်းဒုံရင်းပဲ။

ဘယ်ထူးမလဲ၊ ထုံမှမထုံတာကိုး။

ဂါထာတစ်ခုကို တစ်လ၊ နှစ်လ ပုတီးစိပ်ရုံနဲ့ မထူးနိုင်ဘူး။

တစ်နှစ်၊ ခြောက်လ ဆိုရင်တော့ ထူးပြီ။

ဥပမာ -

သမ္ဗုဒ္ဓေဂါထာကို ပုတီးစိပ်မယ်ဆိုပါတော့၊ ရွတ်မယ်ဆိုပါတော့။ (၈၄၀၀၀) ပြည့်ရင် ထူးကိုထူးမယ်။

ဒါဖြင့် ရွတ်ပြီ။

(၁၀၀၀)၊ (၂၀၀၀) လောက်လည်း ရွတ်ပြီးရော ဟော-ငွေဝင်ဂါထာဆိုတာတွေကို ထပ်တွေ့ပြန်ရော။ အညွှန်းတလည်းကောင်း ရွတ်ပြန်ရော။ မထူးပြန်ဘူး။ သမ္ဗုဒ္ဓေပဲပြန်ရွတ်ရမလိုလိုဘာလိုလိုဝေနေတုန်း တွေ့ပြန်ပြီ၊ နောက်ထပ်လာဘ်ရွှင်ဂါထာ။ ရွတ်ပြန်ရော။ တစ်လလောက်ရွတ်ရင် စိတ်တိုင်းကမကျပြန်ဘူး။ ဟိုလိုလိုဒီလိုလိုဖြစ်ပြန်ရော။

ဘယ်တော့မှထူးမှာမဟုတ်ဘူး။

ဘာလို့လဲဆိုတော့ ရှေးပညာရှိကြီးတွေ ရေးသားခဲ့သလို ရေတွင်းတူးတဲ့လူလိုပါပဲ။

လူတစ်ယောက်ဟာ ရေတွင်းတူးတယ်။

တော်တော်လေးတူးပြီးတာနဲ့ 'လူတစ်ယောက်က ရောက်လာတယ်။

ခင်ဗျားဘာလုပ်နေတာလဲဆိုတော့ ရေတွင်းတူးနေတယ်ပေါ့။ ဒါရေကြောမှမဟုတ်ဘဲ။ ရေကြောက ဟိုနေရာမှာဗျလို့ပြောတဲ့အခါ ရေတွင်းတူးသူကပြောင်းတူးပြန်ရော။

တော်တော်လေး တူးလာမိပြီဆိုတော့ လှမ်းမြင်တဲ့လူတစ်ယောက်ကလာမေးပြန်ရော။ ပြီးတော့ ရေတွင်းတူးတဲ့သူကို ဟိုလူကဘာသိတာမှတ်လို့ဗျာ။ ရေကြောဆိုတာ ဟိုဘက်မှာဗျ။ ကျုပ်ပြခဲ့မယ်ဆိုပြီးပြခဲ့လို့ တူးပြန်ရော။

ဒါနဲ့ ရေတွင်းတူးတဲ့သူကလည်း ပြောင်းတူးပြန်ရော။

တော်တော်လည်း တူးပြီးလောက်ရော နောက်တစ်ယောက်ထပ်ရောက်လာပြီး အလကားဗျာ၊ ဒီလူတွေက သိတာမှတ်လို့။ ကျုပ်က အဲဒီရေကြောနဲ့ဆိုင်တဲ့ပညာရှင်ဗျ။ ဒီလူတွေပြတာလွဲနေတာ။ ရေကြောဆိုတာဒီလိုရှာရတယ် ဖြစ်ပြန်ရော။

ဒါကိုလေ့လာကြည့်လိုက်ရင် -

ရေတွင်းတူးသမား တူးခဲ့တဲ့ ပေပေါင်းဟာ မနည်းပါဘူး။ အဲဒီပေတွေကို စုပေါင်းလိုက်ရင်တောင် သူတူးလို့ ရေထွက်ပါပြီ။ ပြောရရင် တစ်နေရာတည်းကို တစိုက်မတ်မတ်တူးချလိုက်ရင်တောင် ပေပေါင်းမနည်းလို့ ရေထွက်ပါပြီ။

ခုဟာက ဟိုပြောတူးလိုက်ဒီပြောတူးလိုက်ဖြစ်နေတော့၊ ဘယ်နေရာမှာမှ တစ်စိုက်မတ်မတ်မတူးခဲ့တော့ တူးခဲ့တာတွေပဲ အဖတ်တင် လုပင်ပန်းပြီး ဘာအကျိုးမှမရှိခဲ့ပါဘူး၊

ရေထွက်တဲ့အဆင့်ကို မရောက်ခဲ့ပါဘူး။

ဒီသဘောပါ။

ဒီသဘောလေးကို လေ့လာလိုက်ရင် စောစောကလို ဟိုရွတ်ဒီရွတ်လုပ်နေတဲ့ကိစ္စတွေရှင်းသွားလောက်ပါပြီ။

ရှေးရှေးက ပညာရှိတွေ ရေးသားပညာပေးခဲ့တာ အင်မတန်မှ တန်ဖိုးမဖြတ်နိုင်ပါဘူး။

ဆရာဆိုရင် -

သူ့ဆီလာတဲ့လူတွေကို ပြောလေ့ရှိပါတယ်။

တကယ်တို့ [illegible] သယဖြစ်အောင် ရွတ်ချင်လား၊ တကယ်ကို လိုတရချင်လား။ ဒါဆို သရဏ[illegible]ပါးကို (၁)ကုဋေ ပြည့်အောင် ရွတ်ပေတော့။ ပြည့်ရင် လိုရာဖြစ်ပြီလို့ပြောလေ့ရှိပါတယ်။

ရတနာ(၃)ပါးကို အာရုံပြု၊ ကြည်ညိုသဒ္ဓါပွားပြီးသာရွတ်။ (၁) ကုဋေ ပြည့်ရင်ထူးပြီဆိုတာကို အခိုင်အမာပြောလေ့ရှိပါတယ်။ ဆရာကိုယ်တိုင်လည်း ဂါထာမန္တန်တွေကို အဲဒီလိုထုံအောင် ရွတ်နိုင်စွမ်းလာခဲ့တဲ့ပညာရှင်ပါ။

ဒါဖြင့် -

ငွေဝင်စေမယ့်ဂါထာတွေ ကျွန်မလောက်ရွတ်တာ ကျွန်မပဲရှိတယ်တို့၊ ကျွန်တော့်လောက်ရွတ်တာ ကျွန်တော့်ပဲရှိတယ်တို့၊ ဘာ[illegible]လဲဖြစ်မလာဘူးတို့ ဆိုတဲ့သူတွေအတွက် အကြံကောင်းဖြစ်လာစေမယ့် သူ့ရဲ့လက်ဆောင်ဖြစ်သွားလောက်ပါပြီ။

ဒါ -

ဒီလအတွက် ပေးချင်လွန်းတဲ့ သူ့ရဲ့လက်ဆောင် [illegible]။

ဖြစ်နိုင်တာတွေကိုပဲပေးလေ့ရှိတဲ့ သူ့ရဲ့ထုံးစံအတိုင်း -

ယခုလ -

ကားကိစ္စ -

ငွေဝင်အစီအရင်ကိစ္စတွေနဲ့ ပတ်သက်ပြီး သိထားသင့်တာတွေကို သိထားရင်း၊ သတိပြု[illegible]တွေကိုသတိပြုရင်း၊ ဆောင်သ[illegible]ကိုဆောင်ရင်း ရှောင်သင့်တာကို[illegible]ရင်း အောင်မြင်ခြင်းများစွာနဲ့ ပြည့်[illegible]ကြပါစေ။

ဆရာ [illegible]

( [illegible] )



www.burmeseclassic.com